http://www.dhammadownload.com

ဓမ္မစေတီတော်

# ဝိနည်းမဟာဝဂ္ဂပါဠိတော်
## မြန်မာပြန်

ကွယ်လွန်သူ မိဘနှစ်ပါး ဖြစ်သော
ဦးအေး-ဒေါ်စန်းစန်းလွင် -နှင့်
ကွယ်လွန်သူ ညီအကိုဖြစ်သူ
ဗဟင်မင်းချမ်းမြေ့ အေး - အားရည်စူး၍

သားကြီး-ကိုဝင်းထွန်းလင်း +
မအေးမြသီတာ (ခေတ္တ·ဂျပန်)
သားငယ် ကိုအောင်ပြည့်စုံအေး (ခေတ္တ·စင်္ကာပူ)
မိသားစု ၊ တောခင်းမှ
၁၃၇၂-ခုနှစ်

ဝိနည်းမဟာဝဂ္ဂပါဠိတော် မြန်မာပြန်

http://www.dhammadownload.com

http://www.dhammadownload.com

## ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် ဝိနည်းပိဋကတ်

# မဟာဝဂ်ပါဠိတော်

## မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၃ ကောဇာ-၁၃၇၁ ၂၀၀၉

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/ ၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

# မဟာဝဂ်ပါဠိတော် မြန်မာပြန်

# မာတိကာ

---

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၁-မဟာခန္ဓက


| | | |
|---|---|---|
| ၁။ | ဘုရား ဖြစ်တော်မူခြင်း | ၁ |
| ၂။ | ဆိတ်ကျောင်း ညောင်ပင်ရင်း၌ စံနေတော်မူခြင်း | ၃ |
| ၃။ | ကျည်းပင်ရင်း၌ စံနေတော်မူခြင်း | ၄ |
| ၄။ | လင်းလွန်းပင်ရင်း၌ စံနေတော်မူခြင်း | ၅ |
| ၅။ | ဗြဟ္မာ တောင်းပန်ခြင်း | ၆ |
| ၆။ | ပဉ္စဝဂ္ဂီဘိုအား တရားဟောတော်မူခြင်း | ၁၁ |
| | ဥပကနှင့် တွေ့တော်မူခြင်း | ၁၂ |
| | ဓမ္မစကြာသုတ် | ၁၅ |
| | အနတ္တလက္ခဏာသုတ် | ၂၀ |
| ၇။ | ရှင်ရဟန်းပြုကြခြင်း။ ယသသူဌေးသား ရဟန်းပြုခြင်းအကြောင်း | ၂၃ |
| | ယသ သူငယ်ချင်းလေးယောက် ရဟန်းပြုခြင်းအကြောင်း | ၂၇ |
| | ယသသူငယ်ချင်း ငါးကျိပ် ရဟန်းပြုခြင်း အကြောင်း | ၃၀ |
| ၈။ | မာရ်နတ် အကြောင်း | ၃၁ |
| ၉။ | ရှင် ရဟန်းပြုပေးနိုင်ရန် ခွင့်ပြုခြင်း | ၃၂ |
| ၁၀။ | မာရ်နတ် အကြောင်း ဒုတိယပိုင်း | ၃၃ |
| ၁၁။ | ဘဒ္ဒဝဂ္ဂီ သူငယ်ချင်းသုံးကျိပ်ဝတ္ထု | ၃၄ |
| ၁၂။ | ဥရုဝေလကဿပ ချွတ်တော်မူခဏ်း | ၃၅ |
| | အာဒိတ္တပရိယာယသုတ် | ၄၇ |
| ၁၃။ | ဗိမ္ဗိသာရမင်းနှင့် တွေ့ဆုံတော်မူခဏ်း | ၄၉ |
| ၁၄။ | သာရိပုတြာနှင့် မောဂ္ဂလာန် ရဟန်းပြုခဏ်း | ၅၄ |
| | လူ့ကုံတန်တို့ ရဟန်းပြုခဏ်း | ၅၉ |
| ၁၅။ | ဥပဇ္ဈာယ် ဆရာ၌ ပြုရန် ကျင့်ဝတ်ကို ပြဆိုခြင်း | ၆၀ |
| ၁၆။ | အဘူနေ တပည့်၌ ပြုရန် ကျင့်ဝတ်ကို ပြဆိုခြင်း | ၆၆ |
| ၁၇။ | နှင်ထုတ်ထိုက်သည်ကို ပြဆိုခြင်း | ၇၀ |
| ၁၈။ | (နိဿရည်း)ဆရာ၌ ပြုရန် ကျင့်ဝတ်ကို ပြဆိုခြင်း | ၇၆ |
| ၁၉။ | အနီးနေ တပည့်၌ ပြုရန် ကျင့်ဝတ်ကို ပြဆိုခြင်း | ၈၄ |
| ၂၀။ | နှင်ထုတ်ခြင်း သည်းခံစေခြင်း | ၈၈ |


ဝိ-မြန် ၃-က

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၂၁။ | မလိမ္မာ မကျွမ်းကျင်ကုန်သော ရဟန်းများ | ၉၀ |
| ၂၂။ | ရဟန်းတို့ နိဿရည်း ငြိမ်းပုံ | ၉၁ |
| ၂၃။ | ရဟန်းခံပေးထိုက်သော အင်္ဂါငါးပါးအပေါင်း | ၉၁ |
| ၂၄။ | ရဟန်းခံပေးထိုက်သော အင်္ဂါခြောက်ပါး အပေါင်း | ၉၅ |
| ၂၅။ | တိတ္ထိဖြစ်ဘူးသူ အကြောင်း | ၉၉ |
| ၂၆။ | အနာကြီး ငါးမျိုး | ၁၀၂ |
| ၂၇။ | မင်းခစား ဝတ္ထု | ၁၀၅ |
| ၂၈။ | အင်္ဂုလိမာလ ခိုးသူ ဝတ္ထု | ၁၀၆ |
| ၂၉။ | နှောင်အိမ်ဖျက် ခိုးသူ ဝတ္ထု | ၁၀၆ |
| ၃၀။ | ကြော်ငြာထားအပ်သောခိုးသူ ဝတ္ထု | ၁၀၇ |
| ၃၁။ | ကြိမ်ဒဏ်ခံရသူ ဝတ္ထု | ၁၀၇ |
| ၃၂။ | သံပူကပ်၍ အမှတ်ပြုခံရသော ဝတ္ထု | ၁၀၈ |
| ၃၃။ | ကြွေးမြီတင်သူ ဝတ္ထု | ၁၀၈ |
| ၃၄။ | ကျွန် ဝတ္ထု | ၁၀၈ |
| ၃၅။ | ကမ္မာရဘဏ္ဍု ဝတ္ထု | ၁၀၉ |
| ၃၆။ | ဥပါလိသူငယ် ဝတ္ထု | ၁၀၉ |
| ၃၇။ | ယဉ်းနာရောဂါ ဝတ္ထု | ၁၁၁ |
| ၃၈။ | ကဏ္ဍက ဝတ္ထု | ၁၁၂ |
| ၃၉။ | အရပ်ကျဉ်းပြောင်းခြင်း ဝတ္ထု | ၁၁၂ |
| ၄၀။ | နိဿရည်း လွတ်ခြင်း | ၁၁၃ |
| ၄၁။ | ရာဟုလာ ဝတ္ထု | ၁၁၆ |
| ၄၂။ | သိက္ခာပုဒ် | ၁၁၈ |
| ၄၃။ | ဒဏ်ပေးခြင်း ဝတ္ထု | ၁၁၈ |
| ၄၄။ | မပန်ကြားပဲ တားမြစ်ခြင်း ဝတ္ထု | ၁၁၉ |
| ၄၅။ | ဖြားယောင်းသွေးဆောင်ခြင်း ဝတ္ထု | ၁၂၀ |
| ၄၆။ | ကဏ္ဍကသာမဏေ ဝတ္ထု | ၁၂၀ |
| ၄၇။ | ပဏ္ဍုက် ဝတ္ထု | ၁၂၀ |
| ၄၈။ | ခိုး၍ ပေါင်းသင်းသူ ဝတ္ထု | ၁၂၁ |
| ၄၉။ | တိရစ္ဆာန် ဝတ္ထု | ၁၂၂ |
| ၅၀။ | အမိကို သတ်သူ ဝတ္ထု | ၁၂၃ |
| ၅၁။ | အဖကို သတ်သူ ဝတ္ထု | ၁၂၃ |
| ၅၂။ | ရဟန္တာကိုသတ်သူ ဝတ္ထု | ၁၂၄ |
| ၅၃။ | ဘိက္ခုနီမကို ဖျက်ဆီးသူ ဝတ္ထု | ၁၂၄ |
| ၅၄။ | ဥဘတောဗျည်း ဝတ္ထု | ၁၂၅ |
| ၅၅။ | ဥပဇ္ဈာယ်မရှိသူ စသည် ဝတ္ထု | ၁၂၅ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၅၆။ | သပိတ် မရှိသူ စသည် ဝတ္ထု | ၁၂၆ |
| ၅၇။ | ရှင် ရဟန်း မပြုထိုက်သူ သုံးကျိပ် နှစ်ယောက်ကို ပြဆိုရာ | ၁၂၇ |
| ၅၈။ | အလဇ္ဇီနိဿယ ဝတ္ထုများ | ၁၂၈ |
| ၅၉။ | ခရီးသွားရဟန်း စသည့် နိဿယ ဝတ္ထုများ | ၁၂၉ |
| ၆၀။ | အနွယ်ဖြင့် ကမ္မဝါ ဖတ်ရန် ခွင့်ပြုခြင်း | ၁၂၉ |
| ၆၁။ | ပဉ္စင်းလောင်း နှစ်ပါး စသည် ဝတ္ထု | ၁၃၀ |
| ၆၂။ | ပဋိသန္ဓေရက်နှင့် တကွ အသက် နှစ်ဆယ်ရှိသူကို ပဉ္စင်းခံခွင့်ပြုခြင်း | ၁၃၀ |
| ၆၃။ | ရဟန်းခံခြင်း အစီအစဉ် | ၁၃၀ |
| ၆၄။ | မှီငြမ်းပြုရာ လေးပါး | ၁၃၄ |
| ၆၅။ | မပြုကျင့်အပ်သော တရားလေးပါး | ၁၃၅ |
| ၆၆။ | အာပတ်ကို မရှုရှ် နှင်ထုတ်ခြင်း ဝတ္ထုများ | ၁၃၆ |
| ၆၇။ | ထိုမဟာခန္ဓက၏ အကျဉ်းချုပ် | ၁၃၈ |


## ၂-ဥပေါသထက္ခန္ဓက


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၆၈။ | စည်းဝေးရန် ခွင့်ပြုခြင်း | ၁၄၃ |
| ၆၉။ | ပါတိမောက်ပြရန် ခွင့်ပြုခြင်း | ၁၄၄ |
| | ပါတိမောက်ပြရန် ခွင့်ပြုခြင်း အဖွင့် | ၁၄၅ |
| ၇၀။ | မဟာကပ္ပိန ဝတ္ထု | ၁၄၈ |
| ၇၁။ | သိမ်ခွင့်ပြုတော်မူခြင်း | ၁၄၈ |
| ၇၂။ | ဥပုသ်အိမ် | ၁၄၉ |
| ၇၃။ | ဥပုသ်အိမ် ဥပစာ ခွင့်ပြုတော်မူခြင်း | ၁၅၀ |
| ၇၄။ | အဝိပ္ပဝါသသိမ် ခွင့်ပြုတော်မူခြင်း | ၁၅၂ |
| ၇၅။ | သိမ်နုတ်ခြင်း | ၁၅၃ |
| ၇၆။ | ဂါမသိမ် စသည် | ၁၅၄ |
| ၇၇။ | ဥပုသ်အပြား | ၁၅၅ |
| ၇၈။ | အကျဉ်းအားဖြင့် ပါတိမောက် ပြခြင်း စသည် | ၁၅၆ |
| ၇၉။ | ဝိနည်းကို မေးခြင်း | ၁၅၇ |
| ၈၀။ | ဝိနည်းကို ဖြေခြင်း | ၁၅၇ |
| ၈၁။ | စောဒနာခြင်း | ၁၅၈ |
| ၈၂။ | အဓမ္မကံကို တားမြစ်ခြင်း စသည် | ၁၅၉ |
| ၈၃။ | ပါတိမောက် ပြမည့်သူကို တိုက်တွန်းခြင်း စသည် | ၁၆၀ |
| ၈၄။ | ပက္ခရေတွက်ခြင်း စသည်ကို ခွင့်ပြုခြင်း | ၁၆၁ |
| ၈၅။ | ရှေ့ဦးပြုဖွယ်ကို ခွင့်ပြုတော်မူခြင်း | ၁၆၂ |
| ၈၆။ | အရပ်တပါး သွားသူ | ၁၆၃ |
| ၈၇။ | ပါရိသုဒ္ဓိပေးခြင်း | ၁၆၅ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
| --- | --- | --- |
| ၈၈။ | ဆန္ဒပေးခြင်း .... .... .... .... .... | ၁၆၆ |
| ၈၉။ | ဆွေမျိုး စသည်တို့က ဖမ်းယူခြင်း .... .... .... .... | ၁၆၇ |
| ၉၀။ | ရဟန်းရှူး ဟု သမုတ်ခြင်း .... .... .... .... | ၁၆၈ |
| ၉၁။ | သံဃာ့ဥပုသ် စသည့် အပြား .... .... .... .... | ၁၆၉ |
| ၉၂။ | အာပတ် ကုစားနည်း .... .... .... .... .... | ၁၇၁ |
| ၉၃။ | အာပတ်ကို ထင်ရှားစွာ ပြုခြင်း .... .... .... .... | ၁၇၂ |
| ၉၄။ | သဘောတူ အာပတ် ကုစားနည်း .... .... .... .... | ၁၇၂ |
| ၉၅။ | အာပတ် မသင့်ခြင်း တဆယ့်ငါးမျိုး .... .... .... .... | ၁၇၄ |
| ၉၆။ | ဝဂ်ဖြစ်၍ ဝဂ်ဖြစ်၏ ဟု အမှတ်ရှိခြင်း တဆယ့်ငါးမျိုး .... .... | ၁၇၈ |
| ၉၇။ | ယုံမှားရှိခြင်း တဆယ့်ငါးမျိုး .... .... .... .... | ၁၇၉ |
| ၉၈။ | တွေးတောမှု 'သံသယကုက္ကုစ္စ'နှိပ်စက်ခြင်း တဆယ့်ငါးမျိုး .... .... | ၁၈၀ |
| ၉၉။ | ကွဲပြားခြင်းကို ရှေးရှုခြင်း တဆယ့်ငါးမျိုး .... .... .... | ၁၈၁ |
| ၁၀၀။ | သိမ်သို့ ဝင်၍နေခြင်း စကားမြုပ်များ .... .... .... | ၁၈၅ |
| | နေ့အထူး .... .... .... .... .... | ၁၈၅ |
| ၁၀၁။ | ဒါသင့်ကို မြင်ခြင်း စသည် .... .... .... .... | ၁၈၆ |
| ၁၀၂။ | ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းတို့နှင့် ဥပုသ်ပြုခြင်း .... .... | ၁၈၇ |
| ၁၀၃။ | မသွားအပ်သည်ကို ဆိုရာ .... .... .... .... | ၁၈၈ |
| ၁၀၄။ | သွားအပ်သည်ကို ဆိုရာ .... .... .... .... .... | ၁၉၀ |
| ၁၀၅။ | ကြဉ်အပ်သော 'ဝဇ္ဇနီယ'ပုဂ္ဂိုလ်ကို ပြခြင်း .... .... .... | ၁၉၀ |
| ၁၀၆။ | ထိုဥပေါသထက္ခန္ဓက၏ အကျဉ်းချုပ် .... .... .... .... | ၁၉၁ |


## ၃-ဝဿူပနာယိကက္ခန္ဓက


| | | |
| --- | --- | --- |
| ၁၀၇။ | ဝါကပ်ရန် ခွင့်ပြုတော်မူခြင်း .... .... .... .... | ၁၉၃ |
| ၁၀၈။ | ဝါတွင်း၌ ဒေသစာရီ လှည့်လည်ခြင်းကို ပယ်တော်မူခြင်း စသည် .... | ၁၉၃ |
| ၁၀၉။ | ခုနစ်ရက် ပြုဖွယ်ကို ခွင့်ပြုတော်မူခြင်း .... .... .... | ၁၉၄ |
| ၁၁၀။ | ငါးဦးတို့အတွက် မပင့်သော်လည်း ခွင့်ပြုခြင်း .... .... .... | ၁၉၈ |
| ၁၁၁။ | ခုနစ်ဦးတို့အတွက် မပင့်သော်လည်း ခွင့်ပြုခြင်း .... .... .... | ၂၀၄ |
| ၁၁၂။ | ပင့်ခေါ်မှသာခွင့်ပြုခြင်း .... .... .... .... .... | ၂၀၅ |
| ၁၁၃။ | အန္တရာယ် ရှိခဲ့သော် ဝါပြတ်သော်လည်း အာပတ် မသင့်ခြင်း .... .... | ၂၀၆ |
| ၁၁၄။ | သံဃာကွဲပြားသော် ဝါပြတ်ခြင်းကြောင့် အာပတ်မသင့်ခြင်း .... .... | ၂၀၈ |
| ၁၁၅။ | နွားကျောင်းသားတို့၏ နေရာစသည်တို့၌ ဝါကပ်ခြင်း .... .... | ၂၁၀ |
| ၁၁၆။ | ဝါမကပ်သင့်သော နေရာများ .... .... .... .... | ၂၁၀ |
| ၁၁၇။ | မတရားသော ကတိကဝတ် .... .... .... .... | ၂၁၁ |
| ၁၁၈။ | ဝန်ခံရာ၌ ဒုက္ကဋ် အာပတ် သင့်ခြင်း .... .... .... .... | ၂၁၂ |
| ၁၁၉။ | ထိုဝဿူပနာယိကက္ခန္ဓက၏ အကျဉ်းချုပ် .... .... .... | ၂၁၆ |

http://www.dhammadownload.com



ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## ၄-ပဝါရဏာက္ခန္ဓက


၁၂၀။ မချမ်းသာပဲ နေခြင်း .... .... .... .... .... ၂၁၉
၁၂၁။ ပဝါရဏာကံ လေးမျိုး .... .... .... .... .... ၂၂၃
၁၂၂။ ပဝါရဏာ ပေးခြင်းကို ခွင့်ပြုခြင်း .... .... .... .... ၂၂၄
၁၂၃။ ဆွေမျိုး စသည်တို့က ဖမ်းယူခြင်း .... .... .... .... ၂၂၆
၁၂၄။ သံဃာ့ပဝါရဏာ စသည် အပြား .... .... .... .... ၂၂၇
၁၂၅။ အာပတ်ကို ကုစားနည်း .... .... .... .... ၂၃၀
၁၂၆။ အာပတ်ကို ထင်ရှားစွာ ပြုခြင်း .... .... .... .... ၂၃၀
၁၂၇။ သဘောတူ အာပတ်ကို ကုစားနည်း .... .... .... .... ၂၃၁
၁၂၈။ အာပတ် မသင့်ခြင်း တဆယ့်ငါးမျိုး .... .... .... .... ၂၃၁
၁၂၉။ ဝဂ်ဖြစ်၍ ဝဂ်ဖြစ်၏ ဟု အမှတ်ရှိခြင်း တဆယ့်ငါးမျိုး .... .... ၂၃၅
၁၃၀။ ယုံမှားရှိခြင်း တဆယ့်ငါးမျိုး .... .... .... .... ၂၃၆
၁၃၁။ တွေးတောမှု 'သံသယကုက္ကုစ္စ' နှိပ်စက်ခြင်း တဆယ့်ငါးမျိုး .... .... ၂၃၇
၁၃၂။ ကွဲပြားခြင်းကို ရှေးရှုခြင်း တဆယ့်ငါးမျိုး .... .... .... ၂၃၈
၁၃၃။ သိမ်သို့ဝင်၍နေခြင်း စကားမြုပ်များ .... .... .... .... ၂၄၂
၁၃၄။ နေ့အထူး .... .... .... .... .... ၂၄၂
၁၃၅။ အသွင်ကိုမြင်ခြင်း စသည် .... .... .... .... ၂၄၃
၁၃၆။ ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းစသည်တို့ ပဝါရဏာ ပြုခြင်း .... ၂၄၄
၁၃၇။ မသွားအပ်သည်ကို ဆိုရာ .... .... .... .... ၂၄၅
၁၃၈။ သွားအပ်သည်ကို ဆိုရာ .... .... .... .... .... ၂၄၇
၁၃၉။ ကြဉ်အပ်သော 'ဝဇ္ဇနီယ' ပုဂ္ဂိုလ်ကို ပြခြင်း .... .... .... ၂၄၇
၁၄၀။ နှစ်ကြိမ်စသည် ပဝါရဏာပြုခြင်း .... .... .... .... ၂၄၈
၁၄၁။ ပဝါရဏာထားခြင်း .... .... .... .... .... ၂၅၀
၁၄၂။ ထုလ္လစ္စဉ်း ဝတ္ထု စသည် .... .... .... .... .... ၂၅၄
၁၄၃။ ဝတ္ထုကို ထားခြင်း စသည် .... .... .... .... ၂၅၆
၁၄၄။ ငြင်းခုံခြင်းကို ပြုခြင်း .... .... .... .... .... ၂၅၆
၁၄၅။ ပဝါရဏာဖြင့် သင်္ဂြိုဟ်ထောက်ပံ့ခြင်း .... .... .... ၂၅၉
၁၄၆။ ထိုပဝါရဏာက္ခန္ဓက၏ အကျဉ်းချုပ် .... .... .... .... ၂၆၁


## ၅-စမ္မက္ခန္ဓက


၁၄၇။ သောဏကောဠိဝိသ ဝတ္ထု .... .... .... .... ၂၆၃
သောဏ ရဟန်းပြုခြင်း .... .... .... .... ၂၆၅
၁၄၈။ နှစ်လွှာဘိနပ် စသည်ကို ပယ်ခြင်း .... .... .... .... ၂၇၁
၁၄၉။ အညိုရောင် ဘိနပ် စသည်ကို ပယ်ခြင်း .... .... .... ၂၇၂

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁၅၀။ | အလွှာများသော ဘိနပ်ဟောင်းကို ခွင့်ပြုတော်မူခြင်း .... .... | ၂၇၄ |
| ၁၅၁။ | အရံအတွင်း၌ ဘိနပ်ကို ခွင့်ပြုတော်မူခြင်း .... .... .... | ၂၇၄ |
| ၁၅၂။ | သစ်သားဘိနပ်စသည်တို့ကို ပယ်ခြင်း .... .... .... | ၂၇၆ |
| ၁၅၃။ | ယာဉ်စသည်ကို ပယ်ခြင်း .... .... .... .... .... | ၂၈၀ |
| ၁၅၄။ | မြင့်သောနေရာ မြတ်သောနေရာတို့ကို ပယ်ခြင်း .... .... | ၂၈၀ |
| ၁၅၅။ | သားရေအားလုံးကို ပယ်တော်မူခြင်း .... .... .... | ၂၈၁ |
| ၁၅၆။ | လူဘို့ဓါဉ်စွာကို ခွင့်ပြုခြင်း စသည် .... .... .... .... | ၂၈၃ |
| ၁၅၇။ | သောဏကုဋိကဏ္ဏ ဝတ္ထု .... .... .... .... .... | ၂၈၃ |
| ၁၅၈။ | မဟာကစ္စည်း၏ ဆုငါးပါးကို ပြခြင်း .... .... .... .... | ၂၈၄ |
| ၁၅၉။ | ထိုစမ္မက္ခန္ဓက၏ အကျဉ်းချုပ် .... .... .... .... | ၂၈၉ |


## ၆–ဘေသဇ္ဇက္ခန္ဓက


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁၆၀။ | ဆေးငါးမျိုး .... .... .... .... .... | ၂၉၁ |
| ၁၆၁။ | အမြစ်စသောဆေး .... .... .... .... .... | ၂၉၃ |
| ၁၆၂။ | ပိလိန္ဒဝစ္ဆဝတ္ထု .... .... .... .... .... | ၃၀၀ |
| ၆၃။ | တင်လဲစသည်ကို ခွင့်ပြုခြင်း .... .... .... .... | ၃၀၃ |
| ၁၆၄။ | အာကပ္ပိယကုဋိအတွင်း၌ သိုမှီးခြင်း စသည်ကို ပယ်တော်မူခြင်း .... .... | ၃၀၄ |
| ၁၆၅။ | အကပ်ပျက်သည်ကို အကပ်ခံခြင်း .... .... .... .... | ၃၀၆ |
| ၁၆၆။ | အကပ်ခံခြင်း စသည်ကို ခွင့်ပြုတော်မူခြင်း .... .... .... | ၃၀၈ |
| ၁၆၇။ | ခေးခွဲခြင်းကို ပယ်တော်မူခြင်း .... .... .... .... | ၃၀၉ |
| ၁၆၈။ | လူသားကို ပယ်တော်မူခြင်း .... .... .... .... | ၃၁၁ |
| ၁၆၉။ | ဆင်သား စသည်ကို ပယ်ခြင်း .... .... .... .... | ၃၁၃ |
| ၁၇၀။ | ယာဂုမုန့်ချိုတို့ကို ခွင့်ပြုတော်မူခြင်း .... .... .... .... | ၃၁၅ |
| | ယာဂု လျှုကျိုး ၁၀-ပါး .... .... .... .... | ၃၁၆ |
| ၁၇၁။ | သဒ္ဓါတရားနှုသော အမတ်ကြီး ဝတ္ထု .... .... .... .... | ၃၁၇ |
| ၁၇၂။ | ဗေလဋ္ဌကစ္စာန ဝတ္ထု .... .... .... .... .... | ၃၁၉ |
| ၁၇၃။ | ပါဋလိဂါမ ဝတ္ထု .... .... .... .... .... | ၃၂၂ |
| | သီလပျက်ခြင်း အပြစ်ငါးပါး .... .... .... .... | ၃၂၃ |
| | သီလပြည့်စုံခြင်း အကျိုးငါးပါး .... .... .... .... | ၃၂၄ |
| ၁၇၄။ | သုနိဓနှင့် ဝဿကာရ အမတ်ကြီးများ ပါဋလိပုတ်မြို့ တည်ခဏ်း .... | ၃၂၅ |
| ၁၇၅။ | ကောဋိရွာ၌ သစ္စာလေးပါးကို ဟောတော်မူခြင်း .... .... .... | ၃၂၇ |
| ၇၆။ | အမ္ဗပါလီ ဝတ္ထု .... .... .... .... .... | ၃၂၈ |
| ၁၇၇။ | လိစ္ဆဝီ ဝတ္ထု .... .... .... .... .... | ၃၂၈ |
| ၁၇၈။ | သီဟစစ်သူကြီး ဝတ္ထု .... .... .... .... .... | ၃၃၀ |

http://www.dhammadownload.com



| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|


၁၇၉။ ကပ္ပိယဘူမိကို ခွင့်ပြုတော်မူခြင်း .... ၃၃၈

၁၈၀။ မေဏ္ဍကသူကြွယ် ဝတ္ထု .... ၃၄၀

၁၈၁။ ဂေါရသငါးမျိုး ခွင့်ပြုတော်မူခြင်း .... ၃၄၅

၁၈၂။ ကေဏိယရသေ့ ဝတ္ထု .... ၃၄၆

၁၈၃။ ရောဇမည်သော မလ္လမင်း ဝတ္ထု .... ၃၄၈

၁၈၄။ တောထွက် ရဟန်း ဝတ္ထု .... ၃၅၁

၁၈၅။ မဟာပဒေသလေးပါး .... ၃၅၂

၁၈၆။ ထိုဘေသဇ္ဇက္ခန္ဓက၏ အကျဉ်းချုပ် .... ၃၅၃


## ၇-ကထိနက္ခန္ဓက


၁၈၇။ ကထိန်ကို ခွင့်ပြုခြင်း .... ၃၅၅

၁၈၈။ သင်္ကန်းကို ယူသွားခြင်းဖြင့် ကထိန်နုတ်ခြင်း ခုနစ်မျိုး .... ၃၅၈

၁၈၉။ သင်္ကန်းကို ကောင်းစွာယူသွားခြင်းဖြင့် ကထိန်နုတ်ခြင်း ခုနစ်မျိုး .... ၃၅၉

၁၉၀။ သင်္ကန်းကို ယူသွားခြင်းဖြင့် ကထိန်နုတ်ခြင်းခြောက်မျိုး .... ၃၆၀

၁၉၁။ သင်္ကန်းကို ကောင်းစွာယူသွားခြင်းဖြင့် ကထိန်နုတ်ခြင်းခြောက်မျိုး .... ၃၆၁

၁၉၂။ သင်္ကန်းကို ယူသွားခြင်းဖြင့် ကထိန်နုတ်ခြင်း တဆယ့်ငါးမျိုး .... ၃၆၂

၁၉၃။ သင်္ကန်းကို ကောင်းစွာ ယူသွားခြင်းဖြင့် ကထိန်နုတ်ခြင်း တဆယ့်ငါးမျိုး .... ၃၆၄

၁၉၄။ ချုပ်၍ မပြီးသေးသော သင်္ကန်းကို ကောင်းစွာ ယူသွားခြင်းဖြင့် ကထိန်နုတ်ခြင်း တဆယ့်ငါးမျိုး .... ၃၆၄

၁၉၅။ အာသာမရှိခြင်း ၁၂-ပါး .... ၃၆၆

၁၉၆။ အာသာရှိခြင်း ၁၂-ပါး .... ၃၆၈

၁၉၇။ ပြုဖွယ် ၁၂-ပါး .... ၃၇၀

၁၉၈။ အလိုရှိခြင်း ၉-ပါး .... ၃၇၂

၁၉၉။ ချမ်းသာစွာနေခြင်း ၅-ပါး .... ၃၇၄

၂၀၀။ ပလိဗောဓ ရှိ မရှိကို ပြခြင်း .... ၃၇၆

၂၀၁။ ထိုကထိနက္ခန္ဓက၏ အကျဉ်းချုပ် .... ၃၇၇


## ၈-စီဝရက္ခန္ဓက


၂၀၂။ ဇီဝက ဝတ္ထု .... ၃၈၁

၂၀၃။ သူဌေးကတော် ဝတ္ထု .... ၃၈၄

၂၀၄။ ဗိမ္ဗိသာရမင်း .... ၃၈၆

၂၀၅။ ရာဇဂြိုဟ်သူဌေး ဝတ္ထု .... ၃၈၇

၂၀၆။ သူဌေးသား ဝတ္ထု .... ၃၈၉

၂၀၇။ ပဇ္ဇောတမင်း ဝတ္ထု .... ၃၉၀

၂၀၈။ သိဝိတိုင်းဖြစ် ပုဆိုးအစုံ .... ၃၉၃

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

၂၀၉။ အကြိမ် သုံးဆယ် ဝမ်းနုတ်ခြင်း .... .... .... .... ၃၉၃
၂၁၀။ ဆုတောင်းခြင်း .... .... .... .... .... ၃၉၅
၂၁၁။ ကမ္ဗလာကို ခွင့်ပြုတော်မူခြင်း .... .... .... .... ၃၉၆
၂၁၂။ ပံသုကူသင်္ကန်း ရှာမှီးခြင်း .... .... .... .... ၃၉၇
၂၁၃။ သင်္ကန်းခံယူစေရန် သမုတ်ခြင်း .... .... .... .... ၃၉၈
၂၁၄။ ဘဏ္ဍာအိမ် သမုတ်ခြင်း စသည် .... .... .... .... ၃၉၉
၂၁၅။ သင်္ကန်းဆိုးခြင်း .... .... .... .... .... ၄၀၂
၂၁၆။ ဖြတ်သော သင်္ကန်းကို ခွင့်ပြုတော်မူခြင်း .... .... .... ၄၀၃
၂၁၇။ တိစီဝရိက်ကို ခွင့်ပြုတော်မူခြင်း .... .... .... .... ၄၀၄
၂၁၈။ ပိုလွန်သော သင်္ကန်း .... .... .... .... .... ၄၀၅
၂၁၉။ ဝိသာခါ ဝတ္ထု .... .... .... .... .... ၄၀၇
ဝိသာခါဆု(၈)ပါး .... .... .... .... .... ၄၀၉
၂၂၀။ နိသီဒိုင် အခင်း စသည်ကို ခွင့်ပြုတော်မူခြင်း .... .... ၄၁၂
၂၂၁။ အယုတ်ဆုံး ဝိကပ္ပနာ ပြုလောက်သည့် ပမာဏရှိသော သင်္ကန်း.... .... ၄၁၅
၂၂၂။ သံဃိက သင်္ကန်း ဖြစ်ပေါ်ခြင်း .... .... .... .... ၄၁၇
၂၂၃။ သာကီဝင်မင်းသား အသျှင်ဥပနန္ဒ ဝတ္ထု .... .... .... ၄၁၉
၂၂၄။ သူနာရဟန်း ဝတ္ထု .... .... .... .... .... ၄၂၀
၂၂၅။ သေလွန်သော ရဟန်း၏ ဥစ္စာ .... .... .... .... ၄၂၂
၂၂၆။ အဝတ် မဝတ်သော အကျင့်ကို ပယ်ခြင်း .... .... .... ၄၂၄
၂၂၇။ သမန်းမြက်သင်္ကန်း စသည်ကို ပယ်ခြင်း .... .... .... ၄၂၅
၂၂၈။ အလုံးစုံညိုသော သင်္ကန်းစသည်ကို ပယ်ခြင်း .... .... .... ၄၂၆
၂၂၉။ ဝါကျွတ်သော ရဟန်းတို့အား သင်္ကန်းမရနိုင်ခြင်း အကြောင်း .... ၄၂၇
၂၃၀။ ကွဲပြားသော သံဃာအား သင်္ကန်းရနိုင်ခြင်း အကြောင်း .... .... ၄၂၈
၂၃၁။ ကောင်း မကောင်းသော ယူခြင်း စသည်ကို ပြခြင်း .... .... ၄၂၉
၂၃၂။ သင်္ကန်း ဖြစ်ပေါ်ကြောင်း မာတိကာ ရှစ်ပါး .... .... .... ၄၃၀
၂၃၃။ ထိုစီဝရက္ခန္ဓက၏ အကျဉ်းချုပ် .... .... .... .... ၄၃၁

## ၉-စမ္ပေယျက္ခန္ဓက

၂၃၄။ ကဿပဂေါတ္တ ရဟန်း ဝတ္ထု .... .... .... .... ၄၃၆
၂၃၅။ မတရားသဖြင့် ဝဂ်ဖြစ်ခြင်း စသော ကံအကြောင်း .... .... ၄၃၉
၂၃၆။ ဉတ်ပျက်စီးသော ကံစသည် အကြောင်း .... .... .... ၄၄၁
၂၃၇။ လေးပါးအစုရှိသော သံဃာစသည်တို့ ပြုအပ်သော ကံများ .... .... ၄၄၅
၂၃၈။ ကံမမြောက်သော ပရိဝါသ် ပေးခြင်းစသည်ကို ပြခြင်း .... .... ၄၄၉
၂၃၉။ နှင်ထုတ်ခြင်း နှစ်မျိုး စသည်ကို ပြခြင်း .... .... .... ၄၅၀

http://www.dhammadownload.com



| အကြောင်းအရာ | မျက်နှာအမှတ် |
| --- | --- |
| ၂၄၀။ အဓမ္မကံ စသည်ကို ပြခြင်း | ၄၅၂ |
| ၂၄၁။ ဥပါလိ၏ အမေးပြဿနာကို ပြခြင်း | ၄၅၅ |
| ၂၄၂။ တဇ္ဇနီယကံကို ပြခြင်း | ၄၆၀ |
| ၂၄၃။ နိယဿကံကို ပြခြင်း | ၄၆၃ |
| ၂၄၄။ ပဗ္ဗာဇနီယကံကို ပြခြင်း | ၄၆၃ |
| ၂၄၅။ ပဋိသာရဏီယကံကိုပြခြင်း | ၄၆၄ |
| ၂၄၆။ အဒဿန ဥက္ခေပနီယကံကို ပြခြင်း | ၄၆၄ |
| ၂၄၇။ အပ္ပဋိကမ္မဥက္ခေပနီယကံကို ပြခြင်း | ၄၆၅ |
| ၂၄၈။ အပ္ပဋိနိဿဂ္ဂ ဥက္ခေပနီယကံကို ပြခြင်း | ၄၆၅ |
| ၂၄၉။ တဇ္ဇနီယကံ ငြိမ်းမှုကို ပြခြင်း | ၄၆၅ |
| ၂၅၀။ နိယဿကံငြိမ်းမှုကို ပြခြင်း | ၄၆၉ |
| ၂၅၁။ ပဗ္ဗာဇနီယကံငြိမ်းမှုကို ပြခြင်း | ၄၆၉ |
| ၂၅၂။ ပဋိသာရဏီယကံငြိမ်းမှုကို ပြခြင်း | ၄၇၀ |
| ၂၅၃။ အဒဿန ဥက္ခေပနီယကံ ငြိမ်းမှုကို ပြခြင်း | ၄၇၀ |
| ၂၅၄။ အပ္ပဋိကမ္မ ဥက္ခေပနီယကံ ငြိမ်းမှုကို ပြခြင်း | ၄၇၁ |
| ၂၅၅။ အပ္ပဋိနိဿဂ္ဂ ဥက္ခေပနီယကံငြိမ်းမှုကို ပြခြင်း | ၄၇၁ |
| ၂၅၆။ တဇ္ဇနီယကံနှင့်စပ်သော ငြင်းခုံမှုကို ပြခြင်း | ၄၇၂ |
| ၂၅၇။ နိယဿကံနှင့်စပ်သော ငြင်းခုံမှုကို ပြခြင်း | ၄၇၄ |
| ၂၅၈။ ပဗ္ဗာဇနီယကံနှင့်စပ်သော ငြင်းခုံမှုကို ပြခြင်း | ၄၇၄ |
| ၂၅၉။ ပဋိသာရဏီယကံနှင့်စပ်သော ငြင်းခုံမှုကို ပြခြင်း | ၄၇၄ |
| ၂၆၀။ အဒဿန ဥက္ခေပနီယကံနှင့်စပ်သော ငြင်းခုံမှုကို ပြခြင်း | ၄၇၅ |
| ၂၆၁။ အပ္ပဋိကမ္မ ဥက္ခေပနီယကံနှင့်စပ်သော ငြင်းခုံမှုကို ပြခြင်း | ၄၇၆ |
| ၂၆၂။ အပ္ပဋိနိဿဂ္ဂ ဥက္ခေပနီယကံနှင့်စပ်သော ငြင်းခုံမှုကို ပြခြင်း | ၄၇၆ |
| ၂၆၃။ တဇ္ဇနီယကံငြိမ်းမှုကို ပြခြင်း | ၄၇၇ |
| ၂၆၄။ နိယဿကံငြိမ်းမှုကို ပြခြင်း | ၄၇၉ |
| ၂၆၅။ ပဗ္ဗာဇနီယကံငြိမ်းမှုကို ပြခြင်း | ၄၈၀ |
| ၂၆၆။ ပဋိသာရဏီယကံ ငြိမ်းမှုကို ပြခြင်း | ၄၈၀ |
| ၂၆၇။ အဒဿန ဥက္ခေပနီယကံငြိမ်းမှုကို ပြခြင်း | ၄၈၁ |
| ၂၆၈။ အပ္ပဋိကမ္မ ဥက္ခေပနီယကံငြိမ်းမှုကို ပြခြင်း | ၄၈၂ |
| ၂၆၉။ အပ္ပဋိနိဿဂ္ဂ ဥက္ခေပနီယကံငြိမ်းမှုကို ပြခြင်း | ၄၈၂ |
| ၂၇၀။ ထိုစမ္မေယျက္ခန္ဓက၏ အကျဉ်းချုပ် | ၄၈၃ |

## ၁၀-ကောသမ္ဗကက္ခန္ဓက

| | |
| --- | --- |
| ၂၇၁။ ကောသမ္ဗီပြည်သား ရဟန်းတို့၏ ငြင်းခုံမှုကို ပြခြင်း | ၄၈၇ |
| ၂၇၂။ ဒီဃာဝု ဝတ္ထု | ၄၉၃ |

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်


၂၇၃။ ဗာလက လောဏကာရာမသို့ ကြွတော်မူခြင်း .... .... .... ၅၀၃
၂၇၄။ အရှေ့ဝါးတောသို့ ကြွတော်မူခြင်း .... .... .... .... ၅၀၄
၂၇၅။ ပါလိလေယျကတောသို့ ကြွတော်မူခြင်း .... .... .... ၅၀၆
၂၇၆။ အကြောင်းတဆယ့်ရှစ်မျိုးကို ပြခြင်း .... .... .... .... ၅၀၇
၂၇၇။ သံဃာ့ဘောင်သို့ သွင်းမှုကို ခွင့်ပြုတော်မူခြင်း .... .... .... ၅၁၁
၂၇၈။ သံဃာညီညွတ်မှုကို ပြခြင်း .... .... .... .... ၅၁၂
၂၇၉။ ဥပါလိ၏ သံဃာညီညွတ်ရေး ပြဿနာ .... .... .... ၅၁၃
၂၈၀။ ထိုကောသမ္ဗကက္ခန္ဓက၏ အကျဉ်းချုပ် .... .... .... ၅၁၆


**မဟာဝဂ်ပါဠိတော် မြန်မာပြန် မာတိကာ ပြီး၏။**

---

# ကြို တင်သိမှတ်ရန် သင်္ကေတလက္ခဏာများ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောအခြင်းအရာ ‘အာကာရ’ဟု သိမှတ်ရန်။

‘ ’ ဤကဲ့သို့ ကော်မာပြလျှင် ရှေ့ကကပ်လျက်ရှိသော ပုဒ်နှင့်အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ” ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက်ခေါ်သော မျဉ်းတိုကိုပြလျှင် စကားဝါကျမဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိစာများမှာ ရှေးနည်းတူ ဆက်လက် ပြုလုပ်ရန် မှာထားသောစကားများဖြစ်သည် ဟု သိမှတ်ရန်။

* ဤကဲ့သို့ ချယားပွင့်ကိုပြလျှင် ၎င်းချယားပွင့်ရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ် ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြားဖော်ပြထားသည် ဟု သိမှတ်ရန်၊ အချို့နေရာ၌ ချယားပွင့်အစား ဂဏန်းဖြင့်ပြထားသည်၊ အဓိပ္ပါယ်တူပင်ဖြစ်၏။

http://www.dhammadownload.com

## ဝိနည်းပိဋကတ်

# မဟာဝဂ်ပါဠိတော်

## မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁—မဟာခန္ဓက

### ၁–ဘုရားဖြစ်တော်မူခြင်း

၁။ အခါတပါး၌ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဥရုဝေလတော နေရဉ္ဇရာ မြစ်ကမ်းနားဖြစ်သော ဗောဓိပင်ရင်း၌ ရှေးဦးစွာ သစ္စာလေးပါးကို သိတော်မူသည်ဖြစ်၍ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ ခုနစ်ရက်ပတ်လုံး အရဟတ္တဖိုလ် ချမ်းသာကို ခံစားလျက် တင်ပျဉ်ခွေကာ တထိုင်တည်းဖြင့် နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ညဉ့်ဦးယာမ် ပတ်လုံး ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ [၁] 'အဖြစ်အပျက်အားဖြင့်' နှလုံးသွင်းတော်မူ၏။

### အနုလုံ

"မသိခြင်း 'အဝိဇ္ဇာ' ဟူသော အကြောင်းကြောင့် ပြုပြင်စီရင်ခြင်း 'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ ပြုပြင်စီရင်ခြင်း 'သင်္ခါရ' ဟူသော အကြောင်းကြောင့် ဝိညာဉ် ဖြစ်၏၊ ဝိညာဉ် ဟူသော အကြောင်းကြောင့် နာမ် ရုပ် ဖြစ်၏၊ နာမ် ရုပ် ဟူသော အကြောင်းကြောင့် တည်ရာ 'အာယတန' ခြောက်မျိုး ဖြစ်၏၊ တည်ရာ 'အာယတန' ခြောက်မျိုး ဟူသော အကြောင်းကြောင့် တွေ့ထိခြင်း 'ဖဿ' ဖြစ်၏၊ တွေ့ထိခြင်း 'ဖဿ' ဟူသော အကြောင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ဖြစ်၏၊ ခံစားခြင်း 'ဝေဒနာ' ဟူသော အကြောင်းကြောင့် တပ်မက်ခြင်း 'တဏှာ' ဖြစ်၏၊ တပ်မက်ခြင်း 'တဏှာ' ဟူသော အကြောင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်' ဖြစ်၏၊ စွဲလမ်းခြင်း 'ဥပါဒါန်' ဟူသော အကြောင်းကြောင့် ဖြစ်ကြောင်းကံ 'ဘဝ' ဖြစ်၏၊ ဖြစ်ကြောင်းကံ 'ဘဝ' ဟူသော အကြောင်းကြောင့်

---

၁။ ဤဗောဓိကထာသည် ဥဒါန်းပါဠိတော်နှင့်မတူ ဥဒါန်းပါဠိတော်၌ ဥဒယဉာဏ် ဝယဉာဏ် ဥဒယဗ္ဗယဉာဏ် အနုလောမ ပဋိလောမ အနုလောမပဋိလောမ သတ္တာဟ သုံးကြိမ်ဖြစ်ပုံကို ပြဆိုသည်။

http://www.dhammadownload.com



ဖြစ်ခြင်း 'ဇာတိ' ဖြစ်၏၊ ဖြစ်ခြင်း 'ဇာတိ' ဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့ ဖြစ်ကုန်၏၊ ဤနည်းဖြင့် ဆင်းရဲအစု သက်သက်သည် ဖြစ်ပေါ်၏။

## ပဋိလုံ

မသိခြင်း 'အဝိဇ္ဇာ' ၏ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်သာလျှင် ပြုပြင်စီရင်ခြင်း 'သင်္ခါရ' ချုပ်၏၊ ပြုပြင်စီရင်ခြင်း 'သင်္ခါရ' ချုပ်ခြင်းကြောင့် ဝိညာဉ်ချုပ်၏၊ ဝိညာဉ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် တည်ရာ 'အာယတန' ခြောက်မျိုးချုပ်၏၊ တည်ရာ 'အာယတန' ခြောက်မျိုး ချုပ်ခြင်းကြောင့် တွေ့ထိခြင်း 'ဖဿ' ချုပ်၏၊ တွေ့ထိခြင်း 'ဖဿ' ချုပ်ခြင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ချုပ်၏၊ ခံစားခြင်း 'ဝေဒနာ' ချုပ်ခြင်းကြောင့် တပ်မက်ခြင်း 'တဏှာ' ချုပ်၏၊ တပ်မက်ခြင်း 'တဏှာ' ချုပ်ခြင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်' ချုပ်၏၊ စွဲလမ်းခြင်း 'ဥပါဒါန်' ချုပ်ခြင်းကြောင့် ဖြစ်ကြောင်းကံ 'ဘဝ' ချုပ်၏၊ ဖြစ်ကြောင်းကံ 'ဘဝ' ချုပ်ခြင်းကြောင့် ဖြစ်ခြင်း 'ဇာတိ' ချုပ်၏၊ ဖြစ်ခြင်း 'ဇာတိ' ချုပ်ခြင်းကြောင့် အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့ ချုပ်ကုန်၏၊ ဤနည်းဖြင့် ဆင်းရဲအစု သက်သက်သည် ချုပ်လေ၏" ဟု (နှလုံးသွင်းတော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းကို သိတော်မူ၍ ထိုအချိန်အခါ၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏—

## ဥဒါန်း [၁]

"ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှု့မြိုက်တတ်သော မကောင်းမှုကို အပပြုပြီးသော ရဟန္တာအား ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည် အကြင်အခါ၌ စင်စစ် ထင်ရှား ဖြစ်ပေါ်ကုန်၏၊ ထိုအခါ၌ အကြောင်းနှင့် တကွဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားကို အပြားအားဖြင့် သိသောကြောင့် ထိုရဟန္တာအား ယုံမှားခြင်း အားလုံးတို့သည် ကင်းပျောက်ကုန်၏" ဟု (ဥဒါန်းကျူးရင့်တော်မူ၏)။

၂။ ထို့နောက် မြတ်စွာဘုရားသည် သန်းကောင်ယာမ်ပတ်လုံး ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ 'အဖြစ်အပျက်အားဖြင့်' နှလုံးသွင်းတော်မူ၏—

## အနုလုံ ပဋိလုံ

"မသိခြင်း 'အဝိဇ္ဇာ' ဟူသော အကြောင်းကြောင့် ပြုပြင်စီရင်ခြင်း 'သင်္ခါရ' တို့ ဖြစ်ကုန်၏၊ ပြုပြင်စီရင်ခြင်း 'သင်္ခါရ' ဟူသော အကြောင်းကြောင့် ဝိညာဉ် ဖြစ်၏၊ ဝိညာဉ် ဟူသော အကြောင်းကြောင့် နာမ်ရုပ် ဖြစ်၏။ပ။ ဤနည်းဖြင့် ဆင်းရဲအစု သက်သက်သည် ဖြစ်ပေါ်၏။ပ။ ချုပ်လေ၏"။

ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းကို သိတော်မူ၍ ထိုအချိန်အခါ၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏—

---

၁။ နှစ်သက်ဝမ်းမြောက်သောစကား။

http://www.dhammadownload.com



## ဥဒါန်း

"ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှို့မြိုက်တတ်သော မကောင်းမှုကို အပပြုပြီးသော ရဟန္တာအား ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည် အကြင်အခါ၌ စင်စစ် ထင်ရှား ဖြစ်ပေါ်ကုန်၏၊ ထိုအခါ၌ (အဝိဇ္ဇာစသော) အကြောင်းတရားတို့၏ ကုန်ရာ နိဗ္ဗာန်ကို သိသောကြောင့် ထိုရဟန္တာအား ယုံမှားခြင်း အားလုံးတို့သည် ကင်းပျောက်ကုန်၏" ဟု (ဥဒါန်းကျူးရင့်တော်မူ၏)။

၃။ ထို့နောက် မြတ်စွာဘုရားသည် မိုးသောက်ယာမ် ပတ်လုံး ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ 'အဖြစ်အပျက်အားဖြင့်' နှလုံးသွင်းတော်မူ၏—

## အနုလုံ ပဋိလုံ

"မသိခြင်း 'အဝိဇ္ဇာ' ဟူသော အကြောင်းကြောင့် ပြုပြင်စီရင်ခြင်း 'သင်္ခါရ' တို့ ဖြစ်ကုန်၏၊ ပြုပြင်စီရင်ခြင်း 'သင်္ခါရ' ဟူသော အကြောင်းကြောင့် ဝိညာဉ်သည် ဖြစ်၏။ပ။ ဤနည်းဖြင့် ဆင်းရဲအစုသက်သက်သည် ဖြစ်ပေါ်၏။ပ။ ချုပ်လေ၏"။

ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းကို သိတော်မူ၍ ထိုအချိန်အခါ၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏—

## ဥဒါန်း

"ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှို့မြိုက်တတ်သော မကောင်းမှုကို အပပြုပြီးသော ရဟန္တာအား ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည် အကြင်အခါ၌ စင်စစ် ထင်ရှားဖြစ်ကုန်၏၊ ထိုအခါ၌ ကောင်းကင်ကို တောက်ပစေသော နေမင်းသည် (အမိုက်ဘိုက်ကို ဖျက်ဆီးလျက်) တည်နေသကဲ့သို့ (ထိုရဟန္တာသည်) မာရ်စစ်သည်ကို ဖျက်ဆီးလျက် တည်နေ၏" ဟု (ဥဒါန်းကျူးရင့်တော်မူ၏)။

ဘုရားဖြစ်တော်မူခြင်း ပြီး၏။

---

## ၂-ဆိတ်ကျောင်းညောင်ပင်ရင်း၌ စံနေတော်မူခြင်း

၄။ ထို့နောက် မြတ်စွာဘုရားသည် ခုနစ်ရက် လွန်သဖြင့် ထို (အရဟတ္တဖိုလ်) သမာဓိမှ ထတော်မူ၍ ဗောဓိပင်ရင်းမှ အဇပါလ ညောင်ပင်သို့ ချဉ်းကပ်တော်မူ၍ အဇပါလညောင်ပင်ရင်း၌ ခုနစ်ရက်ပတ်လုံး အရဟတ္တဖိုလ် ချမ်းသာကို ခံစားလျက် တင်ပျဉ်ခွေကာ တထိုင်တည်းဖြင့် နေတော်မူ၏။

ထိုအခါ တဟုံဟုံ(မာန်မူခြင်းကို)ပြုတတ်သော သဘောရှိသော ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆို၏၊

http://www.dhammadownload.com



ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ တည်နေ၏၊ တခုသောနေရာ၌ တည်နေသော ထိုပုဏ္ဏားသည် မြတ်စွာဘုရားအား "အသျှင်ဂေါတမ အဘယ်မျှသော အတိုင်းအရှည်ဖြင့် ဗြာဟ္မဏ မည်ပါသနည်း၊ ဗြာဟ္မဏအဖြစ်ကို ပြုတတ်သော တရားတို့ကား အဘယ်တို့ပါနည်း" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းကို သိတော်မူ၍ ထိုအချိန်အခါ၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏—

## ဥဒါန်း

"အကြင်ရဟန္တာသည် မကောင်းမှုကို အပပြုပြီး ဖြစ်၏၊ တဟုံဟုံ(မာန်မူခြင်းကို) မပြုတတ်၊ (ကိလေသာတည်းဟူသော) ဖန်ရည်မရှိ၊ (ဘာဝနာစီးဖြန်း) အားထုတ်သောစိတ် ရှိ၏၊ မဂ်ဉာဏ်တို့၏အဆုံး (အရဟတ္တဖိုလ်)သို့ ရောက်၏၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီး ဖြစ်၏၊ ထိုရဟန္တာသည် ဟုတ်မှန်သောသဘောဖြင့် ငါဗြာဟ္မဏဟူသော စကားကို ပြောဆိုထိုက်၏၊ ယင်းရဟန္တာပုဂ္ဂိုလ်အား လောကအလုံး၌ တစုံတခုသောအာရုံ၌ တပ်မက်မှုစသည် ဖြစ်ပွါးခြင်းတို့ မရှိကုန်" ဟု (ဥဒါန်းကျူးရင့်တော်မူ၏)။

ဆိတ်ကျောင်းညောင်ပင်ရင်း၌ စံနေတော်မူခြင်း ပြီး၏။

---

## ၃-ကျည်းပင်ရင်း၌ စံနေတော်မူခြင်း

၅။ ထို့နောက် မြတ်စွာဘုရားသည် ခုနစ်ရက်လွန်သဖြင့် ထို(အရဟတ္တဖိုလ်)သမာဓိမှ ထတော်မူ၍ ဆိတ်ကျောင်းညောင်ပင်ရင်းမှ ကျည်းပင်သို့ ချဉ်းကပ်၍ ကျည်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံး အရဟတ္တဖိုလ် ချမ်းသာကို ခံစားလျက် တင်ပျဉ်ခွေကာ တထိုင်တည်းဖြင့် နေတော်မူ၏။

ထိုအခါ၌ ချမ်းအေးသော လေနှိပ်စက်သည့် ခုနစ်ရက်စွေသော အခါမဲ့ မိုးကြီးသည် ရွာသွန်း၏။ ထိုအခါ မုစလိန္ဒနဂါးမင်းသည် မိမိဗိမာန်မှ ထွက်လာပြီးလျှင် "မြတ်စွာဘုရားကို အအေး အပူ ခြင်မှက် လေ နေ မြွေ ကင်းသန်း တို့၏ အတွေ့သည် မဖြစ်ပါစေလင်" ဟု နှလုံးသွင်း၍ မြတ်စွာဘုရား၏ ကိုယ်တော်ကို အခွေတို့ဖြင့် ခုနစ်ပတ် ရစ်ပတ်၍ ဦးထိပ်ထက်၌ ကြီးစွာသော ပါးပျဉ်းကို မိုးလျက် တည်နေ၏။

ထိုအခါ မုစလိန္ဒ နဂါးမင်းသည် ခုနစ်ရက်လွန်သဖြင့် ကောင်းကင်၌ တိမ်တိုက်ပျောက်ပျက်ကင်းစင်သည်ကို သိ၍ မြတ်စွာဘုရားကိုယ်တော်မှ အခွေတို့ကိုဖြေ၍ မိမိအသွင်ကို ပယ်ဖျောက်ကာ လုလင်အသွင်ကို ဖန်ဆင်းပြီးလျှင် မြတ်စွာဘုရားကို လက်အုပ်ချီကာ ရှိခိုးလျက် မြတ်စွာဘုရား၏ ရှေ့မှောက်၌ ရပ်တည်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းကို သိတော်မူ၍ ထိုအချိန်အခါ၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏—

http://www.dhammadownload.com



## ဥဒါန်း

"မဂ်ဉာဏ်လေးပါး တည်းဟူသော ရောင့်ရဲခြင်း ရှိသည်ဖြစ်၍ ထင်ရှားသိပြီးသော တရားရှိသည့် ခပ်သိမ်းသော တရားတို့ကို မြင်သော ရဟန္တာပုဂ္ဂိုလ်အား (နိဗ္ဗာန်ဟူသော) ဝိဝေကသည် ချမ်းသာ၏၊ လောက၌ အမျက်မထွက်ခြင်းသည်၎င်း သတ္တဝါဒါပေါင်းတို့၌ မညှဉ်းဆဲခြင်းသည်၎င်း ချမ်းသာ၏။

လောက၌ ကာမဂုဏ်တို့ကို လွန်မြောက်ခြင်း ဟု ဆိုအပ်သော စွဲမက်မှု ရာဂကင်းသည်၏ အဖြစ်သည် ချမ်းသာ၏၊ ငါဟူသောမာနကို ဆုံးမနိုင်ခြင်းသည် စင်စစ်အမြတ်ဆုံး ချမ်းသာဖြစ်၏" ဟု (ဥဒါန်းကျူးရင့်တော်မူ၏)။

ကျီးပင်ရင်း၌ စံနေတော်မူခြင်း ပြီး၏။

---

## ၄-လင်းလွန်းပင်ရင်း၌ စံနေတော်မူခြင်း

၆။ ထို့နောက် မြတ်စွာဘုရားသည် ခုနစ်ရက်လွန်သဖြင့် ထို(အရဟတ္တဖိုလ်)သမာဓိမှထတော်မူ၍ ကျည်းပင်ရင်းမှ လင်းလွန်းပင်သို့ ချဉ်းကပ်၍ လင်းလွန်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံး အရဟတ္တဖိုလ်ချမ်းသာကို ခံစားလျက် တင်ပျဉ်ခွေကာ တထိုင်တည်းဖြင့် နေတော်မူ၏။

ထိုအခါ တပုဿ ဘလ္လိက ကုန်သည် (ညီနောင်) တို့သည် ဥက္ကလာဇနပုဒ်မှ ထိုအရပ်သို့ ခရီးရှည် သွားကုန်၏။ ထိုအခါ တပုဿ ဘလ္လိက ကုန်သည် (ညီနောင်) တို့၏ ဆွေမျိုးသားချင်း ဖြစ်ဘူးသော ဘုမ္မစိုးနတ်သည် တပုဿ ဘလ္လိက ကုန်သည် (ညီနောင်) တို့အား "အချင်းတို့ ဤမြတ်စွာဘုရားသည် ရှေးဦးစွာ သစ္စာလေးပါးကို သိတော်မူသည်ဖြစ်၍ လင်းလွန်းပင်ရင်း၌ သီတင်းသုံး နေတော်မူ၏၊ သွားကုန်လော့၊ ထိုမြတ်စွာဘုရားကို မုံ့ကြွက်ကျစ်ဖြင့်၎င်း ပျားမုံ့ဆုပ်ဖြင့်၎င်း လုပ်ကျွေးကုန်လော့၊ ထိုသို့ လုပ်ကျွေးခြင်းသည် သင်တို့အား ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး စီးပွါးချမ်းသာခြင်းသည် ဖြစ်လတ္တံ့" ဟု ဆိုလေ၏။

ထိုအခါ တပုဿ ဘလ္လိက ကုန်သည် (ညီနောင်) တို့သည် မုံ့ကြွက်ကျစ်ကို၎င်း ပျားမုံ့ဆုပ်ကို၎င်း ယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တခုသော နေရာ၌ တည်နေကြပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်တို့၏ မုံ့ကြွက်ကျစ်ကို၎င်း ပျားမုံ့ဆုပ်ကို၎င်း အလှူခံတော်မူပါ၊ ယင်းသို့ အလှူခံတော်မူခြင်းသည် အကျွန်ုပ်တို့အား ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး စီးပွါးချမ်းသာ ဖြစ်ရာပါ၏" ဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားအား "ဘုရားတို့ မည်သည် လက်ဖြင့် မခံယူကုန်၊ ငါသည် မုံ့ကြွက်ကျစ်ကို၎င်း ပျားမုံ့ဆုပ်ကို၎င်း အဘယ်သို့ ခံယူရအံ့နည်း" ဟု အကြံဖြစ်ပေါ်၏။ ထိုအခါ နတ်မင်းကြီးလေးယောက်တို့သည် မိမိတို့၏ စိတ်ဖြင့် မြတ်စွာဘုရား၏ စိတ်အကြံကိုသိ၍ အရပ်လေးမျက်နှာတို့မှ ကျောက်ညိုဖြင့် ပြီးကုန်သော သပိတ်လေးလုံးတို့ကို မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည် ဤသပိတ်ဖြင့် မုံ့ကြွက်ကျစ်ကို၎င်း ပျားမုံ့ဆုပ်ကို၎င်း ခံယူတော်မူပါ" ဟု ဆက်ကပ်ကုန်၏။ မြတ်စွာဘုရားသည် အသီးအသီး အဘိုးများစွာ ထိုက်တန်သည့် ကျောက်ညိုဖြင့်ပြီးသော သပိတ်ဖြင့် မုံ့ကြွက်ကျစ်ကို၎င်း ပျားမုံ့ဆုပ်ကို၎င်း ခံယူ၍ ဘုဉ်းပေးတော်မူ၏။

http://www.dhammadownload.com



ထိုအခါ တပုဿ ဘလ္လိက ကုန်သည် (ညီနောင်) တို့သည် မြတ်စွာဘုရားသည် သပိတ်မှ လက်ကို ဖယ်ပြီးပြီ ဟု သိ၍ မြတ်စွာဘုရား၏ ခြေတော်စုံကို ဦးခိုက်၍ မြတ်စွာဘုရားကို "အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါကုန်၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်တို့ကို ယနေ့မှ စ၍ အသက် ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာတို့ ဟူ၍ မှတ်ယူတော်မူပါ" ဟု လျှောက်ကုန်၏။

ထိုကုန်သည်(ညီနောင်) နှစ်ယောက်တို့သည်ကား လောက၌ ရှေးဦးစွာ ဒွေဝါစိကသရဏဂုံ [၁] တည်သော ဥပါသကာတို့ ဖြစ်ကုန်၏။

လင်းလွန်းပင်ရင်း၌ စံနေတော်မူခြင်း ပြီး၏။

---

## ၅-ဗြဟ္မာတောင်းပန်ခြင်း

၇။ ထိုနောက် မြတ်စွာဘုရားသည် ခုနစ်ရက် လွန်သဖြင့် ထို (အရဟတ္တဖိုလ်) သမာဓိမှ ထတော်မူ၍ လင်းလွန်းပင်ရင်းမှ ဆိတ်ကျောင်းညောင်ပင်သို့ ချဉ်းကပ်၍ ထိုဆိတ်ကျောင်းညောင်ပင် ရင်း၌ နေတော်မူ၏။

ထိုအခါ ဆိတ်ကွယ်ရာသို့ ကပ်လျက် တပါးတည်းကိန်းအောင်းနေတော်မူစဉ် မြတ်စွာဘုရားအား ဤသို့ စိတ်အကြံ ဖြစ်တော်မူ၏—

"ငါသိအပ်ပြီးသော ဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်သက်၏၊ မွန်မြတ်၏၊ တက္ကီပုဂ္ဂိုလ်တို့၏ ကျက်စားရာမဟုတ်၊ သိမ်မွေ့၏၊ ပညာရှိတို့သာ သိနိုင်၏။ ဤသတ္တဝါများကား ကာမဂုဏ်တို့၌ မွေ့လျော်ကုန်၏၊ ကာမဂုဏ်တို့၌ ပျော်ပိုက်ကုန်၏၊ ကာမဂုဏ်တို့၌ အလွန် နှစ်ခြိုက်ကုန်၏၊ ကာမဂုဏ်တို့၌ မွေ့လျော် ပျော်ပိုက် အလွန် နှစ်ခြိုက်ကြသော ဤသတ္တဝါများသည် အကျိုးတရားတို့၏ အကြောင်းဖြစ်သော ဤပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်ခဲ၏၊ ပြုပြင်မှု အားလုံး၏ ငြိမ်းရာ ဥပဓိ [၂] အားလုံးကို ပယ်စွန့်ရာ တဏှာ၏ကုန်ရာ ရာဂ၏ကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သော ဤ (နိဗ္ဗာန်) တရားကိုလည်း မြင်နိုင်ခဲ၏။ ငါသည်လည်းတရားကို ဟောငြားအံ့၊ သူတပါးတို့သည်လည်း ငါ၏ တရားကို မသိနားမလည်နိုင်ကုန်ငြားအံ့၊ သို့ဖြစ်လျှင် ထို (တရားဟောခြင်း) သည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏၊ ငါ့ကိုယ် (ငါ) ညှဉ်းဆဲခြင်းသာ ဖြစ်ရာ၏" ဟု (စိတ်အကြံ ဖြစ်တော်မူ၏)။

ထို့ပြင် အလွန်အံ့ဩဘွယ်ကောင်းသော ဤဂါထာတို့သည်လည်း ရှေးကမကြားဘူးပဲ မြတ်စွာ ဘုရား၏ စိတ်တော်၌ ထင်လာပြန်ကုန်၏—

"ငါသည် ခဲယဉ်းစွာ ကျင့်သဖြင့် သိအပ်ပြီးသော တရားကို ယခုအခါ ဟောပြခြင်းငှါ မသင့်လျော်ချေ၊ ရာဂဒေါသ နှိပ်စက်အပ်သော သူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည် မဟုတ်ချေ။

---

၁။ နှစ်ကြိမ်ရွတ်ဆို၍ ဆောက်တည်အပ်သော သရဏဂုံ။

၂။ ဥပဓိ = ဟည့်ရာ၊ ချမ်းသာဆင်းရဲတို့၏တည်ရာ၊ ဓါ-တော။

http://www.dhammadownload.com



အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်သည် ဖုံးလွှမ်းအပ်သည်ဖြစ်၍ ရာဂတင်စွဲနေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အကျူမြူသဖွယ် မြင်နိုင်ခဲသော (သံသရာ) အဆန်တရားကို မြင်နိုင်ကြမည် မဟုတ်ချေ" ဟု (စိတ်တော်၌ ထင်ပေါ်လာပြန်ကုန်၏)။

ဤသို့ ဆင်ခြင်တော်မူစဉ် မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူပဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူ၏။

၈။ ထိုအခါ မြတ်စွာဘုရား၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ သဟမ္ပတိ ဗြဟ္မာအား—

"အချင်းတို့ လောကသည် ပျက်စီးတော့မည်တကား၊ အချင်းတို့ လောကသည် ပျက်စီးတော့မည်တကား၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူပဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူတုံဘိ၏" ဟု အကြံဖြစ်ပေါ်လေ၏။

ထို့နောက် ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်ရုံးကို ဆန့်သကဲ့သို့၎င်း ဆန့်ထားသော လက်ရုံးကို ကွေးသကဲ့သို့၎င်း သဟမ္ပတိဗြဟ္မာသည် ဗြဟ္မာ့ဘုံမှ ကွယ်ခဲ့ပြီးလျှင် မြတ်စွာဘုရား၏ ရှေ့တော်၌ ထင်ရှားပေါ်လာ၏။ ထိုအခါ သဟမ္ပတိဗြဟ္မာသည် အပေါ်ရုံကို ပခုံးတဖက်၌ တင်၍ လကျ်ာဒူးကို မြေ၌ထောက်လျက် မြတ်စွာဘုရားသို့ လက်အုပ်ချီပြီးလျှင်—

"မြတ်စွာဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ (ပညာ) မျက်စိ၌ (ကိလေသာ) မြူနည်းပါးသော သတ္တဝါတို့သည် ရှိပါကုန်၏၊ (ထိုသတ္တဝါတို့သည်) တရားကို မနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏၊ တရားကို သိသူတို့သည် ရှိပါကုန်လတ္တံ့" ဟု လျှောက်၏။

သဟမ္ပတိဗြဟ္မာသည် ဤစကားကို လျှောက်ပြီးနောက် ထိုမှတပါး ဤစကားကို လျှောက်ပြန်၏—

"ရှေးအခါ မဂဓတိုင်းတို့၌ (ရာဂ စသော) အညစ်အကြေးရှိသူ ဂိုဏ်းဆရာကြီးတို့သည် ကြံဆအပ်သော မစင်ကြယ်သော မိစ္ဆာအယူတရားတို့သည် ထင်ရှားဖြစ်ပေါ်ခဲ့ပါသည်၊ အမြိုက်နိဗ္ဗာန်၏ တံခါးကို ဖွင့်လှစ်တော်မူပါလော့၊ အညစ်အကြေး ကင်းတော်မူသော မြတ်စွာဘုရားသည် သဘာဝနှင့် အလျော် သိတော်မူအပ်သော (သစ္စာလေးပါး) တရားကို (သတ္တဝါအများ) နာကြားကြပါစေကုန်လော့။

ကောင်းမြတ်သော ပညာရှင် ဖြစ်တော်မူသော မြတ်စွာဘုရား ထက်ဝန်းကျင် (မြင်စွမ်းနိုင်သောဉာဏ်) မျက်စိရှိတော်မူသော မြတ်စွာဘုရား ကျောက်တောင်ထိပ်၌ ရပ်တည်လျက်ရှိသော ယောကျ်ားသည် ထက်ဝန်းကျင် လူအပေါင်းကို ကြည့်ရှုသကဲ့သို့ ထို့အတူ စိုးရိမ်ပူဆွေးကင်းဝေးတော်မူသော အသျှင်ဘုရားသည် ပညာ (ဓမ္မ) ဖြင့်ပြီးသော ပြာသာဒ်ထက်သို့ တက်တော်မူ၍ ပဋိသန္ဓေနေခြင်း အိုခြင်းတို့ နှိပ်စက်အပ်သဖြင့် စိုးရိမ်ပူဆွေးခြင်းသို့ သက်ဆင်းကျရောက်နေသော သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူပါလော့။

ရဲရင့်တော်မူသော မြတ်စွာဘုရား အောင်ပွဲယင်တော်မူပြီးသော မြတ်စွာဘုရား ထတော်မူပါလော့၊ ယာဉ်မှူးနှင့်တူတော်မူသော မြတ်စွာဘုရား(ကိလေသာ)ကြွေး ကင်းဝေးတော်မူသော မြတ်စွာဘုရား လောက၌ လှည့်လည်တော်မူပါလော့၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား

http://www.dhammadownload.com



တရားဟောတော်မူပါလော့၊ (တရားကို) သိသူတို့သည် ရှိပါကုန်လတ္တံ့။" ဟု (လျှောက် ပြန်၏)။

ဤသို့ လျှောက်သော် မြတ်စွာဘုရားသည် သဟမ္ပတိဗြဟ္မာအား ဤစကားကို မိန့်တော်မူ၏—

"ဗြဟ္မာ ငါ့အားလည်း ဤသို့သော အကြံသည် ဖြစ်၏။ 'ငါ သိအပ်ပြီးသော ဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်သက်၏၊ မွန်မြတ်၏၊ တက္ကီပုဂ္ဂိုလ်တို့၏ ကျက်စားရာ မဟုတ်၊ သိမ်မွေ့၏၊ ပညာရှိတို့သာ သိနိုင်၏။ ဤသတ္တဝါများကား ကာမဂုဏ်တို့၌ မွေ့လျော် ကုန်၏၊ ကာမဂုဏ်တို့၌ ပျော်ပိုက်ကုန်၏၊ ကာမဂုဏ်တို့၌ အလွန်နှစ်ခြိုက်ကုန်၏၊ ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက် အလွန်နှစ်ခြိုက်ကြသော ဤသတ္တဝါများသည် အကျိုးတရားတို့၏ အ ကြောင်းဖြစ်သော ဤပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်ခဲ၏၊ ပြုပြင်မှုအားလုံး၏ ငြိမ်းရာ ဥပဓိ အားလုံးကို ပယ်စွန့်ရာ တဏှာ၏ ကုန်ရာ ရာဂ၏ကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သော ဤ (နိဗ္ဗာန်) တရားကိုလည်း မြင်နိုင်ခဲ၏။ ငါသည် တရားကို ဟောငြားအံ့၊ သူတပါးတို့သည်လည်း ငါ၏ တရားကို မသိနားမလည်နိုင်ကုန်ငြားအံ့၊ သို့ဖြစ်လျှင် ထို (တရားဟောခြင်း)သည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏၊ ငါ့ကိုယ် (ငါ) ညှဉ်းဆဲခြင်းသာ ဖြစ်ရာ၏' ဤသို့ (အကြံဖြစ်၏ ဟု မိန့်တော်မူ၏)။

ဗြဟ္မာ ထို့ပြင် အလွန်အံ့ဘွယ်ကောင်းသော ဤဂါထာတို့သည်လည်း ရှေးကမကြားဘူးပဲ ငါ၏ (စိတ်ထဲ၌) ထင်လာပြန်ကုန်၏—

'ငါသည် ခဲယဉ်းစွာကျင့်သဖြင့် သိအပ်ပြီးသော တရားကို ယခုအခါ ဟောပြခြင်းငှါမသင့် လျော်ချေ၊ ရာဂ ဒေါသ နှိပ်စက်အပ်သော သူတို့သည် ဤတရားကို လွယ်ကူစွာသိနိုင်ကြမည် မဟုတ်ချေ၊ အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်သည် ဖုံးလွှမ်းအပ်သည်ဖြစ်၍ ရာဂဝယ် စွဲနေသောသူတို့သည် သိမ်မွေ့နက်နဲ၍ အထူးမြှုသဖွယ်မြင်နိုင်ခဲသော (သံသရာ) အဆန်တရားကို မြင်နိုင်ကြမည် မဟုတ်ချေ' ဟု (ငါ၏စိတ်ထဲ၌ ထင်ပေါ်လာပြန်ကုန်၏)။

ဗြဟ္မာ ဤသို့ ဆင်ခြင်စဉ် ငါ၏ စိတ်နှလုံးသည် တရားဟောရန် မညွတ်ပဲ ကြောင့်ကြမဲ့နေရန် ညွှတ်ခဲ့၏" ဟု (မိန့်တော်မူ၏)။

နှစ်ကြိမ်မြောက်လည်း သဟမ္ပတိဗြဟ္မာသည် မြတ်စွာဘုရားအား—

"မြတ်စွာဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ (ပညာ) မျက်စိ၌ (ကိလေသာ) မြူနည်းပါးသော သတ္တဝါတို့သည် ရှိပါကုန်၏၊ (ထိုသတ္တဝါ တို့သည်) တရားကို မနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏၊ တရားကို သိသူတို့သည် ရှိပါကုန် လတ္တံ့။" ဟု လျှောက်၏။

ဤစကားကို လျှောက်ပြီးနောက် ထိုမှတပါး ဤစကားကို လျှောက်ပြန်၏—

"ရှေးအခါ မဂဓတိုင်းတို့၌ (ရာဂစသော) အညစ်အကြေးရှိသူ ဂိုဏ်းဆရာကြီးတို့ ကြံဆ အပ်သော မစင်ကြယ်သော မိစ္ဆာအယူတရားသည် ထင်ရှားဖြစ်ပေါ်ခဲ့ပါသည်၊ အမြိုက်နိဗ္ဗာန်၏ တံခါးကို ဖွင့်လှစ်တော်မူပါလော့၊ အညစ်အကြေး ကင်းဝေးတော်မူသော မြတ်စွာဘုရားသည် သဘာဝနှင့်အလျော် သိတော်မူအပ်သော (သစ္စာလေးပါး) တရားကို (သတ္တဝါအများ) နာကြားကြပါစေကုန်လော့။

http://www.dhammadownload.com



ကောင်းမြတ်သော ပညာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား ထက်ဝန်းကျင် (မြင်စွမ်းနိုင်သော ဉာဏ်)မျက်စိရှိတော်မူသောမြတ်စွာဘုရား ကျောက်တောင်ထိပ်၌ ရပ်တည်လျက်ရှိသော ယောကျ်ားသည် ထက်ဝန်းကျင်လူအပေါင်းကို ကြည့်ရှုသကဲ့သို့ ထို့အတူ စိုးရိမ်ပူဆွေး ကင်းဝေးတော်မူသော အသျှင်ဘုရားသည် ပညာ(မွ)ဖြင့်ပြီးသော ပြာသာဒ်ထက်သို့ တက်တော်မူ၍ ပဋိသန္ဓေနေခြင်း အိုခြင်းတို့ နှိပ်စက်အပ်သဖြင့် စိုးရိမ်ပူဆွေးခြင်းသို့ သက်ဆင်းကျရောက်နေသော သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူပါလော့။

ရဲရင့်တော်မူသော မြတ်စွာဘုရား အောင်ပွဲယင်တော်မူပြီးသော မြတ်စွာဘုရား ထတော်မူပါလော့၊ ယာဉ်မှူးနှင့်တူတော်မူသော မြတ်စွာဘုရား (ကိလေသာ)ကြွေး ကင်းဝေးတော်မူသော မြတ်စွာဘုရား လောက၌ လှည့်လည်တော်မူပါလော့၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား တရားဟောတော်မူပါလော့၊ (တရားကို) သိသူတို့သည် ရှိပါကုန်လတ္တံ့" ဟု (လျှောက်ပြန်၏)။

နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် သဟမ္ပတိဗြဟ္မာအား ဤစကားကို မိန့်တော်မူ၏—

"ဗြဟ္မာ စင်စစ် ငါ့အားလည်း ဤသို့သော အကြံ ဖြစ်ဘူး၏။ 'ငါသိအပ်ပြီးသော ဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်သက်၏၊ မွန်မြတ်၏၊ တက္ကီပုဂ္ဂိုလ်တို့၏ ကျက်စားရာမဟုတ်၊ သိမ်မွေ့၏၊ ပညာရှိတို့သာ သိနိုင်၏။ ဤသတ္တဝါများကား ကာမဂုဏ်တို့၌ မွေ့လျော်ကုန်၏၊ ကာမဂုဏ်တို့၌ ပျော်ပိုက်ကုန်၏၊ ကာမဂုဏ်တို့၌ အလွန်နှစ်ခြိုက်ကုန်၏၊ ကာမဂုဏ်တို့၌ မွေ့လျော် ပျော်ပိုက် အလွန်နှစ်ခြိုက်ကြသော ဤသတ္တဝါများကား ဒီကျိုးတရားတို့၏ အကြောင်းတရားဖြစ်သော ဤပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်ခဲ၏၊ ပြုပြင်မှုအားလုံး၏ ငြိမ်းရာ ဥပဓိအားလုံးကိုပယ်စွန့်ရာ တဏှာ၏ ကုန်ရာ ရာဂ၏ ကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သော ဤ(နိဗ္ဗာန်)တရားကိုလည်း မြင်နိုင်ခဲ၏။ ငါသည်လည်း တရားကိုဟောငြားအံ့၊ သူတပါးတို့သည်လည်း ငါ၏တရားကို မသိနားမလည်နိုင်ကုန်ငြားအံ့၊ သို့ဖြစ်လျှင် ထို (တရားဟောခြင်းသည်) ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏၊ ငါ့ကိုယ်(ငါ)ညှဉ်းဆဲခြင်းသာ ဖြစ်ရာ၏' ဟု (အကြံဖြစ်ဘူး၏)။

ဗြဟ္မာ ထို့ပြင် အလွန်အံ့ဘွယ်ကောင်းသော ဤဂါထာတို့သည်လည်း ရှေးကမကြားဘူးကုန်ပဲ ငါ၏(စိတ်ထဲ၌) ထင်ပေါ်လာပြန်ကုန်၏—

'ငါသည် ခဲယဉ်းစွာ ကျင့်သဖြင့် သိအပ်ပြီးသော တရားကို ယခုအခါ ဟောပြခြင်းငှါ မသင့်လျော်ချေ၊ ရာဂ ဒေါသ နှိပ်စက် အပ်သော သူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည် မဟုတ်ချေ။

အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်သည် ဖုံးလွှမ်းအပ်သည်ဖြစ်၍ ရာဂ တပ်စွဲနေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အဏုမြူသဖွယ် မြင်နိုင်ခဲသော (သံသရာ)အဆန်တရားကို မြင်နိုင်ကြမည်မဟုတ်ချေ' ဟု(စိတ်ထဲ၌ ထင်ပေါ်လာပြန်ကုန်၏)။

ဗြဟ္မာ ဤသို့ ဆင်ခြင်စဉ် ငါ၏ စိတ်နှလုံးသည် တရားဟောရန် မညွတ်ပဲ ကြောင့်ကြမဲ့နေရန်သာ ညွတ်ခဲ့၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



သုံးကြိမ်မြောက်လည်း သဟမ္ပတိဗြဟ္မာသည် မြတ်စွာဘုရားအား—

"မြတ်စွာဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ (ပညာ)မျက်စိ၌ (ကိလေသာ)မြူနည်းပါးသော သတ္တဝါတို့သည် ရှိပါကုန်၏၊ (ထိုသတ္တဝါတို့သည်)တရားကို မနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏၊ တရားကို သိသူတို့သည် ရှိပါကုန်လတ္တံ့" ဟု လျှောက်၏။

သဟမ္ပတိဗြဟ္မာသည် ဤစကားကို လျှောက်ပြီးနောက် ထိုမှတပါး ဤစကားကိုလည်း လျှောက်ပြန်၏—

"ရှေးအခါ မဂဓတိုင်း၌ (ရာဂစသော) အညစ်အကြေးရှိသူ ဂိုဏ်းဆရာကြီးတို့ ကြံဆအပ်သော မစင်ကြယ်သော မိစ္ဆာအယူ တရားသည် ထင်ရှားဖြစ်ပေါ်ခဲ့ပါသည်၊ အမြိုက်နိဗ္ဗာန်၏တံခါးကို ဖွင့်လှစ်တော်မူပါလော့၊ အညစ်အကြေး ကင်းတော်မူသော မြတ်စွာဘုရားသည် သဘာဝနှင့်အလျော် သိတော်မူအပ်သော (သစ္စာလေးပါး)တရားကို (သတ္တဝါအများ) နာကြားကြပါစေကုန်လော့။

ကောင်းမြတ်သော ပညာရှင် ဖြစ်တော်မူသော မြတ်စွာဘုရား ထက်ဝန်းကျင် (မြင်စွမ်းနိုင်သောဉာဏ်)မျက်စိရှိတော်မူသော မြတ်စွာဘုရား ကျောက်တောင်ထိပ်၌ ရပ်တည်လျက်ရှိသော ယောကျ်ားသည် ထက်ဝန်းကျင် လူအပေါင်းကို ကြည့်ရှုသကဲ့သို့ ထို့အတူ စိုးရိမ်ပူဆွေးကင်းဝေးတော်မူသော အသျှင်ဘုရားသည် ပညာ(ဓမ္မ)ဖြင့်ပြီးသော ပြာသာဒ်ထက်သို့ တက်တော်မူ၍ ပဋိသန္ဓေနေခြင်း အိုခြင်းတို့ နှိပ်စက်အပ်သဖြင့် စိုးရိမ် ပူဆွေးခြင်းသို့ သက်ဆင်း ကျရောက်နေသော သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူပါလော့။

ရဲရင့်တော်မူသော မြတ်စွာဘုရား အောင်ပွဲ ယင်တော်မူပြီးသော မြတ်စွာဘုရား ထတော်မူပါလော့၊ ယာဉ်မှူးနှင့် တူတော်မူသော မြတ်စွာဘုရား (ကိလေသာ)ကြွေး ကင်းဝေးတော်မူသော မြတ်စွာဘုရား လောက၌လှည့်လည်တော်မူပါလော့၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား တရားဟောတော်မူပါလော့၊ (တရားကို) သိသူတို့သည် ရှိပါကုန်လတ္တံ့" ဟု (လျှောက်ပြန်၏)။

၉။ ထိုအခါ မြတ်စွာဘုရားသည် ဗြဟ္မာ၏ တောင်းပန်ခြင်းကို အသိအမှတ်ပြုပြီးလျှင် သတ္တဝါတို့၌ သနားခြင်းကိုလည်း အကြောင်းပြု၍ ဗုဒ္ဓစက္ခုဖြင့်[၁] လောကကို ကြည့်တော်မူ၏၊ မြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူလတ်သော် (ပညာ) မျက်စိ၌ (ကိလေသာ) မြူ နည်းပါးသူ (ပညာ) မျက်စိ၌ (ကိလေသာ) မြူ များပြားသူ ဣန္ဒြေရင့်ကျက်ပြီးသူ ဣန္ဒြေနုသေးသောသူ ကောင်းသော အခြင်းအရာရှိသူ မကောင်းသော အခြင်းအရာရှိသူ[၂] သိစေရန် လွယ်ကူသူ သိစေရန် ခက်ခဲသူ တမလွန်လောက အပြစ်တို့ကို ဘေးဟု ရှုလျက် နေလေ့ရှိသူ အချို့နှင့် တမလွန်လောက အပြစ်တို့ကို ဘေးဟု ရှုလျက် နေလေ့မရှိသူ အချို့တို့ကို မြင်တော်မူ၏၊ ဥပမာသော်ကား ဥပ္ပလကြာ[၃]

---

၁။ (၁) သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကိုသိသော ဣန္ဒြိယပရောပရိယတ္တိဉာဏ် (၂) သတ္တဝါတို့၏ စိတ်ဓာတ်ကိန်းဝပ်ရာ အာသယနှင့် အနုသယကိလေသာတို့ကိုသိသော အာသယာနုသယဉာဏ် ဤဉာဏ်နှစ်ပါးကို ဗုဒ္ဓစက္ခုဟုခေါ်သည်။

၂။ အခြားပါဠိတော်များ၌ ဒွါကာရေ ဒုဝိညာပယေ အပ္ပေကစ္စေ န ပရလောကဝဇ္ဇဘယဒဿာဝိနေ ဝိဟရန္တေ ပုဒ်များ မပါ။

၃။ ဥပ္ပလ = ကြာညို ကြာနီ ကြာညို။

http://www.dhammadownload.com



တော၌၎င်း ပဒုမာ ကြာတော၌၎င်း ပုဏ္ဍရိက်ကြာတော၌၎င်း အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏၊ ရေ၌ ကြီးပွါးကုန်၏၊ ရေမှ မပေါ် ထွက်သေးကုန်၊ ရေထဲ၌ မြုပ်၍ ဖွံ့ဖြိုးကုန်၏၊ အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏၊ ရေ၌ ကြီးပွါးကုန်၏၊ ရေနှင့် အညီ တည်ကုန်၏၊ အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာ တို့သည် ရေ၌ပေါက်ကုန်၏၊ ရေ၌ ကြီးပွါးကုန်၏၊ ရေပေါ်သို့ တက်၍ တည်ကုန်၏၊ ရေနှင့် မလိမ်းကပ်ကုန်၊ ဤအတူသာလျှင် မြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူလတ်သော် (ပညာ) မျက်စိ၌ (ကိလေသာ)မြူ နည်းပါးသူ (ပညာ) မျက်စိ၌ (ကိလေသာ) မြူ များပြားသူ ဣန္ဒြေရင့်ကျက်သူ ဣန္ဒြေနုသေးသူ ကောင်းသော အခြင်းအရာရှိသူ မကောင်းသော အခြင်းအရာ ရှိသူ သိစေရန် လွယ်ကူသူ သိစေရန် ခက်ခဲသူ တမလွန်လောက အပြစ်တို့ကို ဘေး ဟု ရှုလေ့ရှိသူ အချို့နှင့် တမလွန်လောက အပြစ်တို့ကို ဘေးဟု မရှုပဲ နေလေ့ရှိသူ အချို့တို့ကို မြင်တော်မူသော ကြောင့် သဟမ္ပတိဗြဟ္မာအား—

"ဗြဟ္မာ လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံသာ ဟု အမှတ်ရှိသည်ဖြစ်၍ လူတို့အား မဟောခဲ့ပြီ၊ (မဟောပဲနေရန် အကြံ ဖြစ်ခဲ့ပြီ)၊ ပညာ တည်းဟူသော နားနှင့် ပြည့်စုံသော သူတို့သည် ယုံကြည်ခြင်း (သဒ္ဓါတရား) ကို စေလွှတ်ကြကုန်လော့၊ ထိုသူတို့အတွက် နိဗ္ဗာန် တံခါးကို ငါဖွင့်အပ်ပြီ" ဟု ဂါထာဖြင့် မိန့်တော်မူ၏။

ထိုအခါ သဟမ္ပတိဗြဟ္မာသည် "မြတ်စွာဘုရားသည် တရားဟောရန် ငါ့အား ခွင့်ပြုတော်မူပြီ" ဟု (သိသဖြင့်) မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ထိုနေရာ၌ပင် ကွယ်သွားလေ၏။

ဗြဟ္မာတောင်းပန်ခြင်း ပြီး၏။

---

## ၆-ပဉ္စဝဂ္ဂီတို့အား တရားဟောတော်မူခြင်း

၁၀။ ထိုနောက် "ငါသည် အဘယ်သူ့ကို ရှေးဦးစွာ တရားဟောရအံ့နည်း၊ အဘယ်သူသည် ဤတရားကို လျင်မြန်စွာ သိနိုင်လတ္တံ့နည်း" ဟု မြတ်စွာဘုရားအား အကြံဖြစ်တော်မူ၏။ ထိုနောက်—

"ဤကာလာမ အနွယ်ဖြစ်သော အာဠာရ ရသေ့သည် ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်သော ဉာဏ်ရှိ၏၊ ကာလရှည်မြင့်စွာကပင် (ပညာ) မျက်စိ၌ (ကိလေသာ) မြူ နည်းပါးခဲ့၏၊ ငါသည် ကာလာမအနွယ်ဖြစ်သော အာဠာရ ရသေ့အား တရားကို ရှေးဦးစွာ ဟောရမှုကား ကောင်းလေစွ၊ ထို (အာဠာရ ရသေ့) သည် ဤတရားကို လျင်စွာပင် သိနိုင်လတ္တံ့" ဟု အကြံဖြစ်တော်မူပြန်၏။

ထိုအခါ ကိုယ်ထင်ရှားမပြသော နတ်သည် မြတ်စွာဘုရားအား "အသျှင်ဘုရား ကာလာမအနွယ် ဖြစ်သော အာဠာရ ရသေ့သည် သေပြီး၍ ခုနစ်ရက်ရှိပါပြီ" ဟု လျှောက်၏။

မြတ်စွာဘုရားအားလည်း "ကာလာမအနွယ်ဖြစ်သော အာဠာရ ရသေ့သည် သေပြီး၍ ခုနစ် ရက်ရှိပြီ" ဟု အသိဉာဏ် ထင်ရှား ဖြစ်ပေါ်ခဲ့ပြီ။

ထိုအခါ မြတ်စွာဘုရားအား "ကာလာမ အနွယ်ဖြစ်သော အာဠာရ ရသေ့သည် ဆုံးရှုံးခြင်းကြီး ဆုံးရှုံးခဲ့ပြီ၊ အကြောင်းမူကား အကယ်၍ ထိုအာဠာရ ရသေ့သည် ဤတရားကို နာရပါမူ လျင်စွာပင် သိနိုင်ရာ၏" ဟု သနားခြင်း ဖြစ်တော်မူ၏။

http://www.dhammadownload.com



ထို့နောက် "ငါသည် အဘယ်သူ့ကို ရှေးဦးစွာ တရားဟောရအံ့နည်း၊ အဘယ်သူသည် ဤတရားကို လျင်မြန်စွာ သိနိုင်လတ္တံ့နည်း" ဟု မြတ်စွာဘုရားအား အကြံဖြစ်ပြန်၏။ ထို့နောက်—

"ဤ ရာမ၏သား ဖြစ်သော ဥဒကရသေ့သည် ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်သော ဉာဏ်ရှိ၏၊ ကာလရှည်မြင့်စွာကပင် (ပညာ) မျက်စိ၌ (ကိလေသာ) မြူ နည်းပါးခဲ့၏၊ ငါသည် ရာမ၏သားဖြစ်သော ဥဒကရသေ့အား တရားကို ရှေးဦးစွာ ဟောရမူကား ကောင်းလေစွ၊ ထို (ဥဒကရသေ့) သည် ဤတရားကို လျင်စွာပင် သိနိုင်လတ္တံ့" ဟု အကြံဖြစ်တော်မူပြန်၏။

ထိုအခါ ကိုယ်ထင်ရှား မပြသော နတ်သည် မြတ်စွာဘုရားအား "အသျှင်ဘုရား ရာမ၏သား ဖြစ်သော ဥဒကရသေ့သည် ယမန်နေ့က သေဆုံးခဲ့ပါပြီ" ဟု လျှောက်၏။

မြတ်စွာဘုရားအားလည်း "ရာမ၏ သားဖြစ်သော ဥဒကရသေ့သည် ယမန်နေ့က သေဆုံးခဲ့ပြီ" ဟု အသိဉာဏ် ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။

ထိုအခါ မြတ်စွာဘုရားအား "ရာမ၏သားဖြစ်သော ဥဒကရသေ့သည် ဆုံးရှုံးခြင်းကြီး ဆုံးရှုံးခဲ့ပြီ၊ အကြောင်းမူကား အကယ်၍ ထိုဥဒကရသေ့သည် ဤတရားကို နာရပါမူ လျင်စွာပင် သိနိုင်ရာ၏" ဟု သနားခြင်း ဖြစ်တော်မူ၏။

ထို့နောက် "ငါသည် အဘယ်သူ့ကို ရှေးဦးစွာ တရားဟောရအံ့နည်း၊ အဘယ်သူသည် ဤတရားကို လျင်မြန်စွာ သိနိုင်လတ္တံ့နည်း" ဟု မြတ်စွာဘုရားအား အကြံဖြစ်ပြန်၏။

ထို့နောက် မြတ်စွာဘုရားအား " (ငါးယောက်အစုရှိသော) ပဉ္စဝဂ္ဂီရဟန်းတို့သည် ငါ့အား ကျေးဇူးများကုန်၏၊ ယင်း ပဉ္စဝဂ္ဂီရဟန်းတို့သည် ပဓာနအလုပ်ကို အားထုတ်နေသော ငါ့ကို လုပ်ကျွေးဘူးကုန်၏၊ ငါသည် ပဉ္စဝဂ္ဂီရဟန်းတို့အား တရားကို ရှေးဦးစွာ ဟောရမူ ကောင်းလေစွ" ဟု အကြံဖြစ်တော်မူပြန်၏။ ထို့နောက် မြတ်စွာဘုရားအား "ယခုအခါ ပဉ္စဝဂ္ဂီရဟန်းတို့သည် အဘယ်အရပ်၌ နေကြကုန်သနည်း" ဟု ဆင်ခြင်ခြင်း ဖြစ်တော်မူ၏။

မြတ်စွာဘုရားသည် အထူးသဖြင့် သန့်ရှင်း စင်ကြယ်သော လူတို့၏ မျက်စိလက် သာလွန်သော နတ်မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခုအဘိညာဉ်' ဖြင့် ပဉ္စဝဂ္ဂီရဟန်းတို့ကို ဗာရာဏသီပြည် ဣသိပတန မည်သော မိဂဒါဝုန်တော၌ နေကြသည်ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလတော၌ မွေ့လျော်တော်မူသရွေ့ နေတော်မူပြီးလျှင် ဗာရာဏသီပြည်သို့ ဒေသစာရီ ကြွချီတော်မူ၏။

## ဥပကနှင့်တွေ့တော်မူခြင်း

၁၁။ ဥပက အာဇီဝက [၁] 'တက္ကတွန်း' သည် ဂယာနှင့် ဗောဓိပင်အကြား ခရီးရှည်ကြွသွားတော်မူသော မြတ်စွာဘုရားကို မြင်၍ မြတ်စွာဘုရားကို "ငါ့သျှင် သင်၏ ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်လင်ကုန်၏၊ အရေအဆင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ ငါ့သျှင် သင်သည် အဘယ်သူကို ရည်ညွှန်း၍ ရဟန်းပြုသနည်း၊ သင်၏ ဆရာကား အဘယ်သူနည်း၊ သင်သည် အဘယ်သူ၏ တရားကို နှစ်သက်သနည်း" ဟု ဆိုလတ်သော် မြတ်စွာဘုရားသည် ဥပက အာဇီဝက 'တက္ကတွန်း' ကို—

---

၁။ အာဇီဝက = ချိုင်းကြားထိအောင်သွင်း၍ အဝတ် ဝတ်သူ တက္ကတွန်း။

http://www.dhammadownload.com



"ဥပက ငါသည် အလုံးစုံကို လွှမ်းမိုးနိုင်၏၊ အလုံးစုံကို သိ၏၊ တရားအားလုံးတို့၌ (ကိလေသာဖြင့်) မလိမ်းကျံ၊ အလုံးစုံကို စွန့်အပ်ပြီ၊ တဏှာ၏ ကုန်ရာ (နိဗ္ဗာန်) ကို အာရုံပြုရသောကြောင့် ကိလေသာမှ လွတ်ပြီ၊ ကိုယ်တိုင် အထူး သိမြင်ပြီး ဖြစ်၍ အဘယ်သူကို (ဆရာဟူ၍) ညွှန်းရအံ့နည်း။

ဥပက ငါ့အား ဆရာမရှိ၊ ငါနှင့်တူသောသူ မရှိ၊ နတ်နှင့်တကွသော လောက၌ ငါ့အား ဖက်ပြိုင်နိုင်သော ပုဂ္ဂိုလ်လည်း မရှိ။

ငါသည် လောက၌ ရဟန္တာတည်း၊ ငါသည် အတုမရှိသောသူတည်း၊ နတ် လူတို့၏ ဆရာတည်း၊ ငါတယောက်သာလျှင် (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိသော တဆူဘည်းသော ဘုရားတည်း၊ ကိလေသာမီး ငြိမ်းသည် ဖြစ်၍ ချမ်းမြ၏၊ ငါသည် ဓမ္မစကြာတရားကို ဟောခြင်းငှါ ကာသိတိုင်း ဗာရာဏသီပြည်သို့ သွားအံ့၊ သူကန်းသဖွယ် ဖြစ်သော လောက၌ (တရားတည်းဟူသော) အမြိုက် စည်ကြီးကို တီးခတ်ပေအံ့" ဟု ဂါထာတို့ဖြင့် မိန့်တော်မူ၏။

ငါ့သျှင် သင်ဝန်ခံသည့်အတိုင်း အဆုံးမရှိသော ဉာဏ်နှင့် ပြည့်စုံသော မာရ်ငါးပါးကို အောင်သော ဘုရားဖြစ်ထိုက်ပါသလော ဟု (မေးရာ)—

"ဥပက အာသဝေါတရား ကုန်ခြင်းသို့ ရောက်သော ငါကဲ့သို့ ပုဂ္ဂိုလ်တို့သည် စင်စစ် ဇိနမည်ကုန်၏၊ ငါသည် ယုတ်မာသော အကုသိုလ်တရားတို့ကို အောင်အပ်ပြီး ဖြစ်သောကြောင့် ဇိန မည်၏" ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် ဥပက တက္ကတွန်းသည် "ငါ့သျှင် ဟုတ်ပေရာ၏" ဟု ဆိုကာ ဦးခေါင်းကို ညိမ့်လျက် လမ်းဖယ်၍ သွားလေ၏။

၁၂။ ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီကြွချီတော်မူသော် ဗာရာဏသီပြည် ဣသိပတန မည်သော မိဂဒါဝုန်တော ပဉ္စဝဂ္ဂီရဟန်းတို့ထံသို့ ချဉ်းကပ်တော်မူ၏။

ပဉ္စဝဂ္ဂီရဟန်းတို့သည် အဝေးမှ ကြွလာတော်မူသော မြတ်စွာဘုရားကို မြင်ကြ၍ "ငါ့သျှင်တို့ လာဘ်များခြင်းငှါ ကျင့်၍ ကမ္မဋ္ဌာန်း လုပ်ငန်းမှ ထွက်သော လာဘ်များခြင်းငှါ လှည့်လည်သော ဤရဟန်းဂေါတမသည် ကြွလာ၏၊ ထိုရဟန်းဂေါတမကို ရှိမခိုးရ၊ ခရီးဦးကြိုမပြုရ၊ ထိုရဟန်းဂေါတမ၏ သပိတ်သင်္ကန်းကို လှမ်းမယူရ၊ (သို့ရာတွင်) နေရာကိုကား ထားထိုက်၏၊ ရဟန်းဂေါတမသည် အကယ်၍ အလိုရှိလျှင် ထိုင်လိမ့်မည်" ဟု အချင်းချင်း ကတိကဝတ် ပြုကုန်၏။

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ထံ ချဉ်းကပ်တော်မူသော် ပဉ္စဝဂ္ဂီရဟန်းတို့သည် မိမိတို့ ကတိကဝတ်ဖြင့် မတည်နိုင်ကုန်ပဲ မြတ်စွာဘုရားကို ခရီးဦးကြို ပြုကြပြီးလျှင် တယောက်က မြတ်စွာဘုရား၏ သပိတ် သင်္ကန်းကို လှမ်းယူ၏၊ တယောက်က နေရာ ခင်း၏၊ တယောက်က ခြေဆေးရေကို တည်၏၊ တယောက်က ခြေဆေးအင်းပျဉ်ကို တည်ထား၏၊ တယောက်က ခြေပွတ်အိုးခြမ်းကို အနီး၌ ထား၏။ မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်တော်မူပြီးလျှင် ခြေတော်တို့ကို ဆေးတော်မူ၏။ သို့သော် မြတ်စွာဘုရားကို ဂေါတမ ဟူသော အမည်တော်ဖြင့်ရင်း ငါ့သျှင် ဟူသော ခေါ်ဝေါ်ခြင်းဖြင့်ရင်း ခေါ်ဝေါ်ပြောဆိုကုန်၏။

http://www.dhammadownload.com



ဤသို့ ပြောဆိုကုန်သည်ရှိသော် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား—

"ရဟန်းတို့ ငါဘုရားကို အမည်ဖြင့်၎င်း ငါ့သျှင် ဟူသော ခေါ်ဝေါ်ခြင်းဖြင့်၎င်း မပြောဆိုကြကုန်လင့်၊ ရဟန်းတို့ ငါဘုရားသည် ရဟန္တာတည်း၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိသော ဘုရားတည်း၊ ရဟန်းတို့ နားထောင်ကုန်လော့၊ အမြိုက်နိဗ္ဗာန်ကို (ငါ) ရပြီ၊ ငါသည် ဆုံးမအံ့၊ ငါသည် တရားဟောအံ့၊ ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်သော အမျိုးသားတို့ လိုလားအပ်သော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ မကြာမီ ယခုဘဝ၌ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် ပြုလျက် ရောက်၍ နေရလတ္တံ့" ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် ပဉ္စဝဂ္ဂီ ရဟန်းတို့သည် မြတ်စွာဘုရားအား—

"ငါ့သျှင် ဂေါတမ သင်သည် ထိုပြုနိုင်ခဲသော ဣရိယာပုထ်ကို ပြုသဖြင့် ထိုကျင့်နိုင်ခဲသော အကျင့်ကို ကျင့်သဖြင့် ထိုပြုနိုင်ခဲသော အမှုကို ပြုသဖြင့်လည်း လူတို့၏ ကုသိုလ်ကမ္မပထ တရားဆယ်ပါးထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင် အထူးကို မရခဲ့ပေ၊ လာဘ်များခြင်းငှါ ကျင့်၍ ကမ္မဋ္ဌာန်း (လုပ်ငန်း) မှ ထွက်လျက် လာဘ်များခြင်းငှါ လှည့်လည်သောသင်သည် ယခုအခါ လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင် အထူးကို အဘယ်မှာ (သင်) ရနိုင်ပါအံ့နည်း" ဟု ဆိုကုန်၏။

ဤသို့ ဆိုကုန်လတ်သော် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား—

"ရဟန်းတို့ ငါဘုရားသည် လာဘ်များခြင်းငှါ ကျင့်သည်မဟုတ်၊ ကမ္မဋ္ဌာန်း လုပ်ငန်းမှ ထွက်သည်မဟုတ်၊ လာဘ်များခြင်းငှါ လှည့်လည်နေသည်မဟုတ်၊ ရဟန်းတို့ ငါဘုရားသည် ရဟန္တာတည်း၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိသော ဘုရားတည်း၊ ရဟန်းတို့ နားထောင်ကုန်လော့၊ အမြိုက်နိဗ္ဗာန်ကို ငါရပြီ၊ ငါသည် ဆုံးမအံ့၊ ငါသည် တရားဟောအံ့၊ ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်သော အမျိုးသားတို့ လိုလားအပ်သော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ မကြာမီ ယခုဘဝ၌ ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရလတ္တံ့" ဟု မိန့်တော်မူ၏။

နှစ်ကြိမ်မြောက်လည်း ပဉ္စဝဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရားအား ဤသို့ ဆိုကုန်၏။ပ။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား ဤသို့ပင် မိန့်တော်မူ၏။ပ။ သုံးကြိမ်မြောက်လည်း ပဉ္စဝဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရားအား—

"ငါ့သျှင် ဂေါတမ သင်သည် ထိုပြုနိုင်ခဲသော ဣရိယာပုထ်ကို ပြုသဖြင့် ထိုကျင့်နိုင်ခဲသော အကျင့်ကို ကျင့်သဖြင့် ထို ပြုနိုင်ခဲသော အမှုကို ပြုသဖြင့်လည်း လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင်အထူးကို မရခဲ့ပေ၊ လာဘ်များခြင်းငှါ ကျင့်၍ ကမ္မဋ္ဌာန်း (လုပ်ငန်း)မှ ထွက်သော လာဘ်များခြင်းငှါ လှည့်လည်သော သင်သည် ယခုအခါလူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင်အထူးကို အဘယ်မှာ (သင်) ရနိုင်ပါအံ့နည်း" ဟု ဆိုကုန်၏။

http://www.dhammadownload.com



ဤသို့ ဆိုကုန်လတ်သော် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား "ရဟန်းတို့ ဤမှ ရှေးအခါ၌ ဤသို့သော စကားကို ငါပြောဘူးသည်ကို သင်တို့ မှတ်မိကြကုန်သလော" ဟု မိန့်တော်မူ၏။

မမှတ်မိပါ အသျှင်ဘုရား ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ငါသည် ရဟန္တာတည်း၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိသော ဘုရားတည်း၊ ရဟန်းတို့ နားထောင်ကုန်လော့၊ အမြိုက်နိဗ္ဗာန်ကို ငါရပြီ၊ ငါသည် ဆုံးမအံ့၊ ငါသည် တရားဟောအံ့၊ ငါ ဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်သော အမျိုးသားတို့ လိုလားအပ်သော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ မကြာမီ ယခုဘဝ၌ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေရလတ္တံ့ ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား (ဘုရားအဖြစ်ကို) သိစေရန် တတ်နိုင်ခဲ့လေပြီ။

ထိုအခါ ပဉ္စဝဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရား စကားတော်ကို ကောင်းစွာ နာယူကုန်၏၊ နားထောင်ကုန်၏၊ အရဟတ္တဖိုလ်ကို ဖြစ်စေရန် စိတ်ကို ရှေးရှုထားကုန်၏။

## ဓမ္မစကြာသုတ်

၁၃။ ထိုအခါ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ကို မိန့်တော်မူ၏—

ရဟန်းတို့ ရဟန်းဖြစ်သူသည် ဤအစွန်းနှစ်ပါးတို့ကို မမှီဝဲအပ်ကုန်၊ အဘယ်နှစ်ပါးတို့နည်း၊ ယုတ်ညံ့၍ ရွာသူတို့၏ အကျင့်ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်သာဖြစ်၍ အရိယာတို့၏ အလေ့အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကာမဂုဏ်တို့၌ ကာမဂုဏ်ချမ်းသာကို ကပ်ငြိသောအားဖြင့် အဖန်တလဲလဲ လိုက်စားအားထုတ်ခြင်းရင်း, ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းရင်း ဤနှစ်ပါးတို့တည်း။

ရဟန်းတို့ ထိုအစွန်းနှစ်ပါးတို့သို့ မကပ်ရောက်မူ၍ ငါဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော ပညာမျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကို ပြုတတ်သော အလယ်အလတ်ဖြစ်သော အကျင့်သည် ကိလေသာငြိမ်းရန် အလို့ငှါ ဖြစ်၏၊ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါ ဖြစ်၏၊ (သစ္စာလေးပါးကို) သိရန် အလို့ငှါဖြစ်၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှါ ဖြစ်၏။

ရဟန်းတို့ ငါဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော ပညာမျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကို ပြုတတ်သော ကိလေသာ ငြိမ်းခြင်း ထူးသောဉာဏ်ဖြင့် သိခြင်း သစ္စာလေးပါးကို သိခြင်း နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်သော ထိုအလယ်အလတ် ဖြစ်သော မြတ်သောအကျင့်ကား အဘယ်နည်း။

ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင်တည်း။

ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဟူသည် အဘယ်နည်း။

မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မှန်စွာ ကြံခြင်း 'သမ္မာသင်္ကပ္ပ' မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ' မှန်စွာ အားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' မှန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ' ဤသည်တို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ ငါဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော ပညာမျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကို ပြုတတ်သော ဤအလယ်အလတ် ဖြစ်သော မြတ်သောအကျင့်သည် ကိလေသာ ငြိမ်းရန်အလို့ငှါ ဖြစ်၏၊ ထူးသော ဉာဏ်ဖြင့် သိရန် အလို့ငှါ ဖြစ်၏၊ (သစ္စာလေးပါးကို) သိရန်အလို့ငှါ ဖြစ်၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှါ ဖြစ်၏။

၁၄။ ရဟန်းတို့ ဤသည်ကား ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ' ပေတည်း၊ ပဋိသန္ဓေ တည်နေရခြင်းသည်လည်း ဆင်းရဲ၏၊ အိုရခြင်းသည်လည်း ဆင်းရဲ၏၊ နာရခြင်းသည်လည်း ဆင်းရဲ၏၊သေရခြင်းသည်လည်း ဆင်းရဲ၏၊ မချစ်သောသူတို့နှင့် အတူနေရခြင်းသည်လည်း ဆင်းရဲ၏၊ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏၊ လိုချင်ရာကို မရခြင်းသည်လည်း ဆင်းရဲ၏၊ အကျဉ်းအားဖြင့် စွဲလမ်းရာ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည်လည်း ဆင်းရဲကုန်၏။

ရဟန်းတို့ ဤသည်ကား ဆင်းရဲ၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား 'သမုဒယအရိယသစ္စာ' ပေတည်း၊အကြင်တဏှာသည် ဘဝသစ်၌ ဖြစ်စေတတ်၏၊ နှစ်သက်ခြင်း တပ်မက်ခြင်းနှင့် တကွ ဖြစ်၏၊ ထိုထို အာရုံ၌ လွန်စွာ နှစ်သက်တတ်၏။

ဤတပ်မက်မှုတဏှာဟူသည် အဘယ်နည်း၊ ကာမဘုံတို့၌ တပ်မက်မှု တဏှာ 'ကာမတဏှာ' တည်မြဲ၏ ဟု ယူသောသဿတဒိဋ္ဌိနှင့် တကွဖြစ်သော တပ်မက်မှုတဏှာ 'ဘဝတဏှာ'သေလျှင် ပြတ်စဲ၏ ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တပ်မက်မှုတဏှာ 'ဝိဘဝတဏှာ'တို့တည်း။

ရဟန်းတို့ ဤသည်ကား ဆင်းရဲ၏ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရား'နိရောဓအရိယသစ္စာ'ပေတည်း၊ ယင်းဆင်းရဲ၏ ချုပ်ငြိမ်းရာဟူသည် ထိုတပ်မက်မှု တဏှာ၏သာလျှင် အကြွင်းမဲ့ စွဲမက်မှု ကင်းပျောက်ချုပ်ငြိမ်းရာ စွန့်လွှတ်ရာ တဖန် စွန့်ပယ်ရာ လွတ်မြောက်ရာ မကပ်ငြိရာပင်ဖြစ်၏။

ရဟန်းတို့ ဤသည်ကား ဆင်းရဲ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ' ပေတည်း၊ ဤအရိယမဂ်သည် အင်္ဂါရှစ်ပါးရှိ၏။ အင်္ဂါရှစ်ပါးဟူသော်ကား—

မှန်စွာသိမြင်ခြင်း'သမ္မာဒိဋ္ဌိ' မှန်စွာ ကြံခြင်း 'သမ္မာသင်္ကပ္ပ'။ပ။ မှန်စွာတည်ကြည်ခြင်း 'သမ္မာသမာဓိ' ဤသည်တို့တည်း။

## ဒုက္ခသစ္စာ၌ ဉာဏ်သုံးပါး

၁၅။ ရဟန်းတို့ "ဤတရားသည် ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ' မည်၏" ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော(ဒုက္ခသစ္စာ)တရားတို့၌ ငါဘုရား၏(ပညာ) မျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ်ပညာသည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိသော ဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (သစ္စဉာဏ်)

ရဟန်းတို့ ငါဘုရားသည် ထိုဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ'ကို စင်စစ်ပိုင်းခြား၍ သိထိုက်၏ ဟု ။ပ။ (ကိစ္စဉာဏ်)

ရဟန်းတို့ ငါဘုရားသည် ထိုဆင်းရဲဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ'ကို ပိုင်းခြား၍ သိခဲ့ပြီးပြီ ဟု(ဘုရားမဖြစ်မီ)ရှေးက မကြားဘူးကုန်သော(ဒုက္ခသစ္စာ)တရားတို့၌(ပညာ)

http://www.dhammadownload.com



မျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သောဉာဏ် 'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိသောဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (ကတဉာဏ်)

## သမုဒယသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်းတို့ "ဤတရားသည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား 'သမုဒယအရိယသစ္စာ'မည်၏" ဟု (ဘုရားမဖြစ်မီ)ရှေးက မကြားဘူးကုန်သော (သမုဒယသစ္စာ) တရားတို့၌ ငါဘုရား၏ (ပညာ)မျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သောဉာဏ် 'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိသောဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှား ဖြစ်၏။ (သစ္စဉာဏ်)

ရဟန်းတို့ ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'သမုဒယအရိယသစ္စာ' ကို ပယ်အပ်၏" ဟု ။ပ။ (ကိစ္စဉာဏ်)

ရဟန်းတို့ ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'သမုဒယအရိယသစ္စာ' ကို ပယ်ပြီးပြီ" ဟု(ဘုရားမဖြစ်မီ)ရှေးအဘို့က မကြားဘူးကုန်သော (သမုဒယသစ္စာ)တရားတို့၌ ငါဘုရား၏(ပညာ)မျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိသောဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (ကတဉာဏ်)

## နိရောဓသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်းတို့ "ဤနိဗ္ဗာန်သည် ဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရား 'နိရောဓအရိယသစ္စာ'မည်၏" ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော (နိရောဓသစ္စာ) တရားတို့၌ ငါဘုရား၏ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သောဉာဏ် 'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိသောဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (သစ္စဉာဏ်)

ရဟန်းတို့ ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'နိရောဓအရိယသစ္စာ' ကို မျက်မှောက်ပြုအပ်၏" ဟု ။ပ။ (ကိစ္စဉာဏ်)

ရဟန်းတို့ ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'နိရောဓအရိယသစ္စာ' ကို မျက်မှောက်ပြုပြီးပြီ" ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော (နိရောဓသစ္စာ) တရားတို့၌ ငါဘုရား၏ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (ကတဉာဏ်)

## မဂ္ဂသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်းတို့ "ဤတရားသည် ဆင်းရဲခြင်း၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ' မည်၏" ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်

http://www.dhammadownload.com



သော (မဂ္ဂသစ္စာ) တရားတို့၌ ငါဘုရား၏ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (သစ္စဉာဏ်)

ရဟန်းတို့ ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ' ကို ပွါးများအပ်၏" ဟု ။ပ။ (ကိစ္စဉာဏ်)

ရဟန်းတို့ ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ' ကို ပွါးများပြီးပြီ" ဟု(ဘုရားမဖြစ်မီ)ရှေးက မကြားဘူးကုန်သော (မဂ္ဂသစ္စာ) တရားတို့၌ ငါဘုရား၏ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ' သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိသော ဉာဏ် 'ဝိဇ္ဇာ' သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ (ကတဉာဏ်)

## ဘုရားဟု ဝန်ခံချိန်

၁၆။ ရဟန်းတို့ ဤအရိယာတို့၏ အမှန်တရား လေးပါးတို့၌ ဤသို့ သုံးပါးသော အပြန် တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သော ဉာဏ်အမြင် မစင်ကြယ်သေးသမျှ ကာလပတ်လုံး ငါဘုရားသည် နတ် မာရ်နတ် ဗြဟ္မာတို့နှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောက၌ "အတုမရှိသော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိသော အရဟတ္တမဂ်ဉာဏ်ကို သိပြီ" ဟူ၍ ဝန်မခံခဲ့ချေ။

ရဟန်းတို့ ဤအရိယာတို့၏ အမှန်တရား လေးပါးတို့၌ ဤသို့သုံးပါးသော အပြန် တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သော ဉာဏ်အမြင်သည် စင်ကြယ်လာသောအခါ၌ သာလျှင် ငါဘုရားသည် နတ် မာရ်နတ် ဗြဟ္မာတို့နှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော ဤလူ့လောက၌ "အတုမရှိသော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာသိသော အရဟတ္တမဂ်ဉာဏ်ကို သိပြီ" ဟူ၍ ဝန်ခံခဲ့၏။ ငါ၏ ကိလေသာတို့မှ လွတ်မြောက်မှုသည် မပျက်စီးနိုင်ပြီ၊ ဤကား အဆုံးစွန်သောဘဝတည်း၊ ယခုအခါ ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ ဟု ငါ့အား ဉာဏ်အမြင် (ပစ္စဝေက္ခဏာဉာဏ်) သည်လည်း ထင်ရှားဖြစ်ပေါ်ခဲ့ပြီ ဟု (မိန့်တော်မူ၏။)

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူလတ်သော် ပဉ္စဝဂ္ဂီရဟန်းတို့သည် နှစ်လိုကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ စကားတော်ကို ဝမ်းမြောက်စွာ လက်ခံကြလေကုန်သတည်း။

ဤဂါထာမဖက် သက်သက်သော ဒေသနာတော်ကို ဟောကြားတော်မူလတ်သော် အသျှင်ကောဏ္ဍညအား "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏" ဟု (ကိလေသာ) မြူအညစ်အကြေး ကင်းသောတရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ဖြစ်ပေါ်လာ၏။

## နတ်ဗြဟ္မာတို့ ကြွေးကြော်ကြခြင်း

၁၇။ မြတ်စွာဘုရားသည် ဓမ္မစကြာတရားကို ဟောတော်မူလတ်သော် "ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောဝယ် လောက၌ ရဟန်း ပုဏ္ဏား နတ် မာရ်နတ် ဗြဟ္မာ တစုံတယောက်မျှ မဟောနိုင်သော အတုမရှိသော ဤဓမ္မစကြာတရားတော်ကို မြတ်စွာဘုရား ဟောတော်မူအပ်ပြီ" ဟု ဘုမ္မစိုးနတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။

http://www.dhammadownload.com



ဘုမ္မစိုးနတ်တို့၏ ကောင်းချီးပေးသံကို ကြား၍ စာတုမဟာရာဇ်နတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။ပ။

စာတုမဟာရာဇ်နတ်တို့၏ ကောင်းချီးပေးသံကို ကြား၍ တာဝတိံသာနတ်။ပ။ ယာမာနတ်။ပ။ တုသိတာနတ်။ပ။ နိမ္မာနရတိနတ်။ပ။ ပရနိမ္မိတဝသဝတ္တိနတ်။ပ။ ဗြဟ္မာ့ပြည်၌ ဖြစ်သော ဗြဟ္မာတို့သည် "ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောဝယ် လောက၌ ရဟန်း ပုဏ္ဏား နတ် မာရ်နတ် ဗြဟ္မာ တစုံတယောက်မျှ မပြောနိုင်သော အတုမရှိသော ဤမြေ့စကြာတရားတော်ကို မြတ်စွာဘုရားဟော တော်မူအပ်ပြီ" ဟု ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။

ဤသို့လျှင် ထိုအချိန် ထိုအခါ ထိုကာလတွင် (အကနိဋ္ဌ)ဗြဟ္မာ့ပြည် တိုင်အောင် ကောင်းချီး သံသည် ပြန့်နှံ့၍ တက်၏။

ဤတသောင်းသော လောကဓာတ်သည်လည်း တုန်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ ထက်ဝန်းကျင် တုန်လှုပ်၏၊ အတိုင်းအရှည်မရှိ ကြီးမားသော အရောင်အလင်းသည်လည်း လောက၌ နတ်တို့၏ အာနု ဘော်ကို ကျော်လွန်၍ ထင်ရှားဖြစ်ပေါ်၏။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့ ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေပြီ တကား၊ ရဟန်းတို့ ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေပြီတကား" ဟု ဥဒါန်းကို ကျူးရင့် တော်မူ၏။

ဤသို့ ဥဒါန်းကျူးရင့်တော်မူသောကြောင့် အသျှင်ကောဏ္ဍညအား "အညာသိကောဏ္ဍည" ဟူ၍ သာလျှင် အမည်တွင်၏။

၁၈။ ထိုနောက် အသျှင်အညာသိကောဏ္ဍညသည် တရားကို မြင်ပြီးသည် ဖြစ်၍ တရားသို့ ရောက်ပြီးသည် ဖြစ်၍ တရားကို သိပြီးသည်ဖြစ်၍ တရားသို့ သက်ဝင်ပြီးသည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍ သို့လော သို့လော (တွေးတောခြင်း) ကင်းပြီးသည်ဖြစ်၍ မြတ်စွာဘုရား သာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည် ဖြစ်၍ ဘုရားမှတပါး ကိုးစားထိုက်သူ မရှိသည်ဖြစ်၍ မြတ်စွာဘုရားကို "အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားအထံ၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ရဟန်းအဖြစ်ကို ရလိုပါ၏" ဟု လျှောက်၏။

"ရဟန်း လာလော့"၊ "တရားကို ကောင်းစွာ ဟောအပ်ပြီ ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာ ကျင့်လော့" ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ထိုစကားတော် သည်ပင်လျှင် ထိုအသျှင်အညာသိကောဏ္ဍည၏ ပဉ္စင်းအဖြစ် ပြီးလေ၏။

၁၉။ ထိုနောက် မြတ်စွာဘုရားသည် အညာသိကောဏ္ဍညမှ ကြွင်းသော ရဟန်းတို့ကို တရား စကားဖြင့် သွန်သင် ဆုံးမတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် တရားစကားဖြင့်သွန်သင် ဆုံးမအပ်ကုန်သည်ရှိသော် အသျှင် ဝပ္ပအားရင်း အသျှင်ဘဒ္ဒိယအားရင်း "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်း သဘောရှိ၏" ဟု (ကိလေသာ) မြူအညစ်အကြေးကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ထင်ရှား ဖြစ်ပေါ်၏။

http://www.dhammadownload.com



ထိုအသျှင် ဝပ္ပ အသျှင်ဘဒ္ဒိယတို့သည် တရားကို မြင်ပြီးကုန်သည်ဖြစ်၍ တရားသို့ရောက်ပြီးကုန်သည် ဖြစ်၍ တရားကို သိပြီးကုန်သည် ဖြစ်၍ တရားသို့ သက်ဝင်ပြီးကုန်သည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးကုန်သည်ဖြစ်၍ သို့လောသို့လော (တွေးတောခြင်း) ကင်းပြီးကုန်သည် ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်ပြီးကုန်သည်ဖြစ်၍ ဘုရားမှတပါး ကိုးစားထိုက်သူ မရှိကုန်သည်ဖြစ်၍ မြတ်စွာဘုရားကို "အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားအထံ၌ ရှင်အဖြစ်ကို ရလိုပါကုန်၏၊ ရဟန်းအဖြစ်ကို ရလိုပါကုန်၏" ဟု လျှောက်ကုန်၏။

"ရဟန်းတို့ လာကုန်လော့" "တရားကိုကောင်းစွာ ဟောအပ်ပြီ၊ ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သော အကျင့်ကို ကောင်းစွာကျင့်ကုန်လော့" ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ထိုစကားတော်သည်ပင်လျှင် ထိုအသျှင်ဝပ္ပ အသျှင် ဘဒ္ဒိယတို့၏ ပဉ္စင်းအဖြစ် ပြီးလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ဆောင်အပ်သော ဆွမ်းရှိသည်ဖြစ်၍ ထိုသုံးယောက်တို့မှ ကြွင်းသောရဟန်းတို့ကို တရားစကားဖြင့် သွန်သင် ဆုံးမတော်မူ၏။ (ကောဏ္ဍည ဝပ္ပ ဘဒ္ဒိယ) ရဟန်းသုံးပါးတို့ဆွမ်းအလို့ငှါ လှည့်လည်၍ ဆောင်ယူခဲ့သော ထိုဆွမ်းဖြင့် ခြောက်ပါးအစုသည် မျှတ၏။

ထို့နောက် မြတ်စွာဘုရားသည် တရားစကားဖြင့် သွန်သင်ဆုံးမတော်မူသည်ရှိသော် အသျှင်မဟာနာမ်နှင့် အသျှင် အဿဇိတို့အား "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏" ဟု (ကိလေသာ)မြူ အညစ်အကြေး ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်သည်' ထင်ရှားဖြစ်ပေါ်၏။

ထိုအသျှင် မဟာနာမ် အသျှင်အဿဇိတို့သည် တရားကို မြင်ပြီးကုန်သည်ဖြစ်၍ တရားသို့ရောက်ပြီးကုန်သည်ဖြစ်၍ တရားကို သိပြီးကုန်သည်ဖြစ်၍ တရားသို့သက်ဝင်ပြီးကုန်သည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးကုန်သည်ဖြစ်၍ သို့လော သို့လော (တွေးတောခြင်း) ကင်းပြီးကုန်သည်ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်ပြီးကုန်သည်ဖြစ်၍ ဘုရားမှတပါး ကိုးစားထိုက်သူ မရှိကုန်သည်ဖြစ်၍ မြတ်စွာဘုရားကို "အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားအထံ၌ ရှင်အဖြစ်ကို ရလိုပါကုန်၏၊ ရဟန်းအဖြစ်ကို ရလိုပါကုန်၏" ဟု လျှောက်ကုန်၏။

မြတ်စွာဘုရားသည် "ရဟန်းတို့ လာကုန်လော့" "တရားကို ကောင်းစွာဟောအပ်ပြီ၊ ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာ ကျင့်ကုန်လော့" ဟု မိန့်တော်မူ၏။ ထိုစကားတော်သည်ပင်လျှင် အသျှင်မဟာနာမ် ထိုအသျှင်အဿဇိတို့၏ ပဉ္စင်းအဖြစ် ပြီးလေ၏။

## အနတ္တ လက္ခဏ သုတ်

၂၀။ ထို့နောက် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ကို—ရဟန်းတို့ ရုပ်သည် အတ္တမဟုတ်၊ ရဟန်းတို့ ဤရုပ်သည် အတ္တဖြစ်ခဲ့လျှင် ရုပ်သည် နာကျင်ခြင်းငှါ မဖြစ်ရာ၊ "ငါ၏ ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရုပ်သည် ဤသို့ မဖြစ်စေလင့်" ဟူ၍ လည်း ရုပ်၌ (စီရင်၍) ရရာ၏။

ရဟန်းတို့ ရုပ်သည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်း ဖြစ်၏၊ "ငါ၏ ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ ရုပ်သည် ဤသို့ မဖြစ်စေလင့်" ဟူ၍လည်း ရုပ်၌(စီရင်၍) မရအပ်။

http://www.dhammadownload.com



ရဟန်းတို့ ဝေဒနာသည် အတ္တမဟုတ်၊ ရဟန်းတို့ ဝေဒနာသည် အတ္တဖြစ်ခဲ့လျှင် ဝေဒနာသည် နာကျင်ခြင်း မဖြစ်ရာ၊ "ငါ၏ ဝေဒနာသည် ဤသို့ ဖြစ်စေ၊ ငါ၏ ဝေဒနာသည် ဤသို့ မဖြစ်စေလင့်" ဟူ၍လည်း ဝေဒနာ၌ (စီရင်၍) ရရာ၏။

ရဟန်းတို့ ဝေဒနာသည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်း ဖြစ်၏၊ "ငါ၏ ဝေဒနာသည် ဤသို့ ဖြစ်စေ၊ ငါ၏ ဝေဒနာသည် ဤသို့ မဖြစ်စေလင့်" ဟူ၍လည်း ဝေဒနာ၌ (စီရင်၍) မရအပ်။

ရဟန်းတို့ သညာသည် အတ္တမဟုတ်၊ ရဟန်းတို့ သညာသည် အတ္တဖြစ်ခဲ့လျှင် သညာသည် နာကျင်ခြင်း မဖြစ်ရာ၊ "ငါ၏ သညာသည် ဤသို့ ဖြစ်စေ၊ ငါ၏ သညာသည် ဤသို့ မဖြစ်စေလင့်" ဟူ၍လည်း သညာ၌ (စီရင်၍) ရရာ၏။

ရဟန်းတို့ သညာသည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်း ဖြစ်၏၊ "ငါ၏ သညာသည် ဤသို့ ဖြစ်စေ၊ ငါ၏ သညာသည် ဤသို့ မဖြစ်စေလင့်" ဟူ၍လည်း သညာ၌ (စီရင်၍) မရအပ်။

ရဟန်းတို့ သင်္ခါရတို့သည် အတ္တမဟုတ်ကုန်၊ ရဟန်းတို့ သင်္ခါရတို့သည် အတ္တဖြစ်ခဲ့ကြလျှင် ဤသင်္ခါရတို့သည် နာကျင်ခြင်း မဖြစ်ကုန်ရာ၊ "ငါ၏ သင်္ခါရတို့သည် ဤသို့ ဖြစ်စေကုန်၊ ငါ၏ သင်္ခါရတို့သည် ဤသို့ မဖြစ်စေကုန်လင့်" ဟူ၍လည်း သင်္ခါရတို့၌ (စီရင်၍) ရကုန်ရာ၏။

ရဟန်းတို့ သင်္ခါရတို့သည် အတ္တမဟုတ်ကုန်သောကြောင့် နာကျင်ခြင်း ဖြစ်ကုန်၏၊ "ငါ၏ သင်္ခါရတို့သည် ဤသို့ ဖြစ်စေကုန်၊ ငါ၏ သင်္ခါရတို့သည် ဤသို့ မဖြစ်စေကုန်လင့်" ဟူ၍လည်း သင်္ခါရတို့၌ (စီရင်၍) မရအပ်။

ရဟန်းတို့ ဝိညာဏ်သည် အတ္တမဟုတ်၊ ရဟန်းတို့ ဝိညာဏ်သည် အတ္တဖြစ်ခဲ့လျှင် ဝိညာဏ်သည် နာကျင်ခြင်း မဖြစ်ရာ၊ "ငါ၏ ဝိညာဏ်သည် ဤသို့ ဖြစ်စေ၊ ငါ၏ ဝိညာဏ်သည် ဤသို့ မဖြစ်စေလင့်" ဟူ၍လည်း ဝိညာဏ်၌ (စီရင်၍) ရရာ၏။

ရဟန်းတို့ ဝိညာဏ်သည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်း ဖြစ်၏၊ "ငါ၏ ဝိညာဏ်သည် ဤသို့ ဖြစ်စေ၊ ငါ၏ ဝိညာဏ်သည် ဤသို့ မဖြစ်စေလင့်" ဟူ၍လည်း ဝိညာဏ်၌ (စီရင်၍) မရအပ် ဟု (မိန့်တော်မူ၏)။

၂၁။ ရဟန်းတို့ သင်တို့သည် ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း။

ရုပ်သည် မြဲသလော ၊မမြဲသလော ဟု (မေးတော်မူရာ)

မမြဲပါ အသျှင်ဘုရား ဟု (လျှောက်ကုန်၏)။

မမြဲသော ရုပ်သည် ဆင်းရဲလော၊ ချမ်းသာလော ဟု (မေးတော်မူပြန်ရာ)

ဆင်းရဲဖြစ်ပါသည် အသျှင်ဘုရား ဟု (လျှောက်ကုန်၏)။

မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ကို "ဤဟာ ငါ့ဥစ္စာဖြစ်၏၊ ဤဟာ ငါဖြစ်၏၊ ဤဟာ ငါ့အတ္တတည်း" ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော ဟု (မေးတော်မူပြန်ရာ)

မသင့်လျော်ပါ အသျှင်ဘုရား ဟု (လျှောက်ကုန်၏)။

ဝေဒနာသည်။ပ။

http://www.dhammadownload.com



သညာသည်။ပ။

သင်္ခါရတို့သည်။ပ။

ဝိညာဏ်သည် မြဲသလော၊ မမြဲသလော ဟု (မေးတော်မူရာ)

မမြဲပါ အသျှင်ဘုရား ဟု (လျှောက်ကုန်၏)။

မမြဲသော ဝိညာဏ်သည် ဆင်းရဲလော၊ ချမ်းသာလော ဟု (မေးတော်မူပြန်ရာ)

ဆင်းရဲဖြစ်ပါသည် အသျှင်ဘုရား ဟု (လျှောက်ကုန်၏)။

မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ဝိညာဏ်ကို "ဤဟာ ငါ့ဥစ္စာ ဖြစ်၏၊ ဤဟာ ငါဖြစ်၏၊ဤဟာ ငါ့အတ္တတည်း" ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော ဟု(မေးတော်မူပြန်ရာ)

မသင့်လျော်ပါ အသျှင်ဘုရား ဟု (လျှောက်ကုန်၏)။

၂၂။ ရဟန်းတို့ ထို့ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန် အတွင်း အပြင် အကြမ်း အနု အယုတ် အမြတ် အဝေး အနီး ဖြစ်သော အလုံးစုံသော ရုပ်ကို "ငါ၏ ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်" ဟု ဟုတ်မှန်သည့်အတိုင်း (အမှန်အကန်) ကောင်းသော ပညာဖြင့် ရှုအပ်၏။

အလုံးစုံသော ဝေဒနာကို။ပ။

အလုံးစုံသော သညာကို။ပ။

အလုံးစုံသော သင်္ခါရတို့ကို။ပ။

အတိတ် အနာဂတ် ပစ္စုပ္ပန် အတွင်း အပြင် အကြမ်း အနု အယုတ် အမြတ် အဝေး အနီး ဖြစ်သော အလုံးစုံသော ဝိညာဏ်ကို "ငါ၏ ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်" ဟု ဟုတ်မှန်သည့် အတိုင်း (အမှန်အကန်) ကောင်းသော ပညာဖြင့် ရှုအပ်၏။

၂၃။ ရဟန်းတို့ ဤသို့ ရှုသည်ရှိသော် အကြား အမြင် ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့ခြင်းကြောင့် မတပ်မက်၊ မတပ်မက်ခြင်းကြောင့် ကိလေသာမှ လွတ်၏၊ ကိလေသာမှ လွတ်ပြီးသော် ငါသည် ကိလေသာမှ လွတ်ပြီ ဟု အသိဉာဏ် ဖြစ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးအပ်ပြီ၊ မဂ်ကိစ္စကို ပြုအပ်ပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် ကိစ္စ မရှိတော့ပြီ" ဟု သိ၏ ဟု (မိန့်တော်မူ၏)။

၂၄။ မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏၊ ပဉ္စဝဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်၏။

ဤဂါထာမဖက် သက်သက်သော ဒေသနာတော်ကို ဟောတော်မူအပ်သည်ရှိသော် ပဉ္စဝဂ္ဂီရဟန်းတို့၏ စိတ်တို့သည် (တစုံတခုကိုမျှ) မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်လေကုန်သတည်း။

ထိုအခါ၌ လောက၌ ရဟန္တာ ခြောက်ယောက်ဖြစ်ကုန်၏။

**ပဉ္စဝဂ္ဂီတို့အား တရားဟောတော်မူခြင်း ပြီး၏။**

**ပဉ္စမဘာဏဝါရ တည်း။**

http://www.dhammadownload.com



## ၇-ရှင်ရဟန်းပြုကြခြင်း

### ယသသူဌေးသား ရဟန်းပြုခြင်းအကြောင်း

၂၅။ တရံရောအခါ ဗာရာဏသီပြည်၌ နူးညံ့သိမ်မွေ့သော သူဌေးသား ယသအမည်ရှိသော အမျိုးကောင်းသား တယောက်ရှိလေ၏။

ထို ယသ အမျိုးကောင်းသားအား ဆောင်းအခါ နေသော ပြာသာဒ်တဆောင်၊ နွေအခါ နေသော ပြာသာဒ်တဆောင်၊ မိုးအခါနေသော ပြာသာဒ်တဆောင် ဟူ၍ သုံးဆောင်သော ပြာသာဒ် တို့သည် ရှိကုန်၏။

ထို ယသ အမျိုးကောင်းသားသည် မိုးအခါနေသော ပြာသာဒ်၌ မိုးလေးလပတ်လုံး ယောကျ်ား မပါ မိန်းမတို့သာ တီးမှုတ်သော တူရိယာတို့ဖြင့် စည်းစိမ်ခံစားလျက် ပြာသာဒ်အောက်သို့ပင် မဆင်းသက်ချေ။

ထိုအခါ ငါးပါးသော ကာမဂုဏ်တို့ဖြင့် ကုံလုံပြည့်စုံစွာ စည်းစိမ်ခံစားလျက်ရှိသော ယသ အမျိုးကောင်းသားသည် စောစောကပင် အိပ်ပျော်ခြင်းသို့ ရောက်လေ၏၊ ဖြေဖျော်သူ အပေါင်း သည်လည်း အိပ်ပျော်ခြင်းသို့ ရောက်၏၊ တညဥ့်လုံး ဆီမီးညှိထွန်းထား၏။

ထိုအခါ ယသအမျိုးကောင်းသားသည် စောစောပင် နိုး၍ မိန်းမတယောက်က လက်ကတီး၌ စောင်းကို (ပိုက်လျက်) မိန်းမတယောက်က လည်၌ မုရိုးစည်ကို (လွယ်လျက်) မိန်းမတယောက်က လက်ကတီး၌ ထက်စည်ကို (ပိုက်လျက်) မိန်းမတယောက်ကား ဆံပင်ဖရိုဖရဲ ကြဲလျက် မိန်းမ တယောက်ကား သွားရည်ယိုစီးလျက် အခြားသော မိန်းမတို့ကား ယောင်ယမ်းကုန်လျက် လက်သို့ ရောက်သော သုသာန် သင်းချိုင်းကဲ့သို့ အိပ်ပျော်နေသော မိမိ၏ ဖြေဖျော်သူ အပေါင်းကို မြင်၍ ထို ယသ အမျိုးကောင်းသားအား အပြစ်ကို မြင်လာပြီးလျှင် ငြီးငွေ့စိတ် ဖြစ်ပေါ် လာ၏။

ထိုအခါ ယသ အမျိုးကောင်းသားသည် "အချင်းတို့ (တဏှာအစရှိသော ကိလေသာတို့သည်) နှိပ်စက်အပ်ပေစွတကား၊ အချင်းတို့ (တဏှာအစရှိသော ကိလေသာတို့သည်) ညှဉ်းဆဲအပ်ပေစွ တကား" ဟု ဥဒါန်းကို ကျူးရင့် မြွက်ဆိုလေ၏။

ထို့နောက် ယသ အမျိုးကောင်းသားသည် ရွှေခြေနင်းတို့ကို စီးလျက် အိမ်တံခါးသို့ ချဉ်းကပ် လေ၏၊ "ယသ အမျိုးကောင်းသားအား တစုံတယောက်သော သူမျှ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ခြင်း၏ အန္တရာယ်ကို မပြုပါစေလင့်" ဟု နတ်တို့သည် တံခါးကို ဖွင့်ကုန်၏။

ထိုအခါ ယသ အမျိုးကောင်းသားသည် မြို့တံခါးသို့ ချဉ်းကပ်လေ၏။

"ယသ အမျိုးကောင်းသားအား တစုံတယောက်သော သူမျှ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ခြင်း၏ အန္တရာယ်ကို မပြုပါစေလင့်" ဟု (နှလုံးပြု၍) နတ်တို့သည် တံခါးကို ဖွင့်ကုန်၏။

ထို့နောက် ယသအမျိုးကောင်းသားသည် ဣသိပတန မည်သော မိဂဒါဝုန်တောသို့ ချဉ်းကပ်၏။

၂၆။ ထိုအခါ မြတ်စွာဘုရားသည် ညဥ့်၏ မိုးသောက်ယာမ်အခါ၌ စောစော ထ၍ ဟင်းလင်း ပြင် 'လွင်တီးခေါင်' ၌ စင်္ကြံ ကြွတော်မူ၏။

http://www.dhammadownload.com



မြတ်စွာဘုရားသည် အဝေးမှ လာသော ယသအမျိုးကောင်းသားကို မြင်တော်မူလျှင် စင်္ကြံမှ ဆင်းသက်၍ ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏။

ထိုအခါ ယသအမျိုးကောင်းသားသည် မြတ်စွာဘုရား၏ အနီး၌ "အချင်းတို့ (တဏှာအစရှိသော ကိလေသာတို့သည်) နှိပ်စက်အပ်ပေစွတကား၊ အချင်းတို့ (တဏှာအစရှိသော ကိလေသာတို့သည်) ညှဉ်းဆဲအပ်ပေစွတကား" ဟု ဥဒါန်း ကျူးရင့် မြွက်ဆို၏။

ထိုအခါ မြတ်စွာဘုရားသည် ယသအမျိုးကောင်းသားကို "ယသ စင်စစ် ဤနိဗ္ဗာန်ကို (တဏှာ အစရှိသော ကိလေသာတို့သည်) မနှိပ်စက်အပ်၊ ဤနိဗ္ဗာန်ကို (တဏှာအစရှိသော ကိလေသာတို့ သည်) မညှဉ်းဆဲအပ်ပေ၊ ယသ လာလော့၊ ထိုင်လော့၊ သင့်အား တရားဟောအံ့" ဟု မိန့်တော်မူ၏။

ထိုအခါ ယသအမျိုးကောင်းသားသည် "ဤ နိဗ္ဗာန်ကို (တဏှာအစရှိသော ကိလေသာတို့သည်) မနှိပ်စက်အပ်သတတ်၊ ဤနိဗ္ဗာန်ကို (တဏှာအစရှိသော ကိလေသာတို့သည်) မညှဉ်းဆဲအပ်သတတ်" ဟု ရွှင်လန်းဝမ်းမြောက်သည် ဖြစ်၍ ရွှေခြေနင်းတို့မှ သက်ဆင်းလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လေ၏။

မြတ်စွာဘုရားသည် တခုသောနေရာ၌ ထိုင်နေသော ယသအမျိုးကောင်းသားအား အစဉ် အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်တို့ကား အဘယ်နည်း၊ ဒါနနှင့်စပ်သော စကား သီလနှင့်စပ်သောစကား နတ်ပြည်နှင့်စပ်သောစကား ကာမဂုဏ်တို့၏ အပြစ် ယုတ်ညံ့ခြင်း ညစ်ညူးခြင်း (ကာမဂုဏ်တို့မှ) လွတ်မြောက်ခြင်း၌ အကျိုးတို့ကို ပြတော်မူ၏။

မြတ်စွာဘုရားသည် ယသအမျိုးကောင်းသား၌ ခံ့သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ'မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော် သိမြင်ပြီးသော 'သာမုက္ကံသိက' တရားဒေသနာတော်ဖြစ် သော ဆင်းရဲ 'ဒုက္ခသစ္စာ'ကိုင်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယသစ္စာ'ကိုင်း ဆင်းရဲချုပ်ရာ 'နိရောဓ သစ္စာ'ကိုင်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ် 'မဂ္ဂသစ္စာ' ကိုင်း ပြတော်မူ၏။

မည်းညစ်ခြင်း ကင်း၍ ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူရာသကဲ့သို့ ယသ သတို့သားအား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘော ရှိ၏" ဟု (ကိလေသာ) မြူအညစ်အကြေးမှ ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ဖြစ်ပေါ်၏။

၂၇။ ထိုအခါ ယသအမျိုးကောင်းသား၏ မိခင်သည် ပြာသာဒ်ထက်သို့ တက်သည်ရှိသော် ယသအမျိုးကောင်းသားကို မမြင်ရကား အိမ်ရှင်သူဌေးကြီးထံ ချဉ်းကပ်ပြီးလျှင် အိမ်ရှင်သူဌေးကြီးကို "သူဌေးကြီး သင်၏သား ယသကို မတွေ့မြင်ပါ" ဟု ပြောကြားလေ၏။ ထိုအခါ အိမ်ရှင် သူဌေးကြီး သည် အရပ်လေးမျက်နှာတို့သို့ မြင်းတမန်သည်တို့ကို လွှတ်၍ မိမိကိုယ်တိုင်မူကား ဣသိပတန မည် သော မိဂဒါဝုန်တောသို့ ချဉ်းကပ်လေ၏။

အိမ်ရှင်သူဌေးကြီးသည် ရွှေခြေနင်းချရာကို မြင်၍ ထိုခြေနင်းချရာကိုသာလျှင် အစဉ်အတိုင်း လိုက်လေ၏။

http://www.dhammadownload.com



မြတ်စွာဘုရားသည် အဝေးမှလာသော အိမ့်ရှင်သူဌေးကြီးကိုမြင်၍ "ငါသည် ဤနေရာ၌ ထိုင်နေသော ယသအမျိုးကောင်းသားကို ဤနေရာ၌ ထိုင်နေသော အိမ့်ရှင်သူဌေးကြီး မမြင်အောင် တန်ခိုး ဖန်ဆင်းရမူကား ကောင်းလေရာ၏" ဟု ကြံစည်တော်မူ၍ ထိုသို့သော တန်ခိုး ဖန်ဆင်းခြင်းကို ဖန်ဆင်းတော်မူ၏။

ထိုအခါ အိမ့်ရှင်သူဌေးကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရား မြတ်စွာဘုရားသည် ယသအမျိုးကောင်းသားကို မြင်တော်မူမိပါသလော" ဟု လျှောက်၏။

သူကြွယ် ထိုသို့မြင်လိုလျှင် ထိုင်လော့၊ ဤနေရာ၌ ထိုင်နေသော သင်သည် ဤနေရာ၌ ထိုင်နေသော ယသအမျိုးကောင်းသားကို မြင်ရကောင်း မြင်ရလိမ့်မည် ဟု (မိန့်တော်မူ၏)။

ထိုအခါ အိမ့်ရှင်သူဌေးကြီးသည် "ဤနေရာ၌ ထိုင်နေသော ငါသည် ဤနေရာ၌ ထိုင်နေသော ယသအမျိုးကောင်းသားကို မြင်ရလိမ့်သတတ်" ဟု ရွှင်လန်း တက်ကြွသော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်၏၊ တခုသောနေရာ၌ ထိုင်နေသော သူဌေးကြီးအား မြတ်စွာဘုရားသည် အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်တို့ကား အဘယ်နည်း၊ ဒါနနှင့်စပ်သောစကား သီလနှင့်စပ်သော စကား နတ်ပြည်နှင့် စပ်သော စကား ကာမဂုဏ်တို့၏ အပြစ် ယုတ်ညံ့ခြင်း ညစ်ညူးခြင်း (ကာမဂုဏ်တို့မှ) လွတ်မြောက်ခြင်း၌ အကျိုးတို့ကို ပြတော်မူ၏။

မြတ်စွာဘုရားသည် အိမ့်ရှင်သူဌေးကြီး၌ ခံ့သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ'မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ်ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရား တို့၏ ကိုယ်တိုင် ထုတ်ဖော်သိမြင်ပြီးသော 'သာမုက္ကံသိက' တရားဒေသနာတော်ဖြစ်သော ဆင်းရဲ 'ဒုက္ခသစ္စာ' ကိုလည်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယသစ္စာ' ကိုလည်း ဆင်းရဲချုပ်ငြိမ်းရာ 'နိရောဓသစ္စာ' ကိုလည်း ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း လမ်းစဉ် 'မဂ္ဂသစ္စာ'ကိုလည်း ပြတော်မူ၏။

မည်းညစ်ခြင်းကင်း၍ ဖြူစင်သောအဝတ်သည် ဆိုးရည်ကိုကောင်းစွာ ခံယူရာသကဲ့သို့ အိမ့်ရှင် သူဌေးကြီးအား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်း သဘောရှိ၏" ဟု(ကိလေသာ)မြူအညစ်အကြေးမှ ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ဖြစ်ပေါ်လာ၏။

ထို့နောက် အိမ့်ရှင်သူဌေးကြီးသည် တရားကို မြင်ပြီးသည် ဖြစ်၍ တရားသို့ ရောက်ပြီးသည် ဖြစ်၍ တရားကို သိပြီးသည် ဖြစ်၍ တရားသို့ သက်ဝင်ပြီးသည် ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးသည် ဖြစ် ၍ သို့လော သို့လော (တွေးတောခြင်း)ကင်းပြီးသည် ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည်ဖြစ်၍ ဘုရားမှတပါး ကိုးစားထိုက်သူ မရှိသည်ဖြစ်၍ မြတ်စွာဘုရားကို—

"အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့လည်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့လည်း မျက်စိလည်သောသူအား လမ်းကို ပြောကြားဘိသကဲ့သို့လည်း 'မျက်စိရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ထောင်ပြဘိသကဲ့သို့လည်း ဤအတူသာလျှင် မြတ်စွာဘုရား သည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏။ အသျှင်ဘုရား အကျွန်ုပ် သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍

http://www.dhammadownload.com



ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာ ဟု မှတ်တော်မူပါ" ဟု လျှောက်၏။

ထိုသူဌေးကြီးသည် လောက၌ ရှေးဦးစွာ တေဝါစိကသရဏဂုံ [၁] တည်သူ ဥပါသကာဖြစ်လေ၏။

၂၈။ ထို့နောက် ဖခင်အားတရားဟောစဉ် မြင်အပ်ပြီးသည့်အတိုင်း သိအပ်ပြီးသည့်အတိုင်း ဖြစ်သော သစ္စာလေးပါးတရားကို ဆင်ခြင်သော ယသအမျိုးကောင်းသား၏ စိတ်သည် (တစုံတခုကိုမျှ)မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်၏။

ထိုအခါ မြတ်စွာဘုရားအား—

"ဖခင်အား တရားဟောစဉ် မြင်အပ်ပြီးသည့်အတိုင်း သိအပ်ပြီးသည့်အတိုင်း ဖြစ်သော သစ္စာလေးပါးတရားကို ဆင်ခြင်သော ယသအမျိုးကောင်းသား၏ စိတ်သည် (တစုံတခုကိုမျှ) မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့လေပြီ၊ ယသအမျိုးကောင်းသားသည် လူထွက်၍ ရှေးလူ့ဘောင်၌နေသော အခါကဲ့သို့ ကာမဂုဏ်တို့ကို သုံးဆောင်ခံစားခြင်းငှါ မထိုက်ပြီ၊ ငါသည် တန်ခိုး ဖန်ဆင်းခြင်းကို ငြိမ်းစေရမူ ကောင်းလေစွ" ဟု အကြံဖြစ်လေ၏။

ထိုသို့ကြံစည်တော်မူပြီးနောက် မြတ်စွာဘုရားသည် ထိုတန်ခိုး ဖန်ဆင်းခြင်းကို ငြိမ်းစေတော်မူ၏။

အိမ်ရှင်သူဌေးကြီးသည် ယသအမျိုးကောင်းသား ထိုင်နေသည်ကို မြင်၍ ယသအမျိုးကောင်းသားကို "ချစ်သားယသ သင်၏ အမိသည် ငိုကြွေးခြင်း စိုးရိမ်ခြင်းသို့ ရောက်၏၊ သင့်အမိအသက်ကို ပေးပါလော့" ဟု ပြောဆို၏။

ထိုအခါ ယသအမျိုးကောင်းသားသည် မြတ်စွာဘုရားကို မော်၍ ကြည့်လေ၏။

မြတ်စွာဘုရားသည် အိမ်ရှင် သူဌေးကြီးအား—

"သူကြွယ် ဤအရာကို အဘယ်သို့ ထင်သနည်း၊ သင်မြင်သကဲ့သို့ အကြင်သူအား သေက္ခဥာဏ် သေက္ခအမြင်ဖြင့် သစ္စာလေးပါးတရားကို မြင်အပ်ပြီ သိအပ်ပြီ၊ ထိုသူအား မြင်သည့်အတိုင်း သိသည့်အတိုင်း သစ္စာလေးပါးတရားကို ဆင်ခြင်သော စိတ်သည် (တစုံတခုကိုမျှ) မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ပြီ၊ သူကြွယ် ထိုသူသည် လူထွက်၍ ရှေးလူ့ဘောင်၌ နေသောအခါကဲ့သို့ ကာမဂုဏ်တို့ကို သုံးဆောင်ခံစားခြင်းငှါ ထိုက်အံ့လော" ဟု မေးတော်မူ၏။

မထိုက်တော့ပါ အသျှင်ဘုရား ဟု (လျှောက်၏)။

သူကြွယ် သင်မြင်သကဲ့သို့ ယသအမျိုးကောင်းသားသည် သေက္ခဥာဏ် သေက္ခအမြင်ဖြင့် သစ္စာလေးပါးတရားကို မြင်သိပြီ၊ ထိုယသအား မြင်ပြီးသည့်အတိုင်း သိပြီးသည့်အတိုင်း သစ္စာလေးပါး တရားကို ဆင်ခြင်သော စိတ်သည် (တစုံတခုကိုမျှ) မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ပြီ၊ သူကြွယ် ယသ အမျိုးကောင်းသားသည် လူထွက်၍ ရှေးလူ့ဘောင်၌ နေသောအခါကဲ့သို့ ကာမဂုဏ် တို့ကို သုံးဆောင်ခံစားခြင်းငှါ မထိုက်တော့ပြီ ဟု (မိန့်တော်မူ၏)။

---

၁။ သုံးကြိမ်ရွတ်ဆို၍ ဆောက်တည်အပ်သော သရဏဂုံ။

http://www.dhammadownload.com



အသျှင်ဘုရား ယသ အမျိုးကောင်းသားသည် လူအဖြစ်ကို အရတော်ပေစွ၊ အသျှင်ဘုရား ယသ အမျိုးကောင်းသားသည် လူအဖြစ်ကို ကောင်းစွာ ရအပ်ပေစွ၊ ယင်းကျေးဇူးကြောင့် ယသ အမျိုးကောင်းသား၏ စိတ်သည် (တစုံတခုကိုမျှ) မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ပြီ။

အသျှင်ဘုရား မြတ်စွာဘုရားသည် ယနေ့အတွက် နောက်ပါ ရဟန်း ယသ အမျိုးကောင်းသားနှင့် အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ ဟု (လျှောက်၏)။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထိုအခါ အိမ်ရှင် သူဌေးကြီးသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေ ပြုပြီးလျှင် ဖဲခွါသွားလေ၏။

ထိုအခါ ယသ အမျိုးကောင်းသားသည် အိမ်ရှင် သူဌေးကြီး ဖဲသွား၍ မကြာမြင့်မီ မြတ်စွာဘုရားကို "အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ရဟန်းအဖြစ်ကို ရလိုပါ၏" ဟု လျှောက်၏။

မြတ်စွာဘုရားသည် "ရဟန်း လာလော့" "တရားကို ကောင်းစွာ ဟောအပ်၏၊ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သော အကျင့်ကို ကောင်းစွာ ကျင့်လော့" ဟု မိန့်တော်မူ၏။ ထိုစကားတော်သည်ပင်လျှင် ထိုအသျှင်ယသ၏ ပဉ္စင်းအဖြစ် ပြီးလေ၏။

ထိုအခါ လောက၌ ရဟန္တာ ခုနစ်ဦး ဖြစ်ပေါ်ကုန်၏။

ယသသူဌေးသား ရဟန်းပြုခြင်းအကြောင်း ပြီး၏။

---

## ယသသူငယ်ချင်း လေးယောက် ရဟန်းပြုခြင်းအကြောင်း

၂၉။ ထို့နောက် မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူလျက် နောက်ပါ ရဟန်း အသျှင် ယသနှင့် အတူ ဒါယကာ သူဌေးအိမ်သို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။

ထိုအခါ အသျှင်ယသ၏ မိခင်နှင့် မယားဟောင်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်လျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ကုန်၏။ တခုသော နေရာ၌ ထိုင်နေကုန်သော ထိုမိန်းမတို့အား အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်တို့ကား အဘယ်နည်း၊ ဒါနနှင့်စပ်သော စကား သီလနှင့်စပ်သောစကား နတ်ပြည်နှင့်စပ်သောစကား ကာမဂုဏ်တို့၏ အပြစ် ယုတ်ညံ့ခြင်း ညစ်ညူးခြင်း (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးတို့ကို ပြတော်မူ၏။

မြတ်စွာဘုရားသည် ထိုမိန်းမတို့၌ ခံသောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ' မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော် သိမြင်အပ်သော 'သာမုက္ကံသိက' တရားဒေသနာတော်ဖြစ်သော ဆင်းရဲ 'ဒုက္ခသစ္စာ' ကိုလည်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယသစ္စာ' ကိုလည်း ဆင်းရဲချုပ်ရာ 'နိရောဓသစ္စာ' ကိုလည်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ် 'မဂ္ဂသစ္စာ' ကိုလည်း ပြတော်မူ၏။

http://www.dhammadownload.com



မည်းညစ်ခြင်းကင်း၍ ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ထိုမိန်းမတို့အား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်း သဘောရှိ၏" ဟု (ကိလေသာ)မြူအညစ်အကြေးမှ ကင်းသော တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ် သည် ဖြစ်ပေါ်၏။ ထိုမိန်းမတို့သည် တရားကို မြင်ပြီးကုန်သည်ဖြစ်၍ တရားသို့ရောက်ပြီးကုန်သည်ဖြစ်၍ တရားကို သိပြီးကုန်သည်ဖြစ်၍ တရားသို့ သက်ဝင်ပြီးကုန်သည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးကုန်သည်ဖြစ်၍ သို့လော သို့လော (တွေးတောခြင်း) ကင်းပြီးကုန်သည် ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်ပြီးကုန်သည်ဖြစ်၍ ဘုရားမှ တပါး ကိုးစားထိုက်သူ မရှိကုန်သည်ဖြစ်၍ မြတ်စွာဘုရားအား—

"အသျှင်ဘုရား (တရားတော်သည်) အလွန် နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား (တရားတော်သည်) အလွန် နှစ်သက်ဖွယ် ရှိပါပေ၏။ပ။ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါကုန်၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါကုန်၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ကြသူ ဥပါသိကာမတို့ ဟူ၍ မှတ်တော်မူပါ" ဟု လျှောက်ကုန်၏။

ထိုမိန်းမတို့သည်လည်း လောက၌ ရှေဦးစွာ တေဝါစိက သရဏဂုံတည်သော ဥပါသိကာမတို့ ဖြစ်ကုန်၏။

ထို့နောက် အသျှင်ယသ၏ အမိ အဖနှင့် မယားဟောင်းတို့သည် မြတ်စွာဘုရားကိုင်း၊ အသျှင်ယသကိုင်း မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေးပြီးလျှင် မြတ်စွာဘုရားသည် သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ တခုသော နေရာ၌ ထိုင်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်ယသ၏ အမိ အဖနှင့် မယားဟောင်းတို့အား တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးလျှင် နေရာမှ ထကာ ဖဲ၍ ကြွသွားတော်မူ၏။

၃၀။ ဗာရာဏသီပြည်၌ သူဌေးမျိုး သူဌေးနွယ် ဖြစ်ကုန်သော ဝိမလ သုဗာဟု ပုဏ္ဏဇိ ဂဝမ္ပတိ ဟူသော အသျှင် ယသ၏ လူအဖြစ်က သူငယ်ချင်း လေးယောက်တို့သည် "ယသအမျိုးကောင်းသားသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်လျက် ရဟန်းပြုသတတ်" ဟု ကြားကုန်၍ ထိုသူငယ်ချင်းလေးယောက်တို့အား—

"အကြင် ဓမ္မဝိနယ၌ ယသအမျိုးကောင်းသားသည် ဆံ မုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ထို(ယသအမျိုးကောင်းသား ဝင်ရောက်သော) ဓမ္မဝိနယသည် မယုတ်ညံ့ရာ၊ ထိုရဟန်းအဖြစ်သည်လည်း မယုတ်ညံ့ရာ" ဟု အကြံဖြစ်၏။

ထိုလေးယောက်သော သူငယ်ချင်းတို့သည် အသျှင်ယသထံသို့ ချဉ်းကပ်ကြပြီးလျှင် အသျှင်ယသကို ရှိခိုး၍ တခုသော နေရာ၌ တည်နေကြကုန်၏။

http://www.dhammadownload.com



ထိုအခါ အသျှင် ယသသည် လူအဖြစ်ကသူငယ်ချင်းလေးယောက်တို့ကို ခေါ်၍ မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကိုရှိခိုး၍ တခုသော နေရာ၌ထိုင်၏၊ တခုသောနေရာ၌ ထိုင်ပြီး သော အသျှင်ယသသည် မြတ်စွာဘုရားအား " အသျှင်ဘုရား ဗာရာဏသီပြည်၌ သူဌေးမျိုး သူဌေး နွယ်ဖြစ်ကုန်သော ဝိမလ သုဗာဟု ပုဏ္ဏဇိ ဂဝမ္ပတိ ဟူသော ဤလေးယောက်သောသူတို့သည် အကျွန်ုပ် ၏ လူအဖြစ်က သူငယ်ချင်း ဖြစ်ကြပါသည်၊ မြတ်စွာဘုရားသည် ဤလေးယောက်သော သူငယ်ချင်း တို့ကို သွန်သင် ဆုံးမတော်မူပါ" ဟု လျှောက်၏။

မြတ်စွာဘုရားသည် ထိုသူတို့အား အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ဤသည် တို့ကား အဘယ်နည်း၊ ဒါနနှင့်စပ်သောစကား သီလနှင့်စပ်သောစကား နတ်ပြည်နှင့်စပ်သောစကား ကာမဂုဏ်တို့၏ အပြစ် ယုတ်ညံ့ခြင်း ညစ်ညူးခြင်း (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုး တို့ကို ပြတော်မူ၏။

မြတ်စွာဘုရားသည် ထိုသူတို့၌ ခံ့သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ'မှ ကင်းသော စိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော်သိမြင်အပ်သော 'သာမုက္ကံသိက' တရားဒေသနာတော်ဖြစ်သော ဆင်းရဲ 'ဒုက္ခ သစ္စာ'ကိုရင်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယသစ္စာ'ကိုရင်း ဆင်းရဲချုပ်ရာ 'နိရောဓသစ္စာ'ကိုရင်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ် 'မဂ္ဂသစ္စာ'ကိုရင်း ပြတော်မူ၏။

မည်းညစ်ခြင်း ကင်း၍ ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာခံယူသကဲ့သို့ ထိုသူတို့ အား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏" ဟု (ကိလေသာ)မြူအညစ်အကြေးမှ ကင်းသော တရားမျက်စိ'သောတာပတ္တိမဂ်ဉာဏ်'သည် ဖြစ်ပေါ်၏။

ထိုသူလေးယောက်တို့သည် တရားကိုမြင်ပြီးကုန်သည်ဖြစ်၍ တရားသို့ရောက်ပြီးကုန်သည်ဖြစ်၍ တရားကိုသိပြီးကုန်သည်ဖြစ်၍ တရားသို့သက်ဝင်ပြီးကုန်သည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးကုန် သည်ဖြစ်၍ သို့လော သို့လော (တွေးတောခြင်း)ကင်းပြီးကုန်သည်ဖြစ်၍ မြတ်စွာဘုရားသာသနာ တော်၌ ရဲရင့်ခြင်းသို့ ရောက်ပြီးကုန်သည်ဖြစ်၍ ဘုရားမှတပါး ကိုးစားထိုက်သူ မရှိကုန်သည်ဖြစ်၍ "အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားအထံတော်၌ ရှင်အဖြစ်ကို ရလိုပါကုန်၏၊ ရဟန်း အဖြစ်ကို ရလိုပါကုန်၏" ဟု လျှောက်ကုန်၏။

မြတ်စွာဘုရားသည် "ရဟန်းတို့ လာကြကုန်လော့" "တရားကိုကောင်းစွာဟောအပ်၏၊ ဝဋ်ဆင်း ရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာကျင့်ကုန်လော့" ဟု မိန့်တော်မူ၏။ ထို စကားတော်သည်ပင်လျှင် ထိုအသျှင်တို့၏ ပဉ္စင်းအဖြစ် ပြီးလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို တရားစကားဖြင့် သွန်သင်ဆုံးမ၏၊ မြတ်စွာဘုရား သည် တရားစကားဖြင့် သွန်သင်ဆုံးမအပ်ကုန်သည်ဖြစ်၍ လေးယောက်သော ရဟန်းတို့၏စိတ်တို့ သည် (တစုံတခုကိုမျှ)မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်ကြကုန်ပြီ။

**ထိုအခါ လောက၌ ရဟန္တာတကျိပ်တယောက် ဖြစ်ကုန်၏။**

**ယသသူငယ်ချင်းလေးယောက် ရဟန်းပြုခြင်းအကြောင်း ပြီး၏။**

http://www.dhammadownload.com



## ယသသူငယ်ချင်း ငါးကျိပ် ရဟန်းပြုခြင်းအကြောင်း

၃၁။ အစဉ်အဆက်အားဖြင့် အမျိုးကောင်းသားချည်းဖြစ်ကြ၍ အသျှင်ယသ၏ လူအဖြစ်က သူငယ်ချင်းဖြစ်ကြသော ဇနပုဒ်သား ငါးကျိပ်တို့သည် "ယသအမျိုးကောင်းသားသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်လျက် ရဟန်းပြုသတတ်" ဟု ကြားကုန်၍ ထိုအမျိုးသားငါးကျိပ်တို့အား—

"အကြင်ဓမ္မဝိနယ၌ ယသအမျိုးကောင်းသားသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ထို (ယသအမျိုးကောင်းသားဝင်ရောက်သော) ဓမ္မဝိနယသည် မယုတ်ညံ့ရာ၊ ထိုရဟန်းအဖြစ်သည်လည်း မယုတ်ညံ့ရာ" ဟု အကြံဖြစ်၏။

ထိုအဆွေခင်ပွန်းတို့သည် အသျှင်ယသထံသို့ ချဉ်းကပ်ကြပြီးလျှင် အသျှင်ယသကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်ကုန်၏။

ထိုအခါ အသျှင်ယသသည် ငါးကျိပ်အတိုင်းအရှည် ရှိကုန်သော လူအဖြစ်က သူငယ်ချင်းတို့ကို ခေါ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကိုရှိခိုး၍ တခုသော နေရာ၌ ထိုင်၏၊ တခုသောနေရာ၌ ထိုင်ပြီးသော အသျှင်ယသသည် မြတ်စွာဘုရားကို "အသျှင်ဘုရား ဤသူတို့သည် အစဉ်အဆက်အားဖြင့် အမျိုးကောင်းသားချည်းဖြစ်ကြ၍ အကျွန်ုပ်၏ လူအဖြစ်က သူငယ်ချင်းဖြစ်ကြသော ဇနပုဒ်သား ငါးကျိပ်တို့ ဖြစ်ကြပါသည်၊ မြတ်စွာဘုရားသည် ဤငါးကျိပ်အတိုင်းအရှည်ရှိသော သူငယ်ချင်းတို့ကို သွန်သင် ဆုံးမတော်မူပါ" ဟု လျှောက်၏။

မြတ်စွာဘုရားသည် ထိုသူတို့အား အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်တို့ကား အဘယ်နည်း၊ ဒါနနှင့်စပ်သောစကား သီလနှင့်စပ်သောစကား နတ်ပြည်နှင့်စပ်သောစကား ကာမဂုဏ်တို့၏ အပြစ် ယုတ်ညံ့ခြင်း ညစ်ညူးခြင်း (ကာမဂုဏ်တို့မှ)ထွက်မြောက်ခြင်း၌ အကျိုးတို့ကို ပြတော်မူ၏။

မြတ်စွာဘုရားသည် ထိုသူတို့၌ ခံ့သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ'မှ ကင်းသော စိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ်ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော်သိမြင်အပ်သော 'သာမုက္ကံသိက'တရား ဒေသနာတော်ဖြစ်သော ဆင်းရဲ 'ဒုက္ခသစ္စာ' ကိုရင်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယသစ္စာ'ကိုရင်း ဆင်းရဲချုပ်ရာ 'နိရောဓသစ္စာ'ကိုရင်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းလမ်းစဉ် 'မဂ္ဂသစ္စာ'ကိုရင်း ပြတော်မူ၏။

မည်းညစ်ခြင်း ကင်း၍ ဖြူစင်သောအဝတ်သည် ဆိုးရည်ကိုကောင်းစွာခံယူသကဲ့သို့ ထိုသူတို့အား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏" ဟု (ကိလေသာ)မြူအညစ်အကြေးမှ ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ဖြစ်ပေါ်၏။

ထိုသူတို့သည် တရားကိုမြင်ပြီးကုန်သည်ဖြစ်၍ တရားသို့ရောက်ပြီးကုန်သည်ဖြစ်၍ တရားကို သိပြီးကုန်သည်ဖြစ်၍ တရားသို့သက်ဝင်ပြီးကုန်သည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးကုန်သည်ဖြစ်၍ သို့လောသို့လော(တွေးတောခြင်း) ကင်းပြီးကုန်သည်ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်ပြီးကုန်သည်ဖြစ်၍ ဘုရားမှတပါး ကိုးစားထိုက်သူမရှိကုန်သည်ဖြစ်၍ "အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားထံ၌ ရှင်အဖြစ်ကို ရလိုပါကုန်၏၊ ရဟန်းအဖြစ်ကို ရလိုပါကုန်၏" ဟု လျှောက်ကုန်၏။

http://www.dhammadownload.com



မြတ်စွာဘုရားသည်“ရဟန်းတို့ လာကုန်လော့” “တရားကိုကောင်းစွာဟောအပ်၏၊ဝဋ်ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာကျင့်ကုန်လော့” ဟု မိန့်တော်မူ၏။ ထိုစကား တော်သည်ပင်လျှင် ထိုအသျှင်တို့၏ ပဉ္စင်းအဖြစ်ပြီးလေ၏။

ထိုအခါမြတ်စွာဘုရားသည် ထိုရဟန်းတို့ကို တရားစကားဖြင့် သွန်သင်ဆုံးမတော်မူ၏၊ မြတ်စွာ ဘုရားသည် တရားစကားဖြင့် သွန်သင် ဆုံးမအပ်ကုန်သည်ရှိသော် ငါးကျိပ်အတိုင်းအရှည် ရှိကုန်သော ရဟန်းတို့၏ စိတ်တို့သည် (တစုံတခုကိုမျှ) မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ကြလေကုန်၏။

ထိုအခါ လောက၌ ရဟန္တာခြောက်ကျိပ်တဦး ဖြစ်ကုန်၏။

ယသသူငယ်ချင်းငါးကျိပ် ရဟန်းပြုခြင်းအကြောင်း ပြီး၏။

---

## ၈-မာရ်နတ်အကြောင်း

၃၂။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို—

“ရဟန်းတို့ ငါဘုရားသည် လူ နတ်တို့၌ ဖြစ်သော (ကိလေသာ) ကျော့ကွင်း အားလုံး တို့မှ လွတ်တော်မူပြီ။

ရဟန်းတို့ သင်တို့သည်လည်း လူ နတ် တို့၌ ဖြစ်သော (ကိလေသာ) ကျော့ကွင်းတို့မှ လွတ်ကြကုန်ပြီ။

ရဟန်းတို့ များစွာသော လူတို့၏ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ လောကကို စောင့်ရှောက်ရန်အလို့ငှါ နတ် လူတို့၏ အကျိုးစီးပွါး ဖြစ်ခြင်း ချမ်းသာခြင်းငှါ ဒေသစာရီ လှည့်လည်ကုန်လော့၊ ခရီးတကြောင်းလျှင် နှစ်ပါး မသွားကြကုန်လင့်။

ရဟန်းတို့ အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောကုန်လော့၊ အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော အကျင့်ကို ပြကုန်လော့ မြတ်သော အကျင့်ကို ပြကုန်လော့။

ပညာမျက်စိ၌ ကိလေသာ မြူနည်းသော သဘောရှိကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ တရားတော်ကို မကြားနာရသဖြင့် ဆုတ်ယုတ်ကြရကုန်၏၊ တရားတော်ကို သိလွယ်သော သူတို့ ရှိကုန်လတ္တံ့။

ရဟန်းတို့ ငါဘုရားသည်လည်း ဥရုဝေလမှ သေနနိဂုံးသို့ တရားဟောရန် ချဉ်းကပ်တော် မူပေအံ့” ဟု မိန့်တော်မူ၏။

၃၃။ ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ဂါထာဖြင့် ဆို၏—

“သင့်ကို နတ်လူ၌ ဖြစ်သော ကျော့ကွင်းအားလုံးတို့ဖြင့် နှောင်ဖွဲ့အပ်၏၊ ကြီးစွာသော နှောင်ဖွဲ့ခြင်းဖြင့် နှောင်ဖွဲ့အပ်၏၊ ရဟန်း (သင်သည်) အကျွန်ုပ် နိုင်ငံမှ မလွတ်နိုင်” ဟု (ဆို၏)။

http://www.dhammadownload.com



ဟယ် မာရ်နတ်ယုတ် ငါဘုရားသည် နတ်လူတို့၌ ဖြစ်သော (ကိလေသာ) ကျော့ကွင်း အားလုံးတို့မှ လွတ်မြောက်ပြီ၊ ကြီးစွာသော အနှောင်အဖွဲ့မှ လွတ်မြောက်ပြီ၊ ဟယ် မာရ်နတ်ယုတ် သင်ကား ရှုံးလေပြီ ဟု (မိန့်တော်မူ၏)။

"ကောင်းကင်၌ ကျက်စားသူကို သော်လည်း နှောင်ဖွဲ့နိုင်သော စိတ်နှင့်ယှဉ်သော အကြင် (တဏှာ) ကျော့ကွင်းသည် လှည့်လည်သွားလာ၏၊ ထို (တဏှာ) ကျော့ကွင်းဖြင့် သင်ရဟန်းကို ညှဉ်းဆဲအံ့၊ ရဟန်း သင်ကား အကျွန်ုပ်၏ နိုင်ငံမှ မလွတ်နိုင်" ဟု (ဆိုပြန်၏)။

ဟယ် မာရ်နတ်ယုတ် နှလုံးမွေ့လျော်ဖွယ် ရှိသော အဆင်း အသံ အနံ့ အရသာ အတွေ့ အထိ အာရုံတို့၌ ငါဘုရားအား လိုလားမှု ကင်းလေပြီ၊ ဟယ် မာရ်နတ်ယုတ် သင်ကား ရှုံးလေပြီ ဟု (မိန့်တော်မူ၏)။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရားကား ငါ့ကို သိ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားကား ငါ့ကို သိ၏" ဟု ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

မာရ်နတ်အကြောင်း ပြီး၏။

---

## ၉-ရှင်ရဟန်းပြုပေးနိုင်ရန် ခွင့်ပြုခြင်း

၃၄။ ထိုစဉ်အခါ ရဟန်းတို့သည် အထူးထူးသော အရပ် အထူးထူးသော ဇနပုဒ်တို့မှ ရှင်လောင်း ရဟန်းလောင်းတို့ကို "မြတ်စွာဘုရားသည် ရှင်ပြုလတ္တံ့ ပဉ္စင်းပြုလတ္တံ့" ဟု ခေါ်ဆောင်လာကုန်၏။ ထိုသို့ ခေါ်ဆောင်လာရာ ရဟန်းတို့သည်ရင်း ရှင်လောင်း ရဟန်းလောင်းတို့သည်ရင်း ပင်ပန်းကုန်၏။

ထိုအခါ ဆိတ်ငြိမ်ရာသို့ ကပ်၍ တပါးတည်း ကိန်းအောင်းနေတော်မူသော မြတ်စွာဘုရားအား—

"ယခုအခါ ရဟန်းတို့သည် အထူးထူးသောအရပ် အထူးထူးသော ဇနပုဒ်တို့မှ ရှင်လောင်း ရဟန်းလောင်းတို့ကို 'မြတ်စွာဘုရားသည် ရှင်ပြုလတ္တံ့ ပဉ္စင်းပြုလတ္တံ့' ဟု ခေါ်ဆောင်လာကြရာ ရဟန်းတို့သည်ရင်း ရှင်လောင်း ရဟန်းလောင်းတို့သည်ရင်း ပင်ပန်းကြကုန်၏၊ အကယ်၍ ငါဘုရားသည် ရဟန်းတို့ ယခုအခါ သင်တို့ကိုယ်တိုင်သာလျှင် ထိုထိုအရပ် ထိုထိုဇနပုဒ်တို့၌ ရှင်ပြုပေးကုန်လော့ ပဉ္စင်းပြုပေးကုန်လော့ ဟု ရဟန်းတို့အား ခွင့်ပြုရမူ ကောင်းလေစွ" ဟူ၍ အကြံ ဖြစ်ပေါ်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ညချမ်းအချိန်၌ တပါးတည်း ကိန်းအောင်းရာမှ ထလျက် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ ဆိတ်ငြိမ်ရာသို့ ကပ်၍ တပါးတည်း ကိန်းအောင်းတော်မူသော ငါဘုရားအား 'ယခုအခါ ရဟန်းတို့သည် အထူးထူးသော အရပ် အထူးထူးသော ဇနပုဒ်တို့မှ ရှင်လောင်း ပဉ္စင်းလောင်းတို့ကို မြတ်စွာဘုရားသည် ရှင် ရဟန်း ပြုပေးလတ္တံ့ ဟု ခေါ်ဆောင်လာကြရာ ရဟန်းတို့သည်ရင်း ရှင်လောင်း ပဉ္စင်းလောင်းတို့သည်ရင်း ပင်ပန်းကုန်၏၊ အကယ်၍ ငါဘုရားသည် ရဟန်းတို့ သင်တို့ ကိုယ်တိုင်သာလျှင် ထိုထိုအရပ် ထိုထိုဇနပုဒ်တို့၌ ရှင်ရဟန်းပြုပေးကုန်

http://www.dhammadownload.com



လော့ ဟု ရဟန်းတို့အား ခွင့်ပြုရမှု ကောင်းလေစွ’ ဟု အကြံ ဖြစ်ပေါ်တော်မူ၏ ဟု မိန့်တော်မူ၏။

‘ရဟန်းတို့ ယခုအခါ သင်တို့ကိုယ်တိုင်သာလျှင် ထိုထိုအရပ် ထိုထိုဇနပုဒ်တို့၌ ရှင်ရဟန်းပြုပေးကုန်လော’ ဟု ခွင့်ပြုတော်မူ၏။

ရဟန်းတို့ ဤသို့ ရှင်ပြုပေးရမည်၊ ရဟန်းပြုပေးရမည်၊ ရှေးဦးစွာ ဆံမုတ်ဆိတ်ကို ပယ်စေပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်စေ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်စေပြီးလျှင် ရဟန်းတို့၏ ခြေတို့ကို ရှိခိုးစေလျက် ဆောင့်ကြောင့်ထိုင်နေစေ၍ လက်အုပ်ချီစေပြီးလျှင်—

‘ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ’ ဟု ‘ဤသို့ ရွတ်ဆိုလော့’ ဟု ပြောဆိုရမည်။ ရဟန်းတို့ ဤသရဏဂုံ သုံးပါးတို့ဖြင့် ရှင်ရဟန်း အဖြစ်ကို ခွင့်ပြုတော်မူ၏” ဟု (မိန့်တော်မူ၏)။

သရဏဂုံသုံးပါးတို့ဖြင့် ရှင်ရဟန်းအဖြစ် ခွင့်ပြုတော်မူခြင်း ပြီး၏။

---

## ၁၀–မာရ်နတ်အကြောင်း ဒုတိယပိုင်း

၃၅။ ထိုအခါ မြတ်စွာဘုရားသည် ဝါကျွတ်ပြီးသော် ရဟန်းတို့ကို—

“ရဟန်းတို့ ငါဘုရားသည် အသင့်အားဖြင့် နှလုံးသွင်းခြင်းကြောင့် အသင့်အားဖြင့် ကောင်းစွာ အားထုတ်ခြင်းကြောင့် အတုမရှိမြတ်သော အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီ၊ အတုမရှိမြတ်သော အရဟတ္တဖိုလ်ကို မျက်မှောက် ပြုအပ်ပြီ။

ရဟန်းတို့ သင်တို့သည်လည်း အသင့်အားဖြင့် နှလုံးသွင်းခြင်း အသင့်အားဖြင့် ကောင်းစွာ အားထုတ်ခြင်းဖြင့် အတုမရှိမြတ်သော အရဟတ္တဖိုလ်သို့ ရောက်ကြကုန်လော့၊ အတုမရှိမြတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြကုန်လော့” ဟု မိန့်တော်မူ၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ဂါထာဖြင့် ဆို၏။

“သင့်ကို နတ်လူ၌ဖြစ်သော ကျော့ကွင်းအားလုံးတို့ဖြင့် နှောင်ဖွဲ့အပ်၏၊ ကြီးစွာသော နှောင်ဖွဲ့ခြင်းဖြင့် နှောင်ဖွဲ့အပ်၏။ ရဟန်း (သင်သည်) အကျွန်ုပ်နိုင်ငံမှ မလွတ်နိုင်” ဟု (ဆို၏)။

ဟယ် မာရ်နတ်ယုတ် ငါဘုရားသည် နတ်လူ၌ဖြစ်ကုန်သော (ကိလေသာ) ကျော့ကွင်းအားလုံးတို့မှ လွတ်မြောက်ပြီ၊ ကြီးစွာသော အနှောင်အဖွဲ့မှ လွတ်မြောက်ပြီ၊ ဟယ် မာရ်နတ်ယုတ် သင်ကား ရှုံးလေပြီ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ယုတ်မာသော မာရ်နတ်သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏" ဟု ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင် ကွယ်လေ၏။

မာရ်နတ်အကြောင်း ဒုတိယပိုင်း ပြီး၏။

---

## ၁၁-ဘဒ္ဒဝဂ္ဂီ သူငယ်ချင်းသုံးကျိပ်ဝတ္ထု

၃၆။ ထိုအခါ မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ မွေ့လျော်တော်မူသရွေ့ နေတော်မူပြီးလျှင် ဥရုဝေလသို့ ဒေသစာရီ ကြွချီတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် လမ်းမှ ဖဲ၍ တောအုပ်တခုသို့ ဝင်လျက် တခုသော သစ်ပင်ရင်း၌ ထိုင်တော်မူ၏။

ထိုအခါ ဘဒ္ဒဝဂ္ဂီသူငယ်ချင်း(မင်းသား)သုံးကျိပ်တို့သည် မယားတို့နှင့် အတူ ထိုတောအုပ်၌ ပင်လျှင် ပျော်ပါးနေကြကုန်၏၊ မယားမရှိသူ တယောက်အတွက် ပြည့်တန်ဆာမကို ခေါ်ဆောင်ခဲ့ရ၏၊ ထိုပြည့်တန်ဆာမသည် ထိုသူတို့ မေ့လျော့ပျော်ပါးကြကုန်စဉ် ဥစ္စာကိုယူ၍ ထွက်ပြေးလေ၏။

ထိုသို့ပြေးသောအခါ သူငယ်ချင်းတို့သည် သူငယ်ချင်းဖြစ်သူ၏ ကိစ္စကို ဆောင်ရွက်သောအားဖြင့် ထိုမိန်းမကို ရှာကုန်လျက် ထိုတောအုပ်ထည်းသို့ လှည့်လည်ကုန်သည်ရှိသော် တခုသောသစ်ပင်ရင်း၌ ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် "အသျှင်ဘုရား မြတ်စွာဘုရားသည် မိန်းမတယောက်ကို မြင်မိပါသလော" ဟု လျှောက်ကုန်၏။

သူငယ်တို့ သင်တို့သည် မိန်းမကို အဘယ့်ကြောင့် မေးကုန်သနည်း ဟု (မေးတော်မူရာ)—

အသျှင်ဘုရား ယခုအကျွန်ုပ်တို့ဘဒ္ဒဝဂ္ဂီသူငယ်ချင်း သုံးကျိပ်တို့သည် မိမိတို့မယားများနှင့်အတူ ဤတောအုပ်၌ မွေ့လျော်ပျော်ပါးနေခဲ့ကြကုန်၏၊ မယားမရှိသူ တယောက်အတွက် ပြည့်တန်ဆာမကို ခေါ်ဆောင်ခဲ့ပါသည်၊ ထိုအခါ ထိုပြည့်တန်ဆာမသည် အကျွန်ုပ်တို့ မေ့လျော့ ပျော်ပါးကုန်စဉ် ဥစ္စာကိုယူ၍ ထွက်ပြေးပါသည်၊ အသျှင်ဘုရား ထိုအကျွန်ုပ်တို့သည် သူငယ်ချင်းများဖြစ်ကုန်၍ သူငယ်ချင်းဖြစ်သူ၏ ကိစ္စကို ဆောင်ရွက်သောအားဖြင့် ထိုမိန်းမကို ရှာကြကုန်လျက် ဤတောအုပ်၌ လှည့်လည်ကြပါသည် ဟု (လျှောက်ကြကုန်၏)။

သူငယ်တို့ ငါဘုရား မိန့်ဆိုလတ္တံ့သောစကားကို သင်တို့ အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ မိန်းမကို ရှာခြင်း မိမိကိုယ်ကို ရှာခြင်းတို့တွင် အဘယ်ရှာခြင်းသည် သင်တို့အတွက် မြတ်သနည်း ဟု (မေးတော်မူရာ)—

မိမိကိုယ်ကို ရှာခြင်းသည်သာလျှင် အကျွန်ုပ်တို့အတွက် မြတ်ပါသည် အသျှင်ဘုရား ဟု (လျှောက်ကြကုန်၏)။

မင်းသားတို့ သို့ဖြစ်လျှင် သင်တို့ ထိုင်ကုန်လော့၊ သင်တို့အား ငါတရားဟောအံ့ ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု ဝန်ခံကြပြီးလျှင် ဘဒ္ဒဝဂ္ဂီသူငယ်ချင်း(မင်းသား)တို့သည် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ တခုသောနေရာ၌ ထိုင်ကုန်၏။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ထို ဘဒ္ဒဝဂ္ဂီ (မင်းသား) တို့အား အစဉ်အတိုင်းဖြစ်သော တရားစကားကို ဟောတော်မူ၏၊ ဤသည်တို့ကား အဘယ်နည်း၊ ဒါနနှင့်စပ်သောစကား သီလနှင့်စပ်သောစကား နတ်ပြည်နှင့်စပ်သောစကား ကာမဂုဏ်တို့၏အပြစ် ယုတ်ညံ့ခြင်း ညစ်ညူးခြင်း (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးတို့ကို ပြတော်မူ၏။

မြတ်စွာဘုရားသည် ထို ဘဒ္ဒဝဂ္ဂီ (မင်းသား)တို့၌ ခံ့သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ' ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော် သိမြင်အပ်သော 'သာမုက္ကံသိက' တရားဒေသနာတော်ဖြစ်သော ဆင်းရဲ 'ဒုက္ခသစ္စာ' ကို၎င်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယသစ္စာ' ကို၎င်း ဆင်းရဲချုပ်ရာ 'နိရောဓသစ္စာ' ကို၎င်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ် 'မဂ္ဂသစ္စာ' ကို၎င်း ပြတော်မူ၏။

မည်းညစ်ခြင်းကင်း၍ ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ထိုဘဒ္ဒဝဂ္ဂီ(မင်းသား)တို့အား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏" ဟု (ကိလေသာ) မြူအညစ်အကြေးမှ ကင်းသော တရားမျက်စိ 'သောတာပတ္တိ မဂ်ဉာဏ်' သည် ဖြစ်ပေါ်၏။

ထိုဘဒ္ဒဝဂ္ဂီ(မင်းသား)တို့သည် တရားကို မြင်ပြီးကုန်သည်ဖြစ်၍ တရားသို့ ရောက်ပြီးကုန်သည်ဖြစ်၍ တရားကို သိပြီးကုန်သည်ဖြစ်၍ တရားသို့ သက်ဝင်ပြီးကုန်သည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးကုန်သည်ဖြစ်၍ သို့လော သို့လော (တွေးတောခြင်း) ကင်းပြီးကုန်သည်ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်ပြီးကုန်သည်ဖြစ်၍ ဘုရားမှ တပါး ကိုးစားထိုက်သူ မရှိကုန်သည်ဖြစ်၍ "အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရား အထံတော်၌ ရှင်အဖြစ်ကို ရလိုပါကုန်၏၊ ရဟန်းအဖြစ်ကို ရလိုပါကုန်၏" ဟု လျှောက်ကုန်၏။

"ရဟန်းတို့ လာကုန်လော့" "တရားကို ကောင်းစွာ ဟောအပ်၏၊ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာကျင့်ကုန်လော့" ဟု မိန့်တော်မူ၏။ ထိုစကားတော်သည်ပင်လျှင် ထိုအသျှင်တို့၏ ပဉ္စင်းအဖြစ် ပြီးလေ၏။

ဘဒ္ဒဝဂ္ဂီ သူငယ်ချင်းသုံးကျိပ်ဝတ္ထု ပြီး၏။

ဒုတိယခန်းတည်း။

---

## ၁၂-ဥရုဝေလကဿပ ချွတ်တော်မူခန်း

၃၇။ ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူသော် ဥရုဝေလသို့ ကောင်းစွာ ရောက်တော်မူ၏။ ထိုအခါ ဥရုဝေလ၌ ဥရုဝေလကဿပ နဒီကဿပ ဂယာကဿပဟူသော ရသေ့ သုံးယောက်တို့သည် နေကုန်၏၊ ထိုရသေ့တို့တွင် ဥရုဝေလကဿပရသေ့သည် ငါးရာသောရသေ့တို့၏ ခေါင်းဆောင် လမ်းပြ ဆုံးမတတ်သူဖြစ်၍ အထွတ်အထိပ် အကြီးအမှူး ဖြစ်၏။

နဒီကဿပရသေ့သည် သုံးရာသောရသေ့တို့၏ ခေါင်းဆောင် လမ်းပြ ဆုံးမတတ်သူဖြစ်၍ အထွတ်အထိပ် အကြီးအမှူးဖြစ်၏။

http://www.dhammadownload.com



ဂယာကဿပရသေ့သည် နှစ်ရာသော ရသေ့တို့၏ ခေါင်းဆောင် လမ်းပြ ဆုံးမတတ်သူဖြစ်၍ အထွတ်အထိပ် အကြီးအမှူးဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့၏ သစ်မြိမ်းကျောင်းသို့ ချဉ်းကပ်ပြီးလျှင် ဥရုဝေလကဿပရသေ့ကို "ကဿပ အကယ်၍ သင့်အား ဝန်မလေးမူ မီးတင်းကုပ်၌ တညဉ့်မျှ နေလို၏" ဟု မိန့်တော်မူ၏။

ရဟန်းကြီး ငါ့အား ဝန်မလေးပါ၊ ဤမီးတင်းကုပ်၌ ကြမ်းတမ်း၍ တန်ခိုးကြီးမားသော လျှင်မြန် ပြင်းထန်သော အဆိပ်ရှိသော နဂါးမင်းသည် ရှိ၏၊ ထိုနဂါးမင်းသည် သင့်ကို မညှဉ်းဆဲစေလင့် ဟု (ဆို၏)။

နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့ကို "ကဿပ အကယ်၍ သင့်အား ဝန်မလေးမူ မီးတင်းကုပ်၌ တညဉ့်မျှ နေလို၏" ဟု မိန့်တော်မူ၏။ ရဟန်းကြီး ငါ့အား ဝန်မလေးပါ၊ ဤမီးတင်းကုပ်၌ ကြမ်းတမ်း၍ တန်ခိုးကြီးမားသော လျှင်မြန် ပြင်းထန်သော အဆိပ်ရှိသော နဂါးမင်းသည် ရှိ၏၊ ထိုနဂါးမင်းသည် သင့်ကို မညှဉ်းဆဲစေလင့် ဟု (ဆို၏)။

သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့ကို "ကဿပ အကယ်၍ သင့်အား ဝန်မလေးမူ မီးတင်းကုပ်၌ တညဉ့်မျှနေလို၏" ဟု မိန့်တော်မူ၏။ ရဟန်းကြီး ငါ့အား ဝန်မလေးပါ၊ ဤမီးတင်းကုပ်၌ ကြမ်းတမ်း၍ တန်ခိုးကြီးမားသော လျှင်မြန် ပြင်းထန်သော အဆိပ်ရှိသော နဂါးမင်းသည် ရှိ၏၊ ထိုနဂါးမင်းသည် သင့်ကို မညှဉ်းဆဲစေလင့် ဟု (ဆို၏)။

ငါ့ကို မညှဉ်းဆဲနိုင်ရာ၊ ကဿပ သင်သည် မီးတင်းကုပ်ကို ခွင့်ပြုလော့ ဟု (မိန့်တော်မူ၏)။

ရဟန်းကြီး ချမ်းသာသလို နေပါလော့ ဟု (ဆို၏)။

ထိုအခါ မြတ်စွာဘုရားသည် မီးတင်းကုပ်သို့ ဝင်၍ မြက်အခင်းကို ခင်းကာ ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ (ကမ္မဋ္ဌာန်းသို့) ရှေးရှုသတိကို ဖြစ်စေလျက် ထိုင်တော်မူ၏။

၃၈။ ထိုနဂါးသည် မြတ်စွာဘုရား ဝင်လာတော်မူသည်ကို မြင်လေသော် နှလုံးမသာသဖြင့် အခိုးလွှတ်၏။

ထိုအခါ မြတ်စွာဘုရားအား "ငါသည် နဂါး၏ အရေပါး အရေထူ အသား အကြော အရိုး ရိုးတွင်းခြင်ဆီတို့ကို မထိခိုက်စေမူ၍ ငါ၏တန်ခိုးဖြင့် နဂါး၏တန်ခိုးကို ကုန်ခမ်းစေရမူ ကောင်း၏" ဟု အကြံဖြစ်တော်မူ၏။ ထို့နောက် မြတ်စွာဘုရားသည် ထိုသို့သဘောရှိသော တန်ခိုးဖန်ဆင်းခြင်းကို ဖန်ဆင်း၍ အခိုးလွှတ်တော်မူ၏။ ထိုအခါ ထိုနဂါးသည် အမျက်ကို သည်းမခံနိုင်သည်ဖြစ်၍ အလျှံလွှတ်၏။ မြတ်စွာဘုရားသည်လည်း တေဇောကသိုဏ်းလျှင် အာရုံရှိသော စျာန်ကို ဝင်စားတော်မူ၍ အလျှံလွှတ်တော်မူ၏။ အလျှံနှင့်တကွ ဖြစ်ကုန်သော မီးနှစ်ခုတို့ တောက်လောင်သည်ရှိသော် မီးတင်းကုပ်သည် ထက်ဝန်းကျင် တောက်ပလျက် အလျှံနှင့်တကွ လောင်သကဲ့သို့ ဖြစ်လေ၏။

ထိုအခါ ရသေ့တို့သည် မီးတင်းကုပ်ကို ဝိုင်းကုန်၍ "အချင်းတို့ အလွန် အဆင်းလှသော ရဟန်းကြီးကို နဂါးသည် ညှဉ်းဆဲပြီ" ဟု ဆိုကုန်၏။

http://www.dhammadownload.com



ထို့နောက် မြတ်စွာဘုရားသည် ထိုညဉ့် လွန်သောအခါ၌ ထိုနဂါး၏ အရေပါး အရေထူ အသား အကြော အရိုး ရိုးတွင်းခြင်ဆီတို့ကို မထိခိုက်စေမူ၍ မိမိတန်ခိုးဖြင့် နဂါး၏ တန်ခိုးကို ကုန်ခန်းစေပြီး လျှင် သပိတ်၌ ထည့်၍ ဥရုဝေလကဿပရသေ့အား “ကဿပ ဤသည်ကား သင်၏ နဂါးတည်း၊ ငါ၏ တန်ခိုးဖြင့် ထိုနဂါး၏တန်ခိုးကို ကုန်စေအပ်ပြီ” ဟု ပြတော်မူ၏။

ထိုအခါ ဥရုဝေလကဿပရသေ့အား “ရဟန်းကြီးသည် စင်စစ် တန်ခိုးကြီး၏၊ အာနုဘော် ကြီး၏၊ ယင်းသို့ ကြမ်းတမ်း၍ တန်ခိုးကြီးမားသော လျှင်မြန် ပြင်းထန်သော အဆိပ်ရှိသော နဂါး၏ တန်ခိုးကို မိမိတန်ခိုးဖြင့် ကုန်စေနိုင်၏၊ သို့ရာတွင် ငါကဲ့သို့ ရဟန္တာကား မဟုတ်သည်သာတည်း” ဟု အကြံဖြစ်၏။

၃၉။ မြတ်စွာဘုရားသည် နေရဉ္စရာမြစ်၌ ဥရုဝေလကဿပရသေ့ကို ကဿပ အကယ်၍ သင့်အား ဝန်မလေးပါမူ ယနေ့တရက်မျှ မီးတင်းကုပ်၌ နေလို၏ ဟု မိန့်တော်မူ၏။

ရဟန်းကြီး အကျွန်ုပ် ဝန်မလေးပါ၊ သင့်ကို ချမ်းသာစေလို၍သာလျှင် ဤမီးတင်းကုပ်၌ ကြမ်းတမ်း၍ တန်ခိုးကြီးမားသော လျှင်မြန် ပြင်းထန်သော အဆိပ်ရှိသော နဂါးမင်းသည် သင် ရဟန်းကြီးကို မညှဉ်းဆဲပါစေလင့် ဟု တားမြစ်ပါ၏ ဟု (ဆို၏)။

ငါ့ကို မညှဉ်းဆဲနိုင်ရာ၊ သင်သည် မီးတင်းကုပ်ကိုသာ ခွင့်ပြုပါလော့ ဟု ဆို၍ (မီးတင်းကုပ် ကို) ပေးပြီ ဟု သိတော်မူလေသော် ကြောက်ခြင်းကို လွန်တော်မူပြီးသော မြတ်စွာဘုရား သည် မကြောက်မရွံ့ ဝင်တော်မူလေ၏။

မြွေနဂါးသည် မြတ်စွာဘုရား ဝင်လာတော်မူသည်ကို မြင်၍ နှလုံးမသာသဖြင့် အခိုးလွှတ်၏၊ ကောင်းသောစိတ် မနောက်ကျူသော စိတ် ရှိတော်မူသော (ဘုရားတည်းဟူသော) လူနဂါး သည်လည်း ထိုမီးတင်းကုပ်၌ အခိုးလွှတ်တော်မူ၏။

မြွေနဂါးသည်လည်း အမျက်ကို သည်းမခံနိုင်သည်ဖြစ်၍ မီးကဲ့သို့ အလျှံလွှတ်၏။ တေဇော ကသိုဏ်းလျှင် အာရုံရှိသော ဈာန်ကို ဝင်စားခြင်းတို့၌ လိမ္မာတော်မူသော (ဘုရားတည်းဟူ သော) လူနဂါးသည်လည်း ထိုမီးတင်းကုပ်၌ အလျှံ လွှတ်လေ၏။

အလျှံနှင့်တကွဖြစ်သော မီးနှစ်ခုတို့ တောက်ကုန်သည်ရှိသော် မီးတင်းကုပ်သည် ထက် ဝန်းကျင် တောက်ပလျက် အလျှံနှင့်တကွ လောင်သကဲ့သို့ ဖြစ်လေ၏၊ အနီးအနားရှိ ရသေ့ တို့သည် မီးတင်းကုပ်ကို ဝိုင်းကုန်၍ အချင်းတို့ အလွန်အဆင်းလှသော ရဟန်းကြီးကို နဂါးသည် ညှဉ်းဆဲလေပြီ ဟု ဆိုကုန်၏။

ထို့နောက် ထိုညဉ့်ကို လွန်သောအခါ နဂါး၏ အလျှံတို့သည် ပျောက်ကင်းကုန်၏၊ တန်ခိုး ကြီးတော်မူသော မြတ်စွာဘုရား၏ များစွာသော အဆင်းရှိသော အလျှံတို့သည်ကား တည် ကုန်၏။ ညိုကုန်သော နီကုန်သော မောင်းကုန်သော ရွှေကုန်သော ဖလ်အဆင်းရှိကုန်သော များစွာသော အဆင်းရှိကုန်သော အလျှံတို့သည် မြတ်စွာဘုရား၏ ကိုယ်တော်၌ ဖြစ်ကုန်၏။

မြွေနဂါးကို သပိတ်၌ ထည့်၍ ဥရုဝေလကဿပရသေ့အား ကဿပဤသည်ကား သင်၏ နဂါးတည်း၊ ငါ၏တန်ခိုးဖြင့် နဂါး၏ တန်ခိုးကို ကုန်စေအပ်ပြီ ဟု ပြတော်မူ၏။

http://www.dhammadownload.com



ထိုအခါ ဥရုဝေလကဿပရသေ့သည် မြတ်စွာဘုရားအား ဤတန်ခိုးပြခြင်းကြောင့် အလွန်ကြည်ညိုသည်ဖြစ်၍ "ရဟန်းကြီး ဤအရပ်၌သာလျှင် နေလော့၊ အကျွန်ုပ်သည် သင့်အား အမြဲ ဆွမ်းဝတ်ဖြင့် လုပ်ကျွေးအံ့" ဟု ဆို၏။

ရှေ့ဦးစွာသော တန်ခိုးပြာဋိဟာ ပြီး၏။

---

၄၀။ ထို့နောက် မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့၏ သစ်မ်းကျောင်းအနီး တခုသော တောအုပ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ နတ်မင်းကြီး လေးယောက်တို့သည် နှစ်လိုဖွယ်ရှိသော ညဉ့်(သန်ကောင်)၌ အလွန်နှစ်လိုဖွယ်ကောင်းသော အဆင်းရှိသည်ဖြစ်၍ အလုံးစုံသော တောအုပ်ကို အရောင်ဖြင့်လင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင်ကြီးစွာသော မီးပုံကြီးတို့ကဲ့သို့ အရပ်လေးမျက်နှာတို့၌ ရပ်တည်ကုန်၏။

ထိုအခါ ဥရုဝေလကဿပ ရသေ့သည် ထိုညဉ့်ကိုလွန်သောအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို "ရဟန်းကြီး အချိန်တန်ပြီ၊ ဆွမ်းပြင်ပြီးပြီ၊ ရဟန်းကြီး နှစ်လိုဖွယ်ရှိသော ညဉ့်အခါက အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍ ထက်ဝန်းကျင် အလုံးစုံသော တောအုပ်ကို အရောင်ဖြင့် လင်းစေလျက် သင်ရဟန်းကြီးထံသို့ ချဉ်းကပ်၍ သင်ရဟန်းကြီးကို ရှိခိုးပြီးလျှင် ကြီးစွာသော မီးပုံကြီးတို့ကဲ့သို့ အရပ်လေးမျက်နှာတို့၌ ရပ်တည်လာကုန်သော သူတို့ကား အဘယ်သူတို့နည်း" ဟု မေး၏။

ကဿပ ဤသူတို့ကား နတ်မင်းကြီးလေးယောက်တို့တည်း၊ ငါ့ထံသို့ တရားနာရန် ချဉ်းကပ်လာကုန်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဥရုဝေလကဿပ ရသေ့အား "ရဟန်းကြီးသည် တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ ယင်းသို့ နတ်မင်းကြီး လေးယောက်တို့ပင် သော်လည်း တရားနာရန် ချဉ်းကပ်ကုန်ဘိ၏၊ သို့ရာတွင် ငါကဲ့သို့ ရဟန္တာကား မဟုတ်သည်သာတည်း" ဟု အကြံဖြစ်၏။ ထို့နောက် မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့၏ ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုတောအုပ်၌ပင် သီတင်းသုံးနေတော်မူ၏။

နှစ်ခုမြောက်သော တန်ခိုးပြာဋိဟာ ပြီး၏။

---

၄၁။ ထို့နောက် နတ်တို့အရှင် သိကြားမင်းသည် နှစ်လိုဖွယ်သော ညဉ့်(သန်ကောင်)၌ အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍ ထက်ဝန်းကျင် အလုံးစုံသော တောအုပ်ကို အရောင်ဖြင့် လင်းစေလျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ရှေ့၌ဖြစ်သော အရောင်အဆင်းတို့ထက် အလွန်နှစ်သက်ဖွယ်ရှိသည့်ပြင် အထူးသဖြင့်လည်း မြတ်သည်ဖြစ်၍ ကြီးစွာသော မီးပုံကြီးကဲ့သို့ တခုသောနေရာ၌ ရပ်တည်လေ၏။

ထိုအခါ ဥရုဝေလကဿပ ရသေ့သည် ထိုညဉ့်ကိုလွန်သောအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို "ရဟန်းကြီး အချိန်တန်ပြီ၊ ဆွမ်းပြင်ပြီးပြီ၊ ရဟန်းကြီး နှစ်လိုဖွယ်ရှိသော ညဉ့်အခါ၌

http://www.dhammadownload.com



အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍ ထက်ဝန်းကျင် အလုံးစုံသော တောအုပ်ကို အရောင်ဖြင့် လင်းစေလျက် သင်ရဟန်းကြီးထံသို့ ချဉ်းကပ်၍ သင်ရဟန်းကြီးကို ရှိခိုးပြီးလျှင် ရှေ့၌ဖြစ်သော အရောင်အဆင်းတို့ထက် အလွန်နှစ်သက်ဖွယ်ရှိသည့်အပြင် အထူးသဖြင့်လည်း မြတ်သည်ဖြစ်၍ ကြီးစွာသော မီးပုံကြီးကဲ့သို့ တခုသောနေရာ၌ ရပ်တည်လာသော သူကား အဘယ်သူနည်း" ဟုမေး၏။

ကဿပ ဤသူကား နတ်တို့အရှင် သိကြားမင်းတည်း၊ ငါ့ထံသို့ တရားနာရန် ချဉ်းကပ်လာ၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဥရုဝေလကဿပ ရသေ့အား "ရဟန်းကြီးသည် တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ ယင်းသို့ နတ်တို့အရှင် သိကြားမင်းပင်သော်လည်း တရားနာရန် ချဉ်းကပ်ဘိ၏၊ သို့ရာတွင် ငါကဲ့သို့ ရဟန္တာ ကား မဟုတ်သည်သာတည်း" ဟု အကြံဖြစ်၏။ ထို့နောက် မြတ်စွာဘုရားသည် ဥရုဝေလကဿပ ရသေ့၏ ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုတောအုပ်၌ပင် သီတင်းသုံးနေတော်မူ၏။

သုံးခုမြောက်သော တန်ခိုးပြာဋိဟာ ပြီး၏။

---

၄၂။ ထို့နောက် သဟမ္ပတိဗြဟ္မာသည် နှစ်လိုဖွယ်ရှိသော ညဉ့်(သန်ကောင်)၌ အလွန်နှစ်လိုဖွယ် သော အဆင်းရှိသည်ဖြစ်၍ ထက်ဝန်းကျင်အလုံးစုံသော တောအုပ်ကို အရောင်ဖြင့် လင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ရှေ့၌ဖြစ်သော အရောင်အဆင်းတို့ ထက် အလွန်နှစ်လိုဖွယ် ရှိသည့်ပြင် အထူးသဖြင့်လည်း မြတ်သည်ဖြစ်၍ ကြီးစွာသော မီးပုံကြီးကဲ့သို့ တခုသောနေရာ၌ ရပ်တည်၏။

ထိုအခါ ဥရုဝေလကဿပ ရသေ့သည် ထိုညဉ့်ကို လွန်သောအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို "ရဟန်းကြီး အချိန်တန်ပြီ၊ ဆွမ်းပြင်ပြီးပြီ၊ ရဟန်းကြီး ညဉ့်ဦးယာမ်လွန်ပြီးသော ညဉ့် (သန်ကောင်) ၌ အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍ ထက်ဝန်းကျင်အလုံးစုံသော တောအုပ်ကို အရောင်ဖြင့် လင်းစေလျက် သင်ရဟန်းကြီးထံသို့ ချဉ်းကပ်၍ သင်ရဟန်းကြီးကို ရှိခိုး ပြီးလျှင် ရှေ့၌ဖြစ်သော အရောင်အဆင်းတို့ထက် အလွန်နှစ်လိုဖွယ် ရှိသည့်အပြင် အထူးသဖြင့်လည်း မြတ်သည်ဖြစ်၍ ကြီးစွာသော မီးပုံကြီးကဲ့သို့ တခုသောနေရာ၌ ရပ်တည်လာသော သူကား အဘယ် သူနည်း" ဟု မေး၏။

ကဿပ ဤသူကား သဟမ္ပတိဗြဟ္မာတည်း၊ ငါ့ထံသို့ တရားနာရန် ချဉ်းကပ်လာ၏ ဟု (မိန့်တော် မူ၏)။

ထိုအခါ ဥရုဝေလကဿပရသေ့အား "ရဟန်းကြီးသည် တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ ယင်းသို့ သဟမ္ပတိဗြဟ္မာကြီးပင်သော်လည်း တရားနာရန် ချဉ်းကပ်ဘိ၏၊ သို့ရာတွင် ငါကဲ့သို့ ရဟန္တာကား မဟုတ်သည်သာတည်း" ဟု အကြံဖြစ်၏။ ထို့နောက် မြတ်စွာဘုရားသည် ဥရုဝေလကဿပ ရသေ့၏ ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုတောအုပ်၌ပင် သီတင်းသုံးနေတော်မူ၏။

လေးခုမြောက်သော တန်ခိုးပြာဋိဟာ ပြီး၏။

http://www.dhammadownload.com



၄၃။ ထိုအခါ ဥရုဝေလကဿပရသေ့အား ကြီးစွာသော ပူဇော်ပွဲသည် ဖြစ်ပေါ်လာ၏၊ ထက်ဝန်းကျင် အလုံးစုံသော အင်္ဂတိုင်း မဂဓတိုင်း၌ နေသူတို့သည် များစွာသော ခဲဖွယ်ဘောဇဉ်တို့ကို ယူ၍ လာလိုကုန်၏။ ထိုအခါ ဥရုဝေလကဿပ ရသေ့အား "ယခုအခါ ငါ့အား ကြီးစွာသော ပူဇော်ပွဲသည် ဖြစ်ပေါ်လာ၏၊ ထက်ဝန်းကျင် အလုံးစုံသော အင်္ဂတိုင်း မဂဓတိုင်း၌ နေသူတို့သည် များစွာသော ခဲဖွယ် ဘောဇဉ်တို့ကို ယူ၍ လာကုန်လတ္တံ့ ၊ အကယ်၍ ရဟန်းကြီးသည် များစွာသော လူတို့အလယ်၌ တန်ခိုးဖန်ဆင်းခြင်းကို ပြုငြားအံ့၊ရဟန်းကြီးအား လာဘ်ပူဇော်သကာ တိုးပွါးလတ္တံ့ ၊ ငါ့အားလာဘ်ပူဇော်သကာ ဆုတ်ယုတ်လတ္တံ့ ၊ ရဟန်းကြီးသည် နက်ဖြန်မလာမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလကဿပ ရသေ့၏စိတ်အကြံကို ကိုယ်တော်၏စိတ်ဖြင့်သိ၍ မြောက်ကျွန်းသို့ ကြွတော်မူကာ ထိုမြောက်ကျွန်းမှ ဆွမ်းကို ဆောင်ယူ၍ အနုဝတတ် ရေအိုင်နား၌ ဘုဉ်းပေးတော်မူပြီးလျှင် ထိုအနုဝတတ်ရေအိုင်နား၌ပင် နေ့သန့်စင်တော်မူ၏။

ထိုအခါ ဥရုဝေလကဿပရသေ့သည် ထိုညဉ့်ကို လွန်သောအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို "ရဟန်းကြီး အချိန်တန်ပြီ၊ ဆွမ်းပြင်ပြီးပြီ၊ ရဟန်းကြီး ယမန်နေ့က အဘယ့်ကြောင့် မလာသနည်း၊ စင်စစ်သော်ကား အကျွန်ုပ်တို့သည် 'သင် ရဟန်းကြီးသည် အဘယ့်ကြောင့် မလာပါသနည်း' ဟု အောက်မေ့မိကုန်၏၊ သင့်အဘို့ ခဲဖွယ်ဘောဇဉ်ကို ချန်ထား၏" ဟု ဆို၏။

ကဿပ သင့်အား ဤသို့ အကြံဖြစ်သည် မဟုတ်လော "ယခုငါ့အား ကြီးစွာသော ပူဇော်ပွဲသည် ဖြစ်ပေါ်လာ၏၊ ထက်ဝန်းကျင် အလုံးစုံသော အင်္ဂတိုင်း မဂဓတိုင်း၌ နေသူတို့သည် များစွာသော ခဲဖွယ်ဘောဇဉ်တို့ကို ယူ၍ လာကုန်လတ္တံ့၊ အကယ်၍ ရဟန်းကြီးသည် များစွာသော လူတို့အလယ်၌ တန်ခိုးဖန်ဆင်းခြင်းကို ပြုငြားအံ့၊ ရဟန်းကြီးအား လာဘ်ပူဇော်သကာ တိုးပွါးလတ္တံ့ ၊ ငါ့အား လာဘ် ပူဇော်သကာ ဆုတ်ယုတ်လတ္တံ့ ၊ ရဟန်းကြီးသည် နက်ဖြန် မလာမူ ကောင်းလေစွ" ဟု အကြံ ဖြစ်သည် မဟုတ်လော။ ကဿပ ငါသည် သင်၏ စိတ်အကြံကို ငါ၏စိတ်ဖြင့်သိ၍ မြောက်ကျွန်းသို့ ကြွကာ ထိုကျွန်းမှ ဆွမ်းကို ဆောင်၍ အနုဝတတ် ရေအိုင်အနား၌ ဘုဉ်းပေးပြီးလျှင် ထိုအနုဝတတ် ရေအိုင်အနား၌ပင် နေ့သန့်စင်၏ ဟု (မိန့်တော်မူ၏) ။

ထိုအခါ ဥရုဝေလကဿပရသေ့အား "ရဟန်းကြီးသည် တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ ယင်းသို့ မိမိစိတ်ဖြင့် သူတပါး၏စိတ်ကိုပင်သော်လည်း သိနိုင်ပေ၏၊ သို့ရာတွင် ငါကဲ့သို့ ရဟန္တာကား မဟုတ်သည်သာတည်း" ဟု အကြံဖြစ်လေ၏။ထို့နောက် မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့၏ ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုတောအုပ်၌ပင် နေတော်မူ၏။

ငါးခုမြောက်သော တန်ခိုးပြာဋိဟာ ပြီး၏။

---

၄၄။ အခါတပါး၌ မြတ်စွာဘုရားအား ပံသုကူ သင်္ကန်းလျာ ဖြစ်ပေါ်လာ၏။ ထိုအခါ မြတ်စွာ ဘုရားအား "အဘယ်အရပ်၌ ငါသည် ပံသုကူသင်္ကန်းလျာကို ဖွပ်လျှော်ရပါအံ့နည်း" ဟု အကြံ ဖြစ်တော်မူ၏။ ထိုအခါ သိကြားမင်းသည် မြတ်စွာဘုရား၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ လက်ဖြင့်

http://www.dhammadownload.com



ရေကန်ကို တူးကာ မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရားသည် ဤရေကန်၌ ပံသုကူ သင်္ကန်းလျှာကို ဖွပ်လျှော်တော်မူပါ" ဟု လျှောက်၏။

ထို့နောက် မြတ်စွာဘုရားအား "ငါသည် ပံသုကူသင်္ကန်းလျှာကို အဘယ်အရပ်၌ နယ်ရပါအံ့နည်း" ဟု အကြံဖြစ်တော်မူ၏။ ထိုအခါ သိကြားမင်းသည် မြတ်စွာဘုရား၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ "အသျှင်ဘုရား မြတ်စွာဘုရားသည် ဤကျောက်ဖျာကြီး၌ ပံသုကူသင်္ကန်းလျှာကို နယ်တော်မူပါ" ဟု ကြီးစွာသော ကျောက်ဖျာကို ချထားလေ၏။

ထို့နောက် မြတ်စွာဘုရားအား "ငါသည် ပံသုကူသင်္ကန်းလျှာကို အဘယ်အရပ်၌ ဆွဲ၍ ဖြန့်ရပါအံ့နည်း" ဟု အကြံဖြစ်တော်မူ၏။ ထိုအခါ ရေခံတက်ပင်စောင့်နတ်သည် မြတ်စွာဘုရား၏ စိတ်အကြံကို မိမိစိတ်ဖြင့်သိ၍ "အသျှင်ဘုရား မြတ်စွာဘုရားသည် ဤရေခံတက်ကိုင်း၌ ဆွဲ၍ ဖြန့်တော်မူပါ" ဟု ရေခံတက်ကိုင်းကို ညွတ်စေ၏။

ထို့နောက် မြတ်စွာဘုရားအား "ငါသည် အဘယ်အရပ်၌ ပံသုကူသင်္ကန်းလျှာကို ဖြေဖြန့်ရပါအံ့နည်း" ဟု အကြံဖြစ်တော်မူ၏။ ထိုအခါ သိကြားမင်းသည် မြတ်စွာဘုရား၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ "အသျှင်ဘုရား မြတ်စွာဘုရားသည် ဤကျောက်ဖျာကြီး၌ ပံသုကူသင်္ကန်းလျှာကို ဖြေဖြန့်တော်မူပါ" ဟု ကြီးစွာသော ကျောက်ဖျာကို ချထားလေ၏။

ထိုအခါ ဥရုဝေလကဿပရသေ့သည် ထိုညဉ့်ကိုလွန်သဖြင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို "ရဟန်းကြီး အချိန်တန်ပြီ၊ ဆွမ်းပြင်ပြီးပြီ၊ ရဟန်းကြီး ရှေးအခါက ဤအရပ်၌ ဤရေကန်မရှိ၊ ယခု ဤအရပ်၌ ထိုရေကန် အဘယ့်ကြောင့် ရှိပါသနည်း။

ရှေးအခါက ဤကျောက်ဖျာကြီးကို ချမထားပါ၊ ယခု ဤကျောက်ဖျာကြီးကို အဘယ်သူ ချထားသနည်း။

ရှေးအခါက ဤရေခံတက်ပင် အကိုင်းအခက်သည် မကိုင်းမညွတ်၊ ယခု ထိုရေခံတက်ပင်၏ အကိုင်းအခက်ကို အဘယ်သူ ကိုင်းညွတ်စေသနည်း" ဟု မေး၏။

ကဿပ ဤအရပ်၌ ငါ့အား ပံသုကူသင်္ကန်းလျာသည် ဖြစ်ပေါ်လာ၏၊ ကဿပ ငါ့အား "ငါသည် အဘယ်အရပ်၌ ပံသုကူသင်္ကန်းလျှာကို ဖွပ်လျှော်ရပါအံ့နည်း" ဟု အကြံဖြစ်၏။ ကဿပ ထိုအခါ သိကြားမင်းသည် ငါ၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ လက်ဖြင့် ရေကန်တူး၍ ငါ့ကို "အသျှင်ဘုရား မြတ်စွာဘုရားသည် ဤရေကန်၌ ပံသုကူ သင်္ကန်းလျှာကို ဖွပ်လျှော်တော်မူပါ" ဟု လျှောက်၏။ ထိုရေကန်ကို သိကြားမင်းသည် လက်ဖြင့် တူးအပ်၏။

ကဿပ ငါ့အား "ငါသည် ပံသုကူသင်္ကန်းလျှာကို အဘယ်အရပ်၌ နယ်ရပါအံ့နည်း" ဟု အကြံဖြစ်၏၊ ကဿပ ထိုအခါ သိကြားမင်းသည် ငါ၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ "အသျှင်ဘုရား မြတ်စွာဘုရားသည် ဤကျောက်ဖျာကြီး၌ ပံသုကူသင်္ကန်းလျှာကို နယ်တော်မူပါ" ဟု ကြီးစွာသော ကျောက်ဖျာကို ချထားလေ၏၊ ကဿပ ထိုကျောက်ဖျာကို သိကြားမင်းသည် ချထားအပ်၏။

ကဿပ ငါ့အား "ငါသည် ပံသုကူသင်္ကန်းလျှာကို အဘယ်အရပ်၌ ဆွဲ၍ ဖြန့်ရပါအံ့နည်း" ဟု အကြံဖြစ်၏၊ ကဿပ ထိုအခါ ရေခံတက်ပင်စောင့်နတ်သည် ငါ၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ "အသျှင်ဘုရား မြတ်စွာဘုရားသည် ဤရေခံတက်ကိုင်းကို ဆွဲ၍ ဖြန့်တော်မူပါ" ဟု ရေခံတက်ကိုင်းကို ကိုင်းညွတ်စေ၏၊ ထိုရေခံတက်ပင်သည် လက်၏အနီးသို့ ကိုင်းညွတ်၏။

http://www.dhammadownload.com



ကဿပ ငါ့အား "ငါသည် အဘယ်အရပ်၌ ပံသုကူသင်္ကန်းလျှော်ကို ဖြေဖြန့်ရပါအံ့နည်း" ဟု အကြံဖြစ်၏၊ ကဿပ ထိုအခါ သိကြားမင်းသည် ငါ၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ "အသျှင်ဘုရား မြတ်စွာဘုရားသည် ဤကျောက်ဖျာကြီး၌ ပံသုကူသင်္ကန်းလျှော်ကို ဖြေဖြန့်တော်မူပါ" ဟု ကြီးစွာသော ဤကျောက်ဖျာကို ချထားလေ၏၊ ထိုကျောက်ဖျာကို သိကြားမင်းသည် ချထားအပ်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဥရုဝေလကဿပရသေ့အား "ရဟန်းကြီးသည် တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ ယင်းသို့လျှင် နတ်တို့ကို အစိုးရသော သိကြားမင်းပင်သော်လည်း အမှုကြီးငယ်ကို ပြုဘိ၏၊ သို့ရာတွင် ငါကဲ့သို့ ရဟန္တာကား မဟုတ်သည်သာတည်း" ဟု အကြံဖြစ်၏။ ထို့နောက် မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့၏ ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုတောအုပ်၌ပင် နေတော်မူ၏။

ထိုအခါ ဥရုဝေလကဿပရသေ့သည် ထိုညဉ့်လွန်သောအခါ၌ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ "ရဟန်းကြီး အချိန်ဝန်ပြီ၊ ဆွမ်းပြင်ပြီးပြီ" ဟု မြတ်စွာဘုရားအား အချိန်တန်ကြောင်းကို ပြောကြား၏။

"ကဿပ သင်သွားနှင့်ချေ၊ ငါလာခဲ့အံ့" ဟု မိန့်တော်မူ၍ ဥရုဝေလကဿပရသေ့ကို လွှတ်လိုက်ပြီးလျှင် အကြင် ဇမ္ဗူသပြေပင်ကြောင့် ဇမ္ဗူဒိပ်ကျွန်းသည်ထင်ရှား၏၊ ထိုဇမ္ဗူသပြေပင်မှ အသီးကို ယူဆောင်ပြီးလျှင် ရှေးဦးစွာ လာလတ်၍ မီးတင်းကုပ်၌ ထိုင်နေတော်မူ၏။

ဥရုဝေလကဿပရသေ့သည် မီးတင်းကုပ်၌ ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်၍ မြတ်စွာဘုရားကို "ရဟန်းကြီး သင်သည် အဘယ်လမ်းခရီးဖြင့် လာသနည်း၊ အကျွန်ုပ်သည် သင်၏ ရှေဦးစွာ ပြန်လာခဲ့၏၊ သင်သည် ရှေဦးစွာရောက်၍ မီးတင်းကုပ်၌ ထိုင်နေ၏" ဟု ဆို၏။

ကဿပ ငါသည် သင့်ကို လွှတ်လိုက်၍ အကြင်ဇမ္ဗူသပြေပင်ကြောင့် ဇမ္ဗူဒိပ်ကျွန်းသည် ထင်ရှား၏၊ ထိုဇမ္ဗူသပြေပင်မှ အသီးကို ယူဆောင်ပြီးလျှင် ရှေဦးစွာရောက်၍ မီးတင်းကုပ်၌ ထိုင်နေ၏။

ကဿပ ဤဇမ္ဗူသပြေသီးသည် အဆင်းအနံ့အရသာနှင့် ပြည့်စုံ၏၊ အကယ်၍ အလိုရှိလျှင် သုံးဆောင်လော့ ဟု မိန့်တော်မူ၏။ ရဟန်းကြီး တန်ပြီ၊ ထိုအသီးကား သင့်အားသာလျှင် ထိုက်တန်၏၊ သင်သည်သာလျှင် ထိုအသီးကို သုံးဆောင်လော့ ဟု ဆို၏။ ထို့နောက် ဥရုဝေလကဿပရသေ့အား "ရဟန်းကြီးသည် တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ ယင်းသို့လျှင် ရဟန်းကြီးသည် ငါ့ကိုရှေဦးစွာ လွှတ်လိုက်၍ အကြင် ဇမ္ဗူသပြေပင်ကြောင့် ဇမ္ဗူဒိပ်ကျွန်းသည် ထင်ရှား၏၊ ထိုဇမ္ဗူသပြေပင်မှ အသီးကိုယူပြီးလျှင် ရှေဦးစွာ ရောက်၍ မီးတင်းကုပ်၌ ထိုင်နေဘိ၏၊ သို့ရာတွင် ငါကဲ့သို့ ရဟန္တာကား မဟုတ်သည်သာတည်း" ဟု အကြံဖြစ်၏။ ထို့နောက် မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့၏ ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုတောအုပ်၌ပင် နေတော်မူ၏။

၄၅။ ထို့နောက် ဥရုဝေလကဿပရသေ့သည် ထိုညဉ့်လွန်သောအခါ၌ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ "ရဟန်းကြီး အချိန်တန်ပြီ၊ ဆွမ်းပြင်ပြီးပြီ" ဟု မြတ်စွာဘုရားအား အချိန်တန်ကြောင်းကို ပြောကြား၏။ "ကဿပ သင်သွားနှင့် ချေ၊ ငါလာခဲ့အံ့" ဟု မိန့်တော်မူ၍ ဥရုဝေလကဿပရသေ့ကို လွှတ်လိုက်ပြီးလျှင် အကြင် ဇမ္ဗူသပြေပင်ကြောင့် ဇမ္ဗူဒိပ်ကျွန်းသည် ထင်ရှား၏၊ ထိုဇမ္ဗူသပြေပင်၏အနီး၌ သရက်ပင် ရှိ၏။ပ။

http://www.dhammadownload.com



ထိုဇမ္ဗူ့သပြေပင်၏ အနီး၌ သျှိသျှားပင် ရှိ၏။ပ။

ထိုဇမ္ဗူ့သပြေပင်၏ အနီး၌ ဖန်ခါးပင်ရှိ၏။ပ။

တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၍ ပင်လယ်ကသစ်ပွင့်ကို ယူဆောင်ပြီးလျှင် ရှေးဦးစွာ ရောက်၍ မီးတင်းကုပ်၌ ထိုင်နေတော်မူ၏။ ဥရုဝေလကဿပရသေ့သည် မီးတင်းကုပ်၌ ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်၍ မြတ်စွာဘုရားကို "ရဟန်းကြီး သင်သည် အဘယ်လမ်းခရီးဖြင့် လာသနည်း၊ ငါသည် သင်၏ ရှေးဦးစွာ ပြန်လာခဲ့၏၊ သင်သည် ရှေးဦးစွာ ရောက်၍ မီးတင်းကုပ်၌ ထိုင်နေ၏" ဟု ဆို၏။

ကဿပ ငါသည် သင့်ကို လွှတ်လိုက်၍ တာဝတိံသာ နတ်ပြည်သို့ သွား၍ ပင်လယ်ကသစ်ပွင့်ကို ယူဆောင်ပြီးလျှင် ရှေးဦးစွာရောက်၍ မီးတင်းကုပ်၌ ထိုင်နေ၏။

ကဿပ ဤပင်လယ်ကသစ်ပွင့်သည် အဆင်းနှင့် ပြည့်စုံ၏၊အနံ့ကောင်း၏၊အာကာယ်၍ အလိုရှိလျှင် ယူလော့ ဟု (မိန့်တော်မူ၏)။

ရဟန်းကြီး တန်ပြီ၊ သင့်အားသာလျှင် ထိုက်တန်၏၊ သင်သည်သာလျှင် ထိုပင်လယ်ကသစ်ပွင့်ကို ယူလော့ ဟု (ဆို၏)။

ထို့နောက် ဥရုဝေလကဿပရသေ့အား "ရဟန်းကြီးသည် တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ ယင်းသို့လျှင် ရဟန်းကြီးသည် ငါ့ကို ရှေးဦးစွာ လွှတ်လိုက်၍ တာဝတိံသာ နတ်ပြည်သို့ သွား၍ ပင်လယ်ကသစ်ပွင့်ကို ယူဆောင်ပြီးလျှင် ရှေးဦးစွာရောက်၍ မီးတင်းကုပ်၌ ထိုင်နေဘိ၏၊ သို့ရာတွင် ငါကဲ့သို့ ရဟန္တာကား မဟုတ်သည်သာတည်း" ဟု အကြံဖြစ်၏။

၄၆။ ထိုအခါ မီးကို လုပ်ကျွေးလိုသော ရသေ့တို့သည် ထင်းကို ခွဲခြင်းငှါ မတတ်နိုင်ကုန်။ ထိုအခါ၌ ထိုရသေ့တို့အား "မချွတ်ကေန် ရဟန်းကြီး၏ တန်ခိုးအာနုဘော်ဖြစ်လတ္တံ့၊ ယင်းတန်ခိုး အာနုဘော်ကြောင့် ငါတို့သည် ထင်းတို့ကို ခွဲခြင်းငှါ မတတ်နိုင်ကုန်" ဟု အကြံဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့ကို "ကဿပ ထင်းတို့ကို ကွဲစေလိုကုန်သလော" ဟု မိန့်တော်မူ၏။ ရဟန်းကြီး ကွဲစေလိုပါကုန်၏ ဟု (ဆို၏)။ ငါးရာသော ထင်းတို့သည် တကြိမ်တည်းသာလျှင် ကွဲကုန်၏။

ထို့နောက် ဥရုဝေလကဿပရသေ့အား "ရဟန်းကြီးသည် တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ ယင်းထင်းတို့ကိုသော်လည်း (တကြိမ်တည်း) ကွဲစေနိုင်ဘိ၏၊ (သို့ရာတွင်) ငါကဲ့သို့ ရဟန္တာကား မဟုတ်သည်သာတည်း" ဟု အကြံဖြစ်၏။

၄၇။ ထိုအခါ ထိုမီးကို လုပ်ကျွေးလိုသော ရသေ့တို့သည် မီးကို တောက်စေခြင်းငှါ 'စွဲညိစေခြင်းငှါ' မတတ်နိုင်ကုန်။ ထိုအခါ ထိုရသေ့တို့အား "မချွတ်ကေန် ရဟန်းကြီး၏ တန်ခိုးအာနုဘော် ဖြစ်လတ္တံ့၊ ယင်းတန်ခိုးအာနုဘော်ကြောင့် ငါတို့သည် မီးကို တောက်စေခြင်းငှါ 'စွဲညိစေခြင်းငှါ' မတတ်နိုင်ကုန်" ဟု အကြံ ဖြစ်၏။

ထို့နောက် မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့ကို "ကဿပ မီးတို့ကို တောက်စေလို 'စွဲညိစေလို' ကုန်သလော" ဟု မိန့်တော်မူ၏။ ရဟန်းကြီး တောက်စေလို 'စွဲညိစေလို' ကုန်၏ ဟု

http://www.dhammadownload.com



(ဆို၏)။ ငါးရာသော မီးတို့သည် (တပြိုင်နက်တည်းသာလျှင်) တောက် 'စွဲညို' ကုန်၏။ ထို့နောက် ဥရုဝေလကဿပရသေ့အား "ရဟန်းကြီးသည် တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ ယင်းမီးတို့ကိုသော် လည်း (တပြိုင်နက်တည်း) တောက်စေ 'စွဲညိုစေ' နိုင်ဘိ၏။ (သို့ရာတွင်) ငါကဲ့သို့ ရဟန္တာကား မဟုတ်သည်သာတည်း" ဟု အကြံဖြစ်၏။

၄၈။ ထိုအခါ ထိုရသေ့တို့သည် မီးကို လုပ်ကျွေးပြီးနောက် မီးကို ငြိမ်းစေခြင်းငှါမတတ်နိုင်ကုန်။ ထိုအခါ ထိုရသေ့တို့အား "မချွတ်ဧကန် ရဟန်းကြီး၏ တန်ခိုးအာနုဘော်ဖြစ်လတ္တံ့၊ ယင်းတန်ခိုး အာနုဘော်ကြောင့် ငါတို့သည် မီးကို ငြိမ်းစေခြင်းငှါ မတတ်နိုင်ကုန်" ဟု အကြံဖြစ်၏။

ထို့နောက် မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့ကို "ကဿပ မီးတို့ကို ငြိမ်းစေလိုကုန် သလော" ဟု မိန့်တော်မူ၏။ ရဟန်းကြီး ငြိမ်းစေလိုပါကုန်၏ ဟု (ဆို၏)။ ငါးရာသော မီးတို့သည် တပြိုင်နက်တည်းသာလျှင် ငြိမ်းကုန်၏။

ထို့နောက် ဥရုဝေလကဿပရသေ့အား "ရဟန်းကြီးသည် တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ ယင်းသို့ မီးတို့ကိုပင်သော်လည်း (တပြိုင်နက်တည်း) ငြိမ်းစေနိုင်ဘိ၏၊ (သို့ရာတွင်) ငါကဲ့သို့ ရဟန္တာကား မဟုတ်သည်သာတည်း" ဟု အကြံ ဖြစ်၏။

၄၉။ ထိုအခါ ထိုရသေ့တို့သည် ချမ်းအေးသော ဆောင်းဥတု အကြား ရှစ်ညဥ့်တို့၌ ဆီးနှင်း ကျသောအခါ နေရဉ္စရာမြစ်၌ ငုပ်လည်း ငုပ်ကုန်၏၊ပေါ်လည်း ပေါ်ကုန်၏၊ငုပ်ခြင်း ပေါ်ခြင်းကိုလည်း ပြုကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် မီးအိုးကင်းငါးရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုရသေ့တို့သည် ရေမှ တက်ကုန်၍ ယင်းသည့် မီးအိုးကင်းတို့၌ လှုံကုန်၏။ ထိုအခါ ရသေ့တို့အား "မချွတ်ဧကန် ရဟန်းကြီး၏ တန်ခိုးအာနုဘော်ဖြစ်လတ္တံ့၊ ယင်းသည့် တန်ခိုးအာနုဘော်ဖြင့် ဤမီးအိုးကင်းငါးရာတို့ကို ဖန်ဆင်း အပ်ကုန်၏" ဟု အကြံဖြစ်၏။

ထိုအခါ ဥရုဝေလကဿပရသေ့အား "ရဟန်းကြီးသည် တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ များစွာသော ယင်းသည့် မီးအိုးကင်းတို့ကို ဖန်ဆင်းနိုင်ဘိ၏၊ (သို့ရာတွင်) ငါကဲ့သို့ ရဟန္တာကား မဟုတ်သည်သာတည်း" ဟု အကြံဖြစ်လေ၏။

၅၀။ ထိုစဉ်အခါ၌ အခါမဲ့ မိုးကြီးသည် သည်းထန်စွာ ရွာသွန်း၏၊ ကြီးစွာသော ရေအယဉ် သည် ဖြစ်၏၊ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ အရပ်ကို ရေမလွှမ်းမိုးချေ၊ ထိုအခါ မြတ်စွာဘုရား အား "ငါသည် ထက်ဝန်းကျင်မှ ရေကို ဖယ်ရှား၍ မြူတထောင်းထောင်းထသော မြေပြင်အလယ်၌ စင်္ကြံ သွားရမူ ကောင်းလေစွ" ဟု အကြံ ဖြစ်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထက်ဝန်း ကျင်မှ ရေကို ဖယ်ရှား၍ မြူတထောင်းထောင်းထသော မြေပြင်အလယ်၌ စင်္ကြံ ကြွတော်မူ၏။

ထိုအခါ ဥရုဝေလကဿပရသေ့သည် "ရဟန်းကြီး ရေမမျောပါစေလင့်" ဟု လှေဖြင့် များစွာ သော ရသေ့တို့နှင့်အတူ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ အရပ်သို့ သွားလေ၏။

ဥရုဝေလကဿပရသေ့သည် ထက်ဝန်းကျင်မှ ရေကို ဖယ်ရှား၍ မြူတထောင်းထောင်းထသော မြေပြင်အလယ်၌ စင်္ကြံ ကြွတော်မူသော မြတ်စွာဘုရားကိုမြင်၍ "ရဟန်းကြီး ဤရပ်လျက်နေသော

http://www.dhammadownload.com



သူကား သင်ပင်လော” ဟု မေး၏။ “ကဿပ ဤရပ်လျက်နေသောသူကား ငါပင်တည်း” ဟု မိန့်တော်မူ၍ မြတ်စွာဘုရားသည် ကောင်းကင်သို့ ပျံတက်၍ လေ၌ တည်တော်မူ၏။

ထိုအခါ ဥရုဝေလကဿပရသေ့အား “ရဟန်းကြီးသည် တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ ယင်းသို့သော ရေသည်ပင်သော်လည်း မမျောစေနိုင်၊ (သို့ရာတွင်) ငါကဲ့သို့ ရဟန္တာကား မဟုတ်သည်သာတည်း” ဟု အကြံဖြစ်၏။

၄၁။ ထိုအခါ မြတ်စွာဘုရားအား “ဤအချည်းနှီးသော ယောကျ်ားအား ‘ရဟန်းကြီးသည် တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ (သို့ရာတွင်) ငါကဲ့သို့ ရဟန္တာကား မဟုတ်သည်သာတည်း’ ဟု အကြံဖြစ်နေသည်ကား ကြာမြင့်လှပေပြီ၊ ငါသည် ဤဥရုဝေလကဿပ ရသေ့ကို အကယ်၍ ထိတ်လန့်စေရမူ ကောင်းလေစွ” ဟု အကြံဖြစ်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ဥရုဝေလကဿပ ရသေ့ကို “ကဿပ သင်ကား ရဟန္တာလည်း မဟုတ်၊ အရဟတ္တမဂ်နှင့် ပြည့်စုံသူလည်း မဟုတ်၊ သင့်အား ရဟန္တာဖြစ်ရန်သော်၎င်း အရဟတ္တမဂ်နှင့် ပြည့်စုံရန်သော်၎င်း ဖြစ်နိုင်သော အကျင့်လည်း မရှိ” ဟု မိန့်တော်မူ၏။ ထိုအခါ ဥရုဝေလကဿပ ရသေ့သည် မြတ်စွာဘုရား၏ခြေတို့၌ ဦးခိုက်၍ မြတ်စွာဘုရားကို “အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားအထံတော်၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါ၏” ဟု လျှောက်၏။

ကဿပ သင်ကား ငါးရာသောရသေ့တို့၏ ခေါင်းဆောင်လမ်းပြ ဆုံးမတတ်သူဖြစ်၍ အထွတ်အထိပ် အကြီးအမှူးလည်းဖြစ်၏၊ ထိုရသေ့တို့ကိုလည်း ပန်ကြားဦးလော့၊ ထိုရသေ့တို့သည် ထင်မြင်သည့်အတိုင်း ပြုကြကုန်လတ္တံ့ ဟု (မိန့်တော်မူ၏)။

ထို့နောက် ဥရုဝေလကဿပ ရသေ့သည် ထိုရသေ့တို့ထံသို့ ချဉ်းကပ်၍ “ရသေ့တို့ ငါသည် ရဟန်းကြီးထံ၌ မြတ်သောအကျင့်ကို ကျင့်လို၏၊ အသျှင်ရသေ့တို့သည် ထင်မြင်သည့် အတိုင်း ပြုကုန်လော့” ဟု ပြောဆို၏။ အသျှင်ရသေ့ အကျွန်ုပ်တို့သည်ကား ရဟန်းကြီး၌ ကြည်ညိုခဲ့ကြသည်မှာ ကြာမြင့်ချေပြီ၊ အသျှင်ရသေ့သည် ရဟန်းကြီးထံ၌ မြတ်သောအကျင့်ကို အကယ်၍ ကျင့်ပါမူ အကျွန်ုပ်တို့အားလုံးပင် ရဟန်းကြီးထံ၌ မြတ်သောအကျင့်ကို ကျင့်ပါကုန်အံ့ ဟု (ပြောဆိုကုန်၏)။

ထိုအခါ ထိုရသေ့တို့သည် ဆံ ဆံကျစ် ပရိက္ခာရဆောင် ထမ်းပိုး မီးမွှေယောက်မ စသော ရသေ့အသုံးအဆောင်တို့ကို ရေ၌မျှောပြီးလျှင် မြတ်စွာဘုရား ရှိတော်မူရာသို့ ချဉ်းကပ်ကုန်၍ ခြေတော်တို့၌ ဦးခိုက်ကုန်လျက် “အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားထံတော်၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါကုန်၏” ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် “ရဟန်းတို့ လာကုန်လော့” “တရားကို ကောင်းစွာဟောအပ်၏၊ ပဋိဆင်းရဲ၏အဆုံးကို ပြုခြင်းငှါ မြတ်သော အကျင့်ကိုကောင်းစွာ ကျင့်ကုန်လော့” ဟု မိန့်တော်မူ၏။ ထိုစကားတော်သည်ပင်လျှင် ထိုအသျှင်တို့၏ ပဉ္စင်းအဖြစ် ပြီးလေ၏။

၄၂။ နဒီကဿပရသေ့သည် ရေ၌မျောလာသော ဆံ ဆံကျစ် ပရိက္ခာရဆောင်ထမ်းပိုး မီးမွှေယောက်မ စသော ရသေ့အသုံးအဆောင်တို့ကို မြင်လတ်သော် “ငါ၏နောင်တော်အား ဘေးရန် မဖြစ်ပါစေလင့်” ဟု (အကြံဖြစ်၍) “သွားကုန်လော့ ငါ့နောင်တော် (အကြောင်း)ကို သိအောင် ပြုကုန်လော့” ဟု ပြောဆို၍ ရသေ့တို့ကို စေလွှတ်လိုက်၏။

http://www.dhammadownload.com



မိမိကိုယ်တိုင်လည်း ရသေ့သုံးရာတို့နှင့်အတူ ဉရုဝေလကဿပထံသို့ ချဉ်းကပ်၍ အသျှင်ဉရုဝေလ ကဿပကို "ကဿပ ဤရဟန်းအဖြစ်သည် မြတ်ပါသလော" ဟု (ဆို၏)။ အိမ်းငါ့သျှင် ဤရဟန်း အဖြစ်သည် မြတ်ပါပေ၏ ဟု (ဆို၏)။

ထိုအခါ ထိုရသေ့တို့သည် ဆံ ဆံကျစ် ပရိက္ခရာဆောင် ထမ်းပိုး မီးမွှေယောက်မ စသော ရသေ့ အသုံးအဆောင်တို့ကို ရေ၌မျှောပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ခြေတော်တို့၌ ဦးခိုက်ကုန် လျက် "အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားထံတော်၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါ ကုန်၏" ဟု လျှောက်ကုန်၏။

မြတ်စွာဘုရားသည် "ရဟန်းတို့ လာကုန်လော့" "တရားကို ကောင်းစွာ ဟောအပ်၏၊ ဝဋ်ဆင်းရဲ ၏ အဆုံးကို ပြုခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာကျင့်ကုန်လော့" ဟု (မိန့်တော်မူ၏)။ ထို စကားတော်သည်ပင်လျှင် ထိုအသျှင်တို့၏ ပဉ္စင်း အဖြစ် ပြီးလေ၏။

၅၃။ ဂယာကဿပရသေ့သည် ရေ၌မျောလာသော ဆံ ဆံကျစ် ပရိက္ခရာဆောင် ထမ်းပိုး မီးမွှေ ယောက်မ စသော ရသေ့ အသုံးအဆောင်တို့ကို မြင်လတ်သော် "ငါ၏နောင်တော်တို့အား ဘေးရန် မဖြစ်ပါစေလင့်" ဟု (အကြံဖြစ်၍ )"သွားကုန်လော့ ငါ့နောင်တော်တို့ (အကြောင်း)ကို သိအောင် ပြုကုန်လော့" ဟု ပြောဆို၍ ရသေ့တို့ကို လွှတ်လိုက်၏။

မိမိကိုယ်တိုင်လည်း နှစ်ရာသောရသေ့တို့နှင့်အတူ အသျှင် ဉရုဝေလကဿပထံသို့ ချဉ်းကပ်၍ အသျှင်ဉရုဝေလကဿပကို "ကဿပ ဤရဟန်းအဖြစ်သည် မြတ်ပါ သလော" ဟု(ဆို၏)။ အိမ်း ငါ့သျှင် ဤရဟန်းအဖြစ်သည် မြတ်ပေ၏ ဟု (ဆို၏)။

ထိုအခါ ထိုရသေ့တို့သည် ဆံ ဆံကျစ် ပရိက္ခရာဆောင် ထမ်းပိုး မီးမွှေယောက်မ စသော ရသေ့ အသုံးအဆောင်တို့ကို ရေ၌မျှောပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ခြေတော်တို့၌ ဦးခိုက်ကုန် လျက် " အကျွန်ုပ်တို့သည် မြတ်စွာဘုရားထံတော်၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါ ကုန်၏" ဟု လျှောက်ကုန်၏။

မြတ်စွာဘုရားသည် "ရဟန်းတို့ လာကုန်လော့" "တရားကိုကောင်းစွာ ဟောအပ်၏၊ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာကျင့်ကုန်လော့" ဟု မိန့်တော်မူ၏။ ထိုစကားသည်ပင်လျှင် ထိုအသျှင်တို့၏ ပဉ္စင်းအဖြစ် ပြီးလေ၏။

မြတ်စွာဘုရား၏ အဓိဋ္ဌာန်တော်ကြောင့် ငါးရာသော ထင်းတို့သည် မကွဲကုန် (၅၀၀)။

ကွဲကုန်၏ (၅၀၀)

မီး မတောက်ကုန် (၅၀၀)

မီးတောက်ကုန်၏ (၅၀၀)

မီး မငြိမ်းနိုင်ကုန် (၅၀၀)

မီး ငြိမ်းကုန်၏ (၅၀၀)

ငါးရာသော မီး အိုးကင်းတို့ကို ဖန်ဆင်းတော်မူ၍ ဤသို့သော နည်းဖြင့် သုံးထောင် ငါးရာသော တန်ခိုးပြာဋိဟာတို့သည်ဖြစ်ကုန်၏။

ဉရုဝေလကဿပ ချွတ်တော်မူခဏ်း ပြီး၏။

http://www.dhammadownload.com



## အာဒိတ္တပရိယာယသုတ်

၅၄။ ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလတောအုပ်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် ဂယာသီသအရပ်သို့ အလုံးစုံသော ရသေ့ဟောင်းချည်း ဖြစ်ကုန်သော များစွာသော တထောင်သော ရဟန်းသံဃာနှင့်အတူ ကြွသွားတော်မူ၏။

မြတ်စွာဘုရားသည် ထိုဂယာရွာ၏အနီး ဂယာသီသ အရပ်၌ တထောင်သော ရဟန်းသံဃာနှင့်အတူ သီတင်းသုံးနေတော်မူ၏။ ထိုသို့ သီတင်းသုံးနေတော်မူသောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို—

"ရဟန်းတို့ အလုံးစုံသောတရားသည် ပြောင်ပြောင်တောက်လောင်၏၊ ရဟန်းတို့ အဘယ်မည်သော အလုံးစုံသောတရားသည် ပြောင်ပြောင်တောက်လောင်သနည်း၊ မျက်စိသည် ပြောင်ပြောင်တောက်လောင်၏၊ အဆင်းတို့သည် ပြောင်ပြောင်တောက်လောင်ကုန်၏၊ မျက်စိအသိသည် ပြောင်ပြောင် တောက်လောင်၏၊ မျက်စိအတွေ့သည် ပြောင်ပြောင်တောက်လောင်၏။

မျက်စိအတွေ့ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ချမ်းသာသော ခံစားမှုသည်ရှင်း ဆင်းရဲသော ခံစားမှုသည်ရှင်း မဆင်းရဲ မချမ်းသာသော ခံစားမှုသည်ရှင်း ပြောင်ပြောင်တောက်လောင်၏။

အဘယ်ဖြင့် ပြောင်ပြောင်တောက်လောင်သနည်း။စွဲမက်မှု 'ရာဂ' မီးဖြင့် အမျက်ထွက်မှု 'ဒေါသ' မီးဖြင့် တွေဝေမှု 'မောဟ' မီးဖြင့် ပြောင်ပြောင်တောက်လောင်၏၊ ပဋိသန္ဓေနေရခြင်း အိုရခြင်း သေရခြင်း ပူပန်ရခြင်း ငိုကြွေးရခြင်း ဆင်းရဲရခြင်း နှလုံးမသာရခြင်း ပြင်းစွာပူဆွေးရခြင်းတို့ဖြင့် ပြောင်ပြောင်တောက်လောင်၏ဟု ဟောတော်မူ၏။

နားသည် ပြောင်ပြောင် တောက်လောင်၏။
အသံတို့သည် ပြောင်ပြောင် တောက်လောင်ကုန်၏။ပ။
နှာခေါင်းသည် ပြောင်ပြောင် တောက်လောင်၏။
အနံ့တို့သည် ပြောင်ပြောင် တောက်လောင်ကုန်၏။ပ။
လျှာသည် ပြောင်ပြောင် တောက်လောင်၏။
အရသာတို့သည် ပြောင်ပြောင် တောက်လောင်ကုန်၏။ပ။
ကိုယ်သည် ပြောင်ပြောင် တောက်လောင်၏။
ကိုယ်အတွေ့တို့သည် ပြောင်ပြောင် တောက်လောင်ကုန်၏။ပ။
စိတ်သည် ပြောင်ပြောင် တောက်လောင်၏။
စိတ်၏ အာရုံတို့သည် ပြောင်ပြောင် တောက်လောင်ကုန်၏။
စိတ်အသိသည် ပြောင်ပြောင် တောက်လောင်၏။
စိတ်အတွေ့သည် ပြောင်ပြောင် တောက်လောင်၏။

စိတ်အတွေ့ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ချမ်းသာသော ခံစားမှုသည်ရှင်း ဆင်းရဲသော ခံစားမှုသည်ရှင်း မဆင်းရဲ မချမ်းသာသော ခံစားမှုသည်ရှင်း ပြောင်ပြောင် တောက်

http://www.dhammadownload.com



လောင်၏။ အဘယ်ဖြင့် ပြောင်ပြောင် တောက်လောင်သနည်း၊ စွဲမက်မှု 'ရာဂ'မီးဖြင့် အမျက်ထွက်မှု 'ဒေါသ' မီးဖြင့် တွေဝေမှု 'မောဟ' မီးဖြင့် ပြောင်ပြောင် တောက်လောင်၏၊ ပဋိသန္ဓေ နေရခြင်း အိုရခြင်း သေရခြင်း ပူပန်ရခြင်း ငိုကြွေးရခြင်း ဆင်းရဲရခြင်း နှလုံးမသာရခြင်း ပြင်းစွာ ပူဆွေးရခြင်းတို့ဖြင့် ပြောင်ပြောင် တောက်လောင်၏" ဟု ဟောတော်မူ၏။

ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်များသော ငါဘုရား၏ တပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏။

အဆင်းတို့၌လည်း ငြီးငွေ့၏။
မျက်စိ အသိ၌လည်း ငြီးငွေ့၏။
မျက်စိ အတွေ့၌လည်း ငြီးငွေ့၏။

မျက်စိအတွေ့ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ချမ်းသာသော ခံစားမှု၌ရင်း ဆင်းရဲသော ခံစားမှု၌ရင်း မဆင်းရဲ မချမ်းသာသော ခံစားမှု၌ရင်း ငြီးငွေ့၏။

နား၌လည်း ငြီးငွေ့၏။
အသံတို့၌လည်း ငြီးငွေ့၏။ပ။
နှာခေါင်း၌လည်း ငြီးငွေ့၏။
အနံ့တို့၌လည်း ငြီးငွေ့၏။ပ ။
လျှာ၌လည်း ငြီးငွေ့၏။
အရသာတို့၌လည်း ငြီးငွေ့၏။ပ။
ကိုယ်၌လည်း ငြီးငွေ့၏။
ကိုယ်အတွေ့၌လည်း ငြီးငွေ့၏။ပ။
စိတ်၌လည်း ငြီးငွေ့၏။
စိတ်၏ အာရုံတို့၌လည်း ငြီးငွေ့၏။
စိတ်အသိ၌လည်း ငြီးငွေ့၏။
စိတ်အတွေ့၌လည်း ငြီးငွေ့၏။

စိတ်အတွေ့ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ချမ်းသာသော ခံစားမှု၌ရင်း ဆင်းရဲသော ခံစားမှု၌ရင်း မဆင်းရဲ မချမ်းသာသော ခံစားမှု၌ရင်း ငြီးငွေ့၏၊ ငြီးငွေ့သော သူသည် (ငြီးငွေ့သည်ရှိသော်) မစွဲမက်၊ မစွဲမက်ခြင်းကြောင့် ကိလေသာမှ လွတ်၏၊ ကိလေသာမှ လွတ်ပြီးသော် ကိလေသာမှ လွတ်ပြီ ဟု အသိဉာဏ် ဖြစ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးအပ်ပြီ၊ မဂ်ကိစ္စကို ပြုအပ်ပြီ၊ ဤမဂ်ကိစ္စအကျိုးငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏။

ဤဂါထာမဖက် သက်သက်သော ဒေသနာတော်ကို ဟောတော်မူသည်ရှိသော် ထိုတထောင်သော ရဟန်းတော်တို့၏ စိတ်တို့သည် (တစုံတခုကိုမျှ) မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ကြလေကုန်သတည်း။

အာဒိတ္တပရိယာယသုတ် ပြီး၏။

**တတိယဘဏ်း ပြီး၏။**

http://www.dhammadownload.com



## ၁၃-ဗိမ္ဗိသာရမင်းနှင့် တွေ့ဆုံတော်မူခဏ်း

၅၅။ ထိုနောက် မြတ်စွာဘုရားသည် ဂယာသီသ (အရပ်) ၌ အလိုရှိသမျှ သီတင်းသုံး နေတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ အလုံးစုံ ရသေ့ဟောင်းချည်း ဖြစ်ကုန်သော တထောင်သော များစွာသော ရဟန်းသံဃာနှင့်အတူ ဒေသစာရီ ကြွချီတော်မူ၏။ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၏။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ထန်းတောဥယျာဉ် (အတွင်း) သုပ္ပတိဋ္ဌ ခေါ် (သူခပ်သိမ်းတို့ ပူဇော်ရာ) ပညောင်ပင်ကြီး၌ သီတင်းသုံး နေတော်မူ၏။

မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းသည် (ဤဆိုလတ္တံ့သော အတိုင်း) ကြားသိရလေပြီ။

"အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ရာဇဂြိုဟ်ပြည်သို့ ရောက်လာတော်မူ၍ ရာဇဂြိုဟ်ပြည် ထန်းတောဥယျာဉ် (အတွင်း) သုပ္ပတိဋ္ဌ ခေါ် (သူခပ်သိမ်းတို့ ပူဇော်ရာ) ပညောင်ပင်ကြီး၌ သီတင်းသုံး နေတော်မူ၏။

ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စော သတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏။

ထို မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း 'အရဟံ' မည်တော်မူ၏၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း 'သမ္မာသမ္ဗုဒ္ဓ' မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော် မူသော အကြောင်းကြောင့်လည်း 'ဝိဇ္ဇာစရဏသမ္ပန္န' မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း 'သုဂတ' မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း 'လောကဝိဒူ' မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ လွန်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း 'အနုတ္တရော ပုရိသဒမ္မသာရထိ' မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း 'သတ္ထာဒေဝမနုဿာနံ' မည်တော်မူ၏၊ သစ္စာလေးပါးတရားတို့ကို ကိုယ်တိုင်သိ၍ သူတပါးတို့ကို သိစေတော်မူသော အကြောင်းကြောင့်လည်း 'ဗုဒ္ဓ' မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း 'ဘဂဝါ' မည်တော်မူ၏' ဟု (ပြန့်နှံ့၍ထွက်၏)။

ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ် နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤသြကာသလောကကိုင်၄၊ သမဏ ဗြာဟ္မဏနှင့်တကွသော မင်းများလူများနှင့်တကွသော ဤသတ္တလောကကိုင်၄၊ ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသောအနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘော ရှိသော ရဟန္တာ (ပုဂ္ဂိုလ်)တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း" ဟု (ကြားသိရလေ၏)။

ဝိ-မြန် ၃-၄

http://www.dhammadownload.com



ထိုအခါ မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းသည် တသိန်းနှစ်သောင်း သော မဂဓတိုင်းသား ပုဏ္ဏားနှင့် အမျိုးသားတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်၏၊ ထိုတသိန်းနှစ်သောင်းသော မဂဓတိုင်းသား ပုဏ္ဏားနှင့် အမျိုးသား အချို့တို့သည် မြတ်စွာဘုရားကိုရှိခိုး၍ တခုသောနေရာ၌ထိုင်ကုန်၏၊ အချို့တို့သည် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် မြတ်စွာဘုရားရှိရာအရပ်သို့ လက်အုပ်ချီလျက် တခုသောနေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် မြတ်စွာဘုရားထံ၌ အမည် အနွယ်ကို ပြောကြားလျက် တခုသော နေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် တိတ်ဆိတ်စွာ တခုသော နေရာ၌ ထိုင်ကုန်၏။

ထိုအခါ တသိန်းနှစ်သောင်းကုန်သော မဂဓတိုင်းသား ပုဏ္ဏားနှင့် အမျိုးသားတို့အား "ရဟန်းကြီးကပင် ဥရုဝေလကဿပထံ၌ မြတ်သောအကျင့်ကို ကျင့်သလော၊သို့မဟုတ် ဥရုဝေလကဿပကပင် ရဟန်းကြီးထံ၌ မြတ်သော အကျင့်ကို ကျင့်လေသလော" ဟု အကြံဖြစ်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုတသိန်းနှစ်သောင်းကုန်သော မဂဓတိုင်းသား ပုဏ္ဏားနှင့် အမျိုးသားတို့၏ စိတ်အကြံကို မိမိစိတ်ဖြင့်သိ၍ အသျှင် ဥရုဝေလကဿပကို ဂါထာဖြင့် မေးတော်မူ၏။

"ဥရုဝေလတော၌နေသော ကဿပ သင်သည် အကျင့်ဖြင့် ကြုံလှီသောရသေ့တို့ကို ဆုံးမတတ်သောဆရာကြီးဖြစ်လျက် အဘယ်ကို မြင်၍ မီးပူဇော်ခြင်းကို စွန့်လွှတ်သနည်း။

ကဿပ သင့်အား ထိုအကြောင်းကို မေးမြန်းအံ့၊ သင်၏ မီးပူဇော်ခြင်းကို (သင်သည်) အဘယ့်ကြောင့် ပယ်စွန့်သနည်း ဟု (မေးတော်မူ၏)။

(မြတ်စွာဘုရား) အဆင်း အသံ အရသာ ဟူသော ကာမဂုဏ်တို့ကိုငှင်း မိန်းမတို့ကိုငှင်း ယဇ်ပူဇော်ခြင်းကြောင့် (ပြည့်စုံကုန်၏ ဟု ) ပြောဆိုကုန်၏၊ ထိုအလုံးစုံကို (ခန္ဓာ ဟူသော) ဥပဓိတို့၌ အညစ်အကြေးသာတည်း ဟု သိရသောကြောင့် ယဇ်ကြီး ယဇ်ငယ် ပူဇော်ခြင်းတို့၌ မမွေ့လျော်တော့ပါ ဟု (လျှောက်၏)။

ကဿပ အဆင်း အသံ အရသာ ဟု ဆိုအပ်သော ဤကာမဂုဏ်တို့၌ သင်၏ စိတ်နှလုံးသည် မမွေ့လျော်သည် ဖြစ်အံ့၊ ထိုသို့ မမွေ့လျော်သည်ရှိသော် အဘယ်မည်သော လူ့ပြည် နတ်ပြည်၌ သင်၏ စိတ်နှလုံးသည် မွေ့လျော်သနည်း၊ ကဿပ ထိုအကြောင်းကို ငါဘုရားအား ပြောဆိုဦးလော့ ဟု (မိန့်တော်မူ၏)။

(မြတ်စွာဘုရား) အကြင် နိဗ္ဗာန်သည် ငြိမ်သက်၏၊ ခန္ဓာ စသော ဥပဓိလည်း မရှိ၊ (ရာဂစသော) ကြောင့်ကြမှုလည်း မရှိ၊ ကာမဘုံ၌လည်း မငြိကပ်၊ (ပဋိသန္ဓေ တည်နေဖြစ်ပွါးရခြင်း အိုရခြင်း သေရခြင်း နာရခြင်းဖြင့်) ဖောက်ပြန်မှုလည်း မရှိ၊ မဂ်မှတပါး အခြားသော တရားဖြင့်လည်း မသိအပ်၊ ထိုနိဗ္ဗာန်ကို သိမြင်သောကြောင့် အကျွန်ုပ်၏ စိတ်သည် ယဇ်ကြီး ယဇ်ငယ်ပူဇော်ခြင်း တို့၌ မမွေ့လျော်ပါ" ဟု (လျှောက်၏)။

၅၆။ ထို့နောက် အသျှင်ဥရုဝေလကဿပသည် နေရာမှ ထ၍ ပခုံးတဖက်၌ အပေါ်ရုံသင်္ကန်းကို စမွယ်တင်၍ မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခိုက်ပြီးလျှင် မြတ်စွာဘုရားကို "အသျှင်ဘုရား

http://www.dhammadownload.com



မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဆရာပါတည်း၊ အကျွန်ုပ်သည်ကား တပည့်ဖြစ်ပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဆရာပါတည်း၊ အကျွန်ုပ်ကား တပည့်ဖြစ်ပါ၏" ဟု လျှောက်၏။

ထိုအခါ တသိန်းနှစ်သောင်းသော မဂဓတိုင်းသား ပုဏ္ဏားနှင့် အမျိုးသားတို့အား "ဥရုဝေလကဿပသည် ရဟန်းကြီးထံ၌ မြတ်သောအကျင့်ကို ကျင့်၏" ဟု အသိဉာဏ် ဖြစ်ကြလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုတသိန်းနှစ်သောင်းသော မဂဓတိုင်းသား ပုဏ္ဏားနှင့် အမျိုးသားတို့၏ စိတ်ကို မိမိစိတ်ဖြင့် သိ၍ အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်ကား အဘယ်နည်း—

ဒါနနှင့်စပ်သောစကား သီလနှင့် စပ်သော စကား နတ်ပြည်နှင့် စပ်သော စကား ကာမဂုဏ်တို့၏အပြစ် ယုတ်ညံ့ခြင်း ညစ်ညူးခြင်း (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးတို့ကို ပြတော်မူ၏။

မြတ်စွာဘုရားသည် ထိုပုဏ္ဏားနှင့် အမျိုးသားတို့၌ ခံ့သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ' မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော် သိမြင်အပ်သော 'သာမုက္ကံသိက' တရားဒေသနာတော်ဖြစ်သော ဆင်းရဲ 'ဒုက္ခသစ္စာ'ကိုရင်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယသစ္စာ'ကိုရင်း ဆင်းရဲချုပ်ရာ 'နိရောဓသစ္စာ'ကိုရင်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ် 'မဂ္ဂသစ္စာ' ကိုရင်း ပြတော်မူ၏။

မည်းညစ်ခြင်း ကင်း၍ ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ဗိမ္ဗိသာရမင်း အမှူးရှိသော ထိုတသိန်းတသောင်းသော ပုဏ္ဏားနှင့် အမျိုးသားတို့အား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏" ဟု (ကိလေသာ)မြူ အညစ်အကြေးမှ ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ဖြစ်ပေါ်၏၊ တသောင်းသော လူအပေါင်းသည် ဥပါသကာအဖြစ်ကို ကြားလျှောက်၏။

၅၇။ ထိုအခါ မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းကြီးသည် တရားကို မြင်ပြီးသည် ဖြစ်၍ တရားသို့ ရောက်ပြီးသည် ဖြစ်၍ တရားကို သိပြီးသည်ဖြစ်၍ တရားသို့ သက်ဝင်ပြီးသည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍ သို့လော သို့လော (တွေးတောခြင်း) ကင်းသည်ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည်ဖြစ်၍ ဘုရားမှတပါး ကိုးစားထိုက်သူ မရှိသည် ဖြစ်၍ မြတ်စွာဘုရားအား—

"အသျှင်ဘုရား အကျွန်ုပ်အား ရှေးအခါ အိမ်ရှေ့မင်းသားဖြစ်စဉ် ငါးပါးသော တောင့်တမှုတို့သည် ဖြစ်ပါကုန်၏၊ အကျွန်ုအား ထိုတောင့်တခြင်းတို့သည် ယခုအခါ ပြည့်စုံပါပြီ။

အသျှင်ဘုရား အကျွန်ုပ်အား ရှေးအခါ အိမ်ရှေ့မင်းသား ဖြစ်စဉ် 'ငါ့ကို မင်းအဖြစ်၌ အဘိသိက် သွန်းပါမူ ကောင်းလေစွ' ဟု အကြံအစည် ဖြစ်ခဲ့ပါ၏၊ အသျှင်ဘုရား ဤသည်ကား အကျွန်ုပ်၏ ရှေးဦးစွာ တောင့်တမှု ဖြစ်ပါသည်၊ ထိုတောင့်တမှုသည် အကျွန်ုပ်အား ယခုအခါ ပြည့်စုံပါပြီ။

'ထိုမင်းဖြစ်ပြီးသော အကျွန်ုပ်နိုင်ငံသို့ ပူဇော်အထူးကိုခံထိုက်သော မြတ်စွာဘုရားသည် ကြွရောက်လာပါမူ ကောင်းလေစွ' ဟု အကြံအစည် ဖြစ်ခဲ့ပါ၏၊ အသျှင်ဘုရား ဤသည်ကား အကျွန်ုပ်၏ နှစ်ကြိမ်မြောက် တောင့်တမှု ဖြစ်ပါသည်၊ ထိုတောင့်တမှုသည် အကျွန်ုပ်အား ယခုအခါ ပြည့်စုံပါပြီ။

http://www.dhammadownload.com



'ထို မြတ်စွာဘုရားကို အကျွန်ုပ်သည် ဆည်းကပ်ရပါမူ ကောင်းလေစွ' ဟု အကြံအစည် ဖြစ်ခဲ့ပါ၏၊ အသျှင်ဘုရား ဤသည်ကား အကျွန်ုပ်၏ သုံးကြိမ်မြောက် တောင့်တမှု ဖြစ်ပါသည်၊ ထိုတောင့်တမှုသည် အကျွန်ုပ်အား ယခုအခါ ပြည့်စုံပါပြီ။

'ထို မြတ်စွာဘုရားသည် အကျွန်ုပ်အား တရားဟောပါမူ ကောင်းလေစွ' ဟု အကြံအစည် ဖြစ်ခဲ့ပါ၏၊ အသျှင်ဘုရား ဤသည်ကား အကျွန်ုပ်၏ လေးကြိမ်မြောက် တောင့်တမှု ဖြစ်ပါသည်၊ ထိုတောင့်တမှုသည် အကျွန်ုပ်အား ယခုအခါ ပြည့်စုံပါပြီ။

'ထိုမြတ်စွာဘုရား၏ တရားတော်ကို ငါသည် သိရပါမူကား ကောင်းလေစွ' ဟု အကြံအစည် ဖြစ်ခဲ့ပါ၏၊ အသျှင်ဘုရား ဤသည်ကား အကျွန်ုပ်၏ ငါးကြိမ်မြောက် တောင့်တမှု ဖြစ်ပါသည်၊ ထိုတောင့်တမှုသည် အကျွန်ုပ်အား ယခုအခါ ပြည့်စုံပါပြီ။

အသျှင်ဘုရား အကျွန်ုပ်အား ရှေးအခါ အိမ်ရှေ့မင်းသားဖြစ်စဉ် ဤငါးပါးသော တောင့်တမှုတို့ ဖြစ်ပါကုန်၏၊ ထိုတောင့်တမှုတို့သည် ယခုအခါ ပြည့်စုံကြပါပြီ။

အသျှင်ဘုရား (တရားတော်သည်) အလွန် နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ငြင်း၊ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ငြင်း၊ မျက်စိလည်သောသူအား လမ်းကိုပြောကြားဘိသကဲ့သို့ငြင်း၊ 'မျက်စိရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ငြင်း၊ ဤအတူသာလျှင် မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာ ဟု မှတ်တော်မူပါ။

အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဖို့ အကျွန်ုပ်၏ ဆွမ်းကို "လက်ခံတော်မူပါ" ဟု လျှောက်၏။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဖဲခွါသွားလေ၏။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် ထိုညဉ့်လွန်မြောက်ပြီးနောက် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီမံစေပြီးလျှင် "အသျှင်ဘုရား အချိန်တန်ပါပြီ ဆွမ်းပြင်ပြီးပါပြီ" ဟု မြတ်စွာဘုရားအား အချိန်(တန်ကြောင်း)ကို လျှောက်စေ၏။

၅၈။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ် သင်္ကန်းကို ယူလျက် အသုံးစုံ ရသေ့ဟောင်းချည်းဖြစ်ကုန်သော များစွာသော တထောင်သော ရဟန်းသံဃာနှင့် အတူ ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူ၏။

ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် လုလင်အသွင် ဖန်ဆင်း၍ ဘုရားအမှူးရှိသော ရဟန်းသံဃာ၏ ရှေ့မှ ရှေ့မှ ဤဂါထာတို့ကို သီဆိုလျက် သွား၏။

http://www.dhammadownload.com



"ယဉ်ကျေးသော စိတ်နှလုံးရှိတော်မူသော ကိလေသာမှ လွတ်မြောက်တော်မူပြီးသော သိင်္ဂီနိက် ရွှေအဆင်းရှိတော်မူသော မြတ်စွာဘုရားသည် ယဉ်ကျေးသော စိတ်နှလုံးရှိကုန်သော ကိလေသာမှ လွတ်မြောက်ပြီးကုန်သော ရသေ့ဟောင်း (ရဟန္တာ)တထောင်တို့နှင့် အတူ ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူလာပါပြီ။

သံသရာဝဋ်ဆင်းရဲမှ လွတ်တော်မူပြီးသော ကိလေသာမှ လွတ်မြောက်တော်မူပြီးသော သိင်္ဂီနိက် ရွှေအဆင်းရှိတော်မူသော မြတ်စွာဘုရားသည် သံသရာဝဋ်ဆင်းရဲမှ လွတ်ကုန်ပြီးသော ကိလေသာမှ လွတ်ကုန်ပြီးသော ရသေ့ဟောင်း (ရဟန္တာ)တထောင်တို့နှင့် အတူ ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူလာပါပြီ။

သံသရာဝဋ်ဆင်းရဲမှ ကူးမြောက်တော်မူပြီးသော ကိလေသာမှ လွတ်တော်မူပြီးသော သိင်္ဂီနိက် ရွှေအဆင်းရှိတော်မူသော မြတ်စွာဘုရားသည် သံသရာဝဋ်ဆင်းရဲမှ ကူးမြောက်ကုန်ပြီးသော ကိလေသာမှ လွတ်ကုန်ပြီးသော ရသေ့ဟောင်း(ရဟန္တာ)တထောင်တို့နှင့် အတူ ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူလာပါပြီ။

ငြိမ်သက်သော ဣန္ဒြေရှိတော်မူသော ကိလေသာမှ လွတ်တော်မူပြီးသော သိင်္ဂီနိက် ရွှေအဆင်းရှိတော်မူသော မြတ်စွာဘုရားသည် ငြိမ်သက်သောဣန္ဒြေရှိကုန်သော ကိလေသာမှ လွတ်ကုန်ပြီးသော ရသေ့ဟောင်း (ရဟန္တာ)တထောင်တို့နှင့် အတူ ရာဇဂြိုဟ်ပြည်သို့ဝင်တော်မူလာပါပြီ။

ဆယ်ပါးသော အရိယာတို့၏ နေခြင်းလည်း ရှိတော်မူသော ဆယ်ပါးသော ကိုယ်အားဉာဏ်အားနှင့်လည်း ပြည့်စုံတော်မူသော ဆယ်ပါးသော (ကုသလကမ္မပထ) တရားကိုလည်း သိတော်မူသော ဆယ်ပါးသော အသေက္ခလက္ခဏာတို့နှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားသည် ရဟန္တာတထောင် ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူလာပါပြီ" ဟု (ဤဂါထာတို့ကို သီဆိုလျက် သွား၏)။

လူတို့သည် နတ်သားအရှင် သိကြားမင်းကိုမြင်၍ "ဤလုလင်သည် အလွန် အဆင်းလှပေစွတကား၊ ဤလုလင်သည် ရှုချင်ဖွယ် ရှိပေစွတကား၊ ဤလုလင်သည် ကြည်ညိုဖွယ် ရှိပေစွ တကား၊ ဤလုလင်သည် အဘယ်သူ၏သား ဖြစ်ပါလိမ့်မည်နည်း" ဟု ပြောဆိုကုန်၏။ ဤသို့ ပြောဆိုကြကုန်သော် နတ်တို့ကို အစိုးရသော သိကြားမင်းသည် ထိုလူတို့ကို—

"အကြင် မြတ်စွာဘုရားသည် လောက၌ မြဲမြံတည်ကုံ့သော လုံ့လပညာနှင့် ပြည့်စုံတော်မူ၏၊ ခပ်သိမ်းသော ဣန္ဒြေတို့၌ ယဉ်ကျေးတော်မူ၏၊ ခပ်သိမ်းသော ကိလေသာတို့မှ စင်ကြယ်တော်မူ၏၊ တုဘက်ပုဂ္ဂိုလ်လည်း ရှိတော်မမူ၊ (လူနတ်တို့၏) ပူဇော်အထူးကိုလည်း ခံတော်မူထိုက်၏၊ ကောင်းသောတရားစကားကိုလည်း ဟောကြားတော်မူတတ်၏၊ ငါသည်ကား ထို မြတ်စွာဘုရား၏ အလုပ်အကျွေးပင်တည်း" ဟု ဂါထာဖြင့်ဆို၏။

၅၉။ ထိုအခါ မြတ်စွာဘုရားသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်း၏ နန်းတော်သို့ ချဉ်းကပ်ပြီးနောက် ရဟန်းသံဃာနှင့် အတူ ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏။

http://www.dhammadownload.com



မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီး၍ သပိတ်မှ လက်ကိုဖယ်ပြီးသောအခါ မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းသည် တခုသော နေရာ၌ ထိုင်၏။

တခုသော နေရာ၌ ထိုင်နေသော မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းအား—

"အဘယ်အရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးတော်မူသင့်သနည်း၊ ထိုအရပ်သည် ရွာမှ မဝေးလွန်း မနီးလွန်း အသွားအလာနှင့် ပြည့်စုံရာ၏၊ ဘုရားဖူးလိုသူ တရားနာလိုသူတို့အား သွားရောက်ရန် လွယ်ကူရာ၏၊ နေ့အခါ လူမပြွမ်း ညချမ်းအခါလည်း အသံနည်းရာ၏၊ ပြည်ရွာတွန်သံ 'အုတ်အုတ်ကျက်ကျက်အသံ' မရှိရာ၊ လူစော်မနံရာ 'လူတို့၏ အနှံ့အသက်မှ' ကင်းရာ၏၊ လူတို့၏ လျှို့ဝှက်သော အမှုကို ပြုခြင်းငှါ ထိုက်သော ကိန်းအောင်း၍ နေခြင်းငှါ လျောက်ပတ်သော အရပ်မျိုး ဖြစ်ရာ၏" ဟု အကြံဖြစ်၏။

ထို့နောက် မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းကြီးအား—

"ငါတို့၏ ဤဝေဠုဝန် ဥယျာဉ်သည် ရွာနှင့် မဝေးလွန်း မနီးလွန်း အသွားအလာနှင့် ပြည့်စုံ၏၊ ဘုရားဖူးလိုသူ တရားနာလိုသူတို့အား သွားရောက်ရန် လွယ်ကူ၏၊ နေ့အခါ လူနှင့် မပြွမ်း၊ ညချမ်းအခါလည်း အသံနည်း၏၊ ပြည်ရွာ တွန်သံ မရှိ၊ လူတို့၏ အငွေ့အသက် ကင်း၏၊ လူတို့၏ လျှို့ဝှက်သော အမှုကို ပြုခြင်းငှါ ထိုက်၏၊ ကိန်းအောင်း၍ နေခြင်းငှါ လျောက်ပတ်၏၊ ငါသည် ဝေဠုဝန် ဥယျာဉ်ကို ဘုရားအမှူးရှိသော ရဟန်းသံဃာအား အကယ်၍ လှူရပါမူကား ကောင်းလေစွ" ဟု အကြံဖြစ်ပြန်၏။

ထို့နောက် မဂဓတိုင်းကို အစိုးရသော သေနိယ မည်သော ဗိမ္ဗိသာရမင်းကြီးသည် ရွှေကရားကို ယူ၍ "အသျှင်ဘုရား အကျွန်ုပ်သည် ဤဝေဠုဝန် ဥယျာဉ်ကို ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား လှူပါ၏" ဟု (မြွက်ဆို၍) မြတ်စွာဘုရားအား စွန့်လွှတ် လှူဒါန်း၏။ မြတ်စွာဘုရားသည် ကျောင်း တိုက် အရံကို ခံယူတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးကို တရား စကားဖြင့်(အကျိုးစီးပွါးကို) သိမြင်စေလျက်(တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူပြီးလျှင် နေရာမှ ထကာ ဖဲ၍ ကြွသွားတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤသို့သော အကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့အား "ရဟန်းတို့ အရံကို (အလှူခံစိမ့်သောငှါ) ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

ဗိမ္ဗိသာရမင်းနှင့် တွေ့ဆုံတော်မူခန်း ပြီး၏။

---

## ၁၄-သာရိပုတြာနှင့် မောဂ္ဂလာန် ရဟန်းပြုခန်း

၆၀။ တရံရောအခါ သိဉ္စည်းပရိဗိုဇ်သည် နှစ်ရာ့ငါးကျိပ် အရေအတွက်ရှိသော များစွာသော ပရိဗိုဇ်ပရိသတ်နှင့်အတူ ရာဇဂြိုဟ်ပြည်၌ နေ၏။ ထိုအခါ သာရိပုတြာ မောဂ္ဂလာန်တို့သည် သိဉ္စည်း ပရိဗိုဇ်ထံ၌ မြတ်သော အကျင့်ကို ကျင့်ကုန်၏၊ ထိုသာရိပုတြာ မောဂ္ဂလာန်တို့သည် "မသေရာ အမြိုက် နိဗ္ဗာန်ကို ရှေးဦးစွာ ရသူသည် ပြောကြားစေတမ်း" ဟု ကတိကဝတ်ကို ပြုထားကုန်၏။

http://www.dhammadownload.com



ထိုအခါ ဣရိယာပုထ်နှင့် ပြည့်စုံသော အဿဇိသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူကာ မျက်လွှာချလျက် ကြည်ညိုဖွယ်သော ရှေ့သို့ တက်ခြင်း နောက်သို့ ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်းဖြင့် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူ၏။

သာရိပုတြာ ပရိဗိုဇ်သည် ချအပ်သော မျက်လွှာရှိသည်ဖြစ်၍ ဣရိယာပုထ်နှင့် ပြည့်စုံစွာ ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်သော ရှေ့သို့တက်ခြင်း နောက်သို့ ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်း ကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်းဖြင့် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံ လှည့်လည်သော အဿဇိကို တွေ့မြင်၍ ထိုသာရိပုတြာ ပရိဗိုဇ်အား—

"လောက၌ အကြင်ရဟန္တာတို့သည်၎င်း အရဟတ္တမဂ်သို့ ရောက်သူတို့သည်၎င်း ရှိကုန်၏၊ ထိုသူတို့တွင် ဤရဟန်းကား တပါး အပါအဝင်တည်း၊ ငါသည် ဤရဟန်းသို့ ချဉ်းကပ်၍ 'ငါ့သျှင် သင်သည် အဘယ်ဆရာကို ရည်ညွှန်း၍ ရဟန်းပြုသနည်း၊ သင်၏ ဆရာကား အဘယ်သူနည်း၊ အဘယ်သူ၏ တရားကို သင်နှစ်သက်ပါသနည်း' ဟု မေးရပါမူ ကောင်းလေရာ၏" ဟု အကြံ ဖြစ်၏။

ထိုနောက် သာရိပုတြာ ပရိဗိုဇ်အား "ဤရဟန်းကို မေးမြန်းခြင်းငှါ အခါအခွင့်မဟုတ်သေး၊ ရွာတွင်းသို့ ဝင်၍ ဆွမ်းအလို့ငှါ လှည့်လည်နေဆဲ ဖြစ်၏၊ အလိုရှိသော သူတို့သည် မှန်းဆ၍သာ သိအပ်သော အမြိုက်နိဗ္ဗာန်သည် ရှိ၏၊ (ထိုနိဗ္ဗာန်ကို ရှာသော) ငါသည် ဤရဟန်းသို့ နောက်မှ နောက်မှ လိုက်ရပါမူ ကောင်းလေစွ" ဟု အကြံ ဖြစ်ပြန်၏။

ထိုအခါ အဿဇိသည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းအလို့ငှါ လှည့်လည်၍ ဆွမ်းကို ယူဆောင်လျက် ပြန်သွားတော်မူ၏။ ထိုအခါ သာရိပုတြာပရိဗိုဇ်သည်လည်း အဿဇိထံသို့ ချဉ်းကပ်၍ အဿဇိအသျှင်နှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီး၍ တခုသော နေရာ၌ ရပ်တည်သော သာရိပုတြာ ပရိဗိုဇ်သည် အသျှင် အဿဇိကို—

"ငါ့သျှင် သင်၏ ဣန္ဒြေတို့သည် ကြည်လင်ကုန်၏၊ အရေအဆင်းသည် စင်ကြယ်၏၊ ဖြူစင် တောက်ပ၏၊ ငါ့သျှင် သင်သည် အဘယ်သူကို ရည်ညွှန်း၍ ရဟန်းပြုသနည်း၊ သင်၏ ဆရာကား အဘယ်သူနည်း၊ အဘယ်သူ၏ တရားကို သင် နှစ်သက်သနည်း" ဟု မေး၏။

ငါ့သျှင် သာကီဝင်မင်းသားဖြစ်သော သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် ရဟန်းမြတ်သည် ရှိတော်မူ၏၊ ငါသည် ထိုဘုန်းတော်ကြီးသော ရဟန်းမြတ်ကို ရည်ညွှန်း၍ ရဟန်းပြု၏။ ထိုမြတ်စွာဘုရားသည် ငါ၏ ဆရာပေတည်း၊ ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို နှစ်သက်၏ ဟု (ဆို၏)။

အသျှင်၏ ဆရာသည် အဘယ်အယူရှိသနည်း၊ အဘယ်သို့ ဟောကြားသနည်း ဟု (မေးပြန်ရာ)

ငါ့သျှင် ငါသည်ကား ဤသာသနာသို့ ယခုပင် ဝင်ရောက်စ ဖြစ်၏၊ ရဟန်းပြု၍ မကြာမြင့်သေးသည့် ရဟန်းသစ် ဖြစ်၏၊ ငါသည် သင့်အား အကျယ်အားဖြင့် တရားကိုဟောခြင်းငှါ မတတ်နိုင်၊ သို့သော်လည်း သင့်အား အကျဉ်းအားဖြင့် အနက်သဘောကို ဟောပေအံ့ ဟု (ဆို၏)။

http://www.dhammadownload.com



ထိုအခါ သာရိပုတြာပရိဗိုဇ်သည် အသျှင်အဿဇိကို "ငါ့သျှင် ရှိပါစေ၊ နည်းသည်ဖြစ်စေ များသည်ဖြစ်စေ ဟောပါလော့၊ အနက်ကိုသာလျှင် အကျွန်ုပ်အား ဟောပါလော့၊ အနက်ကိုသာ အကျွန်ုပ် အလိုရှိပါ၏၊ များစွာသော သဒ္ဒါဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ဆို၏။

ထိုနောက် အသျှင်အဿဇိသည် သာရိပုတြာပရိဗိုဇ်အား—

"အကြင် (ဒုက္ခ) တရားတို့သည် အကြောင်း 'သမုဒယ' ကြောင့် ဖြစ်ကုန်၏၊ ထို (ဒုက္ခ) တရားတို့၏ အကြောင်း 'သမုဒယ' ဖြစ်သော တရားကိုငင်း၊ ထိုအကျိုး (ဒုက္ခ) အကြောင်း 'သမုဒယ' တရားတို့၏ ချုပ်ငြိမ်းရာ 'နိရောဓ' ချုပ်ငြိမ်းကြောင်း 'မဂ္ဂ' တရားကိုငင်း မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ရဟန်းမြတ်သည် ဤသို့ အယူရှိပါ၏" ဟု တရားအမြွက်ကို ဟော၏။

ထိုအခါ သာရိပုတြာပရိဗိုဇ်အား ဤတရားအမြွက်ကို ကြားနာရ၍ "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏" ဟု (ကိလေသာ) မြူအညစ်အကြေးမှ ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ထင်ရှား ဖြစ်ပေါ်လာ၏။

ထိုမျှပင် ဖြစ်စေကာမူ ဤတရားသာလျှင် (ငါဟို ရှာဖွေသော) တရားတည်း၊ စိုးရိမ်ခြင်း မရှိသော ဤအမြိုက်နိဗ္ဗာန်တရားကို (အသျှင်တို့သည်) သိကုန်ပြီ၊ (ငါတို့မူကား) ဤနိဗ္ဗာန်တရားကို မသိမမြင်ပဲ များစွာသော နဟုတ သင်္ချာ[၁] ကမ္ဘာတို့ ကျော်လွန်ခဲ့လေပြီ ဟု (ဆို၏)။

၆၁။ ထိုနောက် သာရိပုတြာပရိဗိုဇ်သည် မောဂ္ဂလာန်ပရိဗိုဇ်ထံသို့ ချဉ်းကပ်လေ၏။ မောဂ္ဂလာန် ပရိဗိုဇ်သည် အဝေးမှလာသော သာရိပုတြာပရိဗိုဇ်ကိုမြင်၍ သာရိပုတြာပရိဗိုဇ်အား—

"ငါ့သျှင် သင်၏ဣန္ဒြေတို့သည် ကြည်လင်ကုန်၏၊ အရေအဆင်းသည် စင်ကြယ်၏၊ ဖြူစင် တောက်ပ၏၊ ငါ့သျှင် အသို့ပါနည်း၊ သင်သည် မသေရာ အမြိုက်နိဗ္ဗာန်တရားကို ရခဲ့(သိခဲ့) ပြီလော" ဟု မေး၏။

ငါ့သျှင် မသေရာ အမြိုက်နိဗ္ဗာန် တရားကို ရခဲ့ (သိခဲ့)ပါပြီ ဟု (ပြော၏)။

ငါ့သျှင် ဘယ်နည်းဘယ်ပုံဖြင့် သင်သည် မသေရာ အမြိုက်နိဗ္ဗာန်တရားကို ရခဲ့ (သိခဲ့) ပါသနည်း ဟု (မေးပြန်၏)။

ငါ့သျှင် အကျွန်ုပ်သည် ချထားသော မျက်လွှာရှိသည်ဖြစ်၍ ဣရိယာပုထ်နှင့် ပြည့်စုံစွာ ကြည်ညိုဖွယ်သော ဂုဏ်ကိုဆောင်သော ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်းဖြင့် ဤရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်သော အဿဇိရဟန်းကို တွေ့မြင်၍ အကျွန်ုပ်အား "အကြင်သူတို့သည် လောက၌ ရဟန္တာတို့သည်ငင်း အရဟတ္တမဂ်သို့ ရောက်သူတို့သည်ငင်း ဖြစ်ကုန်၏၊ ထိုသူတို့တွင် ဤရဟန်းကား တပါး အပါအဝင်တည်း၊ ငါသည် ဤရဟန်းကို ချဉ်းကပ်၍ 'ငါ့သျှင် သင်သည် အဘယ်သူကို ရည်ညွှန်း၍ ရဟန်းပြုပါသနည်း၊ သင်၏ဆရာကား အဘယ်သူနည်း၊ အဘယ်သူ၏ တရားကို သင်သည် နှစ်သက်သနည်း' ဟု မေးရပါမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။

---

၁။ နဟုတသင်္ချာဟူသည်ကား တဆယ်တည်းတဆယ်နှင့်မြှောက် တရာဖြစ်၏၊ တရာတည်း တဆယ်နှင့်မြှောက် တထောင်ဖြစ်၏၊ တထောင်တည်း တရာနှင့်မြှောက် တသိန်းဖြစ်၏၊ တသိန်းတည်း တရာနှင့်မြှောက် ကောဋိဖြစ်၏၊ ကောဋိ တသိန်းတည်း တရာနှင့်မြှောက် ပကောဋိဖြစ်၏၊ ပကောဋိတသိန်းတည်း တရာနှင့်မြှောက် ကောဋိပကောဋိဖြစ်၏၊ ကောဋိပကောဋိ တသိန်းတည်း တရာနှင့်မြှောက် နဟုတသင်္ချာဖြစ်၏။ (သာရတ္ထဒီပနီဋီကာ)

http://www.dhammadownload.com



"ငါ့သျှင် ထိုအကျွန်ုပ်အား ဤရဟန်းကို မေးမြန်းခြင်းငှါ အခါအခွင့်မဟုတ်သေး၊ ရွာတွင်းသို့ ဝင်၍ ဆွမ်းအလို့ငှါ လှည့်လည်နေဆဲဖြစ်၏။ အလိုရှိသောသူတို့သည် မှန်းဆ၍သာ သိအပ်သော အမြိုက်နိဗ္ဗာန်သည် ရှိ၏၊ (ထိုနိဗ္ဗာန်ကို ရှာသော) ငါသည် ဤရဟန်းသို့ နောက်မှ နောက်မှ လိုက်ရပါမူ ကောင်းလေစွ" ဟု အကြံဖြစ်ပြန်ပါသည်။

ငါ့သျှင် ထိုအခါ အသျှင်အဿဇိသည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းအလို့ငှါ လှည့်လည်၍ ဆွမ်းကိုယူဆောင်လျက် ဖဲကြွသွားတော်မူ၏။ အကျွန်ုပ်သည်လည်း အသျှင်အဿဇိထံသို့ ချဉ်းကပ်၍ အသျှင်အဿဇိမထေရ်နှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေပြီးနောက် တခုသောနေရာ၌ ရပ်တည်သော အကျွန်ုပ်သည် အသျှင်အဿဇိရဟန်းကို "ငါ့သျှင် သင်၏ ဣန္ဒြေတို့သည် ကြည်လင်ကုန်၏၊ အရေအဆင်းသည် စင်ကြယ်၏။ ဖြူစင်တောက်ပ၏၊ ငါ့သျှင် သင်သည် အဘယ်သူကို ရည်ညွှန်း၍ ရဟန်းပြုသနည်း၊ သင်၏ ဆရာကား အဘယ်သူနည်း၊ အဘယ်သူ၏ တရားကို သင်နှစ်သက်သနည်း ဟု လျှောက်ခဲ့ပါသည်။

ငါ့သျှင် သာကီဝင်မင်းသားဖြစ်သော သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် ရဟန်းမြတ်ကို ရည်ညွှန်း၍ ငါသည် ရဟန်းပြု၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်၏ဆရာတည်း၊ ငါသည် ထိုမြတ်စွာဘုရား တရားတော်ကို နှစ်သက်၏ ဟု (ပြောဆိုပါသည်)။

အသျှင်ဘုရား၏ ဆရာသည် အဘယ်အယူရှိသနည်း၊အဘယ်သို့ ဟောကြားသနည်း ဟု(မေးမြန်းခဲ့ပါသည်)။ ငါ့သျှင် ငါသည်ကား ဤသာသနာတော်သို့ ယခုမှပင် ဝင်ရောက်စဖြစ်သော ရဟန်းသစ်ဖြစ်ပါ၏၊ ရဟန်းပြု၍ မကြာမြင့်သေးသည့် ငါသည် သင့်အား တရားကို အကျယ်အားဖြင့် ဟော၍ခြင်းငှါ မတတ်နိုင်၊ သို့သော်လည်း သင့်အား အကျဉ်းအားဖြင့် အနက်သဘောကို ဟောပေအံ့" ဟု (ဆိုပါသည်)။

ငါ့သျှင် ထိုအခါ ငါက အဿဇိ ရဟန်းကို—

"ငါ့သျှင် ရှိပါစေ နည်းသည် ဖြစ်စေ များသည်ဖြစ်စေ ဟောပါလော့၊ အကျွန်ုပ်အား အနက်ကို သာလျှင် ဟောပါလော့၊ အနက်ကိုသာ အကျွန်ုပ်အလိုရှိပါ၏၊ များစွာသောသဒ္ဒါဖြင့် အဘယ်အကျိုး ရှိပါအံ့နည်း" ဟု ပြောဆိုခဲ့ပါသည်။

ငါ့သျှင် ထိုအခါ အဿဇိရဟန်းသည်—

အကြင် (ဒုက္ခသစ္စာ) တရားတို့သည် အကြောင်း 'သမုဒယ' သစ္စာကြောင့် ဖြစ်ကုန်၏၊ ထို (ဒုက္ခသစ္စာ) တရားတို့၏ အကြောင်း 'သမုဒယသစ္စာ' ဖြစ်သော တရားကိုဎင်း၊ ထိုအကျိုး (ဒုက္ခသစ္စာ) အကြောင်း 'သမုဒယသစ္စာ' တရားတို့၏ ချုပ်ငြိမ်းရာ 'နိရောဓသစ္စာ' ချုပ်ငြိမ်းကြောင်း 'မဂ္ဂသစ္စာ'တရားကိုဎင်း မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ရဟန်းမြတ်ဖြစ်သော မြတ်စွာဘုရားသည် ဤသို့ အယူရှိ၏ ဟု ဤတရားအမြွက်ကို ဟောကြားပါ၏ ဟု (ဆိုလေ၏)။ ထိုအခါ မောဂ္ဂလာန်ပရိဗိုဇ်အား ဤတရားဒေသနာကို ကြားနာရ၍ "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏" ဟု (ကိလေသာ) မြူအညစ်အကြေးမှကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ထင်ရှားဖြစ်ပေါ်လေ၏။

ထိုမျှပင် ဖြစ်စေကာမူ ဤတရားသာလျှင် (ငါတို့ရှာဖွေသော) တရားတည်း၊ စိုးရိမ်ခြင်း မရှိသော ဤအမြိုက်နိဗ္ဗာန်တရားကို (အသျှင်တို့သည်) သိကုန်ပြီ၊ (ငါတို့မှာမူကား)

http://www.dhammadownload.com



ဤနိဗ္ဗာန်တရားကို မသိမမြင်ပဲ များစွာသော နဟုတ သင်္ချေကမ္ဘာတို့ ကျော်လွန်ခဲ့လေပြီ ဟု (ဆို၏)။

၆၂။ ထိုအခါ မောဂ္ဂလာန်ပရိဗိုဇ်သည် သာရိပုတြာပရိဗိုဇ်ကို "ငါ့သျှင် ငါတို့သည် မြတ်စွာဘုရား အထံသို့ သွားကုန်အံ့၊ ထိုမြတ်စွာဘုရားသည် ငါတို့ဆရာပင်တည်း" ဟု ဆို၏။

ငါ့သျှင် ဤနှစ်ရာ့ငါးကျိပ်သော ပရိဗိုဇ်တို့သည် ငါတို့ကို အမှီသဟဲပြု၍ ငါတို့ကိုကြည့်ရှုလျက် ဤ(သိဉ္စည်းအထံ)၌ နေကုန်၏၊ ထိုသူတို့ကိုလည်း ရှေးဦးစွာ ပန်ကြားကုန်အံ့၊ သူတို့ ထင်မြင်သည့် အတိုင်းပြုကုန်လတ္တံ့ ဟု (ဆို၏)။

ထို့နောက် သာရိပုတြာ မောဂ္ဂလာန်တို့သည် ထိုပရိဗိုဇ်တို့ထံသို့ ချဉ်းကပ်၍ ထိုပရိဗိုဇ်တို့ကို "ငါ့သျှင်တို့ ငါတို့သည် မြတ်စွာဘုရားအထံသို့ သွားကုန်အံ့၊ ထိုမြတ်စွာဘုရားသည် ငါတို့၏ ဆရာပင် တည်း" ဟု ဆိုကုန်၏။

အကျွန်ုပ်တို့သည် အသျှင်တို့ကို အမှီပြု၍ အသျှင်တို့ကို ကြည့်ရှုလျက် ဤသိဉ္စည်းထံ၌ နေပါ ကုန်၏၊ အသျှင်တို့သည် ရဟန်းမြတ်ဖြစ်သော မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်မည်ဆို ပါလျှင် အကျွန်ုပ်တို့ အားလုံးသည်လည်း မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်ပါကုန်အံ့ ဟု (ဆိုကုန်၏)။

ထို့နောက် အသျှင်သာရိပုတြာ အသျှင်မောဂ္ဂလာန်တို့သည် သိဉ္စည်းပရိဗိုဇ်၏ အထံသို့ ချဉ်း ကပ်၍ သိဉ္စည်းပရိဗိုဇ်ကို "ငါ့သျှင် ငါတို့သည် မြတ်စွာဘုရားထံသို့ သွားကုန်အံ့၊ ထိုမြတ်စွာဘုရားသည် ငါတို့၏ ဆရာပင်တည်း" ဟု ဆိုကုန်၏။

ငါ့သျှင်တို့ မသင့်လျော်ချေ၊ မသွားကုန်လင့်၊ ငါတို့သုံးယောက်လုံးပင် ဤဂိုဏ်းကို (ဤပရိဗိုဇ် အပေါင်းကို) ထိန်းသိမ်းကုန်အံ့ ဟု (ဆို၏)။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း အသျှင်သာရိပုတြာ အသျှင်မောဂ္ဂလာန် တို့သည် သိဉ္စည်းပရိဗိုဇ်ကို "ငါ့သျှင် ငါတို့သည် မြတ်စွာဘုရားအထံသို့ သွားကုန်အံ့၊ ထိုမြတ်စွာဘုရား သည် ငါတို့၏ ဆရာပင်တည်း" ဟု ဆိုကုန်၏။

ငါ့သျှင်တို့ မသင့်လျော်ချေ၊ မသွားကုန်လင့်၊ ငါတို့သုံးယောက်လုံးပင် ဤဂိုဏ်းကို (ဤပရိဗိုဇ် အပေါင်းကို) ထိန်းသိမ်းကုန်အံ့ ဟု (ဆို၏)။

ထိုအခါ သာရိပုတြာ မောဂ္ဂလာန်တို့သည် ထိုနှစ်ရာ့ငါးကျိပ်သော ပရိဗိုဇ်တို့ကို ခေါ်ဆောင်၍ ဝေဠုဝန်ကျောင်းတော်သို့ ချဉ်းကပ်ကုန်၏။

သိဉ္စည်းပရိဗိုဇ်အား ထိုနေရာ၌ပင် ပူသောသွေးသည် ခံတွင်းမှ အန်ထွက်လေ၏။

မြတ်စွာဘုရားသည် အဝေးမှ လာသော ထိုသာရိပုတြာ မောဂ္ဂလာန်တို့ကို မြင်တော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ ကောလိတ ဥပတိဿ သူငယ်ချင်း နှစ်ယောက်တို့သည် လာကုန်၏၊ ထိုသူ နှစ်ယောက်သည် ငါဘုရား၏ ကြီးကဲ မြင့်မြတ်သော တပည့်အစုံ ဖြစ်လတ္တံ့" ဟု မိန့်တော်မူ၏။

နက်နဲသော ဉာဏ်၏ အရာဖြစ်၍ ဥပဓိတို့၏ ကုန်ရာ အတုမဲ့ မြတ်သော နိဗ္ဗာန်၌ အာရုံ ပြုသော အားဖြင့် လွတ်ကုန်ပြီးသော ထိုသာရိပုတြာ မောဂ္ဂလာန်တို့ကို ဝေဠုဝန်ကျောင်းတော်

http://www.dhammadownload.com



သို့ မရောက်မီ မြတ်စွာဘုရားသည် "ထိုကောလိတ ဥပတိဿ အဆွေခင်ပွန်း နှစ်ယောက်တို့သည် လာကုန်၏၊ ထိုသူနှစ်ယောက်သည် ငါဘုရား၏ ကြီးကဲ မြင့်မြတ်သော တပည့်အစုံ ဖြစ်လတ္တံ့" ဟု မိန့်ကြားတော်မူ၏။

ထိုအခါ သာရိပုတြာမောဂ္ဂလာန်တို့သည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခိုက်၍ မြတ်စွာဘုရားကို "အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားအထံ ကော်၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါကုန်၏" ဟု လျှောက်ကုန်၏။

မြတ်စွာဘုရားသည် "ရဟန်းတို့ လာကုန်လော့" "တရားကို ကောင်းစွာ ဟောအပ်၏၊ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သော အကျင့်ကို ကောင်းစွာ ကျင့်ကုန်လော့" ဟု မိန့်တော်မူ၏။

ထိုစကားတော်သည်ပင်လျှင် ထို (နှစ်ရာ့ငါးကျိပ်နှစ်ယောက်သော) အသျှင်တို့၏ ပဉ္စင်းအဖြစ် ပြီးလေ၏။

---

## လူကုံတန်တို့ ရဟန်းပြုခဏ်း

၆၃။ ထိုအခါ အလွန် ထင်ရှားကျော်စောကုန်သော မဂဓတိုင်းနေ အမျိုးသားတို့သည် မြတ်စွာဘုရားထံတော်၌ မြတ်သောအကျင့်ကို ကျင့်ကုန်၏။

လူတို့သည်—

"ရဟန်းဂေါတမသည် သားမရှိစိမ့်သောငှါ ပြုကျင့်၏၊ ရဟန်းဂေါတမသည် လင်နှင့်ကင်းကွာစိမ့်သောငှါ ပြုကျင့်၏၊ ရဟန်းဂေါတမသည် အမျိုးပြတ်စိမ့်သောငှါ ပြုကျင့်၏၊ ယခု ဤရဟန်းဂေါတမသည် ရသေ့တထောင်ကို ရဟန်းပြုခဲ့ပြီ၊ သိဉ္စည်း၏ တပည့်ဖြစ်သော နှစ်ရာ့ငါးကျိပ်သော ပရိဗိုဇ်တို့ကိုလည်း ရဟန်းပြုခဲ့ပြီ၊ အလွန်ထင်ရှားကျော်စောသော မဂဓတိုင်းနေ အမျိုးသားတို့သည် ရဟန်းဂေါတမထံ၌ မြတ်သောအကျင့်ကို ကျင့်ကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြပြောဆိုကြကုန်၏။

ထို့ပြင် ရဟန်းတို့ကို မြင်သောအခါ—

"ရဟန်းကြီးဂေါတမသည် တောင်ငါးလုံး ခြံရံအပ်သော မဂဓတိုင်း ရာဇဂြိုဟ်ပြည်ကြီးသို့ လာချေပြီ၊ အလုံးစုံသော သိဉ္စည်း၏ တပည့်တို့ကို ယူဆောင်ခဲ့ပြီးနောက် ယခု အဘယ်သူကို ယူဆောင်လတ္တံ့နည်း" ဟု ဂါထာဖြင့် ကဲ့ရဲ့ပြစ်တင်ကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ထို (ကဲ့ရဲ့သော) အသံသည် ကြာရှည်လေးမြင့်စွာ မဖြစ်လတ္တံ့၊ ခုနစ်ရက်သာ ဖြစ်လတ္တံ့၊ ခုနစ်ရက် လွန်မြောက်သော် ပပျောက်လတ္တံ့၊ ရဟန်းတို့ သို့ဖြစ်လျှင် သင်တို့ကို—

"ရဟန်းကြီးဂေါတမသည် တောင်ငါးလုံး ခြံရံအပ်သော မဂဓတိုင်း ရာဇဂြိုဟ်ပြည်ကြီးသို့ လာချေပြီ၊ အလုံးစုံသော သိဉ္စည်း၏ တပည့်တို့ကို ဆောင်ယူခဲ့ပြီးနောက် ယခု အဘယ်သူကို ဆောင်ယူလတ္တံ့နည်း" ဟု ပြစ်တင်ကဲ့ရဲ့ပြောဆိုသော သူတို့ကို သင်တို့သည်—

http://www.dhammadownload.com



"ကြီးသော လုံ့လရှိကုန်သော မြတ်စွာဘုရားတို့သည် စင်စစ် သူတော်ကောင်းတရားဖြင့် ဆောင်ယူကုန်၏၊ တရားသဖြင့် ဆောင်ယူသော ပညာရှိတို့ကို ငြူစူ စောင်းမြောင်းခြင်းဖြင့် အဘယ်ပြုအံ့နည်း" ဟု ဂါထာဖြင့် ပြန်၍ ပြစ်တင်ပြောဆိုကုန်လော့ ဟု မိန့်တော်မူ၏။

ထိုအခါ လူတို့သည် ရဟန်းတို့ကို တွေ့မြင်သော်—

"ရဟန်းကြီး ဂေါတမသည် တောင်ငါးလုံး ခြံရံအပ်သော မဂဓတိုင်း ရာဇဂြိုဟ်ပြည်ကြီးသို့ လာချေပြီ၊ အလုံးစုံသော သိဉ္စည်း၏ တပည့်တို့ကို ဆောင်ယူခဲ့ပြီးနောက် ယခု အဘယ်သူကို ဆောင်ယူလတ္တံ့နည်း" ဟူသော ဂါထာဖြင့် ပြစ်တင် ကဲ့ရဲ့ပြောဆိုကုန်၏။

ရဟန်းတို့သည် ထိုလူတို့ကို—

"ကြီးသော လုံ့လရှိကုန်သော မြတ်စွာဘုရားတို့သည် စင်စစ် သူတော်ကောင်းတရားဖြင့် ဆောင်ယူကုန်၏၊ တရားသဖြင့် ဆောင်ယူသော ပညာရှိတို့ကို ငြူစူစောင်းမြောင်းခြင်းဖြင့် အဘယ်ပြုအံ့နည်း" ဟူသော ဂါထာဖြင့် ပြန်၍ ပြစ်တင် ကဲ့ရဲ့ပြောဆိုကြကုန်၏။

လူတို့သည် "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတော်တို့သည် တရားသဘောဖြင့် ဆောင်ယူကုန်၏၊ တရားနှင့်မညီ အခမ္မဆောင်ယူကုန်သည် မဟုတ်" ဟု (သိကုန်၍) ကဲ့ရဲ့သော အသံသည် ခုနစ်ရက်သာ ဖြစ်၏၊ ခုနစ်ရက် လွန်မြောက်သောအခါ ပပျောက်လေ၏။

အသျှင်သာရိပုတြာ အသျှင်မောဂ္ဂလာန်တို့ ရဟန်းပြုခဏ်း ပြီး၏။

စတုတ္ထခဏ်း ပြီး၏။

---

## ၁၅-ဥပဇ္ဈာယ်ဆရာ၌ ပြုရန်ကျင့်ဝတ်ကို ပြဆိုခြင်း

၆၄။ တရံရောအခါ ရဟန်းတို့သည် ဥပဇ္ဈာယ်ဆရာ နိဿရည်းဆရာမရှိ သွန်သင် ဆုံးမသူ မရှိသည်ဖြစ်၍ မကောင်းသဖြင့် ဝတ်ရုံလျက် ရဟန်းတို့၏ အမူအရာနှင့် မပြည့်စုံပဲ ဆွမ်းခံလှည့်လည်ကုန်၏၊ ထိုရဟန်းတို့သည် လူတို့စားသောက်နေစဉ် ဘောဇဉ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့၏ အထက်၌ ဆွမ်းခံသပိတ်ကို ညွှတ်စေကုန် 'ခံလင့်ကုန်'၏၊ ဟင်းထမင်းကိုလည်း ကိုယ်တိုင်တောင်း၍စားကုန်၏၊ ဆွမ်းစားစရပ်၌လည်း ပြင်းပြ ကျယ်လောင်သော အသံရှိလျက် နေကုန်၏။

လူတို့သည်—

"ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အဘယ့်ကြောင့် မကောင်းသဖြင့် ဝတ်ရုံလျက် ရဟန်းတို့၏ အမူအရာနှင့် မပြည့်စုံပဲ ဆွမ်းခံ လှည့်လည်ကုန်ဘိသနည်း၊ ထိုရဟန်းတို့သည် လူတို့ စားသောက်နေစဉ် ထမင်း ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့၏ အထက်၌ ဆွမ်းခံသပိတ်ကို ညွှတ်စေကုန် 'ခံလင့်ကုန်' ဘိသနည်း၊ ဟင်းထမင်းကိုလည်း ကိုယ်တိုင်တောင်း၍စားကုန်ဘိသနည်း၊ ဆွမ်းစားစရပ်၌လည်း ပုဏ္ဏားစားသောက်ပွဲ၌ ပုဏ္ဏားများကဲ့သို့ ပြင်းပြ ကျယ်လောင်သော အသံရှိလျက် နေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

http://www.dhammadownload.com



ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာ တည်း။ အကြင် ရဟန်းတို့သည် အလိုနည်းကုန်၏၊ ရောင့်ရဲလွယ်ကုန်၏၊ မကောင်းမှုကို ရှက်တတ်ကုန်၏၊ တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်၏၊ သိက္ခာ(သုံးပါး)ကို လိုလားကုန်၏၊ ထိုရဟန်းတို့သည်—

"ရဟန်းတို့သည် အဘယ့်ကြောင့် မကောင်းသဖြင့် ဝတ်ရုံလျက် ရဟန်းတို့၏ အမူအရာနှင့် မပြည့်စုံပဲ ဆွမ်းခံ လှည့်လည်ကုန်ဘိသနည်း၊ ထိုရဟန်းတို့သည် လူတို့စားသောက်နေစဉ် ဘောဇဉ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့၏ အထက်၌ ဆွမ်းခံသပိတ်ကို ညွတ်စေကုန် 'ခံလင့်ကုန်' ဘိသနည်း၊ ဟင်း ထမင်းကိုလည်း ကိုယ်တိုင်တောင်း၍စားကုန်ဘိသနည်း၊ ဆွမ်းစားစရပ်၌လည်း ပြင်းပြ ကျယ်လောင်သော အသံရှိလျက် နေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြပြောဆိုကြကုန်၏။

ထို့နောက် ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ ရဟန်းတို့သည် မကောင်းသဖြင့် ဝတ်ရုံလျက် ရဟန်းတို့၏ အမူအရာ နှင့် မပြည့်စုံပဲ ဆွမ်းခံလှည့်လည်ကုန်၏။ ထိုရဟန်းတို့သည် လူတို့ စားသောက်နေစဉ် ဘောဇဉ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့၏ အထက်၌ ဆွမ်းခံသပိတ်ကို ညွတ်စေကုန်'ခံလင့်ကုန်'၏၊ ဟင်း ထမင်းကိုလည်း ကိုယ်တိုင်တောင်း၍စားကုန်၏၊ ဆွမ်းစားစရပ်၌လည်း ပြင်းပြကျယ်လောင် သော အသံရှိလျက် နေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။

ရဟန်းတို့ "(မဂ်ဖိုလ်မှ)အချည်းနှီးဖြစ်သောထိုယောကျ်ားတို့၏ ဤ(အမှု)သည် ရဟန်းတို့အား မလျော်ကပ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့ အပြု အမူမဟုတ်၊ မအပ်၊ မပြု သင့်၊ ရဟန်းတို့ (မဂ်ဖိုလ်မှ)အချည်းနှီးဖြစ်သော ထိုယောကျ်ားတို့သည် အဘယ့်ကြောင့် မကောင်း သဖြင့် ဝတ်ရုံလျက် ရဟန်းတို့၏ အမူအရာနှင့် မပြည့်စုံပဲ ဆွမ်းခံ လှည့်လည်ကုန်ဘိသနည်း၊ ထိုရဟန်းတို့သည် လူတို့စားသောက်နေစဉ် ဘောဇဉ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့၏ အထက်၌ ဆွမ်းခံသပိတ်ကို ညွတ်စေကုန်'ခံလင့်ကုန်'ဘိသနည်း၊ ဟင်းထမင်းကိုလည်း ကိုယ်တိုင် တောင်း၍စားကုန်ဘိသနည်း၊ ဆွမ်းစားစရပ်၌လည်း ပြင်းပြ ကျယ်လောင်သောအသံရှိလျက် နေကုန်ဘိသနည်း၊ ဤ (ရဟန်းတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း ကြည်ညိုပြီးသော သူတို့အား တိုး၍ ကြည်ညိုစေခြင်းငှါရင်း မဖြစ်နိုင်ပေ၊ ရဟန်းတို့ အမှန်စင်စစ် ဤ (ရဟန်းတို့ ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား မကြည်ညိုစေခြင်းငှါရင်း ကြည်ညိုပြီးသော အချို့သူတို့အား အကြည်ညိုပျက်စေခြင်းငှါရင်း ဖြစ်ပေ၏" ဟု (ကဲ့ရဲ့တော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင် ကိုယ်တိုင် ပြုစုမွေးမြူရန် ခက်ခဲခြင်း သူတပါးတို့က ပြုစုမွေးမြူရန် ခက်ခဲခြင်း အလိုကြီးခြင်း

http://www.dhammadownload.com



မရောင့်ရဲနိုင်ခြင်း အပေါင်းအဖေါ်၌ မက်မောခြင်း ပျင်းရိခြင်းတို့၏ ကျေးဇူးမဲ့ (စကား)ကို မိန့်တော်မူပြီး၍ များစွာသော အကြောင်းဖြင့် ကိုယ်တိုင် ပြုစုမွေးမြူလွယ်ခြင်း သူတပါးတို့က ပြုစုမွေးမြူလွယ်ခြင်း အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း ကိလေသာကို ခေါင်းပါးစေခြင်း ကိလေသာကို ခါထုတ်ခြင်း ကြည်ညိုဖွယ်ရှိခြင်း ကိလေသာကို မဆည်းပူးခြင်း ဝီရိယဖြင့်အားထုတ်ခြင်း တို့၏ ဂုဏ်ကျေးဇူးကို မိန့်တော်မူပြီးလျှင် ရဟန်းတို့အား ထိုအဖြစ်အပျက်နှင့် လျောက်ပတ်လျော်ညီသော တရားစကားကို ဟောကြားတော်မူပြီးနောက် ရဟန်းတို့ကို—

၆၅။ "ရဟန်းတို့ (အပြစ်ကြီးငယ်ကို ကြည့်ရှုသုံးမတတ်သော) ဥပဇ္ဈာယ်ဆရာကို ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဥပဇ္ဈာယ်ဆရာသည် အတူနေ တပည့်၌ သားဟူသော စိတ်ကို ထားအံ့၊ အတူနေတပည့်သည် ဥပဇ္ဈာယ်ဆရာ၌ အဖဟူသောစိတ်ကို ထားအံ့၊ ထိုဆရာတပည့်တို့သည် အချင်းချင်း ရိုသေခြင်း တုပ်ဝပ်ခြင်း တူသော အသက်မွေးခြင်း ရှိသည်ဖြစ်၍ နေသည်ရှိသော် ဤသာသနာ တော်၌ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကုန်လတ္တံ့။

ရဟန်းတို့ ဤသို့ ဥပဇ္ဈာယ်ယူရမည်၊ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်၍ (ဥပဇ္ဈာယ်ဆရာ၏)ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက် "အသျှင်ဘုရား (အသျှင်ဘုရားသည်)အကျွန်ုပ်၏ ဥပဇ္ဈာယ် ဆရာဖြစ်တော်မူပါလော့၊ အသျှင်ဘုရား (အသျှင်ဘုရားသည်) အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါလော့၊ အသျှင်ဘုရား (အသျှင်ဘုရားသည်) အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါလော့" ဟု ဆိုရမည်။

"ကောင်းပြီဟူ၍သော်၎င်း" "ငါ့အား ဝန်မလေးဟူ၍သော်၎င်း" "ငါ၏တာဝန်ပေဟူ၍သော်၎င်း" "သင့်တင့်၏ဟူ၍သော်၎င်း" "ကြည်ညိုဖွယ်ကို ဆောင်သော ကိုယ်နှုတ်အမူအရာနှင့် ပြည့်စုံစေလော့ ဟူ၍သော်၎င်း" ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ကိုယ်နှုတ်ဖြင့်ဖြစ်စေ သိစေငြားအံ့၊ ဥပဇ္ဈာယ်ယူသည် မည်၏။ ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ကိုယ်နှုတ်ဖြင့်ဖြစ်စေ မသိစေငြားအံ့၊ ဥပဇ္ဈာယ်ယူသည် မမည်။

၆၆။ ရဟန်းတို့ အတူနေတပည့်သည် ဥပဇ္ဈာယ်ဆရာ၌ ကောင်းစွာ ကျင့်ရမည်။ ဤဆိုလတ္တံ့သည်ကား ကောင်းစွာ ကျင့်ပုံတည်း—

(အတူနေတပည့်သည်) နံနက်စောစောထ၍ ဘိနပ်ချွတ်ပြီးလျှင် လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်၍ ဒန်ပူကပ်ရမည်၊ မျက်နှာသစ်ရေ ကပ်ရမည်၊ နေရာခင်းရမည်၊ ယာဂုရှိခဲ့လျှင် ခွက်ကိုဆေး၍ ယာဂု ဆက်ကပ်ရမည်၊ ယာဂုသောက်ပြီးသော ဥပဇ္ဈာယ်ဆရာအား ရေပေး၍ ခွက်ကိုလှမ်းယူပြီးနောက် ရိုသေကောင်းမွန်စွာ မထိခိုက်မိစေမူ၍ ဆေးကြောပြီးလျှင် သိမ်းဆည်းထားရမည်၊ ဥပဇ္ဈာယ်ဆရာသည် (နေရာမှ) ထခဲ့သော် နေရာကို ရွှေပြောင်း သိမ်းထားရမည်၊ အကယ်၍ အမှိုက်ရှိအံ့၊ ထိုနေရာကို တံမြက်လှည်းရမည်၊ ဥပဇ္ဈာယ်ဆရာသည် ရွာသို့ ဝင်လိုငြားအံ့၊ ရွာဝတ်သင်းပိုင်ကို ပေးရမည်၊ ကျောင်းဝတ်သင်းပိုင်ကို ယူရမည်၊ ခါးပန်းကြိုးကို ပေးရမည်၊ ကိုယ်ဝတ်ဒုကုဋ်တို့ကို ထပ်၍ ပေးရမည်၊ ဆေးကြော၍ ရေနှင့်တကွသော သပိတ်ကိုပေးရမည်။

အကယ်၍ ဥပဇ္ဈာယ်ဆရာသည် နောက်လိုက် ရဟန်းကို အလိုရှိအံ့၊ အဝန်းသုံးပါး[၁] ကို ဖုံးလွှမ်းသဖြင့် အဝန်းညီညွတ်စွာ (သင်းပိုင်ကို) ဝတ်၍ ခါးပန်းကြိုးကို ဖွဲ့ချည်၍ ထပ်ပြီးသော ကိုယ်ဝတ် ဒုကုဋ်

---

၁။ ပုဆစ် ဒူဝန်းနှစ်ဘက်နှင့် ချက်ကိုအဝန်းသုံးပါး ဟု ဆိုသည်။

http://www.dhammadownload.com



တို့ကို ရုံ၍ ကမ္ဗတ်သီးကိုတပ်, သပိတ်ကိုဆေးကြောယူငင်၍ ဥပဇ္ဈာယ်ဆရာ၏ နောက်လိုက် ရဟန်းဖြစ်ရမည်၊ ဝေးလွန်းစွာ မလိုက်ရ၊ နီးကပ်စွာလည်း မလိုက်ရ၊ သပိတ်လဲလှယ်ခြင်းကို ခံယူရမည်၊ ဥပဇ္ဈာယ်ဆရာ စကားပြောဆိုစဉ် အကြားအကြား၌ ဝင်၍ မပြောရ၊ ဥပဇ္ဈာယ်ဆရာသည် အာပတ်နှင့် နီးစပ်သည်ကို ပြောဆိုခဲ့သော် တားမြစ်ရမည်။

(ဆွမ်းခံရာမှ) ပြန်လာသော် ရှေးဦးစွာ လာ၍ နေရာကို ခင်းထားရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်၊ ခရီးဦးကြိုဆို၍ သပိတ်သင်္ကန်းကို ယူရမည်၊ ကျောင်းဝတ်သင်းပိုင်ကို ပေးရမည်၊ ရွာဂတ်သင်းပိုင်ကို လှမ်းယူရမည်။ အကယ်၍ သင်္ကန်းသည် ချွေးစွတ်အံ့၊ တခဏမျှ နေပူ၌ လှန်းထားရမည်၊ သို့သော် ကြာမြင့်စွာ မထားရ၊ သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်းကို ခေါက်သည်ရှိသော် "အလယ်၌ မကျိုးပျက် 'ခေါက်ရိုး မဖြစ်စေလင့်'' ဟု နှလုံးသွင်းလျက် လက်လေးသစ်အနားကို လျှော့၍ သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်းခေါက်အတွင်း၌ ခါးပန်းကြိုးကိုထားရမည်။

ဆွမ်းရှိ၍ ဥပဇ္ဈာယ်ဆရာလည်း စားလိုသည်ဖြစ်အံ့၊ သုံးရေကိုပေး၍ ဆွမ်းကို ဆက်ကပ်ရမည်၊ ဥပဇ္ဈာယ်ဆရာကို သောက်ရေဖြင့် (အလိုရှိပါသလော ဟု) မေးလျှောက်ရမည်၊ ဆွမ်းစားပြီးသော ဥပဇ္ဈာယ်ဆရာအား ရေကိုပေး၍ သပိတ်ကို လှမ်းယူပြီးလျှင် ရိုသေ ကောင်းမွန်စွာ မထိခိုက်မိစေပဲ ဆေးကြောသုတ်သင်လျက် ရေစင်အောင်ပြု၍ တခဏမျှ နေပူ၌ လှန်းထားရမည်၊ (သို့သော်) ကြာမြင့်စွာ မထားရ။ သပိတ်သင်္ကန်းကို ထားရမည်၊ သပိတ်ကို ထားလိုသော် လက်တဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်း အောက်ကိုသော်ငြားအင်းပျဉ်အောက်ကိုသော်ငြား စမ်းသပ်၍ ထားရမည်၊ အခင်းမရှိသော မြေ၌ သပိတ်ကို မထားရ။ သင်္ကန်းကို လားလိုသော် လက်တဖက်ဖြင့် သင်္ကန်းကို ကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်း သင်္ကန်းကြိုးကို ပွတ်သပ်၍ ထိုမှာဘက်၌ အစွန်း ဤမှာဘက်၌ အခွေ 'အခေါက်' ပြုလျက် သင်္ကန်းကို ထားရမည်။

ဥပဇ္ဈာယ်ဆရာ (နေရာမှ) ထသည်ရှိသော် နေရာကို ရွှေ့ပြောင်းထားရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို သိုမှီး သိမ်းဆည်းရမည်၊ အကယ်၍ အမှိုက်ရှိအံ့၊ ထိုနေရာကို တံမြက်လှည်းရမည်။

ဥပဇ္ဈာယ်ဆရာ သည် ရေချိုးလိုသည်ဖြစ်အံ့၊ ချိုးရေကို စီရင်ရမည်၊ ရေအေးအလိုရှိငြားအံ့၊ အေးသော ချိုးရေကို စီရင်ရမည်၊ ရေပူအလိုရှိငြားအံ့၊ ပူသော ချိုးရေကို စီရင်ရမည်။

ဥပဇ္ဈာယ်ဆရာသည် ဇန္တာအိမ်သို့ ဝင်လိုသည်ဖြစ်အံ့၊ ကသယ်မှုန့်ကို ရေဖြင့် လုံးရမည်၊ မြေညက်ကို ရေဖြင့်ဆွတ်ရမည်၊ ဇန္တာအိမ် အင်းပျဉ်ကိုယူ၍ ဥပဇ္ဈာယ်ဆရာ၏နောက်မှ နောက်မှ လိုက်လျက် ဇန္တာအိမ်အင်းပျဉ်ကိုပေးပြီးလျှင် သင်္ကန်းကို လှမ်းယူကာ သင့်ရာအရပ်၌ ထားရမည်၊ ကသယ်မှုန့်ကို ပေးရမည်၊ မြေညက်ကိုပေးရမည်။ စွမ်းနိုင်လျှင် ဇန္တာအိမ်သို့ ဝင်ရမည်၊ ဇန္တာအိမ်[၁] သို့ ဝင်သော ရဟန်းသည် ရေဆွတ်သော မြေညက်မှုန့်ဖြင့် မျက်နှာကို လိမ်းကျံ၍ ရှေ့မှငြား နောက်မှငြား (ရေသနုပ်ဖြင့်) ဖုံးလွှမ်းကာ ဇန္တာအိမ်သို့ ဝင်ရမည်၊ သီတင်းကြီးဖြစ်သော ရဟန်းတို့ကို တိုး‌ဝှေ့၍ မနေထိုင်ရ၊

၁။ ဇန္တာအိမ် ဟူသည် ဆီးနှင်းအကျများသော အရပ်တို့၌ ထိုဆီးနှင်းကြောင့် ဖြစ်သော ရောဂါစသည်ကို တားမြစ်ရန် အလို့ငှါ ကိုယ်မှ ချွေးထုတ်ရာ ဌာနတည်း၊ ထိုဇန္တာအိမ်၌ အခမှာင်ဖုံးလွှမ်းနေရကား ရဟန်းများ တပေါင်းတည်း ဝင်လျက် သင်္ကန်းကို ချထားပြီးလျှင် မီးမပူစေရန် အလို့ငှါ မြေညက်ဖြင့် မျက်နှာကို လိမ်းကျံ၍ ကိုယ်ကို အလိုရှိတိုင်း ချွေးထွက်စေပြီးလျှင် ကသယ်မှုန့် စသည်တို့ဖြင့် ပွတ်တိုက်၍ ရေချိုးကြကုန်၏၊ ထိုကြောင့်ပင် ပါဠိတော်၌ ကသယ်မှုန့်ကို လုံးရမည် စသည်ဖြင့် ဟောတော်မူသည်။ (ဝိမတိဋီကာ)

http://www.dhammadownload.com



သိတင်းယော်ဖြစ်သော ရဟန်းတို့ကို လည်း နေရာ၌နေခြင်းကို မတားမြစ်ရ၊ ဇရုံးအိမ်၌ ဥပဇ္ဈာယ်ဆရာ အတွက် (မီးညှိခြင်း စသော) အမှုခပ်သိမ်းကို ပြုရမည်၊ ဇရုံးအိမ်မှ ထွက်သော ရဟန်းသည် ဇရုံးအိမ် အင်းပျဉ်ကို ယူ၍ ရှေ့မှရင်း နောက်မှရင်း (ရေသနုပ်ဖြင့်) ဖုံးလွှမ်းလျက် ဇရုံးအိမ်မှ ထွက်ရမည်။

ရေချိုးရာ၌လည်း ဥပဇ္ဈာယ်ဆရာအတွက် (ချေးတွန်းခြင်းစသော) အမှုခပ်သိမ်းကို ပြုရမည်၊ ရေချိုးပြီးသော ရဟန်းသည် ဥပဇ္ဈာယ်ဆရာ၏ ရှေ့ဦးစွာ တက်၍ မိမိကိုယ်ကို ရေစင်အောင် ပြုကာ (သင်းပိုင်ကို) ဝတ်လျက် ဥပဇ္ဈာယ်ဆရာ၏ ကိုယ်မှ ရေကို သုတ်ရမည်၊ သင်းပိုင်ကိုပေးရမည်၊ ကိုယ်ဝတ်ဒုကုဋ်ကို ပေးရမည်၊ ဇရုံးအိမ် အင်းပျဉ်ကို ယူခဲ့ပြီးလျှင် ရှေ့ဦးစွာ လာ၍ နေရာကို ခင်းရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်၊ ဥပဇ္ဈာယ်ဆရာကို သောက် ရေဖြင့် (အလိုရှိပါသလော ဟု) မေးလျှောက်ရမည်၊ သင်ကြားစေလိုသည်ဖြစ်အံ့၊ သင်ကြားရမည်၊ အဖန်ဖန်မေးမြန်းစေလိုသည်ဖြစ်အံ့၊ အဖန်ဖန်မေးမြန်းရမည်။

ဥပဇ္ဈာယ်ဆရာနေသော ကျောင်းသည် အမှိုက်ရှိအံ့၊ စွမ်းနိုင်ပါမူ သုတ်သင်ရှင်းလင်းရမည်၊ ကျောင်းကို သုတ်သင်လိုသော ရဟန်းသည် ရှေ့ဦးစွာ သပိတ်သင်္ကန်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ နိသီဒိုင် အိပ်ရာခင်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ဘုံလျှိုခေါင်းအုံးကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ညောင်စောင်းကို ရှိရှိသေသေကောင်းမွန်စွာ တံခါးရွက် တံခါးဘောင်ကို မထိခိုက်စေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ အင်းပျဉ်ကို ရှိရှိသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးဘောင်ကို မထိခိုက်စေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ညောင်စောင်းခြေတို့ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ထွေးခံကို ထုတ်ဆောင်၍ သင့်ရာ အရပ်၌ ထားရမည်၊ မှီရာ တံကဲပျဉ်ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ မြေအခင်းကို ခင်းမြဲနေရာကို မှတ်လျက် ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ အကယ်၍ ကျောင်း၌ ပိုးအိမ် ပင့်ကူမျှင် ရှိအံ့၊ ဗိတာန်မျက်နှာကြက်မှ ရှေ့ဦးစွာ ဖယ်ရှားရမည်၊ လေသွန်တံခါးနှင့် ထောင့်တို့ကို ပွတ်တိုက်ရမည်။

ဂေရုနီဖြင့် အပြေအပြစ် ပြုထားသော နံရံသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီး လျှင် သုတ်ရမည်၊ မည်းသောအဆင်းဖြင့် အပြေအပြစ်ပြုထားသော မြေသည် မှိုတက်အံ့၊ ပုဆိုးကြမ်း ကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်၊ အပြေအပြစ်မပြုသော မြေဖြစ်အံ့၊ ရေဖျန်း၍ "ကျောင်းကို မြူမတက်စေလင့်" ဟု (နှလုံးထား၍) တံမြက်လှည်းရမည်၊ တံမြက်ချေးကို စုရုံး၍ သင့်ရာအရပ်၌ စွန့်ပစ်ရမည်။

မြေအခင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း ပြန်၍ ခင်းထားရမည်၊ ညောင်စောင်းခြေတို့ကို နေလှန်းသုတ်သင်ပြီးလျှင် ထားမြဲတိုင်း နေရာ၌ ပြန်၍ ထားရမည်၊ ညောင် စောင်းကို နေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ရှိရှိသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးဘောင်ကို မထိခိုက်စေပဲ ခင်းထားမြဲတိုင်း ပြန်၍ ခင်းထားရမည်၊ အင်းပျဉ်ကို နေပူလှန်း သုတ်သင် ပြီးလျှင် ခါ၍ ရှိရှိသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးဘောင်ကို မထိခိုက်စေပဲ ခင်းထားမြဲတိုင်း ပြန်၍ ခင်းထားရမည်၊ ဘုံလျှိုခေါင်းအုံးကို နေလှန်းသုတ်သင် ပြီးလျှင် ခါ၍ ခင်းထားမြဲတိုင်း ပြန်၍ ခင်းထားရမည်၊ နိသီဒိုင် အိပ်ရာခင်းကို နေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲတိုင်း ပြန်၍ ခင်းထားရမည်၊ ထွေးခံကို နေလှန်းပွတ်တိုက်၍ ထားမြဲတိုင်းနေရာ၌ ပြန်၍ ထားရမည်၊ မှီရာ တံကဲပျဉ် ကို နေလှန်းပွတ်တိုက်၍ ထားမြဲတိုင်းနေရာ၌ ပြန်၍ ထားရမည်၊ သပိတ်သင်္ကန်းကို ထားရမည်၊ သပိတ်ကို ထားလိုသော ရဟန်းသည် လက်တဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်း

http://www.dhammadownload.com



အောက်ကိုသော်၎င်း အင်းပျဉ်အောက်ကိုသော်၎င်း သုံးသပ်၍ ထားရမည်၊ အခင်းမရှိသော မြေ၌ သပိတ်ကို မထားရ။ သင်္ကန်းကို ထားလိုသော် လက်တဖက်ဖြင့် သင်္ကန်းကိုကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်း သင်္ကန်းကြိုးကို ပွတ်သပ်၍ ထိုမှာဖက်၌ အစွန်း ဤမှာဖက်၌ အခွေ 'အခေါက်' ပြုလျက် သင်္ကန်းကို ထားရမည်။

အရှေ့အရပ်မှ မြူနှင့်တကွသော လေတိုသည် လာကုန်အံ့၊ အရှေ့မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ အနောက်အရပ်မှ မြူနှင့်တကွသော လေတိုသည် လာကုန်အံ့၊ အနောက်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ မြောက်အရပ်မှ မြူနှင့်တကွသော လေတိုသည် လာကုန်အံ့၊ မြောက်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ တောင်အရပ်မှ မြူနှင့်တကွသော လေတိုသည် လာကုန်အံ့၊ တောင်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ အေးသောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ဖွင့်ရမည်၊ ညဉ့်အခါ၌ ပိတ်ထားရမည်။ ပူအိုက်သောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ပိတ်ရမည်၊ ညဉ့်အခါ၌ ဖွင့်ထားရမည်။

ပရိဝုဏ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ပရိဝုဏ်ကို တံမြက်လှည်းရမည်။ ရေချိုးအုံသည် အမှိုက်ရှိသည်ဖြစ်အံ့၊ ရေချိုးအုံကို တံမြက်လှည်းရမည်။ စည်းဝေးရာစရပ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ စည်းဝေးရာစရပ်ကို တံမြက်လှည်းရမည်။ မီးတင်းကုပ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ မီးတင်းကုပ်ကို တံမြက်လှည်းရမည်။ ကျင်ကြီးအိမ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ကျင်ကြီးအိမ်ကို တံမြက်လှည်းရမည်။ သောက်ရေမရှိအံ့၊ သောက်ရေကို တည်ထားရမည်။ သုံးရေမရှိအံ့၊ သုံးရေကို တည်ထားရမည်။ သန့်သက်ရေအိုး၌ ရေမရှိသည်ဖြစ်အံ့၊ ရေလောင်းထည့်ရမည်။

ဥပဇ္ဈာယ်ဆရာ မမွေ့လျော်ခြင်း ဖြစ်ငြားအံ့၊ အတူနေတပည့်သည် (ကိုယ်တိုင်) အရပ်တပါးသို့ ခေါ်ဆောင်သွားရမည်၊ (သူတပါးကိုသော်လည်း) ခေါ်ဆောင်သွားစေရမည်၊ ထိုဥပဇ္ဈာယ်ဆရာအား တရားစကားကိုမူလည်း ဟောပြောရမည်။ ဥပဇ္ဈာယ်ဆရာ တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်အံ့၊ အတူနေတပည့်သည် ပယ်ဖျောက်ရမည်၊ (သူတပါးကိုသော်လည်း) ပယ်ဖျောက်စေရမည်၊ ထိုဥပဇ္ဈာယ်ဆရာအား တရားစကားကိုမူလည်း ဟောပြောရမည်။ ဥပဇ္ဈာယ်ဆရာ မှားသောအယူ ယူငြားအံ့၊ အတူနေတပည့်သည် ဖြေရှင်းရမည်၊ (သူတပါးကိုသော်လည်း) ဖြေရှင်းစေရမည်၊ ထိုဥပဇ္ဈာယ်ဆရာအား တရားစကားကိုမူလည်း ဟောပြောရမည်။ ဥပဇ္ဈာယ်ဆရာသည် ဂရုကအာပတ်သို့ ရောက်သည်ဖြစ်၍ ပရိဝါသ်နေခြင်းငှါ ထိုက်ငြားအံ့၊ အတူနေတပည့်သည် "အဘယ်သို့လျှင် သံဃာသည် ဥပဇ္ဈာယ်ဆရာအား ပရိဝါသ်ကို ပေးရာအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။ ဥပဇ္ဈာယ်ဆရာသည် အရင်းသို့ ပြန်၍ ငင်ထိုက်သည်ဖြစ်အံ့၊ အတူနေတပည့်သည် "အဘယ်သို့လျှင် သံဃာသည် ဥပဇ္ဈာယ်ဆရာကို အရင်းသို့ ပြန်၍ ငင်ပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။ ဥပဇ္ဈာယ်ဆရာသည် မြတ်နိုးဖွယ် 'မာနတ်' ကျင့်ထိုက်သည်ဖြစ်အံ့၊ အတူနေတပည့်သည် "အဘယ်သို့လျှင် သံဃာသည် ဥပဇ္ဈာယ်ဆရာအား မာနတ်ကိုပေးပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။ ဥပဇ္ဈာယ်ဆရာသည် သွင်းခေါ်ခြင်း 'အဗ္ဘာန်' ထိုက်သည်ဖြစ်အံ့၊ အတူနေတပည့်သည် "အဘယ်သို့လျှင် သံဃာသည် ဥပဇ္ဈာယ်ဆရာကို သွင်းခေါ်ပါအံ့နည်း 'အဗ္ဘာန်သွင်းပါအံ့နည်း' ဟု ကြောင့်ကြ စိုက်ရမည်။ သံဃာသည် ဥပဇ္ဈာယ်ဆရာအား ခြိမ်းခြောက်မှု 'တဇ္ဇနီယ' ကံကိုသော်၎င်း နိဿရည်း ဆရာနှင့် နေစေမှု 'နိယဿ' ကံကိုသော်၎င်း နှင်ထုတ်မှု 'ပဗ္ဗာဇနီယ' ကံကိုသော်၎င်း ဝန်ချတောင်းပန်စေမှု 'ပဋိသာရဏီယ' ကံကိုသော်၎င်း ပယ်သားမှု 'ဥက္ခေပနီယ' ကံကိုသော်၎င်း ပြုလိုသည်ဖြစ်အံ့၊ အတူနေတပည့်သည် "အဘယ်သို့လျှင် သံဃာသည် ဥပဇ္ဈာယ်ဆရာအား ကံမပြုပဲ ရှိပါအံ့နည်း အဘယ်သို့လျှင် အပြစ်ပေါ့စေ

http://www.dhammadownload.com



ရပါအံ့နည်း” ဟု ကြောင့်ကြစိုက်ရမည်။ သံဃာသည် ထိုဥပဇ္ဈာယ်ဆရာအား ခြိမ်းချောက်မှု 'တဇ္ဇနီယ' ကံကိုသော်၎င်း နိဿရည်းဆရာနှင့် နေစေမှု 'နိယဿ' ကံကိုသော်၎င်း နှင်ထုတ်မှု 'ပဗ္ဗာဇနီယ' ကံကိုသော်၎င်း ဝန်ချတောင်းပန်စေမှု 'ပဋိသာရဏီယ' ကံကိုသော်၎င်း ပယ်ထားမှု 'ဥက္ခေပနီယ' ကံကိုသော်၎င်း ပြုပြီးသည်ဖြစ်အံ့၊ အတူနေတပည့်သည် “အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာသည် ကောင်းစွာ ကျင့်ပါအံ့နည်း၊ မာန်တည်းဟူသော အမွေးကို 'အမျက်ဒေါသကို' ချပါအံ့နည်း၊ ဒဏ်မှ ထွက်မြောက်အံ့သော အကျင့်ကို ကျင့်ပါအံ့နည်း၊ သံဃာသည် ထိုကံကို ငြိမ်းစေပါအံ့နည်း” ဟု ကြောင့်ကြစိုက်ရမည်။

ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းသည် ဖွပ်လျှော်သင့်သည်ဖြစ်အံ့၊ အတူနေ တပည့်သည် ဖွပ်လျှော်ရမည်၊ “အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းကို ဖွပ်လျှော်ရပါအံ့နည်း” ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ ဥပဇ္ဈာယ်ဆရာ၏သင်္ကန်းသည် ချုပ်သင့်သည်ဖြစ်အံ့၊ အတူနေတပည့်သည် ချုပ်ရမည်၊ “အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းကို ချုပ်ရပါအံ့နည်း” ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ ဥပဇ္ဈာယ်ဆရာအတွက် ဆိုးရည်ကျိုသင့်သည်ဖြစ်အံ့၊ အတူနေ တပည့်သည် ကျိုရမည်၊ “အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာအတွက် ဆိုးရည်ကို ကျိုရပါအံ့နည်း” ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းသည် ဆိုးသင့်သည်ဖြစ်အံ့၊ အတူနေတပည့်သည် ဆိုးရမည်၊ “အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းကို ဆိုးရပါအံ့နည်း” ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ သင်္ကန်းဆိုးသော ရဟန်းသည် ကောင်းစွာ အပြန်ပြန် အလှန်လှန်ဆိုးရမည်၊ ဆိုးရည်ပေါက် မပြတ်စဲမီ ဖဲမသွားရ။

ဥပဇ္ဈာယ်ဆရာကို မပန်ကြားပဲ အချို့သူအား သပိတ်မပေးရ၊ အချို့သူ၏သပိတ်ကိုလည်း မယူရ၊ အချို့သူအား သင်္ကန်းကို မပေးရ၊ အချို့သူ၏ သင်္ကန်းကိုလည်း မယူရ၊ အချို့သူအား ပရိက္ခရာ 'အသုံးအဆောင်' ကို မပေးရ၊ အချို့သောသူ၏ ပရိက္ခရာ 'အသုံးအဆောင်' ကိုလည်း မယူရ၊ အချို့သူ၏ ဆံပင်တို့ကို မရိတ်ဖြတ်ရ၊ အချို့သူအား မိမိဆံပင်တို့ကို မရိတ်ဖြတ်စေရ၊ အချို့သူ၏ အမှုခပ်သိမ်းကို မပြုရ၊ အချို့သူအား (ချေးတွန်းခြင်းစသော) အမှုခပ်သိမ်းကို မပြုစေရ၊ အချို့သူ၏ အမှုကြီးငယ်ကို မပြုရ၊ အချို့သူအား မိမိ အမှုကြီးငယ်ကို မပြုစေရ၊ အချို့သူ၏ နောက်လိုက်ရဟန်း မဖြစ်ရ၊ အချို့သူကို နောက်လိုက် ရဟန်းမလုပ်ရ၊ အချို့သူ၏ ဆွမ်းကို မဆောင်ရ၊ အချို့သူအား မိမိဆွမ်းကို မဆောင်စေရ၊ ဥပဇ္ဈာယ်ဆရာကို မပန်ကြားပဲ ရွာတွင်းသို့ မဝင်ရ၊ သုသာန်သို့ မသွားရ၊ အရပ်တပါးသို့ ဖဲမသွားရ၊ ဥပဇ္ဈာယ်ဆရာသည် နာဖျားသည်ဖြစ်အံ့၊ အသက်ရှည်သမျှ ကာလပတ်လုံး လုပ်ကျွေးရမည်၊ ထိုဥပဇ္ဈာယ်ဆရာ၏ အနာပျောက်သည့်တိုင်အောင် ဆိုင်းငံ့ရမည်။

ဥပဇ္ဈာယ်ဆရာ၌ ပြုရန်ကျင့်ဝတ် ပြီး၏။

---

## ၁၆-အတူနေတပည့်၌ ပြုရန်ကျင့်ဝတ်ကို ပြဆိုခြင်း

၆၇။ ရဟန်းတို့ ဥပဇ္ဈာယ်ဆရာသည် အတူနေတပည့်၌ ကောင်းစွာ ကျင့်ရမည်၊ ဤဆိုလတ္တံ့သည်ကား ကောင်းစွာ ကျင့်ပုံတည်း—

ရဟန်းတို့ ဥပဇ္ဈာယ်ဆရာသည် အတူနေတပည့်ကို သင်ကြားခြင်း အဖန်ဖန်မေးမြန်းခြင်း သွန်သင်ခြင်း ဆုံးမခြင်းဖြင့် သင်္ဂြိုဟ်ထောက်ပံ့ရမည်။ဥပဇ္ဈာယ်ဆရာအား သပိတ်ရှိ၍ အတူနေတပည့်အား

http://www.dhammadownload.com



သပိတ်မရှိအံ့၊ ဥပဇ္ဈာယ်ဆရာသည် အတူနေတပည့်အား သပိတ်ကို ပေးရမည်၊ "အဘယ်သို့လျှင် အတူနေ တပည့်အား သပိတ်ဖြစ်ပေါ်ပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ ဥပဇ္ဈာယ်ဆရာအား သင်္ကန်း ရှိ၍ အတူနေတပည့်အား သင်္ကန်းမရှိအံ့၊ ဥပဇ္ဈာယ်ဆရာသည် အတူနေတပည့်အား သင်္ကန်းကို ပေးရမည်၊ "အဘယ်သို့လျှင် အတူနေတပည့်အား သင်္ကန်း ဖြစ်ပေါ်ပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ ဥပဇ္ဈာယ်ဆရာအား ပရိက္ခရာ 'အသုံးအဆောင်' ရှိ၍ အတူနေတပည့်အား ပရိက္ခရာ 'အသုံးအဆောင်' မရှိအံ့၊ ဥပဇ္ဈာယ်ဆရာသည် အတူနေတပည့်အား ပရိက္ခရာ 'အသုံးအဆောင်' ကို ပေးရမည်၊ "အဘယ်သို့လျှင် အတူနေတပည့်အား ပရိက္ခရာ 'အသုံးအဆောင်' ဖြစ်ပေါ်ပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။

အတူနေတပည့်သည် နာဖျားအံ့၊ နံနက်စောစောထ၍ ဒန်ပူပေးရမည်၊ မျက်နှာသစ်ရေ ပေးရမည်၊ နေရာခင်းရမည်၊ ယာဂုရှိခဲ့လျှင် ခွက်ကိုဆေး၍ ယာဂုကို ပေးရမည်၊ ယာဂုသောက်ပြီးသော အတူနေတပည့်အား ရေပေး၍ ခွက်ကို လှမ်းယူပြီးနောက် ရိုသေကောင်းမွန်စွာ မထိခိုက်စေပဲ ဆေးကြောပြီးလျှင် သိုမှီးသိမ်းဆည်းထားရမည်၊ အတူနေတပည့်သည်(နေရာမှ)ထခဲ့သော် နေရာကို ရွှေ့ပြောင်းသိမ်းထားရမည်။ အကယ်၍ အမှိုက်ရှိအံ့၊ ထိုနေရာကို တံမြက်လှည်းရမည်။

အတူနေတပည့်သည် ရွာသို့ ဝင်လိုငြားအံ့၊ ရှာဝတ်သင်းပိုင်ကို ပေးရမည်၊ ကျောင်းဝတ်သင်းပိုင်ကို လှမ်းယူရမည်၊ ခါးပန်းကြိုးကို ပေးရမည်၊ ကိုယ်ဝတ် ဒုကုဋ်တို့ကို ထပ်၍ ပေးရမည်၊ ဆေးကြော၍ ရေနှင့်တကွသော သပိတ်ကို ပေးရမည်။ "ဤမျှ အတိုင်းအရှည်ရှိသောအခါ ပြန်လာအံ့" ဟု (နှလုံးသွင်း၍) နေရာကို ခင်းထားရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်၊ ခရီးဦးကြိုဆို၍ သပိတ်သင်္ကန်းကို လှမ်းယူရမည်၊ ကျောင်းဝတ်သင်းပိုင်ကို ပေးရမည်၊ ရွာဝတ်သင်းပိုင်ကို လှမ်းယူရမည်၊ အကယ်၍ သင်္ကန်းသည် ချွေးစွတ်အံ့၊ တခဏမျှ နေပူ၌ လှန်းထားရမည်၊ သို့သော် ကြာမြင့်စွာ မထားရ၊ သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်းခေါက်သည်ရှိသော် "အလယ်၌ မကျိုးပျက် 'ခေါက်ရိုး မဖြစ်' စေလင့်" ဟု (နှလုံးသွင်းလျက်) လက်လေးသစ် အနားကို လျှော့၍ သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်းခေါက်အတွင်း၌ ခါးပန်းကြိုးကို ထားရမည်။

ဆွမ်းရှိ၍ အတူနေတပည့်လည်း စားလိုသည်ဖြစ်အံ့၊ သုံးရေကိုပေး၍ ဆွမ်းကို ပေးရမည်၊ အတူနေတပည့်ကို သောက်ရေဖြင့် (အလိုရှိသလော ဟု) မေးမြန်းရမည်၊ ဆွမ်းစားပြီးသော အတူနေတပည့်အား ရေကို ပေး၍ သပိတ်ကိုလှမ်းယူပြီးလျှင် ရိုသေကောင်းမွန်စွာ မထိခိုက်မိစေပဲ ဆေးကြောသုတ်သင်လျက် ရေမရှိအောင်ပြု၍ တခဏမျှ နေပူ၌ လှန်းထားရမည်၊ နေပူ၌ သပိတ်ကို ကြာမြင့်စွာ မထားရ၊ သပိတ် သင်္ကန်းကို ထားရမည်၊ သပိတ်ကို ထားလိုသော် လက်တဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်းအောက်ကိုသော်၎င်း အင်းပျဉ်အောက်ကိုသော်၎င်း စမ်းသပ်၍ ထားရမည်၊ အခင်းမရှိသော မြေ၌ သပိတ်ကို မထားရ။ သင်္ကန်းကို ထားလိုသော် လက်တဖက်ဖြင့် သင်္ကန်းကို ကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်း သင်္ကန်းကြိုးကို ပွတ်သပ်၍ ထိုမှာဖက်၌ အစွန်း ဤမှာဖက်၌ အခွေ 'အခေါက်' ပြုလျက် သင်္ကန်းကို ထားရမည်။ အတူနေတပည့် (နေရာမှ) ထသည်ရှိသော် နေရာကို ရွှေ့ပြောင်း သိမ်းထားရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို သိုမှီးသိမ်းဆည်းရမည်။ အကယ်၍ အမှိုက်ရှိအံ့၊ ထိုနေရာကိုတံမြက်လှည်းရမည်။

အတူနေတပည့်သည် ရေချိုးလိုသည်ဖြစ်အံ့၊ ချိုးရေကို စီရင်ရမည်၊ ရေအေးအလိုရှိငြားအံ့၊ အေးသော ချိုးရေကို စီရင်ရမည်၊ ရေပူအလိုရှိငြားအံ့၊ ပူသော ချိုးရေကို စီရင်ရမည်။

http://www.dhammadownload.com



အတူနေတပည့်သည် ဇရုံးအိမ်သို့ ဝင်လိုသည်ဖြစ်အံ့၊ ကသယ်မှုန့်ကို ရေဖြင့် လုံးရမည်။ မြေညက်ကို ရေဖြင့် ဆွတ်ရမည်၊ ဇရုံးအိမ် အင်းပျဉ်ကို ယူ၍ သွားပြီးနောက် ဇရုံးအိမ်၌ အင်းပျဉ်ကို ပေးပြီးလျှင် သင်္ကန်းကို လှမ်းယူ၍ သင့်ရာအရပ်၌ ထားရမည်၊ ကသယ်မှုန့်ကို ပေးရမည်၊ မြေညက်ကို ပေးရမည်၊ စွမ်းနိုင်လျှင် ဇရုံးအိမ်သို့ ဝင်ရမည်၊ ဇရုံးအိမ်သို့ ဝင်သော ရဟန်းသည် ရေဆွတ်သော မြေညက်မှုန့်ဖြင့် မျက်နှာကို လိမ်းကျံ၍ ရှေ့မှရင်း နောက်မှရင်း (ရေသနုပ်ဖြင့်) ဖုံးလွှမ်း၍ ဇရုံးအိမ်သို့ ဝင်ရမည်၊ သီတင်းကြီးဖြစ်သော ရဟန်းတို့ကို တိုးဝှေ့၍ မနေထိုင်ရ၊ သီတင်းငယ်ဖြစ်သော ရဟန်းတို့ကိုလည်း နေရာ၌ နေခြင်းကို မတားမြစ်ရ။ ဇရုံးအိမ်၌ အတူနေတပည့်အတွက် (မီးညှိခြင်းစသော) အမှုခပ်သိမ်းကို ပြုရမည်၊ ဇရုံးအိမ်မှ ထွက်သော ရဟန်းသည် ဇရုံးအိမ် အင်းပျဉ်ကိုယူ၍ ရှေ့မှရင်း နောက်မှရင်း (ရေသနုပ်ဖြင့်) ဖုံးလွှမ်း၍ ဇရုံးအိမ်မှ ထွက်ရမည်။

ရေချိုးရာ၌လည်း အတူနေတပည့်အတွက် (ချေးတွန်းခြင်းစသော) အမှုခပ်သိမ်းကို ပြုရမည်၊ ရေချိုးပြီးသော ရဟန်းသည် ရှေဦးစွာ တက်၍ မိမိကိုယ်ကို ရေမရှိအောင်ပြုကာ (သင်းပိုင်ကို) ဝတ်သျက် အတူနေတပည့်၏ ကိုယ်မှ ရေကို သုတ်ရမည်၊ သင်းပိုင်ကို ပေးရမည်၊ ကိုယ်ဝတ်ဒုကုဋ်ကို ပေးရမည်၊ ဇရုံးအိမ် အင်းပျဉ်ကို ယူခဲ့ပြီးလျှင် ရှေ့ဦးစွာ လာ၍ နေရာကို ခင်းရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်၊ အတူနေတပည့်ကို သောက်ရေဖြင့် (အလိုရှိသလော ဟု) မေးမြန်းရမည်။

အတူနေ တပည့်နေသော ကျောင်းသည် အမှိုက်ရှိအံ့၊ စွမ်းနိုင်ပါမူ သုတ်သင်ရှင်းလင်းရမည်။ ကျောင်းကို သုတ်သင်လိုသော ရဟန်းသည် ရှေ့ဦးစွာ သပိတ် သင်္ကန်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ နိသီဒိုင် အိပ်ရာခင်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ဘုံလျှိုခေါင်းအုံးကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ညောင်စောင်းကို ရိုရိုသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်စေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ အင်းပျဉ်ကို ရိုရိုသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်စေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ညောင်စောင်းခြေတို့ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ထွေးခံကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ မှီရာ တံကဲပျဉ်ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ မြေအခင်းကို ခင်းမြဲနေရာကို မှတ်သျက် ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ အကယ်၍ ကျောင်း၌ ပိုးအိမ် ပင့်ကူမျှင် ရှိအံ့၊ ဗိတာန် မျက်နှာကြက်မှ စ၍ ပယ်ရှားရမည်၊ လေသွန် တံခါးနှင့် ထောင့်တို့ကို ပွတ်တိုက်ရမည်။ ဂေ္ဝနီဖြင့် အနီပြုအပြစ်ပြုထားသော နံရံသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်။ မည်းသော အဆင်းဖြင့် အပြေအပြစ်ပြုထားသော မြေသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်။ အပြေအပြစ် မပြုသော မြေဖြစ်အံ့၊ ရေဖျန်း၍ "ကျောင်းကို မြူမတက်စေလင့်" ဟု (နှလုံးထား၍) တံမြက်လှည်းရမည်၊ တံမြက်ချေးကို စုရုံး၍ သင့်ရာအရပ်၌ စွန့်ပစ်ရမည်။

မြေအခင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း ပြန်၍ ထားရမည်၊ ညောင်စောင်းခြေတို့ကို နေလှန်းသုတ်သင်ပြီးလျှင် ခင်းထားမြဲအတိုင်း နေရာ၌ ပြန်၍ ထားရမည်၊ ညောင်စောင်းကို နေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ရိုရိုသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်စေပဲ ခင်းထားမြဲအတိုင်း ပြန်၍ ခင်းထားရမည်၊ အင်းပျဉ်ကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ရိုရိုသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်စေပဲ ခင်းထားမြဲအတိုင်း ပြန်၍ ခင်းထားရ

http://www.dhammadownload.com



မည်၊ ဘုံလျှို ခေါင်းအုံးကို နေလှန်း သုတ်သင်ပြီးလျှင် ခင်းထားမြဲအတိုင်း ပြန်၍ ခင်းထားရမည်၊ နိသီဒိုင် အိပ်ရာခင်းကို နေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း ပြန်၍ ခင်းထားရမည်၊ ထွေးခံကို နေလှန်းပွတ်တိုက်၍ ထားမြဲအတိုင်း နေရာ၌ ပြန်၍ ထားရမည်၊ မှီရာ တံကဲပျဉ်ကို နေလှန်း ပွတ်တိုက်၍ ထားမြဲအတိုင်း နေရာ၌ ပြန်၍ ထားရမည်။ သပိတ် သင်္ကန်းကို ထားရမည်၊ သပိတ်ကို ထားလိုသော ရဟန်းသည် လက်တဖက်ဖြင့် သပိတ်ကိုကိုင်၍ လက်တဖက်ဖြင့်ညောင်စောင်းအောက်ကို သော်၎င်း အင်းပျဉ်အောက်ကိုသော်၎င်း သုံးသပ်၍ သပိတ်ကို ထားရမည်၊ အခင်းမရှိသော မြေ၌ သပိတ်ကို မထားရ။ သင်္ကန်းကို ထားလိုသော ရဟန်းသည် လက်တဖက်ဖြင့် သင်္ကန်းကို ကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်း သင်္ကန်းကြိုးကို ပွတ်၍ ထိုမှာဖက်၌ အစွန်း ဤမှာဖက်၌ အခွေ 'အခေါက်' ပြုလျက် သင်္ကန်းကို ထားရမည်။

အရှေ့အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ အရှေ့မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ အနောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ အနောက်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ မြောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ မြောက်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ တောင်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ တောင်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ အကယ်၍ အေးသောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ဖွင့်ရမည်၊ ညဉ့်အခါ၌ ပိတ်ထားရမည်။ ပူအိုက်သော အခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ပိတ်ရမည်၊ ညဉ့်အခါ၌ ဖွင့်ထားရမည်။

ပရိဝုဏ်သည် အမှိုက်ရှိသည် ဖြစ်အံ့၊ ပရိဝုဏ်ကို တံမြက်လှည်းရမည်။ ရေချိုးအုံသည် အမှိုက်ရှိသည်ဖြစ်အံ့၊ ရေချိုးအုံကို တံမြက်လှည်းရမည်။ စည်းဝေးရာစရပ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ စည်းဝေးရာစရပ်ကို တံမြက်လှည်းရမည်။ မီးတင်းကုပ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ မီးတင်းကုပ်ကို တံမြက်လှည်းရမည်။ ကျင်ကြီးအိမ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ကျင်ကြီးအိမ်ကို တံမြက်လှည်းရမည်။ သောက်ရေမရှိအံ့၊ သောက်ရေကို တည်ထားရမည်။ သုံးရေမရှိအံ့၊ သုံးရေကို တည်ထားရမည်။ သန့်သက်ရေအိုး၌ ရေမရှိသည်ဖြစ်အံ့၊ သန့်သက်ရေအိုး၌ ရေကိုလောင်းထည့်ရမည်။

အတူနေတပည့် မမွေ့လျော်ခြင်း ဖြစ်အံ့၊ ဥပဇ္ဈာယ်ဆရာသည် (ကိုယ်တိုင်)အရပ်တပါးသို့ ခေါ်ဆောင်သွားရမည်၊(သူတပါးကိုသော်လည်း)ခေါ်ဆောင်သွားစေရမည်၊ ထိုအတူနေတပည့်အား တရားစကားကိုမူလည်း ဟောပြောရမည်။ အတူနေတပည့်အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်အံ့၊ ဥပဇ္ဈာယ်ဆရာသည် ပယ်ဖျောက်ရမည်၊ (သူတပါးကိုသော်လည်း) ပယ်ဖျောက်စေရမည်၊ အတူနေတပည့်အား တရားစကားကိုမူလည်း ဟောပြောရမည်၊ အတူနေတပည့်အား မှားသောအယူသည် ဖြစ်အံ့၊ ဥပဇ္ဈာယ်ဆရာသည် ဖြေရှင်းရမည်၊ (သူတပါးကိုသော်လည်း) ဖြေရှင်းစေရမည်၊ ထိုအတူနေတပည့်အား တရားစကားကိုမူလည်း ဟောပြောရမည်။ အတူနေတပည့်သည် ဂရုကအာပတ်သို့ ရောက်သည်ဖြစ်၍ ပရိဝါသ်နေခြင်းငှါ ထိုက်ငြားအံ့၊ ဥပဇ္ဈာယ်ဆရာသည် "အဘယ်သို့လျှင် သံဃာသည် အတူနေတပည့်အား ပရိဝါသ်ကို ပေးရာအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။ အတူနေတပည့်သည် အရင်းသို့ပြန်၍ ငင်ထိုက်သည်ဖြစ်အံ့၊ ဥပဇ္ဈာယ်ဆရာသည် "အဘယ်သို့လျှင် သံဃာသည် အတူနေတပည့်ကို အရင်းသို့ ပြန်၍ ငင်ပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။ အတူနေ တပည့်သည် မြဘ်နိုးဖွယ် 'မာနတ်'ကျင့်ထိုက်သည် ဖြစ်အံ့၊ ဥပဇ္ဈာယ်ဆရာသည် "အဘယ်သို့လျှင် သံဃာသည် အတူနေတပည့်အား မြဘ်နိုးဖွယ် 'မာနတ်'ကို ပေးပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။ အတူနေ

http://www.dhammadownload.com



တပည့်သည် သွင်းခေါ်ခြင်း 'အဗ္ဘာန်' ထိုက်သည်ဖြစ်အံ့၊ ဥပဇ္ဈာယ်ဆရာသည် "အဘယ်သို့လျှင် သံဃာသည် အတူနေတပည့်ကို သွင်းခေါ်ပါအံ့နည်း 'အဗ္ဘာန်သွင်းပါအံ့နည်း' "ဟု ကြောင့်ကြစိုက်ရမည်။ သံဃာသည် အတူနေတပည့်အား ခြိမ်းခြောက်မှု'တဇ္ဇနီယ'ကံကိုသော်၎င်း နိဿရည်းဆရာနှင့် နေစေမှု 'နိယဿ'ကံကိုသော်၎င်း နှင်ထုတ်မှု'ပဗ္ဗာဇနီယ'ကံကိုသော်၎င်း ဝန်ချတောင်းပန်စေမှု 'ပဋိသာရဏီယ'ကံကိုသော်၎င်း ပယ်ထားမှု 'ဥက္ခေပနီယ'ကံကိုသော်၎င်း ပြုလိုသည်ဖြစ်ငြားအံ့၊ ဥပဇ္ဈာယ်ဆရာသည် "အဘယ်သို့လျှင် သံဃာသည် အတူနေတပည့်အား ကံမပြုပဲ ရှိပါအံ့နည်း၊ အဘယ်သို့လျှင် အပြစ်ပေါ့စေရပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။ ထိုအတူနေတပည့်အား သံဃာသည် ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံကိုသော်၎င်း နိဿရည်းဆရာနှင့် နေစေမှု 'နိယဿ'ကံကိုသော်၎င်း နှင်ထုတ်မှု 'ပဗ္ဗာဇနီယ'ကံကိုသော်၎င်း ဝန်ချတောင်းပန်စေမှု'ပဋိသာရဏီယ'ကံကိုသော်၎င်း ပယ်ထားမှု'ဥက္ခေပနီယ'ကံကို သော်၎င်း ပြုပြီးသည်ဖြစ်အံ့၊ ဥပဇ္ဈာယ်ဆရာသည် "အဘယ်သို့လျှင် အတူနေတပည့်သည် ကောင်းစွာ ကျင့်ပါအံ့နည်း၊ မာန်တည်းဟူသော အမွေးကို 'အမျက်ဒေါသကို' ချပါအံ့နည်း၊ ဒဏ်မှ ထွက်မြောက်သော အကျင့်ကို ကျင့်ပါအံ့နည်း၊သံဃာသည် ထိုကံကိုငြိမ်းစေပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။

အတူနေ တပည့်၏ သင်္ကန်းသည် ဖွပ်လျှော်သင့်သည်ဖြစ်အံ့၊ ဥပဇ္ဈာယ်ဆရာသည် "ဤသို့ ဖွပ်လေ့" ဟု ပြောကြားရမည်၊ "အဘယ်သို့လျှင် အတူနေ တပည့်၏သင်္ကန်းကို ဖွပ်လျှော်စေရပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ အတူနေတပည့်၏ သင်္ကန်းသည် ချုပ်သင့်သည်ဖြစ်အံ့၊ ဥပဇ္ဈာယ်ဆရာသည် "ဤသို့ချုပ်လေ့" ဟု ပြောကြားရမည်၊ "အဘယ်သို့လျှင် အတူနေတပည့်၏ သင်္ကန်းကို ချုပ်စေရပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ အတူနေ တပည့်အတွက် ဆိုးရည် ကျိုသင့်သည် ဖြစ်အံ့၊ ဥပဇ္ဈာယ်ဆရာသည် "ဤသို့ကျိုလေ့" ဟု ပြောကြားရမည်၊ "အဘယ်သို့လျှင် အတူနေတပည့်အတွက် ဆိုးရည်ကို ကျိုစေရပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ အတူနေတပည့်၏ သင်္ကန်းသည် ဆိုးသင့်သည်ဖြစ်အံ့၊ ဥပဇ္ဈာယ်ဆရာသည် "ဤသို့ ဆိုးလေ့" ဟု ပြောကြားရမည်၊ "အဘယ်သို့လျှင် အတူနေတပည့်၏ သင်္ကန်းကို ဆိုးစေရပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ သင်္ကန်းဆိုးလိုသောရဟန်းသည် ကောင်းစွာ အပြန်ပြန် အလှန်လှန် ဆိုးရမည်၊ ဆိုးရေပေါက် မပြတ်စိမ့် ဖဲမသွားရ။ အကယ်၍ အတူနေတပည့်သည် နာဖျားသည် ဖြစ်အံ့၊ အသက်ရှည်သမျှကာလပတ်လုံး လုပ်ကျွေးရမည်၊ ထိုအတူနေတပည့်၏ အနာ ပျောက်သည်တိုင်အောင် ဆိုင်းငံ့ရမည်။

အတူနေတပည့်၌ ပြုရန်ကျင့်ဝတ် ပြီး၏။

---

## ၁၇-နှင်ထုတ်ထိုက်သည်ကို ပြဆိုခြင်း

၆၈။ တရံရောအခါ အတူနေတပည့်တို့သည် ဥပဇ္ဈာယ်ဆရာတို့အပေါ်၌ ကောင်းမွန်စွာ မကျင့်ကုန်။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အတူနေတပည့်တို့သည် ဥပဇ္ဈာယ်ဆရာတို့ အပေါ်၌ ကောင်းမွန်စွာ မကျင့်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထို့နောက် ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

http://www.dhammadownload.com



"ရဟန်းတို့ အတူနေတပည့်တို့သည် ဥပဇ္ဈာယ်ဆရာတို့ အပေါ်၌ ကောင်းမွန်စွာ မကျင့်ကြကုန် ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ "ရဟန်းတို့ အဘယ့်ကြောင့် အတူနေ တပည့်တို့သည် ဥပဇ္ဈာယ်ဆရာတို့ အပေါ်၌ ကောင်းမွန်စွာ မကျင့်ကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့အား "ရဟန်းတို့ အတူနေတပည့်သည် ဥပဇ္ဈာယ်ဆရာအပေါ်၌ ကောင်းမွန်စွာ ကျင့်ရမည်၊ ကောင်းမွန်စွာမကျင့်သော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏" ဟု မိန့်တော်မူ၏။

(သို့သော်လည်း) ကောင်းမွန်စွာ မကျင့်ကြကုန်သည်သာတည်း။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ကောင်းမွန်စွာ မကျင့်သော အတူနေတပည့်ကို နှင်ထုတ်ရန် ခွင့်ပြု၏"။

ရဟန်းတို့ ဤသို့နှင်ထုတ်ရမည် "သင့်ကို နှင်ထုတ်၏" ဟူ၍ သော်၎င်း "ဤနေရာသို့ ပြန်မလာလင့်" ဟူ၍ သော်၎င်း "သင်၏သပိတ်သင်္ကန်းကို ဆောင်ယူ သွားလော့" ဟူ၍ သော်၎င်း "သင်သည် ငါ့ကို မလုပ်ကျွေးရ" ဟူ၍ သော်၎င်း ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့် ဖြစ်စေ ကိုယ်နှုတ်ဖြင့်ဖြစ်စေ သိစေငြား အံ့၊ အတူနေတပည့်ကို နှင်ထုတ်သည်မည်၏။ ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ကိုယ်နှုတ်ဖြင့်ဖြစ်စေ မသိစေငြားအံ့၊ အတူနေတပည့်ကို နှင်ထုတ်သည် မမည် ဟု (မိန့်တော်မူ၏)။

ထိုအခါ နှင်ထုတ်ထားသော အတူနေတပည့်တို့သည် မကန်တော့ကြကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ကန်တော့ရန် ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။ (သို့သော်လည်း) မကန်တော့ကြကုန်သည်သာတည်း။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ နှင်ထုတ်ထားသော အတူနေ တပည့်သည် ကန်တော့ရမည်။ မကန်တော့သော တပည့်အား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ကန်တော့သော်လည်း ဥပဇ္ဈာယ်ဆရာတို့သည် သည်းမခံကြကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ သည်းခံရန် ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။ (သို့သော်လည်း) သည်းမခံကြကုန်သည်သာတည်း။ အတူနေတပည့်တို့သည် အရပ်တပါးသို့သော်လည်း ဖဲသွားကုန်၏၊ လူ့သော်လည်း ထွက်ကုန်၏၊ တိတ္ထိဘောင်သို့သော်လည်း ပြောင်းရွှေ့ကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ကန်တော့သည်ရှိသော် ဥပဇ္ဈာယ်ဆရာသည် သည်းခံရမည်။ ကန်တော့မခံသော ဥပဇ္ဈာယ်ဆရာအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

တရံရောအခါ ဥပဇ္ဈာယ်ဆရာတို့သည် ကောင်းစွာကျင့်သော အတူနေတပည့်ကို နှင်ထုတ်ကုန်၏။ ကောင်းစွာ မကျင့်သော အတူနေတပည့်ကို နှင်မထုတ်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ကောင်းစွာကျင့်သော အတူနေတပည့်ကို နှင်မထုတ်ရ၊ နှင်ထုတ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ ကောင်းစွာမကျင့်သော အတူနေတပည့် ကိုကား နှင်ထုတ်ရမည်။ နှင်မထုတ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော အတူနေတပည့်ကို နှင်ထုတ်ရမည်။ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်းမရှိ၊ လွန်ကဲသော ကြည်ညိုခြင်းမရှိ၊ လွန်ကဲသော ရှက်ခြင်းမရှိ၊ လွန်ကဲသော ရိုသေခြင်းမရှိ၊ လွန်ကဲသော မေတ္တာပွါးများခြင်းမရှိ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အတူနေတပည့်ကို နှင်ထုတ်ရမည်။

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော အတူနေ တပည့်ကို နှင်မထုတ်ရ။ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်းရှိ၏၊ လွန်ကဲသော ကြည်ညိုခြင်းရှိ၏၊ လွန်ကဲသော ရှက်ခြင်းရှိ၏၊ လွန်ကဲသော ရိုသေခြင်းရှိ၏၊ လွန်ကဲသော မေတ္တာပွါးများခြင်းရှိ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အတူနေတပည့်ကို နှင်မထုတ်ရ။

ရဟန်းတို့ အင်္ဂါငါးပါးနှင့်ပြည့်စုံသော အတူနေတပည့်ကို နှင်ထုတ်ထိုက်၏။ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်းမရှိ၊ လွန်ကဲသော ကြည်ညိုခြင်းမရှိ၊ လွန်ကဲသော ရှက်ခြင်းမရှိ၊ လွန်ကဲသော ရိုသေခြင်း မရှိ၊ လွန်ကဲသော မေတ္တာပွါးများခြင်းမရှိ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အတူနေတပည့်ကို နှင်ထုတ် ထိုက်၏။

ရဟန်းတို့ အင်္ဂါငါးပါးနှင့်ပြည့်စုံသော အတူနေ တပည့်ကို နှင်မထုတ်ထိုက်။ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော မြတ်နိုးခြင်းရှိ၏၊ လွန်ကဲသောကြည်ညိုခြင်းရှိ၏၊ လွန်ကဲသော ရှက်ခြင်းရှိ၏၊ လွန်ကဲသော ရိုသေခြင်းရှိ၏၊ လွန်ကဲသော မေတ္တာပွါးများခြင်း ရှိ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အတူနေတပည့်ကို နှင်မထုတ်ထိုက်။

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော အတူနေ တပည့်ကို နှင်မထုတ်သော ဥပဇ္ဈာယ်ဆရာသည် အပြစ်ရှိ၏ 'အာပတ် သင့်၏'၊ နှင်ထုတ်သော ဥပဇ္ဈာယ်ဆရာသည် အပြစ်မရှိ 'အာပတ် မသင့်'။ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်းမရှိ၊ လွန်ကဲသော ကြည်ညိုခြင်းမရှိ၊ လွန်ကဲသော ရှက်ခြင်းမရှိ၊ လွန်ကဲသော ရိုသေခြင်းမရှိ၊ လွန်ကဲသော မေတ္တာပွါးများခြင်းမရှိ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အတူနေတပည့်ကို နှင်မထုတ်သော ဥပဇ္ဈာယ်ဆရာသည် အပြစ်ရှိ၏၊ နှင်ထုတ်သော ဥပဇ္ဈာယ်ဆရာသည် အပြစ်မရှိ။

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော အတူနေတပည့်ကို နှင်ထုတ်သော ဥပဇ္ဈာယ်ဆရာသည် အပြစ်ရှိ၏၊ နှင်မထုတ်သော ဥပဇ္ဈာယ်ဆရာသည် အပြစ်မရှိ။ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်း ရှိ၏၊ လွန်ကဲသော ကြည်ညိုခြင်းရှိ၏၊ လွန်ကဲသော ရှက်ခြင်းရှိ၏၊ လွန်ကဲသော ရိုသေခြင်းရှိ၏၊ လွန်ကဲသော မေတ္တာပွါးများခြင်းရှိ၏။ "ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အတူနေတပည့်ကို နှင်ထုတ်သော ဥပဇ္ဈာယ်ဆရာသည် အပြစ်ရှိ၏၊ နှင်မထုတ်သော ဥပဇ္ဈာယ်ဆရာသည် အပြစ်မရှိ" ဟု (မိန့်တော်မူ၏) ။

၆၉။ တရံရောအခါ ပုဏ္ဏားတယောက်သည် ရဟန်းတို့ထံ ချဉ်းကပ်၍ ရှင်ရဟန်းအဖြစ်ကို တောင်းလေ၏၊ ရဟန်းတို့သည် ထိုပုဏ္ဏားကို ရှင်ရဟန်း မပြုလိုကုန်၊ ထိုပုဏ္ဏားသည် ရဟန်းတို့ထံ ရှင်ရဟန်းအဖြစ်ကို မရသောကြောင့် ပိန်ကြုံ၏၊ အသွေးအသား ခေါင်းပါး၏၊ ရုပ်အဆင်း ပျက်၏ (ဖက်ရွက်လျော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိ၏၊ (ကွန်ယက်ကို ဖြန့်ခင်းသကဲ့သို့) အကြော

http://www.dhammadownload.com



ပြိုင်းပြိုင်းထသော ကိုယ်ရှိ၏။ မြတ်စွာဘုရားသည် ပိန်ကြုံသော အသွေးအသား ခေါင်းပါးသော ရုပ်အဆင်းပျက်သော (ဖက်ရွက်လျှော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိသော (ကွန်ယက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသော ထိုပုဏ္ဏားကို မြင်တော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ အဘယ့်ကြောင့် ထိုပုဏ္ဏားသည် ပိန်ကြုံသနည်း အသွေးအသား ခေါင်းပါးသနည်း ရုပ်အဆင်းပျက်သနည်း (ဖက်ရွက်လျှော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိသနည်း (ကွန်ယက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသနည်း" ဟု မေးတော်မူ၏။ အသျှင်ဘုရား ဤပုဏ္ဏားသည် ရဟန်းတို့ထံသို့ ချဉ်းကပ်၍ ရှင်ရဟန်းအဖြစ်ကို တောင်းပါသည်၊ ရဟန်းတို့သည် ထိုပုဏ္ဏားကို ရှင်ရဟန်းပြုမပေးလိုကုန်၊ ထိုပုဏ္ဏားသည် ရဟန်းတို့ထံ ရှင်ရဟန်းအဖြစ်ကို မရသောကြောင့် ပိန်ကြုံပါသည်၊ အသွေးအသား ခေါင်းပါးပါသည်၊ ရုပ်အဆင်း ပျက်ပါသည်၊ (ဖက်ရွက်လျှော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိပါသည်၊ (ကွန်ယက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိပါသည် ဟု (လျှောက်၏)။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ အဘယ်သူသည် ထိုပုဏ္ဏား၏ ကျေးဇူးကို အမှတ်ရသနည်း" ဟု မေးတော်မူ၏။ ဤသို့ မေးတော်မူသည်ရှိသော် အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား "အသျှင်ဘုရား အကျွန်ုပ်သည် ထိုပုဏ္ဏား၏ ကျေးဇူးကို အမှတ်ရပါသည်" ဟု လျှောက်၏။ သာရိပုတြာ သင်သည် အဘယ်သို့လျှင် ထိုပုဏ္ဏား၏ ကျေးဇူးကို အမှတ်ရသနည်း ဟု မေးတော်မူ၏။ အသျှင်ဘုရား ဤရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်သော အကျွန်ုပ်အား ထိုပုဏ္ဏားသည် တယောက်ချိုမျှသော ဆွမ်းကိုပေးလှူဘူးပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ထိုပုဏ္ဏား၏ ဤကျေးဇူးကို အမှတ်ရပါသည် ဟု (လျှောက်၏)။ သာရိပုတြာ ကောင်းလေစွ ကောင်းလေစွ၊ သာရိပုတြာ သူတော်ကောင်းတို့သည် သူ့ကျေးဇူးကို သိတတ်ကုန်သည် သာတည်း၊ ကျေးဇူးတုံ့ဆပ်အပ်သည်ကို သိတတ်ကုန်သည်သာတည်း၊ သာရိပုတြာ သို့ဖြစ်လျှင် သင်သည် ထိုပုဏ္ဏားကို ရှင်လည်းပြုပေးလော့၊ ပဉ္စင်းလည်း ခံပေးလော့ ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် အဘယ်သို့လျှင် ထိုပုဏ္ဏားကို ရှင်ပြုပေးရပါအံ့နည်း၊ ပဉ္စင်းခံပေးရပါအံ့နည်း ဟု (လျှောက်၏)။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့အား "ရဟန်းတို့ သရဏဂုံသုံးပါးဖြင့် ငါဘုရားခွင့်ပြုခဲ့သော ပဉ္စင်းခံခြင်းကို ယနေ့မှ စ၍ ပယ်ဖျက်အပ်ပြီ။ ရဟန်းတို့ ဉတ္တိစတုတ္ထကံဖြင့် 'ဉတ်လျှင် လေးကြိမ်မြောက်သော ကံဖြင့်' ပဉ္စင်းခံရန် ခွင့်ပြု၏။ ရဟန်းတို့ ဤသို့ ပဉ္စင်းခံပေးရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၇၀။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပဉ္စင်းလောင်းသည် ဤမည်သော အသျှင်ကို (အကြောင်းပြု၍) ရဟန်းပြုလိုပါသည်၊ သံဃာအား လျှောက်ပတ်သော အခါရှိသော ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ပဉ္စင်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပဉ္စင်းလောင်းသည် ဤမည်သော အသျှင်ကို (အကြောင်းပြု၍) ရဟန်းပြုလိုပါသည်၊ သံဃာသည် ဤမည်သော ပဉ္စင်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံပေး၏၊ ဤမည်သော ပဉ္စင်းလောင်း၏ ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းဖြစ်ခြင်းကို အကြင်

http://www.dhammadownload.com



အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပဉ္စင်းလောင်းသည် ဤမည်သော အသျှင်ကို (အကြောင်းပြု၍) ရဟန်းပြုလိုပါသည်၊ သံဃာသည် ဤမည်သော ပဉ္စင်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံပေး၏၊ ဤမည်သော ပဉ္စင်းလောင်း၏ ဤမည်သော ဥပဇ္ဈာယ် ဆရာဖြင့် ပဉ္စင်းဖြစ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပဉ္စင်းလောင်းသည် ဤမည်သော အသျှင်ကို (အကြောင်းပြု၍) ရဟန်းပြုလိုပါသည်၊ သံဃာသည် ဤမည်သော ပဉ္စင်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံပေး၏၊ ဤမည်သော ပဉ္စင်းလောင်း၏ ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းဖြစ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ပဉ္စင်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံပေးအပ်ပြီ၊ သံဃာတော်အား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

၇၁။ ထိုအခါ ရဟန်းတပါးသည် ပဉ္စင်းခံပြီးသည်၏ အခြားမဲ့၌ မကျင့်သင့်သည်ကို ကျင့်၏။ ရဟန်းတို့သည် "ငါ့သျှင် ဤသို့သော အမှုကို မပြုပါလင့်၊ ဤအမှုသည် မအပ်စပ်ပါ" ဟု ပြောဆိုကုန်၏။ ထိုရဟန်းသည် "အကျွန်ုပ်ကို ပဉ္စင်းခံပေးကုန်လော့ ဟု အသျှင်တို့ကို ခွင့်မတောင်းပဲ အသျှင်တို့သည် အကျွန်ုပ်ကို အဘယ့်ကြောင့် ပဉ္စင်းခံပေးကုန်သနည်း" ဟု ပြောဆို၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခွင့်မတောင်းသူကို ပဉ္စင်းခံမပေးရ။ ပဉ္စင်းခံပေးသောသူအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ အခွင့်တောင်းသူကိုသာလျှင် ပဉ္စင်းခံပေးရန် အခွင့်ပြု၏။ ရဟန်းတို့ ဤသို့ အခွင့်တောင်းရမည်။ ထိုရဟန်းလောင်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်ကာ ရဟန်းတို့၏ ခြေတို့ကို ရှိခိုးလျက် ဆောင့်ကြောင့် ထိုင်ပြီးလျှင် လက်အုပ်ချီ၍ "အသျှင်ဘုရားတို့ သံဃာအား ပဉ္စင်းအဖြစ်ကို တောင်းပါ၏၊ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်ကို အစဉ်သနားသည်ကို စွဲ၍ ပဉ္စင်းခံပေးတော်မူပါလော့" ဟု ပြောဆိုရမည်။ နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ပ။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ပ။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၇၂။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပဉ္စင်းလောင်းသည် ဤမည်သော အသျှင်ကို (အကြောင်းပြု၍)ရဟန်းပြုလိုပါသည်၊ ဤမည်သော ပဉ္စင်းလောင်းသည် သံဃာကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းအဖြစ်ကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊

http://www.dhammadownload.com



သံဃာသည် ဤမည်သော ပဉ္စင်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပဉ္စင်းလောင်းသည် ဤမည်သော အသျှင်ကို (အကြောင်းပြု၍) ရဟန်းပြုလိုပါသည်၊ ဤမည်သောပဉ္စင်းလောင်းသည် သံဃာကို ဤမည်သောဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းအဖြစ်ကို တောင်း၏၊ သံဃာသည် ဤမည်သော ပဉ္စင်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံပေး၏၊ ဤမည်သော ပဉ္စင်းလောင်း၏ ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းဖြစ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။ နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။

သံဃာသည် ဤမည်သော ပဉ္စင်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံပေးအပ်ပြီ၊ သံဃာတော်အား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

၇၃။ ထိုအခါ ရာဇဂြိုဟ်ပြည်၌ ကောင်းမွန်သော ဆွမ်းလှည့်အစဉ်သည် တည်ရှိလေ၏။ ထိုအခါ ပုဏ္ဏားတယောက်အား "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ကောင်းသော အလေ့အကျင့် ရှိကုန်၍ ကောင်းသော ခဲဖွယ်ဘောဇဉ်တို့ကို စားကုန်လျက် လေလုံခြုံရာ အိပ်ရာ တိုက်ခန်းတို့၌ အိပ်ရကုန်၏၊ ငါသည် သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့ထံ၌ ရဟန်းပြုရပါမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။ ထို့နောက် ထိုပုဏ္ဏားသည် ရဟန်းတို့ထံသို့ ချဉ်းကပ်၍ ရှင်ရဟန်းအဖြစ်ကို တောင်း၏။ ရဟန်းတို့သည် ထိုပုဏ္ဏားကို ရှင်ပြုပေးကုန်၏၊ ပဉ္စင်းခံပေးကုန်၏။ ထိုပုဏ္ဏား ပဉ္စင်းခံပြီးနောက် ဆွမ်းလှည့် အစဉ်သည် ကုန်လေ၏။ ရဟန်းတို့သည် "ငါ့သျှင် လာလော့၊ယခုအခါ ဆွမ်းခံလှည့်လည်ကုန်အံ့" ဟု ဆိုကုန်၏။ ထိုရဟန်းသစ်သည် "ငါ့သျှင် ငါသည် 'ဆွမ်းခံရန်အတွက်' ရဟန်းပြုသည်မဟုတ်၊ငါ့အား ပေးလျှင် ငါစားမည်၊ မပေးလျှင် ငါလူထွက်မည်" ဟု ဆိုလေ၏။ ငါ့သျှင် အဘယ်သို့ ဆိုသနည်း၊ သင်သည် ဝမ်းရေးကြောင့် ရဟန်းပြုသလော ဟု (ဆိုကုန်၏)။ မှန်ပါသည် ငါ့သျှင် ဟု (ဆို၏)။ အလိုနည်းသော ရဟန်းတို့သည် "ရဟန်းသည် ဤသို့ကောင်းစွာ ဟောကြားအပ်သော သာသနာတော်၌ ဝမ်းရေးအတွက် အဘယ့်ကြောင့် ရဟန်းပြုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်း သင်သည် ဝမ်းရေးအတွက် ရဟန်းပြု၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။(မင်္ဂလိမှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် ဤသို့ ကောင်းစွာ ဟောကြားအပ်သော သာသနာတော်၌ ဝမ်းရေးအတွက် ရဟန်းပြုဘိသနည်း။ (မင်္ဂလိမှ)အချည်းနှီးဖြစ်သောယောကျ်ား ဤ(သင်ပြုမိသော အမှု)သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါရင်း ကြည်ညိုပြီးသောသူတို့အား တိုး၍ ကြည်ညိုစေခြင်းငှါရင်း ။ပ။ ကဲ့ရဲ့၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

http://www.dhammadownload.com



"ရဟန်းတို့ ပဉ္စင်းခံပေးသော ရဟန်းသည် မှီငြမ်းပြုရာ လေးပါးတို့ကို ပြောကြားရန် ခွင့်ပြု၏။ သလုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ ရသောဆွမ်းကို အမှီပြု၍ ဖြစ်သော ရဟန်းအဖြစ်၌ သင်ပဉ္စင်းသစ်သည် သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှ ကာလပတ်လုံး အားထုတ်ရမည်၊ (ရှေးကထူး၍)အလွန်အကြူးလာဘ်ပေါများပါမူ သံဃာအား လှူသော ဆွမ်း ရည်ညွှန်း၍ လှူသော ဆွမ်း ပင့်ဖိတ်သော ဆွမ်း စာရေးတန်ချ၍ လှူသော ဆွမ်း လဆန်း လဆုတ်ပက္ခ၌ လှူသော ဆွမ်း ဥပုသ်နေ့၌ လှူသော ဆွမ်း အထွက်တရက်နေ့၌ လှူသော ဆွမ်းများကိုလည်း (သုံးဆောင်အပ်သေး၏)။

မြေမှုန့် အလိမ်းလိမ်းကပ်သော 'ပံသုကူ'သင်္ကန်းကို အမှီပြု၍ ဖြစ်သော ရဟန်းအဖြစ်၌ သင် ပဉ္စင်းသစ်သည် သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှကာလပတ်လုံး အားထုတ်ရမည်၊ (ရှေးကထူး၍) အလွန်အကြူးလာဘ်ပေါများပါမူ ခေါမချည်သင်္ကန်း ဝါချည်သင်္ကန်း ပိုးချည်သင်္ကန်း သက္ကလပ်သင်္ကန်း ပိုက်ဆံလျှော်ချည် သင်္ကန်း ချည်ငါးပါးရော၍ ရက်သော သင်္ကန်းတို့ကိုလည်း (သုံးဆောင်အပ်သေး၏)။

သစ်ပင်ရင်း ဟူသော ကျောင်းကို အမှီပြု၍ ဖြစ်သော ရဟန်းအဖြစ်၌ သင်ပဉ္စင်းသစ်သည် သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှ ကာလပတ်လုံး အားထုတ်ရမည်၊ (ရှေးကထူး၍) အလွန်အကြူးလာဘ်ပေါများပါမူ နှစ်ဖက်စောင်းမိုးသောကျောင်း တဖက်စောင်းမိုးသောကျောင်း လေးထောင့်ပြာသာဒ် ပြာသာဒ်ဦးပြည်း ဂူတို့ကိုလည်း (သုံးဆောင်အပ်သေး၏)။

နွားကျင်ငယ်ပုပ်ဖြင့် ထုံအပ်သော ဆေးကို အမှီပြု၍ ဖြစ်သော ရဟန်းအဖြစ်၌ သင်ပဉ္စင်းသစ်သည် သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှ ကာလပတ်လုံး အားထုတ်ရမည်၊ (ရှေးကထူး၍ )အလွန်အကြူးလာဘ်ပေါများပါမူ ထောပတ် ဆီဦး ဆီ ပျား တင်လဲတို့ကိုလည်း(သုံးဆောင်အပ်သေး၏)"ဟု (ပြောကြားရန် ခွင့်ပြု၏ ဟု) မိန့်တော်မူ၏။

ပဉ္စမဉပဇ္ဈာယ်ဝတ်ခဏ်း ပြီး၏။

---

## ၁၈-(နိဿရည်း)ဆရာ၌ ပြုရန်ကျင့်ဝတ်ကို ပြဆိုခြင်း

၇၄။ တရံရောအခါ လုလင်တယောက်သည် ရဟန်းတို့ထံသို့ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်း၏။

ထိုသူအား ရဟန်းတို့သည် (ရဟန်းမပြုမီ) ရှေ့ဦးစွာကပင်လျှင် မှီရာ (ပစ္စည်းလေးပါး) တို့ကို ပြောကြားကုန်၏။ ထိုလုလင်သည် "အသျှင်ဘုရားတို့ အကယ်၍ ရဟန်းပြုပြီးမှ မှီရာ (ပစ္စည်းလေးပါး) တို့ကို အကျွန်ုပ်အားပြောကြားသည်ဖြစ်အံ့၊ ထိုအကျွန်ုပ်သည် အလွန်မွေ့လျော်ရာ၏၊ အသျှင်ဘုရားတို့ ယခုမှာမူ အကျွန်ုပ်သည် ရဟန်းမပြုတော့ပြီ၊ အကျွန်ုပ်သည် မှီရာ (ပစ္စည်းလေးပါး) တို့ကို စက်ဆုပ်ရွံရှာပါ၏" ဟု ဆို၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းမပြုမီ ရှေးအဘို့က မှီရာ (ပစ္စည်းလေးပါး) တို့ကို မပြောကြားအပ်၊ ပြောကြားသော ရဟန်းအား

http://www.dhammadownload.com



ဒုက္ကဋ်အာပတ် သင့်၏။ "ရဟန်းတို့ ရဟန်းပြုပြီးသည်၏ အခြားမဲ့၌ မှီရာ (ပစ္စည်းလေးပါး) တို့ကို ပြောကြားရန် ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် နှစ်ယောက်အစုဂိုဏ်း သုံးယောက်အစုဂိုဏ်းဖြင့် ပဉ္စင်းခံပေးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ရဟန်းတို့ ဆယ်ယောက်အစုအောက် ယုတ်လျော့သော ဂိုဏ်းဖြင့် ပဉ္စင်းခံမပေးအပ်၊ အကြင်ရဟန်းသည် ပဉ္စင်းခံပေးငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏။ "ရဟန်းတို့ ဆယ်ယောက်အစုဂိုဏ်းဖြင့်သော်၎င်း ဆယ်ယောက်အစုထက် ပိုလွန်သောဂိုဏ်းဖြင့်သော်၎င်း ပဉ္စင်းခံပေးခြင်းငှါ ခွင့်ပြုမူ၏" ဟု (မိန့်တော်မူ၏)။

၇၅။ ထိုအခါ တဝါရ နှစ်ဝါရ ရဟန်းတို့သည် အတူနေ တပည့်ကို ပဉ္စင်းခံပေးကုန်၏။ ဝင်္ဂန္တပုဏ္ဏားအ၏သား အသျှင်ဥပသေနသည်လည်း တဝါသာ ရသေးလျက် အတူနေ တပည့်ကို ပဉ္စင်းခံပေး၏။ ထိုဥပသေနသည် ဝါကျွတ်သည်ရှိသော် နှစ်ဝါရဖြစ်၍ တဝါသာ ရသေးသော အတူနေ တပည့်ကို ခေါ်ကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ် ပြီးနောက် ရှိခိုးလျက် တခုသောနေရာ၌ ထိုင်လေ၏။

အာဂန္တုက ရဟန်းတို့နှင့် အတူဘက္ခ ဝမ်းမြောက်စွာ နှုတ်ဆက်စကား ပြောကြားတော်မူခြင်းသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရားတို့၏ အလေ့အထပင် ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဝင်္ဂန္တပုဏ္ဏား၏ သား အသျှင်ဥပသေနအား—

"ရဟန်း ကျန်းမာ၏လော၊ မျှတ၏လော၊ သင်သည် ခရီးရှည်ကို မပင်ပန်းပဲ လာခဲ့ရပါ၏လော" ဟု မေးတော်မူရာ—

ကျန်းမာပါသည် မြတ်စွာဘုရား၊ မျှတပါသည် မြတ်စွာဘုရား၊ တပည့်တော်တို့သည် ခရီးရှည်ကို မပင်ပန်းပဲ လာခဲ့ရပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုရားရှင်တို့သည် သိလျက်လည်း မေးတော်မူကုန်၏၊ သိလျက်လည်း မေးတော်မမူကုန်။ အချိန်အခါကို သိ၍ မေးတော်မူကုန်၏၊ အချိန်အခါကို သိ၍ မေးတော်မမူကုန်။ မြတ်စွာဘုရားတို့သည် အကျိုးနှင့် စပ်သည်ကို မေးတော်မူကုန်၏၊ အကျိုးနှင့် မစပ်သည်ကို မေးတော်မမူကုန်။ မြတ်စွာဘုရားတို့သည် အကျိုးနှင့် မစပ်သည်တို့ကို မဂ်ဖြင့်ပယ်တော်မူပြီး ဖြစ်ကုန်၏။ "တရားကိုသော်လည်း ဟောအံ့၊ တပည့်သာဝကတို့အား သိက္ခာပုဒ်ကိုသော်လည်း ပညတ်အံ့" ဟူသော အကြောင်းနှစ်မျိုးတို့ဖြင့် ဘုန်းတော်ကြီးသော မြတ်စွာဘုရားတို့သည် ရဟန်းတို့ကို မေးတော်မူကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဝင်္ဂန္တပုဏ္ဏား၏သား အသျှင်ဥပသေနအား "ရဟန်း သင်သည် အဘယ်မျှ ဝါရှိပြီနည်း" ဟု မေးတော်မူ၏။

အသျှင်ဘုရား အကျွန်ုပ် နှစ်ဝါရှိပါပြီ ဟု (လျှောက်၏)။

ဤရဟန်းသည် အဘယ်မျှ ဝါရှိပြီနည်း ဟု (မေးတော်မူပြန်ရာ)

အသျှင်ဘုရား တဝါမျှသာ ရှိပါသေး၏ ဟု (လျှောက်၏)။

ဤရဟန်းသည် သင်နှင့် အဘယ်သို့ တော်စပ်သနည်း ဟု (မေးတော်မူပြန်ရာ)

အသျှင်ဘုရား အကျွန်ုပ်၏ အတူနေ တပည့်ပါတည်း ဟု (လျှောက်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ရဟန်းတို့အား မလျောက်ပတ် မသင့်လျော် မအသင့်တင့်၊ ရဟန်းတို့၏ အမှုအကျင့်မဟုတ်၊ ရဟန်းတို့အား မအပ်စပ် မပြုထိုက်။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင့်ကို သူတပါးတို့က သွန်သင် ဆုံးမအပ်သေးသည် ဖြစ်ပါလျက် အဘယ့်ကြောင့် သူတပါးကို သွန်သင် ဆုံးမခြင်းငှါ အောက်မေ့ မှတ်ဘင်ဘိသနည်း။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် ဂိုဏ်းအဖွဲ့၏ များပြားလာခြင်းငှါ အလွန်လျင်စွာ ပြုကျင့်ဘိ၏။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငါရင်း ကြည်ညိုပြီးသော သူတို့အား တိုး၍ ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့အား—

"ရဟန်းတို့ ဆယ်ဝါမပြည့်သေးသော ရဟန်းသည် ပဉ္စင်းခံမပေးအပ်၊ အကြင်ရဟန်းသည် ပဉ္စင်းခံ ပေးငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ဆယ်ဝါပြည့်ပြီးသော ရဟန်းသည်၎င်း ဆယ်ဝါထက် ကျော်လွန်သော ရဟန်းသည် ၎င်း ပဉ္စင်းခံပေးခြင်းငှါ ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

၇၆။ ထိုအခါ ရဟန်းတို့သည် "ငါတို့ ဆယ်ဝါရှိကုန်ပြီ ငါတို့ဆယ်ဝါရှိကုန်ပြီ" ဟု (ဝိနည်း သိက္ခာပုဒ်၌)မသိမလိမ္မာကုန်ပဲ ပဉ္စင်းခံပေးကုန်၏။ မသိမိုက်မဲသော ဥပဇ္ဈာယ်ဆရာနှင့် လိမ္မာသော အတူနေ တပည့်၊ မကျွမ်းကျင်သော ဥပဇ္ဈာယ်ဆရာနှင့် ကျွမ်းကျင်သော အတူနေတပည့်၊ အကြားအမြင် နည်းသော ဥပဇ္ဈာယ်ဆရာနှင့် အကြားအမြင်များသော အတူနေတပည့်၊ ပညာမဲ့သော ဥပဇ္ဈာယ် ဆရာနှင့် ပညာရှိသော အတူနေ တပည့်တို့ကို တွေ့မြင်ရကုန်၏။ တိတ္ထိဖြစ်ဘူးသော ရဟန်းတပါးသည် လည်း ဥပဇ္ဈာယ်ဖြစ်သော မထေရ်သည် တရားနှင့်အညီ ဆုံးမသည်ရှိသော် ဥပဇ္ဈာယ်ဆရာအား ဝါဒ တင်၍ ထိုတိတ္ထိဘောင်သို့သာလျှင် ပြောင်းရွှေ့၏။

အလိုနည်းသော ရဟန်းတို့သည် "ရဟန်းတို့သည် 'ဆယ်ဝါရှိကုန်ပြီ ဆယ်ဝါရှိကုန်ပြီ' ဟု (ဝိနည်း သိက္ခာပုဒ်၌) မသိမလိမ္မာကုန်ပဲ အဘယ့်ကြောင့် ပဉ္စင်းခံပေးကုန်ဘိသနည်း။ မသိမိုက်မဲသော ဥပဇ္ဈာယ်ဆရာနှင့် လိမ္မာသော အတူနေတပည့်၊ မကျွမ်းကျင်သော ဥပဇ္ဈာယ်ဆရာနှင့် ကျွမ်းကျင် သော အတူနေတပည့်၊ အကြားအမြင်နည်းသော ဥပဇ္ဈာယ်ဆရာနှင့် အကြားအမြင်များသော အတူ နေတပည့်၊ ပညာမဲ့သော ဥပဇ္ဈာယ်ဆရာနှင့် ပညာရှိသော အတူနေ တပည့်တို့ကို တွေ့မြင်ရကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်း တို့ ရဟန်းတို့သည် 'ဆယ်ဝါရှိကုန်ပြီ ဆယ်ဝါရှိကုန်ပြီ' ဟု (ဝိနည်းသိက္ခာပုဒ်၌) မသိ မလိမ္မာကုန်ပဲ ပဉ္စင်းခံပေးကုန်၏၊ မသိမိုက်မဲသော ဥပဇ္ဈာယ်ဆရာနှင့် လိမ္မာသော အတူနေတပည့်၊ မကျွမ်းကျင် သော ဥပဇ္ဈာယ်ဆရာနှင့် ကျွမ်းကျင်သော အတူနေတပည့်၊ အကြားအမြင် နည်းသော ဥပဇ္ဈာယ် ဆရာနှင့် အကြားအမြင်များသော အတူနေ တပည့်၊ ပညာမဲ့သော ဥပဇ္ဈာယ်ဆရာနှင့် ပညာရှိသော အတူနေတပည့်တို့ကို တွေ့မြင်ရကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် (မဂ်ဖိုလ်ခု)အချည်းနှီးဖြစ်သော ထိုယောကျ်ားတို့သည်"ဆယ်ဝါရှိကုန်ပြီ ဆယ်ဝါရှိကုန်ပြီ"ဟု(ဝိနည်း သိက္ခာပုဒ်၌) မသိ မလိမ္မာကုန်ပဲ ပဉ္စင်းခံပေး ကုန်ဘိသနည်း။ မသိမိုက်မဲသော ဥပဇ္ဈာယ်ဆရာနှင့် လိမ္မာသော အတူနေ တပည့်၊ မကျွမ်းကျင်သော ဥပဇ္ဈာယ်ဆရာနှင့် ကျွမ်းကျင်သော အတူနေ တပည့်၊ အကြားအမြင်နည်းသော ဥပဇ္ဈာယ်ဆရာနှင့် အကြားအမြင်များသော အတူနေတပည့်၊ ပညာမဲ့သော ဥပဇ္ဈာယ်ဆရာနှင့် ပညာရှိသော အတူနေ တပည့်တို့ကို တွေ့မြင်ရကုန်၏။

ရဟန်းတို့ ဤ (ရဟန်းတို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညို စေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့(ဝိနည်းသိက္ခာပုဒ်ကို)မသိ မလိမ္မာသော ရဟန်းသည် ပဉ္စင်းခံမပေးအပ်၊ အကြင် ရဟန်းသည် ပဉ္စင်းခံပေးငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ (ဝိနည်း သိက္ခာပုဒ်၌) ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဆယ်ဝါပြည့်ပြီးသော ရဟန်းသည်ငှင်း ဆယ်ဝါထက် ကျော်လွန်သော ရဟန်းသည်ငှင်း ပဉ္စင်းခံပေးခြင်းငှါ ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

၇၇။ တရံရောအခါ ဥပဇ္ဈာယ်ဆရာတို့သည် အရပ်တပါးသို့ ဖဲသွားကုန်သော် လူထွက်ကုန်သော် သေကုန်သော် တိတ္ထိဘောင်သို့ ပြောင်းရွှေ့ သွားကုန်သော် ရဟန်းတို့သည် ဆရာမရှိ ဆုံးမသွန်သင် ပေးသူ မရှိသည်ဖြစ်၍ မကောင်းသဖြင့် ဝတ်ရုံလျက် ရဟန်းတို့၏ အမူအရာနှင့် မပြည့်စုံပဲ ဆွမ်းခံလှည့် လည်ကုန်၏၊ ထိုရဟန်းတို့သည် လူတို့ စားသောက်နေစဉ် ဘောဇဉ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ် တို့၏ အထက်၌ ဆွမ်းခံသပိတ်ကို ညွတ်စေကုန် 'ခံလင့်ကုန်' ၏၊ ဟင်း ထမင်းကိုလည်း ကိုယ်တိုင် တောင်း၍ စားကုန်၏၊ ဆွမ်းစား စရပ်၌လည်း ပြင်းပြ ကျယ်လောင်သော အသံရှိလျက် နေကုန်၏။

လူတို့သည်—

"ဤသာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် အဘယ့်ကြောင့် မကောင်းသဖြင့် ဝတ်ရုံလျက် ရဟန်းတို့၏ အမူအရာနှင့် မပြည့်စုံပဲ ဆွမ်းခံ လှည့်လည်ကုန်ဘိ သနည်း၊ ထိုရဟန်းတို့သည် လူတို့ စားသောက်နေစဉ် ဘောဇဉ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ် တို့၏ အထက်၌ ဆွမ်းခံသပိတ်ကို ညွတ်စေကုန် 'ခံလင့်ကုန်' ဘိသနည်း၊ ဟင်း ထမင်းကိုလည်း ကိုယ်တိုင်တောင်း၍ စားကုန်ဘိသနည်း၊ ဆွမ်းစားစရပ်၌လည်း ပုဏ္ဏားစားသောက်ပွဲ၌ ပုဏ္ဏား များကဲ့သို့ ပြင်းပြ ကျယ်လောင်သော အသံရှိလျက် နေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချ ကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြကုန် သည်သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြ ကုန်၏။

ရဟန်းတို့ မှန်သလော။ပ။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။

ကဲ့ရဲ့တော်မူပြီးလျှင် တရားစကားကို ဟောတော်မူပြီးနောက် ရဟန်းတို့အား—

ရဟန်းတို့ (နိဿရည်း) ဆရာကို ခွင့်ပြု၏၊ ရဟန်းတို့ (နိဿရည်း) ဆရာသည် အနီးနေတပည့်၌ သားဟူသော စိတ်ကိုထားအံ့၊ အနီးနေတပည့်သည် (နိဿရည်း) ဆရာ၌ အဖ

http://www.dhammadownload.com



ဟူသော စိတ်ကိုသားအံ့၊ ဤသို့ ထိုဆရာတပည့်တို့သည် အချင်းချင်းရိုသေခြင်း တုပ်ဝပ်ခြင်း တူသော အသက်မွေးခြင်း ရှိသည်ဖြစ်၍ နေကုန်သည်ရှိသော် ဤသာသနာတော်၌ ကြီးပွါး စည်ပင်ပြန့်ပြောခြင်းသို့ ရောက်ကုန်လတ္တံ့။

ရဟန်းတို့ ဆယ်ဝါရရှိသော ရဟန်းတို့ကို အမှီပြု၍ နေခြင်းငှါ ဆယ်ဝါရရှိသော ရဟန်းသည် မှီရာ (နိဿရည်း)ကို ပေးခြင်းငှါ ခွင့်ပြု၏။

ရဟန်းတို့ ဤသို့ (နိဿရည်း) ဆရာ ယူရမည်၊ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ် တင်၍ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက် "အသျှင်ဘုရား အကျွန်ုပ်၏ (နိဿရည်း) ဆရာ ဖြစ်တော်မူပါလော့၊ အသျှင်ဘုရားကို မှီ၍ နေပါအံ့။ အသျှင်ဘုရား အကျွန်ုပ်၏ (နိဿရည်း) ဆရာ ဖြစ်တော်မူပါလော့၊ အသျှင်ဘုရားကို မှီ၍ နေပါအံ့။ အသျှင်ဘုရား အကျွန်ုပ်၏ (နိဿရည်း) ဆရာ ဖြစ်တော်မူပါလော့၊ အသျှင်ဘုရားကို မှီ၍ နေပါအံ့" ဟု ဆိုရမည်။

"ကောင်းပြီ" ဟူ၍သော်၎င်း "ငါ့အား ဝန်မလေး" ဟူ၍သော်၎င်း "ငါ၏ တာဝန်ပေ" ဟူ၍ သော်၎င်း "သင့်တင့်၏" ဟူ၍သော်၎င်း "ကြည်ညိုဖွယ်ကိုဆောင်သော ကိုယ်နှုတ်အမူအရာနှင့် ပြည့်စုံ စေလော့" ဟူ၍သော်၎င်း ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ကိုယ်နှုတ်ဖြင့်ဖြစ်စေ သိစေငြားအံ့၊ (နိဿရည်း) ဆရာ ယူသည် မည်၏။ ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ကိုယ်နှုတ်ဖြင့်ဖြစ်စေ မသိစေငြားအံ့၊ (နိဿရည်း) ဆရာ ယူသည် မမည် ဟု (မိန့်တော်မူ၏)။

၇၈။ ရဟန်းတို့ အနီးနေ တပည့်သည် (နိဿရည်း) ဆရာ၌ ကောင်းစွာ ကျင့်ရမည်၊ ဤ ဆိုလတ္တံ့သည် ကား ကောင်းစွာ ကျင့်ပုံတည်း—

(အနီးနေတပည့်သည်) နံနက်စောစော ထ၍ ဘိနပ်ချွတ်ပြီးလျှင် လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်၍ ဒန်ပူကပ်ရမည်၊ မျက်နှာသစ်ရေကပ်ရမည်၊ နေရာခင်းရမည်၊ ယာဂု ရှိခဲ့လျှင် ခွက်ကို ဆေး၍ ယာဂုဆက်ကပ်ရမည်၊ ယာဂုသောက်ပြီးသော (နိဿရည်း) ဆရာအား ရေပေး၍ ခွက်ကို လှမ်းယူပြီးနောက် ရိုသေကောင်းမွန်စွာ မထိခိုက်မိစေပဲ ဆေးကြောပြီးလျှင် သိမ်းဆည်း ထားရမည်၊ (နိဿရည်း) ဆရာသည် (နေရာမှ) ထခဲ့သော် နေရာကို ရွှေ့ပြောင်း သိမ်းထားရမည်။ အကယ်၍ အမှိုက်ရှိအံ့၊ ထိုနေရာကို တံမြက်လှည်းရမည်။

(နိဿရည်း) ဆရာသည် ရွာသို့ ဝင်လိုငြားအံ့၊ ရွာဝတ်သင်းပိုင်ကို ပေးရမည်၊ ကျောင်းဝတ် သင်းပိုင်ကို ယူရမည်၊ ခါးပန်းကြိုးကို ပေးရမည်၊ ကိုယ်ဝတ် ဒုကုဋ်တို့ကို ထပ်၍ ပေးရမည်၊ ဆေးကြော၍ ရေနှင့် တကွသော သပိတ်ကို ပေးရမည်။ အကယ်၍ (နိဿရည်း) ဆရာသည် နောက်လိုက်ရဟန်းကို အလိုရှိအံ့၊ အဝန်းသုံးပါး[၁] ကို ဖုံးလွှမ်းသဖြင့် အဝန်း ညီညွတ်စွာ သင်းပိုင်ကိုဝတ် ခါးပန်းကြိုးကို ဖွဲ့ချည် ထပ်ပြီးသော ကိုယ်ဝတ် ဒုကုဋ်တို့ကို ရုံ ကမွတ်သီးကိုတပ် သပိတ်ကို ဆေးကြော ယူငင်၍ (နိဿရည်း) ဆရာ၏ နောက်လိုက် ရဟန်းဖြစ်ရမည်၊ ဝေးလွန်းစွာ မလိုက်ရ၊ နီးကပ်စွာလည်း မလိုက်ရ၊ သပိတ် လဲလှယ်ခြင်းကို ခံယူရမည်။ (နိဿရည်း) ဆရာ စကားပြောဆိုစဉ် အကြား အကြား၌ ဝင်၍ မပြောရ၊ (နိဿရည်း) ဆရာသည် အာပတ်နှင့် နီးစပ်သည်ကို ပြောဆိုခဲ့သော် တားမြစ်ရမည်။

---

၁။ ပုဆစ်ဒူးဝန်းနှစ်ဘက်နှင့် ချက်ကို အဝန်းသုံးပါး ဟု ဆိုသည်။

http://www.dhammadownload.com



(ဆွမ်းခံရာမှ) ပြန်လာသော် ရှေးဦးစွာ လာ၍ နေရာကို ခင်းထားရမည်၊ ခြေဆေးရေ ခြေဆေး အင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်၊ ခရီးဦး ကြိုဆို၍ သပိတ် သင်္ကန်းကို ယူရမည်၊ ကျောင်းဝတ် သင်းပိုင်ကို ပေးရမည်၊ ရွာဝတ်သင်းပိုင်ကို လှမ်းယူရမည်။ အကယ်၍ သင်္ကန်းသည် ချွေးစွတ်အံ့၊ တခဏမျှ နေပူ၌ လှန်းထားရမည်၊ (သို့သော်) ကြာမြင့်စွာ မထားရ၊ သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်းကို ခေါက်သည်ရှိသော် "အလယ်၌ မကျိုးပျက် 'ခေါက်ရိုးမဖြစ်' စေလင့်" ဟု (နှလုံး သွင်းလျက်) လက်လေးသစ် အနားကို လျှော့၍ သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်းခေါက်အတွင်း၌ ခါးပန်းကြိုးကို ထားရမည်။

ဆွမ်းရှိ၍ (နိဿရည်း) ဆရာလည်း စားလိုသည်ဖြစ်အံ့၊ သုံးရေကို ပေး၍ ဆွမ်းကို ဆက်ကပ် ရမည်၊ (နိဿရည်း) ဆရာကို သောက်ရေဖြင့် (အလိုရှိပါသလော ဟု) မေးလျှောက်ရမည်၊ ဆွမ်းစားပြီးသော (နိဿရည်း)ဆရာအား ရေကို ပေး၍ သပိတ်ကို လှမ်းယူပြီးလျှင် ရှိသေ ကောင်းမွန် စွာ မထိခိုက်မိစေပဲ ဆေးကြောသုတ်သင်လျက် ရေစင်အောင်ပြု၍ တခဏမျှ နေပူ၌ လှန်းထားရမည်၊ (သို့သော်) ကြာမြင့်စွာ မထားရ၊ သပိတ် သင်္ကန်းကိုထားရမည်၊ သပိတ်ကို ထားလိုသော် လက်တဖက် ဖြင့် သပိတ်ကိုကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်းအောက်ကိုသော်၎င်း အင်းပျဉ်အောက်ကို သော်၎င်း စမ်းသပ်၍ ထားရမည်၊ အခင်းမရှိသော မြေ၌ သပိတ်ကို မထားရ။ သင်္ကန်းကို ထားလို သော် လက်တဖက်ဖြင့် သင်္ကန်းကိုကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်း သင်္ကန်းကြိုးကို ပွတ်သပ်၍ ထိုမှာဖက်၌ အစွန်း ဤမှာဖက်၌ အခွေ 'အခေါက်' ပြုလျက် သင်္ကန်းကို ထားရမည်။ (နိဿရည်း) ဆရာ (နေရာမှ) ထခဲ့သော် နေရာကို ရွှေ့ပြောင်း သိမ်းထားရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို သိုမှီး သိမ်းဆည်းရမည်။ အကယ်၍ အမှိုက်ရှိအံ့၊ ထိုနေရာကို တံမြက်လှည်း ရမည်။

(နိဿရည်း) ဆရာသည် ရေချိုးလိုသည်ဖြစ်အံ့၊ ချိုးရေကို စီရင်ရမည်။ ရေအေးအလိုရှိငြား အံ့၊ အေးသော ချိုးရေကို စီရင်ရမည်။ ရေပူအလိုရှိငြားအံ့၊ ပူသော ချိုးရေကို စီရင်ရမည်။

(နိဿရည်း) ဆရာသည် ဇန္တာ အိမ်သို့ ဝင်လိုသည်ဖြစ်အံ့၊ ကသယ်မှုန့်ကို ရေဖြင့်လုံးရမည်၊ မြေညက်ကို ရေဖြင့် ဆွတ်ရမည်၊ ဇန္တာအိမ် အင်းပျဉ်ကို ယူ၍ (နိဿရည်း) ဆရာ၏ နောက်မှ နောက်မှ လိုက်လျက် ဇန္တာအိမ် အင်းပျဉ်ကို ပေးပြီးလျှင် သင်္ကန်းကို လှမ်းယူကာ သင့်ရာအရပ်၌ ထားရမည်၊ ကသယ်မှုန့် ကို ပေးရမည်၊ မြေညက်ကို ပေးရမည်။ စွမ်းနိုင်လျှင် ဇန္တာအိမ်သို့ ဝင်ရမည်၊ ဇန္တာ အိမ်သို့ ဝင်သော ရဟန်းသည် ရေဆွတ်သော မြေညက်မှုန့်ဖြင့် မျက်နှာကို လိမ်းကျံ၍ ရှေ့မှ၎င်း နောက်မှ၎င်း (ရေသနုပ်ဖြင့်) ဖုံးလွှမ်းကာ ဇန္တာအိမ်သို့ ဝင်ရမည်၊ သီတင်းကြီးဖြစ်သော ရဟန်းတို့ကို တိုးဝှေ့၍ မနေထိုင်ရ၊ သီတင်းငယ်ဖြစ်သော ရဟန်းတို့ကိုလည်း နေရာ၌ နေခြင်းကို မတားမြစ်ရ၊ ဇန္တာအိမ်၌ (နိဿရည်း) ဆရာအတွက် (မီးညှိခြင်း စသော) အမှုခပ်သိမ်းကို ပြုရမည်၊ ဇန္တာအိမ်မှ ထွက်သော ရဟန်းသည် ဇန္တာအိမ် အင်းပျဉ်ကို ယူ၍ ရှေ့မှ၎င်း နောက်မှ၎င်း (ရေသနုပ်ဖြင့်)ဖုံးလွှမ်း လျက် ဇန္တာအိမ်မှ ထွက်ရမည်။

ရေချိုးရာ၌လည်း (နိဿရည်း) ဆရာအတွက် (ချေးတွန်းခြင်းစသော) အမှုခပ်သိမ်းကို ပြုရမည်၊ ရေချိုးပြီးသော ရဟန်းသည် (နိဿရည်း) ဆရာ၏ ရှေးဦးစွာ တက်၍ မိမိကိုယ်ကို ရေစင် အောင် ပြုကာ (သင်းပိုင်ကို) ဝတ်လျက် (နိဿရည်း) ဆရာ၏ ကိုယ်မှ ရေကို သုတ်ရမည်၊ သင်းပိုင်ကို ပေးရမည်၊ ကိုယ်ဝတ်ဒုကုဋ်ကို ပေးရမည်၊ ဇန္တာအိမ် အင်းပျဉ်ကို ယူခဲ့ပြီးလျှင် ရှေးဦးစွာ လာ၍

http://www.dhammadownload.com



နေရာကို ခင်းရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်၊ (နိဿရည်း)ဆရာကို သောက်ရေဖြင့် (အလိုရှိပါသလော ဟု) မေးလျှောက်ရမည်၊ သင်ကြားစေလို သည်ဖြစ်အံ့၊ သင်ကြားရမည်။ အဖန်ဖန် မေးမြန်းစေလိုသည် ဖြစ်အံ့၊ အဖန်ဖန် မေးမြန်းရမည်။

(နိဿရည်း) ဆရာ နေသော ကျောင်းသည် အမှိုက်ရှိအံ့၊ စွမ်းနိုင်ပါမူ သုတ်သင် ရှင်းလင်းရ မည်၊ ကျောင်းကို သုတ်သင်လိုသော ရဟန်းသည် ရှေးဦးစွာ သပိတ်သင်္ကန်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ နိသီဒိုင် အိပ်ရာခင်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ဘုံလျှိုခေါင်းအုံးကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ညောင်စောင်းကို ရိုရိုသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်စေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ အင်းပျဉ်ကို ရိုရိုသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်စေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ညောင်စောင်းခြေတို့ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ထွေးခံကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ မှီရာ တံကဲပျဉ်ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ မြေအခင်းကို ခင်းမြဲနေရာကို မှတ်လျက် ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ အကယ်၍ ကျောင်း၌ ပိုးအိမ်ပင့်ကူမျှင်ရှိအံ့၊ ဗိတာန် မျက်နှာကြက်မှ ရှေးဦးစွာ ဖယ်ရှားရမည်၊ လေသွန်တံခါးနှင့် ထောင့်တို့ကို ပွတ်တိုက်ရမည်၊ ဂေဝုနီဖြင့် အပြေအပြစ်ပြုသော နံရံသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်။ မည်းသော အဆင်းဖြင့် အပြေအပြစ်ပြုသော မြေသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်။ အပြေအပြစ်မပြုသော မြေဖြစ်အံ့၊ ရေဖျန်း၍ "ကျောင်းကို မြူမတက်စေလင့်" ဟု (နှလုံးထား၍) တံမြက်လှည်းရမည်၊ တံမြက်ချေးကို စုရုံး၍ သင့်ရာအရပ်၌ စွန့်ပစ်ရမည်။

မြေအခင်းကို နေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း ပြန်၍ ခင်းထားရမည်၊ ညောင်စောင်းခြေတို့ကို နေလှန်း သုတ်သင်ပြီးလျှင် ထားမြဲတိုင်းနေရာ၌ ပြန်၍ခင်းထားရမည်၊ ညောင်စောင်းကို နေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ရိုရိုသေသေကောင်းမွန်စွာ တံခါးရွက် တံခါးပေါင် ကို မထိခိုက်စေပဲ ထားမြဲတိုင်း နေရာ၌ပြန်၍ ခင်းထားရမည်၊ အင်းပျဉ်ကို နေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ရိုရိုသေသေကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်စေပဲ ခင်းထားမြဲတိုင်းပြန်၍ခင်း ထားရမည်၊ ဘုံလျှို ခေါင်းအုံးကို နေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲတိုင်း ပြန်၍ ခင်းထား ရမည်၊ နိသီဒိုင်အိပ်ရာခင်းကို နေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲတိုင်း ပြန်၍ခင်းထားရမည်၊ ထွေးခံကို နေလှန်း ပွတ်တိုက်၍ ထားမြဲတိုင်း နေရာ၌ ပြန်၍ထားရမည်၊ မှီရာတံကဲပျဉ်ကို နေလှန်း ပွတ်တိုက်၍ ထားမြဲတိုင်းနေရာ၌ ပြန်၍ထားရမည်၊ သပိတ်သင်္ကန်းကို ထားရမည်၊ သပိတ်ကို ထားလို သော ရဟန်းသည် လက်တဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်း အောက်ကို သော်၎င်း အင်းပျဉ်အောက်ကိုသော်၎င်း သုံးသပ်၍ ထားရမည်၊ အခင်းမရှိသော မြေ၌ သပိတ်ကို မထားရ။ သင်္ကန်းကို ထားလိုသော် လက်တဖက်ဖြင့် သင်္ကန်းကို ကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်း သင်္ကန်းကြိုးကို ပွတ်သပ်၍ ထိုမှာဖက်၌ အစွန်း ဤမှာဖက်၌ အခွေ 'အခေါက်' ပြုလျက် သင်္ကန်းကို ထားရမည်။

အရှေ့အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ အရှေ့မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ အနောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ အနောက်မျက်နှာ လေသွန် တံခါးတို့ကို ပိတ်ရမည်။ မြောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ မြောက်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ တောင်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ တောင်

http://www.dhammadownload.com



မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ အေးသောအခါ ဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ဖွင့်ထားရမည်၊ ညဉ့်အခါ၌ ပိတ်ထားရမည်။ ပူအိုက်သော အခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ပိတ်ထားရမည်၊ ညဉ့်အခါ၌ ဖွင့်ထားရမည်။

ပရိဝုဏ်သည် အမှိုက်ရှိသည် ဖြစ်အံ့၊ ပရိဝုဏ်ကို တံမြက်လှည်းရမည်။ ရေချိုးအိုသည် အမှိုက်ရှိသည်ဖြစ်အံ့၊ ရေချိုးအိုကို တံမြက်လှည်းရမည်။ စည်းဝေးရာ စရပ်သည် အမှိုက်ရှိသည် ဖြစ်အံ့၊ စည်းဝေးရာစရပ်ကို တံမြက်လှည်းရမည်။ မီးတင်းကုပ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ မီးတင်းကုပ်ကို တံမြက်လှည်းရမည်။ကျင်ကြီး အိမ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ကျင်ကြီးအိမ်ကို တံမြက်လှည်းရမည်။ သောက်ရေ မရှိအံ့၊ သောက်ရေကို တည်ထားရမည်။ သုံးရေမရှိအံ့၊ သုံးရေကို တည်ထားရမည်။ သန့်သက်ရေအိုး၌ ရေမရှိသည် ဖြစ်အံ့၊ သန့်သက်ရေအိုး၌ ရေလောင်းထည့်ရမည်။

(နိဿရည်း) ဆရာ မမွေ့လျော်ခြင်း ဖြစ်ငြားအံ့၊ အနီးနေ တပည့်သည် (ကိုယ်တိုင်) အရပ်တပါးသို့ ခေါ်ဆောင် သွားရမည်၊ (သူတပါးကိုသော်လည်း )ခေါ်ဆောင် သွားစေရမည်၊ ထို (နိဿရည်း) ဆရာအား တရားစကားကိုမူလည်း ဟောပြောရမည်။ (နိဿရည်း) ဆရာအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်အံ့၊ အနီးနေ တပည့်သည် ပယ်ဖျောက်ရမည်၊ (သူတပါးကိုသော်လည်း) ပယ်ဖျောက်စေရမည်၊ ထို (နိဿရည်း) ဆရာအား တရားစကားကိုမူလည်း ဟောပြောရမည်။ (နိဿရည်း) ဆရာ မှားသောအယူ ယူငြားအံ့၊ အနီးနေ တပည့်သည် ဖြေရှင်းရမည်၊ (သူတပါးကိုသော်လည်း) ဖြေရှင်းစေရမည်၊ ထို (နိဿရည်း) ဆရာအား တရားစကားကို မူလည်း ဟောပြောရမည်။ (နိဿရည်း) ဆရာသည် ဂရုကအာပတ်သို့ ရောက်သည်ဖြစ်၍ ပရိဝါသ်နေခြင်းငှါ ထိုက်ငြားအံ့၊ အနီးနေတပည့်သည် "အဘယ်သို့လျှင် သံဃာသည် (နိဿရည်း) ဆရာအား ပရိဝါသ်ကို ပေးပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။ (နိဿရည်း) ဆရာသည် အရင်းသို့ ပြန်၍ ငင်ထိုက်သည်ဖြစ်အံ့၊ အနီးနေ တပည့်သည် "အဘယ်သို့လျှင် သံဃာသည် (နိဿရည်း) ဆရာကို အရင်းသို့ ပြန်၍ ငင်ပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။ (နိဿရည်း) ဆရာသည် မာနတ် ကျင့်ထိုက်သည်ဖြစ်အံ့၊ အနီးနေ တပည့်သည် "အဘယ်သို့လျှင် သံဃာသည် (နိဿရည်း) ဆရာအား မာနတ်ကို ပေးပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။ (နိဿရည်း) ဆရာသည် အဗ္ဘာန် ထိုက်သည်ဖြစ်အံ့၊ အနီးနေ တပည့်သည် "အဘယ်သို့လျှင် သံဃာသည် (နိဿရည်း) ဆရာကို အဗ္ဘာန် သွင်းပါအံ့နည်း" ဟု ကြောင့်ကြ စိုက်ရမည်။ သံဃာသည် (နိဿရည်း) ဆရာအား ခြိမ်းခြောက်မှု 'တဇ္ဇနီယ' ကံကိုသော်ငင်း (နိဿရည်း)ဆရာနှင့် နေစေမှု 'နိယသ' ကံကိုသော်ငင်း နှင်ထုတ်မှု 'ပဗ္ဗာဇနီယ' ကံကိုသော်ငင်း ဝန်ချတောင်းပန်စေမှု 'ပဋိသာရဏီယ' ကံကိုသော်ငင်း ပယ်ထားမှု 'ဥက္ခေပနီယ' ကံကိုသော်ငင်း ပြုလိုသည်ဖြစ်အံ့၊ အနီးနေ တပည့်သည် "အဘယ်သို့လျှင် သံဃာသည် (နိဿရည်း) ဆရာအား ကံမပြုပဲ ရှိပါအံ့နည်း၊ အဘယ်သို့လျှင် အပြစ်ပေါ့စေရပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။ သံဃာသည် ထို (နိဿရည်း) ဆရာအား ခြိမ်းခြောက်မှု 'တဇ္ဇနီယ' ကံကိုသော်ငင်း (နိဿရည်း) ဆရာနှင့် နေစေမှု 'နိယသ' ကံကိုသော်ငင်း နှင်ထုတ်မှု 'ပဗ္ဗာဇနီယ' ကံကိုသော်ငင်း ဝန်ချတောင်းပန်စေမှု 'ပဋိသာရဏီယ' ကံကိုသော်ငင်း ပယ်ထားမှု 'ဥက္ခေပနီယ' ကံကိုသော်ငင်း ပြုပြီးသည်ဖြစ်အံ့၊ အနီးနေ တပည့်သည် "အဘယ်သို့လျှင် (နိဿရည်း) ဆရာသည် ကောင်းစွာ ကျင့်ပါအံ့နည်း၊ မာန်တည်းဟူသော အမွေးကို 'အမျက်ဒေါသကို' ချပါအံ့နည်း၊ ဒဏ်မှ ထွက်မြောက်အံ့သော အကျင့်ကို ကျင့်ပါအံ့နည်း၊ သံဃာသည် ထိုကံကို ငြိမ်းစေပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။

http://www.dhammadownload.com



(နိဿယရည်း) ဆရာ၏ သင်္ကန်းသည် ဖွပ်လျှော်သင့်သည် ဖြစ်အံ့၊ အနီးနေတပည့်သည် ဖွပ်လျှော်ရမည်၊ "အဘယ်သို့လျှင် (နိဿယရည်း) ဆရာ၏ သင်္ကန်းကို ဖွပ်လျှော်ရပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ (နိဿယရည်း) ဆရာ၏ သင်္ကန်းသည် ချုပ်သင့်သည်ဖြစ်အံ့။ အနီးနေ တပည့်သည် ချုပ်ရမည်၊ "အဘယ်သို့လျှင် (နိဿယရည်း) ဆရာ၏ သင်္ကန်းကို ချုပ်ရပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ (နိဿယရည်း) ဆရာအတွက် ဆိုးရည် ကျိုသင့်သည် ဖြစ်အံ့၊ အနီးနေ တပည့်သည် ကျိုရမည်၊ "အဘယ်သို့လျှင် (နိဿယရည်း) ဆရာအတွက် ဆိုးရည်ကို ကျိုရပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ (နိဿယရည်း) ဆရာ၏သင်္ကန်းသည် ဆိုးသင့်သည်ဖြစ်အံ့၊ အနီးနေ တပည့်သည် ဆိုးရမည်၊ "အဘယ်သို့လျှင် (နိဿယရည်း) ဆရာ၏ သင်္ကန်းကို ဆိုးရပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ သင်္ကန်းဆိုးသော ရဟန်းသည် ကောင်းစွာ အပြန်ပြန် အလှန်လှန်ဆိုးရမည်၊ ဆိုးရည်ပေါက် မပြတ်စဲမီ ဖဲမသွားရ။

(နိဿယရည်း)ဆရာကို မပန်ကြားပဲ အချို့သူအား သပိတ်မပေးရ၊ အချို့သူ၏ သပိတ်ကိုလည်း မယူရ၊ အချို့သူအား သင်္ကန်းကိုမပေးရ၊ အချို့သူ၏ သင်္ကန်းကိုလည်းမယူရ၊ အချို့သူအား ပရိက္ခရာ 'အသုံးအဆောင်' ကို မပေးရ၊ အချို့သူ၏ ပရိက္ခရာ 'အသုံးအဆောင်' ကိုလည်း မယူရ၊ အချို့သူ၏ ဆံပင်တို့ကို မရိတ်ဖြတ်ရ၊ အချို့သူအား မိမိ၏ဆံပင်တို့ကို မရိတ်ဖြတ်စေရ၊ အချို့သူ၏ အမှုခပ်သိမ်းကို မပြုရ၊ အချို့သူအား (ချေးတွန်းခြင်း စသော) အမှုခပ်သိမ်းကို မပြုစေရ၊ အချို့သူ၏ အမှုကြီးငယ်ကို မပြုရ၊ အချို့သူအား မိမိအမှုကြီးငယ်ကို မပြုစေရ၊ အချို့သူ၏ နောက်လိုက် ရဟန်း မဖြစ်ရ၊ အချို့သူကို နောက်လိုက် ရဟန်း မလုပ်ရ၊ အချို့သူ၏ ဆွမ်းကိုမဆောင်ရ၊ အချို့သူအား မိမိဆွမ်းကို မဆောင်စေရ၊ (နိဿယရည်း)ဆရာကို မပန်ကြားပဲ ရွာတွင်းသို့ မဝင်ရ၊ သုသာန်သို့ မသွားရ၊ အရပ်တပါးသို့ ဖဲမသွားရ၊ (နိဿယရည်း)ဆရာသည် နာဖျားသည် ဖြစ်အံ့၊ အသက်ရှည်သမျှ ကာလပတ်လုံး လုပ်ကျွေးရမည်၊ ထို(နိဿယရည်း)ဆရာ၏ အနာပျောက်သည်တိုင်အောင် ဆိုင်းငံ့ရမည် ဟု (မိန့်တော်မူ၏) ။

(နိဿယရည်း)ဆရာ၌ ပြုရန်ကျင့်ဝတ် ပြီး၏။

---

## ၁၉-အနီးနေတပည့်၌ ပြုရန်ကျင့်ဝတ်များ

၇၉။ ရဟန်းတို့(နိဿယရည်း)ဆရာသည် အနီးနေ တပည့်၌ ကောင်းစွာ ကျင့်ရမည်။ ဤဆိုလတ္တံ့သည်ကား ကောင်းစွာကျင့်ပုံတည်း—

ရဟန်းတို့ (နိဿယရည်း)ဆရာသည် အနီးနေ တပည့်ကို သင်ကြားခြင်း အဖန်ဖန်မေးမြန်းခြင်း သွန်သင်ခြင်း ဆုံးမခြင်းဖြင့် သင်္ဂြိုဟ်ထောက်ပံ့ရမည်။ (နိဿယရည်း) ဆရာအား သပိတ်ရှိ၍ အနီးနေ တပည့်အား သပိတ်မရှိအံ့၊(နိဿယရည်း)ဆရာသည် အနီးနေတပည့်အား သပိတ်ကိုပေးရမည်၊ "အဘယ်သို့လျှင် အနီးနေ တပည့်အား သပိတ် ဖြစ်ပေါ်ပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ (နိဿယရည်း) ဆရာအား သင်္ကန်းရှိ၍ အနီးနေ တပည့်အား သင်္ကန်းမရှိအံ့၊ (နိဿယရည်း) ဆရာသည် အနီးနေတပည့်အား သင်္ကန်းကို ပေးရမည်၊ "အဘယ်သို့လျှင် အနီးနေ တပည့်အား သင်္ကန်းဖြစ်ပေါ်ပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ (နိဿယရည်း) ဆရာအား ပရိက္ခရာ 'အသုံးအဆောင်' ရှိ၍ အနီးနေ တပည့်အား ပရိက္ခရာ 'အသုံးအဆောင်' မရှိအံ့၊ (နိဿယရည်း) ဆရာသည် အနီးနေ တပည့်အား ပရိက္ခရာ 'အသုံးအဆောင်' ကို ပေးရမည်၊ "အဘယ်သို့လျှင် အနီးနေ တပည့်အား ပရိက္ခရာ 'အသုံးအဆောင်' ဖြစ်ပေါ်ပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။

http://www.dhammadownload.com



အနီးနေ တပည့်သည် နာဖျားအံ့၊ နံနက်စောစောထ၍ ဒန်ပူကို ပေးရမည်၊ မျက်နှာသစ်ရေ ပေးရမည်၊ နေရာခင်းရမည်၊ ယာဂုရှိခဲ့လျှင် ခွက်ကို ဆေး၍ ယာဂုကို ပေးရမည်၊ ယာဂုသောက်ပြီးသော အနီးနေတပည့်အား ရေပေး၍ ခွက်ကို လှမ်းယူပြီးနောက် ရှိသေကောင်းမွန်စွာ မထိခိုက်မိစေပဲ ဆေးကြောပြီးလျှင် သိုမှီးသိမ်းဆည်းထားရမည်၊ အနီးနေ တပည့်သည် (နေရာမှ) ထခဲ့သော် နေရာကို ရွှေပြောင်းသိမ်းထားရမည်။ အကယ်၍ အမှိုက်ရှိအံ့၊ ထိုနေရာကို တံမြက်လှည်းရမည်။

အနီးနေ တပည့်သည် ရွာသို့ ဝင်လိုငြားအံ့၊ ရွာဝတ်သင်းပိုင်ကို ပေးရမည်၊ ကျောင်းဝတ်သင်းပိုင်ကို လှမ်းယူရမည်၊ ခါးပန်းကြိုးကို ပေးရမည်၊ ကိုယ်ဝတ်ဒုကုဋ်တို့ကို ထပ်၍ ပေးရမည်၊ ဆေးကြော၍ ရေနှင့်တကွသော သပိတ်ကို ပေးရမည်။

"ဤမျှ အတိုင်းအရှည် ရှိသော အခါပြန်လာအံ့" ဟု (နှလုံးသွင်း၍) နေရာကို ခင်းထားရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ထားရမည်၊ ခရီးဦးကြိုဆို၍ သပိတ်သင်္ကန်းကို လှမ်းယူရမည်၊ ကျောင်းဝတ် သင်းပိုင်ကို ပေးရမည် ၊ရွာဝတ် သင်းပိုင်ကို လှမ်းယူရမည်။ အကယ်၍ သင်္ကန်းသည်ချွေးစွတ်အံ့၊ တခဏမျှ နေပူ၌ လှန်းထားရမည်၊ (သို့သော်) ကြာမြင့်စွာ မထားရ၊ သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်းခေါက်သည်ရှိသော် "အလယ်၌ မကျိုးပျက် ခေါက်ရိုး မဖြစ် စေလင့်" ဟု (နှလုံးသွင်းလျက်) လက်လေးသစ် အနားကို လျှော့၍ သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်း ခေါက်အတွင်း၌ ခါးပန်းကြိုးကို ထားရမည်။

ဆွမ်းရှိ၍ အနီးနေတပည့်လည်း စားလိုသည်ဖြစ်အံ့၊ သုံးရေကို ပေး၍ ဆွမ်းကို ပေးရမည်၊ အနီးနေတပည့်ကို သောက်ရေဖြင့် (အလိုရှိသလော ဟု)မေးမြန်းရမည်၊ ဆွမ်းစားပြီးသော် အနီးနေ တပည့်အား ရေကို ပေး၍ သပိတ်ကို လှမ်းယူပြီးလျှင် ရှိသေ ကောင်းမွန်စွာ မထိခိုက်မိစေပဲ ဆေးကြော သုတ်သင်လျှက် ရေစင်အောင်ပြု၍ တခဏမျှ နေပူ၌လှန်းထား ရမည်၊ (သို့သော်)ကြာမြင့်စွာ မထားရ၊ သပိတ် သင်္ကန်းကို ထားရမည်၊ သပိတ်ကိုထားလိုသော် လက်တဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်းအောက်ကိုသော်၎င်း အင်းပျဉ်အောက်ကိုသော်၎င်း စမ်းသပ်၍ ထားရမည်၊ အခင်းမရှိသော မြေ၌ သပိတ်ကို မထားရ။ သင်္ကန်းကို ထားလိုသော် လက်တဖက်ဖြင့် သင်္ကန်းကို ကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်း သင်္ကန်းကြိုးကို ပွတ်သပ်၍ ထိုမှာဖက်၌ အစွန်း ဤမှာဖက်၌ အခွေ 'အခေါက်' ပြုလျက် သင်္ကန်းကို ထားရမည်။ အနီးနေတပည့် (နေရာမှ) ထခဲ့သော် နေရာကို ရွှေပြောင်း သိမ်းထားရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို သိုမှီးသိမ်းဆည်းထားရမည်။ အကယ်၍ အမှိုက်ရှိအံ့၊ ထိုနေရာကို တံမြက်လှည်းရမည်။

အနီးနေတပည့်သည် ရေချိုးလိုသည်ဖြစ်အံ့၊ ချိုးရေကို စီရင်ရမည်။ ရေအေးအလိုရှိငြားအံ့၊ အေးသောချိုးရေကို စီရင်ရမည်။ ရေပူ အလိုရှိငြားအံ့၊ ပူသော ချိုးရေကို စီရင်ရမည်။

အနီးနေ တပည့်သည် ဇန္တာအိမ်သို့ ဝင်လိုသည် ဖြစ်အံ့၊ ကသယ်မှုန့်ကို ရေဖြင့် လုံးရမည်၊ မြေညက်ကို ရေဖြင့် ဆွတ်ရမည်၊ ဇန္တာအိမ်အင်းပျဉ်ကိုယူ၍ သွားပြီးနောက် ဇန္တာအိမ်၌ အင်းပျဉ်ကို ပေးပြီးလျှင် သင်္ကန်းကို လှမ်းယူ၍ သင့်ရာအရပ်၌ ထားရမည်၊ ကသယ်မှုန့်ကို ပေးရမည်၊ မြေညက်ကို ပေးရမည်၊ စွမ်းနိုင်လျှင် ဇန္တာအိမ်သို့ ဝင်ရမည်၊ ဇန္တာအိမ်သို့ ဝင်သော ရဟန်းသည် ရေဆွတ်သော မြေညက်မှုန့်ဖြင့် မျက်နှာကို လိမ်းကျံ၍ ရှေ့မှ၎င်း နောက်မှ၎င်း (ရေသနုပ်ဖြင့်) ဖုံးလွှမ်း၍ ဇန္တာအိမ်သို့ ဝင်ရမည်၊ သီတင်းကြီးဖြစ်သော ရဟန်းတို့ကို တိုးဝှေ့၍ မနေထိုင်ရ၊ သီတင်းငယ်ဖြစ်သော ရဟန်း

http://www.dhammadownload.com



တို့ကိုလည်း နေရာ၌ နေခြင်းကို မတားမြစ်ရ၊ ဇရုံးအိမ်၌ အနီးနေ တပည့်အတွက် (မီးညှိခြင်းစသော) အမှုခပ်သိမ်းကို ပြုရမည်၊ ဇရုံးအိမ်မှထွက်သော ရဟန်းသည် ဇရုံးအိမ်အင်းပျဉ်ကိုယူ၍ ရှေ့မှုရင်း နောက်မှရင်း (ရေသနုပ်ဖြင့်) ဖုံးလွှမ်း၍ ဇရုံးအိမ်မှ ထွက်ရမည်။

ရေချိုးရာ၌လည်း အနီးနေ တပည့်အတွက် (ချေးတွန်းခြင်း စသော)အမှုခပ်သိမ်းကို ပြုရမည်၊ ရေချိုးပြီးသော ရဟန်းသည် ရှေးဦးစွာ တက်၍ မိမိကိုယ်ကို ရေစင်အောင်ပြုကာ (သင်းပိုင်ကို) ဝတ်လျက် အနီးနေ တပည့်၏ ကိုယ်မှ ရေကို သုတ်ရမည်၊ သင်းပိုင်ကို ပေးရမည်၊ ကိုယ်ဝတ် ဒုကုဋ်ကို ပေးရမည်၊ ဇရုံးအိမ် အင်းပျဉ်ကို ယူခဲ့ပြီးလျှင် ရှေးဦးစွာလာ၍ နေရာကို ခင်းရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်၊ အနီးနေ တပည့်ကို သောက်ရေဖြင့် (အလို ရှိသလောဟု) မေးမြန်းရမည်။

အနီးနေ တပည့်နေသော ကျောင်းသည် အမှိုက်ရှိအံ့၊ စွမ်းနိုင်ပါမူ သုတ်သင်ရှင်းလင်း ရမည်။ ကျောင်းကို သုတ်သင်လိုသော ရဟန်းသည် ရှေးဦးစွာ သပိတ် သင်္ကန်းကို ထုတ်ဆောင်၍ သင့်ရာ အရပ်၌ ထားရမည်၊ နိသီဒိုင် အိပ်ရာခင်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ဘုံလျှို ခေါင်းအုံးကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ညောင်စောင်းကို ရှိုရှိုသေသေ ကောင်းမွန် စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်စေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ အင်းပျဉ်ကို ရှိုရှိုသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်စေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ညောင်စောင်း ခြေတို့ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ထွေးခံကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ မှီရာ တံကဲပျဉ်ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရ မည်၊ မြေအခင်းကို ခင်းမြဲနေရာကို မှတ်လျက် ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ အကယ်၍ ကျောင်း၌ ပိုးအိမ် ပင့်ကူမျှင် ရှိအံ့၊ ဗိတာန် မျက်နှာကြက်မှစ၍ ပယ်ရှားရမည်၊ လေသွန်တံခါးနှင့် ထောင့်တို့ကို ပွတ်တိုက်ရမည်၊ ဂေ္ဂနီဖြင့် အပြေအပြစ်ပြုသော နံရံသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်။ မည်းသောအဆင်းဖြင့် အပြေအပြစ်ပြုသော မြေသည် မှိုတက် အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်၊ အပြေအပြစ် မပြုသော မြေဖြစ်အံ့၊ ရေဖျန်း ၍ "ကျောင်းကို မြူမတက်စေလင့်" ဟု (နှလုံးထား၍) တံမြက်လှည်းရမည်၊ တံမြက်ချေးကို စုရုံး၍ သင့်ရာအရပ်၌ စွန့်ပစ်ရမည်။

မြေအခင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲတိုင်းပြန်၍ ထားရမည်၊ ညောင်စောင်း ခြေတို့ကို နေလှန်းသုတ်သင်ပြီးလျှင် ခင်းထားမြဲအတိုင်း နေရာ၌ ပြန်၍ ခင်းထားရမည်၊ ညောင် စောင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ရှိုရှိုသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်စေပဲ ခင်းထားမြဲအတိုင်း ပြန်၍ ခင်းထားရမည်၊ အင်းပျဉ်ကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ရှိုရှိုသေသေ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်စေပဲ ခင်းထားမြဲအတိုင်း ပြန်၍ ခင်းထားရမည်၊ ဘုံလျှိုခေါင်းအုံးကို နေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း ပြန်၍ ခင်းထားရမည်၊ နိသီဒိုင်အိပ်ရာခင်းကို နေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း ပြန်၍ ခင်းထားရမည်၊ ထွေးခံကို နေလှန်း ပွတ်တိုက်၍ ထားမြဲအတိုင်း နေရာ၌ ပြန်၍ ထားရမည်၊ မှီရာ တံကဲပျဉ်ကို နေလှန်းပွတ်တိုက်၍ ထားမြဲအတိုင်း နေရာ၌ ပြန်၍ ထားရမည်၊ သပိတ် သင်္ကန်းကို ထားရမည်၊ သပိတ်ကို ထားလိုသော ရဟန်းသည် လက်တဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တဖက်ဖြင့်

http://www.dhammadownload.com



ညောင်စောင်းအောက်ကိုသော်၎င်း အင်းပျဉ်အောက်ကိုသော်၎င်း သုံးသပ်၍ သပိတ်ကို ထားရမည်၊ အခင်းမရှိသော မြေ၌ သပိတ်ကို မထားရ။ သင်္ကန်းကို ထားလိုသော ရဟန်းသည် လက်တဖက်ဖြင့် သင်္ကန်းကို ကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်း သင်္ကန်းကြိုးကို ပွတ်သပ်၍ ထိုမှဖက်၌ အစွန်း ဤမှ ဖက်၌ အခွေ 'အခေါက်' ပြုလျက် သင်္ကန်းကို ထားရမည်။

အရှေ့အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ အရှေ့မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ အနောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ အနောက်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ မြောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ မြောက်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ တောင်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ တောင်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ အေးသောအခါ ဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ဖွင့်ထားရမည်၊ ညဉ့်အခါ၌ ပိတ်ထားရမည်။ ပူအိုက်သောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ပိတ်ထားရမည်၊ ညဉ့်အခါ၌ ဖွင့်ထားရမည်။

ပရိဝုဏ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ပရိဝုဏ်ကို တံမြက်လှည်းရမည်၊ ရေချိုးအိမ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ရေချိုးအိမ်ကို တံမြက်လှည်းရမည်။ စည်းဝေးရာ စရပ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ စည်းဝေးရာစရပ်ကို တံမြက်လှည်းရမည်။ မီးတင်းကုပ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ မီးတင်းကုပ်ကို တံမြက်လှည်းရမည်။ ကျင်ကြီးအိမ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ကျင်ကြီးအိမ်ကို တံမြက်လှည်းရမည်။ သောက်ရေမရှိအံ့၊ သောက်ရေကို တည်ထားရမည်။ သုံးရေမရှိအံ့၊ သုံးရေကို တည်ထားရမည်။ သန့်သက်ရေအိုး၌ ရေမရှိသည်ဖြစ်အံ့၊ သန့်သက်ရေအိုး၌ ရေလောင်းထည့်ရမည်။

အနီးနေ တပည့် မမွေ့လျော်ခြင်း ဖြစ်ငြားအံ့၊ (နိဿရည်း) ဆရာသည် (ကိုယ်တိုင်) အရပ်တပါးသို့ ခေါ်ဆောင်သွားရမည်၊ (သူတပါးကိုသော်လည်း) ခေါ်ဆောင်သွားစေရမည်၊ ထိုအနီးနေတပည့်အား တရားစကားကိုမူလည်း ဟောပြောရမည်။ အနီးနေတပည့်အား တွေးတောမှု 'သံသယကုက္ကုစ္စ' သည် ဖြစ်အံ့၊ (နိဿရည်း) ဆရာသည် ပယ်ဖျောက်ရမည်၊ (သူတပါးကိုသော်လည်း) ပယ်ဖျောက်စေရမည်၊ ထိုအနီးနေတပည့်အား တရားစကားကိုမူလည်း ဟောပြောရမည်။ အနီးနေတပည့်အား မှားသောအယူသည် ဖြစ်အံ့၊ (နိဿရည်း) ဆရာသည် ဖြေရှင်းရမည်၊ (သူတပါးကိုသော်လည်း) ဖြေရှင်းစေရမည်၊ ထိုအနီးနေတပည့်အား တရားစကားကိုမူလည်း ဟောပြောရမည်။ အနီးနေ တပည့်သည် ဂရုကအာပတ်သို့ ရောက်သည်ဖြစ်၍ ပရိဝါသ် နေခြင်းငှါ ထိုက်ငြားအံ့၊ (နိဿရည်း) ဆရာသည် "အဘယ်သို့လျှင် သံဃာသည် အနီးနေ တပည့်အား ပရိဝါသ်ကို ပေးပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။ အနီးနေ တပည့်သည် အရင်းသို့ ပြန်၍ ငင်ထိုက်သည်ဖြစ်အံ့၊ (နိဿရည်း) ဆရာသည် "အဘယ်သို့လျှင် သံဃာသည် အနီးနေ တပည့်ကို အရင်းသို့ ပြန်၍ ငင်ပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။ အနီးနေ တပည့်သည် မြတ်နိုးဖွယ် 'မာနတ်' ကျင့်ထိုက်သည်ဖြစ်အံ့၊ (နိဿရည်း) ဆရာသည် "အဘယ်သို့လျှင် သံဃာသည် အနီးနေ တပည့်အား မြတ်နိုးဖွယ် 'မာနတ်' ကို ပေးပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။ အနီးနေ တပည့်သည် သွင်းခေါ်ခြင်း 'အဗ္ဘာန်' ထိုက်သည်ဖြစ်အံ့၊ (နိဿရည်း) ဆရာသည် "အဘယ်သို့လျှင် သံဃာသည် အနီးနေ တပည့်ကို သွင်းခေါ်ပါအံ့နည်း 'အဗ္ဘာန်သွင်းပါအံ့နည်း'" ဟု ကြောင့်ကြစိုက်ရမည်။ သံဃာသည် အနီးနေ တပည့်အား ခြိမ်းချောက်မှု 'တဇ္ဇနီယ' ကံကိုသော်၎င်း (နိဿရည်း) ဆရာနှင့်နေစေမှု 'နိယဿ' ကံကိုသော်၎င်း နှင်ထုတ်မှု 'ပဗ္ဗာဇနီယ' ကံကိုသော်၎င်း ဝန်ချတောင်းပန်စေမှု 'ပဋိသာရဏီယ' ကံကိုသော်

http://www.dhammadownload.com



ငုင်း ပယ်ထားမှု 'ဥက္ခေပနီယ' ကံကိုသော်ငှင်း ပြုလိုသည်ဖြစ်အံ့၊ (နိဿရည်း) ဆရာသည် "အဘယ်သို့ လျှင် သံဃာသည် အနီးနေ တပည့်အား ကံမပြုပဲရှိပါအံ့နည်း၊ အဘယ်သို့ အပြစ်ပေါ့စေရပါအံ့ နည်း" ဟု ကြောင့်ကြစိုက်ရမည်။ ထိုအနီးနေ တပည့်အား သံဃာသည် ခြိမ်းခြောက်မှု 'တဇ္ဇနီယ' ကံကိုသော်ငှင်း (နိဿရည်း) ဆရာနှင့်နေစေမှု 'နိယဿ' ကံကိုသော်ငှင်း နှင်ထုတ်မှု 'ပဗ္ဗာဇနီယ' ကံကိုသော်ငှင်း ဝန်ချတောင်းပန်စေမှု 'ပဋိသာရဏီယ' ကံကိုသော်ငှင်း ပယ်ထားမှု 'ဥက္ခေပနီယ' ကံကိုသော်ငှင်း ပြုပြီးသည်ဖြစ်အံ့၊ (နိဿရည်း) ဆရာသည် "အဘယ်သို့လျှင် အနီးနေ တပည့်သည် ကောင်းစွာ ကျင့်ပါအံ့နည်း၊ မာန်တည်းဟူသော အမွေးကို 'အမျက်ဒေါသကို' ချပါအံ့နည်း၊ ဒဏ်မှ ထွက်မြောက်သော အကျင့်ကို ကျင့်ပါအံ့နည်း၊ သံဃာသည် ထိုကံကို ငြိမ်းစေပါအံ့နည်း" ဟု ကြောင့်ကြစိုက်ရမည်။

အနီးနေ တပည့်၏ သင်္ကန်းသည် ဖွပ်လျှော်သင့်သည်ဖြစ်အံ့၊ (နိဿရည်း) ဆရာသည် "ဤသို့ ဖွပ်လော့" ဟု ပြောကြားရမည်၊ "အဘယ်သို့လျှင် အနီးနေ တပည့်၏ သင်္ကန်းကို ဖွပ်လျှော်စေရပါအံ့ နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။

အနီးနေ တပည့်၏ သင်္ကန်းသည် ချုပ်သင့်သည်ဖြစ်အံ့၊ (နိဿရည်း) ဆရာသည် "ဤသို့ ချုပ် လော့" ဟု ပြောကြားရမည်၊ "အဘယ်သို့လျှင် အနီးနေ တပည့်၏ သင်္ကန်းကို ချုပ်စေရပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။

အနီးနေ တပည့်အတွက် ဆိုးရည်ကျိုသင့်သည်ဖြစ်အံ့၊ (နိဿရည်း) ဆရာသည် "ဤသို့ ကျိုလော့" ဟု ပြောကြားရမည်၊ "အဘယ်သို့လျှင် အနီးနေ တပည့်အတွက် ဆိုးရည်ကို ကျိုစေရပါ အံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။

အနီးနေ တပည့်၏ သင်္ကန်းသည် ဆိုးသင့်သည်ဖြစ်အံ့၊ (နိဿရည်း) ဆရာသည် "ဤသို့ ဆိုး လော့" ဟု ပြောကြားရမည်၊ "အဘယ်သို့လျှင် အနီးနေ တပည့်၏ သင်္ကန်းကို ဆိုးစေရပါအံ့နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။ သင်္ကန်းဆိုးသော ရဟန်းသည် ကောင်းစွာ အပြန်ပြန် အလှန်လှန် ဆိုးရမည်။

ဆိုးရည်ပေါက် မပြတ်စဲမီ ဖဲမသွားရ။ အကယ်၍ အနီးနေ တပည့်သည် နာဖျားသည် ဖြစ်အံ့၊ အသက်ရှည်သမျှ ကာလပတ်လုံး လုပ်ကျွေးရမည်၊ ထိုအနီးနေ တပည့်၏ အနာပျောက်သည်တိုင် အောင် ဆိုင်းငံ့ရမည် ဟု (မိန့်တော်မူ၏)။

အနီးနေတပည့်၌ ပြုရန်ကျင့်ဝတ် ပြီး၏။

ဆဋ္ဌခဏ်းတည်း။

---

## ၂၀-နှင်ထုတ်ခြင်း သည်းခံစေခြင်း

၈၀။ တရံရောအခါ အနီးနေ တပည့်တို့သည် (နိဿရည်း) ဆရာတို့ အပေါ်၌ ကောင်းမွန်စွာ မကျင့်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ရဟန်းတို့ အနီးနေ တပည့်သည် (နိဿရည်း) ဆရာတို့ အပေါ်၌ ကောင်းမွန်စွာ ကျင့်ရမည်၊ ကောင်းမွန်စွာ မကျင့် သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

(သို့သော်လည်း) ကောင်းမွန်စွာ မကျင့်ကြကုန်သည်သာတည်း။

http://www.dhammadownload.com



မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ပ။ ရဟန်းတို့ ကောင်းမွန်စွာ မကျင့်သော အနီးနေ တပည့်ကို နှင်ထုတ်ရန် ခွင့်ပြု၏။

ရဟန်းတို့ ဤသို့ နှင်ထုတ်ရမည် "သင့်ကို နှင်ထုတ်၏" ဟူ၍သော်၎င်း "ဤနေရာသို့ ပြန်မလာလင့်" ဟူ၍သော်၎င်း "သင်၏ သပိတ် သင်္ကန်းကိုဆောင်ယူသွားလော့" ဟူ၍သော်၎င်း "သင်သည် ငါ့ကိုမလုပ်ကျွေးရ" ဟူ၍သော်၎င်း ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ကိုယ်နှုတ်ဖြင့်ဖြစ်စေ သိစေပြောအံ့၊ အနီးနေ တပည့်ကို နှင်ထုတ်သည်မည်၏။ ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ကိုယ်နှုတ်ဖြင့် ဖြစ်စေ မသိစေပြောအံ့၊ အနီးနေ တပည့်ကို နှင်ထုတ်သည် မမည် ဟု (မိန့်တော်မူ၏)။

ထိုအခါ နှင်ထုတ်ထားသော အနီးနေ တပည့်တို့သည် မကန်တော့ကြကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ကန်တော့ရန် ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

(သို့သော်လည်း) မကန်တော့ကြကုန်သည်သာတည်း။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ နှင်ထုတ်ထားသော အနီးနေ တပည့်သည် ကန်တော့ရမည်၊ မကန်တော့သော တပည့်အား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ကန်တော့သော်လည်း (နိဿရည်း) ဆရာတို့သည် ကန်တော့မခံကုန် 'သည်းမခံကြကုန်'။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ကန်တော့ခံရန် 'သည်းခံရန်' ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

(သို့သော်လည်း) ကန်တော့မခံ 'သည်းမခံ' ကြကုန်သည်သာတည်း။

အနီးနေ တပည့်တို့သည် အရပ်တပါးသို့သော်လည်း ဖဲသွားကုန်၏၊ လူသော်လည်း ထွက်ကုန်၏၊ တိတ္ထိဘောင်သို့သော်လည်း ပြောင်းရွှေ့ကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ကန်တော့သည်ရှိသော် (နိဿရည်း) ဆရာသည် ကန်တော့ခံရမည်' 'သည်းခံရမည်'၊ ကန်တော့မခံသော (နိဿရည်း) ဆရာအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

တရံရောအခါ (နိဿရည်း) ဆရာတို့သည် ကောင်းစွာ ကျင့်သော အနီးနေ တပည့်ကို နှင်ထုတ်ကုန်၏၊ ကောင်းစွာ မကျင့်သော အနီးနေ တပည့်ကို နှင်မထုတ်ကုန်။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကောင်းစွာ ကျင့်သော အနီးနေ တပည့်ကို နှင်မထုတ်ရ၊ နှင်ထုတ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ ကောင်းစွာ မကျင့်သော အနီးနေ တပည့်ကိုကား နှင်ထုတ်ရမည်၊ နှင်မထုတ်သော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏။

၈၁။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော အနီးနေ တပည့်ကို နှင်ထုတ်ရမည်။ (နိဿရည်း) ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်းမရှိ၊ လွန်ကဲသော ကြည်ညိုခြင်းမရှိ၊ လွန်ကဲသော ရှက်ခြင်း မရှိ၊ လွန်ကဲသော ရိုသေခြင်းမရှိ၊ လွန်ကဲသော မေတ္တာပွါးများခြင်းမရှိ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အနီးနေ တပည့်ကို နှင်ထုတ်ရမည်။

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော အနီးနေ တပည့်ကို နှင်မထုတ်ရ။ (နိဿရည်း) ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်း ရှိ၏၊ လွန်ကဲသော ကြည်ညိုခြင်းရှိ၏၊ လွန်ကဲသော ရှက်ခြင်းရှိ၏၊

http://www.dhammadownload.com



လွန်ကဲသော ရှိသေခြင်းရှိ၏၊ လွန်ကဲသော မေတ္တာပွါးများခြင်းရှိ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အနီးနေ တပည့်ကို နှင်မထုတ်ရ။

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော အနီးနေ တပည့်ကို နှင်ထုတ်ထိုက်၏။ (နိဿရည်း) ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်းမရှိ၊ လွန်ကဲသော ကြည်ညိုခြင်းမရှိ၊ လွန်ကဲသော ရှက်ခြင်းမရှိ၊ လွန်ကဲသော ရှိသေခြင်းမရှိ၊ လွန်ကဲသော မေတ္တာပွါးများခြင်း မရှိ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အနီးနေ တပည့်ကို နှင်ထုတ်ထိုက်၏။

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော အနီးနေ တပည့်ကို နှင်မထုတ်ထိုက်။ (နိဿရည်း) ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်းရှိ၏၊ လွန်ကဲသော ကြည်ညိုခြင်းရှိ၏၊ လွန်ကဲသော ရှက်ခြင်းရှိ၏၊ လွန်ကဲသော ရှိသေခြင်းရှိ၏၊ လွန်ကဲသော မေတ္တာပွါးများခြင်းရှိ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အနီးနေ တပည့်ကို နှင်မထုတ်ထိုက်။

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော အနီးနေ တပည့်ကို နှင်မထုတ်သော (နိဿရည်း) ဆရာသည် အပြစ်ရှိ၏ 'အာပတ် သင့်၏'၊ နှင်ထုတ်သော (နိဿရည်း) ဆရာသည် အပြစ်မရှိ 'အာပတ် မသင့်'။

(နိဿရည်း) ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်းမရှိ၊ လွန်ကဲသောကြည်ညိုခြင်းမရှိ၊ လွန်ကဲသော ရှက်ခြင်းမရှိ၊ လွန်ကဲသောရှိသေခြင်းမရှိ၊ လွန်ကဲသော မေတ္တာပွါးများခြင်း မရှိ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အနီးနေ တပည့်ကို နှင်မထုတ်သော (နိဿရည်း) ဆရာသည် အပြစ်ရှိ၏၊ နှင်ထုတ်သော (နိဿရည်း) ဆရာသည် အပြစ် မရှိ။

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော အနီးနေ တပည့်ကို နှင်ထုတ်သော (နိဿရည်း) ဆရာသည် အပြစ်ရှိ၏၊ နှင်မထုတ်သော (နိဿရည်း) ဆရာသည် အပြစ်မရှိ။ (နိဿရည်း) ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးခြင်းရှိ၏၊ လွန်ကဲသော ကြည်ညိုခြင်းရှိ၏၊ လွန်ကဲသော ရှက်ခြင်းရှိ၏၊ လွန်ကဲသော ရှိသေခြင်းရှိ၏၊ လွန်ကဲသော မေတ္တာပွါးများခြင်းရှိ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အနီးနေ တပည့်ကို နှင်ထုတ်သော (နိဿရည်း) ဆရာသည် အပြစ်ရှိ၏၊ နှင်မထုတ်သော (နိဿရည်း) ဆရာသည် အပြစ်မရှိ ဟု (မိန့်တော်မူ၏)။

## ၂၁-မလိမ္မာမကျွမ်းကျင်ကုန်သော ရဟန်းများ

၇၂။ တရံရောအခါ ရဟန်းတို့သည် "ငါတို့ ဆယ်ဝါရှိကုန်ပြီ ငါတို့ ဆယ်ဝါရှိကုန်ပြီ"ဟု (ဝိနည်း သိက္ခာပုဒ်၌) မသိမလိမ္မာကုန်ပဲ မှီရာ (နိဿရည်း) ပေးကုန်၏၊ မသိမိုက်မဲသော (နိဿရည်း) ဆရာနှင့် လိမ္မာသော အနီးနေ တပည့်၊ မကျွမ်းကျင်သော (နိဿရည်း) ဆရာနှင့် ကျွမ်းကျင်သော အနီးနေ တပည့်၊ အကြားအမြင် နည်းသော (နိဿရည်း) ဆရာနှင့် အကြားအမြင်များသော အနီးနေ တပည့်၊ ပညာမဲ့သော (နိဿရည်း) ဆရာနှင့် ပညာရှိသော အနီးနေ တပည့်တို့ကို တွေ့မြင်ရကုန်၏။ အလိုနည်းသော ရဟန်းတို့သည် "ရဟန်းတို့သည် 'ငါတို့ဆယ်ဝါရှိကုန်ပြီ ဆယ်ဝါရှိကုန်ပြီ' ဟု (ဝိနည်း သိက္ခာပုဒ်၌) မသိမလိမ္မာကုန်ပဲ အဘယ့်ကြောင့် မှီရာ (နိဿရည်း) ပေးကုန်ဘိသနည်း။ မသိမိုက်မဲသော (နိဿရည်း) ဆရာနှင့် လိမ္မာသော အနီးနေတပည့်၊ မကျွမ်းကျင်သော (နိဿရည်း) ဆရာနှင့် ကျွမ်းကျင်သော အနီးနေ တပည့်၊ အကြားအမြင်နည်းသော (နိဿရည်း) ဆရာနှင့် အကြားအမြင်

http://www.dhammadownload.com



များသော အနီးနေ တပည့်၊ ပညာမဲ့သော (နိဿရည်း)ဆရာနှင့် ပညာရှိသော အနီးနေ တပည့်တို့ကို တွေ့မြင်ရကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ရဟန်းတို့သည် 'ငါတို့ဆယ်ဝါရှိကုန်ပြီ ဆယ်ဝါရှိကုန်ပြီ' ဟု (ဝိနည်းသိက္ခာပုဒ်၌) မသိ မလိမ္မာကုန်ပဲ မှီရာ (နိဿရည်း) ပေးကုန်၏။ပ။ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ကဲ့ရဲ့တော်မူပြီး၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ (ဝိနည်းသိက္ခာပုဒ်၌) မသိမလိမ္မာကုန်ပဲ မှီရာ (နိဿရည်း) ကို မပေးအပ်၊ ပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ (ဝိနည်းသိက္ခာပုဒ်၌) လိမ္မာ၍ စွမ်းရည်ရှိသော ဆယ်ဝါပြည့်ပြီးသော ရဟန်းသည်ငှင်း ဆယ်ဝါထက်ကျော်လွန်သော ရဟန်းသည်ငှင်း မှီရာ (နိဿရည်း) ပေးခြင်းငှါ ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

## ၂၂-ရဟန်းတို့ နိဿရည်းငြိမ်းပုံ

၈၃။ တရံရောအခါ ရဟန်းတို့သည် ဆရာဥပဇ္ဈာယ်တို့ အရပ်တပါးသို့ ဖဲသွားသောကြောင့်ငှင်း လူထွက်သောကြောင့်ငှင်း သေသောကြောင့်ငှင်း တိတ္ထိတို့ဘောင်သို့ ပြောင်းရွှေ့သွားသောကြောင့်ငှင်း မှီရာ (နိဿရည်း) ငြိမ်းသည်တို့ကို မသိကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဥပဇ္ဈာယ်ဆရာမှ (ဥပဇ္ဈာယ်ဆရာနှင့်စပ်၍) မှီရာ (နိဿရည်း) ငြိမ်းခြင်းတို့သည် ဤငါးပါးတို့တည်း။ ဥပဇ္ဈာယ်ဆရာသည် အရပ်တပါးသို့သော်လည်း ပြောင်းသွား၏၊ လူသော်လည်း ထွက်၏၊ သေသော်လည်း သေ၏၊ တိတ္ထိဘောင်သို့သော်လည်း ပြောင်းရွှေ့သွား၏၊ (ဥပဇ္ဈာယ်ဆရာ၏) နှင်ထုတ်ခြင်းကိုသော်လည်း ခံရ၏။ ရဟန်းတို့ ဥပဇ္ဈာယ်ဆရာမှ (ဥပဇ္ဈာယ်ဆရာနှင့်စပ်၍) မှီရာ (နိဿရည်း) ငြိမ်းခြင်းတို့သည် ဤငါးပါးတို့တည်း။

ရဟန်းတို့ (နိဿရည်း) ဆရာမှ (နိဿရည်းဆရာနှင့် စပ်၍) မှီရာ (နိဿရည်း) ငြိမ်းခြင်းတို့သည် ဤခြောက်ပါးတို့တည်း။ ဆရာသည် အရပ်တပါးသို့သော်လည်း ပြောင်းသွား၏၊ လူသော်လည်း ထွက်၏၊ သေသော်လည်း သေ၏၊ တိတ္ထိဘောင်သို့သော်လည်း ပြောင်းရွှေ့သွား၏၊ (နိဿရည်းဆရာ၏) နှင်ထုတ်ခြင်းကိုသော်လည်း ခံရ၏၊ ဥပဇ္ဈာယ်ဆရာနှင့်သော်လည်း တွေ့ဆုံ၏။ ရဟန်းတို့ (နိဿရည်း) ဆရာမှ (နိဿရည်းဆရာနှင့်စပ်၍) မှီရာ (နိဿရည်း) ငြိမ်းခြင်းတို့သည် ဤခြောက်ပါးတို့တည်း ဟု (မိန့်တော်မူ၏)။

## ၂၃-ရဟန်းခံပေးထိုက်သော အင်္ဂါငါးပါးအပေါင်း

၈၄။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ငါးပါးဟူသည်ကား) ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် မပြည့်စုံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် မပြည့်စုံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် မပြည့်စုံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ' ဂုဏ်နှင့် မပြည့်စုံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ် [illegible] ကြ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' ဂုဏ်နှင့် မပြည့်စုံ။

http://www.dhammadownload.com



ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။ (၁)

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

(ငါးပါး ဟူသည်ကား) ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ' ဂုဏ်နှင့် ပြည့်စုံ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' ဂုဏ်နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်းပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။ (၂)

ရဟန်းတို့ ထိုမှတပါး အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ငါးပါးဟူသည်ကား) မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် မပြည့်စုံ၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်၌ မဆောက်တည်စေတတ်။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် မပြည့်စုံ၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်၌ မဆောက်တည်စေတတ်။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့်မပြည့်စုံ၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်၌ မဆောက်တည်စေတတ်။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ' ဂုဏ်နှင့် မပြည့်စုံ၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ'ဂုဏ်၌ မဆောက်တည်စေတတ်။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' ဂုဏ်နှင့်မပြည့်စုံ၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' ဂုဏ်၌ မဆောက်တည်စေတတ်။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။ (၃)

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

(ငါးပါးဟူသည်ကား) မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်၌ ဆောက်တည်စေတတ်၏။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်၌ ဆောက်တည်စေတတ်၏။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်၌ ဆောက်တည်စေတတ်၏။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ'ဂုဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ'ဂုဏ်၌ ဆောက်တည်စေတတ်၏။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' ဂုဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်

http://www.dhammadownload.com



တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' ဂုဏ်၌ ဆောက်တည်စေတတ်၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။ (၄)

ရဟန်းတို့ ထိုမှတပါး အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ငါးပါးဟူသည်ကား) ယုံကြည်ခြင်း သဒ္ဓါတရားမရှိ၊ အရှက်မရှိ၊ ဒုစရိုက်မှ အကြောက်အလန့်မရှိ၊ ပျင်းရိ၏၊ သတိလွတ်ကင်း၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ သာမဏေကို မလုပ်ကျွေးစေရ။ (၅)

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

(ငါးပါးဟူသည်ကား) ယုံကြည်ခြင်း သဒ္ဓါတရားရှိ၏၊ အရှက်ရှိ၏၊ ဒုစရိုက်ကို ကြောက်လန့်၏၊ လုံ့လဝီရိယရှိ၏၊ သတိတည်မြဲ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။ (၆)

ရဟန်းတို့ ထိုမှတပါး အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ငါးပါးဟူသည်ကား) လွန်မြတ်သော သီလပျက်၏၊ လွန်မြတ်သော အကျင့်ပျက်၏၊ လွန်မြတ်သော အယူပျက်၏၊ အကြားအမြင် နည်း၏၊ ပညာမရှိ။ ရဟန်းတို့ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။ (၇)

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

(ငါးပါး ဟူသည်ကား) လွန်မြတ်သော သီလပျက်စီးခြင်း မရှိ၊ လွန်မြတ်သော အကျင့်ပျက်စီးခြင်းမရှိ၊ လွန်မြတ်သော အယူပျက်စီးခြင်းမရှိ၊ အကြားအမြင်များ၏၊ ပညာရှိ၏။ ရဟန်းတို့ ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည် ၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။ (၈)

ရဟန်းတို့ ထိုမှတပါး အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ငါးပါးဟူသည်ကား) နာဖျားသော အနီးနေတပည့် အတူနေတပည့် တို့ကို လုပ်ကျွေးခြင်းငှါသော်၎င်း လုပ်ကျွေးစေခြင်းငှါသော်၎င်း မစွမ်းနိုင်၊ မမွေ့လျော်သော တပည့်ကို အရပ်တပါးသို့ ခေါ်ဆောင်ခြင်းငှါသော်၎င်း ခေါ်ဆောင်စေခြင်းငှါသော်၎င်း မစွမ်းနိုင်၊ ဖြစ်ပေါ်လာသော တွေးတောမှု 'သံသယကုက္ကုစ္စ' ကို တရားသဖြင့် ပယ်ဖျောက်ခြင်းငှါ မစွမ်းနိုင်၊ အာပတ်ကိုမသိ၊ အာပတ်မှ ထမြောက်ခြင်းကိုလည်းမသိ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်းမပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။ (၉)

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်းပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

http://www.dhammadownload.com



(ငါးပါးဟူသည်ကား) နာဖျားသောအနီးနေတပည့် အတူနေတပည့်တို့ကို လုပ်ကျွေးခြင်းငှါ သော်၎င်း လုပ်ကျွေးစေခြင်းငှါသော်၎င်း စွမ်းနိုင်၏၊ မမွေ့လျော်သော တပည့်ကို အရပ်တပါးသို့ ခေါ်ဆောင်ခြင်းငှါသော်၎င်း ခေါ်ဆောင်စေခြင်းငှါသော်၎င်း စွမ်းနိုင်၏၊ ဖြစ်ပေါ်လာသော တွေးတောမှု 'သံသယကုက္ကုစ္စ' ကို တရားသဖြင့် ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်၏၊ အာပတ်ကိုသိ၏၊ အာပတ်မှ ထမြောက်ခြင်းကိုလည်း သိ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။ (၁၀)

ရဟန်းတို့ ထိုမှတပါး အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ငါးပါးဟူသည်ကား) အနီးနေတပည့် အတူနေတပည့်တို့ကို မြင့်မြတ်သော ကျင့်ဝတ်သိက္ခာ[၁]၌ ကျင့်စေခြင်းငှါ မစွမ်းနိုင်၊ အကျင့်မြတ်၏ အစဖြစ်သော သိက္ခာ[၂]၌ ဆုံးမခြင်းငှါ မစွမ်းနိုင်၊ အဘိဓမ္မာ၌ ဆုံးမခြင်းငှါ မစွမ်းနိုင်၊ အလုံးစုံသော ဝိနည်း၌ ဆုံးမခြင်းငှါ မစွမ်းနိုင်၊ ဖြစ်ပေါ်လာသော အယူမှားကို တရားသဖြင့် ဖြေချွတ်စိမ့်သောငှါ မစွမ်းနိုင်။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။ (၁၁)

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်းပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

(ငါးပါးဟူသည်ကား) အနီးနေတပည့် အတူနေတပည့်တို့ကို မြင့်မြတ်သော ကျင့်ဝတ်သိက္ခာ၌ ကျင့်စေခြင်းငှါ စွမ်းနိုင်၏၊ အကျင့်မြတ်၏ အစဖြစ်သော သိက္ခာ၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏၊ အဘိဓမ္မာ၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏၊ အလုံးစုံသော ဝိနည်း၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏၊ ဖြစ်ပေါ်လာသော အယူမှားကို တရားသဖြင့် ဖြေချွတ်စိမ့်သောငှါ စွမ်းနိုင်၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။ (၁၂)

ရဟန်းတို့ ထိုမှတပါး အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊နိဿရည်းမပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ငါးပါးဟူသည်ကား) အာပတ်သင့်သည်ကို မသိ၊ အာပတ်မသင့်သည်ကို မသိ၊ ပေါ့သော အာပတ်ကို မသိ၊ လေးသော အာပတ်ကို မသိ၊ ထိုရဟန်းသည် ပါတိမောက်နှစ်ပါးတို့ကို အကျယ်မရ၊ ကောင်းစွာ မဝေဖန်နိုင်၊ ကောင်းစွာ ဖြစ်ခြင်းမရှိ 'ကျေကျေပြွန်ပြွန်မရ'၊ သုတ် 'မာတိကာ' အားဖြင့် ဖြစ်စေ သဒ္ဒါပုဒ်ဗျည်း 'ဝိဘင်းအကျယ်' အားဖြင့်ဖြစ်စေ ကောင်းစွာမဆုံးဖြတ်နိုင်။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်းမပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။ (၁၃)

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

---

၁။ အာဘိသမာစာရိက = မြင့်မြတ်သောကျင့်ဝတ်သိက္ခာဟူသည် ခန္ဓကဋ္ဌလာသော ကျင့်ဝတ်တို့တည်း။

၂။ အာဒိဗြဟ္မစရိယက = အကျင့်မြတ်၏အစဖြစ်သော သိက္ခာဟူသည် ဥဘတောဝိဘင်း၌လာသော အကျင့်သီလတို့ဟူသည်း။

http://www.dhammadownload.com



(ငါးပါးဟူသည်ကား) အာပတ်သင့်သည်ကို သိ၏၊ အာပတ်မသင့်သည်ကို သိ၏၊ ပေါ့သော အာပတ်ကို သိ၏၊ လေးသောအာပတ်ကို သိ၏၊ ထိုရဟန်းသည် ပါတိမောက်နှစ်ပါးတို့ကို အကျယ်ရ၏၊ ကောင်းစွာဝေဖန်နိုင်၏၊ ကောင်းစွာဖြစ်ခြင်း ရှိ၏ 'ကျေကျေပြွန်ပြွန် ရ၏'၊သုတ် 'မာတိကာ' အားဖြင့် ဖြစ်စေ သဒ္ဒါပုဒ်ဗျည်း'ဝိဘင်းအကျယ်'အားဖြင့် ဖြစ်စေ ကောင်းစွာဆုံးဖြတ်နိုင်၏။ရဟန်းတို့ ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေး စေရမည်။ (၁၄)

ရဟန်းတို့ ထိုမှတပါး အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ငါးပါးဟူသည်ကား) အာပတ်သင့်သည်ကို မသိ၊ အာပတ်မသင့်သည်ကို မသိ၊ ပေါ့သော အာပတ်ကို မသိ၊ လေးသောအာပတ်ကို မသိ၊ ဆယ်ဝါအောက် ယုတ်လျော့၏။ ရဟန်းတို့ ဤအင်္ဂါ ငါးပါးနှင့်ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်းမပေးရ၊ သာမဏေကို မလုပ်ကျွေး စေရ။ (၁၅)

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

(ငါးပါးဟူသည်ကား) အာပတ်သင့်သည်ကို သိ၏၊ အာပတ် မသင့်သည်ကို သိ၏၊ ပေါ့သော အာပတ်ကို သိ၏၊ လေးသော အာပတ်ကို သိ၏၊ ဆယ်ဝါ ဆယ်ဝါထက် အလွန်ရှိသည်လည်း ဖြစ်၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည် ဟု (မိန့်တော်မူ၏)။ (၁၆)

ရဟန်းခံပေးထိုက်သော အင်္ဂါငါးပါးအပေါင်း၌

တဆယ့်ခြောက်ခုသောအဏ်း ပြီး၏။

---

## ၂၄-ရဟန်းခံပေးထိုက်သော အင်္ဂါခြောက်ပါးအပေါင်း

၇၅။ ရဟန်းတို့ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ခြောက်ပါးဟူသည်ကား) ရဟန္တာ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် မပြည့်စုံ၊ ရဟန္တာ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် မပြည့်စုံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် မပြည့်စုံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ' ဂုဏ်နှင့် မပြည့်စုံ၊ ရဟန္တာ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' ဂုဏ်နှင့် မပြည့်စုံ၊ ဆယ်ဝါအောက် ယုတ်လျော့၏။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံ မပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။ (၁)

ရဟန်းတို့ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

http://www.dhammadownload.com



(ခြောက်ပါးဟူသည်ကား) ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံ၏၊ ရဟန္တာ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ' ဂုဏ်နှင့် ပြည့်စုံ၏၊ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' ဂုဏ်နှင့် ပြည့်စုံ၏၊ ဆယ်ဝါ ဆယ်ဝါထက်အလွန်ရှိသည်လည်း ဖြစ်၏။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်းပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။ (၂)

ရဟန်းတို့ ထိုမှတပါး အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ခြောက်ပါးဟူသည်ကား) မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် မပြည့်စုံ၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်၌ မဆောက်တည်စေတတ်။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် မပြည့်စုံ၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်၌ မဆောက်တည်စေတတ်။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် မပြည့်စုံ၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်၌ မဆောက်တည်စေတတ်။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ' ဂုဏ်နှင့် မပြည့်စုံ၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ' ဂုဏ်၌ မဆောက်တည်စေတတ်။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' ဂုဏ်နှင့် မပြည့်စုံ၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' ဂုဏ်၌ မဆောက်တည်စေတတ်။ ဆယ်ဝါအောက် ယုတ်လျော့၏။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။ (၃)

ရဟန်းတို့ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

(ခြောက်ပါးဟူသည်ကား) မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်၌ ဆောက်တည်စေတတ်၏။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်၌ ဆောက်တည်စေတတ်၏။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်၌ ဆောက်တည်စေတတ်၏။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ' ဂုဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ' ဂုဏ်၌ ဆောက်တည်စေတတ်၏။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' ဂုဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' ဂုဏ်၌ ဆောက်တည်စေတတ်၏။ ဆယ်ဝါရသည်ဖြင့်း ဆယ်ဝါထက် ကျော်လွန်သည်ဖြင့်း ဖြစ်၏။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်းပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။ (၄)

http://www.dhammadownload.com



ရဟန်းတို့ ထိုမှတပါး အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ခြောက်ပါးဟူသည်ကား) ယုံကြည်ခြင်း သဒ္ဓါတရားမရှိ၊ အရှက်မရှိ၊ ဒုစရိုက်မှ အကြောက် အလန့်မရှိ၊ ပျင်းရိ၏၊ သတိလွတ်ကင်း၏၊ ဆယ်ဝါမပြည့်။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံ သော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်းမပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။ (၅)

ရဟန်းတို့ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်းပေးရ မည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

(ခြောက်ပါးဟူသည်ကား) ယုံကြည်ခြင်း သဒ္ဓါတရားရှိ၏၊ အရှက်ရှိ၏၊ ဒုစရိုက်ကို ကြောက်လန့် ၏၊ လုံ့လဝီရိယ ရှိ၏၊ သတိ တည်မြဲ၏၊ ဆယ်ဝါရသည်ဇင်း ဆယ်ဝါထက် ကျော်လွန်သည်ဇင်း ဖြစ်၏။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်းပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။ (၆)

ရဟန်းတို့ ထိုမှတပါး အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ခြောက်ပါးဟူသည်ကား) လွန်မြတ်သော သီလပျက်၏၊ လွန်မြတ်သော အကျင့် ပျက်၏၊ လွန်မြတ်သော အယူပျက်၏၊ အကြားအမြင် နည်း၏၊ ပညာမရှိ၊ ဆယ်ဝါမပြည့်။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်းမပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။ (၇)

ရဟန်းတို့ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်းပေးရ မည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

(ခြောက်ပါးဟူသည်ကား) လွန်မြတ်သော သီလပျက်စီးခြင်း မရှိ၊ လွန်မြတ်သော အကျင့် ပျက်စီးခြင်း မရှိ၊ လွန်မြတ်သော အယူပျက်စီးခြင်း မရှိ၊ အကြားအမြင်များ၏၊ ပညာရှိ၏၊ ဆယ်ဝါ ရသည်ဇင်း ဆယ်ဝါထက် ကျော်လွန်သည်ဇင်း ဖြစ်၏။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။ (၈)

ရဟန်းတို့ ထိုမှတပါး အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ခြောက်ပါးဟူသည်ကား) နာဖျားသော အနီးနေတပည့် အတူနေတပည့်တို့ကို လုပ်ကျွေး ခြင်းငှါလည်း လုပ်ကျွေးစေခြင်းငှါလည်း မစွမ်းနိုင်၊ မမွေ့လျော်သော တပည့်ကို အရပ်တပါးသို့ ခေါ် ဆောင်ခြင်းငှါလည်း ခေါ်ဆောင်စေခြင်းငှါလည်း မစွမ်းနိုင်၊ ဖြစ်ပေါ်လာသော တွေးတောမှု 'သံသယ ကုက္ကုစ္စ' ကို တရားသဖြင့် ပယ်ဖျောက်ခြင်းငှါ မစွမ်းနိုင်၊ အာပတ်ကို မသိ၊ အာပတ်မှ ထမြောက်ခြင်း ကိုလည်းမသိ၊ ဆယ်ဝါမပြည့်။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်း ခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။ (၉)

ရဟန်းတို့ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်းပေးရ မည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

http://www.dhammadownload.com



(ခြောက်ပါးဟူသည်ကား) နာဖျားသော အနီးနေ တပည့် အတူနေ တပည့်တို့ကို လုပ်ကျွေးခြင်းငှါလည်း လုပ်ကျွေးစေခြင်းငှါလည်း စွမ်းနိုင်၏၊ မမွေ့လျော်သော တပည့်ကို အရပ်တပါးသို့ ခေါ်ဆောင်ခြင်းငှါလည်း ခေါ်ဆောင်စေခြင်းငှါလည်း စွမ်းနိုင်၏၊ ဖြစ်ပေါ်လာသော တွေးတောမှု 'သံသယကုက္ကုစ္စ' ကို တရားသဖြင့် ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်၏၊ အာပတ်ကို သိ၏၊ အာပတ်မှ ထမြောက်ခြင်းကိုလည်း သိ၏၊ ဆယ်ဝါရသည်လည်း ဆယ်ဝါထက် ကျော်လွန်သည်လည်း ဖြစ်၏။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေး စေရမည်။ (၁၀)

ရဟန်းတို့ ထို့မှတပါး အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ခြောက်ပါးဟူသည်ကား) အနီးနေတပည့် အတူနေတပည့်တို့ကို မြင့်မြတ်သော ကျင့်ဝတ် သိက္ခာ၌ ကျင့်စေခြင်းငှါ မစွမ်းနိုင်၊ အကျင့်မြတ်၏ အစဖြစ်သော သိက္ခာ၌ ဆုံးမခြင်းငှါ မစွမ်းနိုင်၊ အဘိဓမ္မာ၌ ဆုံးမခြင်းငှါ မစွမ်းနိုင်၊ အလုံးစုံသော ဝိနည်း၌ ဆုံးမခြင်းငှါ မစွမ်းနိုင်၊ ဖြစ်ပေါ်လာသော အယူမှားကို တရားသဖြင့် ဖြေချွတ်စိမ့်သောငှါ မစွမ်းနိုင်၊ ဆယ်ဝါမပြည့်။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်းမပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။ (၁၁)

ရဟန်းတို့ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်းပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

(ခြောက်ပါးဟူသည်ကား) အနီးနေ တပည့် အတူနေ တပည့်တို့ကို မြင့်မြတ်သော ကျင့်ဝတ် သိက္ခာ၌ ကျင့်စေခြင်းငှါ စွမ်းနိုင်၏၊ အကျင့်မြတ်၏ အစဖြစ်သော သိက္ခာ၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏၊ အဘိဓမ္မာ၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏၊ အလုံးစုံသော ဝိနည်း၌ ဆုံးမခြင်းငှါ စွမ်းနိုင်၏၊ ဖြစ်ပေါ်လာသော အယူမှားကို တရားသဖြင့် ဖြေချွတ်စိမ့်သောငှါ စွမ်းနိုင်၏၊ ဆယ်ဝါရသည်လည်း ဆယ်ဝါထက် ကျော်လွန်သည်လည်း ဖြစ်၏။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်းပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။ (၁၂)

ရဟန်းတို့ ထို့မှတပါး အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။

(ခြောက်ပါးဟူသည်ကား) အာပတ်သင့်သည်ကို မသိ၊ အာပတ်မသင့်သည်ကို မသိ၊ ပေါ့သော အာပတ်ကို မသိ၊ လေးသော အာပတ်ကို မသိ၊ ထိုရဟန်းသည် ပါတိမောက်နှစ်ပါးတို့ကို အကျယ်မရ၊ ကောင်းစွာမဝေဖန်နိုင်၊ နှုတ်၌ ကောင်းစွာ ဖြစ်ခြင်းမရှိ 'ကျေကျေပြွန်ပြွန် မရ'၊ သုတ် 'မာတိကာ' အားဖြင့်ဖြစ်စေ သဒ္ဒါ ပုဒ်ဗျည်း 'ဝိဘင်းအကျယ်' အားဖြင့်ဖြစ်စေ ကောင်းစွာ မဆုံးဖြတ်နိုင်၊ ဆယ်ဝါမပြည့်။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ။ (၁၃)

ရဟန်းတို့ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်း ပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည်။

http://www.dhammadownload.com



(ခြောက်ပါးဟူသည်ကား) အာပတ် သင့်သည်ကို သိ၏၊ အာပတ် မသင့်သည်ကို သိ၏၊ ပေါ့သော အာပတ်ကို သိ၏၊ လေးသော အာပတ်ကို သိ၏၊ ထိုရဟန်းသည် ပါတိမောက် နှစ်ပါးတို့ကို အကျယ်အားဖြင့် ရ၏၊ ကောင်းစွာ ဝေဖန်နိုင်၏၊ ကောင်းစွာ ဖြစ်ခြင်း ရှိ၏ 'ကျေကျေပြွန်ပြွန် ရ၏'၊ သုတ် 'မာတိကာ' အားဖြင့် ဖြစ်စေ သဒ္ဒါ ပုဒ်ဗျည်း 'ဝိဘင်းအကျယ်' အားဖြင့် ဖြစ်စေ ကောင်းစွာ ဆုံးဖြတ်နိုင်၏၊ ဆယ်ဝါရသည်ရှင်း ဆယ်ဝါထက် ကျော်လွန်သည်ရှင်း ဖြစ်၏။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံပေးရမည်၊ နိဿရည်းပေးရမည်၊ သာမဏေကို လုပ်ကျွေးစေရမည် ဟု (မိန့်တော်မူ၏)။ (၁၄)

ရဟန်းခံပေးထိုက်သော အင်္ဂါခြောက်ပါးအပေါင်း၌

တဆယ့်လေးခုသောအခဏ်း ပြီး၏။

---

## ၂၅-တိတ္ထိဖြစ်ဘူးသူအကြောင်း

၈၆။ တရံရောအခါ တိတ္ထိဖြစ်ဘူးသော ပသုရပရိဗိုဇ်သည် [၁] ဥပဇ္ဈာယ်ဆရာက တရားနှင့်အညီ ဆိုဆုံးမသည်ရှိသော် ဥပဇ္ဈာယ်ဆရာအား ဝါဒတင်၍ တိတ္ထိဘောင်သို့ပင်လျှင် ပြောင်းသွား၏၊ ထိုပရိဗိုဇ်သည် တဖန်ပြန်လာ၍ ရဟန်းတို့အား ပဉ္စင်းအဖြစ်ကို တောင်း၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တိတ္ထိဖြစ်ဘူးသူသည် ဥပဇ္ဈာယ်ဆရာက တရားနှင့်အညီ ဆိုဆုံးမသည်ရှိသော် ဥပဇ္ဈာယ်ဆရာအား ဝါဒတင်၍ ထိုတိတ္ထိဘောင်သို့ပင်လျှင် ပြောင်းရွှေ့၏၊ ထိုသူ တဖန်ပြန်လာသည်ရှိသော် ပဉ္စင်းခံမပေးရ။

ရဟန်းတို့ (ပသုရမှ) တပါးလည်း ဖြစ်သော တိတ္ထိဖြစ်ဘူးသူသည် ဤသာသနာတော် 'ဓမ္မဝိနယ' ၌ ရှင်ရဟန်း အဖြစ်ကို ရလိုအံ့၊ ထိုသူအား လေးလတို့ပတ်လုံး ပရိဝါသ် နေခြင်းကို ပေးရမည်။ ရဟန်းတို့ ဤသို့ ပေးရမည်၊ ရှေးဦးစွာ ဆံမုတ်ဆိတ်ကို ပယ်စေပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်စေ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်စေကာ ရဟန်းတို့၏ ခြေတို့ကို ရှိခိုးစေပြီး၍ ဆောင့်ကြောင့် ထိုင်စေလျက် လက်အုပ်ချီစေပြီးလျှင် "ဤသို့ ဆိုလော့" ဟု ပြောဆိုရမည်။

"မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ နှစ်ကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ နှစ်ကြိမ်မြောက်လည်း သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သုံးကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သုံးကြိမ်မြောက်လည်း သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏" ဟု (ဆိုလော့ ဟု ပြောဆိုရမည်)။

ရဟန်းတို့ တိတ္ထိဖြစ်ဘူးသူသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်ဘင်ကာ ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီပြီးလျှင်—

---

၁။ ဤနေရာ၌ မူကွဲပါဠိအမျိုးမျိုးရှိသော်လည်း ဖြစ်သင့်ရာကိုယူ၍ ပြန်ဆိုထားသည်။

http://www.dhammadownload.com



"အသျှင်ဘုရားတို့ တိတ္ထိဖြစ်ဘူးသော အကျွန်ုပ်သည် ဤသာသနာတော်၌ ရဟန်းအဖြစ်ကို ရလိုပါ၏၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာအား လေးလတို့ပတ်လုံး ပရိဝါသ် နေခြင်းကို ခွင့်တောင်းပါ၏" ဟု လျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း ခွင့်တောင်းရမည်။ သုံးကြိမ်မြောက်လည်း ခွင့်တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော တိတ္ထိဖြစ်ဘူးသူသည် သာသနာတော် 'ဓမ္မဝိနယ'၌ ရဟန်းအဖြစ်ကို ရလို၏၊ ထိုသူသည် သံဃာအား လေးလတို့ပတ်လုံး ပရိဝါသ် နေခြင်းကို ခွင့်တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော တိတ္ထိဖြစ်ဘူးသူအား လေးလတို့ပတ်လုံး ပရိဝါသ် နေခြင်းကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော တိတ္ထိဖြစ်ဘူးသူသည် ဤသာသနာတော် 'ဓမ္မဝိနယ'၌ ရဟန်းအဖြစ်ကို ရလို၏၊ ထိုသူသည် သံဃာအား လေးလတို့ပတ်လုံး ပရိဝါသ်နေခြင်းကို ခွင့်တောင်း၏၊ သံဃာသည် ဤမည်သော တိတ္ထိဖြစ်ဘူးသူအား လေးလတို့ပတ်လုံး ပရိဝါသ်နေခြင်းကို ပေး၏၊ ဤမည်သော တိတ္ထိဖြစ်ဘူးသူ၏ လေးလတို့ပတ်လုံး ပရိဝါသ်နေခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော တိတ္ထိဖြစ်ဘူးသူအား လေးလတို့ပတ်လုံး ပရိဝါသ် နေခြင်းကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

၈၇။ ရဟန်းတို့ ဤသို့ ကျင့်သည်ရှိသော် တိတ္ထိဖြစ်ဘူးသူသည် (သံဃာတော်ကို) နှစ်သက်စေသည် မည်၏၊ ဤသို့ မကျင့်သည်ရှိသော် (သံဃာတော်ကို) နှစ်သက်စေသည် မမည်။ ရဟန်းတို့ အဘယ်သို့လျှင် တိတ္ထိဖြစ်ဘူးသူသည် (သံဃာတော်ကို) နှစ်သက်စေသည် မမည်သနည်း။ ရဟန်းတို့ ဤသာသနာတော် 'ဓမ္မဝိနယ'၌ တိတ္ထိဖြစ်ဘူးသူသည် အလွန်စောလွန်းစွာ ရွာတွင်းသို့ဝင်၏၊ အလွန်နေမြင့်မှ ကျောင်းသို့ ပြန်လာ၏။ ရဟန်းတို့ ဤသို့လျှင် တိတ္ထိဖြစ်ဘူးသူသည် (သံဃာတော်ကို) နှစ်သက်စေသည် မမည်။

ရဟန်းတို့ တဖန်ထို့ပြင်လည်း တိတ္ထိဖြစ်ဘူးသူသည် ပြည့်တန်ဆာမဟူသော ကျက်စားရာရှိ၏ 'ပြည့်တန်ဆာမနှင့် ဆက်ဆံ၏'၊ မုဆိုးမဟူသော ကျက်စားရာရှိ၏ 'မုဆိုးမနှင့် ဆက်ဆံ၏'၊ အပျိုကြီးဟူသော ကျက်စားရာရှိ၏ 'အပျိုကြီးနှင့် ဆက်ဆံ၏'၊ ပဏ္ဍုက်ဟူသော ကျက်စားရာရှိ၏ 'ပဏ္ဍုက်နှင့် ဆက်ဆံ၏'၊ ရဟန်းမိန်းမ ဟူသော ကျက်စားရာရှိ၏ 'ရဟန်းမိန်းမနှင့် ဆက်ဆံ၏'။ ရဟန်းတို့ ဤသို့လည်း တိတ္ထိဖြစ်ဘူးသူသည် (သံဃာတော်ကို) နှစ်သက်စေသည် မမည်။

ရဟန်းတို့ တဖန်ထို့ပြင်လည်း တိတ္ထိဖြစ်ဘူးသူသည် သီတင်းသုံးဖော်တို့၏ အမှုကြီးငယ် ပြုဖွယ်ကိစ္စတို့၌ မလိမ္မာ ပျင်းရိ၏၊ ထိုအမှုကိစ္စတို့၌ ပြီးစီးကြောင်း ပညာနှင့် ပြည့်စုံခြင်းမရှိ၊ ပြုခြင်းငှါ မစွမ်းနိုင်၊ စီရင်ခြင်းငှါ မစွမ်းနိုင်။ ရဟန်းတို့ ဤသို့လည်း တိတ္ထိဖြစ်ဘူးသူသည် (သံဃာတော်ကို) နှစ်သက်စေသည် မမည်။

http://www.dhammadownload.com



ရဟန်းတို့ တဖန် ထိုပြင်လည်း တိတ္ထိဖြစ်ဘူးသူသည် သင်ကြားခြင်း အဖန်ဖန်မေးမြန်းခြင်း လွန်မြတ်သော သီလ လွန်မြတ်သော စိတ် လွန်မြတ်သော ပညာ၌ ထက်မြက်သော အလိုဆန္ဒမရှိ။ ရဟန်းတို့ ဤသို့လည်း တိတ္ထိဖြစ်ဘူးသူသည် (သံဃာတော်ကို) နှစ်သက်စေသည် မမည်။

ရဟန်းတို့ တဖန် ထိုပြင်လည်း တိတ္ထိဖြစ်ဘူးသူသည် အကြင်ဆရာ၏ တိတ္ထိကျောင်းမှ ပြောင်း ရွှေ့လာ၏၊ ထိုဆရာကိုငှင်း ထိုဆရာ၏ အယူအဆကိုငှင်း ထိုဆရာ၏ နှစ်သိမ့်သဘောတူညီမှုကိုငှင်း ထိုဆရာ၏ နှစ်သက်ကျေနပ်မှုကိုငှင်း ထိုဆရာ၏ ရည်မှန်းချက်ကိုငှင်း ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ပြောဆိုသည်ရှိသော် အမျက်ထွက်၏၊ နှလုံးမသာရှိ၏၊ မနှစ်သက်သော စိတ်ရှိ၏၊ မြတ်စွာဘုရား၏ငှင်း တရားတော်၏ငှင်း သံဃာတော်၏ငှင်း ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ပြောဆိုသည်ရှိသော် နှစ်လို၏၊ ဝမ်းမြောက်၏၊ နှစ်သက်သော စိတ်ရှိ၏၊ အကြင်ဆရာ၏လည်း တိတ္ထိဘောင်မှ ပြောင်းရွှေ့လာ၏၊ ထိုဆရာကိုငှင်း ထိုဆရာ၏အယူအဆကိုငှင်း ထိုဆရာ၏နှစ်သိမ့်သဘောတူညီမှုကိုငှင်း ထိုဆရာ၏ နှစ်သက်ကျေနပ်မှုကိုငှင်း ထိုဆရာ၏ရည်မှန်းချက်ကိုငှင်း ဂုဏ်ကျေးဇူးကို ပြောဆိုသည်ရှိသော် နှစ်သက်၏၊ ဝမ်းမြောက်၏၊ နှစ်သက်သော စိတ်ရှိ၏၊ မြတ်စွာဘုရား၏ငှင်း တရားတော်၏ငှင်း သံဃာတော်၏ငှင်း ဂုဏ်ကျေးဇူးကို ပြောဆိုသည် ရှိသော် အမျက်ထွက်၏၊ နှလုံးမသာ ရှိ၏၊ မနှစ်သက်သော စိတ်ရှိ၏။ ရဟန်းတို့ ဤသည်ကား တိတ္ထိဖြစ်ဘူးသူ၏ (သံဃာတော်ကို) မနှစ်သက်စေခြင်း၌ မှတ်ကြောင်းလက္ခဏာတည်း။ ရဟန်းတို့ ဤသို့လျှင် တိတ္ထိဖြစ်ဘူးသူသည် (သံဃာတော်ကို) နှစ်သက်စေသည်မမည်။ ရဟန်းတို့ ဤသို့ သံဃာကို မနှစ်သက်စေတတ်သော တိတ္ထိဖြစ်ဘူးသူ လာသော် ပဉ္စင်းခံမပေးရ။

ရဟန်းတို့ အဘယ်သို့လျှင် တိတ္ထိဖြစ်ဘူးသူသည် (သံဃာတော်ကို) နှစ်သက်စေသနည်း။

ရဟန်းတို့ ဤသာသနာတော် 'ဓမ္မဝိနယ'၌ တိတ္ထိဖြစ်ဘူးသူသည် အလွန်စောလွန်းစွာ ရွာတွင်းသို့ မဝင်၊ အလွန်နေမမြင့်ခင် ကျောင်းသို့ ပြန်လာ၏။ ရဟန်းတို့ ဤသို့လည်း တိတ္ထိဖြစ်ဘူးသူသည် (သံဃာတော်ကို) နှစ်သက်စေသည်မည်၏။

ရဟန်းတို့ တဖန် ထိုပြင်လည်း တိတ္ထိဖြစ်ဘူးသူသည် ပြည့်တန်ဆာမ ဟူသော ကျက်စားရာမရှိ 'ပြည့်တန်ဆာမနှင့် မဆက်ဆံ'၊ မုဆိုးမဟူသော ကျက်စားရာ မရှိ 'မုဆိုးမနှင့်မဆက်ဆံ'၊ အပျိုကြီး ဟူသော ကျက်စားရာ မရှိ 'အပျိုကြီးနှင့် မဆက်ဆံ'၊ ပဏ္ဍုက် ဟူသော ကျက်စားရာ မရှိ 'ပဏ္ဍုက်နှင့် မဆက်ဆံ'၊ ရဟန်းမိန်းမဟူသော ကျက်စားရာ မရှိ 'ရဟန်းမိန်းမနှင့် မဆက်ဆံ'။ ရဟန်းတို့ ဤသို့ လည်း တိတ္ထိဖြစ်ဘူးသူသည် (သံဃာတော်ကို) နှစ်သက်စေသည် မည်၏။

ရဟန်းတို့ တဖန်ထိုပြင်လည်း တိတ္ထိဖြစ်ဘူးသူသည် သီတင်းသုံးဖော်တို့၏ အမှုကြီးငယ် ပြုဖွယ် အမှုကိစ္စတို့၌ လိမ္မာ၏၊ မပျင်းရိ၊ ထိုအမှုကိစ္စတို့၌ ပြီးစီးကြောင်း ပညာနှင့်ပြည့်စုံ၏၊ ပြုခြင်းငှါစွမ်းနိုင်၏၊ စီရင်ခြင်းငှါ စွမ်းနိုင်၏။ ရဟန်းတို့ ဤသို့လည်း တိတ္ထိဖြစ်ဘူးသူသည် (သံဃာတော်ကို)နှစ်သက် စေသည်မည်၏။

ရဟန်းတို့ တဖန် ထိုပြင်လည်း တိတ္ထိဖြစ်ဘူးသူသည် သင်ကြားခြင်း အဖန်ဖန်မေးမြန်းခြင်း လွန်မြတ်သော သီလ လွန်မြတ်သောစိတ် လွန်မြတ်သောပညာ၌ ထက်မြက်သော အလိုဆန္ဒရှိ၏။ ရဟန်းတို့ ဤသို့လည်း တိတ္ထိဖြစ်ဘူးသူသည် (သံဃာတော်ကို)နှစ်သက်စေသည်မည်၏။

ရဟန်းတို့ တဖန် ထိုပြင်လည်း တိတ္ထိဖြစ်ဘူးသူသည် အကြင်ဆရာ၏တိတ္ထိကျောင်းမှ ပြောင်းရွှေ့ လာ၏၊ထိုဆရာကိုငှင်း ထိုဆရာ၏ အယူအဆကိုငှင်း ထိုဆရာ၏ နှစ်သိမ့် သဘောတူညီမှုကိုငှင်း ထိုဆရာ

http://www.dhammadownload.com



၏ နှစ်သက်ကျေနပ်မှုကိုငင်း ထိုဆရာ၏ ရည်မှန်းချက်ကိုငင်း ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ပြောဆိုသည် ရှိသော် နှစ်သက်၏၊ ဝမ်းမြောက်၏၊ နှစ်သက်သော စိတ်ရှိ၏၊ မြတ်စွာဘုရား၏ငင်း တရားတော်၏ ငင်း သံဃာတော်၏ငင်း ကျေးဇူးမဲ့ကဲ့ရဲ့စကားကို ပြောဆိုသည်ရှိသော် အမျက်ထွက်၏၊ နှလုံးမသာ ရှိ၏၊ မနှစ်သက်သော စိတ်ရှိ၏၊ အကြင်ဆရာ၏ တိတ္ထိကျောင်းမှ ပြောင်းရွှေလာ၏၊ ထိုဆရာကိုငင်း ထိုဆရာ၏ အယူအဆကိုငင်း ထိုဆရာ၏ နှစ်သိမ့်သဘောတူညီမှုကိုငင်း ထိုဆရာ၏ နှစ်သက် ကျေနပ်မှုကိုငင်း ထိုဆရာ၏ရည်မှန်းချက်ကိုငင်း ဂုဏ်ကျေးဇူးကို ပြောဆိုသည်ရှိသော် အမျက် ထွက်၏၊ နှလုံးမသာရှိ၏၊ မနှစ်သက်သောစိတ်ရှိ၏၊ မြတ်စွာဘုရား၏ငင်း တရားတော်၏ငင်း သံဃာ တော်၏ငင်း ဂုဏ်ကျေးဇူးကို ပြောဆိုသည် ရှိသော် နှစ်လို၏၊ ဝမ်းမြောက်၏၊ နှစ်သက်သော စိတ်ရှိ၏။ ရဟန်းတို့ ဤသည်ကား တိတ္ထိဖြစ်ဘူးသူ၏(သံဃာတော်ကို)နှစ်သက်စေခြင်း၌ မှတ် ကြောင်း လက္ခဏာတည်း။ ရဟန်းတို့ ဤသို့လျှင် တိတ္ထိဖြစ်ဘူးသူသည် (သံဃာတော်ကို) နှစ်သက် စေသည်မည်၏။

ရဟန်းတို့ ဤသို့သံဃာကို နှစ်သက်စေတတ်သော တိတ္ထိဖြစ်ဘူးသူလာသည်ရှိသော် ပဥ္စင်းခံပေး ရမည်။ ရဟန်းတို့ အကယ်၍ တိတ္ထိဖြစ်ဘူးသူသည် အချည်းနှီး 'အဝတ်မဆီးပဲ' လာသည်ဖြစ်အံ့၊ ဥပဇ္ဈာယ်ကို အဦးမူ၍သင်္ကန်းကို ရှာမှီးရမည်။ အကယ်၍ ဆံပင်မရိတ်ပဲ လာသည်ဖြစ်အံ့၊ ဆံရိတ်ခြင်း ငှါ သံဃာကိုပန်ကြားရမည်။ ရဟန်းတို့ မီးလုပ်ကျွေးသော ရသေ့တို့ လာကြသည်ရှိသော် ရဟန်း ခံပေးရမည်၊ ထိုရသေ့တို့အား ပရိဝါသ်မပေးရ၊ ထိုသို့ မပေးရခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ ရဟန်းတို့ ထိုရသေ့တို့သည် ကမ္မဝါဒီ ကြိယဝါဒီတို့ ဖြစ်ကြကုန်၏။ ရဟန်းတို့ အကယ်၍ အမျိုးအား ဖြင့် သာကီဝင် မင်းမျိုး ဖြစ်သော တိတ္ထိဖြစ်ဘူးသူ လာငြားအံ့၊ ထိုသူကို ပဥ္စင်းခံပေးရမည်၊ ထိုသာကီ ဝင်မင်းမျိုးဖြစ်သော သူအား ပရိဝါသ်မပေးရ။ ရဟန်းတို့ ငါသည် အဆွေအမျိုးတို့အား သီးခြားဖြစ် သော ဤအခွင့်အရေးကို ပေး၏ ဟု (မိန့်တော်မူ၏)။

တိတ္ထိဖြစ်ဘူးသူအကြောင်း ပြဆိုရာ

သတ္တမအခန်း ပြီး၏။

---

## ၂၆-အနာကြီး ငါးမျိုး

၈၈။ တရံရောအခါ မဂဓတိုင်းတို့၌ နူနာ အိုင်းအမာနာ ယားနာ ချောင်းဆိုးသွေးပါနာ ရူးသွပ် သောအနာ အားဖြင့် ငါးမျိုးသော အနာရောဂါတို့သည် ပေါများကုန်၏။

လူတို့သည် ငါးပါးသော အနာတို့ဖြင့် နှိပ်စက်အပ်ကုန်သည်ရှိသော် အဘယမင်းသား မွေးစား သော ဇီဝကထံသို့ ချဉ်းကပ်ပြီးလျှင် "ဆရာ ငါတို့ တောင်းပန်ပါကုန်၏၊ ငါတို့ကို ဆေးကုပါလော့"ဟု ပြောဆိုကုန်၏။

အမောင်တို့ အကျွန်ုပ်သည် များသောကိစ္စ ရှိ၏၊ များသော ပြုဖွယ်ရှိ၏၊ အကျွန်ုပ်သည် မဂဓ တိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရ မင်းကြီးကိုလည်း လုပ်ကျွေးပြုစုရ၏၊ မောင်းမအပေါင်း ကိုငင်း ဘုရားအမှူးရှိသော ရဟန်းသံဃာကိုငင်း လုပ်ကျွေးပြုစုရ၏၊ အကျွန်ုပ်သည် ဆေးကုခြင်းငှါ မစွမ်းနိုင်ပါ ဟု (ပြောဆို၏)

http://www.dhammadownload.com



ဆရာ အလုံးစုံသော ဥစ္စာနှစ်သည်လည်း သင်အား ဖြစ်ပါစေ၊ အကျွန်ုပ်တို့သည်လည်း သင်၏ ကျွန်များ ဖြစ်ပါစေကုန်၊ ဆရာ တောင်းပန်ပါကုန်၏၊ အကျွန်ုပ်တို့ကို ဆေးကုပါလော့ ဟု (ပြောဆိုကုန်၏)။

အမောင်တို့ အကျွန်ုပ်သည် များသော ကိစ္စရှိ၏၊ များသော ပြုဖွယ်ရှိ၏၊ အကျွန်ုပ်သည် မဂဓ တိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရ မင်းကြီးကိုလည်း လုပ်ကျွေးပြုစုရ၏၊ မောင်းမ အပေါင်းကို ၎င်း ဘုရားအမှူးရှိသော ရဟန်းသံဃာကို၎င်း လုပ်ကျွေးပြုစုရ၏၊ အကျွန်ုပ်သည် ဆေးကုခြင်းငှါ မစွမ်းနိုင်ပါ ဟု (ပြောဆို၏)။

ထိုအခါ ထိုလူတို့အား—

"သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ဤရဟန်းတို့သည် ချမ်းသာသော သဘော ရှိကုန်၏၊ ချမ်းသာသော အကျင့်ရှိကုန်၏၊ ကောင်းသော ဘောဇဉ်တို့ကို သုံးဆောင်ကုန်လျက် လေ မတိုက်သော အိပ်ရာနေရာတို့၌ အိပ်ရကုန်၏၊ ငါတို့သည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ် သော ရဟန်းတို့၏ အထံ၌ ရှင်ရဟန်း ပြုရပါကုန်မူကား ကောင်းလေစွ၊ ထိုသို့ ရဟန်းပြုသည်ရှိသော် ရဟန်းတို့သည်လည်း လုပ်ကျွေး ပြုစုကြကုန်လတ္တံ့၊ အဘယမင်းသား မွေးစားသော ဆရာဇီဝကသည် လည်း ဆေးကုလတ္တံ့" ဟု အကြံဖြစ်၏။

ထိုနောက် ထိုလူတို့သည် ရဟန်းတို့သို့ ချဉ်းကပ်ကုန်ပြီးလျှင် ရဟန်း အဖြစ်ကို တောင်းကုန် ၏။ ထိုလူတို့ကို ရဟန်းတို့သည် ရှင်ပြုပေးကုန်၏၊ ပဉ္စင်းခံပေးကုန်၏။ ထိုလူတို့ကို ရဟန်းတို့သည်လည်း လုပ်ကျွေးပြုစုကုန်၏၊ အဘယမင်းသား မွေးစားသော ဆရာဇီဝကသည်လည်း ဆေးကု၏။ ထိုအခါ ရဟန်းတို့သည် များသော သူနာရဟန်းတို့ကို လုပ်ကျွေးပြုစုကုန်သည်ရှိသော် "သူနာအတွက် ဆွမ်း ပေးလှူပါကုန်၊ သူနာပြုအတွက် ဆွမ်းပေးလှူပါကုန်၊ သူနာအတွက် ဆေးပေးလှူကုန်လော့" ဟု အတောင်းအရမ်း များကုန်သည်ဖြစ်၍ နေကုန်၏။ အဘယမင်းသား မွေးစားသော ဇီဝကသည်လည်း များသော သူနာရဟန်းတို့ကို ဆေးကုရသည်ဖြစ်၍ မင်း၏ အခြားကိစ္စကို ယုတ်လျော့စေ၏။

၇၉။ တယောက်သော ယောကျ်ားသည်လည်း အနာမျိုးငါးပါး နှိပ်စက်သည်ရှိသော် အဘယ မင်းသား မွေးစားသော ဆရာဇီဝကထံသို့ ချဉ်းကပ်ပြီးလျှင် "ဆရာ တောင်းပန်ပါ၏၊ အကျွန်ုပ်ကို ဆေးကုပါလော့" ဟု ပြောဆို၏။

အမောင် အကျွန်ုပ်သည် များသော ကိစ္စရှိ၏၊ များသော ပြုဖွယ်ရှိ၏၊ အကျွန်ုပ်သည် မဂဓ တိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီး ကိုလည်း လုပ်ကျွေးပြုစုရ၏၊ မောင်းမ အပေါင်းကို၎င်း ဘုရားအမှူးရှိသော ရဟန်း သံဃာကို၎င်း လုပ်ကျွေးပြုစုရ၏၊ အကျွန်ုပ်သည် ဆေးကုခြင်းငှါ မစွမ်း နိုင်ပါ ဟု (ပြောဆို၏)။

ဆရာ အလုံးစုံသော ဥစ္စာနှစ်သည်လည်း သင့်အား ဖြစ်ပါစေ၊ အကျွန်ုပ်သည်လည်း သင်၏ ကျွန်ဖြစ်ပါစေ၊ "ဆရာ တောင်းပန်ပါ၏၊ အကျွန်ုပ်ကို ဆေးကုပါလော့" ဟု (ပြောဆိုပြန်၏)။

အမောင် အကျွန်ုပ်သည် များသော ကိစ္စရှိ၏၊ များသော ပြုဖွယ်ရှိ၏၊ အကျွန်ုပ်သည် မဂဓ တိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးကိုလည်း လုပ်ကျွေးပြုစုရ၏၊ မောင်းမအပေါင်းကို၎င်း

http://www.dhammadownload.com



ဘုရားအမှူးရှိသော ရဟန်းသံဃာကိုဧင်း လုပ်ကျွေးပြုစုရ၏၊ အကျွန်ုပ်သည် ဆေးကုခြင်းငှါ မစွမ်းနိုင်ပါ ဟု (ပြောဆို၏)။

ထိုအခါ ထိုယောကျ်ားအား—

"သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ဤရဟန်းတို့သည် ချမ်းသာသော သဘောရှိကုန်၏၊ ချမ်းသာသော အကျင့်ရှိကုန်၏၊ ကောင်းသော ဘောဇဉ်တို့ကို သုံးဆောင်ကုန်လျက် လေမတိုက်သော အိပ်ရာနေရာတို့၌ အိပ်ရကုန်၏၊ ငါသည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့ထံ ရဟန်းပြုရမူ ကောင်းလေစွ၊ ထိုသို့ ရဟန်းပြုသည်ရှိသော် ရဟန်းတို့သည်လည်း လုပ်ကျွေးပြုစုကုန်လတ္တံ့၊ အဘယမင်းသား မွေးစားသော ဆရာဇီဝကသည်လည်း ဆေးကုလတ္တံ့၊ ထိုငါသည် အနာကင်းရှင်းလတ်သော် လူထွက်အံ့" ဟု အကြံဖြစ်၏။

ထို့နောက် ထိုယောကျ်ားသည် ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ရှင်ရဟန်းအဖြစ်ကို တောင်းလေ၏။ ထိုသူကို ရဟန်းတို့သည် ရှင်ပြုပေးကုန်၏၊ ပဉ္စင်းခံပေးကုန်၏။ ထိုရဟန်းကို ရဟန်းတို့သည် လုပ်ကျွေးပြုစုကုန်၏၊ အဘယမင်းသား မွေးစားသော ဆရာဇီဝက သည်လည်း ဆေးကု၏။ ထိုရဟန်းသည် အနာ ကင်းရှင်းလတ်သော် လူထွက်၏။ အဘယမင်းသား မွေးစားသော ဆရာဇီဝကသည် လူထွက်နေသော ထိုယောကျ်ားကို တွေ့မြင်သောအခါ "အမောင် သင်သည် ရဟန်းတို့အထံ၌ ရဟန်းပြုဘူးသည် မဟုတ်လော" ဟု မေးလေ၏။

မှန်ပါသည်ဆရာ ဟု (ပြောဆို၏)။

အမောင် သင်သည် အဘယ့်ကြောင့် ဤသို့သော အမှုကို ပြုဘိသနည်း ဟု (ပြောဆို၏)။

ထိုအခါ ထိုယောကျ်ားသည် အဘယမင်းသား မွေးစားသော ဆရာဇီဝကအား ဤအကြောင်းကိုပြောကြား၏။ အဘယမင်းသား မွေးစားသော ဆရာဇီဝက က "အသျှင်ကောင်းတို့သည် အဘယ့်ကြောင့် အနာမျိုးငါးပါး နှိပ်စက်သူကို ပဉ္စင်းခံပေးကြကုန်သနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြောဆို၏။

ထို့နောက် အဘယမင်းသား မွေးစားသော ဆရာဇီဝကသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေပြီးသော အဘယမင်းသား မွေးစားသော ဆရာဇီဝကသည် မြတ်စွာဘုရားကို "အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်ကောင်းတို့သည် အနာမျိုးငါးပါး နှိပ်စက်သူကို ရဟန်းမပြုပါစေကုန်လင့်" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် အဘယမင်းသား မွေးစားသော ဆရာဇီဝကကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတော်မူ၏၊ ထို့နောက် အဘယမင်းသား မွေးစားသော ဆရာဇီဝကသည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးသော် နေရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ ဖဲခွါသွားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ အနာမျိုးငါးပါး နှိပ်စက်သော သူကို ရှင်ရဟန်း ပြုမပေးရ၊ အကြင် ရဟန်းသည် ရှင်ရဟန်းပြုပေးငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



## ၂၇-မင်းခစား ဝတ္ထု

၉၀။ တရံရောအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီး၏ တိုင်းစွန် ပြည်နားသည် ထကြွ သောင်းကျန်း၏။ ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် စစ်မှူးအမတ်ကြီးတို့ကို "အချင်းတို့ သွားကုန်လော့၊ တိုင်းစွန် ပြည်နားကို စည်ပင်အောင် ပြုကုန်လော့" ဟု စေလွှတ်လေ၏။ "အသျှင်မင်းကြီး ကောင်းပါပြီ" ဟု စစ်မှူးအမတ်ကြီးတို့သည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးအား ဝန်ခံကုန်၏။

ထိုအခါ အလွန် ထင်ရှား ကျော်စောကုန်သော စစ်သည်တော် သူရဲတို့အား "စစ်ထိုးလို၍ သွားသော ငါတို့သည် မကောင်းမှုကိုလည်း ပြုရကုန်အံ့၊ များစွာသော အကုသိုလ်ကိုလည်း ပွါးစည်းကြရကုန်အံ့၊ ငါတို့သည် အဘယ်သို့သော အကြောင်းဖြင့် မကောင်းမှုမှ ရှောင်ကြဉ်၍ ကောင်းမှုကို ပြုရပါကုန်အံ့နည်း" ဟု အကြံဖြစ်၏။

ထို့နောက် ထိုစစ်သည်တော် သူရဲတို့အား "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် တရားကို ကျင့်လေ့ရှိကုန်၏၊ ကောင်းသော အကျင့်ကိုကျင့်လေ့ရှိကုန်၏၊ မြတ်သော အကျင့်ကိုကျင့်လေ့ရှိကုန်၏၊ မှန်သောစကားကို ဆိုလေ့ရှိကုန်၏၊ သီလရှိကုန်၏၊ ကောင်းသော သဘောရှိကုန်၏၊ အကယ်၍ ငါတို့သည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့ အထံ၌ ရဟန်းပြုသည်ရှိသော် ငါတို့သည် မကောင်းမှုမှလည်း ရှောင်ကြဉ်နိုင်ကုန်ရာ၏၊ ကောင်းမှုကိုလည်း ပြုနိုင်ကုန်ရာ၏" ဟု အကြံဖြစ်ပြန်၏။

ထိုအခါ ထိုစစ်သည်တော် သူရဲတို့သည် ရဟန်းတို့အထံသို့ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်းကုန်၏၊ ထိုစစ်သည်တော် သူရဲတို့ကို ရဟန်းတို့သည် ရှင်ပြုပေးကုန်၏၊ ပဉ္စင်းခံပေးကုန်၏။ စစ်မှူးအမတ်ကြီးတို့သည် မင်းခစားယောကျ်ားတို့ကို "အချင်းတို့ အသို့နည်း၊ ဤမည် ဤမည်သော စစ်သည်တော် သူရဲတို့ကို မတွေ့မမြင်ပါတကား" ဟု မေးကုန်၏။ အရှင် ဤမည်သော စစ်သည်တော် သူရဲတို့သည် ရဟန်းတို့အထံ၌ ရဟန်းပြုနေကုန်၏ ဟု (ဆိုကုန်၏)။

စစ်မှူးအမတ်ကြီးတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် မင်းခစား ယောကျ်ားကို ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ စစ်မှူးအမတ်ကြီးတို့သည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးအား ဤအကြောင်းကို လျှောက်ကုန်၏။ ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် တရားဆုံးဖြတ်သော အမတ်ကြီးတို့ကို "အချင်းတို့ အကြင်သူသည် မင်းခစား ယောကျ်ားကို ရဟန်းပြုပေး၏၊ ထိုသူသည် အဘယ်မျှလောက်သော အပြစ်ဒဏ်ထိုက်ပါသနည်း" ဟု မေး၏။ အရှင်မင်းကြီး ဥပဇ္ဈာယ်ဆရာ၏ ဦးခေါင်းကို ဖြတ်သင့်၏၊ ကမ္မဝါစာဆရာ၏ လျှာကို ထုတ်ပယ်သင့်၏၊ ဂိုဏ်းသံဃာ၏ ထက်ဝက်သော နံရိုးတို့ကို ချိုးသင့်၏ ဟု (လျှောက်ကုန်၏)။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေကာ မြတ်စွာဘုရားအား—

"အသျှင်ဘုရား သဒ္ဓါတရားမရှိ မကြည်ညိုသော မင်းတို့သည် အနည်းငယ်မျှ (အပြစ်) ဖြင့်လည်း ရဟန်းတို့ကို ညှဉ်းဆဲနှိပ်စက်ကုန်ရာ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်ကောင်းတို့သည် မင်းခစား ယောကျ်ားကို ရဟန်းပြုမပေးပါစေကုန်လင့်" ဟု လျှောက်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတော်မူ၏။ ထို့နောက် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးသော် နေရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွား၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ မင်းခစားယောကျ်ားကို ရှင်ရဟန်း ပြုမပေးရ၊ ရှင်ရဟန်းပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု မိန့်တော်မူ၏။

## ၂၈-အင်္ဂုလိမာလခိုးသူ ဝတ္ထု

၉၁။ တရံရောအခါ အင်္ဂုလိမာလခိုးသူကြီးသည် ရဟန်းတို့အထံ၌ ရှင်ရဟန်းပြု၏။ လူတို့ တွေ့မြင်ကုန်လတ်သော် ထိတ်လည်း ထိတ်ကုန်၏၊ လန့်လည်း လန့်ကုန်၏၊ ပြေးလည်း ပြေးကုန်၏၊ ရှောင်ဖယ်၍လည်း သွားကုန်၏၊ မျက်နှာလွှဲ၍လည်း နေကုန်၏၊ တံခါးကိုလည်း ပိတ်ကုန်၏။ လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် တံခွန်စိုက် (ထင်ရှား) သော ခိုးသူကြီးကို ရှင်ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း၊ ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ တံခွန်စိုက် (ထင်ရှား) သော ခိုးသူကို ရှင်ရဟန်းပြုမပေးရ၊ ရှင်ရဟန်းပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

## ၂၉-နှောင်အိမ်ဖျက်ခိုးသူ ဝတ္ထု

၉၂။ တရံရောအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် "အကြင်သူတို့သည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အထံ၌ ရှင်ရဟန်းပြုကုန်၏၊ ထိုသူတို့အား တစုံတရာ (အပြစ်) ကိုမျှ ပြုခြင်းငှါ မရအပ်ပေ၊ တရားတော်ကို ကောင်းစွာ ဟောတော်မူအပ်၏၊ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာ ကျင့်စေကုန်သတည်း" ဟု ခွင့်ပြုထား၏။

ထိုစဉ်အခါ၌ ယောကျ်ားတယောက်သည် ခိုးမှုကို ပြုခြင်းကြောင့် နှောင်အိမ် 'အချုပ်ထောင်' ၌ ချုပ်နှောင်ခံရ၏၊ ထိုယောကျ်ားသည် နှောင်အိမ် 'အချုပ်ထောင်' ကို ဖျက်ဆီး၍ ထွက်ပြေးပြီးလျှင် ရဟန်းတို့အထံ၌ ရဟန်းပြု၏၊ လူတို့ တွေ့မြင်ကုန်လတ်သော် "ဤရဟန်းကား နှောင်အိမ်ကို ဖျက်ဆီးသော ခိုးသူတည်း၊ ငါတို့သည် ယခု ထိုရဟန်းကို ဖမ်းကြကုန်အံ့" ဟု ဆိုကုန်၏။

အချို့သူတို့က အမောင်တို့ ဤသို့ မဆိုကုန်လင့်၊ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် "အကြင်သူတို့သည် သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့၏ အထံ၌ ရှင်ရဟန်းပြုကုန်၏၊ ထိုသူတို့အား တစုံတရာ (အပြစ်) ကိုမျှပြုခြင်းငှါ မရအပ်ပေ၊ တရားတော်ကို ကောင်းစွာ ဟောတော်မူအပ်၏၊ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာ ကျင့်စေကုန်သတည်း ဟု ခွင့်ပြုထား၏" ဟူ၍ ဆိုကုန်၏။

http://www.dhammadownload.com



လူတို့သည် "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ဘေးမဲ့ဖြစ်နေကြကုန်၏၊ ဤသူတို့အား တစ်စုံတရ(အပြစ်)ကိုမျှ ပြုခြင်းငှါ မရအပ်ပေ၊ အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် နှောင်အိမ်ကို ဖျက်ဆီး၍ ထွက်ပြေးသော ခိုးသူကို ရဟန်းပြု ပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ နှောင်အိမ်ကို ဖျက်ဆီး၍ ထွက်ပြေးသော ခိုးသူကို ရှင်ရဟန်းပြုမပေးရ၊ ရှင်ရဟန်းပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

## ၃၀-ကြော်ငြာထားအပ်သောခိုးသူ ဝတ္ထု

၉၃။ တရံရောအခါ ယောကျ်ားတယောက်သည် ခိုးမှုကို ပြုပြီး၍ ထွက်ပြေးပြီးလျှင် ရဟန်းတို့၏ အထံ၌ ရဟန်းပြုလေ၏၊ ထိုခိုးသူကိုလည်း "တွေ့ရာအရပ်၌ သတ်စေ" ဟု မင်းကြီး၏ နန်းတော်တွင်း၌ ကြော်ငြာထား၏။ လူတို့ တွေ့မြင်ကုန်လတ်သော် "ဤရဟန်းကား ကြော်ငြာထားအပ်သော ခိုးသူတည်း၊ ငါတို့သည် ယခု ထိုရဟန်းကို သတ်ကုန်အံ့" ဟု ဆိုကုန်၏။

အချို့သူတို့က အမောင်တို့ ဤသို့ မဆိုကုန်လင့်၊ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရ မင်းကြီးသည် "အကြင်သူတို့သည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့၏ အထံ၌ ရှင်ရဟန်းပြုကုန်၏၊ ထိုသူတို့အား တစ်စုံတရ (အပြစ်)ကိုမျှ ပြုခြင်းငှါ မရအပ်ပေ၊ တရားတော်ကို ကောင်းစွာ ဟောတော်မူအပ်၏၊ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာ ကျင့်စေကုန်သတည်း" ဟု ခွင့်ပြုထား၏ ဟု ဆိုကုန်၏။

လူတို့သည် "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ဘေးမဲ့ဖြစ်နေကြကုန်၏။ ဤသူတို့အား တစ်စုံတရ (အပြစ်) ကိုမျှ ပြုခြင်းငှါ မရအပ်ပေ၊ အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ကြော်ငြာထားအပ်သော ခိုးသူကို ရှင်ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ကြော်ငြာထားအပ်သော ခိုးသူကို ရှင်ရဟန်းပြုမပေးရ၊ ရှင်ရဟန်းပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

## ၃၁-ကြိမ်ဒဏ်ခံရသူ ဝတ္ထု

၉၄။ တရံရောအခါ ကြိမ်ဒဏ် အပြစ်ပေးခံရသော ယောကျ်ားတယောက်သည် ရဟန်းတို့၏ အထံ၌ ရှင်ရဟန်းပြု၏။ လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ကြိမ်ဒဏ် အပြစ်ပေးခံရသော သူကို ရှင်ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ကြိမ်ဒဏ်အပြစ်ပေးခံရသော သူကို ရှင်ရဟန်းပြုမပေးရ၊ ရှင်ရဟန်းပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၃၂-သံပူကပ်၍ အမှတ်ပြုခံရသော ဝတ္ထု

၉၅။ တရံရောအခါ (သံပူကပ်၍) အမှတ်ပြုခြင်း အပြစ်ဒဏ် ခံရသော ယောကျ်ားတယောက်သည် ရဟန်းတို့၏ အထံ၌ ရှင်ရဟန်းပြု၏။ လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် (သံပူကပ်၍) အမှတ်ပြုခြင်း အပြစ်ဒဏ်ခံရသောသူကို ရှင်ရဟန်း ပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ (သံပူကပ်၍) အမှတ်ပြုခြင်း အပြစ်ဒဏ် ခံရသောသူကို ရှင်ရဟန်း ပြုမပေးရ၊ ရှင်ရဟန်းပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

## ၃၃-ကြွေးမြီတင်သူ ဝတ္ထု

၉၆။ တရံရောအခါ ကြွေးမြီတင်သော ယောကျ်ားတယောက်သည် ထွက်ပြေးပြီးလျှင် ရဟန်းတို့၏ အထံ၌ ရှင်ရဟန်းပြု၏။ ဥစ္စာရှင်တို့ တွေ့မြင်လတ်သော် "ဤရဟန်းသည်ကား ငါတို့၏ ကြွေးမြီတင်သော သူတည်း၊ ငါတိသည် ယခု ဤရဟန်းကို ဖမ်းကြကုန်အံ့" ဟု ဆိုကုန်၏။ အချို့သူတို့က အမောင်တို့ ဤသို့ မဆိုကုန်လင့်၊ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် "အကြင်သူတို့သည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့၏ အထံ၌ ရှင်ရဟန်းပြုကုန်၏၊ ထိုသူတို့အား တစုံတရာ (အပြစ်) ကိုမျှ ပြုခြင်းငှါ မရအပ်ပေ၊ တရားတော်ကို ကောင်းစွာ ဟောတော်မူအပ်၏၊ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာ ကျင့်စေကုန်သတည်း" ဟု ခွင့်ပြုထား၏ ဟု ဆိုကုန်၏။

လူတို့သည် "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ဘေးမဲ့ဖြစ်နေကြကုန်၏။ ဤသူတို့အား တစုံတရာ (အပြစ်) ကိုမျှ ပြုခြင်းငှါ မရအပ်ပေ၊ အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ကြွေးမြီတင်သော သူကို ရှင်ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ကြွေးမြီတင်သော သူကို ရှင်ရဟန်းပြု မပေးရ၊ ရှင်ရဟန်းပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

## ၃၄-ကျွန် ဝတ္ထု

၉၇။ တရံရောအခါ တယောက်သော ကျွန်သည် ထွက်ပြေးပြီးလျှင် ရဟန်းတို့၏ အထံ၌ ရဟန်းပြု၏။ အရှင်သခင်တို့ တွေ့မြင်လတ်သော် "ဤရဟန်းကား ငါတို့၏ ကျွန်တည်း၊ ငါတို့သည် ယခု ထိုရဟန်းကို ဖမ်းကုန်အံ့" ဟု ဆိုကုန်၏။ အချို့သူတို့က အမောင်တို့ ဤသို့ မဆိုကုန်လင့်၊ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် "အကြင်သူတို့သည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့၏ အထံ၌ ရှင်ရဟန်းပြုကုန်၏၊ ထိုသူတို့အား တစုံတရာ (အပြစ်) ကိုမျှ ပြုခြင်းငှါ မရအပ်ပေ၊ တရားတော်ကို ကောင်းစွာ ဟောတော်မူအပ်၏၊ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာ ကျင့်စေကုန်သတည်း" ဟု ခွင့်ပြုထား၏ ဟူ၍ ဆိုကုန်၏။

လူတို့သည် "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ဘေးမဲ့ ဖြစ်နေကြကုန်၏၊ ဤရဟန်းတို့အား တစုံတရာ (အပြစ်) ကိုမျှ ပြုခြင်းငှါ မရအပ်ပေ၊ အဘယ့်ကြောင့်

http://www.dhammadownload.com



ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ကျွန်ကို ရှင်ရဟန်းပြုပေးကုန်ဘိ သနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤ အကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ကျွန်ကို ရှင်ရဟန်းပြုမပေးရ၊ ကျွန်ကို ရှင်ရဟန်း ပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" ဟု (မိန့်တော်မူ၏)။

## ၃၅-ကမ္မာရဘဏ္ဍု ဝတ္ထု [၁]

၉၇။ တရံရောအခါ ကမ္မာရဘဏ္ဍုသည် အမိအဖတို့နှင့် ငြင်းခုံ၍ ကျောင်းအရံသို့ သွားပြီးလျှင် ရဟန်းတို့၏ အထံ၌ ရှင်ရဟန်းပြု၏။ ထိုအခါ ကမ္မာရဘဏ္ဍုကို ရှာဖွေသော ၎င်း၏ အမိ အဖတို့ သည် ကျောင်းအရံသို့ သွား၍ ရဟန်းတို့ကို "အသျှင်ဘုရားတို့ ဤသို့သဘောရှိသော သူငယ်ကို မြင်ပါကုန်၏လော" ဟု မေးကုန်၏။ ရဟန်းတို့သည် မသိသည်ဖြစ်၍ "ငါတို့မသိ" မမြင်သည်ဖြစ်၍ "ငါတို့မမြင်" ဟု ပြောဆိုကုန်၏။

ထိုအခါ ကမ္မာရဘဏ္ဍု၏ အမိ အဖတို့သည် ကမ္မာရဘဏ္ဍုကို ရှာဖွေသည်ရှိသော် ရဟန်းတို့၏ အထံ၌ ရဟန်းပြုသည်ကို တွေ့မြင်၍ "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်း တို့သည် အရှက်မရှိကုန်၊ သီလမရှိကုန်၊ မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ရှိကုန်၏၊ သိလျက်ပင် '(ငါတို့) မသိ'၊ မြင်လျက်ပင် '(ငါတို့) မမြင်' ဟု ပြောဆိုကုန်၏၊ ဤသူငယ်သည် ရဟန်းတို့၏ အထံ၌ ရဟန်းပြု၍ နေ၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ကမ္မာရဘဏ္ဍု၏ အမိ အဖတို့၏ စကားကို ကြားကြသည်သာ တည်း။ ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

"ရဟန်းတို့ ဆံပင်ရိတ်ရာ၌ သံဃာကို ပန်ကြားရန် ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

## ၃၆-ဥပါလိသူငယ် ဝတ္ထု

၉၉။ တရံရောအခါ ရာဇဂြိုဟ်ပြည်၌ (တဆယ့်ခုနစ်ယောက်အစုရှိသောကြောင့်) သတ္တရသဝဂ္ဂီ အမည်ရှိသော သူငယ်တို့သည် အပေါင်းအသင်း မိတ်ဆွေဖြစ်ကုန်၏၊ ထိုသူငယ်တို့တွင် ဥပါလိ အမည် ရှိသော သူငယ်သည် အကြီးအမှူးဖြစ်၏။ ထိုအခါ ဥပါလိသူငယ်၏ အမိ အဖတို့အား "ဥပါလိသည် ငါတို့ သေလွန်သော အခါ၌ အဘယ်သို့သော အကြောင်းဖြင့် ချမ်းသာစွာ အသက်ရှည်၍ မပင်ပန်းပဲ လည်း ရှိရာအံ့နည်း" ဟု အကြံဖြစ်လေ၏။

ထို့နောက် ဥပါလိ၏ အမိအဖတို့အား—

"ဥပါလိသည် စာရေးအတတ်ကို သင်သည်ရှိသော် ငါတို့ သေလွန်သောအခါ ချမ်းသာစွာ အသက်ရှည်ရာ၏၊ ပင်လည်း မပင်ပန်းရာ" ဟု အကြံဖြစ်ပြန်၏။

ထို့နောက် ဥပါလိ၏ အမိ အဖတို့အား—

"ဥပါလိသည် စာရေးအတတ်ကို သင်ငြားအံ့၊ လက်ချောင်းတို့သည် နာကျင်ကုန်လတ္တံ့၊ ဥပါလိ သည် ဂဏန်းအတတ်ကို သင်မူသာလျှင် ငါတို့ သေလွန်သောအခါ ချမ်းသာစွာ အသက်ရှည်ရာ၏၊ ပင်လည်း မပင်ပန်းရာ" ဟု အကြံဖြစ်ပြန်၏။

---

၁။ ကမ္မာရဘဏ္ဍု ဟူသည် ဦးစွန်းမျှ ချန်ထား၍ ဦးပြည်းသော ရွှေပန်းတိမ်သည်၏သားတည်း။ [အဋ္ဌကထာ၊ ဋီကာ]

http://www.dhammadownload.com



ထို့နောက် ဥပါလိ၏ အမိအဖတို့အား—

"ဥပါလိသည် ဂဏန်းအတတ်ကို သင်ငြားအံ့၊ ရင်ပတ်အောင့် (ဆင်းရဲ)ရာ၏၊ ဥပါလိသည် ရွှေ ငွေ ဆိုင်ရာ အတတ်ကို သင်မှသာလျှင် ငါတို့သေလွန်သောအခါ ချမ်းသာစွာ အသက်ရှည်ရာ၏၊ ပင်လည်း မပင်ပန်းရာ" ဟု အကြံဖြစ်ပြန်၏။

ထို့နောက် ဥပါလိ၏ အမိ အဖတို့အား—

"ဥပါလိသည် ရွှေ ငွေ ဆိုင်ရာ အတတ်ကို သင်သည်ရှိသော် မျက်စိ ကျိန်းစပ်ရာ၏၊ ဤသာကီဝင် မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ချမ်းသာသော သဘောရှိကုန်၏၊ ချမ်းသာသော အကျင့်ရှိကုန်၏၊ ကောင်းသော ဘောဇဉ်တို့ကို သုံးဆောင်ကုန်လျက် လေမိုးလုံသော အိပ်ရာ နေရာတို့၌သာလျှင် အိပ်ရကုန်၏၊ ဥပါလိသည် သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့၏အထံ၌ ရှင်ရဟန်းပြုမှသာလျှင် ငါတို့သေလွန်သောအခါ ချမ်းသာစွာ အသက်ရှည်နိုင်ရာ၏၊ ပင်လည်း မပင်ပန်းရာ" ဟု အကြံဖြစ်ပြန်၏။

ဥပါလိသူငယ်သည် အမိအဖတို့ ကြံစည်ပြောဆိုခြင်းကို ကြား၏။ ထိုအခါ ဥပါလိသူငယ်သည် အဖော်သူငယ်တို့ထံသို့ သွား၍ ထိုသူငယ်တို့ကို "အချင်းတို့ လာကုန်လော့၊ ငါတို့သည် သာကီဝင် မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့၏ အထံ၌ ရှင်ရဟန်းပြုကြကုန်အံ့" ဟု ဆို၏။

"အမောင် သင် ရှင်ရဟန်းပြုလျှင် အကျွန်ုပ်တို့သည်လည်း ရှင်ရဟန်းပြုပါကုန်အံ့" ဟု(ပြောဆိုကုန်၏)။ထို့နောက် ထိုသူငယ်တို့သည် အမိ အဖ အသီးအသီးထံသို့ ချဉ်းကပ်၍ "အကျွန်ုပ်ကို လူ့ဘောင်မှ ရဟန်းဘောင်၌ ရှင်ရဟန်းပြုခြင်းငှါ ခွင့်ပြုပါကုန်လော့" ဟု ပြောဆိုကုန်၏။

ထိုအခါ ထိုသူငယ်တို့၏ အမိ အဖတို့သည် "ဤသူငယ်အားလုံးတို့သည် တူမျှသော ဆန္ဒရှိကုန်၏၊ ကောင်းသော အလိုရှိကုန်၏" ဟု ခွင့်ပြုကုန်၏။ ထိုသူငယ်တို့သည် ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ရှင်ရဟန်းအဖြစ်ကို တောင်းကုန်၏။ ရဟန်းတို့သည် ထိုသူငယ်တို့ကို ရှင်လည်း ပြုပေးကုန်၏၊ ပဉ္စင်းလည်း ခံပေးကုန်၏။

ထိုသူငယ်တို့သည် ညဉ့်၏ မိုးသောက်ယံအခါ၌ စောစောထ၍ "ယာဂုကို ပေးကုန်လော့၊ ထမင်းကို ပေးကုန်လော့၊ ခဲဖွယ်ကို ပေးကုန်လော့" ဟု (ဆိုလျက်) ငိုကုန်၏။ ရဟန်းတို့သည် "ငါ့သျှင်တို့ မိုးလင်းရုံမျှ ငံ့လင့်ကုန်ဦးလော့၊ (မိုးလင်းသောအခါ) အကယ်၍ ယာဂုရှိပါမူ သောက်ရကုန်လတ္တံ့၊ အကယ်၍ ဆွမ်းရှိပါမူ စားရကုန်လတ္တံ့၊ အကယ်၍ ခဲဖွယ်ရှိပါမူ ခဲရကုန်လတ္တံ့၊ အကယ်၍ ယာဂု ထမင်း ခဲဖွယ်မရှိမူ ဆွမ်းခံ၍ စားရကုန်လတ္တံ့" ဟု ပြောဆိုကုန်၏။

ထိုရဟန်းငယ်တို့သည် ရဟန်းတို့က ဤသို့ ပြောဆိုပါကုန်သော်လည်း "ယာဂုကို ပေးကုန်လော့၊ ထမင်းကို ပေးကုန်လော့၊ ခဲဖွယ်ကို ပေးကုန်လော့" ဟု (ဆိုလျက်) ငိုကြွေးမြဲ ငိုကြွေးကြကုန်သည် သာလျှင်တည်း။ အိပ်ရာ နေရာတို့သည် ကျင်ကြီးလည်း လူးကုန်၏၊ ကျင်ငယ်လည်း လူးကုန်၏။ မြတ်စွာဘုရားသည် ညဉ့်၏ မိုးသောက်ယံအခါ၌ စောစောထတော်မူသော် သူငယ်တို့ ငိုကြွေးသံကို ကြားတော်မူ၍ အသျှင်အာနန္ဒာကို "အာနန္ဒာ ထိုသူငယ်တို့ ငိုသံသည် အဘယ့်ကြောင့်နည်း" ဟု မေးတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ပ။

"ရဟန်းတို့ ရဟန်းတို့သည် သိလျက် အသက်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ်ကို ပဉ္စင်းခံကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ (မင်္ဂဖိုလ်မှ) အချည်းနှီး ဖြစ်သော ထိုယောကျ်ားတို့သည် အဘယ့်ကြောင့် သိလျက် အသက်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ်ကို ပဉ္စင်းခံပေးကုန်ဘိသနည်း။ ရဟန်းတို့ အသက်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ်သည် အချမ်းအပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက် ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့တို့ကို သည်းမခံနိုင်၊ မကောင်းသဖြင့် ဆိုအပ် မကောင်းသဖြင့် ရောက်လာသော စကားတို့ကိုလည်း ကိုယ်၌ ဖြစ်ဆဲဖြစ်သော ပြင်းထန် ကြမ်းကြုတ် ခါးစပ် ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ် ဖြစ်သော သေလောက်သော ဆင်းရဲသောဝေဒနာတို့ကိုလည်း သည်းခံခြင်း သဘော မရှိသည်သာလျှင်တည်း။

ရဟန်းတို့ အသက် နှစ်ဆယ် ပြည့်ပြီးသော ပုဂ္ဂိုလ်သည်သာလျှင် အချမ်း အပူ ဆာလောင် မွတ်သိပ်ခြင်း မှက် ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့တို့ကို သည်းခံနိုင်၏။ မကောင်းသဖြင့် ဆိုအပ် မကောင်းသဖြင့် ရောက်လာသော စကားတို့ကိုလည်း ကိုယ်၌ ဖြစ်ဆဲ ဖြစ်သော ပြင်းထန် ကြမ်းကြုတ် ခါးစပ် ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲသော ဝေဒနာတို့ကိုလည်း သည်းခံနိုင်သော သဘောရှိ၏။

ရဟန်းတို့ ဤ (သင်တို့ ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်း ငှါလည်း ကြည်ညိုပြီးသော သူတို့အား တိုးရှံ ကြည်ညိုစေခြင်းငှါလည်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ သိလျက် နှင့် အသက်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ် ကို ပဉ္စင်းခံမပေးအပ်၊ အကြင်ရဟန်းသည် ပဉ္စင်းခံပေးငြားအံ့၊ ထိုရဟန်းကို ဝိနည်းသိက္ခာပုဒ်အား လျော်စွာ ဆုံးဖြတ်အပ်၏" ဟု မိန့်တော်မူ၏။

## ၃၇-ယဉ်းနာရောဂါ ဝတ္ထု

၁၀၀။ တရံရောအခါ တဦးသော အမျိုးသည် ယဉ်းအနာ 'အဟိဝါတကရောဂါ' ဖြင့် သေလေ၏၊ ထိုအမျိုး၌ သားအဖနှစ်ယောက်တို့သည်သာလျှင် ကြွင်းကျန်ကုန်၏၊ ထိုသူတို့သည် ရဟန်းတို့၏ အထံ၌ ရဟန်းပြု၍ အတူတကွ ဆွမ်းခံလှည့်လည်ကုန်၏။

ထိုအခါ အဖအား ဆွမ်းလှူသည်ရှိသော် သူငယ်သည် ပြေးလာ၍ "ဖခင် အကျွန်ုပ်အားလည်း ပေးပါလော့၊ ဖခင် အကျွန်ုပ်အားလည်း ပေးပါလော့" ဟု ဆို၏။ လူတို့သည် "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် မမြတ်သော အကျင့်ကို ကျင့်ကုန်၏၊ ဤသူငယ်သည်ကား ရဟန်းမိန်းမမှ မွေးဖွား၏"ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကိုကြားကြသည်သာတည်း။

ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ တဆယ့်ငါးနှစ် မပြည့်သေးသော သူငယ်ကို ရှင်မပြုအပ်၊ ရှင်ပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ၌ သဒ္ဓါတရားရှိ၍ ကြည်ညိုတတ်သော အသျှင်အာနန္ဒာ၏ အလုပ်အကျွေးအမျိုးသည် ယဉ်းအနာ 'အဟိဝါတကရောဂါ' ဖြင့် သေလေသော် သူငယ်နှစ်ယောက်တို့သာ ကြွင်းကျန်ကုန်၏၊ ထိုသူငယ်တို့သည် ရှေးအလေ့အကျက်အားဖြင့် ရဟန်းတို့ကို မြင်သောအခါ ပြေးလာသည်ရှိသော် ရဟန်းတို့သည် မောင်းမဲ 'ငေါက်ငန်း' ကုန်၏၊ ထိုသူငယ်တို့သည် ရဟန်းတို့က မောင်းမဲသည် ရှိသော် ငိုကြွေးကုန်၏။ ထိုအခါ အသျှင်အာနန္ဒာအား "မြတ်စွာဘုရားသည် 'တဆယ့်ငါးနှစ် မပြည့်သေးသော

http://www.dhammadownload.com



သူငယ်ကို ရှင်မပြုအပ်' ဟု ပညတ်တော်မူ၏၊ ဤသူငယ်တို့သည်လည်း တဆယ့်ငါးနှစ် မပြည့်သေးကုန်၊ အဘယ်သို့သော အကြောင်းဖြင့် ဤသူငယ်တို့သည် မပျက်စီးကုန်ရာပါအံ့နည်း" ဟု အကြံဖြစ်၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ အာနန္ဒာ ထိုသူငယ်တို့သည် ကျီးတို့ကို ချောက်လှန့်ခြင်းငှါ စွမ်းနိုင်ကုန်၏လော ဟု (မေးတော်မူ၏)။ မြတ်စွာဘုရား စွမ်းနိုင်ပါကုန်၏ ဟု (လျှောက်၏)။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ တဆယ့်ငါးနှစ် မပြည့်သေးသော်လည်း ကျီးတို့ကို ချောက်လှန့်ခြင်းငှါ စွမ်းနိုင်သော သူငယ်ကို ရှင်ပြုခြင်းငှါ ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

## ၃၇-ကဏ္ဍက ဝတ္ထု

၁၀၁။ တခါရောအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒအား ကဏ္ဍကနှင့် မဟက ဟူ၍ နှစ်ယောက်သော သာမဏေတို့သည် ရှိကုန်၏၊ ထိုနှစ်ယောက်သော သာမဏေတို့သည် အချင်းချင်း ဖျက်ဆီးကုန်၏။

ရဟန်းတို့သည် "အဘယ့်ကြောင့် သာမဏေတို့သည် ဤသို့ သဘောရှိသော မကျင့်အပ်သော အကျင့်ကို ကျင့်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ရဟန်းတပါးထည်း သာမဏေ နှစ်ယောက်တို့ကို မလုပ်ကျွေးစေရ၊ လုပ်ကျွေးစေသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" ဟု (မိန့်တော်မူ၏)။

## ၃၈-အရပ်ကျဉ်းမြောင်းခြင်း ဝတ္ထု

၁၀၂။ တရံရောအခါ မြတ်စွာဘုရားသည် မိုးလပတ်လုံး ဆောင်းလပတ်လုံး နွေလပတ်လုံး ထိုရာဇဂြိုဟ်ပြည်၌ပင်လျှင် နေတော်မူ၏။ လူတို့သည် "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား အရပ်မျက်နှာတို့သည် ကျဉ်းမြောင်းလေကုန်စွ၊ အမိုက်တိုက် ဖြစ်လေကုန်စွ၊ ဤရဟန်းတို့အား အရပ်မျက်နှာတို့သည် မဆန့်လေကုန်စွ" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြကုန်သောအခါ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ သွားချေလော့၊ သံကောက် 'သော့' ကို ယူ၍ ပရိဝုဏ်တိုင်းရှိ ရဟန်းတို့အား ငါ့သျှင်တို့ မြတ်စွာဘုရားသည် ဒက္ခိဏာဂိရိဇနပုဒ်သို့ ဒေသစာရီ လှည့်လည်တော်မူလို၏၊ လိုက်လိုသော အသျှင်သည် လိုက်စေသတည်း" ဟူ၍ ပြောချေ ဟု မိန့်တော်မူ၏။

"ကောင်းပါပြီ အသျှင်ဘုရား" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် သံကောက် 'သော့' ကို ယူ၍ ပရိဝုဏ်တိုင်းရှိ ရဟန်းတို့အား "ငါ့သျှင်တို့ မြတ်စွာဘုရားသည် ဒက္ခိဏာဂိရိဇနပုဒ်သို့ ဒေသစာရီ လှည့်လည်တော်မူလို၏၊ လိုက်လိုသော အသျှင်သည် လိုက်စေသတည်း" ဟု ပြောကြားလေ၏။

ရဟန်းတို့သည် "ငါ့သျှင် အာနန္ဒာ မြတ်စွာဘုရားသည် ဆယ်ဝါတို့ပတ်လုံး အမှီ 'နိဿရည်း' နှင့် နေခြင်းငှါ ဆယ်ဝါပြည့်သော ရဟန်းသည် နိဿရည်း ပေးခြင်းငှါ ပညတ်တော်မူ၏။ ငါတို့သည် ထိုဒက္ခိဏာဂိရိဇနပုဒ်သို့ လိုက်သည်ဖြစ်အံ့၊ နိဿရည်း ယူရလတ္တံ့၊ သို့ယူသော်လည်း ခေတ္တမျှသာ

http://www.dhammadownload.com



နေရလတ္တံ့၊ တဖန် ပြန်လာရသည်ရှိသော် နိဿရည်း ယူရပြန်လတ္တံ့။ အကယ်၍ အကျွန်ုပ်တို့၏ ဆရာဥပဇ္ဈာယ်တို့ လိုက်သည်ရှိသော် အကျွန်ုပ်တို့လည်း လိုက်ပါကုန်အံ့၊ အကယ်၍ အကျွန်ုပ်တို့၏ ဆရာဥပဇ္ဈာယ်တို့ မလိုက်သည်ရှိသော် အကျွန်ုပ်တို့လည်း မလိုက်ပါကုန်အံ့၊ ငါ့သျှင် အာနန္ဒာ အကျွန်ုပ်တို့အား စိတ်ပေါ့သော အဖြစ်သည်သာ ထင်ရှားပါလတ္တံ့” ဟု ဆိုကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် အရေအတွက်နည်းသောရဟန်းသံဃာနှင့်ပင် ဒက္ခိဏာဂိရိဇနပုဒ်သို့ ဒေသစာရီလှည့်လည်တော်မူ၏။

## ၄၀–နိဿရည်းလွှတ်ခြင်း

၁၀၃။ ထိုနောက် မြတ်စွာဘုရားသည် ဒက္ခိဏာဂိရိဇနပုဒ်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ တဖန်ပြန်ကြွလာ၏။ ထိုအခါမြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို “အာနန္ဒာ အဘယ်အကြောင်းကြောင့် မြတ်စွာဘုရားသည် အရေအတွက် နည်းသော ရဟန်းသံဃာနှင့် ဒက္ခိဏာဂိရိဇနပုဒ်သို့ ဒေသစာရီ လှည့်လည်ရသနည်း” ဟု မေးတော်မူ၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့သော အကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို “ရဟန်းတို့ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် ငါးဝါတိုင်ရုံ နိဿရည်း ယူ၍ နေခြင်းငှါ၊ စွမ်းရည်မရှိသော ရဟန်းသည်ကား အသက်ထက်ဆုံး နိဿရည်း ယူ၍ နေခြင်းငှါ ခွင့်ပြု၏” ဟု မိန့်တော်မူ၏။

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရ။ (ငါးပါးဟူသည်ကား) ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် မပြည့်စုံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် မပြည့်စုံ၊ ရဟန္တာ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် မပြည့်စုံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း ‘ဝိမုတ္တိ’ ဂုဏ်နှင့် မပြည့်စုံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် ‘ဝိမုတ္တိဉာဏဒဿန’ ဂုဏ်နှင့် မပြည့်စုံ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရ။ (၁)

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရမည်။ (ငါးပါးဟူသည်ကား) ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့်။ပ။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့်။ပ။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း ‘ဝိမုတ္တိ’ ဂုဏ်နှင့်။ပ။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် ‘ဝိမုတ္တိဉာဏဒဿန’ ဂုဏ်နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရမည်။ (၂)

ရဟန်းတို့ ထိုမှတပါး အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရ။ (ငါးပါးဟူသည်ကား) ယုံကြည်ခြင်း သဒ္ဓါတရားမရှိ၊ အရှက်မရှိ၊ ဒုစရိုက်မှ အကြောက်အလန့်မရှိ၊ ပျင်းရိ၏၊ သတိလွတ်ကင်း၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရ။ (၃)

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရမည်။ (ငါးပါးဟူသည်ကား) ယုံကြည်ခြင်း သဒ္ဓါတရားရှိ၏၊ အရှက်ရှိ၏၊ ဒုစရိုက်ကို ကြောက်လန့်၏၊ လုံ့လဝီရိယရှိ၏၊ သတိ တည်မြဲ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရမည်။ (၄)

http://www.dhammadownload.com



ရဟန်းတို့ ထိုမှတပါး အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရ။ (ငါးပါးဟူသည်ကား) လွန်မြတ်သော သီလပျက်၏၊ လွန်မြတ်သော အကျင့်ပျက်၏၊ လွန်မြတ်သော အယူပျက်၏၊ အကြားအမြင် နည်း၏၊ ပညာမရှိ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရ။ (၅)

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲနေရမည်။ (ငါးပါးဟူသည်ကား) လွန်မြတ်သော သီလပျက်စီးခြင်းမရှိ၊ လွန်မြတ်သော အကျင့်ပျက်စီးခြင်းမရှိ၊ လွန်မြတ်သော အယူပျက်စီးခြင်းမရှိ၊ အကြားအမြင်များ၏၊ ပညာရှိ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရမည်။ (၆)

ရဟန်းတို့ ထိုမှတပါး အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲမနေရ။ (ငါးပါးဟူသည်ကား) အာပတ်သင့်သည်ကို မသိ၊ အာပတ်မသင့်သည်ကို မသိ၊ ပေါ့သော အာပတ်ကိုမသိ၊ လေးသောအာပတ်ကိုမသိ၊ ထိုရဟန်းသည် ပါတိမောက်နှစ်ပါးတို့ကို အကျယ်မရ ကောင်းစွာ မဝေဖန်နိုင် ကောင်းစွာဖြစ်ခြင်းမရှိ 'ကျေကျေပွင့်ပွင့်မရ' သုတ် 'မာတိကာ' အားဖြင့် ဖြစ်စေ သဒ္ဒါပုဒ်မျည်း 'ဝိဘင်းအကျယ်' အားဖြင့်ဖြစ်စေ ကောင်းစွာ မဆုံးဖြတ်နိုင်။ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရ။ (၇)

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲနေရမည်။ (ငါးပါးဟူသည်ကား) အာပတ်သင့်သည်ကို သိ၏၊ အာပတ်မသင့်သည်ကို သိ၏၊ ပေါ့သောအာပတ်ကို သိ၏၊ လေးသောအာပတ်ကိုသိ၏၊ ထိုရဟန်းသည် ပါတိမောက်နှစ်ပါးတို့ကို အကျယ်အားဖြင့်ရ၏ ကောင်းစွာ ဝေဖန်နိုင်၏ ကောင်းစွာ ဖြစ်ခြင်းရှိ၏ 'ကျေကျေပွင့်ပွင့်ရ၏' သုတ် 'မာတိကာ' အားဖြင့်ဖြစ်စေ သဒ္ဒါပုဒ်မျည်း 'ဝိဘင်းအကျယ်' အားဖြင့်ဖြစ်စေ ကောင်းစွာ ဆုံးဖြတ်နိုင်၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရမည်။ (၈)

ရဟန်းတို့ ထိုမှတပါး အင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်းသည် အမှီမရှိပဲ မနေရ။ (ငါးပါးဟူသည်ကား) အာပတ်သင့်သည်ကို မသိ၊ အာပတ်မသင့်သည်ကို မသိ၊ ပေါ့သောအာပတ်ကိုမသိ၊ လေးသောအာပတ်ကို မသိ၊ ငါးဝါမပြည့်သေး။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရ။ (၉)

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရမည်။ (ငါးပါးဟူသည်ကား) အာပတ်သင့်သည်ကို သိ၏၊ အာပတ်မသင့်သည်ကို သိ၏၊ ပေါ့သောအာပတ်ကို သိ၏၊ လေးသောအာပတ်ကို သိ၏၊ ငါးဝါ ငါးဝါထက်အလွန်ရှိသည်လည်းဖြစ်၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရမည်။ (၁၀)

အင်္ဂါငါးပါးအပေါင်း၌ဆယ်ခုသောအခန်း ပြီး၏။

---

၁၀၄။ ရဟန်းတို့ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရ။ (ခြောက်ပါးဟူသည်ကား) ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် မပြည့်စုံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့်။ပ။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့်။ပ။ ရဟန္တာ

http://www.dhammadownload.com



**ပုဂ္ဂိုလ်တို့၏** ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ'ဂုဏ်နှင့်။ပ။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော **လွတ်**မြောက်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန'ဂုဏ်နှင့် မပြည့်စုံ၊ ငါးဝါမပြည့်သေး။ ရဟန်းတို့ **ဤ**အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲမနေရ။ (၁)

ရဟန်းတို့ အင်္ဂါခြောက်ပါးနှင့်ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရမည်။ (ခြောက်ပါးဟူသည်ကား) ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလ ဂုဏ်နှင့်ပြည့်စုံ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ဥစ္စာဖြစ်သော သမာဓိ ဂုဏ်နှင့်။ပ။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့်။ပ။ ရဟန္တာပုဂ္ဂိုလ်**တို့၏**ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း'ဝိမုတ္တိ'ဂုဏ်နှင့်။ပ။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင်'ဝိမုတ္တိဉာဏဒဿန'ဂုဏ်နှင့်ပြည့်စုံ၏၊ ငါးဝါ ငါးဝါထက် အလွန်ရှိသည်လည်း **ဖြစ်၏**။ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသောရဟန်းသည် အမှီမရှိပဲ နေရမည်။ (၂)

ရဟန်းတို့ ထို့မှတပါး အင်္ဂါခြောက်ပါးနှင့်ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရ။(ခြောက်ပါးဟူသည်ကား) ယုံကြည်ခြင်း သဒ္ဓါတရားမရှိ၊ အရှက်မရှိ၊ ဒုစရိုက်မှ အကြောက်အလန့်မရှိ၊ ပျင်းရိ၏၊ သတိကင်း၏၊ ငါးဝါမပြည့်သေး။ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့်ပြည့်စုံသော ရဟန်းသည် အမှီ**မရှိပဲ** မနေရ။ (၃)

ရဟန်းတို့ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရမည်။ (**ခြောက်ပါး**ဟူသည်ကား) ယုံကြည်ခြင်း သဒ္ဓါတရားရှိ၏၊ အရှက်ရှိ၏၊ ဒုစရိုက်ကို ကြောက်လန့်၏၊ လုံ့လဝီရိယ**ရှိ၏**၊ သတိဘည်မြဲ၏၊ ငါးဝါ ငါးဝါထက် အလွန်ရှိသည်လည်း ဖြစ်၏။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရမည်။ (၄)

ရဟန်းတို့ ထို့မှတပါး အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရ။ (ခြောက်ပါး ဟူသည်ကား) လွန်မြတ်သော သီလပျက်၏၊ လွန်မြတ်သော အကျင့်ပျက်၏၊ လွန်မြတ်သော အယူပျက်၏၊ အကြားအမြင် နည်း၏၊ ပညာမရှိ၊ ငါးဝါမပြည့်သေး။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရ။ (၅)

ရဟန်းတို့ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရမည်။ (ခြောက်ပါးဟူသည်ကား) လွန်မြတ်သော သီလပျက်စီးခြင်းမရှိ၊ လွန်မြတ်သော အကျင့်ပျက်စီးခြင်းမရှိ၊ လွန်မြတ်**သော** အယူပျက်စီးခြင်းမရှိ၊ အကြားအမြင်များ၏၊ ပညာရှိ၏၊ ငါးဝါ ငါးဝါထက် အလွန် ရှိသည်**လည်း** **ဖြစ်၏**။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရမည်။ (၆)

ရဟန်းတို့ ထို့မှတပါး အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရ။ (**ခြောက်ပါး** ဟူသည်ကား) အာပတ်သင့်သည်ကို မသိ၊ အာပတ်မသင့်သည်ကိုမသိ၊ ပေါ့သောအာပတ်ကို မသိ၊ လေးသောအာပတ်ကို မသိ၊ ထိုရဟန်းသည် ပါတိမောက် နှစ်ပါးတို့ကို အကျယ်မရကောင်းစွာ မဝေဖန်နိုင် ကောင်းစွာ ဖြစ်ခြင်းမရှိ 'ကျေကျေပြွန်ပြွန် မရ' သုတ် 'မာတိကာ' အားဖြင့် ဖြစ်စေ သဒ္ဒါ ပုဒ် ဗျည်း 'ဝိဘင်းအကျယ်' အားဖြင့် ဖြစ်စေ ကောင်းစွာ မဆုံးဖြတ်နိုင်၊ ငါးဝါမပြည့်သေး။ ရဟန်းတို့ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ မနေရ။ (၇)

ရဟန်းတို့ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲနေရမည်။ (ခြောက်ပါး**ဟူသည်ကား**) **အာပတ် သင့်သည်ကို သိ၏**၊ **အာပတ် မသင့်သည်ကို သိ၏**၊**ပေါ့သော အာပတ်ကို သိ၏**၊ **လေးသော အာပတ်ကို သိ၏**၊ **ထိုရဟန်းသည် ပါတိမောက် နှစ်ပါးတို့ကို အကျယ်ရ၏ ကောင်းစွာ**

http://www.dhammadownload.com



ဝေဖန်နိုင်၏ ကောင်းစွာ ဖြစ်ခြင်းရှိ၏ 'ကျေကျေပြွန်ပြွန်'ရ၏ သုတ် 'မာတိကာ' အားဖြင့် ဖြစ်စေ သဒ္ဒါပုဒ် ဗျည်း 'ဝိဘင်းအကျယ်' အားဖြင့် ဖြစ်စေ ကောင်းစွာ ဆုံးဖြတ်နိုင်၏၊ ငါးဝါ ငါးဝါထက် အလွန်ရှိသည်လည်း ဖြစ်၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အမှီမရှိပဲ နေရမည် ဟု (မိန့်တော်မူ၏)။ (၈)

အဋ္ဌမဘာဏဝါရမဲ့ဖြစ်နေခြင်းအခန်း ပြီး၏။

---

## ၄၁-ရာဟုလာ ဝတ္ထု

၁၀၅။ တရံရောအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် ကပိလဝတ်ပြည်သို့ အစဉ်အတိုင်း ဒေသစာရီကြွချီတော်မူလတ်သော် ထိုကပိလဝတ် ပြည်သို့ ရောက်တော်မူ၍ သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းကြီး၌ သီတင်းသုံးနေတော် မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် သုဒ္ဓေါဒနသာကီဝင်မင်းကြီး၏ နန်းတော်သို့ ချဉ်းကပ်ပြီးနောက် ခင်းထားအပ်သော နေရာ၌ ထိုင်နေ တော်မူ၏။

ထိုအခါ ရာဟုလာ၏ မယ်တော် (ယသောဓရာ) ဒေဝီသည် ရာဟုလာမင်းသားကို "ချစ်သား ရာဟုလာ ဤရဟန်းသည် သင်၏ အဖတည်း၊ သွားလော့ အမွေတောင်းချေလော့" ဟု ပြောဆို၏။ ထိုအခါ ရာဟုလာ မင်းသားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် "ရဟန်း သင်၏ အရိပ်သည် ချမ်းအေးလှစွာ၏" ဟု (ဆို၍) မြတ်စွာဘုရား၏ ရှေ့၌ ရပ်တည်၏။

မြတ်စွာဘုရားသည် နေရာမှထ၍ ဖဲ၍ ကြွသွားတော်မူသောအခါ ရာဟုလာမင်းသားသည် "ရဟန်း အကျွန်ုပ်အား အမွေပေးပါလော့၊ ရဟန်း အကျွန်ုပ်အား အမွေပေးပါလော့" ဟု (ဆိုလျက်) မြတ်စွာဘုရား၏ နောက်မှ နောက်မှ အစဉ်လိုက်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင် သာရိပုတြာကို "ချစ်သား သာရိပုတြာ သင်သည် ရာဟုလာ မင်းသားကို ရှင်ပြုပေးလေလော့" ဟု မိန့်တော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ရာဟုလာမင်းသားကို အဘယ်သို့ ရှင်ပြုပေးရပါအံ့နည်း ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့အား "ရဟန်းတို့ သရဏဂုံသုံးပါးတို့ဖြင့် ရှင်သာမဏေပြုခြင်းကို ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့ ရှင်သာမဏေ ပြုပေးရမည်၊ ရှေးဦးစွာဆံမုတ်ဆိတ်တို့ကို ပယ်စေ၍ ဖန်ရည် ဆိုးသော အဝတ်တို့ကို ဝတ်ရုံစေပြီးလျှင် လက်ဝဲတဖက် ပခုံးထက်၌ အပေါ်ရုံ 'ကေသီ' ကို စမွယ် တင်စေ၍ ရဟန်းတို့၏ ခြေတို့ကို ရှိခိုးစေကာ ဆောင့်ကြောင့် ထိုင်စေပြီးလျှင် လက်အုပ်ချီစေလျက် 'ဤသို့ ဆိုလော့' ဟု ပြောဆိုရမည်။

'မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ဆည်းကပ်ပါ၏၊ တရားတော်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊တရားတော်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏' ဟု (ဆိုလော့ ဟု ပြောဆိုရမည်)။

"ရဟန်းတို့ ဤသုံးပါးသော သရဏဂုံတို့ဖြင့် ရှင်သာမဏေပြုခြင်းကို ခွင့်ပြု၏" ဟု(မိန့်တော်မူ၏)။ ထိုအခါ အရှင်သာရိပုတြာသည် ရာဟုလာမင်းသားကို ရှင်ပြုပေးလေ၏။

ထိုအခါ သုဒ္ဓေါဒနသာကီဝင်မင်းကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် သုဒ္ဓေါဒနသာကီဝင်မင်းကြီးသည် မြတ်စွာဘုရားအား "အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားအား ဆုတခုကို တောင်းလိုပါ၏" ဟု လျှောက်၏။

ဂေါတမ အနွယ် ဖြစ်သော မင်းကြီး မြတ်စွာဘုရားတို့သည် ဆုပေးခြင်းမှ လွန်မြောက်ကုန်၏ ဟု (မိန့်တော်မူရာ)

အသျှင်ဘုရား တောင်းမည့်ဆုသည် အပ်လည်း အပ်ပါ၏၊အပြစ်လည်း မရှိပါ ဟု(လျှောက်၏)။ ဂေါတမအနွယ်ဖြစ်သော မင်းကြီး ဆိုလော့ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရား ရဟန်းပြုစဉ်က အကျွန်ုပ်အား အတိုင်းမသိသော ဆင်းရဲ 'ဒုက္ခ' ဖြစ်ရပါ၏၊ နန္ဒမင်းသား ရဟန်းပြုသည်ရှိသော် ထိုအတူပင် ဆင်းရဲ 'ဒုက္ခ' ဖြစ်ရပါ၏၊ ရာဟုလာ ရဟန်းပြုရာ၌ကား လွန်ကဲသော ဆင်းရဲ 'ဒုက္ခ' ဖြစ်ရပါ၏။ အသျှင်ဘုရား သား၌ ချစ်ခြင်းသည် အရေပါးကို ဖောက်ထွင်း၍ အရေထူကို၊ အရေထူမှ အသားကို၊ အသားမှ အကြောကို၊ အကြောမှ အရိုးကို ဖောက်ထွင်း၍ ရိုးတွင်းခြင်ဆီသို့ ထိအောင် တည်ပါ၏။ အသျှင်ကောင်းတို့သည် အမိအဖတို့ ခွင့်မပြုသော သားကို ရှင်ရဟန်းပြု မပေးပါရန် တောင်းပန်ပါသည် အသျှင်ဘုရား ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် သုဒ္ဓေါဒန သာကီဝင်မင်းကြီးအား တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်စေ ရွှင်လန်းစေတော်မူ၏။ ထိုအခါ သုဒ္ဓေါဒန သာကီဝင်မင်းကြီးသည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးသော် နေရာမှ ထလျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွားလေ၏။ ထို့နောက် မြတ်စွာဘုရားသည် ဤသို့သော အကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ အမိအဖတို့ ခွင့်မပြုသော သားကို ရှင်ရဟန်းပြုမပေးရ၊ ရှင်ရဟန်းပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် သာဝတ္ထိပြည်သို့ အစဉ်အတိုင်း ဒေသစာရီကြွချီတော်မူသည်ရှိသော် ထိုသာဝတ္ထိပြည်

http://www.dhammadownload.com



သိ ရောက်တော်မူ၍ ထိုသာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ အသျှင်သာရိပုတြာ၏ အလုပ်အကျွေးဒါယကာသည် "မထေရ်သည် ဤသူငယ်ကို ရှင်ပြုပေးတော်မူပါ"ဟု အသျှင်သာရိပုတြာထံသို့ သူငယ်ကို စေလွှတ်၏။ ထိုအခါအသျှင်သာရိပုတြာ အား "မြတ်စွာဘုရားသည် ရဟန်းတပါးတည်း သာမဏေ နှစ်ယောက်တို့ကို မလုပ်ကျွေးစေအပ် ဟု ပညတ်တော်မူ၏၊ ငါ့အားလည်း ဤရာဟုလာ သာမဏေသည်ရှိ၏၊ ငါသည် အဘယ်သို့ ကျင့်ရပါ အံ့နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။

"ရဟန်းတို့ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းတပါးသည် သာမဏေနှစ်ယောက်တို့ကို လုပ်ကျွေးစေရန်ငှါး အကြင်မျှလောက်သော သာမဏေတို့ကို သွန်သင် ဆုံးမ ခြင်းငှါ စွမ်းနိုင်၏၊ ထိုမျှလောက်သော သာမဏေတို့ကို လုပ်ကျွေးစေရန်ငှါး ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

## ၄၂-သိက္ခာပုဒ်

၁၀၆။ ထိုစဉ်အခါ သာမဏေတို့အား "ငါတို့၏ ကျင့်ဝတ်သိက္ခာပုဒ်တို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အဘယ် ကျင့်ဝတ် သိက္ခာပုဒ်တို့၌ ငါတို့ ကျင့်ရပါမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ သာမဏေတို့အား ဆယ်ပါး သော သိက္ခာပုဒ်တို့ကို ခွင့်ပြု၏၊ ထိုသိက္ခာပုဒ်တို့၌လည်း သာမဏေတို့ ကျင့်စိမ့်သောငှါ ခွင့်ပြု၏။

အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေ အရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်ခြင်း၊ သာသနာတော်၏ ငြောင့်တံကျင်သဖွယ်ဖြစ်သော ကခြင်း သီခြင်း တီးမှုတ်ခြင်း တို့ကို ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပန်းပန်ခြင်း နံ့သာလိမ်းခြင်း တန်ဆာဆင်ခြင်း နံ့သာပြောင်းတို့ဖြင့် အပြေအပြစ် ပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပမာဏထက် မြင့်သော အိပ်ရာနေရာ မြတ်သောအိပ်ရာ နေရာတို့၌ အိပ်ခြင်း နေခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရွှေငွေကို ခံယူခြင်းမှ ရှောင် ကြဉ်ခြင်းတို့တည်း။ ရဟန်းတို့ သာမဏေတို့အား ဤဆယ်ပါးသော သိက္ခာပုဒ်တို့ကို ခွင့်ပြု၏၊ ဤသိက္ခာပုဒ်တို့၌လည်း သာမဏေတို့ ကျင့်စိမ့်သောငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

## ၄၃-ဒဏ်ပေးခြင်း ဝတ္ထု

၁၀၇။ တရံရောအခါ သာမဏေတို့သည် ရဟန်းတို့၌ ရိုသေ ကျိုးနွံခြင်း မရှိပဲ သဘောကွဲလွဲ လျက် နေကုန်၏။ ရဟန်းတို့သည် "အဘယ့်ကြောင့် သာမဏေတို့သည် ရဟန်းတို့၌ ရိုသေ ကျိုးနွံ ခြင်းမရှိပဲ သဘောကွဲလွဲလျက် နေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြ ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော သာမဏေအား ဒဏ်ပေးခြင်းငှါ ခွင့်ပြု၏။

http://www.dhammadownload.com



ရဟန်းတို့အား လာဘ်မရစိမ့်သောငှါ အားထုတ်၏၊ ရဟန်းတို့အား အကျိုးမဲ့ ဖြစ်စိမ့်သောငှါ အားထုတ်၏၊ ရဟန်းတို့အား နေမြဲကျောင်း၌ မနေနိုင်စိမ့်သောငှါ အားထုတ်၏၊ ရဟန်းတို့ကို ဆဲရေးတိုင်းထွာ၏၊ ရဟန်းအချင်းချင်း ကွဲပြားစေ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သာမဏေအား ဒဏ်ပေးခြင်းအမှုကို ပြုခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့အား "အဘယ်သို့ ဒဏ်ပေးရပါအံ့နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ တားမြစ်ခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် သာမဏေတို့အား အလုံးစုံသော သံဃာ့အရံကို (မဝင်လင့် ဟု) တားမြစ်ပိတ်ပင်ကုန်၏၊ သာမဏေတို့သည် အရံအတွင်းသို့ ဝင်ခွင့် မရသောကြောင့် အရပ်တပါးသို့လည်း ဖဲသွားကုန်၏၊ လူလည်းထွက်ကုန်၏၊ တိတ္ထိဘောင်သို့လည်း ပြောင်းရွှေ့ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အလုံးစုံသော သံဃာ့အရံကို (မဝင်လင့် ဟု) မတားမြစ် မပိတ်ပင်အပ်၊ တားမြစ်ပိတ်ပင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ နေထိုင်ရာအရပ် ဝင်ထွက်ရာအရပ်တို့၌သာ[၁] တားမြစ် ပိတ်ပင်ခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

တခုံရောအခါ ရဟန်းတို့သည် သာမဏေတို့ စားသောက်မည့် အစာအာဟာရကို (မစားသောက်လင့် ဟု) တားမြစ်ကုန်၏။ လူတို့သည် ယာဂုသောက်ဖွယ်ကိုငှင်း သံဃာဘတ်ကိုငှင်း စီရင်ကုန်သည်ရှိသော် သာမဏေတို့ကို "အသျှင်တို့ လာကုန်လော့၊ ယာဂုသောက်ကုန်လော့၊ ဆွမ်းစားကုန်လော့" ဟု ဆိုသောအခါ သာမဏေတို့သည် "ဒါယကာတို့ ရဟန်းတို့က တားမြစ်ပိတ်ပင်ထားသောကြောင့် (စားသောက်ခွင့်) မရကြပါ" ဟု ဆိုကုန်၏။ လူတို့သည် အဘယ့်ကြောင့် အသျှင်ကောင်းတို့သည် သာမဏေတို့ စားသောက်မည့် အစာအာဟာရကို တားမြစ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ စားသောက်မည့် အစာအာဟာရကို တားမြစ်ခြင်းကို မပြုအပ်၊ (တားမြစ်ခြင်းကို) ပြုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

ဒဏ်ပေးခြင်းဝတ္ထု ပြီး၏။

---

## ၄၄-မပန်ကြားပဲ တားမြစ်ခြင်း ဝတ္ထု

၁၀၀။ တရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဥပဇ္ဈာယ်ဆရာတို့ကို မပန်ကြားပဲ သာမဏေတို့အား တားမြစ်ခြင်းကို ပြုကုန်၏။ ငါတို့၏ သာမဏေတို့သည် အဘယ်မှာနည်း[၂] မမြင်ပါတကား ဟု ဥပဇ္ဈာယ်ဆရာတို့သည် ရှာဖွေကုန်၏။ ရဟန်းတို့သည် "ငါ့သျှင်တို့ ဆဗ္ဗဂ္ဂီရဟန်းတို့သည် တားမြစ်ခြင်းကို ပြုပါကုန်၏" ဟု ဆိုကုန်၏။ ဥပဇ္ဈာယ်ဆရာတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ငါတို့ကို မပန်ကြားပဲ ငါတို့၏ သာမဏေတို့အား တားမြစ်ခြင်းကို ပြုကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊

---

၁။ နေထိုင်ရာအရပ်ဟူသည် သံဃိကဖြစ်စေ ပုဂ္ဂလိကဖြစ်စေ မိမိအမြဲနေထိုင်ရာကျောင်းကို ဆိုလို၏။ ဝင်ထွက်ရာအရပ်ဟူသည် ဆရာဥပဇ္ဈာယ်တို့၏ နေရာအရပ်ကို ဆိုလို၏။ (တေရသကဏ္ဍ-ဝိမတိ)

၂။ ကဿ နခေါ-ရှိသော မူကွဲပါဠိကို ကြည့်၍ပြန်သည်။

http://www.dhammadownload.com



အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ဥပဇ္ဈာယ်ဆရာတို့ကို မပန်ကြားပဲ တားမြစ်ခြင်းကို မပြုအပ်၊ ပြုသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

## ၄၅-ဖြားယောင်းသွေးဆောင်ခြင်း ဝတ္ထု

တရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မထေရ်ကြီးဖြစ်သော ရဟန်းတို့၏ သာမဏေတို့ကို ဖြား ယောင်း သွေးဆောင်ကုန်၏။ မထေရ်ကြီးတို့သည် ကိုယ်တိုင် ဒန်ပူ မျက်နှာသစ်ရေတို့ကို ယူရသည်ဖြစ်၍ ဆင်းရဲ ပင်ပန်းကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ တပါးသော သူ၏ ပရိသတ်ကို မဖြားယောင်း မသွေးဆောင်အပ်၊ ဖြားယောင်း သွေးဆောင်သော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

## ၄၆-ကဏ္ဍကသာမဏေ ဝတ္ထု

တရံရောအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ ကဏ္ဍကသာမဏေသည် ကဏ္ဍကီအမည် ရှိသော ဘိက္ခုနီမကို ဖျက်ဆီး၏။ ရဟန်းတို့သည် "အဘယ့်ကြောင့် သာမဏေသည် ဤသို့ သဘောရှိသော မပြုကျင့်အပ်သောအမှုကို ပြုကျင့်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အင်္ဂါဆယ်ပါးနှင့် ပြည့်စုံသော သာမဏေအား (အသင်္ဂကို) ဖျက်ခြင်းငှါ ခွင့်ပြု၏။ သူ့ အသက်ကို သတ်လေ့ရှိ၏၊ သူ့ ဥစ္စာကို ခိုးလေ့ရှိ၏၊ မမြတ်သော မေထုန်အကျင့်ကို ကျင့်လေ့ရှိ၏၊ မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ရှိ၏၊ သေ အရက်ကို သောက်လေ့ရှိ၏၊ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို ၏၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ မှားသော အယူ ရှိ၏၊ ဘိက္ခုနီမကို ဖျက်ဆီး၏။ ရဟန်းတို့ ဤအင်္ဂါဆယ်ပါးနှင့် ပြည့်စုံသော သာမဏေအား (အသင်္ဂ ကို) ဖျက်ခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

## ၄၇-ပဏ္ဍုက် ဝတ္ထု

၁၀၉။ တရံရောအခါ ပဏ္ဍုက်တယောက်သည် ရဟန်းတို့၏ အထံ၌ ရဟန်းပြု၏၊ ထိုပဏ္ဍုက်သည် ငယ်ရွယ်သော ရဟန်းတို့ထံသို့ ချဉ်းကပ်၍ "အသျှင်တို့ လာကုန်လော့၊ အကျွန်ုပ်ကို ဖျက်ဆီးကုန် လော့" ဟု ဆို၏။ ရဟန်းတို့သည် "ဟယ် ပဏ္ဍုက် ပျောက်လေလော့၊ ဟယ် ပဏ္ဍုက် ကင်းပျောက် လေလော့၊ သင်နှင့် (အတူနေသဖြင့်) အဘယ်အကျိုးရှိအံ့နည်း" ဟု မောင်းမဲကုန်၏။

ထိုပဏ္ဍုက်သည် ရဟန်းတို့က မောင်းမဲအပ်သည်ရှိသော် ဝဖြိုးကုန်သော သာမဏေကြီးတို့ထံ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင်တို့ လာကုန်လော့၊ အကျွန်ုပ်ကို ဖျက်ဆီးကုန်လော့ " ဟု ဆို၏။ သာမဏေ တို့သည် "ဟယ် ပဏ္ဍုက် ပျောက်လေလော့၊ ဟယ် ပဏ္ဍုက် ကင်းပျောက်လေလော့၊ သင်နှင့် (အတူ နေသဖြင့်) အဘယ်အကျိုးရှိအံ့နည်း" ဟု မောင်းမဲကုန်၏။

ထိုပဏ္ဍုက်သည် သာမဏေတို့က မောင်းမဲအပ်သည်ရှိသော် ဆင်ထိန်း မြင်းထိန်းတို့ ထံသို့ ချဉ်းကပ်ပြီးလျှင် "အမောင်တို့ လာကုန်လော့၊ အကျွန်ုပ်ကို ဖျက်ဆီးကုန်လော့" ဟု ဆို၏။ ဆင်ထိန်း

http://www.dhammadownload.com



မြင်းထိန်းတို့သည် ဖျက်ဆီးကြကုန်ပြီးလျှင် "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်ကုန်သော ဤရဟန်းတို့သည် ပဏ္ဍုက်တို့တည်း၊ ဤရဟန်းတို့တွင် အကြင် ရဟန်းတို့သည် ပဏ္ဍုက်မဟုတ်ကုန်၊ ထိုရဟန်းတို့သည်လည်း ဤပဏ္ဍုက်တို့ကို ဖျက်ဆီးကုန်၏၊ ဤသို့လျှင် ဤရဟန်း အားလုံးတို့ပင် မမြတ်သော အကျင့်ကို ကျင့်ကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ထိုဆင်ထိန်း မြင်းထိန်းတို့၏ ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော စကားကို ကြားကြသည်သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ပဏ္ဍုက်သည် ပဉ္စင်းမဖြစ်၊ ပဉ္စင်းခံမပေးအပ်၊ ပဉ္စင်းခံ ပေးမိသည် ရှိသော် (အသင်္ဂကို) ဖျက်ရမည်" ဟု (မိန့်တော်မူ၏)။　(၁)

## ၄၇–ခိုး၍ပေါင်းသင်းသူ ဝတ္ထု

၁၁၀။ တရံရောအခါ ဆွေကြီး မျိုးကြီးမှ တိမ်ကောလာသော အမျိုးကောင်းသားတယောက်သည် နူးညံ့သိမ်မွေ့ နုနယ်သူဖြစ်၍ "ငါသည်ကား နုနယ်သူ ဖြစ်၏၊ မရသေးသော စည်းစိမ်ဥစ္စာကို ရစိမ့်သောငှါလည်း ရပြီးသော စည်းစိမ်ဥစ္စာကိုလည်း တိုးပွါးအောင် ပြုခြင်းငှါလည်း မစွမ်းနိုင်၊ ငါသည် အဘယ်နည်းဖြင့် မပင်ပန်းပဲ ချမ်းသာစွာ အသက်မွေးရပါအံ့နည်း" ဟု အကြံဖြစ်၏။

ထို့နောက် "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ဤရဟန်းတို့သည် ကောင်းသော အလေ့အကျင့် ရှိကုန်၏၊ မွန်မြတ်သော ဘောဇဉ်တို့ကို စားသောက်၍ လေမတိုက်သော အိပ်ရာ နေရာတို့၌ အိပ်ရကုန်၏၊ ငါသည် ကိုယ်တိုင် သပိတ် သင်္ကန်းကို စီမံ၍ ဆံမုတ်ဆိတ်တို့ကို ပယ်လျက် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ရုံပြီးလျှင် အရံသို့ သွား၍ ရဟန်းတို့နှင့် အတူ ပေါင်းသင်းနေထိုင်ရမူ ကောင်းလေစွ" ဟု အကြံဖြစ်ပြန်၏။

ထို့နောက် ထိုသူသည် ကိုယ်တိုင် သပိတ်သင်္ကန်းကို စီမံ၍ ဆံ မုတ်ဆိတ်တို့ကို ပယ်လျက် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ရုံပြီးလျှင် အရံသို့ သွား၍ ရဟန်းတို့ကို ရှိခိုး၏။ ရဟန်းတို့က "ငါ့သျှင် သင်သည် အဘယ်မျှ ဝါရပြီနည်း" ဟု မေးကြကုန်၏။

ငါ့သျှင်တို့ ဤအဘယ်မျှ ဝါရပြီနည်း ဆိုသည်ကား အဘယ်ကို ဆိုလိုပါသနည်း ဟု (ပြန်၍ မေး၏)။

ငါ့သျှင် သင်၏ ဥပဇ္ဈာယ်ဆရာကား အဘယ်သူနည်း ဟု (မေးကြပြန်၏)။

ငါ့သျှင်တို့ ဤဥပဇ္ဈာယ်ဆရာ ဆိုသည်ကား အဘယ်ကို ဆိုလိုပါသနည်း ဟု (ပြန်၍ မေး၏)။

ရဟန်းတို့သည် အသျှင်ဥပါလိကို "ငါ့သျှင် ဥပါလိ တိုက်တွန်းပါ၏၊ ဤရဟန်းကို မေးစိစစ်လော့" ဟု ပြောဆိုကုန်၏။ ထိုအခါ ဆွေကြီး မျိုးကြီးမှ တိမ်ကောလာသော ထိုအမျိုးကောင်းသားသည် အသျှင်ဥပါလိက မေးစိစစ်အပ်သည်ရှိသော် ဤအကြောင်းကို ပြောကြား၏။ အသျှင်ဥပါလိသည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

"ရဟန်းတို့ ပေါင်းသင်းမှုကို ခိုးသောသူသည် ပဉ္စင်းမဖြစ်၊ ပဉ္စင်းခံမပေးအပ်၊ ပဉ္စင်းခံ ပေးမိသည် ရှိသော် (အသင်္ဂကို) ဖျက်ရမည်" ဟု (မိန့်တော်မူ၏)။ "ရဟန်းတို့ တိတ္ထိဘောင်သို့ ပြောင်းရွှေ့ သွားသော သူသည် ပဉ္စင်းမဖြစ်၊ ပဉ္စင်းခံ မပေးအပ်၊ ပဉ္စင်းခံ ပေးမိသည်ရှိသော် (အသင်္ဂကို) ဖျက်ရမည်" ဟု (မိန့်တော်မူ၏)။　(၂–၃)

http://www.dhammadownload.com



## ၆၉-တိရစ္ဆာန် ဝတ္ထု

၁၁၁။ တရံရောအခါ နဂါးတကောင်သည် နဂါးဘဝကို ရွံမုန်းရှက်နိုး စက်ဆုပ်သဖြင့် “ငါသည် အဘယ်နည်းဖြင့် နဂါးဘဝမှ လွတ်ရပါအံ့နည်း၊ လျင်စွာလူ့ အဖြစ်ကို ရပါအံ့နည်း” ဟု အကြံ ဖြစ်၏။

ထို့နောက် ထိုနဂါးအား “ဤသာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် တရားကိုကျင့်လေ့ရှိကုန်၏၊ ကောင်းသောအကျင့်ကို ကျင့်လေ့ရှိကုန်၏၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်၏၊ မှန်သောစကားကို ဆိုလေ့ရှိကုန်၏၊ သီလရှိကုန်၏၊ ကောင်းသော သဘောရှိကုန်၏၊ အကယ်၍ ငါသည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့ထံ၌ ရဟန်းပြုငြားအံ့၊ ဤသို့ ရဟန်းပြုသည်ရှိသော် ငါသည် နဂါးဘဝမှ လွတ်ရာ၏၊ လျင်စွာ လူ့ အဖြစ်ကိုလည်း ရရာ၏” ဟု အကြံဖြစ်ပြန်၏။

ထိုအခါ ထိုနဂါးသည် လုလင်၏ အသွင်ဖြင့် ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ရဟန်းအဖြစ်ကို တောင်း၏၊ ထိုနဂါးကို ရဟန်းတို့သည် ရှင်ရဟန်း ပြုပေးကုန်၏။ ထိုအခါ ထိုနဂါးသည် တပါးသော ရဟန်းနှင့်အတူ အစွန်ဖြစ်သော ကျောင်း၌ နေ၏။ ထိုအခါ ထို (တပါးသော) ရဟန်းသည် မိုး သောက်အခါ၌ စောစောထ၍ ဟင်းလင်းပြင် ‘လွင်တီးခေါင်’ ၌ စင်္ကြံသွား၏။ ထိုအခါ နဂါးသည် ရဟန်းထွက်သွားသောအခါ သတိလွတ်ကင်း အိပ်ပျော်ခြင်းသို့ ရောက်၏၊ တကျောင်းလုံးသည် မြွေ ဖြင့်ပြည့်၏၊ လေသွန်တံခါးတို့မှ အခွေတို့သည် ထွက်ကုန်၏။

ထိုအခါ ထိုရဟန်းသည် “ကျောင်းသို့ ဝင်အံ့” ဟု တံခါးရွက်ကို တွန်းလိုက်သည်ရှိသော် ကျောင်းတခုလုံး မြွေဖြင့်ပြည့်လျက် လေသွန်တံခါးတို့မှ အခွေတို့ ထွက်နေသည်ကို မြင်သောကြောင့် ကြောက်ရွံ့သည်ဖြစ်၍ အော်ဟစ်သော အသံကိုပြုလေ၏။ ရဟန်းတို့သည် ပြေးလာကြပြီးလျှင် ထိုရဟန်းကို “ငါ့ရှင် သင်သည် အဘယ့်ကြောင့် အော်ဟစ်သောအသံကို ပြုသနည်း” ဟု မေးကုန်၏။ ငါ့ရှင်တို့ တကျောင်းလုံးသည် မြွေဖြင့်ပြည့်၏၊ လေသွန်တံခါးတို့မှ အခွေတို့သည် ထွက်နေကုန်၏ ဟု (ပြောဆို၏)။

ထိုအခါ နဂါးသည် ထိုပြောဆိုသော အသံဖြင့် နိုး၍ မိမိနေရာ၌ ထိုင်နေ၏။ ရဟန်းတို့သည် “ငါ့ရှင် သင်သည် အဘယ်သူနည်း” ဟု မေးကုန်၏။ “အသျှင်တို့ အကျွန်ုပ်ကား နဂါးတည်း” ဟု ပြောဆိုသည်ရှိသော် ငါ့ရှင် သင်ကား အဘယ့်ကြောင့် ဤသို့သဘောရှိသော အမှုကို ပြုသနည်း ဟု (မေးကုန်၏)။ ထိုအခါ နဂါးသည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤသို့သော အကြောင်းအရာကြောင့် ရဟန်း အပေါင်းကို စည်းဝေး စေ၍ ထိုနဂါးကို “သင်နဂါးတို့သည် ဤသာသနာ၌ မကြီးပွါးသော သဘောရှိကုန်၏၊ နဂါး သင်သည် သွားလေလော့၊ ထိုနဂါးပြည်၌သာလျှင် တဆယ့်လေးရက် ဥပုသ်နေ့၌ငင်း တဆယ့်ငါးရက် ဥပုသ်နေ့၌ ငင်း လဆုတ်ရှစ်ရက် လဆန်းရှစ်ရက် ဥပုသ်နေ့၌ငင်း ဥပုသ်ကို သုံးလေလော့၊ နဂါး သင်သည် ဤသို့ ဥပုသ်ကို သုံးသည်ရှိသော် နဂါးမျိုးမှလည်း လွတ်လတ္တံ့၊ လျင်စွာ လူ့ အဖြစ်ကိုလည်း ရလတ္တံ့” ဟု မိန့်တော်မူ၏။ ထိုအခါ ထိုနဂါးသည် “ငါသည် ဤသာသနာ၌ မကြီးပွါးသော သဘောရှိသတတ်” ဟု စိတ်ဆင်းရဲခြင်း စိတ်မချမ်းသာခြင်း ရှိသည်ဖြစ်၍ မျက်ရည်တို့ကို ယိုစီးစေလျက် ငိုကြွေး၍ ဖဲ၍သွား လေ၏။

**ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ နဂါး၏ ပင်ကိုယ်သဘော ထင်ရှား ဖြစ်ပေါ်လာရန် အကြောင်းတို့ကား ဇာတ်တူနဂါးမ၌ မေထုန်မှီဝဲခြင်း၊ သတိလွတ်ကင်း အိပ်ပျော်ခြင်းသို့ ရောက်ခြင်း နှစ်ပါးတို့ ပင်တည်း။**

ရဟန်းတို့ တိရစ္ဆာန်သည် ပဥ္စင်းမဖြစ်၊ ပဥ္စင်းခံ မပေးအပ်၊ ပဥ္စင်းခံပေးမိသည်ရှိသော် (အသျှင်ကို) **ဖျက်ရမည်**" ဟု (မိန့်တော်မူ၏)။ (၄)

## ၅၀-အမိကိုသတ်သူ ဝတ္ထု

၁၁၂။ တရံရောအခါ လုလင်တယောက်သည် အမိကို သတ်မိသဖြင့် ထိုမကောင်းမှုကံကို ရှုံမုန်းရှက်နိုး စက်ဆုပ်ရကား "ငါသည် အဘယ်နည်းဖြင့် ဤမကောင်းမှုကံမှ ထွက်မြောက်ခြင်းကို ပြုရပါအံ့နည်း" ဟု အကြံဖြစ်၏။

ထိုနောက် ထိုလုလင်အား "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် တရားကို ကျင့်လေ့ရှိကုန်၏၊ ကောင်းသောအကျင့်ကို ကျင့်လေ့ရှိကုန်၏၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်၏၊ မှန်သော စကားကို ဆိုလေ့ ရှိကုန်၏၊ သီလရှိကုန်၏၊ ကောင်းသော သဘောရှိကုန်၏၊ အကယ်၍ ငါသည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့ထံ၌ ရဟန်းပြုငြားအံ့၊ ဤသို့ ရဟန်းပြုသည်ရှိသော် ငါသည် ဤမကောင်းမှုကံမှ ထွက်မြောက်ခြင်းကို ပြုနိုင်ရာ၏" ဟု အကြံဖြစ်ပြန်၏။

ထိုအခါ ထိုလုလင်သည် ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ရဟန်းအဖြစ်ကို တောင်း၏။ ရဟန်းတို့သည် အသျှင် ဥပါလိမထေရ်ကို "ငါ့သျှင် ဥပါလိ ရှေးအခါ၌လည်း နဂါးသည် လုလင်အသွင် ဖန်ဆင်းပြီးလျှင် ရဟန်းတို့၏ အထံ၌ ရဟန်းပြုခဲ့ဘူး၏၊ ငါ့သျှင် ဥပါလိ တိုက်တွန်းပါ၏၊ ဤလုလင်ကို မေးစိစစ်ပါဦးလော့" ဟု ပြောဆိုကုန်၏။ ထိုအခါ ထိုလုလင်သည် အသျှင်ဥပါလိ မထေရ်က မေးစိစစ်အပ်သည်ရှိသော် ဤအကြောင်းကို ပြောကြား၏။ အသျှင်ဥပါလိသည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အမိကို သတ်သောသူသည် ပဥ္စင်းမဖြစ်၊ ပဥ္စင်း ခံမပေးအပ်၊ ပဥ္စင်းခံပေး မိသည်ရှိသော် (အသျှင်ကို) **ဖျက်ရမည်**" ဟု (မိန့်တော်မူ၏)။ (၅)

## ၅၁-အဖကိုသတ်သူ ဝတ္ထု

၁၁၃။ တရံရောအခါ လုလင်တယောက်သည် အဖကိုသတ်မိသဖြင့် ထိုမကောင်းမှုကံကို ရှုံမုန်းရှက်နိုး စက်ဆုပ်ရကား "ငါသည် အဘယ်နည်းဖြင့် ဤမကောင်းမှုကံမှ ထွက်မြောက်ခြင်းကို ပြုရပါအံ့နည်း" ဟု အကြံဖြစ်၏။

ထိုနောက် ထိုလုလင်အား "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် တရားကို ကျင့်လေ့ရှိကုန်၏၊ ကောင်းသော အကျင့်ကို ကျင့်လေ့ရှိကုန်၏၊ မြတ်သော အကျင့်ကို ကျင့်လေ့ရှိကုန်၏၊ မှန်သော စကားကို ဆိုလေ့ရှိကုန်၏၊ သီလရှိကုန်၏၊ ကောင်းသော သဘောရှိကုန်၏၊ အကယ်၍ ငါသည် သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့ထံ၌ ရဟန်းပြုငြားအံ့၊ ဤသို့ ရဟန်းပြုသည်ရှိသော် ငါသည် ဤမကောင်းမှုကံမှ ထွက်မြောက်ခြင်းကို ပြုနိုင်ရာ၏" ဟု အကြံဖြစ်ပြန်၏။

http://www.dhammadownload.com



ထိုအခါ ထိုလုလင်သည် ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ရဟန်းအဖြစ်ကို တောင်း၏။ ရဟန်းတို့သည် အသျှင်ဥပါလိ မထေရ်ကို "ငါ့သျှင် ဥပါလိ ရှေးအခါ၌လည်း နဂါးသည် လုလင်အသွင် ဖန်ဆင်းပြီးလျှင် ရဟန်းတို့၏ အထံ၌ ရဟန်း ပြုခဲ့ဘူး၏၊ ငါ့သျှင် ဥပါလိ တိုက်တွန်းပါ၏၊ ဤလုလင်ကို မေးစိစစ်ပါဦးလော့" ဟု ပြောဆိုကုန်၏။

ထိုအခါ ထိုလုလင်သည် အသျှင်ဥပါလိ မထေရ်က မေးစိစစ်အပ်သည်ရှိသော် ဤအကြောင်းကို ပြောကြား၏။ အသျှင်ဥပါလိသည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အဖကိုသတ်သော သူသည် ပဉ္စင်းမဖြစ်၊ ပဉ္စင်းခံ မပေးအပ်၊ ပဉ္စင်းခံ ပေးမိသည်ရှိသော် (အသွင်ကို) ဖျက်ရမည်" ဟု (မိန့်တော်မူ၏)။ (၆)

## ၅၂-ရဟန္တာသတ်သူ ဝတ္ထု

၁၁၄။ တရံရောအခါ များစွာသော ရဟန်းတို့သည် သာကေတမြို့မှ သာဝတ္ထိပြည်သို့ ခရီးရှည် သွားကုန်၏။ လမ်းခရီ အကြား၌ ခိုးသူတို့သည် ထွက်၍ အချို့သော ရဟန်းတို့ကို လုယက်ကုန်၏၊ အချို့သော ရဟန်းတို့ကို သတ်ကုန်၏။ သာဝတ္ထိပြည်မှ မင်းခစား ယောကျ်ားတို့သည် ထွက်၍ အချို့သော ခိုးသူတို့ကို ဖမ်းယူကုန်၏၊ အချို့သော ခိုးသူတို့သည် ထွက်ပြေးကုန်၏။ ထွက်ပြေးသော ခိုးသူတို့သည် ရဟန်းတို့ထံ၌ ရဟန်းပြုကုန်၏။ ဖမ်းမိသော ခိုးသူတို့ကို သတ်ခြင်းငှါ ဆောင်ယူကုန်၏။ ထွက်ပြေး၍ ရဟန်းပြုနေသော ထိုခိုးသူတို့သည် သတ်အံ့သောငှါ ဆောင်ယူလာသော ထိုခိုးသူတို့ကို တွေ့မြင်၍ "ငါတို့၏ ထွက်ပြေးခဲ့ခြင်းသည် ကောင်း၏၊ အကယ်၍ ငါတို့ကိုလည်း ဖမ်းမိပါကုန်မူ ငါတို့ကိုလည်း ဤအတူသာလျှင် သတ်ကုန်ရာ၏" ဟု ပြောဆိုကြကုန်၏။

ရဟန်းတို့သည် "ငါ့သျှင်တို့ သင်တို့သည် အဘယ်အမှုကို ပြုကုန်သနည်း" ဟု မေးကုန်၏။ ထိုအခါ ထိုခိုးသူရဟန်းတို့သည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြားကုန်၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ထိုအသတ်ခံရသော ရဟန်းတို့ကား ရဟန္တာတို့ချည်းတည်း၊ ရဟန်းတို့ ရဟန္တာကို သတ်သောသူသည် ပဉ္စင်းမဖြစ်၊ ပဉ္စင်းခံမပေးအပ်၊ ပဉ္စင်းခံပေးမိသည်ရှိသော် (အသွင်ကို) ဖျက်ရမည်" ဟု (မိန့်တော်မူ၏)။ (၇)

## ၅၃-ဘိက္ခုနီမကို ဖျက်ဆီးသူ ဝတ္ထု

၁၁၅။ တရံရောအခါ များစွာသော ဘိက္ခုနီမတို့သည် သာကေတမြို့မှ သာဝတ္ထိပြည်သို့ ခရီးရှည် သွားကုန်၏။ လမ်းခရီးအကြား၌ ခိုးသူတို့သည် ထွက်၍ အချို့သော ဘိက္ခုနီမတို့ကို လုယက်ကုန်၏၊ အချို့သော ဘိက္ခုနီမတို့ကို ဖျက်ဆီးကုန်၏။ သာဝတ္ထိပြည်မှ မင်းခစားယောကျ်ားတို့သည် ထွက်၍ အချို့သော ခိုးသူတို့ကို ဖမ်းယူကုန်၏၊ အချို့သော ခိုးသူတို့သည် ထွက်ပြေးကုန်၏။ ထွက်ပြေးသော ခိုးသူတို့သည် ရဟန်းတို့ထံ၌ ရဟန်းပြုကုန်၏။ ဖမ်းမိသော ခိုးသူတို့ကို သတ်ခြင်းငှါ ဆောင်ယူကုန်၏။ ထွက်ပြေး၍ ရဟန်းပြုနေသော ထိုခိုးသူတို့သည် သတ်အံ့သောငှါ ဆောင်ယူလာသော ထိုခိုးသူတို့ကို တွေ့မြင်၍ "ငါတို့၏ ထွက်ပြေးခြင်းသည်ကောင်း၏၊ အကယ်၍ ငါတို့ကိုလည်း ဖမ်းမိပါကုန်မူ ငါတို့ကိုလည်း ဤအတူသာလျှင် သတ်ကုန်ရာ၏" ဟု ပြောဆိုကြကုန်၏။

ရဟန်းတို့သည် "ငါ့သျှင်တို့ သင်တို့သည် အဘယ်အမှုကို ပြုကုန်သနည်း" ဟု မေးကုန်၏။ ထိုအခါ ထိုခိုးသူရဟန်းတို့သည် ရဟန်းတို့အား ဤအကြောင်းကို ပြောဆိုကုန်၏။ ရဟန်းတို့သည်

http://www.dhammadownload.com



မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ဘိက္ခုနီမကို ဖျက်ဆီးသောသူသည် ပဥ္စင်း မဖြစ်၊ ပဥ္စင်းခံမပေးအပ်၊ ပဥ္စင်းခံပေးမိသည်ရှိသော် (အသွင်ကို) ဖျက်ရမည်" ဟု (မိန့်တော်မူ၏)။

"ရဟန်းတို့ သံဃာကို သင်းခွဲသော သူသည် ပဥ္စင်းမဖြစ်၊ ပဥ္စင်းခံမပေးအပ်၊ ပဥ္စင်းခံပေးမိသည်ရှိသော် (အသွင်ကို) ဖျက်ရမည်" ဟု (မိန့်တော်မူ၏)။

"ရဟန်းတို့ ဘုရားကို သွေးစိမ်းတည်အောင် ပြုသောသူသည် ပဥ္စင်းမဖြစ်၊ ပဥ္စင်းခံမပေးအပ်၊ ပဥ္စင်းခံပေးမိသည်ရှိသော် (အသွင်ကို) ဖျက်ရမည်" ဟု (မိန့်တော်မူ၏)။ (၈-၉-၁၀)

## ၅၄-ဥဘတောဗျည်း ဝတ္ထု

၁၁၆။ တရံရောအခါ ဥဘတောဗျည်းတယောက်သည် ရဟန်းတို့၏ အထံ၌ ရဟန်းပြု၏၊ ထို ဥဘတောဗျည်းသည် ပြုလည်း ပြု၏၊ ပြုစေလည်း ပြုစေ၏[၁]။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ဥဘတောဗျည်းသည် ပဥ္စင်းမဖြစ်၊ ပဥ္စင်းခံမပေးအပ်၊ ပဥ္စင်းခံပေးမိသည်ရှိသော် (အသွင်ကို) ဖျက်ရမည်" ဟု (မိန့်တော်မူ၏)။ (၁၁)

## ၅၅-ဥပဇ္ဈာယ်မရှိသူ စသည်ဝတ္ထု

၁၁၇။ တရံရောအခါ ရဟန်းတို့သည် ဥပဇ္ဈာယ်မရှိသူကို ပဥ္စင်းခံပေးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ဥပဇ္ဈာယ်မရှိသူကို ပဥ္စင်းခံမပေးအပ်၊ ပဥ္စင်းခံပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။ (၁၂)

တရံရောအခါ ရဟန်းတို့သည် သံဃာဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံပေးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ သံဃာဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံမပေးအပ်၊ ပဥ္စင်းခံပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။ (၁၃)

တရံရောအခါ ရဟန်းတို့သည် ဂိုဏ်းဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံပေးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ဂိုဏ်းဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံမပေးအပ်၊ ပဥ္စင်းခံပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။ (၁၄)

တရံရောအခါ ရဟန်းတို့သည် ပဏ္ဍုက်ဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံပေးကုန်၏။ပ။ ထေယျသံဝါသက ဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံပေးကုန်၏။ပ။ တိတ္ထိယပက္ကန္တက ဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံ ပေးကုန်၏။ပ။ တိရစ္ဆာနဂတ ဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံပေးကုန်၏။ပ။ မာတုဃာတက ဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံပေးကုန်၏။ပ။ ပိတုဃာတက ဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံပေးကုန်၏။ပ။ အရဟန္တဃာတက ဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံပေးကုန်၏။ပ။ ဘိက္ခုနီဒူသက ဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံ ပေးကုန်၏။ပ။ သံဃဘေဒက ဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံပေးကုန်၏။ပ။ လောဟိတုပ္ပါဒက ဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံ ပေးကုန်၏။ပ။ ဥဘတောဗျည်း ဥပဇ္ဈာယ်ဖြင့် ပဥ္စင်းခံ ပေးကုန်၏။ပ။

---

၁။ ပြုဟူသည် မိမိ ယောက်ျားအင်္ဂါဇာတ်ဖြင့် မိန်းမတို့၌ မေထုန်မှီဝဲခြင်းတည်း။ ပြုစေဟူသည် မိမိ မိန်းမအင်္ဂါဇာတ်၌ ယောက်ျားတို့ကို မေထုန်မှီဝဲစေခြင်းတည်း။

http://www.dhammadownload.com



မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ “ရဟန်းတို့ ပဏ္ဍုက် ဥပဇ္ဈာယ်ဖြင့် ပဉ္စင်းခံမပေးအပ်။ပ။ ရဟန်းတို့ ထေယျသံဝါသက ဥပဇ္ဈာယ်ဖြင့် ပဉ္စင်းခံ မပေးအပ်။ပ။ ရဟန်းတို့ တိတ္ထိယ ပက္ကန္တက ဥပဇ္ဈာယ်ဖြင့် ပဉ္စင်းခံ မပေးအပ်။ပ။ ရဟန်းတို့ တိရစ္ဆာနဂတ ဥပဇ္ဈာယ်ဖြင့် ပဉ္စင်းခံမပေးအပ်။ပ။ ရဟန်းတို့ မာတုဃာတက ဥပဇ္ဈာယ်ဖြင့် ပဉ္စင်းခံမပေးအပ်။ပ။ ရဟန်းတို့ ပိတုဃာတက ဥပဇ္ဈာယ်ဖြင့် ပဉ္စင်းခံ မပေးအပ်။ပ။ ရဟန်းတို့ အရဟန္တဃာတက ဥပဇ္ဈာယ်ဖြင့် ပဉ္စင်းခံ မပေးအပ်။ပ။ ရဟန်းတို့ ဘိက္ခုနီဒူသက ဥပဇ္ဈာယ်ဖြင့် ပဉ္စင်းခံ မပေးအပ်။ပ။ ရဟန်းတို့ သံဃဘေဒက ဥပဇ္ဈာယ်ဖြင့် ပဉ္စင်းခံ မပေးအပ်။ပ။ ရဟန်းတို့ လောဟိတုပ္ပါဒက ဥပဇ္ဈာယ်ဖြင့် ပဉ္စင်းခံ မပေးအပ်။ပ။ ရဟန်းတို့ ဥဘတောဗျည်း ဥပဇ္ဈာယ်ဖြင့် ပဉ္စင်းခံ မပေးအပ်၊ ပဉ္စင်းခံပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏” ဟု (မိန့်တော်မူ၏)။ (၁၅)

## ၅၆-သပိတ်မရှိသူ စသည်ဝတ္ထု

၁၁၈။ တရံရောအခါ ရဟန်းတို့သည် သပိတ်မရှိသူကို ပဉ္စင်းခံပေးကုန်၏၊ (သပိတ်မရှိသော ရဟန်းတို့သည်) လက်တို့ဖြင့် ဆွမ်းခံ လှည့်လည်ကြသောကြောင့် “တိတ္ထိတို့ကဲ့သို့တကား” ဟု လူတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ “ရဟန်းတို့ သပိတ်မရှိသူကို ပဉ္စင်းခံ မပေးအပ်၊ ပဉ္စင်းခံပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏” ဟု (မိန့်တော်မူ၏)။ (၁၆)

တရံရောအခါ ရဟန်းတို့သည် သင်္ကန်းမရှိသော သူကို ပဉ္စင်းခံပေးကုန်၏၊ (ရဟန်းတို့သည်) “တိတ္ထိတို့ကဲ့သို့ အဝတ်မဆီး အချည်းနှီး ဆွမ်းခံ လှည့်လည်ကုန်၏” ဟု လူတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ “ရဟန်းတို့ သင်္ကန်းမရှိသူကို ပဉ္စင်းခံ မပေးအပ်၊ ပဉ္စင်းခံပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏” ဟု (မိန့်တော်မူ၏)။ (၁၇)

တရံရောအခါ ရဟန်းတို့သည် သပိတ် သင်္ကန်း မရှိသူကို ပဉ္စင်းခံ ပေးကုန်၏၊ (ရဟန်းတို့သည်) “တိတ္ထိတို့ကဲ့သို့ အဝတ်မဆီး အချည်းနှီးလက်တို့ဖြင့် ဆွမ်းခံ လှည့်လည်ကုန်၏” ဟု လူတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ “ရဟန်းတို့ သပိတ် သင်္ကန်း မရှိသူကို ပဉ္စင်းခံ မပေးအပ်၊ ပဉ္စင်းခံပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏” ဟု (မိန့်တော်မူ၏)။ (၁၈)

တရံရောအခါ ရဟန်းတို့သည် ငှါးရမ်းသော သပိတ်ဖြင့် ပဉ္စင်းခံပေးကုန်၏၊ ပဉ္စင်းခံပြီးသောအခါ သပိတ်ကို ပြန်၍ ယူကုန်၏၊ (ရဟန်းတို့သည်) “တိတ္ထိတို့ကဲ့သို့ လက်တို့ဖြင့် ဆွမ်းခံလှည့်လည်ကုန်၏” ဟု လူတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ “ရဟန်းတို့ ငှါးရမ်းသော သပိတ်ဖြင့် ပဉ္စင်းခံ မပေးအပ်၊ ပဉ္စင်းခံ ပေးသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏” ဟု (မိန့်တော်မူ၏)။ (၁၉)

တရံရောအခါ ရဟန်းတို့သည် ငှါးရမ်းသော သင်္ကန်းဖြင့် ပဉ္စင်းခံပေးကုန်၏၊ ပဉ္စင်းခံပြီးသော အခါ သင်္ကန်းကို ပြန်၍ ယူကုန်၏၊ (ရဟန်းတို့သည်) “တိတ္ထိတို့ကဲ့သို့ အဝတ်မဆီး အချည်းနှီး ဆွမ်းခံ လှည့်လည်ကုန်၏” ဟု လူတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရား အား ဤအကြောင်းကို လျှောက်ကြကုန်၏။ “ရဟန်းတို့ ငှါးရမ်းသော သင်္ကန်းဖြင့် ပဉ္စင်းခံ မပေးအပ်၊ ပဉ္စင်းခံပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏” ဟု (မိန့်တော်မူ၏)။ (၂၀)

http://www.dhammadownload.com



တရံရောအခါ ရဟန်းတို့သည် ငှါးရမ်းသော သပိတ် သင်္ကန်းဖြင့် ပဉ္စင်းခံပေးကုန်၏၊ ပဉ္စင်းခံပြီးသောအခါ သပိတ် သင်္ကန်းကို ပြန်၍ ယူကုန်၏၊ (ရဟန်းတို့သည်) "တိတ္ထိတို့ကဲ့သို့ အဝတ်မဆီးအချည်းနှီး လက်တို့ဖြင့် ဆွမ်းခံ လှည့်လည်ကုန်၏" ဟု လူတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ငှါးရမ်းသော သပိတ် သင်္ကန်းဖြင့် ပဉ္စင်းခံ မပေးအပ်၊ ပဉ္စင်းခံပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" ဟု (မိန့်တော်မူ၏)။ (၂၁)

ရဟန်းခံမပေးထိုက်သောနှစ်ဆယ့်တခုသောအခဏ်း ပြီး၏။

---

## ၅၇-ရှင်ရဟန်းမပြုထိုက်သူသုံးကျိပ်နှစ်ယောက်ကိုပြဆိုရာ

၁၁၉။ တရံရောအခါ ရဟန်းတို့သည် လက်ပြတ်သောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ခြေပြတ်သောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ လက်ခြေပြတ်သောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ နားပြတ်သောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ နှာခေါင်းပြတ်သောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ နား နှာခေါင်းပြတ်သောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ ခြေချောင်း လက်ချောင်းပြတ်သောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ ခြေမ လက်မ ပြတ်သောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ အကြောမပြတ်သောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ ခြေချောင်း လက်ချောင်း ပူးနေသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ ကုန်းသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ ပုက္ကသောသူကို ရှင်ရဟန်း ပြုပေးကုန်၏။ပ။ လည်ပင်းကြီးနာ ရှိသောသူကို ရှင်ရဟန်း ပြုပေးကုန်၏။ပ။ သံပူကပ်၍ တံဆိပ်ခတ်ထားသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ ကြိမ်ဒဏ်ပေးခံရသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ တွေ့ရာအရပ်၌သတ် ဟူ၍ ကြော်ငြာထားသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ ခြေထိုင်းသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ အနာဆိုးရှိသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ (အသွင်ချို့တဲ့သဖြင့်) ပရိသတ်ကို ဖျက်ဆီးသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ မျက်စိတဖက် ကန်းသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ လက်ခြေကောက်သောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ ခွင်သောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ ဖက်သက်ပန်းနာစွဲ 'ကိုယ်တခြမ်းသေ' သောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ (အသွား) ဆွံ့သောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ အိုမင်းမစွမ်းသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ မျက်စိနှစ်ဖက် ကန်းသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ (စကားဆွံ့) အသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ နားပင်းသောသူကို ရှင်ရဟန်း ပြုပေးကုန်၏။ပ။ ကန်းလည်းကန်း အလည်း အသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ ကန်းလည်းကန်း နားလည်း ပင်းသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ အလည်းအ နားလည်း ပင်းသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ပ။ ကန်းလည်းကန်း အလည်းအ နားလည်းပင်းသောသူကို ရှင်ရဟန်းပြုပေးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

"ရဟန်းတို့ လက်ပြတ်သောသူကို ရှင်ရဟန်း ပြုမပေးအပ်။ပ။ ရဟန်းတို့ ခြေပြတ်သောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ လက်ခြေပြတ်သောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ နားပြတ်သော သူကို ရှင်ရဟန်း ပြုမပေးအပ်။ပ။ ရဟန်းတို့ နှာခေါင်းပြတ်သော သူကို ရှင်ရဟန်း ပြုမပေးအပ်။ပ။ ရဟန်းတို့ နား နှာခေါင်း ပြတ်သောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ ခြေချောင်း လက်ချောင်းပြတ်သောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ ခြေမ လက်မ

http://www.dhammadownload.com



ပြတ်သောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ အကြောမ ပြတ်သောသူကို ရှင်ရဟန်းပြုမပေး အပ်။ပ။ ရဟန်းတို့ ခြေချောင်း လက်ချောင်း ပူးနေသောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ ကုန်းသောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ ပုက္ကသောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ လည်ပင်းကြီးနာရှိသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ သံပူကပ်၍ တံဆိပ်ခတ်ထား သောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ ကြိမ်ဒဏ်ပေးခံရသောသူကို ရှင်ရဟန်းပြုမပေး အပ်။ပ။ ရဟန်းတို့ တွေ့ရာအရပ်၌ သတ် ဟူ၍ ကြော်ငြာထားသောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ ခြေထိုင်းသောသူကို ရှင်ရဟန်း ပြုမပေးအပ်။ပ။ ရဟန်းတို့ အနာဆိုးရှိသောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ ပရိသတ်ကို ဖျက်ဆီးသောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ မျက်စိတဖက်ကန်းသောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ လက်ခြေကောက် သောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ ခွင်သောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ ဖက်သကပ်နာစွဲ 'ကိုယ်တခြမ်းသေ'သောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ ဆွံ့သော သူကို ရှင်ရဟန်းပြု မပေးအပ်။ပ။ ရဟန်းတို့ အိုမင်းမစွမ်းသောသူကို ရှင်ရဟန်းပြု မပေးအပ်။ပ။ ရဟန်းတို့ မျက်စိနှစ်ဖက် ကန်းသော သူကို ရှင်ရဟန်းပြု မပေးအပ်။ပ။ ရဟန်းတို့ (စကားဆွံ့) အသောသူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ နားပင်းသူကို ရှင်ရဟန်းပြု မပေးအပ်။ပ။ ရဟန်းတို့ ကန်းလည်းကန်း အလည်းအသော သူကို ရှင်ရဟန်း ပြုမပေးအပ်။ပ။ ရဟန်းတို့ ကန်းလည်းကန်း နားလည်းပင်းသော သူကို ရှင်ရဟန်းပြုမပေးအပ်။ပ။ ရဟန်းတို့ အလည်းအ နားလည်းပင်းသော သူကို ရှင်ရဟန်းပြု မပေးအပ်။ပ။ ရဟန်းတို့ ကန်းလည်းကန်း အလည်းအ နားလည်းပင်းသော သူကို ရှင်ရဟန်းပြု မပေးအပ်၊ ရှင်ရဟန်းပြုပေးသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

ရှင်ရဟန်းမပြုထိုက်သူသုံးကျိပ်နှစ်ယောက်ကိုပြဆိုရာအခန်း ပြီး၏။

နဝမ ဒါယဇ္ဇအခဏ်း ပြီး၏။

---

## ၅၈-အလဇ္ဇီနိဿယဝတ္ထုများ

၁၂၀။ တရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အလဇ္ဇီရဟန်းတို့အား နိဿရည်း ပေးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အလဇ္ဇီရဟန်းတို့အား နိဿ ရည်း မပေးအပ်၊ ပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတို့သည် အလဇ္ဇီရဟန်းတို့ကို အမှီ 'နိဿရည်း' ပြု၍ နေကုန်၏၊ ထိုရဟန်း တို့သည်လည်း မကြာမြင့်မီပင်လျှင် ဆိုးဝါး ယုတ်ညံ့သော အလဇ္ဇီရဟန်းတို့ ဖြစ်ကုန်၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အလဇ္ဇီရဟန်းတို့ကို အမှီ 'နိဿရည်း' ပြု၍ မနေအပ်၊ နေသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတို့အား"မြတ်စွာဘုရားသည် 'အလဇ္ဇီရဟန်းတို့အား နိဿရည်း မပေးအပ်၊ အလဇ္ဇီရဟန်းတို့ကို အမှီ 'နိဿရည်း' ပြု၍ မနေအပ်' ဟု ပညတ်တော်မူ၏၊ ငါတို့သည် လဇ္ဇီနှင့် အလဇ္ဇီ ကို မည်သို့ ခွဲခြား သိနိုင်ကုန်ရာပါအံ့နည်း" ဟု အကြံဖြစ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ရဟန်းကောင်းတို့နှင့် သဘောတူသည့်အဖြစ်ကို သိအောင်ပြုအံ့ ဟု လေးရက် ငါးရက် ဆိုင်းငံ့ခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၅၉-ခရီးသွားရဟန်းစသည့် နိဿယဝတ္ထုများ

၁၂၁။ တခံရောအခါ ရဟန်းတပါးသည် ကောသလတိုင်း ဇနပုဒ်တို့၌ ခရီးရှည်သွား၏။ ထိုအခါ ထိုရဟန်းအား "မြတ်စွာဘုရားသည် 'နိဿရည်းမယူပဲ မနေအပ်' ဟု ပညတ်တော်မူ၏၊ ငါသည်လည်း နိဿရည်းယူဖွယ် ကိစ္စရှိသေးလျက် ခရီးရှည် သွားရ၏၊ ငါသည် အဘယ်သို့ ကျင့်ရပါအံ့နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြ၏။ "ရဟန်းတို့ နိဿရည်းမယူရသေးသော ခရီးရှည်သွားသော ရဟန်းသည် နိဿရည်းမယူပဲ နေခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

တခံရောအခါ ရဟန်း နှစ်ပါးတို့သည် ကောသလတိုင်း ဇနပုဒ်တို့၌ ခရီးရှည် သွားကြသည်ရှိသော် တခုသောကျောင်းသို့ ရောက်ကုန်၏။ ထိုနှစ်ပါးတို့တွင် ရဟန်းတပါးသည် နာဖျား၏။ ထိုအခါ နာဖျားသော ရဟန်းအား "မြတ်စွာဘုရားသည် 'နိဿရည်း မယူပဲ မနေအပ်' ဟု ပညတ်တော်မူ၏၊ ငါသည်လည်း နိဿရည်း ယူဖွယ် ရှိသေးလျက် နာဖျားနေ၏၊ ငါသည် အဘယ်သို့ ကျင့်ရပါအံ့နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ နိဿရည်း မယူရသေးသော နာဖျားသော ရဟန်းသည် နိဿရည်း မယူပဲ နေခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။ ထိုအခါ ထိုဂိလာနရဟန်း၏ သူနာပြုရဟန်းအား "မြတ်စွာဘုရားသည် 'နိဿရည်း မယူပဲ မနေအပ်' ဟု ပညတ်တော်မူ၏၊ ငါသည်လည်း နိဿရည်း ယူဖွယ်ရှိသေး၏၊ ဤရဟန်းသည်လည်း နာဖျား၏၊ ငါသည် အဘယ်သို့ ကျင့်ရပါအံ့နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်း ကို လျှောက်ကြကုန်၏။ "ရဟန်းတို့ နိဿရည်း မယူရသေးသော သူနာပြုရဟန်းသည် ပြုစုရမည်၊ (ဂိလာနရဟန်းက) တောင်းပန်လျှင် နိဿရည်း မယူပဲ နေခြင်းငှါခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

တခံရောအခါ ရဟန်းတပါးသည် တော၌နေ၏၊ ထိုရဟန်းအားလည်း ထိုကျောင်း၌ ချမ်းသာ၏၊ ထိုအခါ ထိုရဟန်းအား "မြတ်စွာဘုရားသည် 'နိဿရည်း မယူပဲ မနေအပ်' ဟု ပညတ်တော်မူ၏၊ ငါသည်လည်း နိဿရည်း ယူဖွယ်ရှိသေးလျက် တော၌ နေခဲ့၏၊ ငါ့အား ဤကျောင်း၌ ချမ်းသာခြင်းလည်း ဖြစ်၏၊ ငါသည် အဘယ်သို့ ကျင့်ရပါအံ့နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ နိဿရည်း မရယူသေးသော တော၌ နေသော ရဟန်းသည် ချမ်းသာစွာ နေခြင်းကို အမှတ်ပြု၍ 'သင့်လျော်သည့် နိဿရည်း ပေးမည့် ဆရာလာသောအခါ နိဿရည်းယူ၍ နေအံ့' ဟု (နှလုံးပိုက်ကာ) နိဿရည်းမယူပဲ နေခြင်းငှါ ခွင့်ပြု၏" ဟု(မိန့်တော်မူ၏။)

## ၆၀-အန္တယ်ဖြင့် ကမ္ဗဝါဖတ်ရန် ခွင့်ပြုခြင်း

၁၂၂။ တခံရောအခါ အသျှင်မဟာကဿပအား ပဉ္စင်းလောင်းဖြစ်ပေါ်၏။ ထိုအခါ အသျှင်မဟာကဿပသည် အသျှင်အာနန္ဒာ၏ အထံသို့ "အာနန္ဒာ လာခဲ့လော့၊ ဤပဉ္စင်းလောင်းကို ကမ္မဝါစာ ရွတ်ဖတ်လော့" ဟု တမန်စေလွှတ်၏။ အသျှင်အာနန္ဒာသည် "အကျွန်ုပ်သည် မထေရ်၏ အမည်ကို ယူခြင်းငှါ မဝံ့ပါ၊ မထေရ်သည် အကျွန်ုပ်၏ အလေးပြုအပ်သော ဆရာပါတည်း" ဟု ပြောဆို၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အန္တယ်အားဖြင့်လည်း ကမ္မဝါစာကို ရွတ်ဖတ်ခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၆၁-ပဉ္စင်းလောင်းနှစ်ပါး စသည်ဝတ္ထု

၁၂၃။ တရံရောအခါ အသျှင်မဟာကဿပအား နှစ်ပါးသော ပဉ္စင်းလောင်းတို့ ဖြစ်ပေါ်ကုန်၏၊ ထိုနှစ်ပါးသော ပဉ္စင်းလောင်းတို့သည် "ငါသည် ရှေဦးစွာ ပဉ္စင်းခံအံ့၊ ငါသည် ရှေဦးစွာ ပဉ္စင်းခံအံ့" ဟု ငြင်းခုံကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ နှစ်ပါးသော ပဉ္စင်းလောင်းတို့ကို တပြိုင်နက် ကမ္မဝါစာ ရွတ်ဖတ်ခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုစဉ်အခါ များစွာသော မထေရ်တို့အား ပဉ္စင်းလောင်းတို့သည် ဖြစ်ပေါ်ကုန်၏။ ထိုပဉ္စင်းလောင်းတို့သည် "ငါသည် ရှေဦးစွာ ပဉ္စင်းခံအံ့၊ ငါသည် ရှေဦးစွာ ပဉ္စင်းခံအံ့" ဟု ငြင်းခုံကုန်၏။ မထေရ်တို့သည် "ငါ့သျှင်တို့ ယခု ငါတို့သည် အလုံးစုံသော သင်တို့ကို တပြိုင်နက် ကမ္မဝါစာ ရွတ်ဖတ်ကုန်အံ့" ဟု ပြောဆိုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ နှစ်ပါးသုံးပါးသော ပဉ္စင်းလောင်းတို့ကို တပြိုင်နက် ကမ္မဝါစာ ရွတ်ဖတ်ခြင်းငှါ ခွင့်ပြု၏၊ ထိုသို့ရွတ်ဖတ်ခြင်းကိုလည်း ဥပဇ္ဈာယ်တပါးဖြင့်သာ ပြုခြင်းငှါ ခွင့်ပြု၏၊ ဥပဇ္ဈာယ်အသီးသီးဖြင့်ခွင့်မပြု" ဟု (မိန့်တော်မူ၏)။

## ၆၂-ပဋိသန္ဓေရက်နှင့်တကွ အသက်နှစ်ဆယ်ရှိသူကို ပဉ္စင်းခံခွင့်ပြုခြင်း

၁၂၄။ တရံရောအခါ အသျှင်ကုမာရကဿပသည် ပဋိသန္ဓေရက်နှင့်တကွ အသက်နှစ်ဆယ်ရှိသည်ဖြစ်၍ ပဉ္စင်းခံ၏။ ထိုအခါ အသျှင်ကုမာရကဿပအား "မြတ်စွာဘုရားသည် 'အသက်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ်ကို ပဉ္စင်း မခံအပ်' ဟု ပညတ်တော်မူ၏၊ ပဉ္စင်းခံပြီးသော ငါသည်ကား ပဋိသန္ဓေရက်နှင့် ရေတွက်မှသာ အသက်နှစ်ဆယ် ပြည့်၏၊ ပဉ္စင်း ဖြစ်လေသလော၊ မဖြစ်လေသလော" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အမိဝမ်း၌ ရှေဦးစွာ ဥပါဒ်သော စိတ် ရှေးဦးစွာ ထင်ရှားဖြစ်သော ဝိညာဏ်မှအစပြု၍ ထိုသူ၏ လူဖြစ်ခြင်း ဖြစ်၏၊ ရဟန်းတို့ ပဋိသန္ဓေရက်နှင့်တကွ အသက်နှစ်ဆယ် ပြည့်သော ပုဂ္ဂိုလ်ကို ပဉ္စင်းခံပေးခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

## ၆၃-ရဟန်းခံခြင်း အစီအစဉ်

၁၂၅။ တရံရောအခါ နူနာ အိုင်းအမာ 'လည်ပင်းကြီးနာ' ယားယံနာ ခယရုဂ်ချောင်းဆိုးနာ ရူးသွပ်သော ရောဂါရှိသော ရဟန်းတို့ကို တွေ့မြင်ရကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြ ကုန်၏။ "ရဟန်းတို့ ပဉ္စင်းခံပေးသော ရဟန်းသည် (ရဟန်းအဖြစ်၏) အန္တရာယ်ကို ပြုတတ်သော တဆယ့်သုံးပါးသော အကြောင်းအရာတို့ကို မေးခြင်းငှါ ခွင့်ပြု၏။

ရဟန်းတို့ ဤသို့ မေးရမည်၊ "သင့်အား နူနာ အိုင်းအမာ 'လည်ပင်းကြီးနာ' ယားယံနာ ခယရုဂ်ချောင်းဆိုးနာ ဝက်ရူးကြက်ရူးစသော ရူးသွပ်သောအနာ ဤသို့သော အနာရောဂါတို့သည် ရှိကုန်သလော၊ လူသားစင်စစ် ဖြစ်၏လော၊ ယောကျ်ားစစ် ဖြစ်၏လော၊ (ကျွန်အဖြစ်မှ) တော်လှန်ပြီးသူ ဖြစ်၏လော၊ ကြွေးမြီကင်းသူ ဖြစ်၏လော၊ မင်းခစား မင်းမှုထမ်းမဟုတ်သူ ဖြစ်၏လော၊ အမိအဖတို့က (ရဟန်းပြုရန်)ခွင့်ပြုသူ ဖြစ်၏လော၊ အသက်နှစ်ဆယ်ပြည့်သူ ဖြစ်၏လော၊ သင့်အား သပိတ် သင်္ကန်း ပြည့်စုံ၏လော၊ သင်သည် အဘယ်အမည်ရှိသနည်း၊ သင်၏ ဥပဇ္ဈာယ် ဆရာသည် အဘယ်အမည်ရှိသနည်း" ဟု မေးရမည် ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



တရံရောအခါ ရဟန်းတို့သည် ပဥ္စင်းလောင်းတို့ကို (ရှေဦးစွာ) မဆုံးမသေးပဲ အန္တရာယ်ကို ပြုတတ်သော အကြောင်းအရာတို့ကို မေးကုန်၏။ ပဥ္စင်းလောင်းတို့သည် ရှုံ့တီးရှုံ့တွန့် ဖြစ်ကုန်၏၊ မျက်နှာမသာမယာဖြစ်ကုန်၏၊ ဖြေဆိုခြင်းငှါ မတတ်နိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ရှေဦးစွာဆုံးမပြီးနောက်မှ အန္တရာယ်ကိုပြုတတ်သော သဘောတရားတို့ကို မေးခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏။)

(ရဟန်းတို့သည်) ထိုသံဃာ့အလယ်၌ပင်လျှင် ဆုံးမကုန်၏၊ ပဥ္စင်းလောင်းတို့သည် ရှေးနည်းအတူပင်လျှင် ရှုံ့တီးရှုံ့တွန့် ဖြစ်ကုန်၏၊ မျက်နှာမသာမယာဖြစ်ကုန်၏၊ ဖြေဆိုခြင်းငှါ မတတ်နိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ သင့်လျော်ရာနေရာ၌ ဆုံးမပြီးမှ သံဃာ့အလယ်၌ အန္တရာယ်ကို ပြုတတ်သော အကြောင်းအရာတို့ကို မေးခြင်းငှါ ခွင့်ပြု၏"။

ရဟန်းတို့ ဤသို့ ဆုံးမရမည်—

၁၂၆။ ရှေဦးစွာ ပဥ္စင်းလောင်းကို ဥပဇ္ဈာယ်ယူစေရမည်၊ ထိုနောက် သပိတ်သင်္ကန်းကို ပြောကြားရမည်၊ ဤအရာသည် သင်၏ သပိတ်တည်း၊ ဤအရာသည် သင်၏ ဒုကုဋ်တည်း၊ ဤအရာသည် သင်၏ ကိုယ်ဝတ်တည်း၊ ဤအရာသည် သင်၏ သင်းပိုင်တည်း၊ သွားချေလော့၊ ဤမည်သောအရပ်၌ နေချေဦးဟု ပြောဆိုရမည် ဟု (မိန့်တော်မူ၏)။

ကျွမ်းကျင်လိမ္မာခြင်းမရှိသော ရဟန်းတို့သည် မကောင်းသဖြင့် ဆုံးမကုန်သည်ရှိသော် ပဥ္စင်းလောင်းတို့သည် ရှုံ့တီးရှုံ့တွန့် ဖြစ်ကုန်၏၊ မျက်နှာမသာမယာဖြစ်ကုန်၏၊ ဖြေဆိုခြင်းငှါ မတတ်နိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ကျွမ်းကျင်လိမ္မာခြင်းမရှိသော ရဟန်းသည် မဆုံးမအပ်၊ ဆုံးမသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။ ရဟန်းတို့ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းအား ဆုံးမခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

သမ္မုတိမရသော ရဟန်းတို့သည် ဆုံးမကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ သမ္မုတိမရသော ရဟန်းသည် မဆုံးမအပ်၊ ဆုံးမသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏၊ ရဟန်းတို့ သမ္မုတိရသော ရဟန်းအား ဆုံးမခြင်းငှါ ခွင့်ပြု၏"။

ရဟန်းတို့ ဤသို့ သမ္မုတိပေးရမည်—

မိမိကိုယ်တိုင် မိမိကိုယ်ကို သမ္မုတိပေးရမည်၊ သို့မဟုတ် တပါးသော ရဟန်းသည် တပါးသော ရဟန်းကို သမ္မုတိပေးရမည်။ မိမိကိုယ်တိုင် မိမိကိုယ်ကို အဘယ်သို့ သမ္မုတိပေးအပ်သနည်း၊ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပဥ္စင်းလောင်းသည် ဤမည်သော အသျှင်ကို (အကြောင်းပြု၍) ပဥ္စင်းဖြစ်လို၏၊ အကယ်၍ သံဃာအား လျှောက်ပတ်သောအခါရှိသော် ငါသည် ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် ဤမည်သော ပဥ္စင်းလောင်းကို ဆုံးမပါအံ့" ဟု ဤသို့ မိမိကိုယ်တိုင် မိမိကိုယ်ကို သမ္မုတိပေးရမည်။

http://www.dhammadownload.com



တပါးသော ရဟန်းသည် တပါးသော ရဟန်းကို အဘယ်သို့ သမ္မုတိပေးအပ်သနည်း၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပဉ္စင်းလောင်းသည် ဤမည်သော အသျှင်ကို (အကြောင်းပြု၍) ပဉ္စင်းဖြစ်လို၏၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသောကသည် ဖြစ်ငြားအံ့၊ ဤမည်သော ရဟန်းသည် ဤမည်သော ပဉ္စင်းလောင်းကို ဆုံးမရာ၏" ဟု ဤသို့ တပါးသော ရဟန်းသည် တပါးသော ရဟန်းကို သမ္မုတိပေးရမည်။

သမ္မုတိရပြီးသော ထိုရဟန်းသည် ပဉ္စင်းလောင်းသို့ ချဉ်းကပ်၍ "ပဉ္စင်းလောင်း....နားထောင်လော့၊ ဤအခါသည်ကား သင်၏ အမှန်ကိုသာဆိုရမည့် အခါတည်း၊ အဟုတ်ကို သာဆိုရမည့် အခါတည်း၊ (မိမိကိုယ်တွင်) ဖြစ်ပေါ်သောသဘောကို သံဃာ့အလယ်၌ ငါတို့ မေးစိစစ်သည်ရှိသော် "ထင်ရှားရှိသည်ကို ရှိပါ၏၊ ထင်ရှားမရှိသည်ကို မရှိပါ" ဟု ပြောဆိုရမည်၊ ရှုံ့တီးရှုံ့တွန့် မဖြစ်လင့်၊ မျက်နှာ မသာယာမဖြစ်လင့်၊ ဤဆိုလတ္တံ့သည့်အတိုင်း သင့်ကို မေးစိစစ်ကုန်လတ္တံ့။

သင့်ကိုယ်တွင် နူနာ အိုင်းအမာ 'လည်ပင်းကြီးနာ' ယားယံနာ ခယရုဂ်ချောင်းဆိုးနာ ဝက်ရူး ကြက်ရူး စသော ရူးသွပ်သောအနာ ဤသို့သော အနာတို့သည် ရှိကုန်သလော၊ လူသားစင်စစ် ဖြစ်၏လော၊ ယောကျ်ားစစ် ဖြစ်၏လော၊ (ကျွန်အဖြစ်မှ) တော်လှန်ပြီးသူ ဖြစ်၏လော၊ သူ့ကြွေးသူ့မြီကင်းသူ ဖြစ်၏လော၊ မင်းခစား မင်းမှုထမ်း မဟုတ်သူ ဖြစ်၏လော၊ အမိအဖတို့က (ရဟန်းပြုရန်) ခွင့်ပြု၏လော၊ အသက်နှစ်ဆယ် ပြည့်၏လော၊ သင့်အား သပိတ် သင်္ကန်း ပြည့်စုံ၏လော၊ သင်သည် အဘယ်အမည် ရှိသနည်း၊ သင်၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည် ရှိသနည်း" (ဤသို့ မေးစိစစ်ကုန်လတ္တံ့) ဟူ၍ ပြောဆိုရမည်။

(ဆုံးမသော ဆရာနှင့် ပဉ္စင်းလောင်းတို့သည် သံဃာ့ပရိသတ်သို့) တပြိုင်နက် အတူလာကုန်၏။ ရဟန်းတို့ တပြိုင်နက်မလာအပ်၊ ဆုံးမသော ဆရာသည် ရှေဦးစွာလာ၍ သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပဉ္စင်းလောင်းသည် ဤမည်သော အသျှင်ကို(အကြောင်းပြု၍) ပဉ္စင်းဖြစ်လို၏၊ အကျွန်ုပ်သည် ထိုပဉ္စင်းလောင်းကို ဆုံးမအပ်ပါပြီ၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသောကသည်ဖြစ်ငြားအံ့၊ ဤမည်သော ပဉ္စင်းလောင်းသည် လာရာ၏" ဟု (သိစေရမည်)။

"လာလော့" ဟု ပြောရမည်။

(ရဟန်းလောင်းအား) လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်စေ၍ ရဟန်းတို့၏ ခြေတို့ကို ရှိခိုးစေပြီးလျှင် ဆောင့်ကြောင့်ထိုင်စေကာ လက်အုပ်ချီစေလျက် "အသျှင်ဘုရားတို့ (အကျွန်ုပ်သည်) သံဃာအား ပဉ္စင်းအဖြစ်ကို တောင်းပါ၏၊ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်အား အစဉ်သနားခြင်းကို အကြောင်းပြု၍ ပဉ္စင်းခံပေးတော်မူပါလော့။ အသျှင်ဘုရားတို့ နှစ်ကြိမ်မြောက်လည်း။ပ။ အသျှင်ဘုရားတို့ သုံးကြိမ်မြောက်လည်း။ပ။ ပဉ္စင်းခံပေးတော်မူပါလော့" ဟု ပဉ္စင်းအဖြစ်ကိုတောင်းစေရမည်။

ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပဉ္စင်းလောင်းသည် ဤမည်သော အသျှင်ကို (အကြောင်းပြု၍) ပဉ္စင်းဖြစ်လို၏၊ အကယ်၍

http://www.dhammadownload.com



သံဃာအား လျှောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် ဤမည်သော ပဉ္စင်းလောင်းအား အန္တရာယ်ကို ပြုတတ်သော သဘောတရားတို့ကို မေးပါအံ့” ဟု (သိစေရမည်)။

ပဉ္စင်းလောင်း....နားထောင်လော့၊ဤအခါသည်ကား သင်၏ အမှန်ကိုသာ ဆိုရမည့် အခါတည်း၊ အဟုတ်ကိုသာ ဆိုရမည့် အခါတည်း၊ (သင်၏ကိုယ်ဘွင်) ဖြစ်ပေါ်သည့် သဘောကို ငါမေးပေအံ့၊ “ထင်ရှားရှိသည်ကို ရှိပါ၏၊ ထင်ရှားမရှိသည်ကို မရှိပါ” ဟု ပြောဆိုရမည်။ သင့်ကိုယ်တွင် နူနာ အိုင်းအမာ ‘လည်ပင်းကြီးနာ’ ယားယံနာ ခယရုဂ်ချောင်းဆိုးနာ ဝက်ရူးကြက်ရူး စသော ရူးသွပ်သော အနာ ဤသို့သော အနာတို့သည် ရှိကုန်သလော၊ လူစင်စစ် ဖြစ်၏လော၊ ယောကျ်ားစစ် ဖြစ်၏လော၊ (ကျွန်အဖြစ်မှ) တော်လှန်ပြီးသူ ဖြစ်၏လော၊ သူ့ကြွေးသူ့မြီ ကင်းသူ ဖြစ်၏လော၊ မင်းခစား ၎င်းမှုထမ်း မဟုတ်သူ ဖြစ်၏လော၊ အမိအဖတို့က (ရဟန်းပြုရန်) ခွင့်ပြု၏လော၊ အသက်နှစ်ဆယ် ပြည့်၏လော၊ သင့်အား သပိတ်သင်္ကန်း ပြည့်စုံ၏လော၊ သင်သည် အဘယ်အမည် ရှိသနည်း၊ သင်၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည် ရှိသနည်း ဟု မေးရမည်။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၂၇။ “အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပဉ္စင်းလောင်းသည် ဤမည်သော အသျှင်ကို (အကြောင်းပြု၍) ပဉ္စင်းဖြစ်လို၏၊ အန္တရာယ်ကို ပြုတတ်သော သဘောတရားတို့မှ စင်ကြယ်၏၊ ထိုပဉ္စင်းလောင်းအား သပိတ်သင်္ကန်း ပြည့်စုံ၏၊ ဤမည်သော ပဉ္စင်းလောင်းသည် သံဃာအား ပဉ္စင်းအဖြစ်ကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် တောင်း၏၊ အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ပဉ္စင်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပဉ္စင်းလောင်းသည် ဤမည်သော အသျှင်ကို (အကြောင်းပြု၍) ပဉ္စင်းဖြစ်လို၏၊ အန္တရာယ်ကို ပြုတတ်သော သဘောတရားတို့မှ စင်ကြယ်၏၊ ထိုပဉ္စင်းလောင်းအား သပိတ်သင်္ကန်း ပြည့်စုံ၏၊ ဤမည်သော ပဉ္စင်းလောင်းသည် သံဃာအား ပဉ္စင်းအဖြစ်ကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် တောင်း၏၊ သံဃာသည် ဤမည်သော ပဉ္စင်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံပေး၏၊ ဤမည်သော ပဉ္စင်းလောင်း၏ ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းဖြစ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏၊ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပဉ္စင်းလောင်းသည် ဤမည်သော အသျှင်ကို(အကြောင်းပြု၍)ပဉ္စင်းဖြစ်လို၏၊ အန္တရာယ်ကိုပြုတတ်သော သဘောတရားတို့မှ စင်ကြယ်၏၊ ထိုပဉ္စင်းလောင်းအား သပိတ်သင်္ကန်း ပြည့်စုံ၏၊ ဤမည်သော ပဉ္စင်းလောင်းသည် သံဃာအား ပဉ္စင်းအဖြစ်ကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် တောင်း၏၊ သံဃာသည် ဤမည်သော ပဉ္စင်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံပေး၏၊ ဤမည်သော ပဉ္စင်းလောင်း၏ ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းဖြစ်ခြင်းကို အကြင်အသျှင်အား နှစ်သက်

http://www.dhammadownload.com



ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏၊ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပဉ္စင်းလောင်းသည် ဤမည်သော အသျှင်ကို (အကြောင်းပြု၍) ပဉ္စင်း ဖြစ်လို၏၊ အန္တရာယ်ကို ပြုတတ်သော သဘောတရားတို့မှ စင်ကြယ်၏၊ ထိုပဉ္စင်းလောင်းအား သပိတ်သင်္ကန်း ပြည့်စုံ၏၊ ဤမည်သော ပဉ္စင်းလောင်းသည် သံဃာအား ပဉ္စင်းအဖြစ်ကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် တောင်း၏၊ သံဃာသည် ဤမည်သော ပဉ္စင်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံပေး၏၊ ဤမည်သော ပဉ္စင်းလောင်း၏ ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်း ဖြစ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ပဉ္စင်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာဖြင့် ပဉ္စင်းခံပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

**ရဟန်းခံခြင်းအစီအစဉ် ပြီး၏။**

---

## ၆၄-မှီငြမ်းပြုရာလေးပါး

၁၂၈။ ထိုပဉ္စင်းဖြစ်သော ခဏ၌ပင်လျှင် အရိပ်ကို တိုင်းတာရမည်၊ (ရောက်ဆဲ) ဥတုကို ပြောကြားရမည်၊ နေ့၏ အချိန်အခါကို ပြောကြားရမည်၊ (အရိပ် ဥတု နေ့) ကို ပေါင်း၍ (ရဟန်းဖြစ်ရက်ချုပ်ကို) ပြောကြားရမည်၊ မှီငြမ်းပြုရာ လေးပါးတို့ကို ပြောကြားရမည်—

သလုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ ရသော ဆွမ်းကို အမှီပြု၍ဖြစ်သော ရဟန်းအဖြစ်၌ သင် ပဉ္စင်းသစ်သည် သိက္ခာပုဒ်တော် ကိုယ်၌တည်သမျှကာလပတ်လုံး အားထုတ်ရမည်။ (ရွေးကံထူး၍) အလွန်အကျူး လာဘ်ပေါ်များပါမူ သံဃာအား လှူသောဆွမ်း ရည်ညွှန်း၍ လှူသောဆွမ်း ပင့်ဖိတ်သောဆွမ်း စာရေးတံချ၍ လှူသောဆွမ်း လဆန်းလဆုတ်ပက္ခ၌ လှူသောဆွမ်း ဥပုသ်နေ့၌ လှူသောဆွမ်း အထွက်တရက်နေ့၌ လှူသော ဆွမ်းများကိုလည်း (သုံးဆောင်အပ်သေး၏)။

မြေမှုန့် အလိမ်းလိမ်း ကပ်သော 'ပံသုကူ' သင်္ကန်းကို အမှီပြု၍ဖြစ်သော ရဟန်းအဖြစ်၌ သင် ပဉ္စင်းသစ်သည် သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှကာလပတ်လုံး အားထုတ်ရမည်။ (ရွေးကံထူး၍) အလွန်အကျူး လာဘ်ပေါ်များပါမူ ခေါမချည်သင်္ကန်း ဝါချည်သင်္ကန်း ပိုးချည်သင်္ကန်း သက္ကလပ်သင်္ကန်း ပိုက်ဆံလျှော်ချည်သင်္ကန်း ချည်ငါးပါးရော၍ ရက်သော သင်္ကန်းတို့ကိုလည်း (သုံးဆောင်အပ်သေး၏)။

သစ်ပင်ရင်း ဟူသော ကျောင်းကို အမှီပြု၍ ဖြစ်သော ရဟန်းအဖြစ်၌ သင်ပဉ္စင်းသစ်သည် သိက္ခာပုဒ်တော် ကိုယ်၌တည်သမျှကာလပတ်လုံး အားထုတ်ရမည်။ (ရွေးကံထူး၍) အလွန်အကျူး

http://www.dhammadownload.com



လာဘ်ပေါမျှားပါမူ နှစ်ဖက်စောင်းမိုးသောကျောင်း တဖက်စောင်းမိုးသောကျောင်း လေးထောင့်ပြသာဒ် ပြသာဒ်ဦးပြည်း ဂူတို့ကိုလည်း (သုံးဆောင်အပ်သေး၏)။

နွားကျင်ငယ်ပုပ်ဖြင့် ထုံအပ်သော ဆေးကို အမှီပြု၍ ဖြစ်သော ရဟန်းအဖြစ်၌ သင် ပဉ္စင်းဖြစ်သည် သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှ ကာလပတ်လုံး အားထုတ်ရမည်။ (ရှေးကထူး၍) အလွန်အကျူး လာဘ်ပေါများပါမူ ထောပတ် ဆီဦ ဆီ ပျား တင်လဲတို့ကိုလည်း (သုံးဆောင်အပ်သေး၏)။

မှီငြမ်းပြုရာလေးပါး ပြီး၏။

---

## ၆၅-မပြုကျင့်အပ်သော တရားလေးပါး

၁၂၉။ တရံရောအခါ ရဟန်းတို့သည် ပဉ္စင်းခံပြီးနောက် ရဟန်းတပါးကို တပါးတည်း ချန်ထားခဲ့၍ ဖဲခွါသွားကြကုန်၏။ ထိုရဟန်းသည် နောက်မှ တယောက်တည်း လာသည်ရှိသော် ခရီးအကြား၌ မယားဟောင်းနှင့် တွေ့၍ “ယခု သင် ရဟန်းပြုနေသလော” ဟု မယားဟောင်းက မေးသဖြင့် ဟုတ်၏၊ ငါ ရဟန်း ပြု၏ ဟု ပြန်ပြောရာ ရဟန်းတို့အား မေထုန်အကျင့်သည် ရခဲ၏၊ လာလော့၊ မေထုန်အကျင့်ကို မှီဝဲလော့ ဟု ပြောဆို၏။ ထိုရဟန်းသည် ထိုမိန်းမအား မေထုန်အကျင့်ကို မှီဝဲ၍ ကြာမြင့်မှ သွားလေ၏။ ရဟန်းတို့သည် “ငါ့သျှင် သင်သည် အဘယ့်ကြောင့် ဤမျှ ကြာမြင့်နေတိသနည်း” ဟု မေးမြန်းကုန်၏။

ထိုအခါ ထိုရဟန်းသည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ပဉ္စင်းခံပြီးလျှင် အဖော်ကို ပေးခြင်းငှါလည်းကောင်း လေးပါးသော မပြုကျင့်အပ်သည်တို့ကို ပြောကြားခြင်းငှါလည်းကောင်း ခွင့်ပြု၏။

ပဉ္စင်းဖြစ်ပြီးသော ရဟန်းသည် အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်မဥ္ဇသော်လည်း မေထုန်အကျင့်ကို မမှီဝဲအပ်၊ မေထုန်အကျင့်ကို မှီဝဲသော ရဟန်းသည် ရဟန်းမဟုတ်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်မဟုတ်။

ဥပမာအားဖြင့် ဦးခေါင်းပြတ်ပြီးသော ယောကျ်ားသည် ထိုဦးခေါင်းနှင့် ကိုယ်ကို ပြန်၍ ဆက်သဖြင့် အသက်ရှင်ခြင်းငှါ မထိုက်သကဲ့သို့ ဤအတူသာလျှင် ရဟန်းသည် မေထုန်အကျင့်ကို မှီဝဲသည်ရှိသော် ရဟန်းမဟုတ်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်မဟုတ်၊ သင်သည် ထိုမေထုန်အကျင့်ကို အသက်ထက်ဆုံး (သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှ ကာလပတ်လုံး) မပြုကျင့်အပ်။

ပဉ္စင်းဖြစ်ပြီးသော ရဟန်းသည် မပေးသော ဥစ္စာကို ခိုးလိုသော စိတ်အဘို့ဖြင့် မခိုးယူအပ်၊ အယုတ်ဆုံးအားဖြင့် မြက် ဝါးခြမ်းစိတ်ကို အစပြု၍ မခိုးယူအပ်။ အကြင် ရဟန်းသည် တပတ်ကိုလည်းကောင်း တပတ်တန် ဥစ္စာကိုလည်းကောင်း တပတ်ထက်ပိုလွန်သော ဥစ္စာကိုလည်းကောင်း မပေးပဲ ခိုးလိုသော စိတ်အဘို့ဖြင့် ခိုးယူ၏၊ ထိုရဟန်းသည် ရဟန်းမဟုတ်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်မဟုတ်။

ဥပမာအားဖြင့် အညှာမှ ကြွေကျသော ဖက်ရွက်လျော်သည် တဖန် ပြန်၍ စိမ်းစိုခြင်း **‘စိမ်းရှင်ခြင်း’** ငှါ မထိုက်သကဲ့သို့ ဤအတူသာလျှင် ရဟန်းသည် တပတ်ကိုလည်းကောင်း တပတ်တန် ဥစ္စာကိုလည်းကောင်း **တပတ်ထက်** ပိုလွန်သော ဥစ္စာကိုလည်းကောင်း မပေးပဲ ခိုးလိုသော **စိတ်အဘို့ဖြင့်** ခိုးယူသည်ရှိသော် ရဟန်း

http://www.dhammadownload.com



မဟုတ်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်မဟုတ်၊ သင်သည် ထိုခိုးခြင်းအမှုကို အသက်ထက်ဆုံး (သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှကာလပတ်လုံး) မပြုကျင့်အပ်။

ပဥ္စင်းဖြစ်ပြီးသော ရဟန်းသည် သေစေလိုသော စေတနာဖြင့် 'စေတနာရှိသည်ဖြစ်၍' သတ္တဝါကို ဇီဝိတိန္ဒြေမှ မချအပ်၊ အယုတ်ဆုံးအားဖြင့် ပိုးရွ ခြပုန်းကို အစပြု၍ ဇီဝိတိန္ဒြေမှ မချအပ်၊ အကြင် ရဟန်းသည် သေစေလိုသော စေတနာရှိသည်ဖြစ်၍ လူဇာတ်ဖြစ်သော သူကို အယုတ်ဆုံးအားဖြင့် ကိုယ်ဝန်ကျဆေးကို အစပြု၍ ဇီဝိတိန္ဒြေမှ ချ၏ (ချငြားအံ့)၊ထိုရဟန်းသည် ရဟန်းမဟုတ်၊ သာကီဝင် မင်းသား ဘုရားအနွယ်တော်မဟုတ်။

ဥပမာအားဖြင့် နှစ်ခြမ်းကွဲလေပြီးသော ကျောက်ဖြာကြီးသည် တဖန် ပြန်၍ စပ်ခြင်းငှါ မဖြစ် သကဲ့သို့ ဤအတူသာလျှင် ရဟန်းသည် သေစေလိုသော စေတနာရှိသည်ဖြစ်၍ လူဇာတ်ဖြစ်သော သူကို ဇီဝိတိန္ဒြေမှ ချသည်ရှိသော် ရဟန်းမဟုတ်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်မဟုတ်၊ သင်သည် ထိုအသက်သတ်ခြင်းကို အသက်ထက်ဆုံး (သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှကာလ ပတ်လုံး) မပြုကျင့်အပ်။

ပဥ္စင်းဖြစ်ပြီးသော ရဟန်းသည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော (ဈာန် မဂ် ဖိုလ်)တရားကို မပြောဟောအပ်၊ အယုတ်ဆုံးအားဖြင့် "ဆိတ်ငြိမ်ရာအရပ်၌မွေ့လျော်၏" ဟု မပြောဆိုအပ်။ အကြင် ရဟန်းသည် ယုတ်မာသော အလိုဆိုးရှိသည်ဖြစ်၍ အလိုဆိုးသည် နှိပ်စက်အပ်သည်ဖြစ်၍ ထင်ရှားမရှိသော မဟုတ်မမှန်သော လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်တရားကိုငြင်း ဝိမောက္ခတရားကိုငြင်း သမာဓိကိုငြင်း သမာပတ်ကို ငြင်း မဂ်ကိုငြင်း ဖိုလ်ကိုငြင်း(ငါရ၏ ငါသိ၏ဟု) ပြောဆိုအံ့၊ ထိုရဟန်းသည် ရဟန်းမဟုတ်၊ သာကီဝင် မင်းသားဘုရားအနွယ်တော်မဟုတ်။

ဥပမာအားဖြင့် လည်ဆစ်ပြတ်ပြီးသော ထန်းပင်သည် တဖန် ပြန်၍ စည်ပင် ကြီးပွါးခြင်းငှါ မထိုက်သကဲ့သို့ ဤအတူသာလျှင် ရဟန်းသည် ယုတ်မာသော အလိုဆိုးရှိသည်ဖြစ်၍ အလိုဆိုးသည် နှိပ်စက်အပ်သည်ဖြစ်၍ ထင်ရှားမရှိသော မဟုတ်မမှန်သော လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါး ထက် လွန်မြတ်သော (ဈာန် မဂ် ဖိုလ်) တရားကို ပြောဆိုသည်ရှိသော် ရဟန်းမဟုတ်၊ သာကီဝင် မင်းသား ဘုရားအနွယ်တော်မဟုတ်၊ သင်သည် ထို (ဈာန် မဂ် ဖိုလ်)တရားကို ပြောဆိုခြင်းကို အသက် ထက်ဆုံး (သိက္ခာပုဒ်တော် ကိုယ်၌ တည်သမျှ ကာလပတ်လုံး) မပြုကျင့်အပ် ဟု ပြောကြားဆုံးမ အပ်၏။

မပြုကျင့်အပ်သော တရားလေးပါး ပြီး၏။

---

## ၆၆-အာပတ်ကို မရှု၍ နှင်ထုတ်ခြင်း ဝတ္ထုများ

၁၃၀။ တရံရောအခါ ရဟန်းတပါးသည် အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ခံရ၍ လူထွက်၏၊ ထိုသူသည် တဖန် ပြန်လာပြီးလျှင် ရဟန်းတို့အား ပဥ္စင်းအဖြစ်ကို တောင်း၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းသည် အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ် ခံရသည်ဖြစ်၍ လူထွက်၏၊ ထိုသူသည် တဖန် ပြန်လာပြီးလျှင် ရဟန်းတို့အား ပဥ္စင်းအဖြစ်ကို တောင်း ၏။ ထိုသူကို "သင်သည် ထိုအာပတ်ကို ရှုအံ့လော" ဟု မေးရမည်။ အကယ်၍ အကျွန်ုပ်သည်

http://www.dhammadownload.com



ရှုပါအံ့ ဟု ပြောဆိုငြားအံ့၊ ရှင်ပြုပေးရမည်။ အကယ်၍ အကျွန်ုပ်သည် မရှုအံ့ ဟု ပြောဆိုငြားအံ့၊ ရှင်ပြုမပေးရ။

ရှင်ပြုပေးပြီးလျှင် "သင်သည် ထိုအာပတ်ကို ရှုအံ့လော" ဟု မေးရမည်။ အကယ်၍ အကျွန်ုပ်သည် ရှုပါအံ့ ဟု ပြောဆိုငြားအံ့၊ ပဉ္စင်းခံပေးရမည်။ အကယ်၍ အကျွန်ုပ်သည် မရှုအံ့ ဟု ပြောဆိုငြားအံ့၊ ပဉ္စင်းခံမပေးရ။

ပဉ္စင်းခံပေးပြီးလျှင် "သင်သည် ထိုအာပတ်ကို ရှုအံ့လော" ဟု မေးရမည်။ အကယ်၍ အကျွန်ုပ်သည် ရှုအံ့ ဟု ပြောဆိုငြားအံ့၊ သွင်းရမည်။ အကယ်၍ အကျွန်ုပ်သည် မရှုအံ့ ဟု ပြောဆိုငြားအံ့၊ မသွင်းရ။

သွင်းပေးပြီးလျှင် "ထိုအာပတ်ကို သင်ရှုလော" ဟု ပြောဆိုရမည်။ အကယ်၍ ရှုငြားအံ့၊ ကောင်း၏။ အကယ်၍ မရှုငြားအံ့၊ (သံဃာ၏) ညီညွတ်ခြင်းကို ရသည်ရှိသော် တဖန် နှင်ထုတ်ရမည်။ (သံဃာ၏) ညီညွတ်ခြင်းကို မရသည်ရှိသော် အတူ သုံးဆောင်ခြင်း အတူပေါင်းသင်းခြင်းတို့ကြောင့် အာပတ် မသင့်။

ရဟန်းတို့ ရဟန်းသည် အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ခံရ၍ လူထွက်၏၊ ထိုသူသည် တဖန်ပြန်လာပြီးလျှင် ရဟန်းတို့အား ပဉ္စင်းအဖြစ်ကို တောင်း၏၊ ထိုသူကို "သင်သည် ထိုအာပတ်ကို ကုစားအံ့လော" ဟု မေးရမည်။ အကယ်၍ အကျွန်ုပ်သည် ကုစားအံ့ ဟု ပြောဆိုငြားအံ့၊ ရှင်ပြုပေးရမည်။ အကယ်၍ အကျွန်ုပ်သည် မကုစားအံ့ ဟု ပြောဆိုငြားအံ့၊ ရှင်ပြုမပေးရ။

ရှင်ပြုပေးပြီးလျှင် "သင်သည် ထိုအာပတ်ကို ကုစားအံ့လော" ဟု မေးရမည်။ အကယ်၍ အကျွန်ုပ်သည် ထိုအာပတ်ကို ကုစားပါအံ့ ဟု ပြောဆိုငြားအံ့၊ ပဉ္စင်းခံပေးရမည်။ အကယ်၍ အကျွန်ုပ်သည် ထိုအာပတ်ကို မကုစားအံ့ ဟု ပြောဆိုငြားအံ့၊ ပဉ္စင်းခံမပေးရ။

ပဉ္စင်းခံပေးပြီးလျှင် "သင်သည် ထိုအာပတ်ကို ကုစားအံ့လော" ဟု မေးရမည်။ အကယ်၍ အကျွန်ုပ်သည် ကုစားပါအံ့ ဟု ပြောဆိုငြားအံ့၊ သွင်းရမည်။ အကယ်၍ အကျွန်ုပ်သည် မကုစားအံ့ ဟု ပြောဆိုငြားအံ့၊ မသွင်းရ။

သွင်းပေးပြီးလျှင် "ထိုအာပတ်ကို သင် ကုစားလော" ဟု ပြောဆိုရမည်။ အကယ်၍ ကုစားငြားအံ့၊ ကောင်း၏။ အကယ်၍ မကုစားငြားအံ့၊ (သံဃာ၏) ညီညွတ်ခြင်းကို ရသည်ရှိသော် တဖန် နှင်ထုတ်ရမည်။ (သံဃာ၏) ညီညွတ်ခြင်းကို မရသည်ရှိသော် အတူသုံးဆောင်ခြင်း အတူပေါင်းသင်းခြင်းတို့ကြောင့် အာပတ် မသင့်။

ရဟန်းတို့ ရဟန်းသည် ယုတ်ညံ့သော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ခံရ၍ လူထွက်၏၊ ထိုသူသည် တဖန်ပြန်လာပြီးလျှင် ရဟန်းတို့အား ပဉ္စင်းအဖြစ်ကို တောင်း၏၊ ထိုသူကို "သင်သည် ထိုယုတ်ညံ့သော မိစ္ဆာအယူကို စွန့်အံ့လော" ဟု မေးရမည်။ အကယ်၍ အကျွန်ုပ်သည် စွန့်ပါအံ့ ဟု ပြောဆိုငြားအံ့၊ ရှင်ပြုပေးရမည်။ အကယ်၍အကျွန်ုပ်သည် မစွန့်အံ့ ဟု ပြောဆိုငြားအံ့၊ ရှင်ပြုမပေးရ။

ရှင်ပြုပေးပြီးလျှင် "သင်သည် ထိုယုတ်ညံ့သော မိစ္ဆာအယူကို စွန့်အံ့လော" ဟု မေးရမည်။ အကယ်၍ အကျွန်ုပ်သည် ထိုမိစ္ဆာအယူကို စွန့်ပါအံ့ ဟု ပြောဆိုငြားအံ့၊ ပဉ္စင်းခံပေးရမည်။ အကယ်၍ အကျွန်ုပ်သည် ထိုမိစ္ဆာအယူကို မစွန့်အံ့ ဟု ပြောဆိုငြားအံ့၊ ပဉ္စင်းခံမပေးရ။

http://www.dhammadownload.com



ယှဉ်းခံပေးပြီးလျှင် "သင်သည် ထိုယုတ်ညံ့သော မိစ္ဆာအယူကို စွန့်အံ့လော" ဟု မေးရမည်။ အကယ်၍ အကျွန်ုပ်သည် စွန့်ပါအံ့ ဟု ပြောဆိုငြားအံ့၊ သွင်းရမည်။ အကယ်၍ အကျွန်ုပ်သည် မစွန့်အံ့ ဟု ပြောဆိုငြားအံ့၊ မသွင်းရ။

သွင်းပေးပြီးလျှင် "ထိုမိစ္ဆာအယူကို သင် စွန့်လော့" ဟု ပြောဆိုရမည်။ အကယ်၍ စွန့်ငြားအံ့၊ ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ (သံဃာ၏) ညီညွတ်ခြင်းကို ရသည်ရှိသော် တဖန် နှင်ထုတ်ရမည်။ (သံဃာ၏) ညီညွတ်ခြင်းကို မရသည်ရှိသော် အတူသုံးဆောင်ခြင်း အတူပေါင်းသင်းခြင်းတို့ကြောင့် အာပတ် မသင့် ဟု (မိန့်တော်မူ၏)။

ရှေဦးစွာသော မဟာခန္ဓက ပြီး၏။

---

## ၆၇-ထိုမဟာခန္ဓက၏ အကျဉ်းချုပ်

၁၃၁။ များသော အကျိုးရှိသော သီလကို ချစ်သော သူတို့၏ ချမ်းသာကို ဆောင်နိုင်သော ဝိနည်း၌ လိမ္မာသော ယုတ်မာသော အလိုဆိုးရှိသော သူတို့ကို နှိပ်ခြင်းတို့၌၎င်း လဇ္ဇီသူတော်ကောင်းတို့ကို ချီးမြှောက်ခြင်းတို့၌၎င်း။

သာသနာတော်ကို ဆောင်ခြင်း၌၎င်း သဗ္ဗညုဘုရားရှင်တို့၏ အရာဖြစ်သော တပါးသော သူတို့၏ အရာမဟုတ်သော ဘေးမရှိသော ကောင်းစွာ ပညတ်တော် မူအပ်သော ယုံမှားမရှိအပ်သော မဟာဝဂ်ခန္ဓက စူဠဝဂ်ခန္ဓက၌၎င်း ဘိက္ခုဝိဘင်း ဘိက္ခုနီဝိဘင်း၌၎င်း ပရိဝါ၌၎င်း ဘိက္ခုပါတိမောက် ဘိက္ခုနီပါတိမောက်၌၎င်း လိမ္မာသော ရဟန်းသည် မဖောက်မပြန် ပြုလျက် အသင့်အားဖြင့် ကျင့်နိုင်၏။

အကြင် နွားကျောင်းသားသည် နွားအပေါင်းကို မသိ 'မမှတ်မိ'၊ ထိုနွားကျောင်းသားသည် နွားအပေါင်းကို မစောင့်ရှောက်နိုင်ချေ၊ ဤအတူ သီလသိက္ခာကို မသိသော ထိုရဟန်းသည် သီလစောင့်ရှောက်မှုကို အဘယ်မှာ စောင့်ရှောက် နိုင်ပါအံ့နည်း။

သုတ္တန်ပိဋကတ်သည်၎င်း အဘိဓမ္မာပိဋကတ်သည်၎င်း မေ့ခဲ့သော်လည်း 'ကွယ်ပျောက်သော်လည်း' ထိုရွှေလောက် ဝိနည်းတရားတော် 'ဝိနည်းပိဋကတ်' သည် မပျောက်ပျက်ခဲ့သော် တဖန် သာသနာတော်သည် တည် 'ထွန်းတောက်ပ' ၏။

ထို့ကြောင့် အကျဉ်းရေတွက်ခြင်း အကြောင်းဖြစ်သော ဥဒါန်းကို အစဉ်အားဖြင့် သိသော အတိုင်း ဟောကြားပေအံ့ 'ဆိုပေအံ့'၊ ဆိုသော ငါ၏ အထံမှ နာကြားကုန်လော့။

ဝတ္ထုကို၎င်း နိဒါန်းကို၎င်း အာပတ်ကို၎င်း ဝိတ္ထာရနည်းဖြင့် ပေယျာလအပြားကို၎င်း ထို အလုံးစုံတို့ကို အကြွင်းမရှိ ဖော်ပြနိုင်ရန် ခဲယဉ်းလှ၏၊ ထိုအလုံးစုံကို အကျဉ်းနည်းအားဖြင့် သိကုန်လော့။

ဗောဓိကထာ 'ဗောဓိညောင်ပင်ရင်းတွင် သီတင်းသုံး နေစဉ်နှင့် စပ်သော စကား' ရာဇာယတနကထာ 'လင်းလွန်းပင်ရင်းတွင် သီတင်းသုံး နေစဉ်နှင့် စပ်သော စကား' အဇပါလကထာ 'ဆိတ်ကျောင်း ညောင်ပင်ရင်းတွင် သီတင်းသုံး နေစဉ်နှင့် စပ်သော စကား' သဟမ္ပတိဗြဟ္မာ တရားဟောရန် တောင်းပန်သော အကြောင်း အာဠာရရသေ့ ဥဒကရသေ့တို့ကို တသတော်မူ

http://www.dhammadownload.com



သော အကြောင်း ပဉ္စဝဂ္ဂီရဟန်းတို့ အကြောင်း ဥပကရသေ့ကြီးနှင့် တွေ့ဆုံခြင်း အကြောင်း ဣသိပတနတောသို့ ကြွတော်မူသော အကြောင်း။

ကောဏ္ဍည ဝပ္ပ ဘဒ္ဒိယ မဟာနာမ် အဿဇိတို့ကို တရားဟောခြင်း အကြောင်း ယသသူဌေးသားကို ချွတ်သော အကြောင်း သူဌေးသားလေးယောက် အကျွတ်တရားရသော အကြောင်း ယသ၏ မိတ်ဆွေငါးကျိပ်တို့ အကျွတ်တရားရသော အကြောင်း အလုံးစုံသော ရဟန်းတို့ကို ခရီး ဒေသစာရီ ကြွသွားရန် စေလွှတ်သော အကြောင်း။

သရဏဂုံ သုံးပါးတို့ဖြင့် ရှင်ရဟန်းပြုသောဝတ္ထု မာရ်နတ်နှင့် စကားပြောဆိုသောအကြောင်း ဘဒ္ဒဝဂ္ဂီ မင်းသားသုံးကျိပ်တို့၏ ရဟန်းပြုသော အကြောင်း ဥရုဝေလတော၌ ကဿပညီနောင် ရသေ့သုံးယောက်တို့နှင့် တွေ့သော အကြောင်း မြတ်စွာဘုရားသည် မီးတင်းကုပ်သို့ ဝင်၍ တန်ခိုး ပြတော်မူသော အကြောင်း အလုံးစုံသော တောအုပ်ကို လင်းစေလျက် စာတုမဟာရာဇ် နတ်မင်းကြီး လေးယောက်နှင့် သိကြားမင်း ဗြဟ္မာမင်းတို့ ပူဇော်လာသော အကြောင်း ပံသုကူ သင်္ကန်းကို ကောက်ယူတော်မူသော အကြောင်း သိကြားမင်းက ရေကန် ဖန်ဆင်းပေးသော အကြောင်း သင်္ကန်းဖွပ်ရန် ကျောက်ဖျာကြီးကို ချထားသော အကြောင်း ရေခံတက်ပင် ကိုင်း ညွှတ်သော အကြောင်း သင်္ကန်းဖြေရန် 'ဖြန့်ရန်' ကျောက်ဖျာကို ထားသော အကြောင်း ဇမ္ဗူသပြေသီး သရက်သီး သျှိသျှားသီးတို့ကိုလည်း တာဝတိံသာ ပင်လယ်ကသစ်ပန်းကိုလည်း ယူဆောင်၍ ပြတော်မူသော အကြောင်း ကဿပ ထင်းတုံးငါးရာ ကွဲစေကုန် မီးတောက်စေကုန် မီးငြိမ်းစေကုန်ဟု ဆိုခြင်း ရသေ့ငါးရာတို့ ရေငုပ်သော အကြောင်း။

မီးမယ်ဖြူ ငါးရာကို ဖန်ဆင်းတော်မူခြင်း မိုးသည်းထန်စွာ ရွာရာ၌ တန်ခိုးဖန်ဆင်းတော်မူခြင်း ဂယာ၌နေတော်မူခြင်း ထန်းတောဥယျာဉ်၌ နေတော်မူခြင်း မဂဓတိုင်းအရှင် ဗိမ္ဗိသာရမင်းကြီး ကြားခြင်း။

ဥပတိဿ ကောလိတတို့ ရဟန်းပြုခြင်း ထင်ရှားသော ရာဇဂြိုဟ်ပြည်သားတို့ ရဟန်းပြုခြင်း။ မကောင်းသဖြင့် ဝတ်ရုံ၍ ဆွမ်းခံသွားခြင်းကြောင့် လူတို့ ကဲ့ရဲ့ခြင်း နှင်ခြင်းကို ခွင့်ပြုတော်မူခြင်း ဆွမ်းခံသပိတ်ကို လူတို့အပေါ်သို့ ညွှတ်စေသဖြင့် ကဲ့ရဲ့ခြင်း ပိန်ကြုံခေါင်းပါး အဆင်းမလှသော ပုဏ္ဏားကို ရဟန်းပြုရန် ခွင့်မပြုခြင်း ရဟန်းပြုပြီးသည်၏ အခြားမဲ့၌ မကျင့်အပ်သော အကျင့်ကို ကျင့်သောရဟန်း ဝမ်းဟူသော အကြောင်းကြောင့် ရဟန်းပြုသောသူ၏ ဝတ္ထု။ လုလင် တယောက် ရဟန်းပြုမည်ရှိရာ မိုရာနိဿယကို ရှေးဦးစွာ ပြောသဖြင့် ရဟန်းမပြုသော ဝတ္ထု နှစ်ယောက် သုံးယောက်ရှိသော ဂိုဏ်းဖြင့် ရဟန်းခံသော ဝတ္ထု။

ဆယ်ဝါ မပြည့်သေးသော တဝါနှစ်ဝါမျှသာ ရသော ရဟန်းတို့က အတူနေ တပည့်ကို ရဟန်း ခံသောဝတ္ထု မိုက်ကုန် မလိမ္မာကုန်သော ရဟန်းတို့က ဆယ်ဝါရပြီ ဟု ရဟန်းခံသောဝတ္ထု ဥပဇ္ဈာယ်ဆရာ အရပ်တပါး ဖဲသွားသည်ဖြစ်၍ အဆုံးအမ ကင်းသော ရဟန်းများဝတ္ထု ဆယ်ဝါ ရသော ရဟန်း နိဿရည်း ပေးနိုင်ခြင်း။

အတွင်းနေတပည့်တို့ ဝတ်အကျင့်ကို ကောင်းစွာ မကျင့်သောဝတ္ထု နှင်ထုတ်သောဝတ္ထု မလိမ္မာပဲ နိဿရည်းပေးသောဝတ္ထု နိဿရည်း ငြိမ်းသော အကြောင်း။

http://www.dhammadownload.com



ဥပဇ္ဈာယ်မပြုအပ် နိဿရည်း မပေးအပ်သော အင်္ဂါငါးပါး ခြောက်ပါး သာသနာတော်မှ တပါးသော တိတ္ထိဖြစ်ဘူးသော ရဟန်းဝတ္တ သာသနာတော်မှ တပါးသော တိတ္ထိဖြစ်ဘူး၍ အဝတ်မဆီး အချည်းနှီးလာသောသူ ခေါင်းတုံး ဦးပြည်းလာသောသူ မီးပူဇော်သော ရသေ့ သာကီဝင်မင်းမျိုးတို့ကို မည်သို့ ပြုရမည့်အကြောင်း။

မဂဓတိုင်းတို့၌ ငါးပါးသော အနာရှိသော သူတို့ကို ရဟန်းပြုသောအကြောင်း လုလင် တယောက်ရဟန်းပြုသောအကြောင်း ဗိမ္ဗိသာရမင်းကြီး စေခိုင်းသော အကြောင်း အင်္ဂုလိမာလ ခိုးသူကြီး ရဟန်းပြုသောအကြောင်း အင်္ဂုလိမာလမှ တပါးသော ခိုးသူတို့ကို ရဟန်းပြုရန် ခွင့်ပြု တော်မမူသော အကြောင်း ထွေ့ရာအရပ်၌ သတ်အပ်၏ ဟု ကမ္ဗည်းကပ်ထားသောသူ အကြောင်း ကြိမ်ဒဏ်ပြစ် ကမ္ဗည်းကပ်ထားသောသူ အကြောင်း။

သံပူတံဆိပ် ခတ်နှိပ်ထားသောသူ အကြောင်း ကြွေးမြီတင်သောသူ သူ့ကျွန်ဖြစ်သူ ဦးပြည်း ခေါင်းတုံး ဖြစ်သော ရွှေပန်းတိမ်သည်သား ဥပါလိသတို့သား ယဉ်းအနာ သဒ္ဓါရှိသောအမျိုး အချင်းချင်းကျင့်သော ကဏ္ဍကသာမဏေ အရပ်မျက်နှာ ကျဉ်းမြောင်းခြင်း ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း ရာဟုလာ မင်းသား ရှင်ပြုခြင်း ခမည်းတော် တောင်းပန်ခြင်း ဆယ်ပါးသော သိက္ခာပုဒ်ကို ခွင့်ပြုတော်မူခြင်း မရိုမသေနေကြခြင်း အသို့ဒဏ်ပေးရပါမည်နည်း ဟု ကြံစည်ခြင်း ဥပဇ္ဈာယ်တို့အား ချမ်းသာစွာ နေခြင်းကို ပြဆိုခြင်း သူတပါးတို့၏ တပည့်တို့ကို ဖြားယောင်း ခြင်း ဘိက္ခုနီမကို ဖျက်ဆီးသော ကဏ္ဍကသာမဏေ။

ပဏ္ဍုက် ထေယျသံဝါသက တိတ္ထိယပက္ကန္တက နဂါး အမိကို သတ်သူ အဖကို သတ်သူ ရဟန္တာ ကို သတ်သူ ဘိက္ခုနီမကို ဖျက်ဆီးသူ ဘုရားကို သွေးစိမ်းတည်စေသူ ဥဘတောဗျည်း ဥပဇ္ဈာယ် မရှိပဲ ပဉ္စင်းခံခြင်း သံဃာကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံခြင်း ဂိုဏ်းကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံခြင်း ပဏ္ဍုက်ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံခြင်း သပိတ်မရှိသောသူကို ပဉ္စင်းခံခြင်း သင်္ကန်းမရှိသောသူကို ပဉ္စင်းခံခြင်း သပိတ် သင်္ကန်း နှစ်ပါးစုံ မရှိသော သူကို ပဉ္စင်းခံခြင်း ငှါးရမ်းသော သပိတ်သင်္ကန်း ဖြင့် ပဉ္စင်းခံသူ သုံးယောက်။

လက်ပြတ်သောသူ ခြေပြတ်သောသူ လက်ခြေနှစ်ပါးစုံ ပြတ်သောသူ နားပြတ်သောသူ နှာခေါင်းပြတ်သောသူ နား နှာခေါင်း နှစ်ပါးစုံ ပြတ်သောသူ လက်ချောင်း ခြေချောင်း ပြတ်သောသူ လက်မ ခြေမ ပြတ်သောသူ ကြောမ ပြတ်သောသူ လက်ချောင်း ပူးနေသောသူ ကုန်းသောသူ ကွသောသူ လည်ပင်းကြီးနာရှိသောသူ သံပူကပ်၍ မှတ်အပ်သောသူ ကြိမ်ဒဏ် အပြစ်ပေးခံရသူ ကြော်ငြာထုတ်ခြင်းခံရသူ ခြေထိုင်းသူ အနာဆိုး စွဲကပ်သူ ပရိသတ်ကို ဖျက်ဆီး တတ်သောသူ တဖက်ကန်းသောသူ လက်ခြေကောက်သောသူ ခြေခွင်သောသူ တခြမ်းသေ သောသူ ဆွံ့သောသူ 'ဣရိယာပုထ် ပြတ်သောသူ' အိုမင်းမစွမ်းသောသူ နှစ်ဖက်ကန်းသောသူ အသောသူ နားပင်းသောသူ ကန်း၍ အသောသူ ကန်း၍ နားပင်းသောသူ အ၍ နားပင်းသော သူ ကန်းအ နားပင်းသောသူကို ပဉ္စင်းမခံအပ် ဟု မိန့်တော်မူသောအကြောင်း အလဇ္ဇီရဟန်းတို့ အား နိဿရည်း ပေးသောအကြောင်း။

ဆရာကို မှီ၍ နေအပ်ကြောင်း ခရီးရှည်သွားသောရဟန်း နိဿရည်းမယူပဲနေနိုင်ကြောင်း သူနာတောင်းပန်သဖြင့် သူနာကို လုပ်ကျွေးရသော ရဟန်း နိဿရည်း မယူပဲ နေနိုင်ကြောင်း လာလတ္တံ့သော ဆရာကို ငံ့လင့်လျက် နိဿရည်း မယူပဲ နေနိုင်ကြောင်းကိုလည်း ဟောတော်

http://www.dhammadownload.com



မူ၏၊ ပဋ္ဌင်းလောင်း နှစ်ယောက် ငြင်းခုံကြောင်း ဥပဇ္ဈာယ်တယောက်ဖြင့်သာ ပဋ္ဌင်းခံအပ်ခြင်း အချင်ကုမာရကဿပ အသက်နှစ်ဆယ်ကို ပဋိသန္ဓေရက်ပါ ယူ၍ ပဋ္ဌင်းခံကြောင်း ပဋ္ဌင်းခံပြီးသော ရဟန်းတို့သည် ငါးပါးသော အနာတို့ဖြင့် နှိပ်စက်အပ်သည်ကို တွေ့မြင်၍ ဆုံးမ စစ်ဆေး မေးမြန်းအပ်ကြောင်း ပဋ္ဌင်းလောင်းများကို ဆုံးမ စစ်ဆေး မေးမြန်းသောအခါ ရှုံတိုး ရှုံတွန့်ရှိသော အကြောင်း မျက်ကွယ်၌ ဆုံးမ စစ်ဆေး မေးမြန်းရန် ခွင့်ပြုတော်မူကြောင်း သံဃာသည်ငှင်း ဝိနည်းကို မသိသော ရဟန်းသည်ငှင်း သမ္မုတိမရသော ရဟန်းသည်ငှင်း ဆုံးမကြသော အကြောင်း ဆုံးမသော ဆရာနှင့် ပဋ္ဌင်းလောင်း အတူ သံဃာ့ထံသို့ မလာအပ်သော အကြောင်း ပဋ္ဌင်းခံပေးပါ ဟု တောင်းပန်အပ်သော အကြောင်း ဉတ္တိစတုတ္ထကံဖြင့် ပဋ္ဌင်းခံအပ်ကြောင်း မှီရာ နိဿယ လေးပါးကို ပြောကြားအပ်ကြောင်း တပြိုင်နက် ပဋ္ဌင်းလောင်း သုံးယောက်ကို ပဋ္ဌင်းခံအပ်ကြောင်း ဤဆိုအပ်ခဲ့ပြီးသည် ကား အကျဉ်းချုပ်တည်း။

ဤမဟာခန္ဓက၌ ဝတ္ထုပေါင်း တရာ့ခုနစ်ဆယ့်နှစ်ပါး ရှိ၏။

**မဟာခန္ဓက ပြီး၏။**

http://www.dhammadownload.com

http://www.dhammadownload.com

# ၂-ဥပေါသထကန္တက

## ၆၈-စည်းဝေးရန် ခွင့်ပြုခြင်း

၁၃၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ ဆီတင်းသုံး နေတော်မူသောအခါ (သာသနာတော်မှ) တပါးသော အယူရှိသည့် တိတ္ထိပရိဗိုဇ်တို့သည် တဆယ့် လေးရက်နေ့၌၎င်း တဆယ့်ငါးရက်နေ့၌၎င်း လဆန်း ရှစ်ရက် လဆုတ် ရှစ်ရက်နေ့တို့၌၎င်း စည်းဝေး၍ တရားပြောဟောကုန်၏။

ထိုပရိဗိုဇ်တို့ အထံသို့ လူတို့သည် တရားနာခြင်းငှါ ချဉ်းကပ်ကုန်၏၊ ထိုလူတို့သည် (သာသနာ တော်မှ) တပါးသော အယူရှိသည့် တိတ္ထိပရိဗိုဇ်တို့၌ ချစ်ခင်ကုန်၏၊ ကြည်ညိုကုန်၏၊ (သာသနာတော် မှ) တပါးသော အယူရှိသည့် တိတ္ထိပရိဗိုဇ်တို့သည် အသင်းအပင်းကို ရကုန်၏။

ထိုအခါ မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းကြီးသည် ဆိတ်ငြိမ်ရာ အရပ်သို့ ကပ် လျက် တိတ်ဆိတ်စွာ နေစဉ် "ယခုအခါ (သာသနာတော်မှ) တပါးသော အယူရှိသည့် တိတ္ထိ ပရိဗိုဇ်တို့သည် တဆယ့်လေးရက်နေ့၌၎င်း တဆယ့်ငါးရက်နေ့၌၎င်း လဆန်းရှစ်ရက် လဆုတ်ရှစ်ရက် နေ့တို့၌၎င်း စည်းဝေး၍ တရားပြောဟောကုန်၏။ ထိုပရိဗိုဇ်တို့ အထံသို့ လူတို့သည် တရားနာခြင်းငှါ ချဉ်းကပ်ကုန်၏၊ ထိုလူတို့သည် (သာသနာတော်မှ) တပါးသော အယူရှိသည့် ပရိဗိုဇ်တို့၌ ချစ်ခင် ကုန်၏၊ ကြည်ညိုကုန်၏၊ (သာသနာတော်မှ) တပါးသော အယူရှိသည့် တိတ္ထိပရိဗိုဇ်တို့သည် အသင်း အပင်းကို ရကုန်၏၊ အကယ်၍ အသျှင်ကောင်းတို့သည်လည်း တဆယ့်လေးရက်နေ့၌၎င်း တဆယ့် ငါးရက်နေ့၌၎င်း လဆန်း ရှစ်ရက် လဆုတ် ရှစ်ရက်နေ့တို့၌၎င်း စည်းဝေးပါကုန်မူ ကောင်းလေစွ" ဟု စိတ်အကြံဖြစ်၏။

ထို့နောက် မဂဓတိုင်းရှင် သေနိယမည်သောဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ် ပြီးနောက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ကာ "အသျှင်ဘုရား ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်လျက် တိတ်ဆိတ်စွာ နေသော အကျွန်ုပ်အား 'ယခုအခါ (သာသနာတော်မှ) တပါး သော အယူရှိသည့် ပရိဗိုဇ်တို့သည် တဆယ့်လေးရက်နေ့၌၎င်း တဆယ့်ငါးရက် နေ့၌၎င်း လဆန်း ရှစ်ရက် လဆုတ်ရှစ်ရက်နေ့တို့၌၎င်း စည်းဝေး၍ တရား ပြောဟောကြပါသည်၊ ထိုပရိဗိုဇ်တို့ အထံသို့ လူတို့သည် တရားနာခြင်းငှါ ချဉ်းကပ်ကြပါသည်၊ ထိုလူတို့သည် (သာသနာတော်မှ) တပါးသော အယူရှိသည့် တိတ္ထိပရိဗိုဇ်တို့၌ ချစ်ခင်ကြပါသည်၊ ကြည်ညိုကြပါသည်၊ (သာသနာတော်မှ) တပါး သော အယူရှိသည့် တိတ္ထိပရိဗိုဇ်တို့သည် အသင်းအပင်းကို ရကြပါသည်။ အသျှင်ကောင်းတို့သည် လည်း တဆယ့်လေးရက်နေ့၌၎င်း တဆယ့်ငါးရက်နေ့၌၎င်း လဆန်းရှစ်ရက် လဆုတ်ရှစ်ရက် နေ့တို့၌ ၎င်း စည်းဝေးပါကုန်မူ ကောင်းလေစွ' ဟု စိတ်အကြံ ဖြစ်ပါ၏။

အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်ကောင်းတို့သည်လည်း တဆယ့်လေးရက်နေ့၌၎င်း တဆယ့်ငါးရက် နေ့၌၎င်း လဆန်းရှစ်ရက် လဆုတ်ရှစ်ရက် နေ့တို့၌၎င်း စည်းဝေးတော် မူပါကုန်လော့" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရ မင်းကြီးအား (အကျိုး စီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ(တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်း

http://www.dhammadownload.com



စေတော်မူ၏။ ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရ မင်းကြီးသည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရား ကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် နေရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေ ပြုကာဖဲခွါသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ တဆယ့်လေးရက် နေ့၌ရှင်း တဆယ့်ငါးရက် နေ့၌ရှင်း လဆန်းရှစ်ရက် လဆုတ် ရှစ်ရက်နေ့တို့၌ရှင်း စည်းဝေးစိမ့်သောငှါ ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားက "တဆယ့်လေးရက် နေ့၌ရှင်း တဆယ့်ငါးရက် နေ့၌ရှင်း လဆန်းရှစ်ရက် လဆုတ်ရှစ်ရက် နေ့တို့၌ရှင်း စည်းဝေး စိမ့်သောငှါ ခွင့်ပြုတော်မူ၏" ဟု (နှလုံးပိုက် ကာ) တဆယ့်လေးရက် နေ့၌ရှင်း တဆယ့်ငါးရက် နေ့၌ရှင်း လဆန်းရှစ်ရက် လဆုတ်ရှစ်ရက် နေ့တို့၌ ရှင်း စည်းဝေးပြီးလျှင် ဆိတ်ဆိတ်နေကုန်၏။ ထိုရဟန်းတို့ အထံသို့ လူတို့သည် တရားနာခြင်းငှါ ချဉ်းကပ်ကုန်၏၊ ထိုလူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် တဆယ့်လေးရက် နေ့၌ရှင်း တဆယ့်ငါးရက် နေ့၌ရှင်း လဆန်းရှစ်ရက် လဆုတ်ရှစ်ရက် နေ့တို့၌ရှင်း စည်းဝေးပြီးလျှင် အသော ဝက်တို့ကဲ့သို့ ဆိတ်ဆိတ်နေကုန်ဘိသနည်း၊ စည်းဝေးသော သူတို့မည်သည် တရားစကားကို ဟောသင့်သည် မဟုတ်ပါလော" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ထိုလူတို့၏ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော စကားကို ကြားကြသည်သာ တည်း။ ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ တဆယ့်လေးရက် နေ့၌ရှင်း တဆယ့်ငါးရက် နေ့၌ရှင်း လဆန်းရှစ်ရက် လဆုတ် ရှစ်ရက်နေ့တို့၌ရှင်း စည်းဝေးပြီးလျှင် တရားဟောခြင်းငှါ ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

## ၆၉-ပါတိမောက်ပြရန် ခွင့်ပြုခြင်း

၁၃၃။ ထိုအခါ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် တိတ်ဆိတ်စွာ နေတော်မူသော မြတ်စွာဘုရား အား—

"ငါသည် ရဟန်းတို့အတွက် ပညတ်ထားသော သိက္ခာပုဒ်တို့ကို ရဟန်းတို့အား ပါတိမောက် ပြစေခြင်းငှါ ခွင့်ပြုရမူ ကောင်းလေရာ၏၊ ထိုပါတိမောက် ပြခြင်းသည် ထိုရဟန်းတို့အား ဥပုသ် ကံ မည်သည် ဖြစ်လတ္တံ့" ဟု အကြံဖြစ်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ညချမ်းအခါ တိတ်ဆိတ်စွာ နေတော်မူရာမှ ထတော်မူပြီးလျှင် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ ဆိတ်ငြိမ်ရာသို့ ကပ်လျက် တိတ်ဆိတ်စွာ နေသော ငါအား ငါသည် ရဟန်းတို့အတွက် ပညတ်ထားသော သိက္ခာပုဒ်တို့ကို ရဟန်းတို့အား ပါတိမောက်ပြစေခြင်းငှါ ခွင့်ပြုရမူ ကောင်းလေရာ၏၊ ထိုပါတိမောက် ပြခြင်းသည်လည်း ရဟန်းတို့အား ဥပုသ်ကံ မည်သည် ဖြစ်လတ္တံ့" ဟု အကြံဖြစ်၏ ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



ရဟန်းတို့ ပါတိမောက် ပြစိမ့်သောငှါ ခွင့်ပြု၏။ ရဟန်းတို့ ဤသို့ ပြရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၃၄။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို) နာတော်မူလော့၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဥပုသ်ကို ပြုရာ၏၊ ပါတိမောက်ကို ပြရာ၏။ သံဃာသည် ရှေ့ဦးစွာ ပြုအပ်သော ပုဗ္ဗကိစ္စကိုးပါးကို ပြုပြီးပြီလော၊ အသျှင်ဘုရားတို့ (အာပတ်မှ) စင်ကြယ်သည်၏ အဖြစ်ကို ပြောကြားကြကုန်လော့၊ ပါတိမောက်ကို ပြပေအံ့၊ ထို ပါတိမောက်ကို အလုံးစုံသာလျှင် သူတော်ကောင်း ဖြစ်ကုန်သော ငါတို့သည် ကောင်းစွာ နာကုန်အံ့၊ နှလုံးသွင်းကုန်အံ့။ အကြင်ရဟန်းအား အာပတ်ရှိသည်ဖြစ်ငြားအံ့၊ ထိုရဟန်းသည် ထင်စွာ ပြုရာ၏၊ အာပတ် မရှိပါမူ ဆိတ်ဆိတ်နေရာ၏၊ ဆိတ်ဆိတ်နေသဖြင့် အသျှင်တို့ကို အာပတ်မှ စင်ကြယ်ကုန်၏ ဟူ၍ သိရ၏။ ဥပမာအားဖြင့် အသီးအသီး အမေးခံရသူ၏ ဖြေကြားခြင်းကဲ့သို့ ဤအတူသာလျှင် ဤသို့ သဘောရှိသော ပရိသတ်၌ သုံးကြိမ်တိုင်အောင် အဖန်ဖန် မေးစိစစ်အပ်၏၊ သုံးကြိမ်တိုင်အောင် အဖန်ဖန် ပြောကြားအပ်သည် ဖြစ်ပါလျက် မိမိ၌ ထင်ရှားရှိသော အာပတ်ကို ထင်စွာ မပြုငြားအံ့၊ ထိုရဟန်းအား သိလျက် ချွတ်ယွင်းသော စကားကို ဆိုခြင်းကြောင့် မုသာဝါဒ ဖြစ်၏။ အသျှင်တို့ သိလျက် ချွတ်ယွင်းသော စကားကို ဆိုခြင်းကို (ဈာန် မဂ် ဖိုလ်၏) အန္တရာယ်ကို ပြုတတ်သော တရားဟူ၍ မြတ်စွာဘုရား ဟောတော် မူအပ်၏၊ ထို့ကြောင့် အာပတ် သင့်သော ရဟန်းသည် (အာပတ်ကို) အမှတ်ရသဖြင့် စင်ကြယ်ခြင်းကို အလိုရှိလျှင် ထင်ရှားရှိသော အာပတ်ကို ထင်စွာ ပြုရမည်၊ ထင်စွာ ပြုခြင်းကြောင့် ထိုရဟန်းအား ချမ်းသာ၏" ဟု (သိစေရမည်)။

## ပါတိမောက်ပြရန်ခွင့်ပြုခြင်း အဖွင့်

၁၃၅။ **ပါတိမောက်** ဟူသည် ဤပါတိမောက္ခသံဝရသီလသည် ကုသိုလ် တရားတို့၏ အစဖြစ်၏၊ ဤပါတိမောက္ခသံဝရသီလသည် ကုသိုလ် တရားတို့၏ ရှေ့သွားဖြစ်၏၊ ဤပါတိမောက္ခသံဝရသီလသည် ကုသိုလ်တရားတို့၏ ရှေ့ဆောင် ဦးစီး အကြီးအမှူးဖြစ်၏၊ ထို့ကြောင့် "ပါတိမောက်" ဟု ဆိုအပ်၏။

**အသျှင်ဘုရားတို့** ဟူသော ဤစကားသည် ချစ်ဖွယ်ပြောသော စကားဖြစ်၏၊ ဤစကားသည် အလေးအမြတ်ပြု၍ ပြောသော စကားဖြစ်၏။ အသျှင်တို့ ဟူသော စကားသည် ရိုသေခြင်း နှိမ့်ချခြင်း တုံ့ဝပ်ခြင်းနှင့်တကွ ပြောသော စကားတည်း။

**ပြပေအံ့** ဟူသည် ပြောကြားပေအံ့၊ ဟောပေအံ့၊ ပညတ်ပေအံ့၊ ထားပေအံ့၊ ဖွင့်ပေအံ့၊ ဝေဖန်ပေအံ့၊ ပေါ်အောင် ပြုပေအံ့၊ ထင်ရှားအောင် ပြပေအံ့၊

**ထို** ဟူသည် ပါတိမောက်ကို ဆိုလို၏။

**အလုံးစုံသာလျှင် သူတော်ကောင်းဖြစ်ကုန်သော** ဟူသည် ထိုပရိသတ်၌ အကြင်မျှလောက်သော မထေရ်ကြီးဖြစ်သော ရဟန်းတို့သည်၎င်း မထေရ်ငယ်ဖြစ်သော ရဟန်းတို့သည်၎င်း မထေရ်လတ်ဖြစ်သော ရဟန်းတို့သည်၎င်း ရှိကုန်၏၊ ထိုရဟန်းတို့ကို "အလုံးစုံသာလျှင် သူတော်ကောင်းဖြစ်ကုန်သော" ဟု ဆိုလို၏။

**ကောင်းစွာ နာကုန်အံ့** ဟူသည် အရိုအသေပြု၍ နှလုံးသွင်းကာ အလုံးစုံကို စိတ်ဖြင့် ကောင်းစွာ ဆောင်ကုန်အံ့ ဟု ဆိုလို၏။

http://www.dhammadownload.com



**နှလုံးသွင်းကုန်အံ့** ဟူသည် တခုတည်းသော စိတ်ရှိကုန်သည် မပျံ့လွင့်သော စိတ်ရှိကုန်သည် မပင်ပန်းသော စိတ် ရှိကုန်သည်ဖြစ်၍ နာကုန်အံ့ ဟု ဆိုလို၏။

**အကြင်ရဟန်းအား အာပတ်ရှိသည်ဖြစ်ငြားအံ့** ဟူသည် မထေရ်ကြီးဖြစ်သော ရဟန်းအားသော်၎င်း မထေရ်ငယ်ဖြစ်သော ရဟန်းအားသော်၎င်း မထေရ်လတ်ဖြစ်သော ရဟန်းအားသော်၎င်း ငါးပါးသော အာပတ်အစုတို့တွင် တပါးပါးသော အာပတ်သော်၎င်း ခုနစ်ပါးသော အာပတ် အစုတို့တွင် တပါးပါးသော အာပတ်သော်၎င်း ရှိသည် ဖြစ်ငြားအံ့။

**ထိုရဟန်းသည် ထင်စွာပြုရာ၏** ဟူသည် သံဃာ့အလယ်၌သော်၎င်း ဂိုဏ်းအလယ်၌သော်၎င်း တပါးသော ပုဂ္ဂိုလ်၏ အထံ၌သော်၎င်း ထိုရဟန်းသည် ပြောကြားရာ၏၊ ထိုရဟန်းသည် ဖွင့်၍ ပြောရာ၏၊ ထိုရဟန်းသည် ထင်ရှားပေါ်လွင်အောင် ပြုရာ၏၊ ထိုရဟန်းသည် ထင်ရှားအောင် ပြုရာ၏။

**အာပတ်မရှိ** မည်သည် အာပတ်သို့ မရောက်သည်၎င်း အာပတ်သင့်ပြီး၍ ထိုအာပတ်မှ ထမြောက်သည်၎င်း ဖြစ်၏။

**ဆိတ်ဆိတ်နေရာ၏** ဟူသည် သည်းခံ၍ နေရမည်၊ မပြောဆိုရ။

**အာပတ်မှ စင်ကြယ်ကုန်၏ ဟူ၍ သိရ၏** ဟူသည် သိရ၏ မှတ်ရ၏။

**ဥပမာအားဖြင့် အသီးအသီး အမေးခံရသူ၏ ဖြေကြားခြင်းကဲ့သို့** ဟူသည် ဥပမာအားဖြင့် တယောက်သောသူသည် တယောက်သောသူကို မေးအပ်သည်ရှိသော် ဖြေကြားရာသကဲ့သို့ ဤအတူ သာလျှင် ထိုပရိသတ်သည် "ငါ့ကို မေး၏" ဟု သိရမည် ဟု ဆိုလို၏။

**ဤသို့ သဘောရှိသောပရိသတ်** ဟူသည် ရဟန်းပရိသတ်ကို ဆိုလို၏။

**သုံးကြိမ်တိုင်အောင် အဖန်ဖန် မေးစိစစ်အပ်၏** ဟူသည် တကြိမ်လည်းပြောကြားအပ်၏၊ နှစ်ကြိမ်မြောက်လည်း ပြောကြားအပ်၏၊ သုံးကြိမ်မြောက်လည်း ပြောကြားအပ်၏။

**သိလျက်** ဟူသည် သိသည် ဖြစ်ပါလျက် ကောင်းစွာ သိသည် ဖြစ်ပါလျက်။

**ထင်ရှားရှိသော အာပတ်** မည်သည် အာပတ်သို့ရောက်သည်လည်း ဖြစ်၏၊ အာပတ်သင့်ပြီး၍လည်း ထိုအာပတ်မှ မထသေး။

**ထင်စွာမပြုငြားအံ့** ဟူသည် သံဃာ့အလယ်၌သော်၎င်း ဂိုဏ်းအလယ်၌သော်၎င်း တပါးသော ပုဂ္ဂိုလ်အထံ၌သော်၎င်း မကြားငြားအံ့၊ မဖွင့်ပြငြားအံ့၊ ထင်ရှားပေါ်လွင်အောင် မပြုငြားအံ့၊ ထင်ရှားအောင် မပြုငြားအံ့။

**ထိုရဟန်းအား သိလျက် ချွတ်ယွင်းသော စကားကို ဆိုခြင်းကြောင့် မုသာဝါဒ ဖြစ်၏** ဟူသည် သိလျက် ချွတ်ယွင်းသော စကားကို ဆိုခြင်းကြောင့် အဘယ်အာပတ် သင့်သနည်း၊ ဒုက္ကဋ် အာပတ် သင့်၏။

**အန္တရာယ်ကို ပြုတတ်သော တရားဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူအပ်၏** ဟူရာ၌ အဘယ်၏ အန္တရာယ်နည်း ဟူမူ ပဌမစျာန်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ဒုတိယစျာန်ကိုရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ တတိယစျာန်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ စတုတ္ထစျာန်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ စျာန်မဂ် သမာဓိ သမာပတ် နေက္ခမ္မ နိဿရဏ ပဝိဝေက ဟု ဆိုအပ်သော

http://www.dhammadownload.com



ကုသိုလ်တရားတို့ကို ရခြင်း၏ **အန္တရာယ်ကို ပြုတတ်၏**။

**ထို့ကြောင့်** ဟူသည် ထိုအကြောင်းကြောင့်။

**အမှတ်ရသဖြင့်** ဟူသည် သိသဖြင့် ကောင်းစွာ သိသဖြင့်။

**စင်ကြယ်ခြင်းကို အလိုရှိလျှင်** ဟူသည် အာပတ်မှ ထခြင်းကို အလိုရှိလျှင် စင်ကြယ်ခြင်းကို အလိုရှိလျှင်။

**ထင်ရှားရှိသော အာပတ်** မည်သည် အာပတ်သို့ ရောက်သည်သော်၎င်း အာပတ်သို့ ရောက်ပြီး၍ မထအပ်သေးသည်သော်၎င်း ဖြစ်၏။

**ထင်စွာပြုရမည်** ဟူသည် သံဃာ့အလယ်၌သော်၎င်း ဂိုဏ်းအလယ်၌သော်၎င်း တပါးသော ပုဂ္ဂိုလ်၏ အထံ၌သော်၎င်း ထင်ရှားအောင် ပြုရမည်။

**ထင်စွာပြုခြင်းကြောင့် ထိုရဟန်းအား ချမ်းသာ၏** ဟူရာ၌ ထိုရဟန်းအား အဘယ်သို့သော ချမ်းသာ ဖြစ်သနည်းဟူမူ ပဌမစျာန်ကိုရခြင်းငှါ ချမ်းသာ၏၊ ဒုတိယစျာန်ကိုရခြင်းငှါ ချမ်းသာ၏၊ တတိယစျာန်ကို ရခြင်းငှါ ချမ်းသာ၏၊ စတုတ္ထစျာန်ကို ရခြင်းငှါ ချမ်းသာ၏၊ စျာန် မဂ် သမာဓိ သမာပတ် နေက္ခမ္မ နိဿရဏ ပဝိဝေက ဟု ဆိုအပ်သော ကုသိုလ်တရားတို့ကို ရခြင်းငှါ ချမ်းသာ၏။

၁၃၆။ တခါရောအခါ ရဟန်းတို့သည် "မြတ်စွာဘုရားသည် ပါတိမောက်ပြခြင်းကို ခွင့်ပြုတော်မူ၏" ဟု နေ့စဉ် နေ့တိုင်း ပါတိမောက် ပြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နေ့စဉ် နေ့တိုင်း ပါတိမောက်ကို မပြအပ်၊ ပြသော ထိုရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏။ "ရဟန်းတို့ ဥပုသ်နေ့၌ ပါတိမောက်ပြခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် "မြတ်စွာဘုရားသည် ဥပုသ်နေ့၌ ပါတိမောက် ပြခြင်းကို ခွင့်ပြုတော်မူ၏" ဟု ပက္ခ၏ တဆယ့်လေးရက်နေ့၌၎င်း တဆယ့်ငါးရက်နေ့၌၎င်း ရှစ်ရက်နေ့၌၎င်း တပက္ခလျှင် သုံးကြိမ် ပါတိမောက် ပြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တပက္ခ၌ သုံးကြိမ် ပါတိမောက် မပြအပ်၊ ပြသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ "ရဟန်းတို့ တဆယ့်လေးရက်နေ့၌၎င်း တဆယ့်ငါးရက်နေ့၌၎င်း တပက္ခလျှင် ပါတိမောက်ကို တကြိမ်သာ ပြခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

တခါရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မိမိ မိမိတို့၏ ပရိသတ်ဖြင့် ပရိသတ် ရှိသလောက် ပါတိမောက် ပြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မိမိ မိမိတို့၏ ပရိသတ်ဖြင့် ပရိသတ်ရှိသလောက် ပါတိမောက်ကို မပြအပ်၊ ပြသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ "ရဟန်းတို့ ညီညွတ်သော ရဟန်းတို့အတွက် ဥပုသ်ကံကို ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထို့နောက် ရဟန်းတို့အား "မြတ်စွာဘုရားသည် 'ညီညွတ်သော ရဟန်းတို့အတွက် ဥပုသ်ကံကို ပညတ်တော်မူ၏'၊ အဘယ်မျှသော ရဟန်းတို့သည် ညီညွတ်ခြင်း 'သာမဂ္ဂီ' ဖြစ်သနည်း၊ တကျောင်းထည်းနေ ရဟန်းတို့သည် ညီညွတ်ခြင်း ဖြစ်လေသလော၊ သို့မဟုတ် မြေပြင်ရှိ ရဟန်းအားလုံးတို့သည် ညီညွတ်ခြင်း ဖြစ်လေသလော" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အဘူနေသမျှ ရဟန်းတို့ကို ညီညွတ်ခြင်း 'သာမဂ္ဂီ' ဟု ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၇၀-မဟာကပ္ပိန ဝတ္ထု

၁၃၇။ တရံရောအခါ အသျှင်မဟာကပ္ပိနသည် ရာဇဂြိုဟ်ပြည် မဒ္ဒကုစ္ဆိသမင်တော၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဆိတ်ငြိမ်ရာသို့ ကပ်လျက် တိတ်ဆိတ်စွာနေသော အသျှင်မဟာကပ္ပိနအား "ငါသည် ဥပုသ်ပြုရာသို့ သွားရအံ့လော၊ မသွားပဲ နေရအံ့လော၊ သံဃာ့ကံ ပြုရာသို့ သွားရအံ့လော၊ မသွားပဲ နေရအံ့လော။ စင်စစ် ငါသည်ကား လွန်ကဲသော စင်ကြယ်ခြင်းဖြင့် စင်ကြယ်သူပေတည်း" ဟု စိတ်အကြံ ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်မဟာကပ္ပိန၏ စိတ်အကြံကို ကိုယ်တော်၏ စိတ်ဖြင့် သိတော်မူ၍ အားရှိသော ယောကျ်ားသည် ကွေးသောလက်မောင်းကို ဆန့်သကဲ့သို့၎င်း ဆန့်သောလက်မောင်းကို ကွေးသကဲ့သို့၎င်း ဤအတူသာလျှင် ဂိဇ္ဈကုဋ်တောင်မှ ကွယ်ခဲ့၍ မဒ္ဒကုစ္ဆိ သမင်တော အသျှင်မဟာကပ္ပိန၏ မျက်မှောက်၌ ထင်ရှားဖြစ်၏၊ မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။ အသျှင်မဟာကပ္ပိနသည် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်လေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်မဟာကပ္ပိနကို မြတ်စွာဘုရားသည် "ကပ္ပိန ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်လျက် တိတ်ဆိတ်စွာ နေသော သင့်အား ငါသည် ဥပုသ်ပြုရာသို့ သွားရအံ့လော၊ မသွားပဲ နေရအံ့လော၊ သံဃာ့ကံ ပြုရာသို့ သွားရအံ့လော၊ မသွားပဲ နေရအံ့လော၊ စင်စစ် ငါသည်ကား လွန်ကဲသော စင်ကြယ်ခြင်းဖြင့် စင်ကြယ်သော သူပေတည်း" ဟု စိတ်အကြံ ဖြစ်သည် မဟုတ်လော ဟူ၍ မိန့်တော်မူ၏။ အသျှင်ဘုရား ဤအတိုင်း အကြံ ဖြစ်သည် မှန်ပါ၏ ဟု (လျှောက်၏)။ မကောင်းမှုမှ အပပြုပြီးသော သင်တို့သည် အကယ်၍ ဥပုသ်ကို အရိုအသေ မပြုကုန်အံ့၊ အလေးအမြတ် မပြုကုန်အံ့၊ မမြတ်နိုးကုန်အံ့၊ မပူဇော်ကုန်အံ့၊ သို့ဖြစ်လျှင် အဘယ်သူသည် ဥပုသ်ကို အရိုအသေ ပြုလတ္တံ့နည်း၊ အလေးအမြတ် ပြုလတ္တံ့နည်း၊ မြတ်နိုးလတ္တံ့နည်း၊ ပူဇော်လတ္တံ့နည်း၊ မကောင်းမှုမှ အပပြုပြီးသော ရဟန်း သင်သည် ဥပုသ်ပြုရာသို့ သွားလော့၊ သံဃာ့ကံပြုရာသို့ သွားလော့၊ မသွားပဲ မနေလင့် ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်မဟာကပ္ပိနသည် မြတ်စွာဘုရားအား ဝန်ခံလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် အသျှင်မဟာကပ္ပိနကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတော်မူပြီးလျှင် အားရှိသော ယောကျ်ားသည် ကွေးသော လက်မောင်းကို ဆန့်သကဲ့သို့ ဆန့်သော လက်မောင်းကို ကွေးသကဲ့သို့ ဤအတူသာလျှင် မဒ္ဒကုစ္ဆိ သမင်တော အသျှင်မဟာကပ္ပိန၏ မျက်မှောက်မှ ကွယ်ခဲ့၍ ဂိဇ္ဈကုဋ်တောင်၌ ထင်ရှားဖြစ်တော်မူ၏။

## ၇၁-သိမ်ခွင့်ပြုတော်မူခြင်း

၁၃၈။ တရံရောအခါ ရဟန်းတို့အား "မြတ်စွာဘုရားသည် အတူနေသမျှ ရဟန်းတို့ကို ညီညွတ်ခြင်း 'သာမဂ္ဂီ' ဟု ပညတ်တော်မူ၏၊ အဘယ်မျှလောက်တို့သည် အတူနေဖြစ်သနည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သိမ်ကို သမုတ်ခြင်းငှါ ခွင့်ပြု၏။ ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ရှေးဦးစွာ နိမိတ်တို့ကို ကြားရမည်၊ တောင်နိမိတ် ကျောက်နိမိတ် တောနိမိတ် သစ်ပင်နိမိတ် ခရီးနိမိတ် တောင်ပို့

http://www.dhammadownload.com



နိမိတ် မြစ်နိမိတ် ရေနိမိတ်တို့ကို ကြားရမည်။ နိမိတ်တို့ကို ပြောကြားပြီးနောက် ကျမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၃၉။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ထက်ဝန်းကျင်မှ နိမိတ်တို့ကို ပြောကြားအပ်ပါပြီ၊ အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤနိမိတ်တို့ဖြင့် အတူနေ အတူ ဥပုသ်ပြုရာ ဖြစ်သော သိမ်ကို သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ထက်ဝန်းကျင်မှ နိမိတ်တို့ကို ပြောကြားအပ်ပါပြီ၊ သံဃာသည် ဤနိမိတ်တို့ဖြင့် အတူနေ အတူဥပုသ်ပြုရာ ဖြစ်သော သိမ်ကို သမုတ်၏၊ ဤနိမိတ်တို့ဖြင့် အတူနေ အတူဥပုသ်ပြုရာ ဖြစ်သော သိမ်သမုတ်ခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤနိမိတ်တို့ဖြင့် အတူနေ အတူဥပုသ်ပြုရာ ဖြစ်သော သိမ်ကို သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

၁၄၀။ တစ်ရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် "မြတ်စွာဘုရားသည် သိမ်သမုတ်ခြင်းကို ခွင့်ပြုတော်မူ၏" ဟု လေးယူဇနာ ငါးယူဇနာ ခြောက်ယူဇနာ ရှိသော အလွန်ကြီးသော သိမ်တို့ကို သမုတ်ကုန်၏။ ရဟန်းတို့သည် ဥပုသ်ပြုရာသို့ လာသည်ရှိသော် ပါတိမောက်ကို ပြစဉ်လည်း ရောက်လာကုန်၏၊ ပြပြီးကာမျှ၌လည်း ရောက်လာကုန်၏၊ ဥပုသ်ပြုရာသို့ မရောက်မီ အကြား၌လည်း နေကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လေးယူဇနာ ငါးယူဇနာ ခြောက်ယူဇနာရှိသော အလွန်ကြီးသော သိမ်တို့ကို မသမုတ်အပ်၊ သမုတ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ "ရဟန်းတို့ အလွန်ဆုံး သုံးယူဇနာရှိသော သိမ်ကို သမုတ်ခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြစ်တဖက်ကမ်း၌ သိမ်ကို သမုတ်ကုန်၏။ ဥပုသ်ပြုရာသို့ လာသည်ရှိသော် ရဟန်းတို့သည်လည်း မျောကုန်၏၊ သပိတ်တို့သည်လည်း မျောကုန်၏၊ သင်္ကန်းတို့သည်လည်း မျောကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မြစ်တဖက်ကမ်း၌ သိမ်ကို မသမုတ်အပ်၊ သမုတ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ "ရဟန်းတို့ အကြင် အရပ်၌ အမြဲသွားသော လှေ အမြဲခင်းသော တံတား ရှိသော မြစ်တဖက်ကမ်း သိမ်ကို သမုတ်ခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

## ၇၂-ဥပုသ်အိမ်

၁၄၁။ တစ်ရံရောအခါ ရဟန်းတို့သည် ပရိဝုဏ်စဉ် အလိုက် (ပါတိမောက် ပြရာအရပ်ကို) မချိန်းချက်ပဲ ပါတိမောက် ပြကုန်၏။ ညှော်သည် ရဟန်းတို့သည် "ယနေ့ အဘယ်အရပ်၌ ဥပုသ်ကို ပြုရအံ့နည်း" ဟု မသိကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပရိဝုဏ်စဉ်အလိုက် (ပါတိမောက် ပြရာအရပ်ကို) မချိန်းချက်ပဲ ပါတိမောက်ကို မပြအပ်၊ ပြသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ သံဃာအလိုရှိသော နှစ်ဖက်စောင်း မိုးကျောင်း တဖက်စောင်းမိုးကျောင်း ပြာသာဒ် ပြာသာဒ်ဦးပြည်း ဂူတို့ကို ဥပုသ်အိမ်သမုတ်၍ ဥပုသ်ပြုခြင်းငှါ ခွင့်ပြု၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ကျောင်းကို ဥပုသ်အိမ် ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤမည်သော ကျောင်းကို ဥပုသ်အိမ်ဟု သမုတ်၏၊ ဤမည်သော ကျောင်းကို ဥပုသ်အိမ်ဟု သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ကျောင်းကို ဥပုသ်အိမ်ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ထိုအခါ (မဟာသိမ်အတွင်းရှိ) ကျောင်းတိုက်တခု၌ ဥပုသ်အိမ် နှစ်အိမ် သမုတ်ထားကြကုန်၏။ ရဟန်းတို့သည် "ဤဥပုသ်အိမ်၌ ဥပုသ်ပြုလတ္တံ့၊ ဤဥပုသ်အိမ်၌ ဥပုသ်ပြုလတ္တံ့" ဟု နှစ်ခုသော ဥပုသ်အိမ်၌ စည်းဝေးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တကျောင်းထည်း၌ ဥပုသ်အိမ် နှစ်အိမ် မသမုတ်အပ်၊ သမုတ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏၊ ရဟန်းတို့ ဥပုသ်အိမ် တခုကို နုတ်ပြီးလျှင် ဥပုသ်အိမ်တခု၌ ဥပုသ်ပြုခြင်းငှါ ခွင့်ပြု၏။

ရဟန်းတို့ ဤသို့ နုတ်ရမည်၊ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ဥပုသ်အိမ်ကို နုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤမည်သော ဥပုသ်အိမ်ကို နုတ်၏၊ ဤမည်သော ဥပုသ်အိမ်ကို နုတ်ခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ဥပုသ်အိမ်ကို နုတ်ပယ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

## ၇၃-ဥပုသ်အိမ်ဥပစာ ခွင့်ပြုတော်မူခြင်း

၁၄၂။ တရံရောအခါ (မဟာသိမ်အတွင်း) ကျောင်းတိုက်တခု၌ အလွန်သေးငယ်သော ဥပုသ်အိမ်ကို သမုတ်ထား၏၊ ထိုဥပုသ်နေ့၌ များစွာသော ရဟန်းသံဃာသည် စည်းဝေး၏။ ရဟန်းတို့သည် မသမုတ်အပ်သော မြေ၌ နေလျက် ပါတိမောက်ကို နာကုန်၏။ ထိုနောက် ထိုရဟန်းတို့အား "မြတ်စွာ

http://www.dhammadownload.com



ဘုရားသည် 'ဥပုသ်အိမ်ကို သမုတ်၍ ဥပုသ်ကို ပြုရမည်' ဟု ပညတ်တော်မူ၏၊ ငါတို့သည်ကား မသမုတ်အပ်သော မြေ၌ နေကုန်လျက် ပါတိမောက်ကို နာကုန်၏၊ ငါတို့သည် ဥပုသ်ကို ပြုသည်မည်သလော မမည်သလော" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ (ဥပေါသထာဂါရ) သမုတ်အပ်သော မြေ၌ဖြစ်စေ မသမုတ်အပ်သော မြေ၌ဖြစ်စေ နေသော ရဟန်းတို့သည် ပါတိမောက်ကို ကြားနာလျှင် ဥပုသ်ကို ပြုသည်ပင် မည်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် အလိုရှိသလောက် ကြီးသော ဥပုသ်အိမ်ဦး ဥပစာကို သမုတ်လော့။

ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ရှေးဦးစွာ နိမိတ်တို့ကို ကြားရမည်၊ နိမိတ်တို့ကို ကြားပြီးနောက် ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ထက်ဝန်းကျင်မှ နိမိတ်တို့ကို ကြားအပ်ပါပြီ၊ အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤနိမိတ်တို့ဖြင့် ဥပုသ်အိမ်ဦး ဥပစာကို သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ထက်ဝန်းကျင်မှ နိမိတ်တို့ကို ကြားအပ်ပါပြီ၊ သံဃာသည် ဤနိမိတ်တို့ဖြင့် ဥပုသ်အိမ်ဦး ဥပစာကို သမုတ်၏၊ ဤနိမိတ်တို့ဖြင့် ဥပုသ်အိမ်ဦး ဥပစာ သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤနိမိတ်တို့ဖြင့် ဥပုသ်အိမ်ဦး ဥပစာကို သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ထိုအခါ ကျောင်းတကျောင်း၌ ထိုဥပုသ်နေ့ဝယ် သီတင်းငယ် ဖြစ်သော ရဟန်းတို့သည် ရှေးဦးစွာ စည်းဝေးပြီးလျှင် "မထေရ်ကြီးတို့သည် မလာကြကုန်သေး" ဟု ဖဲခွါထွက်သွားကုန်၏၊ အချိန်လင့်မှ ဥပုသ်ပြုရ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ထိုဥပုသ်နေ့၌ မထေရ်ကြီး ဖြစ်သော ရဟန်းတို့သည် ရှေးဦးစွာ စည်းဝေးစိမ့်သောငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ရာဇဂြိုဟ်ပြည်၌ များစွာသော ကျောင်းတိုက်တို့သည် (မဟာသိမ်ဖြစ်၍) သိမ်တူကြကုန်၏။ ထိုကျောင်းတိုက်တို့၌ ရဟန်းတို့သည် "ငါတို့၏ ကျောင်းတိုက်၌ ဥပုသ် ပြုသင့်၏၊ ငါတို့၏ ကျောင်းတိုက်၌ ဥပုသ်ပြုသင့်၏" ဟု ငြင်းခုံကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဤရာဇဂြိုဟ်ပြည်၌ များစွာသော ကျောင်းတိုက်တို့သည် သိမ်တူကြကုန်၏၊ ထိုကျောင်းတိုက်တို့၌ ရဟန်းတို့သည် "ငါတို့၏ ကျောင်းတိုက်၌ ဥပုသ်ပြုသင့်၏၊ ငါတို့၏ ကျောင်းတိုက်၌ ဥပုသ်ပြုသင့်၏" ဟု ငြင်းခုံကြကုန်အံ့။ ရဟန်းတို့ သို့ဖြစ်လျှင် အလုံးစုံသော ရဟန်းတို့သည် တပေါင်းတည်း စည်းဝေးပြီးလျှင် ဥပုသ်ပြုရမည်။ သို့မဟုတ် မထေရ်ကြီး ဖြစ်သော ရဟန်း နေသည့်ကျောင်း၌ စည်းဝေးပြီးလျှင် ဥပုသ်ပြုရမည်၊ ဝဂ်ဖြစ်သော 'အစုကွဲသော' သံဃာသည် ဥပုသ် မပြုအပ်သည်သာတည်း၊ ပြုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၇၄-အဝိပ္ပဝါသသိမ် ခွင့်ပြုတော်မူခြင်း

၁၄၃။ တရံရောအခါ အသျှင်မဟာကဿပသည် အန္ဓကဝိန္ဒ မည်သော အရပ်မှ ရာဇဂြိုဟ်ပြည်သို့ ဥပုသ်ပြုရန် လာသည်ရှိသော် လမ်းခရီးအကြား၌ မြစ်ကို ကူးစဉ် အနည်းငယ် မျောပါသွားလေ၏၊ ထို့ကြောင့် ထိုအသျှင်မဟာကဿပ၏ သင်္ကန်းတို့သည် ရေစွတ်စိုကုန်၏။ ရဟန်းတို့သည် အသျှင်မဟာကဿပကို “ငါ့သျှင် အဘယ့်ကြောင့် သင်၏ သင်္ကန်းတို့သည် ရေစွတ်စိုကုန်သနည်း” ဟု မေးကြကုန်၏။ ငါ့သျှင်တို့ ငါသည် အန္ဓကဝိန္ဒ မည်သော အရပ်မှ ရာဇဂြိုဟ်ပြည်သို့ ဥပုသ်ပြုရန် လာသည်ရှိသော် လမ်းခရီးအကြား၌ မြစ်ကို ကူးစဉ် အနည်းငယ် မျောပါသွား၏၊ ထို့ကြောင့် ငါ၏ သင်္ကန်းတို့သည် ရေစွတ်စိုကုန်၏ ဟု (ပြောဆို၏)။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သံဃာသည် အတူနေ အတူဥပုသ်ပြုရာ ဖြစ်သော သိမ်ကို သမုတ်အပ်ပြီ၊ သံဃာသည် ထိုသိမ်ကို သင်္ကန်းသုံးထည်နှင့် ကင်း၍ နေနိုင်သော သိမ်ဖြစ်အောင် သမုတ်လော့။

ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် အတူနေ အတူဥပုသ်ပြုရာ ဖြစ်သော သိမ်ကို သမုတ်အပ်ပြီ၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ထိုသိမ်ကို သင်္ကန်းသုံးထည်နှင့် ကင်း၍ နေနိုင်သော ‘အဝိပ္ပဝါသ’ သိမ် ဖြစ်အောင် သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် အတူနေ အတူဥပုသ်ပြုရာ ဖြစ်သော သိမ်ကို သမုတ်အပ်ပြီ၊ သံဃာသည် ထိုသိမ်ကို သင်္ကန်းသုံးထည်နှင့် ကင်း၍ နေနိုင်သော ‘အဝိပ္ပဝါသ’ သိမ် ဖြစ်အောင် သမုတ်၏၊ ဤသိမ်ကို သင်္ကန်းသုံးထည်နှင့် ကင်း၍ နေနိုင်သော အဝိပ္ပဝါသသိမ် ဖြစ်အောင် သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏။ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် သင်္ကန်း သုံးထည်နှင့် ကင်း၍ နေနိုင်သော ‘အဝိပ္ပဝါသ’ သိမ်ဖြစ်အောင် သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်” ဟု (သိစေရမည်)။

ထိုအခါ၌ ရဟန်းတို့သည် “မြတ်စွာဘုရားသည် သင်္ကန်းသုံးထည်နှင့် ကင်း၍ နေနိုင်သော ‘အဝိပ္ပဝါသ’ သိမ်သမုတ်ခြင်းကို ခွင့်ပြုတော်မူ၏” ဟု ရွာတွင်း၌ သင်္ကန်းတို့ကို ထားကုန်၏။ ထိုသင်္ကန်းတို့သည် ပျောက်ကုန်၏၊ မီးလောင်ကုန်၏၊ ကြွက်ခဲကုန်၏၊ ရဟန်းတို့သည် မကောင်းသော အဝတ် ရှိကုန်၏၊ ခေါင်းပါးသော သင်္ကန်းရှိကုန်၏။ ရဟန်းတို့သည် “ငါ့သျှင်တို့ သင်တို့သည် အဘယ့်ကြောင့် မကောင်းသော အဝတ် ခေါင်းပါးသော သင်္ကန်း ရှိကုန်သနည်း” ဟု မေးကြကုန်၏။ ငါ့သျှင်တို့ ငါတို့သည် မြတ်စွာဘုရားက “သင်္ကန်းသုံးထည်နှင့် ကင်း၍ နေနိုင်သော အဝိပ္ပဝါသ သိမ်သမုတ်ခြင်းကို ခွင့်ပြုတော်မူ၏” ဟု ရွာတွင်း၌ သင်္ကန်းတို့ကို ထားခဲ့ကုန်၏၊ ထိုသင်္ကန်းတို့သည် ပျောက်ကုန်၏၊ မီးလောင်ကုန်၏၊ ကြွက်ခဲကုန်၏၊ ထို့ကြောင့် ငါတို့သည် မကောင်းသော အဝတ် ခေါင်းပါးသော သင်္ကန်းရှိကုန်၏ ဟု (ပြောဆိုကုန်၏)။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ သံဃာသည် အတူနေ အတူဥပုသ်ပြုရာ ဖြစ်သော သိမ်ကို သမုတ်အပ်ပြီ၊ သံဃာသည် ထို သိမ်ကို သင်္ကန်းသုံးထည်နှင့် ကင်း၍ နေနိုင်သော 'အဝိပ္ပဝါသ' သိမ်ဖြစ်အောင် ရွာကိုင်း ရွာ၏ ဥပစာကိုင်း ချန်ထား၍ သမုတ်လော့။

ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၄၄။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် အတူနေ အတူဥပုသ်ပြုရာဖြစ်သော သိမ်ကို သမုတ်အပ်ပြီ၊ အကယ်၍ သံဃာအား လျော်ကန်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် သင်္ကန်းသုံးထည်နှင့် ကင်း၍ နေနိုင်သော 'အဝိပ္ပဝါသ' သိမ်ကို ရွာကိုင်း ရွာ၏ ဥပစာကိုင်း ချန်ထား၍ သမုတ်ရာ၏ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် အတူနေ အတူဥပုသ်ပြုရာဖြစ်သော သိမ်ကို သမုတ်အပ်ပြီ၊ သံဃာသည် သင်္ကန်း သုံးထည်နှင့် ကင်း၍ နေနိုင်သော 'အဝိပ္ပဝါသ' သိမ်ကို ရွာကိုင်း ရွာ၏ ဥပစာကိုင်း ချန်ထား၍ သမုတ်၏၊ သင်္ကန်းသုံးထည်နှင့် ကင်း၍ နေနိုင်သော ရွာကိုင်း ရွာ၏ ဥပစာကိုင်း ချန်ထား၍ 'အဝိပ္ပဝါသ' သိမ်သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် သင်္ကန်းသုံးထည်နှင့် ကင်း၍ နေနိုင်သော 'အဝိပ္ပဝါသ' သိမ်ကို ရွာကိုင်း ရွာ၏ ဥပစာကိုင်း ချန်ထား၍ သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ် နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေ ရမည်)။

## ၇၅-သိမ်နုတ်ခြင်း

ရဟန်းတို့ သိမ်သမုတ်လိုသော ရဟန်းသည် ရှေဦးစွာ အတူနေရာ 'သမာနသံဝါသ' သိမ်ကို သမုတ်ရမည်၊ နောက်မှ သင်္ကန်းသုံးထည်နှင့် ကင်း၍ နေနိုင်သော 'အဝိပ္ပဝါသ' သိမ်ကို သမုတ်ရမည်။

ရဟန်းတို့ သိမ်နုတ်လိုသော ရဟန်းသည် ရှေဦးစွာ သင်္ကန်း သုံးထည်နှင့် ကင်း၍ နေနိုင်သော 'အဝိပ္ပဝါသ' သိမ်ကို နုတ်ရမည်၊ နောက်မှ သမာနသံဝါသသိမ်ကို နုတ်ရမည်။

ရဟန်းတို့ သင်္ကန်းသုံးထည်နှင့် ကင်း၍ နေနိုင်သော 'အဝိပ္ပဝါသ' သိမ်ကို ဤသို့ နုတ်ရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၄၅။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် သင်္ကန်းသုံးထည်နှင့် ကင်း၍ နေနိုင်သော 'အဝိပ္ပဝါသ' သိမ်ကို သမုတ်ထားပြီးပါပြီ၊ အကယ်၍ သံဃာအား လျော်ကန်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် သင်္ကန်းသုံး ထည်နှင့် ကင်း၍ နေနိုင်သော 'အဝိပ္ပဝါသ' သိမ်ကို နုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

http://www.dhammadownload.com



အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် သက်န်းသုံးထည်နှင့် ကင်း၍ နေနိုင်သော 'အဝိပ္ပဝါသ' သိမ်ကို သမုတ်ထားပြီးပါပြီ၊ သံဃာသည် သက်န်းသုံးထည်နှင့် ကင်း၍ နေနိုင်သော 'အဝိပ္ပဝါသ' သိမ်ကို နုတ်၏၊ သက်န်းသုံးထည်နှင့် ကင်း၍ နေနိုင်သော 'အဝိပ္ပဝါသ' သိမ်နုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် သက်န်းသုံးထည်နှင့် ကင်း၍ နေနိုင်သော 'အဝိပ္ပဝါသ' သိမ်ကို နုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ရဟန်းတို့ သမာနသံဝါသ သိမ်ကို ဤသို့ နုတ်ရမည်၊ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၄၆။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် သမာနသံဝါသသိမ်ကို သမုတ်ထားပြီးပါပြီ၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် သမာနသံဝါသ သိမ်ကို နုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် သမာနသံဝါသသိမ်ကို သမုတ်ထားပြီးပါပြီ၊ သံဃာသည် ထိုသမာနသံဝါသသိမ်ကို နုတ်၏၊ ထို သမာနသံဝါသ သိမ်နုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ထိုသမာနသံဝါသ သိမ်ကို နုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

## ၇၆-ဂါမသိမ်စသည်

၁၄၇။ ရဟန်းတို့ သိမ်မသမုတ်ပဲ အပိုင်းအခြားမရှိပဲ ရွာနိဂုံးကို အမှီပြု၍နေ၏။ ထိုရွာ၏ ရွာ အပိုင်းအခြား ထိုနိဂုံး၏ နိဂုံးအပိုင်းအခြားသည် ထိုရွာနိဂုံး၌ အတူနေ အတူဥပုသ်ပြုရာ ဖြစ်သော သမာနသံဝါသ သိမ်မည်၏။

ရဟန်းတို့ ရွာမဟုတ်သော တော၌ ဖြစ်မူ ထက်ဝန်းကျင်မှ (တအဗ္ဘန္တရလျှင် နှစ်ဆယ့်ရှစ်တောင် ပမာဏရှိသော) အဗ္ဘန္တရ ခုနစ်ခု အပိုင်းအခြားရှိသော အရပ်သည် အတူနေ အတူဥပုသ်ပြုရာဖြစ် သော သမာနသံဝါသ သိမ်မည်၏။

ရဟန်းတို့ မြစ်တခုလုံးသည် သိမ်မဟုတ်၊ သမုဒ္ဒရာတစင်းလုံးသည် သိမ်မဟုတ်၊ ထုံးအိုင်တအိုင်လုံး သည် သိမ်မဟုတ်၊ ရဟန်းတို့ ထိုမြစ် သမုဒ္ဒရာ ထုံးအိုင်တို့၌ အားအလယ်အလတ်ရှိသော ယောကျ်ား၏ ထက်ဝန်းကျင်မှ အားကုန် ပက်ကြဲသော ရေတကျဖြင့် ဤပိုင်းခြားရာ အရပ်သည် အတူနေ အတူ ဥပုသ်ပြုရာ ဖြစ်သော သမာနသံဝါသ သိမ်မည်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၁၄၇။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိမ်အချင်းချင်း စပ်၍ ဖွဲ့ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အကြင်ရဟန်းတို့၏ သိမ်သည် ရှေးဦးစွာ သမုတ်ထား၏၊ ထိုရဟန်းတို့၏ ထိုရှေးဦးစွာ သမုတ်သော ကံသည် တရားနှင့် လျော်၏၊ မပျက်စီး၊ အကြောင်းအား ထိုက်၏။ ရဟန်းတို့ အကြင်ရဟန်းတို့၏ သိမ်သည် နောက်မှ သမုတ်၏၊ ထိုရဟန်းတို့၏ ထိုနောက်မှ သမုတ်သော ကံသည် တရားနှင့် မလျော်၊ ပျက်စီး၏၊ အကြောင်းအား မထိုက်။ ရဟန်းတို့ သိမ်အချင်းချင်း စပ်၍ မဖွဲ့အပ်၊ စပ်၍ ဖွဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိမ်အချင်းချင်း လွှမ်းမိုး၍ ဖွဲ့ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အကြင်ရဟန်းတို့၏ သိမ်သည် ရှေးဦးစွာ သမုတ်ထား၏၊ ထိုရဟန်းတို့၏ ထိုရှေးဦးစွာ သမုတ်သော ကံသည် တရားနှင့် လျော်၏၊ မပျက်စီး၊ အကြောင်းအား ထိုက်၏။ ရဟန်းတို့ အကြင်ရဟန်းတို့၏ သိမ်သည် နောက်မှ သမုတ်၏၊ ထိုရဟန်းတို့၏ ထိုနောက်မှ သမုတ်သော ကံသည် တရားနှင့် မလျော်၊ ပျက်စီး၏၊ အကြောင်းအား မထိုက်။ ရဟန်းတို့ သိမ်အချင်းချင်း လွှမ်းမိုး၍ မဖွဲ့အပ်၊ လွှမ်းမိုး၍ ဖွဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ဟု (မိန့်တော်မူ၏)။ "ရဟန်းတို့ သိမ်သမုတ်လိုသော ရဟန်းသည် သိမ်တို့၏ နယ်ခြား 'သီမန္တရိက' ကို ချန်ထား၍ သမုတ်ခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

## ၇၇-ဥပုသ်အပြား

၁၄၈။ တရံရောအခါ ရဟန်းတို့အား "ဥပုသ်တို့သည် အဘယ်မျှ ရှိကုန်သနည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဥပုသ်တို့သည် တဆယ့်လေးရက် ဥပုသ် တဆယ့်ငါးရက် ဥပုသ် ဟူ၍ နှစ်ပါးရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ထို့နောက် ရဟန်းတို့အား "ဥပုသ်ကံတို့သည် အဘယ်မျှ ရှိကုန်သနည်း" ဟု အကြံဖြစ်ပြန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဥပုသ်ကံတို့သည် တရားနှင့် မလျော်၍ ဝဂ်ဖြစ်သော 'အစုကွဲသော' ဥပုသ်ကံ၊ တရားနှင့် မလျော်၍ ညီညွတ်သော ဥပုသ်ကံ၊ တရားနှင့် လျော်၍ ဝဂ်ဖြစ်သော 'အစုကွဲသော' ဥပုသ်ကံ၊ တရားနှင့် လျော်၍ ညီညွတ်သော ဥပုသ်ကံ ဟူ၍ ၄ ပါး ရှိကုန်၏။

ရဟန်းတို့ ထိုလေးပါးသော ဥပုသ်ကံတို့တွင် တရားနှင့် မလျော်၍ ဝဂ်ဖြစ်သော ဥပုသ်ကံကို မပြုအပ်၊ ငါသည်လည်း ဤသို့ သဘောရှိသော ဥပုသ်ကံကို ခွင့်မပြု။ ရဟန်းတို့ ထိုလေးပါးသော ဥပုသ်ကံတို့တွင် တရားနှင့် မလျော်၍ ညီညွတ်သော ဥပုသ်ကံကိုလည်း မပြုအပ်၊ ငါသည်လည်း ဤသို့သဘောရှိသော ဥပုသ်ကံကို ခွင့်မပြု။ ရဟန်းတို့ ထိုလေးပါးသော ဥပုသ်ကံတို့တွင် တရားနှင့် လျော်၍ ဝဂ်ဖြစ်သော ဥပုသ်ကံကိုလည်း မပြုအပ်၊ ငါသည်လည်း ဤသို့သဘောရှိသော ဥပုသ်ကံကို ခွင့်မပြု။ ရဟန်းတို့ ထိုလေးပါးသော ဥပုသ်ကံတို့တွင် တရားနှင့် လျော်၍ ညီညွတ်သော ဥပုသ်ကံကိုသာ ပြုရမည်၊ ငါသည်လည်း ဤသို့သဘောရှိသော ဥပုသ်ကံကိုသာ ခွင့်ပြု၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ တရားနှင့် လျော်၍ ညီညွတ်သော ဥပုသ်ကံကိုသာ ပြုကုန်အံ့ ဟု သင်တို့သည် ကျင့်ကြံအားထုတ် ကြရာသတည်း ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၇၈-အကျဉ်းအားဖြင့် ပါတိမောက်ပြခြင်းစသည်

၁၅၀။ ထိုနောက် ရဟန်းတို့အား "ပါတိမောက် ပြခြင်းတို့သည် အဘယ်မျှ ရှိကုန်သနည်း" ဟု အကြံဖြစ်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပါတိမောက် ပြခြင်းတို့သည် ဤငါးပါးတို့တည်း၊ နိဒါန်းကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြားရမည်၊ ဤကား ပဌမ ပါတိမောက် ပြခြင်းတည်း။ နိဒါန်းနှင့် ပါရာဇိက လေးပါးတို့ကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြားရမည်၊ ဤကား ဒုတိယ ပါတိမောက် ပြခြင်းတည်း။ နိဒါန်း ပါရာဇိကလေးပါးနှင့် သံဃာဒိသေသ တဆယ့်သုံးပါးတို့ကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြားရမည်၊ ဤကား တတိယ ပါတိမောက် ပြခြင်းတည်း။ နိဒါန်း ပါရာဇိကလေးပါး သံဃာဒိသေသ တဆယ့်သုံးပါးနှင့် အနိယတ နှစ်ပါးတို့ကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြားရမည်၊ ဤကား စတုတ္ထပါတိမောက် ပြခြင်းတည်း။ အကျယ်ပြခြင်းသည် ပဉ္စမ ပါတိမောက် ပြခြင်းမည်၏။ ရဟန်းတို့ ပါတိမောက် ပြခြင်းတို့သည် ဤငါးပါး တို့တည်း ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် "မြတ်စွာဘုရားက အကျဉ်းအားဖြင့် ပါတိမောက် ပြခြင်းကို ခွင့်ပြုတော်မူ၏" ဟု အခါခပ်သိမ်း အကျဉ်းအားဖြင့်သာ ပါတိမောက်ကို ပြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အကျဉ်းအားဖြင့် ပါတိမောက်ကို မပြအပ်၊ ပြသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ကောသလတိုင်း ဇနပုဒ်ရှိ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လူရိုင်းတို့၏ ဘေးရန်သည် ဖြစ်၏။ ရဟန်းတို့သည် အကျယ်အားဖြင့် ပါတိမောက် ပြခြင်းငှါ မစွမ်းနိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အန္တရာယ် ရှိခဲ့သော် အကျဉ်းအားဖြင့် ပါတိမောက် ပြခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အန္တရာယ်မရှိပဲလည်း အကျဉ်းအားဖြင့် ပါတိမောက် ပြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အန္တရာယ် မရှိပဲ အကျဉ်းအားဖြင့် ပါတိမောက်ကို မပြအပ်၊ ပြသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ အန္တရာယ် ရှိခဲ့သော် အကျဉ်းအားဖြင့် ပါတိမောက် ပြခြင်းငှါ ခွင့်ပြု၏။

ထိုပါတိမောက်ပြရာ၌ ဤဆိုလတ္တံ့ တို့ကား အန္တရာယ်တို့တည်း၊ မင်းအန္တရာယ်၊ ခိုးသူအန္တရာယ်၊ မီးအန္တရာယ်၊ ရေအန္တရာယ်၊ လူအန္တရာယ်၊ ဘီလူးအန္တရာယ်၊ သားရဲအန္တရာယ်၊ မြွေ ကင်း သန်း အန္တရာယ်၊ အသက်၏ အန္တရာယ်၊ မြတ်သောအကျင့်၏ အန္တရာယ်တို့တည်း။ "ရဟန်းတို့ ဤသို့ သဘောရှိသော အန္တရာယ်တို့ကြောင့် အကျဉ်းအားဖြင့် ပါတိမောက်ကို ပြခြင်းငှါ ခွင့်ပြု၏၊ အန္တရာယ်မရှိခဲ့သော် အကျယ်အားဖြင့် ပါတိမောက်ပြခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သံဃာ့အလယ်၌ မတိုက်တွန်းပဲ တရားဟောကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သံဃာ့အလယ်၌ မတိုက်တွန်းပဲ တရား မဟောအပ်၊ ဟောသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏။ "ရဟန်းတို့ မထေရ်ကြီး ဖြစ်သော ရဟန်းသည် ကိုယ်တိုင် တရားဟောခြင်းငှါသော်၎င်း သူတပါးကို တိုက်တွန်းခြင်းငှါသော်၎င်း ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၇၉–ဝိနည်းကို မေးခြင်း

၁၅၁။ တခုံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သံဃာ့အလယ်၌ သမ္မုတိ မရပဲ ဝိနည်းကို မေးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သံဃာ့အလယ်၌ သမ္မုတိ မရသော ရဟန်းသည် ဝိနည်းကို မမေးအပ်၊ မေးသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏။ ရဟန်းတို့ သံဃာ့အလယ်၌ သမ္မုတိ ရသော ရဟန်းသည် ဝိနည်းကို မေးခြင်းငှါ ခွင့်ပြု၏။

ရဟန် တို့ ဤသို့ သမုတ်ရမည်၊ မိမိကိုယ်တိုင် မိမိကိုယ်ကို သမုတ်ရမည်၊ သို့မဟုတ် တပါးသော သူသည် တပါးသော သူကို သမုတ်ရမည်၊ အဘယ်သို့လျှင် မိမိကိုယ်တိုင် မိမိကိုယ်ကို သမုတ်အပ်သနည်း၊ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် ဤမည်သော ရဟန်းအား ဝိနည်းကို မေးအံ့"။

ဤသို့ မိမိကိုယ်တိုင် မိမိကိုယ်ကို သမုတ်ရမည်။

အဘယ်သို့လျှင် တပါးသောသူသည် တပါးသော သူကို သမုတ်အပ်သနည်း၊ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ ဤမည်သော ရဟန်းသည် ဤမည်သော ရဟန်းအား ဝိနည်းကို မေးရာ၏"။

ဤသို့ တပါးသော သူသည် တပါးသော သူကို သမုတ်ရမည် ဟု (မိန့်တော်မူ၏)။

ထိုအခါ သီလကို ချစ်မြတ်နိုးသော သမ္မုတိရ ရဟန်းတို့သည် သံဃာ့အလယ်၌ ဝိနည်းကို မေးကုန်၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရန်ငြိုးဖွဲ့ကုန်၏၊ ဒေါသဖြစ်ကုန်၏၊ လက်နက်ဖြင့် ခြိမ်းခြောက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ သံဃာ့အလယ်၌ သမ္မုတိ ရသော်လည်း ပရိသတ်ကို ကြည့်ရှု၍ ပုဂ္ဂိုလ်ကို ချိန်ဆ၍ ဝိနည်းကို မေးခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

## ၈၀–ဝိနည်းကို ဖြေဆိုခြင်း

၁၅၂။ တခုံရောအခါ သမ္မုတိ မရသော ဆဗ္ဗဂ္ဂီရဟန်းတို့သည် သံဃာ့အလယ်၌ ဝိနည်းကို ဖြေဆိုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သမ္မုတိ မရသော ရဟန်းသည် သံဃာ့အလယ်၌ ဝိနည်းကို မဖြေဆိုအပ်၊ ဖြေဆိုသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏။ ရဟန်းတို့ သမ္မုတိရသော ရဟန်းသည် သံဃာ့အလယ်၌ ဝိနည်းကို ဖြေဆိုခြင်းငှါ ခွင့်ပြု၏။

ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ မိမိကိုယ်တိုင် မိမိကိုယ်ကို သမုတ်ရမည်၊ သို့မဟုတ် တပါးသော သူသည် တပါးသော သူကို သမုတ်ရမည်၊ အဘယ်သို့ မိမိကိုယ်တိုင် မိမိကိုယ်ကို သမုတ်အပ်သနည်း၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

http://www.dhammadownload.com



"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် ဤမည်သော ရဟန်းက ဝိနည်းကို မေးသည်ရှိသော် ဖြေဆိုအံ့"။

ဤသို့ မိမိကိုယ်တိုင် မိမိကိုယ်ကို သမုတ်ရမည်။

အဘယ်သို့ တပါးသော သူသည် တပါးသော သူကို သမုတ်အပ်သနည်း၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်---

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ ဤမည်သော ရဟန်းသည် ဤမည်သော ရဟန်းက ဝိနည်းကို မေးသည်ရှိသော် ဖြေဆိုရာ၏"။

ဤသို့ တပါးသော သူသည် တပါးသော သူကို သမုတ်ရမည် ဟု (မိန့်တော်မူ၏)။

ထိုအခါ သီလကို ချစ်မြတ်နိုးသော သမ္မုတိရ ရဟန်းတို့သည် သံဃာ့အလယ်၌ ဝိနည်းကို ဖြေဆိုကုန်၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရန်ငြိုးဖွဲ့ကုန်၏၊ ဒေါသဖြစ်ကုန်၏၊ လက်နက်ဖြင့် ခြိမ်းချောက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ သံဃာ့အလယ်၌ သမ္မုတိရသော်လည်း ပရိသတ်ကို ကြည့်ရှု၍ ပုဂ္ဂိုလ်ကို ချိန်ဆ၍ ဝိနည်းကို ဖြေဆိုခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

## ၈၁-စောဒနာခြင်း

၁၅၃။ တခံဒရာအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခွင့်မပြုသော ရဟန်းကို အာပတ်ဖြင့် စောဒနာကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခွင့်မပြုသော ရဟန်းကို အာပတ်ဖြင့် မစောဒနာအပ်၊ စောဒနာသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏။ "ရဟန်းတို့ 'အသျှင်ဘုရားသည် အခွင့်ပြုတော်မူပါလော့၊ အကျွန်ုပ်သည် သင့်ကို မေးခြင်းငှါ အလိုရှိပါ၏' ဟု ခွင့်တောင်းပြီးမှ အာပတ်ဖြင့် စောဒနာခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ သီလကို ချစ်မြတ်နိုးသော ရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို ခွင့်တောင်းပြီးလျှင် အာပတ်ဖြင့် စောဒနာကုန်၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရန်ငြိုးဖွဲ့ကုန်၏၊ ဒေါသ ဖြစ်ကုန်၏၊ လက်နက်ဖြင့် ခြိမ်းချောက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အခွင့် ပေးသော်လည်း ပုဂ္ဂိုလ်ကို ချိန်ဆ၍ အာပတ်ဖြင့် စောဒနာခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် "သီလကို ချစ်မြတ်နိုးသော ရဟန်းတို့က ငါတို့အား ရှေးဦးစွာ ခွင့်တောင်းကုန်၏" ဟု အာပတ်မရှိ စင်ကြယ်သော ရဟန်းတို့ကို အကြောင်းဝတ္ထုမရှိပဲ ကြိုတင်၍ ခွင့်တောင်းကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အာပတ် မရှိ စင်ကြယ်သော ရဟန်းတို့ကို အကြောင်းဝတ္ထုမရှိပဲ ခွင့်မတောင်းအပ်၊ တောင်းသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ "ရဟန်းတို့ ပုဂ္ဂိုလ်ကို ချိန်ဆ၍ အခွင့်တောင်းခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၇၂-အစမ္မကံကို တားမြစ်ခြင်း စသည်

၁၅၄။ တရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သံဃာ့အလယ်၌ အစမ္မကံကို ပြုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အစမ္မကံကို မပြုအပ်၊ ပြုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

အခမ္မကံကို ပြုမြဲ ပြုကုန်သည်သာလျှင်တည်း။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အစမ္မကံကို ပြုသည်ရှိသော် တားမြစ်ခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ သီလကို ချစ်မြတ်နိုးသော ရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့က အစမ္မကံကို ပြုသည်ရှိသော် တားမြစ်ကုန်၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရန်ငြိုးဖွဲ့ကုန်၏၊ ဒေါသဖြစ်ကုန်၏၊ လက်နက်ဖြင့် ခြိမ်းချောက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အယူကိုလည်း ထင်စွာ ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုဆဗ္ဗဂ္ဂီရဟန်းတို့၏ အထံ၌သာလျှင် အယူကို ထင်စွာ ပြုကုန်၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရန်ငြိုးဖွဲ့ကုန်၏၊ ဒေါသဖြစ်ကုန်၏၊ လက်နက်ဖြင့် ခြိမ်းချောက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ လေးယောက် ငါးယောက်သော ရဟန်းတို့သည် တားမြစ်ခြင်းငှါ နှစ်ယောက် သုံးယောက်သော ရဟန်းတို့သည် အယူကို ထင်စွာ ပြုခြင်းငှါ ခွင့်ပြု၏၊ တယောက်သော ရဟန်းသည် 'ထိုကံကို ငါသည် မနှစ်သက်' ဟု ဆောက်တည်စိမ့်သောငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သံဃာ့အလယ်၌ ပါတိမောက် ပြသည်ရှိသော် မကြားစေလိုသော စေတနာရှိ၍ ကြားအောင် မရွတ်ကြကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပါတိမောက် ပြသော ရဟန်းသည် ကြားအောင် ရွတ်အပ်သည်သာတည်း၊ ကြားအောင် မရွတ်သော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ကျီးသံနှင့်တူသော အသံရှိသော အသျှင်ဥဒါယီ မထေရ်သည် သံဃာအား ပါတိမောက် ပြသူဖြစ်၏။ ထိုအခါ အသျှင်ဥဒါယီအား "မြတ်စွာဘုရားသည် 'ပါတိမောက် ပြသော ရဟန်းသည် ကြားအောင် ရွတ်ရမည်' ဟု ပညတ်တော်မူ၏၊ ငါသည်ကား ကျီးသံကဲ့သို့ အသံရှိခဲ့၏၊ ငါသည် အဘယ်သို့ ကျင့်ရပါအံ့နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပါတိမောက် ပြသော ရဟန်းသည် "အဘယ်သို့ ကြားစေရပါအံ့နည်း" ဟု လုံ့လ ပြုခြင်းငှါ ခွင့်ပြု၏၊ လုံ့လအားထုတ်သော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။

ထိုအခါ ဒေဝဒတ်သည် လူနှင့် တကွသော ပရိသတ်၌ ပါတိမောက်ကို ပြ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လူနှင့်တကွသော ပရိသတ်၌ ပါတိမောက်ကို မပြအပ်၊ ပြသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သံဃာ့အလယ်၌ တိုက်တွန်းခြင်းမရှိပဲ ပါတိမောက်ကို ပြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သံဃာ့အလယ်၌ မတိုက်တွန်းအပ်ပဲ ပါတိမောက်ကို မပြအပ်၊ ပြသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏။ "ရဟန်းတို့ ပါတိမောက်ပြခြင်းသည် မထေရ်ကြီးနှင့် စပ်ဆိုင်၏ ဟု ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

**ကောဒသမ အညတိတ္ထိယအခန်း ပြီး၏။**

http://www.dhammadownload.com



## ၇၃-ပါတိမောက်ပြမည့်သူကို တိုက်တွန်းခြင်းစသည်

၁၅၅။ ထိုနောက် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် စောဒနာဝတ္ထု မည်သော မြို့သို့ သွားရာ ခရီးလမ်းဖြင့် အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူလတ်သော် စောဒနာ ဝတ္ထုမြို့သို့ ရောက်တော်မူလေ၏။ ထိုစဉ်အခါ တခုသောကျောင်း၌ များစွာသော ရဟန်းတို့သည် နေကုန်၏၊ ထိုကျောင်း၌ မထေရ်ကြီးဖြစ်သော ရဟန်းသည် (ဝိနည်းသိက္ခာပုဒ်ကို) မသိ၊ (ဝိနည်းသိက္ခာပုဒ်၌) မကျွမ်းကျင် မလိမ္မာ၊ ထိုမထေရ်ကြီးသည် ဥပုသ်ကိုင်း ဥပုသ်ကံကိုင်း ပါတိမောက်ကိုင်း ပါတိမောက် ပြခြင်းကိုင်း မသိ။ ထိုအခါ ထိုရဟန်းတို့အား "ပါတိမောက်ပြခြင်းသည် မထေရ်ကြီးနှင့် စပ်ဆိုင်၏ ဟု မြတ်စွာဘုရားသည် ပညတ်တော်မူ၏၊ ငါတို့၏ ဤမထေရ်ကြီးသည်ကား (ဝိနည်းသိက္ခာပုဒ်ကို) မသိ၊ (ဝိနည်းသိက္ခာပုဒ်၌) မကျွမ်းကျင် မလိမ္မာ၊ ဥပုသ်ကိုင်း ဥပုသ်ကံကိုင်း ပါတိမောက်ကိုင်း ပါတိမောက် ပြခြင်းကိုင်း မသိ၊ ငါတို့သည် အဘယ်သို့ ကျင့်ရပါအံ့နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ထိုကျောင်း၌ အကြင်ရဟန်းသည် (ဝိနည်းသိက္ခာပုဒ်၌) ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိ၏၊ ပါတိမောက်ပြခြင်းသည် ထိုရဟန်းနှင့် စပ်ဆိုင်၏ ဟု ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တခံရောအခါ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ (ဝိနည်းသိက္ခာပုဒ်ကို) မသိ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာကုန်သော များစွာသော ရဟန်းတို့သည် နေကုန်၏၊ ထိုရဟန်းတို့သည် ဥပုသ်ကိုင်း ဥပုသ်ကံကိုင်း ပါတိမောက်ကိုင်း ပါတိမောက် ပြခြင်းကိုင်း မသိကုန်၊ ထိုရဟန်းတို့သည် မထေရ်ကြီးကို "အသျှင်ဘုရား မထေရ်မြတ်သည် ပါတိမောက်ကို ပြတော်မူပါ" ဟု တိုက်တွန်းကုန်၏။ ထိုမထေရ်ကြီးသည် "ငါ့သျှင်တို့ ငါသည် မရွတ်ဆိုနိုင်ပါ" ဟု ပြောဆို၏။ ဒုတိယမထေရ်ကြီးကို "အသျှင်ဘုရား မထေရ်မြတ်သည် ပါတိမောက်ကို ပြတော်မူပါ" ဟု တိုက်တွန်းကုန်၏။ ထိုမထေရ်ကြီးသည်လည်း "ငါ့သျှင်တို့ ငါသည် မရွတ်ဆိုနိုင်ပါ" ဟု ပြောဆို၏။ တတိယမထေရ်ကြီးကို "အသျှင်ဘုရား မထေရ်မြတ်သည် ပါတိမောက်ကို ပြတော်မူပါ" ဟု တိုက်တွန်းကုန်၏။ ထိုမထေရ်ကြီးသည်လည်း "ငါ့သျှင်တို့ ငါသည် မရွတ်ဆိုနိုင်ပါ" ဟု ပြောဆို၏။ ဤနည်းဖြင့်သာလျှင် "အသျှင်သည် ပါတိမောက်ကို ပြတော်မူပါလော့" ဟု အငယ်ဆုံး သံဃာတိုင်အောင် တိုက်တွန်းကြကုန်၏။ ထိုအငယ်ဆုံး သံဃာကလည်း "အသျှင်ဘုရားတို့ အကျွန်ုပ်သည် မရွတ်ဆိုနိုင်ပါ" ဟု ပြောဆို၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ တခုသော ကျောင်းတွင် ဥပုသ်နေ့၌ (ဝိနည်းသိက္ခာပုဒ်ကို) မသိ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာသော များစွာသော ရဟန်းတို့ချည်း နေကုန်အံ့၊ ထိုရဟန်းတို့သည် ဥပုသ်နေ့ကိုင်း ဥပုသ်ကံကိုင်း ပါတိမောက်ကိုင်း ပါတိမောက်ပြခြင်းကိုင်း မသိကုန်။ ထိုရဟန်းတို့သည် မထေရ်ကြီးကို "အသျှင်ဘုရား မထေရ်မြတ်သည် ပါတိမောက် ပြတော်မူပါ" ဟု တိုက်တွန်းကုန်အံ့၊ ထိုမထေရ်ကြီးသည်လည်း "ငါ့သျှင်တို့ ငါသည် မရွတ်ဆိုနိုင်ပါ" ဟု ပြောဆိုအံ့။ ဒုတိယ မထေရ်ကြီးကို "အသျှင်ဘုရား မထေရ်မြတ်သည် ပါတိမောက် ပြတော်မူပါ" ဟု တိုက်တွန်းကုန်အံ့။ ထိုမထေရ်ကြီးသည်လည်း "ငါ့သျှင်တို့ ငါသည် မရွတ်ဆိုနိုင်ပါ" ဟု ပြောဆိုအံ့။ တတိယ မထေရ်ကြီးကို "အသျှင်ဘုရား မထေရ်မြတ်သည် ပါတိမောက် ပြတော်မူပါ" ဟု တိုက်တွန်းကုန်အံ့။ ထိုမထေရ်ကြီးသည်လည်း "ငါ့သျှင်တို့ ငါသည် မရွတ်ဆိုနိုင်ပါ" ဟု ပြောဆိုအံ့။ ဤနည်းဖြင့်သာလျှင် "အသျှင်သည် ပါတိမောက်ကို

http://www.dhammadownload.com



ပြတော်မူပါလော့” ဟု အငယ်ဆုံး သံဃာတိုင်အောင် တိုက်တွန်းကြကုန်အံ့။ ထိုအငယ်ဆုံး သံဃာကလည်း “အသျှင်ဘုရားတို့ အကျွန်ုပ်သည် မရွတ်ဆိုနိုင်ပါ” ဟု ပြောဆိုငြားအံ့။

ရဟန်းတို့ ထိုရဟန်းတို့သည် ရဟန်းတပါးကို “ငါ့သျှင် သွားလော့၊ အကျဉ်းအားဖြင့် ဖြစ်စေ အကျယ်အားဖြင့် ဖြစ်စေ ပါတိမောက်ကို သင်ယူ၍ လာခဲ့လော့” ဟု အနီးအနားကျောင်းသို့ စေ့ချင်း ပြန် စေလွှတ်ရမည်။

ထိုအခါ ရဟန်းတို့အား “အဘယ်ရဟန်းသည် စေလွှတ် နိုင်ပါသနည်း” ဟု အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မထေရ်ကြီးဖြစ်သော ရဟန်း သည် သီတင်းငယ်ဖြစ်သော ရဟန်းကို စေလွှတ်ရန် ခွင့်ပြု၏ဟု (မိန့်တော်မူ၏)။

မထေရ်ကြီးက စေလွှတ်သော်လည်း ပဉ္စင်းငယ်တို့သည် မသွားကုန်။ မြတ်စွာဘုရားအား ဤ အကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မထေရ်ကြီးက စေလွှတ်လျှင် မနာမဖျားသော ရဟန်း သည် သွားရမည်၊ မသွားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

## ၈၄-ပက္ခရေတွက်ခြင်းစသည်ကို ခွင့်ပြုခြင်း

၁၅၆။ ထို့နောက် မြတ်စွာဘုရားသည် စောဒနာဝတ္ထုမြို့၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် တဖန် ရာဇဂြိုဟ်ပြည် သို့ ပြန်ကြွတော်မူ၏။ ထိုအခါ လူတို့သည် ဆွမ်းခံကြွလာသော ရဟန်းတို့ကို “အသျှင်ဘုရားတို့ ပက္ခ၏ ဘယ်နှစ်ခု မြောက်ပါနည်း” ဟု မေးကုန်၏။ ရဟန်းတို့သည် “ဒါယကာတို့ ငါတို့မသိကုန်” ဟု ပြောဆိုကုန်၏။ လူတို့သည် “ဤသာကီဝင်မင်းသား ဘုရား အနွယ်တော် ဖြစ်သော ရဟန်းတို့သည် ပက္ခအရေအတွက်ကိုမျှပင် မသိကုန်၊ ဤရဟန်းတို့သည် အခြား ကောင်းသော အရာဝတ္ထု တစုံတခုကို အဘယ်မှာ သိကုန်အံ့နည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပက္ခအရေအတွက်ကို သင်ကြားရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုအခါ ရဟန်းတို့အား “အဘယ်သူသည် ပက္ခအရေအတွက်ကို သင်အပ်သနည်း” ဟု အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းအားလုံးတို့သည် ပင်လျှင် ပက္ခအရေအတွက် ကို သင်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၁၅၇။ ထိုအခါ လူတို့သည် ဆွမ်းခံကြွလာသော ရဟန်းတို့ကို “အသျှင်ဘုရားတို့ ရဟန်းတို့သည် အဘယ်မျှ ရှိပါကုန်သနည်း” ဟု မေးကုန်၏။ ရဟန်းတို့သည် “ဒါယကာတို့ ငါတို့ မသိကုန်” ဟု ပြော ဆိုကုန်၏။ လူတို့သည် ဤသာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် အချင်း ချင်းကိုမျှလည်း မသိကုန်၊ ဤရဟန်းတို့သည် အခြား ကောင်းသော အရာ တစုံတခုကို အဘယ်မှာ သိကုန်အံ့နည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းတို့ကို ရေတွက်စိမ့်သောငှါ ခွင့်ပြု၏ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့အား “အဘယ်အခါ၌ ရဟန်းတို့ကို ရေတွက်အပ်ပါသနည်း” ဟု အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဥပုသ်နေ့၌ အမည်စဉ်ဖြင့် ရေတွက်ခြင်းငှါလည်း စာရေးတံ ‘လက်မှတ်’ ကို ယူစိမ့်သောငှါလည်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၁၅၇။ တခါရောအခါ ရဟန်းတို့သည် "ယနေ့ ဥပုသ်နေ့တည်း" ဟု မသိကုန်သည်ဖြစ်၍ ဝေးသောရွာသို့ ဆွမ်းခံ လှည့်လည်ကုန်၏။ ထိုရဟန်းတို့သည် ပါတိမောက် ပြနေစဉ်လည်း ရောက်လာကုန်၏၊ ပါတိမောက် ပြပြီးမှလည်း ရောက်လာကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကိုလျှောက်ကြကုန်၏။ ရဟန်းတို့ ယနေ့ ဥပုသ်နေ့တည်း ဟု ပြောကြားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထို့နောက် ရဟန်းတို့အား "အဘယ်သူသည် ပြောကြားအပ်သနည်း" ဟု အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မထေရ်ကြီး ဖြစ်သော ရဟန်းသည် နံနက်စောစောကပင် ပြောကြားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ တပါးသော မထေရ်ကြီးသည် နံနက်စောစောအခါ၌ ပြောကြားရန် သတိမေ့လျော့နေ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆွမ်းစားသောအခါ၌လည်း ပြောကြားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဆွမ်းစားသော အခါ၌လည်း သတိမေ့လျော့နေပြန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သတိရသော အခါ၌ ပြောကြားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ၇၅-ရှေးဦးပြုဖွယ်ကို ခွင့်ပြုတော်မူခြင်း

၁၅၉။ တခါရောအခါ ကျောင်းတကျောင်း၌ ဥပုသ်အိမ်သည် အမှိုက်ရှုပ်၏။ အာဂန္တုရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းတို့သည် ဥပုသ်အိမ်ကို တံမြက်မလှည်း ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဥပုသ်အိမ်ကို တံမြက်လှည်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့အား "အဘယ်သူသည် ဥပုသ်အိမ်ကို တံမြက်လှည်းအပ်သနည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မထေရ်ကြီးဖြစ်သော ရဟန်းသည် သီတင်းငယ်ဖြစ်သော ရဟန်းကို စေခိုင်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

မထေရ်ကြီးက စေခိုင်းသော်လည်း သီတင်းငယ် ဖြစ်သော ရဟန်းတို့သည် တံမြက်မလှည်းကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မထေရ်ကြီးက စေခိုင်းလျှင် မနာမဖျားသော သီတင်းငယ်သည် တံမြက်လှည်းရမည်၊ တံမြက်မလှည်းသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

၁၆၀။ တခါရောအခါ ဥပုသ်အိမ်၌ နေရာခင်းထားခြင်း မရှိသဖြင့် ရဟန်းတို့သည် မြေ၌ ထိုင်ကုန်၏၊ ကိုယ်နှင့် သင်္ကန်းတို့သည် မြေမှုန့်အလိမ်းလိမ်း ကပ်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဥပုသ်အိမ်၌ နေရာခင်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့အား "အဘယ်သူသည် ဥပုသ်အိမ်၌ နေရာကို ခင်းအပ်သနည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မထေရ်ကြီး ဖြစ်သော ရဟန်းသည် သီတင်းငယ်ဖြစ်သော ရဟန်းကို စေခိုင်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

မထေရ်ကြီးက စေခိုင်းသော်လည်း သီတင်းငယ် ဖြစ်သော ရဟန်းတို့သည် နေရာမခင်းကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မထေရ်ကြီးက စေခိုင်းလျှင်

http://www.dhammadownload.com



မနာမဖျားသော သီတင်းငယ်သည် နေရာခင်းရမည်၊ မခင်းသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

၁၆၁။ တရံရောအခါ ဥပုသ်အိမ်၌ ဆီမီးညှိထွန်းခြင်း မရှိသဖြင့် ရဟန်းတို့သည် မှောင်ထဲ၌ ကိုယ်နှင့် သင်္ကန်းကို နင်းမိကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဥပုသ်အိမ်၌ ဆီမီးညှိထွန်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့အား "အဘယ်သူသည် ဥပုသ်အိမ်၌ ဆီမီးညှိထွန်းခြင်းကို ပြုအပ်သနည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မထေရ်ကြီး ဖြစ်သော ရဟန်းသည် သီတင်းငယ်ဖြစ်သော ရဟန်းကို စေခိုင်းခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

မထေရ်ကြီးက စေခိုင်းသော်လည်း သီတင်းငယ်ဖြစ်သော ရဟန်းတို့သည် ဆီမီးမညှိထွန်းကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မထေရ်ကြီးက စေခိုင်းလျှင် မနာမဖျားသော သီတင်းငယ်သည် ဆီမီးညှိထွန်းရမည်၊ ဆီမီးမညှိထွန်းသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

၁၆၂။ တရံရောအခါ ကျောင်းတကျောင်း၌ ကျောင်းနေရဟန်းတို့သည် သောက်ရေ သုံးဆောင်ရေ မတည်ထားကုန်။ ရဟန်းတို့သည် "အဘယ့်ကြောင့် ကျောင်းနေရဟန်းတို့သည် သောက်ရေ သုံးဆောင်ရေ မတည်ထားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့အား "အဘယ်သူသည် သောက်ရေ သုံးဆောင်ရေ တည်ထားအပ်သနည်း" ဟု အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မထေရ်ကြီး ဖြစ်သော ရဟန်းသည် သီတင်းငယ်ဖြစ်သော ရဟန်းကို စေခိုင်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

မထေရ်ကြီးက စေခိုင်းသော်လည်း သီတင်းငယ် ဖြစ်သော ရဟန်းတို့သည် သောက်ရေ သုံးဆောင်ရေ မတည်ထားကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မထေရ်ကြီးက စေခိုင်းလျှင် မနာမဖျားသော သီတင်းငယ်သည် သောက်ရေ သုံးဆောင်ရေကို တည်ထားရမည်၊ မတည်ထားသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

## ၈၆–အရပ်တပါးသွားသူ

၁၆၃။ တရံရောအခါ (ဝိနည်းသိက္ခာပုဒ်ကို) မသိ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာသော များစွာသော ရဟန်းတို့သည် အရပ်တပါးသို့ သွားသည်ရှိသော် ဆရာဥပဇ္ဈာယ်တို့ကို မပန်ကြားကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဝိနည်း (သိက္ခာပုဒ်ကို) မသိ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာသော များစွာသော ရဟန်းတို့သည် အရပ်တပါးသို့ သွားသည်ရှိသော် ဆရာဥပဇ္ဈာယ်တို့ကို ပန်ကြားရမည်၊ ရဟန်းတို့ ဆရာဥပဇ္ဈာယ်တို့ကလည်း ထိုရဟန်းတို့ကို "အဘယ် အရပ်သို့ သွားမည်နည်း၊ အဘယ်သူနှင့် သွားမည်နည်း" ဟု မေးရမည်၊ ရဟန်းတို့ အကယ်၍ (ဝိနည်း

http://www.dhammadownload.com



သိက္ခာပုဒ်ကို) မသိ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာသော ထိုရဟန်းတို့သည် (ဝိနည်းသိက္ခာပုဒ်ကို) မသိ(ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာကုန်သော တပါးသော ရဟန်းတို့ကို ညွှန်းဆိုကုန်ငြားအံ့၊ ရဟန်းတို့ ဆရာဥပဇ္ဈာယ်တို့သည် ခွင့်မပြုအပ်ကုန်၊ အကယ်၍ ခွင့်ပြုကုန်ငြားအံ့၊ (ထိုဆရာဥပဇ္ဈာယ်တို့အား) ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းတို့ ဆရာဥပဇ္ဈာယ်တို့က ခွင့်မပြုပဲ (ဝိနည်းသိက္ခာပုဒ်ကို) မသိ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာကုန်သော ထိုရဟန်းတို့သည်လည်း အကယ်၍ သွားကုန်ငြားအံ့၊ ထိုရဟန်းတို့အား ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းတို့ ကျောင်းတကျောင်းဝယ် (ဝိနည်းသိက္ခာပုဒ်ကို) မသိ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာသော များစွာသော ရဟန်းတို့သည် နေကုန်၏၊ ထိုရဟန်းတို့သည် ဥပုသ်ကိုငြင်း ဥပုသ်ကံကိုငြင်း ပါတိမောက်ကိုငြင်း ပါတိမောက်ပြခြင်းကိုငြင်း မသိကုန်။ ထိုကျောင်းသို့ အကြားအမြင်များသော ပါဠိတော်ကို နှုတ်ငုံဆောင်သော တရားတော် ဝိနည်းတော်ကို ဆောင်သော ပါတိမောက်ကို ဆောင်သော ပညာရှိသော ထက်မြက်သော ထိုးထွင်းဉာဏ်ရှိသော ရှက်တတ်သော တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသော သိက္ခာကို အလိုရှိသော တပါးသော ရဟန်းသည် လာ၏။ ရဟန်းတို့ ထိုရဟန်းတို့သည် ထိုရောက်လာသော ရဟန်းကို (ပစ္စည်းလေးပါးတို့ဖြင့်) ထောက်ပံ့ရမည်၊ ချီးမြှောက်ရမည်၊ (ချစ်ဖွယ်သော စကားဖြင့်) ဖြားယောင်းရမည်၊ ကသယ်မှုန့်ဖြင့်ငြင်း မြေညက်ဖြင့်ငြင်း ဒန်ပူဖြင့်ငြင်း မျက်နှာသစ်ရေဖြင့်ငြင်း လုပ်ကျွေးရမည်၊ အကယ်၍ (ပစ္စည်းလေးပါးတို့ဖြင့်) မထောက်ပံ့ကုန်ငြားအံ့၊ မချီးမြှောက်ကုန်ငြားအံ့၊ (ချစ်ဖွယ်သော စကားဖြင့်) မဖြားယောင်းကုန်ငြားအံ့၊ ကသယ်မှုန့်ဖြင့်ငြင်း မြေညက်ဖြင့်ငြင်း ဒန်ပူဖြင့်ငြင်း မျက်နှာသစ်ရေဖြင့်ငြင်း မလုပ်ကျွေးကုန်ငြားအံ့၊ (ထိုရဟန်းတို့အား) ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ (ဝိနည်းသိက္ခာပုဒ်ကို) မသိ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာသော များစွာသော ရဟန်းတို့သည် နေကုန်၏၊ ထိုရဟန်းတို့သည် ဥပုသ်ကိုငြင်း ဥပုသ်ကံကိုငြင်း ပါတိမောက်ကိုငြင်း ပါတိမောက်ပြခြင်းကိုငြင်း မသိကုန်။ ရဟန်းတို့ ထိုရဟန်းတို့သည် ရဟန်းတပါးကို "ငါ့သျှင် သွားပါလော့၊ အကျဉ်းအားဖြင့် ဖြစ်စေ အကျယ်အားဖြင့် ဖြစ်စေ ပါတိမောက်ကို သင်ယူခဲ့လော့" ဟု အနီးအနားကျောင်းသို့ နေ့ချင်းပြန် စေလွှတ်ရမည်။ ဤသို့ စေလွှတ်သဖြင့် ထိုပါတိမောက် ပြမည့် ရဟန်းကို ရကုန်ငြားအံ့၊ ဤသို့ ရခြင်းသည် ကောင်း၏။ အကယ်၍ မရကုန်ငြားအံ့၊ ရဟန်းတို့ ထိုရဟန်းအားလုံးတို့သည်သာလျှင် အကြင်ကျောင်း၌ ဥပုသ်ကိုငြင်း ဥပုသ်ကံကိုငြင်း ပါတိမောက်ကိုငြင်း ပါတိမောက်ပြခြင်းကိုငြင်း သိကုန်၏၊ ထိုကျောင်းသို့ သွားရမည်။ မသွားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ကျောင်းတကျောင်းဝယ် (ဝိနည်းသိက္ခာပုဒ်ကို) မသိ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာသော များစွာသော ရဟန်းတို့သည် ဝါဆိုနေကုန်၏၊ ထိုရဟန်းတို့သည် ဥပုသ်ကိုငြင်း ဥပုသ်ကံကိုငြင်း ပါတိမောက်ကိုငြင်း ပါတိမောက်ပြခြင်းကိုငြင်း မသိကုန်။ ရဟန်းတို့ ထိုရဟန်းတို့သည် ရဟန်းတပါးကို "ငါ့သျှင် သွားလော့၊ အကျဉ်းအားဖြင့်ဖြစ်စေ အကျယ်အားဖြင့်ဖြစ်စေ ပါတိမောက်ကို သင်ယူလာခဲ့လော့" ဟု အနီးအနားကျောင်းသို့ နေ့ချင်းပြန် စေလွှတ်ရမည်။ ဤသို့ စေလွှတ်သဖြင့် ထိုပါတိမောက် ပြမည့် ရဟန်းကို ရငြားအံ့၊ ဤသို့ ရခြင်းသည် ကောင်း၏။ အကယ်၍ မရငြားအံ့၊ ရဟန်းတပါးကို

http://www.dhammadownload.com



သတ္တာဟဆောင်သည်ကို ပြုစေ၍ 'ဝါပန်စေ၍' "ငါ့သျှင် သွားပါလော့၊ အကျဉ်းအားဖြင့် ဖြစ်စေ အကျယ်အားဖြင့် ဖြစ်စေ ပါတိမောက်ကို သင်ယူလာခဲ့လော့" ဟု စေလွှတ်ရမည်။ ဤသို့ စေလွှတ်သဖြင့် ထိုပါတိမောက်ပြမည့် ရဟန်းကို ရငြားအံ့၊ ဤသို့ ရခြင်းသည် ကောင်း၏။ အကယ်၍ မရငြားအံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် ထိုကျောင်း၌ ဝါဆို၍ မနေအပ်၊ အကယ်၍ ဝါဆိုနေငြားအံ့၊ (ထိုရဟန်းတို့အား) ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

## ၇၇-ပါရိသုဒ္ဓိပေးခြင်း

၁၆၄။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ စည်းဝေးကြကုန်လော့၊ သံဃာသည် ဥပုသ်ပြုလတ္တံ့" ဟု မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူသည်ရှိသော် တပါးသော ရဟန်းသည် မြတ်စွာဘုရားကို "အသျှင်ဘုရား နာဖျားသော ရဟန်း ရှိနေပါ၏၊ ထိုရဟန်းသည် မလာနိုင်ပါ" ဟု လျှောက်၏။

ရဟန်းတို့ နာဖျားသော ရဟန်းသည် ပါရိသုဒ္ဓိကို ပေးခြင်းငှါ ခွင့်ပြု၏၊ ရဟန်းတို့ ဤသို့ ပေးရမည်—

ထိုနာဖျားသော ရဟန်းသည် ရဟန်းတပါးအထံသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်ပြီးလျှင် ဆောင့်ကြောင့် ထိုင်လျက် လက်အုပ်ချီကာ "ပါရိသုဒ္ဓိကို ပေးပါ၏၊ အကျွန်ုပ်၏ ပါရိသုဒ္ဓိကို ဆောင်ယူ သွားပါလော့၊ အကျွန်ုပ်၏ ပါရိသုဒ္ဓိကို ပြောကြားပါလော့" ဟု ပြောဆိုရမည်။ ကိုယ်ဖြင့် သိစေအံ့၊ နှုတ်ဖြင့် သိစေအံ့၊ ကိုယ်နှုတ်နှစ်ပါးဖြင့်သိစေအံ့၊ ပါရိသုဒ္ဓိကို ပေးသည်မည်၏။ ကိုယ်ဖြင့် မသိစေအံ့၊ နှုတ်ဖြင့် မသိစေအံ့၊ ကိုယ်နှုတ်နှစ်ပါးဖြင့် မသိစေအံ့၊ ပါရိသုဒ္ဓိကို ပေးသည်မမည်။ ဤသို့ ပေးသဖြင့် ထိုပါရိသုဒ္ဓိကို ဆောင်မည့် ရဟန်းကို အကယ်၍ ရငြားအံ့၊ ဤသို့ရခြင်းသည် ကောင်း၏။ အကယ်၍ မရငြားအံ့၊ ရဟန်းတို့ ထိုနာဖျားသော ရဟန်းကို ညောင်စောင်းဖြင့်ရင်း အင်းပျဉ်ဖြင့်ရင်း သံဃာ့အလယ်သို့ ယူဆောင်ကာ ဥပုသ်ကို ပြုရမည်။ ရဟန်းတို့ သူနာပြုရဟန်းတို့အား "အကယ်၍ ငါတို့သည် နာဖျားသော ရဟန်းကို နေရာမှ ရွှေ့ပြောင်းကုန်ငြားအံ့၊ အနာသော်လည်း တိုးပွါးလတ္တံ့၊ သေခြင်းသော်လည်း ဖြစ်လတ္တံ့" ဟု အကယ်၍ စိတ်အထင်ရှိသည်ဖြစ်အံ့။ ရဟန်းတို့ နာဖျားသော ရဟန်းကို နေရာမှ မရွှေ့မပြောင်းစေအပ်၊ သံဃာသည် ထိုနေရာသို့ သွား၍ ဥပုသ်ပြုရမည်၊ ဝဂ်ဖြစ်သော 'အစုကွဲသော' သံဃာသည် ဥပုသ်ကို မပြုအပ်သည်သာတည်း၊ အကယ်၍ ပြုငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ အကယ်၍ ပါရိသုဒ္ဓိကို ဆောင်သော ရဟန်းသည် ပါရိသုဒ္ဓိကို ပေးပြီးသည်ရှိသော် ထိုပေးရာအရပ်၌သာလျှင်(အရပ်တပါးသို့)ဖဲသွားငြားအံ့၊တပါးသော ရဟန်းအား ပါရိသုဒ္ဓိကို ပေးရမည်။ ရဟန်းတို့ အကယ်၍ ပါရိသုဒ္ဓိကို ဆောင်ယူသွားသော ရဟန်းသည် ပါရိသုဒ္ဓိကို ပေးပြီးသည်ရှိသော် ထိုပေးရာ အရပ်၌သာလျှင် လူထွက်ငြားအံ့။ပ။ သေငြားအံ့။ သာမဏေဟု ဝန်ခံငြားအံ့။ သိက္ခာကို စွန့်သောသူဟု ဝန်ခံငြားအံ့။ အဆုံးစွန်သော ပါရာဇိက ဝတ္ထုသို့ ရောက်သောသူဟု ဝန်ခံငြားအံ့။ ရူးသောသူ ဟု ဝန်ခံငြားအံ့။ စိတ်ပျံ့လွင့်သောသူ ဟု ဝန်ခံငြားအံ့။ ဝေဒနာနှိပ်စက်သောသူ 'ခံစားသောသူ' ဟု ဝန်ခံငြားအံ့။ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထားသူ ဟု ဝန်ခံငြားအံ့။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထားသူ ဟု ဝန်ခံငြားအံ့။ ယုတ်ညံ့သော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားသူ ဟု ဝန်ခံငြားအံ့။ ပဏ္ဍုက် ဟု ဝန်ခံငြားအံ့။ ပေါင်းသင်းမှုကို ခိုးသူ ဟု ဝန်ခံငြားအံ့။ တိတ္ထိအောင်းသို့ ပြောင်းရွှေ့သူ ဟု ဝန်ခံငြားအံ့။ တိရစ္ဆာန် ဟု ဝန်ခံငြားအံ့။

http://www.dhammadownload.com



အမိသတ်သူ ဟု ဝန်ခံငြားအံ့။ အဖသတ်သူ ဟု ဝန်ခံငြားအံ့။ ရဟန္တာကို သတ်သူ ဟု ဝန်ခံငြားအံ့။ ဘိက္ခုနီမကို ဖျက်ဆီးသူ ဟု ဝန်ခံငြားအံ့။ သံဃာကို သင်းခွဲသူ ဟု ဝန်ခံငြားအံ့။ ဘုရားကို သွေးစိမ်းတည်အောင် ပြုသူ ဟု ဝန်ခံငြားအံ့။ ဥဘတောဗျည်း ဟု ဝန်ခံငြားအံ့၊ တပါးသော ရဟန်းအား ပါရိသုဒ္ဓိကို ပေးရမည်။ ရဟန်းတို့ အကယ်၍ ပါရိသုဒ္ဓိကို ဆောင်သော ရဟန်းသည် ပါရိသုဒ္ဓိကို ပေးအပ်ပြီးသော် လမ်းခရီးအကြား၌ အရပ်တပါးသို့ ဖဲသွားငြားအံ့၊ ပါရိသုဒ္ဓိကို ဆောင်သည် မမည်။ ရဟန်းတို့ အကယ်၍ ပါရိသုဒ္ဓိကို ဆောင်သော ရဟန်းသည် ပါရိသုဒ္ဓိကို ပေးအပ်ပြီးသော် လမ်းခရီးအကြား၌ လူထွက်ငြားအံ့။ပ။ ဥဘတောဗျည်း ဟု ဝန်ခံငြားအံ့၊ ပါရိသုဒ္ဓိကို ဆောင်သည် မမည်။

ရဟန်းတို့ အကယ်၍ ပါရိသုဒ္ဓိကို ဆောင်သော ရဟန်းသည် ပါရိသုဒ္ဓိကို ပေးပြီးသော် သံဃာ့ဘောင်သို့ ရောက်၍ (အရပ်တပါးသို့) ဖဲသွားငြားအံ့၊ ပါရိသုဒ္ဓိကို ဆောင်သည်မည်၏။ ရဟန်းတို့ အကယ်၍ ပါရိသုဒ္ဓိကို ဆောင်သော ရဟန်းသည် ပါရိသုဒ္ဓိကို ပေးပြီးသော် သံဃာ့ဘောင်သို့ ရောက်ပြီးမှ လူထွက်ငြားအံ့။ပ။ ဥဘတောဗျည်း ဟု ဝန်ခံငြားအံ့၊ ပါရိသုဒ္ဓိကို ဆောင်သည် မည်၏။

ရဟန်းတို့ အကယ်၍ ပါရိသုဒ္ဓိကို ဆောင်သော ရဟန်းသည် ပါရိသုဒ္ဓိကို ပေးပြီးသော် သံဃာ့ဘောင်သို့ ရောက်ပြီးနောက် အိပ်ပျော်သည် ဖြစ်၍ မပြောကြားငြားအံ့။ မေ့လျော့သည်ဖြစ်၍ မပြောကြားငြားအံ့။ သမာပတ် ဝင်စားသည်ဖြစ်၍ မပြောကြားငြားအံ့၊ ပါရိသုဒ္ဓိကို ဆောင်သည် မည်၏။ ပါရိသုဒ္ဓိကို ဆောင်သော ရဟန်းအား အာပတ် မသင့်။ ရဟန်းတို့ အကယ်၍ ပါရိသုဒ္ဓိကို ဆောင်သော ရဟန်းသည် ပါရိသုဒ္ဓိကို ပေးပြီးသော် သံဃာ့ဘောင်သို့ ရောက်ပြီးနောက် မပြောလိုသော စေတနာဖြင့် မပြောကြားအံ့၊ ပါရိသုဒ္ဓိကို ဆောင်သည် မည်၏။ ပါရိသုဒ္ဓိကို ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

## ၈၈-ဆန္ဒပေးခြင်း

၁၆၅။ တရံရောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ စည်းဝေးကြကုန်လော့၊ သံဃာသည် ကံပြုလတ္တံ့" ဟု မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူသည် ရှိသော် တပါးသော ရဟန်းသည် မြတ်စွာဘုရားကို "အသျှင်ဘုရား နာဖျားသော ရဟန်း ရှိနေပါ၏၊ ထိုရဟန်းသည် မလာနိုင်ပါ" ဟု လျှောက်၏။

ရဟန်းတို့ နာဖျားသော ရဟန်းသည် ဆန္ဒပေးခြင်းငှါ ခွင့်ပြု၏၊ ရဟန်းတို့ ဤသို့ပေးရမည်—

ထိုနာဖျားသော ရဟန်းသည် တပါးသော ရဟန်းအထံသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကောသီကို စမွယ်တင်ပြီးလျှင် ဆောင့်ကြောင့် ထိုင်လျက် လက်အုပ်ချီကာ "ဆန္ဒကို ပေးပါ၏၊ အကျွန်ုပ်၏ ဆန္ဒကို ဆောင်ပါလော့၊ အကျွန်ုပ်၏ဆန္ဒကို ပြောကြားပါလော့" ဟု ပြောဆိုရမည်။ ကိုယ်ဖြင့် သိစေအံ့၊ နှုတ်ဖြင့်သိစေအံ့၊ ကိုယ်နှုတ် နှစ်ပါးဖြင့် သိစေအံ့၊ ဆန္ဒကို ပေးသည်မည်၏။ ကိုယ်ဖြင့် မသိစေအံ့၊ နှုတ်ဖြင့် မသိစေအံ့၊ ကိုယ်နှုတ်နှစ်ပါးဖြင့် မသိစေအံ့၊ ဆန္ဒကို ပေးသည်မမည်။ ဤသို့ ပေးသဖြင့် ဆန္ဒဆောင်သော ရဟန်းကို အကယ်၍ ရကုန်ငြားအံ့၊ ဤသို့ရခြင်းသည် ကောင်း၏။ အကယ်၍ မရကုန်ငြားအံ့၊ ရဟန်းတို့ ထိုနာဖျားသော ရဟန်းကို ညောင်စောင်းဖြင့်ဖြစ်စေ အင်းပျဉ်ဖြင့်ဖြစ်စေ သံဃာ့အလယ်သို့ ယူဆောင်ကာ ကံပြုရမည်။ ရဟန်းတို့ သူနာပြု ရဟန်းတို့အား "အကယ်၍ ငါတို့သည် နာဖျားသော ရဟန်းကို နေရာမှ ရွှေ့ပြောင်း စေကုန်ငြားအံ့၊ အနာသော်လည်း တိုးပွါးလတ္တံ့၊ သေခြင်းသော်လည်း ဖြစ်လတ္တံ့" ဟု အကယ်၍ စိတ်အထင် ရှိသည်ဖြစ်အံ့။ရဟန်းတို့ နာဖျား

http://www.dhammadownload.com



သော ရဟန်းကို နေရာမှ မရွှေမပြောင်းစေအပ်၊ သံဃာသည် ထိုနေရာသို့ သွား၍ ကံပြုရမည်၊ ဝဂ်ဖြစ်သော 'အစုကွဲသော' သံဃာသည် ကံကို မပြုအပ်သည်သာလျှင်တည်း၊ အကယ်၍ ပြုငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းတို့ အကယ်၍ ဆန္ဒကို ဆောင်သော ရဟန်းသည် ဆန္ဒကို ပေးပြီးသော် ထိုပေးရာအရပ်၌သာလျှင် (အရပ်တပါးသို့) ဖဲသွားငြားအံ့၊ တပါးသော ရဟန်းအား ဆန္ဒကို ပေးရမည်။ ရဟန်းတို့ အကယ်၍ဆန္ဒကို ဆောင်သော ရဟန်းသည် ဆန္ဒကို ပေးပြီးသော် ထိုပေးရာ အရပ်၌သာလျှင် လူထွက်ငြားအံ့၊။ပ။ သေငြားအံ့။ သာမဏေ ဟု ဝန်ခံငြားအံ့။ သိက္ခာကို စွန့်သူ ဟု ဝန်ခံငြားအံ့။ အဆုံးစွန်သော ပါရာဇိကဝတ္ထုသို့ ရောက်သူ ဟု ဝန်ခံငြားအံ့။ ရူးသူ ဟု ဝန်ခံငြားအံ့။ စိတ်ပျံ့လွင့်သူ ဟု ဝန်ခံငြားအံ့။ ဝေဒနာနှိပ်စက်သူ 'ခံစားသောသူ' ဟု ဝန်ခံငြားအံ့။ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထားသူ ဟု ဝန်ခံငြားအံ့။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထားသူ ဟု ဝန်ခံငြားအံ့။ ယုတ်ညံ့သော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားသူ ဟု ဝန်ခံငြားအံ့။ ပဏ္ဍုက် ဟု ဝန်ခံငြားအံ့။ ပေါင်းသင်းမှုကို ခိုးသူ ဟု ဝန်ခံငြားအံ့။ တိတ္ထိဘောင်သို့ ဝင်သူ ဟု ဝန်ခံငြားအံ့။ တိရစ္ဆာန် ဟု ဝန်ခံငြားအံ့။ အမိသတ်သူ ဟု ဝန်ခံငြားအံ့။ အဖသတ်သူ ဟု ဝန်ခံငြားအံ့။ ရဟန္တာကို သတ်သူ ဟု ဝန်ခံငြားအံ့။ ဘိက္ခုနီမကို ဖျက်ဆီးသူ ဟု ဝန်ခံငြားအံ့။ သံဃာကို သင်းခွဲသူ ဟု ဝန်ခံငြားအံ့။ ဘုရားကို သွေးစိမ်းတည်အောင် ပြုသူ ဟု ဝန်ခံငြားအံ့။ ဥဘတောဗျည်း ဟု ဝန်ခံငြားအံ့၊ တပါးသော ရဟန်းအား ဆန္ဒကို ပေးရမည်။ ရဟန်းတို့ အကယ်၍ ဆန္ဒကို ဆောင်သော ရဟန်းသည် ဆန္ဒကို ပေးပြီးသော် လမ်းခရီးအကြား၌ (အရပ်တပါးသို့) ဖဲသွားငြားအံ့၊ ဆန္ဒကို ဆောင်သည် မမည်။ ရဟန်းတို့ အကယ်၍ ဆန္ဒကို ဆောင်သော ရဟန်းသည် ဆန္ဒကိုပေးပြီးသော် လမ်းခရီးအကြား၌ လူထွက်ငြားအံ့။ပ။ ဥဘတောဗျည်း ဟု ဝန်ခံငြားအံ့၊ ဆန္ဒကို ဆောင်သည်မမည်။

ရဟန်းတို့ အကယ်၍ ဆန္ဒကို ဆောင်သော ရဟန်းသည် ဆန္ဒကို ပေးပြီးသော် သံဃာ့ဘောင်သို့ ရောက်ပြီး၍ (အရပ်တပါးသို့) ဖဲသွားငြားအံ့၊ ဆန္ဒကို ဆောင်သည် မည်၏။ ရဟန်းတို့ အကယ်၍ ဆန္ဒကို ဆောင်သော ရဟန်းသည် ဆန္ဒကို ပေးပြီးသော် သံဃာ့ဘောင်သို့ ရောက်ပြီးမှ လူထွက်ငြားအံ့။ပ။ ဥဘတောဗျည်း ဟု ဝန်ခံငြားအံ့၊ ဆန္ဒကို ဆောင်သည် မည်၏။

ရဟန်းတို့ အကယ်၍ ဆန္ဒကို ဆောင်သော ရဟန်းသည် ဆန္ဒကို ပေးပြီးသော် သံဃာ့ဘောင်သို့ ရောက်ပြီးနောက် အိပ်ပျော်သည်ဖြစ်၍ မပြောကြားငြားအံ့။ မေ့လျော့သည် ဖြစ်၍ မပြောကြားငြားအံ့။ သမာပတ် ဝင်စားသည် ဖြစ်၍ မပြောကြားငြားအံ့၊ ဆန္ဒကို ဆောင်သည် မည်၏။ ဆန္ဒကို ဆောင်သော ရဟန်းအား အာပတ် မသင့်။ ရဟန်းတို့ အကယ်၍ ဆန္ဒကို ဆောင်သော ရဟန်းသည် ဆန္ဒကို ပေးပြီးသော် သံဃာ့ဘောင်သို့ ရောက်ပြီးနောက် မပြောကြားလိုသော စေတနာဖြင့် မပြောကြားငြားအံ့၊ ဆန္ဒကို ဆောင်သည် မည်၏၊ ဆန္ဒကို ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ ဥပုသ်နေ့၌ သံဃာ၏ ကံကြီး ကံငယ် ပြုဖွယ်ကိစ္စ ရှိကုန်သည် ဖြစ်အံ့၊ ပါရိသုဒ္ဓိကို ပေးသော ရဟန်းသည် ဆန္ဒကိုလည်း ပေးခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ၇၉-ဆွေမျိုးစသည်တို့က ဖမ်းယူခြင်း

၁၆၆။ တရံရောအခါ တပါးသော ရဟန်းကို ဥပုသ်နေ့၌ အဆွေအမျိုးတို့သည် ဖမ်းယူကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဥပုသ်နေ့၌ ရဟန်းကို အဆွေအမျိုးတို့သည် ဖမ်းယူကုန်၏၊ ရဟန်းတို့သည် ထိုအဆွေအမျိုးတို့ကို "ဒါယကာတို့ တောင်းပန်ပါ၏၊

http://www.dhammadownload.com



သင်တို့သည် ဤရဟန်းကို ဥပုသ်ပြုပြီးသည့်တိုင်အောင် တခဏမျှ လွှတ်ကြပါကုန်လော့” ဟု ပြောဆိုရမည်။ ဤသို့ တောင်းပန်သည့်အတိုင်း ရခဲ့သော် ကောင်း၏။ အကယ်၍ မရခဲ့သော် ရဟန်းတို့သည် ထိုအဆွေအမျိုးတို့ကို “ဒါယကာတို့ တောင်းပန်ပါ၏၊ ပါရိသုဒ္ဓိကို ပေးပြီးသည့်တိုင်အောင် တခဏမျှ သင်တို့သည် သင့်ဘော်ရာ၌ နေကုန်လော့” ဟု ပြောဆိုရမည်။ ဤသို့ ပြောဆိုသည့်အတိုင်း ရခဲ့သော် ကောင်း၏။ အကယ်၍ မရခဲ့သော် ရဟန်းတို့သည် ထိုအဆွေအမျိုးတို့ကို “ဒါယကာတို့ တောင်းပန်ပါ၏၊ သင်တို့သည် ဤရဟန်းကို သံဃာ့ဥပုသ် ပြုပြီးသည့်တိုင်အောင် တခဏမျှ သိမ်ပသို့ ခေါ်ဆောင်ကြကုန်လော့” ဟု ပြောဆိုရမည်။ ဤသို့ ပြောဆိုသည့်အတိုင်း ရခဲ့သော် ကောင်း၏။ အကယ်၍ မရခဲ့သော် ဝဂ်ဖြစ်သော ‘အစုကွဲသော’ သံဃာသည် ဥပုသ်ကို မပြုအပ်သည်သာတည်း။ အကယ်၍ ပြုငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ဥပုသ်နေ့၌ ရဟန်းကို မင်းတို့သည် ဖမ်းယူကုန်၏။ပ။ ခိုးသူတို့သည် ဖမ်းယူကုန်၏။ သေသောက်ကြူးတို့သည် ဖမ်းယူကုန်၏။ ရန်သူ ရဟန်းတို့သည် ဖမ်းယူကုန်၏။ ရဟန်းတို့သည် ထိုရဟန်း၏ ရန်သူဘို့ကို “အသျှင်တို့ တောင်းပန်ပါ၏၊ သင်တို့သည် ဤရဟန်းကို ဥပုသ်ပြုပြီးသည့်တိုင်အောင် တခဏမျှ လွှတ်ကြကုန်လော့” ဟု ပြောဆိုရမည်။ ဤသို့ ပြောဆိုသည့်အတိုင်း ရခဲ့သော် ကောင်း၏။ အကယ်၍ မရခဲ့သော် ရဟန်းတို့သည် ထိုရန်သူ ရဟန်းတို့ကို “အသျှင်တို့ တောင်းပန်ပါ၏၊ ပါရိသုဒ္ဓိကို ပေးပြီးသည့်တိုင်အောင် တခဏမျှ သင်တို့သည် သင့်တော်ရာ အရပ်၌ နေကုန်လော့” ဟု ပြောဆိုရမည်။ ဤသို့ ပြောဆိုသည့်အတိုင်း ရခဲ့သော် ကောင်း၏။ အကယ်၍ မရခဲ့သော် ရဟန်းတို့သည် ထိုရန်သူ ရဟန်းတို့ကို “အသျှင်တို့ တောင်းပန်ပါ၏၊ သင်တို့သည် ဤရဟန်းကို သံဃာ့ဥပုသ်ပြုပြီးသည့်တိုင်အောင် တခဏမျှ သိမ်ပသို့ ခေါ်ဆောင်ကြကုန်လော့” ဟု ပြောဆိုရမည်၊ ဤသို့ ပြောဆိုသည့်အတိုင်း ရခဲ့သော် ကောင်း၏။ အကယ်၍ မရခဲ့သော် ဝဂ်ဖြစ်သော ‘အစုကွဲသော’ သံဃာသည် ဥပုသ်ကို မပြုအပ်သည်သာတည်း။ အကယ်၍ ပြုငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

## ၉၀–ရဟန်းရူးဟု သမုတ်ခြင်း

၁၆၇။ တရံရောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို “ရဟန်းတို့ စည်းဝေးကုန်လော့၊ သံဃာအား ပြုဖွယ်ကိစ္စသည် ရှိ၏” ဟု မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူသည်ရှိသော် တပါးသော ရဟန်းသည် မြတ်စွာဘုရားကို “အသျှင်ဘုရား ဂဂ္ဂ မည်သော ရဟန်းရူးသည် ရှိပါ၏၊ ထိုရဟန်းသည် မလာပါ” ဟု လျှောက်၏။

ရဟန်းတို့ အရူးတို့ကား ဤနှစ်မျိုးတို့တည်း။ ရဟန်းတို့ ရူးသွပ်သော ရဟန်းသည် ဥပုသ်ကံ သံဃာ့ကံကို သတိရတချက် မရတချက် လာတချက် မလာတချက် တမျိုး၊ ဥပုသ်ကံ သံဃာ့ကံကို သတိမရ မလာသော ရဟန်းတမျိုး အားဖြင့် ဤနှစ်မျိုးတို့တည်း။

ရဟန်းတို့ ထိုအရူးနှစ်မျိုးတို့တွင် ဥပုသ်ကံ သံဃာ့ကံကို သတိရတချက် မရတချက် လာတချက် မလာတချက် ဖြစ်သော သဘောရှိသော သူရူးအား အရူး ဟု သမုတ်ခြင်း ‘ဥမ္မတ္တကသမ္မုတိ’ ကို ပေးခြင်းငှါ ခွင့်ပြု၏။ ရဟန်းတို့ ဤသို့ ပေးရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

http://www.dhammadownload.com



"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဂဂ္ဂ မည်သော ရဟန်းသည် ရူးသွပ်သည် ဖြစ်၍ ဥပုသ်ကံ သံဃာ့ကံကို သတိရတချက် မရတချက် လာတချက် မလာတချက် ဖြစ်နေပါ၏၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဂဂ္ဂ မည်သော ရူးသွပ်သော ရဟန်းအား ဂဂ္ဂ မည်သော ရဟန်းသည် ဥပုသ်ကံ သံဃာ့ကံကို သတိရတချက် မရတချက် လာတချက် မလာတချက် ဖြစ်နေသော ကြောင့် သံဃာသည် ဂဂ္ဂနှင့်အတူ ဖြစ်စေ ကင်း၍ ဖြစ်စေ ဥပုသ်ကံ သံဃာ့ကံကို ပြုနိုင်သော ဥမ္မတ္တကသမ္မုတိကို ပေးရာ၏။ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဂဂ္ဂ မည်သော ရဟန်းသည် ရူးသွပ်သည်ဖြစ်၍ ဥပုသ်ကံ သံဃာ့ကံကို သတိရတချက် မရတချက်၊ လာတချက် မလာတချက် ဖြစ်နေပါ၏၊ သံဃာသည် ဂဂ္ဂ မည်သော ရူးသွပ်သော ရဟန်းအား ဂဂ္ဂမည်သော ရဟန်းသည် ဥပုသ်ကံ သံဃာ့ကံကို သတိရတချက် မရတချက် လာတချက် မလာတချက် ဖြစ်နေသောကြောင့် သံဃာသည် ဂဂ္ဂနှင့်အတူ ဖြစ်စေ ကင်း၍ ဖြစ်စေ ဥပုသ်ကံ သံဃာ့ကံကို ပြုပါလိမ့်မည် ဟု ဥမ္မတ္တကသမ္မုတိကို ပေး၏၊ ဂဂ္ဂမည်သော ရူးသွပ်သော ရဟန်းအား ဂဂ္ဂရဟန်းသည် ဥပုသ်ကံ သံဃာ့ကံကို သတိရတချက် မရတချက် လာတချက် မလာတချက် ဖြစ်နေသော ကြောင့် သံဃာသည် ဂဂ္ဂနှင့်အတူဖြစ်စေ ကင်း၍ ဖြစ်စေ ဥပုသ်ကံ သံဃာ့ကံကို ပြုပါလိမ့်မည် ဟု ဥမ္မတ္တကသမ္မုတိကို ပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဂဂ္ဂမည်သော ရူးသွပ်သော ရဟန်းအား ဂဂ္ဂရဟန်းသည် ဥပုသ်ကံ သံဃာ့ကံကို သတိရတချက် မရတချက် လာတချက် မလာတချက် ဖြစ်နေသောကြောင့် သံဃာသည် ဂဂ္ဂနှင့် အတူဖြစ်စေ ကင်း၍ဖြစ်စေ ဥပုသ်ကံ သံဃာ့ကံ ကို ပြုပါလိမ့်မည် ဟု ဥမ္မတ္တကသမ္မုတိကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေ သဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

## ၉၁-သံဃာ့ဥပုသ်စသည့်အပြား

၁၆၈။ တရံရောအခါ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါးသော ရဟန်းတို့သည် နေကုန်၏။ ထိုအခါ ထိုရဟန်းတို့အား "မြတ်စွာဘုရားသည် 'ဥပုသ်ကိုပြုရမည်' ဟု ပညတ်တော်မူ၏၊ ငါတို့သည်ကား လေးယောက်တို့သာ ဖြစ်ကုန်၏၊ ငါတို့သည် အဘယ်သို့ ဥပုသ်ပြုရပါမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လေးပါးသော ရဟန်းတို့အား ပါတိမောက် ပြခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုစဉ်အခါ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ သုံးပါးသော ရဟန်းတို့သည် နေကုန်၏။ ထိုအခါ ထိုရဟန်းတို့အား "မြတ်စွာဘုရားသည် လေးပါးသော ရဟန်းတို့အား ပါတိမောက် ပြခြင်းငှါ ခွင့်ပြုတော်မူ၏၊ ငါတို့သည်ကား သုံးယောက်တို့သာ ဖြစ်ကုန်၏၊ ငါတို့သည် အဘယ်သို့ ဥပုသ်ပြုရပါမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သုံးပါးသော ရဟန်းတို့အား ပါရိသုဒ္ဓိ ဥပုသ်ကို ပြုခြင်းငှါ ခွင့်ပြု၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ ပြုရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် ထိုရဟန်းတို့ကို သိစေရမည်—

"အသျှင်တို့ အကျွန်ုပ်၏ (စကားကို) နာတော်မူကုန်လော့၊ ယနေ့ တဆယ့်ငါးရက်မြောက် နေ့ဖြစ်၏၊ အကယ်၍ အသျှင်တို့အား လျောက်ပတ်သော အခါရှိသော ကာလသည် ဖြစ်ငြားအံ့၊ အကျွန်ုပ်တို့သည် အချင်းချင်း ပါရိသုဒ္ဓိဥပုသ်ကို ပြုကုန်အံ့" ဟု (သိစေရမည်)။

မထေရ်ကြီးဖြစ်သော ရဟန်းသည် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီကာ ထိုရဟန်းတို့ကို "ငါ့သျှင်တို့ အကျွန်ုပ်သည် အာပတ်မှ စင်ကြယ်၏၊ အာပတ်မှ စင်ကြယ်၏ ဟု အကျွန်ုပ်ကို မှတ်ကုန်လော့။ ငါ့သျှင်တို့ အကျွန်ုပ်သည် အာပတ်မှ စင်ကြယ်၏၊ အာပတ်မှ စင်ကြယ်၏ ဟု အကျွန်ုပ်ကို မှတ်ကုန်လော့။ ငါ့သျှင်တို့ အကျွန်ုပ်သည် အာပတ်မှ စင်ကြယ်၏၊ အာပတ်မှ စင်ကြယ်၏ ဟု အကျွန်ုပ်ကို မှတ်ကုန်လော့" ဟု ဆိုရမည်။

သီတင်းငယ် ရဟန်းသည် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီကာ ထိုရဟန်းတို့ကို "အသျှင်ဘုရားတို့ အကျွန်ုပ်သည် အာပတ်မှ စင်ကြယ်၏၊ အာပတ်မှ စင်ကြယ်၏ ဟု အကျွန်ုပ်ကို မှတ်ကုန်လော့။ အသျှင်ဘုရားတို့ အကျွန်ုပ်သည် အာပတ်မှ စင်ကြယ်၏၊ အာပတ်မှ စင်ကြယ်၏ ဟု အကျွန်ုပ်ကို မှတ်ကုန်လော့။ အသျှင်ဘုရားတို့ အကျွန်ုပ်သည် အာပတ်မှ စင်ကြယ်၏၊ အာပတ်မှ စင်ကြယ်၏ ဟု အကျွန်ုပ်ကို မှတ်ကုန်လော့" ဟု ဆိုရမည်။

ထိုအခါ ကျောင်းတကျောင်း၌ ဥပုသ်နေ့၌ နှစ်ပါးသော ရဟန်းတို့သည် နေကုန်၏။ ထိုအခါ ထိုရဟန်းတို့အား "မြတ်စွာဘုရားသည် လေးပါးသော ရဟန်းတို့အား ပါတိမောက် ပြခြင်းငှါ ခွင့်ပြုတော်မူ၏၊ သုံးပါးသော ရဟန်းတို့အား ပါရိသုဒ္ဓိ ဥပုသ်ပြုခြင်းငှါ ခွင့်ပြုတော်မူ၏၊ ငါတို့သည်ကား နှစ်ယောက်တို့သာ ဖြစ်ကုန်၏၊ ငါတို့သည် အဘယ်သို့ ဥပုသ်ကို ပြုရပါမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နှစ်ပါးသော ရဟန်းတို့အား ပါရိသုဒ္ဓိဥပုသ်ကို ပြုခြင်းငှါ ခွင့်ပြု၏။

ရဟန်းတို့ ဤသို့ ပြုရမည်၊ မထေရ်ကြီးဖြစ်သော ရဟန်းသည် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီကာ သီတင်းငယ် ရဟန်းကို "ငါ့သျှင် ငါသည် အာပတ်မှ စင်ကြယ်၏၊ အာပတ်မှ စင်ကြယ်၏ ဟု ငါ့ကို မှတ်လော့။ ငါ့သျှင် ငါသည် အာပတ်မှ စင်ကြယ်၏၊ အာပတ်မှ စင်ကြယ်၏ ဟု ငါ့ကိုမှတ်လော့။ ငါ့သျှင် ငါသည် အာပတ်မှ စင်ကြယ်၏၊ အာပတ်မှ စင်ကြယ်၏ ဟု ငါ့ကို မှတ်လော့" ဟု ဆိုရမည်။

သီတင်းငယ် ရဟန်းသည် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီကာ မထေရ်ကြီးရဟန်းကို "အသျှင်ဘုရား အကျွန်ုပ်သည် အာပတ်မှ စင်ကြယ်၏၊ အာပတ်မှ စင်ကြယ်၏ ဟု အကျွန်ုပ်ကို မှတ်ကုန်လော့။ အသျှင်ဘုရား အကျွန်ုပ်သည် အာပတ်မှ စင်ကြယ်၏၊ အာပတ်မှ စင်ကြယ်၏ ဟု အကျွန်ုပ်ကို မှတ်ကုန်လော့။ အသျှင်ဘုရား အကျွန်ုပ်သည် အာပတ်မှ စင်ကြယ်၏၊ အာပတ်မှ စင်ကြယ်၏ ဟု အကျွန်ုပ်ကို မှတ်ကုန်လော့" ဟု ဆိုရမည် ဟု (မိန့်တော်မူ၏)။

**တရံရောအခါ ကျောင်းတကျောင်း၌ ဥပုသ်နေ့၌ တပါးသော ရဟန်းသည် နေ၏။ ထိုအခါ ထိုရဟန်းအား "မြတ်စွာဘုရားသည် လေးပါးသော ရဟန်းတို့အား ပါတိမောက်ပြခြင်းငှါ ခွင့်ပြုတော်**

http://www.dhammadownload.com



မှု၏၊ သုံးပါးသော ရဟန်းတို့အား ပါရိသုဒ္ဓိ ဥပုသ်ကို ပြုခြင်းငှါ ခွင့်ပြုတော်မူ၏၊ နှစ်ပါးသော ရဟန်းတို့အား ပါရိသုဒ္ဓိဥပုသ်ကို ပြုခြင်းငှါ ခွင့်ပြုတော်မူ၏၊ ငါသည်ကား တယောက်ထည်းသာ ဖြစ်၏၊ ငါသည် အဘယ်သို့ ဥပုသ်ကို ပြုရပါမည်နည်း”ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ တပါးသော ရဟန်းသည် နေ၏၊ ရဟန်းတို့ ထိုရဟန်းသည် ရဟန်းတို့ ဝင်ထွက်ရာဖြစ်သော စည်းဝေးရာစရပ် မဏ္ဍပ် သစ်ပင်ရင်းတို့ကို တံမြက်လှည်း၍ သောက်ရေ သုံးဆောင်ရေ တည်ထားပြီးလျှင် နေရာကို ခင်းလျက် ဆီမီးညှိထွန်းကာ ထိုင်နေရမည်၊ အကယ်၍ တပါးသော ရဟန်းတို့သည် လာကုန်ငြားအံ့၊ ထိုရဟန်းတို့နှင့် အတူ ဥပုသ်ပြုရမည်။ အကယ်၍ မလာကုန်ငြားအံ့၊ “ယနေ့ ငါ့အတွက် ဥပုသ်နေ့တည်း” ဟု အဓိဋ္ဌာန်ပြုရမည်၊ အကယ်၍ အဓိဋ္ဌာန်ကို မပြုငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းတို့ ရဟန်းလေးပါး နေသော ကျောင်း၌ တပါးသော ရဟန်း၏ ပါရိသုဒ္ဓိကို ဆောင်၍ သုံးပါးသော ရဟန်းတို့သည် ပါတိမောက်ကို မပြအပ်၊ အကယ်၍ ပြကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ရဟန်းတို့ ရဟန်းသုံးပါးနေသော ကျောင်း၌ တပါးသော ရဟန်း၏ ပါရိသုဒ္ဓိကို ဆောင်၍ နှစ်ပါးသော ရဟန်းတို့သည် ပါရိသုဒ္ဓိဥပုသ်ကို မပြုအပ်၊ အကယ်၍ ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ရဟန်းတို့ ရဟန်းနှစ်ပါးနေသော ကျောင်း၌ တပါးသော ရဟန်း၏ ပါရိသုဒ္ဓိကို ဆောင်၍ တပါးသော ရဟန်းသည် အဓိဋ္ဌာန် ဥပုသ်ကို မပြုအပ်၊ အကယ်၍ အဓိဋ္ဌာန် ဥပုသ်ကို ပြုငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။

## ၆၂-အာပတ်ကုစားနည်း

၁၆၉။ တရံရောအခါ တပါးသော ရဟန်းသည် ဥပုသ်နေ့၌ အာပတ်သင့်၏။ ထိုအခါ ထိုရဟန်းအား “မြတ်စွာဘုရားသည် ‘အာပတ်နှင့်တကွ ဥပုသ်ကို မပြုအပ်’ ဟု ပညတ်တော်မူ၏၊ ငါသည်လည်း အာပတ်သင့်၏၊ ငါသည် အဘယ်သို့ ကျင့်ရပါမည်နည်း” ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းသည် ဥပုသ်နေ့၌ အာပတ်သင့်၏၊ ရဟန်းတို့ ထိုရဟန်းသည် တပါးသော ရဟန်းအထံသို့ ချဉ်းကပ်ပြီးလျှင် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီကာ“ငါ့သျှင် အကျွန်ုပ်သည် ဤမည်သော အာပတ်သို့ ရောက်၏၊ ထိုအာပတ်ကို ကြားပါ၏” ဟု ပြောဆိုရမည်။ ထိုဒေသနာခံသော ရဟန်းသည် “အာပတ်ကို ရှုလော့” ဟု ပြောဆိုရမည်။ “ကောင်းပါပြီ ရှုပါအံ့” ဟု အာပတ်သင့်သော ရဟန်းက ပြောဆိုရမည်။ “နောင်အခါ၌လည်း စောင့်စည်းလော့” ဟု ဒေသနာခံသော ရဟန်းက ပြောဆိုရမည်။

ရဟန်းတို့ ရဟန်းသည် ဥပုသ်နေ့၌ အာပတ်၌ ယုံမှားရှိလေ၏၊ ရဟန်းတို့ ထိုရဟန်းသည် တပါးသော ရဟန်းအထံသို့ ချဉ်းကပ်ပြီးလျှင် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီကာ “ငါ့သျှင် အကျွန်ုပ်သည် ဤမည်သော အာပတ်၌ ယုံမှားရှိ၏၊ အကြင် အခါ၌ ယုံမှားကင်းသည်ဖြစ်အံ့၊ ထိုအခါ၌ ထိုအာပတ်ကို ကုစားပါအံ့” ဟု ဆို၍ ဥပုသ်ကို ပြုရမည်၊ ပါတိမောက်ကို နာရမည်၊ ထိုယုံမှားခြင်းကြောင့် ဥပုသ်၏ အန္တရာယ်ကို မပြုအပ်သည် သာလျှင်တည်း ဟု (မိန့်တော်မူ၏)။

ထိုအခါ၌ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သဘောတူ ဝတ္ထုကြောင့် သင့်သော အာပတ်ကို ဒေသနာကြားကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သဘောတူဝတ္ထုကြောင့်

http://www.dhammadownload.com



သင့်သော အာပတ်ကို ဒေသနာမကြားအပ်၊ ကြားသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သဘောတူ ဝတ္ထုကြောင့် သင့်သော အာပတ်ကို ခံယူကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သဘောတူ ဝတ္ထုကြောင့် သင့်သော အာပတ်ကို မခံယူအပ်၊ ခံယူသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။

## ၉၃-အာပတ်ကိုထင်ရှားစွာပြုခြင်း

၁၇၀။ တရံရောအခါ ရဟန်းတပါးသည် ပါတိမောက် ပြသည်ရှိသော် အာပတ်ကို သတိရ၏၊ ထိုအခါ ထိုရဟန်းအား "မြတ်စွာဘုရားသည် 'အာပတ်နှင့်တကွ ဥပုသ်ကို မပြုအပ်' ဟု ပညတ်တော်မူ၏၊ ငါသည်ကား အာပတ်သင့်၏၊ ငါသည် အဘယ်သို့ ကျင့်ရပါမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းသည် ပါတိမောက်ပြသည်ရှိသော် အာပတ်ကိုသတိရ၏၊ ရဟန်းတို့ ထိုရဟန်းသည် အနီးဖြစ်သော ရဟန်းကို "ငါ့သျှင် အကျွန်ုပ်သည် ဤမည်သော အာပတ်သို့ရောက်၏၊ ထိုနေရာမှ ထသော် ထိုအာပတ်ကို ကုစားပါအံ့" ဟု ဆို၍ ဥပုသ်ကို ပြုရမည်၊ ပါတိမောက်ကို နာရမည်၊ ထိုအာပတ်ဟူသော အကြောင်းကြောင့် ဥပုသ်၏ အန္တရာယ်ကို မပြုအပ်သည်သာလျှင်တည်း။

ရဟန်းတို့ ရဟန်းသည် ပါတိမောက် ပြသည်ရှိသော် အာပတ်၌ ယုံမှားရှိ၏၊ ရဟန်းတို့ ထိုရဟန်းသည် အနီးဖြစ်သောရဟန်းကို "ငါ့သျှင် အကျွန်ုပ်သည် ဤမည်သော အာပတ်၌ ယုံမှားရှိ၏၊ ယုံမှားကင်းသော အခါ ထိုအာပတ်ကို ကုစားပါအံ့" ဟု ဆို၍ ဥပုသ်ကို ပြုရမည်၊ ပါတိမောက်ကို နာရမည်၊ ထိုအာပတ်၌ ယုံမှားခြင်းဟူသော အကြောင်းကြောင့် ဥပုသ်၏ အန္တရာယ်ကို မပြုအပ်သည်သာလျှင်တည်း ဟု (မိန့်တော်မူ၏)။

## ၉၄-သဘောတူအာပတ်ကုစားနည်း

၁၇၁။ တရံရောအခါ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ သံဃာအားလုံးသည် သဘောတူ ဝတ္ထုကြောင့် သင့်သော အာပတ်သို့ရောက်၏။ ထိုအခါ ထိုရဟန်းတို့အား "မြတ်စွာဘုရားသည် 'သဘောတူဝတ္ထုကြောင့် သင့်သော အာပတ်ကို ဒေသနာမကြားအပ်၊ သဘောတူ ဝတ္ထုကြောင့် သင့်သောအာပတ်ကို မခံယူအပ်' ဟု ပညတ်တော်မူ၏၊ ဤသံဃာအားလုံးသည်လည်း သဘောတူ ဝတ္ထုကြောင့် သင့်သော အာပတ်သို့ရောက်၏၊ ငါတို့သည် အဘယ်သို့ ကျင့်ရပါမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ သံဃာအားလုံးသည် သဘောတူ ဝတ္ထုကြောင့် သင့်သော အာပတ်သို့ ရောက်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် တပါးသောရဟန်းကို "ငါ့သျှင် သွားလော့၊ ထိုအာပတ်ကို ကုစား၍ လာခဲ့လော့၊ ငါတို့သည် သင်၏ အထံ၌ ထိုအာပတ်ကို ကုစားပါကုန်အံ့" ဟု အနီးအနား ကျောင်းသို့ နေ့ချင်းပြန်စေလွှတ်ရမည်။ ဤသို့ ရခဲ့သော် ကောင်း၏၊ အကယ်၍ မရခဲ့သော် ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"**အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို) နာတော်မူလော့၊ ဤသံဃာအားလုံးသည် သဘောတူ ဝတ္ထုကြောင့်သင့်သော အာပတ်သို့ရောက်၏၊ အာပတ်မရှိစင်ကြယ်သော တပါး**

http://www.dhammadownload.com



သော ရဟန်းကို တွေ့သောအခါ ထိုရဟန်း၏ အထံ၌ ထိုအာပတ်ကို ကုစားလတ္တံ့” ဟု ဆို၍ ဉပုသ်ကို ပြုရမည်၊ ပါတိမောက်ကို ပြရမည်၊ ထိုအာပတ်ဟူသော အကြောင်းကြောင့် ဉပုသ်၏ အန္တရာယ်ကို မပြုရ။

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဉပုသ်နေ့၌ အားလုံးသောသံဃာသည် သဘောတူဝတ္ထုကြောင့် သင့်သောအာပတ်၌ ယုံမှားရှိသည်ဖြစ်အံ့၊ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤသံဃာအားလုံး သည် သဘောတူဝတ္ထုကြောင့် သင့်သောအာပတ်၌ ယုံမှားရှိ၏၊ ယုံမှားကင်းသောအခါ ထိုအာပတ်ကို ကုစားပါအံ့” ဟု ဆို၍ ဉပုသ်ကို ပြုရမည်၊ ပါတိမောက်ကို ပြရမည်၊ ထိုအာပတ်၌ ယုံမှားခြင်းဟူသော အကြောင်းကြောင့် ဉပုသ်၏ အန္တရာယ်ကို မပြုအပ်သည်သာလျှင်တည်း။

ရဟန်းတို့ ကျောင်းတကျောင်း၌ ဝါကပ်သော သံဃာသည် သဘောတူဝတ္ထုကြောင့်သင့်သော အာပတ်သို့ ရောက်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တပါးသောရဟန်းကို “ငါ့သျှင် သွားလော့၊ထိုအာ ပတ်ကို ကုစား၍ လာခဲ့လော့၊ ငါတို့သည် သင်၏အထံ၌ ထိုအာပတ်ကို ကုစား ပါကုန်အံ့” ဟု ဆို၍ အနီးအနားကျောင်းသို့ နေ့ချင်းပြန်စေလွှတ်ရမည်။ ဤသို့ပြုသဖြင့် ရခဲ့သော် ကောင်း၏၊ အကယ်၍ မရခဲ့သော် တပါးသောရဟန်းကို သတ္တာဟဆောင်စေ၍ ‘ဝါပန်စေ၍’ “ငါ့သျှင် သွားလော့၊ ထိုအာပတ် ကို ကုစား၍ လာခဲ့လော့၊ ငါတို့သည် သင်၏ အထံ၌ အာပတ်ကို ကုစားပါကုန်အံ့” ဟု စေလွှတ်ရမည် ဟု (မိန့်တော်မူ၏)။

တရံရောအခါ ကျောင်းတကျောင်း၌ သံဃာအားလုံးသည် သဘောတူဝတ္ထုကြောင့် သင့်သော အာပတ်သို့ ရောက်၏၊ ထိုရဟန်းသံဃာသည် ထိုအာပတ်၏ အမျိုးအမည်ကို မသိ။ ထိုကျောင်းသို့ အကြားအမြင်များသော ပါဠိတော်ကို နှုတ်ငုံဆောင်သော တရားတော် ဝိနည်းတော်ကို ဆောင်သော ပါတိမောက်ကို ဆောင်သော ပညာရှိသော ထက်မြက်သော ထိုးထွင်းဉာဏ်ရှိသော ရှက်တတ်သော တွေးတောမှု ‘သံသယကုက္ကုစ္စ’ရှိသော သိက္ခာကို အလိုရှိသော တပါးသော ရဟန်းသည် လာ၏၊ တပါးသော ရဟန်းသည် ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းကို “ငါ့သျှင် အကြင်ရဟန်းသည် ဤသို့ ဤသို့ ပြု၏၊ ထိုရဟန်းသည် အဘယ်အာပတ်သင့်ပါသနည်း” ဟု မေး၏၊ ထိုရဟန်းသည် “ငါ့သျှင် အကြင် ရဟန်းသည် ဤသို့ ဤသို့ ပြု၏၊ ထိုရဟန်းသည် ဤမည်သော အာပတ်သင့်၏၊ ငါ့သျှင် သင်သည် ဤမည်သော အာပတ်သင့်၏၊ ထိုအာပတ်ကို ကုစားလော့” ဟု ပြောဆို၏။

ထိုရဟန်းသည် “ငါ့သျှင် ငါတယောက်ထည်းသာ ဤအာပတ်သင့်သည်မဟုတ်၊ ဤသံဃာ အားလုံးသည် ဤအာပတ် သင့်၏” ဟု ပြောဆို၏။ ထိုရဟန်းသည် “ငါ့သျှင် တပါးသော ရဟန်းသည် အာပတ် သင့်သည်ဖြစ်စေ မသင့်သည်ဖြစ်စေ သင့်အား အသို့ပြုအံ့နည်း၊ ငါ့သျှင် တိုက်တွန်းပါ၏၊ သင်သည် မိမိအာပတ်မှ ထလော့ ‘အာပတ်ကို ကုစားလော့’” ဟု ပြောဆို၏။ ထို့နောက် ထိုရဟန်း သည် ထို(ဗဟုဿုတစသည်နှင့်ပြည့်စုံသော)ရဟန်း၏ စကားဖြင့် ထိုအာပတ်ကို ကုစားပြီး၍ ထိုရဟန်း တို့ ထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းတို့ကို “ငါ့သျှင်တို့ အကြင် ရဟန်းသည် ဤသို့ ဤသို့ ပြု၏၊ ထို ရဟန်းသည် ဤမည်သော အာပတ်သို့ ရောက်သတတ်၊ ငါ့သျှင်တို့ သင်တို့သည် ဤမည်သော အာပတ် သို့ ရောက်ကုန်၏၊ ထိုအာပတ်ကို ကုစားကုန်လော့” ဟု ပြောဆို၏။ ထိုအခါ ထိုရဟန်းတို့သည် ထိုရဟန်း၏ စကားဖြင့် ထိုအာပတ်ကို ကုစားခြင်းငှါ အလိုမရှိကုန်။ မြတ်စွာဘုရားအား ဤအကြောင်း

http://www.dhammadownload.com



ကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကျောင်းတကျောင်း၌ သံဃာအားလုံးသည် သဘောတူ ဝတ္ထု ကြောင့် သင့်သော အာပတ်သို့ ရောက်၏၊ ထိုရဟန်းသံဃာသည် ထိုအာပတ်၏ အမျိုးအမည်ကို မသိ၊ ထိုကျောင်းသို့ အကြားအမြင်များသော ပါဠိတော်ကို နှုတ်ငုံဆောင်သော တရားတော် ဝိနည်းတော် ကို ဆောင်သော ပါတိမောက်ကို ဆောင်သော ပညာရှိသော ထက်မြက်သော ထိုးထွင်းဉာဏ်ရှိသော ရှက်ဘတ်သော တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိသော သိက္ခာကို အလိုရှိသော တပါးသော ရဟန်း သည် လာ၏။

တပါးသော ရဟန်းသည် ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းကို "ငါ့သျှင် အကြင် ရဟန်း သည် ဤသို့ ဤသို့ ပြု၏၊ ထိုရဟန်းသည် အဘယ်အာပတ် သင့်ပါသနည်း" ဟု မေး၏၊ ထို(ဗဟုဿုတ စသည်နှင့် ပြည့်စုံသော) ရဟန်းသည် "ငါ့သျှင် အကြင် ရဟန်းသည် ဤသို့ ဤသို့ ပြု၏၊ ထိုရဟန်း သည် ဤမည်သော အာပတ်သင့်၏၊ ငါ့သျှင် သင်သည် ဤမည်သော အာပတ်သင့်၏၊ ထိုအာပတ်ကို ကုစားလော့" ဟု ပြောဆို၏။ ထိုရဟန်းသည် "ငါ့သျှင် ငါတယောက်ထည်းသာလျှင် ဤအာပတ် သင့်သည် မဟုတ်၊ ဤသံဃာအားလုံးသည် ဤအာပတ်သင့်၏" ဟု ပြောဆို၏။ ထို(ဗဟုဿုတ စသည်နှင့်ပြည့်စုံသော) ရဟန်းသည် "ငါ့သျှင် တပါးသော ရဟန်းသည် အာပတ်သင့်သည်ဖြစ်စေ မသင့်သည်ဖြစ်စေ သင့်အား အဘယ်သို့ ပြုအံ့နည်း၊ ငါ့သျှင် တိုက်တွန်းပါ၏၊ သင်သည် မိမိအာပတ်မှ ထသော့ 'အာပတ်ကို ကုစားလော့'" ဟု ပြောဆို၏။ ရဟန်းတို့ အကယ်၍ ထိုတပါးသော ရဟန်း သည် ထို(ဗဟုဿုတစသည်နှင့် ပြည့်စုံသော) ရဟန်း၏ စကားဖြင့် ထိုအာပတ်ကို ကုစားပြီး၍ ထိုရဟန်းတို့ ထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းတို့ကို "ငါ့သျှင်တို့ အကြင်ရဟန်းသည် ဤသို့ ဤသို့ ပြု၏၊ ထိုရဟန်းသည် ဤမည်သော အာပတ်သို့ ရောက်သတတ်၊ ငါ့သျှင်တို့ သင်တို့သည် ဤမည် သော အာပတ်သို့ ရောက်ကုန်၏၊ ထိုအာပတ်ကို ကုစားကုန်လော့" ဟု ပြောဆို၏။ ရဟန်းတို့ အကယ်၍ ထိုရဟန်းတို့သည် ထိုရဟန်း၏ စကားဖြင့် ထိုအာပတ်ကို ကုစားကြသော် ကောင်း၏။ အကယ်၍ မကုစားကြသော် အာပတ်မှ ထပြီးသော ရဟန်းသည် ထိုကုစားရန် အလိုမရှိသော ရဟန်း တို့ကို မပြောဆိုရ ဟု (မိန့်တော်မူ၏)။

စောဒနာဝတ္ထုကို ပြဆိုရာ အခန်းပြီး၏။

---

## ၆၅-အာပတ်မသင့်ခြင်း တဆယ့်ငါးမျိုး

၁၇၂။ တခုံရောအခါ ကျောင်းတကျောင်း၀ယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန် ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြား သော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကြကုန်။ ထိုရဟန်းတို့သည် တရားနှင့် လျော်၏၊ ဝိနည်းနှင့် လျော်၏၊ ဝဂ်ဖြစ်လျက် 'အစုကွဲလျက်' ညီညွတ်၏ ဟု မှတ်ထင်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြသည်ရှိသော် အခြားသော အလွန် များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကျောင်းတကျောင်း၀ယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန် ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာ

http://www.dhammadownload.com



သေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့် လျော်၏၊ ဝိနည်းနှင့်လျော်၏၊ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက်ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြနေစဉ် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုနောက်လာသော ရဟန်းတို့သည် တဖန် ပါတိမောက်ကို ပြရမည်၊ ပြနှင့်သော ရဟန်းတို့အား အာပတ်မသင့်။ (၁)

ရဟန်းတို့ ကျောင်းတကျောင်း၌ ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့် လျော်၏၊ ဝိနည်းနှင့်လျော်၏၊ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြနေစဉ် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ အကြွင်းကို နာရမည်၊ ပြနှင့်သော ရဟန်းတို့အား အာပတ်မသင့်။ (၂)

ရဟန်းတို့ ကျောင်းတကျောင်း၌ ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏၊ ဝိနည်းနှင့်လျော်၏၊ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြနေစဉ် အခြားသော အလွန်နည်းသော ကျောင်းနေရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ အကြွင်းကို နာရမည်၊ ပြနှင့်သော ရဟန်းတို့အား အာပတ်မသင့်။ (၃)

ရဟန်းတို့ ကျောင်းတကျောင်း၌ ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏၊ ဝိနည်းနှင့် လျော်၏၊ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက်ပြပြီးကာမျှ၌ အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုနောက်လာသော ရဟန်းတို့သည် တဖန် ပါတိမောက်ကို ပြရမည်၊ ပြနှင့်သော ရဟန်းတို့အား အာပတ်မသင့်။ (၄)

ရဟန်းတို့ ကျောင်းတကျောင်း၌ ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့် လျော်၏၊ ဝိနည်းနှင့် လျော်၏၊ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက်ပြပြီးကာမျှ၌ အခြားသော အရေအတွက်တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသောပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပါတိမောက်ပြနှင့်သော ရဟန်းတို့အား အာပတ်မသင့်။ (၅)

http://www.dhammadownload.com



ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် “အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏” ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏၊ ဝိနည်းနှင့်လျော်၏၊ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ အခြားသော အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား အာပတ်မသင့်။ (၆)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် “အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏” ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏၊ ဝိနည်းနှင့်လျော်၏၊ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ ပရိသတ် မထသေးမီ အခြားသော အလွန်များစွာသော ကျောင်းနေရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပါတိမောက်ကို ပြရမည်၊ ပြနှင့်သော ရဟန်းတို့အား အာပတ်မသင့်။ (၇)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် “အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏” ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏၊ ဝိနည်းနှင့် လျော်၏၊ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ ပရိသတ် မထသေးမီ အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာပြပြီး မည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သောရဟန်းတို့အား အာပတ်မသင့်။ (၈)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် “အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏” ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့် လျော်၏၊ ဝိနည်းနှင့် လျော်၏၊ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက်ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ ပရိသတ် မထသေးမီ အခြားသော အလွန်နည်းသော ကျောင်းနေရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား အာပတ်မသင့်။ (၉)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် “အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏” ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့် လျော်၏၊ ဝိနည်းနှင့် လျော်၏၊ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ အချို့သော ပရိသတ် ထသွားသော် အခြားသော

http://www.dhammadownload.com



အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပါတိမောက်ကို ပြရမည်၊ ပြနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၁၀)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့ ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့် လျော်၏ ဝိနည်းနှင့် လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ အချို့သော ပရိသတ် ထသွားသော် အခြားသော အရေအတွက် တူမျှသော ကျောင်းနေရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၁၁)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန် ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့် လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက်ပြပြီးကာမျှ၌ အချို့သော ပရိသတ် ထသွားသော် အခြားသော အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ ရဟန်းတို့ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၁၂)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့် လျော်၏ ဝိနည်းနှင့် လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ ပရိသတ်အားလုံး ထသွားသော် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပါတိမောက် ပြရမည်၊ ပြနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၁၃)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့် လျော်၏ ဝိနည်းနှင့် လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ ပရိသတ်အားလုံး ထသွားသော် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၁၄)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာ

http://www.dhammadownload.com



သေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့် သျော်၏ ဝိနည်းနှင့် လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ ပရိသတ်အားလုံး ထသွားသော် အခြားသော အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက် သည် ကောင်းစွာ ပြပြီး မည်၏၊ ထိုရဟန်းတို့၏ အသံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၁၅)

အာပတ်မသင့်ခြင်း တဆယ့်ငါးမျိုး ပြီး၏။

---

## ၉၆-ဝဂ်ဖြစ်၍ ဝဂ်ဖြစ်၏ ဟု အမှတ်ရှိခြင်း တဆယ့်ငါးမျိုး

၁၇၃။ ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာ သေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် တရားနှင့် လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်၍ ဝဂ် ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြနေစဉ် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်း တို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပါတိမောက် ပြရမည်၊ ပါတိမောက် ပြနှင့် သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၁)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာ သေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် တရားနှင့် သျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်၍ ဝဂ် ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြနေစဉ် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီး မည်၏၊ အကြွင်းကို နာရမည်၊ ပြနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၂)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာ သေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် တရားနှင့် သျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်၍ ဝဂ် ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြနေစဉ် အခြားသော အလွန်နည်းသော ကျောင်းနေ ရဟန်းတို့ သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီး မည်၏၊ အကြွင်းကို နာရမည်၊ ပြနှင့်သော ရဟန်းတို့အား ဒုက္ကဋ် အာပတ် သင့်၏။ (၃)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာ သော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့်

http://www.dhammadownload.com



လျော်၏ ဝဂ်ဖြစ်၍ ဝဂ် ဟု မှတ်ထင်ကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌။ပ။ ပရိသတ် မထသေးမီ။ပ။ အချို့သော ပရိသတ် ထသွားသော်။ပ။ ပရိသတ် အားလုံး ထသွားသော် အခြားသော အလွန် များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့။ပ။ တူမျှသော။ပ။ အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီး မည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၄-၁၅)

ဝဂ်ဖြစ်၍ ဝဂ်ဖြစ်၏ ဟု အမှတ်ရှိခြင်းတဆယ့်ငါးမျိုး ပြီး၏။

---

## ၉၇-ယုံမှားရှိခြင်း တဆယ့်ငါးမျိုး

၁၇၄။ ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် "ငါတို့အား ဥပုသ်ပြုခြင်းငှာ အပ်လေသလော မအပ်လေသလော" ဟု ယုံမှားရှိလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြနေစဉ် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပါတိမောက် ပြရမည်၊ ပြနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၁)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် "ငါတို့အား ဥပုသ်ပြုခြင်းငှါ အပ်လေသလော မအပ်လေသလော" ဟု ယုံမှားရှိကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက်ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြနေစဉ် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ အကြွင်းကို နာရမည်၊ ပြနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၂)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် "ငါတို့အား ဥပုသ်ပြုခြင်းငှါ အပ်လေသလော မအပ်လေသလော" ဟု ယုံမှားရှိကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက်ပြနေစဉ် အခြားသော အရေအတွက် အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ အကြွင်းကို နာရမည်၊ ပြနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၃)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် "ငါတို့အား ဥပုသ်

http://www.dhammadownload.com



ပြုခြင်း၌ အပ်လေသလော မအပ်လေသလော” ဟု ယုံမှားရှိကုန်လျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌။ပ။ ပရိသတ်မထသေးမီ။ပ။ အချို့သော ပရိသတ် ထသွားသော်။ပ။ ပရိသတ်အားလုံး ထသွားသော် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့။ပ။ တူမျှသော။ပ။ အရေအတွက် အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၄-၁၅)

ယုံမှားရှိခြင်း တဆယ့်ငါးမျိုး ပြီး၏။

---

### ၉၈-တွေးတောမှု 'သံသယကုက္ကုစ္စ' နှိပ်စက်ခြင်း တဆယ့်ငါးမျိုး

၁၇၅။ ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် “အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏” ဟု သိကုန်၏၊ ထိုရဟန်းတို့သည် ငါတို့အား ဥပုသ်ပြုခြင်း၌ မအပ်သည် မဟုတ်၊ အပ်သည် သာလျှင်တည်း” ဟု (ဆုံးဖြတ်ပြီးနောက် မအပ်သည်၌ အပ်သည်ဟူသော) တွေးတောမှု 'သံသယကုက္ကုစ္စ' နှိပ်စက်သည်ဖြစ်၍ ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတိ ပါတိမောက် ပြ နေစဉ် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်း တို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပါတိမောက်ကို ပြရမည်၊ ပြနှင့်သော ရဟန်း တို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၁)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် “အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏” ဟု သိကုန်၏၊ ထိုရဟန်းတို့သည် “ငါတို့အား ဥပုသ်ပြုခြင်း၌မအပ်သည်မဟုတ်၊ အပ်သည် သာလျှင်တည်း” ဟု (ဆုံးဖြတ်ပြီးနောက် မအပ်သည်၌ အပ်သည် ဟူသော) တွေးတောမှု 'သံသယကုက္ကုစ္စ' နှိပ်စက်သည်ဖြစ်၍ ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြနေစဉ် အခြားသော အရေအတွက် တူမျှသော ကျောင်းနေရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ အကြွင်းကို နာရမည်၊ ပြနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၂)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် “အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏” ဟု သိကုန်၏၊ ထိုရဟန်းတို့သည် “ငါတို့အား ဥပုသ်ပြုခြင်း၌ မအပ်သည်မဟုတ်၊ အပ်သည်သာလျှင်တည်း” ဟု (ဆုံးဖြတ်ပြီးနောက် မအပ်သည်၌ အပ်သည်ဟူသော) တွေးတောမှု 'သံသယကုက္ကုစ္စ' နှိပ်စက်သည်ဖြစ်၍ ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြနေစဉ် အခြားသော အရေအတွက် အလွန်နည်းသော ကျောင်း နေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ အကြွင်းကို နာရမည်၊ ပြနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၃)

http://www.dhammadownload.com



ရဟန်းတို့ ကျောင်းတကျောင်း၀ယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် "ငါတို့အား ဥပုသ်ပြုခြင်းငှါ မအပ်သည်မဟုတ်၊ အပ်သည် သာလျှင်တည်း" ဟု (ဆုံးဖြတ်ပြီးနောက် မအပ်သည်၌ အပ်သည်ဟူသော) တွေးတောမှု 'သံသယကုက္ကုစ္စ' နှိပ်စက်သည်ဖြစ်၍ ဥပုသ်ပြုကုန်၏၊ ပါတိမောက်ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌။ပ။ ပရိသတ် မထသေးမီ။ပ။ အချို့သော ပရိသတ် ထသွားသော်။ပ။ ပရိသတ်အားလုံး ထသွားသော် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့။ပ။ တူမျှသော။ပ။ အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။　(၄-၁၅)

တွေးတောမှု 'သံသယကုက္ကုစ္စ' နှိပ်စက်ခြင်း တဆယ့်ငါးမျိုး ပြီး၏။

---

## ၉၉-ကွဲပြားခြင်းကို ရှေးရှုခြင်း တဆယ့်ငါးမျိုး

၁၇၆။ ရဟန်းတို့ ကျောင်းတကျောင်း၀ယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက်အလွန် ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြနေစဉ် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပါတိမောက်ကို ပြရမည်၊ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။　(၁)

ရဟန်းတို့ ကျောင်းတကျောင်း၀ယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ် အကျိုး ရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြနေစဉ် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ အကြွင်းကို နာရမည်၊ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။　(၂)

ရဟန်းတို့ ကျောင်းတကျောင်း၀ယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက်အလွန် ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း"ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိ

http://www.dhammadownload.com



မောက် ပြနေစဉ် အခြားသော အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ အကြွင်းကို နာရမည်၊ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၃)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ၊ပျောက်ပျက်လေစေ၊ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပါတိမောက်ကို ပြရမည်၊ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်း အာပတ် သင့်၏။ (၄)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတိသည် ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက်ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီး မည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၅)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ၊ပျောက်ပျက်လေစေ၊ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ အခြားသော အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၆)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထို မလာသော ရဟန်းတို့သည် ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထို မလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ ပရိသတ် မထသေးမီ အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပါတိမောက်ပြရမည်၊ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၇)

http://www.dhammadownload.com



ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက်ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက်ပြပြီးကာမျှ၌ ပရိသတ်မထသေးမီ အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်။ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၈)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ ပရိသတ်မထသေးမီ အခြားသော အလွန်နည်းသော ကျောင်းနေရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၉)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ ပရိသတ် အချို့ထသွားသော် အခြားသော အလွန်များစွာသော ကျောင်းနေရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပါတိမောက်ကို ပြရမည်၊ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၁၀)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက်ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ ပရိသတ် အချို့ထသွားသော် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာပြပြီးမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၁၁)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော

http://www.dhammadownload.com



ရဟန်းတို့သည် ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း” ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက်ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ ပရိသတ်အချို့ထသွားသော် အခြားသော အနည်းငယ်သော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကျောင်းစွာပြပြီးမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကိုပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၁၂)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက်အလွန် ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် “အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏”ဟု သိကုန်၏၊ ထိုရဟန်းတို့က “ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း” ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ ပရိသတ်အားလုံး ထသွားသော် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပါတိမောက်ကို ပြရမည်၊ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၁၃)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက် အလွန်ဖြစ်သေ များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် “အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏” ဟု သိကုန်၏၊ ထိုရဟန်းတို့က “ထို မလာသော ရဟန်းတို့သည် ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း” ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက်ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ ပရိသတ်အားလုံး ထသွားသော် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၁၄)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက်အလွန် ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် “အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏” ဟု သိကုန်၏၊ ထိုရဟန်းတို့က “ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း” ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ဥပုသ်ပြုကုန်၏၊ ပါတိမောက် ပြကုန်၏၊ ထိုရဟန်းတို့ ပါတိမောက် ပြပြီးကာမျှ၌ ပရိသတ်အားလုံး ထသွားသော် အခြားသော အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပြပြီးသော ပါတိမောက်သည် ကောင်းစွာ ပြပြီးမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပါရိသုဒ္ဓိကို ပြောကြားရမည်၊ ပြနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၁၅)

ကွဲပြားခြင်းကို ရှေးရှုခြင်း တဆယ့်ငါးမျိုး ပြီး၏။

[၁] ၂၅–သုံးလီ (၇၅) ပြီး၏။

---

၁။ တဆယ့်ငါးမျိုး တခုတခု၌ ငါးမျိုးသုံးခုစီ ရှိသည်။

http://www.dhammadownload.com



## ၁၀၀-သိမ်သို့ဝင်၍နေခြင်း စကားမြုပ်များ

၁၇၇။ ရဟန်းတို့ ကျောင်းတကျောင်းဝယ် ဥပုသ်နေ့၌ လေးပါး လေးပါးထက်အလွန် ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော ကျောင်းနေ ရဟန်းတို့သည် သိမ်တွင်းသို့ ဝင်ရောက်နေကုန်၏" ဟု မသိကုန်။ပ။

ထိုရဟန်းတို့သည် "အခြားသော ကျောင်းနေ ရဟန်းတို့သည် သိမ်တွင်းသို့ ဝင်ရောက်ပြီး" ဟု မသိကုန်။ပ။

ထိုရဟန်းတို့သည် အခြားသော ကျောင်းနေ ရဟန်းတို့ကို သိမ်တွင်းသို့ ဝင်ရောက်နေသည်တို့ကို မမြင်ကုန်။ပ။

ထိုရဟန်းတို့သည် အခြားသော ကျောင်းနေ ရဟန်းတို့ကို သိမ်တွင်းသို့ ဝင်ရောက်ပြီးသည်တို့ကို မမြင်ကုန်။ပ။

ထိုရဟန်းတို့သည်"အခြားသော ကျောင်းနေ ရဟန်းတို့သည် သိမ်တွင်းသို့ ဝင်ရောက်နေကုန်၏" ဟု မကြားကုန်။ပ။

ထိုရဟန်းတို့သည် "အခြားသော ကျောင်းနေ ရဟန်းတို့သည် သိမ်တွင်းသို့ ဝင်ရောက်ပြီး" ဟု မကြားကုန်။ပ။

အာဝါသိက အချင်းချင်း တိကနည်းအားဖြင့်တရာ့ခုနစ်ဆယ့်ငါးတိက်တို့တည်း။

အာဝါသိကနှင့် အာဂန္တုကတို့သည်၎င်း အာဂန္တုကနှင့် အာဝါသိကတို့သည်၎င်း အာဂန္တုက ချင်းချင်းတို့သည်၎င်း ပေယျာလကို အရင်းပြုသဖြင့် ခုနစ်ရာသော တိက်တို့သည် ဖြစ်ကုန်၏။

## နေ့အထူး

၁၇၈။ ရဟန်းတို့ အာဝါသိက 'ကျောင်းနေ' ရဟန်းတို့အား တဆယ့်လေးရက်နေ့ဖြစ်၏၊ အာဂန္တုက ရဟန်းတို့အား တဆယ့်ငါးရက်နေ့ဖြစ်၏၊ အကယ်၍ အာဝါသိက ရဟန်းတို့သည် များကုန်ငြားအံ့၊ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့သို့ လိုက်ရမည်။ အကယ်၍ တူမျှကုန်ငြားအံ့၊ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့သို့ လိုက်ရမည်။ အကယ်၍ အာဂန္တုက ရဟန်းတို့သည် များကုန်ငြားအံ့၊ အာဝါသိက ရဟန်းတို့သည် အာဂန္တုက ရဟန်းတို့သို့ လိုက်ရမည်။

ရဟန်းတို့ အာဝါသိက ရဟန်းတို့အား တဆယ့်ငါးရက်နေ့ ဖြစ်၏၊ အာဂန္တုက ရဟန်းတို့အား တဆယ့်လေးရက် ဥပုသ်နေ့ဖြစ်၏၊ အကယ်၍ အာဝါသိက ရဟန်းတို့သည် များကုန်ငြားအံ့၊ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့သို့ လိုက်ရမည်။ အကယ်၍ တူမျှကုန်ငြားအံ့၊ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့သို့ လိုက်ရမည်။အကယ်၍ အာဂန္တုက ရဟန်းတို့သည် များကုန်ငြားအံ့၊ အာဝါသိက ရဟန်းတို့သည် အာဂန္တုက ရဟန်းတို့သို့ လိုက်ရမည်။

ရဟန်းတို့ အာဝါသိက ရဟန်းတို့အား အထွက်တရက်နေ့ဖြစ်၏၊ အာဂန္တုက ရဟန်းတို့အား တဆယ့်ငါးရက်နေ့ ဖြစ်၏၊ အကယ်၍ အာဝါသိက ရဟန်းတို့သည် များကုန်ငြားအံ့၊အာဝါသိက ရဟန်းတို့သည် အာဂန္တုက ရဟန်းတို့အား အလိုမရှိကုန်သည် ရှိသော် ညီညွတ်ခြင်းကို မပေးရ၊ အာဂန္တုက

http://www.dhammadownload.com



ရဟန်းတို့သည် သိမ်အပသို့ သွား၍ ဥပုသ်ပြုရမည်။ အကယ်၍ တူမျှကုန်ငြားအံ့၊ အာဝါသိက ရဟန်းတို့သည် အာဂန္တုက ရဟန်းတို့အား အလိုမရှိကုန်သည်ရှိသော် ညီညွတ်ခြင်းကို မပေးရ၊ အာဂန္တုက ရဟန်းတို့သည် သိမ်အပသို့ သွား၍ ဥပုသ်ပြုရမည်။ အကယ်၍ အာဂန္တုက ရဟန်းတို့သည် များကုန်ငြားအံ့၊ အာဝါသိက ရဟန်းတို့သည် အာဂန္တုက ရဟန်းတို့အား ညီညွတ်ခြင်းကိုသော်လည်း ပေးရမည်၊ သိမ်အပသို့သော်လည်း သွားရမည်။

ရဟန်းတို့ အာဝါသိက ရဟန်းတို့အား တဆယ့်ငါးရက် ဖြစ်အံ့၊ အာဂန္တုက ရဟန်းတို့အား အသွက်ဘရက်နေ့ဖြစ်အံ့၊ အကယ်၍ အာဝါသိက ရဟန်းတို့သည် များကုန်ငြားအံ့၊ အာဂန္တုကရဟန်းတို့သည် အာဝါသိက ရဟန်းတို့အား ညီညွတ်ခြင်းကိုသော်လည်း ပေးရမည်၊ သိမ်အပသို့သော်လည်း သွားရမည်။ အကယ်၍ တူမျှကုန်ငြားအံ့၊ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့အား ညီညွတ်ခြင်းကိုသော်လည်း ပေးရမည်၊ သိမ်အပသို့သော်လည်း သွားရမည်၊ အကယ်၍ အာဂန္တုက ရဟန်းတို့သည် များကုန်ငြားအံ့၊ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့အား အလိုမရှိကုန်သည်ရှိသော် ညီညွတ်ခြင်းကို မပေးရ၊ အာဝါသိက ရဟန်းတို့သည် သိမ်အပသို့ သွား၍ ဥပုသ်ပြုရမည်။

## ၁၀၁-အသွင်ကို မြင်ခြင်းစသည်

၁၇၉။ ရဟန်းတို့ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့၏ အာဝါသိက အခြင်းအရာ အာဝါသိက အသွင်အပြင် အာဝါသိက ရှိကြောင်းနိမိတ် အာဝါသိက ရှိကြောင်းကို ညွှန်ပြခြင်း ဟု ဆိုအပ်သော ညောင်စောင်း အင်းပျဉ် ဘုံလျှိုအုံးကို ကောင်းစွာ ခင်းထားခြင်း သောက်ရေ သုံးဆောင်ရေကို ကောင်းစွာ တည်ထားခြင်း ပရိဝုဏ်ကို ကောင်းစွာ တံမြက်လှည်းထားခြင်းတို့ကို မြင်၍ "အာဝါသိက ရဟန်းတို့ ရှိလေသလော မရှိလေသလော" ဟု ယုံမှားရှိကုန်၏၊ ထိုရဟန်းတို့သည် ယုံမှား ရှိသော်လည်း မစုံစမ်း မရှာဖွေပဲ ဥပုသ်ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသော်လည်း မတွေ့မမြင်သောကြောင့် ဥပုသ် ပြုကုန်ငြားအံ့၊ အာပတ်မသင့်။ ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သောကြောင့် တပေါင်းတည်း ဥပုသ်ပြုကုန်ငြားအံ့၊ အာပတ် မသင့်။ ထိုရဟန်းတို့သည် ယုံမှားရှိသည် ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သော်လည်း အသီးအခြား ဥပုသ်ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သော်လည်း "ထိုရဟန်းတို့ ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုရဟန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုသည်ဖြစ်၍ ဥပုသ်ပြုကုန်ငြားအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

ရဟန်းတို့ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့၏ အာဝါသိက အခြင်းအရာ အာဝါသိကအသွင်အပြင် အာဝါသိက ရှိကြောင်းနိမိတ် အာဝါသိက ရှိကြောင်းကို ညွှန်ပြခြင်း ဟု ဆိုအပ်သော စင်္ကြံသွားသော ရဟန်းတို့၏ ခြေသံ သရဇ္ဈာယ်သံ ချောင်းဟန့်သံ ချေဆတ်သံတို့ကို ကြား၍ "အာဝါသိက ရဟန်းတို့ ရှိလေသလော မရှိလေသလော" ဟု ယုံမှားရှိကုန်၏၊ ထိုရဟန်းတို့ သည် ယုံမှားရှိသော်လည်း မစုံစမ်း မရှာဖွေဘဲ ဥပုသ်ပြုကုန်ငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ထိုရဟန်း တို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသော်လည်း မတွေ့မမြင်သောကြောင့် ဥပုသ်ပြုကုန်ငြားအံ့၊ အာပတ် မသင့်။ ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သောအခါ တပေါင်းတည်း ဥပုသ်ပြုကုန်ငြားအံ့၊ အာပတ် မသင့်။ ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်း

http://www.dhammadownload.com



ရှာဖွေသဖြင့် တွေ့မြင်သော်လည်း အသီးအခြား ဥပုသ်ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သော်လည်း "ထိုရဟန်းတို့ ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုရဟန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုသည် ဖြစ်၍ ဥပုသ်ပြုကုန်ငြားအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။

ရဟန်းတို့ အာဝါသိက ရဟန်းတို့သည် အာဂန္တုကရဟန်းတို့၏ အာဂန္တုကအခြင်းအရာ အာဂန္တုက အသွင်အပြင် အာဂန္တုက ရှိကြောင်းနိမိတ် အာဂန္တုကရှိကြောင်းကို ညွှန်ပြခြင်း ဟု ဆိုအပ်သော (မည်သူ့ဥစ္စာဟု) မသိအပ်သော သပိတ် သင်္ကန်း နိသီဒိုင် ခြေဆေးထားသော ရေစက်တို့ကို မြင်၍ "အာဂန္တုက ရဟန်းတို့သည် ရှိလေသလော မရှိလေသလော" ဟု ယုံမှားရှိကုန်၏၊ ထိုရဟန်းတို့သည် ယုံမှားရှိကုန်လျက် မစုံစမ်း မရှာဖွေပဲ ဥပုသ်ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသော်လည်း မတွေ့မမြင်သောကြောင့် ဥပုသ်ပြုကုန်ငြားအံ့၊ အာပတ် မသင့်။ ထိုရဟန်းတို့သည် ယုံမှားရှိကုန်သည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သောအခါ တပေါင်းတည်း ဥပုသ်ပြုကုန်ငြားအံ့၊ အာပတ် မသင့်။ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သော်လည်း အသီးအခြား ဥပုသ်ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်ရသော်လည်း "ထိုရဟန်းတို့ ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုရဟန်းတို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုသည် ဖြစ်၍ ဥပုသ် ပြုကုန်ငြားအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

ရဟန်းတို့ အာဝါသိကရဟန်းတို့သည် အာဂန္တုကရဟန်းတို့၏ အာဂန္တုက အခြင်းအရာ အာဂန္တုက အသွင်အပြင် အာဂန္တုက ရှိကြောင်းနိမိတ် အာဂန္တုက ရှိကြောင်းကို ညွှန်ပြခြင်း ဟု ဆိုအပ်သော အာဂန္တုက ရဟန်းတို့၏ ခြေသံ ဘိနပ်ခါသံ ချောင်းဟန့်သံ ချေဆတ်သံတို့ကို ကြား၍ "အာဂန္တုက ရဟန်းတို့ ရှိလေသလော မရှိလေသလော" ဟု ယုံမှားရှိကုန်၏၊ ထိုရဟန်းတို့သည် ယုံမှားရှိကုန်လျက် မစုံစမ်း မရှာဖွေပဲ ဥပုသ်ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသော်လည်း မတွေ့မမြင်သောကြောင့် ဥပုသ်ပြုကုန်ငြားအံ့၊အာပတ် မသင့်။ ထိုရဟန်းတို့သည် ယုံမှားရှိသည် ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သောအခါ တပေါင်းတည်း ဥပုသ်ပြုကုန်ငြားအံ့၊ အာပတ် မသင့်။ ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သော်လည်းအသီးအခြား ဥပုသ်ပြုကုန်ငြားအံ့။ ဒုက္ကဋ် အာပတ် သင့်၏။ ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သော်လည်း "ထိုရဟန်းတို့ ပျက်စီးလေစေ၊ ပျောက်ပျက်လေစေ၊ ထိုရဟန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ယု ကွဲပြားခြင်းကို ရှေးရှုသည်ဖြစ်၍ ဥပုသ်ပြုကုန်ငြားအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

## ၁၀၂-ပေါင်းသင်းဆက်ဆံမှုမတူသောရဟန်းစသည်တို့နှင့် ဥပုသ်ပြုခြင်း

၁၇၀။ ရဟန်းတို့ အာဂန္တုက ရဟန်းတို့သည် ပေါင်းသင်းဆက်ဆံမှု မတူသော အာဝါသိက ရဟန်းတို့ကို တွေ့မြင်ကုန်၏၊ ထိုအာဂန္တုက ရဟန်းတို့သည် (အာဝါသိကရဟန်းတို့ကို) ပေါင်းသင်းဆက်ဆံမှု တူမျှသော ရဟန်းတို့ ဟု အယူရှိ၍ (၎င်းအယူကို) မမေးမစစ်ပဲ တပေါင်းတည်း ဥပုသ် ပြုကုန်ငြားအံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



ထိုအာဂန္တုက ရဟန်းတို့သည် မေးစစ်ပြီးနောက် (ထိုအယူကို) မစွန့်လွှတ်စေနိုင်ပဲ တပေါင်းတည်း ဥပုသ်ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုအာဂန္တုကရဟန်းတို့သည် မေးစစ်ပြီးသော်လည်း (၎င်းတို့အယူကို) မစွန့်လွှတ်စေနိုင်သဖြင့် အသီးအခြား ဥပုသ်ပြုကုန်ငြားအံ့၊ အာပတ် မသင့်။

ရဟန်းတို့ အာဂန္တုက ရဟန်းတို့သည် ပေါင်းသင်း ဆက်ဆံမှု တူမျှသော အာဝါသိက ရဟန်းတို့ကို တွေ့မြင်ကုန်၏၊ ထိုအာဂန္တုက ရဟန်းတို့သည် (အာဝါသိက ရဟန်းတို့ကို) ပေါင်းသင်း ဆက်ဆံမှု မတူသော ရဟန်းတို့ ဟု အယူရှိ၍ (၎င်းတို့၏ အယူကို) မမေးမစစ်ပဲ တပေါင်းတည်း ဥပုသ်ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုအာဂန္တုက ရဟန်းတို့သည် မေးစစ်ပြီးနောက် (၎င်းတို့အယူကို) စွန့်လွှတ်စေနိုင်လျက် အသီးအခြား ဥပုသ်ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုအာဂန္တုက ရဟန်းတို့သည် မေးစစ်ပြီးနောက် (၎င်းတို့အယူကို) စွန့်လွှတ်စေနိုင်သည်ဖြစ်၍ တပေါင်းတည်း ဥပုသ်ပြုကုန်ငြားအံ့၊ အာပတ် မသင့်။

ရဟန်းတို့ အာဝါသိက ရဟန်းတို့သည် ပေါင်းသင်းဆက်ဆံမှု မတူသော အာဂန္တုက ရဟန်းတို့ကို တွေ့မြင်ကုန်၏၊ ထိုအာဝါသိက ရဟန်းတို့သည် (အာဂန္တုက ရဟန်းတို့ကို) ပေါင်းသင်း ဆက်ဆံမှု တူမျှသော ရဟန်းတို့ ဟု အယူရှိ၍ မမေးမစစ်ပဲ တပေါင်းတည်း ဥပုသ်ပြုကုန်ငြားအံ့၊ အာပတ်မသင့်။

ထိုအာဝါသိက ရဟန်းတို့သည် မေးစစ်ပြီးနောက် (၎င်းတို့ အယူကို) မစွန့်လွှတ်စေနိုင်ပဲ တပေါင်းတည်း ဥပုသ်ပြုကုန်ငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ထိုအာဝါသိက ရဟန်းတို့သည် မေးစစ်ပြီးနောက် (၎င်းတို့အယူကို) မစွန့်လွှတ်စေနိုင်သဖြင့် အသီးအခြား ဥပုသ်ပြုကုန်ငြားအံ့၊ အာပတ် မသင့်။

ရဟန်းတို့ အာဝါသိက ရဟန်းတို့သည် ပေါင်းသင်း ဆက်ဆံမှု တူမျှသော အာဂန္တုက ရဟန်းတိကို တွေ့မြင်ကုန်၏၊ ထိုအာဝါသိက ရဟန်းတို့သည် (အာဂန္တုက ရဟန်းတို့ကို) ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းတို့ ဟု အယူရှိ၍ မမေးမစစ်ပဲ တပေါင်းတည်း ဥပုသ်ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုအာဝါသိကရဟန်းတို့သည် မေးစစ်ပြီးနောက် (၎င်းတို့အယူကို) စွန့်လွှတ်စေနိုင်လျက် အသီးအခြား ဥပုသ်ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ထိုအာဝါသိက ရဟန်းတို့သည် မေးစစ်ပြီးနောက် (၎င်းတို့အယူကို) စွန့်လွှတ်စေနိုင်သည်ဖြစ်၍ တပေါင်းတည်း ဥပုသ်ပြုကုန်ငြားအံ့၊ အာပတ် မသင့်။

## ၁၀၃-မသွားအပ်သည်ကိုဆိုရာ

၁၇၁။ ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုဖြစ်စေ အန္တရာယ်ရှိသည်ကိုဖြစ်စေ ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသောကျောင်းသို့ မသွားအပ်။ ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုဖြစ်စေ အန္တရာယ်ရှိသည်ကိုဖြစ်စေ ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော စရပ်တန်ဆောင်းစသည်သို့ မသွားအပ်။ ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုဖြစ်စေ အန္တရာယ်ရှိသည်ကိုဖြစ်စေ ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော ကျောင်းသို့ ဖြစ်စေ စရပ်တန်ဆောင်းစသည်သို့ ဖြစ်စေ မသွားအပ်။

http://www.dhammadownload.com



ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုငှင်း အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ ရဟန်းရှိသော စရပ်တန်ဆောင်းစသည်မှ ရဟန်းမရှိသောကျောင်းသို့ မသွားအပ်။ ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုင်း အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ ရဟန်းရှိသော စရပ်တန်ဆောင်းစသည်မှ ရဟန်းမရှိသော စရပ်တန်ဆောင်း စသည်သို့ မသွားအပ်။ ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုင်း အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ ရဟန်းရှိသော စရပ်တန်ဆောင်းစသည်မှ ရဟန်းမရှိသောကျောင်းသို့ဖြစ်စေ ရဟန်းမရှိသော စရပ်တန်ဆောင်းစသည်သို့ဖြစ်စေ မသွားအပ်။

ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုင်း အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှဖြစ်စေ ရဟန်းရှိသော စရပ်တန်ဆောင်းစသည်မှဖြစ်စေ ရဟန်းမရှိသော ကျောင်းသို မသွားအပ်။ ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုင်း အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှဖြစ်စေ ရဟန်းရှိသော စရပ်တန်ဆောင်းစသည်မှဖြစ်စေ ရဟန်းမရှိသော စရပ်တန်ဆောင်း စသည်သို့ မသွားအပ်။ ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုင်း အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ရဟန်းရှိသော ကျောင်းမှဖြစ်စေ ရဟန်းရှိသော စရပ်တန်ဆောင်းစသည်မှဖြစ်စေ ရဟန်းမရှိသော ကျောင်းသို့ဖြစ်စေ ရဟန်းမရှိသော စရပ်တန်ဆောင်းစသည်သို့ဖြစ်စေ မသွားအပ်။

ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုင်း အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ ရဟန်းရှိသောကျောင်းမှ ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းရှိသောကျောင်းသို့ မသွားအပ်။ ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုင်း အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှ ပေါင်းသင့်ဆက်ဆံမှု မတူသော ရဟန်းရှိသော စရပ်တန်ဆောင်း စသည်သို့ မသွားအပ်။ ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုင်း အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှ ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းရှိသော ကျောင်းသို့ဖြစ်စေ စရပ်တန်ဆောင်းစသည်သို့ဖြစ်စေ မသွားအပ်။

ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုင်း အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ ရဟန်းရှိသော စရပ်တန်ဆောင်းစသည်မှ ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းရှိသော ကျောင်းသို့ မသွားအပ်။ ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုင်း အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ ရဟန်းရှိသောစရပ်တန်ဆောင်း စသည်မှ ပေါင်းသင်း ဆက်ဆံမှု မတူသော ရဟန်းရှိသော စရပ်တန်ဆောင်း စသည်သို့ မသွားအပ်။ ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုင်း အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ ရဟန်းရှိသော စရပ်တန်ဆောင်းစသည်မှ ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းရှိသော ကျောင်းသို့ ဖြစ်စေ စရပ်တန်ဆောင်းစသည်သို့ဖြစ်စေ မသွားအပ်။

ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုင်း အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှဖြစ်စေ စရပ်တန်ဆောင်းစသည်မှဖြစ်စေ ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းရှိသော ကျောင်းသို့ မသွားအပ်။

ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုင်း အန္တရာယ်ရှိသည်ကိုင်း ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှဖြစ်စေ စရပ်တန်ဆောင်းစသည်မှဖြစ်စေ ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်း

http://www.dhammadownload.com



ရှိသော စရပ်တန်ဆောင်းစသည်သို့ မသွားအပ်။ ရဟန်းတို့ ဥပုသ်နေ့၌ သံဃာလောက်သည်ကိုငင်း အန္တရာယ်ရှိသည်ကိုငင်း ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှ ဖြစ်စေ စရပ်တန်ဆောင်းစသည်မှ ဖြစ်စေ ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းရှိသော ကျောင်းသို့ဖြစ်စေ စရပ်တန်ဆောင်းစသည်သို့ ဖြစ်စေ မသွားအပ်။

## ၁၀၄-သွားအပ်သည်ကိုဆိုရာ

၁၇၂။ ရဟန်းတို့ ဥပုသ်နေ့၌ ရဟန်းရှိသောကျောင်းမှ ပေါင်းသင်းဆက်ဆံမှုတူသော ရဟန်း ရှိသော ကျောင်းသို့ "နေ့ချင်းပြန် ရောက်နိုင်သည်" ဟု သိငြားအံ့၊ သွားအပ်၏။

ရဟန်းတို့ဥပုသ်နေ့၌ ရဟန်းရှိသောကျောင်းမှ။ပ။ ပေါင်းသင်းဆက်ဆံမှုတူသော ရဟန်းရှိသော ကျောင်းသို့ဖြစ်စေ စရပ်တန်ဆောင်းစသည်သို့ဖြစ်စေ "နေ့ချင်းပြန် ရောက်နိုင်သည်" ဟု သိငြားအံ့၊ သွားအပ်၏။

ရဟန်းတို့ ဥပုသ်နေ့၌ ရဟန်းရှိသော စရပ်တန်ဆောင်းစသည်မှ ပေါင်းသင်း ဆက်ဆံမှု တူသော ရဟန်းရှိသောကျောင်းသို့။ပ။ စရပ်တန်ဆောင်းစသည်သို့။ပ။ ပေါင်းသင်းဆက်ဆံမှု တူသော ရဟန်းရှိသော ကျောင်းသို့ဖြစ်စေ စရပ်တန်ဆောင်း စသည်သို့ဖြစ်စေ "နေ့ချင်းပြန် ရောက်နိုင်သည်" ဟု သိငြားအံ့၊ သွားအပ်၏။

ရဟန်းတို့ ဥပုသ်နေ့၌ ရဟန်းရှိသော ကျောင်းမှဖြစ်စေ စရပ်တန်ဆောင်း စသည်မှဖြစ်စေ ပေါင်းသင်းဆက်ဆံမှု တူသော ရဟန်းရှိသော ကျောင်းသို့။ပ။ စရပ်တန်ဆောင်းစသည်သို့။ပ။ ပေါင်းသင်း ဆက်ဆံမှုတူသော ရဟန်းရှိသော ကျောင်းသို့ဖြစ်စေ စရပ်တန်ဆောင်းစသည်သို့ ဖြစ်စေ "နေ့ချင်းပြန်ရောက်နိုင်သည်" ဟု သိငြားအံ့၊ သွားအပ်၏။

## ၁၀၅-ကြဉ်အပ်သော 'ဝဇ္ဇနီယ' ပုဂ္ဂိုလ်ကိုပြခြင်း

၁၇၃။ ရဟန်းတို့ ရဟန်းမိန်းမနေသော ပရိသတ်၌ ပါတိမောက် မပြအပ်၊ ပြသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ သိက္ခမာန်နေသော ပရိသတ်၌ ပါတိမောက်မပြအပ်။ပ။ သာမဏေနေသော ပရိသတ်၌ ပါတိမောက်မပြအပ်။ပ။ သာမဏေမ နေသော ပရိသတ်၌ ပါတိမောက်မပြအပ်။ပ။ သိက္ခာချသူနေသော ပရိသတ်၌ ပါတိမောက်မပြအပ်။ပ။ ပါရာဇိကကျသူ နေသော ပရိသတ်၌ ပါတိ မောက် မပြအပ်၊ ပြသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်းနေသော ပရိသတ်၌ ပါတိမောက် မပြ အပ်၊ ပြသောရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ်ရမည်။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်းနေသော ပရိသတ်၌ ပါတိမောက် မပြအပ်။ပ။ ယုတ်ညံ့သော မိစ္ဆာအယူ ကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်းနေသော ပရိသတ်၌ ပါတိမောက်မပြအပ်၊ ပြသော ရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ်ရမည်။ ပဏ္ဍုက်နေသော ပရိသတ်၌ ပါတိမောက် မပြ အပ်၊ ပြသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ပေါင်းသင်းဆက်ဆံမှု ခိုးသူနေသော ပရိသတ်၌ ပါတိမောက် မပြအပ်။ပ။ တိတ္ထိတို့ထံသို့ ပြောင်း ရွှေ့သူ နေသော ပရိသတ်၌ ပါတိမောက် မပြအပ်။ပ။ တိရစ္ဆာန်နေသော ပရိသတ်၌ ပါတိမောက် မပြအပ်။ပ။ အမိသတ်သူ နေသော ပရိသတ်၌ ပါတိမောက် မပြအပ်။ပ။ အဖသတ်သူနေသော

http://www.dhammadownload.com



ပရိသတ်၌ ပါတိမောက် မပြအပ်။ပ။ ရဟန္တာကိုသတ်သူ နေသော ပရိသတ်၌ ပါတိမောက် မပြအပ်။ပ။ ရဟန်းမိန်းမကို ဖျက်ဆီးသူ နေသော ပရိသတ်၌ ပါတိမောက် မပြအပ်။ပ။ သံဃာသင်းခွဲသူ နေသော ပရိသတ်၌ ပါတိမောက် မပြအပ်၊ ဘုရားကို သွေးစိမ်းတည်အောင် ပြုသူ နေသော ပရိသတ်၌ ပါတိမောက် မပြအပ်။ပ။ ဥဘတောဗျည်း နေသော ပရိသတ်၌ ပါတိမောက် မပြအပ်၊ ပြသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ (ဆန္ဒမစွန့်ပဲ) ပရိသတ် မထသေးသည်ကို ကြဉ်ထား၍ သိုးပြီးသော ပါရိသုဒ္ဓိကို ပေးခြင်းဖြင့် ဥပုသ်မပြုအပ်။ ရဟန်းတို့ သံဃာ၏ ညီညွတ်ခြင်းကို ကြဉ်ထား၍ ဥပုသ်နေ့မဟုတ်သော နေ့၌ ဥပုသ်မပြုအပ်။

ဒုတိယ ဥပေါသထက္ခန္ဒက ပြီး၏။

တတိယ အခဏ်း ပြီး၏။

---

## ၁၀၆-ထိုဥပေါသထက္ခန္ဒက၏ အကျဉ်းချုပ်

တိတ္ထိတို့သည် တရားဟောသော အကြောင်း၊ ဗိမ္ဗိသာရမင်းကြီး လျှောက်ထားသော အကြောင်း၊ ဆိတ်ဆိတ်နေကုန်လျက် စည်းဝေးခြင်း အကြောင်း၊ တရားဟောရန် ခွင့်ပြုသော အကြောင်း၊ ဆိတ်ငြိမ်ရာ၌ တိတ်ဆိတ်စွာ နေတော်မူသော မြတ်စွာဘုရားအား အကြံတော်ဖြစ်ကြောင်း၊ ပါတိမောက် ပြရန် ခွင့်ပြုတော်မူကြောင်း၊ နေ့တိုင်း ပါတိမောက်ပြသော အကြောင်း၊ ဥပုသ်ကာလ၌မှာ တကြိမ်သာ ပါတိမောက်ပြရန် ခွင့်ပြုကြောင်း။

မိမိ ပရိသတ်၌သာ ပါတိမောက်ပြသော အကြောင်း၊ ညီညွတ်သော ရဟန်းတို့အား ဥပုသ်ကို ခွင့်ပြုတော်မူသော အကြောင်း၊ သာမဂ္ဂီဟူသည် အဘယ်မျှနည်း၊ မဒ္ဒကုစ္ဆိမည်သော သမင်တောသိမ်၊ ကျယ်စွာသော မဟာသိမ်၊ မြစ်နားဝ၌ သိမ်သမုတ်ကြောင်း၊ ပရိဝုဏ်တိုင်း ပါတိမောက် မပြအပ်ကြောင်း၊ နှစ်ဆောင်သော ဥပုသ်အိမ်တို့ကို သမုတ်ကြောင်း၊ ငယ်သော သိမ်တို့ကို သမုတ်ကြောင်း။

သီတင်းငယ် ရဟန်းတို့ အရင်ပဲ တပါးသို့ ဖဲသွားကြောင်း၊ ရာဇဂြိုဟ်ပြည်၌ ကျောင်းတိုင်း သိမ်ရှိကြောင်း၊ အဝိပ္ပဝါသသိမ် သမုတ်ရန် ခွင့်ပြုတော်မူကြောင်း၊ ရှေးဦးစွာ သိမ်သမုတ်ရကြောင်း၊ နောက်မှ သိမ်နုတ်ရကြောင်း။

ဥတ်ကမ္မဝါစာဖြင့် မသမုတ်အပ်သော ဂါမသိမ် အကြောင်း၊ နဒီသိမ်၊ သမုဒ္ဒသိမ်၊ ဇာတဿရသိမ် ဥဒကုက္ခေပသိမ်၊ မိမိသိမ်နှင့် သူတပါးသိမ်ကို စပ်၍ ဖွဲ့ကုန်၏၊ ထိုအတူ မိမိသိမ်ဖြင့် သူတပါးသိမ်ကို လွှမ်းမိုး၍ ဖွဲ့ကုန်၏။

ဥပုသ်ကံတို့ကား အဘယ်တို့နည်း၊ ပါတိမောက် ပြခြင်းကား အဘယ်နည်း၊ လူရိုင်းဘေး ဖြစ်ကြောင်း၊ အန္တရာယ်မရှိသော်လည်း အကျဉ်းသာ ပြကုန်၏၊ တရားကို မေးကုန်၏၊ ဝိနည်းကို မေးကုန်၏၊ ခြိမ်းချောက်ကုန်၏၊ တဖန် ဝိနည်းဖြင့် ခြိမ်းချောက်ခြင်းတို့ကို ပြုကုန်၏။

ခွင့်မတောင်းပဲ စောဒနာခြင်း၊ ခွင့်ပြုစေပြီးမှ စောဒနာ အပ်၏၊ အဓမ္မကံကို မြစ်ခြင်းအကြောင်း၊ လေးယောက် ငါးယောက်သော ရဟန်းတို့သည် တားမြစ်အပ်ကုန်၏၊ နှုတ်မြွက်၍ ဆိုခြင်း။ နှလုံး၌သာ ဆောက်တည်ခြင်း၊ မကြားစေလိုသော စိတ်ဖြင့် မကြားစေခြင်း အကြောင်း၊ အကယ်၍ အသံကို ကြားစိမ့်သောငှါ လုံ့လပြု လျှင်းမှုလည်း အာပတ် မသင့်ကြောင်း။

http://www.dhammadownload.com



လူနှင့်တကွသော ပရိသတ်၌ ပါတိမောက် ပြသော အကြောင်း၊ မတိုက်တွန်းပဲ ပါတိမောက် ပြသောအကြောင်း၊ စောဒနာဝတ္ထုမြို့၌ ဥပုသ်စသည်ကို မသိသော အကြောင်း၊ များစွာသောရဟန်းတို့ ဥပုသ်စသည်ကို မသိသော အကြောင်း၊ နေ့ချင်းပြန် တမန်လွှတ်အပ်သော အကြောင်း၊ မထေရ်ကြီးများက ခိုင်းသော်လည်း မသွားပဲနေသော အကြောင်း။

လဆန်းလဆုတ် အစွမ်းဖြင့် ရက်အရေအတွက်ကို အဘယ်မျှ ရှိပြီနည်း ဟု မေးခြင်း အကြောင်း၊ အသျှင်တို့ အဘယ်မျှ ရှိကုန်သနည်း ဟု အရေအတွက်ကို မေးသော အကြောင်း၊ ဝေးသောရွာသို့ ဆမ်းခံ လှည့်လည်ခြင်းအကြောင်း၊ ဥပုသ်နေ့ကို ပြောကြားခြင်းငှါ မေ့လျော့ကြောင်း၊ အမှိုက်ရှိသော ဥပုသ်အိမ်ကို တံမြက်လှည်းအပ်ကြောင်း၊ နေရာခင်းခြင်း၊ ဆီမီးညှိထွန်းခြင်း၊ ဆရာဥပဇ္ဈာယ်ကို ခပန်ကြားပဲ အရပ်မျက်နှာသို့ ဖဲသွားခြင်း၊တပါးသော ဗဟုသုတရဟန်း ရောက်လာသောအကြောင်း။

ပါတိမောက်သင်ရန် တမန်ရဟန်း နေ့ချင်းပြန် စေလွှတ်အပ်ကြောင်း၊ ဝါဆိုသောအကြောင်း၊ ဥပုသ်ပြုအပ်ကြောင်း၊ ပါရိသုဒ္ဓိပေးခြင်း၊ ဆောင်ခြင်း၊ ကံဆောင်ခြင်း၊ ဆွေမျိုးတို့က ဖမ်းယူကြသော အကြောင်း၊ ဂဂ္ဂရဟန်းအကြောင်း၊ လေးပါးသော ရဟန်းတို့နေသော အကြောင်း၊ သုံးပါးသော ရဟန်းတို့နေသော အကြောင်း၊ နှစ်ပါးသော ရဟန်းတို့ နေသော အကြောင်း၊ တပါးသော ရဟန်း နေသော အကြောင်း၊ အာပတ်သင့်သော ရဟန်း အကြောင်း၊ သဘောတူ ဝတ္ထုကြောင့် အာပတ်သင့်သော အကြောင်း၊ အာပတ်ကို အောက်မေ့သော အကြောင်း။

အားလုံးသော သံဃာများ ယုံမှားကြောင်း၊ ဥပုသ်စသည်ကို မသိသောအကြောင်း၊ ဗဟုသုတရဟန်းရောက်လာသော အကြောင်း၊ များစွာသော ရဟန်းတို့-လာသော အကြောင်း၊ တူမျှသော ရဟန်းတို့ လာသော အကြောင်း၊ နည်းသော ရဟန်းတို့ လာသော အကြောင်း၊ ပရိသတ် မထမိ ရဟန်းတို့ လာသော အကြောင်း။

အချို့သော ပရိသတ် ထသွားသော် ရဟန်းတို့ လာသောအကြောင်း၊ ပရိသတ်အားလုံး ထသွားသော် ရဟန်းတို့ လာသောအကြောင်း၊ သိကုန်လျက် ပါတိမောက်ပြသော အကြောင်း၊ ယုံမှားရှိကုန်လျက် ပါတိမောက်ပြသော အကြောင်း၊ အပ်သည်သာတည်း ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'သည် နှိပ်စက်အပ်သည် ဖြစ်ပါလျက် ပါတိမောက် ပြသော အကြောင်း၊ ဝင်လတ်သည်ကို သိလျက် ပါတိမောက်ပြသော အကြောင်း၊ မြင်သည်ဖြစ်လျက် ပါတိမောက်ပြသော အကြောင်း၊ ကြားလည်း ကြားသော အကြောင်း။

အာဝါသိကနှင့် အာဂန္တုက ပေယျာလ စသည်ငှင်း စာတုဒ္ဒသီဥပုသ် ပန္နရသီဥပုသ် တဖန် အထွက် တရက်နေ့ ပန္နရသီဥပုသ် ကျောင်းနေရှိသော အသွင် နှစ်ပါး နာနာသံဝါသက သမာနသံဝါသက။

သိုးလေပြီးသော ပါရိသုဒ္ဓိကို ပေးခြင်း၊ ဥပုသ်နေ့ မဟုတ်သော နေ့၌ သံဃာ၏ ညီညွတ်ခြင်းကို ကြဉ်၍ ဥပုသ် မပြုအပ်သော အကြောင်း၊ ခွဲဝေအပ်သော ဤအကျဉ်းချုပ်တို့သည် ဝတ္ထုထင်ရှားသော အကြောင်းချည်းတည်း။

ဤကားအကျဉ်းချုပ်တည်း။

ဤဥပေါသထက္ခန္ဓက၌ဝတ္ထုကား ရှစ်ဆယ့်ခြောက်ပါးတို့တည်း။

**ဥပေါသထက္ခန္ဓက ပြီး၏။**

http://www.dhammadownload.com

# ၃-ဝဿူပနာယိကက္ခန္ဓက

## ၁၀၇-ဝါကပ်ရန် ခွင့်ပြုတော်မူခြင်း

၁၈၄။ တရံရောအခါ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတို့အား ဝါဆို ဝါကပ်ကို ပညတ်တော်မမူသေးသောကြောင့် ရဟန်းတို့သည် ဆောင်း နွေ မိုး ဥတုသုံးပါးလုံးဒေသစာရီ လှည့်လည်ကြကုန်၏။ လူတို့သည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆောင်း နွေ မိုး ဥတုသုံးပါးလုံး စိမ်းရှင်သော မြက်ပင်တို့ကို နင်းမချေကုန်လျက် အသက် ဟု ဆိုအပ်သော တခုသော ဣန္ဒြေကို ညှဉ်းဆဲကာ သေးငယ်သည့် များစွာသော သတ္တဝါ တို့ကို ပျက်စီးခြင်းသို့ ရောက်စေ၍ ဒေသစာရီ လှည့်လည်ကုန်ဘိသနည်း၊ မကောင်းသဖြင့် ဟောအပ် သော တရားရှိသော သာသနာတော်မှ တပါးသော အယူရှိသော တိတ္ထိတို့သော်မှလည်း မိုးလတို့ ပတ်လုံး ကြောင့်ကြမဲ့ ကိန်းအောင်းနေထိုင်ကြကုန်သေး၏၊ ငှက်တို့သော်မှလည်း သစ်ပင်ဖျားတို့၌ အသိုက်ပြုကာ မိုးလတို့ပတ်လုံး ကြောင့်ကြမဲ့ မြဲစွာ နေကြကုန်သေး၏၊ ဤသာကီဝင် မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည်ကား ဆောင်း နွေ မိုး ဥတုသုံးပါးလုံး စိမ်းရှင်သော မြက်ပင်တို့ကို နင်းချေကုန်လျက် အသက် ဟု ဆိုအပ်သော တခုသော ဣန္ဒြေကို ညှဉ်းဆဲကာ သေးငယ် သည့် များစွာသော သတ္တဝါတို့ကို ပျက်စီးခြင်းသို့ ရောက်စေလျက် ဒေသစာရီ လှည့်လည်ကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသောအခါ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်း အရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့အား "ရဟန်းတို့ ဝါကပ်စိမ့်သောငှါ ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းတို့အား "အဘယ်အခါ၌ ဝါကပ်အပ်ပါသနည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရား အား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ မိုးလ၌ ဝါကပ်စိမ့်သောငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့အား "ဝါကပ်ခြင်းတို့သည် အဘယ်မျှ ရှိကုန်သနည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဝါကပ်ခြင်းတို့သည် ပုရိမဝါကပ် ခြင်း ပစ္ဆိမ ဝါကပ်ခြင်း ဟူ၍ နှစ်မျိုးရှိကုန်၏၊ ဝါဆိုလပြည့်ကျော် တရက်နေ့၌ ပုရိမဝါကပ်ရမည်၊ ဝါဆို လပြည့်နေ့မှ တလလွန်ပြီးသော လပြည့်ကျော်တရက် 'ဝါခေါင်လပြည့်ကျော်တရက်' နေ့၌ ပစ္ဆိမဝါ ကပ်ရမည်၊ ရဟန်းတို့ ဝါကပ်ခြင်းတို့သည် ဤနှစ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

## ၁၀၈-ဝါတွင်း၌ ဒေသစာရီ လှည့်လည်ခြင်းကို ပယ်တော်မူခြင်းစသည်

၁၈၅။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဝါကပ်ပြီးနောက် ဝါတွင်း၌ဒေသစာရီ လှည့်လည်ကုန်၏။ လူတို့သည် ထိုရှေးအတူပင်လျှင် "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အဘယ့်ကြောင့် ဆောင်း နွေ မိုး ဥတုသုံးပါးလုံး စိမ်းရှင်သော မြက်ပင်တို့ကို နင်းချေကုန်လျက်

http://www.dhammadownload.com



အသက် ဟု ဆိုအပ်သော တခုသော ဣန္ဒြေကို ညှဉ်းဆဲကာ သေးငယ်သည့် များစွာသော သတ္တဝါတို့ကို ပျက်စီးခြင်းသို့ ရောက်စေ၍ ဒေသစာရီ လှည့်လည်ကုန်ဘိသနည်း၊ မကောင်းသဖြင့် ဟောအပ်သော တရားရှိသော သာသနာတော်မှ တပါးသော အယူရှိသော တိတ္ထိတို့သော်မှလည်း မိုးလတို့ ပဘ်လုံး ကြောင့်ကြမဲ့ ကိန်းအောင်းနေထိုင်ကြကုန်သေး၏၊ ငှက်တို့သော်မှလည်း သစ်ပင်ဖျားတို့၌ အသိုက်ပြုကာ မိုးလတို့ပတ်လုံး ကြောင့်ကြမဲ့ စွဲမြဲစွာ နေကြကုန်သေး၏၊ ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည်ကား ဆောင်း နွေ မိုး ဥတုသုံးပါးလုံး စိမ်းရှင်သော မြက်ပင်တို့ကို နင်းချေလျက် အသက် ဟု ဆိုအပ်သော တခုသော ဣန္ဒြေကို ညှဉ်းဆဲကာ သေးငယ်သည့် များစွာသော သတ္တဝါတို့ကို ပျက်စီးခြင်းသို့ရောက်စေလျက် ဒေသစာရီ လှည့်လည်ကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဝါကပ်ပြီးနောက် ဝါတွင်း၌ ဒေသစာရီ လှည့်လည်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ ဝါကပ်ပြီး၍ ပုရိမဝါ သုံးလပတ်လုံးသော်၎င်း ပစ္ဆိမဝါ သုံးလပတ်လုံးသော်၎င်း မနေမူ၍ ဒေသစာရီ မလှည့်သည် မသွားလာအပ်၊ သွားလာသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" ဟု (မိန့်တော်မူ၏)။

၁၇၆။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဝါကပ်ခြင်းငှါ အလိုမရှိကြကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဝါကပ်ရမည်သာတည်း၊ ဝါမကပ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုဝါကပ်သောနေ့၌ ဝါကပ်ခြင်းငှါ အလိုမရှိသည်ဖြစ်၍ ဝါမကပ်လိုသော စေတနာဖြင့် ကျောင်းကို လွန်သွားကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဝါကပ်သောနေ့၌ ဝါကပ်ခြင်းငှါ အလိုမရှိသည်ဖြစ်၍ ဝါမကပ်လိုသောစေတနာဖြင့် ကျောင်းကို လွန်၍ မသွားအပ်၊ လွန်၍ သွားသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် ဝါကိုငင်လိုသည်ဖြစ်၍ ရဟန်းတို့၏ အထံသို့ "အကယ်၍ အသျှင်တို့သည် လာလတ္တံ့သော လ၌ ဝါသို့ကပ်ပါကုန်မူ ကောင်းလေစွ" ဟု တမန်စေလွှတ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ မင်းတို့၏ အလိုသို့ လိုက်စိမ့်သောငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

## ၁၀၉-ခုနစ်ရက်ပြုဖွယ်ကို ခွင့်ပြုတော်မူခြင်း

၁၇၇။ တရံရောအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူသည်ရှိသော် သာဝတ္ထိပြည်သို့ရောက်၍ ထိုသာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ကောသလတိုင်း ဇနပုဒ်တို့၌ ဥဒေနဉပါသကာသည် သံဃာကို ရည်မှတ်၍ ကျောင်းဆောက်

http://www.dhammadownload.com



လုပ်စေ၏၊ ထိုဥပါသကာသည် ရဟန်းတို့၏ အထံသို့ "အသျှင်ကောင်းတို့သည် ကြွလာတော်မူပါကုန်လော့၊ အလှူကို ပေးခြင်း တရားတော်ကိုနာခြင်း ရဟန်းတို့ကို ဖူးမြော်ခြင်းငှါ အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်၏။ ရဟန်းတို့သည် "ငါ့သျှင် ဥပါသကာ မြတ်စွာဘုရားသည် ဝါကပ်ပြီးနောက် 'ပုရိမဝါ သုံးလပတ်လုံးသော်၎င်း ပစ္ဆိမဝါ သုံးလပတ်လုံးသော်၎င်း မနေမူ၍ ဒေသစာရီ မသွားလာအပ်' ဟု ပညတ်တော်မူ၏၊ ဥဒေနဥပါသကာသည် ရဟန်းတို့ ဝါဆိုနေသည့်အတွင်း စောင့်ဆိုင်း စေလိုပါ၏၊ ဝါကျွတ်သည်ရှိသော် ကြွလာကြပါလိမ့်မည်၊ ထိုဥဒေနဥပါသကာအား အဆောတလျင် ရှောင်တခင်ပြုဖွယ်ကိစ္စ ရှိလျှင်လည်း ထိုအရပ်၌နေသော ရဟန်းတို့၏ အထံ၌ ကျောင်းကို လှူဒါန်းပါစေ" ဟု ပြောဆိုကုန်၏။

ဥဒေနဥပါသကာသည် "အဘယ့်ကြောင့် အသျှင်ကောင်းတို့သည် ငါသည် ပင့်ဖိတ်အပ်ပါလျက် မကြွလာကုန်ဘိသနည်း၊ ငါသည် ပစ္စည်းလေးပါးကို ပေးလှူတတ်သော ဒါယကာတည်း၊ သံဃာ၏ အမှုကြီးငယ်ကို ပြုတတ်သူတည်း၊ သံဃာ၏ အလုပ်အကျွေးတည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြပြောဆို၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ဥဒေနဥပါသကာ၏ စကားကို ကြားကြသည်သာတည်း။ ထိုအခါ၌ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါမြတ်စွာဘုရားသည် ဤသို့သော အကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို ရဟန်းတို့ ရဟန်းယောကျ်ား ရဟန်းမိန်းမ သိက္ခမာန် သာမဏေယောကျ်ား သာမဏေမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမ ဟူ၍ ခုနစ်ဦးတို့ ပင့်ဖိတ်သည်ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားစိမ့်သောငှါ ခွင့်ပြု၏၊ မပင့်ဖိတ်ပဲ မသွားအပ်။ ရဟန်းတို့ ဤခုနစ်ဦးတို့ ပင့်ဖိတ်သည်ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားစိမ့်သော ခွင့်ပြု၏၊ မပင့်ဖိတ်ပဲ မသွားအပ်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

၁၈၈။ ရဟန်းတို့ ဥပါသကာသည် သံဃာကို ရည်၍ ကျောင်းကို ဆောက်လုပ်စေ၏၊ ထိုဥပါသကာသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အသျှင်ကောင်းတို့သည် ကြွလာတော်မူပါကုန်လော့၊ အလှူကို ပေးလှူခြင်း တရားတော်ကို နာခြင်း ရဟန်းတို့ကို ဖူးမြော်ခြင်းငှါ အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ ပင့်ဖိတ်သည် ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ မပင့်ဖိတ်ပဲ မသွားအပ်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ဥပါသကာသည် သံဃာကိုရည်၍ တဖက်စောင်း မိုးသော ကျောင်းကို ဆောက်လုပ်စေ၏။ပ။ပြာသာဒ်ရှည်ကို ဆောက်လုပ်စေ၏။ ပြာသာဒ်ဦးပြည်းကို ဆောက်လုပ်စေ၏။ ဂူကို ဆောက်လုပ်စေ၏။ ပရိဝုဏ်ကို ဆောက်လုပ်စေ၏။ တံခါးမုခ်ကို ဆောက်လုပ်စေ၏။ ညီလာခံစရပ် တန်ဆောင်းကို ဆောက်လုပ်စေ၏။ မီးတင်းကုပ်ကို ဆောက်လုပ်စေ၏။ ကပ္ပိယကုဋိကို ဆောက်လုပ် စေ၏။ ဝစ္စကုဋိကို ဆောက်လုပ်စေ၏။ စင်္ကြံကို ဆောက်လုပ်စေ၏။ စင်္ကြံစရပ်ကို ဆောက်လုပ် စေ၏။ ရေတွင်းကို တူးစေ၏။ ရေတွင်း စရပ်ကို ဆောက်လုပ်စေ၏။ ဇရုံးအိမ်ကို ဆောက်လုပ်စေ၏။ ဇရုံးအိမ်စရပ်ကို ဆောက်လုပ်စေ၏။ ရေကန်ကို တူးစေ၏။ မဏ္ဍပ်ကို ဆောက်လုပ်စေ၏။ အရံကို ပြုလုပ်စေ၏။ အရံရာကို ပြုလုပ်စေ၏၊ ထိုဥပါသကာသည် အကယ်၍ရဟန်းတို့၏ အထံသို့ "အသျှင်ကောင်းတို့သည် ကြွလာတော်မူပါကုန်လော့၊ အလှူကို ပေးလှူခြင်း တရားတော်ကို နာခြင်း ရဟန်းတော်တို့ကို ဖူးမြော်ခြင်းငှါ အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့

http://www.dhammadownload.com



ပင့်ဖိတ်သည် ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ မပင့်ဖိတ်ပဲ မသွားအပ်၊ ခုနစ်ရက် အတွင်း ပြန်လာရမည်။

ရဟန်းတို့ ဥပါသကာသည် များစွာသော ရဟန်းတို့ကို ရည်၍။ပ။ တပါးသော ရဟန်းကို ရည်၍ ကျောင်းကို ဆောက်လုပ်စေ၏။ပ။ တဖက်စောင်း မိုးသောကျောင်းကို ဆောက်လုပ်စေ၏။ ပြာသာဒ်ရှည်ကို ဆောက်လုပ်စေ၏။ ပြာသာဒ်ဦးပြည်းကို ဆောက်လုပ်စေ၏။ ဂူကို ဆောက်လုပ်စေ၏။ ပရိဝုဏ်ကို ဆောက်လုပ်စေ၏။ တံခါးမုခ်ကို ဆောက်လုပ်စေ၏။ ဆွမ်းစားစရပ်ကို ဆောက်လုပ်စေ၏။ မီးတင်းကုပ်ကို ဆောက်လုပ်စေ၏။ ကပ္ပိယကုဋိကို ဆောက်လုပ်စေ၏။ ဝစ္စကုဋိကို ဆောက်လုပ်စေ၏။ စင်္ကြံကို ဆောက်လုပ်စေ၏။ စင်္ကြံစရပ်ကို ဆောက်လုပ်စေ၏။ ရေတွင်းကို တူးစေ၏။ ရေတွင်း စရပ်ကို ဆောက်လုပ်စေ၏။ ဇန္တာဃရ်အိမ်ကို ဆောက်လုပ်စေ၏။ ဇရုံးအိမ်စရပ်ကို ဆောက်လုပ်စေ၏။ ရေကန်ကို တူးစေ၏။ မဏ္ဍပ်ကို ဆောက်လုပ်စေ၏။ အရံကို ပြုလုပ်စေ၏။ အရံရာကို ပြုလုပ်စေ၏၊ ထိုဥပါသကာသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အသျှင်ကောင်းတို့သည် ကြွလာတော်မူပါကုန်လော့၊ အလှူကို ပေးလှူခြင်း တရားတော်ကို နာခြင်း ရဟန်းတို့ကို ဖူးမြော်ခြင်းငှါ အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ ပင့်ဖိတ်သည်ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့်သွားရမည်၊ မပင့်ဖိတ်ပဲ မသွားအပ်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ဥပါသကာသည် ဘိက္ခုနီသံဃာကိုရည်၍။ပ။ များစွာသော ရဟန်းမိန်းမတို့ကို ရည်၍ ။ပ။ တပါးသော ရဟန်းမိန်းမကို ရည်၍။ပ။ များစွာသော သိက္ခမာန်တို့ကို ရည်၍။ပ။ တယောက်သောသိက္ခမာန်ကို ရည်၍။ပ။ များစွာသောသာမဏေတို့ကို ရည်၍ ။ပ။ တယောက်သော သာမဏေကို ရည်၍။ပ။ များစွာသော သာမဏေမတို့ကို ရည်၍။ပ။ တယောက်သော သာမဏေမကို ရည်၍ ကျောင်းကိုဆောက်လုပ်စေ၏။ပ။ တဖက်စောင်းမိုးသော ကျောင်းကို ဆောက်လုပ်စေ၏။ ပြာသာဒ်ရှည်ကို ဆောက်လုပ်စေ၏။ ပြာသာဒ်ဦးပြည်းကို ဆောက်လုပ်စေ၏။ ဂူကို ဆောက်လုပ်စေ၏။ ပရိဝုဏ်ကို ဆောက်လုပ်စေ၏။ တံခါးမုခ်ကို ဆောက်လုပ်စေ၏။ ဆွမ်းစားစရပ်ကို ဆောက်လုပ်စေ၏။ မီးတင်းကုပ်ကို ဆောက်လုပ်စေ၏။ ကပ္ပိယကုဋိကို ဆောက်လုပ်စေ၏။ စင်္ကြံကို ဆောက်လုပ်စေ၏။ စင်္ကြံစရပ်ကို ဆောက်လုပ်စေ၏။ ရေတွင်းကို တူးစေ၏။ ရေတွင်း စရပ်ကို ဆောက်လုပ်စေ၏။ ရေကန်ကို တူးစေ၏။ မဏ္ဍပ်ကို ဆောက်လုပ်စေ၏။ အရံကို ပြုလုပ်စေ၏။ အရံရာကို ပြုလုပ်စေ၏၊ ထိုဥပါသကာသည် အကယ်၍ ရဟန်းတို့၏အထံသို့ "အသျှင်ကောင်းတို့သည် ကြွလာတော်မူပါကုန်လော့၊ အလှူကို ပေးလှူခြင်း တရားတော်ကို နာခြင်း ရဟန်းတို့ကို ဖူးမြော်ခြင်းငှါ အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ ပင့်ဖိတ်သည် ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ မပင့်ဖိတ်ပဲ မသွားအပ်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

၁၈၉။ ရဟန်းတို့ ဥပါသကာသည် မိမိအကျိုးငှါ အိမ်ကို ဆောက်လုပ်စေ၏။ပ။ အိပ်ရာတိုက်ခန်းကို ဆောက်လုပ်စေ၏။ ဘဏ္ဍာတိုက်ကို ဆောက်လုပ်စေ၏။ စင်ကို ဆောက်လုပ်စေ၏။ တန်ဆောင်းကို ဆောက်လုပ်စေ၏။ အိမ်ဈေးကို ဆောက်လုပ်စေ၏။ အိမ်ဈေးရုံကို ဆောက်လုပ်စေ၏။ ပြာသာဒ်ရှည်ကိုဆောက်လုပ်စေ၏။ ပြာသာဒ်ဦးပြည်းကို ဆောက်လုပ်စေ၏။ ဂူကို ဆောက်လုပ်စေ၏။ ပရိဝုဏ်ကို ဆောက်လုပ်စေ၏။ တံခါးမုခ်ကို ဆောက်လုပ်စေ၏။ ညီလာခံ အဆောင်ကို ဆောက်လုပ်စေ၏။ မီးတင်းကုပ်ကို ဆောက်လုပ်စေ၏။ စဖိုအိမ်ကို ဆောက်လုပ်စေ၏။ စင်္ကြံကို ဆောက်လုပ်စေ၏။ စင်္ကြံဆောင်ကို ဆောက်လုပ်စေ၏။ ရေတွင်းကို တူးစေ၏။ ရေတွင်းစရပ်ကို ဆောက်လုပ်စေ၏။ ရေကန်ကို တူးစေ၏။ မဏ္ဍပ်ကို ဆောက်လုပ်စေ၏။ အရံကို ပြုလုပ်စေ၏။ အရံ

http://www.dhammadownload.com



ရာကို ပြုလုပ်စေ၏။ သားအားသော်လည်း ထိမ်းမြားလို၏။ သမီးအားသော်လည်း ထိမ်းမြားလို၏။ နာဖျားသည်မူလည်း ဖြစ်၏။ ထင်ရှားသော ဘုတ္တန်ကိုမူလည်း ရွတ်အံနေ၏၊ ထိုဥပါသကာသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အသျှင်ကောင်းတို့သည် ကြွလာတော်မူပါကုန်လော့၊ ဤသုတ္တန် မကွယ်မပျောက်သေးမီ ဤသုတ္တန်ကို သင်ကြားရကုန်လတ္တံ့" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ထိုဥပါသကာအား တပါးသော ပြုဖွယ်ကိစ္စသော်လည်းရှိ၏၊ ထိုဥပါသကာသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အသျှင်ကောင်းတို့သည် ကြွလာတော်မူပါကုန်လော့၊ အလှူကို ပေးလှူခြင်း တရားတော်ကို နာခြင်း ရဟန်းတို့ကို ဖူးမျှော်ခြင်းငှါ အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ ပင့်ဖိတ်သည်ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ မပင့်ဖိတ်ပဲမသွားအပ်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

၁၉၀။ ရဟန်းတို့ ဥပါသိကာမသည် သံဃာတော်ကို ရည်၍ ကျောင်းကို ဆောက်စေ၏၊ ထိုဥပါသိကာမသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အသျှင်ကောင်းတို့သည် ကြွလာတော်မူပါကုန်လော့၊ အလှူကိုပေးလှူခြင်း တရားတော်ကိုနာခြင်း ရဟန်းတို့ကို ဖူးမျှော်ခြင်းငှါ အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ ပင့်ဖိတ်သည်ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ မပင့်ဖိတ်ပဲ မသွားအပ်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ဥပါသိကာမသည် သံဃာတော်ကိုရည်၍ တဖက်စောင်းမိုးသော ကျောင်းကို ဆောက်လုပ်စေ၏။ပ။ ပြာသာဒ်ရှည်ကို ဆောက်လုပ်စေ၏။ ပြာသာဒ်ဦးပြည်းကို ဆောက်လုပ်စေ၏။ ဂူကို ဆောက်လုပ်စေ၏။ ပရိဝုဏ်ကို ဆောက်လုပ်စေ၏။ တံခါးမုခ်ကို ဆောက်လုပ်စေ၏။ ညီလာခံစရပ်ကို ဆောက်လုပ်စေ၏။ မီးတင်းကုပ်ကို ဆောက်လုပ်စေ၏။ ကပ္ပိယကုဋိကို ဆောက်လုပ်စေ၏။ စင်္ကြံကုဋိကို ဆောက်လုပ်စေ၏။ စင်္ကြံကို ဆောက်လုပ်စေ၏။ စင်္ကြံဆောင်ကို ဆောက်လုပ်စေ၏။ ရေတွင်းကို တူးစေ၏။ ရေတွင်း စရပ်ကို ဆောက်လုပ်စေ၏။ ဇရုံးအိမ်ကို ဆောက်လုပ်စေ၏။ ဇရုံးအိမ်ဆောင်ကို ဆောက်လုပ်စေ၏။ ရေကန်ကို တူးစေ၏။ မဏ္ဍပ်ကို ဆောက်စေ၏။ အရံကို ပြုလုပ်စေ၏။ အရံရာကို ပြုလုပ်စေ၏၊ ထိုဥပါသိကာမသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အသျှင်ကောင်းတို့သည် ကြွလာတော်မူပါကုန်လော့၊ အလှူကိုပေးလှူခြင်း တရားတော်ကို နာခြင်း ရဟန်းတို့ကို ဖူးမျှော်ခြင်းငှါ အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ ပင့်ဖိတ်သည်ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ မပင့်ဖိတ်ပဲ မသွားအပ်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ဥပါသိကာမသည် များစွာသော ရဟန်းတို့ကို ရည်၍။ပ။ တပါးသော ရဟန်းကို ရည်၍။ပ။ ရဟန်းမိန်းမသံဃာကိုရည်၍။ပ။ များစွာသော ရဟန်းမိန်းမတို့ကိုရည်၍။ပ။ တပါးသော ရဟန်းမိန်းမကိုရည်၍။ပ။ များစွာသော သိက္ခမာန်တို့ကိုရည်၍။ပ။ တယောက်သော သိက္ခမာန်ကိုရည်၍။ပ။ များစွာသော သာမဏေတို့ကိုရည်၍။ပ။ တယောက်သော သာမဏေကို ရည်၍။ပ။ များစွာသော သာမဏေမတို့ကိုရည်၍။ပ။ တယောက်သော သာမဏေမကို ရည်၍။ပ။

၁၉၁။ ရဟန်းတို့ ဥပါသိကာမသည် မိမိအကျိုးငှါ အိမ်ကို ဆောက်လုပ်စေ၏။ပ။ အိပ်ရာတိုက်ခန်းကို ဆောက်လုပ်စေ၏။ ဘဏ္ဍာတိုက်ကို ဆောက်လုပ်စေ၏။ စင်ကိုဆောက်လုပ်စေ၏။ တန်ဆောင်းကို ဆောက်လုပ်စေ၏။ အိမ်ဈေးကို ဆောက်လုပ်စေ၏။ အိမ်ဈေးရုံကို ဆောက်လုပ်စေ၏။ ပြာသာဒ်ရှည်ကိုဆောက်လုပ်စေ၏။ ပြာသာဒ်ဦးပြည်းကို ဆောက်လုပ်စေ၏။ ဂူကို ဆောက်လုပ်စေ၏။ ပရိဝုဏ်ကို ဆောက်လုပ်စေ၏။ တံခါးမုခ်ကို ဆောက်လုပ်စေ၏။ ညီလာခံအဆောင်ကို

http://www.dhammadownload.com



ဆောက်လုပ်စေ၏။ မီးတင်းကုပ်ကို ဆောက်လုပ်စေ၏။ စပိုအိမ်ကို ဆောက်လုပ်စေ၏။ စင်္ကြံကို ဆောက်လုပ်စေ၏။ စင်္ကြံဆောင်ကို ဆောက်လုပ်စေ၏။ ရေတွင်းကို တူးစေ၏။ ရေတွင်းစရပ်ကို ဆောက်လုပ်စေ၏။ ရေကန်ကို တူးစေ၏။ မဏ္ဍပ်ကို ဆောက်လုပ်စေ၏။ အရံကို ပြုလုပ်စေ၏။ အရံရာကို ပြုလုပ်စေ၏။ သားအားသော်လည်း ထိမ်းမြားလို၏။ သမီးအားသော်လည်း ထိမ်းမြားလို၏။ နာဖျားသည်မှုလည်း ဖြစ်၏။ ထင်ရှားသော သုတ္တန်ကိုမူလည်း ရွတ်အံနေ၏၊ ထိုဥပါသိကာမသည် အကယ်၍ ရဟန်းတို့၏အထံသို့ "အသျှင်ကောင်းတို့သည် ကြွလာတော်မူပါကုန်လော့၊ ဤသုတ္တန်မကွယ်ပျောက်သေးမီ ဤသုတ္တန်ကို သင်ကြားရကုန်လတ္တံ့" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ထိုဥပါသိကာမအား တပါးသော ပြုဖွယ်ကိစ္စသော်လည်းရှိ၏၊ ထိုဥပါသိကာမသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အသျှင်ကောင်းတို့သည် ကြွလာတော်မူပါကုန်လော့၊ အလှူကိုပေးလှူခြင်း တရားတော်ကို နာခြင်း ရဟန်းတို့ကို ဖူးမျှော်ခြင်းငှါ အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ ပင့်ဖိတ်သည်ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ မပင့်ဖိတ်ပဲ မသွားအပ်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

၁၉၂။ ရဟန်းတို့ ရဟန်းယောကျ်ားသည် သံဃာကိုရည်၍။ပ။ ရဟန်းမိန်းမသည် သံဃာကို ရည်၍။ သိက္ခမာန်သည် သံဃာကိုရည်၍။ သာမဏေသည် သံဃာကိုရည်၍။ သာမဏေမသည် သံဃာကိုရည်၍။ များစွာသော ရဟန်းတို့ကို ရည်၍။ တပါးသော ရဟန်းကိုရည်၍။ ရဟန်းမိန်းမ သံဃာကို ရည်၍။ များစွာသော ရဟန်းမိန်းမတို့ကို ရည်၍။ တပါးသော ရဟန်းမိန်းမကိုရည်၍။ များစွာသော သိက္ခမာန်တို့ကို ရည်၍။ တယောက်သောသိက္ခမာန်ကို ရည်၍။ များစွာသော သာမဏေတို့ကို ရည်၍။ တယောက်သော သာမဏေကို ရည်၍။ များစွာသော သာမဏေမတို့ကို ရည်၍။ တယောက်သော သာမဏေမကို ရည်၍ မိမိ၏အကျိုးငှါ ကျောင်းကို ဆောက်လုပ်စေ၏။ပ။ တဖက်စောင်းမိုးသော ကျောင်းကို ဆောက်လုပ်စေ၏။ ပြာသာဒ်ရှည်ကို ဆောက်လုပ်စေ၏။ ပြာသာဒ်ဦးပြည်းကို ဆောက်လုပ်စေ၏။ ဂူကို ဆောက်လုပ်စေ၏။ ပရိဝုဏ်ကို ဆောက်လုပ်စေ၏။ တံခါးမုခ်ကို ဆောက်လုပ်စေ၏။ ညီလာခံအဆောင်ကို ဆောက်လုပ်စေ၏။ မီးတင်းကုပ်ကို ဆောက်လုပ်စေ၏။ ကပ္ပိယကုဋိကို ဆောက်လုပ်စေ၏။ စင်္ကြံကို ဆောက်လုပ်စေ၏။ စင်္ကြံဆောင်ကို ဆောက်လုပ်စေ၏။ ရေတွင်းကို တူးစေ၏။ ရေတွင်းစရပ်ကို ဆောက်လုပ်စေ၏။ ရေကန်ကို တူးစေ၏။ မဏ္ဍပ်ကို ဆောက်လုပ်စေ၏။ အရံကို ပြုလုပ်စေ၏၊ အရံရာကို ပြုလုပ်စေ၏။ ထိုဥပါသိကာမသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အသျှင်ကောင်းတို့သည် ကြွလာတော်မူပါကုန်လော့၊ အလှူကို ပေးလှူခြင်း တရားတော်ကို နာခြင်း ရဟန်းတို့ကို ဖူးမျှော်ခြင်းငှါ အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ ပင့်ဖိတ်သည်ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ မပင့်ဖိတ်ပဲ မသွားအပ်၊ ခုနစ်ရက်အတွင်း ပြန်လာရမည် ဟု (မိန့်တော်မူ၏)။

## ၁၁၀-ငါးဦးတို့အတွက် မပင့်သော်လည်း ခွင့်ပြုခြင်း

၁၉၃။ တရံရောအခါ ရဟန်းတပါးသည် နာဖျားနေ၏၊ ထိုရဟန်းသည် ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်သည် နာဖျားနေပါ၏၊ ရဟန်းတို့သည် ကြွလာတော်မူပါကုန်လော့၊ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းယောကျ်ား ရဟန်းမိန်းမ သိက္ခမာန် သာမဏေယောကျ်ား သာမဏေမိန်းမ ဟူသော သီတင်းသုံးဘော်ငါးဦးတို့အတွက် မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့်

http://www.dhammadownload.com



သွားခြင်းငှါ ခွင့်ပြု၏၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်းသည် နာဖျားနေ၏၊ ထိုရဟန်းသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်သည် နာဖျားနေပါ၏၊ ရဟန်းတို့သည် ကြွလာတော်မူပါကုန်လော့၊ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကိုစေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "သူနာအတွက် ဆွမ်းကို ဖြစ်စေ သူနာပြုအတွက် ဆွမ်းကိုဖြစ်စေ သူနာအတွက် ဆေးကိုဖြစ်စေ ရှာမှီးအံ့၊ မေးသော်လည်း မေးအံ့၊ လုပ်ကျွေးသော်လည်း လုပ်ကျွေးအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်းအား မမွေ့လျော်ခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်အား မမွေ့လျော်ခြင်း ဖြစ်ပါ၏၊ ရဟန်းတို့သည် ကြွလာတော်မူပါကုန်လော့၊ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း ။ "ထိုရဟန်း၏ မမွေ့လျော်ခြင်းကို ငြိမ်းမူလည်း ငြိမ်းအံ့၊ ငြိမ်းစေမူလည်း ငြိမ်းစေအံ့၊ တရားဟောခြင်းကို မူလည်း ပြုအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' သည် ဖြစ်၏၊ ထိုရဟန်းသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ပါ၏၊ ရဟန်းတို့သည် ကြွလာတော်မူပါကုန်လော့၊ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "ထိုရဟန်းတို့၏ တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ပယ်ဖျောက်မူလည်း ပယ်ဖျောက်အံ့၊ ပယ်ဖျောက်စေမူလည်း ပယ်ဖျောက်စေအံ့၊ တရားဟောခြင်းကိုမူလည်း ပြုအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်းအား မိစ္ဆာအယူသည် ဖြစ်၏၊ ထိုရဟန်းသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်အား မိစ္ဆာအယူသည် ဖြစ်ပါ၏၊ ရဟန်းတို့သည် ကြွလာတော်မူပါကုန်လော့၊ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကိုစေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "ထိုရဟန်း၏ မိစ္ဆာအယူကို ဖြေဖျောက်မူလည်း ဖြေဖျောက်အံ့၊ သူတပါးကိုမူလည်း ဖြေဖျောက်စေအံ့၊ တရားဟောခြင်းကိုမူလည်း ပြုအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်းသည် သံဃာဒိသိသ်အာပတ်သို့ ရောက်သည်ဖြစ်၍ ပရိဝါသ်နေခြင်းငှါ ထိုက်၏၊ ထိုရဟန်းသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်သည် သံဃာဒိသိသ်အာပတ်သို့ ရောက်သည်ဖြစ်၍ ပရိဝါသ်နေခြင်းငှါ ထိုက်ပါ၏၊ ရဟန်းတို့သည် ကြွလာတော်မူပါကုန်လော့၊ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။ "ပရိဝါသ် ပေးခြင်းကိုမူလည်း လုံ့လပြုအံ့၊ ကမ္မဝါစာမူလည်း ဖတ်ရွတ်အံ့၊ ဂိုဏ်းပြည့်သော်လည်း ဖြစ်အံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းသည် အရင်းသို့ တဖန်ပြန်၍ ငင်ခြင်းငှါ ထိုက်၏၊ ထိုရဟန်းသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်သည် အရင်းသို့ တဖန်ပြန်၍ ငင်ခြင်းငှါ ထိုက်ပါ၏၊ ရဟန်းတို့သည် ကြွလာတော်မူပါကုန်လော့၊ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "အရင်းသို့တဖန် ပြန်၍ ငင်ခြင်းကိုမူလည်း လှုံ့လပြုအံ့၊ ကမ္မဝါစာမူလည်း ဖတ်ရွတ်အံ့၊ ဂိုဏ်းပြည့်သော်လည်း ဖြစ်အံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်းသည် မာနတ်ကျင့်ခြင်းငှါ ထိုက်၏၊ ထိုရဟန်းသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်သည် မာနတ်ကျင့်ခြင်းငှါ ထိုက်၏၊ ရဟန်းတို့သည် ကြွလာတော် မူပါကုန်လော့၊ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။ "မာနတ်ပေးခြင်းကိုမူလည်း လှုံ့လပြုအံ့၊ ကမ္မဝါစာမူလည်း ဖတ်ရွတ်အံ့၊ ဂိုဏ်းပြည့်သော်လည်း ဖြစ်အံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်းသည် အဗ္ဘာန်သွင်းခြင်းငှါ ထိုက်၏၊ ထိုရဟန်းသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်သည် အဗ္ဘာန်သွင်းခြင်းငှါ ထိုက်ပါ၏၊ ရဟန်းတို့သည် ကြွလာတော် မူပါကုန်လော့၊ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။ "အဗ္ဘာန်သွင်းခြင်းကိုမူလည်း လှုံ့လပြုအံ့၊ ကမ္မဝါစာမူလည်း ဖတ်ရွတ်အံ့၊ ဂိုဏ်းပြည့်သော်လည်းဖြစ်အံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်းအား သံဃာသည် တဇ္ဇနီယကံကိုသော်ငြား နိယဿကံကိုသော်ငြား ပဗ္ဗာဇနီယကံကိုသော်ငြား ပဋိသာရဏီယကံကိုသော်ငြား ဥက္ခေပနီယကံကိုသော်ငြား ပြုလို၏၊ ထိုရဟန်းသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "သံဃာသည် အကျွန်ုပ်အား ကံပြုလိုပါ၏၊ ရဟန်းတို့သည် ကြွလာတော်မူပါကုန်လော့၊ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။ "အဘယ်သို့သော အကြောင်းဖြင့် သံဃာသည် ကံကိုမူလည်း မပြုပါအံ့နည်း၊ ပေါ့သောကံသို့မူလည်း ညွတ်စေရပါအံ့နည်း" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ထိုရဟန်းအား သံဃာသည် တဇ္ဇနီယကံကိုသော်ငြား နိယဿကံကိုသော်ငြား ပဗ္ဗာဇနီယကံကို သော်ငြား ပဋိသာရဏီယကံကိုသော်ငြား ဥက္ခေပနီယကံကိုသော်ငြား ပြုအပ်ပြီးသည်ဖြစ်၍၊ ထိုရဟန်းသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "သံဃာသည် အကျွန်ုပ်အား ကံပြုထားပါ၏၊ ရဟန်းတို့သည် ကြွလာတော် မူပါကုန်လော့၊ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကိုစေလွှတ် ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။ "အဘယ်သို့လျှင် ကောင်းစွာ ကျင့်စေရပါအံ့နည်း၊ (မာန်တည်းဟူသော) အမွေးကို ချစေရပါအံ့နည်း၊ ဒဏ်မှ ထွက်မြောက်ကြောင်း အကျင့်ကို ကျင့်စေရပါအံ့နည်း၊ သံဃာသည် ကံကို ငြိမ်းစေပါအံ့နည်း" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

http://www.dhammadownload.com



၁၉၄။ ရဟန်းတို့ ရဟန်းမိန်းမသည် နာဖျား၏၊ ထိုရဟန်းမိန်းမသည် အကယ်၍ ရဟန်းယောကျ်ားတို့၏ အထံသို့ "အကျွန်ုပ်သည် နာဖျားပါ၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။ "သူနာအတွက် ဆွမ်းကိုဖြစ်စေ သူနာပြုအတွက် ဆွမ်းကိုဖြစ်စေ သူနာအတွက် ဆေးကိုဖြစ်စေ ရှာမှီးအံ့၊ မေးသော်လည်းမေးအံ့၊ လုပ်ကျွေးသော်လည်း လုပ်ကျွေးအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်းမိန်းမအား မမွေ့လျော်ခြင်းသည် ဖြစ်၏၊ ထိုရဟန်းမိန်းမသည် အကယ်၍ ရဟန်းယောကျ်ားတို့၏အထံသို့ "အကျွန်ုပ်အား မမွေ့လျော်ခြင်း ဖြစ်ပါ၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "ထိုရဟန်းမိန်းမ၏ မမွေ့လျော်ခြင်းကို ငြိမ်းမှုလည်းငြိမ်းအံ့၊ ငြိမ်းစေမှုလည်း ငြိမ်းစေအံ့၊ တရားဟောခြင်းကိုမူလည်း ပြုအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်းမိန်းမအား တွေးတောမှု 'သံသယကုက္ကုစ္စ' သည် ဖြစ်၏၊ ထိုရဟန်းမိန်းမသည် အကယ်၍ ရဟန်း ယောကျ်ားတို့၏ အထံသို့ "အကျွန်ုပ်အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ပါ၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "ထိုရဟန်းမိန်းမ၏ တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ပယ်ဖျောက်မှုလည်း ပယ်ဖျောက်အံ့၊ ပယ်ဖျောက်စေမှုလည်း ပယ်ဖျောက်စေအံ့၊ တရားဟောခြင်းကိုမူလည်းပြုအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်းမိန်းမအား မိစ္ဆာအယူသည်ဖြစ်၏၊ ထိုရဟန်းမိန်းမသည် အကယ်၍ ရဟန်းယောကျ်ားတို့၏ အထံသို့ "အကျွန်ုပ်အား မိစ္ဆာအယူသည် ဖြစ်ပါ၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "ထိုရဟန်းမိန်းမ၏ မိစ္ဆာအယူကို ဖြေဖျောက်မှုလည်း ဖြေဖျောက်အံ့၊ ဖြေဖျောက်စေမှုလည်း ဖြေဖျောက်စေအံ့၊ တရားဟောခြင်းကိုမူလည်း ပြုအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်းမိန်းမသည် သံဃာဒိသိသ် အာပတ်သို့ ရောက်သည်ဖြစ်၍ မာနတ်ကျင့်ခြင်းငှါ ထိုက်၏၊ ထိုရဟန်းမိန်းမသည် အကယ်၍ ရဟန်းယောကျ်ားတို့၏ အထံသို့ "အကျွန်ုပ်သည် သံဃာဒိသိသ် အာပတ်သို့ ရောက်သည်ဖြစ်၍ မာနတ် ကျင့်ခြင်းငှါ ထိုက်ပါ၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "မာနတ်ပေးခြင်းကို လှုံ့လပြုအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းမိန်းမသည် အရင်းသို့ တဖန်ပြန်၍ ငင်ခြင်းငှါ ထိုက်၏၊ ထိုရဟန်းမိန်းမသည် အကယ်၍ ရဟန်းယောကျ်ားတို့၏ အထံသို့ "အကျွန်ုပ်သည် အရင်းသို့ တဖန် ပြန်၍ ငင်ခြင်းငှါ ထိုက်ပါ၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကိုစေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာဆိုဖွယ်ရာ ရှိပါအံ့နည်း။ "အရင်းသို့တဖန် ပြန်၍ ငင်ခြင်းကို လှူလပြုအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်းမိန်းမသည် အဗ္ဘာန်သွင်းခြင်းငှါ ထိုက်၏၊ ထိုရဟန်းမိန်းမသည် အကယ်၍ ရဟန်းယောကျ်ားတို့၏ အထံသို့ "အကျွန်ုပ်သည် အဗ္ဘာန်သွင်းခြင်းငှါ ထိုက်၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကိုစေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "အဗ္ဘာန်သွင်းခြင်းကို လှူလပြုအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက် အတွင်း ပြန်လာရမည်။

ရဟန်းတိ ရဟန်းမိန်းမအား သံဃာသည် တဇ္ဇနီယကံကိုသော်ငြား နိယဿကံကိုသော်ငြား ပဗ္ဗာဇနီယကံကိုသော်ငြား ပဋိသာရဏီယကံကိုသော်ငြား ဥက္ခေပနီယကံကိုသော်ငြား ပြုလို၏၊ ထိုရဟန်းမိန်းမသည် အကယ်၍ ရဟန်းယောကျ်ားတို့၏ အထံသို့ "သံဃာသည် အကျွန်ုပ်အား ကံပြုလိုပါ၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူအဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။ "အဘယ်သို့သော အကြောင်းဖြင့် သံဃာသည် ကံကိုမပြုပဲရှိပါအံ့နည်း၊ ပေါ့သောကံသို့မူလည်း ညွတ်စေရပါအံ့နည်း" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ထိုရဟန်းမိန်းမအား သံဃာသည် တဇ္ဇနီယကံကိုသော်ငြား နိယဿကံကိုသော်ငြား ပဗ္ဗာဇနီယကံကိုသော်ငြား ပဋိသာရဏီယကံကိုသော်ငြား ဥက္ခေပနီယကံကိုသော်ငြား ပြုအပ်ပြီးသည် ဖြစ်အံ့၊ ထိုရဟန်းမိန်းမသည် အကယ်၍ ရဟန်းယောကျ်ားတို့၏ အထံသို့ "သံဃာသည် အကျွန်ုပ်အား ကံပြုထားပါ၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကိုအလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာဆိုဖွယ်ရာ ရှိပါအံ့နည်း။ "အဘယ်သို့လျှင် ကောင်းစွာ ကျင့်စေရပါအံ့နည်း၊ (မာန်တည်းဟူသော) အမွေးကို ချစေရပါအံ့နည်း၊ ဒဏ်မှထွက်မြောက်ကြောင်း အကျင့်ကို ကျင့်စေရပါအံ့နည်း၊ သံဃာသည်လည်း ထိုကံကို ငြိမ်းစေပါအံ့နည်း" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

၁၉၅။ ရဟန်းတို့ သိက္ခမာန်သည် နာဖျားနေ၏၊ ထိုသိက္ခမာန်သည် အကယ်၍ ရဟန်းယောကျ်ားတို့၏ အထံသို့ "အကျွန်ုပ်သည် နာဖျားနေပါ၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "သူနာအတွက် ဆွမ်းကိုဖြစ်စေ သူနာပြုအတွက် ဆွမ်းကိုဖြစ်စေ သူနာအတွက် ဆေးကို

http://www.dhammadownload.com



ဖြစ်စေ ရှာမှီးအံ့၊ မေးသော်လည်း မေးအံ့၊ လုပ်ကျွေးသော်လည်း လုပ်ကျွေးအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ သိက္ခမာန်အား မမွေ့လျော်ခြင်းဖြစ်၏။ပ။ သိက္ခမာန်အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ သိက္ခမာန်အား မိစ္ဆာအယူဖြစ်၏။ သိက္ခမာန်အား သိက္ခာပျက်စီး၏၊ ထိုသိက္ခမာန်သည် အကယ်၍ ရဟန်းယောကျ်ားတို့၏ အထံသို့ "အကျွန်ုပ်အား သိက္ခာပျက်စီးပါ၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။ "သိက္ခာ ဆောက်တည်ခြင်းကို လုံ့လပြုအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ သိက္ခမာန်သည် ပဋိဇ္ဇင်းခံလို၏၊ ထိုသိက္ခမာန်သည် အကယ်၍ ရဟန်းယောကျ်ားတို့၏ အထံသို့ "အကျွန်ုပ်သည် ပဋိဇ္ဇင်းခံလိုပါ၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "ပဋိဇ္ဇင်းခံခြင်းကို မူလည်း လုံ့လပြုအံ့၊ ကမ္မဝါစာမူလည်း ဖတ်ရွတ်အံ့၊ ဂိုဏ်းပြည့်သော်လည်း ဖြစ်အံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

၁၉၆။ ရဟန်းတို့ သာမဏေသည် နာဖျားနေ၏၊ ထိုသာမဏေသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်သည် နာဖျားနေပါ၏၊ ရဟန်းတို့သည် ကြွလာတော်မူပါကုန်လော့၊ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကိုစေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့်သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "သူနာအတွက် ဆွမ်းကိုဖြစ်စေ သူနာပြုအတွက် ဆွမ်းကိုဖြစ်စေ သူနာအတွက် ဆေးကိုဖြစ်စေ ရှာမှီးအံ့၊ မေးသော်လည်းမေးအံ့၊ လုပ်ကျွေးသော်လည်း လုပ်ကျွေးအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ သာမဏေအား မမွေ့လျော်ခြင်းသည် ဖြစ်၏။ သာမဏေအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ သာမဏေအား မိစ္ဆာအယူဖြစ်၏။ သာမဏေသည် ဝါကိုမေးခြင်းငှါ အလိုရှိ၏၊ ထိုသာမဏေသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်သည် ဝါကို မေးခြင်းငှါ အလိုရှိပါ၏၊ ရဟန်းတို့သည် ကြွလာတော်မူပါကုန်လော့၊ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "မေးသော်လည်း မေးအံ့၊ ပြောကြားမှုလည်း ပြောကြားအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ သာမဏေသည် ပဋိဇ္ဇင်းခံလို၏၊ ထိုသာမဏေသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်သည် ပဋိဇ္ဇင်းခံလိုပါ၏၊ ရဟန်းတို့သည် ကြွလာတော်မူပါကုန်လော့၊ ရဟန်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "ပဋိဇ္ဇင်းခံခြင်းကို မူလည်း လုံ့လပြုအံ့၊ ကမ္မဝါစာမူလည်း ဖတ်ရွတ်အံ့၊ ဂိုဏ်းပြည့်သော်လည်း ဖြစ်အံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

http://www.dhammadownload.com



၁၉၇။ ရဟန်းတို့ သာမဏေသည် နာဖျားနေ၏၊ ထိုသာမဏေသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်သည် နာဖျားနေပါ၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကိုစေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက် အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "သူနာအတွက် ဆွမ်းကိုဖြစ်စေ သူနာပြုအတွက် ဆွမ်းကိုဖြစ်စေ သူနာအတွက် ဆေးကိုဖြစ်စေ ရှာမှီးအံ့၊ မေးသော်လည်း မေးအံ့၊ လုပ်ကျွေးသော်လည်း လုပ်ကျွေးအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက် အတွင်း ပြန်လာရမည်။

ရဟန်းတို့ သာမဏေမအား မမွေ့လျော်ခြင်းဖြစ်၏။ပ။ သာမဏေမအား တွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏။ သာမဏေမအား မိစ္ဆာအယူဖြစ်၏။ သာမဏေမသည် ဝါကိုမေးခြင်းငှါ အလိုရှိ၏၊ ထိုသာမဏေမသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်သည် ဝါကိုမေးခြင်းငှါ အလိုရှိပါ၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "မေးသော်လည်း မေးအံ့၊ ပြောကြားမှုလည်း ပြောကြားအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ သာမဏေမသည် သိက္ခာဆောက်တည်လို၏၊ ထိုသာမဏေမသည် အကယ်၍ ရဟန်းတို့၏ အထံသို့ "အကျွန်ုပ်သည် သိက္ခာဆောက်တည်လိုပါ၏၊ အသျှင်တို့သည် ကြွလာတော်မူပါကုန်လော့၊ အသျှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ "သိက္ခာဆောက်တည်ခြင်းကို လှုံ့လပြုအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

## ၁၁၁-ခုနစ်ဦးတို့အတွက် မပင့်သော်လည်း ခွင့်ပြုခြင်း

၁၉၈။ တရံရောအခါ ရဟန်းတပါး၏ အမိသည် နာဖျားနေ၏၊ ထိုအမိသည် သား၏ အထံသို့ "အကျွန်ုပ်သည် နာဖျားနေပါ၏၊ အကျွန်ုပ်၏ သားသည် ကြွလာတော်မူပါလော့၊ သား၏လာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်၏။ ထိုအခါ ထိုရဟန်းအား "မြတ်စွာဘုရားသည် 'သီတင်းသုံးဖော် ငါးဦးနှင့် ဥပါသကာ ဥပါသိကာမ ခုနစ်ဦးသော သူတို့အတွက်သာ ပင့်ဖိတ်သည်ရှိသော် သွားရမည်၊ မပင့်ဖိတ်ပဲ မသွားအပ်။ ငါးဦးသော သီတင်းသုံးဖေါ်တို့အတွက် မပင့်ဖိတ်သော်လည်း သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း၊ သွားအပ်သည်သာလျှင်တည်း' ဟု ပညတ်တော်မူ၏၊ ငါ၏အမိသည်လည်း နာဖျားနေ၏၊ ထိုအမိသည်လည်း (ရတနာသုံးပါးကို) ဆည်းကပ်တတ်သော ဥပါသိကာမ မဟုတ်၊ ငါသည်အဘယ်သို့ ကျင့်ရမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကုန်၏။ ရဟန်းတို့ ရဟန်းယောကျ်ား ရဟန်းမိန်းမ သိက္ခမာန် သာမဏေ ယောကျ်ား သာမဏေမိန်းမ အမိ အဖ ဟူ၍ ခုနစ်ဦးသော သူတို့အတွက် မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားခြင်းငှါ ခွင့်ပြု၏၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာ ရှိပါ အံ့နည်း၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်း၏ အမိသည် နာဖျားနေ၏၊ ထိုအမိသည် အကယ်၍ သား၏ အထံသို့ "အကျွန်ုပ် သည် နာဖျားနေပါ၏၊ အကျွန်ုပ်၏သားသည် ကြွလာတော်မူပါလော့၊ သား၏ လာခြင်းကို အလိုရှိ

http://www.dhammadownload.com



ပါ၏” ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ “သူနာအတွက် ထမင်းကိုဖြစ်စေ သူနာပြုအတွက် ထမင်းကိုဖြစ်စေ သူနာအတွက် ဆေးကိုဖြစ်စေ ရှာမှီးအံ့၊ မေးသော်လည်းမေးအံ့၊ လုပ်ကျွေးသော်လည်း လုပ်ကျွေးအံ့” ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်း၏ အဖသည် နာဖျားနေ၏၊ ထိုအဖသည် အကယ်၍ သား၏ အထံသို့ “အကျွန်ုပ်သည် နာဖျားနေပါ၏၊ အကျွန်ုပ်၏သားသည် ကြွလာတော်မူပါလော့၊ သား၏ လာခြင်းကို အလိုရှိပါ၏” ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ “သူနာအတွက် ထမင်းကိုဖြစ်စေ သူနာပြုအတွက် ထမင်းကိုဖြစ်စေ သူနာအတွက် ဆေးကိုဖြစ်စေ ရှာမှီးအံ့၊ မေးသော်လည်း မေးအံ့၊ လုပ်ကျွေးသော်လည်း လုပ်ကျွေးအံ့” ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

## ၁၁၂-ပင့်ခေါ်မှသာ ခွင့်ပြုခြင်း

၁၉၉။ ရဟန်းတို့ ရဟန်း၏ အစ်ကိုသည် နာဖျားနေ၏၊ ထိုအစ်ကိုသည် အကယ်၍ ညီဖြစ်သော ရဟန်း၏ အထံသို့ “အကျွန်ုပ်သည် နာဖျားနေပါ၏၊ အကျွန်ုပ်၏ ညီသည် ကြွလာတော်မူပါလော့၊ ညီ၏ကြွလာခြင်းကို အလိုရှိပါ၏” ဟု တမန်ကို စေလွှတ်ငြားအံ့၊ ရဟန်းတို့ ပင့်ဖိတ်သည်ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ မပင့်ဖိတ်ပဲ မသွားရ၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်း၏ နှမသည် နာဖျားနေ၏၊ ထိုနှမသည် အကယ်၍ မောင်၏ အထံသို့ “အကျွန်ုပ်သည် နာဖျားနေပါ၏၊ အကျွန်ုပ်၏မောင်သည် ကြွလာတော်မူပါလော့၊ မောင်၏ ကြွလာခြင်းကို အလိုရှိပါ၏” ဟု တမန်ကိုစေလွှတ်ငြားအံ့၊ ရဟန်းတို့ ပင့်ဖိတ်သည်ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ မပင့်ဖိတ်ပဲ မသွားရ၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်း၏ဆွေမျိုးသည် နာဖျားနေ၏၊ ထိုဆွေမျိုးသည် အကယ်၍ ရဟန်း၏ အထံသို့ “အကျွန်ုပ်သည် နာဖျားနေပါ၏၊ အသျှင်ကောင်းသည် ကြွလာတော်မူပါလော့၊ အသျှင်ကောင်း၏ ကြွလာခြင်းကို အလိုရှိပါ၏” ဟု တမန်ကိုစေလွှတ်ငြားအံ့၊ ရဟန်းတို့ ပင့်ဖိတ်သည်ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ မပင့်ဖိတ်ပဲ မသွားရ၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ရဟန်းတို့ ရဟန်းတို့နှင့် အတူနေသူသည် နာဖျားနေ၏၊ ထိုသူသည် အကယ်၍ ရဟန်းတို့၏ အထံသို့ “အကျွန်ုပ်သည် နာဖျားနေပါ၏၊ အသျှင်ကောင်းတို့သည် ကြွလာတော်မူကြပါကုန်လော့၊ အသျှင်ကောင်းတို့၏ ကြွလာခြင်းကို အလိုရှိပါ၏” ဟု တမန်ကိုစေလွှတ်ငြားအံ့၊ ရဟန်းတို့ ပင့်ဖိတ်သည်ရှိသော် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ မပင့်ဖိတ်ပဲ မသွားရ၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

ထိုစဉ်အခါ၌ သံဃာ၏ ကျောင်းသည် ပြို၏၊ ဥပါသကာတယောက်သည် တော၌ သစ်ဘဏ္ဍာကို ဖြတ်စေ၏၊ ထိုဥပါသကာသည်လည်း ရဟန်းတို့၏ အထံသို့ “အကယ်၍ အသျှင်ကောင်းတို့သည် သစ်ဘဏ္ဍာကို ဆောင်စေကုန်ပါမူ အကျွန်ုပ်သည် ထိုသစ်ဘဏ္ဍာကို လှူပါအံ့” ဟု တမန်ကို စေလွှတ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သံဃာ့ကိစ္စဖြင့် သွားခြင်းကို ခွင့်ပြု၏၊ ခုနစ်ရက်အတွင်း ပြန်လာရမည် ဟု (မိန့်တော်မူ၏)။

ဝါဆိုခြင်းအခန်း ပြီး၏။

http://www.dhammadownload.com



## ၁၁၃-အန္တရာယ်ရှိခဲ့သော် ဝါပြတ်သော်လည်း အာပတ် မသင့်ခြင်း

၂၀၀။ တရံရောအခါ ကောသလတိုင်း ဇနပုဒ်ဝယ် တခုသောကျောင်း၌ ဝါကပ်သော ရဟန်းတို့ကို သားရဲတို့သည် နှိပ်စက်ကုန်၏၊ ဖမ်းလည်း ဖမ်းယူကုန်၏၊ လိုက်လည်း လိုက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဝါကပ်သော ရဟန်းတို့ကို သားရဲတို့သည်နှိပ်စက်ကုန်၏၊ ဖမ်းလည်း ဖမ်းယူကုန်၏၊ လိုက်လည်း လိုက်ကုန်၏။ ဤသည်လျှင် အန္တရာယ်တည်း ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းတို့ကို မြွေတို့သည် နှိပ်စက်ကုန်၏၊ ကိုက်လည်းကိုက်ကုန်၏၊ လိုက်လည်း လိုက်ကုန်၏။ ဤသည်လျှင် အန္တရာယ်တည်း ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းတို့ကို ခိုးသူတို့သည် နှိပ်စက်ကုန်၏၊ လုယက်လည်း လုယက်ကုန်၏၊ ထောင်းထုလည်း ထောင်းထုကုန်၏။ ဤသည်လျှင် အန္တရာယ်တည်း ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းတို့ကို ဘီလူးတို့သည် နှိပ်စက်ကုန်၏၊ ပူးဝင်လည်း ပူးဝင်ကုန်၏၊ သတ်လည်း သတ်ကုန်၏။ ဤသည်လျှင် အန္တရာယ်တည်း ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းတို့၏ ရွာသည် မီးလောင်၏၊ ရဟန်းတို့သည် ဆွမ်းကြောင့် ပင်ပမ်းကြကုန်၏။ ဤသည်လျှင် အန္တရာယ်တည်း ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းတို့၏ ကျောင်းသည် မီးလောင်၏၊ ရဟန်းတို့သည် ကျောင်းကြောင့် ပင်ပန်းကုန်၏။ ဤသည်လျှင် အန္တရာယ်တည်း ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းတို့၏ ရွာသည် ရေမျော၏၊ ရဟန်းတို့သည် ဆွမ်းကြောင့် ပင်ပန်းကုန်၏။ ဤသည်လျှင် အန္တရာယ်တည်း ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းတို့၏ ကျောင်းသည် ရေမျော၏၊ ရဟန်းတို့သည် ကျောင်းကြောင့် ပင်ပန်းကုန်၏။ ဤသည်လျှင် အန္တရာယ်တည်း ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။

၂၀၁။ ထိုအခါ ကျောင်းတကျောင်း၌ ဝါကပ်သော ရဟန်းတို့၏ (ဆွမ်းခံ)ရွာသည် ခိုးသူတို့ကြောင့် ပြောင်းရွှေ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရွာရှိရာသို့ သွားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ရွာသည် နှစ်ခြမ်းကွဲ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လူများရာသို့ လိုက်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



များစွာသော လူတို့သည် သဒ္ဓါတရားမရှိကုန်၊ မကြည်ညိုကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သဒ္ဓါတရားရှိရာ ကြည်ညိုရာရွာသို့ သွားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ကောသလတိုင်း ဇနပုဒ်ဝယ် တခုသောကျောင်း၌ ဝါကပ်သော ရဟန်းတို့သည် ကြမ်းသောဆွမ်းကိုငင်း နူးညံ့သောဆွမ်းကိုငင်း လုံလုံလောက်လောက် မရကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဝါကပ်သော ရဟန်းတို့သည် ကြမ်းသောဆွမ်းကိုငင်း နူးညံ့သောဆွမ်းကိုငင်း လုံလောက်အောင် မရကြကုန်။ ဤသည်လျှင် အန္တရာယ်တည်း ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းတို့သည် ကြမ်းသော ဆွမ်းကိုငင်း နူးညံ့သော ဆွမ်းကိုငင်း လုံလုံလောက်လောက် ရကုန်၏၊ လျောက်ပတ်သော ဘောဇဉ်တို့ကို မရကုန်။ ဤသည်လျှင် အန္တရာယ်တည်းဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းတို့သည် ကြမ်းသောဆွမ်းကိုငင်း နူးညံ့သောဆွမ်းကိုငင်း လုံလောက်အောင် ရကုန်၏၊ လျောက်ပတ်သော ဘောဇဉ်တို့ကို ရကုန်၏၊ လျောက်ပတ်သော ဆေးတို့ကို မရကုန်။ ဤသည်လျှင် အန္တရာယ်တည်း ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းတို့သည် ကြမ်းသောဆွမ်းကိုငင်း နူးညံ့သောဆွမ်းကိုငင်း လုံလောက်အောင် ရကုန်၏၊ လျောက်ပတ်သော ဘောဇဉ်တို့ကို ရကုန်၏၊ လျောက်ပတ်သောဆေးတို့ကို ရကုန်၏။ သင့်တင့်လျောက်ပတ်သော အလုပ်အကျွေးကို မရကုန်။ ဤသည်လျှင် အန္တရာယ်တည်း ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းကို မိန်းမသည် "အသျှင်ဘုရား ကြွလာတော်မူပါ၊ အသျှင့်အား ငွေကိုဖြစ်စေ ရွှေကိုဖြစ်စေ လယ်ကိုဖြစ်စေ ယာကိုဖြစ်စေ နွားကိုဖြစ်စေ နွားမကိုဖြစ်စေ ကျွန်ကိုဖြစ်စေ ကျွန်မကိုဖြစ်စေ လှူပါအံ့၊ အသျှင့်အား မယားအလို့ငှါ သမီးကိုသော်လည်း ပေးလှူပါအံ့၊ အကျွန်ုပ်သည်မူလည်း အသျှင်၏ မယားဖြစ်ပါအံ့၊ အသျှင့်အတွက် တပါးသော မယားကိုမူလည်း ဆောင်ပေးပါအံ့" ဟု ပင့်ဖိတ်၏၊ ထိုသို့ ပင့်ဖိတ်သည်ရှိသော် အကယ်၍ ရဟန်း၏ စိတ်သည် ဤသို့ဖြစ်အံ့ "စိတ်မည်သည် လျင်သောဖြစ်ခြင်းရှိ၏ ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ငါ့အား မြတ်သောအကျင့်၏ အန္တရာယ်သည်လည်း ဖြစ်ရာ၏" ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းကို ပြည့်တန်ဆာမသည် ပင့်ဖိတ်၏။ပ။ အပျိုကြီးသည် ပင့်ဖိတ်၏။ ပဏ္ဍုက်သည် ပင့်ဖိတ်၏။ အဆွေအမျိုးတို့သည် ပင့်ဖိတ်ကုန်၏။ မင်းတို့သည် ပင့်ဖိတ်ကုန်၏။ ခိုးသူတို့သည် ပင့်ဖိတ်ကုန်၏။ သေသောက်ကြူးတို့သည် "အသျှင်ဘုရား ကြွလာတော်မူပါ၊ အသျှင့်အား ငွေကိုဖြစ်စေ ရွှေကိုဖြစ်စေ လယ်ကိုဖြစ်စေ ယာကိုဖြစ်စေ နွားကိုဖြစ်စေ နွားမကိုဖြစ်စေ ကျွန်ကိုဖြစ်စေ ကျွန်မကိုဖြစ်စေ ပေးလှူပါအံ့၊ အသျှင့်အား မယားအလို့ငှါ သမီးကိုသော်လည်း ပေးလှူပါအံ့၊ အသျှင့်အား တပါးသော မယားကိုမူလည်း ခေါ်ဆောင် ပေးပါအံ့" ဟု ပင့်ဖိတ်ကုန်၏။ ထိုသို့ ပင့်ဖိတ်သည်ရှိသော် အကယ်၍ ရဟန်း၏ စိတ်သည် ဤသို့ဖြစ်အံ့ "စိတ်မည်သည် လျင်သော ဖြစ်ခြင်းရှိ၏ ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ငါ့အား မြတ်သောအကျင့်၏ အန္တရာယ်သည်လည်း ဖြစ်ရာ၏" ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

http://www.dhammadownload.com



ရဟန်းတို့ ဝါကပ်သော ရဟန်းသည် အရှင်မရှိသော ရွှေအိုးကို တွေ့မြင်၏၊ ထိုသို့ တွေ့မြင်သည် ရှိသော် အကယ်၍ ရဟန်း၏ စိတ်သည် ဤသို့ ဖြစ်အံ့ "စိတ်မည်သည် လျင်သော ဖြစ်ခြင်းရှိ၏ ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ငါ့အား မြတ်သောအကျင့်၏ အန္တရာယ်သည်လည်း ဖြစ်ရာ၏" ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

## ၁၁၄-သံဃာကွဲပြားသော် ဝါပြတ်ခြင်းကြောင့် အာပတ်မသင့်ခြင်း

၂၀၂။ ရဟန်းတို့ ဝါကပ်သော ရဟန်းသည် သံဃာကွဲပြားခြင်းငှါ လုံ့လပြုသော များစွာသော ရဟန်းတို့ကို တွေ့မြင်၏။ ထိုသို့ တွေ့မြင်သည်ရှိသော် အကယ်၍ ရဟန်း၏ စိတ်သည် ဤသို့ဖြစ်အံ့ "သံဃာကို သင်းခွဲခြင်းသည် ဝန်လေး၏ ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ငါမျက်မှောက်ရှိစဉ် သံဃာသည် မကွဲပါစေလင့်" ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းသည် "ဤမည်သောကျောင်း၌ များစွာသော ရဟန်းတို့သည် သံဃာကွဲပြားခြင်းငှါ လုံ့လပြုကုန်သတတ်" ဟု ကြား၏။ ထိုသို့ ကြားသည်ရှိသော် အကယ်၍ ရဟန်း၏ စိတ်သည် ဤသို့ဖြစ်အံ့ "သံဃာကို သင်းခွဲခြင်းသည် ဝန်လေး၏ ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ငါမျက်မှောက်ရှိစဉ် သံဃာသည် မကွဲပါစေလင့်" ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းသည် "ဤမည်သော ကျောင်း၌ များစွာသော ရဟန်းတို့သည် သံဃာကွဲပြားခြင်းငှါ လုံ့လပြုကုန်သတတ်" ဟု ကြား၏။ ထိုသို့ ကြားသည်ရှိသော် အကယ်၍ ရဟန်း၏ စိတ်သည် ဤသို့ဖြစ်အံ့ "ထိုရဟန်းတို့သည် ငါ၏ အဆွေခင်ပွန်းတို့ပေတည်း၊ ငါသည် ထိုရဟန်းတို့ကို 'ငါ့သျှင်တို့ သံဃာကို သင်းခွဲခြင်းသည် ဝန်လေး၏ ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ အသျှင်တို့သည် သံဃာ ကွဲပြားခြင်းကို မနှစ်သက်ကုန်လင့်' ဟု ပြောဆိုအံ့၊ ငါ၏စကားကို လိုက်နာကုန်လတ္တံ့၊ နာလိုကုန်လတ္တံ့၊ နားထောင်ကုန်လတ္တံ့" ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သောရဟန်းသည် "ဤမည်သောကျောင်း၌ များစွာသောရဟန်းတို့သည် သံဃာ ကွဲပြားခြင်းငှါ လုံ့လပြုကုန်သတတ်" ဟု ကြား၏။ထိုသို့ ကြားသည်ရှိသော် အကယ်၍ ရဟန်း၏ စိတ်သည် ဤသို့ ဖြစ်အံ့ "ထိုရဟန်းတို့သည် ငါ၏ အဆွေခင်ပွန်း မဟုတ်ကုန် ၊ ထိုသို့ မဟုတ်သော်လည်း အကြင်ရဟန်းတို့သည် ထိုလုံ့လပြုသော ရဟန်းတို့၏ အဆွေခင်ပွန်း ဖြစ်ကုန်၏၊ ထိုရဟန်းတို့သည် ငါ၏ အဆွေခင်ပွန်းတို့တည်း၊ ငါသည် ထိုရဟန်းတို့ကို ပြောဆိုအံ့၊ (ငါပြောဆိုသည်ရှိသော်) ထိုငါ၏ အဆွေခင်ပွန်း ရဟန်းတို့က ထိုလုံ့လပြုသော ရဟန်းတို့ကို 'ငါ့သျှင်တို့ သံဃာကို သင်းခွဲခြင်းသည် ဝန်လေး၏ ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ အသျှင်တို့သည် သံဃာကွဲပြားခြင်းကို မနှစ်သက်ကြကုန်လင့်' ဟု ပြောဆိုကြလျှင် ထိုရဟန်းတို့၏ စကားကို လိုက်နာကုန်လတ္တံ့၊ နာလိုကုန်လတ္တံ့၊ နားထောင်ကုန်လတ္တံ့" ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းသည် "ဤမည်သော ကျောင်း၌ များစွာသော ရဟန်းတို့သည် သံဃာကို သင်းခွဲသတတ်" ဟု ကြား၏။ ထိုသို့ ကြားသည်ရှိသော် အကယ်၍ ရဟန်း၏ စိတ်သည် ဤသို့ဖြစ်အံ့ "ထိုရဟန်းတို့သည် ငါ၏ အဆွေခင်ပွန်းတို့တည်း၊ ငါသည် ထိုရဟန်းတို့ကို 'ငါ့သျှင်တို့

http://www.dhammadownload.com



သံဃာကို သင်းခွဲခြင်းသည် ဝန်လေး၏ ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ အသျှင်တို့သည် သံဃာကွဲပြားခြင်းကို မနှစ်သက်ကုန်လင့်' ဟု ပြောဆိုလျှင် ငါ၏ စကားကို လိုက်နာကုန်လတ္တံ့၊ နာလိုကုန်လတ္တံ့၊ နားထောင်ကုန်လတ္တံ့" ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ်မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းသည် "ဤမည်သော ကျောင်း၌ များစွာသော ရဟန်းတို့သည် သံဃာကို သင်းခွဲသတတ်" ဟု ကြား၏။ ထိုသို့ကြားသည်ရှိသော် အကယ်၍ ရဟန်း၏ စိတ်သည် ဤသို့ ဖြစ်အံ့ "ထိုရဟန်းတို့သည် ငါ၏ အဆွေခင်ပွန်း မဟုတ်ကုန်၊ ထိုသို့ မဟုတ်သော်လည်း သံဃာကို သင်းခွဲသော အကြင်ရဟန်းတို့သည် ထိုရဟန်းတို့၏ အဆွေခင်ပွန်းဖြစ်ကုန်၏၊ ထိုရဟန်းတို့သည် ငါ၏ အဆွေခင်ပွန်းတို့တည်း၊ ငါသည် ထိုရဟန်းတို့ကို ပြောဆိုအံ့၊ (ငါပြောဆိုသည်ရှိသော်) ထိုငါ၏ အဆွေခင်ပွန်း ရဟန်းတို့သည် ထိုကွဲပြားသော ရဟန်းတို့ကို 'ငါ့သျှင်တို့ သံဃာကို သင်းခွဲခြင်းသည် ဝန်လေး၏ ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ အသျှင်တို့သည် သံဃာကွဲပြားခြင်းကို မနှစ်သက်ကုန်လင့်' ဟု ပြောဆိုကြလျှင် ထိုရဟန်းတို့၏ စကားကို လိုက်နာကုန်လတ္တံ့၊ နာလိုကုန်လတ္တံ့၊ နားထောင်ကုန်လတ္တံ့" ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းသည် "ဤမည်သော ကျောင်း၌ များစွာသော ရဟန်းမိန်းမတို့သည် သံဃာကွဲပြားခြင်းငှါ လုံ့လပြုကုန်သတတ်" ဟု ကြား၏။ ထိုသို့ ကြားသည်ရှိသော် အကယ်၍ ရဟန်း၏ စိတ်သည် ဤသို့ ဖြစ်အံ့၊ "ထိုရဟန်းမိန်းမတို့သည် ငါ၏ အဆွေခင်ပွန်းမတို့တည်း၊ ငါသည် ထိုရဟန်းမိန်းမတို့ကို 'နှမတို့ သံဃာကို သင်းခွဲခြင်းသည် ဝန်လေး၏ ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ နှမတို့သည် သံဃာကွဲပြားခြင်းကို မနှစ်သက်ကုန်လင့်' ဟု ပြောဆိုအံ့၊ ငါ၏ စကားကို လိုက်နာကုန်လတ္တံ့၊ နာလိုကုန်လတ္တံ့၊ နားထောင်ကုန်လတ္တံ့" ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းသည် "ဤမည်သော ကျောင်း၌ များစွာသော ရဟန်းမိန်းမတို့သည် သံဃာကွဲပြားခြင်းငှါ လုံ့လပြုကုန်သတတ်" ဟု ကြား၏။ ထိုသို့ ကြားသည်ရှိသော် အကယ်၍ ရဟန်း၏ စိတ်သည် ဤသို့ ဖြစ်အံ့ "ထိုရဟန်းမိန်းမတို့သည် ငါ၏ အဆွေခင်ပွန်းမတို့ မဟုတ်ကုန်၊ ထိုသို့ မဟုတ်သော်လည်း အကြင်ရဟန်း မိန်းမတို့သည် ထိုရဟန်းမိန်းမတို့၏ အဆွေခင်ပွန်းတို့ ဖြစ်ကုန်၏၊ ထိုရဟန်းမိန်းမတို့သည် ငါ၏ အဆွေခင်ပွန်းတို့တည်း၊ ငါသည် ထိုရဟန်းမိန်းမတို့ကို ပြောအံ့၊ (ငါပြောဆိုသည်ရှိသော်) ထိုရဟန်းမိန်းမတို့သည် သံဃာကွဲပြားခြင်းငှါ လုံ့လပြုသော ရဟန်းမိန်းမတို့ကို 'ညီမတို့ သံဃာကို သင်းခွဲခြင်းသည် ဝန်လေး၏ ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ညီမတို့သည် သံဃာကွဲပြားခြင်းကို မနှစ်သက်ကုန်လင့်' ဟု ပြောဆိုကြလျှင် ထိုရဟန်းမိန်းမတို့၏ စကားကို လိုက်နာကုန်လတ္တံ့၊ နာလိုကုန်လတ္တံ့၊ နားထောင်ကုန်လတ္တံ့" ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သော ရဟန်းသည် "ဤမည်သော ကျောင်း၌ များစွာသော ရဟန်းမိန်းမတို့သည် သံဃာကို သင်းခွဲသတတ်" ဟု ကြား၏။ ထိုသို့ကြားသည်ရှိသော် အကယ်၍ ရဟန်း၏ စိတ်သည် ဤသို့ ဖြစ်အံ့၊ "ထိုရဟန်းမိန်းမတို့သည် ငါ၏ အဆွေခင်ပွန်းမတို့တည်း၊ ငါသည် ထိုရဟန်းမိန်းမတို့ကို 'နှမတို့ သံဃာကို သင်းခွဲခြင်းသည် ဝန်လေး၏ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ နှမတို့သည် သံဃာကွဲပြားခြင်းကို မနှစ်သက်ကုန်လင့်' ဟု ပြောဆိုအံ့၊ ငါ၏ စကားကို လိုက်နာကုန်လတ္တံ့၊ နာလို

http://www.dhammadownload.com



ကုန်လတ္တံ့၊ နားထောင်ကုန်လတ္တံ့." ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့်။

ရဟန်းတို့ ဝါကပ်သောရဟန်းသည် "ဤမည်သော ကျောင်း၌ များစွာသော ရဟန်းမိန်းမတို့သည် သံဃာကို သင်းခွဲသတတ်" ဟု ကြား၏။ ထိုသို့ ကြားသည် ရှိသော် ရဟန်း၏ စိတ်သည် ဤသို့ ဖြစ်အံ့၊ "ထိုရဟန်းမိန်းမတို့သည် ငါ၏ အဆွေခင်ပွန်းမတို့ မဟုတ်ကုန်၊ ထိုသို့ မဟုတ်သော်လည်း အကြင် ရဟန်းမိန်းမတို့သည် ထိုရဟန်းမိန်းမတို့၏ အဆွေခင်ပွန်းဖြစ်ကုန်၏၊ ထိုရဟန်းမိန်းမတို့သည် ငါ၏ အဆွေခင်ပွန်းတို့တည်း၊ ငါသည် ထိုရဟန်း မိန်းမတို့ကို ပြောဆိုအံ့၊ (ငါပြောဆိုသည် ရှိသော်) ထိုရဟန်းမိန်းမတို့သည် ထိုသံဃာသင်းခွဲသော ရဟန်းမိန်းမတို့ကို 'ညီမတို့ သံဃာကို သင်းခွဲခြင်းသည် ဝန်လေး၏ ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ညီမတို့သည် သံဃာသင်းခွဲခြင်းကို မနှစ်သက်ကုန်လင့်' ဟု ပြောဆိုကြလျှင် ထိုရဟန်းမိန်းမတို့၏ စကားကို လိုက်နာကုန်လတ္တံ့၊ နာလိုကုန်လတ္တံ့၊ နားထောင်ကုန်လတ္တံ့." ဟု (နှလုံးပိုက်၍) ဖဲသွားရမည်၊ ဝါပြတ်သော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။

## ၁၁၅-နွားကျောင်းသားတို့၏ နေရာစသည်တို့၌ ဝါကပ်ခြင်း

၂၀၃။ တရံရောအခါ ရဟန်းတပါးသည် နွားကျောင်းသားတို့၏ နေရာ၌ ဝါကပ်ခြင်းငှါ အလိုရှိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နွားကျောင်းသားတို့၏ နေရာ၌ ဝါကပ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ နွားကျောင်းသားတို့၏ နေရာသည် ပြောင်းရွှေ့၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နွားကျောင်းသားတို့၏ နေရာရှိရာသို့ ကပ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတပါးသည် ဝါဆိုရန် အချိန်အခါ နီးလတ်သော် လှည်းကုန်သည်နှင့် သွားခြင်းငှါ အလိုရှိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လှည်း၌ ဝါကပ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတပါးသည် ဝါဆိုရန် အချိန်အခါ နီးလတ်သော် လှေဖြင့် သွားခြင်းငှါ အလိုရှိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လှေ၌ ဝါကပ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ၁၁၆-ဝါမကပ်သင့်သော နေရာများ

၂၀၄။ တရံရောအခါ ရဟန်းတို့သည် သစ်ခေါင်း၌ ဝါကပ်ကုန်၏။ လူတို့သည် "ဘီလူးငယ်တို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သစ်ခေါင်း၌ ဝါမကပ်အပ်၊ ဝါကပ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတို့သည် သစ်ပင်ခွ၌ ဝါကပ်ကုန်၏။ လူတို့သည် "သားမုဆိုးတို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သစ်ပင်ခွ၌ ဝါမကပ်အပ်၊ ဝါကပ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



တရံရောအခါ ရဟန်းတို့သည် လွင်တီးခေါင်၌ ဝါကပ်ကုန်၏။ မိုးရွာသည်ရှိသော် သစ်ပင်ရင်းသို့ ရှင်း တစက်မြိတ်သို့ရင်း ပြေးကပ်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လွင်တီးခေါင်၌ ဝါမကပ်အပ်၊ ဝါကပ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတို့သည် ကျောင်း အိပ်ရာ နေရာ မရှိပဲ ဝါကပ်ကုန်၏။ အချမ်းကြောင့်ရင်း အပူကြောင့်ရင်း ပင်ပန်းကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကျောင်းအိပ်ရာ နေရာ မရှိပဲ ဝါမကပ်အပ်၊ ဝါကပ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတို့သည် သူသေကောင် ထားရာ တဲ၌ ဝါကပ်ကုန်၏။ လူတို့သည် "သူသေကောင်ကို မီးဖုတ်သော သူတို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သူသေကောင်ထားရာ တဲ၌ ဝါမကပ်အပ်၊ ဝါကပ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတို့သည် ထီး၌ ဝါကပ်ကုန်၏၊ လူတို့သည် "နွားကျောင်းသားတို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ထီး၌ ဝါမကပ်အပ်၊ ဝါကပ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတို့သည် အိုးစရည်းကြီး၌ ဝါကပ်ကုန်၏။လူတို့သည် "တိတ္ထိတို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အိုးစရည်းကြီး၌ ဝါမကပ်အပ်၊ ဝါကပ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

## ၁၁၇-မတရားသော ကတိကဝတ်

၂၀၅။ တရံရောအခါ သာဝတ္ထိပြည်၌ သံဃာသည် "ဝါတွင်း၌ ရှင်ရဟန်းမပြုအပ်" ဟု ဤသို့ သဘောရှိသော ကတိကဝတ်ကို ပြု၏။ မိဂါရမာတာမည်သော ဝိသာခါ၏ မြေးသည် ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ရှင်ရဟန်းအဖြစ်ကို တောင်း၏။ ရဟန်းတို့သည် "ငါ့သျှင် သံဃာသည် ဝါတွင်း၌ ရှင်ရဟန်း မပြုအပ် ဟု ဤသို့ သဘောရှိသော ကတိကဝတ်ကို ပြုထား၏၊ ငါ့သျှင် ရဟန်းတို့ ဝါကျွတ်သည့်တိုင်အောင် ဆိုင်းငံ့ဦးလော့၊ ဝါကျွတ်သည်ရှိသော် ရှင်ရဟန်းပြုပေးကုန်လတ္တံ့" ဟု ပြောဆိုကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် ဝါကျွတ်သည်ရှိသော် မိဂါရမာတာမည်သော ဝိသာခါ၏ မြေးကို "ငါ့သျှင် လာလော့ ယခု ရှင်ရဟန်းပြုလော့" ဟု ပြောဆိုကုန်၏။ ထိုဝိသာခါ၏မြေးသည် "အသျှင်ဘုရားတို့ အကယ်၍ အကျွန်ုပ်သည် ရှင်ရဟန်းပြုမိငြားအံ့၊ အကျွန်ုပ်သည် ပျော်မွေ့ရာ၏၊ အသျှင်ဘုရားတို့ ယခုအခါ အကျွန်ုပ်သည် ရှင်ရဟန်းမပြုတော့အံ့" ဟု ဆို၏။ မိဂါရမာတာမည်သော ဝိသာခါသည် "အဘယ့်ကြောင့် အသျှင်တို့သည် 'ဝါတွင်း၌ ရှင်ရဟန်း မပြုအပ်' ဟု ဤသို့ သဘောရှိသော ကတိကဝတ်ကို ပြုကုန်ဘိသနည်း၊ အဘယ်ကာလ၌ တရားကို မကျင့်အပ်သနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော မိဂါရမာတာမည်သော ဝိသာခါ၏ စကားကို ကြားကြသည်သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား

http://www.dhammadownload.com



ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ဝါတွင်း၌ ရှင်ရဟန်း မပြုအပ်" ဟု ဤသို့ သဘောရှိသော ကတိကဝတ်ကို မပြုအပ်၊ ပြုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

## ၁၁၈-ဝန်ခံရာ၌ ဒုက္ကဋ်အာပတ် သင့်ခြင်း

၂၀၆။ တရံရောအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ပသေနဒီကောသလမင်းကြီး၏ ဝါဆိုကျောင်းကို ပုရိမဝါကပ်ရန် ဝန်ခံထား၏။ ထိုဥပနန္ဒသည် ထိုကျောင်းသို့ သွားသည်ရှိသော် လမ်းခရီးအကြား၌ သင်္ကန်းပေါများသော ကျောင်းနှစ်ကျောင်းတို့ကို မြင်၏၊ ထိုဥပနန္ဒအား "ငါသည် ဤကျောင်းနှစ်ကျောင်းတို့၌ ဝါဆိုရမူ ကောင်းလေစွ၊ ဤသို့ ဝါဆိုသည်ရှိသော် ငါ့အား များစွာသော သင်္ကန်းသည် ဖြစ်လတ္တံ့" ဟု အကြံဖြစ်၏။ ထိုဥပနန္ဒသည် ထိုကျောင်းနှစ်ကျောင်းတို့၌ ဝါဆို၏၊ ပသေနဒီကောသလမင်းကြီးသည် "အဘယ့်ကြောင့် သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ငါတို့၏ ဝါဆိုကျောင်းကို ဝန်ခံပြီးမှ ချွတ်ယွင်းစေဘိသနည်း၊ မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် မဟုတ်မမှန် ပြောဆိုခြင်းကို ကဲ့ရဲ့တော်မူသည် မဟုတ်ပါလော၊ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းကို ချီးမွမ်းတော်မူသည် မဟုတ်ပါလော" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြု ပြောဆို၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြု ပြောဆိုသော ပသေနဒီ ကောသလမင်းကြီး၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ပသေနဒီ ကောသလမင်းကြီး၏ ဝါဆိုကျောင်းကို ဝန်ခံပြီးမှ ချွတ်ယွင်းစေဘိသနည်း၊ မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် မဟုတ်မမှန် ပြောဆိုခြင်းကို ကဲ့ရဲ့တော်မူသည် မဟုတ်ပါလော၊ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းကို ချီးမွမ်းတော်မူသည် မဟုတ်ပါလော" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။

ထိုအခါ၌ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့သော အကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို "ဥပနန္ဒ သင်သည် ပသေနဒီကောသလမင်းကြီး၏ ဝါဆိုကျောင်းကို ဝန်ခံပြီးမှ ချွတ်ယွင်းစေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် ပသေနဒီကောသလမင်းကြီး၏ ဝါဆိုကျောင်းကို ဝန်ခံပြီးမှ ချွတ်ယွင်းစေဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် မဟုတ်မမှန်ပြောဆိုခြင်းကို ကဲ့ရဲ့သည် မဟုတ်ပါလော၊ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းကို ချီးမွမ်းသည် မဟုတ်ပါလော။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၊ ဖြစ်ခြင်းငှါ။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို မိန့်တော်မူ၏။

၂၀၇။ ရဟန်းတို့ ရဟန်းသည် ပုရိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွားသည်ရှိသော် လမ်းခရီးအကြား၌ သင်္ကန်းပေါများသော ကျောင်းနှစ်ကျောင်းတို့ကို

http://www.dhammadownload.com



မြင်၏၊ ထိုရဟန်းအား "ငါသည် ဤကျောင်းနှစ်ကျောင်းတို့၌ ဝါဆိုရမူ ကောင်းလေစွ ဤသို့ ဝါဆိုသည်ရှိသော် ငါ့အား များစွာသော သင်္ကန်းသည် ဖြစ်လတ္တံ့" ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ထိုကျောင်းနှစ်ကျောင်းတို့၌ ဝါဆို၏၊ ရဟန်းတို့ ထိုရဟန်းအား ပုရိမဝါသည်လည်း မထင်၊ ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ရဟန်းသည် ပုရိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွားသည်ရှိသော် ပြင်ပ၌ ဥပုသ်ပြု၏၊အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာနေရာကို ခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် ထိုနေ့ပင်လျှင် ခုနစ်ရက်အတွင်း ပြုဖွယ်မပြုပဲ ဖဲသွားအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပုရိမဝါသည်လည်း မထင်၊ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ရဟန်းသည် ပုရိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွားသည်ရှိသော် ပြင်ပ၌ ဥပုသ်ပြု၏၊အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊အိပ်ရာ နေရာကို ခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် ထိုနေ့ပင်လျှင် ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စပြုလျက် ဖဲသွားအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပုရိမဝါသည်လည်း မထင်၊ ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ရဟန်းသည် ပုရိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွားသည်ရှိသော် ပြင်ပ၌ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာ နေရာကို ခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် နှစ်ရက် သုံးရက်နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်မပြုပဲ ဖဲသွားအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပုရိမဝါသည်လည်း မထင်၊ ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ရဟန်းသည် ပုရိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွားသည်ရှိသော် ပြင်ပ၌ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ကပ်အံ့၊ အိပ်ရာ နေရာကိုခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် နှစ်ရက် သုံးရက်နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စပြုလျက် ဖဲသွားအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပုရိမဝါသည်လည်းမထင်၊ ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ရဟန်းသည် ပုရိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွားသည်ရှိသော် ပြင်ပ၌ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာ နေရာကို ခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် နှစ်ရက် သုံးရက်နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စပြုလျက် ဖဲသွားအံ့၊ ထိုရဟန်းသည် ထိုခုနစ်ရက်အတွင်း ပြုဖွယ်ကို ပြင်ပ၌ လွန်စေအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပုရိမဝါသည်လည်း မထင်၊ ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ရဟန်းသည် ပုရိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွားသည်ရှိသော် ပြင်ပ၌ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာ နေရာကို ခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် နှစ်ရက် သုံးရက်နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စပြုလျက် ဖဲသွားအံ့၊ ထိုရဟန်းသည် ထိုခုနစ်ရက်

http://www.dhammadownload.com



အတွင်း၌ ပြန်လည်ခြင်းကို ပြုအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပုရိမဝါသည်လည်း ထင်၏၊ ဝန်ခံခြင်း ကြောင့်လည်း အာပတ် မသင့်။

ရဟန်းတို့ ရဟန်းသည် ပုရိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွားသည်ရှိသော် ပြင်ပ၌ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာနေရာကိုခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် ခုနစ်ရက်ဖြင့် မရောက်သေးသော မဟာပဝါရဏာနေ့၌ သီတင်းကျွတ်လဆန်း ၉ ရက်နေ့၌ ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့၊ ရဟန်းတို့ ထိုရဟန်းသည် ထိုကျောင်းသို့ လာသည်ဖြစ်စေ မလာသည်ဖြစ်စေ ထိုရဟန်းအား ပုရိမဝါသည်လည်း ထင်၏၊ ဝန်ခံခြင်းကြောင့်လည်း အာပတ် မသင့် ။

ရဟန်းတို့ ရဟန်းသည် ပုရိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွား၍ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာနေရာကို ခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် ထိုနေ့ပင်လျှင် ခုနစ်ရက် အတွင်း ပြုဖွယ်မပြုပဲ ဖဲသွားအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပုရိမဝါသည်လည်း မထင်၊ ဝန်ခံခြင်းကြောင့် လည်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ရဟန်းသည် ပုရိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွား၍ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာနေရာကို ခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် ထိုနေ့ပင်လျှင် ခုနစ်ရက် အတွင်း ပြုဖွယ်ကိုပြုလျက် ဖဲသွားအံ့။ပ။ ထိုရဟန်းသည် နှစ်ရက်သုံးရက်နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ် မပြုပဲ ဖဲသွားအံ့။ပ။ ထိုရဟန်းသည် နှစ်ရက် သုံးရက်နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့။ပ။ ထိုရဟန်းသည် နှစ်ရက်သုံးရက် နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့။

ထိုရဟန်းသည် ထိုသတ္တာဟကို အပ၌ လွန်စေအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပုရိမဝါသည်လည်း မထင်၊ ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ် သင့်၏။ပ။

ထိုရဟန်းသည် နှစ်ရက်သုံးရက် နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့၊ ထိုရဟန်း သည် ထိုခုနစ်ရက်အတွင်း၌ ပြန်လည်ခြင်းကို ပြုအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပုရိမဝါသည်လည်း ထင်၏၊ ဝန်ခံခြင်းကြောင့်လည်း အာပတ် မသင့်။ပ။ ထိုရဟန်းသည် ခုနစ်ရက်ဖြင့် မရောက်သေးသော မဟာပဝါရဏာနေ့၌ သီတင်းကျွတ်လဆန်း ၉ ရက်နေ့၌ ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့၊ ရဟန်းတို့ ထိုရဟန်းသည် ထိုကျောင်းသို့ လာသည်ဖြစ်စေ မလာသည်ဖြစ်စေ ထိုရဟန်းအား ပုရိမဝါ သည်လည်း ထင်၏၊ ဝန်ခံခြင်းကြောင့်လည်း အာပတ် မသင့်။

၂၀၀။ ရဟန်းတို့ ရဟန်းသည် ပစ္ဆိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထို ကျောင်းသို့ သွားသည်ရှိသော် ပြင်ပ၌ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာ နေရာကို ခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်း သည် ထိုနေ့ပင်လျှင် ခုနစ်ရက်အတွင်း ပြုဖွယ်မပြုပဲ ဖဲသွားအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပစ္ဆိမဝါသည် လည်း မထင်၊ ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ရဟန်းသည် ပစ္ဆိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွားသည်ရှိသော် ပြင်ပ၌ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာနေရာကို ခင်း

http://www.dhammadownload.com



အံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် ထိုနေ့ ပင်လျှင် ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပစ္စိမဝါသည်လည်း မထင်၊ ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ရဟန်းသည် ပစ္စိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွားသည်ရှိသော် ပြင်ပ၌ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာနေရာကိုခင်း အံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် နှစ် ရက် သုံးရက်နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်မပြုပဲ ဖဲသွားအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပစ္စိမဝါသည် လည်း မထင်၊ ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ရဟန်းသည် ပစ္စိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွားသည်ရှိသော် ပြင်ပ၌ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာနေရာကို ခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် နှစ်ရက်သုံးရက်နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပစ္စိမဝါသည်လည်း မထင်၊ ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ရဟန်းသည် ပစ္စိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွားသည်ရှိသော် ပြင်ပ၌ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာနေရာကို ခင်း အံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် နှစ်ရက် သုံးရက်နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့၊ ထိုရဟန်းသည် ထိုခုနစ်ရက်အတွင်း ပြုဖွယ်ကို ပြင်ပ၌ လွန်စေအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပစ္စိမဝါသည်လည်း မထင်၊ ဝန်ခံခြင်းကြောင့် လည်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ရဟန်းသည် ပစ္စိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွားသည်ရှိသော် ပြင်ပ၌ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာနေရာကို ခင်း အံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် နှစ်ရက် သုံးရက်နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့၊ ထိုရဟန်းသည် ထိုခုနစ်ရက်အတွင်း၌ ပြန်လည်ခြင်းကို ပြုအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပစ္စိမဝါသည်လည်း ထင်၏၊ ဝန်ခံခြင်းကြောင့်လည်း အာပတ် မသင့်။

ရဟန်းတို့ ရဟန်းသည် ပစ္စိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွားသည်ရှိသော် ပြင်ပ၌ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာနေရာကို ခင်း အံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် ခုနစ်ရက် ဖြင့် မရောက်သေးသော ကုမုဒြာကြာပွင့်ချိန် မိုးလေးလအဆုံး တန်ဆောင်မုန်း လပြည့်နေ့ 'တန် ဆောင်မုန်းလဆန်း ကိုးရက်နေ့' ၌ ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့၊ ရဟန်းတို့ ထိုရဟန်း သည် ထိုကျောင်းသို့ ပြန်လာသည်ဖြစ်စေ မလာသည်ဖြစ်စေ ထိုရဟန်းအား ပစ္စိမဝါသည်လည်း ထင်၏၊ ဝန်ခံခြင်းကြောင့်လည်း အာပတ် မသင့်။

ရဟန်းတို့ ရဟန်းသည် ပစ္စိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွား၍ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာနေရာကို ခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် ထိုနေ့ပင်လျှင် ခုနစ်ရက်

http://www.dhammadownload.com



အတွင်း ပြုဖွယ်မပြုပဲ ဖဲသွားအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပစ္ဆိမဝါသည်လည်း မထင်၊ ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ရဟန်းသည် ပစ္ဆိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွား၍ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာနေရာကို ခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုဖူပင်လျှင် ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့။ပ။ ထိုရဟန်းသည် နှစ်ရက်သုံးရက်နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်မပြုပဲ ဖဲသွားအံ့။ပ။ ထိုရဟန်းသည် နှစ်ရက်သုံးရက်နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့။ပ။ ထိုရဟန်းသည် နှစ်ရက်သုံးရက်နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့၊ ထိုရဟန်းသည် ထိုခုနစ်ရက်ကို အပ၌ လွန်စေအံ့၊ ရဟန်းတို့ ထိုရဟန်းအား ပစ္ဆိမဝါသည်လည်းမထင်၊ ဝန်ခံခြင်းကြောင့်လည်း ဒုက္ကဋ် အာပတ် သင့်၏။

ထိုရဟန်းသည် နှစ်ရက် သုံးရက် နေပြီး၍ ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့၊ ထိုရဟန်းသည် ခုနစ်ရက်အတွင်း၌ ပြန်လည်ခြင်းကို ပြုအံ့ ရဟန်းတို့ ထိုရဟန်းအား ပစ္ဆိမဝါသည်လည်း ထင်၏၊ ဝန်ခံခြင်းကြောင့်လည်း အာပတ် မသင့်

ရဟန်းတို့ ရဟန်းသည် ပစ္ဆိမဝါ၌ ဝါဆိုကျောင်းကို ဝန်ခံထား၏၊ ထိုရဟန်းသည် ထိုကျောင်းသို့ သွား၍ ဥပုသ်ပြု၏၊ အထွက်တရက်နေ့၌ ကျောင်းသို့ ကပ်အံ့၊ အိပ်ရာ နေရာကို ခင်းအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ထိုရဟန်းသည် ခုနစ်ရက်ဖြင့် မရောက်သေးသော ကောမုဒီကြာပွင့်ချိန် ဖြစ်သောလေးလအဆုံး တန်ဆောင်မုန်းလပြည့် 'တန်ဆောင်မုန်းလဆန်း ၁၅-ရက်'နေ့၌ ခုနစ်ရက်အတွင်း ပြုဖွယ်ပြုလျက် ဖဲသွားအံ့၊ ရဟန်းတို့ ထိုရဟန်းသည် ထိုကျောင်းသို့ ပြန်လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ၊ ထိုရဟန်းအား ပစ္ဆိမဝါသည်လည်းထင်၏၊ ဝန်ခံခြင်းကြောင့် လည်း အာပတ် မသင့် ဟု မိန့်တော်မူ၏)။

တတိယ ဝဿူပနာယိကက္ခန္ဓက ပြီး၏။

---

### ၁၁၉-ထိုဝဿူပနာယိကက္ခန္ဓက၏ အကျဉ်းချုပ်

ဝါကပ်ခွင့် ပြုတော်မူခြင်း၊ ဝါကပ်သောအခါကို မေးခြင်း၊ ဝါဆိုရခြင်းသည် အဘယ်မျှ အပြားရှိသနည်း ဟု မေးခြင်း၊ ဝါတွင်း၌ သွားခြင်း၊ ဝါမဆိုလိုကုန်၊ ဝါဆိုနေ့ ဟု သိလျက် အရပ်တပါးသို့ သွားခြင်း၊ ဝါဆို ဝါကပ်အချိန် ရွှေ့ခြင်း၊ ဥဒေနဥပါသကာအကြောင်း။

နာသော အမိအကြောင်း၊ အဖအကြောင်း၊ ညီအစ်ကိုအကြောင်း၊ အဆွေအမျိုးအကြောင်း၊ ရဟန်းနှင့် တကျောင်းတည်းနေသော ယောကျ်ားအကြောင်း၊ ကျောင်းပြိုကြောင်း၊ သားရဲအကြောင်း၊ မြွေအကြောင်း။

ခိုးသူတို့အကြောင်း၊ ဘီလူးတို့အကြောင်း၊ ရွာနှင့်ကျောင်း မီးလောင်ကြောင်း၊ ရေမျောကြောင်း၊ ပြောင်းရွှေ့ကြောင်း၊ လူများရာသို့ ဝါကပ်အပ်ကြောင်း၊ သဒ္ဓါတရားနှင့် ပြည့်စုံသောရွာသို့ ဝါကပ်အပ်ကြောင်း။

http://www.dhammadownload.com



ကြမ်းသောဆွမ်း မွန်မြတ်သောဆွမ်း လုံလုံလောက်လောက် မရသောအကြောင်း၊ လျောက်ပတ်သော ဘေသဇ္ဇ ဆေး အလုပ်အကျွေး မရရှိကြောင်း၊ မိန်းမ ပြည့်တန်ဆာမ အပျိုကြီး ပဏ္ဍုက် အဆွေအမျိုးတို့အကြောင်း။

မင်း ခိုးသူ သေသောက်ကြူးတို့အကြောင်း၊ အရှင်မရှိသော ရွှေအိုးအကြောင်း၊ သံဃာကို သင်းခွဲကြောင်း၊ ရှစ်ပါး အပြားရှိသော ကြားခြင်း၊ နွားကျောင်းသားတို့ နေရာအကြောင်း၊ လှည်းအကြောင်း၊ လှေအကြောင်း၊ သစ်ခေါင်းအကြောင်း၊ သစ်ပင်ခွအကြောင်း၊ လွင်တီးခေါင်၌ ဝါဆိုခြင်း၊ ကျောင်းမရှိသော နေရာ၌ ဝါမကပ်အပ်ကြောင်း၊ သူသေထားသော အိမ်၌ရှင်း ထီး၌ရှင်း အိုးစရည်းကြီး၌ရှင်း၊ ရဟန်းတို့ ဝါကပ်ကြောင်း။

အဓမ္မကတိကဝတ်ကို ပြုခြင်း၊ ဝန်ခံ၍ ချွတ်ယွင်းကြောင်း၊ အပ၌ ဥပုသ်ပြုကြောင်း၊ အတွင်း၌ ဥပုသ်ပြုကြောင်း၊ ပုရိမဝါ ပစ္ဆိမဝါ အကြောင်း။

သတ္တာဟကိစ္စ ပြုခြင်း မပြုခြင်း အကြောင်း၊ နှစ်ရက် သုံးရက်နေပြီး၍ ဖဲသွားကြောင်း တဖန် သတ္တာဟပြု၍ ဖဲသွားကြောင်း။

ပဝါရဏာနေ့ မရောက်မီ ခုနစ်ရက်၌ ဖဲသွား၍ ပြန်လာ မလာအကြောင်း၊ ဝတ္ထုကိုအရင်းပြုလျက် ခြားထားသော ပါဠိအစဉ်ကို ဆင်ခြင်ရာ သည်၊ ဤသည်လျှင် ဝဿူပနာယိကက္ခန္ဓက၏ အကျဉ်းချုပ်တည်း။

ဤခန္ဓက၌ ဝတ္ထုပေါင်းကား ငါးဆယ့်နှစ်ပါးတို့တည်း။

**ဝဿူပနာယိကက္ခန္ဓက ပြီး၏။**

http://www.dhammadownload.com

http://www.dhammadownload.com

# ၄-ပဝါရဏာက္ခန္ဓက

## ၁၂၀-မချမ်းသာပဲနေခြင်း

၂၀၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ မြင်ဘူးကာမျှ မိတ်ဆွေဖြစ်ကုန်သော အတူနေ အတူစား မိတ်ဆွေဖြစ်ကုန်သော များစွာသော ရဟန်းတို့သည် ကောသလတိုင်း ဇနပုဒ်၌ တခုသော ကျောင်းဝယ် ဝါဆိုကုန်၏။ ထိုအခါ ထိုရဟန်းတို့အား "ငါတို့သည် အဘယ်အကြောင်းဖြင့် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိပဲ ချမ်းသာစွာ ဝါဆိုရပါကုန်အံ့နည်း၊ ဆွမ်းဖြင့်လည်း မပင်ပန်းကုန်ရပါအံ့နည်း" ဟု အကြံဖြစ်၏။

ထိုအခါ ထိုရဟန်းတို့အား "အကယ်၍ ငါတို့သည် အချင်းချင်း မခေါ်မပြောပဲ ရှေးဦးစွာ ရွာမှ ဆွမ်းခံပြန်လာသော ရဟန်းသည် နေရာကို ခင်းငြားအံ့၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားငြားအံ့၊ ဆွမ်းဦးထည့်ရန် ခွက်ကို ဆေး၍ ထားငြားအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားငြားအံ့၊ ရွာမှ နောက်ကျ၍ ဆွမ်းခံပြန်လာသော ရဟန်းသည် စားကြွင်းရှိ၍ စားလိုလျှင် စားငြားအံ့၊ မစားလိုက စိမ်းစိုသော မြက်သစ်ပင် မရှိရာအရပ်၌ စွန့်ပစ်ငြားအံ့၊ ပိုးမရှိသော ရေ၌ မူလည်း သွန်ငြားအံ့၊ ထိုရဟန်းသည် နေရာကို ခေါက်ငြားအံ့၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို သိမ်းဆည်းငြားအံ့၊ ဆွမ်းဦးထည့်ရန် ခွက်ကိုဆေး၍ သိမ်းဆည်းငြားအံ့၊ သောက်ရေ သုံးဆောင်ရေကို သိမ်းဆည်းငြားအံ့၊ ဆွမ်းစားစရပ်ကို တံမြက်လှည်းငြားအံ့၊ ရေမရှိ အချည်းနှီးသော သောက်ရေအိုးကိုဖြစ်စေ သုံးဆောင်ရေအိုးကိုဖြစ်စေ သန့်သက်ရေအိုးကိုဖြစ်စေ မြင်သော ရဟန်းသည် တည်ထားငြားအံ့၊ အကယ်၍ ထိုရဟန်းသည် မချီနိုင်လျှင် အဖော်ကို လက်ယပ်ခေါ်၍ လက်တို့ဖြင့် မြှောက်ချီကာ တည်ထားငြားအံ့၊ ထိုအကြောင်းများကြောင့် စကားမပြောဆိုငြားအံ့၊ ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိပဲ ချမ်းသာစွာ ဝါဆိုနေရကုန်ရာ၏၊ ဆွမ်းဖြင့်လည်း မပင်ပန်းကုန်ရာ" ဟု အကြံဖြစ်၏။

ထို့နောက် ထိုရဟန်းတို့သည် အချင်းချင်း မခေါ်မပြောကြကုန်၊ ရှေးဦးစွာ ရွာမှ ဆွမ်းခံပြန်လာသော ရဟန်းသည် နေရာခင်း၏၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို ထား၏၊ ဆွမ်းဦးထည့်ရန် ခွက်ကို ရေဆေး၍ တည်ထား၏၊ သောက်ရေ သုံးဆောင်ရေကို တည်ထား၏၊ ရွာမှ နောက်ကျ၍ ဆွမ်းခံပြန်လာသော ရဟန်းသည် စားကြွင်းရှိ၍ စားလိုလျှင် စား၏၊ မစားလိုက စိမ်းစိုသော မြက်သစ်ပင်မရှိသော အရပ်၌ စွန့်ပစ်၏၊ ပိုးမရှိသောရေ၌မူလည်း သွန်၏၊ ထိုရဟန်းသည် နေရာကို ခေါက်၏၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို သိမ်းဆည်း၏၊ ဆွမ်းဦးထည့်ရန် ခွက်ကို ရေဆေး၍ သိမ်းဆည်း၏၊ သောက်ရေ သုံးဆောင်ရေကို သိမ်းဆည်း၏၊ ဆွမ်းစားစရပ်ကို တံမြက်လှည်း၏၊ ရေမရှိ အချည်းနှီးသော သောက်ရေအိုးကိုဖြစ်စေ သုံးဆောင်ရေအိုးကိုဖြစ်စေ သန့်သက်ရေအိုးကိုဖြစ်စေ မြင်သောရဟန်းသည် တည်ထား၏၊ အကယ်၍ ထိုရဟန်းသည် မချီနိုင်လျှင် အဖော်ကို လက်ယပ်ခေါ်၍ (အချင်းချင်း) လက်တို့ဖြင့် မြှောက်ချီကာ တည်ထား၏၊ ထိုအကြောင်းများကြောင့် စကား မပြော။

http://www.dhammadownload.com



ဝါမှထကုန်သော ရဟန်းတို့၏ မြတ်စွာဘုရားကို ဖူးမြော်ကန်တော့ရန် ချဉ်းကပ်ကြခြင်းသည် အလေ့အထပင် ဖြစ်၏။

ထိုအခါ ထိုရဟန်းတို့သည် သုံးလလွန်မြောက်သဖြင့် ဝါမှ ထကုန်သည်ရှိသော် အိပ်ရာနေရာကို သိမ်း၍ သပိတ်သင်္ကန်းကို ယူလျက် သာဝတ္ထိပြည်သို့ ဖဲသွားကုန်၏။ အစဉ်အတိုင်း ဖဲသွားကြသည်ရှိသော် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကုန်၏။

အာဂန္တု ရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်စွာ နှုတ်ဆက်စကား ပြောကြားတော်မူခြင်းသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရားတို့၏ အလေ့အထပင် ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို "ရဟန်းတို့ ကျန်းမာကြ၏လော၊ မျှတကြ၏လော၊ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံပဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြရကုန်၏လော၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြကုန်၏လော" ဟု မေးတော်မူရာ—

"ကျန်းမာကြပါသည် မြတ်စွာဘုရား၊ မျှတကြပါသည် မြတ်စွာဘုရား၊ တပည့်တော်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံပဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြရပါသည် မြတ်စွာဘုရား၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြပါကုန်သည် မြတ်စွာဘုရား" ဟု (လျှောက်ထားကြကုန်၏။)

ဘုရားသျှင်တို့သည် သိလျက်လည်း မေးတော်မူကုန်၏၊ သိလျက်လည်း မေးတော် မမူကုန်။ အခါကိုသိ၍ မေးတော်မူကုန်၏၊ အခါကို သိ၍ မေးတော်မမူကုန်။ ဘုရားသျှင်တို့သည် အကျိုးနှင့် စပ်သည်ကို မေးတော်မူကုန်၏၊ အကျိုးနှင့် မစပ်သည်ကို မေးတော် မမူကုန်၊ ဘုရားသျှင်တို့သည် အကျိုးနှင့် မစပ်သည်တို့ကို မဂ်ဖြင့် ပယ်တော်မူပြီးဖြစ်ကုန်၏။ "တရားကိုသော်လည်း ဟောကုန်အံ့၊ တပည့်တို့အား သိက္ခာပုဒ်ကိုသော်လည်း ပညတ်ကုန်အံ့" ဟူသော အကြောင်း နှစ်မျိုးတို့ဖြင့် ရဟန်းတို့ကို မေးတော်မူကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို "ရဟန်းတို့ သင်တို့သည် အဘယ်သို့လျှင် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိပဲ ချမ်းသာစွာ ဝါတွင်းသုံးလပတ်လုံး နေကုန်သနည်း၊ ဆွမ်းဖြင့်လည်း မပင်ပန်းကုန်သနည်း" ဟု မေးတော်မူ၏။

အသျှင်ဘုရား ဤသာသနာတော်၌ မြင်ဘူးကာမျှ မိတ်ဆွေ ဖြစ်ကုန်သော အတူနေအတူစားမိတ်ဆွေ ဖြစ်ကုန်သော များစွာသော အကျွန်ုပ်တို့သည် ကောသလတိုင်း ဇနပုဒ်၌ တခုသော ကျောင်းဝယ် ဝါဆိုပါကုန်၏။ အသျှင်ဘုရား ထိုအကျွန်ုပ်တို့အား "ငါတို့သည် အဘယ်အကြောင်းဖြင့် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိပဲ ချမ်းသာစွာ ဝါတွင်း သုံးလပတ်လုံး နေရပါကုန်အံ့နည်း၊ ဆွမ်းဖြင့်လည်း မပင်ပန်းကုန်ရာ ပါအံ့နည်း" ဟု အကြံဖြစ်ပါသည်။

အသျှင်ဘုရား ထိုအကျွန်ုပ်တို့အား "အကယ်၍ ငါတို့သည် အချင်းချင်း မခေါ် မပြောကြပဲ ရှေးဦးစွာ ရွာမှ ဆွမ်းခံပြန်လာသော ရဟန်းသည် နေရာကို ခင်းငြားအံ့၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားငြားအံ့၊ ဆွမ်းဦးထည့်ရန် ခွက်ကို ဆေး၍ ထားငြားအံ့၊ သောက်ရေ သုံးဆောင်ရေကို တည်ထားငြားအံ့၊ ရွာမှ နောက်ကျ၍ ဆွမ်းခံပြန်လာသော ရဟန်းသည် စားကြွင်းရှိ၍ စားလိုလျှင် စားငြားအံ့၊ မစားလိုက စိမ်းစိုသော မြက်သစ်ပင် မရှိရာအရပ်၌ စွန့်ပစ်ငြားအံ့၊ ပိုးမရှိသော ရေ၌မူလည်း သွန်ငြားအံ့၊ ထိုရဟန်းသည် နေရာကို ခေါက်ငြားအံ့၊ ခြေဆေးရေ ခြေဆေးအင်း

http://www.dhammadownload.com



ပျဉ် ခြေပွတ်အိုးခြမ်းကို သိမ်းဆည်းငြားအံ့၊ ဆွမ်းဦးထည့်ရန် ခွက်ကို ဆေး၍ သိမ်းဆည်းငြားအံ့၊ သောက်ရေ သုံးဆောင်ရေကို သိမ်းဆည်းငြားအံ့၊ ဆွမ်းစားစရပ်ကို တံမြက်လှည်းငြားအံ့၊ ရေမရှိ အချည်းနှီးသော သောက်ရေအိုးကိုဇင်း သုံးဆောင်ရေအိုးကိုဇင်း သန့်သက်ရေအိုးကိုဇင်း မြင်သော ရဟန်းသည် တည်ထားငြားအံ့၊ အကယ်၍ ထိုရဟန်းသည် မချီနိုင်လျှင် အဖော်ကို လက်ယပ်ခေါ်၍ လက်ဘို့ဖြင့် မြှောက်ချီကာ တည်ထားငြားအံ့၊ ထိုအကြောင်းများကြောင့် စကား မပြောဆိုငြားအံ့၊ ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိပဲ ချမ်းသာစွာ ဝါဆိုနေကုန်ရာ၏၊ ဆွမ်းဖြင့်လည်း မပင်ပန်းကုန်ရာ” ဟု အကြံဖြစ်ပါသည်။

အသျှင်ဘုရား ထိုအခါ အကျွန်ုပ်တို့သည် အချင်းချင်း မခေါ်မပြောကြကုန်၊ ရှေးဦးစွာ ရွာမှ ဆွမ်းခံပြန်လာသော ရဟန်းသည် နေရာကို ခင်းပါသည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ် အိုးခြမ်းကို ထားပါသည်၊ ဆွမ်းဦးထည့်ရန် ခွက်ကို ရေဆေး၍ တည်ထားပါသည်၊ သောက်ရေ သုံး ဆောင်ရေကို တည်ထားပါသည်၊ ရွာမှ နောက်ကျ၍ ဆွမ်းခံပြန်လာသော ရဟန်းသည် စားကြွင်းရှိ၍ စားလိုလျှင် စားပါသည်၊ မစားလိုက စိမ်းစိုသော မြက်သစ်ပင်မရှိသော အရပ်၌ စွန့်ပစ်ပါသည်၊ ပိုးမရှိ သော ရေ၌လည်း သွန်ပါသည်၊ ထိုရဟန်းသည် နေရာကို ခေါက်ပါသည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို သိမ်းဆည်းပါသည်၊ ဆွမ်းဦးထည့်ရန် ခွက်ကို ရေဆေး၍ သိမ်းဆည်းပါသည်၊ သောက်ရေ သုံးဆောင်ရေကို သိမ်းဆည်းပါသည်၊ ဆွမ်းစားစရပ်ကို တံမြက်လှည်းပါသည်၊ ရေမရှိ အချည်းနှီးသော သောက်ရေအိုးကိုဇင်း သုံးဆောင်ရေအိုးကိုဇင်း သန့်သက်ရေအိုးကိုဇင်း မြင်သော ရဟန်းသည် တည်ထားပါသည်၊ အကယ်၍ ထိုရဟန်းသည် မချီနိုင်လျှင် အဖော်ကို လက်ယပ်ခေါ်၍ (အချင်းချင်း) လက်ဘို့ဖြင့် မြှောက်ချီကာ တည်ထားပါသည်၊ ထိုအကြောင်းများကြောင့် စကား မပြောပါ၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် ဤသို့ပြု၍ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိပဲ ချမ်းသာစွာ ဝါတွင်းသုံးလပတ်လုံး နေရပါကုန်သည်၊ ဆွမ်းဖြင့်လည်း မပင်ပန်းပါကုန် ဟု လျှောက်ကြကုန်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏၊ ရဟန်းတို့ ဤ(မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားတို့သည် မချမ်းသာပဲ နေကုန်လျက် “ချမ်းသာစွာ နေကုန်၏” ဟု ဝန်ခံကုန်ဘိ၏။ ရဟန်းတို့ ဤ(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် နွားတို့၏ နေခြင်းကဲ့သို့နေကုန် လျက် “ချမ်းသာစွာ နေကုန်၏” ဟု ဝန်ခံကုန်ဘိ၏။ ရဟန်းတို့ ဤ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် ဆိတ်တို့၏ နေခြင်းကဲ့သို့ နေကုန်လျက် “ချမ်းသာစွာ နေကုန်၏” ဟု ဝန်ခံကုန် ဘိ၏။ ရဟန်းတို့ ဤ(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် ရန်သူတို့၏ နေခြင်းကဲ့သို့ နေကုန်လျက် “ချမ်းသာစွာ နေကုန်၏” ဟု ဝန်ခံကုန်ဘိ၏။

ရဟန်းတို့ အဘယ့်ကြောင့် (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် တိတ္ထိတို့ ဆောက်တည်အပ်သော သူအကဲ့သို့ စကားမဆိုသော အကျင့်ကို ဆောက်တည်ကုန်ဘိသနည်း၊ ရဟန်း တို့ ဤ(ရဟန်းတို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါလည်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို မိန့်တော်မူ၏။

ရဟန်းတို့ တိတ္ထိတို့ ဆောက်တည်အပ်သော စကားမဆိုသော အကျင့်ကို မဆောက်တည်အပ်၊ ဆောက်တည်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်းတို့ ဝါမှ ထသော ရဟန်းတို့အား မြင်၍ဖြစ်စေ ကြား၍ဖြစ်စေ ယုံမှား၍ဖြစ်စေ သုံးပါးသော အကြောင်းတို့ဖြင့် ဖိတ်ကြားခြင်း 'ပဝါရဏာပြုခြင်း'ငှါ ခွင့်ပြု၏၊ ထိုသို့ ဖိတ်ကြားခြင်းသည် သင်တို့အတွက် အချင်းချင်း လိုက်လျောခြင်း အာပတ်မှ ထမြောက်စေခြင်း ဝိနည်းကို ရှေးရှုခြင်း ဖြစ်လတ္တံ့။

ရဟန်းတို့ ဤသို့ ဖိတ်ကြားရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၂၁၀။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ယနေ့ကား ဖိတ်ကြားအပ်သော 'ပဝါရဏာ' နေ့တည်း၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော် ကသည် ဖြစ်ငြားအံ့၊ သံဃာသည် ဖိတ်ကြားရာ၏ ပဝါရဏာပြုရာ၏" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

မထေရ်ကြီးဖြစ်သော ရဟန်းသည် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီကာ "ငါ့သျှင်တို့ သံဃာကို ဖိတ်ကြားပါ၏၊ မြင်၍ဖြစ်စေ ကြား၍ဖြစ်စေ ယုံမှား၍ဖြစ်စေ အသျှင်တို့သည် အကျွန်ုပ်အား အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့။

နှစ်ကြိမ်မြောက်လည်း ငါ့သျှင်တို့ သံဃာကို ဖိတ်ကြားပါ၏၊ မြင်၍ဖြစ်စေ ကြား၍ဖြစ်စေ ယုံမှား၍ဖြစ်စေ အသျှင်တို့သည် အကျွန်ုပ်အား အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့။

သုံးကြိမ်မြောက်လည်း ငါ့သျှင်တို့ သံဃာကိုဖိတ်ကြားပါ၏၊ မြင်၍ဖြစ်စေ ကြား၍ဖြစ်စေ ယုံမှား၍ဖြစ်စေ အသျှင်တို့သည် အကျွန်ုပ်အား အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့" ဟု ပြောဆိုရာ၏။

သီတင်းငယ်ဖြစ်သော ရဟန်းသည် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်နေပြီးလျှင် လက်အုပ်ချီကာ "အသျှင်ဘုရားတို့ သံဃာကို ဖိတ်ကြားပါ၏၊ မြင်၍ဖြစ်စေ ကြား၍ဖြစ်စေ ယုံမှား၍ဖြစ်စေ အသျှင်တို့သည် အကျွန်ုပ်အား အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့။

နှစ်ကြိမ်မြောက်လည်း အသျှင်ဘုရားတို့ သံဃာကို။ပ။ သုံးကြိမ်မြောက်လည်း အသျှင်ဘုရားတို့ သံဃာကို ဖိတ်ကြားပါ၏၊ မြင်၍ဖြစ်စေ ကြား၍ဖြစ်စေ ယုံမှား၍ဖြစ်စေ အသျှင်တို့သည် အကျွန်ုပ်အား အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့" ဟု ပြောဆိုရာ၏။

၂၁၁။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မထေရ်ကြီးဖြစ်သော ရဟန်းတို့ ဆောင့်ကြောင့်ထိုင်လျက် ပဝါရဏာပြုစဉ် နေရာတို့၌ နေကုန်၏။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် မထေရ်ကြီးဖြစ်သော ရဟန်းတို့ ဆောင့်ကြောင့်ထိုင်လျက် ပဝါရဏာ ပြုကုန်စဉ် နေရာတို့၌ နေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

http://www.dhammadownload.com



"ရဟန်းတို့ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မထေရ်ကြီးဖြစ်သော ရဟန်းတို့ ဆောင့်ကြောင့်ထိုင်လျက် ပဝါရဏာပြုစဉ် နေရာတို့၌ နေကုန်၏ဟူသည် မှန်သလော"ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထို (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် မထေရ်ကြီးဖြစ်သော ရဟန်းတို့ ဆောင့်ကြောင့်ထိုင်လျက် ပဝါရဏာပြုစဉ် နေရာတို့၌ နေကုန်ဘိသနည်း၊ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီရဟန်းတို့ ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း ကြည်ညိုပြီးသော သူတို့အား တိုး၍ ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ မထေရ်ကြီးဖြစ်သော ရဟန်းတို့ ဆောင့်ကြောင့်ထိုင်လျက် ပဝါရဏာ ပြုစဉ် နေရာတို့၌ မနေအပ်၊ နေသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ အားလုံးသော ရဟန်းတို့သည် ပင်လျှင် ဆောင့်ကြောင့်ထိုင်လျက် ဖိတ်ကြားခြင်းငှါ 'ပဝါရဏာပြုခြင်းငှါ' ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

ထိုအခါ အိုမင်းမစွမ်းသော မထေရ်ကြီးတပါးသည် "ရဟန်းအားလုံး ပဝါရဏာ ပြုပြီးသည်တိုင်အောင်" ဟု ဆောင့်ကြောင့်ထိုင်ကာ ဆိုင်းငံ့ရသည်ဖြစ်၍ မူးဝေလျက် လဲကျလေ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ (မိမိ) ပဝါရဏာ ပြုစဉ်အတွင်း ဆောင့်ကြောင့်ထိုင်နေခြင်းငှါ ပဝါရဏာ ပြုပြီးနောက် နေရာ၌ ထိုင်နေခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ၁၂၁–ပဝါရဏာကံလေးမျိုး

၂၁၂။ ထိုစဉ်အခါ၌ ရဟန်းတို့အား "ပဝါရဏာတို့သည် အဘယ်မျှတို့နည်း" ဟု အကြံဖြစ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။—ရဟန်းတို့ စာတုဒ္ဒသီပဝါရဏာ ပန္နရသီပဝါရဏာ ဟူ၍ ပဝါရဏာတို့သည် နှစ်ပါးရှိကုန်၏။

ထိုအခါ ရဟန်းတို့အား "ပဝါရဏာကံတို့သည် အဘယ်မျှတို့နည်း" ဟု အကြံဖြစ်ပြန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပဝါရဏာ ကံတို့သည် တရားနှင့် မလျော်၍ ဝဂ်ဖြစ်သော 'အစုကွဲသော' ပဝါရဏာ ကံ၊ တရားနှင့်မလျော်၍ ညီညွတ်သော ပဝါရဏာကံ၊ တရားနှင့်လျော်၍ ဝဂ်ဖြစ်သော 'အစုကွဲသော' ပဝါရဏာကံ၊ တရားနှင့်လျော်၍ ညီညွတ်သော ပဝါရဏာကံ ဟူ၍ ဤလေးပါးရှိကုန်၏။

ရဟန်းတို့ ထိုလေးပါးသော ပဝါရဏာကံတို့တွင် တရားနှင့် မလျော်၍ ဝဂ်ဖြစ်သော ပဝါရဏာကံကို မပြုအပ်၊ ငါသည်လည်း ဤသို့ သဘောရှိသော ပဝါရဏာကံကို ခွင့်မပြု။

ရဟန်းတို့ ထိုလေးပါးသော ပဝါရဏာကံတို့တွင် တရားနှင့်မလျော်၍ ညီညွတ်သော ပဝါရဏာကံကိုလည်း မပြုအပ်၊ ငါသည်လည်း ဤသို့ သဘောရှိသော ပဝါရဏာကံကို ခွင့်မပြု။

ရဟန်းတို့ ထိုလေးပါးသော ပဝါရဏာကံတို့တွင် တရားနှင့်လျော်၍ ဝဂ်ဖြစ်သော ပဝါရဏာကံကိုလည်း မပြုအပ်၊ ငါသည်လည်း ဤသို့ သဘောရှိသော ပဝါရဏာကံကို ခွင့်မပြု။

http://www.dhammadownload.com



ရဟန်းတို့ ထိုလေးပါးသော ပဝါရဏာကံတို့တွင် တရားနှင့်လျော်၍ ညီညွတ်သော ပဝါရဏာကံကိုသာ ပြုရမည်၊ ငါသည်လည်း ဤသို့ သဘောရှိသော ပဝါရဏာကံကိုသာ ခွင့်ပြု၏။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ တရားနှင့်လျော်၍ ညီညွတ်သော ပဝါရဏာကံကိုသာ ပြုကုန်အံ့ ဟု သင်တို့သည် ကျင့်ကြံ အားထုတ်ကြကုန်ရာသတည်း ဟု (မိန့်တော်မူ၏)။

## ၁၂၂-ပဝါရဏာပေးခြင်းကို ခွင့်ပြုခြင်း

၂၁၃။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ စည်းဝေးကြလော့၊ သံဃာသည် ပဝါရဏာ ပြုလတ္တံ့" ဟု မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူသည်ရှိသော် တပါးသော ရဟန်းသည် မြတ်စွာဘုရားကို "အသျှင်ဘုရား နာဖျားသောရဟန်း ရှိနေပါ၏၊ ထိုရဟန်းသည် မလာနိုင်ပါ" ဟု လျှောက်၏။ ရဟန်းတို့ နာဖျားသောရဟန်းသည် ပဝါရဏာကို ပေးခြင်းငှါ ခွင့်ပြု၏။ ရဟန်းတို့ ဤသို့ပေးရမည်—

ထိုနာဖျားသော ရဟန်းသည် ရဟန်းတပါးထံသို့ ချဉ်းကပ်ပြီး၍ လက်ဝဲတဖက် ပခုံးထက်၌ ကောသိကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီကာ "ပဝါရဏာကို ပေးပါ၏၊ အကျွန်ုပ်၏ ပဝါရဏာကို ဆောင်ယူပါလော့၊ အကျွန်ုပ်၏ ပဝါရဏာကို ပြောကြားပါလော့၊ အကျွန်ုပ်၏ အကျိုးငှါ ဖိတ်ကြားပါလော့" ဟု ပြောဆိုအပ်၏။ ကိုယ်ဖြင့် သိစေအံ့၊ နှုတ်ဖြင့်သိစေအံ့၊ ကိုယ်နှုတ် နှစ်ပါးဖြင့် သိစေအံ့၊ ပဝါရဏာကို ပေးသည်မည်၏။ ကိုယ်ဖြင့် မသိစေအံ့၊ နှုတ်ဖြင့် မသိစေအံ့၊ ကိုယ်နှုတ် နှစ်ပါးဖြင့် မသိစေအံ့၊ ပဝါရဏာကို ပေးသည် မမည်။

ဤသို့လျှင် အကယ်၍ ပဝါရဏာပေးခြင်းကို ရငြားအံ့၊ ဤသို့ ရခြင်းသည် ကောင်း၏။ အကယ်၍ မရငြားအံ့၊ ရဟန်းတို့ ထိုနာဖျားသော ရဟန်းကို ညောင်စောင်းဖြင့်သော်၎င်း အင်းပျဉ်ဖြင့်သော်၎င်း သံဃာ့အလယ်သို့ ယူဆောင်ကာ ပဝါရဏာပြုရမည်။ ရဟန်းတို့ အကယ်၍ သူနာပြု ရဟန်းတို့အား "ငါတို့သည် သူနာကို နေရာမှ ရွှေ့ပြောင်းကုန်ငြားအံ့၊ အနာသော်လည်း တိုးပွါးလတ္တံ့၊ သေခြင်းသော်လည်း ဖြစ်လတ္တံ့" ဟု အထင်ရှိသည်ဖြစ်အံ့၊ ရဟန်းတို့ နာဖျားသော ရဟန်းကို နေရာမှ မရွှေ့ မပြောင်းစေအပ်၊ သံဃာသည် ထိုနေရာသို့ သွား၍ ပဝါရဏာပြုရမည်၊ ဝဂ်ဖြစ်သော 'အစုကွဲသော' သံဃာသည် ပဝါရဏာ မပြုအပ်သည်သာလျှင်တည်း၊ အကယ်၍ ပဝါရဏာပြုငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ အကယ်၍ ပဝါရဏာကို ဆောင်သော ရဟန်းသည် ပဝါရဏာကို ပေးပြီးသည်ရှိသော် ထိုပေးရာ အရပ်၌ပင်လျှင် အရပ်တပါးသို့ ဖဲသွားငြားအံ့၊ တပါးသော ရဟန်းအား ပဝါရဏာကို ပေးရမည်။ ရဟန်းတို့ ပဝါရဏာ ဆောင်ယူသွားသော ရဟန်းသည် ပဝါရဏာကို ပေးပြီးသည် ရှိသော် ထိုပေးရာအရပ်၌ပင်လျှင် လူထွက်ငြားအံ့။ပ။ သေငြားအံ့။ သာမဏေ ဟု ဝန်ခံငြားအံ့။ သိက္ခာကို စွန့်သောသူ ဟု ဝန်ခံငြားအံ့။ အဆုံးစွန်သော ပါရာဇိကဝတ္ထုသို့ ရောက်သောသူ ဟု ဝန်ခံငြားအံ့။ ရူးသောသူ ဟု ဝန်ခံငြားအံ့။ စိတ်ပျံ့လွင့်သောသူ ဟု ဝန်ခံငြားအံ့။ ဝေဒနာ နှိပ်စက်သောသူ 'ခံစားသောသူ' ဟု ဝန်ခံငြားအံ့။ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထားသူဟု ဝန်ခံငြားအံ့။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထားသူ ဟု ဝန်ခံငြားအံ့။ ယုတ်ညံ့သော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားသူ ဟု ဝန်ခံငြားအံ့။ ပဏ္ဍုက် ဟု ဝန်ခံငြားအံ့။ ပေါင်းသင်းမှုကို ခိုးသူ ဟု ဝန်ခံငြားအံ့။ တိတ္ထိဘောင်သို့ ပြောင်းရွှေ့သူ ဟု ဝန်ခံငြားအံ့။ တိရစ္ဆာန် ဟု ဝန်ခံ

http://www.dhammadownload.com



ပြောအံ့။ အမိသတ်သူ ဟု ဝန်ခံပြောအံ့။ အဖသတ်သူ ဟု ဝန်ခံပြောအံ့။ ရဟန္တာကိုသတ်သူ ဟု ဝန်ခံပြောအံ့။ ရဟန်းမိန်းမကိုဖျက်ဆီးသူ ဟု ဝန်ခံပြောအံ့။ သံဃာကို သင်းခွဲသူ ဟု ဝန်ခံပြောအံ့။ ဘုရားကို သွေးစိမ်းတည်အောင် ပြုသူ ဟု ဝန်ခံပြောအံ့။ ဥဘတောဗျည်း ဟု ဝန်ခံပြောအံ့၊ တပါးသော ရဟန်းအား ပဝါရဏာကို ပေးရမည်။

ရဟန်းတို့ အကယ်၍ ပဝါရဏာကို ဆောင်သော ရဟန်းသည် ပဝါရဏာကို ပေးအပ်ပြီးသော် လမ်းခရီးအကြား၌ အရပ်တပါးသို့ ဖဲသွားပြောအံ့၊ ပဝါရဏာကို ဆောင်သည် မမည်။ ရဟန်းတို့ အကယ်၍ ပဝါရဏာကို ဆောင်သော ရဟန်းသည် ပဝါရဏာကို ပေးအပ်ပြီးသော် လမ်းခရီးအကြား၌ လူထွက်ပြောအံ့။ပ။ သေပြောအံ့။ သာမဏေ ဟု ဝန်ခံပြောအံ့။ သိက္ခာကို စွန့်သောသူ ဟု ဝန်ခံပြောအံ့၊ အဆုံးစွန်သော ပါရာဇိက အာပတ်သို့ ရောက်သောသူ ဟု ဝန်ခံပြောအံ့။ ရူးသူ ဟု ဝန်ခံပြောအံ့။ စိတ်ပျံ့လွင့်သောသူ ဟု ဝန်ခံပြောအံ့။ ဝေဒနာနှိပ်စက်သောသူ ဟု ဝန်ခံပြောအံ့။ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်း ဟု ဝန်ခံပြောအံ့။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်း ဟု ဝန်ခံပြောအံ့။ ယုတ်ညံ့သော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်း ဟု ဝန်ခံပြောအံ့။ ပဏ္ဍုက် ဟု ဝန်ခံပြောအံ့။ ပေါင်းသင်းမှုကို ခိုးသောသူ ဟု ဝန်ခံပြောအံ့။ တိတ္ထိတို့ဘောင်သို့ ပြောင်းရွှေ့သွားသူ ဟု ဝန်ခံပြောအံ့။ တိရစ္ဆာန် ဟု ဝန်ခံပြောအံ့။ အမိသတ်သူ ဟု ဝန်ခံပြောအံ့။ အဖသတ်သူ ဟု ဝန်ခံပြောအံ့။ ရဟန္တာကို သတ်သူ ဟု ဝန်ခံပြောအံ့။ ရဟန်းမိန်းမကို ဖျက်ဆီးသောသူ ဟု ဝန်ခံပြောအံ့။ သံဃာကို သင်းခွဲသောသူ ဟု ဝန်ခံပြောအံ့။ ဘုရားကို သွေးစိမ်းတည်အောင် ပြုသောသူ ဟု ဝန်ခံပြောအံ့။ ဥဘတောဗျည်း ဟု ဝန်ခံပြောအံ့၊ ပဝါရဏာကို ဆောင်သည် မမည်။

ရဟန်းတို့ အကယ်၍ ပဝါရဏာကို ဆောင်သော ရဟန်းသည် ပဝါရဏာကို ပေးပြီးသော် သံဃာ့ဘောင်သို့ ရောက်၍ အရပ်တပါးသို့ ဖဲသွားပြောအံ့၊ ပဝါရဏာကို ဆောင်သည် မည်၏။ ရဟန်းတို့ အကယ်၍ ပဝါရဏာကို ဆောင်သော ရဟန်းသည် ပဝါရဏာကို ပေးပြီးသော် သံဃာ့ဘောင်သို့ ရောက်ပြီးမှ လူထွက်ပြောအံ့။ပ။ သေပြောအံ့။ သာမဏေ ဟု ဝန်ခံပြောအံ့။ သိက္ခာကို စွန့်သောသူ ဟု ဝန်ခံပြောအံ့။ အဆုံးစွန်သော ပါရာဇိကအာပတ်သို့ ရောက်သောသူ ဟု ဝန်ခံပြောအံ့။ ရူးသူ ဟု ဝန်ခံပြောအံ့။ စိတ်ပျံ့လွင့်သောသူ ဟု ဝန်ခံပြောအံ့။ ဝေဒနာ နှိပ်စက်အပ်သောသူ ဟု ဝန်ခံပြောအံ့။ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်း ဟု ဝန်ခံပြောအံ့။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်း ဟု ဝန်ခံပြောအံ့။ ယုတ်ညံ့သော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်း ဟု ဝန်ခံပြောအံ့။ ပဏ္ဍုက် ဟု ဝန်ခံပြောအံ့။ ပေါင်းသင်းမှုကို ခိုးသောသူ ဟု ဝန်ခံပြောအံ့။ တိတ္ထိတို့ဘောင်သို့ ပြောင်းရွှေ့သွားသူ ဟု ဝန်ခံပြောအံ့။ တိရစ္ဆာန် ဟု ဝန်ခံပြောအံ့။ အမိသတ်သူ ဟု ဝန်ခံပြောအံ့။ အဖသတ်သူ ဟု ဝန်ခံပြောအံ့။ ရဟန္တာကို သတ်သောသူ ဟု ဝန်ခံပြောအံ့။ ရဟန်းမိန်းမကို ဖျက်ဆီးသောသူ ဟု ဝန်ခံပြောအံ့။ သံဃာကို သင်းခွဲသောသူ ဟု ဝန်ခံပြောအံ့။ ဘုရားကို သွေးစိမ်းတည်အောင် ပြုသောသူ ဟု ဝန်ခံပြောအံ့။ ဥဘတောဗျည်း ဟု ဝန်ခံပြောအံ့၊ ပဝါရဏာကို ဆောင်သည် မည်၏။

ရဟန်းတို့ အကယ်၍ ပဝါရဏာကို ဆောင်သော ရဟန်းသည် ပဝါရဏာကို ပေးပြီးသော် သံဃာ့ဘောင်သို့ ရောက်ပြီးနောက် အိပ်ပျော်သည်ဖြစ်၍ မပြောကြားပြောအံ့၊ ပဝါရဏာကို ဆောင်သည် မည်၏။ ပဝါရဏာဆောင်သော ရဟန်းအား အာပတ် မသင့်။ ရဟန်းတို့ ပဝါရဏာကို ဆောင်သော ရဟန်းသည် အကယ်၍ ပဝါရဏာကို ပေးပြီးလျှင် သံဃာ့ဘောင်သို့ ရောက်မှ မေ့လျော့သည်ဖြစ်၍

http://www.dhammadownload.com



မပြောကြားမိငြားအံ့။ပ။ သမာပတ် ဝင်စားသည်ဖြစ်၍ မပြောကြားမိငြားအံ့၊ ပဝါရဏာကို ဆောင်သည် မည်၏။ ပဝါရဏာ ဆောင်သော ရဟန်းအား အာပတ် မသင့်။ ရဟန်းတို့ ပဝါရဏာကို ဆောင်သော ရဟန်းသည် အကယ်၍ ပဝါရဏာကို ပေးပြီးလျှင် သံဃာ့ဘောင်သို့ ရောက်မှ မပြောလိုသဖြင့် စေတနာရှိ၍ မပြောကြားငြားအံ့၊ ပဝါရဏာကို ဆောင်သည် မည်၏၊ ပဝါရဏာ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ ထိုပဝါရဏာနေ့၌ ပဝါရဏာကို ပေးသော ရဟန်းသည် သံဃာအား ပြုဖွယ်ကိစ္စရှိအံ့ ဟု ဆန္ဒကိုလည်း ပေးခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ၁၂၃-ဆွေမျိုးစသည်တို့က ဖမ်းယူခြင်း

၂၁၄။ ထိုအခါ တပါးသော ရဟန်းကို ထိုပဝါရဏာနေ့၌ အဆွေအမျိုးတို့သည် ဖမ်းယူကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းကို ထိုပဝါရဏာနေ့၌ အဆွေအမျိုးတို့သည် ဖမ်းယူကုန်အံ့၊ ထိုအဆွေအမျိုးတို့ကို ရဟန်းတို့သည် "ဒါယကာတို့ တောင်းပန်ပါ၏၊ သင်တို့သည် ဤရဟန်းကို ပဝါရဏာပြုပြီးသည်တိုင်အောင် တခဏမျှ လွှတ်ကြကုန်လော့" ဟု ပြောဆိုရမည်။

ဤသို့ ပြောဆိုသည့်အတိုင်း ရခဲ့သော်ကောင်း၏၊ အကယ်၍ မရခဲ့သော် ထိုအဆွေအမျိုးတို့ကို ရဟန်းတို့သည် "ဒါယကာတို့ တောင်းပန်ပါ၏၊ ဤရဟန်း ပဝါရဏာ ပြုပြီးသည်တိုင်အောင် သင်တို့သည် တခဏမျှ သင့်တင့်လျောက်ပတ်သော အရပ်၌ နေကုန်လော့" ဟု ပြောဆိုရမည်။ ဤသို့ ပြောဆိုသည့်အတိုင်း ရခဲ့သော် ကောင်း၏၊ အကယ်၍ မရခဲ့သော် ထို အဆွေအမျိုးတို့ကို ရဟန်းတို့သည် "ဒါယကာတို့ တောင်းပန်ပါ၏၊ သင်တို့သည် ဤရဟန်းကို သံဃာ့ပဝါရဏာ ပြုပြီးသည်တိုင်အောင် တခဏမျှ သိမ်အပသို့ ဆောင်ကုန်လော့" ဟု ပြောဆိုရမည်။ ဤသို့ ပြောဆိုသည့်အတိုင်းရခဲ့သော် ကောင်း၏၊ အကယ်၍ မရခဲ့သော် ဝဂ်ဖြစ်သော 'အစုကွဲသော' သံဃာသည် ပဝါရဏာမပြုအပ်၊ အကယ်၍ ပဝါရဏာပြုငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းကို ထိုပဝါရဏာနေ့၌ မင်းတို့သည် ဖမ်းယူကုန်အံ့။ပ။ ခိုးသူတို့သည် ဖမ်းယူကုန်အံ့၊ သေသောက်ကြူးတို့သည် ဖမ်းယူကုန်အံ့၊ ရန်သူဖြစ်သော ရဟန်းတို့သည် ဖမ်းယူကုန်အံ့။ ရဟန်းတို့သည် ထိုရန်သူဖြစ်သော ရဟန်းတို့ကို "အသျှင်တို့ တောင်းပန်ပါ၏၊ ဤရဟန်းကို ပဝါရဏာပြုပြီးသည်တိုင်အောင် တခဏမျှ လွှတ်ကြကုန်လော" ဟု ပြောဆိုရမည်။

ဤသို့ ပြောဆိုသည့်အတိုင်း ရခဲ့သော် ကောင်း၏၊ အကယ်၍ မရခဲ့သော် ရန်သူဖြစ်သော ရဟန်းတို့ကို ရဟန်းတို့သည် "အသျှင်တို့ တောင်းပန်ပါ၏၊ ဤရဟန်း ပဝါရဏာပြုပြီးသည်တိုင်အောင် သင်တို့သည် တခဏမျှ သင့်တင့်လျောက်ပတ်သော နေရာ၌ နေကုန်လော့" ဟု ပြောဆိုရမည်။

ဤသို့ ပြောဆိုသည့်အတိုင်း ရခဲ့သော် ကောင်း၏၊ အကယ်၍ မရခဲ့သော် ထိုရန်သူဖြစ်သော ရဟန်းတို့ကို ရဟန်းတို့သည် "အသျှင်တို့ တောင်းပန်ပါ၏၊ သင်တို့သည် ဤရဟန်းကို သံဃာ့ပဝါရဏာပြုပြီးသည့်တိုင်အောင် တခဏမျှ သိမ်အပသို့ ဆောင်ပါကုန်လော့" ဟု ပြောဆိုအပ်ကုန်၏။ ဤသို့ ပြောဆိုသည်ရှိသော် ပြောဆိုသည့်အတိုင်း ရခဲ့သော် ကောင်း၏၊ အကယ်၍ မရခဲ့သော် ဝဂ်ဖြစ်သော သံဃာသည် ပဝါရဏာမပြုအပ်၊ အကယ်၍ ပဝါရဏာပြုငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၁၂၄-သံဃာ့ပဝါရဏာစသည်အပြား

၂၁၅။ တရံရောအခါ ကျောင်းတကျောင်း၌ ပဝါရဏာနေ့၌ ငါးပါးသော ရဟန်းတို့ နေကုန်၏။ ထိုအခါ ထိုရဟန်းတို့အား "မြတ်စွာဘုရားသည် 'သံဃာသည် ပဝါရဏာပြုအပ်၏' ဟု ပညတ်တော်မူ၏၊ ငါတို့သည်ကား ငါးယောက်တို့သာ ဖြစ်ကုန်၏၊ ငါတို့သည် အဘယ်သို့ ပဝါရဏာပြုရမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဤငါးပါးသော ရဟန်းတို့အား သံဃာ့ပဝါရဏာပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၁၆။ တရံရောအခါ ကျောင်းတကျောင်း၌ ပဝါရဏာနေ့၌ လေးပါးသော ရဟန်းတို့သည် နေကုန်၏။ ထိုအခါ ထိုရဟန်းတို့အား "မြတ်စွာဘုရားသည် 'ငါးပါးသော ရဟန်းတို့အား သံဃာ့ ပဝါရဏာပြုခြင်းငှါ' ခွင့်ပြုတော်မူ၏၊ ငါတို့သည်ကား လေးယောက်တို့သာ ဖြစ်ကုန်၏၊ ငါတို့သည် အဘယ်သို့ ပဝါရဏာပြုရပါမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လေးပါးသော ရဟန်းတို့အား အချင်းချင်း ပဝါရဏာ ပြုခြင်းငှါ ခွင့်ပြု၏။ ရဟန်းတို့ ဤသို့ ပဝါရဏာပြုရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် ထိုရဟန်းတို့ကို သိစေရမည်——

"အသျှင်တို့သည် အကျွန်ုပ်၏ (စကားကို) နာတော်မူကုန်လော့၊ ယနေ့ ပဝါရဏာနေ့ ဖြစ်၏၊ အကယ်၍ အသျှင်တို့အား လျှောက်ပတ်သော အခါရှိသော်သည် ဖြစ်ငြားအံ့၊ အကျွန်ုပ်တို့သည် အချင်းချင်း ပဝါရဏာ ပြုကုန်အံ့" ဟု (သိစေရမည်)။

မထေရ်ကြီးဖြစ်သော ရဟန်းသည် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီကာ ထိုရဟန်းတို့ကို "ငါ့သျှင်တို့ အကျွန်ုပ်သည် အသျှင်တို့ကို ဖိတ်ကြားပါ၏၊ မြင်သဖြင့်၎င်း ကြားသဖြင့်၎င်း ယုံမှားသဖြင့်၎င်း အသျှင်တို့သည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း ငါ့သျှင်တို့ အကျွန်ုပ်သည် အသျှင်တို့ကို ဖိတ်ကြားပါ၏၊ မြင်သဖြင့်၎င်း ကြားသဖြင့်၎င်း ယုံမှားသဖြင့်၎င်း အသျှင်တို့သည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့" ဟု ပြောဆိုရမည်။

သီတင်းငယ် ရဟန်းသည် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့် ထိုင်ပြီးလျှင် လက်အုပ်ချီကာ ထိုရဟန်းတို့ကို "အသျှင်ဘုရားတို့ အကျွန်ုပ်သည် အသျှင်တို့ကို ဖိတ်ကြားပါ၏၊ မြင်သဖြင့်၎င်း ကြားသဖြင့်၎င်း ယုံမှားသဖြင့်၎င်း အသျှင်တို့သည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့။

နှစ်ကြိမ်မြောက်လည်း ။ပ။ သုံးကြိမ်မြောက်လည်း အသျှင်ဘုရားတို့ အကျွန်ုပ်သည် အသျှင်တို့ကို ဖိတ်ကြားပါ၏၊ မြင်သဖြင့်၎င်း ကြားသဖြင့်၎င်း ယုံမှားသဖြင့်၎င်း အသျှင်တို့သည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့" ဟု ပြောဆိုရမည်။

http://www.dhammadownload.com



တရံရောအခါ ကျောင်းတကျောင်း၌ ပဝါရဏာနေ့၌ သုံးပါးသော ရဟန်းတို့ နေကုန်၏။ ထိုအခါ ထိုရဟန်းတို့အား "မြတ်စွာဘုရားသည် 'ငါးပါးသော ရဟန်းတို့အား သံဃာ့ပဝါရဏာပြုခြင်းငှါ လေးပါးသော ရဟန်းတို့အား အချင်းချင်း ပဝါရဏာပြုခြင်းငှါ' ခွင့်ပြုတော်မူ၏၊ ငါတို့သည်ကား သုံးယောက်တို့သာတည်း၊ ငါတို့သည် အဘယ်သို့ ပဝါရဏာပြုရမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ရဟန်းတို့ သုံးပါးသော ရဟန်းတို့အား အချင်းချင်း ပဝါရဏာပြုခြင်းငှါ ခွင့်ပြု၏။ ရဟန်းတို့ ဤသို့ ပဝါရဏာပြုအပ်၏။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် ထိုရဟန်းတို့ကို သိစေအပ်ကုန်၏—

"အသျှင်တို့သည် အကျွန်ုပ်၏ (စကားကို) နာတော်မူပါကုန်လော့၊ ယနေ့ပဝါရဏာနေ့တည်း၊ အကယ်၍ အသျှင်တို့အား လျောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ အကျွန်ုပ်တို့သည် အချင်းချင်း ပဝါရဏာပြုကုန်အံ့" ဟု (သိစေအပ်ကုန်၏)။

မထေရ်ကြီးဖြစ်သော ရဟန်းသည် လက်ဝဲတဖက် ပခုံးထက်၌ ကောသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီကာ ထိုရဟန်းတို့ကို "ငါ့သျှင်တို့ အကျွန်ုပ်သည် အသျှင်တို့ကို ဖိတ်ကြားပါ၏၊ မြင်သဖြင့်ငှင်း ကြားသဖြင့်ငှင်း ယုံမှားသဖြင့်ငှင်း အသျှင်တို့သည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့၊ (အပြစ်ကို)မြင်သည်ရှိသော် ကုစားပါအံ့။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း ငါ့သျှင်တို့ အကျွန်ုပ်သည် အသျှင်တို့ကို ဖိတ်ကြားပါ၏၊ မြင်သဖြင့်ငှင်း ကြားသဖြင့်ငှင်း ယုံမှားသဖြင့်ငှင်း အသျှင်တို့သည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့၊ (အပြစ်ကို)မြင်သည်ရှိသော် ကုစားပါအံ့" ဟု ပြောဆိုအပ်ကုန်၏။

သီတင်းငယ် ရဟန်းသည် လက်ဝဲတဖက် ပခုံးထက်၌ ကောသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီကာ ထိုရဟန်းတို့ကို "အသျှင်ဘုရားတို့ အကျွန်ုပ်သည် အသျှင်တို့ကို ဖိတ်ကြားပါ၏၊ မြင်သဖြင့်ငှင်း ကြားသဖြင့်ငှင်း ယုံမှားသဖြင့်ငှင်း အသျှင်တို့သည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း အသျှင်ဘုရားတို့ အကျွန်ုပ်သည် အသျှင်တို့ကို ဖိတ်ကြားပါ၏၊ မြင်သဖြင့်ငှင်း ကြားသဖြင့်ငှင်း ယုံမှားသဖြင့်ငှင်း အသျှင်တို့သည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့" ဟု ပြောဆိုရမည်။

၂၁၇။ တရံရောအခါ ကျောင်းတကျောင်း၌ ပဝါရဏာနေ့၌ နှစ်ပါးသော ရဟန်းတို့ နေကုန်၏။ ထိုအခါ ထိုရဟန်းတို့အား "မြတ်စွာဘုရားသည် 'ငါးပါးသော ရဟန်းတို့အား သံဃာ့ပဝါရဏာပြုခြင်းငှါ လေးပါးသော ရဟန်းတို့အား အချင်းချင်း ပဝါရဏာပြုခြင်းငှါ သုံးပါးသော ရဟန်းတို့အား အချင်းချင်း ပဝါရဏာပြုခြင်းငှါ' ခွင့်ပြုတော်မူ၏။ ငါတို့သည်ကား နှစ်ယောက်တို့သာတည်း။ ငါတို့သည် အဘယ်သို့ ပဝါရဏာပြုရပါမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နှစ်ပါးသော ရဟန်းတို့အား အချင်းချင်း ပဝါရဏာပြုခြင်းငှါ ခွင့်ပြု၏။ ရဟန်းတို့ ဤသို့ ပဝါရဏာပြုရမည်။

http://www.dhammadownload.com



မထေရ်ကြီးဖြစ်သော ရဟန်းသည် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့် ထိုင်ပြီးလျှင် လက်အုပ်ချီကာ သီတင်းငယ်ဖြစ်သော ရဟန်းကို "ငါ့သျှင် အကျွန်ုပ်သည် အသျှင့်ကို ဖိတ်ကြားပါ၏၊ မြင်သဖြင့်ငှင်း ကြားသဖြင့်ငှင်း ယုံမှားသဖြင့်ငှင်း အသျှင်သည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုပါလော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း ငါ့သျှင် အကျွန်ုပ်သည် အသျှင့်ကို ဖိတ်ကြားပါ၏၊ မြင်သဖြင့်ငှင်း ကြားသဖြင့်ငှင်း ယုံမှားသဖြင့်ငှင်း အသျှင်သည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုပါလော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့" ဟု ပြောဆိုရမည်။

သီတင်းငယ် ဖြစ်သော ရဟန်းသည် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့် ထိုင်ပြီးလျှင် လက်အုပ်ချီကာ မထေရ်ကြီးဖြစ်သော ရဟန်းကို "အသျှင်ဘုရား အကျွန်ုပ်သည် အသျှင်ဘုရားကို ဖိတ်ကြားပါ၏၊ မြင်သဖြင့်ငှင်း ကြားသဖြင့်ငှင်း ယုံမှားသဖြင့်ငှင်း အသျှင်သည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုပါလော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း အသျှင်ဘုရား အကျွန်ုပ်သည် အသျှင်ဘုရားကို ဖိတ်ကြားပါ၏၊ မြင်သဖြင့်ငှင်း ကြားသဖြင့်ငှင်း ယုံမှားသဖြင့်ငှင်း အသျှင်သည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုပါလော့၊ (အပြစ်ကို) မြင်သည်ရှိသော် ကုစားပါအံ့" ဟု ပြောဆိုရမည်။

၂၁၈။ တရံရောအခါ ကျောင်းတကျောင်းဝယ် ထိုပဝါရဏာနေ့၌ တပါးသော ရဟန်းသည် နေ၏။ ထိုအခါ ထိုရဟန်းအား "မြတ်စွာဘုရားသည် 'ငါးပါးသော ရဟန်းတို့အား သံဃာ့ပဝါရဏာ ပြုခြင်းငှါ လေးပါးသော ရဟန်းတို့အား အချင်းချင်း ပဝါရဏာပြုခြင်းငှါ သုံးပါးသော ရဟန်းတို့အား အချင်းချင်း ပဝါရဏာပြုခြင်းငှါ နှစ်ပါးသော ရဟန်းတို့အား အချင်းချင်း ပဝါရဏာပြုခြင်းငှါ' ခွင့်ပြုတော်မူ၏၊ ငါသည်ကား တပါးတည်းသာတည်း။ ငါသည် အဘယ်သို့ ကျင့်ရပါမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။

ရဟန်းတို့ ဤသာသနာတော်၌ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ တပါးသော ရဟန်းသည် နေ၏၊ ရဟန်းတို့ ထိုရဟန်းသည် ရဟန်းတို့ဝင်ထွက်ရာဖြစ်သော စည်းဝေးရာစရပ် မဏ္ဍပ် သစ်ပင်ရင်းတို့ကို တံမြက်လှည်း၍ သောက်ရေ သုံးဆောင်ရေ တည်ထားပြီးလျှင် နေရာကို ခင်းလျက် ဆီမီးညှိသွန်းကာ ထိုင်နေရမည်။ အကယ်၍ အခြားသော ရဟန်းတို့သည် လာကုန်ငြားအံ့၊ ထိုရဟန်းတို့နှင့်အတူ ပဝါရဏာ ပြုရမည်။ အကယ်၍ မလာကုန်ငြားအံ့၊ "ယနေ့ ငါ့အတွက် ပဝါရဏာနေ့တည်း" ဟု အဓိဋ္ဌာန်ရမည်။ အကယ်၍ အဓိဋ္ဌာန်ခြင်းကို မပြုငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းတို့ ထိုသို့ ပဝါရဏာပြုရာ၌ ရဟန်းငါးပါးနေသောကျောင်း၌ တပါးသော ရဟန်း၏ ပဝါရဏာကိုဆောင်၍ လေးပါးသော ရဟန်းတို့သည် သံဃာ့ပဝါရဏာကို မပြုအပ်၊ အကယ်၍ ပဝါရဏာ ပြုကုန်ငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းတို့ ထိုသို့ ပဝါရဏာပြုရာ၌ လေးပါးနေသောကျောင်းဝယ် တပါးသော ရဟန်း၏ ပဝါရဏာကို ဆောင်၍ သုံးပါးသော ရဟန်းတို့သည် အချင်းချင်း ပဝါရဏာကို မပြုအပ်၊ အကယ်၍ ပဝါရဏာ ပြုကုန်ငြားအံ့၊ ဒုက္ကဋ် အာပတ်သင့်၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုသို့ ပဝါရဏာပြုရာ၌ သုံးပါးနေသော ကျောင်းဝယ် တပါးသော ရဟန်း၏ ပဝါရဏာကို ဆောင်၍ နှစ်ပါးသော ရဟန်းတို့သည် အချင်းချင်း ပဝါရဏာကို မပြုအပ်၊ အကယ်၍ ပဝါရဏာပြုကုန်ငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းတို့ ထိုသို့ ပဝါရဏာပြုရာ၌ ရဟန်းနှစ်ပါးနေသောကျောင်း၌ တပါးသော ရဟန်း၏ ပဝါရဏာကို ဆောင်၍ တပါးသော ရဟန်းသည် အဓိဋ္ဌာန် ပဝါရဏာ မပြုအပ်၊ အကယ်၍ အဓိဋ္ဌာန် ပဝါရဏာပြုငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

## ၁၂၅-အာပတ်ကို ကုစားနည်း

၂၁၉။ တရံရောအခါ တပါးသော ရဟန်းသည် ထိုပဝါရဏာနေ့၌ အာပတ် သင့်၏။ ထိုအခါ ထိုရဟန်းအား "မြတ်စွာဘုရားသည် 'အာပတ်နှင့်တကွ ပဝါရဏာ မပြုအပ်' ဟု ပညတ်တော်မူ၏၊ ငါသည်လည်း အာပတ် သင့်၏၊ ငါသည် အဘယ်သို့ ကျင့်ရပါမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။

ရဟန်းတို့ ရဟန်းသည် ပဝါရဏာနေ့၌ အာပတ်သင့်၏၊ ထိုရဟန်းသည် တပါးသော ရဟန်းအထံသို့ ချဉ်းကပ်ပြီးလျှင် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီကာ "ငါ့သျှင် ငါသည် ဤမည်သော အာပတ်သို့ရောက်၏၊ထိုအာပတ်ကို ပြောကြားပါ၏" ဟု ပြောဆိုရမည်။ ထိုဒေသနာခံသော ရဟန်းသည် "အာပတ်ကို ရှုလော့" ဟု ပြောဆိုရမည်။ "ကောင်းပါပြီ ရှုပါအံ့" ဟု (အာပတ်သင့်သောရဟန်းက) ပြောဆိုရမည်။ "နောင်အခါ စောင့်စည်းလော့" ဟု (ဒေသနာခံသော ရဟန်းက ပြောဆိုရမည်)။

ရဟန်းတို့ ရဟန်းသည် ထိုပဝါရဏာနေ့၌ အာပတ်၌ ယုံမှားရှိ၏၊ ရဟန်းတို့ ထိုရဟန်းသည် တပါးသော ရဟန်းအထံသို့ ချဉ်းကပ်ပြီးလျှင် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီကာ "ငါ့သျှင် အကျွန်ုပ်သည် ဤမည်သော အာပတ်၌ ယုံမှားရှိပါ၏၊ အကြင်အခါ၌ ယုံမှားမရှိသည်ဖြစ်အံ့၊ ထိုအခါ၌ ထိုအာပတ်ကို ကုစားပါအံ့" ဟု ဆို၍ ပဝါရဏာ ပြုရမည်။ ထိုယုံမှားခြင်းကြောင့် ပဝါရဏာ၏ အန္တရာယ်ကို မပြုအပ်သည်သာလျှင်တည်း ဟု (မိန့်တော်မူ၏)။

## ၁၂၆-အာပတ်ကိုထင်ရှားစွာပြုခြင်း

၂၂၀။ တရံရောအခါ တပါးသော ရဟန်းသည် ပဝါရဏာပြုသည် ရှိသော် အာပတ်ကို သတိရ၏။ ထိုအခါ ထိုရဟန်းအား "မြတ်စွာဘုရားသည် 'အာပတ်နှင့်တကွ ပဝါရဏာ မပြုအပ်' ဟု ပညတ်တော်မူ၏၊ ငါသည်ကား အာပတ်သင့်၏၊ ငါသည် အဘယ်သို့ ကျင့်ရပါမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။

ရဟန်းတို့ ရဟန်းသည် ပဝါရဏာ ပြုသည်ရှိသော် အာပတ်ကို သတိရ၏၊ ရဟန်းတို့ ထိုရဟန်းသည်အနီးဖြစ်သော ရဟန်းကို "ငါ့သျှင် အကျွန်ုပ်သည် ဤမည်သော အာပတ်သို့ ရောက်၏၊ ဤနေရာမှ ထသော် ထိုအာပတ်ကို ကုစားပါအံ့" ဟု ပြောဆို၍ ပဝါရဏာပြုရမည်၊ ထိုအာပတ်ဟူသော အကြောင်းကြောင့် ပဝါရဏာ၏ အန္တရာယ်ကို မပြုအပ်သည်သာလျှင်တည်း။

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းသည် ပဝါရဏာပြုသည်ရှိသော် အာပတ်၌ ယုံမှားရှိ၏၊ ရဟန်းတို့ ထိုရဟန်းသည် အနီးဖြစ်သော ရဟန်းကို "ငါ့သျှင် အကျွန်ုပ်သည် ဤမည်သော အာပတ်၌ ယုံမှားရှိ၏၊ ယုံမှားကင်းသောအခါ ထိုအာပတ်ကို ကုစားပါအံ့ " ဟု ပြောဆို၍ ပဝါရဏာပြုရမည်၊ ထိုအာပတ်၌ ယုံမှားခြင်းဟူသော အကြောင်းကြောင့် ပဝါရဏာ၏ အန္တရာယ်ကို မပြုအပ်သည်သာလျှင်တည်း ဟု (မိန့်တော်မူ၏)။

## ၁၂၇-သဘောတူအာပတ်ကို ကုစားနည်း

၂၂၁။ တရံရောအခါ ကျောင်းတကျောင်းဝယ် ထိုပဝါရဏာနေ့၌ သံဃာအားလုံးသည် သဘောတူဝတ္ထုကြောင့် သင့်သော အာပတ်သို့ ရောက်၏။ ထိုအခါ ထိုရဟန်းတို့အား "မြတ်စွာဘုရားသည် 'သဘောတူဝတ္ထုကြောင့် သင့်သော အာပတ်ကို ဒေသနာမကြားအပ်၊ သဘောတူဝတ္ထုကြောင့် သင့်သော အာပတ်ကို မခံယူအပ်' ဟု ပညတ်တော်မူ၏၊ ဤသံဃာအားလုံးသည်လည်း သဘောတူ ဝတ္ထုကြောင့် သင့်သော အာပတ်သို့ ရောက်၏၊ ငါတို့သည် အဘယ်သို့ ကျင့်ရပါမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ထိုပဝါရဏာနေ့၌ သံဃာအားလုံးသည် သဘောတူဝတ္ထုကြောင့် သင့်သော အာပတ်သို့ ရောက်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် တပါးသော ရဟန်းကို "ငါ့သျှင် သွားလော့၊ ထိုအာပတ်ကို ကုစား၍ လာခဲ့လော့၊ ငါတို့သည် သင်၏အထံ၌ ထိုအာပတ်ကို ကုစားပါကုန်အံ့" ဟု ဆို၍ အနီးအနားကျောင်းသို့ နေ့ချင်းပြန် စေလွှတ်ရမည်။ ဤသို့ ရခဲ့သော် ကောင်း၏။ အကယ်၍ မရခဲ့သော် ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤသံဃာအားလုံးသည် သဘောတူ ဝတ္ထုကြောင့် သင့်သော အာပတ်သို့ ရောက်၏၊ အာပတ်မရှိ စင်ကြယ်သော တပါးသော ရဟန်းကို တွေ့သောအခါ ထိုရဟန်း၏ အထံ၌ ထိုအာပတ်ကို ကုစားလတ္တံ့" ဟု ဆို၍ ပဝါရဏာပြုရမည်၊ ထိုအာပတ်ဟူသော အကြောင်းကြောင့် ပဝါရဏာ၏ အန္တရာယ်ကို မပြုအပ်။

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ထိုပဝါရဏာနေ့၌ သံဃာအားလုံးသည် သဘောတူဝတ္ထုကြောင့် သင့်သော အာပတ်၌ ယုံမှားရှိသည်ဖြစ်အံ့၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤသံဃာအားလုံးသည် သဘောတူ ဝတ္ထုကြောင့် သင့်သော အာပတ်၌ ယုံမှားရှိ၏၊ ယုံမှားကင်းသောအခါ ထိုအာပတ်ကို ကုစားပါအံ့" ဟု ဆို၍ ပဝါရဏာပြုရမည်၊ ထိုအာပတ်၌ ယုံမှားခြင်းဟူသော အကြောင်းကြောင့် ပဝါရဏာ၏ အန္တရာယ်ကို မပြုအပ်သည်သာလျှင်တည်း ဟု (မိန့်တော်မူ၏)။

ပဌမအခန်း ပြီး၏။

---

## ၁၂၈-အာပတ်မသင့်ခြင်း တဆယ့်ငါးမျိုး

၂၂၂။ တရံရောအခါ ကျောင်းတကျောင်းဝယ် ထိုပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကြကုန်။ ထိုရဟန်းတို့သည်

http://www.dhammadownload.com



တရားနှင့်လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် 'အစုကွဲလျက်' ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုသည်ရှိသော် အခြားသော အလွန်များစွာသော ကျောင်းနေရဟန်းတို့သည် လာကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ထိုပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန် ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုနေစဉ် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပဝါရဏာကို ပြုရမည်။ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား အာပတ်မသင့်။ (၁)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ထိုပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုနေစဉ် အခြားသော အရေအတွက် တူမျှသော ကျောင်းနေရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုနှင့်ခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်း မည်၏။ ကြွင်းသော ရဟန်းတို့သည် ပဝါရဏာပြုရမည်။ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၂)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ထိုပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာပြုကုန်၏။ ထိုရဟန်းတို့ ပဝါရဏာပြုနေစဉ် အခြားသော အလွန်နည်းသော ကျောင်းနေရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုနှင့်ခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်းမည်၏၊ ကြွင်းသော ရဟန်းတို့သည် ပဝါရဏာပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား အာပတ်မသင့်။ (၃)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ထိုပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်။ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာ ပြုကုန်၏။ ထိုရဟန်းတို့ ပဝါရဏာပြုပြီးကာမျှ၌ အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပဝါရဏာ ပြုရမည်။ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား အာပတ်မသင့်။ (၄)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ထိုပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာပြုကုန်၏။ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌ အခြားသော အရေအတွက်တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်

http://www.dhammadownload.com



အံ့၊ ပဝါရဏာပြုနှင့်ခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်းမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၅)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့် လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုပြီးကာမျှ၌အခြားသော အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာ ပြုနှင့်ခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်းမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာ ပြုရမည်၊ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၆)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့် လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌ ပရိသတ် မထသေးမီ အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပဝါရဏာပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၇)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက်အလွန် ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့် လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌ ပရိသတ် မထသေးမီ အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုနှင့်ခြင်းသည် ကောင်းသော ပဝါရဏာ ပြုခြင်းမည်၏၊ ထို ရဟန်းတို့၏ အထံ၌ ပဝါရဏာ ပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၈)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက်အလွန် ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌ ပရိသတ် မထသေးမီ အခြားသော အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုနှင့်ခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်း မည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၉)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက်အလွန် ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏

http://www.dhammadownload.com



ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုပြီးကာမျှ၌ အချို့သော ပရိသတ် ထသွားသော် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန်ပဝါရဏာပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၁၀)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက်အလွန် ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌ အချို့သော ပရိသတ် ထသွားသော် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုနှင့်ခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်း မည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာ ပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၁၁)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက်အလွန် ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုပြီးကာမျှ၌ အချို့သော ပရိသတ် ထသွားသော် အခြားသော အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုနှင့်ခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်း မည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၁၂)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက်အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့် လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုပြီးကာမျှ၌ ပရိသတ်အားလုံး ထသွားသော် အခြားသော အလွန်များစွာသော ကျောင်းနေရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပဝါရဏာပြုရမည်၊ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား အာပတ်မသင့်။ (၁၃)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌ ပရိသတ်အားလုံး ထသွားသော် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်း မည်၏။ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၁၄)

http://www.dhammadownload.com



ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန် ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု မသိကုန်၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်လျက် ညီညွတ်၏ ဟု မှတ်ထင်ကုန်လျက် ပဝါရဏာ ပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုပြီးကာမျှ၌ ပရိသတ်အားလုံး ထသွားသော် အခြားသော အလွန်နည်းသော ကျောင်းနေရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်းမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား အာပတ် မသင့်။ (၁၅)

အာပတ်မသင့်ခြင်း တဆယ့်ငါးမျိုး ပြီး၏။

---

## ၁၂၉-ဝဂ်ဖြစ်၍ ဝဂ်ဖြစ်၏ ဟု အမှတ်ရှိခြင်း တဆယ့်ငါးမျိုး

၂၂၃။ ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏။ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်၍ ဝဂ် ဟု မှတ်ထင်ကုန်လျက် ပဝါရဏာ ပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုနေစဉ် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပဝါရဏာပြုရမည်။ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၁)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏။ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏။ ထိုရဟန်းတို့သည် တရားနှင့်လျော်၏၊ ဝိနည်းနှင့်လျော်၏ ဝဂ် ဖြစ်၍ ဝဂ် ဟု မှတ်ထင်ကုန်လျက် ပဝါရဏာ ပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုနေစဉ် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာ ပြုခြင်းသည် ကောင်းသော ပဝါရဏာ ပြုခြင်းမည်၏၊ ကြွင်းသော ရဟန်းတို့သည် ပဝါရဏာ ပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၂)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန် ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏။ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်၍ ဝဂ် ဟု မှတ်ထင်ကုန်လျက် ပဝါရဏာ ပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုနေစဉ် အခြားသော အလွန်နည်းသော ကျောင်းနေရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာ ပြုခြင်းသည် ကောင်းသော ပဝါရဏာ ပြုခြင်း မည်၏၊ ကြွင်းသော ရဟန်းတို့သည် ပဝါရဏာ ပြုရမည်၊ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၃)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော

http://www.dhammadownload.com



မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် တရားနှင့်လျော်၏ ဝိနည်းနှင့်လျော်၏ ဝဂ်ဖြစ်၍ ဝဂ် ဟု မှတ်ထင်ကုန်လျက် ပဝါရဏာ ပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုပြီးကာမျှ၌။ပ။ ပရိသတ် မထသေးမီ။ပ။ အချို့သော ပရိသတ်ထသွားသော်။ပ။ ပရိသတ် အားလုံးထသွားသော် အခြားသော အလွန်များစွာသော ကျောင်းနေရဟန်းတို့သည် လာကုန်အံ့။ပ။ တူမျှသော။ပ။ အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုခြင်းသည် ကောင်းသော ပဝါရဏာ ပြုခြင်း မည်၏။ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာ ပြုရမည်၊ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၄-၁၅)

ဝဂ်ဖြစ်၍ ဝဂ်ဖြစ်၏ ဟု အမှတ်ရှိခြင်း တဆယ့်ငါးမျိုး ပြီး၏။

---

## ၁၃၀-ယုံမှားရှိခြင်း တဆယ့်ငါးမျိုး

၂၂၄။ ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် "ငါတို့အား ပဝါရဏာပြုခြင်းငှါ အပ်လေသလော မအပ်လေသလော" ဟု ယုံမှားရှိလျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုနေစဉ် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပဝါရဏာပြုရမည်၊ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၁)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏"ဟု သိကုန်၏၊ ထိုရဟန်းတို့သည် "ငါတို့အား ပဝါရဏာ ပြုခြင်းငှါ အပ်လေသလော မအပ်လေသလော" ဟု ယုံမှားရှိလျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုနေစဉ် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုခြင်းသည် ကောင်းသော ပဝါရဏာ ပြုခြင်းမည်၏၊ ကြွင်းသော ရဟန်းတို့သည် ပဝါရဏာ ပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၂)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် "ငါတို့အား ပဝါရဏာပြုခြင်းငှါ အပ်လေသလော မအပ်လေသလော" ဟု ယုံမှားရှိလျက် ပဝါရဏာပြုကုန်၏။ ထိုရဟန်းတို့ ပဝါရဏာပြုနေစဉ် အခြားသော အရေအတွက် အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်းမည်၏။ ကြွင်းသော ရဟန်းတို့သည် ပဝါရဏာပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၃)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏။ ထိုရဟန်းတို့သည် "ငါတို့အား

http://www.dhammadownload.com



ပဝါရဏာပြုခြင်းငှါ အပ်လေသလော မအပ်လေသလော" ဟု ယုံမှားရှိလျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုပြီးကာမျှ၌။ပ။ ပရိသတ် မထသေးမီ။ပ။ အချို့သော ပရိသတ်ထသွားသော်။ပ။ ပရိသတ်အားလုံး ထသွားသော် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့။ပ။ တူမျှသော။ပ။ အရေအတွက် အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်းမည်၏၊ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၄-၁၅)

ယုံမှားရှိခြင်း တဆယ့်ငါးမျိုး ပြီး၏။

---

## ၁၃၁–တွေးတောမှု 'သံသယကုက္ကုစ္စ' နှိပ်စက်ခြင်းတဆယ့်ငါးမျိုး

၂၂၅။ ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက်အလွန် ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် ငါတို့အား ပဝါရဏာ ပြုခြင်းငှါ မအပ်သည်မဟုတ် အပ်သည်သာလျှင်တည်း" ဟု (ဆုံးဖြတ်ပြီးနောက် မအပ်သည်၌ အပ်သည် ဟူသော) တွေးတောမှု 'သံသယကုက္ကုစ္စ' နှိပ်စက်သည်ဖြစ်၍ ပဝါရဏာ ပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုနေစဉ် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပဝါရဏာပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၁)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက်အလွန် ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် "ငါတို့အား ပဝါရဏာ ပြုခြင်းငှါ မအပ်သည်မဟုတ် အပ်သည်သာလျှင်တည်း" ဟု(ဆုံးဖြတ်ပြီးနောက် မအပ်သည်၌ အပ်သည်ဟူသော)တွေးတောမှု 'သံသယကုက္ကုစ္စ' နှိပ်စက်သည်ဖြစ်၍ ပဝါရဏာ ပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုနေစဉ် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုခြင်းသည် ကောင်းသော ပဝါရဏာ ပြုခြင်းမည်၏၊ ကြွင်းသော ရဟန်းတို့သည် ပဝါရဏာ ပြုရမည်၊ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၂)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် "ငါတို့အား ပဝါရဏာ ပြုခြင်းငှါ မအပ်သည်မဟုတ် အပ်သည်သာလျှင်တည်း" ဟု (ဆုံးဖြတ်ပြီးနောက် မအပ်သည်၌ အပ်သည်ဟူသော) တွေးတောမှု 'သံသယကုက္ကုစ္စ' နှိပ်စက်သည်ဖြစ်၍ ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုနေစဉ် အခြားသော အရေအတွက် အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာ ပြုခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်း မည်၏။ ကြွင်းသော ရဟန်းတို့သည် ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၃)

http://www.dhammadownload.com



ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့သည် "ငါတို့အား ပဝါရဏာ ပြုခြင်းငှါ မအပ်သည်မဟုတ် အပ်သည်သာလျှင်တည်း" ဟု (ဆုံးဖြတ်ပြီးနောက် မအပ်သည်၌ အပ်သည်ဟူသော) တွေးတောမှု 'သံသယကုက္ကုစ္စ' နှိပ်စက်သည်ဖြစ်၍ ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌။ပ။ ပရိသတ်မထသေးမီ။ပ။ အချို့သော ပရိသတ် ထသွားသော်။ပ။ ပရိသတ်အားလုံး ထသွားသော် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့။ပ။ တူမျှသော။ပ။ အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာ ပြုခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်းမည်၏။ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာပြုရမည်၊ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ (၄-၁၅)

တွေးတောမှု 'သံသယကုက္ကုစ္စ' နှိပ်စက်ခြင်း တဆယ့်ငါးမျိုး ပြီး၏။

---

## ၁၃၂-ကွဲပြားခြင်းကို ရှေးရှုခြင်း တဆယ့်ငါးမျိုး

၂၂၆။ ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ် အကျိုး ရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုနေစဉ် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပဝါရဏာပြုရမည်၊ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဥ်းအာပတ် သင့်၏။ (၁)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာ ပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုနေစဉ် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာ ပြုခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်း မည်၏၊ ကြွင်းသော ရဟန်းတို့သည် ပဝါရဏာ ပြုရမည်။ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဥ်းအာပတ် သင့်၏။ (၂)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏။ ထိုရဟန်းတို့က "ထို မလာသော ရဟန်းတို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုနေစဉ် အခြားသော အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာ ပြုခြင်းသည်

http://www.dhammadownload.com



ကောင်းသော ပဝါရဏာ ပြုခြင်းမည်၏၊ ကြွင်းသော ရဟန်းတို့သည် ပဝါရဏာ ပြုရမည်။ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၃)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရွေးရှုလျက် ပဝါရဏာ ပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌ အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပဝါရဏာပြုရမည်။ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၄)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရွေးရှုလျက် ပဝါရဏာ ပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌ အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုခြင်းသည် ကောင်းသော ပဝါရဏာ ပြုခြင်းမည်၏။ ကြွင်းသော ရဟန်းတို့သည် ပဝါရဏာ ပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၅)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန် ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ် အကျိုး ရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရွေးရှုလျက် ပဝါရဏာ ပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌ အခြားသော အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာ ပြုခြင်းသည် ကောင်းသော ပဝါရဏာ ပြုခြင်းမည်၏။ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာ ပြုရမည်။ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်း အာပတ် သင့်၏။ (၆)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရွေးရှုလျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌ ပရိသတ် မထသေးမီ အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပဝါရဏာ ပြုရမည်။ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်း အာပတ် သင့်၏။ (၇)

http://www.dhammadownload.com



ရဟန်းတို့ ကျောင်းတကျောင်း၌ ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌ ပရိသတ် မထသေးမီ အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာ ပြုခြင်းသည် ကောင်းသော ပဝါရဏာ ပြုခြင်း မည်၏။ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာ ပြုရမည်။ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၈)

ရဟန်းတို့ ကျောင်းတကျောင်း၌ ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏"ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာ ပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌ ပရိသတ် မထသေးမီ အခြားသော အရေအတွက် အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာ ပြုခြင်းသည် ကောင်းသော ပဝါရဏာ ပြုခြင်း မည်၏။ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာ ပြုရမည်။ ပဝါရဏာ ပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၉)

ရဟန်းတို့ ကျောင်းတကျောင်း၌ ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာ ပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌ ပရိသတ် အချို့ထသွားသော် အခြားသော အလွန်များစွာသော ကျောင်းနေရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပဝါရဏာပြုရမည်။ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၁၀)

ရဟန်းတို့ ကျောင်းတကျောင်း၌ ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာ ပြုပြီးကာမျှ၌ ပရိသတ် အချို့ထသွားသော် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာ ပြုခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်း မည်၏။ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာ ပြုရမည်။ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၁၁)

ရဟန်းတို့ ကျောင်းတကျောင်း၌ ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေးသော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော

http://www.dhammadownload.com



ရဟန်းတို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုပြီး ကာမျှ၌ ပရိသတ်အချို့ ထသွားသော် အခြားသော အရေအတွက် အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်းမည်၏။ ထို ရဟန်းတို့၏ အထံ၌ ပဝါရဏာ ပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၁၂)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာ သော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေး သော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်း တို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုပြီးကာမျှ၌ ပရိသတ် အားလုံး ထသွားသော် အခြားသော အလွန်များစွာသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် တဖန် ပဝါရဏာပြုရမည်။ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်း အာပတ် သင့်၏။ (၁၃)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာ သော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေး သော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်းတို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုပြီး ကာမျှ၌ ပရိသတ်အားလုံး ထသွားသော် အခြားသော အရေအတွက် တူမျှသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်းမည်၏။ ထို ရဟန်းတို့၏ အထံ၌ ပဝါရဏာပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၁၄)

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာ သော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော မလာသေး သော ကျောင်းနေ ရဟန်းတို့သည် ရှိကြသေး၏" ဟု သိကုန်၏၊ ထိုရဟန်းတို့က "ထိုမလာသော ရဟန်း တို့သည် ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုမလာသော ရဟန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာပြုကုန်၏၊ ထိုရဟန်းတို့ ပဝါရဏာပြုပြီးကာမျှ၌ ပရိသတ် အားလုံး ထသွားသော် အခြားသော အရေအတွက် အလွန်နည်းသော ကျောင်းနေ ရဟန်းတို့သည် လာကုန်အံ့၊ ပဝါရဏာပြုခြင်းသည် ကောင်းသော ပဝါရဏာပြုခြင်း မည်၏။ ထိုရဟန်းတို့၏ အထံ၌ ပဝါရဏာပြုရမည်၊ ပဝါရဏာပြုနှင့်သော ရဟန်းတို့အား ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၁၅)

ကွဲပြားခြင်းကို ရှေးရှုခြင်းတဆယ့်ငါးမျိုး ပြီး၏။

နှစ်ဆယ့်ငါးသုံးလီ ခုနစ်ဆယ့်ငါး ပြီး၏။

http://www.dhammadownload.com



## ၁၃၃-သိမ်သို့ဝင်၍နေခြင်းစကားမြွက်များ

၂၂၇။ ရဟန်းတို့ ကျောင်းတကျောင်း၌ ထိုပဝါရဏာနေ့၌ ငါးပါး ငါးပါးထက် အလွန်ဖြစ်သော များစွာသော ကျောင်းနေ ရဟန်းတို့သည် စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် "အခြားသော ကျောင်းနေ ရဟန်းတို့သည် သိမ်တွင်းသို့ ဝင်ရောက်နေကုန်၏" ဟု မသိကုန်။ပ။ ထိုရဟန်းတို့သည် "အခြားသော ကျောင်းနေ ရဟန်းတို့သည် သိမ်တွင်းသို့ ဝင်ရောက်ကုန်ပြီ" ဟု မသိကုန်။ပ။ ထိုရဟန်းတို့သည် "အခြားသော ကျောင်းနေ ရဟန်းတို့ကို သိမ်တွင်းသို့ ဝင်ရောက်သည်တို့ကို မမြင်ကုန်"။ပ။ ထိုရဟန်းတို့သည် "အခြားသော ကျောင်းနေ ရဟန်းတို့ကို သိမ်တွင်းသို့ ဝင်ရောက်ပြီးသည်တို့ကို မမြင်ကုန်"။ပ။ ထိုရဟန်းတို့သည် "အခြားသော ကျောင်းနေ ရဟန်းတို့သည် သိမ်တွင်းသို့ ဝင်ရောက်ကုန်၏" ဟု မကြားကုန်။ပ။ ထိုရဟန်းတို့သည် "အခြားသော ကျောင်းနေ ရဟန်းတို့သည် သိမ်တွင်းသို့ ဝင်ရောက်ကုန်ပြီ" ဟု မကြားကုန်။

အာဝါသိက အချင်းချင်း တိကနည်းအားဖြင့် တရာ့ခုနစ်ဆယ့်ငါးတိက်တို့တည်း။ အာဝါသိကနှင့် အာဂန္တုကတို့သည်၎င်း အာဂန္တုကနှင့် အာဝါသိကတို့သည်၎င်း၊ အာဂန္တုက အချင်းချင်းတို့သည်၎င်း၊ ပေယျာလကို အရင်းပြုသဖြင့် ခုနစ်ရာသော တိက်တို့သည် ဖြစ်ကုန်၏။

## ၁၃၄-နေ့အထူး

၂၂၈။ ရဟန်းတို့ အာဝါသိက 'ကျောင်းနေ' ရဟန်းတို့အား တဆယ့်လေးရက် စာတုဒ္ဒသီ ပဝါရဏာနေ့ ဖြစ်၏၊ အာဂန္တုက 'ဧည့်သည်' ရဟန်းတို့အား တဆယ့်ငါးရက် ပန္နရသီပဝါရဏာနေ့ ဖြစ်၏၊ အကယ်၍ အာဝါသိက 'ကျောင်းနေ' ရဟန်းတို့သည် များကုန်ငြားအံ့၊ အာဂန္တုက 'ဧည့်သည်' ရဟန်းတို့သည် အာဝါသိက ရဟန်းတို့သို့ လိုက်ရမည်။ အကယ်၍ တူမျှကုန်ငြားအံ့၊ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့သို့ လိုက်ရမည်။အကယ်၍ အာဂန္တုက ရဟန်းတို့သည် များကုန်ငြားအံ့၊ အာဝါသိက ရဟန်းတို့သည် အာဂန္တုက ရဟန်းတို့သို့ လိုက်ရမည်။

ရဟန်းတို့ အာဝါသိက ရဟန်းတို့အား တဆယ့်ငါးရက် ပန္နရသီပဝါရဏာနေ့ ဖြစ်၏၊ အာဂန္တုက ရဟန်းတို့အား တဆယ့်လေးရက် စာတုဒ္ဒသီ ပဝါရဏာနေ့ ဖြစ်၏၊ အကယ်၍ အာဝါသိကရဟန်းတို့သည် များကုန်ငြားအံ့၊ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့သို့ လိုက်ရမည်။ အကယ်၍ တူမျှကုန်ငြားအံ့၊ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့သို့ လိုက်ရမည်။ အကယ်၍ အာဂန္တုကရဟန်းတို့သည် များကုန်ငြားအံ့၊ အာဝါသိကရဟန်းတို့သည် အာဂန္တုကရဟန်းတို့သို့ လိုက်ရမည်။

ရဟန်းတို့ အာဝါသိက ရဟန်းတို့အား အထွက်တရက်နေ့ဖြစ်အံ့၊ အာဂန္တုက ရဟန်းတို့အား တဆယ့်ငါးရက် ပန္နရသီ ပဝါရဏာနေ့ဖြစ်အံ့၊ အကယ်၍ အာဝါသိကရဟန်းတို့သည် များကုန်ငြားအံ့၊ အာဝါသိကရဟန်းတို့သည် အာဂန္တုကရဟန်းတို့အား အလိုမရှိကုန်သည်ရှိသော် ညီညွတ်ခြင်းကို မပေးရ၊အာဂန္တုကရဟန်းတို့သည် သိမ်အပသို့သွား၍ ပဝါရဏာ ပြုရမည်။အကယ်၍ တူမျှကုန်ငြားအံ့၊ အာဝါသိကရဟန်းတို့သည် အာဂန္တုကရဟန်းတို့အား အလိုမရှိကုန်သည် ရှိသော် ညီညွတ်ခြင်းကို မပေးရ၊ အာဂန္တုကရဟန်းတို့သည် သိမ်အပသို့ သွား၍ ပဝါရဏာပြုရမည်။ အကယ်၍ အာဂန္တုက ရဟန်းတို့သည် များကုန်ငြားအံ့၊ အာဝါသိကရဟန်းတို့သည် အာဂန္တုကရဟန်းတို့အား ညီညွတ်ခြင်းကိုသော်လည်း ပေးရမည်၊ သိမ်အပသို့သော်လည်း သွားရမည်။

http://www.dhammadownload.com



ရဟန်းတို့ အာဝါသိကရဟန်းတို့အား တဆယ့်ငါးရက် ပန္နရသီပဝါရဏာနေ့ဖြစ်အံ့၊ အာဂန္တုက ရဟန်းတို့အား အထွက်တရက်နေ့ဖြစ်အံ့၊ အကယ်၍ အာဝါသိက ရဟန်းတို့သည် များကုန်ငြားအံ့၊ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့အား ညီညွတ်ခြင်းကိုသော်လည်း ပေးရမည်၊ သိမ်အပသို့သော်လည်း သွားရမည်။ အကယ်၍ တူမျှကုန်ငြားအံ့၊ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့အား ညီညွတ်ခြင်းကိုသော်လည်း ပေးရမည်၊ သိမ်အပသို့သော်လည်း သွားရမည်။ အကယ်၍ အာဂန္တုက ရဟန်းတို့သည် များကုန်ငြားအံ့၊ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့အား အလိုမရှိကုန်သည်ရှိသော် ညီညွတ်ခြင်းကို မပေးရ၊ အာဝါသိက ရဟန်းတို့သည် သိမ်အပသို့သွား၍ ပဝါရဏာပြုရမည်။

## ၁၃၅-အသွင်ကို မြင်ခြင်းစသည်

၂၂၉။ ရဟန်းတို့ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့အား အာဝါသိက အခြင်းအရာ အာဝါသိက အသွင်အပြင် အာဝါသိက ရှိကြောင်းနိမိတ် အာဝါသိက ရှိကြောင်းကို ညွှန်ပြခြင်း ဟု ဆိုအပ်သော ညောင်စောင်း အင်းပျဉ် ဘုံလျှိုအုံးကို ကောင်းစွာ ခင်းထားခြင်း သောက်ရေ သုံးဆောင်ရေကို ကောင်းစွာတည်ထားခြင်း ပရိဝုဏ်ကို ကောင်းစွာ တံမြက်လှည်းထားခြင်းတို့ကို မြင်၍ "အာဝါသိက ရဟန်းတို့ ရှိလေသလော မရှိလေသလော" ဟု ယုံမှားရှိကုန်၏၊ ထိုရဟန်းတို့သည် ယုံမှားရှိသော်လည်း မစုံစမ်း မရှာဖွေပဲ ပဝါရဏာ ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသော်လည်း မတွေ့မမြင်သောကြောင့် ပဝါရဏာ ပြုကုန်ငြားအံ့၊ အာပတ် မသင့်။ ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သောကြောင့် တပေါင်းတည်း ပဝါရဏာ ပြုကုန်ငြားအံ့၊ အာပတ် မသင့်။ ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်း ရှာဖွေသဖြင့် တွေ့မြင်သော်လည်း အသီးအခြား ပဝါရဏာပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သော်လည်း "ထိုရဟန်းတို့ ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုရဟန်းတို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာ ပြုကုန်ငြားအံ့၊ ထုလ္လစ္စည်းအာပတ် သင့်၏။

ရဟန်းတို့ အာဂန္တုက ရဟန်းတို့သည် အာဝါသိက ရဟန်းတို့၏ အာဝါသိက အခြင်းအရာ အာဝါသိက အသွင်အပြင် အာဝါသိက ရှိကြောင်းနိမိတ် အာဝါသိက ရဟန်းတို့ ရှိကြောင်းကို ညွှန်ပြခြင်း ဟု ဆိုအပ်သော စင်္ကြံသွားသော ရဟန်းတို့၏ ခြေသံ သရဇ္ဈာယ်သံ ချောင်းဟန့်သံ ချေဆတ်သံ တို့ကို ကြား၍ "အာဝါသိက ရဟန်းတို့ ရှိလေသလော မရှိလေသလော" ဟု ယုံမှားရှိကုန်၏၊ ထိုရဟန်း တို့သည် ယုံမှားရှိသော်လည်း မစုံစမ်း မရှာဖွေပဲ ပဝါရဏာပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသော်လည်း မတွေ့မမြင်သောကြောင့် ပဝါရဏာ ပြုကုန်ငြားအံ့၊ အာပတ် မသင့်။ ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သောကြောင့် တပေါင်းတည်း ပဝါရဏာပြုကုန်ငြားအံ့၊ အာပတ် မသင့်။

ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သော်လည်း အသီးအခြား ပဝါရဏာပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သော်လည်း "ထိုရဟန်းတို့ ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုရဟန်းတို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာ ပြုကုန်ငြားအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

ရဟန်းတို့ အာဝါသိက ရဟန်းတို့သည် အာဂန္တုက ရဟန်းတို့၏ အာဂန္တုက အခြင်းအရာ အာဂန္တုက အသွင်အပြင် အာဂန္တုကရှိကြောင်းနိမိတ် အာဂန္တုကတို့ရှိကြောင်းကို ညွှန်ပြခြင်း ဟု ဆိုအပ်သော (မည်သူ့ဥစ္စာ ဟု) မသိအပ်သော သပိတ် သင်္ကန်း နိသီဒိုင် ခြေဆေးထားသော ရေစ ရေနတို့ကို မြင်၍ "အာဂန္တုက ရဟန်းတို့သည် ရှိလေသလော မရှိလေသလော" ဟု ယုံမှားရှိကုန်၏၊ ထိုရဟန်းတို့သည် ယုံမှားရှိလျက် မစုံစမ်း မရှာဖွေပဲ ပဝါရဏာ ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုရဟန်းတို့သည် ယုံမှားရှိလျက် စုံစမ်းရှာဖွေသော်လည်း မတွေ့မမြင်သောကြောင့် ပဝါရဏာ ပြုကုန်ငြားအံ့၊ အာပတ် မသင့်။ ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင် သောကြောင့် တပေါင်းတည်း ပဝါရဏာ ပြုကုန်ငြားအံ့၊ အာပတ် မသင့်။ ထိုရဟန်းတို့သည် ယုံမှား ရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သော်လည်း အသီးအခြား ပဝါရဏာ ပြုကုန်ငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သော်လည်း "ထိုရဟန်းတို့ ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုရဟန်းတို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာ ပြုကုန်ငြားအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

ရဟန်းတို့ အာဝါသိက ရဟန်းတို့သည် အာဂန္တုက ရဟန်းတို့၏ အာဂန္တုက အခြင်းအရာ အာဂန္တုက အသွင်အပြင် အာဂန္တုကရှိကြောင်းနိမိတ် အာဂန္တုက ရှိကြောင်းကို ညွှန်ပြခြင်း ဟု ဆိုအပ်သော အာဂန္တုက ရဟန်းတို့၏ ခြေသံ ဘိနပ်ခါသံ ချောင်းဟန့်သံ ချေဆတ်သံတို့ကို ကြား၍ "အာဂန္တုကရဟန်းတို့ ရှိလေသလော မရှိလေသလော" ဟု ယုံမှားရှိကုန်၏၊ ထိုရဟန်းတို့သည် ယုံမှား ရှိလျက် မစုံစမ်း မရှာဖွေပဲ ပဝါရဏာပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသော်လည်း မတွေ့မြင်သောကြောင့် ပဝါ ရဏာ ပြုကုန်ငြားအံ့၊ အာပတ် မသင့်။

ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေ၍ တွေ့မြင်သောကြောင့် တပေါင်းတည်း ပဝါရဏာ ပြုကုန်ငြားအံ့၊ အာပတ် မသင့်။

ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သော်လည်း အသီးအခြား ပဝါရဏာပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုရဟန်းတို့သည် ယုံမှားရှိသည်ဖြစ်၍ စုံစမ်းရှာဖွေသဖြင့် တွေ့မြင်သော်လည်း "ထိုရဟန်းတို့ ပျက်စီးလေစေ ပျောက်ပျက်လေစေ ထိုရဟန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ကွဲပြားခြင်းကို ရှေးရှုလျက် ပဝါရဏာပြုကုန်ငြားအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

## ၁၃၆-ပေါင်းသင်းဆက်ဆံမှုမတူသော ရဟန်းစသည်တို့နှင့် ပဝါရဏာပြုခြင်း

၂၃၀။ ရဟန်းတို့ အာဂန္တုက ရဟန်းတို့သည် ပေါင်းသင်းဆက်ဆံမှု မတူသော အာဝါသိက ရဟန်းတို့ကို တွေ့မြင်ကုန်၏၊ ထိုအာဂန္တုက ရဟန်းတို့သည် (အာဝါသိက ရဟန်းတို့ကို) ပေါင်းသင်း ဆက်ဆံမှု တူမျှသော ရဟန်းတို့ ဟု အယူရှိ၍ (၎င်းအယူကို) မမေးမစိစစ်ပဲ တပေါင်းတည်း ပဝါရဏာပြုကုန်ငြားအံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



ထိုအာဂန္တုက ရဟန်းတို့သည် မေးစစ်ပြီးနောက် (ထိုအယူကို) မစွန့်လွှတ်စေနိုင်ပဲ တပေါင်းတည်း ပဝါရဏာ ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုအာဂန္တုက ရဟန်းတို့သည် မေးစစ်ပြီးသော်လည်း (ငင်းတို့အယူကို) မစွန့်စေနိုင်သဖြင့် အသီးအခြား ပဝါရဏာ ပြုကုန်ငြားအံ့၊ အာပတ် မသင့်။

ရဟန်းတို့ အာဂန္တုက ရဟန်းတို့သည် ပေါင်းသင်းဆက်ဆံမှု တူမျှသော အာဝါသိကရဟန်းတို့ကို တွေ့မြင်ကုန်၏၊ ထိုအာဂန္တုက ရဟန်းတို့သည် (အာဝါသိက ရဟန်းတို့ကို) ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းတို့ ဟု အယူရှိ၍ (ငင်းတို့၏ အယူကို) မမေးမစစ်ပဲ တပေါင်းတည်း ပဝါရဏာ ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုအာဂန္တုက ရဟန်းတို့သည် မေးစစ်ပြီးနောက် (ငင်းတို့အယူကို) စွန့်လွှတ်စေနိုင်လျက် အသီးအခြား ပဝါရဏာ ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုအာဂန္တုက ရဟန်းတို့သည် မေးစစ်ပြီးနောက် (ငင်းတို့အယူကို) စွန့်လွှတ်စေနိုင်သည်ဖြစ်၍ တပေါင်းတည်း ပဝါရဏာ ပြုကုန်ငြားအံ့၊ အာပတ် မသင့်။

ရဟန်းတို့ အာဝါသိက ရဟန်းတို့သည် ပေါင်းသင်းဆက်ဆံမှု မတူသော အာဂန္တုက ရဟန်းတို့ကို တွေ့မြင်ကုန်၏၊ ထိုအာဝါသိက ရဟန်းတို့သည် (အာဂန္တုက ရဟန်းတို့ကို) ပေါင်းသင်းဆက်ဆံမှု တူမျှသော ရဟန်းတို့ ဟု အယူရှိ၍ (အယူကို) မမေးမစစ်ပဲ တပေါင်းတည်း ပဝါရဏာ ပြုကုန်ငြားအံ့၊ အာပတ် မသင့်။

ထိုအာဝါသိက ရဟန်းတို့သည် မေးစစ်ပြီးနောက် (ငင်းတို့အယူကို) မစွန့်လွှတ်စေနိုင်ပဲ တပေါင်းတည်း ပဝါရဏာပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုအာဝါသိက ရဟန်းတို့သည် မေးစစ်ပြီးနောက် (ငင်းတို့ အယူကို) မစွန့်လွှတ်စေနိုင်သဖြင့် အသီးအခြား ပဝါရဏာ ပြုကုန်ငြားအံ့၊ အာပတ် မသင့်။

ရဟန်းတို့ အာဝါသိက ရဟန်းတို့သည် ပေါင်းသင်းဆက်ဆံမှု တူမျှသော အာဂန္တုက ရဟန်းတို့ကို တွေ့မြင်ကုန်၏၊ ထိုအာဝါသိက ရဟန်းတို့သည် (အာဂန္တုက ရဟန်းတို့ကို) ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းတို့ ဟု အယူရှိ၍ (အယူကို) မမေးမစစ်ပဲ တပေါင်းတည်း ပဝါရဏာ ပြုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုအာဝါသိက ရဟန်းတို့သည် မေးစစ်ပြီးနောက် (ငင်းတို့အယူကို) စွန့်လွှတ်စေနိုင်လျက် အသီးအခြား ပဝါရဏာ ပြုကုန်ငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ထိုအာဝါသိက ရဟန်းတို့သည် မေးစစ်ပြီးနောက် (ငင်းတို့အယူကို) စွန့်လွှတ်စေနိုင်သဖြင့် တပေါင်းတည်း ပဝါရဏာ ပြုကုန်ငြားအံ့၊ အာပတ် မသင့်။

## ၁၃၇-မသွားအပ်သည်ကို ဆိုရာ

၂၃၁။ ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုရှင်း အန္တရာယ်ရှိသည်ကိုရှင်း ကြဉ်ထား၍ ရဟန်းရှိသောကျောင်းမှ ရဟန်းမရှိသော ကျောင်းသို့ မသွားအပ်။ ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုရှင်း အန္တရာယ်ရှိသည်ကိုရှင်း ကြဉ်ထား၍ ရဟန်းရှိသောကျောင်းမှ ရဟန်

http://www.dhammadownload.com



မရှိသော စရပ် တန်ဆောင်း စသည်သို့ မသွားအပ်။ ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုရင်း အန္တရာယ်ရှိသည်ကိုရင်း ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော ကျောင်းသို့ဖြစ်စေ ကျောင်းမဟုတ်သော စရပ် တန်ဆောင်း စသည်သို့ဖြစ်စေ မသွားအပ်။

ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုရင်း အန္တရာယ်ရှိသည်ကိုရင်း ကြဉ်ထား၍ ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ ရဟန်းမရှိသော ကျောင်းသို့ မသွားအပ်။

ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုရင်း အန္တရာယ်ရှိသည်ကိုရင်း ကြဉ်ထား၍ ရဟန်းရှိသော စရပ်တန်ဆောင်း စသည်မှ ရဟန်းမရှိသော စရပ်တန်ဆောင်း စသည်သို့ မသွားအပ်။

ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုရင်း အန္တရာယ်ရှိသည်ကိုရင်း ကြဉ်ထား၍ ရဟန်းရှိသော စရပ်တန်ဆောင်းစသည်မှ ရဟန်းမရှိသော ကျောင်းသို့ဖြစ်စေ ရဟန်းမရှိသော စရပ်တန်ဆောင်းစသည် သို့ဖြစ်စေ မသွားအပ်။

ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုရင်း အန္တရာယ်ရှိသည်ကိုရင်း ကြဉ်ထား၍ ရဟန်းရှိသောကျောင်းမှဖြစ်စေ ရဟန်းရှိသော စရပ်တန်ဆောင်းစသည်မှ ဖြစ်စေ ရဟန်းမရှိသော ကျောင်းသို့ မသွားအပ်။

ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုရင်း အန္တရာယ်ရှိသည်ကိုရင်း ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှဖြစ်စေ ရဟန်းရှိသော စရပ်တန်ဆောင်းစသည်မှဖြစ်စေ ရဟန်းမရှိသော စရပ်တန်ဆောင်း စသည်သို့ မသွားအပ်။

ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုရင်း အန္တရာယ်ရှိသည်ကိုရင်း ကြဉ်ထား၍ ရဟန်းရှိသောကျောင်းမှ ဖြစ်စေ ရဟန်းရှိသော စရပ်တန်ဆောင်းစသည်မှဖြစ်စေ ရဟန်းမရှိသော ကျောင်းသို့ ဖြစ်စေ ရဟန်းမရှိသော စရပ်တန်ဆောင်းစသည်သို့ဖြစ်စေ မသွားအပ်။

ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုရင်း အန္တရာယ်ရှိသည်ကိုရင်း ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှ ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းရှိသော ကျောင်းသို့ မသွားအပ်။

ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုရင်း အန္တရာယ်ရှိသည်ကိုရင်း ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှ ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းရှိသော စရပ် တန်ဆောင်း စသည်သို့ မသွားအပ်။

ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုရင်း အန္တရာယ်ရှိသည်ကိုရင်း ကြဉ်ထား၍ ရဟန်းရှိသောကျောင်းမှ ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းရှိသောကျောင်းသို့ဖြစ်စေ စရပ် တန်ဆောင်းစသည်သို့ ဖြစ်စေ မသွားအပ်။

ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုရင်း အန္တရာယ်ရှိသည်ကိုရင်း ကြဉ်ထား၍ ရဟန်းရှိသော စရပ်တန်ဆောင်းစသည်မှ ပေါင်းသင်း ဆက်ဆံမှု မတူသော ရဟန်းရှိသောကျောင်းသို့ မသွားအပ်။

ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုရင်း အန္တရာယ်ရှိသည်ကိုရင်း ကြဉ်ထား၍ ရဟန်းရှိသော စရပ်တန်ဆောင်း စသည်မှ ပေါင်းသင်း ဆက်ဆံမှု မတူသော ရဟန်းရှိသော စရပ် တန်ဆောင်းစသည်သို့ မသွားအပ်။

http://www.dhammadownload.com



ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုဖြစ်စေ အန္တရာယ်ရှိသည်ကိုဖြစ်စေ ကြဉ်ထား၍ ရဟန်းရှိသော စရပ်တန်ဆောင်း စသည်မှ ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းရှိသော ကျောင်းသို့ ဖြစ်စေ စရပ်တန်ဆောင်းစသည်သို့ဖြစ်စေ မသွားအပ်။

ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုဖြစ်စေ အန္တရာယ်ရှိသည်ကိုဖြစ်စေ ကြဉ်ထား၍ ရဟန်းရှိသောကျောင်းမှဖြစ်စေ စရပ်တန်ဆောင်းစသည်မှ ဖြစ်စေ ပေါင်းသင်း ဆက်ဆံမှု မတူသော ရဟန်းရှိသော ကျောင်းသို့ မသွားအပ်။

ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုဖြစ်စေ အန္တရာယ်ရှိသည်ကိုဖြစ်စေ ကြဉ်ထား၍ ရဟန်းရှိသောကျောင်းမှ ဖြစ်စေ စရပ်တန်ဆောင်းစသည်မှ ဖြစ်စေ ပေါင်းသင်း ဆက်ဆံမှု မတူသော ရဟန်းရှိသော စရပ် တန်ဆောင်း စသည်သို့ မသွားအပ်။

ရဟန်းတို့ ပဝါရဏာနေ့၌ သံဃာလောက်သည်ကိုဖြစ်စေ အန္တရာယ်ရှိသည်ကိုဖြစ်စေ ကြဉ်ထား၍ ရဟန်းရှိသော ကျောင်းမှ ဖြစ်စေ စရပ်တန်ဆောင်းစသည်မှ ဖြစ်စေ ပေါင်းသင်းဆက်ဆံမှု မတူသော ရဟန်းရှိသော ကျောင်းသို့ ဖြစ်စေ စရပ်တန်ဆောင်း စသည်သို့ဖြစ်စေ မသွားအပ်။

## ၁၃၈-သွားအပ်သည်ကို ဆိုရာ

၂၃၂။ ရဟန်းတို့ ပဝါရဏာနေ့၌ ရဟန်းရှိသော ကျောင်းမှ ပေါင်းသင်း ဆက်ဆံမှု တူသော ရဟန်းရှိသော ကျောင်းသို့ "နေ့ချင်းပြန် ရောက်နိုင်သည်" ဟု သိငြားအံ့၊ သွားအပ်၏။

ရဟန်းတို့ ပဝါရဏာနေ့၌ ရဟန်းရှိသော ကျောင်းမှ ရဟန်းရှိသော ကျောင်းမဟုတ်သော စရပ်တန်ဆောင်း စသည်သို့ သွားအပ်၏။ပ။ ပေါင်းသင်း ဆက်ဆံမှု တူသော ရဟန်းရှိသော ကျောင်းသို့ ဖြစ်စေ စရပ်တန်ဆောင်း စသည်သို့ဖြစ်စေ "နေ့ချင်းပြန် ရောက်နိုင်သည်" ဟု သိငြားအံ့၊ သွားအပ်၏။

ရဟန်းတို့ ပဝါရဏာနေ့၌ ရဟန်းရှိသော ကျောင်းမဟုတ်သော စရပ်တန်ဆောင်း စသည်မှ ပေါင်းသင်းဆက်ဆံမှု တူသော ရဟန်းရှိသော ကျောင်းသို့။ပ။ စရပ်တန်ဆောင်း စသည်သို့။ပ။ ပေါင်းသင်းဆက်ဆံမှု တူသော ရဟန်းရှိသော ကျောင်းသို့ဖြစ်စေ စရပ်တန်ဆောင်းစသည်သို့ဖြစ်စေ "နေ့ချင်းပြန်ရောက်နိုင်သည်" ဟု သိငြားအံ့၊ သွားအပ်၏။

ရဟန်းတို့ ပဝါရဏာနေ့၌ ရဟန်းရှိသော ကျောင်းမှဖြစ်စေ ကျောင်းမဟုတ်သော စရပ် တန်ဆောင်း စသည်မှ ဖြစ်စေ ပေါင်းသင်းဆက်ဆံမှု တူသော ရဟန်းရှိသော ကျောင်းသို့။ပ။ စရပ် တန်ဆောင်း စသည်သို့။ပ။ ပေါင်းသင်းဆက်ဆံမှု တူသော ရဟန်းရှိသော ကျောင်းသို့ဖြစ်စေ စရပ် တန်ဆောင်း စသည်သို့ဖြစ်စေ "နေ့ချင်းပြန် ရောက်နိုင်သည်" ဟု သိငြားအံ့၊ သွားအပ်၏။

## ၁၃၉-ကြဉ်အပ်သော 'ဝဇ္ဇနီယ' ပုဂ္ဂိုလ်ကို ပြခြင်း

၂၃၃။ ရဟန်းတို့ ရဟန်းမိန်းမနေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်၊ ပြုသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ သိက္ခမာန်နေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်။ပ။ သာမဏေ နေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်။ပ။ သာမဏေမနေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်။ပ။ သိက္ခာချပြီးသူနေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်။ပ။ ပါရာဇိက ကျသူ နေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်၊ ပြုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်းနေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်၊ ပြုသောရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ်ရမည်။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်းနေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်။ပ။ ယုတ်ညံ့သော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်းနေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်၊ ပြုသောရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ်ရမည်။ ပဏ္ဍုက်နေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်၊ ပြုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ပေါင်းသင်းဆက်ဆံမှု ခိုးသူ နေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်။ပ။ တိတ္ထိဘောင်သို့ ပြောင်းရွှေ့သူ နေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်။ပ။ တိရစ္ဆာန်နေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်။ပ။ အမိသတ်သူနေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်။ပ။အဖသတ်သူနေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်။ပ။ ရဟန္တာကို သတ်သောသူနေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်။ပ။ ရဟန်းမိန်းမကို ဖျက်ဆီးသောသူနေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်။ပ။ သံဃာသင်းခွဲသော သူနေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်။ပ။ ဘုရားကို သွေးစိမ်းတည်အောင် ပြုသောသူနေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်။ပ။ ဥဘတောဗျည်း နေသော ပရိသတ်၌ ပဝါရဏာ မပြုအပ်၊ ပြုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ပရိသတ် မထသေးသည်ကို ကြဉ်ထား၍ သိုးပြီးသော ပဝါရဏာကို ပေးခြင်းဖြင့် ပဝါရဏာ မပြုအပ်။ ရဟန်းတို့ သံဃာ၏ ညီညွတ်ခြင်းကို ကြဉ်ထား၍ ပဝါရဏာနေ့ မဟုတ်သောနေ့၌ ပဝါရဏာမပြုအပ် ဟု (မိန့်တော်မူ၏)။

ဒုတိယအခန်း ပြီး၏။

---

## ၁၄၀-နှစ်ကြိမ်စသည် ပဝါရဏာပြုခြင်း

၂၃၄။ တရံရောအခါ ကောသလတိုင်း ဇနပုဒ်၌ တခုသော ကျောင်းဝယ် ပဝါရဏာနေ့၌ လူရိုင်းဘေးသည် ဖြစ်၏။ ရဟန်းတို့သည် သုံးကြိမ်စီဆို၍ ပဝါရဏာပြုခြင်းငှါ မတတ်နိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နှစ်ကြိမ်စီဆို၍ ပဝါရဏာပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ပြင်းထန်လှစွာသောလူရိုင်းဘေးဖြစ်၏။ ရဟန်းတို့သည် နှစ်ကြိမ်စီဆို၍ ပဝါရဏာပြုခြင်းငှါ မတတ်နိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တကြိမ်စီဆို၍ ပဝါရဏာပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အလွန်ပြင်းထန်သော လူရိုင်းဘေးသည် ဖြစ်၏။ ရဟန်းတို့သည် တကြိမ်စီဆို၍ ပဝါရဏာပြုခြင်းငှါ မတတ်နိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဝါတူ (တပြိုင်နက်) ပဝါရဏာပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ အလှူကို ပေးလှူသော လူတို့ကြောင့် များသောအားဖြင့် ညဉ့်အချိန်ကုန်လွန်ကုန်၏။ ထိုအခါ ထိုရဟန်းတို့အား "အလှူကို ပေးလှူသော လူတို့ကြောင့် များသောအားဖြင့် ညဉ့်အချိန် ကုန်လွန်ခဲ့၏၊ အကယ်၍ သံဃာသည် သုံးကြိမ်စီ ပဝါ

http://www.dhammadownload.com



ရဏာ ပြုသည်ဖြစ်အံ့၊ သံဃာသည် ပဝါရဏာ မပြုအပ်သည်သာဖြစ်လတ္တံ့၊ ထိုသို့ပြုခဲ့လျှင် ဤညဉ့်သည် မိုးလင်းလတ္တံ့၊ ငါတို့သည် အဘယ်သို့ ကျင့်အပ်ပါသနည်း” ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ အလှူကို ပေးလှူသော လူတို့ကြောင့် များသောအားဖြင့် ညဉ့်အချိန် ကုန်လွန်သည်ဖြစ်အံ့၊ ရဟန်းတို့ ထိုအခါ ရဟန်းတို့အား “အလှူကို ပေးလှူသော လူတို့ကြောင့် များသောအားဖြင့် ညဉ့်အချိန်ကုန်လွန်၏၊ အကယ်၍ သံဃာသည် သုံးကြိမ်စီဆို၍ ပဝါရဏာပြုသည်ဖြစ်အံ့၊ သံဃာသည် ပဝါရဏာ မပြုအပ်သည်သာဖြစ်လတ္တံ့၊ ထိုသို့ပြုခဲ့လျှင် ဤညဉ့်သည် မိုးလင်းလတ္တံ့” ဟု အကြံဖြစ်အံ့၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အလှူကို ပေးလှူသော လူတို့ကြောင့် များသောအားဖြင့် ညဉ့်အချိန် ကုန်လွန်၏၊ အကယ်၍ သံဃာသည် သုံးကြိမ်စီ ဆို၍ ပဝါရဏာပြုသည်ဖြစ်အံ့၊ သံဃာသည် ပဝါရဏာ မပြုအပ်သည်သာ ဖြစ်လတ္တံ့၊ ထိုသို့ ပြုခဲ့လျှင် ဤညဉ့်သည် မိုးလင်းလတ္တံ့၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော ကာလသည်ဖြစ်ငြားအံ့၊ သံဃာသည် နှစ်ကြိမ်စီ ရွတ်ဆိုခြင်း, တကြိမ်စီ ရွတ်ဆိုခြင်း, ဝါတူ တပြိုင်နက် ရွတ်ဆိုခြင်း ဖြင့် ပဝါရဏာပြုရာ၏” ဟု (သိစေရမည်)။

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ တရားကို ဟောသော ရဟန်းတို့ကြောင့်။ ပ။ သုတ္တန်ကို ပေါင်း၍ ရွတ်ဆိုသော ရဟန်းတို့ကြောင့်။ ဝိနည်းကိုဆုံးဖြတ်သော ဝိနည်းဆောင်ရဟန်းတို့ကြောင့်။ အဘိဓမ္မာကို ဆွေးနွေးမေးမြန်းသော ရဟန်းတို့ကြောင့်။ ခိုက်ရန်ပြုသော ရဟန်းတို့ကြောင့် များသောအားဖြင့် ညဉ့်အချိန် ကုန်လွန်၏။

ရဟန်းတို့ အကယ်၍ ထိုသို့ညဉ့်အချိန်ကုန်လွန်ရာ၌ ရဟန်းတို့အား “ခိုက်ရန်ပြုသော ရဟန်းတို့ကြောင့် များသောအားဖြင့် ညဉ့်အချိန်ကုန်လွန်အံ့၊ အကယ်၍ သံဃာသည် သုံးကြိမ်စီဆို၍ ပဝါရဏာပြုသည်ဖြစ်အံ့၊ သံဃာသည် ပဝါရဏာ မပြုအပ်သည်သာဖြစ်လတ္တံ့၊ ထိုသို့ ပြုခဲ့လျှင် ညဉ့်သည်မိုးလင်းလတ္တံ့” ဟု အကြံဖြစ်အံ့၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ခိုက်ရန်ပြုသော ရဟန်းတို့ကြောင့် များသောအားဖြင့် ညဉ့်အချိန် ကုန်လွန်၏၊ အကယ်၍ သံဃာသည် သုံးကြိမ်စီ ပဝါရဏာပြုသည်ဖြစ်အံ့၊ သံဃာသည် ပဝါရဏာ မပြုအပ်သည်သာ ဖြစ်လတ္တံ့၊ ထိုသို့ ပြုခဲ့လျှင် ဤညဉ့်သည် မိုးလင်းလတ္တံ့၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော ကာလသည်ဖြစ်ငြားအံ့၊ သံဃာသည် နှစ်ကြိမ်စီ ရွတ်ဆိုခြင်း, တကြိမ်စီ ရွတ်ဆိုခြင်း, ဝါတူ တပြိုင်နက် ရွတ်ဆိုခြင်းဖြင့် ပဝါရဏာပြုရာ၏” ဟု (သိစေရမည်)။

တရံရောအခါ ကောသလတိုင်း ဇနပုဒ်၌ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ များစွာသော ရဟန်းသံဃာသည် စည်းဝေး၏၊ မိုးလုံသော နေရာသည်လည်း ကျဉ်းမြောင်း၏၊ မိုးကြီးသည်လည်း တက်လာ၏၊ ထိုအခါ ရဟန်းတို့အား “ဤများစွာသော ရဟန်းသံဃာသည် စည်းဝေး၏၊ မိုးလုံသော နေရာသည်လည်း ကျဉ်းမြောင်း၏၊ မိုးကြီးသည်လည်း တက်လာ၏၊ အကယ်၍ သံဃာသည် သုံးကြိမ်စီ ဆို၍ ပဝါရဏာပြုသည်ဖြစ်အံ့၊ သံဃာသည် ပဝါရဏာ မပြုအပ်သည်သာ ဖြစ်လတ္တံ့၊ ထိုသို့ ပြုခဲ့လျှင်

ဤမိုးကြီးသည်ရွာလတ္တံ့၊ အဘယ်သို့လျှင် ငါတို့ ကျင့်အပ်ပါအံ့နည်း” ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ များစွာသော ရဟန်းသံဃာသည် စည်းဝေး၏၊ မိုးလုံသော နေရာသည်လည်း ကျဉ်းမြောင်း၏၊ မိုးကြီးသည်လည်း တက်လာ၏၊ ရဟန်းတို့ အကယ်၍ ထိုသို့ မိုးကြီး တက်လာရာ၌ ရဟန်းတို့အား “ဤများစွာသော ရဟန်းသံဃာသည် စည်းဝေး၏၊ မိုးလုံသော နေရာသည်လည်း ကျဉ်းမြောင်း၏၊ မိုးကြီးသည်လည်း တက်လာ၏၊ အကယ်၍ သံဃာသည် သုံးကြိမ်စီ ဆို၍ ပဝါရဏာ ပြုသည်ဖြစ်အံ့၊ သံဃာသည် ပဝါရဏာ မပြုအပ်သည်သာ ဖြစ်လတ္တံ့၊ ထိုသို့ ပြုခဲ့လျှင် ဤမိုးကြီးသည် ရွာလတ္တံ့” ဟု အကြံဖြစ်ငြားအံ့၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤများစွာသော ရဟန်းသံဃာသည် စည်းဝေး၏၊ မိုးလုံသော နေရာသည်လည်း ကျဉ်းမြောင်း၏၊ မိုးကြီးသည်လည်း တက်လာ၏၊ အကယ်၍ သံဃာသည် သုံးကြိမ်စီ ဆို၍ ပဝါရဏာ ပြုသည်ဖြစ်အံ့၊ သံဃာသည် ပဝါရဏာ မပြုအပ်သည်သာ ဖြစ်လတ္တံ့၊ ထိုသို့ပြုခဲ့လျှင် ဤမိုးကြီး ရွာလတ္တံ့၊ အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသောကာသည် ဖြစ်ငြားအံ့၊ သံဃာသည် နှစ်ကြိမ်စီ ရွတ်ဆိုခြင်း၊ တကြိမ်စီ ရွတ်ဆိုခြင်း၊ ဝါတူ တပြိုင်နက် ရွတ်ဆိုခြင်းဖြင့် ပဝါရဏာ ပြုရာ၏” ဟု (သိစေရမည်)။

ရဟန်းတို့ ကျောင်းတကျောင်းဝယ် ပဝါရဏာနေ့၌ မင်းအန္တရာယ်ရှိသည်ဖြစ်အံ့။ပ။ ခိုးသူအန္တရာယ်ရှိသည်ဖြစ်အံ့။ မီးအန္တရာယ်ရှိသည်ဖြစ်အံ့။ ရေအန္တရာယ်ရှိသည်ဖြစ်အံ့။ လူအန္တရာယ်ရှိသည် ဖြစ်အံ့။ ဘီလူးအန္တရာယ် ရှိသည်ဖြစ်အံ့။ သားရဲအန္တရာယ် ရှိသည်ဖြစ်အံ့။ မြွေ ကင်း သန်း အန္တရာယ် ရှိသည်ဖြစ်အံ့။ အသက်၏ အန္တရာယ် ရှိသည်ဖြစ်အံ့။ မြတ်သော အကျင့်၏ အန္တရာယ် ရှိသည်ဖြစ်အံ့။ ရဟန်းတို့ အကယ်၍ ထိုသို့အန္တရာယ်ရှိရာ၌ ရဟန်းတို့အား “ဤသည်ကား မြတ်သောအကျင့်၏ အန္တရာယ်တည်း၊ အကယ်၍ သံဃာသည် သုံးကြိမ်စီ ဆို၍ ပဝါရဏာ ပြုသည်ဖြစ်အံ့၊ သံဃာသည် ပဝါရဏာ မပြုအပ်သည်သာ ဖြစ်လတ္တံ့၊ ထိုသို့ ပြုခဲ့လျှင် ဤမြတ်သော အကျင့်၏ အန္တရာယ်ဖြစ်လတ္တံ့” ဟု အကြံဖြစ်ငြားအံ့၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤအန္တရာယ်သည်ကား မြတ်သောအကျင့်၏ အန္တရာယ်တည်း၊ အကယ်၍ သံဃာသည် သုံးကြိမ်စီ ဆို၍ ပဝါရဏာ ပြုသည်ဖြစ်အံ့၊ သံဃာသည် ပဝါရဏာ မပြုအပ်သည်သာ ဖြစ်လတ္တံ့၊ ထိုသို့ ပြုခဲ့လျှင် ဤမြတ်သော အကျင့်၏ အန္တရာယ်ဖြစ်လတ္တံ့၊ အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသော ကာသည် ဖြစ်ငြားအံ့၊ သံဃာသည် နှစ်ကြိမ်စီ ရွတ်ဆိုခြင်း၊ တကြိမ်စီ ရွတ်ဆိုခြင်း၊ ဝါတူ တပြိုင်နက် ရွတ်ဆိုခြင်းဖြင့် ပဝါရဏာ ပြုရာ၏” ဟု (သိစေရမည်)။

## ၁၄၁–ပဝါရဏာထားခြင်း

၂၃၅။ တရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အာပတ်နှင့်တကွ ဖြစ်ကုန်လျက် ပဝါရဏာပြုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အာပတ်နှင့် တကွဖြစ်သော ရဟန်းသည် ပဝါရဏာ မပြုအပ်၊ ပြုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ အာပတ်နှင့်

http://www.dhammadownload.com



တက္ကုဖြစ်၍ ပဝါရဏာပြုသော ရဟန်းအား အခွင့်ကို ပြုစေ၍ အာပတ်ဖြင့် စောဒနာခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခွင့်တောင်းသည်ရှိသော် ခွင့်ပြုခြင်းငှါ အလိုမရှိကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခွင့်မပြုသော ရဟန်းအား ပဝါရဏာထားခြင်းငှါ ခွင့်ပြု၏၊ ရဟန်းတို့ ဤသို့ ထားရမည်၊ တဆယ့်လေးရက် သို့မဟုတ် တဆယ့်ငါးရက် ဖြစ်သော ပဝါရဏာနေ့ဝယ် ထိုအာပတ်နှင့် တက္ကသော ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်သော သံဃာ့အလယ်၌—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ပုဂ္ဂိုလ်သည် အာပတ်နှင့် တက္ကုဖြစ်၏၊ ထိုပုဂ္ဂိုလ်အား ထိုပုဂ္ဂိုလ်မျက်မှောက်၌ ပဝါရဏာ မပြုအပ် ဟု ပဝါရဏာကိုထားပါ၏" ဟူ၍ဆိုလျှင် ပဝါရဏာကို ထားသည်မည်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် "ငါတို့အား သီလကို ချစ်သော ရဟန်းတို့သည် ရှေဦးစွာ ပဝါရဏာကို ထားကုန်လတ္တံ့" ဟု စောစောကပင်လျှင် စင်ကြယ်သော အာပတ်မရှိသော ရဟန်းတို့အား အမှုအခင်း မရှိပဲ အကြောင်းမရှိပဲ ပဝါရဏာကို ထားကုန်၏၊ ပဝါရဏာပြုပြီးသော ရဟန်းတို့အားလည်း ပဝါရဏာကို ထားကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့စင်ကြယ်သော အာပတ်မရှိသော ရဟန်းတို့အား အမှုအခင်းမရှိပဲ အကြောင်းမရှိပဲ ပဝါရဏာကို မထားအပ်၊ ထားသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ ပဝါရဏာပြုပြီးသော ရဟန်းတို့အားလည်း ပဝါရဏာကို မထားအပ်၊ ထားသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

၂၃၆။ ရဟန်းတို့ ဤသို့ ပဝါရဏာကို ထားရမည်၊ ဤသို့မထားအပ်။

ရဟန်းတို့ အဘယ်သို့လျှင် ပဝါရဏာကို မထားအပ်သနည်း၊ ရဟန်းတို့အကယ်၍ သုံးကြိမ်စီရွတ်ခြင်းရှိသော ပဝါရဏာကို ရွတ်ဆိုပြီးဆုံးစေပြီးမှ ပဝါရဏာထားငြားအံ့၊ ပဝါရဏာထားသည်မမည်။ ရဟန်းတို့ အကယ်၍ နှစ်ကြိမ်စီ ရွတ်ခြင်းရှိသော။ ရဟန်းတို့ အကယ်၍ တကြိမ်စီ ရွတ်ခြင်းရှိသော။ ရဟန်းတို့ အကယ်၍ ဝါတူပေါင်း၍ တပြိုင်နက် ရွတ်ခြင်းရှိသော ပဝါရဏာကို ရွတ်ဆိုပြီးဆုံးစေပြီးမှ ပဝါရဏာကို ထားငြားအံ့၊ ပဝါရဏာ ထားသည်မမည်။ ရဟန်းတို့ ဤသို့ ပဝါရဏာ မထားအပ်။

ရဟန်းတို့ အဘယ်သို့ ပဝါရဏာထားသည် မည်သနည်း။ ရဟန်းတို့ အကယ်၍ သုံးကြိမ် ရွတ်ခြင်းရှိသော ပဝါရဏာကို ရွတ်ဆိုစဉ် မပြီးမီ ပဝါရဏာထားငြားအံ့၊ ပဝါရဏာ ထားသည် မည်၏။ ရဟန်းတို့ အကယ်၍ နှစ်ကြိမ်စီ ရွတ်ခြင်းရှိသော။ ရဟန်းတို့ အကယ်၍ တကြိမ်စီရွတ်ခြင်းရှိသော။ ရဟန်းတို့ အကယ်၍ ဝါတူပေါင်း၍ တပြိုင်နက် ရွတ်ခြင်းရှိသော ပဝါရဏာကို ရွတ်ဆိုမပြီးဆုံးမီ ပဝါရဏာ ထားငြားအံ့၊ ပဝါရဏာ ထားသည် မည်၏။ ရဟန်းတို့ ဤသို့ ပဝါရဏာကို ထားအပ်၏။

၂၃၇။ ရဟန်းတို့ ပဝါရဏာနေ့၌ ရဟန်းတပါးသည် ရဟန်းတပါးအား ပဝါရဏာထား၏၊ အကယ်၍ ထိုထားသော ရဟန်းကို အခြားရဟန်းတို့က "ဤအသျှင်သည် မစင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ မစင်ကြယ်သော နှုတ်အကျင့်ရှိ၏၊ မစင်ကြယ်သော အသက်မွေးခြင်းရှိ၏၊ (ဝိနည်းသိက္ခာပုဒ်ကို) မသိ၊ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာ၊ မေးစိစစ်အပ်သည်ရှိသော် အမေးကို ဖြေခြင်းငှါ မစွမ်းနိုင်" ဟု သိကုန်ငြားအံ့၊ "ရဟန်း မသင့်၊ မျက်ကွယ် ငြင်းခုံခြင်းကို မပြုလင့်၊ မျက်မှောက်

http://www.dhammadownload.com



ငြင်းခုံခြင်းကို မပြုလင့်၊ အထူးထူးအပြားပြား ယူလျက် ငြင်းခုံခြင်းကို မပြုလင့်၊ ကိုယ်ထိလက်ရောက် ငြင်းခုံခြင်းကို မပြုလင့်" ဟု (စကားဖြင့်) နှိပ်နင်း၍ သံဃာသည် ပဝါရဏာ ပြုရမည်။

ရဟန်းတို့ ပဝါရဏာနေ့၌ ရဟန်းတပါးသည် ရဟန်းတပါးအား ပဝါရဏာထား၏၊ အကယ်၍ ထိုထားသော ရဟန်းကို အခြားရဟန်းတို့က "ဤအသျှင်သည် စင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ မစင်ကြယ်သော နှုတ်အကျင့်ရှိ၏၊ မစင်ကြယ်သော အသက်မွေးခြင်းရှိ၏၊ (ဝိနည်းသိက္ခာပုဒ်ကို) မသိ၊ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာ၊ မေးစိစစ်အပ်သည်ရှိသော် အမေးကို ဖြေခြင်းငှါ မစွမ်းနိုင်" ဟု သိကုန်ငြားအံ့၊ "ရဟန်း မသင့်၊ မျက်ကွယ် ငြင်းခုံခြင်းကို မပြုလင့်၊ မျက်မှောက် ငြင်းခုံခြင်းကို မပြုလင့်၊ အထူးထူးအပြားပြား ယူလျက် ငြင်းခုံခြင်းကို မပြုလင့်၊ ကိုယ်ထိလက်ရောက် ငြင်းခုံခြင်းကို မပြုလင့်" ဟု (စကားဖြင့်) နှိပ်နင်း၍ သံဃာသည် ပဝါရဏာ ပြုရမည်။

ရဟန်းတို့ ပဝါရဏာနေ့၌ ရဟန်းတပါးသည် ရဟန်းတပါးအား ပဝါရဏာထား၏၊ အကယ်၍ ထိုထားသော ရဟန်းကို အခြား ရဟန်းတို့က "ဤအသျှင်သည် စင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ စင်ကြယ်သော နှုတ်အကျင့်ရှိ၏၊ မစင်ကြယ်သော အသက်မွေးခြင်းရှိ၏၊ (ဝိနည်းသိက္ခာပုဒ်ကို) မသိ၊ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာ၊ မေးစိစစ်အပ်သည်ရှိသော် အမေးကို ဖြေခြင်းငှါ မစွမ်းနိုင်" ဟု သိကုန်ငြားအံ့၊ "ရဟန်း မသင့်၊ မျက်ကွယ်ငြင်းခုံခြင်းကို မပြုလင့်၊ မျက်မှောက် ငြင်းခုံခြင်းကို မပြုလင့်၊ အထူးထူး အပြားပြား ယူလျက် ငြင်းခုံခြင်းကို မပြုလင့်၊ ကိုယ်ထိလက်ရောက် ငြင်းခုံခြင်းကို မပြုလင့်" ဟု (စကားဖြင့်) နှိပ်နင်း၍ သံဃာသည် ပဝါရဏာ ပြုရမည်။

ရဟန်းတို့ ပဝါရဏာနေ့၌ ရဟန်းတပါးသည် ရဟန်းတပါးအား ပဝါရဏာထား၏၊ အကယ်၍ ထိုထားသော ရဟန်းကို အခြားရဟန်းတို့က "ဤအသျှင်သည် စင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ စင်ကြယ်သော နှုတ်အကျင့်ရှိ၏၊ စင်ကြယ်သော အသက်မွေးခြင်းရှိ၏၊ (ဝိနည်းသိက္ခာပုဒ်ကို) မသိ၊ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာ၊ မေးစိစစ်အပ်သည်ရှိသော် အမေးကိုဖြေခြင်းငှါ မစွမ်းနိုင်" ဟု သိကုန်ငြားအံ့၊ "ရဟန်း မသင့်၊ မျက်ကွယ် ငြင်းခုံခြင်းကို မပြုလင့်၊ မျက်မှောက်ငြင်းခုံခြင်းကို မပြုလင့်၊ အထူးထူး အပြားပြား ယူလျက် ငြင်းခုံခြင်းကို မပြုလင့်၊ ကိုယ်ထိလက်ရောက် ငြင်းခုံခြင်းကို မပြုလင့်" ဟု (စကားဖြင့်) နှိပ်နင်း၍ သံဃာသည် ပဝါရဏာ ပြုရမည်။

ရဟန်းတို့ ပဝါရဏာနေ့၌ ရဟန်းတပါးသည် ရဟန်းတပါးအား ပဝါရဏာထား၏၊ အကယ်၍ ထိုထားသော ရဟန်းကို အခြားရဟန်းတို့က "ဤအသျှင်သည် စင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ စင်ကြယ်သော နှုတ်အကျင့်ရှိ၏၊စင်ကြယ်သော အသက်မွေးခြင်းရှိ၏၊ ပညာရှိ၏၊(ဝိနည်းသိက္ခာပုဒ်၌) လိမ္မာ၏၊ မေးစိစစ်အပ်သည်ရှိသော် (အမေးကို) ဖြေခြင်းငှါ စွမ်းနိုင်၏" ဟု သိကုန်ငြားအံ့၊ ထို ရဟန်းကို "ငါ့သျှင် သင်သည် ဤရဟန်းအား အဘယ်ဝိပတ္တိကြောင့် ပဝါရဏာကို ထားသနည်း၊ သီလပျက်ခြင်းကြောင့် ထားသလော၊ အကျင့် 'အာစာရ' ပျက်ခြင်းကြောင့် ထားသလော၊ အယူပျက် ခြင်းကြောင့် ထားသလော" ဟု မေးမြန်းရာ၏။

ထိုရဟန်းသည် "အကယ်၍ သီလပျက်ခြင်းကြောင့် ထား၏၊ အကျင့် 'အာစာရ' ပျက်ခြင်း ကြောင့် ထား၏၊ အယူပျက်ခြင်းကြောင့် ထား၏" ဟု ဆိုငြားအံ့၊ ထိုရဟန်းကို "အသျှင်သည် သီလ ပျက်ခြင်းကို သိသလော၊ အကျင့် 'အာစာရ' ပျက်ခြင်းကို သိသလော၊ အယူပျက်ခြင်းကို သိသလော" ဟု မေးမြန်းရာ၏။

http://www.dhammadownload.com



ထိုရဟန်းသည် အကယ်၍ "ငါသည် သီလပျက်ခြင်းကို သိ၏၊ အကျင့် 'အာစာရ' ပျက်ခြင်းကို သိ၏၊ အယူပျက်ခြင်းကို သိ၏" ဟု ဆိုငြားအံ့၊ ထိုရဟန်းကို "ငါ့သျှင် သီလပျက်ခြင်းကား အဘယ်နည်း၊ အကျင့် 'အာစာရ' ပျက်ခြင်းကား အဘယ်နည်း၊ အယူပျက်ခြင်းကား အဘယ်နည်း" ဟု မေးမြန်းရာ၏။

ထိုရဟန်းသည် "ပါရာဇိကလေးပါးနှင့် သံဃာဒိသိသ် တဆယ့်သုံးပါးတို့သည် သီလပျက်သည် မည်၏၊ ထုလ္လစ္စဉ်း ပါစိတ် ပါဋိဒေသနီ ဒုက္ကဋ် ဒုဗ္ဘာသိ အာပတ်တို့သည် အကျင့် 'အာစာရ'ပျက်သည် မည်၏၊ မိစ္ဆာဒိဋ္ဌိနှင့် အန္တဂ္ဂါဟိကဒိဋ္ဌိ (သဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိ)တို့သည် အယူပျက်သည် မည်၏"ဟု အကယ်၍ ဆိုငြားအံ့၊ ထိုရဟန်းကို "ငါ့သျှင် သင်သည် ဤရဟန်းအား ပဝါရဏာကို ထားခြင်းသည် မြင်သဖြင့် ထားသလော၊ ကြားသဖြင့် ထားသလော၊ ယုံမှားသဖြင့် ထားသလော" ဟု မေးမြန်းရာ၏။

ထိုရဟန်းသည် အကယ်၍ "မြင်သဖြင့် ထား၏၊ ကြားသဖြင့် ထား၏၊ ယုံမှားသဖြင့် ထား၏" ဟု ဆိုငြားအံ့၊ ထိုရဟန်းကို "ငါ့သျှင် သင်သည် ဤရဟန်းအား မြင်သဖြင့် ပဝါရဏာထားသော် အဘယ်ကို သင် မြင်သနည်း၊ အဘယ်သို့ သင်မြင်သနည်း၊ အဘယ်အခါ၌ သင် မြင်သနည်း၊ အဘယ်အရပ်၌ သင် မြင်သနည်း၊ ပါရာဇိက အာပတ်သို့ ရောက်သည်ကိုမြင်သလော၊ သံဃာဒိသိသ် အာပတ်သို့ ရောက်သည်ကို မြင်သလော၊ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်သည်ကို မြင်သလော၊ ပါစိတ်အာပတ်သို့ ရောက်သည်ကို မြင်သလော၊ ပါဋိဒေသနီအာပတ်သို့ ရောက်သည်ကို မြင်သလော၊ ဒုက္ကဋ်အာပတ်သို့ ရောက်သည်ကို မြင်သလော၊ ဒုဗ္ဘာသိအာပတ်သို့ ရောက်သည်ကို မြင်သလော၊ သင်သည် အဘယ်အရပ်၌ ရှိသနည်း၊ ဤရဟန်းသည် အဘယ်အရပ်၌ ရှိသနည်း၊ သင်သည် အဘယ် အမှုကို ပြု၍ နေသနည်း၊ ဤရဟန်းသည် အဘယ်အမှုကို ပြုသနည်း" ဟု မေးမြန်းရာ၏။

ထိုရဟန်းက "ငါ့သျှင် ငါသည် ဤရဟန်းအား မြင်သဖြင့် ပဝါရဏာကို မထားပါ၊ စင်စစ်သော်ကား ကြားသဖြင့် ပဝါရဏာကို ထားပါ၏" ဟု အကယ်၍ ပြောဆိုငြားအံ့၊ ထိုရဟန်းကို "ငါ့သျှင် သင်သည် ဤရဟန်းအား ကြားသဖြင့် ပဝါရဏာကို ထားသော် အဘယ်ကို သင် ကြားသနည်း၊ အဘယ်သို့ သင် ကြားသနည်း၊ အဘယ်အခါ၌ သင် ကြားသနည်း၊ အဘယ်အရပ်၌ သင် ကြားသနည်း၊ 'ပါရာဇိကအာပတ်သို့ ရောက်၏' ဟု ကြားသလော၊ 'သံဃာဒိသိသ်အာပတ်သို့ ရောက်၏' ဟု ကြားသလော၊ ထုလ္လစ္စဉ်း အာပတ်။ ပါစိတ်အာပတ်။ ပါဋိဒေသနီအာပတ်။ ဒုက္ကဋ်အာပတ်။ 'ဒုဗ္ဘာသိအာပတ်သို့ ရောက်၏' ဟု ကြားသလော၊ ရဟန်းယောကျ်ား၏စကားကို ကြားသလော၊ ရဟန်းမိန်းမ၏စကားကို ကြားသလော၊ သိက္ခမာန်၏ စကားကို ကြားသလော၊ သာမဏေယောကျ်ား၏ စကားကို ကြားသလော၊ သာမဏေမိန်းမ၏ စကားကို ကြားသလော၊ ဥပါသကာ၏ စကားကို ကြားသလော၊ ဥပါသိကာမ၏ စကားကို ကြားသလော၊ မင်းတို့၏ စကားကို ကြားသလော၊ မင်း အမတ်တို့၏ စကားကို ကြားသလော၊ တိတ္ထိတို့၏ စကားကို ကြားသလော တိတ္ထိတပည့်တို့၏ စကားကို ကြားသလော" ဟု မေးမြန်းရာ၏။

ထိုရဟန်းက "ငါ့သျှင် ငါသည် ဤမည်သော ရဟန်းအား ကြားသဖြင့် ပဝါရဏာကို မထားပါ၊ စင်စစ်သော်ကား ယုံမှားသဖြင့် ထားပါ၏" ဟု အကယ်၍ ပြောဆိုငြားအံ့။ ထိုရဟန်းကို "ငါ့သျှင် သင်သည် ဤရဟန်းအား ယုံမှားသဖြင့် ပဝါရဏာကို ထားသော် အဘယ်ကို ယုံမှားသနည်း၊ အဘယ်သို့ ယုံမှားသနည်း၊ အဘယ်အခါ၌ ယုံမှားသနည်း၊ အဘယ်အရပ်၌ ယုံမှားသနည်း၊ 'ပါရာဇိက အာပတ်သို့ရောက်၏' ဟု ယုံမှားသလော၊ 'သံဃာဒိသိသ် အာပတ်သို့ ရောက်၏' ဟု ယုံမှားသလော၊

http://www.dhammadownload.com



ထုလ္လစ္စည်း အာပတ်။ ပါစိတ်အာပတ်။ ပါဋိဒေသနီအာပတ်။ ဒုက္ကဋ်အာပတ်။ 'ဒုဗ္ဘာသီအာပတ်သို့ ရောက်၏' ဟု ယုံမှားသလော၊ ရဟန်းယောကျ်ားတို့၏ စကားကို ကြား၍ ယုံမှားသလော၊ ရဟန်းမိန်းမ၏ စကားကို ကြား၍ ယုံမှားသလော၊ အိက္ခမာန်၏ စကားကို ကြား၍ ယုံမှားသလော၊ သာမဏေယောကျ်ား၏ စကားကို ကြား၍ ယုံမှားသလော၊ သာမဏေမိန်းမ၏ စကားကို ကြား၍ ယုံမှားသလော၊ ဥပါသကာ၏ စကားကိုကြား၍ ယုံမှားသလော၊ ဥပါသိကာမ၏ စကားကို ကြား၍ ယုံမှားသလော၊ မင်းတို့၏ စကားကိုကြား၍ ယုံမှားသလော၊ မင်း အမတ်တို့၏ စကားကို ကြား၍ ယုံမှားသလော၊ တိတ္ထိတို့၏ စကားကို ကြား၍ ယုံမှားသလော၊ တိတ္ထိတပည့်တို့၏ စကားကို ကြား၍ ယုံမှားသလော" ဟု မေးမြန်းရာ၏။

ထိုရဟန်းက "ငါ့သျှင် ငါသည် ဤရဟန်းအား ယုံမှားသဖြင့် ပဝါရဏာကိုထားသည် မဟုတ်၊ စင်စစ်သော်ကား အဘယ့်ကြောင့် ငါသည် ဤရဟန်းအား ပဝါရဏာထားရသနည်း ဟု ငါသည်လည်း မသိပါ" ဟု အကယ်၍ ပြောဆိုငြားအံ့၊ ရဟန်းတို့ အကယ်၍ စောဒနာတတ်သော ထိုရဟန်းသည် မေးစိစစ်သဖြင့် ပညာရှိ သီတင်းသုံးဖော်တို့၏ စိတ်ကို မနှစ်သက်စေငြားအံ့ "စောဒနာအပ်သော ရဟန်းကို မကဲ့ရဲ့အပ် (စွပ်စွဲခြင်းကို မပြုအပ်)" ဟု ဆိုခြင်းငှါ သင့်၏။

ရဟန်းတို့ အကယ်၍ စောဒနာတတ်သော ထိုရဟန်းသည် မေးစိစစ်သဖြင့် ပညာရှိ သီတင်းသုံးဖော်တို့၏ စိတ်ကို နှစ်သက်စေငြားအံ့၊ "စောဒနာအပ်သော ရဟန်းကို ကဲ့ရဲ့အပ်သော အပြစ်နှင့် တကွဖြစ်၏ (စွပ်စွဲခြင်းကို ပြုအပ်၏)" ဟု ဆိုခြင်းငှါသင့်၏။

ရဟန်းတို့ အကယ်၍ စောဒနာတတ်သော ထိုရဟန်းသည် (မြင်ခြင်း ကြားခြင်း ယုံမှားခြင်း) အရင်းမရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသည်ကို ဝန်ခံငြားအံ့၊ သံဃာဒိသိသ်အာပတ်သို့ တင်၍ သံဃာသည် ပဝါရဏာပြုရမည်။

ရဟန်းတို့ အကယ်၍ စောဒနာတတ်သော ထိုရဟန်းသည် (မြင်ခြင်း ကြားခြင်း ယုံမှားခြင်း) အရင်းမရှိသော သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲသည်ကို ဝန်ခံငြားအံ့၊ တရားအားလျော်စွာ ကုစားစေ၍ သံဃာသည် ပဝါရဏာ ပြုရမည်။

ရဟန်းတို့ အကယ်၍ စောဒနာတတ်သော ထိုရဟန်းသည် (မြင်ခြင်း ကြားခြင်း ယုံမှားခြင်း) အရင်းမရှိသော ထုလ္လစ္စည်းအာပတ်ဖြင့်။ ပါစိတ်။ ပါဋိဒေသနီ။ ဒုက္ကဋ်။ ဒုဗ္ဘာသီ အာပတ်ဖြင့် စွပ်စွဲသည်ကို ဝန်ခံငြားအံ့၊ တရားအားလျော်စွာ ကုစားစေ၍ သံဃာသည် ပဝါရဏာပြုရမည်။

ရဟန်းတို့ အကယ်၍ စောဒနာအပ်သော ထိုရဟန်းသည် "ပါရာဇိကအာပတ်သို့ရောက်၏" ဟု ဝန်ခံငြားအံ့၊ ဖျက်ဆီး၍ 'လူထွက်စေ၍' သံဃာသည် ပဝါရဏာပြုရမည်။ ရဟန်းတို့ အကယ်၍ စောဒနာအပ်သော ထိုရဟန်းသည် "သံဃာဒိသိသ် အာပတ်သို့ရောက်၏" ဟု ဝန်ခံငြားအံ့၊ သံဃာဒိသိသ်အာပတ်သို့ တင်၍ သံဃာသည် ပဝါရဏာပြုရမည်။ ရဟန်းတို့ အကယ်၍ စောဒနာအပ်သော ထိုရဟန်းသည် ထုလ္လစ္စည်းအာပတ်။ ပါဋိဒေသနီ။ ဒုက္ကဋ်။ ဒုဗ္ဘာသီအာပတ်သို့ ရောက်၏" ဟု ဝန်ခံငြားအံ့၊ တရားအားလျော်စွာ ကုစားစေ၍ သံဃာသည် ပဝါရဏာ ပြုရမည်။

## ၁၄၂-ထုလ္လစ္စည်းဝတ္ထုစသည်

၂၁၈။ ရဟန်းတို့ ရဟန်းသည် ပဝါရဏာနေ့၌ ထုလ္လစ္စည်းအာပတ်သို့ ရောက်၏၊ အချို့သော ရဟန်းတို့သည် ထုလ္လစ္စည်းအာပတ် ဟု အယူရှိကုန်၏၊ အချို့သောရဟန်းတို့သည် သံဃာဒိသိသ် အာ

http://www.dhammadownload.com



ပတ် ဟု အယူရှိကုန်၏။ ရဟန်းတို့ ထုလ္လစ္စည်း အာပတ် ဟု အယူရှိသော ရဟန်းတို့သည် ထိုရဟန်းကို သင့်တင့်လျောက်ပတ်သော အရပ်သို့ ဖဲစေ၍ တရားအားလျော်စွာ ကုစားစေလျက် သံဃာသို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင်တို့ ထိုရဟန်းသည် သင့်ရောက်သော အာပတ်ကို တရားအားလျော်စွာ ကုစားပြီး ပါပြီ၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ပဝါရဏာပြုရာ၏" ဟု (ပြောဆိုရာ၏)။

ရဟန်းတို့ ရဟန်းသည် ပဝါရဏာနေ့၌ ထုလ္လစ္စည်းအာပတ်သို့ ရောက်၏၊ အချို့သောရဟန်းတို့သည် ထုလ္လစ္စည်း အာပတ် ဟု အယူရှိကုန်၏၊ အချို့သောရဟန်းတို့သည် ပါစိတ်အာပတ် ဟု အယူရှိကုန်၏။ပ။ အချို့သော ရဟန်းတို့သည် ထုလ္လစ္စည်း အာပတ် ဟု အယူရှိကုန်၏၊ အချို့သော ရဟန်းတို့သည် ပါဋိဒေသနီ အာပတ် ဟု အယူရှိကုန်၏။ အချို့သော ရဟန်းတို့သည် ထုလ္လစ္စည်း အာပတ် ဟု အယူရှိကုန်၏၊ အချို့သော ရဟန်းတို့သည် ဒုက္ကဋအာပတ် ဟု အယူရှိကုန်၏။ အချို့သော ရဟန်းတို့သည် ထုလ္လစ္စည်း အာပတ် ဟု အယူရှိကုန်၏၊ အချို့သော ရဟန်းတို့သည် ဒုဗ္ဘာသိ အာပတ် ဟု အယူရှိကုန်၏။

ရဟန်းတို့ ထုလ္လစ္စည်းအာပတ် ဟု အယူရှိသော ရဟန်းတို့သည် ထိုရဟန်းကို သင့်တင့်လျောက်ပတ်သော အရပ်သို့ ဖဲစေ၍ တရားအားလျော်စွာ ကုစားစေလျက် သံဃာသို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင်တို့ ထိုရဟန်းသည် သင့်ရောက်သောအာပတ်ကို တရားအားလျော်စွာ ကုစားပြီးပါပြီ၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ပဝါရဏာ ပြုရာ၏" ဟု (ပြောဆိုရာ၏)။

ရဟန်းတို့ ရဟန်းသည် ပဝါရဏာနေ့၌ ပါစိတ်အာပတ်သို့ ရောက်၏ ။ပ။ ပါဋိဒေသနီအာပတ်သို့ ရောက်၏။ ဒုက္ကဋအာပတ်သို့ ရောက်၏။ ဒုဗ္ဘာသိအာပတ်သို့ ရောက်၏၊ အချို့သော ရဟန်းတို့သည် ဒုဗ္ဘာသိအာပတ် ဟု အယူရှိကုန်၏၊ အချို့သော ရဟန်းတို့သည် သံဃာဒိသိသ်အာပတ် ဟု အယူရှိကုန်၏။ ရဟန်းတို့ အကြင်ရဟန်းတို့သည် ဒုဗ္ဘာသိအာပတ် ဟု အယူရှိကုန်၏၊ ရဟန်းတို့ ထိုဒုဗ္ဘာသိအာပတ် ဟု အယူရှိသော ရဟန်းတို့သည် ထိုရဟန်းကို သင့်တင့်လျောက်ပတ်သော အရပ်သို့ ဖဲစေ၍ တရားအားလျော်စွာ ကုစားစေလျက် သံဃာသို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင်တို့ ထိုရဟန်းသည် သင့်ရောက်သော အာပတ်ကို တရားအားလျော်စွာ ကုစားပြီးပါပြီ၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ပဝါရဏာပြုရာ၏" ဟု (ပြောဆိုရာ၏)။

ရဟန်းတို့ ရဟန်းသည် ပဝါရဏာနေ့၌ ဒုဗ္ဘာသိအာပတ်သို့ ရောက်၏။ အချို့သော ရဟန်းတို့သည် ဒုဗ္ဘာသိ အာပတ် ဟု အယူရှိကုန်၏ ၊ အချို့သော ရဟန်းတို့သည် ထုလ္လစ္စည်းအာပတ် ဟု အယူရှိကုန်၏ ။ပ။ အချို့သော ရဟန်းတို့သည် ဒုဗ္ဘာသိအာပတ် ဟု အယူရှိကုန်၏၊ အချို့သော ရဟန်းတို့သည် ပါစိတ်အာပတ် ဟု အယူရှိကုန်၏။ အချို့သော ရဟန်းတို့သည် ဒုဗ္ဘာသိအာပတ် ဟု အယူရှိကုန်၏၊ အချို့သော ရဟန်းတို့သည် ပါဋိဒေသနီအာပတ် ဟု အယူရှိကုန်၏။ အချို့သော ရဟန်းတို့သည် ဒုဗ္ဘာသိအာပတ် ဟု အယူရှိကုန်၏ ၊ အချို့သော ရဟန်းတို့သည် ဒုက္ကဋအာပတ် ဟု အယူရှိကုန်၏။

ရဟန်းတို့ ဒုဗ္ဘာသိအာပတ် ဟု အယူရှိသော ရဟန်းတို့သည် ထိုရဟန်းကို သင့်တင့်လျောက်ပတ်သော အရပ်သို့ ဖဲစေ၍ တရားအားလျော်စွာ ကုစားစေလျက် သံဃာသို့ ချဉ်းကပ်ပြီး

http://www.dhammadownload.com



လျှင် “ငါ့သျှင်တို့ ထိုရဟန်းသည် သင့်ရောက်သော အာပတ်ကို တရားအားလျော်စွာ ကုစားပြီးပါပြီ၊ အကယ်၍ သံဃာအား လျောက်ပတ်သောအခါရှိသော ကာလသည် ဖြစ်ငြားအံ့၊ သံဃာသည် ပဝါရဏာ ပြုရာ၏” ဟု (ပြောဆိုရာ၏)။

## ၁၄၃-ဝတ္ထုကိုထားခြင်းစသည်

၂၃၉။ ရဟန်းတို့ ရဟန်းသည် ပဝါရဏာနေ့ဝယ် သံဃာ့အလယ်၌ “အသျှင်ဘုရားတို့ သံဃာ သည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤအကြောင်းအရာသည် ထင်၏၊ ပုဂ္ဂိုလ်သည် မထင်၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော ကာလသည် ဖြစ်ငြားအံ့၊ အကြောင်း အရာကိုထား၍ သံဃာသည် ပဝါရဏာ ပြုရာ၏” ဟု ဆိုငြားအံ့၊ ထိုရဟန်းကို “ငါ့သျှင် မြတ်စွာ ဘုရားသည် စင်ကြယ်သော ရဟန်းတို့အား ပဝါရဏာကို ပညတ်တော်မူ၏၊ အကယ်၍ အကြောင်းအရာ သာ ထင်၍ ပုဂ္ဂိုလ်မထင်အံ့၊ ယခုပင် ထိုအကြောင်းအရာဖြင့် ယုံမှားရှိသောပုဂ္ဂိုလ်ကို ပြောဆိုလော့” ဟု (ပြောဆိုရာ၏)။

ရဟန်းတို့ ရဟန်းသည် ပဝါရဏာနေ့ဝယ် သံဃာ့အလယ်၌ “အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤပုဂ္ဂိုလ်သည် ထင်၏၊ အကြောင်းအရာသည် မထင်၊ အကယ်၍ သံဃာအား လျောက်ပတ်သောအခါရှိသောကာလသည် ဖြစ်ငြားအံ့၊ ပုဂ္ဂိုလ်ကိုထား၍ သံဃာ သည် ပဝါရဏာပြုရာ၏” ဟု ဆိုငြားအံ့၊ ထိုရဟန်းကို “ငါ့သျှင် မြတ်စွာဘုရားသည် ညီညွတ်သော ရဟန်းတို့အား ပဝါရဏာကို ပညတ်တော်မူ၏၊ အကယ်၍ ပုဂ္ဂိုလ်သာ ထင်၍ အကြောင်းအရာ မထင် ငြားအံ့၊ ယခုပင် ထိုပုဂ္ဂိုလ်၏ အပြစ်ကိုပြောဆိုလော့” ဟု (ပြောဆိုရာ၏)။

ရဟန်းတို့ ရဟန်းသည် ပဝါရဏာနေ့ဝယ် သံဃာ့အလယ်၌ “အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤအကြောင်းအရာသည်၎င်း ပုဂ္ဂိုလ်သည်၎င်း ထင်၏၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော ကာလသည်ဖြစ်ငြားအံ့၊ အကြောင်းအရာကို၎င်း ပုဂ္ဂိုလ်ကို၎င်း ထား၍ သံဃာသည် ပဝါရဏာပြုရာ၏” ဟု ဆိုငြားအံ့၊ ထိုရဟန်းကို “ငါ့သျှင် မြတ်စွာ ဘုရားသည် စင်ကြယ်သော ရဟန်းတို့အား၎င်း ညီညွတ်သော ရဟန်းတို့အား၎င်း ပဝါရဏာကို ပညတ် တော်မူ၏၊ အကယ်၍ အကြောင်းအရာသည် ၎င်း ပုဂ္ဂိုလ်သည်၎င်း ထင်ငြားအံ့၊ ယခုပင် ထိုအကြောင်း အရာနှင့် ပုဂ္ဂိုလ်ကို ပြောဆိုလော့” ဟု (ပြောဆိုရာ၏)။

ရဟန်းတို့ အကယ်၍ ပဝါရဏာ၏ ရှေး၌ အကြောင်းအရာထင်၍ ပဝါရဏာ၏ နောက်မှ ပုဂ္ဂိုလ် ထင်ငြားအံ့၊ စောဒနာခြင်းငှါ သင့်၏။ ရဟန်းတို့ အကယ်၍ ပဝါရဏာ၏ ရှေး၌ ပုဂ္ဂိုလ်ထင်၍ ပဝါ ရဏာ၏ နောက်မှ အကြောင်းအရာထင်ငြားအံ့၊ စောဒနာခြင်းငှါ သင့်၏။ ရဟန်းတို့ အကယ်၍ ပဝါ ရဏာ၏ ရှေး၌ အကြောင်းအရာသည်၎င်း ပုဂ္ဂိုလ်သည်၎င်း ထင်ငြားအံ့၊ ထိုဆုံးဖြတ်ခြင်းကို အကယ်၍ ပဝါရဏာပြုပြီးမှ ချောက်ချားငြားအံ့၊ ချောက်ချားခြင်းကြောင့် ဖြစ်သော ပါစိတ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

## ၁၄၄-ငြင်းခုံခြင်းကိုပြုခြင်း

၂၄၀။ တစ်ရံရောအခါ မြင်ဘူးကာမျှ အဆွေခင်ပွန်း ဖြစ်ကြသော အတူသုံးဆောင်ဖော် သုံးဆောင်ဖက် အဆွေခင်ပွန်း ဖြစ်ကြသော များစွာသော ရဟန်းတို့သည် ကောသလတိုင်း ဇနပုဒ်၌ ကျောင်းတကျောင်းဝယ် ဝါကပ်ကုန်၏။ ထိုရဟန်းတို့၏ အနီးအပါး၌ မျက်ကွယ်ငြင်းခုံခြင်း

http://www.dhammadownload.com



ကို ပြုတတ်ကုန်သော မျက်မှောက်ငြင်းခုံခြင်းကို ပြုတတ်ကုန်သော ကိုယ်ထိလက်ရောက် ငြင်းခုံခြင်းကို ပြုတတ်ကုန်သော များစွာသော စကားကို ဆိုတတ်ကုန်သော သံဃာ၌ အဓိကရုဏ်းကို ပြုထတ်ကုန်သော တပါးသော ရဟန်းတို့သည် "ငါတို့သည် ထိုဝါကျွတ်သော ရဟန်းတို့၏ ပဝါရဏာပြုရာ၌ ပဝါရဏာကို ထား [၁] ကုန်အံ့" ဟု (နှလုံးပိုက်ကာ) ဝါကပ်ကုန်၏။

ထိုရဟန်းတို့သည် "ငါတို့၏ အနီးအပါး၌ မျက်ကွယ်ငြင်းခုံခြင်းကို ပြုတတ်ကုန်သော မျက်မှောက်ငြင်းခုံခြင်းကို ပြုတတ်ကုန်သော ကိုယ်ထိလက်ရောက် ငြင်းခုံခြင်းကို ပြုတတ်ကုန်သော များစွာသော စကားကို ဆိုတတ်ကုန်သော သံဃာ၌ အဓိကရုဏ်းကို ပြုတတ်ကုန်သော တပါးသော ရဟန်းတို့သည် ငါတို့သည် ထိုဝါကျွတ်သော ရဟန်းတို့၏ ပဝါရဏာပြုရာ၌ ပဝါရဏာကိုထားကုန်အံ့ ဟု ကြံ၍ ဝါကပ်ကုန်သတတ်" ဟု ကြားကုန်၏၊ အဘယ်သို့လျှင် ငါတို့သည် ကျင့်အပ်ပါသနည်း ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မြင်ဘူးကာမျှ အဆွေခင်ပွန်း ဖြစ်ကြသော အတူသုံးဆောင်ဖော် သုံးဆောင်ဖက် အဆွေခင်ပွန်းဖြစ်ကြသော များစွာသော ရဟန်းတို့သည် ကျောင်းတကျောင်း၌ ဝါကပ်ကုန်၏။ ထိုရဟန်းတို့၏ အနီးအပါး၌ မျက်ကွယ်ငြင်းခုံခြင်းကို ပြုတတ်ကုန်သော မျက်မှောက် ငြင်းခုံခြင်းကို ပြုတတ်ကုန်သော ကိုယ်ထိလက်ရောက် ငြင်းခုံခြင်းကို ပြုတတ်ကုန်သော များစွာသော စကားကို ဆိုတတ်ကုန်သော သံဃာ၌ အဓိကရုဏ်းကို ပြုတတ်ကုန်သော တပါးသော ရဟန်းတို့သည် "ငါတို့သည် ထိုဝါကျွတ်သော ရဟန်းတို့၏ ပဝါရဏာပြုရာ၌ ပဝါရဏာကို ထားကုန်အံ့" ဟု (နှလုံးပိုက်ကာ) ဝါကပ်ကုန်အံ့၊ ရဟန်းတို့ ထိုမြင်ဘူးကာမျှ အဆွေခင်ပွန်း ဖြစ်ကြသော အတူသုံးဆောင်ဖော် သုံးဆောင်ဖက် အဆွေခင်ပွန်း ဖြစ်ကြသော ရဟန်းတို့သည် "အဘယ်သို့လျှင် ငါတို့သည် ထိုငြင်းခုံခြင်းကိုပြုသော ရဟန်းတို့မှ ရှေးဦးစွာ ပဝါရဏာ ပြုရပါကုန်အံ့နည်း" ဟု (နှလုံးပိုက်ကာ) နှစ်ဥပုသ် သုံးဥပုသ်တို့ကို [၂] စာတုဒ္ဒသီ ဥပုသ်တို့ ဟု ပြုစိမ့်သောငှါ ခွင့်ပြု၏။

ရဟန်းတို့ အကယ်၍ မျက်ကွယ်ငြင်းခုံခြင်းကို ပြုတတ်ကုန်သော မျက်မှောက် ငြင်းခုံခြင်းကို ပြုတတ်ကုန်သော ကိုယ်ထိလက်ရောက် ငြင်းခုံခြင်းကို ပြုတတ်ကုန်သော များစွာသော စကားကို ဆိုတတ်ကုန်သော သံဃာ၌ အဓိကရုဏ်းကို ပြုတတ်ကုန်သော ထိုရဟန်းတို့သည် ထိုကျောင်းသို့ လာကုန်ငြားအံ့၊ ရဟန်းတို့ ထိုကျောင်းနေ ရဟန်းတို့သည် လျင်လျင်မြန်မြန် စည်းဝေးစေပြီးလျှင် ပဝါရဏာပြုရမည်၊ ပဝါရဏာပြုပြီးနောက် "ငါ့သျှင်တို့ ငါတို့သည် ပဝါရဏာပြုပြီးကုန်ပြီ၊ အသျှင်တို့သည် အောက်မေ့ကုန်သည့်အတိုင်း ပြုကုန်လော့" ဟု (ပြောဆိုရမည်)။

ရဟန်းတို့ အကယ်၍ မျက်ကွယ်ငြင်းခုံခြင်းကို ပြုတတ်ကုန်သော မျက်မှောက် ငြင်းခုံခြင်းကို ပြုတတ်ကုန်သော ကိုယ်ထိလက်ရောက် ငြင်းခုံခြင်းကို ပြုတတ်ကုန်သော များစွာသော စကားကို ဆိုတတ်ကုန်သော သံဃာ၌ အဓိကရုဏ်းကို ပြုတတ်ကုန်သော ထိုရဟန်းတို့သည် မစီမံပဲ ထိုကျောင်းသို့ လာကုန်ငြားအံ့၊ ရဟန်းတို့ ထိုကျောင်းနေ ရဟန်းတို့သည် နေရာကို ခင်းရမည်၊ ခြေဆေးရေ ခြေဆေး

---

၁။ ထား—တန့်ရပ်ထားခြင်း။

၂။ နှစ်ဥပုသ်ဟူသည် တော်သလင်းလပြည့်နေ့ ဂုဏ်လကွယ်နေ့ နှစ်ဥပုသ်ကိုရှောင်ကာ စာတုဒ္ဒသီဥပုသ်ပြုရမည်၊ သုံးဥပုသ်ဟူသည် ဝါခေါင်လကွယ်နေ့ ဥပုသ်ကို ထည့်သဖြင့် သုံးဥပုသ်ကို စာတုဒ္ဒသီဥပုသ်ပြုရမည် ဟု ယူရမည်၊ ဤသို့ ဥပုသ်နေ့ကို ငင်သည်ရှိသော် သန္နိဋ္ဌ သမ္ဘတ္တပုဂ္ဂိုလ်တို့အား သီတင်းကျွတ်လပြည့်အဖိတ်နေ့သည် ပဝါရဏာနေ့ ဖြစ်၍ ပဝါရဏာပြုရာ၏။

http://www.dhammadownload.com



အင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ထားရမည်၊ ခရီး ကြိုပြုကာ သပိတ်သင်္ကန်းကို လှမ်းယူရမည်၊ သောက်ရေဖြင့် မေးရမည်၊ ထိုရဟန်းတို့အား ပြောကြားပြီးလျှင် သိမ်ပသို့ သွား၍ ပဝါရဏာပြုရမည်။

ပဝါရဏာ ပြုပြီးနောက် "ငါ့သျှင်တို့ ငါတို့သည် ပဝါရဏာ ပြုပြီးကုန်ပြီ၊ အသျှင်တို့သည် အောက်မေ့သည့်အတိုင်း ပြုကုန်လော့" ဟု ပြောဆိုရမည်။ ဤသို့ သိမ်ပသို့ သွားသဖြင့် ထိုပဝါရဏာကိုပြုခြင်းငှါ အကယ်၍ ရငြားအံ့၊ ဤသို့ရခြင်းသည် ကောင်း၏။ အကယ်၍ မရငြားအံ့၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ကျောင်းနေ ရဟန်းသည် ကျောင်းနေ ရဟန်းတို့ကို သိစေရမည်—

"အသျှင်ဘုရားတို့ ကျောင်းနေ ရဟန်းတို့သည် အကျွန်ုပ်၏ (စကားကို) နာတော်မူကုန်လော့၊ အကယ်၍ အသျှင်ဘုရားတို့အား လျောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ ယခုအခါ၌ ဥပုသ်ပြုကုန်အံ့၊ ပါတိမောက်ပြကုန်အံ့၊ လာလတ္တံ့သော သီတင်းကျွတ် လကွယ်နေ့၌ ပဝါရဏာပြုကုန်အံ့" ဟု (သိစေရမည်)။

ရဟန်းတို့ အကယ်၍ မျက်ကွယ်ငြင်းခုံခြင်းကို ပြုတတ်ကုန်သော မျက်မှောက် ငြင်းခုံခြင်းကို ပြုတတ်ကုန်သော ကိုယ်ထိလက်ရောက် ငြင်းခုံခြင်းကို ပြုတတ်ကုန်သော များစွာသောစကားကို ဆိုဘတ်ကုန်သော သံဃာ၌ အဓိကရဏ်းကို ပြုတတ်ကုန်သော ထိုရဟန်းတို့သည် ထိုအာဝါသိက ရဟန်းတို့ကို "ငါ့သျှင်တို့ တောင်းပန်ပါ၏၊ ယခုပင် ငါတို့အား ပဝါရဏာကို ပြုကုန်လော့" ဟု ဆိုကုန်ငြားအံ့၊ ထိုငြင်းခုံခြင်းကို ပြုတတ်ကုန်သော ရဟန်းတို့ကို "ငါ့သျှင်တို့ သင်တို့သည် ငါတို့၏ ပဝါရဏာကို အစိုးမရကုန်၊ ငါတို့သည် ပဝါရဏာမပြုကုန်သေး" ဟု ပြောဆိုရမည်။

ရဟန်းတို့ အကယ်၍ မျက်ကွယ်ငြင်းခုံခြင်းကို ပြုတတ်ကုန်သော မျက်မှောက်ငြင်းခုံခြင်းကို ပြုတတ်ကုန်သော ကိုယ်ထိလက်ရောက် ငြင်းခုံခြင်းကို ပြုတတ်ကုန်သော များစွာသော စကားကို ဆိုဘတ်ကုန်သော သံဃာ၌ အဓိကရဏ်းကို ပြုတတ်ကုန်သော ထိုရဟန်းတို့သည် ထိုအချိန်အခါကို ဆိုင်းငံ့၍ နေကုန်ငြားအံ့၊ ရဟန်းတို့ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ကျောင်းနေ ရဟန်းသည် ကျောင်းနေ ရဟန်းတို့ကို သိစေရမည်—

"အသျှင်ဘုရားတို့ ကျောင်းနေ ရဟန်းတို့သည် အကျွန်ုပ်၏ (စကားကို) နာတော်မူကုန်လော့၊ အကယ်၍ အသျှင်ဘုရားတို့အား လျောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ ယခုအခါ၌ ဥပုသ်ပြုကုန်အံ့၊ ပါတိမောက် ပြကုန်အံ့၊ လာမည့် တန်ဆောင်မုန်းလပြည့်နေ့၌ ပဝါရဏာ ပြုကုန်အံ့" ဟု (သိစေရမည်)။

ရဟန်းတို့ အကယ်၍ မျက်ကွယ်ငြင်းခုံခြင်းကို ပြုတတ်ကုန်သော မျက်မှောက် ငြင်းခုံခြင်းကို ပြုတတ်ကုန်သော ကိုယ်ထိလက်ရောက် ငြင်းခုံခြင်းကို ပြုတတ်ကုန်သော များစွာသော စကားကို ဆိုဘတ်ကုန်သော သံဃာ၌ အဓိကရဏ်းကို ပြုတတ်ကုန်သော ထိုရဟန်းတို့သည် ထိုအာဝါသိက ရဟန်းတို့ကို "ငါ့သျှင်တို့ တောင်းပန်ပါ၏၊ ယခုပင် ငါတို့အား ပဝါရဏာကို ပြုကုန်လော့" ဟု ပြောဆိုကုန်ငြားအံ့၊ ထိုငြင်းခုံခြင်းကို ပြုတတ်သော ရဟန်းတို့ကို "ငါ့သျှင်တို့ သင်တို့သည် ငါတို့၏ ပဝါရဏာကို အစိုးမရကုန်၊ ငါတို့သည် ပဝါရဏာ မပြုကုန်သေး" ဟု ပြောဆိုရမည်။

ရဟန်းတို့ အကယ်၍ မျက်ကွယ်ငြင်းခုံခြင်းကို ပြုတတ်ကုန်သော မျက်မှောက် ငြင်းခုံခြင်းကို ပြုတဘ်ကုန်သော ကိုယ်ထိလက်ရောက် ငြင်းခုံခြင်းကို ပြုတတ်ကုန်သော များစွာသော စကားကို ဆိုတတ်ကုန်သော သံဃာ၌ အဓိကရဏ်းကို ပြုတတ်ကုန်သော ထိုရဟန်းတို့သည် ထိုလာမည့်

http://www.dhammadownload.com



တန်ဆောင်မုန်းလပြည့်နေ့ကို ဆိုင်းငံ့၍ နေကုန်ငြားအံ့၊ ရဟန်းတို့ ထိုအားလုံးသော ရဟန်းတို့သည် ကုမုဒြာကြာပွင့်ချိန် မိုးလေးလအဆုံး လာမည့် တန်ဆောင်မုန်းလပြည့်နေ့၌ အလိုမရှိပဲ ပဝါရဏာ ပြုရမည်။

ရဟန်းတို့ အကယ်၍ ထိုကျောင်းနေ ရဟန်းတို့သည် ပဝါရဏာပြုသည်ရှိသော် နဝကမျှားသော ရဟန်းသည် မနဝကမျှားသော ရဟန်းအား ပဝါရဏာကို ထားငြားအံ့၊ ထိုရဟန်းကို "အသျှင်သည် နဝကမျှား၏၊ နဝကမျှားသော ရဟန်းသည် မေးစိစစ်ခြင်းကို မခံနိုင် ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ငါ့သျှင် အကြင်မျှလောက် အနဝကမရှိသည်ဖြစ်လတ္တံ့၊ ထိုမျှလောက် တိုင်အောင် ဆိုင်းငံ့ပါဦးလော့၊ အနဝကမရှိသောအခါ စောဒနာလိုသည်ရှိသော် စောဒနာရလတ္တံ့" ဟု ပြောဆိုရာ၏။ ဤသို့ ပြောဆိုအပ်ပါလျက် အကယ်၍ စောဒနာငြားအံ့၊ (သိက္ခာပုဒ်ကို) မရှိသေခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။

ရဟန်းတို့ အကယ်၍ ထိုကျောင်းနေ ရဟန်းတို့သည် ပဝါရဏာပြုသည်ရှိသော် မနဝကမျှားသော ရဟန်းသည် နဝကမျှားသော ရဟန်းအား ပဝါရဏာထားငြားအံ့၊ ထိုရဟန်းကို "ငါ့သျှင် ဤရဟန်းသည် နဝကမျှား၏၊ နဝကမျှားသော ရဟန်းသည် မေးစိစစ်ခြင်းကို မခံနိုင် ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ငါ့သျှင် အကြင်မျှလောက် ဤရဟန်းသည် အနဝကမရှိသည် ဖြစ်လတ္တံ့၊ ထိုမျှလောက်တိုင်အောင် ဆိုင်းငံ့ပါဦးလော့၊ အနဝကမရှိသောအခါ စောဒနာလိုက စောဒနာရလတ္တံ့" ဟု ပြောဆိုရာ၏။ ဤသို့ ပြောဆိုပါလျက် အကယ်၍ စောဒနာငြားအံ့၊ (သိက္ခာပုဒ်ကို) မရှိသေခြင်းကြောင့် ပါစိတ်အာပတ် သင့်၏။

ရဟန်းတို့ အကယ်၍ ထိုကျောင်းနေ ရဟန်းတို့သည် ပဝါရဏာပြုသည်ရှိသော် နဝကမျှားသော ရဟန်းသည် နဝကမျှားသော ရဟန်းအား ပဝါရဏာ ထားငြားအံ့၊ ထိုရဟန်းကို "အသျှင်တို့သည် နဝကမျှားကုန်၏၊ နဝကမျှားသော ရဟန်းသည် မေးစိစစ်ခြင်းကို မခံနိုင် ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ငါ့သျှင်တို့ အကြင်မျှလောက် အနဝကမရှိသည် ဖြစ်လတ္တံ့၊ ထိုမျှလောက်တိုင်အောင် ဆိုင်းငံ့ပါဦးလော့၊ အနဝကမရှိသောအခါ စောဒနာလိုက စောဒနာရလတ္တံ့" ဟု ပြောဆိုရာ၏။ ဤသို့ ပြောဆိုပါလျက် အကယ်၍ စောဒနာငြားအံ့၊ (သိက္ခာပုဒ်ကို) မရှိသေခြင်းကြောင့် ပါစိတ်အာပတ် သင့်၏။

ရဟန်းတို့ အကယ်၍ ထိုကျောင်းနေ ရဟန်းတို့သည် ပဝါရဏာပြုသည်ရှိသော် မနဝကမျှားသော ရဟန်းသည် မနဝကမျှားသော ရဟန်းအား ပဝါရဏာကို ထားငြားအံ့၊ နှစ်ပါးသော ရဟန်းတို့ကို သံဃာသည် စိစစ်၍ မေးမြန်းပြီးလျှင် တရားအားလျော်စွာ ကုစားစေ၍ သံဃာသည် ပဝါရဏာပြုရမည် ဟု (မိန့်တော်မူ၏)။

## ၁၄၅-ပဝါရဏာဖြင့် သင်္ဂြိုဟ်ထောက်ပံ့ခြင်း

၂၄၁။ တရံရောအခါ ကောသလတိုင်း ဇနပုဒ်တို့တွင် ကျောင်းတကျောင်းဝယ် မြင်ဘူးကာမျှ အဆွေခင်ပွန်း ဖြစ်ကုန်သော အတူသုံးဆောင်ဖော် သုံးဆောင်ဖက် အဆွေခင်ပွန်းဖြစ်ကုန်သော များစွာသော ရဟန်းတို့သည် ဝါကပ်ကုန်၏၊ ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိပဲ နေကြသော ထိုရဟန်းတို့အား အမှတ်မရှိသော (သမထဝိပဿနာမှုဖြင့်) ချမ်းသာစွာ နေခြင်းကို ရ၏။

ထိုအခါ ထိုရဟန်းတို့အား "ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိပဲ နေကုန်သော ငါတို့အား အမှတ်မရှိသော (သမထဝိပဿနာမှုဖြင့်) ချမ်းသာစွာနေခြင်းကိုရ၏၊ အကယ်၍ ငါတို့

http://www.dhammadownload.com



သည် ယခုအခါ၌ ပဝါရဏာ ပြုကုန်ငြားအံ့၊ အချို့သော ရဟန်းတို့သည် ပဝါရဏာပြုပြီးလျှင် ဒေသစာရီ လှည့်လည်ဖဲသွားကုန်ရာ၏၊ ဤသို့ သွားသည်ရှိသော် ငါတို့သည် ဤချမ်းသာစွာ နေခြင်းမှအပ ဖြစ်ကုန်အံ့၊ အဘယ်သို့လျှင် ငါတို့သည် ကျင့်အပ်ပါသနည်း” ဟု အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကျောင်းတကျောင်းဝယ် မြင်ဘူးကာမျှ အဆွေခင်ပွန်းဖြစ်ကုန်သော အတူ သုံးဆောင်ဖော် သုံးဆောင်ဖက် အဆွေခင်ပွန်းဖြစ်ကုန်သော များစွာသော ရဟန်းတို့သည် ဝါကပ်ကုန်၏၊ ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိပဲ နေကြသော ထိုရဟန်းတို့အား အမှတ်မရှိသော (သမထဝိပဿနာမှုဖြင့်) ချမ်းသာစွာ နေခြင်းကိုရ၏။

ထိုသို့ရရာ၌ အကယ်၍ ရဟန်းတို့အား “ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိပဲ နေကုန်သော ငါတို့အား အမှတ်မရှိသော (သမထဝိပဿနာမှုဖြင့်) ချမ်းသာစွာနေခြင်းကို **ရ၏၊** အကယ်၍ ငါတို့သည် ယခုအခါ ပဝါရဏာ ပြုကုန်ငြားအံ့၊ အချို့သော ရဟန်းတို့သည် ပဝါရဏာ ပြုပြီးလျှင် ဒေသစာရီ လှည့်လည် ဖဲသွားကုန်ရာ၏၊ ဤသို့ ဖဲသွားသည်ရှိသော် ငါတို့သည် ဤချမ်းသာစွာ နေခြင်းမှ အပဖြစ်ကုန်အံ့” ဟု အကြံဖြစ်ငြားအံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် ပဝါရဏာသင်္ဂြိုဟ် ထောက်ပံ့ခြင်းကို ပြုခြင်းငှါ ခွင့်ပြု၏၊ ရဟန်းတို့ ဤသို့ ပြုရမည်၊ အားလုံးသော ရဟန်းတို့သည် တပေါင်းတည်း စည်းဝေးရမည်၊ စည်းဝေးပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိပဲ နေကုန်သော ငါတို့အား အမှတ်မရှိသော (**သမထ**ဝိပဿနာမှုဖြင့်) ချမ်းသာစွာ နေခြင်းကိုရ၏၊ အကယ်၍ ငါတို့သည် ယခုအခါ ပဝါ**ရဏာ** ပြုကုန်ငြားအံ့၊ အချို့သော ရဟန်းတို့သည် ပဝါရဏာပြုပြီးလျှင် ဒေသစာရီ လှည့်လည်ဖဲ**သွား**ကုန်ရာ၏၊ ဤသို့ ဖဲသွားသည်ရှိသော် ငါတို့သည် ဤချမ်းသာစွာ နေခြင်းမှ အပဖြစ်ကုန်**အံ့၊** အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ပဝါရဏာ သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို ပြုရာ၏၊ ယခုအခါ၌ ဥပုသ်ပြုရာ၏၊ ပါတိမောက်ပြ**ရာ၏၊** ကမုဒြာကြာပွင့်ချိန် မိုးလေးလအဆုံး လာမည့်တန်ဆောင်မုန်းလပြည့်နေ့၌ ပဝါရဏာပြု**ရာ၏၊** ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိပဲ နေကုန်သော ငါတို့အား အမှတ်မရှိသော (သမထဝိပဿနာမှုဖြင့်) ချမ်းသာစွာနေခြင်းကို ရ၏၊ အကယ်၍ ငါတို့သည် ယခုအခါ ပဝါရဏာ ပြုကုန်ငြားအံ့၊ အချို့သော ရဟန်းတို့သည် ပဝါရဏာပြုပြီးလျှင် ဒေသစာရီ လှည့်လည်ဖဲသွားကုန်ရာ၏၊ ဤသို့ ဖဲသွားသည်ရှိသော် ငါတို့သည် ဤချမ်းသာစွာ နေခြင်းမှ အပဖြစ်ကုန်အံ့၊ သံဃာသည် ပဝါရဏာ သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို ပြုရာ၏၊ ယခုအခါ၌ ဥပုသ်ပြုအံ့၊ ပါတိမောက်ပြအံ့၊ ကမုဒြာကြာပွင့်ချိန် မိုးလေးလအဆုံး လာမည့်တန်ဆောင်မုန်းလပြည့်နေ့၌ ပဝါရဏာပြုအံ့၊ ယခုအခါ၌ ဥပုသ်ပြုအံ့၊ ပါတိမောက်ပြအံ့၊ ကမုဒြာကြာပွင့်ချိန် မိုးလေးလအဆုံး လာမည့်တန်ဆောင်မုန်းလပြည့်နေ့၌ ပဝါရဏာပြုအံ့ ဟု ပဝါရဏာ သင်္ဂြိုဟ်ထောက်ပံ့**ခြင်းကို** ပြုခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ **အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။**

http://www.dhammadownload.com



သံဃာသည် ယခုအခါ ဥပုသ်ပြုအံ့၊ ပါတိမောက်ပြအံ့၊ ကုမုဒြာကြာပွင့်ချိန် မိုးလေးလအဆုံး လာမည့်တန်ဆောင်မုန်း လပြည့်နေ့၌ ပဝါရဏာပြုအံ့ ဟု ပဝါရဏာသင်္ဂြိုဟ်ထောက်ပံ့ခြင်းကို ပြုအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ရဟန်းတို့ အကယ်၍ ထိုကျောင်းနေ ရဟန်းတို့သည် ပဝါရဏာကို သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို ပြုအပ်သည် ရှိသော် တပါးသော ရဟန်းသည် "ငါ့သျှင်တို့ ငါသည် ဇနပုဒ်သို့ ဒေသစာရီ လှည့်လည်သွားလာခြင်းငှါ အလိုရှိ၏၊ ငါ့အား ဇနပုဒ်၌ ပြုဖွယ်ကိစ္စသည်ရှိ၏" ဟု ပြောဆိုငြားအံ့၊ ထိုရဟန်းကို "ငါ့သျှင် တောင်းပန်ပါ၏၊ ပဝါရဏာပြုပြီးမှ သွားပါလော့" ဟု ပြောဆိုရာ၏။ ရဟန်းတို့ အကယ်၍ ထိုရဟန်းသည် ပဝါရဏာ ပြုသည်ရှိသော် တပါးသောရဟန်းအား ပဝါရဏာကို ထားအံ့၊ ထိုရဟန်းကို "ငါ့သျှင် သင်သည် အကျွန်ုပ်၏ ပဝါရဏာကို အစိုးမရ၊ ငါသည် ပဝါရဏာ မပြုသေး" ဟု ပြောဆိုရာ၏။ ရဟန်းတို့ အကယ်၍ ပဝါရဏာပြုသော ထိုရဟန်းအား တပါးသော ရဟန်းသည် ထိုရဟန်း၏ ပဝါရဏာကို ထားငြားအံ့၊ နှစ်ပါးသော ရဟန်းတို့ကို သံဃာသည် စိစစ်မေးမြန်းပြီးလျှင် တရားအားလျော်စွာ ဆုံးဖြတ်ရမည်။

ရဟန်းတို့ အကယ်၍ ထိုရဟန်းသည် ဇနပုဒ်၌ ထိုပြုဖွယ်ကိစ္စကို ပြီးဆုံးစေပြီးနောက် တဖန် ကုမုဒြာကြာပွင့်ချိန် မိုးလေးလအဆုံး တန်ဆောင်းမုန်း လပြည့်အတွင်း၌ ထိုကျောင်းသို့ ပြန်လာ ငြားအံ့၊ ရဟန်းတို့ အကယ်၍ ထိုရဟန်းတို့သည် ပဝါရဏာပြုသည်ရှိသော် တပါးသော ရဟန်းသည် ထိုရဟန်းအား ပဝါရဏာကို ထားအံ့၊ ထိုရဟန်းကို "ငါ့သျှင် သင်သည် အကျွန်ုပ်၏ ပဝါရဏာကို အစိုးမရ၊ ငါသည် ပဝါရဏာ ပြုပြီးပြီ" ဟု ပြောဆိုရမည်။

ရဟန်းတို့ အကယ်၍ ထိုရဟန်းတို့သည် ပဝါရဏာ ပြုသည်ရှိသော် ထိုရဟန်းသည် တပါးသော ရဟန်း၏ ပဝါရဏာကို ထားငြားအံ့၊ နှစ်ပါးသော ရဟန်းတို့ကို သံဃာသည် စိစစ်မေးမြန်းပြီးလျှင် တရားအားလျော်စွာ ကုစားစေ၍ သံဃာသည် ပဝါရဏာ ပြုရမည် ဟု (မိန့်တော်မူ၏)။

စတုတ္ထပဝါရဏာကန္ဓက ပြီး၏။

---

## ၁၄၆–ထိုပဝါရဏာကန္ဓက၏ အကျဉ်းချုပ်

ကောသလတိုင်း ဇနပုဒ်၌ ဝါကျွတ်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် ကြွလာခြင်း၊ နွား ဆိတ် တိတ္ထိတို့၏ နေခြင်းနှင့်တူသော မချမ်းသာသော နေခြင်းကို ချမ်းသာစွာနေကုန်၏ ဟု ဝန်ခံခြင်း၊ အချင်းချင်း မဆန့်ကျင်သော အဖြစ် တိတ္ထိတို့၏ အကျင့်ကို ဆောက်တည်ခြင်းကို ကဲ့ရဲ့တော်မူခြင်း။

ပဝါရဏာပြုသော ရဟန်းတို့သည် မညီညွတ်ခြင်း ပဝါရဏာကံလေးပါး၊ နာသောရဟန်း၊ အဆွေအမျိုးတို့သည် ဖမ်းခြင်း၊ မင်း ခိုးသူ သေသောက်ကြူး ရန်သူရဟန်းတို့က ဖမ်းခြင်း။

ငါးပါးသောရဟန်း လေးပါးသောရဟန်း သုံးပါးသောရဟန်း နှစ်ပါးသော ရဟန်း တပါးသော ရဟန်းတို့ ပဝါရဏာပြုပုံ ပြုဟန်အကြောင်း၊ အာပတ်သင့်သောရဟန်း အာပတ်၌ ယုံမှားသော ရဟန်း အာပတ်သင့်သည်ကို အောက်မေ့ခြင်း သံဃာအားလုံး ယုံမှားရှိခြင်း အလွန်

http://www.dhammadownload.com



များစွာသော ရဟန်းတို့ လာခြင်း တူမျှသောရဟန်းတို့ လာခြင်း နည်းသောရဟန်းတို့ လာခြင်း။

ကျောင်းနေရဟန်းတို့အား စာတုဒ္ဒသီပဝါရဏာကို ခွင့်ပြုတော်မူခြင်း၊ ကျောင်းနေအာဂန္တုက တို့ရှိသောရဟန်း နှစ်ပါးသော နာနာသံဝါသက သမာနသံဝါသကရဟန်းတို့ အကြောင်း၊ သွားသင့်ခြင်း ပဏ္ဍုကမ္ဗလသိလာ စသည်ရှိသည့် နေရာ၌ ပဝါရဏာမပြုအပ်ခြင်း၊ ဆန္ဒပေးပြီး၍ သိုးလေပြီးမှ ပဝါရဏာပြုခြင်း။

လူရှိင်းဘေးတို့နှင့် တကွ ညဉ့်ကုန်ရခြင်း အကြောင်း၊ သည်းထန်စွာ သော မိုးကြီးအကြောင်း သားရဲစသော အန္တရာယ်အကြောင်း၊ ဒွေဝါစိက ပဝါရဏာ ကို ခွင့်မပြုခြင်းအကြောင်း၊ ငါတို့၏ ရှေးဦးစွာ ပဝါရဏာကိုထားခဲ့သော ရဟန်းအား ပဝါရဏာထားသင့် မထားသင့်အကြောင်း။

အဘယ်ဝတ္ထုကြောင့် ပဝါရဏာကို ထားသနည်း ဤသို့စသည်ကိုပြခြင်း၊ အဘယ်ဝိပ္ပတ္တိနည်း 'အဘယ်ပျက်စီးခြင်းနည်း' ဟု မေးခြင်း၊ မြင်ခြင်းဖြင့် ထားသလော ကြားခြင်းဖြင့် ထားသလော ယုံမှားခြင်းဖြင့် ထားသလော ဟု မေးခြင်း၊ စောဒနာတတ်သော ရဟန်းကို ပြခြင်း၊ စောဒနာ အပ်သော ရဟန်းကို ပြခြင်း၊ ထုလ္လစ္စည်း အာပတ် ဝတ္ထုကိုထားခြင်း၊ ငြင်းခုံခြင်းကို ပြုတတ်သော ရဟန်းကိုပြခြင်း၊ ပဝါရဏာကို သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို ပြုခြင်း၊ ပဝါရဏာကို အစိုးမရခြင်း၊ ပဝါရဏာနေ့၌ ပဝါရဏာ ပြုရခြင်း၊ ဤကား အကျဉ်းချုပ်တည်း။

ဤပဝါရဏာက္ခန္ဓက၌ ဝတ္ထုပေါင်းကား လေးဆယ့်ခြောက် ဝတ္ထုတို့တည်း။

**ပဝါရဏာက္ခန္ဓက ပြီး၏။**

http://www.dhammadownload.com

# ၅—စမ္မက္ခန္ဓက

## ၁၄၇-သောဏကောဋိဝိသဝတ္ထု

၂၄၂။ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံး နေတော်မူသောအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် ရှစ်သောင်းသော ရွာတို့၌ စိုးမိုးအုပ်ချုပ်မင်းလုပ်နေ၏။

ထိုအခါ စမ္ပာမြို့ဝယ် ကောဋိဝိသအမျိုး၌ ဖြစ်သော သောဏမည်သော သူဌေးသားသည် နူးညံ့သိမ်မွေ့၏၊ ထိုသောဏ၏ ခြေဖဝါးအပြင်တို့၌ အမွေးတို့သည် ပေါက်ကုန်၏ ။ထိုအခါ မဂဓတိုင်း ရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် ထိုရှစ်သောင်းသောရွာသားတို့ကို စည်းဝေးစေ၍ တစုံ တရာ ပြုဖွယ်ကိစ္စဖြင့် ကောဋိဝိသအမျိုး၌ ဖြစ်သော သောဏ၏ အထံသို့ "သောဏ လာစေ သောဏ၏ လာခြင်းကို အလိုရှိ၏" ဟု တမန်စေလွှတ်၏။

ထိုအခါ ကောဋိဝိသအမျိုး၌ဖြစ်သော သောဏ၏ အမိအဖတို့သည် ကောဋိဝိသအမျိုး၌ ဖြစ်သော သောဏကို "ချစ်သားသောဏ မင်းကြီးသည် သင်၏ ခြေတို့ကို ကြည့်ရှုလို၏၊ ချစ်သား သောဏ သင်သည် မင်းကြီးရှိရာအရပ်သို့ ခြေတို့ကို မဆန့်လင့်၊ မင်းကြီး၏ရှေ့၌ ထက်ဝယ်ဖွဲ့ခွေ သဖြင့် ထိုင်နေလော့၊ မင်းကြီးသည် ထိုင်နေသော သင်၏ ခြေတို့ကို မြင်လတ္တံ့" ဟု ပြောဆို ကုန်၏။ ထိုအခါ ကောဋိဝိသအမျိုး၌ ဖြစ်သော သောဏကို ထမ်းစင်ဖြင့် ယူဆောင်ကုန်၏။ ထိုအခါ၌ ကောဋိဝိသအမျိုး၌ ဖြစ်သော သောဏသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီး ထံသို့ ချဉ်းကပ်၍ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးကို ရှိခိုးပြီးလျှင် မင်းကြီးရှေ့၌ ထက်ဝယ်ဖွဲ့ခွေသဖြင့် ထိုင်နေ၏ ။

မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် ကောဋိဝိသ အမျိုး၌ဖြစ်သော သောဏ၏ ခြေဖဝါးအပြင်တို့၌ ပေါက်ရောက်သော အမွေးတို့ကိုမြင်၏။ ထိုအခါ မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းကြီးသည် ထိုရှစ်သောင်းသော ရွာသားတို့ကို ပစ္စုပ္ပန်ဘဝ၌ ခံစားအပ်သော အကျိုးတို့ကို ဆုံးမ၍ "အချင်းတို့ ပစ္စုပ္ပန်ဘဝ၌ ခံစားအပ်သော အကျိုးစီးပွါး၌ ငါသည် သင်တို့ကို ဆုံးမအပ်ကုန်ပြီ၊ သွားကုန်လော့၊ ထိုမြတ်စွာဘုရားကို ဆည်းကပ်ကုန်လော့၊ ထိုငါတို့၏ မြတ်စွာဘုရားသည် တမလွန်ဘဝ၌ဖြစ်သော အကျိုးစီးပွါး၌ ဆုံးမလတ္တံ့" ဟု (ဆို၍) လွှတ်လိုက်၏၊ ထို့နောက် ထိုရှစ်သောင်းသော ရွာသားတို့သည် ဂိဇ္ဈကုဋ်တောင်သို့ ကပ်ကုန်၏။

ထိုအခါ အသျှင်သာဂတသည် မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်၏။ ထိုအခါ ထိုရှစ်သောင်း သော ရွာသားတို့သည် အသျှင်သာဂတထံသို့ ချဉ်းကပ်၍ အသျှင်သာဂတကို "အသျှင်ဘုရား ဤ ရှစ်သောင်းသော ရွာသားတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ ဤကျောင်းတော်သို့ ကပ်ရောက် လာကုန်၏၊ တောင်းပန်ပါသည် အသျှင်ဘုရား၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ ရလိုပါကုန်၏" ဟု လျှောက်ကုန်၏။

ဒါယကာတို့ သင်တို့သည် ထိုသို့ ဖူးမြော်လိုကြမူ ငါသည် မြတ်စွာဘုရားကို လျှောက်ချဉ်းအံ့၊ အနည်းငယ် ဘာဏာ၍ ဤအရပ်၌ နေကြပါဦးလော့ ဟု (ပြောဆို၏)။

http://www.dhammadownload.com



ထိုအခါ အသျှင်သာဂတသည် ကြည့်ရှုနေကြသော ထိုရှစ်သောင်းသော ရွာသားတို့ရှေ့၌ ဖင် ခင်းထားသော လှေကားဦးကျောက်ဖျာ၌ ငုပ်၍ မြတ်စွာဘုရား၏ ရှေ့တော်၌ ပေါ်လျက် မြတ်စွာဘုရားကို "အသျှင်ဘုရား ဤရှစ်သောင်းသော ရွာသားတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ ဤကျောင်းတော်သို့ ကပ်ရောက်လာပါကုန်၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် ယခုအခါ၌ အချိန်အခါကို သိတော်မူပါလော့" ဟု လျှောက်၏။

သာဂတ ထိုသို့ ဖူးမြော်လိုကြမူ သင်သည် ကျောင်းစွန်အရိပ်၌ နေရာကို ခင်းထားလော့ ဟု မိန့်တော်မူ၏။ "ကောင်းပါပြီ အသျှင်ဘုရား" ဟု အသျှင်သာဂတသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် အင်းပျဉ်ကို ယူ၍ မြတ်စွာဘုရား၏ ရှေ့တော်မှ ငုပ်၍ ကြည့်ရှုနေကြသော ထိုရှစ်သောင်းသော ရွာသားတို့ ရှေ့၌ပင် ခင်းထားသော လှေကားဦး ကျောက်ဖျာ၌ ပေါ်လျက် ကျောင်းစွန်အရိပ်၌ နေရာခင်းထား၏။ ထိုအခါ မြတ်စွာဘုရားသည် ကျောင်းတော်မှထွက်၍ ကျောင်းစွန်အရိပ်ဝယ် ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏။

ထိုအခါ ထိုရှစ်သောင်းသော ရွာသားတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကုန်၏။ ထိုအခါ ထိုရှစ်သောင်းသော ရွာသားတို့သည် အသျှင်သာဂတကိုသာလျှင် နှလုံးသွင်းကုန်၏၊ မြတ်စွာဘုရားကိုကား နှလုံးမသွင်းကုန်။ ထိုအခါ မြတ်စွာဘုရားသည် ထိုရှစ်သောင်းသော ရွာသားတို့၏ စိတ်အကြံကို ကိုယ်တော်၏ စိတ်တော်ဖြင့် သိ၍ အသျှင်သာဂတကို "သာဂတ သို့ဖြစ်လျှင် သင်သည် အတိုင်းထက် အလွန် လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တရားဖြစ်သော တန်ခိုးပြာဋိဟာကို ပြလော့" ဟု မိန့်တော်မူ၏။

"ကောင်းပါပြီ အသျှင်ဘုရား" ဟု အသျှင်သာဂတသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ကောင်းကင်သို့ ပျံတက်၍ ရေးခြစ်မထင် ထက်ကောင်းကင်၌ စင်္ကြံလည်း သွား၏၊ ရပ်လည်းရပ်၏၊ ထိုင်လည်းထိုင်၏၊အိပ်ခြင်းကိုလည်း ပြု၏၊ အခိုးကိုလည်း လွှတ်၏၊ အလျှံကိုလည်း လွှတ်၏၊ ကွယ်လည်း ကွယ်ပျောက်၏၊ ထိုနောက် အသျှင်သာဂတသည် ရေးခြစ်မထင် ထက်ကောင်းကင်၌ လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တရားဖြစ်သော များစွာသော တန်ခိုးပြာဋိဟာကို ပြပြီးလျှင် မြတ်စွာဘုရား၏ ခြေတို့၌ ဦးခိုက်၍ မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဆရာပါတည်း အကျွန်ုပ်သည် တပည့်ပါတည်း အသျှင်ဘုရား။ပ။ တည်း" ဟု လျှောက်၏။

ထိုအခါ ထိုရှစ်သောင်းသော ရွာသားတို့သည် "အချင်းတို့ အံ့ဖွယ်ဖြစ်၏၊ မဖြစ်ဘူးမြဲဖြစ်၏၊ တပည့်သော်မှလည်း ဤသို့ တန်ခိုးကြီးသေး၏။ ဤသို့ အာနုဘော်ကြီးသေး၏၊ ဆရာမူကား သာလွန်၍ အံ့ဩဖွယ် မဖြစ်ပါလော" ဟု (အောက်မေ့ကြကာ) မြတ်စွာဘုရားကိုသာလျှင် နှလုံးသွင်းကုန်၏၊ အသျှင်သာဂတကိုကား နှလုံးမသွင်းကုန်။

ထိုအခါ မြတ်စွာဘုရားသည် ထိုရှစ်သောင်းသော ရွာသားတို့၏ စိတ်အကြံကို ကိုယ်တော်၏ စိတ်ဖြင့် သိတော်မူ၍ အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်တို့ကား အဘယ်နည်း—

ဒါနနှင့်စပ်သော စကား သီလနှင့် စပ်သော စကား နတ်ပြည်နှင့် စပ်သော စကား ကာမဂုဏ်တို့၏ အပြစ် ယုတ်ညံ့ခြင်း ညစ်ညူးခြင်း (ကာမဂုဏ်)တို့မှ ထွက်မြောက်ခြင်း၌ အကျိုးတို့ကို ပြတော်မူ၏။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ထိုရှစ်သောင်းသော ရွာသားတို့၌ ခံ့သော့စိတ် နူးညံ့သော စိတ် အပိတ်အပင် 'နီဝရဏမှ' ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သော စိတ်ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော်သိမြင်ပြီးသော 'သာမုက္ကံသိက' တရားဒေသနာတော်ဖြစ်သော ဆင်းရဲခြင်း 'ဒုက္ခသစ္စာ' ကိုငှင်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယသစ္စာ' ကိုငှင်း ဆင်းရဲချုပ်ရာ 'နိရောဓသစ္စာ' ကိုငှင်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ် 'မဂ္ဂသစ္စာ' ကိုငှင်း ပြတော်မူ၏၊ မည်းညစ်ခြင်းကင်း၍ ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူရာသကဲ့သို့ ထိုရှစ်သောင်းသော ရွာသားတို့အား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်း သဘောရှိ၏" ဟု ကိလေသာ မြူအညစ်အကြေးမှ ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ဖြစ်ပေါ်၏။

ထိုရှစ်သောင်းသောရွာသားတို့သည် တရားကိုမြင်ပြီးသည်ဖြစ်၍ တရားသို့ ရောက်ပြီးသည်ဖြစ်၍ တရားကိုသိပြီးသည်ဖြစ်၍ တရားသို့ သက်ဝင်ပြီးသည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍ သို့လော သို့လော (တွေးတောခြင်း) ကင်းပြီးသည်ဖြစ်၍ မြတ်စွာဘုရား သာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည်ဖြစ်၍ ဘုရားမှတပါး ကိုးစားထိုက်သူ မရှိသည်ဖြစ်၍ မြတ်စွာဘုရားအား—

"အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ငှင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ငှင်း မျက်စိလည်သောသူအားလမ်းကို ပြောကြားဘိသကဲ့သို့ငှင်း 'မျက်စိရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ငှင်း အသျှင်ဘုရား ဤအတူသာလျှင် မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် တရားကို ပြတော်မူပါပေ၏၊ အသျှင်ဘုရား ထိုအကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာတို့ ဟူ၍ မှတ်တော်မူပါ" ဟု လျှောက်ကုန်၏။

## သောဏရဟန်းဖြစ်ခြင်း

၂၄၃။ ထိုအခါ ကောဠိဝိသအမျိုး၌ဖြစ်သော သောဏအား "ငါသည် မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း တရားတော်ကို သိ၏၊ လူ့ဘောင်၌နေသော သူသည် ဤမြတ်သော အကျင့်ကို စင်စစ်ပြည့်စုံစွာ စင်စစ်စင်ကြယ်စွာ ခရုသင်းပွတ်သစ်နှင့်တူစွာ ကျင့်ခြင်းငှါ မလွယ်ကူချေ၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ" ဟု အကြံဖြစ်၏ ။

ထိုအခါ၌ ထိုရှစ်သောင်းသောရွာသားတို့သည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားကို အလွန်နှစ်သက် ဝမ်းမြောက်ကုန်သည်ဖြစ်၍ နေရာမှထလျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွားကုန်၏။

http://www.dhammadownload.com



ထိုအခါ ကောဠိဝိသအမျိုး၌ဖြစ်သော သောဏသည် ထိုရှစ်သောင်းသော ရွာသားတို့ ဖဲသွား၍ မကြာမီ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးသော် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ထိုင်၏၊ တခုသော နေရာ၌ ထိုင်ပြီးသော် ကောဠိဝိသအမျိုး၌ဖြစ်သော သောဏသည် မြတ်စွာဘုရားကို "အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း တရားတော်ကိုသိရပါ၏၊ လူ့ဘောင်၌ နေသူသည် ဤမြတ်သောအကျင့်ကို စင်စစ်ပြည့်စုံစွာ စင်စစ်စင်ကြယ်စွာ ခရုသင်း ပွတ်သစ်နှင့်တူစွာ ကျင့်ခြင်းငှါ မလွယ်ကူပါ၊ အသျှင်ဘုရား အကျွန်ုပ်သည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လိုပါသည်၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို ရှင်ရဟန်းပြုတော်မူပါ" ဟု လျှောက်၏။

ကောဠိဝိသအမျိုး၌ဖြစ်သော သောဏသည် မြတ်စွာဘုရား၏အထံ၌ ရှင့်အဖြစ်ကို ရ၏၊ ရဟန်း အဖြစ်ကိုလည်း ရ၏၊ ရဟန်းဖြစ်၍ မကြာမီ အသျှင်သောဏသည် ယင်းတိုက်တော၌ သီတင်းသုံးနေ၏၊ အလွန်အားထုတ်သော ဝီရိယရှိသည်ဖြစ်၍ စင်္ကြံသွားသော ထိုသောဏ၏ ခြေဖဝါးတို့သည် ကွဲကုန် ၏၊ စင်္ကြံသည် နွားသတ်ရာအရပ်ကဲ့သို့ သွေးဖြင့်လိမ်းကျံလေ၏။ ထိုအခါ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် တိတ်ဆိတ်စွာနေသော အသျှင်သောဏအား "မြတ်စွာဘုရား၏ အားလုံးသော တပည့် သားတို့သည် အားထုတ်သောဝီရိယရှိကုန်သည်ဖြစ်၍ နေကုန်၏၊ ထိုသူတို့တွင် ငါသည် တပါးအပါ အဝင်ဖြစ်၏၊ ထိုသို့ဖြစ်ပါလျက် ငါ၏ စိတ်သည် တဏှာဒိဋ္ဌိအားဖြင့် တစုံတခုသော အာရုံကို မစွဲလမ်းပဲ အာသဝေါတရားတို့မှ လွတ်သည်မဟုတ်၊ ငါ၏ အိမ်၌ စည်းစိမ်ဥစ္စာတို့သည် ရှိကုန်၏၊ စည်းစိမ်ဥစ္စာ တို့ကို ခံစားခြင်းငှါရင်း ကောင်းမှုတို့ကို ပြုခြင်းငှါရင်း တတ်ကောင်း၏၊ ငါသည် လူထွက်ပြီးလျှင် စည်းစိမ်ဥစ္စာတို့ကိုလည်း ခံစားရမူ ကောင်းမှုတို့ကိုလည်း ပြုရမူ ကောင်းလေစွ" ဟု စိတ်အကြံဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်သောဏ၏ စိတ်အကြံကို ကိုယ်တော်၏စိတ်ဖြင့် သိတော် မူ၍ အားရှိသော ယောကျာ်းသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ရင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ရင်း ဤအတူသာလျှင် ဂိဇ္ဈကုဋ်တောင်မှ ကွယ်ခဲ့၍ ယင်းတိုက်တော၌ ထင်ရှား ဖြစ်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းတို့နှင့်အတူ ကျောင်းစဉ် ဒေသစာရီ လှည့် လည်သည်ရှိသော် အသျှင်သောဏ၏ စင်္ကြံသို့ ချဉ်းကပ်၏။ မြတ်စွာဘုရားသည် သွေးဖြင့် လိမ်းကျံ နေသော အသျှင်သောဏ၏ စင်္ကြံကို မြင်တော်မူ၍ "ရဟန်းတို့ နွားသတ်ရာအရပ်ကဲ့သို့ သွေးဖြင့် ပြန့်နှံ့နေသော ဤစင်္ကြံသည် အဘယ်ရဟန်း၏ စင်္ကြံနည်း" ဟု ရဟန်းတို့အားမေးတော်မူ၏။

အသျှင်ဘုရား အလွန်အားထုတ်သော ဝီရိယရှိသည်ဖြစ်၍ စင်္ကြံသွားသော အသျှင်သောဏ ၏ ခြေဖဝါးတို့သည် ကွဲကုန်၏၊ နွားသတ်ရာအရပ်ကဲ့သို့ သွေးဖြင့် လိမ်းကျံနေသော ဤစင်္ကြံကား ထိုသောဏ၏ စင်္ကြံပါတည်း ဟု (လျှောက်ကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်သောဏမထေရ်၏ ကျောင်းသို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်တော်မူ၏၊ အသျှင်သောဏသည်လည်း မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏။ တခုသောနေရာ၌ ထိုင်နေသော အသျှင်သောဏကို မြတ်စွာဘုရားသည် "သောဏ ဆိတ်ငြိမ်ရာအရပ်သို့ကပ်လျက် တိတ်ဆိတ်စွာနေသော သင့်အား မြတ်စွာဘုရား၏ အားလုံးသော တပည့်သားတို့သည် အားထုတ်သော ဝီရိယရှိကုန်သည်ဖြစ်၍ နေကုန်၏၊ ထိုသူတို့တွင် ငါသည် တပါးအပါအဝင်ဖြစ်၏၊ ထိုသို့ဖြစ်ပါလျက် ငါ၏ စိတ်သည် တဏှာဒိဋ္ဌိအားဖြင့် တစုံတခုသော အာရုံကို

http://www.dhammadownload.com



မစွဲလမ်းပဲ အာသဝေါတရားတို့မှ လွတ်သည်မဟုတ်၊ ငါ၏ အိမ်၌ စည်းစိမ်ဥစ္စာတို့သည် ရှိကုန်၏၊ စည်းစိမ်ဥစ္စာတို့ကို ခံစားခြင်းငှါလည်း ကောင်းမှုတို့ကို ပြုခြင်းငှါလည်း တတ်ကောင်း၏၊ ငါသည် လူထွက်ပြီးလျှင် စည်းစိမ်ဥစ္စာတို့ကိုလည်း ခံစားရမူ ကောင်းမှုတို့ကိုလည်း ပြုရမူ ကောင်းလေစွ" ဟု စိတ်အကြံဖြစ်သည် မဟုတ်လောဟု မေးတော်မူရာ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

သောဏ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။

သင်သည် ရှေးလူ ဖြစ်စဉ်အခါက စောင်းတီးခြင်း၌ လိမ္မာသည် မဟုတ်လော ဟု (မေးတော်မူပြန်ရာ)

မှန်ပါသည် အသျှင်ဘုရား ဟု (လျှောက်၏)

သောဏ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။

အကြင်အခါ၌ သင်၏ စောင်းညှို့တို့သည် 'ကြိုးတို့သည်' တင်းကုန်၏၊ ထိုအခါ၌ သင်၏ စောင်းသည် အသံသာခြင်း ရှိသည်ငှါး (အရှည်တီးခြင်း၌)ခံခြင်းရှိသည်ငှါး ဖြစ်၏လော ဟု (မေးတော်မူပြန်ရာ)

အသျှင်ဘုရား ဤသို့ကား မဖြစ်ပါ ဟု (လျှောက်၏)

သောဏ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။

အကြင်အခါ၌ သင်၏ စောင်းညှို့တို့သည် လျှော့လွန်းကုန်၏၊ ထိုအခါ၌ သင်၏ စောင်းသည် အသံသာခြင်း ရှိသည်ငှါး (အရှည်တီးခြင်း၌)ခံခြင်းရှိသည်ငှါး ဖြစ်၏လော ဟု (မေးတော်မူပြန်ရာ)

အသျှင်ဘုရား ဤသို့ကား မဖြစ်ပါ ဟု (လျှောက်၏)

သောဏ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။

အကြင်အခါ၌ သင်၏ စောင်းညှို့တို့သည် မတင်းလွန်း မလျှော့လွန်းကုန်၊ ညီမျှသော ကြိုးအဖြစ်တည်ကုန်၏၊ ထိုအခါ၌ သင်၏ စောင်းသည် အသံသာခြင်းရှိသည်ငှါး (အရှည်တီးခြင်း၌) ခံခြင်း ရှိသည်ငှါး ဖြစ်၏လော ဟု (မေးတော်မူပြန်ရာ)

ဖြစ်ပါသည် အသျှင်ဘုရား ဟု (လျှောက်၏)။

သောဏ ဤအတူသာလျှင် လွန်စွာအားထုတ်အပ်သော ဝီရိယသည် ပျံ့လွင့်ခြင်းငှါ ဖြစ်၏၊ လျှော့လွန်းသော ဝီရိယသည် ပျင်းရိခြင်းငှါ ဖြစ်၏၊ သောဏ ထို့ကြောင့် သင်သည် ဝီရိယနှင့် သမာဓိ မျှသော အဖြစ်ကို ဆောက်တည်လော့၊ (သဒ္ဓါစသော)ဣန္ဒြေတို့၏လည်း ညီမျှသော အဖြစ်ကို သိလော့၊ ထိုသို့ ညီမျှသော အခါ၌ (သမထစသော)နိမိတ်ကို ဖြစ်စေလော့ ဟု ဆုံးမတော်မူ၏။

ကောင်းပါပြီ အသျှင်ဘုရား ဟု အသျှင်သောဏသည် မြတ်စွာဘုရားအား ဝန်ခံ၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်သောဏကို ဤအဆုံးအမဖြင့် ဆုံးမတော်မူ၍ အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်တန်းသကဲ့သို့ငှါး ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ငှါး ဤအတူသာလျှင် ယင်းတိုက်တော၌ အသျှင်သောဏ၏ မျက်မှောက်မှ ကွယ်ခဲ့၍ ဂိဇ္ဈကုဋ်တောင်၌ ထင်ရှားဖြစ်တော်မူ၏။

http://www.dhammadownload.com



ထိုအခါ အသျှင်သောဏသည် အခါတပါး၌ ဝီရိယနှင့် သမာဓိမျှသည်၏ အဖြစ်ကို ဆောက်တည်၏၊ (သဒ္ဓါစသော) ဣန္ဒြေတို့၏လည်း ညီမျှသော အဖြစ်ကို သိ၏၊ ထိုသို့ ညီမျှသောအခါ၌ (သမထစသော) နိမိတ်ကို ဖြစ်စေ၏။

ထိုအခါ အသျှင်သောဏသည် တယောက်ထည်းဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့သည် ဖြစ်၍ ပြင်းစွာ အားထုတ်သည်ဖြစ်၍ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် 'ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးသားတို့ လိုလားအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို မကြာမီ မျက်မှောက်ဘဝ၌ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏၊' "ပဋိသန္ဓေ နေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်) ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ" ဟု သိ၏၊ အသျှင်သောဏသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

၂၄၄။ ထိုအခါ အရဟတ္တဖိုလ်သို့ရောက်သော အသျှင်သောဏအား "ငါသည် မြတ်စွာဘုရား၏ အထံတော်၌ အရဟတ္တဖိုလ်ကို လျှောက်ထားရမူကား ကောင်းလေရာ၏" ဟု အကြံဖြစ်၏။ ထိုအခါ အသျှင်သောဏသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ကာ "အသျှင်ဘုရား အာသဝေါကုန်ပြီးသော (မဂ်အကျင့်ကို)ကျင့်သုံးပြီးသော မဂ်ကိစ္စကို ပြုပြီးသော (ခန္ဓာ)ဝန်ကို ချပြီးသော မိမိအကျိုး (အရဟတ္တဖိုလ်)သို့ အစဉ်အတိုင်း ရောက်ပြီးသော ဘဝသံယောဇဉ် ကုန်ပြီးသော ကောင်းစွာသိ၍ (ကိလေသာမှ) လွတ်မြောက်ပြီးသော ရဟန္တာ ဖြစ်သော ရဟန်းသည် ခြောက်ပါးသော အကြောင်းတို့ကို မျက်မှောက်ပြု၍ တည်၏။ ကိလေသာတို့မှ လွတ်မြောက်ပြီးသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်၏၊ ကိလေသာတို့မှ ဆိတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်၏၊ ကြောင့်ကြမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်၏၊ ဥပါဒါန်တို့၏ကုန်ရာ မဂ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍တည်၏၊ တဏှာ၏ကုန်ရာမဂ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍တည်၏၊ မောဟမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍တည်၏။

အသျှင်ဘုရား တရံတခါ အချို့သော အသျှင်အား 'စင်စစ်အားဖြင့် ဤအသျှင်သည် သက်သက် ပဋိဝေဓဉာဏ်နှင့်မရောသော ယုံကြည်မှု 'သဒ္ဓါ'မျှကိုမှီ၍ (ငါကား)ကိလေသာတို့မှ လွတ်မြောက်ပြီးသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်သော ရဟန္တာတည်း' ဟု ပြောကြားလေသလော ဟူ၍ အကြံဖြစ်ရာ၏။

အသျှင်ဘုရား ဤသို့ ကြံစည်သည့်အတိုင်း ဤအကြောင်းကို မမှတ်အပ်ပါ၊ အသျှင်ဘုရား (မဂ်အကျင့်ကို) ကျင့်သုံးပြီးသော ပြုဖွယ်မဂ်ကိစ္စကို ပြုပြီးသော ပြုရမည့်သဘောနှင့် ပြုပြီးသောအမှု (ကိစ္စ)၏ ပွါးခြင်းကို မမြင်သော အာသဝေါကုန်ပြီးသော ရဟန်းသည် ရာဂကုန်ခြင်းကြောင့် ရာဂ ကင်း၏။ ရာဂကင်းခြင်းကြောင့် (ရာဂမှ) ထွက်မြောက်ပြီးသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

ဒေါသကုန်ခြင်းကြောင့် ဒေါသကင်း၏၊ ဒေါသကင်းခြင်းကြောင့် (ဒေါသမှ) ထွက်မြောက်ပြီးသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

မောဟကုန်ခြင်းကြောင့် မောဟကင်း၏၊ မောဟကင်းခြင်းကြောင့် (မောဟမှ) ထွက်မြောက်ပြီးသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

http://www.dhammadownload.com



အသျှင်ဘုရား တရံတခါ အချို့သောအသျှင်အား 'စင်စစ်အားဖြင့် ဤအသျှင်သည် လာဘ်ပူဇော်သကာ အကျော်အစောကို တောင့်တ၍ (ငါကား) (ကိလေသာတို့မှ) ကင်းဆိတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်သော ရဟန္တာတည်း' ဟု ပြောကြားလေသလော ဟူ၍ အကြံသည် ဖြစ်ရာပါ၏။

အသျှင်ဘုရား ဤသို့ ကြံစည်သည့်အတိုင်း ဤအကြောင်းကို မမှတ်အပ်ပါ။

အသျှင်ဘုရား (မဂ်အကျင့်ကို) ကျင့်သုံးပြီးသော ပြုဖွယ်မဂ်ကိစ္စကို ပြုပြီးသော ပြုရမည့်သဘောနှင့် ပြုပြီးသော အမှု(ကိစ္စ)၏ ပွါးခြင်းကို မမြင်သော ရဟန္တာဖြစ်သော ရဟန်းသည် ရာဂကုန်ခြင်းကြောင့် ရာဂကင်း၏၊ ရာဂကင်းခြင်းကြောင့် (ရာဂမှ) ကင်းဆိတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

ဒေါသကုန်ခြင်းကြောင့် ဒေါသကင်း၏၊ ဒေါသကင်းခြင်းကြောင့် (ဒေါသမှ) ကင်းဆိတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

မောဟကုန်ခြင်းကြောင့် မောဟကင်း၏၊ မောဟကင်းခြင်းကြောင့် (မောဟမှ) ကင်းဆိတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

အသျှင်ဘုရား တရံတခါ အချို့သော အသျှင်အား 'စင်စစ်အားဖြင့် ဤအသျှင်သည် မှားသောအားဖြင့် သုံးသပ်အပ်သော နွားတို့၏ အလေ့အကျင့်ကို အနှစ်သာရအားဖြင့် ယုံကြည်သည်ဖြစ်၍ (ငါကား) ကြောင့်ကြမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်သော ရဟန္တာတည်း' ဟု ပြောကြားလေသလော ဟူ၍ အကြံသည် ဖြစ်ရာပါ၏။

အသျှင်ဘုရား ဤသို့ ကြံစည်သည့်အတိုင်း ဤအကြောင်းကို မမှတ်အပ်ပါ။

အသျှင်ဘုရား (မဂ်အကျင့်ကို) ကျင့်သုံးပြီးသော ပြုဖွယ်မဂ်ကိစ္စကို ပြုပြီးသော ပြုရမည့်သဘောနှင့် ပြုပြီးသောအမှု(ကိစ္စ)၏ ပွါးခြင်းကို မမြင်သော ရဟန္တာဖြစ်သော ရဟန်းသည် ရာဂကုန်ခြင်းကြောင့် ရာဂကင်း၏၊ ရာဂကင်းခြင်းကြောင့် ကြောင့်ကြမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

ဒေါသကုန်ခြင်းကြောင့် ဒေါသကင်း၏၊ ဒေါသကင်းခြင်းကြောင့် ကြောင့်ကြမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

မောဟကုန်ခြင်းကြောင့် မောဟကင်း၏၊ မောဟကင်းခြင်းကြောင့် ကြောင့်ကြမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

ရာဂကုန်ခြင်းကြောင့် ရာဂကင်း၏၊ ရာဂကင်းခြင်းကြောင့် ဥပါဒါန်တို့၏ ကုန်ရာ မဂ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

ဒေါသကုန်ခြင်းကြောင့် ဒေါသကင်း၏၊ ဒေါသကင်းခြင်းကြောင့် ဥပါဒါန်တို့၏ ကုန်ရာ မဂ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

မောဟကုန်ခြင်းကြောင့် မောဟကင်း၏၊ မောဟကင်းခြင်းကြောင့် ဥပါဒါန်တို့၏ ကုန်ရာ မဂ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

http://www.dhammadownload.com



ရာဂကုန်ခြင်းကြောင့် ရာဂကင်း၏၊ ရာဂကင်းခြင်းကြောင့် တဏှာ၏ကုန်ရာ မဂ်၏အဆုံး၌ဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

ဒေါသကုန်ခြင်းကြောင့် ဒေါသကင်း၏၊ ဒေါသကင်းခြင်းကြောင့် တဏှာ၏ ကုန်ရာ မဂ်၏ အဆုံး၌ဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

မောဟကုန်ခြင်းကြောင့် မောဟကင်း၏၊ မောဟ ကင်းခြင်းကြောင့် တဏှာ၏ကုန်ရာ မဂ်၏ အဆုံး၌ဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

ရာဂကုန်ခြင်းကြောင့် ရာဂကင်း၏၊ ရာဂကင်းခြင်းကြောင့် မောဟမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

ဒေါသကုန်ခြင်းကြောင့် ဒေါသကင်း၏၊ ဒေါသ ကင်းခြင်းကြောင့် ဒေါသမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

မောဟကုန်ခြင်းကြောင့် မောဟကင်း၏၊ မောဟကင်းခြင်းကြောင့် မောဟ မရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်ပါ၏။

အသျှင်ဘုရား ဤသို့ (ကိလေသာတို့မှ) ကောင်းစွာ လွတ်ပြီးသော စိတ်ရှိသော ရဟန်းအား အားရှိသော စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော အဆင်း 'ရူပါရုံ' တို့သည် အကယ်၍ မျက်စိအား ထင်ခြင်းသို့ ရောက်ကုန်သော်လည်း ထိုရဟန်း၏စိတ်ကို သိမ်းကျုံး၍ မယူနိုင်ကုန်၊ ထိုရဟန်း၏ စိတ်သည် (ကိလေသာတို့နှင့်) မရောသည်သာလျှင် ဖြစ်၏၊ တည်ကြည်၏၊ တုန်လှုပ်ခြင်းမရှိ၊ ထိုစိတ်၏ အဖြစ်အပျက်ကိုသာ ရှု၏။

အားရှိသော သောတဝိညာဉ်ဖြင့် သိအပ်ကုန်သော အသံ 'သဒ္ဒါရုံ'။ပ။

ဃာနဝိညာဉ်ဖြင့် သိအပ်ကုန်သော အနံ့ 'ဂန္ဓာရုံ'။

ဇိဝှါဝိညာဉ်ဖြင့် သိအပ်ကုန်သော အရသာ 'ရသာရုံ'။

ကာယဝိညာဉ်ဖြင့် သိအပ်ကုန်သော အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'။

စိတ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့သည် အကယ်၍ စိတ်အားထင်ခြင်းသို့ ရောက်ကုန်သော်လည်း ထိုရဟန်း၏စိတ်ကို သိမ်းကျုံး၍ မယူနိုင်ကုန်၊ ထိုရဟန်း၏ စိတ်သည် (ကိလေသာ တို့နှင့်) မရောသည်သာလျှင် ဖြစ်၏၊ တည်ကြည်၏၊ တုန်လှုပ်ခြင်းမရှိ၊ ထိုစိတ်၏ အဖြစ်အပျက်ကိုသာရှု၏။

အသျှင်ဘုရား ဥပမာအားဖြင့် အပေါက် အခေါင်းမရှိ တခဲနက်သော ကျောက်တောင်သည် အကယ်၍ အရှေ့အရပ်မှ ပြင်းထန်သောလေ လာငြားသော်လည်း ထိုတောင်ကို မရွေ့စေနိုင်ရာ၊ မလှုပ်စေနိုင်ရာ၊ ထို့မှ ဤမှ မတုန်လှုပ်စေနိုင်ရာ၊ အကယ်၍ အနောက်အရပ်မှ ပြင်းထန်သောလေ လာငြားသော်လည်း ။ပ။ အကယ်၍ မြောက်အရပ်မှ ။ပ။ အကယ်၍ တောင်အရပ်မှ ပြင်းထန်သောလေ လာငြားသော်လည်း ထိုတောင်ကို မရွေ့စေနိုင်ရာ၊ မလှုပ်စေနိုင်ရာ၊ ထို့မှ ဤမှ မတုန်လှုပ်စေနိုင်ရာ။

အသျှင်ဘုရား ဤအတူသာလျှင် ဤသို့(ကိလေသာတို့မှ) ကောင်းစွာ လွတ်ပြီးသော စိတ်ရှိသော ရဟန်းအား အားရှိသော စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော အဆင်း 'ရူပါရုံ' တို့သည်

http://www.dhammadownload.com



အကယ်၍ မျက်စိအားထင်ခြင်းသို့ ရောက်ကုန်ငြားသော်လည်း ထိုရဟန်း၏ စိတ်ကို သိမ်းကျုံး၍ မယူနိုင်ကုန်၊ ထိုရဟန်း၏ စိတ်သည် (ကိလေသာတို့နှင့်) မရောသည်သာလျှင် ဖြစ်၏၊ တည်ကြည်၏၊ တုန်လှုပ်ခြင်းမရှိ၊ ထိုစိတ်၏ အဖြစ်အပျက်ကိုသာ ရှု၏။

အားရှိသော သောတဝိညာဉ်ဖြင့် သိအပ်ကုန်သော အသံ 'သဒ္ဒါရုံ'။ပ။

ဃာနဝိညာဉ်ဖြင့် သိအပ်ကုန်သော အနံ့ 'ဂန္ဓာရုံ'။

ဇိဝှါဝိညာဉ်ဖြင့် သိအပ်ကုန်သော အရသာ 'ရသာရုံ'။

ကာယဝိညာဉ်ဖြင့် သိအပ်ကုန်သော အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'။

စိတ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့သည် အကယ်၍ စိတ်အားထင်ခြင်းသို့ ရောက်ကုန်ငြားအံ့၊ ထိုရဟန်း၏ စိတ်ကို သိမ်းကျုံး၍ မယူနိုင်ကုန်၊ ထိုရဟန်း၏ စိတ်သည် (ကိလေသာတို့နှင့်)မရောသည်သာလျှင် ဖြစ်၏၊ တည်ကြည်၏၊ တုန်လှုပ်ခြင်းမရှိ၊ ထိုစိတ်၏ အဖြစ်အပျက်ကို သာရှု၏" ဟု(လျှောက်၏)။

(ကိလေသာတို့မှ) ထွက်မြောက်ပြီးသော အရဟတ္တဖိုလ် (ကိလေသာတို့မှ) ကင်းဆိတ်သော အရဟတ္တဖိုလ် ကြောင့်ကြမရှိသော အရဟတ္တဖိုလ် ဥပါဒါန်တို့၏ ကုန်ရာ မဂ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ် တဏှာ၏ကုန်ရာ မဂ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ် စိတ်၏ မောဟမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်သော ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် အာယတနတို့၏ ဖြစ်ခြင်းပျက်ခြင်းကို ကောင်းစွာမြင်၍ လွတ်၏။

ကောင်းစွာ (ကိလေသာတို့မှ) လွတ်သည်ဖြစ်၍ ငြိမ်သက်သော စိတ်ရှိသော ထိုရဟန္တာပုဂ္ဂိုလ်အား ပြုပြီးသောကိစ္စကို တဖန်ပွါးစေခြင်းမရှိ၊ ပြုဖွယ်ကိစ္စလည်း မရှိ။

တခဲနက်သော ကျောက်တောင်သည် ပြင်းထန်စွာ တိုက်ခတ်သော လေကြောင့် မတုန်လှုပ်သကဲ့သို့ အဆင်း 'ရူပါရုံ' အရသာ 'ရသာရုံ' အသံ 'သဒ္ဒါရုံ' အနံ့ 'ဂန္ဓာရုံ' အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့သည်၎င်း အားလုံးသော ကောင်းသော အာရုံတို့သည်၎င်း မကောင်းသော အာရုံတို့သည်၎င်း သည်းခံခြင်း ဂုဏ်နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်၏ တည်ကြည်သော (ကိလေသာတို့မှ) လွတ်သော စိတ်ကို မတုန်လှုပ်စေနိုင်ကုန်၊ (ရဟန္တာပုဂ္ဂိုလ်သည်) ထိုစိတ်၏ ဖြစ်ခြင်းပျက်ခြင်းကို ရှု၏။

## ၁၄၈-နှစ်လွှာဘိနပ်စသည်ကိုပယ်ခြင်း

၂၄၅။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ ဤသို့လျှင် အမျိုးကောင်းသားတို့သည် အရဟတ္တဖိုလ်ကို လျှောက်ထားကုန်၏၊ မိမိကိုယ်ကို တိုက်ရိုက်အားဖြင့် မဆောင်မကြားပဲ (ရဟန္တာဖြစ်ခြင်း၏) အကြောင်းကိုလည်း ပြောကြား၏။

ထိုသို့ ဖြစ်သင့်ပါလျက် အချို့သော (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် ရယ်ရွှင်ဖွယ်ပြုသကဲ့သို့ အရဟတ္တဖိုလ်ကို ပြောကြားကုန်၏၊ ထိုသူတို့သည် နောက်ကာလ၌ ပင်ပန်းဆင်းရဲခြင်းသို့ ရောက်ကုန်၏" ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် အသျှင်သောဏကို "သောဏ သင်သည် နူးညံ့သိမ်မွေ့၏၊ သောဏ သင့်အား လွှာချင်းဘိနပ်ကို ခွင့်ပြု၏" ဟု မိန့်တော်မူ၏။ အသျှင်ဘုရား၊ အကျွန်ုပ်သည် လှည်းအစီး ရှစ်ဆယ်[၁] တိုက်ရသော ရွှေငွေတို့ကိုရင်း ဆင်တပ်ပေါင်း ခုနစ်တပ်[၂] ကိုရင်း စွန့်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ အသျှင်ဘုရား ထိုသို့ဖြစ်ပါလျက် အကျွန်ုပ်သည် လွှာချင်းဘိနပ်ကို အကယ်၍ ဆောင်ငြားအံ့၊ ထိုအကျွန်ုပ်အား "ကောဠိဝိသအမျိုး၌ ဖြစ်သော သောဏသည် လှည်းအစီး ရှစ်ဆယ်တိုက်ရသော ရွှေငွေတို့ကိုရင်း ဆင်တပ်ပေါင်း ခုနစ်တပ်ကိုရင်း စွန့်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ထိုသောဏသည် ယခုအခါ လွှာချင်းဘိနပ်တို့၌ ကပ်ငြိတွယ်တာ၏" ဟု ပြောဆိုကြကုန်လတ္တံ့၊ အကယ်၍ မြတ်စွာဘုရားသည် ရဟန်းအပေါင်းအား ခွင့်ပြုငြားအံ့၊ အကျွန်ုပ်သည်လည်း သုံးဆောင်ပါအံ့၊ အကယ်၍ မြတ်စွာဘုရားသည် ရဟန်းအပေါင်းအား ခွင့်မပြုငြားအံ့၊ အကျွန်ုပ်သည်လည်း မသုံးဆောင်ပါ ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကိုဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ လွှာချင်းဘိနပ်ကို ခွင့်ပြု၏၊ ရဟန်းတို့ နှစ်လွှာဘိနပ် သုံးလွှာဘိနပ် အလွှာများသော ဘိနပ်တို့ကို မဆောင်အပ်၊ ဆောင်သောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု မိန့်တော်မူ၏။

## ၁၄၉-အညိုရောင် ဘိနပ်စသည်ကိုပယ်ခြင်း

၂၄၆။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အလုံးစုံညိုသော အဆင်းရှိသော ဘိနပ်တို့ကိုစီးကုန်၏။ပ။ အလုံးစုံဝါသော အဆင်းရှိသော ဘိနပ်တို့ကို စီးကုန်၏။ အလုံးစုံနီသောအဆင်းရှိသော ဘိနပ်တို့ကို စီးကုန်၏။ အလုံးစုံမောင်းသော အဆင်းရှိသော ဘိနပ်တို့ကို စီးကုန်၏။ အလုံးစုံ မည်းသော အဆင်းရှိသော ဘိနပ်တို့ကို စီးကုန်၏။ အလုံးစုံ ကင်းခြေမျှား ကျောက်ကုန်းအဆင်း 'လိမ္မော်ရောင်'ရှိသော ဘိနပ်တို့ကို စီးကုန်၏။ အလုံးစုံ ဖက်ရွက်လျှော် အဆင်းရှိသော ဘိနပ်တို့ကို စီးကုန်၏။ လူတို့သည် "ကာမဂုဏ်ချမ်းသာကို ခံစားသော လူတို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အလုံးစုံ ညိုသော အဆင်းရှိသောဘိနပ်။ အလုံးစုံ ဝါသော အဆင်းရှိသောဘိနပ်။ အလုံးစုံ နီသော အဆင်းရှိသော ဘိနပ်။ အလုံးစုံ မောင်းသော အဆင်းရှိသောဘိနပ်။ အလုံးစုံ မည်းသော အဆင်းရှိသော ဘိနပ်။ အလုံးစုံ ကင်းခြေမျှား ကျောက်ကုန်းအဆင်း 'လိမ္မော်ရောင်' ရှိသောဘိနပ်။ အလုံးစုံ ဖက်ရွက်လျှော် အဆင်းရှိသော ဘိနပ်တို့ကို မစီးအပ်၊ စီးသောရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သဲကြိုးညိုတပ် ဘိနပ်တို့ကို စီးကုန်၏။ပ။ သဲကြိုးဝါတပ် ဘိနပ်တို့ကို စီးကုန်၏။ သဲကြိုးနီတပ် ဘိနပ်တို့ကို စီးကုန်၏။ သဲကြိုးမောင်း 'ရောင်စုံ'တပ် ဘိနပ်တို့ကို

---

၁။ လှည်းအစီး ရှစ်ဆယ်၌ ဝါဟအရေအတွက်နှင့် လေးဆယ်ရှိသည်၊ လှည်းနှစ်စီးမှာ တဝါဟ ဖြစ်သောကြောင့်တည်း။ (အဋ္ဌကထာ)

၂။ ဆင်တပ်ခုနှစ်တပ်၌ တတပ်လျှင် ခုနှစ်ကောင်ရှိသောကြောင့် ဆင်အရေအတွက် လေးဆယ့်ကိုးကောင် ရှိ၏။

http://www.dhammadownload.com



စီးကုန်၏။ သဲကြိုးမဲတပ် ဘိနပ်တို့ကို စီးကုန်၏။ သဲကြိုးကင်းခြေများ ကျောက်ကုန်းအဆင်း 'လိမ္မော်ရောင်'တပ် ဘိနပ်တို့ကို စီးကုန်၏။ သဲကြိုးဖက်ရွက်လျှော် အဆင်းတပ် ဘိနပ်တို့ကို စီးကုန်၏။ လူတို့သည် "ကာမဂုဏ်ချမ်းသာကို ခံစားသောလူတို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သဲကြိုးညိုတပ်ဘိနပ်။ သဲကြိုးဝါတပ်ဘိနပ်။ သဲကြိုးနီတပ်ဘိနပ်။ သဲကြိုးမောင်းတပ်ဘိနပ်။ သဲကြိုးမည်းတပ်ဘိနပ်။ သဲကြိုးကင်းခြေများ ကျောက်ကုန်းအဆင်း'လိမ္မော်ရောင်'တပ်ဘိနပ်။ သဲကြိုးဖက်ရွက်လျှော် အဆင်းတပ်ဘိနပ်တို့ကို မစီးအပ်၊ စီးသောရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဖနောင့်အဖုံးတပ်သော ဘိနပ်တို့ကို စီးကုန်၏။ပ။ ခြေသလုံးဖုံးသော ဘိနပ်တို့ကို စီးကုန်၏။ ဖမိုးဖနှောင့်ဖုံးသော ဘိနပ်တို့ကို စီးကုန်၏။ လဲမှို့ သွတ်သော ဘိနပ်တို့ကို စီးကုန်၏။ ခါတောင်ကဲ့သို့ ပြောက်ကျားသော သဲကြိုးတပ်သော ဘိနပ်တို့ကို စီးကုန်၏။ ဆိတ်ကုလားဦးချိုကဲ့သို့ သဲကြိုးတပ်သော ဘိနပ်တို့ကို စီးကုန်၏။ ဆိတ်မြန်မာ ဦးချိုကဲ့သို့ သဲကြိုးတပ်သော ဘိနပ်တို့ကို စီးကုန်၏။ ကင်းမြီးကောက် လက်မကဲ့သို့ သဲကြိုးတပ်သော ဘိနပ်တို့ကို စီးကုန်၏။ ဥဒေါင်းမွေးရင်းတို့ဖြင့် ချုပ်သော ဘိနပ်တို့ကို စီးကုန်၏။ ဆန်းကြယ်သောဘိနပ်တို့ကို စီးကုန်၏။ လူတို့သည် "ကာမဂုဏ်ချမ်းသာကို ခံစားသော လူတို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဖနှောင့်ဖုံးတပ်သောဘိနပ်။ ခြေသလုံးဖုံးသောဘိနပ်။ ဖမိုးဖနှောင့်ဖုံးသောဘိနပ်။ လဲမှို့ သွတ်သောဘိနပ်။ ခါတောင်ကဲ့သို့ ပြောက်ကျားသော သဲကြိုးတပ်သောဘိနပ်။ ဆိတ်ကုလားဦးချိုကဲ့သို့ သဲကြိုးတပ်သောဘိနပ်။ ဆိတ်မြန်မာ ဦးချိုကဲ့သို့ သဲကြိုးတပ်သောဘိနပ်။ ကင်းမြီးကောက်လက်မကဲ့သို့ သဲကြိုးတပ်သောဘိနပ်။ ဥဒေါင်းမွေးရင်းတို့ဖြင့် ချုပ်သောဘိနပ်။ ဆန်းကြယ်သော ဘိနပ်တို့ကို မစီးအပ်၊ စီးသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခြင်္သေ့ရေ အနားပတ်သော ဘိနပ်တို့ကို စီးကုန်၏။ပ။ ကျားရေ အနားပတ်သော ဘိနပ်တို့ကို စီးကုန်၏။ သစ်ရေ အနားပတ်သော ဘိနပ်တို့ကို စီးကုန်၏။ သစ်နက်ရေ အနားပတ်သော ဘိနပ်တို့ကို စီးကုန်၏။ ဖျံရေ အနားပတ်သော ဘိနပ်တို့ကိုစီးကုန်၏။ ကြောင်ရေ အနားပတ်သော ဘိနပ်တို့ကို စီးကုန်၏။ ရှဉ့်နက်ရေ အနားပတ်သော ဘိနပ်တို့ကို စီးကုန်၏။ ရှူးရေ အနားပတ်သော ဘိနပ်တို့ကို စီးကုန်၏။ လူတို့သည် "ကာမဂုဏ်ချမ်းသာကို ခံစားသောလူတို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ခြင်္သေ့ရေ အနားပတ်သောဘိနပ် ။ကျားရေ အနားပတ်သော ဘိနပ်။ သစ်ရေ အနားပတ်သောဘိနပ်။ သစ်နက်ရေ အနားပတ်သောဘိနပ်။ ဖျံရေ အနားပတ်သော ဘိနပ်။ ကြောင်ရေ အနားပတ်သောဘိနပ်။ ရှဉ့်နက်ရေ အနားပတ်သော ဘိနပ်။ ရှူးရေ အနားပတ်သော ဘိနပ်တို့ကို မစီးအပ်၊ စီးသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၁၅၀-အလှ္ဘာမျှားသော ဘိနပ်ဖောင်းတို့ကို ခွင့်ပြုတော်မူခြင်း

၂၄၇။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန် ၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် နောက်လိုက်ရဟန်းတပါးနှင့် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူ၏။ ထိုအခါ ထိုရဟန်းသည် ကွလျက် မြတ်စွာဘုရား၏ နောက်မှ နောက်မှ အစဉ်လိုက်၏။

အလှ္ဘာမျှားသောဘိနပ်ကို စီးလာသော ဥပါသကာတယောက်သည် အဝေးမှပင် မြတ်စွာဘုရားကြွလာသည်ကို မြင်၍ ဘိနပ်ချွတ်လျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးနောက် ထိုရဟန်းထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးကာ—

"အသျှင်ဘုရား အသျှင်သည် အဘယ်ကြောင့် ကွပါသနည်း" ဟု လျှောက်၏။

ဒါယကာ ငါ၏ ခြေတို့သည် ကွဲကုန်၏ ဟု (ဆို၏)။

အသျှင်ဘုရား ဘိနပ်တို့ကို ယူလော့ ဟု (လျှောက်၏)။

ဒါယကာ မသင့်၊ မြတ်စွာဘုရားသည် အလှ္ဘာမျှားသော ဘိနပ်တို့ကို ပယ်တော်မူ၏ ဟု (ဆို၏)။
ရဟန်း ဤဘိနပ်တို့ကို ခံယူလော့ ဟု (မြတ်စွာဘုရား မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ အလှ္ဘာမျှားသော ဘိနပ်ဖောင်းကို ခွင့်ပြု၏၊ ရဟန်းတို့ အသစ်ဖြစ်သော အလှ္ဘာမျှားသော ဘိနပ်တို့ကို မစီးအပ်၊ စီးသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

## ၁၅၁-အရံအတွင်း၌ ဘိနပ်ကို ခွင့်ပြုတော်မူခြင်း

၂၄၈။ ထိုအခါ မြတ်စွာဘုရားသည် လွင်တီးခေါင်၌ ဘိနပ်မစီးပဲ စင်္ကြံသွားတော်မူ၏၊ မြတ်စွာဘုရားသည် ဘိနပ်မစီးပဲ စင်္ကြံသွားတော် မူ၏ ဟု မထေရ်ကြီးဖြစ်သော ရဟန်းတို့သည်လည်း ဘိနပ်မစီးပဲ စင်္ကြံသွားကုန်၏ ။

မြတ်စွာဘုရားနှင့် မထေရ်ကြီးဖြစ်သော ရဟန်းတို့သည် ဘိနပ်မစီးပဲ စင်္ကြံသွားပါကုန်လျက် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘိနပ်စီး၍ စင်္ကြံသွားကုန်၏။ အလိုနည်းသော ရဟန်းတို့သည် "မြတ်စွာဘုရားနှင့် မထေရ်ကြီးဖြစ်သော ရဟန်းတို့သည် ဘိနပ်မစီးပဲ စင်္ကြံသွားပါကုန်လျက် အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘိနပ်စီး၍ စင်္ကြံသွားကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ၌ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။
ရဟန်းတို့ မြတ်စွာဘုရားနှင့် မထေရ်ကြီးဖြစ်သော ရဟန်းတို့သည် ဘိနပ်မစီးပဲ စင်္ကြံသွားပါကုန်လျက် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘိနပ်စီး၍ စင်္ကြံသွားကုန်၏ ဟူသည် မှန်သလော ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ ရဟန်းတို့ မြတ်စွာဘုရားနှင့် မထေရ်ကြီး ဖြစ်သော ရဟန်းတို့သည် ဘိနပ်မစီးပဲ စင်္ကြံသွားပါကုန်လျက် တို (မင်္ဂလိမ့်) အချည်းနှီး ဖြစ်သော ယောကျ်ားတို့သည် အဘယ့်ကြောင့် ဘိနပ်စီး၍ စင်္ကြံသွားကုန်ဘိသနည်း။

ရဟန်းတို့ အဝတ်ဖြူကိုဝတ်သော ဤလူတို့သော်မှလည်း အသက်မွေးကြောင်းဖြစ်သော အတတ်၏ အကြောင်းကြောင့် ဆရာတို့၌ ရိုသေခြင်း တုံ့ဝပ်ခြင်း တူသောအသက်မွေးခြင်း ရှိကုန်သည်ဖြစ်၍ နေကုန်သေး၏။

ရဟန်းတို့ သင်တို့သည် ဤသို့ ကောင်းစွာ ဟောတော်မူအပ်သော သာသနာတော်၌ ရဟန်းပြုကြသည် ဖြစ်ကြလျက် ဆရာတို့၌ငှင်း ဆရာမျှလောက် ဖြစ်သော ရဟန်းတို့၌ငှင်း ဥပဇ္ဈာယ်တို့၌ငှင်း ဥပဇ္ဈာယ်မျှလောက်ဖြစ်သော ရဟန်းတို့၌ငှင်း မရိုသေခြင်း မတုံ့ဝပ်ခြင်း တူသောအသက်မွေးခြင်း မရှိကြပဲ နေကုန်ငြားအံ့၊ တင့်တယ်ကုန်ရာ အံ့လော။

ရဟန်းတို့ ဤ(ဆဗ္ဗဂ္ဂီရဟန်းတို့ ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါငှင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ ဆရာတို့သည်ငှင်း ဆရာမျှလောက်ဖြစ်သော ရဟန်းတို့သည်ငှင်း ဥပဇ္ဈာယ်တို့သည်ငှင်း ဥပဇ္ဈာယ်မျှလောက်ဖြစ်သော ရဟန်းတို့သည်ငှင်း ဘိနပ်မစီးပဲ စင်္ကြံသွားကုန်သည် ရှိသော် ဘိနပ်စီးလျက် စင်္ကြံမသွားအပ်၊ စင်္ကြံသွားသော ထိုရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ အရံအတွင်း၌ ဘိနပ်မစီးအပ်၊ စီးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

၂၄၉။ တရံရောအခါ ရဟန်းတပါးအား ဖဝါး၌ တံသင်းငုတ်ကဲ့သို့ အသားထွက်သော အနာ ဖြစ်၏၊ ထိုရဟန်းကို ချီ၍ ကျင်ကြီးကျင်ငယ်ကိုစွန့်စေကုန်၏၊ မြတ်စွာဘုရားသည် ကျောင်းစဉ် ဒေသစာရီ လှည့်လည်သည်ရှိသော် ရဟန်းတို့သည် ထိုရဟန်းကို ချီ၍ ကျင်ကြီးကျင်ငယ် စွန့်စေသည်တို့ကို မြင်တော်မူသဖြင့် ရဟန်းတို့ အထံသို့ ချဉ်းကပ်ပြီးနောက် ထိုရဟန်းတို့ကို "ရဟန်းတို့ ဤရဟန်း၏အနာကား အဘယ်အနာနည်း" ဟု မေးတော်မူ၏။ အသျှင်ဘုရား ဤအသျှင်၏ ဖဝါး၌ တံသင်းငုတ်ကဲ့သို့ အသားထွက်သော အနာပါတည်း၊ အကျွန်ုပ်တို့သည် ဤရဟန်းကို ချီ၍ ကျင်ကြီးကျင်ငယ် စွန့်စေပါကုန်၏ ဟု (လျှောက်ကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ အကြင်ရဟန်းအား ခြေဖဝါးတို့သည် ကျင်နာကုန်ငြားအံ့၊ ခြေဖဝါးတို့သည် ကွဲကုန်ငြားအံ့၊ ဖဝါး၌ တံသင်းငုတ်ကဲ့သို့ အသားထွက်သောအနာဖြစ်ငြားအံ့၊ (ထိုရဟန်းတို့အား) ဘိနပ်စီးခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ခြေမဆေးပဲ ညောင်စောင်း အင်းပျဉ်ပေါ်သို့ တက်ကုန်၏၊ သင်္ကန်းနှင့် အိပ်ရာနေရာသည် ညစ်နွမ်းပျက်စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ယခုအခါ၌ ညောင်စောင်း အင်းပျဉ်ပေါ်သို့ တက်အံ့" ဟု ဘိနပ်စီးခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ဥပုသ်အိမ်သို့ငှင်း စည်းဝေးရာအရပ်သို့ငှင်း သွားကုန်သည်ရှိသော် အမိုက်မှောင်၌ သစ်ငုတ်ကိုငှင်း ဆူးကိုငှင်း နင်းမိသောကြောင့် ခြေတို့သည် ကျင်နာကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အရံအတွင်း၌ ဘိနပ်စီးခြင်းငှါ မီးရှူးဆီမီးတောင်ဝှေးတို့ကိုဆောင်ခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၁၅၂-သစ်သားဘိနပ်စသည်တို့ကို ပယ်ခြင်း

၂၅၀။ တရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ညဉ့်၏ မိုးသောက်ယံအခါ၌ စောစောထ၍ သစ်သား ခြေနင်းတို့ကို စီးပြီးလျှင် လွင်တီးခေါင်၌ ပြင်းပြ ကျယ်လောင်သောအသံ ခေါက်ခေါက် မြည်သောအသံ ရှိကုန်လျက် များစွာသော မဂ်ဖိုလ်နှင့် ဖီလာဖြစ်သောစကား 'တိရစ္ဆာနကထာ'ကို ပြောဆိုလျက် စင်္ကြံသွားကုန်၏။

ဤသည်တို့ကား အဘယ်နည်း—

မင်းနှင့် စပ်သောစကား ခိုးသူနှင့် စပ်သောစကား အမတ်ကြီးနှင့် စပ်သောစကား စစ်သည်နှင့် စပ်သောစကား ကြောက်ဖွယ်နှင့် စပ်သောစကား စစ်ထိုးခြင်းနှင့် စပ်သောစကား စားဖွယ်နှင့် စပ်သောစကား သောက်ဖွယ်နှင့် စပ်သောစကား အဝတ်နှင့် စပ်သောစကား အိပ်ရာနှင့် စပ်သောစကား ပန်းနှင့် စပ်သောစကား နံ့သာနှင့် စပ်သောစကား ဆွေမျိုးနှင့် စပ်သောစကား ယာဉ်နှင့် စပ်သောစကား ရွာနှင့် စပ်သောစကား နိဂုံးနှင့် စပ်သောစကား မြို့နှင့် စပ်သောစကား နယ်နှင့် စပ်သောစကား မိန်းမနှင့် စပ်သောစကား ယောကျ်ားနှင့် စပ်သောစကား သူရဲကောင်းနှင့် စပ်သောစကား လမ်းနှင့် စပ်သောစကား ရေခပ်ဆိပ်နှင့် စပ်သောစကား သေလွန်သူနှင့် စပ်သောစကား အထွေထွေနှင့် စပ်သောစကား လောက (အကြောင်း)နှင့် စပ်သောစကား သမုဒ္ဒရာ (အကြောင်း)နှင့် စပ်သောစကား ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သောစကားတို့တည်း။ ပိုးယင်ကိုလည်း နင်းမိ၍ သေစေကုန်၏၊ ကမ္မဋ္ဌာန်းစီးဖြန်းသော ရဟန်းတို့ကိုလည်း သမာဓိမှ ရွေ့စေကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည်၊ ညဉ့်၏ မိုးသောက်ယံအခါ၌ စောစောထ၍ သစ်သား ခြေနင်းတို့ကို စီးပြီးလျှင် လွင်တီးခေါင်၌ ပြင်းပြကျယ်လောင်သော အသံ ခေါက်ခေါက်မြည်သောအသံ ရှိကုန်လျက် များစွာသော မဂ်ဖိုလ်နှင့် ဖီလာဖြစ်သောစကား 'တိရစ္ဆာနကထာ'ကို ပြောဆို ကုန်လျက် စင်္ကြံသွားကုန်ဘိသနည်း။

ဤသည်တို့ကား အဘယ်နည်း။

မင်းနှင့် စပ်သောစကား ခိုးသူနှင့် စပ်သောစကား။ပ။ ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သောစကားတို့တည်း။ ပိုးယင်ကိုလည်း နင်းမိ၍ သေစေကုန်ဘိသနည်း၊ ကမ္မဋ္ဌာန်း စီးဖြန်းသော ရဟန်းတို့ကိုလည်း သမာဓိမှ ရွေ့စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထို့နောက် ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ညဉ့်၏ မိုးသောက်ယံအခါ၌ စောစောထ၍ သစ်သားခြေနင်းတို့ကို စီးပြီးလျှင် လွင်တီးခေါင်၌ ပြင်းပြကျယ်လောင်သောအသံ ခေါက်ခေါက်မြည်သောအသံ ရှိကုန်လျက် များစွာသော မဂ်ဖိုလ်နှင့် ဖီလာဖြစ်သောစကား 'တိရစ္ဆာနကထာ' ကို ပြောဆိုကုန်လျက် စင်္ကြံသွားကြကုန်၏။

ဤသည်တို့ကား အဘယ်နည်း—

http://www.dhammadownload.com



မင်းနှင့် စပ်သောစကား ခိုးသူနှင့် စပ်သောစကား။ပ။ ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သောစကားတို့တည်း၊ ပိုးငယ်ကိုလည်း နင်းမိ၍ သေစေကုန်၏၊ ကမ္မဋ္ဌာန်းစီးဖြန်းသော ရဟန်းတို့ကိုလည်း သမာဓိမှ ရွေ့စေကုန်၏ ဟူသည် မှန်သလော” ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။

ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို “ရဟန်းတို့ သစ်သားခြေနင်းတို့ကို မစီးအပ်၊ စီးသောရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏” ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသမျှ သီတင်းသုံး နေတော်မူပြီးလျှင် ဗာရာဏသီပြည်သို့ ဒေသစာရီ လှည့်လည်ကြွချီတော်မူ၏။ အစဉ်အတိုင်း ဒေသစာရီ လှည့်လည် ကြွချီတော်မူသည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်တော်မူ၏။ မြတ်စွာဘုရားသည် ထိုဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် “မြတ်စွာဘုရားသည် သစ်သားခြေနင်းကို ပယ်တော်မူ၏” ဟု ထန်းပင်ငယ်တို့ကို ဖြတ်စေ၍ ထန်းပပ်ခြေနင်းတို့ကို စီးကုန်၏၊ ထိုထန်းပင်ငယ်တို့သည် ဖြတ်အပ်ကုန်သည်ရှိသော် ညှိုးနွမ်းကုန်၏၊ လူတို့သည် “အဘယ့်ကြောင့် သာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ထန်းပင်ငယ်တို့ကို ဖြတ်စေ၍ ထန်းပပ်ခြေနင်းတို့ကို စီးကုန်ဘိသနည်း၊ ထိုထန်းပင်ငယ်တို့သည် ဖြတ်အပ်ကုန်သည်ရှိသော် ညှိုးနွမ်းကုန်၏၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ဣန္ဒြေတခုရှိသော အသက်ကို အဘယ့်ကြောင့် ညှဉ်းဆဲကုန်ဘိသနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

“ရဟန်းတို့ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထန်းပင်ငယ်တို့ကို ဖြတ်စေ၍ ထန်းပပ်ခြေနင်းတို့ကို စီးကုန်၏၊ ထိုထန်းပင်ငယ်တို့သည် ဖြတ်အပ်ကုန်သည်ရှိသော် ညှိုးနွမ်းကုန်၏ ဟူသည် မှန်သလော” ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် ထန်းပင်ငယ်တို့ကို ဖြတ်စေ၍ ထန်းပပ်ခြေနင်းတို့ကို စီးကုန်ဘိသနည်း၊ ထိုထန်းပင်ငယ်တို့သည် ဖြတ်အပ်ကုန်သည်ရှိသော် ညှိုးနွမ်းကုန်၏။

ရဟန်းတို့ လူတို့သည် သစ်ပင်၌ အသက်ရှိ၏ ဟု မှတ်ထင်ကုန်၏၊ ရဟန်းတို့ ဤ(ဆဗ္ဗဂ္ဂီရဟန်းတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို “ရဟန်းတို့ ထန်းပပ်ခြေနင်းတို့ကို မစီးအပ်၊ စီးသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏” ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် “မြတ်စွာဘုရားသည် ထန်းပပ်ခြေနင်းတို့ကို ပယ်တော်မူ၏” ဟု ဝါးပင်ငယ်တို့ကိုဖြတ်စေ၍ ဝါးပပ်ခြေနင်းတို့ကို စီးကုန်၏၊ ထိုဝါးပင်ငယ်တို့သည် ဖြတ်အပ်ကုန်သည်ရှိသော်ညှိုးနွမ်းကုန်၏၊ လူတို့သည် “အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ဝါးပင်ငယ်တို့ကို ဖြတ်စေ၍ ဝါးပပ်ခြေနင်းတို့ကို စီးကုန်ဘိသနည်း၊ ထိုဝါးပင်ငယ်တို့သည် ဖြတ်အပ်ကုန်သည်ရှိသော် ညှိုးနွမ်းကုန်၏၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော

http://www.dhammadownload.com



ရဟန်းတို့သည် ဣန္ဒြေတခုရှိသော အသက်ကို အဘယ့်ကြောင့် ညှဉ်းဆဲကုန်ဘိသနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာ တည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ရဟန်းတို့ လူတို့သည် သစ်ပင်၌ အသက်ရှိ၏ ဟု မှတ်ထင်ကုန်၏။ပ။“ရဟန်းတို့ ဝါးပပ်ခြေနင်းတို့ကို မစီးအပ်၊ စီးသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏” ဟု (မိန့်တော်မူ၏)။

၂၅၁။ ထိုအခါ မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် ဘဒ္ဒိယမြို့သို့ ဒေသစာရီလှည့်လည် ကြွချီတော်မူ၏၊အစဉ်အတိုင်း ဒေသစာရီလှည့် လည် ကြွချီတော်မူသည်ရှိသော် ဘဒ္ဒိယမြို့သို့ ရောက်တော်မူ၏၊ မြတ်စွာဘုရားသည် ထိုဘဒ္ဒိယမြို့ မုလေး တော၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ ဘဒ္ဒိယမြို့၌ နေသောရဟန်းတို့သည် များစွာသော ခြေနင်းကို တန်ဆာဆင်ခြင်း၌ အဖန်ဖန်အားထုတ်ခြင်းနှင့် ယှဉ်ကုန်လျက် နေကုန်၏၊ မြက်ခြေနင်းကို ကိုယ်တိုင်လည်း ပြုလုပ်ကုန်၏၊ သူတပါးကိုလည်း ပြုလုပ်စေကုန်၏။ ဖြူဆံမြက် ခြေနင်းကို ကိုယ်တိုင်လည်း ပြုလုပ်ကုန်၏၊ သူတပါးကို လည်း ပြုလုပ်စေကုန်၏။ ပြိတ်မြက်ခြေနင်းကို ကိုယ်တိုင်လည်း ပြုလုပ်ကုန်၏၊ သူတပါးကိုလည်း ပြုလုပ်စေကုန်၏။ သင်ပေါင်းရွက်ဖြင့် ပြုသော ခြေနင်းကို ကိုယ်တိုင်လည်း ပြုလုပ်ကုန်၏၊ သူတပါး ကိုလည်း ပြုလုပ်စေကုန်၏။ ကမလမည်သော မြက်ဖြင့်ပြုသော ခြေနင်းကို ကိုယ်တိုင်လည်း ပြုလုပ် ကုန်၏၊ သူတပါးကိုလည်း ပြုလုပ်စေကုန်၏။ ကမ္ဗလာ ခြေနင်းကို ကိုယ်တိုင်လည်း ပြုလုပ်ကုန်၏၊ သူတပါးကိုလည်း ပြုလုပ်စေကုန်၏။ သင်အံခြင်း အဖန်ဖန်မေးခြင်းနှင့် မြတ်သောသီလ မြတ်သော သမာဓိ မြတ်သောပညာတို့သည် ဆိတ်သုဉ်းကုန်၏။ အလိုနည်းသော ရဟန်းတို့သည်“အဘယ့်ကြောင့် ဘဒ္ဒိယမြို့၌ နေသောရဟန်းတို့သည် များစွာသော ခြေနင်းကို တန်ဆာဆင်ခြင်း၌ အဖန်ဖန် အားထုတ် ခြင်းနှင့် ယှဉ်ကုန်လျက် နေကုန်ဘိသနည်း၊ မြက်ခြေနင်းကို ကိုယ်တိုင်လည်း ပြုလုပ်ကုန်ဘိသနည်း၊ သူတပါးကိုလည်း ပြုလုပ်စေကုန်ဘိသနည်း။ ဖြူဆံမြက်ခြေနင်းကို ကိုယ်တိုင်လည်း ပြုလုပ်ကုန်ဘိ သနည်း၊ သူတပါးကိုလည်း ပြုလုပ်စေကုန်ဘိသနည်း။ ပြိတ်မြက်ခြေနင်းကို ကိုယ်တိုင်လည်း ပြုလုပ် ကုန်ဘိသနည်း၊ သူတပါးကိုလည်း ပြုလုပ်စေကုန်ဘိသနည်း။ သင်ပေါင်းရွက်ဖြင့် ပြုသောခြေနင်းကို ကိုယ်တိုင်လည်း ပြုလုပ်ကုန်ဘိသနည်း၊ သူတပါးကိုလည်း ပြုလုပ်စေကုန်ဘိသနည်း။ ကမလမည်သော မြက်ဖြင့်ပြုသော ခြေနင်းကိုကိုယ်တိုင်လည်း ပြုလုပ်ကုန်ဘိသနည်း၊ သူတပါးကိုလည်း ပြုလုပ်စေကုန် ဘိသနည်း။ ကမ္ဗလာ ခြေနင်းကို ကိုယ်တိုင်လည်း ပြုလုပ်ကုန်ဘိသနည်း၊ သူတပါးကိုလည်း ပြုလုပ်စေ ကုန်ဘိသနည်း။ သင်အံခြင်း အဖန်ဖန်မေးခြင်းနှင့် မြတ်သောသီလ မြတ်သောသမာဓိ မြတ်သော ပညာတို့သည် ဆိတ်သုဉ်းကုန်ဘိသနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ “ရဟန်းတို့ ဘဒ္ဒိယမြို့၌ နေသောရဟန်းတို့သည် များစွာသော ခြေနင်းကို တန်ဆာဆင်ခြင်း၌ အဖန်ဖန်အားထုတ်ခြင်းနှင့် ယှဉ်ကုန်လျက် နေကုန်၏၊ မြက်ခြေနင်းကို ကိုယ်တိုင်လည်း ပြုလုပ်ကုန်၏၊ သူတပါးကိုလည်း ပြုလုပ်စေကုန်၏။ပ။ သင်အံခြင်း အဖန်ဖန် မေးခြင်းနှင့် မြတ်သောသီလ မြတ်သော သမာဓိ မြတ်သောပညာတို့သည် ဆိတ်သုဉ်းကုန်၏ ဟူသည် မှန်သလော” ဟု စိစစ် မေးမြန်းတော် မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထို (မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် များစွာသော ခြေနင်းကို တန်ဆာဆင်ခြင်း၌ အဖန်ဖန် အားထုတ်ခြင်းနှင့် ယှဉ်ကုန်လျက် နေကုန်ဘိသနည်း၊ မြက်ခြေနင်းကို ကိုယ်တိုင်လည်း ပြုလုပ်ကုန်ဘိသနည်း၊ သူတပါးကိုလည်း ပြုလုပ်စေကုန်ဘိသနည်း။ပ။ သင်အံခြင်း အဖန်ဖန် မေးခြင်းနှင့် မြတ်သောသီလ မြတ်သောသမာဓိ မြတ်သောပညာတို့သည် ဆိတ်သုဉ်းကုန်ဘိသနည်း၊ ရဟန်းတို့ ဤ (ရဟန်းတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ၎င်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ မြက်ခြေနင်း၊ ဖြူဆံမြက်ခြေနင်း၊ ပြိတ်မြက်ခြေနင်း၊ သင်ပေါင်းရွက်ဖြင့် ပြုသော ခြေနင်း၊ ကမလမည်သော မြက်ဖြင့်ပြုသောခြေနင်း၊ ကမ္ဗလာခြေနင်း၊ ရွှေဖြင့်ပြီးသောခြေနင်း၊ ငွေဖြင့်ပြီးသောခြေနင်း၊ ပတ္တမြားဖြင့်ပြီးသောခြေနင်း၊ ကျောက်မျက်ရွဲဖြင့်ပြီးသောခြေနင်း၊ ဖလ်ဖြင့်ပြီးသောခြေနင်း၊ ကြေးဖြူဖြင့်ပြီးသောခြေနင်း၊ စဉ့်ဖြင့်ပြီးသော ခြေနင်း၊ သလွဲစင် 'ခဲမဖြူ'ဖြင့် ပြီးသော ခြေနင်း၊ သလွဲမည်း 'ခဲပုတ်' ဖြင့်ပြီးသော ခြေနင်း၊ ကြေးနီဖြင့် ပြီးသောခြေနင်းတို့ကို မစီးအပ်၊ စီးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ ပြောင်းရွှေကောင်းသော တစုံတခုသော ခြေနင်းတို့ကို မစီးအပ်။ စီးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့—

"ကျင်ကြီးသွားရာခြေနင်း ကျင်ငယ်သွားရာခြေနင်း သန့်သက်ရေသုံးရာခြေနင်း ဟူ၍ အမြဲတည်လျက် မပြောင်းမရွှေကောင်းသော သုံးမျိုးသော ခြေနင်းတို့ကို ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

၂၅၂။ ထိုအခါ မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် သာဝတ္ထိပြည်သို့ ဒေသစာရီ လှည့်လည် ကြွချီတော်မူ၏၊ အစဉ်အတိုင်း ဒေသစာရီလှည့်လည် ကြွချီတော်မူသည်ရှိသော် သာဝတ္ထိပြည်သို့ ရောက်၍ ထိုသာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အစိရဝတီမြစ်၌ ကူးသော နွားမတို့၏ ဦးချိုတို့ကိုငင်း၊ နားရွက်တို့ကိုငင်း၊ လည်ပင်းကိုငင်း၊ မြီးထူးကိုငင်း ကိုင်ကုန်၏၊ ကျောက်ကုန်း၌လည်း တက်စီးကုန်၏၊ တပ်သော စိတ်ရှိကုန်သည်ဖြစ်၍ အင်္ဂါဇာတ်ကိုလည်း (မိမိတို့၏ အင်္ဂါဇာတ်ဖြင့်) တို့ထိကုန်၏၊ နွားငယ်ကိုသည်း နှစ်၍သတ်ကုန်၏။

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ကာမဂုဏ်ချမ်းသာကို ခံစားသော လူတို့ကဲ့သို့ ရေကူးသော နွားမတို့၏ ဦးချိုတို့ကိုလည်း ကိုင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ရဟန်းတို့ မှန်သလော။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ နွားမတို့၏ ဦးချိုတို့ကို မကိုင်အပ်၊ နားရွက်တို့ကို မကိုင်အပ်၊ လည်ပင်းကို မကိုင်အပ်၊ မြီးထူးကို မကိုင်အပ်၊ ကျောက်ကုန်း၌ (တက်၍) မစီးအပ်၊ စီးသော ရဟန်းအား ဒုက္ကဋ်အာပတ်

http://www.dhammadownload.com



သင့်၏။ ရဟန်းတို့ တပ်သောစိတ်ဖြင့် အင်္ဂါဇာတ်ကို မတို့ထိအပ်၊ တို့ထိသောရဟန်းအား ထုလ္လစ္စည်း အာပတ် သင့်၏။ နွားငယ်ကို မသတ်အပ်၊ သတ်သောရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ် အပ်၏" ဟု (မိန့်တော်မူ၏)။

## ၁၅၃-ယာဉ်စသည်တို့ကိုမယ်ခြင်း

၂၅၃။ တရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အမ ကရှိ ယောကျ်ားမောင်းနှင်သော ယာဉ်ဖြင့် ရင်း၊ အထီး ကရှိ မိန်းမမောင်းနှင်သော ယာဉ်ဖြင့်ရင်း သွားကုန်၏။ လူတို့သည် "ဂင်္ဂါသဘင် မဟီ သဘင်နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

"ရဟန်းတို့ ယာဉ်ဖြင့် မသွားအပ် ၊ သွားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့် တော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် ကောသလတိုင်း ဇနပုဒ်မှ မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ သာဝတ္ထိ ပြည်သို့ သွားသည်ရှိသော် လမ်းခရီးအကြား၌ နာဖျား၏။ ထိုအခါ ထိုရဟန်းသည် ခရီးလမ်းမှ သက် ဆင်း၍ တခုသော သစ်ပင်ရင်း၌ ထိုင်နေ၏။

လူတို့သည် ထိုရဟန်းကို မြင်၍ "အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ်အရပ်သို့ သွားမည် နည်း" ဟု လျှောက်ကြကုန်၏။ ဒါယကာတို့ ငါသည် သာဝတ္ထိပြည်သို့ မြတ်စွာဘုရားကို ဖူးမြော်ခြင်း ငှါ သွားအံ့ ဟု (ဆို၏)။ အသျှင်ဘုရား ကြွတော်မူပါ၊ သွားပါအံ့ ဟု (လျှောက်ကြကုန်၏)။ ဒါယကာတို့ ငါသည် မသွားနိုင်၊ နာဖျား၏ ဟု (ဆို၏)။အသျှင်ဘုရား ကြွတော်မူပါ၊ ယာဉ်အပေါ် သို့ တက်စီးပါလော့ ဟု (လျှောက်ကြကုန်၏)။ ဒါယကာတို့ မသင့်၊ မြတ်စွာဘုရားသည် ယာဉ်ကို ပယ်တော်မူ၏ ဟု (ဆို၍) မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ ယာဉ်ကို မစီးပဲ နေ၏။

ထိုအခါ ထိုရဟန်းသည် သာဝတ္ထိပြည်သို့ ရောက်၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြား ၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နာဖျား သော ရဟန်းအား ယာဉ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုအခါ ရဟန်းတို့အား "အမကသော ယာဉ်သည် အပ်လေသလော အထီး ကသောယာဉ်သည် အပ်လေသလော" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အထီးကသော ယာဉ်ကိုရင်း လက်ဆွဲယာဉ်ကိုရင်း ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။ ထိုအခါ ရဟန်းတပါးအား လှုပ်ဆောင့်သဖြင့် ပြင်းစွာ ကိုယ်မချမ်းသာခြင်း ဖြစ်လေ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြ ကုန်၏။ "ရဟန်းတို့ ထမ်းစင်ကိုရင်း သံလျင်းကိုရင်း ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

## ၁၅၄-မြင့်သောနေရာ မြတ်သောနေရာတို့ကိုမယ်ခြင်း

၂၅၄။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြင့်သောနေရာ မြတ်သောနေရာတို့ကို ဆောင်ယူ'အုံးစွဲ' ကုန်၏။ ဤသည်တို့ကား အဘယ်နည်း—

http://www.dhammadownload.com



မြင့်လွန်းသောနေရာ[၁] ပလ္လင်[၂] မွေးရှည်ကော်ဇောကြီး ဆန်းကြယ်သော သားမွေးအခင်း ဖြူသော သားမွေးအခင်း၊ ပန်းပြောက်ခြယ် သားမွေးအခင်း လဲသွပ်အခင်း ရုပ်ပုံခြယ် သားမွေးအခင်း တဖက်ခမွေးရှိအခင်း နှစ်ဖက်မွေးရှိအခင်း ရွှေချည်ထိုးအခင်း ပိုးချည်အခင်း သားမွေးအခင်းကြီး ဆင်ကုန်းနှီး မြင်းကုန်းနှီး ရထားခင်းနှီး သစ်နက်ရေအခင်း ဝံပိုင့်ရေအခင်း (နီသော) မျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိ နေရာတို့တည်း။

ကျောင်းစဉ် လှည့်လည်သော လူတို့သည် မြင်၍ "ကာမဂုဏ် ချမ်းသာကို ခံစားသောလူတို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မြင့်သောနေရာ မြတ်သောနေရာတို့ကို မဆောင်ယူ 'မသုံးစွဲ'အပ်ကုန်။ ဤသည်တို့ကား အဘယ်နည်း—

မြင့်လွန်းသောနေရာ ပလ္လင် မွေးရှည်ကော်ဇော်ကြီး ဆန်းကြယ်သော သားမွေးအခင်း ဖြူသော သားမွေးအခင်း ပန်းပြောက်ခြယ် သားမွေးအခင်း လဲသွပ်အခင်း ရုပ်ပုံခြယ် သားမွေးအခင်း တဖက်မွေးရှိအခင်း နှစ်ဖက်မွေးရှိအခင်း ရွှေချည်ထိုးအခင်း ပိုးချည်အခင်း သားမွေးအခင်းကြီး ဆင်ကုန်းနှီး မြင်းကုန်းနှီး ရထားခင်းနှီး သစ်နက်ရေအခင်း ဝံပိုင့်ရေအခင်း (နီသော) မျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိ နေရာတို့တည်း။

(ဤသည်တို့ကို) ဆောင်ယူ 'သုံးစွဲ' သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

## ၁၅၅-သားရေအားလုံးကို ပယ်တော်မူခြင်း

၂၅၅။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် "မြတ်စွာဘုရားသည် မြင့်သောနေရာ မြတ်သောနေရာတို့ကို ပယ်တော်မူ၏" ဟု ခြင်္သေ့ရေ ကျားရေ သစ်ရေဟု ဆိုအပ်သော သားရေကြီးတို့ကို ဆောင်ယူ 'သုံးစွဲ'ကုန်၏။

ထိုအရေတို့ကို ညောင်စောင်းနှင့် အညီအမျှ ဖြတ်ကုန်၏၊ အင်းပျဉ်နှင့် အညီအမျှလည်း ဖြတ်ကုန်၏၊ညောင်စောင်းအတွင်း၌လည်း ခင်းကုန်၏၊ ညောင်စောင်း အပြင်၌လည်း ခင်းကုန်၏၊ အင်းပျဉ်အတွင်း၌လည်း ခင်းကုန်၏၊ အင်းပျဉ်၏ အပြင်၌လည်း ခင်းကုန်၏။

ကျောင်းစဉ် လှည့်လည်ကုန်သော လူတို့သည် မြင်၍ "ကာမဂုဏ်ချမ်းသာကို ခံစားသော လူတို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

"ရဟန်းတို့ ခြင်္သေ့ရေ ကျားရေ သစ်ရေ ဟု ဆိုအပ်သော သားရေကြီးတို့ကို မဆောင်ယူ'မသုံးစွဲ' အပ်ကုန်၊ ဆောင်ယူ 'သုံးစွဲ' သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် "မြတ်စွာဘုရားသည် သားရေကြီးတို့ကို ပယ်တော်မူ၏" ဟု နွားရေတို့ကို ဆောင်ကုန်၏။ ထိုနွားရေတို့ကို ညောင်စောင်းနှင့် အညီအမျှ ဖြတ်ကုန်၏၊ အင်းပျဉ်နှင့်

---

၁။ မြတ်စွာဘုရားသက်ရှစ်သစ်ပမာဏထက်လွန်သောအခြေရှိသောညောင်စောင်းအင်ပျဉ်။

၂။ ခြေထောက်တို့၌ သားရဲရုပ်ထပ်သောနေရာ။

http://www.dhammadownload.com



အညီအမျှလည်း ဖြတ်ကုန်၏၊ ညောင်စောင်းအတွင်း၌လည်း ခင်းကုန်၏။ ညောင်စောင်း အပြင်၌လည်း ခင်းကုန်၏၊ အင်းပျဉ်အတွင်း၌လည်း ခင်းကုန်၏၊ အင်းပျဉ်၏အပြင်၌လည်း ခင်းကုန်၏။

ယုတ်ညံ့သော ရဟန်းတပါးသည် ယုတ်ညံ့သော ဥပါသကာ၏ အိမ်သို့ကပ်သော ဆရာဖြစ်၏။ ထိုအခါ ထိုယုတ်ညံ့သောရဟန်းသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူလျက် ထိုယုတ်ညံ့သော ဥပါသကာ၏အိမ်သို့ ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်နေ၏။ ထိုအခါ၌ထိုယုတ်ညံ့သော ဥပါသကာသည် ထိုယုတ်ညံ့သော ရဟန်းထံသို့ ချဉ်းကပ်၍ ထိုယုတ်ညံ့သော ရဟန်းကိုရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏။

ထိုအခါ ထိုယုတ်ညံ့သော ဥပါသကာအား နုနယ်လှမ၍ ရှုချင်စဖွယ် စိတ်ကြည်လင်ဖွယ်ကို ဖြစ်စေတတ်သော ကျားသစ်ငယ်ကဲ့သို့ ပြောက်ကျားသော နို့စို့နွားငယ်သည် ရှိ၏။

ထိုအခါ ထိုယုတ်ညံ့သော ရဟန်းသည် ထိုနို့စို့နွားငယ်ကို တစိမ့်စိမ့်ကြည့်ရှု၏။ ထိုအခါ ထိုယုတ်ညံ့သော ဥပါသကာသည် ထိုယုတ်ညံ့သော ရဟန်းကို "အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ့်ကြောင့် နို့စို့နွားငယ်ကို တစိမ့်စိမ့် ရှုပါသနည်း" ဟု လျှောက်၏။ ငါ့သျှင် ဤနို့စို့နွားငယ်၏ အရေကို ငါအလိုရှိ၏ ဟု (ပြောဆို၏)။ ထိုအခါ ထိုယုတ်ညံ့သော ဥပါသကာသည် ထိုနို့စို့နွားငယ်ကို သတ်၍ အရေကို ခွါပြီးလျှင် ထိုယုတ်ညံ့သော ရဟန်းအား ပေးလှူ၏။

ထိုအခါ ထိုယုတ်ညံ့သော ရဟန်းသည် ထိုအရေကို ဒုကုဋ်သင်္ကန်းဖြင့် ဖုံးအုပ်၍ သွား၏။ ထိုအခါ သားကို ခင်မင်သော ထိုအမိနွားမကြီးသည် ထိုယုတ်ညံ့သော ရဟန်း၏ နောက်မှ နောက်မှ အစဉ်လိုက်၏။ ရဟန်းတို့သည် "ငါ့သျှင် အဘယ့်ကြောင့် ဤနွားမကြီးသည် သင်၏ နောက်မှ နောက်မှ အစဉ်တစိုက် လိုက်ဘိသနည်း" ဟု မေးကုန်၏။

ငါ့သျှင်တို့ ငါသည်လည်း "အဘယ့်ကြောင့် ဤနွားမကြီးသည် ငါ၏ နောက်မှ နောက်မှ အစဉ်တစိုက် လိုက်သည်ကို မသိ" ဟု ပြောဆို၏။ ထိုအခါ ထိုယုတ်ညံ့သော ရဟန်း၏ ဒုကုဋ်သင်္ကန်းသည် သွေးဖြင့် လိမ်းကျံ၏။ ရဟန်းတို့သည် "ငါ့သျှင် သင်သည် ဤဒုကုဋ်သင်္ကန်းကို အသို့ပြုသနည်း" ဟု မေးကုန်၏။ ထိုအခါ ထိုယုတ်ညံ့သော ရဟန်းသည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ငါ့သျှင် သင်သည် သူ၏အသက်ကို သတ်ခြင်း၌ ဆောက်တည်စေဘိသလော ဟု မေးကုန်၏။ ငါ့သျှင်တို့ ဆောက်တည်စေပါ၏ ဟု (ပြောဆို၏)။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် သူ၏ အသက်ကို သတ်ခြင်း၌ ဆောက်တည်စေဘိသနည်း၊ မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် သူ၏ အသက်သတ်ခြင်းကို ကဲ့ရဲ့အပ်သည် မဟုတ်ပါလော၊ သူ၏ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းကို ချီးမွမ်းအပ်သည် မဟုတ်ပါလော" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် ထိုယုတ်ညံ့သော ရဟန်းကို "ရဟန်း သင်သည် အသက်သတ်ခြင်း၌ ဆောက်တည်စေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် သူ၏ အသက်ကိုသတ်ခြင်း၌ ဆောက်တည်စေဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် သူ၏

http://www.dhammadownload.com



အသက်သတ်ခြင်းကို ကဲ့ရဲ့အပ်သည် မဟုတ်ပါလော၊ သူ၏ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းကို ချီးမွမ်းအပ်သည် မဟုတ်ပါလော။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် "ရဟန်းတို့ကို ရဟန်းတို့ သူ၏ အသက်ကို သတ်ခြင်း၌ မဆောက်တည်စေအပ်၊ ဆောက်တည်စေသော ရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ်အပ်၏။ ရဟန်းတို့ နွားရေကို မဆောင်ယူ 'မသုံးစွဲ' အပ်၊ ဆောင်ယူသုံးစွဲသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ တစုံတခုသော အရေကို မဆောင်ယူ 'မသုံးစွဲ' အပ်၊ ဆောင်ယူ 'သုံးစွဲ' သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

## ၁၅၆–လူတို့၏ဥစ္စာကို ခွင့်ပြုခြင်းစသည်

၂၅၆။ ထိုစဉ်အခါ လူတို့သည် ညောင်စောင်း အင်းပျဉ်တို့ကို သားရေဖြင့် ဖွဲ့ရက်မွမ်းမံထားကုန်၏။ ရဟန်းတို့သည် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မထိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ လူတို့၏ဥစ္စာကို ထိုင်ခြင်းငှါ ခွင့်ပြု၏၊ အိပ်ခြင်းငှါ ခွင့်မပြု" ဟု (မိန့်တော်မူ၏)။

ထိုအခါ ကျောင်းတို့ကို သားရေကြိုးတို့ဖြင့် ဖွဲ့ချည်ထားကုန်၏။ ရဟန်းတို့သည် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မထိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ နံရံကိုပတ်၍ ဖွဲ့ချည်ကာမျှကို (မှီ၍) ထိုင်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘိနပ်စီး၍ ရွာတွင်းသို့ ဝင်ကုန်၏။ လူတို့သည် "ကာမဂုဏ်ချမ်းသာကို ခံစားသော လူတို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ဘိနပ်စီးလျက် ရွာတွင်းသို့ မဝင်အပ်၊ ဝင်သောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် နာဖျား၏၊ ဘိနပ်နှင့်ကင်း၍ ရွာတွင်းသို့ ဝင်ခြင်းငှါ မစွမ်းနိုင်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ နာဖျားသော ရဟန်းသည် ဘိနပ်စီးလျက် ရွာတွင်းသို့ ဝင်ခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

## ၁၅၇–သောဏကုဋိကဏ္ဏဝတ္ထု

၂၅၇။ ထိုအခါ မဟာကစ္စည်းသည် အဝန္တိတိုင်း ကုရရဃရမြို့ ပပတကတောင်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ကုဋေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏမည်သော ဥပါသကာသည် အသျှင်မဟာကစ္စည်း၏ အလုပ်အကျွေး ဖြစ်၏။

ထိုအခါ ကုဋေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏမည်သော ဥပါသကာသည် အသျှင်မဟာကစ္စည်းထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော်နေရာ၌ ထိုင်နေကာ အသျှင်မဟာကစ္စည်းကို "အသျှင်ဘုရား အကျွန်ုပ်သည် အသျှင်ဘုရား ဟောတော်မူအပ်သော တရားတော်ကို ထိုက်သည်အားလျော်စွာ သိပါ၏၊ (ထိုသို့ သိရသည့်အတိုင်း) လူ့ဘောင်၌ နေသူသည် စင်စစ်ပြည့်စုံ စင်ကြယ်၍ ခရုသင်းပွတ်သစ်နှင့်တူသော ဤမြတ်သော အကျင့်ကို ကျင့်ခြင်းငှါ မလွယ်ကူပါ။

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်သည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လိုပါသည်။ အသျှင်ဘုရား အသျှင်ဘုရားသည် အကျွန်ုပ်ကို ရှင်ရဟန်းပြုပေးတော်မူပါ" ဟု (လျှောက်၏)။

သောဏ အသက်ထက်ဆုံး တယောက်တည်းသာ အိပ်ရသော တထပ်တည်းသာစားရသော မြတ်သောအကျင့်ကို ကျင့်ခြင်းငှါ ခဲယဉ်း၏၊ သောဏ တိုက်တွန်း၏၊ သင်သည် ထိုလူ့ဘောင်၌သာ လျှင် လူဖြစ်လျက် (ဥပုသ်နေ့စသော) အခါကာလအားလျော်စွာ တယောက်တည်းသာ အိပ်ရသော တထပ်တည်းသာ စားရသော ဘုရား၏ အဆုံးအမဟု ဆိုအပ်သော မြတ်သောအကျင့်ကို ကျင့်လော့ ဟု ပြောဆို၏။ ထိုအခါ ကုဋေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏ ဥပါသကာ၏ ရဟန်းပြုအံ့ ဟု အားထုတ်ခြင်းသည် ငြိမ်း၏။

နှစ်ကြိမ်မြောက်လည်း ကုဋေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏ ဥပါသကာ သည် ။ပ။ သုံးကြိမ်မြောက်လည်း ကုဋေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏ ဥပါ သကာသည် အသျှင်မဟာကစ္စည်းထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကာ အသျှင်မဟာကစ္စည်းကို "အသျှင်ဘုရား အကျွန်ုပ်သည် အသျှင်ဘုရား ဟောတော်မူအပ်သော တရား တော်ကို ထိုက်သည့်အားလျော်စွာ သိပါ၏၊ (ထိုသို့သိရသည့်အတိုင်း) လူ့ဘောင်၌ နေသူသည် စင်စစ် ပြည့်စုံစင်ကြယ်၍ ခရုသင်းပွတ်သစ်နှင့် တူသော ဤမြတ်သော အကျင့်ကို ကျင့်ခြင်းငှါ မလွယ်ကူပါ။

အသျှင်ဘုရား အကျွန်ုပ်သည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည် ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လိုပါသည်၊ အသျှင်ဘုရား အသျှင်ဘုရားသည် အကျွန်ုပ်ကို ရှင်ရဟန်း ပြုပေးတော်မူပါ" ဟု (လျှောက်၏)။

ထိုအခါ အသျှင်မဟာကစ္စည်းသည် ကုဋေထိုက်သော နားတန်ဆာကို ဝတ်ဆင်သော သောဏ ဥပါသကာကို ရှင်ပြုလေ၏။ ထိုအခါ၌ အဝန္တိတိုင်း ဒက္ခိဏာပထဇနပုဒ်သည် ရဟန်းနည်းပါး၏၊ ထိုအခါ၌ အသျှင်မဟာကစ္စည်းသည် သုံးနှစ်လွန်သဖြင့် ငြိုငြင်ပင်ပန်းစွာ ထိုထိုအရပ်မှ တကျိပ် အစုရှိသော ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် အသျှင်သောဏကို ပဉ္စင်းခံပေး၏။

## ၁၅၈-မဟာကစ္စည်း၏ ဆုငါးပါးကိုပြခြင်း

ထိုအခါ ဝါကျွတ်၍ ဆိတ်ငြိမ်ရာ အရပ်သို့ကပ်လျက် တိတ်ဆိတ်စွာနေသော အသျှင်သောဏ အား "ထိုမြတ်စွာဘုရားသည် ဤသို့သဘောရှိသော ရှုပကာယကျေးဇူး ဤသို့ သဘောရှိသော ဓမ္မကာယကျေးဇူး ရှိတော်မူ၏ ဟု ငါသည် ကြားဘူးရုံသာတည်း၊ ငါသည် မျက်မှောက်ထင်ထင် မမြင်ဘူးပေ၊ အကယ်၍ ဥပဇ္ဈာယ်ဆရာသည် ငါ့ကို ခွင့်ပြုငြားအံ့၊ ငါသည် ပူဇော်အထူးကိုခံတော် မူထိုက်သော အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော် ခြင်းငှါ သွားအံ့ " ဟု စိတ်အကြံ ဖြစ်၏။

ထိုအခါ အသျှင်သောဏသည် ညချမ်းအခါ၌ ကိန်းအောင်းရာမှထ၍ အသျှင်မဟာကစ္စည်းထံ သို့ ချဉ်းကပ်လျက် အသျှင်မဟာကစ္စည်းကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ထိုင်ကာ အသျှင်မဟာ ကစ္စည်းကို "အသျှင်ဘုရား ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် တိတ်ဆိတ်စွာနေသော အကျွန်ုပ်အား ထိုမြတ်စွာဘုရားသည် ဤသို့သဘောရှိသော ရူပကာယကျေးဇူး ဤသို့သဘောရှိသော ဓမ္မကာယ ကျေးဇူး ရှိတော်မူ၏ ဟု ငါသည် ကြားဘူးရုံသာတည်း၊ ငါသည် မျက်မှောက်ထင်ထင် မမြင်ဘူးပေ

http://www.dhammadownload.com



အကယ်၍ ဥပဇ္ဈာယ်ဆရာသည် ငါ့ကို ခွင့်ပြုငြားအံ့၊ ငါသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ သွားအံ့ ဟု စိတ်အကြံဖြစ်ပါသည်။

အသျှင်ဘုရား အကယ်၍ ဥပဇ္ဈာယ်ဆရာသည် အကျွန်ုပ်ကို ခွင့်ပြုငြားအံ့၊ အကျွန်ုပ်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ သွားပါအံ့" ဟု (လျှောက်၏)။

သောဏ ကောင်းစွ ကောင်းစွ သောဏ သင်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ သွားလေလော့။ သောဏ သင်သည် ရှုချင်ဖွယ်ရှိသော ကြည်ညိုဖွယ်ရှိသော ငြိမ်သက်သော ဣန္ဒြေရှိသောငြိမ်သက်သော စိတ်နှလုံးရှိတော်မူသော မြတ်သော ပညာ မြတ်သော တည်ကြည်ခြင်းသို့လည်း ရောက်တော်မူပြီးသော ယဉ်ကျေးသည့် နှလုံးတော်လည်း ရှိသော စောင့်စည်းသည့် သီတင်းသီလလည်း ရှိတော်မူသော အားထုတ်အပ်သည့် ဝီရိယိန္ဒြေလည်း ရှိတော်မူသော မကောင်းမှုမှလည်း ကင်းတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ရလတ္တံ့။

သောဏ ထိုသို့သွားပြီးလျှင် သင်သည် "အသျှင်ဘုရား အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာ အသျှင်မဟာကစ္စည်းသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏" ဟု ငါ၏ စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးလေလော့။ ဤသို့လည်း လျှောက်ထားလေဦး။

(၁) "အသျှင်ဘုရား အဝန္တိတိုင်း ဒက္ခိဏာပထဇနပုဒ်သည် ရဟန်းနည်းပါး၏၊ အကျွန်ုပ်သည် သုံးနှစ်လွန်သဖြင့် ငြိုငြင်ပန်ပန်းစွာ ထိုထိုအရပ်မှ တကျိပ်အစုရှိသော ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် ရဟန်းအဖြစ်ကို ရပါ၏၊ မြတ်စွာဘုရားသည် အဝန္တိတိုင်း ဒက္ခိဏာပထဇနပုဒ်၌ နည်းသော ဂိုဏ်းဖြင့် ဥပသမ္ပဒကံကို ခွင့်ပြုတော်မူမည်လည်း မသိ။

(၂) အသျှင်ဘုရား အဝန္တိတိုင်း တောင်ပိုင်းနယ်၌ အထက်သို့ စုန့်စုန့်တက်၍ မည်းနက်သည့် နွားခွါရာ 'ခရောင်း'မြေသည် ကြမ်းတမ်းပါ၏၊ မြတ်စွာဘုရားသည် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ အလွှာများသော ဘိနပ်ကို ခွင့်ပြုတော်မူမည်လည်း မသိ။

(၃) အသျှင်ဘုရား အဝန္တိတိုင်း တောင်ပိုင်းနယ်၌ လူတို့သည် ရေချိုးခြင်းကို အလေးပြုပါကုန်၏။ ရေဖြင့် စင်ကြယ်ကုန်၏ ဟု အယူရှိပါ၏။ မြတ်စွာဘုရားသည် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ မပြတ်ရေချိုးခြင်းကို ခွင့်ပြုတော်မူမည်လည်းမသိ။

(၄) အသျှင်ဘုရား အဝန္တိတိုင်း တောင်ပိုင်းနယ်၌ သိုးရေ ဆိတ်ရေ သမင်ရေ ဟူသော သားရေတို့ကို ခင်းပါကုန်၏။ အသျှင်ဘုရား ဥပမာအားဖြင့် မဇ္ဈိမတိုင်း ဇနပုဒ်တို့၌ ပြိတ်မြက်ဖြင့် ရက်သော ဖျာတို့ကိုရင်း မြားမြက်ဖြင့်ရက်သော ဖျာတို့ကိုရင်း သင်ဖြင့်ရက်သော ဖျာတို့ကိုရင်း ပိတ်ထည်မြက်ဖြင့် ရက်သော ဖျာတို့ကိုရင်း ခင်းကုန်သကဲ့သို့ အသျှင်ဘုရား ဤအတူသာလျှင် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ သိုးရေ ဆိတ်ရေ သမင်ရေ ဟူသော သားရေတို့ကို ခင်းပါကုန်၏။ မြတ်စွာဘုရားသည် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ သိုးရေ ဆိတ်ရေ သမင်ရေ ဟူသော သားရေအခင်းတို့ကို ခွင့်ပြုတော်မူမည်လည်းမသိ။

http://www.dhammadownload.com



(၅) အသျှင်ဘုရား ယခုအခါ၌ လူတို့သည် သိမ်ပသို့သွားသော ရဟန်းတို့အား 'ဤမည်သော ရဟန်းအား ဤသက်နိုးကို လှူပါကုန်၏' ဟု သင်္ကန်းလှူပါကုန်၏၊ ထိုသီတင်းသုံးဖော်ရဟန်းတို့သည် လာ၍ 'ငါ့သျှင်တို့ ဤမည်သော လူတို့သည် သင့်အား သင်္ကန်းလှူ၏' ဟု ပြောကုန်၏၊ ထိုရဟန်းတို့သည် 'ငါတို့အား စွန့်ခြင်းဝိနည်းကံ မဖြစ်စေလင့်' ဟု (မှတ်၍) မအပ် ဟု တွေးတောမှု 'သံသယ ကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူပါကုန်၊ မြတ်စွာဘုရားသည် သင်္ကန်း၌ အပ်သောပရိယာယ်ကို ဟောကြား တော်မူမည်လည်း မသိ ဟု လျှောက်ထားလေဦး" ဟု (မှာလိုက်၏)။

"ကောင်းပါပြီ အသျှင်ဘုရား" ဟု အသျှင်သောဏသည် အသျှင်မဟာကစ္စည်းအား ဝန်ခံ၍ နေရာမှထပြီးလျှင် ရှိခိုး၍ အရိုအသေပြုကာ အိပ်ရာ နေရာကို သိမ်းဆည်း၍ သပိတ်သင်္ကန်းကို ယူလျက် သာဝတ္ထိပြည်သို့ ဖဲသွားလေ၏၊ အစဉ်အတိုင်း သွားသည်ရှိသော် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း ဘုရားထံတော်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခု သော နေရာ၌ ထိုင်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ ဤအာဂန္တုရဟန်းအတွက် နေရာ ခင်းလော့" ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်အာနန္ဒာသည် "မြတ်စွာဘုရားသည် ငါ့ကို 'အာနန္ဒာဤအာဂန္တုရဟန်းအတွက် နေရာခင်းလော့' ဟု စေခိုင်းတော်မူ၏။ မြတ်စွာဘုရားသည် ထိုရဟန်းနှင့်အတူ တခုတည်းသော ကျောင်း၌ နေခြင်းငှါ အလိုရှိ၏၊ မြတ်စွာဘုရားသည် အရှင်သောဏနှင့်အတူ တခုတည်းသော ကျောင်း 'ဂန္ဓကုဋီ' ၌ နေခြင်းငှါအလိုရှိ၏" ဟု (အောက်မေ့၍) မြတ်စွာဘုရား သီတင်းသုံးတော်မူရာ (ဂန္ဓကုဋီ) ကျောင်း၌ အသျှင်သောဏအား နေရာကိုခင်းပေး၏။

၂၅၈။ ထိုအခါ မြတ်စွာဘုရားသည် ညဉ့်နက်သည့်တိုင်အောင် လွင်တီးခေါင်၌ (အချိန်ကို) လွန် စေကာ ကျောင်းတော်သို့ ဝင်တော်မူ၏။ အသျှင်သောဏသည်လည်း ညဉ့်နက်သည်တိုင်အောင် လွင် တီးခေါင်၌ (အချိန်ကို) လွန်စေကာ ကျောင်းသို့ဝင်၏။

ထိုအခါ မြတ်စွာဘုရားသည် ညဉ့်၏ မိုးသောက်ယံအခါ၌ ထတော်မူ၍ အသျှင်သောဏကို "ရဟန်းရွတ်ဆိုရန် တရားသည် သင့်ဉာဏ်ကို ထင်စေလော့" ဟု တိုက်တွန်းတော်မူ၏။

"ကောင်းပါပြီ အသျှင်ဘုရား " ဟု ဆို၍ အသျှင်သောဏသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် အဋ္ဌကဝဂ်၌ပါသော (ကာမသုတ်စသော) သုတ်အားလုံးတို့ကို အသံဖြင့်ရွတ်ဆို၏။ ထိုအခါ မြတ်စွာ ဘုရားသည် အသျှင်သောဏ၏ သာယာစွာ ရွတ်ဆိုသည့်အဆုံး၌ ကောင်းချီးခေါ်တော်မူ၏။

ရဟန်း ကောင်းစွ၊ ကောင်းစွ၊ ရဟန်းသင်သည် အဋ္ဌကဝဂ်၌ပါသော (ကာမသုတ်စသော) သုတ် အားလုံးတို့ကို စင်စစ်အားဖြင့် ကောင်းစွာ သင်ထားပေ၏၊ ကောင်းစွာ နှလုံးသွင်းထားပေ၏၊ ကောင်းစွာ ဆောင်ထားပေ၏၊ (ဌာန်ကရိုဏ်းစသည်ပြည့်စုံသဖြင့်) ကောင်းသောစကားသံနှင့်လည်း ပြည့်စုံပေ၏၊ သန့်ရှင်းသော အပြစ်လည်းမရှိ လိမ်လည်ခြင်းလည်း မရှိသော အနက်ကို သိစေတတ် သော စကားနှင့်လည်း ပြည့်စုံပေ၏၊ ရဟန်း သင်သည် ဝါအဘယ်မျှရှိပြီနည်း" ဟု မေးတော်မူရာ မြတ်စွာဘုရား အကျွန်ုပ်သည် တဝါသာ ရှိပါသေး၏ ဟု (လျှောက်၏)။

ရဟန်း သင်သည် အဘယ်ကြောင့် ဤသို့ကြာမြင့်မှ ရဟန်းပြုသနည်း ဟု မေးတော်မူရာ "အသျှင်ဘုရား အကျွန်ုပ်သည် ဤကာမဂုဏ်တို့၌ အပြစ်ကိုမြင်သည်ကား ကြာမြင့်ပါပြီ၊ ထိုသို့ပင်

http://www.dhammadownload.com



မြင်ပါသော်လည်း လူ့ဘောင်၌ နေသောသူတို့သည် ကျဉ်းမြောင်းကုန်၏၊ များသောကိစ္စရှိကုန်၏၊ များသော ပူပွယ်ရှိကုန်၏" ဟု (လျှောက်၏)။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းကို သိတော်မူ၍––

"လောက၌ သူတော်ကောင်းဖြစ်သော သူသည် အပြစ်ကိုမြင်၍ ဥပဓိကင်းသော နိဗ္ဗာန် တရားကိုသိသောကြောင့် မကောင်းမှု၌ မမွေ့လျော်၊ စင်ကြယ်သော ပုဂ္ဂိုလ်သည် သာသနာ တော်၌ မွေ့လျော်၏[၁]" ဟူသော ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ထိုအခါ အသျှင်သောဏသည် မြတ်စွာဘုရားသည် "ငါ့ကို ဝမ်းမြောက်စွာ စကားပြောတော်မူ၏ ဤအခါသည်ကား ငါ၏ (ဥပဇ္ဈာယ်ဆရာ) မှာလိုက်သော သတင်းစကားကို(လျှောက်ထားရန်)အချိန်တန်ပြီ" ဟု နေရာမှထ၍ လက်ဝဲတဖက်ပခုံးထက်၌ ဧကသီကိုစမွယ်တင်ကာ မြတ်စွာဘုရား၏ခြေ တော်တို့၌ ဦးခိုက်၍ ဤသို့(လျှောက်၏)။

"အသျှင်ဘုရား အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာဖြစ်သော အသျှင်မဟာကစ္စည်းသည် မြတ်စွာဘု ရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏၊ဤသို့လည်း လျှောက်ထားလိုက်ပါ၏။

'အသျှင်ဘုရား အဝန္တိတိုင်း တောင်ပိုင်းနယ်သည် ရဟန်းနည်းပါးပါ၏၊ အကျွန်ုပ်သည် သုံးနှစ် လွန်သဖြင့် ငြိုငြင်ပင်ပန်းစွာ ထိုထိုအရပ်မှ တကျိပ်အစုရှိသော ရဟန်းအပေါင်းကို စည်းဝေးစေပြီးမှ ရဟန်းအဖြစ်ကို ရပါ၏၊ မြတ်စွာဘုရားသည် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ နည်းသောဂိုဏ်းဖြင့် ဥပသမ္ပဒကံကို ခွင့်ပြုတော်မူမည်လည်း မသိ။

အသျှင်ဘုရား အဝန္တိတိုင်း တောင်ပိုင်းနယ်၌ အထက်သို့စုန့်စုန့်တက်၍ မည်းနက်သည့် နွားခွါရာ 'ခရောင်း' မြေသည် ကြမ်းတမ်းပါ၏၊ မြတ်စွာဘုရားသည် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ အလွှာများ သောဘိနပ်ကို ခွင့်ပြုတော်မူမည်လည်း မသိ။

အသျှင်ဘုရား အဝန္တိတိုင်း တောင်ပိုင်းနယ်၌ လူတို့သည် ရေချိုးခြင်းကို အလေးပြုပါကုန်၏၊ ရေဖြင့်စင်ကြယ်၏ ဟု အယူရှိပါကုန်၏၊မြတ်စွာဘုရားသည် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ မပြတ်ရေ ချိုးခြင်းကို ခွင့်ပြုတော်မူမည်လည်း မသိ။

အသျှင်ဘုရား အဝန္တိတိုင်း တောင်ပိုင်းနယ်၌ သိုးရေ ဆိတ်ရေ သမင်ရေဟူသော သားရေတို့ကို ခင်းပါကုန်၏။ အသျှင်ဘုရား ဥပမာအားဖြင့် မဇ္ဈိမတိုင်းဇနပုဒ်၌ ဖြိတ်မြက်ဖြင့်ရက်သော ဖျာတို့ကို ၎င်း မြားမြက်ဖြင့်ရက်သော ဖျာတို့ကို၎င်း သင်ဖြင့်ရက်သော ဖျာတို့ကို၎င်း ပိတ်ထည်မြက်ဖြင့် ရက်သော ဖျာတို့ကို၎င်း ခင်းကုန်သကဲ့သို့ အသျှင်ဘုရား ဤအတူသာလျှင် အဝန္တိတိုင်း တောင်ပိုင်း နယ်၌ သိုးရေ ဆိတ်ရေ သမင်ရေဟူသော သားရေတို့ကို ခင်းပါကုန်၏။ မြတ်စွာဘုရားသည် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ သိုးရေ ဆိတ်ရေ သမင်ရေဟူသော သားရေအခင်းတို့ကို ခွင့်ပြုတော်မူ မည်လည်းမသိ။

အသျှင်ဘုရား ယခုအခါ၌ လူတို့သည် သိမ်ပသို့ သွားသော ရဟန်းတို့အား 'ဤမည်သော ရဟန်း အား ဤသင်္ကန်းကို လှူပါကုန်၏' ဟု သင်္ကန်းလှူပါကုန်၏၊ ထိုသတင်းသုံးဖော် ရဟန်းတို့သည် လာ၍ 'ငါ့သျှင်တို့ ဤမည်သော လူတို့သည် သင့်အား သင်္ကန်းလှူ၏' ဟု ပြောကုန်၏၊ ထိုရဟန်းတို့သည် ငါတို့အား စွန့်ခြင်း ဝိနည်းကံ မဖြစ်စေလင့်' ဟု (မှတ်၍) မအပ် ဟု တွေးတောမူ 'သံသယကုက္ကုစ္စ'

---

၁။ ပါဠိတော်နိဿယမှအတိုင်းပြန်ဆိုလိုက်သည်၊ ပြင်ဆင်ပြီးပါဠိမူနှင့်ဋီကာတို့၌ ပါပေ န ရမတိ သုစိ ဟု ရှိသည်။

http://www.dhammadownload.com



ရှိသည်ဖြစ်၍ မခံယူပါကုန်၊ မြတ်စွာဘုရားသည် သက်နိုး၌ အပ်သောပရိယာယ်ကို ဟောကြားတော်မူမည်လည်းမသိ” ဟု (လျှောက်လိုက်ပါ၏ ဟူ၍) လျှောက်၏။

၂၅၉။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို (မိန့်တော်မူ၏) “ရဟန်းတို့ အဝန္တိတိုင်း တောင်ပိုင်းနယ်သည် ရဟန်းနည်းပါး၏၊ ရဟန်းတို့ အလုံးစုံသော ပစ္စန္တရစ် ဇနပုဒ်တို့၌ ဝိနည်းဓိုရ်လျှင် ငါးယောက်မြောက်သော ဂိုဏ်းဖြင့် ပဉ္စင်းခံခြင်းကို ခွင့်ပြု၏။

ထိုစကားရပ်၌ ပစ္စန္တရစ် ဇနပုဒ်တို့ ဟူသည် အရှေ့မျက်နှာအရပ်၌ ဂဇင်္ဂလ မည်သော နိဂုံးရှိ၏၊ ထိုနိဂုံး၏ အပြင်ဘက်မှ အင်ကြင်းပင်ကြီးရှိ၏၊ ထိုအင်ကြင်းပင်ကြီးမှ ပြင်ဘက်ကား ပစ္စန္တရစ် ဇနပုဒ်တို့တည်း၊ အတွင်းကား မဇ္ဈိမတိုင်းတည်း။

အရှေ့တောင်အရပ်၌ သလ္လဝတီမည်သော မြစ်ရှိ၏၊ ထိုသလ္လဝတီမြစ်မှ ပြင်ဘက်ကား ပစ္စန္တရစ် ဇနပုဒ်တည်း၊ အတွင်းကား မဇ္ဈိမတိုင်းတည်း။

တောင်မျက်နှာအရပ်၌ သေတကဏ္ဏိကမည်သော နိဂုံးရှိ၏၊ ထိုနိဂုံးမှ ပြင်ဘက်ကား ပစ္စန္တရစ် ဇနပုဒ်တည်း၊ အတွင်းကား မဇ္ဈိမတိုင်းတည်း။

အနောက်မျက်နှာအရပ်၌ ထူနမည်သော ပုဏ္ဏားရွာရှိ၏၊ ထိုရွာမှ ပြင်ဘက်ကား ပစ္စန္တရစ်ဇနပုဒ်တည်း၊ အတွင်းကား မဇ္ဈိမတိုင်းတည်း။

မြောက်မျက်နှာအရပ်၌ ဥသီရဒ္ဓဇမည်သော တောင်ရှိ၏၊ ထိုတောင်မှ ပြင်ဘက်ကား ပစ္စန္တရစ် ဇနပုဒ်တည်း၊ အတွင်းကား မဇ္ဈိမတိုင်းတည်း။

ရဟန်းတို့ ဤသို့သဘောရှိသော ပစ္စန္တရစ် ဇနပုဒ်တို့၌ ဝိနည်းဓိုရ်လျှင် ငါးယောက်မြောက်သော ဂိုဏ်းဖြင့် ပဉ္စင်းခံခြင်းကို ခွင့်ပြု၏။

ရဟန်းတို့ အဝန္တိတိုင်း တောင်ပိုင်းနယ်၌ အထက်သို့ စုန့်စုန့်တက်၍ မည်းနက်သည့် နွားခွါရာ ‘ခရောင်း’ မြေသည် ကြမ်းတမ်း၏၊ ရဟန်းတို့ အလုံးစုံသော ပစ္စန္တရစ် ဇနပုဒ်၌ အလွှာများသော ဘိနပ်ကို ခွင့်ပြု၏။

ရဟန်းတို့ အဝန္တိတိုင်း တောင်ပိုင်းနယ်၌ လူတို့သည် ရေချိုးခြင်းကို အလေးပြုကြကုန်၏၊ ရေဖြင့် စင်ကြယ်၏ ဟု အယူရှိကုန်၏၊ ရဟန်းတို့ အလုံးစုံသော ပစ္စန္တရစ် ဇနပုဒ်တို့၌ မပြတ်ရေချိုးခြင်းကို ခွင့်ပြု၏။

ရဟန်းတို့ အဝန္တိတိုင်း တောင်ပိုင်းနယ်၌ သိုးရေ ဆိတ်ရေ သမင်ရေ ဟူသော သားရေတို့ကို ခင်းကုန်၏၊ ရဟန်းတို့ မဇ္ဈိမတိုင်း ဇနပုဒ်တို့၌ ပြိတ်မြက်ဖြင့် ရက်သော ဖျာတို့ကိုရင်း မြားမြက်ဖြင့် ရက်သော ဖျာတို့ကိုရင်း သင်ဖြင့်ရက်သော ဖျာတို့ကိုရင်း ပိတ်ထည်မြက်ဖြင့်ရက်သော ဖျာတို့ကိုရင်း ခင်းကုန်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ သိုးရေ ဆိတ်ရေ သမင်ရေဟူသော သားရေတို့ကို ခင်းကုန်၏၊ ရဟန်းတို့ အလုံးစုံသော ပစ္စန္တရစ် ဇနပုဒ်တို့၌ သိုးရေ ဆိတ်ရေ သမင်ရေဟူသော သားရေအခင်းတို့ကို ခွင့်ပြု၏။

http://www.dhammadownload.com



ရဟန်းတို့ လူတို့သည် (ဥပစာရ) သိမ်ပသို့သွားသော ရဟန်းတို့အား ‘ဤမည်သော ရဟန်းအား ဤသင်္ကန်းကို လှူပါကုန်၏’ ဟု သင်္ကန်းလှူကုန်ငြားအံ့၊ ရဟန်းတို့ လက်သို့ မရောက်သေးသမျှ (အဓိဋ္ဌာန် တင်အပ်သော) အရေအတွက်သို့ မရောက်နိုင်ပေ။ ရဟန်းဘို့ ခံယူစိမ့်သောငှါ ခွင့်ပြု၏” ဟု (မိန့်တော်မူ၏)။

ပဌမစမ္မကန္ဒက ပြီး၏။

---

## ၁၅၉-ထိုစမ္မကန္ဒက၏ အကျဉ်းချုပ်

ရှာပေါင်းရှစ်သောင်းကို အစိုးရသော မဂဓမင်းကြီးသည် သောဏ သူဌေးသားကို ခေါ်စေခြင်း၊ သာဂတမထေရ်သည် ဂိဇ္ဈကုဋ်တောင်၌ ဥတ္တရိမနုဿ ဓမ္မကို များစွာပြတော်မူခြင်း။

သောဏ ရဟန်းပြုခြင်း၊ အလွန်တရာ အားထုတ်၍ အသျှင်သောဏ ခြေကွဲကုန်ခြင်း၊ စောင်းဥပမာကို ဟောတော်မူခြင်း၊ တထပ်သောဘိနပ်ကို ခွင့်ပြုတော်မူခြင်း၊ အလုံးစုံညိုသော ဆိုးရည်ဆိုးသော ဘိနပ်ကိုင်း၊ ရွှေသော ဆိုးရည်ဆိုးသော ဘိနပ်ကိုင်း၊ နီသော ဆိုးရည်ဆိုးသောဘိနပ်ကိုင်း၊ မောင်းသော ဆိုးရည်ဆိုးသော ဘိနပ်ကိုင်း၊ မည်းသော ဆိုးရည်ဆိုးသော ဘိနပ်ကိုင်း၊ ကင်းသန်း ကျောက်ကုန်းအဆင်း ဖက်ရွက်လျော်အဆင်းနှင့် တူသော ဆိုးရည်ဖြင့် ဆိုးသော ဘိနပ်ကိုင်း၊ ထိုခပ်သိမ်းသော ဆိုးရည်တို့ဖြင့် ဆိုးသော သဲကြိုးတပ်သော ဘိနပ်ကိုင်း ပယ်တော်မူခြင်း၊ ဖနောင့်အဖုံးတပ်သော ဘိနပ်ကိုင်း၊ ခြေသလုံးအဖုံးရှိသော ဘိနပ်ကိုင်း၊ လဲသွပ်သောဘိနပ် ခါဘောင်ကဲ့သို့ ပျောက်ကြားသောဘိနပ် ဆိတ်ကုလားဦးချိုကဲ့သို့ သဲကြိုးတပ်သော ဘိနပ်တို့ကိုင်း၊ ကင်းလက်မကဲ့သို့ သဲကြိုးတပ်သော ဘိနပ် ဥဒေါင်းမြီးရင်းဖြင့် ချုပ်သောဘိနပ် ဆန်းကြယ်သော ဘိနပ်တို့ကိုင်း၊ ခြင်္သေ့ရေ ကျားရေ တို့ဖြင့် အနားပတ်သော ဘိနပ်တို့ကိုင်း၊ သစ်ရေ အနားပတ်သော ဘိနပ်ကိုင်း၊ သစ်နက်ရေ အနားပတ်သော ဘိနပ်ကိုင်း၊ ကြောင်ရေ အနားပတ်သော ဘိနပ်ကိုင်း၊ ရှဉ့်နက်ရေ ၅ှူးရေအနားပတ်သော ဘိနပ်ကိုင်း ပယ်တော်မူခြင်း။

ခြေကွဲသော ရဟန်းကို အကြောင်းပြု၍ ဘိနပ်ကို ခွင့်ပြုတော်မူခြင်း၊ ဘိနပ်စီး၍ စင်္ကြံသွားခြင်း၊ ဖဝါး၌ အသားထွက်သော အနာရှိသော ရဟန်းဝတ္တု၊ မြေမဆေးပဲ သောင်စောင်း အင်းပျဉ်သို့ တက်သောဝတ္တု၊ ငြောင့်သစ်ငုတ်ကို နင်းမိသော ရဟန်းတို့ဝတ္တု၊ ခေါက်ခေါက် မြည်လျက် စင်္ကြံသွားသော ရဟန်းတို့ဝတ္တု၊ ထန်းပလပ်ခြေနင်း ဝါးပတ်ခြေနင်း မြက်ခြေနင်း ဖြူဆံမြက်ခြေနင်း ပြိတ်မြက်ခြေနင်း သင်ပေါင်းခြေနင်း ကမလမည်သော မြက်ခြေနင်း ရွှေခြေနင်း ငွေခြေနင်း ပတ္တမြားခြေနင်း ကျောက်မျက်ရွဲခြေနင်း ဖလ်ခြေနင်း ကြေးဖြူခြေနင်း စဉ့်ခြေနင်း သလွဲစင်ခြေနင်း သလွဲမည်းခြေနင်း ကြေးနီခြေနင်းတို့ကို ပယ်တော်မူခြင်း။

နွားမတို့ကို စီးသော ရဟန်းတို့ဝတ္တု၊ ယာဉ်ကိုစီးသော ဝတ္တု၊ နာဖျားသော ရဟန်းအား ယာဉ်ခွင့်ပြုတော်မူသော ဝတ္တု၊ အဖိုကသောယာဉ် ထမ်းစင်ကို ခွင့်ပြုတော်မူသော ဝတ္တု၊ မြင့်မြတ်သော အိပ်ရာနေရာတို့ကိုင်း၊ ခြင်္သေ့ရေ သစ်ရေ ကျားရေတို့ကိုင်း၊ နွားရေတို့ကိုင်းပယ်တော်မူခြင်း၊ ယုတ်မာသော ရဟန်းကို ကဲ့ရဲ့တော်မူခြင်း။

http://www.dhammadownload.com



လူတို့၏ ဥစ္စာဖြစ်သော သားရေကို မှီ၍ နေအပ်သောဝတ္ထု၊ သားရေကြိုးတို့ဖြင့် ဖွဲ့ခြင်း ဘိနပ်တို့ကို စီးလျက် ရွာတွင်းသို့ ဝင်သောဝတ္ထု၊ နာဖျားသော ရဟန်းအား ခွင့်ပြုတော်မူသောဝတ္ထု၊ အသျှင်မဟာကစ္စည်း တပည့်ဖြစ်သော အသျှင်သောဏဝတ္ထု၊ ထင်သောအသံဖြင့် ရှစ်ဝဂ်ရှိသော ကာမသုတ် စသည်ကို ရွတ်ဆိုသောဝတ္ထု။

ငါးယောက်သော ဂိုဏ်းတို့ဖြင့် ပဉ္စင်းခံပေးခြင်းကိုင်း၊ အလွှာများသော ဘိနပ်ကိုင်း၊ မပြတ်ရေချိုးခြင်းကိုင်း၊ သားရေအခင်းကိုင်း၊ ခွင့်ပြုတော်မူခြင်း၊ အဓိဋ္ဌာန်တင်သော အရေအတွက်သို့မရောက်ခြင်း၊ ဤငါးပါးသော ဆုတို့ကို အသျှင်သောဏမထေရ်အား မြတ်စွာဘုရား ပေးတော်မူခြင်း၊ ဤကား အကျဉ်းချုပ်တည်း။

ဤစမ္မက္ခန္ဓကၝ ဝတ္ထုကား ခြောက်ဆယ့်သုံးပါးတည်း။

**စမ္မက္ခန္ဓက ပြီး၏။**

http://www.dhammadownload.com

# ၆-ဘေသဇ္ဇက္ခန္ဓက

## ၁၆၀-ဆေးငါးမျိုး

၂၆၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ တန်ဆောင်မုန်းလအခါ၌ ဖြစ်တတ်သော သည်းခြေနာဖြင့် တွေ့ထိသော ရဟန်းတို့အား သောက်အပ်သော ယာဂုသည်လည်း အန်ထွက်၏၊ စားအပ်သော ဆွမ်းသည်လည်း အန်ထွက်၏။

ထိုရဟန်းတို့သည် ထိုသို့ အန်ထွက်သဖြင့် ပိန်ကြုံကုန်၏၊ အသွေးအသား ခေါင်းပါးကုန်၏၊ ရုပ်အဆင်းပျက်ကုန်၏၊ (ဖက်ရွက်လျော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိကုန်၏၊ (ကွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိကုန်၏၊မြတ်စွာဘုရားသည် ပိန်ကြုံသော အသွေးအသား ခေါင်းပါးသော ရုပ်အဆင်းပျက်သော (ဖက်ရွက်လျော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိသော (ကွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသော ထိုရဟန်းတို့ကို မြင်တော်မူ၍ အသျှင်အာနန္ဒာကို "အာနန္ဒာ အဘယ့်ကြောင့် ယခုအခါ၌ ရဟန်းတို့သည် ပိန်ကြုံကုန်သနည်း၊ အသွေးအသား ခေါင်းပါးကုန်သနည်း၊ ရုပ်အဆင်းပျက်ကုန်သနည်း၊ (ဖက်ရွက်လျော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိကုန်သနည်း၊ (ကွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိကုန်သနည်း" ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ယခုအခါ၌ တန်ဆောင်းမုန်းလအခါ ဖြစ်တတ်သော သည်းခြေနာဖြင့် တွေ့ထိသော ရဟန်းတို့အား သောက်အပ်သော ယာဂုသည်လည်း အန်ထွက်ပါ၏၊ စားအပ်သော ဆွမ်းသည်လည်း အန်ထွက်ပါ၏၊ ထိုရဟန်းတို့သည် ထိုသို့ အန်ထွက်သောကြောင့် ပိန်ကြုံပါကုန်၏၊ အသွေးအသား ခေါင်းပါးပါကုန်၏၊ ရုပ်အဆင်း ပျက်ပါကုန်၏၊ (ဖက်ရွက်လျော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိပါကုန်၏၊ (ကွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြော ပြိုင်းပြိုင်းထသော ကိုယ်ရှိပါကုန်၏ ဟု (လျှောက်၏)။

ထိုအခါ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်လျက် တိတ်ဆိတ်စွာနေတော်မူသော မြတ်စွာဘုရားအား "ယခုအခါ တန်ဆောင်မုန်းလအခါ ဖြစ်တတ်သော သည်းခြေနာဖြင့် တွေ့ထိသော ရဟန်းတို့အား။ပ။ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိကုန်၏၊ ငါသည် အဘယ်သို့လျှင် ရဟန်းတို့အား ဆေးကို ခွင့်ပြုရအံ့နည်း၊ ယင်းသည် ဆေးလည်း ဖြစ်ရာ၏၊ လူအပေါင်းကလည်း ဆေး ဟု သမုတ်ရာ၏၊ အာဟာရအကျိုးကိုလည်း ပြီးစေရာ၏ ရုန့်ရင်းသော အစာအာဟာရလည်း မဟုတ်ရာ" ဟု စိတ်အကြံဖြစ်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားအား "ထောပတ် ဆီဉ ဆီ ပျားရည် တင်လဲ ဟူသော ဤဆေးငါးပါးတို့သည် ဆေးလည်းမည်ကုန်၏၊ လူအပေါင်းကလည်း ဆေး ဟု သမုတ်၏၊ အာဟာရအကျိုးကိုလည်း ပြီးစေကုန်၏၊ ရုန့်ရင်းသော အစာအဟာရလည်း မဟုတ်၊ ငါသည် ရဟန်းတို့အား ဤငါးပါးသော ဆေးတို့ကို နံနက်အခါ၌ အကပ်ခံ၍ နံနက်အခါ၌ စားစေခြင်းငှါ ခွင့်ပြုရမူ ကောင်းလေစွ" ဟု အကြံဖြစ်တော်မူ၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ညချမ်းအခါ ကိန်းအောင်းရာမှ ထတော်မူသော် ဤအကြောင်း အရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် တိတ်ဆိတ်စွာနေသော ငါအား 'ယခုအခါ၌ တန်ဆောင်မုန်းလအခါ ဖြစ်တတ်သော သည်းခြေနာဖြင့် တွေ့ထိသော ရဟန်းတို့အား ယာဂုသည် အန်ထွက်၏။ပ။ အကြောပြိုင်းပြိုင်း ထသော ကိုယ်ရှိကုန်၏၊ ငါသည် အဘယ်သို့လျှင် ရဟန်းတို့အား ဆေးကို ခွင့်ပြုရအံ့နည်း၊ ယင်းသည် ဆေးလည်းဖြစ်ရာ၏၊ လူအပေါင်းကလည်း ဆေးဟု သမုတ်ရာ၏၊ အာဟာရအကျိုးကိုလည်း ပြီးစေရာ၏၊ ရုန့်ရင်းသော အစာအာဟာရလည်း မဟုတ်ရာ' ဟု စိတ်အကြံ ဖြစ်ခဲ့၏။ ရဟန်းတို့ ထိုငါ အား။ပ။ ငါသည် ဤငါးပါးသော ဆေးတို့ကို ရဟန်းတို့အား နံနက်အခါ၌ အကပ်ခံ၍ နံနက်အခါ၌ စားစိမ့်သောငှါ ခွင့်ပြုရမူ ကောင်းလေစွ' ဟု အကြံဖြစ်၏။ ရဟန်းတို့ ထိုငါးပါးသော ဆေးတို့ကို နံနက်အခါ၌ အကပ်ခံ၍ နံနက်အခါ၌ သုံးဆောင်စိမ့်သောငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

၂၆၁။ ထိုအခါရဟန်းတို့သည် ထိုငါးပါးသောဆေးတို့ကို နံနက်အခါ အကပ်ခံ၍ နံနက်အခါ၌ သုံးဆောင်ကုန်၏၊ ထိုရဟန်းတို့အား ပြကတေ့ စားမြဲဖြစ်သော ကြမ်းသော အစားအစာတို့ကိုသော် လည်း မကျေစေနိုင်ကုန်၊ သိမ့်မွေ့သော အစာတို့မှာကား အဘယ်မှာ ဆိုဘွယ်ရာ ရှိပါအံ့နည်း၊ ထို ရဟန်းတို့သည် တန်ဆောင်းမုန်းလအခါ ဖြစ်တတ်သော ထိုသည်းခြေနာဖြင့်ငင်း ဤအစာမမြိန်ခြင်း ဖြင့်ငင်း နှစ်ပါးစုံဖြင့် တွေ့ထိကုန်သည်ဖြစ်၍ အတိုင်းထက် အလွန် ပိန်ကြုံကုန်၏၊ အသွေးအသား ခေါင်းပါးကုန်၏၊ ရုပ်အဆင်းပျက်ကုန်၏၊ (ဖက်ရွက်လျှော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိကုန်၏၊ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိကုန်၏။

မြတ်စွာဘုရားသည် အတိုင်းထက်အလွန်။ပ။ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိကုန်သော ထိုရဟန်းတို့ကို မြင်တော်မူ၍ အသျှင်အာနန္ဒာကို "အာနန္ဒာ အဘယ့်ကြောင့် ယခုအခါ၌ ရဟန်းတို့ သည် အတိုင်းထက်အလွန် ပိန်ကြုံကုန်သနည်း။ပ။ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိကုန်သနည်း" ဟု မေးတော်မူ၏။

အသျှင်ဘုရား ယခုအခါ ရဟန်းတို့သည် ထိုငါးပါးသော ဆေးတို့ကို နံနက်အခါ၌ အကပ်ခံ၍ နံနက်အခါ၌ စားကုန်၏၊ ထိုရဟန်းတို့အား ပြကတေ့ စားမြဲဖြစ်သော ကြမ်းသောအစာတို့ကိုသော် လည်း မကျေစေနိုင်၊ သိမ့်မွေ့သော အစာတို့မှာကား အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း၊ ထိုရဟန်း တို့သည် တန်ဆောင်မုန်း လအခါဖြစ်တတ်သော ထိုသည်းခြေနာတို့ဖြင့်ငင်း ဤအစာမမြိန်ခြင်းဖြင့်ငင်း နှစ်ပါးစုံဖြင့် တွေ့ထိကုန်သည်ဖြစ်၍ အတိုင်းထက်အလွန် ပိန်ကြုံကုန်၏၊ အသွေးအသား ခေါင်းပါး ကုန်၏၊ ရုပ်အဆင်း ပျက်ပါကုန်၏၊ (ဖက်ရွက်လျှော်ကဲ့သို့) ဖြော့တော့သော အဆင်း ရှိပါကုန်၏၊ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိပါကုန်၏ ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ထိုငါးပါးသော ဆေးတို့ကို နံနက်အခါ၌ငင်း မွန်းလွဲသောအခါ၌ငင်း အကပ် ခံ၍ သုံးဆောင်စိမ့်သောငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

၂၆၂။ ထိုအခါ နာသောရဟန်းတို့သည် ဆီကြည်ဖြစ်သော ဆေးတို့ကို အလိုရှိကုန်၏။ မြတ်စွာ ဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဝံဆီ ငါးဆီ လင်းဗိုင်ဆီ ဝက်ဆီ မြည်းဆီ

http://www.dhammadownload.com



ဟူသော အဆီဖြစ်သောဆေးတို့ကို နံနက်အခါ၌ အကပ်ခံအံ့၊နံနက်အခါ၌ ချက်အံ့၊ နံနက်အခါ၌ စစ်အံ့၊ ဆီဟူသောသုံးဆောင်ခြင်းဖြင့် သုံးဆောင်စိမ့်သောငှါ ခွင့်ပြု၏၊ ရဟန်းတို့ နေလွဲသောအခါ၌ အကပ်ခံသော ဆေးကို နေလွဲသောအခါ၌ပင် ချက်၍ စစ်၍ သုံးဆောင်ငြားအံ့၊ ဒုက္កဋ်အာပတ် သုံးချက်သင့်၏။ ရဟန်းတို့ နံနက်အခါ၌ အကပ်ခံသော ဆေးကို နေလွဲသောအခါ၌ ချက်၍ စစ်၍ သုံးဆောင်ငြားအံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက် သင့်၏။ ရဟန်းတို့ နံနက်အခါ၌ အကပ်ခံ၍ နံနက်အခါ၌ပင် ချက်သောဆေးကို နေလွဲသောအခါ စစ်၍ သုံးဆောင် ငြားအံ့၊ ဒုက္ကဋ်အာပတ် တချက် သင့်၏။ ရဟန်းတို့ နံနက်အခါ၌ အကပ်ခံသော ဆေးကို နံနက်အခါ၌ပင် ချက်၍ စစ်၍ သုံးဆောင်ငြားအံ့၊ အာပတ် မသင့် ဟု (မိန့်တော်မူ၏)။

## ၁၆၁-အမြစ်စသောဆေး

၂၉၃။ ထိုစဉ်အခါ၌ နာဖျားသောရဟန်းတို့သည် အမြစ်ဖြစ်သော ဆေးတို့ကို အလိုရှိကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နနွင်း ချင်းစိမ်း လင်းနေ ဆိပ်ဖူး မိဝုတ် ကုလားဆောင်းမေးခါး ပန်းရင်း နွားမြေရင်း ဟူသော အမြစ်ဆေးတို့ကိုင်း ထိုမှတပါးသော ခဲဖွယ်ဘောဇဉ် အရာမမြောက်သော အမြစ်ဆေးတို့ကိုင်း အကပ်ခံ၍ အသက်ထက်ဆုံး ဆောင်ထား စိမ့်သောငှါင်း အနာဟူသော အကြောင်းရှိသော် သုံးဆောင်စိမ့်သောငှါင်း ခွင့်ပြု၏၊ အနာဟူသော အကြောင်းမရှိပဲ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုစဉ်အခါ၌ နာဖျားသော ရဟန်းတို့သည် အမြစ်ဆေးမှုန့်တို့ကို အလိုရှိကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက် ကြကုန်၏။ ရဟန်းတို့ ဆေးကြိတ်ကျောက်ပြင်ကိုင်း ဆေးကြိတ်ကျောက်လုံးကိုင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုစဉ်အခါ၌ နာဖျားသော ရဟန်းတို့သည် ဖန်ဆေးတို့ကို အလိုရှိကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ရဟန်းတို့ တမာဖန် လက်ထုတ်ဖန် ဖြူးတား 'ပုံလုံခါး'[၁] ဖန် ခွေးတောက်ဖန် သင်းဝင်ဖန်ဟူသော ဖန်ဆေးတို့ကိုင်း၊ ထိုမှတပါး ခဲဖွယ် ဘောဇဉ် အရာမမြောက်သော ဖန်ဆေးတို့ကိုင်း အကပ်ခံ၍ အသက်ထက်ဆုံး ဆောင်ထား စိမ့်သောငှါင်း အနာဟူသော အကြောင်းရှိသော် သုံးဆောင်စိမ့်သောငှါင်း ခွင့်ပြု၏၊ အနာဟူသော အကြောင်းမရှိပဲ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုစဉ်အခါ၌ နာဖျားသောရဟန်းတို့သည် အရွက်ဖြစ်သော ဆေးတို့ကို အလိုရှိကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တမာရွက် လက်ထုတ်ရွက် ဖြူးတား 'ပုံလုံခါး'ရွက် ရှုံးရွက် ဝါးရွက် ဟူသော အရွက်ဖြစ်သော ဆေးတို့ကိုင်း၊ ထိုမှတပါး ခဲဖွယ်ဘောဇဉ် အရာမမြောက်သော။ပ။

ထိုစဉ်အခါ၌ နာဖျားသောရဟန်းတို့သည် အသီးဖြစ်သော ဆေးတို့ကို အလိုရှိကုန်၏။ပ။ ရဟန်းတို့ အိပ်မွှေးသီး ပိတ်ချင်းသီး ငရုပ်သီး ဖန်ခါးသီး သစ်ဆိမ့်သီး သျှစ်သျှားသီး သမင်စာသီး ဟူသော အသီးဆေးတို့ကိုင်း၊ ထိုမှတပါး ခဲဖွယ်ဘောဇဉ် အရာမမြောက်သော ။ပ။

---

၁။ ,ကင်းပုံကိုဆိုသည်။

http://www.dhammadownload.com



ထိုစဉ်အခါ၌ နာဖျားသော ရဟန်းတို့သည် အစေးဖြစ်သော ဆေးတို့ကို အလိုရှိကုန်၏။ပ။ ရဟန်းတို့ ရှိန်းခိုစစ် ရှိန်းခိုစေး ရှိန်းခိုလွှာ ချိပ်စစ် ချိပ်နှစ် ချိပ်လွှာ ပွဲလျှက်ဟူသော အစေးဖြစ်သော ဆေးတို့ကိုငင်း၊ ထိုမှတပါး ခဲဖွယ်ဘောဇဉ် အရာမမြောက်သော။ပ။

ထိုစဉ်အခါ၌ နာဖျားသောရဟန်းတို့သည် ဆားဖြစ်သော ဆေးတို့ကိုအလိုရှိကုန်၏။ပ။ရဟန်းတို့ ပင်လယ်ဆား ဆားပုပ် သိန္ဓောဆား တွင်းထွက်ဆား ချက်ဆား ဟူသော ဆားဆေးတို့ကိုငင်း၊ ထိုမှ တပါး ခဲဘွယ်ဘောဇဉ် အရာမမြောက်သော ဆေးတို့ကိုငင်း အကပ်ခံ၍ အသက်ထက်ဆုံး ဆောင်ထား စိမ့်သောငှါငင်း အနာဟူသော အကြောင်းရှိသော် သုံးဆောင်စိမ့်သောငှါငင်း ခွင့်ပြု၏၊ အနာဟူသော အကြောင်းမရှိပဲ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

၂၆၄။ တရံရောအခါ အသျှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဖြစ်သော အသျှင်ဗေလဋ္ဌသီသအား ဝဲကြီးနာ စွဲကပ်သောကြောင့် သွေးပြည်အစေးဖြင့် သင်္ကန်းတို့သည် ကိုယ်၌ ကပ်ငြိကုန်၏၊ ထိုသင်္ကန်း တို့ကို ရဟန်းတို့သည် ရေဖြင့် ဆွတ်၍ ဆွတ်၍ ခွါကုန်၏။ မြတ်စွာဘုရားသည် ကျောင်းစဉ် ဒေသစာရီ လှည့်လည်တော် မူသည်ရှိသော် ထိုရဟန်းတို့သည် ထိုသင်္ကန်းတို့ကို ရေဖြင့် ဆွတ်၍ ဆွတ်၍ ခွါသည် တို့ကို မြင်တော်မူ၍ ရဟန်းတို့ထံသို့ ချဉ်းကပ်တော်မူကာ "ရဟန်းတို့ ဤရဟန်း၏ အနာကား အဘယ်အနာနည်း" ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤအသျှင်၏အနာသည် ဝဲကြီးနာပါတည်း၊ သွေးပြည်အစေးဖြင့် သင်္ကန်းတို့သည် ကိုယ်၌ ကပ်ငြိပါကုန်၏၊ ထိုသင်္ကန်းတို့ကို အကျွန်ုပ်တို့သည် ရေဖြင့် ဆွတ်၍ ဆွတ်၍ ခွါရပါကုန်၏ ဟု (လျှောက်ကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ အကြင်ရဟန်းအား ယားနာသည်ငင်း အိုင်းအမာနာသည်ငင်း အရည်ရွှဲရွှဲယို သော အနာသည်ငင်း ဝဲကြီးနာသည်ငင်း ရှိအံ့ ကိုယ်၌လည်း မကောင်းသော အနံ့ရှိငြားအံ့၊ အမှုန့် ဖြစ်သော ဆေးတို့ကို ခွင့်ပြု၏၊ အနာမရှိသော ရဟန်းအား နွားချေးခြောက်ကိုငင်း မြေညက်ခဲကိုငင်း ဆိုးရည်ကျိုဖတ်ကိုငင်း ခွင့်ပြု၏၊ ရဟန်းတို့ ဆုံကိုငင်း ကျည်ပွေ့ကိုငင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ နာဖျားသော ရဟန်းတို့သည် ဆင့်အပ်သော ဆေးမှုန့်တို့ကို အလိုရှိကုန်၏။ပ။ ရဟန်း တို့ ဆင့်အပ်သော ဆေးမှုန့်တို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ သိမ်မွေ့နူးညံ့သော ဆေးမှုန့်တို့ကို အလိုရှိကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အဝတ်ဖြင့် ဆင့်ခြင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးအား ဘီလူးဖမ်းသောအနာ ဖြစ်၏၊ ထိုရဟန်းကို လုပ်ကျွေးသော ဆရာ ဥပဇ္ဈာယ်တို့သည် အနာမရှိသည်ကို ပြုရှုန်မတတ်နိုင်ကုန်။ ထိုရဟန်းသည် ဝက်ထိုးသမားတို့ ရောင်း သော ဈေးသို့သွား၍ သားစိမ်းကို စား၏၊ သွေးစိမ်းကိုသောက်၏၊ ထိုရဟန်းအား ထိုဘီလူးဖမ်းသော အနာသည် ငြိမ်း၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘီလူးဖမ်း သော အနာရှိလတ်သော် အသားစိမ်း သွေးစိမ်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၂၆၅။ တရံရောအခါ ရဟန်းတပါးအား မျက်စိနာရောဂါ ဖြစ်၏၊ ထိုရဟန်းကို ရဟန်းတို့သည် ချီမ၍ ကျင်ကြီးကျင်ငယ်ကို စွန့်စေကုန်၏၊ မြတ်စွာဘုရားသည် ကျောင်းစဉ် ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် ထိုရဟန်းတို့သည် ရဟန်းကို ချီမ၍ ကျင်ကြီးကျင်ငယ် စွန့်စေသည်တို့ကို မြင်တော်မူ၍ ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးနောက် ထိုရဟန်းတို့ကို "ရဟန်းတို့ ဤရဟန်း၏ အနာရောဂါကား မည်သည့် အနာရောဂါနည်း" ဟု မေးတော်မူ၏။ အသျှင်ဘုရား ဤအသျှင်၏ အနာသည် မျက်စိနာ ရောဂါပါတည်း၊ ဤရဟန်းကို အကျွန်ုပ်တို့သည် ချီမ၍ ကျင်ကြီးကျင်ငယ်ကို စွန့်စေပါကုန်၏ ဟု (လျှောက်ကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ မည်းသောမျက်စဉ်း အထူးထူးသော ဆေးတို့ဖြင့် ဖေါ်စပ်သော မျက်စဉ်း ရေယဉ်ခံ၍ပွတ်သော မျက်စဉ်း ငွေမျက်စဉ်း မင်သေမျက်စဉ်း ဟူသော မျက်စဉ်းကို ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

မျက်စဉ်းကြိတ်စရာ အမှုန့်တို့ကို အလိုရှိကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ စန္ဒကူးကိုဖြင့် တောင်ဇလပ်ကိုဖြင့် အကျော်ကိုဖြင့် ကရမက်ကိုဖြင့် နွားမြေရင်းကိုဖြင့် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် မျက်စဉ်းမှုန့်တို့ကို ခွက်ငယ်တို့၌ဖြင့် အိုးဖုံးငယ်တို့၌ဖြင့် ထားကုန်၏။ မြက်မှုန့်တို့ဖြင့်ဖြင့် မြေမှုန့်တို့ဖြင့်ဖြင့် ရောပြွမ်းကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မျက်စဉ်းကျည်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွှေဖြင့်ပြီးသော မျက်စဉ်းကျည် ငွေဖြင့်ပြီးသော မျက်စဉ်းကျည် ဟူသော မျက်စဉ်းကျည် အစားစားတို့ကို ဆောင်ကုန်၏။ လူတို့သည် "ကာမဂုဏ်ချမ်းသာကို ခံစားသော လူတို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မျက်စဉ်းကျည် အစားစားတို့ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ အရိုးဖြင့်ပြီးသော မျက်စဉ်းကျည်ကိုဖြင့် အစွယ်ဖြင့်ပြီးသော မျက်စဉ်းကျည်ကိုဖြင့် သားချိုဖြင့်ပြီးသော မျက်စဉ်းကျည်ကိုဖြင့် ကျူဖြင့်ပြီးသော မျက်စဉ်းကျည်ကိုဖြင့် ဝါးဖြင့်ပြီးသော မျက်စဉ်းကျည်ကိုဖြင့် သစ်သားဖြင့်ပြီးသော မျက်စဉ်းကျည်ကိုဖြင့် ချိပ်ဖြင့်ပြီးသော မျက်စဉ်းကျည်ကိုဖြင့် ဖလ်ဖြင့်ပြီးသော မျက်စဉ်းကျည်ကိုဖြင့် သံဖြင့်ပြီးသော မျက်စဉ်းကျည်ကိုဖြင့် ခရုသင်းချက်ဖြင့် ပြီးသော မျက်စဉ်းကျည်ကိုဖြင့် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ မျက်စဉ်းကျည်တို့သည် အပိတ်မရှိကုန်၊ မြက်မှုန့်တို့ဖြင့်ဖြင့်၊ မြေမှုန့်တို့ဖြင့်ဖြင့် ရောပြွမ်းကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အဖုံးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အဖုံးသည် ကျ၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကြိုးငယ်ဖြင့် ဖွဲ့၍ မျက်စဉ်းကျည်နှင့် ဖွဲ့စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



မျက်စဉ်းကျည်သည် ကွဲ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ချည်ဖြင့်ချုပ်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် လက်ချောင်းဖြင့် မျက်စဉ်းခတ်ကုန်၏၊ မျက်စိတို့သည် ကျင်နာကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မျက်စဉ်း ခတ်တံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွှေဖြင့်ပြီးသော မျက်စဉ်းတံ ငွေဖြင့်ပြီးသော မျက်စဉ်းတံ ဟူသော မျက်စဉ်းတံ အစားစားတို့ကို ဆောင်ကုန်၏။ လူတို့သည် "ကာမဂုဏ်ချမ်းသာကို ခံစားသော လူတို့နှင့် တူကုန်၏"ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့ မျက်စဉ်းတံ အစားစားတို့ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ အရိုးဖြင့်ပြီးသော မျက်စဉ်းတံကိုငှ်း။ပ။ ခရုသင်းချက်ဖြင့် ပြီးသော မျက်စဉ်းတံကိုငှ်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ မျက်စဉ်းတံသည် မြေ၌ကျသည်ရှိသော် ကြမ်း၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မျက်စဉ်းတံ ထည့်စရာကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် မျက်စဉ်းကျည်ကိုငှ်း မျက်စဉ်းတံကိုငှ်း လက်ဖြင့် ဆောင်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မျက်စဉ်းကျည် ထည့်စရာအိတ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ပခုံးလွယ်စရာသည်မရှိ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပခုံးလွယ်စရာကိုငှ်း ပခုံးလွယ်ကို ဖွဲ့စရာချည်ကိုငှ်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၆၆။ တရံရောအခါ အသျှင်ပိလိန္ဒဝစ္ဆအား ခေါင်းပူသော ဦးယဉ်းနာသည် ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဦးခေါင်းသုတ်လိမ်းစရာဆီကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ သည်းမခံနိုင်ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နှာနှတ်ခြင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ နှာရေယို၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နှာနှတ်တံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွှေဖြင့်ပြီးသော နှာနှတ်တံ ငွေဖြင့်ပြီးသောနှာနှတ်တံ ဟူသော နှာနှတ်တံ အစားစားတို့ကို ဆောင်ကုန်၏။ လူတို့သည် "ကာမဂုဏ်ချမ်းသာကို ခံစားသောလူတို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့ နှာနှတ်တံ အစားစားတို့ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ အရိုးဖြင့်ပြီးသောနှာနှတ်တံကိုငှ်း။ပ။ ခရုသင်းချက်ဖြင့် ပြီးသောနှာနှတ်တံကိုငှ်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ မညီမညွတ် နှာနှတ်ကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အစုံဖြစ်သော နှာနှတ်တံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ သည်းမခံနိုင် ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အခိုးကို သောက်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုဆေးခိုးလုံးကို ခံတွင်းသို့ သွင်း၍ သောက်ကုန်၏၊ လည်ချောင်းသည် ပူလောင်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အခိုးသောက်တံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွှေဖြင့်ပြီးသော အခိုးသောက်တံ ငွေဖြင့်ပြီးသော အခိုးသောက်တံ ဟူသော အခိုးသောက်တန် အစားစားတို့ကို ဆောင်ကုန်၏။ လူတို့သည် "ကာမဂုဏ်ချမ်းသာကို ခံစားသောလူတို့နှင့် တူကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အခိုးသောက်တံ အစားစားတို့ကို မဆောင်အပ်၊ ဆောင်သောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ အရိုးဖြင့်ပြီးသော အခိုးသောက်တံကိုငှ်း။ပ။ ခရုသင်းချက်ဖြင့် ပြီးသော အခိုးသောက်တံကိုငှ်း။ပ။ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ အခိုးသောက်တံတို့သည် အပိတ်မရှိကုန်၊ ပိုးတို့သည် ဝင်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ "အပိတ်ကို ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။ ထိုအခါ ရဟန်းတို့သည် အခိုးသောက်တံတို့ကို လက်ဖြင့် ဆောင်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အခိုးသောက်တံ ထည့်စရာအိပ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တဖက်မှ ပွန်းပဲ့ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အစုံဖြစ်သော အိပ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ပခုံးလွယ်စရာသည် မရှိ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပခုံးလွယ်စရာကိုငှ်း ပခုံးလွယ်ကို ဖွဲ့စရာချည်ကိုငှ်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၉၇။ တရံရောအခါ အသျှင်ပိလိန္ဒဝစ္ဆအား လေနာစွဲကပ်လေ၏။ ဆေးသမားတို့က "ဆီကျက်ကို သောက်ရမည်" ဟု ပြောဆိုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆီကျက်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုဆီကျက်၌ သေအရက်ကို ထည့်သင့်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆီကျက်၌ သေအရက်ကို ထည့်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အလွန်များစွာသော သေအရက်ထည့်သော ဆီတို့ကို ချက်ကုန်၏၊ ထိုဆီကျက်တို့ကို သောက်ခြင်းကြောင့် မူးယစ်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အလွန်များသော သေရက်ထည့်သောဆီကို မသောက်အပ်။ သောက်သော ရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ်ရမည်။ ရဟန်းတို့ သေအရက်၏ အဆင်း အနံ့ အရသာ မထင်ရှားသော ဆီကျက်ကို သောက်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ၌ ရဟန်းတို့အား အလွန်များသော သေအရက်ထည့်သော ဆီကျက်သည်ဖြစ်၏၊ ထိုအခါ ရဟန်းတို့အား "အဘယ်သို့လျှင် အလွန်များသော သေအရက်ထည့်သော ဆီ၌ ပြုကျင့်ရပါ အံ့နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကိုယ်လက်သုတ်စရာ ဟု ဆောက်တည်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆအား များစွာသော ဆီကျက်သည်ဖြစ်၏၊ ဆီထည့်စရာခွက်မရှိ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကြေးကျည် သစ်သားကျည် သစ်သီးကျည်ဟူသော ဆီကျည်သုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆအား လက်ခြေတို့၌ ဖြစ်သော လေရောဂါဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ချွေးထုတ်မှုကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



သည်းမခံနိုင်ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အထူးထူးသော ဆေးတို့ဖြင့် ချွေးထုတ်ခြင်းကိစ္စကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ သည်းမခံနိုင် ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ချွေးကြီးထုတ်ခြင်းကို [၁] ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

သည်းမခံနိုင်ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သစ်ရွက်စုံ ပြုတ်ရေဖြင့် ချွေးထုတ်ခြင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဘည်းမခံနိုင်ဖြစ်၏။ ရဟန်းတို့ ရေချိုးရုံ၌ ရေလှောင်အိုးစရည်းကြီးကို ရေနွေးထည့်၍ ချွေးအောင်းခြင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆမထေရ်အား အဆစ်ကိုက်ခဲသော လေရောဂါဖြစ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သွေးကို ထုတ်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ သည်းမခံနိုင်ဖြစ်၏။ ရဟန်းတို့သွေးကိုထုတ်၍ သားချိုဖြင့် တွင်ခုတ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆ၏ ခြေတို့သည် ကွဲကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခြေနယ်ဆီကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

သည်းမခံနိုင်ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခြေလိမ်းဆေးကို စီရင်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးအား သွေးစုနာပေါက်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခားယဲဖြင့် ဖောက်ခွဲမှုကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဖန်ရည်ကို အလိုရှိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဖန်ရည်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

နှမ်းမှုံ့ညက်ကို အလိုရှိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နှမ်းမှုံ့ညက်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အနာအုံဆေးကို အလိုရှိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အနာအုံဆေးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အမာစည်းရန် အဝတ်ကို အလိုရှိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အမာစည်းရန် အဝတ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အမာသည် ယား၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မုန်ညင်းမှုန့်ကို ဖြူးစိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အမာသည် ဖူးဖူးရောင်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မှိုင်းတိုက်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အမာ၌ အသားတက်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သင်တုန်းဖြင့် ဖြတ်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အမာသည် (အသား) မတက်ပဲနေ၏။

---

၁။ ချွေးကြီးထုတ်ခြင်းဟူသည် တသူမျှသော်တွင်း၌ မီးကျီးအပြည့်ထည့်၍ မြေ သဲတို့ဖြင့် ဖုံးပိတ်ပြီးလျှင် လေနိုင် သစ်ရွက်တို့ကိုခင်းကာ ကိုယ်ကို ဆီလိမ်းလျက် ချွေးအောင်းခြင်းတည်း။

http://www.dhammadownload.com



မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အမာသုတ်လိမ်းရန်ဆီကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ (လိမ်းသော) ဆီသည် လျှောကျ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆီတားသော အဝတ်ကိုရင်း အလုံးစုံ အမာကုဆေးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၆၈။ တရံရောအခါ ရဟန်းတပါးကို မြွေကိုက်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကျင်ကြီး ကျင်ငယ် ပြာ မြေညက်ဟူသော ဆေးကြီးလေးပါးတို့ကို ပေးစိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့အား "အကပ်မခံပဲ အပ်သလော၊ သို့မဟုတ် အကပ်ခံရဦးမည်လော" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကပ္ပိယကာရက ရှိခဲ့သော် အကပ်ခံစိမ့်သောငှါ ခွင့်ပြု၏၊ ကပ္ပိယကာရက မရှိခဲ့သော် ကိုယ်တိုင်ယူ၍ သုံးဆောင်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် အဆိပ်ကို သောက်မိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကျင်ကြီးကို သောက်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုအခါ ရဟန်းတို့အား "အကပ်မခံပဲ အပ်သလော၊ သို့မဟုတ် အကပ်ခံရဦးမည်လော" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ကျင်ကြီးစွန့်စဉ် ခံယူခြင်းသည်ပင်လျှင် အကပ်ခံခြင်းကို ပြုသည်မည်၏၊ တဖန် အကပ်မခံရတော့ပြီ ဟု (မိန့်တော်မူ၏)။

၂၆၉။ တရံရောအခါ ရဟန်းတပါးအား အိမ်ရှင်မ ပေးသော ပီယဆေးကြောင့် အနာဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ထွန်သွား၌ကပ်သော မြေကို ဖျော်၍ သောက်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် ဝမ်းမီးပျက်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ယမင်းခြောက်ပြာရည်ကို သောက်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးအား ဖြော့တော့ ပိန်ကြုံသော ရောဂါစွဲကပ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နွားကျင်ငယ်ရေဖြင့် စိမ်သော ဖန်ခါးသီးရေကို သောက်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးအား အရေပေါ်တွင်ဖြစ်သော အနာ (နူစွပ်နာ) စွဲကပ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နံ့သာလိမ်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် သလိပ် သည်းခြေ လေပြောသော ကိုယ်ရှိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဝမ်းလျှောဆေးကို သောက်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ပအုံးရေကြည်ကို အလိုရှိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပအုံးရေကြည်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



မစစ်သော ပဲနောက်ရေကို အလိုရှိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မစစ်သော ပဲနောက်ရေကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အတန်ငယ်စစ်သော ပဲနောက်ရည်ကို အလိုရှိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အတန်ငယ် စစ်သော ပဲနောက်ရည်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဟင်းမျိုးရည် (အသားရည်) ကို အလိုရှိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဟင်းမျိုးရည် (အသားရည်)ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ၁၆၂-ပိလိန္ဒဝစ္ဆဝတ္ထု

၂၇၀။ တရံရောအခါ အသျှင်ပိလိန္ဒဝစ္ဆသည် ရာဇဂြိုဟ်ပြည်၌ လိုဏ်ပြုလုပ်လို၍ ချိုင့်ဝှမ်းကို သုတ်သင်စေ၏။ ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရ မင်းကြီးသည် အသျှင်ပိလိန္ဒဝစ္ဆထံသို့ ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ပြီးသော် အသျှင်ပိလိန္ဒဝစ္ဆအား "အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ်အရာကို ပြုလုပ်စေတော်မူပါသနည်း" ဟု လျှောက်၏။

မင်းကြီး လိုဏ်ပြုလုပ်လို၍ ချိုင့်ဝှမ်းကို သုတ်သင်စေပါသည် ဟု (ပြော၏)။

အသျှင်ဘုရား အသျှင့်အား အရံစောင့်ကို အလိုရှိပါသလော ဟု (လျှောက်၏)။

မင်းကြီး မြတ်စွာဘုရားသည် အရံစောင့်ကို ခွင့်ပြုတော် မမူအပ်သေး ဟု (ပြော၏)။

အသျှင်ဘုရား သို့ဖြစ်လျှင် မြတ်စွာဘုရားကို မေးလျှောက်၍ အကျွန်ုပ်အား (အကြောင်း) ကြားတော်မူပါ ဟု (လျှောက်၏)။

"ကောင်းပြီ မင်းကြီး" ဟု အသျှင်ပိလိန္ဒဝစ္ဆသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရ မင်းကြီးအား ပြန်ကြား၏။

ထို့နောက် အသျှင်ပိလိန္ဒဝစ္ဆသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေ၏။ ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် အသျှင်ပိလိန္ဒဝစ္ဆသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက်(တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေအပ်ပြီးသော် နေရာမှထလျက် အသျှင်ပိလိန္ဒဝစ္ဆကို ရှိခိုး၍ အရိုအသေပြုကာ ဖဲခွါသွားလေ၏။

ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် "အသျှင်ဘုရား မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရ မင်းကြီးသည် အရံစောင့်ကို လှူလိုပါသည်၊ အသျှင်ဘုရား အကျွန်ုပ်သည် အဘယ်သို့ ကျင့်ရပါမည်နည်း" ဟု မြတ်စွာဘုရားထံသို့ တမန်ကိုစေလွှတ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ အရံစောင့်ကို ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

နှစ်ကြိမ်မြောက်လည်း မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် အသျှင်ပိလိန္ဒဝစ္ဆထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ပြီးသော် အသျှင်ပိလိန္ဒဝစ္ဆအား—

http://www.dhammadownload.com



"အသျှင်ဘုရား မြတ်စွာဘုရားသည် အရံစောင့်ကို ခွင့်ပြုတော်မူအပ်ပါပြီလော" ဟု လျှောက်၏။

ခွင့်ပြုတော်မူအပ်ပြီ မင်းကြီး ဟု (ပြော၏)။ သို့ဖြစ်လျှင် အသျှင့်အား အရံစောင့်ကို လှူပါမည် ဟု (လျှောက်၏)။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် အသျှင်ပိလိန္ဒဝစ္ဆအား အရံစောင့်ကို ဝန်ခံပြီးနောက် သတိမေ့လျော့၍ ကြာမြင့်မှ သတိရကာ အမှုကိစ္စအလုံးစုံကို ဆောင်ရွက်တတ်သော အမတ်ကြီးတယောက်ကို—

"အချင်း ငါသည် အသျှင့်အတွက် အကြင်အရံစောင့်ကို ဝန်ခံအပ်ခဲ့ပြီ၊ ထိုအရံစောင့်ကို လှူအပ်ပြီလော" ဟု မေး၏။

မင်းမြတ် အသျှင့်အား မလှူအပ်သေးပါ ဟု (လျှောက်၏)။

"အချင်း ဤနေ့မှ (ပြန်၍ရေသော်) ထို (လှူမည်ဝန်ခံသောနေ့) သည် ဘယ်မျှလောက် ကြာပြီနည်း" ဟု (မေးပြန်ရာ)

ထိုအခါ ထိုအမတ်ကြီးသည် ညဉ့်တို့ကို ရေတွက်၍ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးအား—

"ရက်ပေါင်း ငါးရာမျှရှိပါပြီ မင်းမြတ်" ဟု (လျှောက်တင်၏)။

အချင်း သို့ဖြစ်လျှင် အရံစောင့်ငါးရာတို့ကို လှူလော့ ဟု (အမိန့်ပေး၏)။

"ကောင်းပါပြီ အရှင်မင်းမြတ်" ဟု ထိုအမတ်ကြီးသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးအား ဝန်ခံ၍ အသျှင်ပိလိန္ဒဝစ္ဆအား အရံစောင့် ငါးရာတို့ကို ပေးလှူလေ၏၊ သီးခြား ရွာ တရွာ ဖြစ်တည်လာ၏၊ ထိုရွာကို အရံစောင့် ရွာငယ်ဟူ၍ရင်း ပိလိန္ဒရွာငယ်ဟူ၍ရင်း ခေါ်ကြကုန်၏။

၂၇၁။ ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် ထိုရွာငယ်၌ အိမ်သို့ကပ်ဘတ်သော ရဟန်းဖြစ်၏။ ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူလျက် ပိလိန္ဒရွာငယ်သို့ ဆွမ်းအလို့ငှါ ဝင်၏၊ ထိုအခါ ထိုရွာငယ်၌ ပွဲသဘင်ဖြစ်၏။ သူငယ်မတို့သည် တန်ဆာဆင်ကြ ပန်းပန်ကြကာ ပျော်မြူးကြကုန်၏။

ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် ပိလိန္ဒရွာငယ်၌ အစဉ်အတိုင်း ဆွမ်းအလို့ငှါ လှည့်လည်လတ်သော် အရံစောင့်တဦး၏ အိမ်သို့ ချဉ်းကပ်ပြီးနောက် ခင်းထားသော နေရာ၌ ထိုင်၏။ ထိုအခါ အရံစောင့်မိန်းမ၏ သမီးသည် အခြားသော တန်ဆာဆင်ကြ ပန်းပန်ကြသော သူငယ်မတို့ကို မြင်၍ "ငါ့အား ပန်းပေးကြလော့၊ ငါ့အား အဆင်တန်ဆာ ပေးကြလော့" ဟု (ဆို၍) ငို၏။

ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် ထိုအရံစောင့်မအား "ဤသူငယ်မသည် အဘယ့်ကြောင့် ငိုသနည်း" ဟု မေး၏။

အသျှင်ဘုရား ဤသူငယ်မသည် အခြားသော တန်ဆာဆင်ကြ ပန်းပန်ကြသော သူငယ်မတို့ကို မြင်၍ "ငါ့အား ပန်းပေးကြလော့၊ ငါ့အား အဆင်တန်ဆာပေးကြလော့" ဟု (ဆို၍) ငိုပါသည်၊

http://www.dhammadownload.com



အကျွန်ုပ်တို့ ဆင်းရဲသားများအား အဘယ်မှာ ပန်းရှိပါမည်နည်း၊ အဘယ်မှာ အဆင်တန်ဆာ ရှိပါမည်နည်း ဟု (လျှောက်၏)။

ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် မြက်ကရွတ်ခွေတခုကို ယူ၍ ထိုအရံစောင့်မအား "ဤမြက်ကရွတ်ခွေကို ထိုသူငယ်မ၏ ဦးခေါင်း၌ စွပ်လော့" ဟု မိန့်ဆို၏။

ထိုအခါ အရံစောင့် မိန်းမသည် မြက်ကရွတ်ခွေကို သူငယ်မ၏ ဦးခေါင်း၌ စွပ်လေ၏။ ထိုမြက်ကရွက်ခွေသည် အလွန်လှသော ကြည့်ရှုဖွယ်ကောင်းသော စိတ်ကို ကြည်လင်စေနိုင်သော ရွှေပန်းခွေ ဖြစ်လေ၏။ ထိုကဲ့သို့သော ရွှေပန်းခွေသည် မင်း၏ နန်းတွင်း၌ပင် မရှိချေ။

လူတို့သည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးအား "အရှင်မင်းမြတ် ဤမည်သော အရံစောင့်၏အိမ်၌ အလွန်လှသော ကြည့်ရှုဖွယ်ကောင်းသော စိတ်ကို ကြည်လင်စေနိုင်သော ရွှေပန်းခွေ (ရှိပါသည်)၊ ထိုကဲ့သို့သော ရွှေပန်းခွေသည် မင်းမြတ်၏ နန်းတော်တွင်း၌ပင် မရှိပါ၊ ထိုသူဆင်းရဲအား အဘယ်မှ (ရနိုင်မည်နည်း)၊ မုချအားဖြင့် ခိုးယူလာခြင်း ဖြစ်ပါလိမ့်မည်" ဟု လျှောက်ကြကုန်၏။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် ထိုအရံစောင့်အမျိုးကို နှောင်ဖွဲ့စေ၏။ နှစ်ကြိမ်မြောက်လည်း အသျှင်ပိလိန္ဒဝစ္ဆသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူလျက်ပိလိန္ဒရွာငယ်သို့ ဆွမ်းခံဝင်လေ၏။ ပိလိန္ဒရွာငယ်၌ အစဉ်အတိုင်း ဆွမ်းအလို့ငှါ လှည့်လည်လတ်သော် ထို အရံစောင့်အိမ်ဆီသို့ ချဉ်းကပ်၍ အိမ်နီးချင်းတို့ကို "ဤအရံစောင့်အမျိုးသည် အဘယ်အရပ်သို့ သွားသနည်း" ဟု မေး၏။

အသျှင်ဘုရား ထိုရွှေပန်းခွေ၏ အကြောင်းကြောင့် ဘုရင်မင်းမြတ်သည် နှောင်ဖွဲ့စေအပ်ပါသည် ဟု (လျှောက်ကြကုန်၏)။

ထိုအခါ အသျှင် ပိလိန္ဒဝစ္ဆသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်သို့ ချဉ်းကပ်၍ ခင်းထားအပ်သော နေရာ၌ ထိုင်၏။ ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် အသျှင်ပိလိန္ဒဝစ္ဆထံသို့ ချဉ်းကပ်၍ အသျှင်ပိလိန္ဒဝစ္ဆကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ထိုင်၏၊ တခုသောနေရာ၌ ထိုင်ပြီးသော် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းအား အသျှင်ပိလိန္ဒဝစ္ဆသည် "မင်းကြီး အဘယ့်ကြောင့် အရံစောင့်အမျိုးကို နှောင်ဖွဲ့စေအပ်သနည်း" ဟု မေး၏။

"အသျှင်ဘုရား ထိုအရံစောင့်၏ အိမ်၌ အလွန်လှသော ကြည့်ရှုဖွယ်ကောင်းသော စိတ်ကို ကြည်လင်စေနိုင်သော ရွှေပန်းခွေရှိပါသည်၊ ထိုကဲ့သို့သော ရွှေပန်းခွေသည် အကျွန်ုပ်တို့၏ နန်းတော်တွင်း၌ပင်မရှိပါ၊ ထိုသူဆင်းရဲအား အဘယ်မှ (ရနိုင်မည်နည်း)၊ မုချအားဖြင့် ခိုးယူလာခြင်း ဖြစ်ပါလိမ့်မည်"ဟု (လျှောက်၏)။

ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီး၏ ပြာသာဒ်ကို ရွှေဖြစ်စေ ဟု အဓိဋ္ဌာန်၏၊ ၎င်းသည် အလုံးစုံ ရွှေဖြင့်ပြီးသော ပြာသာဒ်ဖြစ်လာ၏။ မင်းကြီး အလွန်များပြားလှသော ဤရွှေကို သင်သည် အဘယ်မှ ရသနည်း ဟု (မေး၏)။

http://www.dhammadownload.com



"သိပါပြီးအသျှင်ဘုရား၊ အသျှင်၏ တန်ခိုးအာနုဘော်တည်း" ဟု (ဆို၍) ထိုအရံစောင့်အမျိုးကို လွှတ်စေ၏။ လူတို့သည် "အသျှင်ပိလိန္ဒဝစ္ဆသည် မင်းနှင့်တကွ ပရိသတ်၌ လူတို့၏ ကုသိုလ်ကမ္မပထ တရား ဆယ်ပါးထက် လွန်မြတ်သော (ဈာန်မဂ်ဖိုလ်) တရားဖြစ်သော တန်ခိုးပြာဋိဟာကို ပြသည်" ဟု နှစ်သက်ဝမ်းမြောက်ကြကုန်၍ အလွန်ကြည်ညိုကုန်သဖြင့် အသျှင်ပိလိန္ဒဝစ္ဆအား ငါးပါးသော ဆေးတို့ကို လှူဒါန်းကြကုန်၏။ ဤငါးပါးသော ဆေးဟူသည် အဘယ်နည်း၊ ထောပတ် ဆီဦ ဆီ ပျားရည် တင်လဲ တို့တည်း။

ပင်ကိုယ်အားဖြင့်လည်း အသျှင်ပိလိန္ဒဝစ္ဆသည် ငါးပါးသောဆေးတို့ကို ရလေ့ရှိ၏၊ ရတိုင်း ရတိုင်းကို ပရိသတ်အား စွန့်၏။ ထိုအသျှင်ပိလိန္ဒဝစ္ဆ၏ ပရိသတ်သည်ကား ပစ္စည်းပေါများ၏၊ ရတိုင်း ရတိုင်းကို ဖျဉ်းအိုး အိုးတို့၌ ပြည့်စေ၍ သိုမှီး၏၊ ရေစစ်အိတ်တို့ကို ပြည့်စေ၍ လေသောက် (ပြူတင်း) တို့၌ ချိတ်ဆွဲထား၏၊ ထိုဆေးတို့သည် အောက်နံပါးနှစ်ဖက်မှ ယိုကျကုန်၏။ ကျောင်းအားလုံး ကြွက်တို့ဖြင့် ပြွမ်းကုန်၏။

ကျောင်းစဉ် လှည့်လည်သော လူတို့သည် မြင်ကြကုန်၍ "ဤသာကီဝင်မင်းသား ဘုရားအနွယ် တော်ဖြစ်သော ရဟန်းတို့သည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးကဲ့သို့ အတွင်းကျီ ကြရှိကြကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းတို့သည် ဤကဲ့သို့ ပစ္စည်းပေါများ ခြင်းငှါ အားထုတ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ရဟန်းတို့ ရဟန်းတို့သည် ဤကဲ့သို့ ပစ္စည်းပေါများခြင်းငှါ အားထုတ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။

ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "နာဖျားသော ရဟန်းတို့အား အကြင်လျက်ဖွယ်ဖြစ်သော ဆေးတို့သည် ရှိကုန်၏၊ ဤဆေးတို့သည် အဘယ်သည်တို့နည်းဟူမူ ထောပတ်၊ ဆီဦ၊ ဆီ၊ ပျားရည်၊ တင်လဲ (ဤသည်တို့တည်း)။

ထိုဆေးတို့ကို အကပ်ခံပြီးလျှင် ခုနစ်ရက်တိုင်ရုံ သိုမှီး၍ သုံးဆောင်အပ်ကုန်၏၊ ထိုခုနစ်ရက်ကို လွန်စေသော ရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ်ရမည်" ဟု မိန့်တော်မူ၏။

ပဉ္စမဆေးတို့ကို ခွင့်ပြုတော်မူခြင်းအခန်း ပြီး၏။

---

## ၁၆၃-တင်လဲစသည်ကို ခွင့်ပြုခြင်း

၂၇၂။ ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေ တော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဖဲသွားတော်မူ၏။ အသျှင်ကင်္ခါရေဝတသည် လမ်းခရီးအကြား၌ တင်လဲချက်ရာ တင်းကုပ်သို့ဝင်၍ မုန့်ညက်နှင့်ဖွဲ့ထည့်သော တင်လဲတို့ကို မြင်သောကြောင့် "အာမိသနှင့်

http://www.dhammadownload.com



တက္ကသော တင်လဲသည် မအပ်၊ တင်လဲသည် နေလွဲသောအခါ၌ သုံးဆောင်ခြင်းငှါ မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ ပရိသတ်နှင့်တကွ တင်လဲကို မသုံးဆောင်။

ထိုမထေရ်၏စကားကို နာယူသော ရဟန်းတို့သည်လည်း တင်လဲကို မသုံးဆောင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အဘယ့်ကြောင့် တင်လဲ၌ မုံညင်းကိုင်းဖွဲ့ကိုင်း တည့်ကုန်သနည်း ဟု (မေး၏)။ မြတ်စွာဘုရား ခက်မာစိမ့်သောငှါ ထည့်ပါကုန်၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ အကယ်၍ ခက်မာစိမ့်သောငှါ တင်လဲ၌ မုံညင်းကိုင်း ဖွဲ့ကိုင်း ထည့်ကုန်ငြားအံ့၊ ထိုထည့်သော မုံညင်း ဖွဲ့သည် တင်လဲဟူသော အရေအတွက်သို့ ရောက်သည်သာ တည်း။ ရဟန်းတို့ အလိုရှိတိုင်း တင်လဲကို သုံးဆောင်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အသျှင်ကင်္ခါရေဝတသည် လမ်းခရီးအကြားဝယ် ကျင်ကြီး၌ အပင်ပေါက်သော ပဲနောက်ကို မြင်၍ "ပဲနောက်တို့သည် မအပ်ကုန်၊ ချက်အပ်ပြီးသော ပဲနောက်တို့သည်လည်း အပင်ပေါက်ကုန်၏" ဟူ၍ မအပ်ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ ပရိသတ်နှင့်တကွ ပဲနောက်ကို မသုံးဆောင်။ ထိုမထေရ်၏ စကားကို နာယူကုန်သော ထိုရဟန်းတို့သည်လည်း ပဲနောက်ကို မသုံးဆောင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ချက်ပြီးသော ပဲနောက်တို့သည် အပင်ပေါက်စေကာမူ အလိုရှိတိုင်း သုံးဆောင်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၇၃။ ထိုအခါ ရဟန်းတပါးအား ဝမ်း၌ဖြစ်သော လေနာရောဂါ စွဲကပ်လေ၏၊ ထိုရဟန်းသည် လောဏသောဝီရက အဖျော်ကို သောက်၏၊ ထိုရဟန်းအား ထိုဝမ်း၌ဖြစ်သော လေနာရောဂါသည် ပျောက်ငြိမ်း၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နာသောရဟန်းအား လောဏသောဝီရက အဖျော်ကို ခွင့်ပြု၏၊ မနာသောရဟန်းအား ရေနှင့်ရောသော လောဏသောဝီရကကို အဖျော်ဟူသော သုံးဆောင်ခြင်းဖြင့် သုံးဆောင်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ၁၆၄-အကပ္ပိယကုဋိအတွင်း၌ သိုမှီးခြင်းစသည်ကို ပယ်တော်မူခြင်း

၂၇၄။ ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် ရာဇဂြိုဟ်ပြည်သို့ရောက်၍ ထိုရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားအား ဝမ်း၌ လေနာရောဂါ ဖြစ်၏။ ထိုအခါ အသျှင်အာနန္ဒာသည် "ရှေးက မြတ်စွာဘုရား၏ ဝမ်း၌ဖြစ်သော လေနာသည် တေကဋုလယာဂုဖြင့် ပျောက်ဘူး၏" ဟု (နှလုံးပိုက်ကာ) ကိုယ်တိုင်နှမ်းကိုင်း ဆန်ကိုင်း ပဲနောက်ကိုင်း တောင်း၍ ကျောင်းတွင်း၌ သိမ်းပြီးလျှင် ကျောင်းတွင်း၌ ကိုယ်တိုင်ချက်၍ မြတ်စွာဘုရားအား "မြတ်စွာဘုရားသည် တေကဋုလယာဂုကို သောက်တော်မူပါ" ဟု ကပ်လေ၏။

မြတ်စွာဘုရားတို့သည် သိလျက်လည်း မေးတော်မူကုန်၏၊ သိလျက်လည်း မေးတော်မမူကုန်၊ အခါကိုသိ၍ မေးတော်မူကုန်၏၊ အခါကိုသိ၍ မေးတော်မမူကုန်။ မြတ်စွာဘုရားတို့သည် အကျိုးနှင့်စပ်သည်ကို မေးတော်မူကုန်၏၊ အကျိုးနှင့်မစပ်သည်ကို မေးတော်မမူကုန်၊ မြတ်စွာဘုရားတို့သည် အကျိုးနှင့်မစပ်သည်တို့ကို မဂ်ဖြင့်ပယ်တော်မူပြီး ဖြစ်ကုန်၏။ "တရားကိုသော်လည်း ဟောကုန်အံ့၊ တပည့်တို့အား သိက္ခာပုဒ်ကိုသော်လည်း ပညတ်ကုန်အံ့" ဟူသော အကြောင်းနှစ်မျိုးတို့ဖြင့် ဘုန်းတော်ကြီးကုန်သော မြတ်စွာဘုရားတို့သည် ရဟန်းတို့ကို မေးတော်မူကုန်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ ဤယာဂုကို အဘယ်မှ ရသနည်း" ဟု မေးတော်မူ၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းကိုလျှောက်၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ အာနန္ဒာ မလျောက်ပတ် မလျော်ကန် မသင့်ကင့်၊ ရဟန်းတို့ အမှုအရာမဟုတ်၊ ရဟန်းတို့အား မအပ်၊ ရဟန်းတို့သည် မပြုထိုက်။ အာနန္ဒာ အဘယ့်ကြောင့် သင်သည် ဤသို့သဘောရှိသော ယာဂုများပြားစိမ့်သောငှါ အားထုတ်ဘိသနည်း။

အာနန္ဒာ အကပ္ပိယကုဋိ အတွင်း၌ သိုမှီးခြင်းသည်လည်း မအပ်၊ အကပ္ပိယကုဋိ အတွင်း၌ ချက်ခြင်းသည်လည်း မအပ်၊ မိမိကိုယ်တိုင် ချက်ခြင်းသည်လည်း မအပ်။ အာနန္ဒာ ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကား ကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ အကပ္ပိယကုဋိအတွင်း၌ သိုမှီးအပ်သော ဘောဇဉ်ကို မသုံးဆောင်အပ်၊ အကပ္ပိယ ကုဋိအတွင်း၌ ချက်အပ်သော ဘောဇဉ်ကို မသုံးဆောင်အပ်၊ မိမိကိုယ်တိုင် ချက်အပ်သော ဘောဇဉ်ကို မသုံးဆောင်အပ်၊ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ အကယ်၍ အကပ္ပိယကုဋိအတွင်း၌ သိုမှီးသော အကပ္ပိယကုဋိအတွင်း၌ ချက်သော ကိုယ်တိုင်ချက်သော ထိုဘောဇဉ်ကို သုံးဆောင်ငြားအံ့၊ ဒုက္ကဋ်အာပတ် သုံးချက် သင့်၏။

ရဟန်းတို့ အကယ်၍ အကပ္ပိယကုဋိအတွင်း၌ သိုမှီးသော အကပ္ပိယကုဋိအတွင်း၌ ချက်သော သူတပါးတို့ ချက်သော ထိုဘောဇဉ်ကို သုံးဆောင်ငြားအံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

ရဟန်းတို့ အကယ်၍ အကပ္ပိယကုဋိအတွင်း၌ သိုမှီးသော အကပ္ပိယကုဋိအပ၌ ချက်သော ကိုယ်တိုင်ချက်သော ထိုဘောဇဉ်ကို သုံးဆောင်ငြားအံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက် သင့်၏။

ရဟန်းတို့ အကယ်၍ အကပ္ပိယကုဋိအပ၌ သိုမှီးသော အကပ္ပိယကုဋိအတွင်း၌ ချက်သော ကိုယ်တိုင်ချက်သော ထိုဘောဇဉ်ကို သုံးဆောင်ငြားအံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက် သင့်၏။

ရဟန်းတို့ အကယ်၍ အကပ္ပိယကုဋိအတွင်း၌ သိုမှီးသော အကပ္ပိယကုဋိအပ၌ ချက်သော သူတပါးတို့ ချက်သော ဘောဇဉ်ကို သုံးဆောင်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ အကယ်၍ အကပ္ပိယကုဋိအပ၌ သိုမှီးသော အကပ္ပိယကုဋိအတွင်း၌ ချက်သော သူတပါးတို့ ချက်သော ထိုဘောဇဉ်ကို သုံးဆောင်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ အကယ်၍ အကပ္ပိယကုဋိအပ၌ သိုမှီးသော အကပ္ပိယကုဋိအပ၌ ချက်သော ကိုယ်တိုင် ချက်သော ထိုဘောဇဉ်ကို သုံးဆောင်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ အကယ်၍ အကပ္ပိယ ကုဋိအပ၌ သိုမှီးသော အကပ္ပိယကုဋိအပ၌ ချက်သော သူတပါး တို့ ချက်သော ထိုဘောဇဉ်ကို သုံးဆောင်ငြားအံ့၊ အာပတ် မသင့်" ဟု (မိန့်တော်မူ၏)။

ထိုအခါ၌ ရဟန်းတို့သည် "မြတ်စွာဘုရားသည် ကိုယ်တိုင်ချက်သော အစာကို ပယ်တော်မူ၏" ဟု တဖန် ပြန်၍ ချက်ခြင်း၌ (မအပ် ဟု) တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်၏။ မြတ်စွာဘုရားအား

http://www.dhammadownload.com



ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကျက်ပြီးသည်ကို တဖန်ပြန်၍ နွှေးခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရာဇဂြိုဟ်ပြည်သည် ဝတ်မွတ်ခေါင်းပါး၏၊ လူတို့သည် ဆားကိုင်၍ ဆီကိုင်၍ ဆန်ကိုင်၍ ခဲဖွယ်ကိုင်၍ အရံသို့ဆောင်ကုန်၏၊ ထိုဆန်အစရှိသည်တို့ကို ရဟန်းတို့သည် အပ၌ သိုမှီးကုန်၏၊ ကြောင် ကြွက် ဖွတ် မြွေပါ တို့သည်လည်း ခဲကုန်၏၊ ခိုးသူတို့သည်လည်း ဆောင်ကုန်၏၊ မြတ်စွာဘုရား အား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အတွင်း၌ သိုမှီးစိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အတွင်း၌ သိုမှီးပြီး၍ အပ၌ ချက်စေကုန်၏၊ စားကြွင်းစားသော သူတို့သည် ဝန်းရံကုန်၏၊ ရဟန်းတို့သည် ရွံရှာကုန်လျက် စားကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အတွင်း၌ ချက်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဝတ်မွတ်သောအခါ၌ ကပ္ပိယကာရကတို့သည် များစွာဆောင်ယူကုန်၏၊ အနည်းငယ်သာ ရဟန်းတို့အား ပေးကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကိုယ်တိုင်ချက်စိမ့်သောငှါ ခွင့်ပြု၏၊ ရဟန်းတို့ အတွင်း၌ သိုမှီးခြင်း အတွင်း၌ ချက်ခြင်း ကိုယ်တိုင် ချက်ခြင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ၁၆၅-အကပ်ပယ်သည်ကို အကပ်ခံခြင်း

၂၇၅။ တရံရောအခါ များစွာသော ရဟန်းတို့သည် ကာသိတိုင်းတို့၌ ဝါဆိုကုန်သည်ဖြစ်၍ မြတ်စွာဘုရားကို ဖူးမြော်ရန် ရာဇဂြိုဟ်ပြည်သို့ သွားသည်ရှိသော် လမ်းခရီးအကြား၌ ကြမ်းတမ်း သည်လည်းဖြစ်သော မွန်မြတ်သည်လည်းဖြစ်သော ဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံစွာ မရကုန်၊ များစွာသော သစ်သီးခဲဖွယ်သာ ရှိ၏၊ ကပ္ပိယကာရကလည်း မရှိ။

ထိုအခါ ပင်ပန်းခြင်းရှိကုန်သော ထိုရဟန်းတို့သည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာ ကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေကုန်၏၊ အာဂန္တုရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်စွာ နှုတ်ဆက်စကား ပြောကြားတော်မူခြင်းသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရားတို့၏ အလေ့အထပင် ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို "ရဟန်းတို့ ကျန်းမာကြ၏လော၊ မျှတကြ၏လော၊ မပင်ပန်းပဲ ခရီးရှည်လာခဲ့ကြရ၏လော၊ ရဟန်းတို့ သင်တို့သည် အဘယ်အရပ်မှ လာခဲ့ကုန်သနည်း" ဟု မေးတော်မူ၏။

ကျန်းမာကြပါသည် မြတ်စွာဘုရား၊ မျှတကြပါသည် မြတ်စွာဘုရား၊ မြတ်စွာဘုရား အကျွန်ုပ်တို့ သည် ယခုအခါ ကာသိတိုင်းတို့၌ ဝါကျွတ်ကုန်သည် ဖြစ်၍ မြတ်စွာဘုရားကို ဖူးမြော်ရန် ရာဇဂြိုဟ်ပြည် သို့ လာသည်ရှိသော် လမ်းခရီးအကြား၌ ကြမ်းတမ်းသည်လည်း ဖြစ်သော မွန်မြတ်သည်လည်း ဖြစ်သော ဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံစွာ မရပါကုန်၊ များစွာသော သစ်သီးခဲဖွယ်သာ ရှိပါ၏၊ ကပ္ပိယကာရကလည်း မရှိပါ။

ထို့ကြောင့် အကျွန်ုပ်တို့သည် ပင်ပန်းခြင်းရှိကုန်သည် ဖြစ်၍ ခရီးရှည် လာကြရပါကုန်၏ ဟု (လျှောက်၏)။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟော တော်မူပြီးလျှင် ရဟန်းတို့ကို—

http://www.dhammadownload.com



"ရဟန်းတို့ အကြင်အရပ်၌ သစ်သီးခဲဖွယ်ကို တွေ့မြင်အံ့၊ ကပ္ပိယကာရကသည်လည်း မရှိအံ့၊ ကိုယ်တိုင်ယူဆောင်ပြီးလျှင် ကပ္ပိယကာရကတို့ကို တွေ့မြင်သောအခါ မြေ၌ချထား၍ အကပ်ခံပြီးလျှင် သုံးဆောင်စိမ့်သောငှါ ခွင့်ပြု၏၊ ရဟန်းတို့ အကပ်ပျက်သော သစ်သီးကို အကပ်ခံခြင်းငှါ ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

၂၇၆။ တရံရောအခါ ပုဏ္ဏားတယောက်အား နှမ်းသစ်နှင့် ပျားရည်သစ် ရရှိ၏။ ထိုနောက် ထိုပုဏ္ဏားအား "ငါသည် နှမ်းသစ်နှင့် ပျားရည်သစ်ကို ဘုရားအမှူးရှိသော သံဃာအား လှူရေး ကောင်းလေစွ" ဟု အကြံဖြစ်၏။ ထိုအခါ ထိုပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်ပြီးလျှင် မြတ်စွာဘုရားကို "အသျှင်ဂေါတမသည် နက်ဖြန် ဆွမ်းဘုဉ်းပေးရန် အလို့ငှါ ရဟန်းသံဃာနှင့် အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ ထိုအခါ ထိုပုဏ္ဏားသည် မြတ်စွာဘုရား၏ လက်ခံခြင်းကို သိ၍ ဖဲခွါသွားလေ၏။

ထိုအခါ ထိုပုဏ္ဏားသည် ထိုညဉ့်လွန်သောအခါ၌ မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ကို စီရင်ပြီး၍ မြတ်စွာဘုရားအား "အသျှင်ဂေါတမ ဆွမ်းဘုဉ်းပေးရန် အချိန်တန်ပါပြီ ဆွမ်းစီမံပြီးပါပြီ" ဟု အချိန်ကို လျှောက်ကြားစေ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူကာ ထိုပုဏ္ဏား၏ အိမ်သို့ ချဉ်းကပ်၍ ခင်းထားအပ်သော နေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။

ထိုအခါ ထိုပုဏ္ဏားသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ် သုံးဆောင်ဖွယ်ဖြင့် ရောင့်ရဲစေ၍ တားမြစ်သည့်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေးပြီးလျှင် မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှလက်ကို ဖယ်ပြီးသောအခါ တခုသော နေရာ၌ ထိုင်နေ၏။ တခုသောနေရာ၌ ထိုင်နေသော ထိုပုဏ္ဏားကို မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးလျှင် နေရာမှထကာ ဖဲခွါကြွသွားတော်မူ၏။

ထိုအခါ ထိုပုဏ္ဏားအား မြတ်စွာဘုရား ကြွသွား၍ မကြာမြင့်မီ "အကြင် 'နှမ်းသစ်နှင့် ပျားရည်သစ်တို့ကို လှူအံ့' ဟု လှူခြင်းအကျိုးငှါ ငါသည် ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်၏၊ ငါသည် ထိုနှမ်းသစ်နှင့် ပျားရည်သစ်တို့ကို လှူခြင်းငှါ မေ့လျော့ခဲ့၏၊ ငါသည် နှမ်းသစ်နှင့် ပျားရည်သစ်ကို ဖျဉ်းတို့ဖြင့်ရင်း အိုးတို့ဖြင့်ရင်း အရံသို့ ဆောင်စေရမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။

ထိုအခါ ထိုပုဏ္ဏားသည် နှမ်းသစ်နှင့် ပျားရည်သစ်ကို ဖျဉ်းတို့ဖြင့်ရင်း အိုးတို့ဖြင့်ရင်း အရံသို့ ဆောင်စေပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသော နေရာ၌ထိုင်ကာ မြတ်စွာဘုရားကို "အသျှင်ဂေါတမ အကျွန်ုပ်သည် 'နှမ်းသစ်နှင့် ပျားရည်သစ်တို့ကို လှူအံ့' ဟု လှူခြင်းအကျိုးငှါ ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်၏၊ အကျွန်ုပ်သည် ထိုနှမ်းသစ်နှင့် ပျားရည်သစ်တို့ကို လှူခြင်းငှါ မေ့လျော့ခဲ့၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်၏ နှမ်းသစ်နှင့် ပျားရည်သစ်ကို ခံယူတော်မူပါ" ဟု လျှောက်၏။

ပုဏ္ဏား သို့ဖြစ်လျှင် ရဟန်းတို့အား ပေးလှူလော့ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ရဟန်းတို့သည် ငတ်မွတ်ခေါင်းပါးသော အခါ၌ အနည်းငယ် ခံယူ၍လည်း တန်ပြီ ဟု တားမြစ်ကုန်၏၊ ဆင်ခြင်၍လည်း ပယ်ကုန်၏၊ အလုံးစုံသော သံဃာသည်လည်း တန်ပြီ ဟု တားမြစ်၏၊ ရဟန်းတို့သည် (မအပ် ဟု) တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံကုန်။ ရဟန်းတို့ ခံကုန်လော့၊ သုံးဆောင်ကုန်လော့၊ ရဟန်းတို့ ဖိတ်၍ ဆွမ်းစားရာမှ ဆောင်အပ်သော ဘောဇဉ်ကို ဆွမ်းစားစဉ် တန်ပြီ ဟု မြစ်ပြီးသော ရဟန်းသည် အတိရိက်ဝိနည်းကံ မပြုပဲ စားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ၁၆၆-အကပ်ခံခြင်းစသည်ကို ခွင့်ပြုတော်မူခြင်း

၂၇၇။ ထိုအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ အလုပ်အကျွေးဖြစ်သော ဒါယကာသည် သံဃာ၏ အကျိုးငှါ ခဲဖွယ်ကို "အသျှင်ဥပနန္ဒအားပြ၍ သံဃာအား လှူလေ" ဟု (ဆို၍) ပို့စေ၏။ ထိုအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ရွာသို့ ဆွမ်းခံဝင်၏။ ထိုအခါ လူတို့သည် အရံသို့ သွား၍ ရဟန်းတို့ကို "အသျှင်ဘုရားတို့ အသျှင်ဥပနန္ဒသည် အဘယ်မှာပါနည်း" ဟု မေးကုန်၏။

ဒါယကာတို့ သာကီဝင်မင်းသား ဤအသျှင်ဥပနန္ဒသည် ရွာသို့ ဆွမ်းခံဝင်၏ ဟု (ပြောဆိုကုန်၏)။

အသျှင်ဘုရားတို့ ဤခဲဖွယ်ကို အသျှင်ဥပနန္ဒအားပြ၍ သံဃာအား လှူပါ ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် အကပ်ခံ၍ ဥပနန္ဒ လာသည်တိုင်အောင် သိမ်းထားကုန်လော့ ဟု (မိန့်တော်မူ၏)။ ထိုအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် နံနက်အခါ ဒါယကာတို့ အိမ်သို့သွား၍ နေမြင့်သောအခါမှ ပြန်လာ၏။

ထိုအခါ ရဟန်းတို့သည် ငတ်မွတ်သောအခါ၌ အနည်းငယ် ခံယူပြီး၍လည်း တန်ပြီ ဟု တားမြစ်ကုန်၏။ ဆင်ခြင်၍လည်း ပယ်ကုန်၏၊ အလုံးစုံသော သံဃာသည်လည်း မြစ်၏၊ ရဟန်းတို့သည် (မအပ် ဟု) တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိကုန်သည်ဖြစ်၍ မခံကုန်။ ရဟန်းတို့ ခံကုန်လော့၊ သုံးဆောင်ကုန်လော့၊ ရဟန်းတို့ နံနက်အခါ၌ အကပ်ခံသော ဘောဇဉ်ကို ဆွမ်းစားစဉ် တန်ပြီ ဟု မြစ်မိသော ရဟန်းသည် အတိရိက်ဝိနည်းကံ မပြုပဲ သုံးဆောင်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၇၈။ ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် သာဝတ္ထိပြည်သို့ ဒေသစာရီကြွချီတော်မူ၏၊ အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည် ရှိသော် သာဝတ္ထိပြည်သို့ ရောက်တော်မူ၍ ထိုသာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ အသျှင်သာရိပုတြာအား ကိုယ်ပူသောအနာဖြစ်၏။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာကို "ငါ့သျှင်သာရိပုတြာ သင့်အား ရှေးက ကိုယ်ပူသောအနာသည် အဘယ် (ဆေး)ဖြင့် ပျောက်ပါသနည်း" ဟု မေးလေ၏။

ငါ့သျှင် ငါ့အား ကြာစွယ် ကြာရင်းတို့ဖြင့် ပျောက်ဘူးပါ၏ ဟု ပြောဆို၏။ ထိုအခါ အသျှင်မောဂ္ဂလာန်သည် အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ငှင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ငှင်း ဤအတူသာလျှင် ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ မန္ဒာကိနီရေကန်၏ ကမ်းနား၌ ထင်ရှားဖြစ်လေ၏။ ဆင်တစီးသည် အဝေးမှကြွလာတော်မူသော

http://www.dhammadownload.com



အသျှင်မောဂ္ဂလာန်ကိုမြင်၍ "အသျှင်ဘုရား အသျှင်ဘုရား မောဂ္ဂလာန်သည် ကြွတော်မူပါလော့၊ အသျှင်ဘုရား အသျှင်ဘုရား မောဂ္ဂလာန်၏ ကြွလာတော်မူခြင်းသည် ကောင်းသောလာခြင်းပါတည်း၊ အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ်ဝတ္ထုကို အလိုရှိပါသနည်း၊ အဘယ်ကို လှူရပါအံ့နည်း" ဟု လျှောက်၏။

ငါ့သျှင် ကြာစွယ်ကြာရင်းတို့ကို အလိုရှိ၏ ဟု ပြောဆို၏။ ထိုအခါ ထိုဆင်ပြောင်ကြီးသည် အခြားဆင်ကို "အချင်း အသျှင့်အား ကြာစွယ်တို့ကိုငှင်း ကြာရင်းတို့ကိုငှင်း အလိုရှိသလောက် လှူလေလော့" ဟု စေခိုင်း၏။

ထိုအခါ ထိုဆင်သည် မန္ဒာကိနီရေကန်သို့ သက်ဆင်းပြီးလျှင် နှာမောင်းဖြင့် ကြာစွယ် ကြာရင်း တို့ကို နုတ်ချိုး၍ ကောင်းစွာခါခြင်းဖြင့် ခါလျက် စည်းနှောင်ကာ အသျှင်မောဂ္ဂလာန်ထံသို့ ချဉ်းကပ်၏၊ ထိုအခါ အသျှင်မောဂ္ဂလာန်သည် အားရှိသောယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ငှင်း ဆန့်ထားသောလက်မောင်းကို ကွေးသကဲ့သို့ငှင်း ဤအတူသာလျှင် မန္ဒာကိနီ ရေကန်၏ ကမ်းနားမှ ကွယ်ခဲ့၍ ဇေတဝန်ကျောင်းတော်၌ ထင်ရှားဖြစ်၏။ ထိုဆင်ပြောင်ကြီး သည်လည်း မန္ဒာကိနီ ရေကန်၏ ကမ်းနားမှ ကွယ်ခဲ့၍ ဇေတဝန်ကျောင်းတော်၌ ထင်ရှားဖြစ်၏။

ထိုအခါ၌ ထိုဆင်ပြောင်ကြီးသည် အသျှင်မောဂ္ဂလာန်အား ကြာစွယ်တို့ကိုငှင်း ကြာရင်း တို့ကိုငှင်း ကပ်လှူပြီးနောက် ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ မန္ဒာကိနီ ရေကန်၏ ကမ်းနား၌ ထင်ရှားဖြစ်၏၊ ထိုအခါ အသျှင်မောဂ္ဂလာန်သည် အသျှင်သာရိပုတြာအား ကြာစွယ်ကြာရင်းတို့ကို ဆက်ကပ်လေ၏။

ထိုအခါ အသျှင်သာရိပုတြာသည် ကြာစွယ်ကြာရင်းတို့ကို စားသည်ရှိသော် ကိုယ်ပူသောအနာ သည် ငြိမ်းလေ၏၊ များစွာသော ကြာစွယ်ကြာရင်းတို့သည် ကြွင်းကျန်ကုန်၏၊ ထိုအခါ၌ ရဟန်းတို့ သည် တော်မှတ်သောအခါ အနည်းငယ်ခံယူပြီး၍လည်း တန်ပြီ ဟု မြစ်ကုန်၏၊ ဆင်ခြင်၍လည်း ဘယ်ကုန်၏၊ အသုံးစုံသော သံဃာသည်လည်း မြစ်၏၊ ရဟန်းတို့သည် (မအပ်ဟု) တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံကုန်။

ရဟန်းတို့ ခံယူကြကုန်လော့၊ သုံးဆောင်ကြကုန်လော့၊ ရဟန်းတို့ တော၌ ဖြစ်သော အရာဝတ္ထု ကြာ၌ဖြစ်သော အရာဝတ္ထုတို့ကို ဆွမ်းစားစဉ် တန်ပြီ ဟု မြစ်မိသော ရဟန်းသည် အတိရိတ်ဝိနည်းကံ မပြုပဲ စားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ သာဝတ္ထိပြည်၌ အမျိုးမျိုးသော သစ်သီးခဲဖွယ်သည် ပေါများ၏၊ ကပ္ပိယကာရကလည်း မရှိ၊ ရဟန်းတို့သည် (မအပ်ဟု) တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ သစ်သီးကို မစားကုန်၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အစေ့နုသော အစေ့ထုတ်၍ စားကောင်းသော သစ်သီးကို (လူသာမဏေတို့ကို) မကပ္ပိစေပဲ စားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော် မူ၏)။

## ၁၆၇-စားခွဲခြင်းကို ပယ်တော်မူခြင်း

၂၇၉။ ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေ တော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဒေသစာရီကြွချီတော်မူ၏။ အစဉ်အတိုင်း ဒေသစာရီ လှည့်လည် သည်ရှိသော် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ ထိုရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ

http://www.dhammadownload.com



ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရဟန်းတပါးအား မြင်းသရိုက် (ဂရင်ဂျီဘဂန္ဒြုလ်)နာ ဖြစ်လေ၏၊ အာကာသဂေါတ္တ ဆေးသမားသည် ခွဲစိတ်မှုကို ပြုလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ကျောင်းစဉ် ဒေသစာရီ လှည့်လည်သည်ရှိသော် ထိုရဟန်း၏ ကျောင်းသို့ ချဉ်းကပ်တော်မူ၏။ အာကာသဂေါတ္တဆေးသမားသည် အဝေးမှ ကြွလာတော်မူသော မြတ်စွာဘုရားကိုမြင်၍ "အသျှင်ဂေါတမသည် ကြွတော်မူပါလော့၊ ဤရဟန်း၏ ဝစ္စမဂ်ကို ကြည့်တော်မူပါလော့၊ ဖွတ်ခံတွင်းနှင့် တူ၏" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် "ထို(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားသည် ငါ့ကို ပြက်ရယ်ဆိုဘိ၏" ဟု (နှလုံးသွင်းတော်မူကာ)ထိုအရပ်မှ ပြန်ခဲ့၍ ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ ဤမည်သောကျောင်း၌ နာသောရဟန်းရှိသလော" ဟု မေးတော်မူရာ—

ရှိပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ထိုရဟန်း၏ အနာကား အဘယ်အနာနည်း ဟု (မေးတော်မူပြန်ရာ)

အသျှင်ဘုရား ထိုအသျှင်၏အနာကား မြင်းသရိုက်နာပါတည်း၊ အာကာသဂေါတ္တ ဆေးသမားသည် ခွဲစိတ်မှုကို ပြုပါ၏ ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ ရဟန်းတို့ ထို(မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား၏ (ဤအမှုသည်) ရဟန်းတို့အား မလျောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့၏ အပြုအမူမဟုတ်၊ မအပ်၊ မပြုသင့်။

ရဟန်းတို့ အဘယ့်ကြောင့် ထို(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ားသည် ကျဉ်းမြောင်း ရာအရပ်၌ ခွဲစိတ်မှုကိုပြုစေဘိသနည်း၊ ရဟန်းတို့ ကျဉ်းမြောင်းရာအရပ်၌ အရေသည် သိမ်မွေ့၏၊ အမာသည် အသားနုတက်ခဲ၏၊ ခွဲစိတ်ရန် ခဲယဉ်း၏။

ရဟန်းတို့ ဤ(ရဟန်းပြုမိသော အမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်း ငှါ ရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ကျဉ်းမြောင်းရာအရပ်၌ ခွဲစိတ်မှုကို မပြုအပ်၊ ပြုသောရဟန်းအား ထုလ္လစ္စဉ်းအာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် "မြတ်စွာဘုရားသည် ခွဲစိတ်မှုကို ပယ်တော်မူ၏" ဟု ကျပ်စည်း မှုကို ပြုစေကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကျပ်စည်းမှုကို ပြုစေ ကုန်သနည်း ဟု" ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်း တို့ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကျပ်စည်းမှုကို ပြုစေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော် မူ၏။

http://www.dhammadownload.com



မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ကျဉ်းမြောင်းရာအရပ်၏ အနီးဖြစ်သော လက်နှစ်သစ်သော အရပ်မှ ခေါ်ခွဲမှုကိုငှင်း ကျပ်စည်းမှုကိုငှင်း မပြုစေအပ်၊ ပြုစေသော ရဟန်းအား ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

## ၁၆ဂ-လူသားကို ပယ်တော်မူခြင်း

၂၈၀။ ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် ဗာရာဏသီပြည်သို့ ဒေသစာရီ ကြွချီတော်မူ၏။ အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်တော်မူ၍ ထိုဗာရာဏသီပြည် ဣသိပတနမည်သော သားတို့အား ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ ဗာရာဏသီပြည်၌ သုပ္ပိယဥပါသကာနှင့် သုပ္ပိယာ ဥပါသိကာမ နှစ်ဦးလုံးတို့သည် (ရတနာသုံးပါးကို) ကြည်ညိုကုန်၏၊ (ပစ္စည်းလေးပါးကို) လှူကုန်၏၊ (သံဃာတို့၏ အမှုခပ်သိမ်းကို) ပြုကုန်၏၊ သံဃာကို လုပ်ကျွေးကုန်၏။ ထိုအခါ၌ သုပ္ပိယာဥပါသိကာမသည် အရံသို့သွား၍ ကျောင်းတကျောင်းမှ ကျောင်းတကျောင်းသို့ ပရိဝုဏ်တခုမှ ပရိဝုဏ်တခုသို့ ချဉ်းကပ်ပြီးလျှင် ရဟန်းတို့ကို "အသျှင်ဘုရားတို့ အဘယ်ရဟန်းသည် နာဖျားပါသနည်း၊ အဘယ်ရဟန်း၏ အကျိုးငှါ အဘယ်ကို ဆောင်ရပါအံ့နည်း" ဟု မေးလျှောက်၏။

ထိုအခါ ရဟန်းတပါးသည် ဝမ်းလျှောဆေးကိုသောက်၏။ ထိုအခါ ထိုရဟန်းသည် သုပ္ပိယာ ဥပါသိကာမကို "နှမ ငါသည် ဝမ်းလျှောဆေးကို သောက်မိ၏၊ ငါ့အား သားဟင်းမျိုးရည်ဖြင့် အလိုရှိ၏" ဟု ပြောဆို၏။

အသျှင် ကောင်းပါပြီ ဆောင်ယူခဲ့ပါအံ့ ဟု ဆို၍ အိမ်သို့သွားပြီးလျှင် အိမ်တွင်းရှိ အစေခံတယောက်ကို "အချင်း သွားပါချေ အလိုလိုဖြစ်သော သားဟင်းမျိုးကို သိပါလေ့"ဟု ပြောဆို၏။

အရှင်မ ကောင်းပါပြီ ဟု ဆို၍ ထိုယောကျ်ားသည် သုပ္ပိယာ ဥပါသိကာမအား ဝန်ခံ၍ ဗာရာဏသီပြည်လုံးကို လှည့်လည်လတ်သော် အလိုလိုဖြစ်သော အသား 'ပွဲသုကူသား'ကို မတွေ့မမြင်လေ။

ထိုအခါ ထိုယောကျ်ားသည် သုပ္ပိယာ ဥပါသိကာမထံသို့ ချဉ်းကပ်၍ သုပ္ပိယာဥပါသိကာမကို "အရှင်မ အလိုလိုဖြစ်သောအသားသည် မရှိပါ၊ ယနေ့သည်ကား သားသတ်ခွင့်မရသော နေ့ပါတည်း" ဟု ပြောဆို၏။

ထိုအခါ သုပ္ပိယာဥပါသိကာမအား "ထိုနာဖျားသောရဟန်းသည် သားဟင်းမျိုးရည်ကို မရသည်ရှိသော် အနာသော်လည်း တိုးပွါးလတ္တံ့၊ သေခြင်းသော်လည်း ဖြစ်လတ္တံ့၊ ဝန်ခံပြီးလျက် မဆောင်ခြင်းသည် ငါ့အား မသင့်" ဟု အကြံဖြစ်၍ သားလှီးဓားငယ်ကိုယူ၍ ပေါင်သားကို လှီးဖြတ်ပြီးလျှင် ကျွန်မအား "ဟယ်ကျွန်မ ရော့ယူလော့ ဤအသားကို ကောင်းစွာ စီရင်၍ ဤမည်သော ကျောင်း၌ နာဖျားသော ရဟန်းအား လှူလေလော့၊ ငါ့ကိုမေးလျှင် နာဖျားနေပါ၏ ဟု လျှောက်လော့" ဟု ဆို၍ ပေးပြီးလျှင် အဝတ်ပုဆိုးဖြင့် ပေါင်ကိုပတ်စီး၍ တိုက်ခန်းသို့ဝင်ကာ ညောင်စောင်း၌ အိပ်လေ၏။

ထိုအခါ သုပ္ပိယဥပါသကာသည် အိမ်သို့သွား၍ "သုပ္ပိယာ အဘယ်မှာနည်း"ဟု ကျွန်မကို မေး၏။

http://www.dhammadownload.com



အရှင် ဤသုပ္ပိယာ အရှင်မသည် တိုက်ခန်းထည်း၌ အိပ်နေပါသည် ဟု (ပြောဆို၏)။ ထိုအခါ သုပ္ပိယဥပါသကာသည် သုပ္ပိယာဥပါသိကာမထံသို့ သွားပြီးလျှင် သုပ္ပိယာဥပါသိကာမအား "အဘယ့်ကြောင့် အိပ်နေသနည်း" ဟု မေး၏။

နာနေသည်ဖြစ်ပါ၏ ဟု (ဆို၏)။

သင့်အား အဘယ်အနာနည်း ဟု (မေး၏)။

ထိုအခါ သုပ္ပိယာ ဥပါသိကာမသည် သုပ္ပိယဥပါသကာအား ဤအကြောင်းကို ပြောကြား၏။

ထိုအခါ သုပ္ပိယဥပါသကာသည် "အချင်းတို့ အံ့ဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ ဤသုပ္ပိယာသည် ရတနာသုံးပါး၏ ကျေးဇူးကို အလွန်ယုံကြည်၏၊ ရတနာသုံးပါးကို အလွန်ကြည်ညို၏၊ မိမိ၏အသားတို့ကို သော်လည်း စွန့်လှူနိုင်သေး၏။ ဤသုပ္ပိယာအား အခြားတစုံတခုသော မလှူနိုင်သောအရာသည် အဘယ်မှာ ရှိတော့အံ့နည်း" ဟု ရွှင်လန်းနှစ်သက် တက်ကြွသော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာ ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေကာ မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည် နက်ဖြန်အလို့ငှါ ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

ထိုအခါ သုပ္ပိယဥပါသကာသည် မြတ်စွာဘုရား၏ လက်ခံခြင်းကိုသိ၍ နေရာမှ ထပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ ဖဲ၍သွားလေ၏။

ထိုအခါ သုပ္ပိယဥပါသကာသည် ထိုညဉ့်လွန်သောအခါ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီရင်၍ မြတ်စွာဘုရားအား "အသျှင်ဘုရား ဆွမ်းဘုဉ်းပေးရန် အချိန်တန်ပါပြီ ဆွမ်းစီမံ၍ ပြီးပါပြီ" ဟု အချိန်တန်ကြောင်းကို လျှောက်ကြားစေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူကာ သုပ္ပိယဥပါသကာအိမ်သို့ ကြွပြီးလျှင် ရဟန်းသံဃာနှင့်အတူ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရား ထံတော်သို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေသော သုပ္ပိယဥပါသကာကို မြတ်စွာဘုရားသည်—

"သုပ္ပိယာ ဥပါသိကာမ အဘယ်မှာနည်း" ဟု မေးတော်မူ၏။

နာနေပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ထိုသို့ပင် နာသော်လည်း လာပါစေလော့ ဟု (မိန့်၏)။

မလာနိုင်ပါ မြတ်စွာဘုရား ဟု (လျှောက်၏)။

ထိုသို့ မလာနိုင်လျှင် ချီမ၍သော်လည်း ဆောင်ခဲ့ကုန်လော့ ဟု (မိန့်တော်မူ၏)။

ထိုအခါ သုပ္ပိယဥပါသကာသည် သုပ္ပိယာ ဥပါသိကာမကို ချီမ၍ ဆောင်ခဲ့လေ၏၊ ထိုသုပ္ပိယာ ဥပါသိကာမအား ရှေ့ဦးစွာ ဘုရားကို မြင်သည်နှင့်တပြိုင်နက် ကြီးစွာသော အနာသည် အသားနုတက်၍ ပြကတေ့ကောင်းသော အရေအမွေးတို့ ဖြစ်လေ၏။ ထိုအခါ သုပ္ပိယဥပါသကာနှင့် သုပ္ပိယာ ဥပါသိကာမတို့သည် "အချင်းတို့ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော် ကြီးသည်၏ အဖြစ်သည်

http://www.dhammadownload.com



အဖွဲ့ဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ မြတ်စွာဘုရားကို မြင်သည်နှင့်တပြိုင်နက် ကြီးစွာသော အနာသည် အသားနုတက်၍ ပြကတေ့ကောင်းသော အရေအမွေးတို့ ဖြစ်တုံဘိ၏” ဟု ရှင်လန်းနှစ်သက် တက်ကြွသော စိတ်ရှိကုန်သည် ဖြစ်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေး ကြလျက် မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေး၍ သပိတ်မှ လက်ကိုဖယ်ပြီးသောအခါ တခုသောနေရာ၌ ထိုင်နေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် သုပ္ပိယဥပါသကာနှင့် သုပ္ပိယာဥပါသိကာမတို့အား တရားစကား ဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးလျှင် နေရာမှထကာ ဖဲခွါကြွသွားတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် ရဟန်းတို့ကို “ရဟန်းတို့ အဘယ်သူ သည် သုပ္ပိယာဥပါသိကာမကို အသားတောင်းသနည်း” ဟု မေးတော်မူ၏။ ဤသို့ မေးတော်မူသည် ရှိသော် ထိုရဟန်းသည် မြတ်စွာဘုရားကို “အသျှင်ဘုရား အကျွန်ုပ်သည် သုပ္ပိယာ ဥပါသိကာမကို အသားတောင်းမိပါ၏” ဟု လျှောက်၏။

ရဟန်း ဆောင်ယူခဲ့သလော ဟု (မေးတော်မူရာ)

ဆောင်ယူခဲ့ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ရဟန်း သင်သည် သုံးဆောင်သလော ဟု (မေးတော်မူပြန်ရာ)

အကျွန်ုပ်သည် သုံးဆောင်မိပါသည်မြတ်စွာဘုရား ဟု (လျှောက်၏)။

ရဟန်း သင်သည် စုံစမ်းမေးမြန်းပါ၏လော ဟု (မေးတော်မူပြန်ရာ)

အကျွန်ုပ်သည် မစုံစမ်း မမေးမြန်းမိပါ မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် မစုံစမ်း မမေးမြန်းပဲ အသားကို စားဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် လူသားကို စားဘိ၏။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသောအမှု)သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို “ရဟန်းတို့ သဒ္ဓါတရားရှိ၍ ကြည်ညို သော လူတို့သည် မိမိ၏အသားတို့ကိုသော်လည်း စွန့်လှူကုန်၏၊ ရဟန်းတို့ လူသားကို မစားအပ်၊ စားသောရဟန်းအား ထုလ္လစ္စဉ်းအာပတ်သင့်၏။ ရဟန်းတို့ မစုံစမ်းမမေးမြန်းပဲ အသားကို မစား အပ်၊ စားသောရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု မိန့်တော်မူ၏။

## ၁၆၉–ဆင်သားစသည်ကို ပယ်ခြင်း

၂၈၁။ တရံရောအခါ မင်း၏ဆင်တို့သည် သေကုန်၏။ လူတို့သည် ငတ်မွတ်သောကြောင့် ဆင် သားကို စားကုန်၏။ ဆွမ်းခံလှည့်လည်သောရဟန်းတို့အား ဆင်သားကို လှူကုန်၏၊ ရဟန်းတို့သည် ဆင်သားကို စားကုန်၏။ လူတို့သည် “အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ် သော ရဟန်းတို့သည် ဆင်သားကို စားကုန်ဘိသနည်း၊ ဆင်တို့သည် မင်း၏အင်္ဂါ ‘အသုံးအဆောင်’ ခည်း၏၊ အကယ်၍ မင်းသည် သိငြားအံ့၊ ထိုရဟန်းတို့အား မနှစ်သက်သည် ဖြစ်ရာ၏” ဟု ကဲ့ရဲ့ကုန်၏၊

http://www.dhammadownload.com



ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆင်သားကို မစားအပ်၊ စားသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ မင်း၏မြင်းတို့သည် သေကုန်၏၊ လူတို့သည် ငတ်မွတ်သောကြောင့် မြင်းသားကို စားကုန်၏၊ ဆွမ်းခံလှည့်လည်သော ရဟန်းတို့အား မြင်းသားကို လှူကုန်၏၊ ရဟန်းတို့သည် မြင်းသားကို စားကုန်၏။ လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် မြင်းသားကို စားကုန်ဘိသနည်း၊ မြင်းတို့သည် မင်း၏အင်္ဂါ 'အသုံးအဆောင်' မည်၏။ အကယ်၍ မင်းသည် သိငြားအံ့၊ ထိုရဟန်းတို့အား မနှစ်သက်သည် ဖြစ်ရာ၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မြင်းသားကို မစားအပ်၊ စားသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ လူတို့သည် ငတ်မွတ်သောကြောင့် ခွေးသားကို စားကုန်၏၊ ဆွမ်းခံလှည့်လည်သော ရဟန်းတို့အား ခွေးသားကို လှူကုန်၏၊ ရဟန်းတို့သည် ခွေးသားကို စားကုန်၏။ လူတို့သည် အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ခွေးသားကို စားကုန်ဘိသနည်း၊ ခွေးသည် စက်ဆုပ်ဖွယ်ရှိ၏၊ ရွံရှာဖွယ်ရှိ၏ ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခွေးသားကို မစားအပ်၊ စားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ လူတို့သည် ငတ်မွတ်သောကြောင့် မြွေသားကို စားကုန်၏၊ ဆွမ်းခံလှည့်လည်သော ရဟန်းတို့အား မြွေသားကို လှူကုန်၏၊ ရဟန်းတို့သည် မြွေသားကို စားကုန်၏။ လူတို့သည် အဘယ့်ကြောင့် သာကီဝင် မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် မြွေသားကို စားကုန်ဘိသနည်း၊ မြွေသည် စက်ဆုပ်ဖွယ်ရှိ၏၊ ရွံရှာဖွယ်ရှိ၏ ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ သုပဿ အမည်ရှိသော နဂါးမင်းသည်လည်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်ကာ မြတ်စွာဘုရားကို "အသျှင်ဘုရား သဒ္ဓါတရားမရှိ ကြည်ညိုခြင်းမရှိသော နဂါးတို့သည် ရှိပါကုန်၏၊ ထိုနဂါးတို့သည် အနည်းငယ်သော အကြောင်းတို့ဖြင့်လည်း ရဟန်းတို့ကို ညှဉ်းဆဲကုန်ရာ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်တို့သည် မြွေသားကို မစားပါစေကုန်လင့်" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် သုပဿ အမည်ရှိသော နဂါးမင်းကို တရားစကားဖြင့် ကောင်းစွာ ပြတော်မူ၏။ပ။ အရိုအသေပြုကာ ဖဲသွားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ မြွေသားကို မစားအပ်၊ စားသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု မိန့်တော်မူ၏ ။

တရံရောအခါ၌ မုဆိုးတို့သည် ခြင်္သေ့ကိုသတ်၍ အသားကို စားကုန်၏၊ ဆွမ်းခံလှည့်လည်သော ရဟန်းတို့အား ခြင်္သေ့သားကို လှူကုန်၏၊ ရဟန်းတို့သည် ခြင်္သေ့သားကို စား၍ တော၌ နေကုန်၏၊ ခြင်္သေ့တို့သည် ခြင်္သေ့သား အနံ့နံ့သဖြင့် ရဟန်းတို့ကို လိုက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခြင်္သေ့သားကို မစားအပ်၊ စားသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



တရံရောအခါ၌ မူဆိုးတို့သည် ကျားကိုသတ်၍။ပ။ သစ်ကိုသတ်၍။ပ။ ဝံကို သတ်၍။ပ။ အောင်းကို သတ်၍ အသားကို စားကုန်၏။ ဆွမ်းခံလှည့်လည်သော ရဟန်းတို့အား အောင်းသားကို လှူကုန်၏။ ရဟန်းတို့သည် အောင်းသားကို စား၍ တော၌ နေကုန်၏၊ အောင်းတို့သည် အောင်းသား အနံ့နံ့သဖြင့် ရဟန်းတို့ကို လိုက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အောင်းသားကို မစားအပ်၊ စားသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုပ္ပိယအခဏ်း ပြီး၏။

---

## ၁၇၀-ယာဂုမုံ့ချိုတို့ကို ခွင့်ပြုတော်မူခြင်း

၁၈၂။ ထိုအခါ မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် များစွာသော တထောင့်နှစ်ရာ့ ငါးကျိပ်သော ရဟန်းသံဃာတို့နှင့်အတူ အန္ဓကဝိန္ဒရွာသို့ ဒေသစာရီ ကြွချီတော်မူ၏။ ထိုအခါ ဇနပုဒ်၌ နေသောလူတို့သည် များစွာသော ဆား ဆီ ဆန် ခဲဖွယ်တို့ကို လှည်းတို့၌ တင်စေ၍ ဘုရားအမှူးရှိသော ရဟန်းသံဃာ၏ နောက်မှ နောက်မှ "ဆွမ်းကျွေးသော အလှည့်ကို ရသောအခါ ဆွမ်းကို စီရင်ကုန်အံ့" ဟု (နှလုံးပိုက်ကာ) အစဉ်တစိုက် လိုက်ကုန်၏၊ ငါးရာသော စားကြွင်းစားသူတို့သည်လည်း အစဉ်တစိုက် လိုက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည်ရှိသော် အန္ဓကဝိန္ဒရွာသို့ ရောက်တော်မူ၏။ ထိုအခါ ဆွမ်းကျွေးအလှည့်ကို မရသော ပုဏ္ဏားတယောက်အား 'ဆွမ်းကျွေး အလှည့်ကို ရသောအခါ ဆွမ်းကို ပြုစီရင်အံ့' ဟု ဘုရားအမှူးရှိသော ရဟန်းသံဃာကို အစဉ်တစိုက် လိုက်သော ငါ့အား နှစ်လလွန်ပြီ၊ ငါ့အား ဆွမ်းကျွေးအလှည့်ကိုမရ၊ ငါသည်လည်း တယောက်ထည်း သာ ဖြစ်၏၊ ငါ့အား ဃရာဝါသ အကျိုးသည်လည်း များစွာ ဆုတ်ယုတ်၏၊ ငါသည် ဆွမ်းစားစရပ်ကို ကြည့်ဦးအံ့၊ ဆွမ်းစားစရပ်၌ မရှိသော ဝတ္ထုကို စီရင်ရမူ ကောင်း၏" ဟု အကြံဖြစ်၏။

ထိုအခါ ထိုပုဏ္ဏားသည် ဆွမ်းစားစရပ်ကို ကြည့်သည်ရှိသော် ယာဂုနှင့် ပျားသကာထည့်သော မုံ့ချိုနှစ်မျိုးတို့ကို မမြင်လေ။ ထိုအခါ ထိုပုဏ္ဏားသည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင် အာနန္ဒာ ယခုအခါ၌ ဆွမ်းကျွေးအလှည့်ကို မရသော အကျွန်ုပ်အား 'ဆွမ်းကျွေးအလှည့်ကို ရသော အခါ ဆွမ်းကို ပြုစီရင်အံ့' ဟု ဘုရားအမှူးရှိသော ရဟန်းသံဃာကို အစဉ်တစိုက် လိုက်သော ငါ့အား နှစ်လလွန်ပြီ၊ ငါ့အား ဆွမ်းကျွေးအလှည့်ကို မရ၊ ငါသည်လည်း တယောက်ထည်းသာဖြစ်၏၊ ငါ့အား ဃရာဝါသအကျိုးသည်လည်း များစွာ ဆုတ်ယုတ်၏၊ ငါသည် ဆွမ်းစားစရပ်ကို ကြည့်ဦးအံ့၊ ဆွမ်းစား စရပ်၌ မရှိသော ဝတ္ထုကို စီရင်ရမူ ကောင်း၏" ဟု အကြံဖြစ်ပါသည်။

အသျှင်အာနန္ဒာ ထိုအကျွန်ုပ်သည် ဆွမ်းစားစရပ်ကို ကြည့်သည်ရှိသော် ယာဂုနှင့် ပျားသကာ ထည့်သော မုံ့ချိုနှစ်မျိုးတို့ကို မမြင်ပါ၊ အသျှင်အာနန္ဒာ အကယ်၍ အကျွန်ုပ်သည် ယာဂုနှင့်ပျားသကာ ထည့်သော မုံ့ချိုကို စီရင်ငြားအံ့၊ အသျှင်ဂေါတမသည် အကျွန်ုပ်၏ ယာဂုနှင့် ပျားသကာ ထည့်သော မုံ့ချိုကို ခံယူတော်မူပါအံ့လော" ဟု လျှောက်၏။

ပုဏ္ဏား သို့ဖြစ်လျှင် မြတ်စွာဘုရားကို မေးလျှောက်ဦးအံ့ ဟု (ပြောဆို၏)။

http://www.dhammadownload.com



ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ အာနန္ဒာ သို့ဖြစ်လျှင် စီရင်စေလော့ ဟု (မိန့်တော်မူ၏)။ ပုဏ္ဏားသည် ထိုညဉ့်လွန်သောအခါ များစွာသော ယာဂု ပျားသကာ ထည့်သော မုံ့ချိုကို စီရင်စေပြီးလျှင် မြတ်စွာဘုရားအား "အသျှင်ဂေါတမသည် အကျွန်ုပ်၏ ယာဂုနှင့် ပျားသကာထည့်သော မုံ့ချိုကို လက်ခံတော်မူပါ" ဟု ဆက်ကပ်လေ၏။ ပုဏ္ဏား သို့ဖြစ်လျှင် ရဟန်းတို့အား လှူလော့ ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် (မအပ် ဟု) တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံကုန်၊ ရဟန်းတို့ ခံယူကုန်လော့ သုံးဆောင်ကုန်လော့ ဟု (မိန့်တော်မူ၏)။

ထိုအခါ ထိုပုဏ္ဏားသည် ဘုရားအမှူးရှိသော ရဟန်းအပေါင်းကို များစွာသော ယာဂုဖြင့်၎င်း ပျားသကာထည့်သော မုံ့ချိုဖြင့်၎င်း ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေး၍ မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ထိုင်နေသော ထိုပုဏ္ဏားကို မြတ်စွာဘုရား သည်—

"ပုဏ္ဏား ယာဂု၏ အကျိုးတို့သည် ဤဆယ်ပါးတို့တည်း၊ အဘယ်ဆယ်ပါးတို့နည်းဟူမူ—

## ယာဂုလှူကျိုး ၁၀-ပါး

ယာဂုကို လှူသောသူသည် အသက်ကို လှူသည် မည်၏။

အဆင်းကို လှူသည် မည်၏။

ချမ်းသာကို လှူသည်မည်၏။

ခွန်အားကို လှူသည် မည်၏။

ပညာကို လှူသည် မည်၏။

သောက်အပ်သော ယာဂုသည် ဆာလောင်ခြင်းကို ပယ်ဖျောက်၏။

မွတ်သိပ်ခြင်းကို ပယ်ဖျောက်၏။

လေကို စုန်ဆင်းစေတတ်၏။

ဆီးအိမ်ကို စင်ကြယ်စေတတ်၏။

အစာသစ် အကြွင်းကို ကြေကျက်စေတတ်၏။

ပုဏ္ဏား ယာဂု၏ အကျိုးတို့သည် ဤဆယ်ပါးတို့တည်း" ဟု မိန့်တော်မူ၏။

ပုဏ္ဏား အကြင်သူသည် ကိုယ် နှုတ် နှလုံးကို စောင့်စည်း၍ သူတပါး ပေးလှူသော ပစ္စည်းကို ဘုဉ်းပေးသော ရဟန်းတို့အား လျှောက်ပတ်သော အခါ၌ ရိုသေစွာ ယာဂုကို ပေးလှူ၏။ (ထိုသူသည်) ထိုအလှူခံ ပုဂ္ဂိုလ်အား ဆယ်ပါးသော အရာတို့ကို ပေးလှူသည် မည်၏။ ထိုယာဂုကို ဘုဉ်းပေးသော ပုဂ္ဂိုလ်၏ အသက် အဆင်း ချမ်းသာ ခွန်အား ပညာတို့သည် ဖြစ်ကုန်၏၊ ထို့ပြင် ဆာလောင်ခြင်း မွတ်သိပ်ခြင်း လေနာတို့ကိုလည်း ပယ်ဖျောက်တတ်၏

http://www.dhammadownload.com



ဆီးအိမ်ကိုလည်း စင်ကြယ်စေတတ်၏၊ အစာသစ်ကိုလည်း ကြေကျက်စေတတ်၏၊ ဤယာဂု တည်းဟူသော ဆေးကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

ထို့ကြောင့် အခါခပ်သိမ်း လူ့ဌ်ဖြစ်သော ချမ်းသာကို အလိုရှိသော သူသည်၎င်း နတ်၌ ဖြစ်သော ချမ်းသာတို့ကို တောင့်တသော သူသည်၎င်း လူတို့၏ ဂုဏ်အသရေကို အလိုရှိသော သူသည်၎င်း ယာဂုကို လှူခြင်းငှါ သင့်လျော်သည်သာလျှင်တည်း ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ထိုပုဏ္ဏားကို ဤဂါထာတို့ဖြင့် အနုမောဒနာပြုပြီးလျှင် နေရာမှ ထ၍ ဖဲကြွတော်မူ၏။ ထိုနောက် မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ယာဂုနှင့် ပျားသကာထည့်သော မုံ့ချိုတို့ကို ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

## ၁၇၁-သဒ္ဓါတရားနုသော အမတ်ကြီး ဝတ္ထု

၂၈၃။ လူတို့သည် မြတ်စွာဘုရားသည် ယာဂုနှင့် ပျားသကာ ထည့်ရောသော မုံ့ချိုတို့ကို ခွင့်ပြု တော်မူ၏ ဟု ကြားကုန်၏။ ထိုလူတို့သည် နံနက်စောစောကလျှင် ထမင်းအလား ရှိသော ယာဂုနှင့် ပျားသကာထည့်သော မုံ့ချိုတို့ကို စီမံကုန်၏၊ ရဟန်းတို့သည် နံနက်စောစောကလျှင် ထမင်းအလား ရှိသော ယာဂုနှင့် ပျားသကာထည့်သော မုံ့ချိုတို့ဖြင့် အားရ တင်းတိမ်ပြီးဖြစ်၍ ဆွမ်းစားစရပ်၌ စိတ်သဘောရှိတိုင်း မသုံးဆောင်ကြကုန်။

ထိုအခါ သဒ္ဓါတရားနုသော အမတ်ကြီးတယောက်သည် နက်ဖြန် ဆွမ်းဘုဉ်းပေးရန် အလို့ငှါ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဖိတ်၏။ ထိုအခါ ထို သဒ္ဓါတရားနုသော အမတ်ကြီးအား "ငါသည် တထောင့်နှစ်ရာ့ ငါးကျိပ်သော ရဟန်းတို့အား တထောင့်နှစ်ရာ့ ငါးဆယ်သော အသား ဟင်းမျိုးခွက်တို့ကို စီရင်အံ့၊ တပါးတပါးသော ရဟန်းအား တခွက် တခွက်စီသော အသားဟင်းမျိုး ခွက်ကို ကပ်ရမူ ကောင်းရာ၏" ဟု အကြံဖြစ်၏။

ထို့နောက် သဒ္ဓါတရားနုသော ထိုအမတ်ကြီးသည် ထိုညဉ့်လွန်သောအခါ မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ကို၎င်း တထောင့်နှစ်ရာ့ငါးဆယ်သော အသားဟင်းမျိုးခွက်တို့ကို၎င်း စီမံစေ၍ မြတ်စွာ ဘုရားအား "အသျှင်ဘုရား အချိန်တန်ပါပြီ ဆွမ်းစီမံပြီးပါပြီ" ဟု အချိန်တန်ကြောင်းကို လျှောက် ကြားစေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကိုယူကာ ထိုသဒ္ဓါတရားနုသော အမတ်ကြီးအိမ်သို့ ကြွတော်မူပြီးလျှင် ခင်းထားသော နေရာ၌ ရဟန်းသံဃာနှင့် အတူ ထိုင်နေတော်မူ၏။ ထိုအခါ ထိုသဒ္ဓါတရားနုသော အမတ်ကြီးသည် ဆွမ်းစားစရပ်၌ ရဟန်းတို့ကို ဆွမ်းလုပ်ကျွေး၏၊ ရဟန်းတို့သည် "ဒါယကာ အနည်းငယ်သာ ပေးပါလော့ ဒါယကာ အနည်းငယ်သာ ပေးပါလော့" ဟု ဆိုကုန်၏။

အသျှင်ဘုရားတို့ "ဤအမတ်ကြီးသည် သဒ္ဓါတရားနုသော သူတည်း" ဟု အသျှင်ဘုရားတို့သည် အနည်းငယ် အနည်းငယ်ကိုသာ မခံယူပါကုန်လင့်၊ "တပါး တပါးသော ရဟန်းအား တခွက် တခွက်စီ သော အသားဟင်းမျိုးခွက်ကို ဆက်ကပ်အံ့ ဟု အကျွန်ုပ်သည် များစွာသော ခဲဖွယ်ဘောဇဉ်ကို၎င်း တထောင့်နှစ်ရာ့ငါးဆယ်သော အသားဟင်းမျိုးခွက်တို့ကို၎င်း စီမံ၍ ထားပါ၏၊ အသျှင်ဘုရားတို့သည် အလိုရှိတိုင်း ခံတော်မူပါလော့" ဟု (လျှောက်၏)။

http://www.dhammadownload.com



ဒါယကာ ငါတို့သည် ထိုသို့ မလှူနိုင်ခြင်း တည်းဟူသော အကြောင်းကြောင့် အနည်းငယ် အနည်းငယ်ကိုသာ ခံကုန်သည် မဟုတ်၊ စင်စစ်သော်ကား ငါတို့သည် စောစောကလျှင် ထမင်းအလား ရှိသော ယာဂုနှင့် ပျားသကာထည့်သော မုန့်ချိုတို့ဖြင့် အားရတင်းတိမ်ပြီး ဖြစ်သောကြောင့် အနည်း ငယ် အနည်းငယ်ကိုသာ လျှင် ခံယူကုန်၏ ဟု (ပြောဆိုကုန်၏)။

ထိုအခါ ထိုသဒ္ဓါတရားနုသော အမတ်ကြီးသည် "အသျှင်ကောင်းတို့သည် အဘယ့်ကြောင့် ငါသည် ပင့်ဖိတ်အပ်ပါလျက် တပါးသောသူ၏ ထမင်းအလားရှိသော ယာဂုကို သုံးဆောင်ကုန်ဘိ သနည်း၊ ငါသည် အလိုရှိတိုင်း လှူခြင်းငှါ စွမ်းနိုင်သည် မဟုတ်ပါလော" ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုပြီးလျှင် အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ အပြစ်တင်လိုသည်ဖြစ်၍ ရဟန်းတို့၏ သပိတ်တို့ကို ပြည့်စေလျက် "သုံးဆောင်လိုလျှင်လည်း သုံးဆောင်ကုန်လော့ ဆောင်လိုလျှင်လည်း ဆောင်ကုန်လော့" ဟု ဆို၍ ဖဲခွါသွားလေ၏။

ထိုအခါ ဘုရားအမှူးရှိသော ရဟန်းအပေါင်းကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည် တိုင်အောင် တားမြစ်သည်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေး၍ မြတ်စွာဘုရားဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေသော သဒ္ဓါ တရားနုသော အမတ်ကြီးကို မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေ လျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးလျှင် နေရာမှ ထ၍ ဖဲကြွတော်မူလေ၏။

ထိုအခါ သဒ္ဓါတရားနုသော အမတ်ကြီးအား မြတ်စွာဘုရား ဖဲကြွ၍ မကြာမြင့်မီပင် တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်လေ၏၊ နှလုံးမသာခြင်း ဖြစ်လေ၏။

"(အကြင် အကျိုးတို့ကို တပါးသော သူတို့သည် ရအပ်ကုန်၏၊ ထိုအကျိုးတို့ကို) ငါတယောက် သည် သာလျှင် မရအပ်ကုန်စွတကား၊ စင်စစ် ငါ့အား ရအပ်သော အကျိုးတို့သည် ရသည်မမည်ကုန်။ စင်စစ် ငါသည် လူအဖြစ်ကို မကောင်းသဖြင့် ရအပ်၏၊ စင်စစ် ငါသည် လူအဖြစ်ကို ကောင်းစွာ ရအပ်သည် မဟုတ်။ (အဘယ့်ကြောင့်နည်းဟူမူ) ငါသည် အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည် ဖြစ်၍ အပြစ်တင်လိုသည်ဖြစ်၍ ရဟန်းတို့၏ သပိတ်တို့ကို ပြည့်စေလျက် 'သုံးဆောင်လိုလျှင်လည်း သုံးဆောင်ကုန်လော့ ဆောင်လိုလျှင်လည်း ဆောင်ကုန်လော့' ဟု ဆို၍ ဖဲသွားမိခဲ့ပြီ။ အသို့နည်း ငါသည် များစွာသော ကောင်းမှုကိုမူလည်း ဆည်းပူးအပ်သလော၊ မကောင်းမှုကိုမူလည်း ဆည်းပူး အပ်သလော" ဟု (နှလုံးမသာခြင်း ဖြစ်လေ၏)။

ထို့နောက် သဒ္ဓါတရားနုသော အမတ်ကြီးသည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားကို "အသျှင်ဘုရား အကျွန်ုပ် သည် မြတ်စွာဘုရား ဖဲခွါကြွသွား၍ မကြာမြင့်မီ တွေးတောမှု 'သံသယကုက္ကုစ္စ'ဖြစ်ပါ၏၊ နှလုံးမသာ ခြင်း ဖြစ်ပါ၏၊ '(အကြင် အကျိုးတို့ကို တပါးသော သူတို့သည် ရအပ်ကုန်၏၊ ထိုအကျိုးတို့ကို) ငါတယောက်သည်သာလျှင် မရအပ်ကုန်စွတကား၊ စင်စစ် ငါ့အား ရအပ်သော အကျိုးတို့သည် ရသည် မမည်ကုန်၊ စင်စစ် ငါသည် လူအဖြစ်ကို မကောင်းသဖြင့် ရအပ်၏၊ စင်စစ် ငါသည် လူအဖြစ်ကို ကောင်းစွာ ရအပ်သည် မဟုတ်။ (အဘယ့်ကြောင့် နည်းဟူမူ) ငါသည် အမျက်ထွက်သည်ဖြစ်၍ နှလုံး

http://www.dhammadownload.com



မသာသည်ဖြစ်၍ အပြစ်တင်လိုသည်ဖြစ်၍ ရဟန်းတို့၏ သပိတ်တို့ကို ပြည့်စေလျက် 'သုံးဆောင်လိုလျှင် သုံးဆောင်ကုန်လော့၊ ဆောင်လိုလျှင်လည်း ဆောင်ကုန်လော့' ဟု ဆို၍ ဖဲသွားမိပါသည်၊ အသို့နည်း ငါသည် များစွာသော ကောင်းမှုကိုမူလည်း ဆည်းပူးအပ်သလော၊ မကောင်းမှုကိုမူလည်း ဆည်းပူးအပ်သလော' ဟု (နှလုံးမသာခြင်း) ဖြစ်ပါသည်။

အသျှင်ဘုရား အသို့ပါနည်း၊ အကျွန်ုပ်သည် များစွာသော ကောင်းမှုကိုမူလည်း ဆည်းပူးအပ်ပါသလော၊ မကောင်းမှုကိုမူလည်း ဆည်းပူးအပ်ပါသလော" ဟု လျှောက်၏။

ဒါယကာ သင်သည် နက်ဖြန် ဆွမ်းဘုဉ်းပေးရန် ဘုရားအမှူးရှိသော ရဟန်းအပေါင်းကို ပင့်ဖိတ်သည်မှစ၍ များစွာသော ကောင်းမှုကို ဆည်းပူးအပ်ပြီ၊ သင်သည် တပါးတပါးသော ရဟန်းကို တလုံးတလုံးသော ဆွမ်းကို လှူသည်မှစ၍ များစွာသော ကောင်းမှုကို ဆည်းပူးအပ်ပြီ၊ နတ်ပြည်၌ ဖြစ်စေတတ်သော ကောင်းမှုကို အားထုတ်အပ်ပြီ ဟု (မိန့်တော်မူ၏)။

ထိုအခါ ထိုသဒ္ဓါတရားနှုသော အမက်ကြီးသည် "ငါ့အား အရတော်သတတ်၊ ငါသည် ကောင်းစွာ ရအပ်သတတ်၊ ငါသည် များစွာသော ကောင်းမှုကို ဆည်းပူးအပ်သတတ်၊ ငါသည် နတ်ပြည်၌ ဖြစ်စေတတ်သော ကောင်းမှုကို အားထုတ်အပ်သတတ်" ဟု ရွှင်လန်းတက်ကြွသည်ဖြစ်၍ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွားလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေ၍ ရဟန်းတို့ကို "ရဟန်းတို့ ပင့်ဖိတ်အပ်သည်ကို ကြဉ်ထား၍ တပါးသော သူ၏ ယာဂုကို သုံးဆောင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထို (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် တပါးသော အရပ်၌ ပင့်ဖိတ်အပ်သည်ဖြစ်လျက် တပါးသောသူ၏ ထမင်းအလားရှိသော ယာဂုကို သုံးဆောင်ကုန်ဘိသနည်း။

ရဟန်းတို့ ဤ(ရဟန်းတို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါငှါ၊ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ တပါးသော အရပ်၌ ပင့်ဖိတ်အပ်သော ရဟန်းသည် တပါးသော သူ၏ ထမင်းအလားရှိသော ယာဂုကို မသုံးဆောင်အပ်၊ သုံးဆောင်သော ရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ်အပ်၏" ဟု မိန့်တော်မူ၏။

## ၁၇၂-ဗေလဋ္ဌကစ္စာန ဝတ္ထု

၂၈၄။ ထိုအခါ မြတ်စွာဘုရားသည် အန္ဓကဝိန္ဒမြို့၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ များစွာသော တထောင့်နှစ်ရာ ငါးကျိပ်သော ရဟန်းသံဃာတို့နှင့်အတူ ဒေသစာရီ ကြွချီတော်မူ၏။ ထိုအခါ၌ ဗေလဋ္ဌကစ္စာနသည် ရာဇဂြိုဟ်ပြည်မှ အန္ဓကဝိန္ဒမြို့သို့ အလုံးစုံသော တင်လဲအိုးတို့ဖြင့် ပြည့်သော လှည်းငါးရာတို့ဖြင့် ခရီးရှည်သွား၏။ မြတ်စွာဘုရားသည် အဝေးမှ လာသော ဗေလဋ္ဌကစ္စာနကို မြင်တော်မူ၍ လမ်းခရီးမှ ဆင်းသက်ကာ တခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူ၏။

http://www.dhammadownload.com



ထိုအခါ ဗေလဋ္ဌကစ္စာနသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားကို "အသျှင်ဘုရား အကျွန်ုပ်သည် တပါးတပါးသော ရဟန်းအား တလုံး တလုံးသော တင်လဲအိုးကို လှူခြင်းငှါ အလိုရှိပါ၏" ဟု လျှောက်၏။

ကစ္စာန သို့ဖြစ်လျှင် သင်သည် တလုံးသော တင်လဲအိုးကိုသာ ဆောင်ခဲ့လော့ ဟု (မိန့်တော်မူ၏)။ "ကောင်းပါပြီ အသျှင်ဘုရား" ဟု ဗေလဋ္ဌကစ္စာနသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင်—

တလုံးသော တင်လဲအိုးကိုသာ ယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို "အသျှင်ဘုရား တင်လဲအိုးကို ဆောင်ယူခဲ့ပါပြီ၊ အသျှင်ဘုရား အကျွန်ုပ်သည် အဘယ်သို့ ပြုကျင့်ရပါ အံ့နည်း" ဟု လျှောက်၏။

ကစ္စာန သို့ဖြစ်လျှင် သင်သည် ရဟန်းတို့အား တင်လဲကို လှူလော့ ဟု (မိန့်တော်မူ၏)။ "ကောင်းပါပြီ အသျှင်ဘုရား" ဟု ဗေလဋ္ဌကစ္စာနသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ရဟန်းတို့အား တင်လဲကို ပေးလှူ၍ မြတ်စွာဘုရားကို "အသျှင်ဘုရား ရဟန်းတို့အား တင်လဲကို ပေးလှူအပ်ပါပြီ၊ ဤတင်လဲသည် များစွာ ကြွင်းကျန်ပါသေး၏၊ အသျှင်ဘုရား အကျွန်ုပ်သည် အဘယ်သို့ ပြုကျင့်ရပါ အံ့နည်း" ဟု လျှောက်၏။

ကစ္စာန ယင်းသို့ ကြွင်းကျန်ခဲ့သေးလျှင် သင်သည် ရဟန်းတို့အား တင်လဲကို အလိုရှိတိုင်း လှူလော့ ဟု (မိန့်တော်မူ၏)။ "ကောင်းပါပြီ အသျှင်ဘုရား" ဟု ဗေလဋ္ဌကစ္စာနသည် မြတ်စွာ ဘုရားအား ဝန်ခံပြီးလျှင် ရဟန်းတို့အား တင်လဲကို အလိုရှိတိုင်း ပေးလှူပြီးနောက် မြတ်စွာဘုရားကို "အသျှင်ဘုရား ရဟန်းတို့အား တင်လဲကို အလိုရှိတိုင်း ပေးလှူပြီးပါပြီ၊ ဤတင်လဲသည် များစွာ ကြွင်းကျန်ပါသေး၏၊ အသျှင်ဘုရား အကျွန်ုပ်သည် အဘယ်သို့ ပြုကျင့်ရပါအံ့နည်း" ဟု လျှောက်၏။

ကစ္စာန ယင်းသို့ ကြွင်းကျန်ခဲ့သေးလျှင် သင်သည် ရဟန်းတို့အား တင်လဲတို့ဖြင့် ရောင့်ရဲစေလော့ ဟု (မိန့်တော်မူ၏)။ "ကောင်းပါပြီ အသျှင်ဘုရား" ဟု ဗေလဋ္ဌကစ္စာနသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ရဟန်းတို့ကို တင်လဲတို့ဖြင့် ရောင့်ရဲစေ၏၊ အချို့သော ရဟန်းတို့သည် သပိတ်တို့ကို ပြည့်စေကုန်၏၊ ရေစစ်တို့ကိုရင်း အိတ်တို့ကိုရင်း ပြည့်စေကုန်၏။

ထို့နောက် ဗေလဋ္ဌကစ္စာနသည် ရဟန်းတို့ကို တင်လဲတို့ဖြင့် ရောင့်ရဲစေပြီးလျှင် မြတ်စွာဘုရားကို "အသျှင်ဘုရား ရဟန်းတို့ကို တင်လဲတို့ဖြင့် ရောင့်ရဲစေအပ်ပါပြီ၊ ဤတင်လဲသည် များစွာ ကြွင်းကျန်ပါ သေး၏၊ အသျှင်ဘုရား အကျွန်ုပ်သည် အဘယ်သို့ ပြုကျင့်ရပါအံ့နည်း" ဟု လျှောက်၏။

ကစ္စာန ထိုသို့ ကြွင်းကျန်ခဲ့သေးလျှင် သင်သည် စားကြွင်းစားတို့အား တင်လဲကို ပေးလှူလော့ ဟု (မိန့်တော်မူ၏)။ "ကောင်းပါပြီ အသျှင်ဘုရား" ဟု ဗေလဋ္ဌကစ္စာနသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် စားကြွင်းစားတို့အား တင်လဲကို ပေးလှူပြီးနောက် မြတ်စွာဘုရားကို "အသျှင်ဘုရား စားကြွင်းစားတို့အား တင်လဲကို ပေးလှူအပ်ပါပြီ၊ ဤတင်လဲသည် များစွာ ကြွင်းကျန်ပါသေး ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် အဘယ်သို့ ပြုကျင့်ရပါအံ့နည်း" ဟု လျှောက်၏။

ကစ္စာန ထိုသို့ ကြွင်းကျန်ခဲ့သေးလျှင် စားကြွင်းစားတို့အား အလိုရှိတိုင်း ပေးလှူလော့ ဟု (မိန့်တော်မူ၏)။ "ကောင်းပါပြီ အသျှင်ဘုရား" ဟု ဗေလဋ္ဌကစ္စာနသည် မြတ်စွာဘုရားအား ဝန်ခံ ပြီးလျှင် စားကြွင်းစားတို့အား အလိုရှိတိုင်း တင်လဲကို ပေးလှူပြီး၍ မြတ်စွာဘုရားကို "အသျှင်ဘုရား

http://www.dhammadownload.com



စားကြွင်းစားတို့အား တင်လဲကို အလိုရှိတိုင်း ပေးလှူအပ်ပါပြီ၊ ဤတင်လဲသည် များစွာ ကြွင်းကျန်ပါသေး၏၊ အသျှင်ဘုရား အကျွန်ုပ်သည် အဘယ်သို့ ပြုကျင့်ရပါအံ့နည်း" ဟု လျှောက်၏။

ကစ္စာန ထိုသို့ ကြွင်းကျန်သေးခဲ့လျှင် သင်သည် စားကြွင်းစားတို့ကို တင်လဲတို့ဖြင့် ရောင့်ရဲစေလော့ ဟု (မိန့်တော်မူ၏)။ "ကောင်းပါပြီ အသျှင်ဘုရား" ဟု ဗေလဋ္ဌကစ္စာနသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် စားကြွင်းစားတို့ကို တင်လဲတို့ဖြင့် ရောင့်ရဲစေ၏၊ အချို့သော စားကြွင်းစားတို့သည် ဖျဉ်းတို့ကိုရင်း အိုးတို့ကိုရင်း ပြည့်စေကုန်၏၊ ခြင်းတောင်းတို့ကိုရင်း ခါးပိုက်ဘို့ကိုရင်း ပြည့်စေကုန်၏။

ထို့နောက် ဗေလဋ္ဌကစ္စာနသည် စားကြွင်းစားတို့ကို တင်လဲတို့ဖြင့် ရောင့်ရဲစေပြီးလျှင် မြတ်စွာဘုရားကို "အသျှင်ဘုရား စားကြွင်းစားတို့ကို တင်လဲတို့ဖြင့် ရောင့်ရဲစေအပ်ပါပြီ၊ ဤတင်လဲသည် များစွာ ကြွင်းကျန်ပါသေး၏၊ အသျှင်ဘုရား အကျွန်ုပ်သည် အဘယ်သို့ ပြုကျင့်ရပါအံ့နည်း" ဟု လျှောက်လေ၏။

ကစ္စာန နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော သမဏဗြာဟ္မဏနှင့် တကွသော မင်းများ လူများနှင့်တကွသော လူလောက၌ ဘုရားကိုရင်း ဘုရား၏တပည့် သာဝက ကိုရင်း ကြဉ်ထား၍ အကြင်ပုဂ္ဂိုလ်သည် ထိုတင်လဲကို စားသည်ရှိသော် ကောင်းစွာ ကြေခြင်းသို့ ရောက်ရာ၏၊ ထိုပုဂ္ဂိုလ်ကို ငါသည် မမြင်တော်မမူ[၁]။

ကစ္စာန ထို့ကြောင့် သင်သည် ထိုတင်လဲကို စိမ်းစိုသော မြက်သစ်ပင် မရှိသော နေရာ၌သော်လည်း စွန့်ပစ်လော့၊ ပိုးမရှိသော ရေ၌သော်လည်း သွန်လေလော့ ဟု (မိန့်တော်မူ၏)။ "ကောင်းပါပြီ အသျှင်ဘုရား" ဟု ဗေလဋ္ဌကစ္စာနသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ထိုတင်လဲကို ပိုးမရှိသော ရေ၌ သွန်လေ၏။

ထိုအခါ ရေ၌ ပစ်ချသော ထိုတင်လဲသည် စစ်စစ်မည်၏၊ တသဲသဲမြည်၏၊ အခိုးထွက်၏၊ အခိုး တပြိုင်နက်ထွက်၏။ ဥပမာအားဖြင့် တနေ့ပတ်လုံး ပူလောင်သော သံထွန်သွားသည် ရေ၌ ထည့်အပ်သည်ရှိသော် စစ်စစ် မြည်သကဲ့သို့ တသဲသဲမြည်သကဲ့သို့ အခိုးထွက်သကဲ့သို့ အခိုး တပြိုင်နက် ထွက်သကဲ့သို့ ဤအတူသာလျှင် ရေ၌ ထည့်အပ်သော ထိုတင်လဲသည် စစ်စစ်မြည်၏၊ တသဲသဲမြည်၏၊ အခိုးထွက်၏၊ တပြိုင်နက် အခိုးထွက်၏။

ထိုအခါ ထိတ်လန့်သည်ဖြစ်၍ ကြက်သီးမွေးညင်း ထသည်ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေသော ဗေလဋ္ဌကစ္စာနအား မြတ်စွာဘုရားသည် အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်ကား အဘယ်နည်း—

> ဒါနနှင့်စပ်သော စကားကိုရင်း သီလနှင့်နှင့်စပ်သော စကားကိုရင်း နတ်ပြည်နှင့်စပ်သော စကားကိုရင်း ကာမဂုဏ်တို့၏ အပြစ်ကိုရင်း ယုတ်ညံ့ခြင်းကိုရင်း ညစ်ညူးခြင်းကိုရင်း (ကာမဂုဏ်မှ)ထွက်မြောက်ခြင်း၌ အကျိုးကိုရင်း ပြတော်မူ၏။

မြတ်စွာဘုရားသည် ဗေလဋ္ဌကစ္စာန၌ သင့်လျော်သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ'မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော် သိမြင်ပြီးသော 'သာမုက္ကံသိက' တရား ဒေသနာတော်ကို ပြတော်မူ၏။ပ။ ဤအတူသာလျှင် ဗေလဋ္ဌကစ္စာနအား ထိုနေရာ၌ ပင်လျှင် "ဖြစ်ခြင်း သဘော

---

၁။ ထိုတင်လဲအတွင်း၌ နတ်တို့ဩဇာထည့်ထားသောကြောင့် ထိုသို့ မိန့်တော်မူခြင်းဖြစ်သည်။

http://www.dhammadownload.com



ရှိသော တရားအလုံးစုံသည် ချုပ်ခြင်း သဘောရှိ၏" ဟု ကိလေသာမြူ အညစ်အကြေးကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ဖြစ်ပေါ်၏။

ထို့နောက် ဗေလဋ္ဌကစ္စာနသည် တရားကို မြင်ပြီးသည်ဖြစ်၍ တရားသို့ ရောက်ပြီးသည်ဖြစ်၍ တရားကို သိပြီးသည်ဖြစ်၍ တရားသို့ သက်ဝင်ပြီးသည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍ သို့လော သို့လော (တွေးတောခြင်း) ကင်းပြီးသည်ဖြစ်၍ မြတ်စွာဘုရားသာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည်ဖြစ်၍ ဘုရားမှတပါး ကိုးစားထိုက်သူ မရှိသည်ဖြစ်၍ မြတ်စွာဘုရားအား—

"အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ငှါး။ပ။ ဤအတူသာလျှင် မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏။

အသျှင်ဘုရား ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှအစပြု၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာဟု မှတ်တော်မူပါ" ဟု လျှောက်၏။

ထို့နောက် မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည်ရှိသော် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ ထိုရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်၌ တင်လဲပေါများ၏။ ရဟန်းတို့သည် "မြတ်စွာဘုရားသည် နာသော ရဟန်းအားသာလျှင် တင်လဲကို ခွင့်ပြုတော်မူ၏၊ မနာသော ရဟန်းအား တင်လဲကို ခွင့်ပြုတော်မမူ" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ တင်လဲကို မသုံးဆောင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နာသော ရဟန်းအား တင်လဲကို၊ မနာသောရဟန်းအား ရေနှင့်ရောသော တင်လဲကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ၁၇၃-ပါဋလိဂါမဝတ္ထု

၂၈၅။ ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် ပါဋလိရွာသို့ များစွာသော တထောင့်နှစ်ရာငါးကျိပ်သော ရဟန်း သံဃာနှင့် အတူ ဒေသစာရီ ကြွချီတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည်ရှိသော် ပါဋလိရွာသို့ ရောက်တော်မူ၏။ ပါဋလိရွာနေ ဥပါသကာတို့သည် "မြတ်စွာဘုရားသည် ပါဋလိရွာသို့ ရောက်တော်မူလာသတတ်" ဟု ကြားကုန်၏။

ထိုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေကြသော ပါဋလိရွာသား ဥပါသကာတို့ကို မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်းစေတော်မူ၏။

ထိုအခါ ပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရားက တရားစကားဖြင့်(အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်တို့၏ ဧည့်သည်တို့ တည်းခိုရာ စရင်ကို

http://www.dhammadownload.com



ရဟန်းသံဃာနှင့်အတူ လက်ခံတော်မူပါ" ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

ထိုအခါ ပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိသဖြင့် နေရာမှထကာ ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဧည့်သည်တို့ တည်းခိုရာ စရပ်သို့ ချဉ်းကပ်၍ ထိုဧည့်သည်တို့ တည်းခိုရာ စရပ်၌ ခင်းနှီး အပြည့်ခင်းခြင်း နေရာတို့ကို ပြင်ခြင်း ရေပြည့်အိုးကြီးကို တည်ထားခြင်း ဆီမီးထွန်းခြင်းတို့ကို ပြုပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြန်၍ ရှိခိုးလျက် တခုသော နေရာ၌ရပ်ပြီးသော် ပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဧည့်သည်တို့ တည်းခိုရာစရပ်၌ ခင်းနှီးအပြည့် ခင်းအပ်ပါပြီ၊ နေရာတို့ကိုလည်း ပြင်အပ်ပါပြီ၊ ရေပြည့်အိုးကြီးကိုလည်း တည်ထားအပ်ပါပြီ၊ ဆီမီးကိုလည်း ထွန်းအပ်ပါပြီ၊ အသျှင်ဘုရား ယခုအခါ၌ ကြွတော်မူရန် အချိန်ကို မြတ်စွာဘုရား သိတော်မူပါသည်၊ (ကြွရန်မှာ မြတ်စွာဘုရား၏ အလိုအတိုင်းပင် ဖြစ်ပါသည်)" ဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ် သင်္ကန်းကို ယူလျက် ရဟန်းသံဃာနှင့်အတူ ဧည့်သည်တို့ တည်းခိုရာစရပ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ခြေဆေးတော်မူ၍ ဧည့်သည်တို့ တည်းခိုရာ စရပ်သို့ ဝင်ပြီးသော် အလယ်တိုင်ကိုမှီလျက် အရှေ့သို့ မျက်နှာမူကာ ထိုင်နေတော်မူ၏။ ရဟန်းသံဃာသည်လည်း ခြေဆေး၍ ဧည့်သည်တို့ တည်းခိုရာစရပ်သို့ ဝင်ပြီးသော် အနောက်နံရံကို မှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ ထိုင်နေ၏၊ ပါဋလိရွာသား ဥပါသကာတို့သည်လည်း ခြေဆေး၍ ဧည့်သည်တို့ တည်းခိုရာ စရပ်သို့ ဝင်ပြီးသော် အရှေ့ဘက်နံရံကိုမှီလျက် အနောက်အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ ထိုင်နေကုန်၏။

## သီလပျက်ခြင်းအပြစ်ငါးပါး

ထိုအခါ၌ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့ကို ဥပါသကာတို့ သီလမရှိသူ၏ သီလပျက်ခြင်း အပြစ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း ဟူမူ—

ဥပါသကာတို့ လောက၌ သီလမရှိသော သီလပျက်သောသူသည် မေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ် ဆုံးရှုံးခြင်းသို့ ရောက်တတ်၏၊ ဤကား သီလမရှိသူ၏ သီလပျက်ခြင်း၌ ရှေးဦးစွာသော အပြစ်တည်း။

ဥပါသကာတို့ တဖန်လည်း သီလမရှိသော သီလပျက်သောသူ၏ မကောင်းသော ကျော်စောသတင်းသည် ပျံ့နှံ့၍ ထွက်၏၊ ဤကား သီလမရှိသူ၏ သီလပျက်ခြင်း၌ နှစ်ခုမြောက် အပြစ်တည်း။

ဥပါသကာတို့ တဖန်လည်း သီလမရှိသော သီလပျက်သောသူသည် မင်းပရိသတ် ပုဏ္ဏားပရိသတ် သူကြွယ်ပရိသတ် ရဟန်းပရိသတ် အလယ်သို့ ချဉ်းကပ်ခဲ့သော် ကြောက်ကြောက်ရွံ့ရွံ့ မျက်နှာညှိုးငယ်လျက် ချဉ်းကပ်ရ၏၊ ဤကား သီလမရှိသောသူ၏ သီလပျက်ခြင်း၌ သုံးခုမြောက် အပြစ်တည်း။

ဥပါသကာတို့ တဖန်လည်း သီလမရှိသော သီလပျက်သောသူသည် တွေတွေဝေဝေဖြစ်လျက် သေရ၏၊ ဤကား သီလမရှိသောသူ၏ သီလပျက်ခြင်း၌ လေးခုမြောက် အပြစ်တည်း။

http://www.dhammadownload.com



ဥပါသကာတို့ တဖန်လည်း သီလမရှိသော သီလပျက်သောသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ရာ၏၊ ဤကား သီလမရှိသူ၏ သီလပျက်ခြင်း၌ ငါးခုမြောက် အပြစ်တည်း။ ဥပါသကာတို့ သီလမရှိသော သူ၏ သီလပျက်ခြင်း၌ အပြစ်တို့သည် ဤငါးပါးတို့တည်း။

## သီလပြည့်စုံခြင်း အကျိုးငါးပါး

ဥပါသကာတို့ သီလရှိသော သူ၏ သီလနှင့် ပြည့်စုံခြင်း၏ အကျိုး 'အာနိသင်' တို့သည် ဤငါးပါးတို့တည်း၊ အဘယ်ငါးပါးတို့ နည်းဟူမူ—

ဥပါသကာတို့ ဤလောက၌ သီလရှိသော သီလနှင့် ပြည့်စုံသော သူသည် မမေ့လျော့ခြင်း ကြောင့် များစွာသော စည်းစိမ်ဥစ္စာအစုကိုရ၏၊ ဤကား သီလရှိသော သူ၏ သီလနှင့် ပြည့်စုံခြင်း၌ ရှေးဦးစွာသော အကျိုး အာနိသင်တည်း။

ဥပါသကာတို့ တဖန်လည်း သီလရှိသော သီလနှင့်ပြည့်စုံသော သူအား ကောင်းသော ကျော်စော သတင်းသည် ပျံ့နှံ့၍ ထွက်၏၊ ဤကား သီလရှိသော သူ၏ သီလနှင့် ပြည့်စုံခြင်း၌ နှစ်ခုမြောက် အကျိုး အာနိသင်တည်း။

ဥပါသကာတို့ တဖန်လည်း သီလရှိသော သီလနှင့် ပြည့်စုံသော သူသည် မင်းပရိသတ် ပုဏ္ဏားပရိသတ် သူကြွယ်ပရိသတ် ရဟန်းပရိသတ် အလယ်သို့ ချဉ်းကပ်ခဲ့သော် မကြောက်မရွံ့ မျက်နှာမညှိုးငယ်ပဲ ချဉ်းကပ်ရ၏၊ ဤကား သီလရှိသောသူ၏ သီလနှင့် ပြည့်စုံခြင်းကြောင့် သုံးခုမြောက် အကျိုး အာနိသင်တည်း။

ဥပါသကာတို့ တဖန်လည်း သီလရှိသော သီလနှင့်ပြည့်စုံသော သူသည် တွေဝေခြင်း မရှိပဲ သေရ၏၊ ဤကား သီလရှိသော သူ၏ သီလနှင့်ပြည့်စုံခြင်း၌ လေးခုမြောက် အကျိုး အာနိသင်တည်း။

ဥပါသကာတို့ တဖန်လည်း သီလရှိသော သီလနှင့်ပြည့်စုံသော သူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာနတ်ပြည်၌ ဖြစ်ရ၏၊ ဤကား သီလရှိသော သူ၏ သီလနှင့်ပြည့်စုံခြင်း၌ ငါးခုမြောက် အကျိုး အာနိသင်တည်း။ ဥပါသကာတို့ သီလရှိသော သူ၏ သီလနှင့်ပြည့်စုံခြင်း၌ အကျိုးအာနိသင်တို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့ကို ကြာမြင့်စွာ (ညဥ့်နက်သည် တိုင်အောင်) တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးလျှင် "ဥပါသကာတို့ ညဉ့်ဦးယံ လွန်လေပြီ၊ ယခုအခါ၌ သွားရန်အချိန်ကို သင်တို့ သိကုန်၏၊ (သွားရန်မှာ သင်တို့၏ အလိုအတိုင်းပင် ဖြစ်၏)" ဟု ပြန်လွှတ် တော်မူ၏။

"ကောင်းပါပြီ အသျှင်ဘုရား" ဟု ပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ ပြန်သွားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့ ပြန်သွား၍ မကြာမြင့်မီပင် ဆိတ်ငြိမ် ရာသို့ ဝင်တော်မူ၏။

http://www.dhammadownload.com



## ၁၇၄-သုနိဓနှင့် ဝဿကာရအမတ်ကြီးများ ပါဋလိပုတ် မြို့တည်ခဏ်း

၂၈၆။ ထိုအခါ မဂဓတိုင်း အမတ်ကြီးများ ဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား)တို့သည် ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ခြင်းငှါ ပါဋလိရွာ၌ မြို့တည်ဆောက်လျက် ရှိကုန်၏။ မြတ်စွာဘုရားသည် ညဉ့်၏အဆုံး မိုးသောက်ယံ၌ လျှောင်းစက်ရာမှ ထတော်မူ၍ ပါဋလိရွာ၌ အိမ်ရာသိမ်းပိုက်သော များစွာသော နတ်တို့ကို အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော (ဒိဗ္ဗစက္ခု)ဉာဏ်ဖြင့် မြင်တော်မူ၏၊ တန်ခိုးကြီးသော နတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးကြီးသော မင်းနှင့် အမတ်ကြီးတို့၏ အိမ်ရာတည်ဆောက်ရန် စိတ်တို့သည် ညွတ်ကုန်၏။ တန်ခိုးအလတ်စားနတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးအလတ်စား မင်းနှင့် အမတ်တို့၏ အိမ်ရာတည်ဆောက်ရန် စိတ်တို့သည် ညွတ်ကုန်၏။ တန်ခိုးနည်းသော နတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးနည်းသော မင်းနှင့် အမတ်တို့ အိမ်ရာတည်ဆောက်ရန် စိတ်တို့သည် ညွတ်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် "အာနန္ဒာ ပါဋလိရွာ၌ မြို့ကို အဘယ်သူသည် တည်ဆောက်နေသနည်း" ဟု အသျှင်အာနန္ဒာကို မေးတော်မူ၏။

အသျှင်ဘုရား မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား)တို့သည် ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ရန် ပါဋလိရွာ၌ မြို့တည်ဆောက်နေပါကုန်၏ ဟု (လျှောက်၏)။

အာနန္ဒာ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား)တို့သည် ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ရန် ပါဋလိရွာ၌ မြို့တည်ဆောက်နေကြသည်မှာ တာဝတိံသာနတ်တို့နှင့် တိုင်ပင်၍ တည်ဆောက်သကဲ့သို့ပင် ရှိချေ၏။

အာနန္ဒာ ငါသည် ညဉ့်၏အဆုံး မိုးသောက်ယံ၌ လျှောင်းစက်ရာမှ ထတော်မူ၍ ဤပါဋလိရွာ၌ အိမ်ရာသိမ်းပိုက်သော များစွာသော နတ်တို့ကို အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့် တူသော (ဒိဗ္ဗစက္ခု)ဉာဏ်ဖြင့် မြင်တော်မူ၏။

အာနန္ဒာ တန်ခိုးကြီးသော နတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးကြီးသော မင်းနှင့် အမတ်ကြီးတို့၏ အိမ်ရာတည်ဆောက်ရန် စိတ်တို့သည် ညွတ်ကုန်၏။ တန်ခိုးအလတ်စား နတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးအလတ်စား မင်းနှင့် အမတ်တို့၏ အိမ်ရာတည်ဆောက်ရန် စိတ်တို့သည် ညွတ်ကုန်၏။ တန်ခိုးနည်းသော နတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးနည်းသော မင်းနှင့် အမတ်တို့၏ အိမ်ရာတည်ဆောက်ရန် စိတ်တို့သည် ညွတ်ကုန်၏။

အာနန္ဒာ အရိယန်လူမျိုးတို့၏ စုဝေးနေထိုင်ရာ ကုန်သည်ရောင်းဝယ်ရာ မြို့တို့တွင် ဤမြို့သစ်သည် ကုန်ထုပ်များကို ဖြေလှစ်ရောင်းချရာ ပါဋလိပုတ်မည်သော မြို့ကြီးဖြစ်ပေလတ္တံ့၊ အာနန္ဒာ ပါဋလိပုတ်မြို့၌ မီးကြောင့်ဖြစ်စေ ရေကြောင့်ဖြစ်စေ အတွင်းမှ အချင်းချင်း ကွဲပြားမှုကြောင့်ဖြစ်စေ ဤသုံးပါးသော အန္တရာယ်တို့သည် ဖြစ်ကုန်လတ္တံ့ ဟု (မိန့်တော်မူ၏)။

ထိုအခါ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား)တို့သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ ရပ်တည်သော မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား)တို့သည် မြတ်စွာဘုရားကို "အသျှင်ဂေါတမ

http://www.dhammadownload.com



သည် နက်ဖြန် ဆွမ်းဘုဉ်းပေးရန် အသျှင်ဂေါတမ ရဟန်း သံဃာနှင့်အတူ အကျွန်ုပ်တို့၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထိုအခါ၌ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား)တို့သည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိသဖြင့် မိမိတို့အိမ်သို့ ချဉ်းကပ်၍ မိမိတို့အိမ်၌ မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ကို စီမံစေပြီးလျှင် မြတ်စွာဘုရားအား "အသျှင်ဂေါတမ ဆွမ်းဘုဉ်းပေးရန် အချိန်တန်ပါပြီ ဆွမ်းပြင်ပြီးပါပြီ" ဟု အချိန်တန်ကြောင်းကို လျှောက်စေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူကာ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား)တို့၏ အိမ်သို့ ကြွတော်မူပြီးလျှင် ခင်းထားသောနေရာ၌ ရဟန်းသံဃာနှင့် အတူ ထိုင်နေတော်မူ၏။

ထိုအခါ၌ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား)တို့သည် ဘုရား အမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိတို့ကိုယ်တိုင် လုပ်ကျွေးကုန်၏၊ ထိုနောက် မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ တခုသောနေရာ၌ထိုင်နေသော မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ(ပုဏ္ဏား)တို့ကို မြတ်စွာဘုရားသည် ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူ၏။

"(ပုဏ္ဏားတို့) ပညာရှိသည် အကြင်အရပ်၌ အိမ်ရာဆောက်လုပ်နေထိုင်၏၊ ဤအရပ်၌ သီလ ရှိသော ကိုယ်နှုတ်နှလုံး စောင့်သုံးသော မြတ်သောအကျင့်ရှိသော ပုဂ္ဂိုလ်တို့ကို ဆွမ်းကျွေး ပြီးလျှင် ထိုအရပ်၌ရှိသော နတ်တို့အား အလှူ၏ အဘို့ကို အမျှပေးဝေရာ၏။

ဤသို့ အမျှပေးဝေလတ်သော် နတ်တို့သည် ပူဇော်ခံရသဖြင့် ထို (အမျှပေးဝေ)သူကို တုံ့ပြန်၍ ပူဇော်ကုန်၏၊ မြတ်နိုးခံရသဖြင့်လည်း တုံ့ပြန်၍ မြတ်နိုးကုန်၏။

ထို့ကြောင့် မိခင်သည် ရင်၌ဖြစ်သောသားကို စောင့်ရှောက်သကဲ့သို့ နတ်တို့သည် ထိုအမျှ ပေးဝေသူကို စောင့်ရှောက်ကုန်၏၊ နတ်တို့ စောင့်ရှောက်အပ်သော သူသည် အခါခပ်သိမ်း ကောင်းခြင်းမင်္ဂလာတို့ကိုသာ တွေ့မြင်ရလေ၏" ဟု (အနုမောဒနာ ပြုတော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား)တို့ကို ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုပြီးလျှင် နေရာမှထ၍ ဖဲကြွတော်မူ၏။ ထိုအခါ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ (ပုဏ္ဏား)တို့သည် "ယနေ့ အသျှင်ဂေါတမ ထွက်သွားရာ တံခါးကို ဂေါတမတံခါး ဟု တွင်စေအံ့၊ အသျှင်ဂေါတမ ကူးရာ ဂင်္ဂါမြစ်ဆိပ်ကို ဂေါတမ ဆိပ် ဟု တွင်စေအံ့" ဟူ၍ ကြံရွယ်လျက် မြတ်စွာဘုရား၏ နောက်မှနောက်မှ အစဉ်လိုက်ကုန်၏။

ထိုအခါ မြတ်စွာဘုရား ထွက်သွားရာတံခါးသည် ဂေါတမတံခါး ဟု အမည်တွင်လေ၏။ ထို့နောက် မြတ်စွာဘုရားသည် ဂင်္ဂါမြစ်သို့ ချဉ်းကပ်တော်မူ၏၊ ထိုစဉ်အခါ၌ ဂင်္ဂါမြစ်သည် ကမ်းမှာ နား၍ ကျီးသောက်နိုင်လောက်အောင် ကမ်းနှင့်အညီ ရေပြည့်လျက်ရှိ၏၊ ကမ်းတဖက်မှ ကမ်းတဖက် သို့ သွားရောက်လိုသော အချို့သူတို့သည် လှေကိုရှာကုန်၏၊ အချို့သောသူတို့သည် သစ်ဖောင်ကို ရှာ ကုန်၏၊ အချို့သောသူတို့သည် ဝါးဖောင်ကို ဖွဲ့ကုန်၏။

မြတ်စွာဘုရားသည် ကမ်းတဖက်မှ ကမ်းတဖက်သို့ သွားရောက်လိုကုန်၍ အချို့က လှေကို ရှာလျက် အချို့က သစ်ဖောင်ကိုရှာလျက် အချို့က ဝါးဖောင်ကို ဖွဲ့လျက် နေသော ထိုသူတို့ကို မြင်တော်မူ၏။

http://www.dhammadownload.com



မြင်တော်မူပြီး၍ အားရှိသောယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့၎င်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့၎င်း ဤအတူပင်လျှင် မြတ်စွာဘုရားသည် ဂင်္ဂါမြစ်၏ ဤမှာဖက်ကမ်းမှ ကွယ်ခဲ့၍ ထိုမှာဖက်ကမ်း၌ ရဟန်းသံဃာနှင့်အတူ ထင်ရှား ဖြစ်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုအချိန်တွင် ဤဥဒါန်း စကားကို ကျူးရင့်တော်မူ၏။

"နက်ကျယ်လှစွာသော တဏှာမြစ်ကို ကူးသော အရိယာပုဂ္ဂိုလ်တို့သည် (အရိယာမဂ်) တံတားကို ဆောက်လုပ်၍ ကိလေသာ ညွန်ပျောင်းတို့ကို ပယ်စွန့်လျက် ကူးသွားကုန်၏၊ လူအပေါင်းသည်ကား (မြစ်ကိုကူးရန်) ဖောင်ကို ဖွဲ့နေရ၏၊ (တဏှာမြစ်ကို) ကူးမြောက်ပြီးသော ပညာရှိ အရိယာပုဂ္ဂိုလ်တို့သည်ကား ဖောင်ကို မဖွဲ့ရတော့သည်သာတည်း" ဟု (ဤဥဒါန်းကို ကျူးရင့်တော် မူ၏)။

## ၁၇၅-ကောဋိရွာ၌ သစ္စာလေးပါးကို ဟောတော်မူခြင်း

၂၈၇။ ထိုအခါ မြတ်စွာဘုရားသည် ကောဋိရွာသို့ ကြွတော်မူ၏၊ မြတ်စွာဘုရားသည် ထို ကောဋိရွာ၌ သီတင်းသုံး နေတော်မူ၏။ မြတ်စွာဘုရားသည် ရဟန်းတို့ကို—

"ရဟန်းတို့ အရိယာသစ္စာလေးပါးတို့ကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်း ကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ဤသို့ရှည်လျားစွာသော ဤသံသရာကာလပတ်လုံး ပြေးသွား ခဲ့ရလှလေပြီ ကျင်လည်ခဲ့ရလှလေပြီ၊ အဘယ်လေးပါးတို့(ကို မသိခြင်းကြောင့်)နည်းဟူမူ—

ရဟန်းတို့ ဆင်းရဲအမှန် 'ဒုက္ခအရိယသစ္စာ'ကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ဤကဲ့သို့ ရှည်လျားစွာသော ဤသံသရာကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။ ဆင်းရဲဖြစ်ကြောင်းအမှန် 'ဒုက္ခသမုဒယအရိယ သစ္စာ'ကို။ပ။ ဆင်းရဲချုပ်ရာအမှန် 'ဒုက္ခနိရောဓအရိယသစ္စာ'ကို။ပ။ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ်အမှန် 'ဒုက္ခနိရောဓဂါမိနီပဋိပဒါမဂ္ဂအရိယသစ္စာ'ကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ဤသံသရာကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

ရဟန်းတို့ (ငါသည်) ထိုဆင်းရဲအမှန် 'ဒုက္ခအရိယသစ္စာ'ကို လျော်ကန်စွာ သိပြီ၊ ထိုးထွင်း၍ သိပြီ၊ ထိုဆင်းရဲဖြစ်ကြောင်းအမှန် 'ဒုက္ခသမုဒယအရိယသစ္စာ'ကို လျော်ကန်စွာ သိပြီ၊ ထိုးထွင်း၍ သိပြီ၊ ထိုဆင်းရဲချုပ်ရာအမှန် 'ဒုက္ခနိရောဓအရိယသစ္စာ'ကို လျော်ကန်စွာ သိပြီ၊ ထိုးထွင်း၍ သိပြီ၊ ထိုဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ်အမှန် 'ဒုက္ခနိရောဓဂါမိနီပဋိပဒါမဂ္ဂအရိယသစ္စာ'ကို လျော်ကန်စွာ သိပြီ၊ ထိုးထွင်း၍ သိပြီ၊ ဘဝတို့၌ တပ်မက်ခြင်း ဘဝတဏှာကို အကြွင်းမဲ့ ပယ်အပ်ပြီ၊ ဘဝသစ်သို့ ဆွဲဆောင်တတ်သော ကြိုးနှင့်တူစွာ ဘဝတဏှာသည် ကုန်လေပြီ၊ ယခုအခါ တဖန် ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ" ဟု (မိန့်တော်မူ၏)။

လေးပါးသော အရိယသစ္စာတို့ကို ဟုတ်တိုင်းမှန်စွာ မမြင်ခြင်းကြောင့် (ငါသည်၎င်း သင်တို့သည်၎င်း) ရှည်စွာသော သံသရာအစွန့်ပတ်လုံး ထိုထိုဘဝတို့၌သာလျှင် ကျင်လည်ခဲ့ ရလေပြီ။

ထိုလေးပါးသော အရိယသစ္စာတို့ကို (ငါသည်၎င်း သင်တို့သည်၎င်း) မြင်အပ်ကုန်ပြီ၊ ဘဝသို့ပါးသို့ ဆွဲဆောင်တတ်သည့် တဏှာတည်းဟူသော ကြိုးကို ကောင်းစွာ ဖြတ်အပ်ပြီ၊

http://www.dhammadownload.com



ဒုက္ခ၏ အကြောင်းရင်းကို ပယ်ဖြတ်အပ်ပြီ၊ ယခုအခါ၌ နောက်တဖန် ပဋိသန္ဓေနေခြင်း မရှိ တော့ပြီ ဟု (မိန့်တော်မူ၏)။

## ၁၇၆-အမ္ဗပါလီဝတ္ထု

၂၈၈။ အမ္ဗပါလီ ပြည့်တန်ဆာမသည် "မြတ်စွာဘုရားသည် ကောဋိရွာသို့ ရောက်တော်မူ သတတ်" ဟု သတင်းကြားလေ၏။ ထိုအခါ အမ္ဗပါလီ ပြည့်တန်ဆာမသည် အလွန်ကောင်းသော ယာဉ်တို့ကို ကစေပြီးလျှင် ကောင်းသောယာဉ်ကို စီးလျက် အလွန်ကောင်းသော (အရံ)ယာဉ်တို့နှင့် တကွ မြတ်စွာဘုရားကို ဖူးမြော်ရန် ဝေသာလီပြည်မှ ထွက်၏။

ယာဉ်ဖြင့် သွားသင့်သမျှ အရပ်ကို ယာဉ်ဖြင့် သွား၍ ယာဉ်မှ ဆင်းပြီးသော် ခြေကျင်သာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏။

တခုသော နေရာ၌ ထိုင်နေသော အမ္ဗပါလီ ပြည့်တန်ဆာမအား မြတ်စွာဘုရားသည် တရား စကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံး ရန်) ထက်သန် ရွှင်လန်းစေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးသော် အမ္ဗပါလီ ပြည့်တန်ဆာမ သည် "အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဖို့ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု မြတ်စွာဘုရားအား လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထိုအခါ အမ္ဗပါလီ ပြည့်တန်ဆာမသည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိ၍ နေရာမှ ထကာ မြတ်စွာဘုရားကို အရိုအသေပြုပြီးလျှင် ဖဲခွါသွားလေ၏။

## ၁၇၇-လိစ္ဆဝီဝတ္ထု

၂၈၉။ ဝေသာလီပြည်နေ လိစ္ဆဝီမင်းတို့သည် "မြတ်စွာဘုရားသည် ကောဋိရွာသို့ ရောက်တော်မူ သတတ်" ဟု ကြားကုန်၏။ ထိုအခါ ဝေသာလီပြည်နေ လိစ္ဆဝီမင်းတို့သည် အလွန်ကောင်းသော ယာဉ် တို့ကို ကစေပြီးလျှင် ကောင်းသော ယာဉ်ကို စီး၍ အလွန်ကောင်းသော အရံယာဉ်တို့နှင့် တကွ မြတ်စွာဘုရားကို ဖူးမြော်ရန် ဝေသာလီပြည်မှ ထွက်လာကုန်၏။

ထိုလိစ္ဆဝီမင်းတို့တွင် အချို့သော လိစ္ဆဝီမင်းတို့သည် ညိုသောအဝတ် ညိုသောတန်ဆာရှိကြ၍ ညိုသော အရောင်အဆင်း ရှိကုန်၏။

အချို့သော လိစ္ဆဝီမင်းတို့သည် ဝါသောအဝတ် ဝါသောတန်ဆာ ရှိကြ၍ ဝါသော အရောင် အဆင်းရှိကုန်၏။

အချို့သော လိစ္ဆဝီမင်းတို့သည် နီသောအဝတ် နီသောတန်ဆာ ရှိကြ၍ နီသော အရောင်အဆင်း ရှိကုန်၏။

အချို့သော လိစ္ဆဝီမင်းတို့သည် ဖြူသောအဝတ် ဖြူသောတန်ဆာ ရှိကြ၍ ဖြူသော အရောင် အဆင်း ရှိကုန်၏။

http://www.dhammadownload.com



ထိုအခါ အမ္ဗပါလီ ပြည့်တန်ဆာမသည် (အသက်အရွယ်) ငယ်ကုန်သော လိစ္ဆဝီမင်းတို့၏ (ရထားတို့ကို မိမိ၏ရထားနှင့်) ဝင်ရိုးချင်း ဘီးချင်း ထမ်းပိုးချင်း တိုက်ခိုက်စေမိ၏၊ ထိုအခါ ထို လိစ္ဆဝီမင်းတို့သည် "ဟယ် အမ္ဗပါလီ (သင်သည်) အသက်အရွယ်ငယ်ကုန်သော လိစ္ဆဝီမင်းတို့၏ (ရထားတို့ကို သင်၏ ရထားနှင့်) ဝင်ရိုးချင်း ဘီးချင်း ထမ်းပိုးချင်း အဘယ့်ကြောင့် တိုက်ခိုက်စေဘိ သနည်း" ဟု အမ္ဗပါလီ ပြည့်တန်ဆာမကို ဆိုကုန်၏။

အရှင့်သားတို့ ရဟန်းသံဃာနှင့်တကွ မြတ်စွာဘုရားကို နက်ဖြန်ကာ ဆွမ်းဘုဉ်းပေးရန် အကျွန်ုပ် ပင့်ခဲ့ပါပြီ၊ ထို့ကြောင့် တိုက်ခိုက်စေမိပါသည် ဟု (ဆို၏)။

ဟယ် အမ္ဗပါလီ ထိုဆွမ်းကို (အသပြာ) တသိန်းဖြင့် ငါတို့အား ပေးပါလော့ ဟု (ဆိုကုန်၏။)

အရှင့်သားတို့ တိုင်းခရိုင်နှင့် တကွ ဝေသာလီပြည်ကို အကျွန်ုပ်အား ပေးစေကာမူ ထိုဆွမ်းကို အကျွန်ုပ် မပေးနိုင်ပါ ဟု (ဆို၏)။

ထိုအခါ လိစ္ဆဝီမင်းတို့သည်လည်း "ငါတို့ကို မိန်းမက နိုင်သွားပြီ အမောင်တို့၊ မိန်းမသားမှ ငါတို့ ရှုံးကုန်ပြီ အမောင်တို့" ဟု (ဆိုလျက်) လက်ဖျားခါကုန်၏။

ထိုအခါ လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၏။ မြတ်စွာဘုရားသည် လာနေသော ထိုလိစ္ဆဝီမင်းတို့ကို အဝေးမှပင် မြင်တော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ တာဝတိံသာ နတ်တို့ကို မမြင်ဘူးကုန်သော ရဟန်းတို့သည် လိစ္ဆဝီမင်းပရိသတ်ကို ကြည့်ရှုကုန်လော့၊ ရဟန်းတို့ လိစ္ဆဝီပရိသတ်ကို ရှုကုန်လော့၊ ရဟန်းတို့ လိစ္ဆဝီမင်းပရိသတ်ကို တာဝတိံသာ နတ်နှင့် အတူထား၍ ကြည့်ရှုကုန်လော့" ဟု (မိန့်တော်မူ၏)။

ထိုအခါ လိစ္ဆဝီမင်းတို့သည် ယာဉ်ဖြင့် သွားသင့်သမျှ အရပ်ကို ယာဉ်ဖြင့် သွား၍ ယာဉ်မှသက် ပြီးသော် ခြေကျင်သာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးကာ တခုသော နေရာ၌ ထိုင်နေကုန်၏။

တခုသောနေရာ၌ ထိုင်နေကုန်သော ထိုလိစ္ဆဝီမင်းတို့အား မြတ်စွာဘုရားသည် တရားစကား ဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးသော် ထိုလိစ္ဆဝီမင်းတို့သည် "အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဖို့ကျွန်ုပ်တို့ ၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု မြတ်စွာဘုရားအား လျှောက်ကုန်၏။

လိစ္ဆဝီမင်းတို့ အမ္ဗပါလီ ပြည့်တန်ဆာမ၏ ဆွမ်းကို လက်ခံပြီးပြီ ဟု (မိန့်တော်မူ၏)။ ထိုအခါ လိစ္ဆဝီမင်းတို့သည် "ငါတို့ကို မိန်းမက နိုင်သွားပြီ အမောင်တို့၊ မိန်းမသားမှ ငါတို့ရှုံးကုန်ပြီ အမောင် တို့" ဟု (ဆိုလျက်) လက်ဖျားခါကုန်၏။ ထိုအခါ ထိုလိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရား ဟောတော် မူအပ်သော တရားတော်ကို အလွန်နှစ်သက်၍ အနုမောဒနာ ပြုပြီးနောက် နေရာမှထကာ မြတ်စွာ ဘုရားကို ရှိခိုး၍ အရိုအသေပြုပြီးလျှင် ဖဲခွါသွားကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ကောဋိရွာ၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် နာတိကာရွာသို့ ကြွတော်မူ၏၊ မြတ်စွာဘုရားသည် ထိုနာတိကာရွာ အုတ်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။

http://www.dhammadownload.com



ထိုအခါ အမ္ဗပါလီ ပြည့်တန်ဆာမသည် ထိုညဉ့်လွန်မြောက်ပြီးနောက် မိမိအရံ၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီမံစေပြီးလျှင် "အသျှင်ဘုရား အချိန်တန်ပါပြီ ဆွမ်းပြင်ပြီးပါပြီ" ဟု မြတ်စွာဘုရားအား အချိန်တန်ကြောင်းကို လျှောက်ကြားစေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်ပြီးလျှင် သပိတ်သင်္ကန်းကို ယူလျက် ရဟန်းသံဃာနှင့်အတူ အမ္ဗပါလီ ပြည့်တန်ဆာမအိမ်သို့ ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၏။

ထိုအခါ အမ္ဗပါလီ ပြည့်တန်ဆာမသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏၊ မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ အမ္ဗပါလီ ပြည့်တန်ဆာမသည် တခုသောနေရာ၌ ထိုင်ပြီးလျှင် "အသျှင်ဘုရား အကျွန်ုပ်သည် ဤသရက်ဥယျာဉ်ကို ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူပါ၏" ဟု မြတ်စွာဘုရားအား လျှောက်၏။ မြတ်စွာဘုရားသည် အရံကို အလှူခံတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် အမ္ဗပါလီ ပြည့်တန်ဆာမကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတော်မူပြီးလျှင် နေရာမှ ထကာ မဟာဝုန်တောသို့ ကြွတော်မူလေ၏။ မြတ်စွာဘုရားသည် ထိုဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံး နေတော်မူလေသတည်း။

တတိယ လိစ္ဆဝီအခဏ်း ပြီး၏။

---

## ၁၇၈-သီဟစစ်သူကြီးဝတ္ထု

၂၉၀။ ထိုစဉ်အခါ၌ အလွန်ကျော်စော ထင်ရှားသော လိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ အတူနေ အတူစည်းဝေးကုန်လျက် များစွာသောအကြောင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ တရားတော်၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ သံဃာတော်၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏။

ထိုအခါ နိဂဏ္ဌ၏ တပည့်ဖြစ်သော သီဟစစ်သူကြီးသည် ထိုပရိသတ်၌ ထိုင်နေ၏။ ထိုအခါ သီဟစစ်သူကြီးအား "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာ သိတော်မူသော ဘုရားဖြစ်လတ္တံ့၊ ထိုကြောင့်သာလျှင် အလွန်ကျော်စော ထင်ရှားသော ဤလိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ အတူနေ အတူစည်းဝေးကုန်လျက် များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ တရားတော်၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ သံဃာတော်၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ ငါသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ရမူ ကောင်းရာ၏" ဟု အကြံဖြစ်၏။

ထို့နောက် သီဟစစ်သူကြီးသည် နိဂဏ္ဌနာဋပုတ္တထံသို့ ချဉ်းကပ်ပြီးလျှင် နာဋ၏သား နိဂဏ္ဌအား "အသျှင်ဘုရား အကျွန်ုပ်သည် ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ခြင်းငှါ အလိုရှိပါ၏" ဟု (ပြောဆို၏)။

http://www.dhammadownload.com



သီဟ အဘယ့်ကြောင့် သင်သည် ပြုထိုက်၏ ဟူသော အယူ 'ကိရိယဝါဒ'ရှိလျက် မပြုထိုက် ဟူသောအယူ 'အကိရိယဝါဒ'ရှိသော ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်လိုဘိသနည်း၊ သီဟ ရဟန်းဂေါတမသည် မပြုထိုက်ဟူသောအယူ 'အကိရိယဝါဒ'ရှိ၏၊ မပြုစိမ့်သောငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့် တပည့်တို့ကို ဆုံးမ၏ ဟု (ပြောဆို၏)။

ထိုအခါ သီဟစစ်သူကြီးအား မြတ်စွာဘုရားကို ဖူးမြော်ရန် သွားအံ့ ဟု အားထုတ်ခြင်းသည် ငြိမ်းလေ၏။ နှစ်ကြိမ်မြောက်လည်း အလွန်ကျော်စော ထင်ရှားကုန်သော လိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ အတူနေ အတူစည်းဝေးကုန်လျက် များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ တရားတော်၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ သံဃာတော်၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏။

နှစ်ကြိမ်မြောက်လည်း သီဟစစ်သူကြီးအား "ထိုမြတ်စွာဘုရားသည် စင်စစ် ကေန် ပူဇော် အထူးကို ခံတော်မူထိုက်သော ဘုရားဖြစ်လတ္တံ့၊ ထို့ကြောင့်သာလျှင် အလွန်ကျော်စော ထင်ရှားကုန်သော ဤလိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ အတူနေ အတူစည်းဝေးကုန်လျက် များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ တရားတော်၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ သံဃာတော်၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ ငါသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ရမူ ကောင်းရာ၏" ဟု အကြံဖြစ်၏။

နှစ်ကြိမ်မြောက်လည်း သီဟစစ်သူကြီးသည် နိဂဏ္ဌနာဋပုတ္တထံသို့ ချဉ်းကပ်ပြီးလျှင် နိဂဏ္ဌနာဋပုတ္တအား "အသျှင်ဘုရား အကျွန်ုပ်သည် ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ခြင်းငှါ အလိုရှိပါ၏" ဟု ပြောဆို၏။

သီဟ အဘယ့်ကြောင့် သင်သည် ပြုထိုက်၏ဟူသော အယူ 'ကိရိယဝါဒ' ရှိလျက် မပြုထိုက် ဟူသော အယူ 'အကိရိယဝါဒ' ရှိသော ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်လိုဘိသနည်း၊ သီဟ ရဟန်း ဂေါတမသည် မပြုထိုက်ဟူသောအယူ 'အကိရိယဝါဒ' ရှိ၏၊ မပြုစိမ့်သောငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့် တပည့်တို့ကို ဆုံးမ၏ ဟု (ပြောဆို၏)။

နှစ်ကြိမ်မြောက်လည်း သီဟစစ်သူကြီးအား မြတ်စွာဘုရားကို ဖူးမြော်ရန် သွားအံ့ ဟု အားထုတ်ခြင်းသည် ငြိမ်းလေ၏။ သုံးကြိမ်မြောက်လည်း အလွန်ကျော်စော ထင်ရှားသော လိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ အတူနေ အတူစည်းဝေးကုန်လျက် များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ တရားတော်၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ သံဃာတော်၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏။

သုံးကြိမ်မြောက်လည်း သီဟစစ်သူကြီးအား "ထိုမြတ်စွာဘုရားသည် စင်စစ် ကေန် ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားဖြစ်လတ္တံ့၊ ထို့ကြောင့်သာလျှင် အလွန်ကျော်စော ထင်ရှားကုန်သော ဤလိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ အတူနေ အတူစည်းဝေးကုန်လျက် များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ တရားတော်၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ သံဃာတော်၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်၏၊ ပန်ကြားသည်ဖြစ်စေ မပန်ကြားသည်ဖြစ်စေ ဤနိဂဏ္ဌတို့သည် အသို့ပြုကုန်အံ့နည်း၊ ငါသည် နိဂဏ္ဌတို့ကို မပန်ကြားပဲသာလျှင် ပူဇော်အထူးကို

http://www.dhammadownload.com



ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ရမူ ကောင်းရာ၏” ဟု အကြံဖြစ်၏။

ထို့နောက် သီဟစစ်သူကြီးသည် နေမွန်းလွဲသောအခါ ရထားငါးရာတို့ဖြင့် မြတ်စွာဘုရားကို ဖူးမြော်ရန် ဝေသာလီပြည်မှ ထွက်လေ၏။ ယာဉ်ဖြင့် သွားသင့်သော အရပ်တိုင်အောင် ယာဉ်ဖြင့် သွား၍ ယာဉ်မှ ဆင်းကာ ခြေကျင်သာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသော နေရာ၌ ထိုင်ကာ မြတ်စွာဘုရားအား—

“အသျှင်ဘုရား ‘ရဟန်းဂေါတမသည် မပြုထိုက်ဟူသော အယူ ‘အကိရိယဝါဒ’ ရှိ၏၊ မပြုစိမ့်သော ငှါ တရားကိုဟော၏၊ ထို ‘အကိရိယဝါဒ’ ဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏’ ဟု ကြားရဘူးပါသည်။ အသျှင်ဘုရား အသို့ပါနည်း၊ ‘ရဟန်းဂေါတမသည် မပြုထိုက်ဟူသောအယူ ‘အကိရိယဝါဒ’ ရှိ၏၊ မပြုစိမ့် သောငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏’ ဟု ဆိုသော ထိုသူတို့သည် မြတ်စွာဘုရား မိန့်ကြားတော်မူသည့် အတိုင်းပင် ပြောဆိုကြသည် ဟုတ်ပါ၏လော၊ မြတ်စွာဘုရားကို မဟုတ် မမှန်သော စကားဖြင့် စွပ်စွဲရာ မရောက်ပဲ ရှိပါကုန်၏လော၊ မြတ်စွာဘုရား ဟောသော တရား ကို[၁] ပင် တဆင့်ဟောကြားကြသည် ဟုတ်ပါ၏လော၊ (မြတ်စွာဘုရား၏) မူလရင်းစကားနှင့် (ထိုသူ တို့၏) တဆင့်ပြောသော စကားသည် ကဲ့ရဲ့ဖွယ်အကြောင်း လုံးဝကင်းပါ၏လော၊ အကျွန်ုပ်တို့သည် ကား မြတ်စွာဘုရားကို စွပ်စွဲရန် အလိုမရှိကြပါ” ဟု လျှောက်၏။

၂၉၁။ သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် “ရဟန်းဂေါတမသည် မပြုထိုက်ဟူသော အယူ ‘အကိရိယဝါဒ’ ရှိ၏၊ မပြုစိမ့်သောငှါ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏” ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ် မျိုးသည် ရှိသည်သာလျှင်တည်း။

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် “ရဟန်းဂေါတမသည် ပြုထိုက်၏ဟူသော အယူ ‘ကိရိယဝါဒ’ ရှိ၏၊ ပြုစိမ့်သောငှါ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏” ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည် သာလျှင်တည်း။

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် “ရဟန်းဂေါတမသည် ဖြတ်အပ်၏ ဟူသော အယူ ‘ဥစ္ဆေဒဝါဒ’ ရှိ၏၊ ဖြတ်စိမ့်သောငှါ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏” ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ် မျိုးသည် ရှိသည်သာလျှင်တည်း။

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် “ရဟန်းဂေါတမသည် စက်ဆုပ်ခြင်း သဘော ရှိ၏၊ စက်ဆုပ်စိမ့်သောငှါ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏” ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည် သာလျှင်တည်း။

---

၁။ ဓမ္မော နာမ ကထိတကထာ၊ ဓမ္မ ‘တရား’ ဟူသည် ဟောသောစကားပင်တည်း၊ အနုဓမ္မော နာမ ကထိတဿ ပဋိကထနံ၊ အနုဓမ္မမည်သည် ဟောအပ်သော တရားကို တဆင့်ဟောခြင်းပင်တည်း။ (အင်္ဂုတ္တရ အဋ္ဌကထာ တိကနိပါတ် ဗြာဟ္မဏဝဂ် သတ္တမသုတ်အဖွင့်) ဤဝိနည်းမဟာဝဂ္ဂအဋ္ဌကထာ၌ကား ဓမ္မကို အကြောင်းဟူ၍ရင်း၊ အနုဓမ္မကို လျော်သောအကြောင်းဟူ၍ရင်း ဖွင့်ပြအပ်သည်။

http://www.dhammadownload.com



သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖျက်ဆီးတတ်သော သဘောရှိ၏၊ ဖျက်ဆီးစိမ့်သောငှါ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း။

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏၊ ပူပန်စိမ့်သောငှါ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း။

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် နတ်ပြည်ရောက်ခြင်းငှါ မထိုက်၊ နတ်ပြည်ရောက်ခြင်းမှ ကင်းစိမ့်သောငှါ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း။

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် သက်သာရာကိုရှာတတ်၏၊ သက်သာရာကို ရှာစိမ့်သောငှါ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း။

၂၉၂။ သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် မပြုထိုက် ဟူသော အယူ 'အကိရိယဝါဒ' ရှိ၏၊ မပြုစိမ့်သောငှါ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုနည်း ထိုအကြောင်းကား အဘယ်နည်း။

သီဟ ငါသည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်' ကိုငင်း နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစရိုက်'ကိုငင်း စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'မနောဒုစရိုက်' ကိုငင်း မပြုထိုက် ဟု ဟော၏။ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မပြုထိုက် ဟု ဟော၏၊ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် မပြုထိုက် ဟူသော အယူ 'အကိရိယဝါဒ' ရှိ၏၊ မပြုစိမ့်သောငှါ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်း ဂေါတမသည် ပြုထိုက်၏ ဟူသော အယူ 'ကိရိယဝါဒ'ရှိ၏၊ ပြုစိမ့်သောငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုနည်း ထိုအကြောင်းကား အဘယ်နည်း။

သီဟ ငါသည် ကိုယ်ဖြင့် ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်'ကိုငင်း နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်'ကိုငင်း စိတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်'ကိုငင်း ပြုထိုက်၏ ဟု ဟော၏၊ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပြုထိုက်၏ ဟူသော အယူ 'ကိရိယဝါဒ'ရှိ၏၊ ပြုစိမ့်သောငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။

http://www.dhammadownload.com



သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖြစ်အပ်၏ ဟူသော အယူ 'ဥစ္ဆေဒဝါဒ' ရှိ၏၊ ဖြတ်စိမ့်သောငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုနည်း ထိုအကြောင်းကား အဘယ်နည်း။

သီဟ ငါသည် ရာဂ ဒေါသ မောဟတို့ကို ဖြတ်အပ်သည်ကို ဟော၏၊ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖြတ်အပ်သည်ကို ဟော၏၊ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖြတ်အပ်၏ ဟူသော အယူ 'ဥစ္ဆေဒဝါဒ' ရှိ၏၊ ဖြတ်စိမ့်သောငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် စက်ဆုပ်ခြင်း သဘော ရှိ၏၊ စက်ဆုပ်စိမ့်သောငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုနည်း ထိုအကြောင်းကား အဘယ်နည်း။

သီဟ ငါသည် ကိုယ်ဖြင့် ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်'ကိုလည်း နှုတ်ဖြင့် ပြုသော မကောင်းသောအကျင့် 'ဝစီဒုစရိုက်'ကိုလည်း စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'မနောဒုစရိုက်'ကိုလည်း စက်ဆုပ်တော်မူ၏၊ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းကိုလည်း စက်ဆုပ်တော်မူ၏၊ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် "ရဟန်း ဂေါတမသည် စက်ဆုပ်ခြင်း သဘောရှိ၏၊ စက်ဆုပ်စိမ့်သောငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖျက်ဆီးတတ်၏၊ ဖျက်ဆီးခြင်းငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုနည်း ထိုအကြောင်းကား အဘယ်နည်း။

သီဟ ငါသည် ရာဂကိုလည်း ဒေါသကိုလည်း မောဟကိုလည်း ဖျက်ဆီးခြင်းငှါ တရားကို ဟော၏၊ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖျက်ဆီးခြင်းငှါ တရားကို ဟော၏၊ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖျက်ဆီးတတ်၏၊ ဖျက်ဆီးခြင်းငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏၊ ပူပန်စိမ့်သောငှါ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုနည်း ထိုအကြောင်းကား အဘယ်နည်း။

သီဟ ငါသည် ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပူပန်စေတတ်၏ ဟု ဟော၏၊ ကိုယ်ဖြင့် ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်'ကိုလည်း နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့်

http://www.dhammadownload.com



'ဝစီဒုစရိုက်'ကိုငင်း စိတ်ဖြင့် ပြုသော မကောင်းသော အကျင့် 'မနောဒုစရိုက်'ကိုငင်း ပူပန်စေတတ်၏ ဟု ဟော၏။

သီဟ ပူပန်စေတတ်၍ ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်ပြီးသော (အဝိဇ္ဇာတဏှာ) အမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးသော (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးသော (အသစ်) မဖြစ်ခြင်းကို ပြုပြီးသော နောင်အခါ၌ ဖြစ်ခြင်းသဘောမရှိသော သူကို ပူပန်စေတတ်သော အကျင့်ရှိသူ ဟူ၍ ငါဟော၏။ သီဟ မြတ်စွာဘုရားသည် ပူပန်စေတတ်သော ယုတ်ညံ့သော အကုသိုလ် တရားတို့ကို ပယ်ပြီးပြီ (အဝိဇ္ဇာ တဏှာ) အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ (အသစ်)မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ၌ ဖြစ်ခြင်း သဘောမရှိကုန်ပြီ။ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏၊ ပူပန်စိမ့်သောငှါ တရားကိုဟော၏၊ ထိုဝါဒဖြင့် တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် နုတ်ပြည်ရောက်ခြင်းငှါ မဆိုက်၊ နုတ်ပြည်ရောက်ခြင်းမှ ကင်းစိမ့်သောငှါ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏၊ ထိုနည်း ထိုအကြောင်းကား အဘယ်နည်း။

သီဟ နောင်တဖန် ပဋိသန္ဓေနေခြင်း ဘဝသစ်၌ ဖြစ်ခြင်းကို ပယ်ပြီးသော (အဝိဇ္ဇာတဏှာ) အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးသော(နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးသော(အသစ်)မဖြစ်ခြင်းကို ပြုပြီးသော နောင်အခါ၌ ဖြစ်ခြင်းသဘောမရှိသောသူကို ပဋိသန္ဓေနေခြင်းမှ ကင်း၏ ဟု ငါဟော၏၊ သီဟ မြတ်စွာဘုရားသည် နောင်တဖန် ပဋိသန္ဓေနေခြင်း ဘဝသစ်၌ ဖြစ်ခြင်းကို ပယ်ပြီးပြီ၊ (အဝိဇ္ဇာ တဏှာ) အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ (အသစ်) မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိကုန်ပြီ၊ သီဟ ဤသို့သော နည်းပရိယာယ် အားဖြင့် "ရဟန်း ဂေါတမသည် နုတ်ပြည် ရောက်ခြင်းငှါ မထိုက်၊ နုတ်ပြည် ရောက်ခြင်းမှ ကင်းစိမ့်သောငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် သက်သာရာကို ရှာတတ်၏၊ သက်သာရာကို ရစိမ့်သောငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။ ထိုနည်း ထိုအကြောင်းကား အဘယ်နည်း။

သီဟ ငါသည် မြတ်သော (မဂ်ဖိုလ် ဟူသော) သက်သာခြင်းဖြင့် သက်သာရာကို ရှာ၏၊ သက်သာရာကို ရစိမ့်သောငှါလည်း တရားကို ဟော၏၊ ထိုဝါဒဖြင့်လည်းတပည့်သားတို့ကို ဆုံးမ၏၊ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် သက်သာရာကို ရှာ၏၊ သက်သာရာကို ရစိမ့်သောငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ကောင်းစွာ ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏ ဟု မိန့်တော်မူ၏။

၂၆၃။ ဤသို့ ဟောတော်မူသော် သီဟ စစ်သူကြီးသည် မြတ်စွာဘုရားကို "အသျှင်ဘုရား (တရားတော်သည်) အလွန် နှစ်သက်ဖွယ်ရှိပါပေ၏။ပ။ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ဆက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာ ဟူ၍ မှတ်တော်မူပါ"ဟု လျှောက်၏။

http://www.dhammadownload.com



"သီဟ စူးစမ်းဆင်ခြင်၍ ပြုလော့၊ သင်တို့ကဲ့သို့ ထင်ရှားကျော်စောသော သူတို့အား စူးစမ်းဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို "သီဟ စူးစမ်းဆင်ခြင်၍ ပြုလော့၊ သင်တို့ကဲ့သို့ ထင်ရှား ကျော်စောသော သူတို့အား စူးစမ်း ဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏" ဟု မိန့်တော်မူ၏၊ ဤစကားဖြင့်လည်း အကျွန်ုပ်သည် မြတ်စွာဘုရားအား အတိုင်းထက်အလွန် ဝမ်းမြောက်ပါ၏၊ နှစ်သက်ပါ၏။

အသျှင်ဘုရား တပါးသော အယူရှိသော တိတ္ထိတို့သည် အကျွန်ုပ်ကဲ့သို့သော တပည့်ကို ရခဲ့သော် "သီဟ မည်သော စစ်သူကြီးသည် ငါတို့၏ တပည့်အဖြစ်သို့ ရောက်၏" ဟု နှလုံးသွင်းကာ ဝေသာလီ တပြည်လုံးကို တံခွန်အောင်လံ စိုက်ထောင်ကုန်ရာ၏၊ ထိုသို့ ဖြစ်ပါလျက်လည်း မြတ်စွာဘုရားသည် အကျွန်ုပ်ကို "သီဟ စူးစမ်းဆင်ခြင်၍ ပြုလော့၊ သင်တို့ကဲ့သို့ ထင်ရှား ကျော်စောသော သူတို့အား စူးစမ်းဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ထိုအကျွန်ုပ်သည် နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှ စ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာ ဟူ၍ မှတ်တော်မူပါ ဟု (လျှောက်၏)။

သီဟ ရှည်စွာသော နေ့ ညဉ့်ပတ်လုံး သင်၏ အိမ်သည် နိဂဏ္ဌတို့၏ ရေတွင်းသဖွယ် ဖြစ်ခဲ့သော ကြောင့် ကပ်ရောက်လာသော ထိုနိဂဏ္ဌတို့အား ဆွမ်းလှူရမည်ကို အောက်မေ့လေလော့ ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို "သီဟ ရှည်စွာသော နေ့ညဉ့်ပတ်လုံး သင်၏ အိမ်သည် နိဂဏ္ဌတို့၏ ရေတွင်းသဖွယ် ဖြစ်ခဲ့သောကြောင့် ကပ်ရောက်လာသော ထိုနိဂဏ္ဌတို့အား ဆွမ်းလှူရမည်ကို အောက်မေ့လေလော့" ဟု (မိန့်တော်မူ၏)၊ ဤစကားဖြင့်လည်း အကျွန်ုပ်သည် မြတ်စွာဘုရားအား အတိုင်းထက် အလွန် ဝမ်းမြောက်ပါ၏၊ နှစ်သက်ပါ၏။

အသျှင်ဘုရား အကျွန်ုပ်သည် ဤစကားကို ကြားရဘူးပါသည် ရဟန်းဂေါတမသည် "ငါ့အား သာလျှင် အလှူကို လှူအပ်၏၊ တပါးသော သူတို့အား အလှူကို မလှူအပ်၊ ငါ၏ တပည့်သားတို့ အားသာလျှင် အလှူကို ပေးလှူအပ်၏၊ တပါးသော သူတို့၏ တပည့်သားတို့အား အလှူကို မပေး လှူအပ်၊ ငါ့အား လှူသော အလှူသည်သာလျှင် အကျိုးကြီး၏၊ တပါးသောသူတို့အား လှူသော အလှူသည် အကျိုးမကြီး၊ ငါ၏ တပည့်သားတို့အား လှူသော အလှူသည်သာလျှင် အကျိုးကြီး၏၊ တပါးသော သူတို့၏ တပည့်သားတို့အား လှူသော အလှူသည် အကျိုးမကြီး" ဟု ဟောတော်မူ၏ ဟူသော စကားကို ကြားဘူးပါသည်။

ထိုသို့ ဖြစ်လျက်လည်း မြတ်စွာဘုရားသည် အကျွန်ုပ်ကို နိဂဏ္ဌတို့၌လည်း ပေးလှူခြင်း၌ ဆောက်တည်စေ၏၊ အသျှင်ဘုရား စင်စစ်သော်ကား အကျွန်ုပ်တို့သည် ထိုအလှူပေးခြင်း၌ အခါ ကာလကို သိပါကုန်အံ့၊ အသျှင်ဘုရား ထိုအကျွန်ုပ်သည် သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကိုရင်း တရားတော်ကိုရင်း သံဃာတော်ကိုရင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာ ဟူ၍ မှတ်တော်မူပါ ဟု (လျှောက်၏)။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် သီဟစစ်သူကြီးအား အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်တို့ကား အဘာယ်နည်း—

ဒါနနှင့်စပ်သောစကား။ပ။ မြတ်စွာဘုရားသာသနာတော်၌ ရဲရင့်သည်၏ အဖြစ်သို့ ရောက်သည်ဖြစ်၍ ဘုရားမှတပါး ကိုးစားထိုက်သူ မရှိသည်ဖြစ်၍ မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရားသည် နက်ဖြန် ဆွမ်းဘုဉ်းပေးရန် ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။ ထိုအခါ သီဟစစ်သူကြီးသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ နေရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲ၍သွားလေ၏။

၂၉၄။ ထို့နောက် သီဟစစ်သူကြီးသည် ယောကျ်ားတယောက်ကို "အချင်း သွားချေ၊ အလိုလိုဖြစ်သော အသားကို သိလော့" ဟု ဆို၍ စေခိုင်း၏။ ထိုအခါ၌ သီဟစစ်သူကြီးသည် ထိုညဉ့်လွန်သောအခါ မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ကို စီရင်ပြီးလျှင် မြတ်စွာဘုရားအား "အသျှင်ဘုရား ဆွမ်းဘုဉ်းပေးရန် အချိန်တန်ပါပြီ၊ ဆွမ်းစီမံပြီးပါပြီ" ဟု အချိန်တန်ကြောင်းကို လျှောက်ကြားစေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူကာ သီဟစစ်သူကြီးအိမ်သို့ ကြွတော်မူ၍ ခင်းထားသောနေရာ၌ ရဟန်းသံဃာနှင့် အတူ ထိုင်နေတော်မူ၏။ ထိုအခါ၌ များစွာသော နိဂဏ္ဌတို့သည် ဝေသာလီပြည်၌ ခရီးလမ်းမတခုမှ ခရီးလမ်းမတခုသို့၎င်း လမ်းဆုံတခုမှ လမ်းဆုံတခုသို့၎င်း (သွား၍) လက်မောင်းတို့ကို မြှောက်ကုန်လျက် "ယနေ့ သီဟစစ်သူကြီးသည် ဆူဖြိုးသော ကျွဲ နွား ဆိတ် ဝက် အစရှိသော သတ္တဝါတို့ကိုသတ်၍ ရဟန်းဂေါတမအား ဆွမ်းလုပ်ကျွေး၏၊ ရဟန်းဂေါတမသည် သိလျက် ရည်၍ သတ်သော ထိုအမဲသားကို စား၏၊ မိမိကို စွဲ၍ သတ်သော မကောင်းမှုကံကို (ရ၏)" ဟု ဟစ်အော် ကြွေးကြော်ကုန်၏။

ထိုအခါ၌ ယောကျ်ားတယောက်သည် သီဟစစ်သူကြီးအိမ်သို့ ချဉ်းကပ်ပြီးလျှင် သီဟစစ်သူကြီး၏ နားရင်း၌ အရှင်စစ်သူကြီး သိပါလော့၊ များစွာသော ဤနိဂဏ္ဌတို့သည် ဝေသာလီပြည်၌ ခရီးလမ်းမ တခုမှ ခရီးလမ်းမတခုသို့၎င်း လမ်းဆုံတခုမှ လမ်းဆုံတခုသို့၎င်း (သွား၍) လက်မောင်းတို့ကို မြှောက်ကုန်လျက် "ယနေ့ သီဟစစ်သူကြီးသည် ဆူဖြိုးသော ကျွဲ နွား ဆိတ် ဝက် အစရှိသော သတ္တဝါတို့ကို သတ်၍ ရဟန်းဂေါတမအား ဆွမ်းလုပ်ကျွေး၏၊ ရဟန်းဂေါတမသည် သိလျက် ရည်၍ သတ်သော ထိုအမဲသားကို စား၏၊ မိမိကို စွဲ၍သတ်သော မကောင်းမှုကံကို (ရ၏)" ဟု ဟစ်အော် ကြွေးကြော်ကုန်၏ ဟု ပြောကြား၏။

အမောင် မသင့်လျော်ချေ၊ ထိုအသျှင်နိဂဏ္ဌတို့သည် ရှည်စွာသော နေ့ညဉ့်ပတ်လုံးလည်း မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို အလိုရှိကုန်၏၊ တရားတော်၏ ကျေးဇူးမဲ့ကို အလိုရှိကုန်၏၊ သံဃာတော်၏ ကျေးဇူးမဲ့ကို အလိုရှိကုန်၏၊ ထိုအသျှင် နိဂဏ္ဌတို့သည် မြတ်စွာဘုရားကို ထင်ရှားမရှိပဲ အချည်းနှီး မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲကြသည်ကား မစဲနိုင်ကြကုန်၊ ငါတို့သည်ကား အသက် ဟူသော အကြောင်းကြောင့်လည်း သေစေလိုသော စေတနာဖြင့် သူ၏ အသက်ကို မသတ်စေကုန်ရာ ဟု ပြောဆို၏။

ထိုအခါ သီဟစစ်သူကြီးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် မိမိကိုယ်တိုင်လုပ်ကျွေး၍ မြတ်စွာ

http://www.dhammadownload.com



ဘုရားသည် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော သီဟစစ်သူကြီးကို မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် နေရာမှ ထကာ ဖဲကြွတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ သိလျက် ရည်ညွှန်း၍ သတ်အပ်သော အသားကို မစားအပ်၊ စားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ မမြင်သော မကြားသော ယုံမှားခြင်းမရှိသော အစွန်းသုံးပါးမှ စင်ကြယ်သော ငါးအမဲကို ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

## ၁၇၉-ကပ္ပိယဘူမိကို ခွင့်ပြုတော်မူခြင်း

၂၉၅။ ထိုစဉ်အခါ၌ ဝေသာလီပြည်သည် ဝပြော၏၊ ကောင်းသော ကောက်စပါး ရှိ၏၊ ရလွယ်သော ဆွမ်းရှိ၏၊ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတခြင်းငှါ လွယ်ကူ၏။ ထိုအခါ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် တိတ်ဆိတ်စွာ နေတော်မူသော မြတ်စွာဘုရားအား "ငါသည် ကောက်စပါးမကောင်း၍ ဆွမ်းရခဲသည့် ငတ်မွတ်ခေါင်းပါးသောအခါ၌ ရဟန်းတို့အား ခွင့်ပြုထားသော အကပ္ပိယကုဋိအတွင်း၌ သိုမှီးသိမ်းဆည်းခြင်းကိုင်း အကပ္ပိယကုဋိအတွင်း၌ ချက်ခြင်းကိုင်း မိမိကိုယ်တိုင် ချက်ခြင်းကိုင်း အကပ်ပျက်သည်ရှိသော် တဖန် အကပ်ခံခြင်းကိုင်း ဆွမ်းဘုဉ်းပေးရာ ဆွမ်းဖိတ်ရာမှ ဆောင်အပ်သည်ကိုင်း နံနက်အခါ၌ အကပ်ခံ၍ထားအပ်သော တော၌ ဖြစ်သော သစ်သီးစသည်ကိုင်း ကြာပင်၌ဖြစ်သော ကြာစွယ်ကြာရင်း စသည်ကိုင်း ယနေ့တိုင်အောင်ပင် ရဟန်းတို့သည် သုံးဆောင်ကုန်သေးသလော" ဟု စိတ်အကြံ ဖြစ်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ ကိန်းအောင်းတော်မူရာမှ ထလျက် အသျှင်အာနန္ဒာကို "အာနန္ဒာ ငါသည် ကောက်စပါးမကောင်း၍ ဆွမ်းရခဲသည့် ငတ်မွတ်ခေါင်းပါးသောအခါ၌ ရဟန်းတို့အား ခွင့်ပြုထားသော အကပ္ပိယကုဋိအတွင်း၌ သိုမှီးသိမ်းဆည်းခြင်းကိုင်း အကပ္ပိယကုဋိအတွင်း၌ ချက်ခြင်းကိုင်း မိမိကိုယ်တိုင် ချက်ခြင်းကိုင်း အကပ်ပျက်သည်ရှိသော် တဖန် အကပ်ခံခြင်းကိုင်း ဆွမ်းဘုဉ်းပေးရာ ဆွမ်းဖိတ်ရာမှ ဆောင်အပ်သည်ကိုင်း နံနက်အခါ၌ အကပ်ခံ၍ထားအပ်သော တော၌ဖြစ်သော သစ်သီးစသည်ကိုင်း ကြာပင်၌ဖြစ်သော ကြာစွယ်ကြာရင်းစသည်ကိုင်း ယနေ့တိုင်အောင်ပင် ရဟန်းတို့သည် သုံးဆောင်ကုန်သေးသလော" ဟု မေးတော်မူ၏။

သုံးဆောင်ကြပါသေးသည် မြတ်စွာဘုရား ဟု (လျှောက်၏)။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကိုဟောတော် မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ငါသည် ကောက်စပါးမကောင်း၍ ဆွမ်းရခဲသည့် ငတ်မွတ်ခေါင်းပါးသော အခါ၌ ရဟန်းတို့အား ခွင့်ပြုထားသော အကပ္ပိယကုဋိအတွင်း၌ သိုမှီးသိမ်းဆည်းခြင်းကိုင်း အကပ္ပိယကုဋိအတွင်း၌ ချက်ခြင်းကိုင်း မိမိကိုယ်တိုင် ချက်ခြင်းကိုင်း အကပ်ပျက်သည်ရှိသော် တဖန်အကပ်ခံခြင်းကိုင်း ဆွမ်းဘုဉ်းပေးရာ ဆွမ်းဖိတ်ရာမှ ဆောင်အပ်သည်ကိုင်း နံနက်အခါ၌ အကပ်ခံ၍ ထားအပ်သော တော၌ဖြစ်သော သစ်သီးစသည်တို့ကိုင်း ကြာပင်၌ဖြစ်သော ကြာစွယ်ကြာရင်းစသည်ကိုင်း ငါသည် ယနေ့မှစ၍ ပယ်၏။

http://www.dhammadownload.com



ရဟန်းတို့ အကပ္ပိယကုဋိအတွင်း၌ သိုမှီးသိမ်းဆည်းအပ်သော ဘောဇဉ်ကိုရင်း အကပ္ပိယကုဋိ အတွင်း၌ ချက်အပ်သော ဘောဇဉ်ကိုရင်း မိမိကိုယ်တိုင် ချက်အပ်သော ဘောဇဉ်ကိုရင်း အကပ် ပျက်သည်ရှိသော် တဖန် အကပ်ခံအပ်သော ဘောဇဉ်ကိုရင်း မသုံးဆောင်အပ်၊ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ ဆွမ်းဘုဉ်းပေးရာ ဆွမ်းဖိတ်ရာမှ ဆောင်အပ်သော ဘောဇဉ်ကိုရင်း နံနက်အခါ၌ အကပ်ခံ၍ထားအပ်သော တောဖြစ်သော သစ်သီးစသည်ကိုရင်း ကြာပင်၌ဖြစ်သော ကြာစွယ်ကြာရင်း စသည်ကိုရင်း ဆွမ်းစားစဉ် တန်ပြီ ဟု မြစ်မိသော ရဟန်း သည် အတိရိတ်ဝိနည်းကံ မပြုအပ်သော ဘောဇဉ်ကိုရင်း မသုံးဆောင်အပ်၊ သုံးဆောင်သော ရဟန်း အား တရားအားလျော်စွာ ျပြစ်အပ်၏" ဟု မိန့်တော်မူ၏။

ထိုအခါ ဇနပုဒ်နေ လူတို့သည် များစွာသော ဆားကိုရင်း ဆီကိုရင်း ဆန်ကိုရင်း ခဲဖွယ်ကိုရင်း လှည်းတို့၌ တင်စေ၍ အရံအပ တံခါးမုခ်၌ လှည်းဝိုင်းပြုလုပ်ကာ "ဆွမ်းကျွေးအလှည့်ကို ရသော အခါ ဆွမ်းလုပ်ကျွေးကုန်အံ့" ဟု (နှလုံးပိုက်ကာ) နေကုန်၏။ မိုးကြီးသည်လည်း တက်လာ၏၊ ထိုအခါ လူတို့သည် အသျှင်အာနန္ဒာထံသို့ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာကို "အသျှင်ဘုရား အာနန္ဒာ ယခုအခါ၌ များစွာသော ဆားကိုရင်း ဆီကိုရင်း ဆန်ကိုရင်း ခဲဖွယ်ကိုရင်း လှည်းတို့၌ တင်လျက်တည်နေပါကုန်၏၊ မိုးကြီးသည်လည်း တက်လာပါ၏၊ အသျှင်ဘုရား အသို့ပြုရပါအံ့နည်း" ဟု လျှောက်၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ အာနန္ဒာ သို့ဖြစ်လျှင် သံဃာသည် အစွန်ဖြစ်သော အကြင်ကျောင်းကိုရင်း တဖက်စောင်းမိုးသော ကျောင်းကို ရင်း ပြာသာဒ်ရှည်ကိုရင်း ပြာသာဒ်ဦးပြည်းကိုရင်း ဂူကိုရင်း အလိုရှိ၏၊ ထိုကျောင်းကို ကပ္ပိယဘူမိ ဟု သမုတ်ပြီးလျှင် ထိုကျောင်း၌ သိုမှီးလော့။ ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ကျောင်းကို ကပ္ပိယဘူမိ ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤမည်သော ကျောင်းကို ကပ္ပိယဘူမိ ဟု သမုတ်၏၊ ဤမည်သော ကျောင်းကို ကပ္ပိယဘူမိ ဟု သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ကျောင်းကို ကပ္ပိယဘူမိ ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ထိုအခါ၌ လူတို့သည် ထိုသမုတ်ပြီးသော ကပ္ပိယဘူမိ၌ ယာဂုကျိုကုန်၏၊ ဆွမ်းချက်ကုန်၏၊ ဟင်းစီမံကုန်၏၊ အသားတို့ကို စဉ်းခုတ်ကုန်၏၊ ထင်းခွဲကုန်၏၊ မြတ်စွာဘုရားသည် ညဉ့်၏ မိုးသောက် ယာမ်၌ စောစောထတော်မူလတ်သော် ပြင်းပြကျယ်လောင်သော အသံ ကျီးတို့၏ တသောသော အာသောအသံကို ကြားတော်မူ၍ အသျှင်အာနန္ဒာကို "အာနန္ဒာ ထိုပြင်းပြကျယ်လောင်သော အသံ ကျီးတို့၏ တသောသောအာသောအသံကား အဘယ်အသံနည်း" ဟု မေးတော်မူ၏။

http://www.dhammadownload.com



အသျှင်ဘုရား ယခုအခါ၌ လူတို့သည် ထိုသမုတ်ပြီးသော ကပ္ပိယ**ဘူမိ၌ ယာဂု**ကျိုပါ**ကုန်**၏၊ ဆွမ်းချက်ပါကုန်၏၊ ဟင်းစီမံပါကုန်၏၊ အသားတို့ကို စဉ်းခုတ်ပါကုန်၏၊ **ထင်းခွဲ**ပါကုန်၏၊ မြတ်**စွာ**ဘုရား ထိုပြင်းပြကျယ်လောင်သောအသံ ကျီးတို့၏ တသောသော အာ**သောအသံသည်ကား** ဤအသံပါတည်း ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ သမုတ်ပြီးသော ကပ္ပိယဘူမိကို မသုံးဆောင်အပ်၊ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ ဥဿာဝနန္တိကကုဋိ ဂေါနိသာဒိကကုဋိ ဂဟပတိကုဋိ ဤသုံးပါးသော ကပ္ပိယကုဋိတို့ကို ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

ထိုအခါ အသျှင်ယသောဇသည် နာဖျားနေ၏၊ ထိုယသောဇမထေရ်၏ အလို့ငှါ ဆေးတို့ကို ဆောင်ခဲ့ကုန်၏၊ ထိုဆေးတို့ကို ရဟန်းတို့သည် အပ၌ သိုမှီးထားကုန်၏၊ ကြောင် ကြွက် ဖွတ် မြွေပါတို့သည်လည်း ခဲစားကုန်၏၊ ခိုးသူတို့သည်လည်း ခိုးယူကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ သမုတ်ပြီးသော ကပ္ပိယဘူမိကို သုံးဆောင်ခြင်းငှါ ခွင့်ပြု၏၊ ရဟန်းတို့ (၁) ဥဿာဝနန္တိကကုဋိ (၂) ဂေါနိသာဒိကကုဋိ (၃) ဂဟပတိကုဋိ (၄) သမ္မုတိကုဋိ ဤလေးပါးသော ကပ္ပိယကုဋိတို့ကို ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

စတုတ္ထသိဟအဆော်း ပြီး၏။

---

## ၁၇၀-မေဏ္ဍကသူကြွယ်ဝတ္ထု

၂၉၆။ တရံရောအခါ ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးသည် နေ၏၊ ထို မေဏ္ဍကသူဌေးအား ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏၊ ဦးခေါင်းလျှော်ပြီးလျှင် စပါးကျီကို တံမြက်လှည်း စေလျက် တံခါးအပ၌ ထိုင်နေအံ့၊ ကောင်းကင်မှ စပါးမိုးရွာ၍ စပါးကျီကို ပြည့်စေ၏။

သူဌေးကတော်အား ဤသို့သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏၊ တပြည်ချက်သာလျှင် ဝင်သောထမင်းအိုးနှင့် အခြံအရံဖြစ်သော ဟင်းအိုးတလုံးတို့၏ အနီး၌ ထိုင်၍ ကျွန်အမှုလုပ်သော လူအပေါင်းကို ထမင်းကျွေးအံ့၊ ထိုသူဌေးကတော်မထသေးသမျှ ကာလပတ်လုံး ထိုထမင်းမကုန်နိုင်။

သားအားဤသို့သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏၊ တထောင်ဝင် အိတ်တလုံးကိုသာ ကိုင်၍ ကျွန်အမှုလုပ်သော လူအပေါင်းအား ခြောက်လစာရိက္ခာကို ပေးအံ့၊ ထိုသူဌေးသား လက် ကိုင်၍ တည်သမျှကာလပတ်လုံး ထိုရိက္ခာမကုန်နိုင်။

---

၁။ ဦးစွာစိုက်သောတိုင် ဦးစွာချသောအုတ် ကျောက်စသည်ကို ရဟန်းအများ ခြံမြောက်ကာ "ကပ္ပိယကုဋိ ကရောမ" ဟု ဆို၍ ဆုံးသောစကားလုံးနှင့် တပြိုင်နက် စိုက်ချဆောက်လုပ်သော ကျောင်းသည် ဥဿာဝနန္တိကကုဋိ မည်၏။

၂။ နွားဝင်နိုင်၍ စည်းရိုးထက်ဝက်မရှိသော ကျောင်းတိုက်သည် ဂေါနိသာဒိကကုဋိ မည်၏။

၃။ "ကပ္ပိယကုဋိံ ဒေမ ပရိဘုဉ္ဇထ" ဟူ၍ရင်း။ 'ကပ္ပိယကုဋိံ ကာတုံ ဒေမ" ဟူ၍ရင်း ဆို၍ လှူဒါယကာတို့ လှူအပ်သော ကျောင်းသည် ဂဟပတိကုဋိ မည်၏။

၄။ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ဖြစ်စေ အပလောကနကံဖြင့် ဖြစ်စေ ကပ္ပိယကုဋိဟူ၍ သမုတ်အပ်သော ကျောင်းသည် သမ္မုတိကုဋိ မည်၏။

http://www.dhammadownload.com



ချွေးမအား ဤသို့သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏၊ လေးစိတ်ဝင်တောင်းတလုံး၏ အနီး၌ထိုင်၍ ကျွန်အမှုလုပ်သော လူအပေါင်းအား ခြောက်လ စားလောက်သော ထမင်းရိက္ခာကို ပေးအံ့၊ ထိုချွေးမ မထသေးသမျှကာလပတ်လုံး ထိုထမင်းရိက္ခာ မကုန်နိုင်။

ကျွန်အား ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏၊ ထွန်သွားတချောင်းတည်းဖြင့် ထွန်သည်ရှိသော် ခုနစ်ကြောင်းသောထွန်ရေးတို့သည် ထင်ကုန်၏။

(ထိုအခါ၌) မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီး သည် "ငါတို့၏နိုင်ငံတွင် ဘဒ္ဒိယ မြို့၌ မေဏ္ဍကသူဌေး နေသတတ်၊ ထိုသူဌေးအား ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏၊ ဦးခေါင်းလျှော်ပြီးလျှင် စပါးကျီကိုတံမြက်လှည်းစေလျက် တံခါးအပ၌ ထိုင်နေအံ့၊ ကောင်းကင်မှ စပါးမိုးရွာ၍ စပါးကျီကိုပြည့်စေ၏။

သူဌေးကတော်အား ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏၊ တပြည်ချက်သာ ဝင်သော ထမင်းအိုးနှင့် အခြံအရံဖြစ်သော ဟင်းအိုးတလုံးတို့၏ အနီး၌ ထိုင်၍ ကျွန်အမှုလုပ်သော လူအပေါင်းကို ထမင်းကျွေးအံ့၊ ထိုသူဌေးကတော် မထသေးသမျှ ကာလပတ်လုံး ထိုထမင်း မကုန်နိုင်။

သားအား ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏၊ တထောင်ဝင်အိတ်တလုံးကိုသာ ကိုင်၍ ကျွန်အမှုလုပ်သော လူအပေါင်းအား ခြောက်လစာ ရိက္ခာကို ပေးအံ့၊ ထိုသူဌေးသား လက်ကိုင်၍ တည်သမျှကာလပတ်လုံး ထိုရိက္ခာ မကုန်နိုင်။

ချွေးမအား ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏၊ လေးစိတ်ဝင်သော တောင်း တလုံး၏ အနီး၌ ထိုင်၍ ကျွန်အမှုလုပ်သော လူအပေါင်းအား ခြောက်လစားလောက်သော ထမင်း ရိက္ခာကို ပေးအံ့၊ ထိုချွေးမ မထသေးသမျှ ကာလပတ်လုံး ထိုထမင်းရိက္ခာ မကုန်နိုင်။

ကျွန်အား ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏၊ ထွန်သွားတချောင်းတည်းဖြင့် ထွန်သည်ရှိသော် ခုနစ်ကြောင်းသော ထွန်ရေးတို့သည် ထင်ကုန်၏" ဟု ကြားလေ၏။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် အလုံးစုံသော ကိစ္စကို ဆောင် ရွက်တတ်သော အမတ်ကြီးတယောက်ကို—

"အချင်း ငါတို့၏ နိုင်ငံတော်တွင် ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေး နေသတတ်၊ ထိုသူဌေးအား ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏၊ ဦးခေါင်းလျှော်ပြီးလျှင် စပါးကျီကို တံမြက်လှည်းစေ လျက် တံခါးအပ၌ ထိုင်နေအံ့၊ ကောင်းကင်မှ စပါးမိုးရွာ၍ စပါးကျီကို ပြည့်စေ၏။ သူဌေးကတော် အား။ပ။ သားအား။ ချွေးမအား။ ကျွန်အား ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏၊ ထွန်သွားတချောင်းတည်းဖြင့် ထွန်သည်ရှိသော် ခုနစ်ကြောင်းသော ထွန်ရေးတို့သည် ထင်ကုန် ၏။ အချင်း သွားချေ သိအောင်ပြုခဲ့လော့၊ ငါကိုယ်တိုင် မြင်သကဲ့သို့ ထိုအတူ သင်မြင်ရလတ္တံ့" ဟု မိန့်ဆို၏။

၂၉၇။ "ကောင်းပါပြီ အရှင်မင်းကြီး" ဟု ဆို၍ ထိုအမတ်ကြီးသည် မဂဓတိုင်းရှင် သေနိယမည် သော ဗိမ္ဗိသာရမင်းကြီးအား ဝန်ခံပြီးလျှင် လေးပါးသော အင်္ဂါရှိသော စစ်သည်ဖြင့် ဘဒ္ဒိယမြို့သို့ သွားလေ၏။ အစဉ်အတိုင်းသွားသည်ရှိသော် ဘဒ္ဒိယမြို့ မေဏ္ဍကသူဌေးထံသို့ ရောက်၍ မေဏ္ဍက သူဌေးအား—

http://www.dhammadownload.com



"သူဌေး အကျွန်ုပ်ကို မင်းကြီးက စေခိုင်းလိုက်၍ 'အချင်း ငါတို့၏နိုင်ငံတော်တွင် ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေး နေသတတ်၊ ထိုသူဌေးအား ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏၊ ဦးခေါင်းလျှော်ပြီးလျှင်။ပ။ သူဌေးကတော်အား။ သားအား။ ချွေးမအား။ ကျွန်အား ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်သည် ရှိ၏၊ ထွန်သွားတချောင်းတည်းဖြင့် ထွန်သည်ရှိသော် ခုနစ်ကြောင်းသော ထွန်ရေးတို့သည် ထင်ကုန်၏' ဟု ကြားရ၏။ အချင်းသွားချေ 'သိအောင် ပြုခဲ့လော့၊ ငါကိုယ်တိုင် မြင်သကဲ့သို့ ထိုအတူ သင်မြင်ရလတ္တံ့' ဟု စေလွှတ်လိုက်၏၊ သူဌေး အကျွန်ုပ်သည် သင်၏ တန်ခိုးအာနုဘော်ကို ကြည့်လို၏" ဟု ပြောဆို၏။

ထိုအခါ မေဏ္ဍကသူဌေးသည် ဦးခေါင်းလျှော်ပြီးလျှင် စပါးကျီကို တံမြက်လှည်းစေလျက် တံခါး အပ၌ ထိုင်နေ၏၊ ကောင်းကင်မှ စပါးမိုး ရွာ၍ စပါးကျီကို ပြည့်စေ၏။

သူဌေး သင်၏ တန်ခိုးအာနုဘော်ကို မြင်ရပါပြီ၊ သင်၏မယား သူဌေးကတော်၏ တန်ခိုး အာနုဘော်ကို မြင်လို၏ ဟု (ပြောဆို၏)။ ထိုအခါ မေဏ္ဍကသူဌေးသည် "သို့မြင်လိုလျှင် လေးပါးသော အင်္ဂါရှိသော စစ်သည်ကို ထမင်းကျွေးလော့" ဟု သူဌေးကတော်အား စေခိုင်း၏။ ထိုအခါ သူဌေး ကတော်သည် တပြည်ချက်သာလျှင် ဝင်သော ထမင်းအိုးနှင့် အခြံအရံဖြစ်သော ဟင်းအိုးတလုံးတို့၏ အနီး၌ ထိုင်၍ အင်္ဂါလေးပါးရှိသော စစ်သည်ကို ထမင်းကျွေး၏၊ သူဌေးကတော် မထသေးသမျှ ကာလပတ်လုံး ထိုထမင်းမကုန်ချေ။

သူဌေး သူဌေးကတော်၏ တန်ခိုးအာနုဘော်ကို မြင်ရပါပြီ၊ သင့်သား၏ တန်ခိုးအာနုဘော်ကို မြင်လို၏ ဟု (ပြောဆို၏)။ ထိုအခါ မေဏ္ဍကသူဌေးသည် "သို့မြင်လိုလျှင် လေးပါးသော အင်္ဂါ ရှိသော စစ်သည်အား ခြောက်လစာရိက္ခာကို ပေးလော့" ဟု သားကို စေခိုင်း၏။ ထိုအခါ မေဏ္ဍက သူဌေးသားသည် တထောင်ဝင် အိတ်တလုံးကိုသာ ကိုင်၍ လေးပါးသော အင်္ဂါရှိသော စစ်သည်အား ခြောက်လစာရိက္ခာကို ပေး၏၊ ထိုသူဌေးသား လက်ကိုင်၍ တည်သမျှ ကာလပတ်လုံး ထိုရိက္ခာ မကုန် ချေ။

သူဌေး သင့်သား၏ တန်ခိုးအာနုဘော်ကို မြင်ရပါပြီ၊ သင့်ချွေးမ၏ တန်ခိုးအာနုဘော်ကို မြင်လို ၏ ဟု (ပြောဆို၏)။ ထိုအခါ မေဏ္ဍကသူဌေးသည် "သို့မြင်လိုလျှင် လေးပါးသော အင်္ဂါရှိသော စစ်သည်အား ခြောက်လ စားလောက်သော ထမင်းရိက္ခာကို ပေးလော့" ဟု ချွေးမကို စေခိုင်း၏။ ထိုအခါ မေဏ္ဍကသူဌေး၏ ချွေးမသည် လေးစိတ်ဝင်သော တောင်းတလုံး၏ အနီး၌ ထိုင်၍ လေးပါး သော အင်္ဂါရှိသော စစ်သည်အား ခြောက်လစားလောက်သော ထမင်းရိက္ခာကို ပေး၏။ ထိုချွေးမ မထသေးသမျှ ကာလပတ်လုံး ထမင်းရိက္ခာ မကုန်ချေ။

သူဌေး သင့်ချွေးမ၏ တန်ခိုးအာနုဘော်ကို မြင်ရပါပြီ၊ သင့်ကျွန်၏ တန်ခိုးအာနုဘော်ကို မြင်လို ၏ ဟု (ပြောဆို၏)။ အရှင် အကျွန်ုပ် ကျွန်၏ တန်ခိုးအာနုဘော်ကို လယ်၌ ရှုကြည့်သင့်ပါ၏ ဟု ပြောဆိုသော် သူဌေး သင့်တော်ပါပြီ သင့်ကျွန်၏ တန်ခိုးအာနုဘော်ကို မြင်ရပါပြီ ဟု (ပြောဆို၏)။

ထိုအခါ ထိုအမတ်ကြီးသည် လေးပါးသော အင်္ဂါရှိသော စစ်သည်နှင့် တဖန် ရာဇဂြိုဟ်ပြည်သို့ ပြန်လာခဲ့၏။ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးထံသို့ ချဉ်းကပ်ပြီးလျှင် ဤအ ကြောင်းကို လျှောက်တင်လေ၏။

http://www.dhammadownload.com



၂၉၇။ ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် ထိုဘဒ္ဒိယမြို့သို့ များစွာသော တထောင့်နှစ်ရာ့ ငါးကျိပ်သော ရဟန်းသံဃာနှင့်အတူ ဒေသစာရီ ကြွချီတော်မူ၏။ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည်ရှိသော် ဘဒ္ဒိယမြို့သို့ ရောက်တော်မူ၍ ထိုဘဒ္ဒိယမြို့ မုလေးတောဥ္ဌ သီတင်းသုံးနေတော်မူ၏ ဟု မေဏ္ဍကသူဌေးသည် ကြားသိလေ၏။ "အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ဘဒ္ဒိယမြို့သို့ ရောက်၍ မုလေးတော၌ သီတင်းသုံးနေတော်မူသတတ်၊ ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏—

'ထို မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း 'အရဟံ' မည်တော်မူ၏။ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်ကန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း 'သမ္မာသမ္ဗုဒ္ဓ' မည်တော်မူ၏။ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း 'ဝိဇ္ဇာစရဏ သမ္ပန္န' မည်တော်မူ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း 'သုဂတ' မည်တော်မူ၏။ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း 'လောကဝိဒူ' မည်တော်မူ၏။ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ လွန်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း 'အနုတ္တရော ပုရိသ ဒမ္မသာရထိ' မည်တော်မူ၏။ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း 'သတ္ထာ ဒေဝမနုဿာနံ' မည်တော်မူ၏။ သစ္စာလေးပါး တရားတို့ကို ကိုယ်တိုင်သိ၍ သူတပါးတို့ကို သိစေတော်မူသော အကြောင်းကြောင့်လည်း 'ဗုဒ္ဓ' မည်တော်မူ၏။ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း 'ဘဂဝါ' မည်တော်မူ၏' ဟု (ပြန့်နှံ့၍ ထွက်၏)။

ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤသြကာသ လောကကိုလည်းကောင်း သမဏဗြာဟ္မဏနှင့်တကွသော မင်းများ လူများနှင့် တကွသော ဤသတ္တလောကကိုလည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။ ထိုမြတ်စွာဘုရားသည် အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏။ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏။ ထိုသို့ သဘောရှိသော ရဟန္တာ (ပုဂ္ဂိုလ်)တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း" ဟု(ကြားသိရလေ၏)။

ထိုအခါ မေဏ္ဍကသူဌေးသည် အလွန်ကောင်းသော ယာဉ်တို့ကို ကစေ၍ ကောင်းသော ယာဉ်တို့ကို တက်စီးကာ အလွန်ကောင်းသော ယာဉ်တို့ဖြင့် ဘဒ္ဒိယမြို့မှ မြတ်စွာဘုရားကို ဖူးမြော်ရန် ထွက်လာ၏။ များစွာသော တိတ္ထိတို့သည် မေဏ္ဍကသူဌေး အဝေးမှလာသည်ကို မြင်၍ "သူဌေးကြီး သင် အဘယ်အရပ်သို့ သွားမည်နည်း" ဟု မေဏ္ဍကသူဌေးကို မေးကုန်၏။

အသျှင်ဘုရားတို့ အကျွန်ုပ်သည် ဘုန်းတော်ကြီးသော ရဟန်းဂေါတမကို ဖူးမြော်ရန် သွားပါအံ့ ဟု (ပြောဆို၏)။ သူဌေးကြီး သင်သည် ပြုထိုက်၏ ဟူသော အယူ 'ကိရိယဝါဒ' ရှိလျက် မပြုထိုက် ဟူသော အယူ 'အကိရိယဝါဒ'ရှိသော ရဟန်းဂေါတမကို အဘယ်ကြောင့် ဖူးမြော်ရန် သွားမည်နည်း၊ သူဌေးကြီး ရဟန်းဂေါတမသည် မပြုထိုက် ဟု အယူရှိ၏။ မပြုစိမ့်သောငှါ တရားကို ဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏ ဟု (ပြောဆို၏)။

http://www.dhammadownload.com



ထိုအခါ မေဏ္ဍကသူဌေးအား "စင်စစ်ကေန် ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဖြစ်လတ္တံ့၊ ယင်းအကြောင်းကြောင့် ဤတိတ္ထိတို့သည် ငြူစူကုန်၏" ဟု အကြံဖြစ်၏။ ယာဉ်ဖြင့် သွားသင့်သော အရပ်တိုင်အောင် ယာဉ်ဖြင့် သွား၍ ယာဉ်မှ ဆင်းကာ ခြေကျင်သာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေသော မေဏ္ဍကသူဌေးအား မြတ်စွာဘုရားသည် အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏။ ဤသည်တို့ကား အဘယ်နည်း—

ဒါနနှင့် စပ်သောစကား။ပ။ မြတ်စွာဘုရား သာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍ ဘုရားမှတပါး ကိုးစားထိုက်သူ မရှိသည်ဖြစ်၍ မြတ်စွာဘုရားကို "အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှ အစပြု၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် နက်ဖြန် ဆွမ်းဘုဉ်းပေးရန် ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ ထိုအခါ မေဏ္ဍကသူဌေးသည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိ၍ နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေ ပြုကာ ဖဲခွါသွားလေ၏။

ထိုအခါ၌ မေဏ္ဍကသူဌေးသည် ထိုညဉ့်လွန်သောအခါ၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီမံပြီး၍ မြတ်စွာဘုရားအား "အသျှင်ဘုရား ဆွမ်းဘုဉ်းပေးရန် အချိန်တန်ပါပြီ၊ ဆွမ်းစီမံပြီးပါပြီ" ဟု အချိန်တန်ကြောင်းကို လျှောက်ကြားစေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူကာ မေဏ္ဍကသူဌေးအိမ်သို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။ ထိုအခါ၌ မေဏ္ဍကသူဌေး၏ မယား သား ချွေးမ ကျွန်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးပြီး၍ တခုသော နေရာ၌ ထိုင်နေကုန်၏။ မြတ်စွာဘုရားသည် ထိုသူတို့အား အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏။ ဤသည်တို့ကား အဘယ်နည်း—

ဒါနနှင့်စပ်သော စကား။ပ။ မြတ်စွာဘုရား သာသနာတော်၌ ရဲရင့်သည်၏ အဖြစ်သို့ ရောက်ကုန်သည်ဖြစ်၍ ဘုရားမှတပါး ကိုးစားထိုက်သူ မရှိသည်ဖြစ်၍ မြတ်စွာဘုရားအား "အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ အသျှင်ဘုရား ထိုအကျွန်ုပ်တို့သည် မြတ်စွာဘုရားကိုလည်း တရားတော်ကိုလည်း သံဃာတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါကုန်၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်တို့ကို ယနေ့မှ အစပြု၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာတို့ ဟူ၍ မှတ်တော်မူပါ" ဟု လျှောက်ကုန်၏။

ထိုအခါ မေဏ္ဍကသူဌေးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၍ မြတ်စွာဘုရားသည် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ တခုသော နေရာ၌ ထိုင်နေ၏။ တခုသော နေရာ၌ ထိုင်နေသော မေဏ္ဍကသူဌေးသည် မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့၌ နေသမျှ ကာလပတ်လုံး အကျွန်ုပ်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာအား အမြဲဆွမ်းဖြင့် လုပ်ကျွေးလိုပါသည်" ဟု လျှောက်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် မေဏ္ဍကသူဌေးကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်း စေတော်မူပြီးသော် နေရာမှ ထကာ ဖဲကြွတော်မူ၏။

## ၁၇၁-ဂေါရသငါးမျိုး ခွင့်ပြုတော်မူခြင်း

၂၉၉။ ထိုအခါ မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် မေဏ္ဍကသူဌေးကို မပန်ကြားပဲ အင်္ဂုတ္တရာပမြို့သို့ များစွာသော တထောင့်နှစ်ရာငါးကျိပ်သော ရဟန်းသံဃာနှင့် အတူ ဒေသစာရီ ကြွချီတော်မူ၏။

မေဏ္ဍကသူဌေးကြီးသည် "မြတ်စွာဘုရားသည် အင်္ဂုတ္တရာပမြို့သို့ တထောင့်နှစ်ရာ ငါးကျိပ်သော ရဟန်းသံဃာနှင့်အတူ ဒေသစာရီ ကြွချီတော်မူသတတ်" ဟု သတင်းကြား၏။ ထိုအခါ မေဏ္ဍကသူဌေးကြီးသည် ကျွန်နှင့်အမှုလုပ်တို့ကို "အချင်းတို့ သို့ဖြစ်လျှင် များစွာသော ဆားကိုငင်း ဆန်ကိုငင်း ဆီကိုငင်း ခဲဖွယ်ကိုငင်း လှည်းတို့၌ တင်၍ လာကုန်လော့၊ တထောင့်နှစ်ရာ ငါးကျိပ်သော နွားကျောင်းသားတို့ကိုငင်း တထောင့်နှစ်ရာ ငါးကျိပ်သော နို့ညှစ်နွားမတို့ကိုငင်း ယူ၍ လာကုန်လော့၊ မြတ်စွာဘုရားကို မြင်ရာအရပ်၌ နို့ရည်သစ်ဖြင့် ကျွေးမွေးကုန်အံ့" ဟု စေခိုင်းလေ၏။

ထိုအခါ မေဏ္ဍကသူဌေးသည် မြတ်စွာဘုရားကို လမ်းခရီးအကြား ခရီးခဲ၌ မှီလေ၏။ ထိုအခါ မေဏ္ဍကသူဌေးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသော နေရာ၌ထိုင်က "အသျှင်ဘုရား မြတ်စွာဘုရားသည် နက်ဖြန် ဆွမ်းဘုဉ်းပေးရန် ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။ ထိုအခါ၌ မေဏ္ဍကသူဌေးသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကိုသိ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွားလေ၏။ ထိုအခါ မေဏ္ဍကသူဌေးသည် ထိုည၌လွန်သောအခါ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီမံစေပြီး၍ မြတ်စွာဘုရားအား "အသျှင်ဘုရား ဆွမ်းဘုဉ်းပေးရန် အချိန်တန်ပါပြီ၊ ဆွမ်းစီမံပြီးပါပြီ" ဟု အချိန်တန်ကြောင်းကို လျှောက်ကြားစေ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူကာ မေဏ္ဍကသူဌေးအိမ်သို့ ကြွတော်မူပြီးလျှင် ခင်းထားသော နေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။

ထိုအခါ၌ မေဏ္ဍကသူဌေးသည် "အမောင်တို့ သို့ဖြစ်လျှင် တကောင် တကောင်သော နွားမကို ယူပြီးလျှင် တပါးတပါးသော ရဟန်း၏ အနီး၌ တည်ကုန်လော့၊ နို့ရည်သစ်ဖြင့် ကျွေးမွေးကုန်အံ့" ဟု တထောင့်နှစ်ရာ ငါးကျိပ်သော နွားကျောင်းသားတို့ကို စေခိုင်း၏။ ထိုအခါ မေဏ္ဍကသူဌေးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့်ငင်း နို့ရည်သစ်ဖြင့်ငင်း ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် မိမိကိုယ်တိုင် ကောင်းစွာ လုပ်ကျွေး၏။

ရဟန်းတို့သည် နို့ရည်သစ်ကို (မအပ်ဟု) တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူကုန်။ ရဟန်းတို့ ခံယူကုန်လော့၊ သုံးဆောင်ကုန်လော့ ဟု (မိန့်တော်မူ၏)။ ထိုအခါ မေဏ္ဍကသူဌေးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့်ငင်း နို့ရည်သစ်ဖြင့်ငင်း ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် ကောင်းစွာ လုပ်ကျွေး၍ မြတ်စွာဘုရားသည် ဆွမ်းစားပြီး၍ သပိတ်မှ လက်တော်ကို ဖယ်ပြီးသောအခါ တခုသောနေရာ၌ ထိုင်နေကာ "အသျှင်ဘုရား ရေမရှိသော အစာမရှိသော ခရီးခဲတို့သည် ရှိပါကုန်၏၊ ရိက္ခာမပါပဲ

http://www.dhammadownload.com



သွားခြင်းငှါ ခဲယဉ်းလှပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် ရဟန်းတို့အား ရိက္ခာကို ခွင့်ပြုတော်မူပါ" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် မေဏ္ဍကသူဌေးအား တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူပြီးသော် နေရာမှထကာ ဖဲကြွတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ နို့ရည် နို့ဓမ်း ရက်တက်ရည် ဆီဥ ထောပတ် ဤငါးပါးသော နွားနို့အရသာကို ခွင့်ပြု၏။ ရဟန်းတို့ ရေမရှိသော အစာမရှိသော ခရီးတို့သည် ရှိကုန်၏၊ ရိက္ခာမပါပဲ သွားခြင်းငှါ ခဲယဉ်း၏၊ ရဟန်းတို့ ရိက္ခာရှာမှီးခြင်းငှါ ခွင့်ပြု၏၊ ဆန်ကို အလိုရှိသော ရဟန်းသည် ဆန်ကို၊ ပဲနောက်ကို အလိုရှိသော ရဟန်းသည် ပဲနောက်ကို၊ ပဲကြီးကို အလိုရှိသော ရဟန်းသည် ပဲကြီးကို၊ ဆားကို အလိုရှိသော ရဟန်းသည် ဆားကို၊ တင်လဲကို အလိုရှိသော ရဟန်းသည် တင်လဲကို၊ ဆီကို အလိုရှိသော ရဟန်းသည် ဆီကို၊ ထောပတ်ကို အလိုရှိသော ရဟန်းသည် ထောပတ်ကို (ရှာခြင်းငှါ ခွင့်ပြု၏)။

ရဟန်းတို့ သဒ္ဓါတရားရှိသော ကြည်ညိုခြင်းရှိသော လူတို့သည် ရှိကုန်၏၊ ထိုလူတို့သည် ကပ္ပိယကာရကတို့၏ လက်၌ ရွှေငွေကို ဤရွှေငွေဖြင့် အသျှင်အား အပ်သောဝတ္ထုပစ္စည်းကို ပေးလှူကုန်လော့ဟု အပ်နှံကုန်၏၊ ရဟန်းတို့ ထိုအပ်နှံသော ပစ္စည်းမှ အပ်သော ပစ္စည်းကို သာယာခြင်းငှါ ခွင့်ပြု၏၊ ရဟန်းတို့ "တစုံတခုသော အကြောင်းပရိယာယ်ဖြင့် ရွှေငွေကို သာယာအပ်၏၊ ရှာမှီးအပ်၏ ဟု ငါမဟောသည်သာတည်း" ဟု မိန့်တော်မူ၏။

## ၁၈၂-ကေဏိယရသေ့ဝတ္ထု

၃၀၀။ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည်ရှိသော် အာပဏရွာသို့ ရောက်တော်မူသောအခါ ကေဏိယ အမည်ရှိသော ရသေ့သည်—

"အချင်းတို့ သာကီဝင်မင်းသားဖြစ်သော သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် ရဟန်းဂေါတမသည် အာပဏရွာသို့ ရောက်လာသတတ်၊ ထို အသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏။ပ။ ထိုသို့ သဘောရှိသော ရဟန္တာတို့အား ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း" ဟု ကြားသိလေ၏။ ထိုအခါ ကေဏိယရသေ့အား "ငါသည် ရဟန်းဂေါတမအား အဘယ်ကိုဆောင်ရပါအံ့နည်း" ဟု အကြံဖြစ်၏။ ထို့နောက် ကေဏိယ ရသေ့အား "ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ လက်ဦးဆရာဖြစ်ကုန်သော ဝေဒကျမ်းတို့ကို စီရင်ကုန်သော ဝေဒကျမ်းတို့ကို ပို့ချကုန်သော အကြင်ရသေ့တို့သည် ရှိကုန်၏၊ ယခုအခါ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် အကြင်ရသေ့တို့ သီဆိုပို့ချပေါင်းစုထားသော ထိုရှေးဟောင်း ဝေဒကျမ်းကို လိုက်၍ သီဆိုကုန်၏၊ လိုက်၍ ရွတ်ဆိုကုန်၏၊ ရွတ်ဆိုထားတိုင်း လိုက်၍ ရွတ်ဆိုကုန်၏၊ ပို့ချထားတိုင်း လိုက်၍ ပို့ချကုန်၏ ။ ဤရသေ့တို့ကား အဘယ်နည်း၊ အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့ ဝေဿာမိတ္တရသေ့ ယမဒဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့တို့တည်း။ ညဥ့်စာစားခြင်းမှ ရှောင်ကြဉ်ကုန်၏၊ အခါမဟုတ်သည်၌ စားခြင်းမှရှောင်ကြဉ်ကုန်၏၊ ထိုရသေ့တို့သည် ဤသို့ သဘောရှိသော အဖျော်တို့ကို သာယာကုန်၏။

http://www.dhammadownload.com



"ရဟန်းဂေါတမသည်လည်း ညဥ့်စာစားခြင်းမှ ရှောင်ကြဉ်၏၊ အခါမဟုတ်သည်၌ စားခြင်းမှ ရှောင်ကြဉ်၏၊ ရဟန်းဂေါတမသည်လည်း ဤသို့ သဘောရှိသော အဖျော်တို့ကို သာယာခြင်းငှါ ထိုက်၏" ဟု အကြံဖြစ်၏။

(ထိုသို့ ကြံပြီးနောက်) များစွာသော အဖျော်တို့ကို စီရင်စေ၍ ထမ်းပိုးတို့ဖြင့် ဆောင်ယူစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေကာ "အသျှင်ဂေါတမသည် အကျွန်ုပ်၏ အဖျော်ကို ခံယူတော်မူပါ" ဟု မြတ်စွာဘုရားအား လျှောက်၏။ ကေဏိယ သို့ဖြစ်လျှင် ရဟန်းတို့အား ပေးလှူလော့ ဟု (မိန့်တော်မူ၏)။ ထိုအခါ ကေဏိယရသေ့သည် ရဟန်းတို့အား ပေးလှူလေ၏။ ရဟန်းတို့သည် (မအပ်ဟု)တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူကုန်။ ရဟန်းတို့ ခံယူကုန်လော့ သုံးဆောင်ကုန်လော့ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘုရား အမှူးရှိသော ရဟန်းသံဃာအား များစွာသော အဖျော်တို့ဖြင့် ရောင့်ရဲသည် တိုင်အောင် တားမြစ်သည်တိုင်အောင် မိမိကိုယ်တိုင် ကောင်းစွာလုပ်ကျွေး၍ မြတ်စွာဘုရားသည် လက်ဆေးပြီးလျှင် သပိတ်တော်မှ လက်ကို ဖယ်ပြီးသောအခါ တခုသောနေရာ၌ ထိုင်နေသော ကေဏိယရသေ့ကို မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏။

ထိုအခါ ကေဏိယရသေ့သည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်း စေပြီးသော် မြတ်စွာဘုရားကို "အသျှင်ဂေါတမသည် နက်ဖြန် ဆွမ်းဘုဉ်းပေးရန်အလို့ငှါ ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏။ ကေဏိယ ရဟန်းသံဃာကား များလှ၏၊ တထောင့်နှစ်ရာ ငါးကျိပ် အရေအတွက်ရှိ၏၊ သင်သည်ကား ပုဏ္ဏားတို့ကို အလွန်ကြည်ညိုသူတည်း ဟု (မိန့်တော်မူ၏)။

နှစ်ကြိမ်မြောက်လည်း ကေဏိယရသေ့သည် မြတ်စွာဘုရားကို"အသျှင် ဂေါတမ တထောင့်နှစ်ရာ ငါးဆယ်ကျိပ် အရေအတွက်ရှိသော ရဟန်းသံဃာသည် အကယ်၍ များသည်ဖြစ်ပါစေ၊ အကျွန်ုပ်သည် လည်း ပုဏ္ဏားတို့ကို အလွန်ကြည်ညိုသူ ဖြစ်ပါစေ၊ အသျှင်ဂေါတမသည် နက်ဖြန် ဆွမ်းဘုဉ်းပေးရန် အလို့ငှါ ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏။ ကေဏိယ ရဟန်းသံဃာကား များလှ၏၊ တထောင့်နှစ်ရာငါးကျိပ် အရေအတွက်ရှိ၏၊သင်သည်ကား ပုဏ္ဏားတို့ကို အလွန်ကြည်ညိုသူတည်း ဟု (မိန့်တော်မူ၏)။

သုံးကြိမ်မြောက်လည်း ကေဏိယရသေ့သည် မြတ်စွာဘုရားကို "အသျှင်ဂေါတမ တထောင့် နှစ်ရာငါးကျိပ် အရေအတွက်ရှိသော ရဟန်းသံဃာသည် အကယ်၍ များသည်ဖြစ်ပါစေ၊ အကျွန်ုပ် သည်လည်း ပုဏ္ဏားတို့ကို အလွန်ကြည်ညိုသူဖြစ်ပါစေ၊ အသျှင်ဂေါတမသည် နက်ဖြန် ဆွမ်းဘုဉ်းပေး ရန်အလို့ငှါ ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏။ မြတ်စွာ ဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။ ထိုအခါ ကေဏိယရသေ့သည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ နေရာမှထကာ ဖဲ၍သွားလေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီး လျှင် ရဟန်းတို့ကို "ရဟန်းတို့ သရက်သီးအဖျော် သပြေသီးအဖျော် တောငှက်ပျောသီးအဖျော်

http://www.dhammadownload.com



အိမ်ငှက်ပြောသီးအဖျော် သစ်မည်စည်သီးအဖျော် သပြက်သီးအဖျော် ကြာစွယ်အဖျော် ဖက်သက် တရော်သီးအဖျော် ဤရှစ်ပါးသော အဖျော်တို့ကို ခွင့်ပြု၏။

ရဟန်းတို့ စပါးသီးအရည်ကိုထား၍ အလုံးစုံသော အသီးအရည်ကို ခွင့်ပြု၏၊ ရဟန်းတို့ ဟင်းရွက်ကျက်အရည်ကိုထား၍ အလုံးစုံသောအရွက်ရည်ကို ခွင့်ပြု၏၊ ရဟန်းတို့ သစ်မည်စည်ပွင့် အရည်ကိုထား၍ အလုံးစုံသော အပွင့်အရည်ကို ခွင့်ပြု၏၊ ရဟန်းတို့ ကြံရည်ကိုခွင့်ပြု၏" ဟု မိန့်တော်မူ၏။

ထိုအခါ ကေဏိယ ရသေ့သည် ထိုညဉ့်လွန်သောအခါ မိမိကျောင်း၌ မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ကို စီရင်စေပြီးလျှင် မြတ်စွာဘုရားအား "အသျှင်ဂေါတမ ဆွမ်းဘုဉ်းပေးရန် အချိန်တန်ပါပြီ၊ ဆွမ်းစီမံပြီးပါပြီ" ဟု အချိန်တန်ကြောင်းကို လျှောက်ကြားစေ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူကာ ကေဏိယရသေ့၏ သခ်မ်းကျောင်းသို့ ကြွတော်မူပြီးလျှင် ခင်းထားသောနေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။ ထိုအခါ ဘုရား အမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ် သည်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၍ မြတ်စွာဘုရားသည် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ တခုသောနေရာ၌ထိုင်နေသော ကေဏိယရသေ့ကို မြတ်စွာဘုရားသည် ဤဂါထာ တို့ဖြင့် အနုမောဒနာပြုတော်မူ၏။

"ယဇ်ပူဇော်ခြင်းတို့သည် မီးပူဇော်ခြင်းလျှင် ရှေ့သွားရှိကုန်၏၊ သာဝိတ္တိမည်သော ဆန်းသည် ဆန်းကျမ်း၏ အစအဦး မည်၏၊ မင်းသည် လူတို့၏ အကြီးအမှူးဖြစ်၏၊ သမုဒ္ဒရာသည် မြစ်တို့၏ အကြီးအမှူး ဖြစ်၏။

လသည် နက္ခတ်တို့၏ အကြီးအမှူးဖြစ်၏၊နေသည် တွန်းလင်းတောက်ပသော အိမ်း ပတ္တမြား စသည်တို့၏ အကြီးအမှူး ဖြစ်၏၊ သံဃာတော်သည် စင်စစ် ကောင်းမှုကို အလိုရှိသော ပူဇော် သောသူတို့၏ (သုံးပါးသော ချမ်းသာ၏) အကြောင်းဖြစ်၏" ဟု (အနုမောဒနာပြုတော် မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ကေဏိယရသေ့ကို ဤဂါထာတို့ဖြင့် အနုမောဒနာပြုပြီးလျှင် နေရာ မှထ၍ ဖဲကြွတော်မူ၏။

## ၁၈၃-ရောဇမည်သောမလ္လမင်းဝတ္ထု

၃၀၁။ ထိုအခါ မြတ်စွာဘုရားသည် အာပဏရွာ၌ မွေ့လျော်တော်မူသ၍ သီတင်းသုံးနေတော် မူပြီးလျှင် ကုသိနာရုံပြည်သို့ များစွာသော တထောင့် နှစ်ရာငါးကျိပ်သော ရဟန်းသံဃာနှင့်အတူ ဒေသစာရီ ကြွချီတော်မူ၏။

ကုသိနာရုံပြည်နေ မလ္လမင်းတို့သည် "မြတ်စွာဘုရားသည် များစွာသော တထောင့် နှစ်ရာ ငါးကျိပ်သော ရဟန်းသံဃာနှင့်အတူ ကုသိနာရုံပြည်သို့ ကြွလာတော်မူသတတ်" ဟု ကြားကုန်၏။ ထိုမလ္လမင်းတို့သည် "မြတ်စွာဘုရားအား ခရီးဦးကြိုဆိုခြင်းကို မပြုသူအားငါးရာသော ဒဏ်ဖြစ်စေ" ဟု ကတိကဝတ် ပြုကုန်၏။

ထိုအခါ ရောဇအမည်ရှိသော မလ္လမင်းသည် အသျှင်အာနန္ဒာ၏ အဆွေခင်ပွန်းဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်းဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် ကုသိနာရုံပြည်သို့

http://www.dhammadownload.com



ရောက်တော်မူ၏။ ထိုအခါ ကုသိနာရုံပြည်နေ မလ္လမင်းတို့သည် မြတ်စွာဘုရားအား ခရီးဦးကြိုဆိုကုန်၏၊ ရောဇအမည်ရှိသော မလ္လမင်းသည် မြတ်စွာဘုရားအား ခရီးဦးကြိုဆိုပြီး၍ အသျှင်အာနန္ဒာသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေသောအခါ အသျှင်အာနန္ဒာက "ငါ့သျှင်ရောဇ သင်၏ မြတ်စွာဘုရားအား ခရီးဦးကြိုဆိုခြင်းသည် ကောင်းမြတ်၏" ဟု ပြောဆို၏။

အသျှင်ဘုရား အာနန္ဒာ အကျွန်ုပ်သည် ဘုရား၌ရင်း တရား၌ရင်း သံဃာ၌ရင်း များစွာ မမြတ်နိုးပါ၊ စင်စစ်သော်ကား အဆွေ အမျိုးဖြစ်သော မလ္လမင်းတို့သည် "မြတ်စွာဘုရားအား ခရီးဦးကြိုဆိုခြင်းကို မပြုသူအား ငါးရာသောဒဏ် ဖြစ်စေ" ဟု ကတိကဝတ် ပြုထားပါ၏၊ အသျှင်ဘုရား အာနန္ဒာ ထိုအကျွန်ုပ်သည် အဆွေအမျိုးတို့၏ ဒဏ်ကိုကြောက်သောကြောင့်သာလျှင် အကျွန်ုပ်သည် မြတ်စွာဘုရားအား ခရီးဦးကြိုဆိုခြင်းကို ပြုပါ၏ ဟု (လျှောက်၏)။

ထိုအခါ အသျှင်အာနန္ဒာသည် "အဘယ့်ကြောင့် ရောဇအမည်ရှိသော မလ္လမင်းသည် ဤသို့ ဆိုဘိသနည်း" ဟု နှလုံးမသာဖြစ်၏၊ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးလျှင်မြတ်စွာဘုရားကိုရှိခိုးလျက် တခုသောနေရာ၌ ထိုင်ကာ မြတ်စွာဘုရားကို "အသျှင်ဘုရား ဤရောဇအမည်ရှိသော မလ္လမင်းသည် ကျော်စောထင်ရှားသော သူပါတည်း၊ ဤသို့ သဘောရှိသော သူတို့၏ ဤသာသနာတော်၌ ကြည်ညိုခြင်းသည် များသော အကျိုးရှိပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ ရောဇအမည်ရှိသော မလ္လမင်းကို သာသနာ၌ ကြည်ညိုစေရန် ပြုတော်မူပါ"ဟု လျှောက်၏။ အာနန္ဒာ ရောဇအမည်ရှိသော မလ္လမင်းကို ဤသာသနာဝယ် ကြည်ညိုစေရာ၌ ခဲယဉ်းသည်မဟုတ် ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ရောဇအမည်ရှိသော မလ္လမင်းကို မေတ္တာစိတ်ဖြင့် ဖြန့်ပြီးလျှင် နေရာမှထ၍ ကျောင်းတော်သို့ ဝင်တော်မူ၏။ ထိုအခါ ရောဇအမည်ရှိသော မလ္လမင်းသည် မြတ်စွာဘုရား၏ မေတ္တာစိတ်ဖြင့် တွေ့ထိ၍ နို့စို့နွားငယ်သည် အမိနွားမကြီးကို ရှာသကဲ့သို့ ထိုအတူ ကျောင်းတခုမှ ကျောင်းတခုသို့ ပရိဝုဏ်တခုမှ ပရိဝုဏ်တခုသို့ ချဉ်းကပ်ပြီးလျှင် ရဟန်းတို့ကို "အသျှင်ဘုရားတို့ ယခုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် အဘယ်အရပ်၌ နေပါသနည်း၊ အကျွန်ုပ်တို့သည် ပူဇော် အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ အလိုရှိပါကုန်၏" ဟု မေး၏။

ငါ့သျှင်ရောဇ တံခါးပိတ်ထားသော ဤကျောင်းသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ပြီးနောက် မုခ်ဦးသို့ ဖြည်းညှင်းစွာဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါးကျည် (ရှိရာအလယ်)၌ ခေါက်လော့၊ မြတ်စွာဘုရားသည် သင့်အား တံခါးကို ဖွင့်ပေးလိမ့်မည် ဟု (ပြောဆိုကုန်၏)။

ထိုအခါ ရောဇအမည်ရှိသော မလ္လမင်းသည် ထို တံခါးပိတ်ထားသော ကျောင်းသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ပြီးနောက် မုခ်ဦးသို့ ဖြည်းညှင်းစွာဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါးကျည်(ရှိရာအလယ်)၌ ခေါက်၏။ မြတ်စွာဘုရားသည် တံခါးကို ဖွင့်တော်မူ၏။ ရောဇအမည်ရှိသော မလ္လမင်းသည် ကျောင်းတွင်းသို့ ဝင်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ နေသောအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏။ ဤသည်တို့ကား အဘယ်နည်း၊ ဒါနနှင့်စပ်သော စကားကို။ပ။ မြတ်စွာဘုရား သာသနာတော်၌ ရဲရင့်သည်၏ အဖြစ်သို့ ရောက်သည် ဖြစ်၍ ဘုရားမှတပါး ကိုးစားထိုက်သူမရှိသည်ဖြစ်၍ မြတ်စွာဘုရားကို "အသျှင်ဘုရား တောင်းပန်ပါ

http://www.dhammadownload.com



၏၊ အသျှင်တို့သည် အကျွန်ုပ်၏ သက်နံး ဆွမ်း ကျောင်း သူနာ၏အထောက်အပံ့ ဆေးပစ္စည်း အသုံး အဆောင်တို့ကိုသာလျှင် ခံတော်မူပါကုန်၊ တပါးသောသူတို့၏သက်နံး ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်း အသုံးအဆောင်တို့ကို ခံတော်မမူပါကုန်လင့်" ဟု လျှောက်၏။

ရောဇ အကြင် သူတို့သည် သေက္ခတို့၏ ဉစ္စာဖြစ်သော ဉာဏ် သေက္ခတို့၏ ဉစ္စာဖြစ်သော မြင်ခြင်းဖြင့် သင်ကဲ့သို့ သစ္စာလေးပါးတရားကို မြင်အပ်၏၊ ထို သူတို့အားလည်း "အသျှင်တို့သည် အကျွန်ုပ်တို့၏ သက်နံး ဆွမ်း ကျောင်း သူနာ၏အထောက် အပံ့ ဆေးပစ္စည်း အသုံးအဆောင်တို့ကိုသာလျှင် ခံတော်မူကုန်ရာ၏၊ တပါးသောသူတို့၏ သက်နံး ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်း အသုံးအဆောင်တို့ကို ခံတော်မမူပါကုန်မူ ကောင်းလေစွ" ဟု အကြံဖြစ်တတ်၏၊ ရောဇ ထို့ကြောင့် သင်၏ငင်း တပါးသော သူတို့၏ငင်း သက်နံး ဆွမ်း ကျောင်း သူနာ၏အထောက်အပံ့ ဆေးပစ္စည်း အသုံးအဆောင်တို့ကို ခံယူကုန်လတ္တံ့ ဟု (မိန့်တော်မူ၏)။

၃၀၂။ ထိုအခါ ကုသိနာရုံပြည်၌ မွန်မြတ်သော ဆွမ်းတို့၏ အလှည့် အစဉ်ကို တည်ထား၏။ ထိုအခါ ဆွမ်းကျွေးအလှည့်ကို မရသော ရောဇအမည်ရှိသော မလ္လမင်းအား "ငါသည် ဆွမ်းစားစရပ်ကို ကြည့်အံ့၊ ဆွမ်းစားစရပ်၌ မမြင်သော ဝတ္ထုပစ္စည်းကို စီရင်ရမူ ကောင်းရာ၏" ဟု အကြံဖြစ်၏။

ထို့နောက် ရောဇ အမည်ရှိသော မလ္လမင်းသည် ဆွမ်းစားစရပ်ကို ကြည့်သည်ရှိသော် ဟင်းရွက်နှင့် မုံ့ခဲဖွယ် နှစ်ခုသော ဝတ္ထုတို့ကို မမြင်လေ၊ ထိုအခါ ရောဇအမည်ရှိသော မလ္လမင်းသည် အသျှင် အာနန္ဒာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာကို "အသျှင်ဘုရား အာနန္ဒာ ဆွမ်းကျွေးအလှည့်ကို မရသော အကျွန်ုပ်အား 'ငါသည် ဆွမ်းစားစရပ်ကို ကြည့်အံ့၊ ဆွမ်းစားစရပ်၌ မမြင်သော ဝတ္ထုပစ္စည်းကို စီရင်ရမူ ကောင်းရာ၏' ဟု အကြံဖြစ်ပါသည်၊

အသျှင်ဘုရား အာနန္ဒာ ထိုအကျွန်ုပ်သည် ဆွမ်းစားစရပ်ကို ကြည့်သည်ရှိသော် ဟင်းရွက်နှင့် မုံ့ ခဲဖွယ် နှစ်ခုသော ပစ္စည်းဝတ္ထုတို့ကို မမြင်ပါ၊ အသျှင်ဘုရား အာနန္ဒာ အကယ်၍ အကျွန်ုပ်သည် ဟင်းရွက်နှင့် မုံ့ခဲဖွယ်ကို စီရင်ငြားအံ့၊ မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဟင်းရွက်နှင့် မုံ့ ခဲဖွယ်ကို ခံယူပါအံ့လော" ဟု လျှောက်၏။

ရောဇ သို့ဖြစ်လျှင် မြတ်စွာဘုရားကို လျှောက်ထားဦးအံ့ ဟု (ပြော၏)။ ထိုအခါ အသျှင် အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ အာနန္ဒာ သို့ဖြစ်လျှင် စီမံစေလော့ ဟု (မိန့်တော်မူ၏)။ (အသျှင်အာနန္ဒာကလည်း) ရောဇ ထိုသို့ စီမံလိုလျှင် စီမံပေတော့ ဟု (ပြောဆို ၏)။ ထိုအခါ ရောဇ အမည်ရှိသော မလ္လမင်းသည် ထိုညဉ့်လွန်သောအခါ ဟင်းရွက်နှင့် မုံ့ခဲဖွယ်ကို စီရင်စေပြီးလျှင် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဟင်းရွက်နှင့် မုံ့ခဲဖွယ်ကို ခံယူတော်မူပါ" ဟု လျှောက်၍ ဆက်ကပ်လေ၏။

ရောဇ သို့ဖြစ်လျှင် ရဟန်းတို့အား လှူလေလော့ ဟု (မိန့်တော်မူ၏)။ ထိုအခါ ရောဇသည် ရဟန်းတို့အား လှူလေ၏။ ရဟန်းတို့သည် (မအပ်ဟု) တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိသည်ဖြစ်၍ မခံယူကုန်။ "ရဟန်းတို့ ခံယူကုန်လော့၊ သုံးဆောင်ကုန်လော့" ဟု (မိန့်တော်မူ၏)။

ထိုအခါ ရောဇ အမည်ရှိသော မလ္လမင်းသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို များစွာသော ဟင်းရွက်နှင့် မုံ့ခဲဖွယ်တို့ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် ကိုယ်တိုင် ကောင်းစွာ လုပ်ကျွေး၍ မြတ်စွာဘုရားသည် လက်ဆေးပြီး သပိတ်တော်မှ လက်ကို ဖယ်ပြီးသောအခါ တခုသော

http://www.dhammadownload.com



နေရာ၌ ထိုင်နေ၏။ တခုသော နေရာ၌ ထိုင်နေသော ရေစအမည်ရှိသော မလ္လမင်းကို မြတ်စွာဘုရား သည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရား ကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူပြီးလျှင် နေရာမှထကာ ဖဲကြွတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ အလုံးစုံသော ဟင်းရွက်ကိုင်း အလုံးစုံသော မုံ့ခဲဖွယ်ကိုင်း ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

## ၁၈၄-တောထွက်ရဟန်းဝတ္ထု

၃၀၃။ ထိုအခါ မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် အာတုမမြို့သို့ များစွာသော တထောင့်နှစ်ရာငါးကျိပ်သော ရဟန်းသံဃာနှင့် အတူ ဒေသစာရီ ကြွချီတော်မူ၏။ ထိုအခါ ဆတ္တာသည် ဖြစ်ဘူးသော တောထွက်ရဟန်းတပါးသည် အာတုမမြို့၌ နေ၏၊ ထိုရဟန်းကြီး၏သား သူငယ်နှစ်ယောက်တို့သည်ကား သာယာသောစကား ရှိကုန်၏၊ ဆန်းကျယ်သောပညာ ရှိကုန်၏၊ မိမိဆရာ့အတတ်ဖြစ်သော ဆတ္တာသည်တို့အမှု၌ ကျွမ်းကျင်လိမ္မာကုန်၏၊ ဖြူစင်သောအတတ်နှင့် ပြည့်စုံကုန်၏။

ထိုရဟန်းကြီးသည် "မြတ်စွာဘုရားသည် များစွာသော တထောင့်နှစ်ရာငါးကျိပ်သော ရဟန်း သံဃာနှင့်အတူ အာတုမမြို့သို့ ကြွလာတော်မူသတတ်" ဟု ကြား၏။ ထိုအခါ ထိုရဟန်းကြီးသည် ထိုသူငယ်တို့ကို "ချစ်သားတို့ မြတ်စွာဘုရားသည် များစွာသော တထောင့်နှစ်ရာငါးကျိပ်သော ရဟန်း သံဃာနှင့်အတူ အာတုမမြို့သို့ ကြွလာတော်မူသတတ်၊ ချစ်သားတို့ သင်တို့သည် သွားကြကုန်လော့၊ သင်ခုန်းအိတ်ကိုယူ၍ ခွက်ဖြင့်ငှင်း အိတ်ဖြင့်ငှင်း အိမ်တိုင်း အိမ်တိုင်း လှည့်လည်ကုန်လော့၊ ဆား ဆီ ဆန် ခဲဖွယ်တို့ကို ဆောင်ခဲ့ကုန်လော့၊ ကြွလာတော်မူသော မြတ်စွာဘုရားအား ယာဂုအဖျော်ကို ပြုစုလှူဒါန်းကုန်အံ့" ဟု (ပြောဆို၏)။

"ဘခင် ကောင်းပါပြီ" ဟု ဆို၍ ထိုသူငယ်တို့သည် ထိုရဟန်းကြီးအား ဝန်ခံပြီးလျှင် သင်ခုန်း အိတ်ကို ယူ၍ ခွက်ဖြင့်ငှင်း အိတ်ဖြင့်ငှင်း အိမ်တိုင်း အိမ်တိုင်း လှည့်လည်ကြကုန်၏၊ ဆား ဆီ ဆန် ခဲဖွယ်တို့ကို ဆောင်ယူလာကုန်၏။ လူတို့သည် အသံလည်း သာယာကုန်သော ဆန်းကြယ်သော ပညာလည်း ရှိကုန်သော ထိုသူငယ်တို့ကိုမြင်၍ မုတ်ဆိတ် ဆံပင် ပြင်ဆင်ခြင်းငှါ အလိုမရှိကြသော် လည်း ပြုပြင်စေကုန်၏၊ မုတ်ဆိတ် ဆံပင် ပြင်ဆင်ခြင်းကို ပြုစေပြီး၍လည်း များစွာသော အခကို ပေးကုန်၏။ ထိုအခါ ထိုသူငယ်တို့သည် များစွာသော ဆား ဆီ ဆန် ခဲဖွယ်တို့ကို ဆောင်ယူလာကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် အာတုမ မြို့သို့ ရောက်တော်မူ၏၊ မြတ်စွာဘုရားသည် ထို အာတုမမြို့ ကောက်ရိုးအိမ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ထိုရဟန်းကြီးသည် ထိုညဉ့်လွန်သောအခါ များစွာသော ယာဂုကို စီရင်စေပြီးလျှင် မြတ်စွာ ဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ ယာဂုကို ခံယူတော်မူပါ" ဟု ဆက်ကပ်၏။ မြတ်စွာဘုရားတို့သည် သိလျက်လည်း မေးတော်မူကုန်၏။ပ။ တပည့်သားတို့အား သိက္ခာပုဒ်ကို လည်း ပညတ်အံ့ ဟူသော အကြောင်းနှစ်မျိုးတို့ဖြင့် ဘုန်းတော်ကြီးသော မြတ်စွာဘုရားတို့သည် ရဟန်းတို့ကို မေးတော်မူကုန်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းကြီးကို "ရဟန်း ဤယာဂုသည် အဘယ်မှ ရသနည်း" ဟု မေးတော်မူ၏။ ထိုအခါ ထိုရဟန်းကြီးသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား (သင်၏ အမှုသည်) ရဟန်းတို့အား မလျော်ကပ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့၏ အပြုအမူမဟုတ်၊ မအပ်၊ ရဟန်းတို့ မပြုသင့်၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် ရဟန်းပြုလျက် မအပ်သည်၌ ဆောက်တည်စေဘိသနည်း။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ဤ(သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူပြီးနောက် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ရဟန်းသည် မအပ်သည်၌ မဆောက်တည်စေအပ်၊ ဆောက်တည်စေသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ ဆတ္တာသည် ဖြစ်ဘူးသော ရဟန်းသည် သင်ဓုန်းအိတ်ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် အာတုမမြို့၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် သာဝတ္ထိပြည်သို့ ဒေသစာရီ ကြွချီတော်မူ၏၊ အစဉ်အတိုင်း ဒေသစာရီ ကြွချီသည်ရှိသော် သာဝတ္ထိပြည်သို့ ရောက်တော်မူ၏၊ မြတ်စွာဘုရားသည် ထိုသာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ သာဝတ္ထိပြည်၌ အမျိုးမျိုးသော သစ်သီး ခဲဖွယ်သည် ပေါများ၏။ ထိုအခါ ရဟန်းတို့အား "မြတ်စွာဘုရားသည် သစ်သီးခဲဖွယ်ကို ခွင့်ပြုလေသလော၊ ခွင့်မပြုလေသလော" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အလုံးစုံသော သစ်သီး ခဲဖွယ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၃၀၄။ ထိုအခါ သံဃိက မျိုးစေ့တို့ကို ပုဂ္ဂလိကမြေ၌ စိုက်ပျိုးကုန်၏၊ ပုဂ္ဂလိက မျိုးစေ့တို့ကို သံဃိကမြေ၌ စိုက်ပျိုးကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သံဃိကမျိုးစေ့တို့ကို ပုဂ္ဂလိကမြေ၌ စိုက်ပျိုးကုန်သော် ဆယ်ဘို့တဘို့ပေး၍ (သီးစားပေး၍) သုံးဆောင်ရမည်။ ပုဂ္ဂလိက မျိုးစေ့တို့ကို သံဃိကမြေ၌ စိုက်ပျိုးကုန်သော် ဆယ်ဘို့တဘို့ပေး၍ သုံးဆောင်ရမည် ဟု (မိန့်တော်မူ၏)။

## ၁၈၅-မဟာပဒေသလေးပါး [၁]

၃၀၅။ ထိုအခါ ရဟန်းတို့အား "မြတ်စွာဘုရားသည် အဘယ်သို့သော အဘယ်သို့သော အရာ၌ ခွင့်ပြုတော်မူလေသနည်း၊ အဘယ်သို့သော အဘယ်သို့သော အရာ၌ ခွင့်ပြုတော်မမူလေသနည်း" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

(၁) ရဟန်းတို့ "ဤအရာသည် မအပ်" ဟု အကြင်အရာကို ငါသည် မပယ်အပ်သေး၊ အကယ်၍ ထိုအရာသည် မအပ်သောအရာနှင့်လျော်၍ အပ်သောအရာနှင့် ဆန့်ကျင်ပြားအံ့၊ ထိုအရာသည် သင်တို့အား မအပ်။

---

၁။ ညွှန်ကြားချက်ကြီးလေးမျိုး

http://www.dhammadownload.com



(၂) ရဟန်းတို့ "ဤအရာသည် မအပ်" ဟု အကြင်အရာကို ငါသည် မပယ်အပ်သေး၊ အကယ်၍ ထိုအရာသည် အပ်သောအရာနှင့်လျော်၍ မအပ်သောအရာနှင့် ဆန့်ကျင်ငြားအံ့၊ ထိုအရာသည် သင်တို့အား အပ်၏။

(၃) ရဟန်းတို့ "ဤအရာသည် အပ်၏" ဟု အကြင်အရာကို ငါသည် ခွင့်မပြုအပ်သေး၊ အကယ်၍ ထိုအရာသည် မအပ်သော အရာနှင့် လျော်၍ အပ်သောအရာနှင့် ဆန့်ကျင်ငြားအံ၊ ထိုအရာသည် သင်တို့အား မအပ်။

(၄) ရဟန်းတို့ "ဤအရာသည် အပ်၏" ဟု အကြင်အရာကို ငါသည် ခွင့်မပြုအပ်သေး၊ အကယ်၍ ထိုအရာသည် အပ်သောအရာနှင့်လျော်၍ မအပ်သောအရာနှင့် ဆန့်ကျင်ငြားအံ့၊ ထိုအရာသည် သင်တို့အား အပ်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့အား "ယာဝကာလိကနှင့် ယာမကာလိကသည် အပ်မည်လော မအပ်မည်လော၊ ယာဝကာလိကနှင့် သတ္တာဟကာလိကသည် အပ်မည်လော မအပ်မည်လော၊ ယာဝကာလိကနှင့် ယာဝဇီဝိကသည် အပ်မည်လော မအပ်မည်လော၊ ယာမကာလိကနှင့် သတ္တာဟကာလိကသည် အပ်မည်လော မအပ်မည်လော၊ ယာမကာလိကနှင့် ယာဝဇီဝိကသည် အပ်မည်လော မအပ်မည်လော၊ သတ္တာဟကာလိကနှင့် ယာဝဇီဝိကသည် အပ်မည်လော မအပ်မည်လော" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

"ရဟန်းတို့ ယာဝကာလိကနှင့် ယာမကာလိကကို ထိုနေ့၌ အကပ်ခံအပ်သည်ဖြစ်အံ့၊ နံနက်အခါ၌ အပ်၏၊ နေလွဲသောအခါ၌ မအပ်။ ရဟန်းတို့ ယာဝကာလိကနှင့် သတ္တာဟကာလိကကို ထိုနေ့၌ အကပ်ခံအပ်သည်ဖြစ်အံ့၊ နံနက်အခါ၌ အပ်၏၊ နေလွဲသောအခါ၌ မအပ်။ ရဟန်းတို့ ယာဝကာလိကနှင့် ယာဝဇီဝိကကို ထိုနေ့၌ အကပ်ခံအပ်သည်ဖြစ်အံ့၊ နံနက်အခါ၌ အပ်၏၊ နေလွဲသောအခါ၌ မအပ်။

ရဟန်းတို့ ယာမကာလိကနှင့် သတ္တာဟကာလိကကို ထိုနေ့၌ အကပ်ခံအပ်သည်ဖြစ်အံ့၊ ညချမ်းအခါ၌ အပ်၏၊ ညချမ်းအခါလွန်သော် မအပ်။ ရဟန်းတို့ ယာမကာလိကနှင့် ယာဝဇီဝိကကို ထိုနေ့၌ အကပ်ခံအပ်သည်ဖြစ်အံ့၊ ညချမ်းအခါ၌ အပ်၏၊ ညချမ်းအခါလွန်သော် မအပ်။

ရဟန်းတို့ သတ္တာဟကာလိကနှင့် ယာဝဇီဝိကကို အကပ်ခံအပ်သည်ဖြစ်အံ့၊ ခုနစ်ရက်ပတ်လုံး အပ်၏၊ ခုနစ်ရက်လွန်သော် မအပ်" ဟု မိန့်တော်မူ၏။

ဆဋ္ဌဘေသဇ္ဇက္ခန္ဓက ပြီး၏။

ဤဘေသဇ္ဇက္ခန္ဓက၌ ဝတ္ထုကား တရာ့တဆယ့်ခြောက်ဝတ္ထုတည်း။

---

## ၁၀၆-ထိုဘေသဇ္ဇက္ခန္ဓက၏ အကျဉ်းချုပ်

တန်ဆောင်မုန်းလ၌ ဖြစ်သော အနာရောဂါ၊ နေလွဲသော်လည်း ဆေးကို ခွင့်ပြုတော်မူခြင်း၊ ဆီကြည် ဆေးမြစ် ဆေးမှုံညက် ဖန်ရည်တို့ကို အလိုရှိခြင်း၊ အရွက် အသီး အစေး ဆား နွား ခြေးခြောက်တို့ကို ခွင့်ပြုတော်မူခြင်း။

ဆင့်သောဆေးမှုန့် သားစိမ်း မျက်စဉ်း၌ထည့်စရာဆေး မျက်စဉ်းကျည် ကြီးကြီးငယ်ငယ်သော မျက်စဉ်းကျည် မျက်စဉ်းကျည်အပိတ် မျက်စဉ်းတံ မျက်စဉ်းတံထားစရာ။

http://www.dhammadownload.com



မျက်စဉ်းကျည်အိတ် ပခုံးလွယ်စရာ ကြိုး 'အနွယ်' အိတ်နှင့်ကြိုးကို ဖွဲ့ချည်စရာ ချည် ဦးခေါင်း သုတ်လိမ်းစရာဆီ နှာနှတ် 'နှာဆေး'၊ နှာနှတ်တံ အခိုးသောက်ခြင်း အခိုးသောက် စရာ ပန်းတူ 'ပြွန်'၊ အပိတ် ပန်းတူ 'ပြွန်' ထည့်စရာအိတ်။

ဆီကျက်တို့၌သေထည့်ခြင်း အလွန်သေထည့်သောဆီကျက် ခြေလက်သုတ်စရာဆီ ဆီကျည် မီးဇရုံးခြင်း 'မီးဖြင့် ချွေးထုတ်ခြင်း' အထူးထူးသော သေထည့်၍ ချွေးထုတ်ခြင်း တွင်းကြီးတူး၍ ချွေးထုတ်ခြင်း သစ်ရွက်ကို ရေနွေး၌ထည့်၍ ချွေးထုတ်ခြင်း။

ရေလှောင်အိုးကြီး၌ ရေနွေးထည့်၍ ချွေးထုတ်ခြင်း သွေးထုတ်ခြင်း သားချိုဖြင့် သွေးယူ ခြင်း ခြေသုတ်လိမ်းရန်ဆီ ခြေပတ်ဆေး ဓားဖြင့်သွေးထုတ်ခြင်း ဖန်ဆေးခြင်း ဆီထွေး အမာဝ အုပ်ဆေး။

အမာစည်းရန် ပုဆိုးကြမ်း မုန့်ညင်းမှုံ့ညက် အခိုး သင်ရုန်း အသားနုတက်ဆီ ဆေးမှုန့် ဖြူးရန်ကိုရင်း ဆေးကြီးလေးပါးကိုရင်း ခွင့်ပြုတော်မူခြင်း၊ လက်ဖြင့်ခံယူ၍ ကျင်ကြီးသွားသော ရဟန်းသည် အကပ်ခံသည် မည်ခြင်း။

ထွန်သွား၌ကပ်သောမြေ နွားသေးစိမ်သော သဖန်းခါး နှံ့သာ ဝမ်းကျဆေး ရက်သန်းရေ မစစ်သေးသော ပဲနောက်ရည် အနည်းငယ်စစ်သော ပဲနောက်ရည်။

အသားရည် တောင်ဝှမ်း အရံစောင့် ခုနစ်ရက် တင်လဲ ပဲနောက် လောဏသာရီ မည် သောဆေး ရဟန်းတို့ ကိုယ်တိုင်ချက်ခြင်း ကျက်ပြီးကို တဖန် နွေးခြင်း။

တဖန် တော်မွတ်သောအခါ၌ ခွင့်ပြုတော်မူခြင်း သစ်သီး နှမ်းသစ် ခဲဖွယ် ဆွမ်းမစားမီ ရှေးအဘို့ ကိုယ်ပူနာ အစေ့ထုတ်၍ စားကောင်းသောသစ်သီး မြင်းသရိုက်နာ 'ဘဂန္ဒလနာ' စည်းသောအမှု သုပ္ပိယဥပါသကာနှင့် ဥပါသိကာမ လူသား, ဆင်သား, မြင်းသား, ခွေးသား, မြွေသား, ခြသေ့်သား, သစ်သား, ဝံသား, အောင်းသား ဆွမ်းကျွေးသော အလှည့်အစဉ် ယာဂု နုသောကြည်ညိုခြင်းရှိသော အမတ်ကြီး၊ ပင့်ဖိတ်ရာမှ တပါးသော အရပ်၌ သုံးဆောင် ကြခြင်း၊ တင်လဲ၊ သုနိဓပုဏ္ဏား၊ (ဝဿကာရပုဏ္ဏား) ညှော်သည်တို့ တည်းခိုရန် စရပ်။

အမ္ဗပါလိ ပြည့်တန်ဆာမ၊ လိစ္ဆဝီမင်းများ၊ ဂင်္ဂါမြစ်နား၊ ကောဋိရွာ၊ သစ္စာတရား၊ ရည်၍ သတ်သောအသား သာယာဝပြော အစာပေါ်သောအခါ၌ တဖန်ပယ်တော်မူခြင်း။

မိုးကြီးတက်လာခြင်း၊ အသျှင်ယသောဇ၊ မေဏ္ဍကသူဌေး၊ နွားနို့ အရသာငါးပါး၊ ရိက္ခာ၊ ကေဏိယရသေ့၊ သရက်၊ သပြေ၊ တောငှက်ပျော၊ အိမ်ငှက်ပျော၊ သစ်မည်စည်သီးရည် မုဒရက် သီးရည် 'ရေနှင့်ဖျော်သော မုဒရက်သီးရည်' ကြာစွယ်။

ဖက်သက်သီး၊ ဟင်းရွက်ကျက်၊ အမဲစားဖွယ်၊ အာတုမမြို့၌ ဆတ္တာသည်ဖြစ်ဘူးသော ရဟန်း ကြီး၊ သာဝတ္ထိပြည်၌ သစ်သီးပေါ်များခြင်း၊ အစေ့ကိုစိုက်ပျိုးခြင်း၊ တစုံတခုသောအရာဝတ္ထု၌ တွေးတောမှု 'သံသယကုက္ကုစ္စ'ဖြစ်ခြင်း၊ ကာလိကလေးပါးတို့ကို ဟောတော်မူခြင်း၊ ဤကား အကျဉ်းချုပ်တည်း။

ဤဘေသဇ္ဇက္ခန္ဓက၌ ဝတ္ထုကား တရာ့ခြောက် ဝတ္ထုတည်း။

**ဤတွင်ဘေသဇ္ဇက္ခန္ဓက ပြီး၏။**

http://www.dhammadownload.com

# ၇-ကထိနက္ခန္ဓက

## ၁၇၇-ကထိန်ကို ခင်းပြုခြင်း

၃၀၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ သုံးကျိပ် အတိုင်းအရှည်ရှိသော ပါဝေယျကတိုင်းသား ရဟန်းတို့သည် အားလုံးပင် အာရညကင်ဓုတင် ပိဏ္ဍပါတ်ဓုတင် ပံ့သုကူဓုတင် တိစီဝရိက်ဓုတင် ဆောက်တည်ကုန်၏၊ (ထိုရဟန်းတို့သည်) မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိပြည်သို့ လာကုန်သော် ဝါဆိုနေ့နီးကပ်သည်ဖြစ်၍ သာဝတ္ထိပြည်၌ ဝါဆိုနေ့မှီရန် မတတ်နိုင်ကုန်၊ ခရီးအကြားဖြစ်သောသာကေတမြို့၌ ဝါကပ်ရကုန်၏။

ထိုရဟန်းတို့သည် "ငါတို့၏အနီးဖြစ်သော ဤသာကေတမြို့မှ ခြောက်ယူဇနာအရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးနေတော်မူ၏၊ ငါတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခွင့်မရကုန်" ဟု မပျော်ပိုက်ပဲ ဝါဆိုနေရကုန်၏။

ထို့နောက် ထိုရဟန်းတို့သည် သုံးလလွန်၍ ဝါကျွတ်သောအခါ ပဝါရဏာပြုပြီးလျှင် မိုးကြီးရွာ၍ ရေတင်းကျမ်းရှိသော ညွှန်ပျောင်း၌ ရေဖြင့်ပြည့်သော သင်္ကန်းတို့ဖြင့် ပင်ပန်းသော သဘောရှိကုန်လျက် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောအရပ်၌ ထိုင်နေကုန်၏၊ အာဂန္တုရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်စွာနှုတ်ဆက်စကား ပြောကြားတော်မူခြင်းသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရားတို့၏ အလေ့အထပင်ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို "ရဟန်းတို့ ကျန်းမာကြကုန်၏လော၊ မျှတကြကုန်၏လော၊ အညီအညွတ် ဝမ်းမြောက် ဝမ်းသာ မငြင်းခုံပဲ ချမ်းသာစွာဝါကပ်ခဲ့ကြရကုန်၏လော၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြကုန်၏လော "ဟု မေးတော်မူရာ—

ကျန်းမာကြပါသည် မြတ်စွာဘုရား၊ မျှတကြပါသည် မြတ်စွာဘုရား၊ တပည့်တော်တို့သည် အညီအညွတ် ဝမ်းမြောက် ဝမ်းသာ မငြင်းခုံပဲ ချမ်းသာစွာဝါကပ်ခဲ့ကြရပါကုန်သည် မြတ်စွာဘုရား၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြပါကုန်သည် မြတ်စွာဘုရား၊ ယခုအခါ သုံးကျိပ်အတိုင်းအရှည်ရှိသော ပါဝေယျကတိုင်းသား ရဟန်းများဖြစ်ကြသော အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိပြည်သို့လာကုန်သော် ဝါဆိုနေ့နီးကပ်သည်ဖြစ်၍ သာဝတ္ထိပြည်သို့ ဝါဆိုနေ့မှီအောင် မတတ်နိုင်ကြပါ၊ ခရီးအကြားဖြစ်သော သာကေတမြို့၌ ဝါကပ်ကြရပါကုန်၏။

အသျှင်ဘုရား ထိုအကျွန်ုပ်တို့သည် "ငါတို့၏ အနီးဖြစ်သော ဤသာကေတမြို့မှ ခြောက်ယူဇနာအရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးနေတော်မူ၏၊ ငါတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခွင့်မရပါကုန်" ဟု မပျော်ပိုက်ပဲ ဝါဆိုနေရပါကုန်၏၊ အသျှင်ဘုရား ထိုအခါ အကျွန်ုပ်တို့သည် သုံးလလွန်၍ ဝါကျွတ်သောအခါ ပဝါရဏာပြုပြီးလျှင် မိုးကြီးရွာ၍ ရေတင်းကျမ်းရှိသော ရေညွှန်ပျောင်း၌ရေဖြင့်ပြည့်သော သင်္ကန်းတို့ဖြင့် ပင်ပန်းသော သဘောရှိကုန်လျက် ခရီးရှည်စွာလာကြရပါကုန်၏ ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ဝါကျွတ်သော ရဟန်းတို့အား ကထိန်ခင်းခြင်းငှါ ခွင့်ပြု၏၊ ရဟန်းတို့ ကထိန်ခင်းပြီးသော ရဟန်းတို့အား ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ ဒါယကာအိမ်သို့ သွားနိုင်ခြင်း၊ တိစီဝရိက် အဓိဋ္ဌာန်တင်သော သင်္ကန်းကို မယူပဲ သွားနိုင်ခြင်း၊ ဂဏဘောဇဉ်ကို စားနိုင်ခြင်း၊ အလိုရှိတိုင်း အဓိဋ္ဌာန် ဝိကပ္ပနာမပြုသော သင်္ကန်းကို ဆောင်နိုင်ခြင်း၊ ထိုကထိန်ခင်းသောကျောင်း၌ သင်္ကန်းဖြစ်ပေါ်လာတိုင်း ကထိန်ခင်းသော ရဟန်းတို့အား ဖြစ်ရခြင်းဟူသော ဤငါးပါးသော အာနိသင်တို့ကို ရကုန်၏" ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ ကထိန်ခင်းပြီးသော ရဟန်းတို့အား ဤ (အကျိုး) ငါးပါးတို့ကို ရကုန်လတ္တံ့၊ ရဟန်းတို့ ဤသို့ ကထိန်ခင်းရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၃၀၇။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား ဤကထိန သင်္ကန်းလျှာ ပုဆိုးသည် ဖြစ်ပေါ်လာ၏၊ အကယ်၍ သံဃာအား လျောက်ပတ်သောအခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤကထိန် သင်္ကန်းလျှာပုဆိုးကို ဤမည်သော ရဟန်းအား ကထိန်ခင်းခြင်းငှါ ပေးရာ၏၊ ဤကားသိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား ဤကထိန်သင်္ကန်းလျှာပုဆိုးသည် ဖြစ်ပေါ်လာ၏၊ သံဃာသည် ဤကထိန်သင်္ကန်းလျှာပုဆိုးကို ဤမည်သော ရဟန်းအား ကထိန်ခင်းခြင်းငှါ ပေး၏၊ ဤကထိန်သင်္ကန်းလျှာပုဆိုးကို ဤမည်သော ရဟန်းအား ကထိန်ခင်းခြင်းငှါ ပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤကထိန်သင်္ကန်းလျှာပုဆိုးကို ဤမည်သောရဟန်းအား ကထိန်ခင်းခြင်းငှါ ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

၃၀၈။ ရဟန်းတို့ ဤသို့ဆိုခဲ့ပြီးအတိုင်းခင်းသည်ရှိသော် ကထိန်ခင်းသည်မည်၏၊ ဤဆိုလတ္တံ့ အတိုင်း ခင်းသည်ရှိသော် ကထိန်ခင်းသည် မမည်။

ရဟန်းတို့ အဘယ်သို့လျှင် ကထိန်ခင်းသည် မမည်သနည်းဟူမူ—အလျား အနံ အတိုင်း အရှည်ကို ယူကာမျှဖြင့် ကထိန်ခင်းသည် မမည်။

ဖွပ်လျှော်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

သင်္ကန်း၌ ငါးခဏ်း ခုနစ်ခဏ်း စသည်ကို စီရင်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

ဖြတ်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

သီကာမျှဖြင့် ကထိန်ခင်းသည် မမည်။

သီကြောင်းကို အစဉ်လိုက်လျက် အလျားကို ချုပ်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

တလုပ် အုပ်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

http://www.dhammadownload.com



နှစ်လွှာ စပ်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

အလျား အနားပတ် တင်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

အနံအနားပတ် တင်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

သလင်းထောင် ထည့်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။

ဆင်စွယ်ရောင်ကဲ့သို့ တကြိမ်သာ ဆိုးကာမျှဖြင့် ကထိန်ခင်းသည် မမည်။

ဤပုဆိုးဖြင့် ခင်းမည် ဟု နိမိတ်ပြုသဖြင့် ကထိန်ခင်းသည် မမည်။

ပရိယာယ် ဆို၍ ရသော ပုဆိုးဖြင့် ကထိန်ခင်းသည် မမည်။

ငှါးသော ပုဆိုးဖြင့် ကထိန်ခင်းသည် မမည်။

ရောက်သောနေ့မှာပင် ခင်းတတ်သော ပုဂ္ဂိုလ်ကို မပေးမချုပ်၊ သိုမှီးထားသော ပုဆိုးဖြင့် ကထိန်ခင်းသည် မမည်။

ညဥ့်လွန်သဖြင့် ကထိန်ခင်းသည် မမည်။

ကပ္ပဗိန္ဒုမဆိုးသော သင်္ကန်းဖြင့် ကထိန်ခင်းသည် မမည်။

ဒုကုဋ်ကို ကြဉ်ထား၍ ကထိန်ခင်းသည် မမည်။

ကိုယ်ဝတ်ကို ကြဉ်ထား၍ ကထိန်ခင်းသည် မမည်။

သင်းပိုင်ကို ကြဉ်ထား၍ ကထိန်ခင်းသည် မမည်။

ထိုရောက်သော နေ့မှာပင်လျှင် ဖြတ်အပ်သော အိမ်ကြီးအိမ်ငယ်နှင့် တကွသော ငါးခဏ်းသင်္ကန်းကိုဖြင်း ငါးခဏ်းထက်အလွန် သင်္ကန်းကိုဖြင်း ကြဉ်ထား၍ ကထိန်ခင်းသည် မမည်။

ပုဂ္ဂိုလ်၏ ခင်းခြင်းကို ကြဉ်ထား၍ ကထိန်ခင်းသည် မမည်။

အကယ်၍ ကောင်းစွာ ကထိန်ခင်းသည် ဖြစ်အံ့၊ ထို ကောင်းစွာ ခင်းသော ကထိန်ကို အကယ်၍ သိမ်ပ၌ တည်သော ရဟန်းသည် အနုမောဒနာ ပြုငြားအံ့၊ ဤသို့ ပြုသည်ရှိသော် ကထိန်ခင်းသည် မမည်။

ရဟန်းတို့ ဤသို့ ခင်းသည်ရှိသော် ကထိန်ခင်းသည် မမည်။

၃၀၉။ ရဟန်းတို့ အဘယ်သို့လျှင် ကထိန်ခင်းသည် မည်သနည်း ဟူမူ—

အသစ်ဖြစ်သော ပုဆိုးဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

ပုဆိုးသစ်နှင့် တူသော တကြိမ်နှစ်ကြိမ်သာ လျှော်ဘူးသော ပုဆိုးဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

ပုဆိုးကြမ်းဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

ပံ့သုကူ ပုဆိုးဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

အိမ်ဈေးကရသော ပုဆိုးဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

နိမိတ်မပြုပဲ ရသော ပုဆိုးဖြင့်ခင်းသော် ကထိန်ခင်းသည် မည်၏။

ပရိယာယ်မဆိုပဲ ရသော ပုဆိုးဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

http://www.dhammadownload.com



မင်္ဂါးသော ပုဆိုးဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

မသိုမှီးသော ပုဆိုးဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

ညဥ့်မလွန်သော ပုဆိုးဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

ကပ္ပဗိန္ဒုထိုးသော သင်္ကန်းဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

ဒုကုဋ်ဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

ကိုယ်ဝတ်ဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

သင်းပိုင်ဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

ထိုရောက်သောနေ့မှာပင်လျှင် ဖြတ်အပ်သော အိမ်ကြီး အိမ်ငယ်နှင့် တကွသော ငါးခဏ်း သင်္ကန်းဖြင့် ဖြစ်စေ ငါးခဏ်းထက်လွန်သော ခုနစ်ခဏ်း ကိုးခဏ်း သင်္ကန်း စသည်ဖြင့် ဖြစ်စေ ခင်းသော် ကထိန်ခင်းသည် မည်၏။

ပုဂ္ဂိုလ်၏ ခင်းခြင်းဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

အကယ်၍ ကောင်းစွာ ကထိန်ခင်းသည် ဖြစ်အံ့၊ ထိုကောင်းစွာ ခင်းသော ကထိန်ကို အကယ်၍ သိမ်တွင်း၌ တည်သော ရဟန်းသည် အနုမောဒနာပြုငြားအံ့၊ ဤသို့ ပြုသည်ရှိသော် ကထိန်ခင်းသည် မည်၏၊ ရဟန်းတို့ ဤသို့ ခင်းသည်ရှိသော် ကထိန်ခင်းသည် မည်၏။

၃၁၀။ ရဟန်းတို့ အဘယ်သို့ ကထိန်နုတ်ခြင်း ဖြစ်သနည်း ဟူမူ—

ရဟန်းတို့ ကထိန်နုတ်ခြင်း၏ မာတိကာတို့သည် ဖဲသွားခြင်းလျှင် အဆုံးရှိသော 'ပက္ကမနန္တိက ကထိန်နုတ်ခြင်း၊ သင်္ကန်းပြီးခြင်းလျှင် အဆုံးရှိသော 'နိဋ္ဌာနန္တိက' ကထိန်နုတ်ခြင်း၊ စိတ်ကို ဆုံးဖြတ်ခြင်းလျှင် အဆုံးရှိသော 'သန္နိဋ္ဌာနန္တိက' ကထိန်နုတ်ခြင်း၊ ပျောက်ခြင်း ပျက်စီးခြင်းလျှင် အဆုံးရှိသော 'နာသနန္တိက' ကထိန်နုတ်ခြင်း၊ ကထိန်နုတ်အပ်ပြီ ဟု ကြားခြင်းလျှင် အဆုံးရှိသော 'သဝနန္တိက'ကထိန်နုတ်ခြင်း၊ အာသာပြတ်ခြင်းလျှင် အဆုံးရှိသော 'အာသာဝစ္ဆေဒိက' ကထိန် နုတ်ခြင်း၊ သိမ်အပိုင်းအခြားကို လွန်ခြင်းလျှင် အဆုံးရှိသော 'သီမာတိက္ကန္တိက' ကထိန်နုတ်ခြင်း၊ ရဟန်းတို့နှင့်အတူ နုတ်ခြင်း 'သဟုဗ္ဘာရ' ကထိန်နုတ်ခြင်း ဤရှစ်ပါးတို့တည်း ဟု (မိန့်တော်မူ၏)။

## ၁၈၈-သင်္ကန်းကိုယူသွားခြင်းဖြင့် (ကထိန်နုတ်ခြင်း) ခုနစ်မျိုး

၃၁၁။ ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်ပြီးသော သင်္ကန်းကို ယူပြီးလျှင် "ပြန်မလာတော့အံ့" ဟု ဖဲသွားအံ့၊ ထိုရဟန်းအား ပက္ကမနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည် ရှိသော် သင်္ကန်းကို ယူ၍ ဖဲသွား၏၊ သိမ်အပသို့ ရောက် သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေငြားအံ့၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၂)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကို ယူ၍ ဖဲသွား၏၊ သိမ်အပသို့ ရောက်သော ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံ ဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၃)

http://www.dhammadownload.com



ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံ ဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကိုချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်ငြားအံ့၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၄)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည် ရှိသော် သင်္ကန်းကို ယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသော် "ထိုကျောင်း၌ ကထိန်နုတ်သတတ်" ဟု ကြား၏၊ ထိုရဟန်းအား သဝနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၅)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ ရောက်သောအခါ ထိုသင်္ကန်းကိုချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသော် "ပြန်အံ့ ပြန်အံ့" ဟု ကြံ၍ နေစဉ် သိမ်အပ၌ ကထိန်နုတ်ခြင်းကို လွန်စေ၏၊ ထိုရဟန်းအား သီမာတိက္ကန္တိက ကထိန်နုတ်ခြင်းမည်၏။ (၆)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသော် "ပြန်အံ့ ပြန်အံ့" ဟု ကြံကာ ကထိန်နုတ်မီ ရောက်လာ၏၊ ထိုရဟန်းအား ရဟန်းတို့နှင့်အတူ ကထိန်နုတ်ခြင်းမည်၏။ (၇)

သင်္ကန်းကို ယူသွားခြင်းဖြင့် (ကထိန်နုတ်ခြင်း) ခုနစ်မျိုး ပြီး၏။

---

## ၁၇၉-သင်္ကန်းကို ကောင်းစွာယူသွားခြင်းဖြင့် (ကထိန်နုတ်ခြင်း) ခုနစ်မျိုး [၁]

၃၁၂။ ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်ပြီးသောသင်္ကန်းကို ကောင်းစွာယူ၍ "မပြန်တော့အံ့" ဟု ဖဲသွား၏၊ ထိုရဟန်းအား ပက္ကမနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကို ကောင်းစွာယူ၍ ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် သင်္ကန်းကိုချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကိုချုပ်စေအံ့၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၂)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုကောင်းစွာယူ၍ ဖဲသွား၏၊ သိမ်အပသို့ ရောက်သော ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံ ဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၃)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကို ကောင်းစွာယူ၍ ဖဲသွား၏၊ သိမ်အပသို့ ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံ ဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်ငြားအံ့၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၄)

---

၁။ မာတိကာရှစ်ပါးအနက် (အာသာဝစ္ဆေဒိက) မပါခြင်းကြောင့် ခုနစ်မျိုး ဖြစ်၏။

http://www.dhammadownload.com



ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုကောင်းစွာယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းသည် သင်္ကန်း ချုပ်ပြီးသောအခါ "ထိုကျောင်း၌ ကထိန်နုတ်သတတ်" ဟု ကြား၏၊ ထိုရဟန်းအား သဝနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၅)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကို ကောင်းစွာယူ၍ "ပြန်လာအံ့"ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းသည် သင်္ကန်း ချုပ်ပြီးသော် "ပြန်အံ့ ပြန်အံ့" ဟု ကြံ၍ နေစဉ် သိမ်အပ၌ ကထိန်နုတ်ခြင်းကို လွန်၏၊ ထိုရဟန်း အား သီမာတိက္ကန္တိက ကထိန်နုတ်ခြင်း မည်၏။ (၆)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကို ကောင်းစွာယူ၍ "ပြန်အံ့" ဟု ဖဲသွား ၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ် ပြီးသောအခါ "ပြန်အံ့ ပြန်အံ့" ဟု ကြံကာ ကထိန်နုတ်မီရောက်လာ၏၊ ထိုရဟန်းအား ရဟန်းတို့နှင့် အတူ ကထိန်နုတ်ခြင်း မည်၏။ (၇)

ဒုတိယ သင်္ကန်းကို ကောင်းစွာယူသွားခြင်းဖြင့်(ကထိန်နုတ်ခြင်း)ခုနစ်မျိုး ပြီး၏။

---

## ၁၉၀-သင်္ကန်းကို ယူသွားခြင်းဖြင့်(ကထိန်နုတ်ခြင်း)ခြောက်မျိုး

၃၁၃။ ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသောသင်္ကန်းကို ယူ၍ ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန် တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကို ယူ၍ ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံ ဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထနန်နုတ်ခြင်း မည်၏။ (၂)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကိုယူ၍ ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကိုချုပ်အံ့၊ မပြန်တော့အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိကကထိန်နုတ်ခြင်း မည်၏။ (၃)

ရဟန်းသည် ကထိန် ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကိုယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသောအခါ "ထိုကျောင်း၌ ကထိန်နုတ်သတတ်" ဟု ကြား၏၊ ထိုရဟန်းအားသဝနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၄)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသောသင်္ကန်းကိုယူ၍ "ပြန်လာ အံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ ရောက်သောအခါ ထိုသင်္ကန်းကိုချုပ်၏၊ ထိုရဟန်း

http://www.dhammadownload.com



သည် သင်္ကန်းချုပ်ပြီးသော် "ပြန်အံ့ ပြန်အံ့" ဟု ကြံ၍ နေစဉ် သိမ်အပ၌ ကထိန်နုတ်ခြင်းကို လွန်၏၊ ထိုရဟန်းအား သီမာတိက္ကန္တိက ကထိန်နုတ်ခြင်း မည်၏။　(၅)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသောသင်္ကန်းကို ယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်း သည် သင်္ကန်းချုပ်ပြီးသောအခါ "ပြန်အံ့ ပြန်အံ့" ဟု ကြံကာ ကထိန်နုတ်မီ ရောက်လာ၏၊ ထိုရဟန်း အား ရဟန်းတို့နှင့်အတူ ကထိန်နုတ်ခြင်း မည်၏။　(၆)

သင်္ကန်းကို ယူသွားခြင်းဖြင့်(ကထိန်နုတ်ခြင်း)ခြောက်မျိုး ပြီး၏။

---

## ၁၉၁–သင်္ကန်းကို ကောင်းစွာယူသွားခြင်းဖြင့် (ကထိန်နုတ်ခြင်း) ခြောက်မျိုး

၃၁၄။ ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကို ကောင်းစွာယူ၍ ဖဲသွား၏၊ သိမ်အပသို့ ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်း ကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်း အား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။　(၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကို ကောင်းစွာ ယူ၍ ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။　(၂)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကို ကောင်းစွာ ယူ၍ ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်း သည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်းမည်၏။　(၃)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသောသင်္ကန်းကို ကောင်းစွာ ယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်း ချုပ်ပြီးသောအခါ "ထိုကျောင်း၌ ကထိန်နုတ်သတတ်" ဟု ကြား၏၊ ထိုရဟန်းအား သဝနန္တိက ကထိန်နုတ်ခြင်းမည်၏။　(၄)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကိုကောင်းစွာ ယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသော် "ပြန်အံ့ ပြန်အံ့" ဟု ကြံ၍ နေစဉ် သိမ်အပ၌ ကထိန်နုတ်ခြင်းကို လွန်၏၊ ထိုရဟန်းအား သီမာတိက္ကန္တိက ကထိန်နုတ်ခြင်းမည်၏။　(၅)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကို ကောင်းစွာ ယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသောအခါ "ပြန်အံ့ ပြန်အံ့" ဟု ကြံကာ ကထိန်နုတ်မီရောက်လာ၏၊ ထိုရဟန်းအား ရဟန်းတို့နှင့်အတူ ကထိန်နုတ်ခြင်းမည်၏။　(၆)

သင်္ကန်းကို ကောင်းစွာယူသွားခြင်းဖြင့် (ကထိန်နုတ်ခြင်း)ခြောက်မျိုး ပြီး၏။

http://www.dhammadownload.com



## ၁၉၂-သက်န်းကို ယူသွားခြင်းဖြင့် (ကထိန်နုတ်ခြင်း) တဆယ့်ငါးမျိုး

၃၁၅။ ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကို ယူ၍ ဖဲသွား၏၊ သိမ်အပသို့ ရောက်သော ထိုရဟန်းအား "ဤအရပ်၌သာလျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကို ယူ၍ ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၂)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကိုချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၃)

ပဌမတိက် ပြီး၏။

---

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ "မပြန်တော့အံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကိုချုပ်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကိုချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၄)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ "မပြန်တော့အံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၅)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ "မပြန်တော့အံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကိုချုပ်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကိုချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၆)

ဒုတိယတိက် ပြီး၏။

---

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ မဆောက်တည်သော စိတ်ဖြင့် ဖဲသွား၏၊ "ပြန်လာအံ့" ဟူ၍ လည်း စိတ်မဖြစ် "ပြန်မလာတော့အံ့" ဟူ၍ လည်း စိတ်မဖြစ်၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကိုချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း ည်၏။ (၇)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ မဆောက်တည်သော စိတ်ဖြင့် ဖဲသွား၏၊ "ပြန်လာအံ့" ဟူ၍ လည်း စိတ်မဖြစ်၊ "ပြန်မလာတော့အံ့" ဟူ၍ လည်း စိတ်မဖြစ်၊ သိမ်

http://www.dhammadownload.com



အပသို့ ရောက်သော ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၈)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ မဆောက်တည်သောစိတ်ဖြင့် ဖဲသွား၏၊ "ပြန်လာအံ့" ဟူ၍ လည်း စိတ်မဖြစ်၊ "ပြန်မလာတော့အံ့" ဟူ၍ လည်း စိတ်မဖြစ်၊ သိမ်အပသို့ ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကိုချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၉)

တတိယတိက် ပြီး၏။

---

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၁၀)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ရောက်သောထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၁၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ရောက်သောထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကိုချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၁၂)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကိုချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသောအခါ "ထိုကျောင်း၌ ကထိန်နုတ်ပြီးသတတ်" ဟု ကြား၏၊ ထိုရဟန်းအား သဝနန္တိကကထိန်နုတ်ခြင်းမည်၏။ (၁၃)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကိုချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသော် "ပြန်အံ့ ပြန်အံ့" ဟု ကြံ၍နေစဉ် သိမ်အပ၌ ကထိန်နုတ်ခြင်းကို လွန်၏၊ ထိုရဟန်းအား သီမာတိက္ကန္တိက ကထိန်နုတ်ခြင်းမည်၏။ (၁၄)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကိုယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကိုချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသောအခါ "ပြန်အံ့ ပြန်အံ့" ဟု ကြံကာ ကထိန်နုတ်မီ ရောက်လာ၏၊ ထိုရဟန်းအား ရဟန်းတို့နှင့်အတူ ကထိန်နုတ်ခြင်း မည်၏။ (၁၅)

ဆက္က ပြီး၏။

သင်္ကန်းကို ယူသွားခြင်းဖြင့်(ကထိန်နုတ်ခြင်း)တဆယ့်ငါးမျိုး ပြီး၏။

http://www.dhammadownload.com



## ၁၉၃-သင်္ကန်းကို ကောင်းစွာယူသွားခြင်းဖြင့် (ကထိန်နုတ်ခြင်း) တဆယ့်ငါးမျိုးစသည်

၃၁၆။ ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းကို ကောင်းစွာယူ၍ ဖဲသွား၏၊ (အာဒါယ ဝါရနှင့် တူ၏။ ထိုအတူ ချဲ့အပ်၏)။

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကိုယူ၍ ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကိုချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ပ။ (သမာဒါယဝါရနှင့်တူ၏။ ထိုအတူချဲ့အပ်၏)။

## ၁၉၄-ချုပ်၍မပြီးသေးသောသင်္ကန်းကို ကောင်းစွာယူသွားခြင်းဖြင့်(ကထိန်နုတ်ခြင်း) တဆယ့်ငါးမျိုး

၃၁၇။ ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကို ကောင်းစွာယူ၍ ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကိုကောင်းစွာယူ၍ ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၂)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍မပြီးသေးသော သင်္ကန်းကို ကောင်းစွာယူ၍ ဖဲသွား၏၊ သိမ်အပသို့ရောက်သောထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကိုချုပ်အံ့၊ ပြန်လာအံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ်ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၃)

ပဌမတိက် ပြီး၏။

---

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကို ကောင်းစွာယူ၍ "မပြန်တော့အံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၄)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကို ကောင်းစွာယူ၍ "မပြန်တော့အံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၅)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကိုကောင်းစွာယူ၍ "မပြန်တော့အံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ်ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိကကထိန်နုတ်ခြင်းမည်၏။ (၆)

ဒုတိယတိက် ပြီး၏။

http://www.dhammadownload.com



ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကိုကောင်းစွာ ယူ၍ မဆောက်တည်သောစိတ်ဖြင့် ဖဲသွား၏၊ ထိုရဟန်းအား "ပြန်လာအံ့" ဟူ၍လည်း စိတ်မဖြစ်၊ "မပြန်တော့အံ့" ဟူ၍လည်း စိတ်မဖြစ်၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကိုချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိကကထိန်နုတ်ခြင်းမည်၏။ (၇)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသောသင်္ကန်းကို ကောင်းစွာ ယူ၍ မဆောက်တည်သောစိတ်ဖြင့် ဖဲသွား၏၊ ထိုရဟန်းအား "ပြန်လာအံ့" ဟူ၍လည်း စိတ်မဖြစ်၊ "မပြန်တော့အံ့" ဟူ၍လည်း စိတ်မဖြစ်၊ သိမ်အပသို့ရောက်သောထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၈)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသောသင်္ကန်းကို ကောင်းစွာ ယူ၍ မဆောက်တည်သောစိတ်ဖြင့် ဖဲသွား၏၊ ထိုရဟန်းအား "ပြန်လာအံ့" ဟူ၍လည်း စိတ်မဖြစ်၊ "မပြန်တော့အံ့" ဟူ၍လည်း စိတ်မဖြစ်၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင် လျှင် ဤသင်္ကန်းကိုချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ် ခြင်းမည်၏။ (၉)

တတိယတိက် ပြီး၏။

---

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကို ကောင်းစွာ ယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤ သင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၁၀)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကို ကောင်းစွာ ယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ် တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၁၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသောသင်္ကန်းကို ကောင်းစွာ ယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကိုချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ် ခြင်း မည်၏။ (၁၂)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကို ကောင်းစွာ ယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊

http://www.dhammadownload.com



ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသောအခါ "ထိုကျောင်း၌ ကထိန်နုတ်ပြီးသတတ်" ဟု ကြား၏၊ ထိုရဟန်းအား သဝနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၁၃)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကို ကောင်းစွာယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသော် "ပြန်အံ့ ပြန်အံ့" ဟု ကြံ၍ နေစဉ် သိမ်အပ၌ ကထိန်နုတ်ခြင်းကို လွန်၏၊ ထိုရဟန်းအား သီမာတိက္ကန္တိက ကထိန်နုတ်ခြင်း မည်၏။ (၁၄)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချုပ်၍ မပြီးသေးသော သင်္ကန်းကို ကောင်းစွာယူ၍ "ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသောအခါ "ပြန်အံ့ ပြန်အံ့" ဟု ကြံကာ ကထိန်နုတ်မီ ရောက်လာ၏၊ ထိုရဟန်းအား ရဟန်းတို့နှင့်အတူ ကထိန်နုတ်ခြင်း မည်၏။ (၁၅)

ဆက္က ပြီး၏။

သင်္ကန်းကို ကောင်းစွာယူသွားခြင်းဖြင့် (ကထိန်နုတ်ခြင်း) တဆယ့်ငါးမျိုး ပြီး၏။

သင်္ကန်းကို ယူသွားခြင်းဖြင့် (ကထိန်နုတ်ခြင်း) အခဏ်း ပြီး၏။

---

## ၁၉၅-အာသာမရှိခြင်း ၁၂-ပါး

၃၁၈။ ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းရအံ့ ဟု ထင်သော အရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သော အရပ်မှ ရ၏၊ ရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤအရပ်၌ ပင်လျှင် ဤသင်္ကန်းကို ချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းရအံ့ ဟု ထင်သော အရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၂)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းရအံ့ ဟု ထင်သော အရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၃)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤသိမ်အပ၌သာလျှင် ဤသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်အံ့၊ မပြန်တော့အံ့" ဟု အကြံ ဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းရအံ့ ဟု ထင်ခြင်းသည် ပြတ်စဲ၏၊ ထိုရဟန်းအား အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်း မည်၏။ (၄)

http://www.dhammadownload.com



ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "မပြန်တော့အံ့" ဟု သက်နီးရအံ့ ဟု ထင်သော အရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသက်နီးရအံ့ ဟု ထင်သော အရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသက်နီးကို ချုပ်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသက်နီးကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၅)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "မပြန်တော့အံ့" ဟု သက်နီးရအံ့ ဟု ထင်သော အရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသက်နီးရအံ့ ဟု ထင်သော အရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သော အရပ်မှ ရ၏၊ ရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤသက်နီးကို မချုပ်တော့အံ့" ဟု အကြံ ဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၆)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "မပြန်တော့အံ့" ဟု သက်နီးရအံ့ ဟု ထင်သော အရပ်သို့ ဖဲသွား၏၊ထိုရဟန်းသည် သိမ်အပသို့ ရောက်သောအခါ ထိုသက်နီးရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသက်နီးကို ချုပ်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသက်နီးကို ချုပ်၏၊ ထိုရဟန်းအား ထိုသက်နီးသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန် နုတ်ခြင်း မည်၏။ (၇)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည် ရှိသော် "မပြန်တော့အံ့" ဟု သက်နီးရအံ့ ဟု ထင်သော အရပ်သို့ ဖဲသွား၏၊ သိမ်အပသို့ ရောက်သော ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသက်နီးကို ရအံ့ ဟု ထင်သော အရပ်သို့ ကပ်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသက်နီးရအံ့ ဟု ထင်သော အရပ်သို့ ကပ်၏၊ ထိုရဟန်းအား ထိုသက်နီးရအံ့ ဟု ထင်ခြင်းသည် ပြတ်စဲ၏၊ ထိုရဟန်းအား အာသာ ဝစ္ဆေဒိက ကထိန်နုတ်ခြင်း မည်၏။ (၈)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သက်နီးရအံ့ ဟု ထင်သောအရပ်သို့ မဆောက် တည်သော စိတ်ဖြင့် ဖဲသွား၏၊ ထိုရဟန်းအား "ပြန်လာအံ့" ဟူ၍လည်း စိတ်မဖြစ်၊ ထိုရဟန်းအား "မပြန်တော့အံ့" ဟူ၍လည်း စိတ်မဖြစ်၊ ထိုရဟန်းသည် သိမ်အပသို့ ရောက်သောအခါ ထိုသက်နီး ရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသက်နီးကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသက်နီးကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၉)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သက်နီးရအံ့ ဟု ထင်သော အရပ်သို့ မဆောက် တည်သော စိတ်ဖြင့် ဖဲသွား၏၊ ထိုရဟန်းအား " ပြန်လာအံ့" ဟူ၍လည်း စိတ်မဖြစ်၊ ထိုရဟန်းအား "မပြန်တော့အံ့" ဟူ၍လည်း စိတ်မဖြစ်၊ ထိုရဟန်းသည် သိမ်အပသို့ ရောက်သောအခါ ထိုသက်နီးရအံ့ ဟု ထင်သော အရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထို ရဟန်းအား "ဤသက်နီးကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာ နန္တိက ကထိန်နုတ်ခြင်း မည်၏။ (၁၀)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သက်နီးရအံ့ ဟု ထင်သော အရပ်သို့ မဆောက် တည်သောစိတ်ဖြင့် ဖဲသွား၏၊ ထိုရဟန်းအား "ပြန်လာအံ့"ဟူ၍လည်း စိတ်မဖြစ်၊ "မပြန်တော့အံ့"

http://www.dhammadownload.com



ဟူ၍လည်း စိတ်မဖြစ်၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းရအံ့ ဟု ထင်သော အရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟု ထင်သော အရပ်မှ မရ၊ ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကိုချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထို သင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၁၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် သင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ မဆောက်တည်သော စိတ်ဖြင့် ဖဲသွား၏၊ ထိုရဟန်းအား "ပြန်လာအံ့" ဟူ၍လည်း စိတ်မဖြစ်၊ ထိုရဟန်းအား "ပြန်မလာတော့အံ့" ဟူ၍လည်း စိတ်မဖြစ်၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤသိမ်အပ၌ပင်လျှင် ဤသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းရအံ့ ဟု ထင်ခြင်းသည် ပြတ်စဲ၏၊ ထိုရဟန်းအား အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်း မည်၏။ (၁၂)

အာသာမရှိခြင်း ၁၂-ပါး ပြီး၏။

---

## ၁၉၆-အာသာရှိခြင်း ၁၂-ပါး

၁၃၉။ ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "ပြန်လာအံ့" ဟု သင်္ကန်းရမည်ထင်သော အရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ ရအံ့ ဟု ထင်သော အရပ်မှ ရ၏၊ မရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤအရပ်၌ ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "ပြန်လာအံ့" ဟု သင်္ကန်းရမည် ထင်သော အရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ ရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ မရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၂)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "ပြန်လာအံ့" ဟု သင်္ကန်းရမည် ထင်သော အရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ ရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ မရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤအရပ်၌ ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၃)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "ပြန်လာအံ့" ဟု သင်္ကန်းရမည် ထင်သော အရပ်သို့ ဖဲသွား၏၊ သိမ်အပသို့ ရောက်သော ထိုရဟန်းအား "ဤသိမ်အပ၌သာလျှင် ဤသင်္ကန်းရအံ့ ဟု ထင်သော အရပ်သို့ ကပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု

http://www.dhammadownload.com



ထင်သောအရပ်သို့ ကပ်၏၊ ထိုရဟန်းအား ထိုသက်န်းရအံ့ ဟု ထင်ခြင်းသည် ပြတ်စဲ၏၊ ထိုရဟန်းအား အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်း မည်၏။ (၄)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "ပြန်လာအံ့" ဟု သက်န်းရမည် ထင်သော အရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ "ထိုကျောင်း၌ ကထိန်နုတ်သတတ်" ဟု ကြား၏။ ထိုရဟန်းအား "အကြင်အခါ ထိုကျောင်း၌ ကထိန်နုတ်၏၊ ဤကျောင်း၌သာ လျှင် ဤသက်န်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသက်န်းရအံ့ ဟု ထင်သော အရပ်သို့ ကပ်၏။ ရအံ့ ဟု ထင်သော အရပ်မှ ရ၏၊ မရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသက်န်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသက်န်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၅)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "ပြန်လာအံ့" ဟု သက်န်းရမည် ထင်သော အရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ "ထိုကျောင်း၌ ကထိန်နုတ်သတတ်" ဟု ကြား၏၊ ထိုရဟန်းအား "အကြင်အခါ ထိုကျောင်း၌ ကထိန်နုတ်၏၊ ဤကျောင်း၌ပင်လျှင် ဤသက်န်းရအံ့ ဟု ထင်သော အရပ်သို့ ကပ်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသက်န်းရအံ့ ဟု အထင်ရှိသောကျောင်းသို့ ကပ်၏၊ ရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ မရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤသက်န်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၆)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသော်ရှိသော်"ပြန်လာအံ့" ဟု သက်န်းရမည် ထင်သော အရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ "ထိုကျောင်း၌ ကထိန်နုတ်သတတ်" ဟု ကြား၏၊ ထိုရဟန်းအား "အကြင်အခါ ထိုကျောင်း၌ ကထိန်နုတ်၏၊ ဤကျောင်း၌ပင်လျှင် ဤသက်န်းရအံ့ ဟု ထင်သော အရပ်သို့ ကပ်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသက်န်းရအံ့ ဟု အထင်ရှိသော ကျောင်းသို့ ကပ်၏၊ ရအံ့ ဟု ထင်သော အရပ်မှ ရ၏၊ မရအံ့ ဟု ထင်သော အရပ်မှ မရ၊ ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသက်န်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသက်န်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၇)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "ပြန်လာအံ့" ဟု သက်န်းရမည်ထင်သော အရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ "ထိုကျောင်း၌ ကထိန်နုတ်သတတ်" ဟု ကြား၏၊ ထိုရဟန်းအား "အကြင်အခါ၌ ထိုကျောင်း၌ ကထိန်နုတ်၏၊ ဤကျောင်း၌ပင်လျှင် ဤသက်န်းရအံ့ ဟု ထင်သော အရပ်သို့ ကပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသက်န်းရအံ့ ဟု ထင်သောကျောင်းသို့ ကပ်၏၊ ထိုရဟန်းအား ထိုသက်န်းရအံ့ ဟူသော ထင်ခြင်းသည် ပြတ်စဲ၏၊ ထိုရဟန်းအား အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်း မည်၏။ (၈)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "ပြန်လာအံ့" ဟု သက်န်းရမည်ထင်သော အရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသက်န်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ ရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ မရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းသည် ထိုသက်န်းကို ချုပ်၏၊ ထိုရဟန်းသည် သက်န်းချုပ်ပြီးသောအခါ "ထိုကျောင်း၌ ကထိန်နုတ်သတတ်" ဟု ကြား၏၊ ထိုရဟန်းအား သဝနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၉)

http://www.dhammadownload.com



ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "ပြန်လာအံ့" ဟု သက်န်းရမည်ထင်သောအရပ်သို့ ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား "ဤကျောင်း၌ပင်လျှင် ဤသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းရအံ့ဟူသော ထင်ခြင်းသည် ပြတ်စဲ၏၊ ထို ရဟန်းအား အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်းမည်၏။ (၁၀)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "ပြန်လာအံ့" ဟု သင်္ကန်းရမည်ထင်သောအရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းရအံ့ဟု ထင်သောအရပ်သို့ ကပ်၏၊ ရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ မရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းသည် ထိုသင်္ကန်းကိုချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသောအခါ "ပြန်အံ့ ပြန်အံ့" ဟု ကြံနေစဉ် သိမ်အပ၌ ကထိန်နုတ်ခြင်း ကို လွန်စေ၏၊ ထိုရဟန်းအား သီမာတိက္ကန္တိက ကထိန်နုတ်ခြင်းမည်၏။ (၁၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "ပြန်လာအံ့" ဟု သင်္ကန်းရမည်ထင်သော အရပ်သို့ ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းရအံ့ ဟု ထင်သော အရပ်သို့ ကပ်၏၊ ရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ မရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသောအခါ "ပြန်အံ့ ပြန်အံ့" ဟု ကြံကာ ကထိန်နုတ်မီ ရောက်လာ၏၊ ထိုရဟန်းအား ရဟန်းတို့နှင့်အတူ ကထိန်နုတ်ခြင်းမည်၏။ (၁၂)

အာသာရှိခြင်း ၁၂-ပါး ပြီး၏။

---

## ၁၉၇-ပလိဗောဓ ၁၂-ပါး

၃၂၀။ ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် တစုံတခုသော ပလိဗောဓဖြင့် ဖဲသွား၏၊ သိမ်အပသို့ ရောက်သော ထိုရဟန်းအား သင်္ကန်းရလိုခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်း ရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤအရပ်၌သာလျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထို ရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် တစုံတခုသော ပလိဗောဓဖြင့် ဖဲသွား၏၊ သိမ်အပသို့ ရောက်သောထိုရဟန်းအား သင်္ကန်းရလိုခြင်းသည်ဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု ထင်သော အရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟု ထင်သော အရပ်မှ မရ၊ ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၂)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် တစုံတခုသောပလိဗောဓဖြင့် ဖဲသွား၏၊ သိမ်အပသို့ ရောက်သော ထိုရဟန်းအား သင်္ကန်းရလိုခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟုထင်သောအရပ်မှ မရ၊ ထိုရဟန်း အား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၃)

http://www.dhammadownload.com



ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် တစုံတခုသောပြုဖွယ်ဖြင့် ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား သင်္ကန်းရလိုခြင်းသည် ဖြစ်၏၊ ထိုရဟန်းအား "ဤကျောင်း၌ပင်လျှင် ဤသင်္ကန်း ရအံ့ ဟု ထင်သောအရပ်သို့ ကပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းရအံ့ ဟူသော ထင်ခြင်းသည် ပြတ်စဲ၏၊ ထိုရဟန်းအား အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်းမည်၏။ (၄)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "မပြန်တော့အံ့" ဟု တစုံတခုသောပြုဖွယ်ဖြင့် ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား သင်္ကန်းရလိုခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟု ထင်သော အရပ်မှ မရ၊ ထိုရဟန်းအား "ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၅)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "မပြန်တော့အံ့" ဟု တစုံတခုသောပြုဖွယ်ဖြင့် ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား သင်္ကန်းရလိုခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟု ထင်သော အရပ်မှ မရ၊ ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၆)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် "မပြန်တော့အံ့" ဟု တစုံတခုသောပြုဖွယ်ဖြင့် ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား သင်္ကန်းရလိုခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ •ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤအရပ်၌သာလျှင် ဤသင်္ကန်းကို ချုပ်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၇)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် တစုံတခုသောပြုဖွယ်ဖြင့် "မပြန်တော့အံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား သင်္ကန်းရလိုခြင်းသည် ဖြစ်၏၊ ထိုရဟန်းအား "ဤကျောင်း၌ပင်လျှင် ဤသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းရအံ့ ဟူသော ထင်ခြင်းသည် ပြတ်စဲ၏၊ ထိုရဟန်းအား အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်းမည်၏။ (၈)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် တစုံတခုသောပြုဖွယ်ဖြင့် မဆောက်တည်သော စိတ်ဖြင့် ဖဲသွား၏၊ ထိုရဟန်းအား "ပြန်လာအံ့" ဟူ၍ လည်း စိတ်မဖြစ်၊ ထိုရဟန်းအား "မပြန်တော့အံ့" ဟူ၍ လည်းစိတ်မဖြစ်၊ သိမ်အပသို့ရောက်သော ထိုရဟန်းအား သင်္ကန်းရလိုခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား "ဤအရပ်၌သာလျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၉)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် တစုံတခုသော ပြုဖွယ်ဖြင့် မဆောက်တည်သော စိတ်ဖြင့် ဖဲသွား၏၊ ထိုရဟန်းအား "ပြန်လာအံ့" ဟူ၍ လည်း စိတ်မဖြစ်၊ ထိုရဟန်းအား "မပြန်တော့

http://www.dhammadownload.com



အံ့” ဟူ၍လည်း စိတ်မဖြစ်၊ သိမ်အပသို့ ရောက်သော ထိုရဟန်းအား သက်န်းရလိုခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု ထင်သော အရပ်သို့ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟု ထင်သော အရပ်မှ မရ၊ ထိုရဟန်းအား “ဤသင်္ကန်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၁၀)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် တစုံတခုသော ပြုဖွယ်ဖြင့် မဆောက်တည်သော စိတ်ဖြင့် ဖဲသွား၏၊ ထိုရဟန်းအား “ပြန်လာအံ့” ဟူ၍ လည်း စိတ်မဖြစ်၊ ထိုရဟန်းအား “မပြန်တော့အံ့” ဟူ၍လည်း စိတ်မဖြစ်၊ သိမ်အပသို့ ရောက်သော ထိုရဟန်းအား သင်္ကန်းရလိုခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု ထင်သောအရပ်သို့ ကပ်၏၊ မရအံ့ ဟု ထင်သောအရပ်မှ ရ၏၊ ရအံ့ ဟု ထင်သောအရပ်မှ မရ၊ ထိုရဟန်းအား “ဤအရပ်၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၁၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည် ရှိသော် တစုံတခုသော ပြုဖွယ်ဖြင့် မဆောက်တည်သော စိတ်ဖြင့် ဖဲသွား၏၊ ထိုရဟန်းအား “ပြန်လာအံ့” ဟူ၍ လည်း စိတ်မဖြစ်၊ ထိုရဟန်းအား “မပြန်တော့အံ့” ဟူ၍ လည်း စိတ်မဖြစ်၊ သိမ်အပသို့ ရောက်သော ထိုရဟန်းအား သင်္ကန်းရလိုခြင်းသည် ဖြစ်၏၊ ထိုရဟန်းအား “ဤကျောင်း၌ပင်လျှင် ဤသင်္ကန်း ရအံ့ ဟု ထင်သောအရပ်သို့ ကပ်အံ့၊ မပြန်တော့အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းရအံ့ ဟု ထင်သော အရပ်သို့ ကပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းရအံ့ဟူသော ထင်ခြင်းသည် ပြတ်စဲ၏၊ ထိုရဟန်းအား အာသာဝစ္ဆေဒိက ကထိန်နုတ်ခြင်း မည်၏။ (၁၂)

ပြုဖွယ် ၁၂-ပါး ပြီး၏။

---

## ၁၉၈-အလိုရှိခြင်း ၉-ပါး

၃၂၁။ ရဟန်းသည် ကထိန် ခင်းအပ်ပြီးသည်ရှိသော် အရပ်တပါးသို့ သွားလိုသည် ဖြစ်၍ ရအပ်သော သင်္ကန်းအဘို့ကို အလိုရှိလျက် ဖဲသွား၏၊ အရပ်တပါးသို့ ရောက်လာသော ထိုရဟန်းကို ရဟန်းတို့သည် “ငါ့ချင့် သင်သည် အဘယ်အရပ်၌ ဝါကျွတ်သနည်း၊ အဘယ်ကျောင်း၌ သင်၏ သင်္ကန်းအဘို့ ရှိသနည်း” ဟု မေးကုန်၏။ ထိုရဟန်းသည် “ဤမည်သော ကျောင်း၌ ဝါကျွတ်ပါ၏၊ ထိုကျောင်း၌ အကျွန်ုပ်၏ သင်္ကန်းအဘို့သည် ရှိရစ်ပါ၏” ဟု ပြောဆို၏၊ ထိုရဟန်းတို့သည် “ငါ့ချင့် သွားချေ၊ ထိုသင်္ကန်းကို ဆောင်ခဲ့လော့၊ ငါတို့သည် ဤကျောင်း၌သာလျှင် သင်၏ သင်္ကန်းကို ချုပ်ကုန်အံ့” ဟု ပြောဆိုကုန်၏။

ထိုရဟန်းသည် ထိုကျောင်းသို့သွား၍ ရဟန်းတို့ကို “ငါ့ချင့်တို့ အကျွန်ုပ်၏ သင်္ကန်းအဘို့သည် အဘယ်မှာနည်း” ဟု မေး၏။ ထိုရဟန်းတို့သည် “ငါ့ချင့် ဤသည်ကား သင်၏ သင်္ကန်းအဘို့တည်း၊ အဘယ်အရပ်သို့ သွားမည်နည်း” ဟု မေးကုန်၏။ ထိုရဟန်းသည် “ဤမည်သော ကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ရဟန်းတို့သည် ငါ၏သင်္ကန်းကို ချုပ်ကုန်လတ္တံ့” ဟု ပြောဆို၏။

ထိုရဟန်းတို့သည် “ငါ့ချင့် မသင့် မသွားပါလင့်၊ ငါတို့သည် ဤကျောင်း၌ သင်၏ သင်္ကန်းကို ချုပ်ကုန်အံ့” ဟု ပြောဆိုကုန်၏။ ထိုရဟန်းအား “ဤကျောင်း၌ သာလျှင် ဤသင်္ကန်းကို

http://www.dhammadownload.com



ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသက်န်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် အရပ်တပါးသို့ သွားလိုသည်ဖြစ်၍ ရအပ်သော သက်န်းအဘိုကို အလိုရှိလျက် ဖဲသွား၏။ပ။ "ဤသက်န်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၂)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် အရပ်တပါးသို့ သွားလိုသည်ဖြစ်၍ ရသင့်သော သက်န်းအဘိုကို အလိုရှိလျက် ဖဲသွား၏။ပ။ "ဤကျောင်း၌သာလျှင် ဤသက်န်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၃)

၃၂၂။ ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် အရပ်တပါးသို့ သွားလိုသည်ဖြစ်၍ ရအပ်သော သက်န်းအဘိုကို အလိုရှိလျက် ဖဲသွား၏၊ အရပ်တပါးသို့ရောက်လာသော ထိုရဟန်းကို ရဟန်းတို့သည် "ငါ့သျှင် သင်သည် အဘယ်အရပ်၌ဝါကျွတ်သနည်း၊ အဘယ်ကျောင်း၌ သင်၏ သက်န်းအဘိုရှိသနည်း" ဟု မေးကုန်၏။ ထိုရဟန်းသည် "ဤမည်သောကျောင်း၌ ဝါကျွတ်ပါ၏၊ ထိုကျောင်း၌ အကျွန်ုပ်၏သက်န်းအဘို ရှိရစ်ပါ၏" ဟု ပြောဆို၏။ ထိုရဟန်းတို့သည် "ငါ့သျှင် သွားချေ၊ ထိုသက်န်းကို ဆောင်ခဲ့လော့၊ ငါတို့သည် ဤကျောင်း၌ သင်၏ သက်န်းကို ချုပ်ကုန်အံ့" ဟု ပြောဆိုကုန်၏။

ထိုရဟန်းသည် ထိုကျောင်းသို့သွား၍ ရဟန်းတို့ကို "ငါ့သျှင်တို့ အကျွန်ုပ်၏သက်န်းအဘိုသည် အဘယ်မှာနည်း" ဟု မေး၏။ ထိုရဟန်းတို့သည် "ငါ့သျှင် ဤသည်ကား သင်၏ သက်န်းအဘိုတည်း" ဟု ပြောဆိုကုန်၏။ ထိုရဟန်းသည် ထိုသက်န်းကိုယူ၍ ထိုကျောင်းသို့ သွား၏၊ ထိုရဟန်းကို ခရီးအကြား၌ ရဟန်းတို့သည် "ငါ့သျှင် အဘယ်အရပ်သို့ သွားမည်နည်း" ဟု မေးကုန်၏။ ထိုရဟန်းသည် "ဤမည်သော ကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ရဟန်းတို့သည် အကျွန်ုပ်၏သက်န်းကို ချုပ်ကုန်လတ္တံ့" ဟု ပြောဆို၏။

ထိုရဟန်းတို့သည် "ငါ့သျှင် မသင့် မသွားပါလင့်၊ ငါတို့သည် ဤကျောင်း၌ သင်၏သက်န်းကို ချုပ်ကုန်အံ့" ဟု ပြောဆိုကုန်၏။ ထိုရဟန်းအား "ဤကျောင်း၌သာလျှင် ဤသက်န်းကိုချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသက်န်းကို ချုပ်စေ၏၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၄)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် အရပ်တပါးသို့ သွားလိုသည်ဖြစ်၍ ရအပ်သော သက်န်းအဘိုကို အလိုရှိလျက် ဖဲသွား၏၊ အရပ်တပါးသို့ရောက်လာသော ထိုရဟန်းကို ရဟန်းတို့သည် "ငါ့သျှင် သင်သည် အဘယ်အရပ်၌ ဝါကျွတ်သနည်း၊ အဘယ်ကျောင်း၌ သင်၏ သက်န်းအဘို ရှိသနည်း" ဟု မေးကုန်၏။ ထိုရဟန်းသည် "ဤမည်သော ကျောင်း၌ ဝါကျွတ်ပါ၏၊ ထိုကျောင်း၌ အကျွန်ုပ်၏ သက်န်းအဘို ရှိရစ်ပါ၏" ဟု ပြောဆို၏။ ထိုရဟန်းတို့သည် "ငါ့သျှင် သွားချေ၊ ထိုသက်န်းအဘိုကို ဆောင်ခဲ့လော့၊ ငါတို့သည် ဤကျောင်း၌ သင်၏ သက်န်းကို ချုပ်ကုန်အံ့" ဟုပြောဆိုကုန်၏။

ထိုရဟန်းသည် ထိုကျောင်းသို့သွား၍ ရဟန်းတို့ကို "ငါ့သျှင်တို့ အကျွန်ုပ်၏သက်န်းအဘိုသည် အဘယ်မှာနည်း" ဟု မေး၏။ ထိုရဟန်းတို့သည် "ငါ့သျှင် ဤသည်ကား သင်၏ သက်န်းအဘိုတည်း" ဟု ပြောဆိုကုန်၏။ ထိုရဟန်းသည် ထိုသက်န်းကိုယူ၍ ထိုကျောင်းသို့သွား၏၊ ထိုရဟန်းကို ခရီးအကြား၌ ရဟန်းတို့သည် "ငါ့သျှင် အဘယ်အရပ်သို့ သွားမည်နည်း" ဟု မေးကုန်၏။

http://www.dhammadownload.com



ထိုရဟန်းသည် "ဤမည်သော ကျောင်းသို့သွားအံ့၊ ထိုကျောင်း၌ ရဟန်းတို့သည် အကျွန်ုပ်၏ သင်္ကန်း ကို ချုပ်ကုန်လတ္တံ့" ဟု ပြောဆို၏။

ထိုရဟန်းတို့သည် "ငါ့ချင် မသင့် မသွားပါလင့်၊ ငါတို့သည် ဤကျောင်း၌ သာလျှင် သင်၏ သင်္ကန်းကို ချုပ်ကုန်အံ့" ဟု ပြောဆိုကုန်၏။ ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟုအကြံဖြစ်၏။ ထိုရဟန်းအားသန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၅)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် အရပ်တပါးသို့ သွားလိုသည်ဖြစ်၍ ရအပ်သော သင်္ကန်းအဘို့ကို အလိုရှိလျက် ဖဲသွား၏။ပ။ "ဤကျောင်း၌သာလျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန် တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၆)

၃၂၃။ ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် အရပ်တပါးသို့သွားလိုသည်ဖြစ်၍ ရအပ် သော သင်္ကန်းအဘို့ကို အလိုရှိလျက် ဖဲသွား၏၊ အရပ်တပါးသို့ရောက်လာသော ထိုရဟန်းကို ရဟန်း တို့သည် "ငါ့ချင် သင်သည် အဘယ်အရပ်၌ ဝါကျွတ်သနည်း၊ အဘယ်ကျောင်း၌ သင်၏ သင်္ကန်းအဘို့ ရှိသနည်း" ဟုမေးကုန်၏။ ထိုရဟန်းသည် "ဤမည်သော ကျောင်း၌ ဝါကျွတ်ပါ၏၊ ထိုကျောင်း၌ အကျွန်ုပ်၏ သင်္ကန်းအဘို့ ရှိရစ်ပါ၏" ဟု ပြောဆို၏။ ထိုရဟန်းတို့သည် "ငါ့ချင် သွားချေ၊ ထိုသင်္ကန်း အဘို့ကို ဆောင်ခဲ့လော့၊ ငါတို့သည် ဤကျောင်း၌ သင်၏ သင်္ကန်းကို ချုပ်ကုန်အံ့"ဟု ပြောဆိုကုန်၏။

ထိုရဟန်းသည် ထိုကျောင်းသို့သွား၍ ရဟန်းတို့ကို "ငါ့ချင်တို့ အကျွန်ုပ်၏ သင်္ကန်းအဘို့သည် အဘယ်မှာနည်း" ဟု မေး၏။ ထိုရဟန်းတို့သည် "ငါ့ချင် ဤသည်ကား သင်၏ သင်္ကန်းအဘို့တည်း" ဟု ပြောဆိုကုန်၏။ ထိုရဟန်းသည် ထိုသင်္ကန်းကို ယူ၍ ထိုကျောင်းသို့ သွား၏၊ ထိုကျောင်းသို့ ရောက်ပြီးသော ထိုရဟန်းအား "ဤကျောင်း၌သာလျှင် ဤသင်္ကန်းကို ချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေအံ့၊ ထိုရဟန်းအား နိဋ္ဌာနန္တိက ကထိန်နုတ် ခြင်း မည်၏။ (၇)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် အရပ်တပါးသို့ သွားလိုသည်ဖြစ်၍ ရအပ်သော သင်္ကန်းအဘို့ကို အလိုရှိလျက် ဖဲသွား၏။ပ။ "ဤသင်္ကန်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၈)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် အရပ်တပါးသို့ သွားလိုသည်ဖြစ်၍ ရအပ်သော သင်္ကန်းအဘို့ကို အလိုရှိလျက် ဖဲသွား၏။ပ။ "ဤအရပ်၌ သာလျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့ အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်းသည် ချုပ်စဉ် ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၉)

အလိုရှိခြင်း ၉-ပါး ပြီး၏။

---

## ၁၉၉-ချမ်းသာစွာနေခြင်း ၅-ပါး

၃၂၄။ ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချမ်းသာစွာ နေလိုသည်ဖြစ်၍ (မချုပ် ရသေးသော) သင်္ကန်းကိုယူပြီးလျှင် "ဤမည်သောကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်းဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်းမဖြစ်လျှင် ဤမည်သောကျောင်းသို့

http://www.dhammadownload.com



သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်းဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်း မဖြစ်လျှင် ဤမည်သော ကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်းဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်းမဖြစ်လျှင် ပြန်လာအံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ရောက်ပြီးသော ထိုရဟန်းအား "ဤကျောင်း၌သာလျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေအံ့၊ နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၁)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချမ်းသာစွာနေလိုသည်ဖြစ်၍ (မချုပ်ရသေးသော) သင်္ကန်းကို ယူပြီးလျှင် "ဤမည်သောကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်းဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အားချမ်းသာခြင်းမဖြစ်လျှင် ဤမည်သော ကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အားချမ်းသာခြင်းဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်းမဖြစ်လျှင် ဤမည်သော ကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်းဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်းမဖြစ်လျှင် ပြန်လာအံ့" ဟု ဖဲသွား၏၊ သိမ်အပသို့ ရောက်ပြီးသော ထိုရဟန်းအား "ဤသင်္ကန်းကို မချုပ်တော့အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းအား သန္နိဋ္ဌာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (၂)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချမ်းသာစွာနေလိုသည်ဖြစ်၍ (မချုပ်ရသေးသော) သင်္ကန်းကို ယူပြီးလျှင် "ဤမည်သော ကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်း ဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်းမဖြစ်လျှင် ဤမည်သော ကျောင်းသို့ သွားအံ့၊ ထို ကျောင်း၌ ငါ့အား ချမ်းသာခြင်းဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်းမဖြစ်လျှင် ဤမည်သောကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်းဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်းမဖြစ်လျှင် ပြန်လာအံ့" ဟု ဖဲသွား၏။

သိမ်အပသို့ ရောက်ပြီးသော ထိုရဟန်းအား "ဤကျောင်း၌ပင်လျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းအား ထိုသင်္ကန်း သည် ချုပ်စဉ်ပျောက်ပျက်၏၊ ထိုရဟန်းအား နာသနန္တိက ကထိန်နုတ်ခြင်း မည်၏။ (၃)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချမ်းသာစွာနေလိုသည်ဖြစ်၍ (မချုပ်ရသေးသော) သင်္ကန်းကို ယူပြီးလျှင် "ဤမည်သော ကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်း ဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်း မဖြစ်လျှင် ဤမည်သောကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်းဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်း မဖြစ်လျှင် ဤမည်သောကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်းဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်း မဖြစ်လျှင် ပြန်လာအံ့" ဟု ဖဲသွား၏။

ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းသည် သင်္ကန်း ချုပ်ပြီးသောအခါ "ပြန်အံ့ ပြန်အံ့" ဟု ကြံနေစဉ် သိမ်အပ၌ ကထိန်နုတ်ခြင်းကို လွန်စေ၏၊ ထိုရဟန်း အား သိမာတိက္ကန္တိက ကထိန်နုတ်ခြင်း မည်၏။ (၄)

ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချမ်းသာစွာနေလိုသည်ဖြစ်၍ (မချုပ်ရသေးသော) သင်္ကန်းကို ယူပြီးလျှင် "ဤမည်သော ကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်း ဖြစ်လျှင်နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်းမဖြစ်လျှင် ဤမည်သော ကျောင်းသို့ သွားအံ့၊ ထို ကျောင်း၌ ငါ့အား ချမ်းသာခြင်းဖြစ်လျှင်နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်းမဖြစ်လျှင် ဤ

http://www.dhammadownload.com



မည်သောကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်း ဖြစ်လျှင်နေအံ့၊ ငါ့အား ချမ်းသာခြင်း မဖြစ်လျှင် ပြန်လာအံ့" ဟု ဖဲသွား၏၊ ထိုရဟန်းသည် သိမ်အပသို့ရောက်သောအခါ ထိုသင်္ကန်းကို ချုပ်၏၊ ထိုရဟန်းသည် သင်္ကန်းချုပ်ပြီးသောအခါ "ပြန်အံ့ ပြန်အံ့" ဟု ကြံစဉ် ကထိန်နုတ်မီ ရောက်လာ၏၊ ထိုရဟန်းအား ရဟန်းတို့နှင့်အတူ ကထိန်နုတ်ခြင်း မည်၏။ (၅)

ချမ်းသာစွာနေခြင်း ငါးပါး ပြီး၏။

## ၂၀၀-ပလိဗောဓ ရှိမရှိကို ပြခြင်း

၃၂၅။ ရဟန်းတို့ ကထိန်၏ ပလိဗောဓ[၁] တို့သည် နှစ်ပါးတို့တည်း၊ အပလိဗောဓတို့သည် နှစ်ပါးတို့တည်း။ ရဟန်းတို့ ကထိန်၏ ပလိဗောဓနှစ်ပါးတို့သည် အဘယ်တို့နည်း၊ ကျောင်းဟူသော ပလိဗောဓ သင်္ကန်းဟူသော ပလိဗောဓ ဤနှစ်ပါးတို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ကျောင်းဟူသော ပလိဗောဓ ဖြစ်သနည်း၊ ရဟန်းတို့ ရဟန်းသည် ထိုကျောင်း၌ နေမူလည်း နေအံ့၊ "ပြန်လာဦးမည်" ဟု ငဲ့ခြင်းရှိသည်ဖြစ်၍မူလည်း ဖဲသွားအံ့။ ရဟန်းတို့ ဤသို့လျှင် ကျောင်းဟူသော အာဝါသပလိဗောဓ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် သင်္ကန်းဟူသော ပလိဗောဓ ဖြစ်သနည်း၊ ရဟန်းတို့ ရဟန်းအား သင်္ကန်းမချုပ်ရသေးသည်မူလည်း ဖြစ်၏၊ ချုပ်၍မပြီးသေးသည်မူလည်း ဖြစ်၏၊ သင်္ကန်းရလိုခြင်း သည်မူလည်း မပြတ်စဲ။ ရဟန်းတို့ ဤသို့လျှင် သင်္ကန်းဟူသော စီဝရပလိဗောဓ ဖြစ်၏။ ရဟန်းတို့ ကထိန်၏ ပလိဗောဓတို့သည် ဤနှစ်ပါးတို့တည်း။

ရဟန်းတို့ ကထိန်၏ အပလိဗောဓ နှစ်ပါးတို့သည် အဘယ်တို့နည်း။ ကျောင်းဟူသော အာဝါသ အပလိဗောဓ သင်္ကန်းဟူသော စီဝရအပလိဗောဓ ဤနှစ်ပါးတို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ကျောင်းဟူသော အပလိဗောဓ ဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ထိုကျောင်းမှ စွန့်သဖြင့် ထွေးအံ့သဖြင့် လွှတ်သဖြင့် မငဲ့သဖြင့် "မပြန်တော့ ပြီ" ဟု ဖဲသွားအံ့၊ ရဟန်းတို့ ဤသို့လျှင် ကျောင်းဟူသော အာဝါသအပလိဗောဓ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် သင်္ကန်းဟူသော အပလိဗောဓ ဖြစ်သနည်း၊ ရဟန်းတို့ ရဟန်းအား သင်္ကန်းသည် ချုပ်၍ပြီးသည်မူလည်း ဖြစ်၏၊ ပျောက်သည်မူလည်း ပျက်သည်မူလည်း မီးလောင် သည်မူလည်းဖြစ်၏၊ သင်္ကန်းရလိုခြင်းသည်မူလည်း ပြတ်စဲ၏။ ရဟန်းတို့ ဤသို့လျှင် သင်္ကန်းဟူသော စီဝရအပလိဗောဓ ဖြစ်၏။ ရဟန်းတို့ ကထိန်၏ အပလိဗောဓတို့သည် ဤနှစ်ပါးတို့တည်း ဟု မိန့်တော် မူ၏။

သတ္တမကထိနက္ခန္ဓက ပြီး၏။

---

၁။ နှောင့်ယှက်ဖျက်ဆီးတတ်သော

http://www.dhammadownload.com



## ၂၀၁-ကထိနက္ခန္ဓက၏ အကျဉ်းချုပ်

ပါဝေယျကတိုင်းသားဖြစ်သော သုံးကျိပ်သောရဟန်းတို့၊ သာကေတမြို့၌ မပျော်ပိုက်ပဲ ဝါဆိုကြခြင်း၊ ဝါကျွတ်သောအခါ မိုးရေဖြင့် ပြည့်သော သင်္ကန်းတို့ဖြင့် ဘုရားဖူးမြော်ရန် လာကြခြင်း၊

ဤသည်ကား ဝတ္ထုတည်း၊ ကထိန်ခင်းသောရဟန်းအား ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ ဒါယကာအိမ်သို့ သွားနိုင်ခြင်း၊ တိစီဝရိက် အဓိဋ္ဌာန်တင်သော သင်္ကန်းကို မယူပဲ သွားနိုင်ခြင်း၊ ဂဏဘောဇဉ်ကို စားနိုင်ခြင်း၊ အလိုရှိတိုင်း အဓိဋ္ဌာန် ဝိကပ္ပနာမပြုပဲ သင်္ကန်းကို ဆောင်နိုင်ခြင်း၊ ကထိန်ခင်းသောကျောင်း၌ သင်္ကန်းဖြစ်ပေါ်တိုင်း ကထိန်ခင်းသောရဟန်းတို့အား ဖြစ်နိုင်ခြင်း၊ ဤငါးပါးသော အာနိသင်တို့ ရအပ်ကုန်ခြင်း၊ ဉတ်ကမ္မဝါဖြင့် ပေးခြင်း၊ ဤသို့ ခင်းသည်ရှိသော် ကထိန်ခင်းသည် မည်ခြင်း၊ ဤသို့ ခင်းသည်ရှိသော် ကထိန်ခင်းသည် မမည်ခြင်း။

အလျား အနံကို တောင်ထွာကာမျှ ဖွပ်လျှော်ကာမျှ စီရင်ကာမျှ ဖြတ်ကာမျှ သီစပ်အပ်ကာမျှ လည်သီးဖောက်ကာမျှ တလုပ်အုပ်ကာမျှ အလွှာတဲကာမျှ အလျား အနားပတ်တင်ကာမျှ အနံအနားပတ်တင်ကာမျှ သလင်းထောင်ကာမျှ ဝါကြိမ်သာဆိုးကာမျှ နိမိတ်ပြု၍ရသော ပုဆိုးငှါးသောပုဆိုး သိုမှီးသောပုဆိုး ညဉ့်လွန်သောပုဆိုး ကပ္ပဗိန္ဒု မထိုးသောပုဆိုး ထိုသင်္ကန်း သုံးထည်တို့ကို ထား၍

ငါးခဏ်း ငါးခဏ်းထက်လွန်သော သင်္ကန်းတို့ကို ထား၍ အိမ်ကြီးအိမ်ငယ်နှင့် အတူတကွဖြတ်သည်ကိုထား၍ ခင်းတတ်သော ပုဂ္ဂိုလ်ကိုထား၍ ကထိန်ခင်းသည် မမည်၊ ကောင်းစွာခင်းသော်လည်း သိမ်အပ၌တည်၍ အနုမောဒနာ ပြုအံ့၊ ကထိန်ခင်းသည်မမည်၊ ဤသို့ ဘုရားဟောတော်မူ၏။

အသစ်ဖြစ်သောပုဆိုး အသစ်နှင့်တူသောပုဆိုး ဝတ်ပြီးသောပုဆိုး ပံသုကူပုဆိုး အိမ်ဈေးမှ ရသောပုဆိုး နိမိတ်မပြုပဲ ရသောပုဆိုး ပရိယာယ်မပြောပဲ ရသောပုဆိုး မငှါးသောပုဆိုး မသိုးသောပုဆိုး ညဉ့်မလွန်သောပုဆိုး ကပ္ပဗိန္ဒုထိုးသောပုဆိုး ထိုမှတပါး တိစီဝရိက်ဖြင့်ငှင်း ငါးခဏ်းဖြင့်ငှင်း ငါးခဏ်းထက်လွန်သော ခုနစ်ခဏ်းစသည်ဖြင့်ငှင်း အိမ်ကြီးအိမ်ငယ်နှင့်အတူ ဖြတ်သဖြင့်ငှင်း ခင်းတတ်သောပုဂ္ဂိုလ်၏ ခင်းခြင်းဖြင့်ငှင်း ကောင်းစွာခင်းသည်ရှိသော် သိမ်အတွင်း၌တည်၍ အနုမောဒနာပြုအံ့၊ ဤသို့ခင်းသည်ရှိသော် ကထိန်ခင်းသည် မည်၏။

ကထိန်နုတ်ခြင်း၏ မာတိကာတို့ကား ရှစ်ပါးတို့တည်း၊ ဖဲသွားခြင်းလျှင် အဆုံးရှိသော နုတ်ခြင်း သင်္ကန်းပြီးခြင်းလျှင် အဆုံးရှိသော နုတ်ခြင်း စိတ်ကို ဆုံးဖြတ်ခြင်းလျှင် အဆုံးရှိသော နုတ်ခြင်း ပျောက်ခြင်း ပျက်စီးခြင်းလျှင် အဆုံးရှိသော နုတ်ခြင်း ကထိန် နုတ်အပ်ပြီ ဟု ကြားခြင်းလျှင် အဆုံးရှိသော နုတ်ခြင်း အာသာပြတ်စဲခြင်းလျှင် အဆုံးရှိသော နုတ်ခြင်း သိမ်အပိုင်းအခြားကို လွန်ခြင်းလျှင် အဆုံးရှိသောနုတ်ခြင်း ရှစ်ခုမြောက်သော ရဟန်းတို့နှင့် အတူနုတ်ခြင်း၊ ဤ ရှစ်ပါးတို့တည်း။

အကြင်ရဟန်းသည် ချုပ်ပြီးသောသင်္ကန်းကို ယူ၍ "မပြန်တော့အံ့" ဟု သွားအံ့၊ ထိုရဟန်း၏ အကြင် ကထိန်နုတ်ခြင်းသည် ရှိ၏၊ ထို ကထိန်နုတ်ခြင်းသည် သွားခြင်းအဆုံးရှိသော ကထိန်နုတ်ခြင်း မည်၏။

http://www.dhammadownload.com



အကြင်ရဟန်းသည် မချုပ်ရသေးသော သင်္ကန်းကို ယူ၍သွား၏၊ သိမ်အပ၌ ဤသင်္ကန်းကို ချုပ်အံ့၊ "မပြန်တော့အံ့" ဟု ကြံအံ့၊ ထိုရဟန်းအား သင်္ကန်းပြီးဆုံးသောအခါ သင်္ကန်းပြီးခြင်း အဆုံး ရှိသော ကထိန်နုတ်ခြင်း မည်၏။

အကြင်ရဟန်းသည် မချုပ်ရသေးသော သင်္ကန်းကိုယူ၍ သိမ်အပသို့ ရောက်သောအခါ (ဤ သင်္ကန်းကို) "ချုပ်လည်း မချုပ်တော့ပြီ၊ ပြန်လည်း မပြန်တော့ပြီ" ဟု နှလုံးသွင်းအံ့၊ ထိုရဟန်းအား ထိုကထိန်နုတ်ခြင်းသည် ဆုံးဖြတ်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း မည်၏။

အကြင်ရဟန်းသည် မချုပ်ရသေးသော သင်္ကန်းကို ယူ၍သွားအံ့၊ သိမ်အပ၌ သင်္ကန်းကို ချုပ်အံ့၊ "မပြန်တော့အံ့" ဟု ကြံ၏၊ သင်္ကန်းချုပ်စဉ် ပျောက်ပျက်အံ့၊ ထိုရဟန်းအား ထိုကထိန်နုတ် ခြင်းသည် ပျောက်ပျက်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း မည်၏။

အကြင် ရဟန်းသည် သင်္ကန်းကို ယူ၍ "ပြန်လာအံ့" ဟု သွား၏၊ သင်္ကန်းချုပ်ပြီးသော ရဟန်း သည် ထိုကျောင်း၌ ကထိန်နုတ်သတတ် ဟု ကြား၏၊ ထိုရဟန်းအား ထိုကထိန်နုတ်ခြင်းသည် ကြား ခြင်းအဆုံးရှိသော ကထိန်နုတ်ခြင်း မည်၏။

အကြင် ရဟန်းသည် သင်္ကန်းကို ယူ၍ "ပြန်လာအံ့" ဟု သွား၏၊ သိမ်အပ၌ သင်္ကန်းကိုချုပ်၏၊ သင်္ကန်းချုပ်ပြီးသော ရဟန်းသည် သိမ်အပ၌ ကထိန်နုတ်သော သင်္ကန်း၏ အခါသမယကို လွန်စေအံ့၊ ထိုရဟန်းအား ထိုကထိန်နုတ်ခြင်းသည် သင်္ကန်း၏ သမယအပိုင်းအခြားကို လွန်၍ဖြစ်သော ကထိန် နုတ်ခြင်းမည်၏။

အကြင် ရဟန်းသည် သင်္ကန်းကိုယူ၍ "ပြန်လာအံ့" ဟု သွား၏၊ ထိုရဟန်းသည် သိမ်အပ၌ သင်္ကန်းကို ချုပ်အံ့၊ သင်္ကန်းချုပ်ပြီးသောအခါ "ပြန်အံ့" ဟု ကြံကာ ကထိန်နုတ်မီ ရောက်လာ၏၊ ထိုရဟန်းအား ထိုကထိန်နုတ်ခြင်းသည် ရဟန်းတို့နှင့်အတူ ကထိန်နုတ်ခြင်း မည်၏။

အာဒါယဝါရ အလားသည်၄င်း သမာဒါယဝါရ အလားသည်၄င်း ခုနစ်ဝါရစီ ခုနစ်ဝါရစီ အပြားရှိ၏၊ ဆက္ကခုနစ်ခုဘို့၌ကား ပက္ကမနန္တိကဝါရ မရှိ၊ ဝိပ္ပကတအလား ရှိကုန်၏။

နိဋ္ဌာနန္တိကသည်၄င်း သန္နိဋ္ဌာနန္တိကသည်၄င်း နာသနန္တိကသည်၄င်း ဤသုံးဝါရတို့သည် ကာရေယံဟူသော ပုဒ်အဆူးဖြင့်ဖြစ်၏၊ (ထိုနောက်) နိဋ္ဌာနန္တိကသည်၄င်း သန္နိဋ္ဌာနန္တိကသည် ၄င်း နာသနန္တိကသည်၄င်း၊ ဤသုံးဝါရတို့သည် သင်္ကန်းကိုယူ၍ သိမ်အပ၌ ပြုအံ့ "မပြန် တော့အံ့" ဟု (သွား၏)။

(ထိုနောက်) သုံးပါးသော ဝါရတို့သည် ထိုရဟန်း၏ "ပြန်အံ့ မပြန်ပြီ" ဟု မဆောက် တည်သော စိတ်ဖြင့်ပင်လျှင် အောက်၌ ဆိုခဲ့ပြီးသောနည်း အစီအရင်ရှိကုန်၏။

ရဟန်းသည် သင်္ကန်းကိုယူ၍ "ပြန်လာအံ့" ဟု သွား၏၊ သိမ်အပ၌ ချုပ်အံ့၊ "မပြန်ပြီ" ဟု ချုပ်၏၊ သင်္ကန်းပြီးသောအခါ ကထိန်နုတ်ခြင်းသည် ဖြစ်၏၊ ဆုံးဖြတ်ခြင်း အဆုံးရှိသော နုတ်ခြင်းသည်၄င်း သင်္ကန်းပျောက်ပျက်ခြင်း အဆုံးရှိသော နုတ်ခြင်းသည်၄င်း၊ ကြားခြင်း အဆုံးရှိသော နုတ်ခြင်းသည်၄င်း သင်္ကန်းသမယလွန်သော နုတ်ခြင်းတို့သည်၄င်း ဖြစ်ကုန်၏၊ ရဟန်းတို့နှင့်အတူ နုတ်ခြင်းသည်လည်း ဖြစ်၏၊ ဤသို့ (အာဒါယဝါရသည်) ပန္နရသက ဖြစ်၏။

http://www.dhammadownload.com



သမာဒါယဝါရသည်လည်း တဆယ့်ငါးပါးသော ပန္နရသကဖြစ်၏၊ တဖန်ဝိပ္ပကတပုဒ်နှင့် အတူ ရှိသော အာဒါယသတ္တရသက သမာဒါယသတ္တရသက နှစ်ပါးသည်လည်း ထိုအတူ အလုံးစုံသော ထိုလေးဝါရတို့သည် တဆယ့်ငါးပါးသော အစီအရင် ရှိကုန်၏။

သက်န်းရခြင်းကို အလိုမရှိသဖြင့်၎င်း သက်န်းရခြင်းကို အလိုရှိသဖြင့်၎င်း ပြုဖွယ်ဖြင့်၎င်း ထိုအနာသာ စသည်တို့သည် သုံးပါးတို့တည်း၊ ထိုသုံးပါးကို အကျဉ်းအားဖြင့် သိရာ၏၊ သုံးပါးတို့သည် တဆယ့်နှစ်ဝါရစီ တဆယ့်နှစ်ဝါရစီ ရှိကုန်၏။

ဤခန္ဓက၌ အပဝိလာယနဝါရတို့ကား ကိုးပါးတို့တည်း၊ ထိုခန္ဓက၌ ဖာသုဝိဟာရတို့ကား ငါးပါးအပြား ရှိကုန်၏၊ ပလိဗောဓ အပလိဗောဓတို့ကား နှစ်ပါးတို့တည်း၊ (ဤသို့) ဥဒ္ဒါန်းကို အကျဉ်းအားဖြင့် ပြု၏။ ဤသည်လျှင် ကထိနက္ခန္ဓက အပြီးသတ်တည်း။

ဤကထိနက္ခန္ဓက၌ ဒေါင္ဌသက သုံးပါးလျှင် ပေယျာလအကြောင်းရှိသော ဝတ္ထုတို့ကား တရာ့ တဆယ့် ရှစ်ပါးတို့တည်း။

## ကထိနက္ခန္ဓက ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

# ၈-ဓိဝရက္ခန္ဓက

## ၂၀၂-ဇီဝကဝတ္ထု

၃၂၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဝေသာလီပြည်သည် ပြည့်စုံကြွယ်ဝ၏၊ စည်ပင်ဝပြော၏၊ များသောလူဦးရေရှိ၏၊ လူမျိုးစုံတို့ဖြင့် ပြွမ်း၏၊ သာယာဝပြော၏၊ ပြာသာဒ် ခုနစ်ထောင် ခုနစ်ရာ ခုနစ်ဆောင်တို့သည်၎င်း၊ အထွတ်တပ်သော အိမ် ခုနစ်ထောင် ခုနစ်ရာ ခုနစ်ဆောင်တို့သည်၎င်း အရံ ခုနစ်ထောင် ခုနစ်ရာ ခုနစ်ခုတို့သည်၎င်း၊ ရေကန် ခုနစ်ထောင် ခုနစ်ရာ ခုနစ်ကန်တို့သည်၎င်း ရှိကုန်၏။

ထိုပြင် အမ္ဗပါလီ ပြည့်တန်ဆာမသည် အလွန် အဆင်းလှ၏၊ ကြည့်ရှုဖွယ်ကောင်း၏၊ စိတ်ကိုကြည်လင်စေနိုင်၏၊ မြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊ ကခြင်း၌၎င်း သီချင်းသီဆိုခြင်း၌၎င်း တီးမှုတ်ခြင်း၌၎င်း လိမ်မာကျွမ်းကျင်၏၊ အလိုရှိကုန် အလိုရှိကုန်သော လူတို့သည် ကပ်ရောက်အပ်သည်ဖြစ်၍ အသပြာ ငါးဆယ်ဖြင့်လည်း ညဉ့်အခါ၌ သွားလာရ၏၊ ထိုပြည့်တန်ဆာမကြောင့်လည်း ဝေသာလီပြည်သည် အဘိုင်းထက်အလွန် တင့်တယ်၏။

ထိုအခါ ရာဇဂြိုဟ်နယ်သား အထက်တန်းစား ကျေးရွာလူကြီးသည် ပြုဖွယ်ကိစ္စ တစုံတရာဖြင့် ဝေသာလီပြည်သို့ သွားလေ၏၊ ရာဇဂြိုဟ်နယ်သား အထက်တန်းစား ကျေးရွာလူကြီးသည် ပြည့်စုံကြွယ်ဝသော စည်ပင်ဝပြောသော များသော ဦးရေရှိသော လူမျိုးစုံတို့ဖြင့် ပြွမ်းသော သာယာဝပြောသော ဝေသာလီပြည်ကို မြင်လေ၏၊ ပြာသာဒ် ခုနစ်ထောင် ခုနစ်ရာ ခုနစ်ဆောင်တို့ကို၎င်း အထွတ်တပ်သော အိမ် ခုနစ်ထောင် ခုနစ်ရာ ခုနစ်ဆောင်တို့ကို၎င်း အရံ ခုနစ်ထောင် ခုနစ်ရာ ခုနစ်ခုတို့ကို၎င်း၊ ရေကန်ခုနစ်ထောင် ခုနစ်ရာ ခုနစ်ကန်တို့ကို၎င်း မြင်လေ၏။

အလွန်အဆင်းလှသော ကြည့်ရှုဖွယ်ကောင်းသော စိတ်ကိုကြည်လင်စေနိုင်သော မြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော ကခြင်း၌၎င်း သီချင်းသီဆိုခြင်း၌၎င်း တီးမှုတ်ခြင်း၌၎င်း လိမ်မာကျွမ်းကျင်သော အလိုရှိကုန် အလိုရှိကုန်သော လူတို့သည် ကပ်ရောက်အပ်သည်ဖြစ်၍ အသပြာ ငါးဆယ်ဖြင့် ညဉ့်အခါ၌ သွားလာရသော အမ္ဗပါလီ ပြည့်တန်ဆာမကို မြင်လေ၏၊ ထိုသူမကြောင့်လည်း အဘိုင်းထက်အလွန် တင့်တယ်သော ဝေသာလီပြည်ကို မြင်လေ၏။

၃၂၇။ ထိုအခါ ရာဇဂြိုဟ်နယ်သား အထက်တန်းစား ကျေးရွာလူကြီးသည် ဝေသာလီပြည်၌ ထိုပြုဖွယ်ကိစ္စကို ပြီးဆုံးစေပြီးလျှင် တဖန် ရာဇဂြိုဟ်ပြည်သို့ပြန်လာ၏၊ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်မင်းကြီး ဝေသာလီပြည်သည် ပြည့်စုံ ကြွယ်ဝ၏၊ စည်ပင်ဝပြော၏၊ များသောလူဦးရေရှိ၏၊ လူမျိုးစုံတို့ဖြင့် ပြွမ်း၏၊ သာယာဝပြော၏၊ ပြာသာဒ်ပေါင်း ခုနစ်ထောင် ခုနစ်ရာ ခုနစ်ဆောင် ရှိကုန်၏၊ပ။ ထိုပြည့်တန်ဆာမကြောင့်လည်း ဝေသာလီပြည်သည် အဘိုင်းထက်အလွန်တင့်တယ်၏၊ အရှင်မင်းကြီးတောင်းပန်ပါ၏၊ အကျွန်ုပ်တို့သည်လည်း ပြည့်တန်ဆာမကို ထားပါကုန်အံ့" ဟု လျှောက်၏။

http://www.dhammadownload.com



အချင်း သို့ဖြစ်လျှင် သင်တို့သည် ပြည့်တန်ဆာမကို ထားလိုက (အမ္ဗပါလီနှင့်) အလားတူ မိန်းမပျိုကို သိကုန်လော့ ဟု ပြောဆို၏။ ထိုအခါ ရာဇဂြိုဟ်ပြည်၌ သာလဝတီမည်သော မိန်းမပျိုသည် အလွန်အဆင်းလှ၏၊ ကြည့်ရှုဖွယ်ကောင်း၏၊ စိတ်ကိုကြည်လင်စေနိုင်၏၊ မြတ်သောအဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏။ ထိုအခါ ရာဇဂြိုဟ်နယ်သား အထက်တန်းစား ကျေးရွာလူကြီးသည် သာလဝတီမည်သော မိန်းမပျိုကို ပြည့်တန်ဆာမ (ပြု၍) ထား၏။ ထို့နောက် သာလဝတီပြည့်တန်ဆာမသည် မကြာမီ ပင်လျှင် ကခြင်း၌၎င်း သီချင်းသီဆိုခြင်း၌၎င်း တီးမှုတ်ခြင်း၌၎င်း လိမ္မာကျွမ်းကျင်၏၊ အလိုရှိကုန်သောလူတို့သည် ကပ်ရောက်အပ်သည်ဖြစ်၍ အသပြာတရာဖြင့် ညဉ့်အခါ၌ သွားလာရ၏၊ ထို့နောက် သာလဝတီ ပြည့်တန်ဆာမအား မကြာမီပင်လျှင် ကိုယ်ဝန်ရှိလေ၏။

ထိုအခါ သာလဝတီ ပြည့်တန်ဆာမအား "မိန်းမသည် ကိုယ်ဝန်ရှိလတ်သော် ယောကျ်ားတို့ မနှစ်သက်ဖွယ်ဖြစ်၏၊ အကယ်၍ ငါ့ကို တစုံတယောက်က 'သာလဝတီပြည့်တန်ဆာမသည် ကိုယ်ဝန်ရှိ၏' ဟု သိအံ့၊ အလုံးစုံသော လာဘ်လာဘသည် ငါ့အားပျက်စီးလတ္တံ့၊ ငါသည် နာဖျား၏ ဟု သိစေရမူ ကောင်းလေရာ၏" ဟု အကြံဖြစ်၏။

ထိုအခါ သာလဝတီ ပြည့်တန်ဆာမသည် တံခါးစောင့်ကို "အချင်းတံခါးစောင့် တစုံတယောက်သော ယောကျ်ားကိုမျှ မဝင်စေလင့်၊ အကြင် ယောကျ်ားသည် ငါ့ကို မေးအံ့၊ 'နာဖျားနေ၏' ဟု ပြောကြားလေလော့" ဟု မှာကြားထားလေ၏။

"ကောင်းပါပြီ အရှင်မ" ဟု တံခါးစောင့်သည် သာလဝတီ ပြည့်တန်ဆာမအား ဝန်ခံ၏။ ထို့နောက် သာလဝတီ ပြည့်တန်ဆာမသည် ထိုကိုယ်ဝန်ရင့်ခြင်းကို စွဲ၍ သားဖွား၏။ ထိုအခါ သာလဝတီ ပြည့်တန်ဆာမသည် ကျွန်မကို "ဟယ် ကျွန်မ ယူလော့၊ ဤသူငယ်ကို စင်ကောဟောင်း၌ထည့်၍ ယူဆောင်ပြီးလျှင် တံမြက်ချေးစွန့်ရာ အရပ်၌ စွန့်ပစ်ချေလော့" ဟု စေခိုင်း၏။ "ကောင်းပါပြီ အရှင်မ" ဟု ထိုကျွန်မသည် သာလဝတီပြည့်တန်ဆာမအား ဝန်ခံ၍ ထိုသူငယ်ကို စင်ကောဟောင်း၌ ထည့်ပြီးလျှင် ယူဆောင်ကာ တံမြက်ချေးစွန့်ရာ အရပ်၌ စွန့်ပစ်လေ၏။

၃၂၈။ ထိုအခါ အဘယမင်းသားသည် စောစောသာလျှင် မင်းအား ခစားရန် သွားသည်ရှိသော် ကျီးတို့ဖြင့် ဝန်းရံနေသော ထိုသူငယ်ကိုမြင်၍ လူတို့ကို "အချင်းတို့ ကျီးတို့ဖြင့် ဝန်းရံနေသော ဤဝတ္ထုကား အဘယ်နည်း" ဟု မေး၏။ အရှင်မင်းသား သူငယ်ပါတည်း ဟု (ဆိုကုန်၏)။ အချင်းတို့ အသက်ရှိသေး၏လော ဟု (မေးသည်ရှိသော်) အရှင်မင်းသား အသက်ရှိပါသေး၏ ဟု (ဆိုကုန်၏)။ အချင်းတို့ သို့ဖြစ်လျှင် ထိုသူငယ်ကို ငါ၏အိမ်တော်သို့ ဆောင်၍ အထိန်းတို့အား မွေးမြူစိမ့်သောငှါ ပေးကုန်လော့ ဟု (ဆို၏)။

"အရှင်မင်းသား ကောင်းပါပြီ" ဟု ထိုလူတို့သည် အဘယမင်းသားအား ဝန်ခံ၍ ထိုသူငယ်ကို အဘယမင်းသား၏ အိမ်တော်သို့ဆောင်ပြီးလျှင် အထိန်းတို့အား "မွေးမြူကုန်လော့" ဟု ပေးကုန်၏။ ထိုသူငယ်အား အသက်ရှိသေး၏လော ဟူသော အမေးကြောင့် "ဇီဝက" (မောင်သက်ရှည်) ဟူသော အမည်ကို မှည့်ကုန်၏၊ မင်းသားသည် မွေးမြူစေအပ်သောကြောင့် "ကောမာရဘစ္စ" ဟူသော အမည်ကို မှည့်ကုန်၏။

ထို့နောက် အဘယမင်းသား မွေးမြူအပ်သော ဇီဝကသည် မကြာမီပင်လျှင် သိကြားလိမ္မာသော အဖြစ်သို့ရောက်၏။ ထိုအခါ အဘယမင်းသား မွေးမြူအပ်သော ဇီဝကသည် အဘယမင်းသား

http://www.dhammadownload.com



ထံသို့ ချဉ်းကပ်ပြီးလျှင် အဘယမင်းသားကို "အရှင်မင်းသား အကျွန်ုပ်၏ အမိကား အဘယ်သူပါနည်း၊ အကျွန်ုပ်၏ အဘကား အဘယ်သူပါနည်း" ဟု မေး၏၊ အချင်းဇီဝက ငါသည်လည်း သင်၏ အမိကို မသိ၊ စင်စစ်မှာမူကား ငါသည် သင်၏ အဘတည်း၊ ငါသည်ပင်လျှင် မွေးမြူအပ်၏ ဟု (ပြောဆို၏။)

ထိုအခါ၌ အဘယမင်းသား မွေးမြူသော ဇီဝကအား "အတတ်ပညာ မရှိပဲ ဤမင်းမျိုးတို့ကိုမှီ၍ အသက်မွေးခြင်းငှါ မလွယ်ကူ၊ ငါသည် (ဆေး) အတတ်ကို သင်ရမူ ကောင်းရာ၏" ဟု အကြံ ဖြစ်၏။

၃၂၉။ ထိုအခါ တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခ ဆေးဆရာသည် နေ၏။ ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကသည် အဘယမင်းသားကို မပန်ကြားပဲ တက္ကသိုလ်ပြည်သို့ သွား၏၊ အစဉ်အတိုင်း သွားသည်ရှိသော် တက္ကသိုလ်ပြည်ဆေးဆရာထံသို့ ချဉ်းကပ်ပြီးနောက် ထိုဆေးဆရာကို "ဆရာ အကျွန်ုပ်သည် ဆေးအတတ်ကို သင်ခြင်းငှါ အလိုရှိပါ၏" ဟု ပြောဆို၏။ အချင်းဇီဝက သို့ဖြစ်လျှင် သင်လော့ ဟု (ပြောဆို၏)။ ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကသည် များစွာလည်း သင်၏၊ လျင်စွာလည်း တတ်၏၊ ကောင်းစွာလည်း စုံစမ်း၏၊ ထိုဇီဝကအား သင်တိုင်းသော ပညာသည်လည်း မမေ့ပျောက်။

ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကအား ခုနစ်နှစ်လွန်သောအခါ "ငါသည် များစွာလည်း သင်၏၊ လျင်စွာလည်း တတ်၏၊ ကောင်းစွာလည်း စုံစမ်း၏၊ သင်တိုင်းသော ပညာသည်လည်း ငါ့အားမမေ့ပျောက်၊ ခုနစ်နှစ်တိုင်ပတ်လုံး သင်သော ငါ့အား ဤဆေးအတတ်၏ အဆုံးသည် မထင်၊ အဘယ်အခါ၌ ဤဆေးအတတ်၏ အဆုံးသည် ထင်ပါအံ့နည်း" ဟု အကြံ ဖြစ်၏။

ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကသည် ဆေးဆရာထံသို့ ချဉ်းကပ်ပြီးလျှင် ထိုဆေးဆရာကို "ဆရာကြီး အကျွန်ုပ်သည် များစွာသင်ပါ၏၊ လျင်စွာလည်း တတ်ပါ၏၊ ကောင်းစွာလည်း စုံစမ်းပါ၏၊ သင်တိုင်းသော ပညာသည်လည်း အကျွန်ုပ်အား မမေ့ပျောက်ပါ၊ ခုနစ်နှစ်တို့ ပတ်လုံး သင်သော အကျွန်ုပ်အား ဤဆေးအတတ်၏ အဆုံးသည် မထင်ပါ၊ အဘယ်အခါ၌ ဤဆေးအတတ်၏ အဆုံးသည် ထင်ပါအံ့နည်း" ဟု ပြောဆို၏။

အချင်းဇီဝက သို့ဖြစ်လျှင် တူးရွင်းကိုယူ၍ တက္ကသိုလ်၏ အနီး ပတ်ဝန်းကျင် တယူဇနာသော အရပ်ကို လှည့်လည်လျက် ဆေးဖက်မဝင်သော သစ်ပင်တစုံတခုကို ကြည့်ရှုလေလော့၊ ထိုဆေးဖက်မဝင်သော သစ်ပင်ကိုဆောင်ခဲ့လော့ ဟု (ပြောဆို၏)။ "ဆရာ ကောင်းပါပြီ" ဟု အဘယမင်းသား မွေးမြူသော ဇီဝကသည် ထိုဆေးဆရာအား ဝန်ခံပြီးလျှင် တူးရွင်းကိုယူ၍ တက္ကသိုလ်ပြည်၏ အနီး ပတ်ဝန်းကျင် တယူဇနာသော အရပ်ကို လှည့်လည်သော် ဆေးဖက်မဝင်သော သစ်ပင် တစုံတခုကို မတွေ့မြင်လေ။

ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကသည် ဆေးဆရာထံသို့ ချဉ်းကပ်ပြီးလျှင် ထို ဆေးဆရာကြီးကို "ဆရာ တက္ကသိုလ်ပြည်၏ အနီးပတ်ဝန်းကျင် တယူဇနာသောအရပ်ကို လှည့်လည်ခဲ့ပါ၏၊ လှည့်လည်သော် ဆေးဖက်မဝင်သော သစ်ပင်တစုံတခုကို မတွေ့မြင်ပါ" ဟု ပြောဆို၏။ "အချင်း ဇီဝက ကောင်းစွာ သင်အပ်ပြီ၊ သင့်အား ဤမျှသော အတတ်သည် အသက်မွေးခြင်းငှါ စွမ်းနိုင်ပြီ" ဟု ပြောဆိုပြီးလျှင် အဘယမင်းသား မွေးမြူသော ဇီဝကအား အနည်းငယ်သော ရိက္ခာကို ပေးလိုက်၏။

http://www.dhammadownload.com



ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကသည် ထိုအနည်းငယ်သော ရိက္ခာကိုယူ၍ ရာဇဂြိုဟ်ပြည်သို့ ဖဲခွါသွားလေ၏။ ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကအား ထိုအနည်းငယ်သော ရိက္ခာသည် လမ်းခရီးအကြား သာကေတမြို့၌ ကုန်ခြင်းသို့ရောက်၏။ ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကအား "ဤခရီးခဲတို့သည်ကား ရေမရှိကုန်၊ အစာမရှိကုန်၊ ရိက္ခာမပါပဲ သွားခြင်းငှါ မလွယ်၊ ငါသည် ရိက္ခာရှာရမူ ကောင်းရာ၏" ဟု အကြံဖြစ်၏။

## ၂၀၃-သူဌေးကတော် ဝတ္ထု

၃၃၀။ ထိုအခါ သာကေတမြို့၌ သူဌေးကတော်အား ခုနစ်နှစ်စွဲကပ်သော ဦးခေါင်းကိုက်နာသည် ဖြစ်၏။ များစွာသော ဒိသာပါမောက္ခ ဆေးဆရာကြီးတို့သည် လာ၍ အနာပျောက်အောင် ကုသခြင်းငှါ မတတ်နိုင်ကုန်၊ များစွာသော ရွှေ ငွေကို ယူ၍ သွားကုန်၏။

ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကသည် သာကေတမြို့သို့ဝင်လျှင် လူတို့ကို "အချင်းတို့ အဘယ်သူသည် နာဖျားပါသနည်း၊ အဘယ်သူကို ကုသရပါအံ့နည်း" ဟု မေး၏။ ဆရာ ဤသူဌေးကတော်အား ဦးခေါင်းကိုက်နာသည် ခုနစ်နှစ်ရှိပါပြီ၊ ဆရာသွားပါလေ သူဌေးကတော်ကို ကုသပါလော့ ဟု (ပြောဆို၏)။ ထိုအခါ အဘယမင်းသားမွေးမြူသော ဇီဝကသည် သူဌေးအိမ်သို့သွားပြီးလျှင် တံခါးစောင့်ကို အချင်းတံခါးစောင့် သွားချေ၊ သူဌေးကတော်အား "အရှင်မ ဆေးဆရာ လာ၏၊ ထိုဆေးဆရာသည် သင်သူဌေးကတော်ကို ကြည့်ရှုလို၏ ဟု ပြောဆိုချေလော့" ဟု စေခိုင်းလေ၏။

"ဆရာ ကောင်းပါပြီ" ဟု ထိုတံခါးစောင့်သည် အဘယမင်းသား မွေးမြူသော ဇီဝကအား ဝန်ခံ၍ သူဌေးကတော်ထံသို့ သွားပြီးလျှင် သူဌေးကတော်ကို "အရှင်မ ဆေးဆရာရောက်လာ၏၊ ထိုဆေးဆရာသည် သင်သူဌေးကတော်ကို ကြည့်ရှုလို၏" ဟု ပြောဆို၏။ အချင်းတံခါးစောင့် ဆေးဆရာသည် အဘယ်မျှ အရွယ်ရှိသနည်း ဟု (မေး၏)။ ငယ်ရွယ်သူ ဖြစ်ပါသည် အရှင်မ ဟု (ပြောဆို၏)။ အချင်းတံခါးစောင့် မသင့်၊ ငါ့အား ငယ်သော ဆေးသမားသည် အဘယ်သို့ ပြုနိုင်ပါအံ့နည်း၊ များစွာသော ကြီးကုန် ကြီးကုန်သော ဒိသာပါမောက္ခ ဆေးဆရာတို့သည် လာ၍ အနာမရှိအောင် ကုသခြင်းငှါ မတတ်နိုင်ကုန်၊ များစွာသော ရွှေငွေကို ယူ၍ သွားကုန်၏ ဟု (ပြောဆို၏)။

ထိုအခါ ထိုတံခါးစောင့်သည် အဘယမင်းသား မွေးမြူသော ဇီဝကထံသို့ ချဉ်းကပ်ပြီးလျှင် အဘယမင်းသား မွေးမြူသော ဇီဝကကို "ဆရာသူဌေးကတော်သည် အချင်းတံခါးစောင့် မသင့် ငါ့အား ငယ်သော ဆေးသမားသည် အဘယ်သို့ ပြုနိုင်ပါအံ့နည်း၊ များစွာသော ကြီးကုန်ကြီးကုန်သော ဒိသာပါမောက္ခ ဆရာတို့သည် လာ၍ အနာမရှိအောင် ကုသခြင်းငှါ မတတ်နိုင်ကုန်၊ များစွာသော ရွှေငွေကို ယူ၍ သွားကုန်၏" ဟု ပြောဆိုပါသည် ဟူ၍ ဆိုလေ၏။

အချင်းတံခါးစောင့် သွားပါချေဦး၊ သူဌေးကတော်အား "အရှင်မ အနာမပျောက်မီ ရွှေးဦးစွာ တစုံတခုသော အခကိုမျှ မပေးပါလင့်၊ အနာရောဂါ မရှိသောအခါမှ ပေးလိုသော ဝတ္ထုကို ပေးပါလော့" ဟု ဆေးဆရာက ပြောပါသည်ဟူ၍ ပြောဆိုပါလော့ ဟု စေခိုင်း၏။ "ဆရာ ကောင်းပါပြီ" ဟု ဆို၍ ထိုတံခါးစောင့်သည် အဘယမင်းသား မွေးမြူသော ဇီဝကအား ဝန်ခံ၍ သူဌေးကတော်ထံသို့ သွားပြီးလျှင် သူဌေးကတော်ကို "အရှင်မ အနာမပျောက်မီ ရှေးဦးစွာ တစုံတခုသော အခကိုမျှ မပေးပါလင့်၊ အနာရောဂါ မရှိသောအခါမှ ပေးလိုသော ဝတ္ထုကို ပေးပါလော့" ဟု ဆေးဆရာက ပြောပါသည် ဟူ၍ ပြောဆိုလေ၏။

http://www.dhammadownload.com



အချင်းတံခါးစောင့် သို့ဖြစ်လျှင် ဆေးဆရာ လာစေသတည်း ဟု (ပြောဆို၏။) "အရှင်မ ကောင်းပါပြီ" ဟု ဆို၍ ထိုတံခါးစောင့်သည် သူဌေးကတော်အား ဝန်ခံ၍ အဘယမင်းသား မွေးမြူသော ဇီဝကထံသို့ သွားပြီးလျှင် အဘယမင်းသား မွေးမြူသော ဇီဝကကို "ဆရာ သင့်ကို သူဌေး ကတော်က ခေါ်ပါသည်" ဟု ပြောဆို၏။

ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကသည် သူဌေးကတော်ထံသို့ သွားပြီးလျှင် သူဌေး ကတော်၏ ဖောက်ပြန်ခြင်းကို မှတ်၍ သူဌေးကတော်အား "အရှင်မ တလက်ဖက်သော ထောပတ်ကို အလိုရှိပါ၏" ဟု ပြောဆို၏။ ထိုအခါ သူဌေးကတော်သည် အဘယမင်းသား မွေးမြူသော ဇီဝကအား တလက်ဖက်သော ထောပတ်ကို ပေးစေ၏။ ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကသည် ထိုတလက်ဖက်သော ထောပတ်ကို အထူးထူးသော ဆေးတို့ဖြင့် ချက်၍ သူဌေးကတော်ကို ညောင် စောင်း၌ ပက်လက်အိပ်စေပြီးလျှင် နှာနှတ်ပေး၏။ ထိုအခါ နှာနှတ်ပေးသော ထိုထောပတ်သည် ခံတွင်းမှ အန်ထွက်လေ၏။

ထိုအခါ၌ သူဌေးကတော်သည် ထွေးခံ၌ ထွေး၍ ကျွန်မကို "ဟယ်ကျွန်မ ဤထောပတ်ကို ဝါဂွမ်းဖြင့် တို့ယူလော့" ဟု စေခိုင်း၏။ ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကအား "ဩော် အံ့ဖွယ်ရှိစွတကား၊ ဤအိမ်ရှင်မကား အသွန်နုမြောစေးနှဲစွတကား၊ သူဌေးမဖြစ်လျက်လည်း စွန့်ပစ် အပ်သော သဘောရှိသော ဤထောပတ်ကို ဝါဂွမ်းဖြင့် တို့ယူစေဘိသေး၏၊ ငါ့အား များစွာ အဖိုး ထိုက်သော ဆေးတို့ကို ဖော်ရကုန်၏၊ ဤအိမ်ရှင်မ သူဌေးကတော်သည် တစုံတခု ပေးအပ်သော ဝတ္ထုကို ငါ့အား အဘယ်မှာ ပေးအံ့နည်း" ဟု အကြံဖြစ်၏။

ထိုအခါ သူဌေးကတော်သည် အဘယမင်းသားမွေးမြူသော ဇီဝက၏ ဖောက်ပြန်သော အခြင်း အရာကို မှတ်၍ အဘယမင်းသား မွေးမြူသော ဇီဝကကို "ဆရာ သင်သည် အဘယ့်ကြောင့် နှလုံး မသာခြင်း ဖြစ်ဘိသနည်း" ဟု ပြောဆို၏။ အကျွန်ုပ်အား "ဩော်အံ့ဖွယ်ရှိစွ၊ ဤအိမ်ရှင်မကား အလွန်နုမြောစေးနှဲစွတကား၊ သူဌေးမဖြစ်လျက်လည်း စွန့်ပစ်အပ်သော သဘောရှိသော ဤထော ပတ်ကို ဝါဂွမ်းဖြင့် တို့ယူစေဘိသေး၏၊ ငါ့အား များစွာအဖိုးထိုက်သော ဆေးတို့ကို ဖော်ရကုန်၏၊ ဤအိမ်ရှင်မ သူဌေးကတော်သည် တစုံတခုပေးအပ်သော ဝတ္ထုကို ငါ့အား အဘယ်မှာ ပေးအံ့နည်း" ဟု အကြံဖြစ်ပါသည် ဟု ပြောဆို၏။

ဆရာ အကျွန်ုပ်တို့ အိမ်ရာထောင်သူတို့ မည်သည် ထိုကုသပေးသော ကျေးဇူး အနာမှ လွတ်ပေ သော ကျေးဇူးကို သိပါကုန်၏၊ ဤထောပတ်သည် ကျွန်တို့အားရင်း အမှုလုပ်တို့အားရင်း ခြေသုတ် စရာ ကောင်းပါသေး၏၊ ဆီမီးညှိထွန်းရာ၌ ထည့်စရာလည်း ကောင်းပါသေးသည်၊ ဆရာ သင်သည် နှလုံးမသာခြင်း မဖြစ်ပါလင့်၊ သင့်အား ပေးသင့်သော အခိုးအခသည် ယုတ်လိမ့်မည် မဟုတ်ပါ ဟု (ပြောဆို၏)။ ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကသည် သူဌေးကတော်ကြီး၏ ခုနစ်နှစ်ရှိ ပြီးသော ဦးခေါင်းကိုက်နာကို တကြိမ် နှာနှတ်ကာမျှဖြင့် နုတ်ပယ်၏။

ထိုအခါ သူဌေးကတော်သည် အနာမရှိလတ်သော် အဘယမင်းသား မွေးမြူသော ဇီဝကအား အသပြာလေးထောင်တို့ကို ပေး၏၊ သားကလည်း "ငါ၏ မိခင်သည် အနာမရှိသည်ဖြစ်၍ တည်နေရပေ သည်" ဟု အသပြာလေးထောင်တို့ကို ပေး၏၊ ချွေးမကလည်း "ငါ၏ ယောက္ခမသည် အနာမရှိသည် ဖြစ်၍ တည်နေရပေသည်" ဟု အသပြာလေးထောင်တို့ကို ပေး၏၊ သူဌေးကြီးကလည်း "ငါ၏

http://www.dhammadownload.com



မယားသည် အနာမရှိသည်ဖြစ်၍ တည်နေရပေသည်" ဟု အသပြာလေးထောင်နှင့် ကျွန်ယောကျ်ား ကျွန်မိန်းမ မြင်းရထားတို့ကို ပေးလေ၏။

ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကသည် ထိုတသောင်းခြောက်ထောင်သော အသပြာတို့နှင့် ကျွန်ယောကျ်ား ကျွန်မိန်မ မြင်းရထားတို့ကိုယူ၍ ရာဇဂြိုဟ်ပြည်သို့သွားလေ၏။ အစဉ်အတိုင်း သွားသော် ရာဇဂြိုဟ်ပြည် အဘယမင်းသားထံသို့ ချဉ်းကပ်ပြီးလျှင် အဘယမင်းသားကို "အရှင်မင်းသား တသောင်းခြောက်ထောင်သော အသပြာတို့နှင့် ကျွန်ယောကျ်ား ကျွန်မိန်းမ မြင်းရထား ဟူသော ဤအလုံးစုံကို အကျွန်ုပ်အား ရှေးဦးစွာ ဆေးကုသော အမှုကြောင့် ရပါသည်၊ အရှင်မင်းသားသည် အကျွန်ုပ်အား မွေးမြူသော ကျေးဇူးကို ခံစေချင်ပါသည်" ဟု ပြောဆို၏။

အချင်း ဇီဝက တော်ပါပြီ သင့်အားသာလျှင် ဖြစ်ပါစေတော့၊ ငါ၏ အိမ်တော်တွင်း၌သာလျှင် နေအိမ်ဆောက်လေလော့ ဟု (ပြောဆိုလေ၏)။ "အရှင်မင်းသား ကောင်းပါပြီ" ဟု ဆို၍ အဘယမင်းသား မွေးမြူသော ဇီဝကသည် အဘယမင်းသားအား ဝန်ခံ၍ အဘယမင်းသား၏ အိမ်တော် အဘင်း၌ နေအိမ်ဆောက်၏။

## ၂၀၄-ဗိမ္ဗိသာရမင်းဝတ္ထု

၃၃၁။ ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးအား ဘဂန္ဒိုလ် 'သွေးဒူလာ' ရောဂါသည်ဖြစ်လေ၏၊ ဝတ်လဲတော်တို့သည် သွေးလိမ်းကျံကုန်၏၊ မိဖုရားတို့ မြင်သောအခါ "ယခုအခါ အရှင်မင်းကြီးသည် ဥဟုလာနေ၏၊ အရှင်မင်းကြီးအား ဥတုပန်းပွင့်၏၊ မင်းကြီးသည် မကြာမီ သားဖွားတော့အံ့" ဟု ပြက်ရယ်ပြုကုန်၏။ ထိုသို့ ပြက်ရယ်ပြုသဖြင့် မင်းကြီးသည် မျက်နှာမသာ ဖြစ်၏။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် အဘယမင်းသားကို "အချင်း အဘယမင်းသား ငါ့အား ထိုသို့သဘောရှိသော ဘဂန္ဒိုလ်နာ 'သွေးဒူလာ' ဖြစ်နေပါ၏၊ ပုဆိုးတို့သည် သွေးလိမ်းကျံကုန်၏၊ မိဖုရားတို့သည် ငါ့ကို မြင်သောအခါ ယခုအခါ အရှင်မင်းကြီးသည် ဥဟုလာနေ၏၊ အရှင်မင်းကြီးအား ဥတုပန်းပွင့်၏၊ မင်းကြီးသည် မကြာမီ သားဖွားတော့အံ့ ဟု ပြက်ရယ်ပြုကုန်၏၊ အချင်းအဘယ တိုက်တွန်းပါ၏၊ ငါ့ကို ဆေးကုနိုင်သော ဆေးသမားကို သိလော့" ဟု ပြောဆို၏။

အရှင်မင်းကြီး အကျွန်ုပ်တို့၏ ဇီဝကအမည်ရှိသော ဤဆေးသမားသည် ငယ်လည်းငယ်၏၊ ကောင်းလည်း ကောင်း၏၊ ထိုဆေးသမားသည် အရှင်မင်းကြီးကို ဆေးကုသနိုင်လတ္တံ့ ဟု (ပြောဆို၏)။ အချင်းအဘယ သို့ဖြစ်လျှင် ဇီဝကဆေးသမားကို စေလွှတ်လေလော့၊ ထိုဆေးသမားသည် ငါ့ကို ဆေးကုသလတ္တံ့ ဟု (ပြောဆို၏)။

ထိုအခါ အဘယမင်းသားသည် မွေးစားသားဇီဝကကို "အချင်းဇီဝက သွားချေ မင်းကြီးကို ဆေးကုလေလော့" ဟု စေလွှတ်၏။ "အရှင်မင်းသား ကောင်းပါပြီ" ဟု ဆို၍ အဘယမင်းသား မွေးမြူသော ဇီဝကသည် အဘယမင်းသားအား ဝန်ခံ၍ လက်သည်းဖြင့် ဆေးကိုယူကာ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးထံသို့ ချဉ်းကပ်ပြီးလျှင် "အရှင်မင်းကြီး အရှင်မင်းကြီး၏ အနာကို ကြည့်ပါအံ့" ဟု လျှောက်၏။ ထိုအခါအဘယမင်းသား မွေးမြူသော ဆရာဇီဝကသည် မဂဓ

http://www.dhammadownload.com



တိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီး၏ ဘဂန္ဒိုလ်နာ 'သွေးဒူလာ'ကို တကြိမ်သာ ဆေးလိမ်းခြင်းဖြင့်နုတ်ပယ်၏။

ထိုအခါ မဂဓတိုင်းရှင်သေနိယမည်သောဗိမ္ဗိသာရမင်းကြီးသည် အနာမရှိသည်ဖြစ်၍ ငါးရာသော မိန်းမတို့ကို အလုံးစုံသော အဆင်တန်ဆာဆင်စေပြီးလျှင် တဖန်ချွတ်စေလျက် အစုအပုံပြုစေ၍ အဘယမင်းသား မွေးမြူသော ဆရာဇီဝကကို "အချင်းဇီဝက ငါးရာသော မိန်းမတို့၏ ဤအလုံးစုံသော အဆင်တန်ဆာသည် သင့်အား ဖြစ်စေလော့" ဟု ဆို၏။

အရှင်မင်းကြီး အသိုမရှိပါ မင်းကြီးသည် အကျွန်ုပ်၏ ကျေးဇူးကို အောက်မေ့တော်မူစေချင်ပါ၏ ဟု (လျှောက်၏)။ အချင်းဇီဝက သို့ဖြစ်လျှင် ငါ့ကိုငှင်း မောင်းမအပေါင်းကိုငှင်း ဘုရားအမှူးရှိသော သံဃာတော်ကိုငှင်း လုပ်ကျွေးပြုစုလော့ ဟု (ပြောဆို၏)။ "အရှင်မင်းကြီး ကောင်းပါပြီ" ဟု ဆို၍ အဘယမင်းသားမွေးမြူသော ဇီဝကသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီး အား ဝန်ခံ၏။

## ၂၀၅-ရာဇဂြိုဟ်သူဌေးဝတ္ထု

၃၃၂။ ထိုအခါ ရာဇဂြိုဟ်ပြည်နေ သူဌေးအား ခုနစ်နှစ်ရှိပြီးသော ဦးခေါင်းကိုက်နာဖြစ်၏၊ များစွာသော ကြီးကုန်ကြီးကုန်သော ဒိသာပါမောက္ခ ဆေးဆရာတို့သည် လာ၍ အနာပျောက်အောင် ကုသခြင်းငှါမတတ်နိုင်ကုန်၊ များစွာသောရွှေငွေကိုယူ၍ သွားကုန်၏၊ စင်စစ်သော်ကား ဆေးသမားတို့လက်လွှတ်လေ၏၊ အချို့သော ဆေးသမားတို့က "သူဌေးသည် ငါးရက်မြောက်သော နေ့၌ သေလတ္တံ့" ဟု ပြောဆိုကုန်၏၊ အချို့သောဆေးသမားတို့က "သူဌေးသည် ခုနစ်ရက်မြောက်သောနေ့၌ သေလတ္တံ့" ဟု ပြောဆိုကုန်၏။

ထိုအခါ ရာဇဂြိုဟ်ပြည်နေ အထက်တန်းစား ကျေးရွာလူကြီးအား "ဤသူဌေးသည် မင်းကြီးအားငှင်း၊ ကျေးရွာသူအပေါင်းအားငှင်း များသောကျေးဇူးရှိ၏၊ စင်စစ်သော်ကား ဆေးသမားတို့ လက်လွှတ်လေ၏၊ အချို့သောဆေးသမားတို့က 'သူဌေးသည် ငါးရက်မြောက်သောနေ့၌ သေလတ္တံ့' ဟု ပြောဆိုကုန်၏၊ အချို့သောဆေးသမားတို့က 'သူဌေးသည် ခုစ်နရက်မြောက်သောနေ့၌ သေလတ္တံ့' ဟု ပြောဆိုကုန်၏၊ မင်းကြီး၏ ဇီဝက အမည်ရှိသော ဤဆေးဆရာသည်ကား ငယ်လည်း ငယ်၏ ကောင်းလည်းကောင်း၏၊ ငါတို့သည် မင်းကြီးအား သူဌေးကို ဆေးကုသရန် ဇီဝကဆေးဆရာကို တောင်းရမူ ကောင်းရာ၏" ဟု အကြံဖြစ်၏။

ထိုအခါ ရာဇဂြိုဟ်ပြည်နေ အထက်တန်းစားကျေးရွာလူကြီးသည် ဗိမ္ဗိသာရမင်းကြီးထံသို့ ချဉ်းကပ်ပြီးလျှင် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးကို "အရှင်မင်းကြီး ဤသူဌေးသည် အရှင်မင်းကြီးအားငှင်း ကျေးရွာသူအပေါင်းအားငှင်း များသောကျေးဇူး ရှိပါ၏၊ စင်စစ်သော်ကား ဆေးသမားတို့ လက်လွှတ်ပါ၏၊ အချို့သော ဆေးသမားတို့က 'သူဌေးသည် ငါးရက်မြောက်သော နေ့၌သေလတ္တံ့' ဟု ပြောဆိုကုန်၏၊ အချို့သော ဆေးသမားတို့က 'သူဌေးသည် ခုနစ်ရက်မြောက်သောနေ့၌ သေလတ္တံ့' ဟု ပြောဆိုကုန်၏၊ အရှင်မင်းကြီး တောင်းပန်ပါ၏၊ မင်းကြီးသည် သူဌေးကို ဆေးကုသရန် ဇီဝက ဆေးဆရာ ကို စေလွှတ်တော်မူပါလော့" ဟု လျှောက်၏။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် အဘယမင်းသား မွေးစားသော ဆရာဇီဝကကို "အချင်း ဇီဝက သွားချေ သူဌေးကို ဆေးကုသလေလော့" ဟု စေခိုင်း၏၊

http://www.dhammadownload.com



"အရှင်မင်းကြီး ကောင်းပါပြီ" ဟု ဆို၍ အဘယမင်းသား မွေးမြူသော ဆရာဇီဝကသည် ဗိမ္ဗိသာရ မင်းကြီးအား ဝန်ခံ၍ သူဌေးထံသို့ သွားပြီးလျှင် သူဌေး၏ဖောက်ပြန်သော အခြင်းအရာကိုမှတ်၍ သူဌေးကို "သူဌေးကြီး သင်သည် အကယ်၍ အနာမရှိသည် ဖြစ်ငြားအံ့၊ အကျွန်ုပ်အား အဘယ်မျှ လောက်သော ဥစ္စာကို ပေးမည်နည်း" ဟု ပြောဆို၏။ ဆရာ အလုံးစုံသော ငါ၏ ဥစ္စာသည် သင်၏ ဥစ္စာဖြစ်စေအံ့၊ ငါသည်လည်း သင်၏ ကျွန်ဖြစ်အံ့ ဟု (ပြောဆို၏)။

သူဌေးကြီး သင်သည် နံပါးတဖက်ဖြင့် ခုနစ်လတို့ပတ်လုံး အိပ်ခြင်းငှါ တတ်နိုင်ပါမည်လော ဟု (မေး၏)။ ဆရာ အကျွန်ုပ်သည် နံပါးတဖက်ဖြင့် ခုနစ်လတို့ပတ်လုံး အိပ်ခြင်းငှါ တတ်နိုင်ပါသည် ဟု (ပြောဆို၏)။ သူဌေးကြီး သင်သည် နှစ်ခုမြောက်သော နံပါးဖြင့် ခုနစ်လတို့ပတ်လုံး အိပ်ခြင်းငှါ တတ်နိုင်ပါမည်လော ဟု (မေး၏)။ ဆရာ အကျွန်ုပ်သည် နှစ်ခုမြောက်သော နံပါးဖြင့် ခုနစ်လတို့ ပတ်လုံး အိပ်ခြင်းငှါ တတ်နိုင်ပါသည် ဟု (ပြောဆို၏)။ သူဌေးကြီး သင်သည် ခုနစ်လတို့ပတ်လုံး ပက်လက်အိပ်ခြင်းငှါ တတ်နိုင်ပါမည်လော ဟု (မေး၏)။ ဆရာ အကျွန်ုပ်သည် ခုနစ်လတို့ပတ်လုံး ပက်လက်အိပ်ခြင်းငှါ တတ်နိုင်ပါသည် ဟု (ပြောဆို၏)။

ထိုအခါ အဘယမင်းသား မွေးမြူသော ဆရာဇီဝကသည် သူဌေးကို ညောင်စောင်း၌ အိပ်စေ၍ ညောင်စောင်း၌ မြဲစွာဖွဲ့ချည်လျက် ဦးခေါင်းရေကို ခွါပြီးလျှင် ဦးဆက်ကိုဖွင့်၍ ပိုး နှစ်ကောင်တို့ကို ထုတ်လျက် လူအပေါင်းအား "အမောင်တို့ ဤပိုးနှစ်ကောင်တို့ကို ကြည့်ကုန်လော့၊ တကောင်ကား ငယ်၏၊ တကောင်ကား ကြီး၏၊ 'သူဌေးသည် ငါးရက်မြောက်သောနေ့၌ သေလတ္တံ့' ဟု ပြောဆိုသော ဆရာတို့သည်ကား ကြီးသော ဤပိုးကောင်ကို မြင်၏၊ ငါးရက်မြောက်သောနေ့၌ သူဌေး၏ ဦးနှောက် သည် ကုန်လတ္တံ့၊ ဦးနှောက်ကုန်ခြင်းကြောင့် သူဌေးသေလတ္တံ့၊ ထိုဆရာတို့သည် ကောင်းစွာမြင်အပ် ၏။

'သူဌေးသည် ခုနစ်ရက်မြောက်သော နေ့၌ သေလတ္တံ့' ဟု ပြောဆိုသော ဆရာတို့သည် ငယ်သော ဤပိုးကောင်ကို မြင်၏၊ ခုနစ်ရက်မြောက်သောနေ့၌ သူဌေးကြီး၏ ဦးနှောက်သည် ကုန်လတ္တံ့၊ ဦးနှောက်ကုန်ခြင်းကြောင့် သူဌေးသေလတ္တံ့၊ ထိုဆရာတို့သည် ကောင်းစွာမြင်အပ်၏" ဟု ပြလေ၏။ ဦးဆက်ကို ကောင်းစွာဘည်စေ၍ ဦးခေါင်းရေကို ချုပ်ပြီးလျှင် လိမ်းဆေးကို လိမ်းပေး လေ၏။

ထိုအခါ သူဌေးသည် ခုနစ်ရက်လွန်သောအခါ အဘယမင်းသား မွေးမြူသော ဆရာဇီဝကကို "ဆရာအကျွန်ုပ်သည် နံပါးတဖက်ဖြင့် ခုနစ်လတို့ပတ်လုံး အိပ်ခြင်းငှါ မစွမ်းနိုင်ပါ" ဟု ပြောဆို၏။ သူဌေး သင်သည် အကျွန်ုပ်အား "ဆရာအကျွန်ုပ်သည် နံပါးတဖက်ဖြင့် ခုနစ်လတို့ပတ်လုံး အိပ်ခြင်း ငှါ စွမ်းနိုင်ပါ၏" ဟု ဝန်ခံခဲ့သည် မဟုတ်ပါလော ဟု (မေး၏)။ ဆရာ အကျွန်ုပ်ဝန်ခံမိသည်ကား မှန်ပါ၏၊ ထိုသို့ပင် မှန်သော်လည်း အကျွန်ုပ်သည် သေရတော့အံ့၊ အကျွန်ုပ်သည် နံပါးတဖက်ဖြင့် ခုနစ်လတို့ပတ်လုံး အိပ်ခြင်းငှါ မတတ်နိုင်တော့ပါ ဟု (ပြောဆို၏)။

သူဌေး သို့ဖြစ်လျှင် သင်သည် နှစ်ခုမြောက်သော နံပါးဖြင့် ခုနစ်လတို့ပတ်လုံး အိပ်လော့ ဟု (ပြောဆို၏)။ ထိုနောက် သူဌေးသည် ခုနစ်ရက်လွန်သောအခါ အဘယမင်းသား မွေးမြူထားသော ဆရာဇီဝကကို "ဆရာ အကျွန်ုပ်သည် နှစ်ခုမြောက်သောနံပါးဖြင့် ခုနစ်လတို့ပတ်လုံး အိပ်ခြင်းငှါ မတတ်နိုင်တော့ပါ" ဟု ပြောဆို၏။ သူဌေး သင်သည် အကျွန်ုပ်အား "ဆရာ အကျွန်ုပ်သည် နှစ်ခု မြောက်သော နံပါးဖြင့် ခုနစ်လတို့ပတ်လုံး အိပ်ခြင်းငှါ တတ်နိုင်ပါ၏" ဟု ဝန်ခံခဲ့သည် မဟုတ်ပါလော

http://www.dhammadownload.com



ဟု (မေး၏)။ ဆရာ အကျွန်ုပ်ဝန်ခံမိသည်ကား မှန်ပါ၏၊ ထိုသို့ပင်မှန်သော်လည်း အကျွန်ုပ်သည် သေရတော့အံ့၊ အကျွန်ုပ်သည် နှစ်ခုမြောက်သောနံပါးဖြင့် ခုနစ်လတို့ပတ်လုံး အိပ်ခြင်းငှါ မတတ်နိုင်ပါ ဟု (ပြောဆို၏)။ သူဌေး သို့ဖြစ်လျှင် သင်သည် ခုနစ်လတို့ပတ်လုံး ပက်လက်အိပ်လော့ ဟု (ပြောဆို၏)။

ထို့နောက် သူဌေးသည် ခုနစ်ရက် လွန်သောအခါ အဘယမင်းသား မွေးမြူထားသော ဆရာဇီဝကကို "ဆရာ အကျွန်ုပ်သည် ခုနစ်လတို့ပတ်လုံး ပက်လက်အိပ်ခြင်းငှါ မတတ်နိုင်တော့ပါ" ဟု ပြောဆို၏။ သူဌေး သင်သည် အကျွန်ုပ်အား "ဆရာ အကျွန်ုပ်သည်ကား ခုနစ်လတို့ပတ်လုံး ပက်လက်အိပ်ခြင်းငှါ တတ်နိုင်ပါ၏" ဟု ဝန်ခံခဲ့သည်မဟုတ်ပါလော ဟု (မေး၏)။ ဆရာအကျွန်ုပ် ဝန်ခံမိသည်ကား မှန်ပါ၏၊ ထိုသို့ပင် မှန်သော်လည်း အကျွန်ုပ်သည် သေရတော့အံ့၊ အကျွန်ုပ်သည် ခုနစ်လတို့ပတ်လုံး ပက်လက်အိပ်ခြင်းငှါ မတတ်နိုင်တော့ပါ ဟု (ပြောဆို၏)။

သူဌေးကြီး အကျွန်ုပ်သည် အကယ်၍ ဤစကားကို မပြောဆိုငြားအံ့၊ သင်သည် ဤမျှလောက်ကြာအောင်ပင် မအိပ်ပေရာ၊ စင်စစ်မှာမူ ရှေးမဆွကပင် "သုံးသတ္တာဟတို့ဖြင့် သူဌေးကြီး အနာကင်းလတ္တံ့" ဟု အကျွန်ုပ်သိ၏။ သူဌေးကြီး ထလော့၊ အနာမရှိတော့ပြီ၊ အကျွန်ုပ်အား ပေးသင့်သော ဆုလာဘ်သည် အဘယ်မျှ ဖြစ်သည်ကို သိလော့ ဟု ပြောဆို၏။

ဆရာအလုံးစုံသော ဥစ္စာသည် သင်၏ ဥစ္စာ ဖြစ်စေအံ့၊ အကျွန်ုပ်သည်လည်း သင်၏ ကျွန်ဖြစ်ပါအံ့ ဟု ပြောဆို၏။ သူဌေး မသင့် သင်သည် အကျွန်ုပ်အား အလုံးစုံသော ဥစ္စာကို မပေးလင့်၊ အကျွန်ုပ်၏ ကျွန်လည်း မဖြစ်ပါလင့်၊ မင်းကြီးအား အသပြာတသိန်း ပေးလော့၊ အကျွန်ုပ်အားလည်း အသပြာတသိန်းပေးလော့ ဟု ပြောဆို၏။ ထိုအခါ သူဌေးကြီးသည် အနာမရှိသည်ဖြစ်၍ မင်းကြီးအား အသပြာတသိန်း ကောမာရဘစ္စမည်သော ဆရာဇီဝကအား အသပြာတသိန်းကို ပေး၏။

## ၂၀၆-သူဌေးသားဝတ္ထု

၃၃၃။ တရံရောအခါ ကျွမ်းထိုးကစားသည့် ဗာရာဏသီပြည်နေ သူဌေးသားအား အူထုံးသော အနာဖြစ်၏၊ ယင်းအနာဖြင့် သောက်အပ်သော ယာဂုသည် ကောင်းစွာ ကြေကျက်ခြင်းသို့ မရောက်၊ စားအပ်သော ထမင်းသည်လည်း ကောင်းစွာ ကြေကျက်ခြင်းသို့ မရောက်၊ ကျင်ကြီးသည်၎င်း ကျင်ငယ်သည်၎င်း မဖြောင့်၊ ထိုသူဌေးသားသည် ထိုအနာဖြင့် ပိန်ကြုံ၏၊ အရေအသား ခေါင်းပါး၏၊ ရုပ်အဆင်း ပျက်၏၊ (ဖက်ရွက်လျှော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိ၏၊ (ကြွက်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်း ထသော ကိုယ်ရှိ၏။

ထိုအခါ ဗာရာဏသီပြည်နေ သူဌေးအား "ငါ့သားအား ထိုသို့သဘောရှိသော အနာသည် ဖြစ်၏၊ သောက်အပ်သော ယာဂုသည် ကောင်းစွာ ကြေကျက်ခြင်းသို့ မရောက်၊ စားအပ်သော ထမင်းသည်လည်း ကောင်းစွာ ကြေကျက်ခြင်းသို့မရောက်၊ ကျင်ကြီးသည်၎င်း ကျင်ငယ်သည်၎င်း မဖြောင့်၊ ထိုငါ့သားသည် ထိုအနာဖြင့် ပိန်ကြုံ၏၊ အရေအသား ခေါင်းပါး၏၊ ရုပ်အဆင်းပျက်၏၊ (ဖက်ရွက်လျှော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိ၏၊ (ကြွက်ရက်ကိုဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိ၏၊ ငါသည် ရာဇဂြိုဟ်ပြည်သို့ သွားပြီးလျှင် မင်းကြီးအား ဇီဝကဆေးဆရာကို ငါ့သားအား ဆေးကုသစေရန် လျှောက်ထားတောင်းပန်ရမူ ကောင်းရာ၏" ဟု အကြံဖြစ်၏။

http://www.dhammadownload.com



ထိုနောက် ဗာရာဏသီပြည်နေ သူဌေးသည် ရာဇဂြိုဟ်ပြည်သို့ သွား၍ မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းကြီးထံသို့ ချဉ်းကပ်ပြီးလျှင် ဗိမ္ဗိသာရမင်းကြီးကို "အရှင်မင်းကြီး အကျွန်ုပ်၏ သားအား ထိုသို့ သဘောရှိသော အနာသည်ဖြစ်၏၊ သောက်အပ်သော ယာဂုသည် ကောင်းစွာ ကြေကျက်ခြင်းသို့ မရောက်ပါ၊ စားအပ်သော ထမင်းသည်လည်း ကောင်းစွာ ကြေကျက်ခြင်းသို့ မရောက်ပါ၊ ကျင်ကြီးသည်၎င်း ကျင်ငယ်သည်၎င်း မဖြောင့်ပါ၊ ထိုသားသည် ထိုအနာဖြင့် ပိန်ကြုံခဲ့ ပါ၏၊ အသွေးအသား ခေါင်းပါးခဲ့ပါ၏၊ရုပ်အဆင်းပျက်ခဲ့ပါ၏၊ (ဖက်ရွက်လျှော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိပါ၏၊ (ကြွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိခဲ့ပါ၏၊ တောင်းပန် ပါ၏၊ အရှင်မင်းကြီး အကျွန်ုပ်၏ သားကို ဆေးကုသရန် ဆရာဇီဝကကို စေလွှတ်ပါလော့" ဟု လျှောက်၏။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် ကောမာရဘစ္စ မည်သော ဆရာဇီဝကကို "အချင်း ဇီဝက သွားချေ ဗာရာဏသီပြည်သို့ သွားပြီးလျှင် ဗာရာဏသီပြည်နေ သူဌေးသားကို ဆေးကုသလေလော့" ဟု စေခိုင်း၏၊ "အရှင်မင်းကြီး ကောင်းပါပြီ" ဟု ကောမာရ ဘစ္စမည်သော ဇီဝကသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးအား ဝန်ခံပြီးလျှင် ဗာရာဏသီပြည်သို့ သွား၍ ဗာရာဏသီပြည်နေ သူဌေးသားထံသို့ သွားပြီးလျှင် ဗာရာဏသီပြည်နေ သူဌေးသား၏ အနာအခြင်းအရာကိုမှတ်၍ လူများအပေါင်းကို ဖယ်ရှားစေလျက် တင်းတိမ်ကန့်လန့် ကာကို ကာရံစေပြီးလျှင် တိုင်၌ဖွဲ့ချည်၍ မယားကို ရှေ့ကထားလျက် ဝမ်းရေကိုခွဲပြီးလျှင် အူအထုံးကို ထုတ်၍ မယားအား—

"သင့် လင်၏ အနာကို ကြည့်လော့၊

ဤအနာဖြင့် သောက်အပ်သော ယာဂုသည် ကောင်းစွာ ကြေကျက်ခြင်း သို့ မရောက်၊ စားအပ် သော ထမင်းသည် ကောင်းစွာ ကြေကျက်ခြင်းသို့ မရောက်၊ ကျင်ကြီးသည်၎င်း ကျင်ငယ်သည်၎င်း မဖြောင့်၊ ဤအနာဖြင့် ဤသူဌေးသားသည် ပိန်ကြုံ၏၊ အရေအသား ခေါင်းပါး၏၊ ရုပ်အဆင်းပျက်၏၊ (ဖက်ရွက်လျှော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိ၏၊ (ကြွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြော ပြိုင်းပြိုင်းထသော ကိုယ်ရှိ၏" ဟု ပြလေ၏။ အူအထုံးကိုဖြေ၍ အူတို့ကို တဖန်သွင်းပြီးလျှင် ဝမ်းရေ ကို ချုပ်၍ လိမ်းဆေးကို လိမ်းပေးလေ၏။

ထိုအခါ ဗာရာဏသီပြည်နေ သူဌေးသားသည် မကြာမီပင် အနာပျောက်ကင်းလေ၏။ ထိုအခါ ဗာရာဏသီပြည်နေ သူဌေးသည် "ငါ့သားအား အနာမရှိသည်ဖြစ်၍ တည်၏" ဟု ကောမာရဘစ္စ မည်သော ဇီဝကအား တသောင်းခြောက်ထောင်သော အသပြာတို့ကို ပေးလေ၏။ ထိုအခါ ကောမာရဘစ္စမည်သော ဇီဝကသည် ထိုတသောင်းခြောက်ထောင်သော အသပြာတို့ကိုယူ၍ တဖန် ရာဇဂြိုဟ်ပြည်သို့ ပြန်လာ၏။

## ၂၀၇-ပဇ္ဇောတမင်း ဝတ္ထု

၃၃၄။ တရံရောအခါ ပဇ္ဇောတမင်းအား ဖြော့တော့သော အနာသည် ဖြစ်၏၊ များစွာသော ကြီးကုန် ကြီးကုန်သော ဒိသာပါမောက္ခဆေးဆရာတို့သည် လာ၍ အနာပျောက်အောင် ကုသခြင်းငှါ မတတ်နိုင်ကုန်၊ များစွာသော ရွှေ ငွေတို့ကို ယူ၍ သွားကုန်၏။ ထိုအခါ ပဇ္ဇောတမင်းသည် မဂဓ တိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းကြီး၏ အထံသို့ "အကျွန်ုပ်အား ထိုသို့သဘောရှိသော

http://www.dhammadownload.com



အနာသည် ဖြစ်နေပါ၏၊ တောင်းပန်ပါ၏၊ အရှင်မင်းကြီးသည် ဇီဝက ဆေးဆရာကို စေလွှတ်တော်မူပါလော့၊ ထိုဇီဝကဆေးဆရာသည် အကျွန်ုပ်ကို ဆေးကုလတ္တံ့" ဟု တမန်ကို စေလွှတ်လေ၏။

ထိုအခါ မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းကြီးသည် ကောမာရဘစ္စ မည်သော ဇီဝကကို "အချင်းဇီဝက သွားချေလော့ ဥဇ္ဇေနီပြည်သို့ သွားပြီးလျှင် ပဇ္ဇောတမင်းကို ဆေးကုချေလော့" ဟု စေလွှတ်၏။ "ကောင်းပါပြီ အရှင်မင်းကြီး" ဟု ဆို၍ ကောမာရဘစ္စမည်သော ဇီဝကသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးအား ဝန်ခံ၍ ဥဇ္ဇေနီပြည်သို့ သွားပြီးလျှင် ပဇ္ဇောတမင်းထံသို့ ချဉ်းကပ်လျက် ပဇ္ဇောတမင်း၏ အနာအခြင်းအရာကို မှတ်၍ ပဇ္ဇောတမင်းကို "အရှင်မင်းကြီး ထောပတ်ပေးပါလော့၊ ထောပတ်ကို ချက်ပါအံ့၊ အရှင် မင်းကြီးသည် ထိုထောပတ်ကို သောက်ရပါမည်" ဟု ပြောဆို၏။ အချင်းဇီဝက မသင့်၊ သင်သည် ထောပတ်ကင်းသော ဆေးဖြင့် အနာပျောက်ကင်းအောင် ကုသပါလော့၊ ငါသည် ထောပတ်ကို စက်ဆုပ်ရွံရှာ၏ ဟု (ပြောဆို၏)။

ထိုအခါ ကောမာရဘစ္စမည်သော ဇီဝကအား "ဤမင်း၏ ထိုသို့ သဘောရှိသော အနာသည် ထောပတ်နှင့်ကင်း၍ အနာပျောက်ကင်းအောင် ကုသခြင်းငှါ မတတ်ကောင်း၊ ငါသည် ဖန်သော အဆင်း ဖန်သောအနံ့ ဖန်သောအရသာ ရှိသော ထောပတ်ကို ချက်ရမူ ကောင်းလေရာ၏" ဟု အကြံ ဖြစ်၏။ ထို့နောက် ကောမာရဘစ္စမည်သော ဇီဝကသည် အထူးထူးသော ဆေးတို့ဖြင့် ထောပတ်ကို ဖန်သောအဆင်း ဖန်သောအနံ့ ဖန်သောအရသာရှိအောင် ချက်၏။

ထို့နောက် ကောမာရဘစ္စမည်သော ဇီဝကအား "ဤမင်းအား သောက်အပ်သော ထောပတ် သည် ကြေလတ်သော် ကြို့ထိုးလတ္တံ့၊ ဤမင်းသည်ကား ကြမ်းတမ်း၏၊ ငါ့ကို သတ်စေရာ၏၊ ငါသည် ဆေးမပေးမီ ရှေးဦးကပင် ပန်ကြားရမူ ကောင်းရာ၏" ဟု အကြံဖြစ်၏။

ထိုအခါ ကောမာရဘစ္စမည်သော ဇီဝကသည် မင်းကြီးထံသို့ ချဉ်းကပ်ပြီးလျှင် ပဇ္ဇောတမင်းကြီး ကို "အရှင်မင်းကြီး အကျွန်ုပ်တို့ ဆေးသမားမည်သည် ထိုအခါလိုရှိသောအခါ၌ ဆေးမြစ်တို့ကို နုတ်ရ ပါကုန်၏၊ ဆေးတို့ကို ဆောင်ရပါကုန်၏၊ တောင်းပန်ပါ၏၊ အရှင်မင်းကြီးသည် ဆင်တင်းကုတ် မြင်း တင်းကုတ်တို့၌၎င်း တံခါးတို့၌၎င်း ဇီဝကဆေးသမား အလိုရှိသောယာဉ်ဖြင့် သွားစေလော့၊ အလိုရှိ သော တံခါးဖြင့် သွားစေလော့၊ အလိုရှိသော အချိန်အခါ၌ သွားစေလော့၊ အလိုရှိသော အချိန်အခါ ၌ ဝင်စေလော့" ဟု အမိန့်ထုတ်တော်မူပါ ဟု လျှောက်၏။

ထိုအခါ ပဇ္ဇောတမင်းသည် ဆင်တင်းကုတ် မြင်းတင်းကုတ်တို့၌၎င်း တံခါးတို့၌၎င်း "ဇီဝက ဆေးသမား အလိုရှိသော ယာဉ်ဖြင့် သွားစေသတည်း၊ အလိုရှိသော တံခါးဖြင့် သွားစေသတည်း၊ အလိုရှိသော အချိန်အခါ၌ သွားစေသတည်း၊ အလိုရှိသော အချိန်အခါ၌ ဝင်စေသတည်း" ဟု အမိန့် ထုတ်ပြန်လေ၏။

ထိုအခါ ပဇ္ဇောတမင်းအား ဘဒ္ဒဝတိကာ မည်သော ဆင်မယာဉ်သာသည် နေ့ချင်း ယူဇနာ ငါးဆယ် ရောက်နိုင်၏။ ထိုအခါ၌ ကောမာရဘစ္စမည်သော ဇီဝကသည် ပဇ္ဇောတမင်းကြီးအား "အရှင်မင်းကြီးသည် ဖန်သောဆေးကို သောက်ပါလော့" ဟု ဆို၍ ထောပတ်ကို ဆက်သလေ၏၊ ထို အခါ ကောမာရဘစ္စမည်သော ဇီဝကသည် ပဇ္ဇောတမင်းအား ထောပတ်ကို သောက်စေပြီးနောက် ဆင်တင်းကုတ်သို့ သွားပြီးလျှင် ဘဒ္ဒဝတိကာမည်သော ဆင်မယာဉ်သာဖြင့် ဥဇ္ဇေနီပြည်မှ ထွက်ခဲ့လေ ၏၊ ထိုအခါ၌ ပဇ္ဇောတမင်းအား သောက်အပ်သော ထိုထောပတ်သည် ကြေလတ်သော် ကြို့ထိုး လေ၏။ ထိုအခါ ပဇ္ဇောတမင်းသည် လူတို့ကို "အချင်းတို့ ဆိုးသွမ်းသော ဇီဝကသည် ထောပတ်ကို

http://www.dhammadownload.com



တိုက်ခဲ့၏၊ အချင်းတို့ ထိုကြောင့် ဇီဝကဆေးသမားကို ရှာဖွေကုန်လော့” ဟု ပြောဆိုလေ၏။ အရှင်မင်းကြီး ဘဒ္ဒဝတိကာမည်သော ဆင်မယာဉ်သာဖြင့် ဥဇ္ဇေနီပြည်မှ ထွက်သွားပါပြီ ဟု လျှောက်လေ၏။

ထိုအခါ ပဇ္ဇောတမင်းအား ကာကမည်သော ကျွန်သည် နေ့ချင်း ယူဇနာခြောက်ဆယ်ရောက်နိုင်၏၊ ဘီလူးကို စွဲ၍ ဖြစ်၏ [၁]။ ထိုအခါ ပဇ္ဇောတမင်းသည် ကာကမည်သော ကျွန်ကို “အချင်းကာက သွားလော့၊ ဇီဝကဆေးသမားကို ‘ဆရာ သင့်ကို မင်းကြီးက ပြန်လာစေလိုသည်’ ဟု ပြော၍ ပြန်လာခဲ့စေလော့” ဟု စေခိုင်းလေ၏။

အချင်းကာက ဤဆေးသမားတို့မည်သည် များသောမာယာရှိကုန်၏၊ထိုဇီဝက၏ တစုံတခုသော စားဖွယ်သောက်ဖွယ်ကို မယူလေလင့်” ဟု (မှာထားလိုက်၏)။ ထိုအခါ ကျွန်ကာကသည် ကောမာရဘစ္စမည်သော ဇီဝကကို ခရီးအကြား ကောသမ္ဗီပြည်၌ နံနက်စာ စားခြင်းကိုပြုစဉ် မှီလေ၏။

ထိုအခါ ကောမာရဘစ္စမည်သော ဇီဝကကို “ဆရာ မင်းကြီးကသင့်ကို ပြန်လာစေလိုပါသည်” ဟု ပြောဆိုလေ၏။ အချင်းကာက ထမင်းစားပြီးသည်တိုင်အောင် ငံ့လင့်ပါဦး၊ အချင်းကာက စားပါဦးလော့ ဟု (ပြောဆိုလေ၏)။ ဆရာ တန်ပါပြီ မင်းကြီးသည် “အချင်းကာက ဤဆေးသမားတို့မည်သည် များသောမာယာရှိကုန်၏၊ ထိုဇီဝကဆေးသမား၏ တစုံတခုသော စားဖွယ်သောက်ဖွယ်ကို မယူလေလင့်” ဟု မှာထားလိုက်ပါသည် ဟု (ပြောဆိုလေ၏)။

ထိုအခါ ကောမာရဘစ္စမည်သော ဇီဝကသည် လက်သည်း၌ ဆေးကိုထည့်၍ သျှစ်သျှားသီးကိုလည်းစား၏၊ သောက်ရေကိုလည်း သောက်၏၊ ထို့နောက် ကောမာရဘစ္စမည်သော ဇီဝကသည် ကျွန်ကာကကို “အချင်းကာက ယူလော့၊ သျှစ်သျှားသီးကိုလည်း စားပါလော့၊ သောက်ရေကိုလည်း သောက်ပါလော့” ဟု ပြောဆိုလေ၏။ထိုအခါ ကျွန်ကာကသည် “ဤဆေးသမားသည် သျှစ်သျှားသီးကိုလည်းစား၏၊ သောက်ရေကိုလည်း သောက်၏၊ တစုံတခုသော အပြစ်ဖြစ်ခြင်းငှါ မထိုက်” ဟု အောက်မေ့၍ တခြမ်းမျှသော သျှစ်သျှားသီးကိုလည်း စား၏၊ သောက်ရေကိုလည်းသောက်လေ၏၊ စားအပ်သော ထိုတခြမ်းမျှသော သျှစ်သျှားသီးသည် ထိုကာကကိုထိုနေရာ၌ပင်လျှင် ဝမ်းလျှောစေ၏။

ထိုအခါ ကျွန်ကာကသည် ကောမာရဘစ္စမည်သော ဇီဝကကို “ဆရာအကျွန်ုပ်အသက်ရှင်ပါဦးမည်လော” ဟု မေး၏။ “အချင်းကာက မကြောက်လင့် သင်သည်၎င်း၊ မင်းသည်၎င်း အနာမရှိသည် ဖြစ်လတ္တံ့၊ ထိုမင်းသည်ကား ကြမ်းတမ်း၏၊ ငါ့ကို သတ်စေရာ၏၊ ထို့ကြောင့် ငါသည် မပြန်တော့အံ့” ဟု ဆို၍ ဘဒ္ဒဝတိကာမည်သော ဆင်မယာဉ်သာကို ကျွန်ကာကအား အပ်ပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဖဲ၍သွားလေ၏။

အစဉ်အတိုင်းသွား၍ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးထံ ချဉ်းကပ်ပြီးလျှင် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးအား ဤအကြောင်းကို လျှောက်၏။ အချင်းဇီဝက မပြန်ခြင်းသည် ကောင်းစွာပြုသည်မည်၏၊ ထိုမင်းသည်ကား ကြမ်းတမ်း၏ သင့်ကို သတ်စေရာ၏ ဟု (ပြောဆို၏)။ ထို့နောက် ပဇ္ဇောတမင်းသည် အနာမရှိလတ်သော် အဘယမင်းသား မွေးမြူသော ဇီဝက၏ထံသို့ “ဇီဝကသည် လာခဲ့ပါလော့၊ မြတ်သောဆုကို ပေးပါအံ့” ဟု တမန်စေလွှတ်လေ၏။ အခမောင် တန်ပါပြီ မင်းကြီးသည် အကျွန်ုပ်၏ကျေးဇူးကို အောက်မေ့တော်မူပါစေ ဟု ပြောဆိုလေ၏။

---

၁။ နတ်ဘီလူးနှင့် လူမိန်းမ သင့်မြတ်၍ မွေးဖွားသည်။

http://www.dhammadownload.com



## ၂၀၈-သိဝိတိုင်း၌ဖြစ်ပုဆိုးအစုံ

၃၃၅။ ထိုအခါ ပဇ္ဇောတမင်းအား သိဝိတိုင်း၌ဖြစ်သော ပုဆိုးအစုံသည် ဖြစ်ပေါ်လာလေ၏၊ များစွာသော ပုဆိုးတို့ထက် များစွာသောပုဆိုး အစုံတို့ထက် များစွာသောပုဆိုး အစုံတရာတို့ထက် များစွာသော ပုဆိုး အစုံတထောင်တို့ထက် များစွာသော ပုဆိုးအစုံတသိန်းတို့ထက် အဖိုးထိုက်တန်၏၊ အထူးသဖြင့်လည်း ချီးမွမ်းအပ်၏၊ အမွန် အမြတ်လည်းဖြစ်၏၊ အထူးသဖြင့်လည်း ကျော်စောထင်ရှား၏၊ ထက်ဝန်းကျင်မှလည်း ကောင်း၏။

ထိုအခါ ပဇ္ဇောတမင်းသည် သိဝိတိုင်း၌ဖြစ်သော ထိုပုဆိုးအစုံကို ကောမာရဘစ္စမည်သော ဇီဝကထံ ပို့စေ၏၊ ထိုအခါ ကောမာရဘစ္စမည်သော ဇီဝကအား "သိဝိတိုင်း၌ဖြစ်သော ဤပုဆိုးအစုံကို ငါ့ထံ ပဇ္ဇောတမင်းသည် ပို့၏၊ များစွာသောပုဆိုးတို့ထက် များစွာသောပုဆိုး အစုံတို့ထက် များစွာသော ပုဆိုးအစုံတရာတို့ထက် များစွာသော ပုဆိုးအစုံတထောင်တို့ထက် များစွာသော ပုဆိုးအစုံတသိန်းတို့ထက် အဖိုးလည်း ထိုက်တန်၏၊ အထူးသဖြင့်လည်း ချီးမွမ်းအပ်၏၊ အမွန်အမြတ်လည်း ဖြစ်၏၊ အထူးသဖြင့်လည်း ကျော်စောထင်ရှား၏၊ ထက်ဝန်းကျင်မှလည်း ကောင်း၏၊ ဤပုဆိုးအစုံကို ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကိုင်း မဂဓတိုင်းရှင် သေနိယမည်သော ထိုဗိမ္ဗိသာရမင်းကြီးကိုင်း ထား၍ တပါးသော တစုံတယောက်သောသူသည် မသင့်တော်ဆိုက်" ဟု အကြံဖြစ်၏။

## ၂၀၉-အကြိမ်သုံးဆယ် ဝမ်းနှုတ်ခြင်း

၃၃၆။ ထိုအခါ မြတ်စွာဘုရား၏ ကိုယ်တော်သည် (သွေးလေစသော) ဒေါသပြော၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ ငါ၏ ကိုယ်သည် (သွေးလေစသော) ဒေါသပြော၏၊ ငါသည် ဝမ်းလျှောဆေးကို သောက်ရန် အလိုရှိ၏" ဟု မိန့်တော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် ကောမာရဘစ္စမည်သော ဇီဝကထံသို့ သွားပြီးလျှင် ကောမာရဘစ္စမည်သော ဇီဝကကို "ဒါယကာ ဇီဝက မြတ်စွာဘုရား၏ ကိုယ်တော်သည် (သွေးလေစသော) ဒေါသပြော၏၊ မြတ်စွာဘုရားသည် ဝမ်းလျှောဆေးကို သောက်ရန် အလိုရှိ၏" ဟု ပြောဆို၏။ အသျှင်ဘုရား အာနန္ဒာ သို့ဖြစ်လျှင် မြတ်စွာဘုရား၏ ကိုယ်တော်ကို တရက် နှစ်ရက် ဆီနှူးတော်မူစေဦးလော့ ဟု (လျှောက်၏)။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ ကိုယ်တော်ကို တရက် နှစ်ရက် ဆီနှူးတော်မူစေပြီး၍ ကောမာရဘစ္စမည်သော ဇီဝကထံသို့သွားပြီးလျှင် "ဒါယကာ ဇီဝက မြတ်စွာဘုရား၏ ကိုယ်တော်ကို ဆီနှူးပြီးပါပြီ၊ ယခုဝမ်းလျှောခြင်း၏ အချိန်အခါကို သိလော့" ဟု ပြောဆို၏။ ထိုအခါ ကောမာရဘစ္စမည်သော ဇီဝကအား "ငါသည် မြတ်စွာဘုရားအား ကြမ်းတမ်းသော ဝမ်းလျှောဆေးကို ပေးရန် မလျောက်ပတ်" ဟု ကြံလျက် သုံးလက်သော ကြာပွင့်တို့ကို အထူးထူးသော ဆေးတို့ဖြင့် ထုံ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တလက်သောကြာကို မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည်ရှေးဦးစွာ ဤကြာလက်ကို နမ်းရှူတော်မူပါ၊ ဤကြာလက်သည် မြတ်စွာဘုရားကို ဆယ်ကြိမ် ဝမ်းလျှောစေလတ္တံ့" ဟု ဆက်ကပ်၏။ နှစ်ခုမြောက်သော ကြာလက်ကို မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည် ဤနှစ်ခုမြောက်သော ကြာလက်ကို နမ်းရှူတော်မူပါ၊

http://www.dhammadownload.com



ဤနှစ်ခုမြောက်သော ကြာလက်သည် မြတ်စွာဘုရားကို ဆယ်ကြိမ် ဝမ်းလျှောစေလတ္တံ့ ”ဟု ဆက်ကပ်၏။ သုံးခုမြောက်သော ကြာလက်ကို မြတ်စွာဘုရားအား “အသျှင်ဘုရား မြတ်စွာဘုရားသည် ဤသုံးခုမြောက်သော ကြာလက်ကို နမ်းရှူတော်မူပါ၊ ဤသုံးခုမြောက်သော ကြာလက်သည် မြတ်စွာဘုရားကို ဆယ်ကြိမ် ဝမ်းလျှောစေလတ္တံ့ ” ဟု ဆက်ကပ်၏။ ဤသို့အားဖြင့် မြတ်စွာဘုရားအား အကြိမ်သုံးဆယ်ဝမ်းလျှောခြင်း ဖြစ်ပါလိမ့်မည် ဟု လျှောက်၏။

ထို့နောက် ကောမာရဘစ္စမည်သော ဇီဝကသည် မြတ်စွာဘုရားအား အကြိမ်သုံးဆယ် ဝမ်းလျှောစေသော ဝမ်းလျှောဆေးကို ပေးလှူ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲ၍သွား၏။ ထိုအခါ အပဘံခါးမုခ်မှ ထွက်သော ကောမာရဘစ္စမည်သော ဇီဝကအား “ငါသည် အကြိမ်သုံးဆယ် ဝမ်းလျှောစေနိုင်သော ဝမ်းလျှောဆေးကိုပေးလှူခဲ့ပြီ၊ မြတ်စွာဘုရား၏ ကိုယ်တော်သည် (သွေးလေစသော) ဒေါသပြော၏၊ မြတ်စွာဘုရားကို အကြိမ်သုံးဆယ် ဝမ်းလျှောစေလိမ့်မည် မဟုတ်၊ မြတ်စွာဘုရားအား နှစ်ဆယ့်ကိုးကြိမ်သာ ဝမ်းလျှောစေလတ္တံ့ ၊ စင်စစ်သော်ကား ဝမ်းတော်လျှော်ပြီးသော် မြတ်စွာဘုရားသည် ရေသပ္ပါယ်တော်မူလတ္တံ့ ၊ ရေသပ္ပါယ်တော်မူသော် မြတ်စွာဘုရားကို တကြိမ်ဝမ်းလျှောစေလတ္တံ့ ၊ ဤသို့ ဝမ်းလျှောသည်ရှိသော် မြတ်စွာဘုရားအား အကြိမ်သုံးဆယ်သော ဝမ်းလျှောခြင်းသည် ဖြစ်လတ္တံ့ ” ဟု အကြံဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ကောမာရဘစ္စမည်သော ဇီဝက၏စိတ်အကြံကို ကိုယ်တော်၏ စိတ်ဖြင့်သိ၍အသျှင်အာနန္ဒာကို “အာနန္ဒာ ယခု အပဘံခါးမုခ်မှ ထွက်သော ကောမာရဘစ္စမည်သော ဇီဝကအား ‘ငါသည် အကြိမ်သုံးဆယ်ဝမ်းလျှောစေနိုင်သော ဝမ်းလျှောဆေးကိုပေးလှူခဲ့ပြီ၊ မြတ်စွာဘုရား၏ ကိုယ်တော်သည်ကား (သွေးလေစသော) ဒေါသပြော၏၊ မြတ်စွာဘုရားကို အကြိမ်သုံးဆယ် ဝမ်းလျှောစေလိမ့်မည် မဟုတ်၊ မြတ်စွာဘုရားအား နှစ်ဆယ့်ကိုးကြိမ်သာလျှင် ဝမ်းလျှောစေလတ္တံ့ ၊ စင်စစ်သော်ကား ဝမ်းတော်လျှော်ပြီးသော် မြတ်စွာဘုရားသည် ရေသပ္ပါယ်တော်မူလတ္တံ့ ၊ ရေသပ္ပါယ်တော်မူသော် မြတ်စွာဘုရားကို တကြိမ်ဝမ်းလျှောစေလတ္တံ့ ၊ ဤသို့ ဝမ်းလျှောသည်ရှိသော် မြတ်စွာဘုရားအား အကြိမ်သုံးဆယ်သော ဝမ်းလျှောခြင်းသည် ဖြစ်လတ္တံ့ ’ ဟု အကြံဖြစ်၏၊ အာနန္ဒာ ထို့ကြောင့် ရေနွေးစီရင်လော့” ဟု မိန့်တော်မူ၏။

“အသျှင်ဘုရား ကောင်းပါပြီ” ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၍ ရေနွေး စီရင်လေ၏။ ထိုအခါ ကောမာရဘစ္စမည်သော ဇီဝကသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေပြီးသော် ကောမာရဘစ္စမည်သော ဇီဝကသည် မြတ်စွာဘုရားကို “အသျှင်ဘုရား မြတ်စွာဘုရားသည် ဝမ်းလျှောတော်မူပါ၏လော” ဟု လျှောက်၏။ ဇီဝက ဝမ်းလျှော၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ယခု အပဘံခါးမုခ်မှ ထွက်စဉ် အကျွန်ုပ်အား “ငါသည် မြတ်စွာဘုရားအား အကြိမ်သုံးဆယ် ဝမ်းလျှောစေနိုင်သော ဝမ်းလျှောဆေးကို ပေးလှူခဲ့ပြီ၊ မြတ်စွာဘုရား၏ ကိုယ်တော်သည်ကား (သွေးလေစသော) ဒေါသပြော၏၊ မြတ်စွာဘုရားကို အကြိမ်သုံးဆယ် ဝမ်းလျှောစေလိမ့်မည် မဟုတ်၊ နှစ်ဆယ့်ကိုးကြိမ်သာ မြတ်စွာဘုရားအား ဝမ်းလျှောစေလတ္တံ့ ၊ စင်စစ်သော်ကား ဝမ်းတော်လျှော်ပြီးသော မြတ်စွာဘုရားသည် ရေသပ္ပါယ်တော်မူလတ္တံ့ ၊ ရေသပ္ပါယ်တော်မူသော် မြတ်စွာဘုရားကို တကြိမ်ဝမ်းလျှောစေလတ္တံ့ ၊ ဤသို့ ဝမ်းလျှောသည်ရှိသော် မြတ်စွာဘုရားအား အကြိမ်သုံးဆယ်သော ဝမ်းလျှောခြင်းသည် ဖြစ်လတ္တံ့ ” ဟု အကြံဖြစ်ပါသည်။ အသျှင်ဘုရား မြတ်စွာဘုရား

http://www.dhammadownload.com



သည် ရေသပ္ပါယ်တော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ရေသပ္ပါယ်တော်မူပါလော့ ဟု (လျှောက်၏)။ ထိုအခါ မြတ်စွာဘုရားသည် ရေကို သပ္ပါယ်တော်မူလေ၏၊ ရေသပ္ပါယ်တော်မူပြီးသော် မြတ်စွာဘုရားကို တကြိမ် ဝမ်းလျှော၏၊ ဤသို့ ဝမ်းလျှောသည်ရှိသော် မြတ်စွာဘုရားအား အကြိမ် သုံးဆယ်သော ဝမ်းလျှောခြင်းသည် ဖြစ်၏။

ထိုအခါ၌ ကောမာရဘစ္စမည်သော ဇီဝကသည် မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရား၏ ကိုယ်တော်သည် ပြကတေ့သဘော ရှိသည်တိုင်အောင် ဆေးရေနှင့်ရေသော ဆွမ်းဖြင့် သင့်ပါ၏" ဟု လျှောက်၏။

## ၂၁၀-ဆုတောင်းခြင်း

၃၃၇။ ထိုအခါ မြတ်စွာဘုရား၏ ကိုယ်တော်သည် မကြာမီပင်လျှင် ပြကတေ့သဘောအတိုင်း ဖြစ်၏။ ထိုအခါ ကောမာရဘစ္စမည်သော ဇီဝကသည် သိဝိတိုင်း၌ဖြစ်သော ထိုပုဆိုးအစုံကို ယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေကာ မြတ်စွာဘုရားကို "အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားအား တခုသောဆုကို တောင်းလိုပါသည်" ဟု လျှောက်၏။ ဇီဝက မြတ်စွာဘုရားတို့သည် ဆုပေးခြင်းမှ လွန်မြောက်ကုန်၏ ဟု (မိန့်တော်မူရာ) အသျှင်ဘုရား တောင်းမည့်ဆုသည် အပ်လည်းအပ်ပါ၏၊ အပြစ်လည်းမရှိပါ ဟု (လျှောက်၏)။

ဇီဝက ဆိုလော့ ဟု မိန့်တော်မူသောအခါ အသျှင်ဘုရား မြတ်စွာဘုရားသည်၎င်း ရဟန်းသံဃာသည်၎င်း ပံသုကူသင်္ကန်းကိုသာ ဆောင်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်ထံ ဤသိဝိတိုင်းဖြစ် ပုဆိုးအစုံကို ပဇ္ဇောတမင်းက ပို့သပါ၏၊ များစွာသော ပုဆိုးတို့ထက် များစွာသော ပုဆိုးအစုံတို့ထက် များစွာသော ပုဆိုးအစုံတရာတို့ထက် များစွာသော ပုဆိုး အစုံတထောင်တို့ထက် များစွာသော ပုဆိုး အစုံ တသိန်းတို့ထက် အဖိုးလည်းတန်ပါ၏၊ အထူးသဖြင့်လည်း ချီးမွမ်းအပ်ပါ၏၊ အမွန်အမြတ်လည်းဖြစ်ပါ၏၊ အထူးသဖြင့်လည်း ကျော်စောထင်ရှားပါ၏၊ ထက်ဝန်းကျင်မှလည်း ကောင်းပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ သိဝိတိုင်းဖြစ် ပုဆိုးအစုံကို ခံယူတော်မူပါ၊ ရဟန်းသံဃာအားလည်း ဒါယကာတို့ လှူသောသင်္ကန်းကို ခွင့်ပြုတော်မူပါ ဟု (လျှောက်၏)။ မြတ်စွာဘုရားသည် သိဝိတိုင်းဖြစ် ပုဆိုးအစုံကို ခံယူတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ကောမာရဘစ္စမည်သော ဇီဝကကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏၊ ထိုအခါ ကောမာရဘစ္စမည်သော ဇီဝကသည် မြတ်စွာဘုရားက (တရားစကားဖြင့် အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ဒါယကာတို့ လှူသော သင်္ကန်းကို ခွင့်ပြု၏၊ ပံသုကူ သင်္ကန်းကို ဆောင်ခြင်းငှါ အလိုရှိသောရဟန်းသည် ဆောင်လော့၊ ဒါယကာတို့ လှူသော သင်္ကန်းကို သာယာခြင်းငှါ အလိုရှိသော ရဟန်းသည် သာယာလော့။ ရဟန်းတို့ တပါးပါးသော သင်္ကန်းဖြင့် ရောင့်ရဲခြင်းကို ငါချီးမွမ်း၏" ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



ရာဇဂြိုဟ်ပြည်နေ လူတို့သည် "မြတ်စွာဘုရားသည် ရဟန်းတို့အား ဒါယကာတို့လှူသော သင်္ကန်းကို ခွင့်ပြုတော်မူသတတ်" ဟု ကြားကုန်၏၊ ထိုလူတို့သည်လည်း "မြတ်စွာဘုရားသည် ရဟန်းတို့အား ဒါယကာတို့ လှူသောသင်္ကန်းကို ခွင့်ပြုတော်မူသောကြောင့် ယခုအခါ ငါတို့သည် အလှူဒါနတို့ကို ပေးလှူရကုန်တော့အံ့၊ ကောင်းမှုတို့ကို ပြုရကုန်တော့အံ့" ဟု ရွှင်လန်းကုန်၏၊ တက်ကြွကုန်၏၊ တရက်ထည်းဖြင့်ပင်လျှင် ရာဇဂြိုဟ်ပြည်၌ များစွာသော အထောင်မကသော သင်္ကန်းတို့သည် ဖြစ်လာကုန်၏၊ ဇနပုဒ်၌နေသော လူတို့သည်လည်း "မြတ်စွာဘုရားသည် ရဟန်းတို့အား ဒါယကာတို့ လှူသော သင်္ကန်းကို ခွင့်ပြုတော်မူသတတ်" ဟု ကြားကြသည်သာတည်း။

ထို လူတို့သည်လည်း "မြတ်စွာဘုရားသည် ရဟန်းတို့အား ဒါယကာတို့ လှူသောသင်္ကန်းကို ခွင့်ပြုတော်မူသောကြောင့် ယခုအခါ ငါတို့သည် အလှူဒါနတို့ကို ပေးလှူရကုန်တော့အံ့၊ ကောင်းမှုတို့ကို ပြုရကုန်တော့အံ့" ဟု ရွှင်လန်းကုန်၏၊ တက်ကြွကုန်၏၊ တရက်ထည်းဖြင့်ပင်လျှင် ဇနပုဒ်၌လည်း များစွာသော အထောင်မကသော သင်္ကန်းတို့သည် ဖြစ်လာကုန်၏။

ထိုအခါ သံဃာတော်အား စုလျား အခင်း အရုံ 'အပေါ်တင် အိပ်ရာလွှမ်း' သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ စုလျား အခင်း အရုံကို ခွင့်ပြု၏။ ပိုးချည်ဖြင့် ပြီးသော စုလျား အခင်း အရုံသည် ဖြစ်ပေါ်လာ၏။ ရဟန်းတို့ ပိုးချည်ဖြင့် ပြီးသော စုလျား အခင်း အရုံကို ခွင့်ပြု၏။ သားမွေးဖြင့် ရက်သော ကော်ဇောသည် ဖြစ်ပေါ်လာပြန်၏၊ ရဟန်းတို့ သားမွေးဖြင့် ရက်သော ကော်ဇောကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမအခန်း ပြီး၏။

---

## ၂၁၁-ကမ္ဗလာကို ခွင့်ပြုတော်မူခြင်း

၃၃၈။ တရံရောအခါ ကာသိမင်းသည် ကောမာရဘစ္စမည်သော ဇီဝကထံသို့ အဖိုးငါးရာ ထိုက်တန်သော ကမ္ဗလာကို ပို့စေ၏။ ထို့နောက် ကောမာရဘစ္စမည်သော ဇီဝကသည် ထိုအသပြာငါးရာ ထိုက်တန်သော ကမ္ဗလာကိုယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေပြီးသော် ကောမာရဘစ္စမည်သော ဇီဝကသည် မြတ်စွာဘုရားကို "အသျှင်ဘုရား အကျွန်ုပ်အား ဤအသပြာငါးရာ ထိုက်တန်သော ကမ္ဗလာကို ကာသိမင်းက ပို့စေပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ ကမ္ဗလာကို ခံတော်မူပါလော့၊ ယင်းသို့ ခံယူတော်မူခြင်းသည် အကျွန်ုပ်အား ရှည်စွာသော နေ့ညဉ့်ပတ်လုံး စီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်ရာ၏"ဟု လျှောက်၏။ မြတ်စွာဘုရားသည် ကမ္ဗလာကို ခံယူတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ကောမာရဘစ္စမည်သော ဇီဝကကို တရားစကားဖြင့် (အကျိုးစီးပွါးကို) ကောင်းစွာ ပြတော်မူ၏။ပ။ အရှိအသေပြုကာ ဖဲခွါသွား၏။ ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ကမ္ဗလာကို ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၃၃၉။ တခုံရောအခါ သံဃာတော်အား အကောင်းအညံ့ဖြစ်ကုန်သော သင်္ကန်းတို့သည် ဖြစ်ပေါ်လာကုန်၏၊ ထို့နောက် ရဟန်းတို့အား "မြတ်စွာဘုရားသည် အဘယ်သို့သော သင်္ကန်းကို ခွင့်ပြုတော်မူသနည်း အဘယ်သို့သောသင်္ကန်းကို ခွင့်ပြုတော်မမူသနည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ခေါမတိုင်း၌ ဖြစ်သောသင်္ကန်း ဝါချည်သင်္ကန်း ပိုးချည်သင်္ကန်း ကမ္ဗလာသင်္ကန်း ပိုက်ဆံလျှော်ချည်သင်္ကန်း ငါးပါးစုံ ပေါင်း၍ ယက်သော သင်္ကန်း ဟု ဆိုအပ်သော ခြောက်မျိုးသော သင်္ကန်းတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၃၄၀။ တခုံရောအခါ အကြင်ရဟန်းတို့သည် ဒါယကာတို့ လှူသောသင်္ကန်းကို သာယာကုန်၏၊ ထိုရဟန်းတို့သည် "တမျိုးသောသင်္ကန်းကိုသာ မြတ်စွာဘုရား ခွင့်ပြုတော်မူ၏၊ နှစ်မျိုးသော သင်္ကန်းတို့ကို ခွင့်ပြုတော်မမူ" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်သည်ဖြစ်၍ ပံသုကူသင်္ကန်းတို့ကို မသာယာကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဒါယကာတို့ လှူသောသင်္ကန်းကို သာယာသော ရဟန်းသည် ပံသုကူသင်္ကန်းကိုလည်း သာယာခြင်းငှါ ခွင့်ပြု၏၊ ရဟန်းတို့ ထိုနှစ်မျိုးလုံးဖြင့်လည်း ရောင့်ရဲခြင်းကို ငါချီးမွမ်း၏ ဟု (မိန့်တော်မူ၏)။

## ၂၁၂-ပံသုကူသင်္ကန်း ရှာမှီးခြင်း

၃၄၁။ တခုံရောအခါ များစွာသော ရဟန်းတို့သည် ကောသလတိုင်း ဇနပုဒ်၌ ခရီးရှည်သွားကုန်၏။ အချို့သော ရဟန်းတို့သည် သုသာန်သို့ ပံသုကူသင်္ကန်းအလို့ငှါ ဝင်ကုန်၏၊ အချို့သော ရဟန်းတို့သည် မဆိုင်းငံ့ကုန်။ အကြင်ရဟန်းတို့သည် ပံသုကူသင်္ကန်းအလို့ငှါ သုသာန်သို့ ဝင်ကုန်၏၊ ထိုရဟန်းတို့သည် ပံသုကူတို့ကို ရကုန်၏။ အကြင်ရဟန်းတို့သည် မဆိုင်းငံ့ကုန်၊ ထိုရဟန်းတို့သည် "ငါ့ချင်တို့ ငါတို့အားလည်း အဖို့အစုကို ပေးကုန်လော့" ဟု ပြောဆိုကုန်၏။ ထိုရဟန်းတို့သည် "ငါ့ချင်တို့ ငါတို့သည် သင်တို့အား အဖို့အစုကို မပေးနိုင်ကုန်၊ အဘယ့်ကြောင့် သင်တို့သည် မဆိုင်းငံ့ကုန်သနည်း" ဟု ပြောဆိုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မဆိုင်းငံ့သော ရဟန်းတို့အား မပေးလိုကုန်သော် အဖို့အစုကို မပေးစိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တခုံရောအခါ များစွာသော ရဟန်းတို့သည် ကောသလတိုင်း ဇနပုဒ်၌ ခရီးရှည်သွားကုန်၏။ အချို့သော ရဟန်းတို့သည် ပံသုကူသင်္ကန်းအလို့ငှါ သုသာန်သို့ ဝင်ကုန်၏၊ အချို့သော ရဟန်းတို့သည် ဆိုင်းငံ့ကုန်၏။ အကြင်ရဟန်းတို့သည် ပံသုကူသင်္ကန်းအလို့ငှါ သုသာန်သို့ ဝင်ကုန်၏၊ ထိုရဟန်းတို့သည် ပံသုကူတို့ကို ရကုန်၏။ အကြင် ရဟန်းတို့သည် ဆိုင်းငံ့ကုန်၏၊ ထိုရဟန်းတို့သည် "ငါ့ချင်တို့ ငါတို့အားလည်း အဖို့အစုကို ပေးကုန်လော့" ဟု ပြောဆိုကုန်၏။ ထိုရဟန်းတို့သည် "ငါ့ချင်တို့ ငါတို့သည် သင်တို့အား အဖို့အစုကို မပေးနိုင်ကုန်၊ အဘယ့်ကြောင့် သင်တို့သည် မဝင်ကုန်သနည်း" ဟု ပြောဆိုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆိုင်းငံ့သော ရဟန်းတို့အား မပေးလိုသော်လည်း အဖို့အစုကို ပေးစိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



တရံရောအခါ များစွာသော ရဟန်းတို့သည် ကောသလတိုင်း ဇနပုဒ်၌ ခရီးရှည် သွားကုန်၏။ အချို့သော ရဟန်းတို့သည် ပံသုကူသက်န်းအလို့ငှါ ရှေးဦးစွာ သုသာန်သို့ ဝင်ကုန်၏၊ အချို့သော ရဟန်းတို့သည် နောက်မှ ဝင်ကုန်၏။ အကြင် ရဟန်းတို့သည် ပံသုကူသက်န်းအလို့ငှါ ရှေးဦးစွာ သုသာန်သို့ ဝင်ကုန်၏၊ ထိုရဟန်းတို့သည် ပံသုကူတို့ကို ရကုန်၏။ အကြင် ရဟန်းတို့သည် နောက်မှ ဝင်ကုန်၏၊ ထိုရဟန်းတို့သည် မရကုန်။ ထိုရဟန်းတို့သည် "ငါ့သျှင်တို့ ငါတို့အားလည်း အဖို့အစုကို ပေးကုန်လော့" ဟု ပြောဆိုကုန်၏။

ထိုရဟန်းတို့သည် "ငါ့သျှင်တို့ ငါတို့သည် သင်တို့အား အဖို့အစုကို မပေးနိုင်ကုန်၊ အဘယ့်ကြောင့် သင်တို့သည် နောက်မှ ဝင်ကုန်သနည်း" ဟု ပြောဆိုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြားကုန်၏။ ရဟန်းတို့ နောက်မှဝင်သော ရဟန်းတို့အား မပေးလိုသော် အဖို့အစုကို မပေးခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ များစွာသော ရဟန်းတို့သည် ကောသလတိုင်း ဇနပုဒ်၌ ခရီးရှည် သွားကုန်၏။ ထို ရဟန်းတို့သည် ပံသုကူသက်န်းအလို့ငှါ သုသာန်သို့ အတူဝင်ကုန်၏၊ အချို့သော ရဟန်းတို့သည် ပံသုကူတို့ကို ရကုန်၏၊ အချို့သော ရဟန်းတို့သည် မရကုန်။ အကြင် ရဟန်းတို့သည် မရကုန်၊ ထို ရဟန်းတို့သည် "ငါ့သျှင်တို့ ငါတို့အားလည်း အဖို့အစုကို ပေးကုန်လော့" ဟု ပြောဆိုကုန်၏။

ထိုရဟန်းတို့သည် "ငါ့သျှင်တို့ ငါတို့သည် သင်တို့အား အဖို့အစုကို မပေးနိုင်ကုန်၊ အဘယ့်ကြောင့် သင်တို့သည် မရကုန်သနည်း" ဟု ပြောဆိုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြားကုန်၏။ ရဟန်းတို့ အတူဝင်ကုန်သော ရဟန်းတို့အား မပေးလိုသော်လည်း အဖို့အစုကို ပေးခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ များစွာသော ရဟန်းတို့သည် ကောသလတိုင်း ဇနပုဒ်၌ ခရီးရှည် သွားကုန်၏။ ထိုရဟန်းတို့သည် ကတိကဝတ်ပြု၍ ပံသုကူသက်န်းအလို့ငှါ သုသာန်သို့ ဝင်ကုန်၏၊ အချို့သော ရဟန်းတို့သည် ပံသုကူတို့ကို ရကုန်၏၊ အချို့သော ရဟန်းတို့သည် မရကုန်။ ထိုရဟန်းတို့သည် "ငါ့သျှင်တို့ ငါတို့အားလည်း အဖို့အစုကို ပေးကုန်လော့" ဟု ပြောဆိုကုန်၏။

ထို ရဟန်းတို့သည် "ငါ့သျှင်တို့ ငါတို့သည် သင်တို့အား အဖို့အစုကို မပေးနိုင်ကုန်၊ အဘယ့်ကြောင့် သင်တို့ မရကုန်သနည်း" ဟု ပြောဆိုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြားကုန်၏။ ရဟန်းတို့ ကတိကဝတ် ပြု၍ ဝင်သော ရဟန်းတို့အား မပေးလိုသော်လည်း အဖို့အစုကို ပေးခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ၂၁၃-သက်န်းခံယူစေရန် သမုတ်ခြင်း

၃၄၂။ တရံရောအခါ လူတို့သည် သက်န်းကို ယူ၍ အရံသို့ လာကုန်၏၊ ထိုလူတို့သည် သင်္ကန်း အလှူခံမည့်ရဟန်းကိုမရကုန်သည်ဖြစ်၍ တဖန်ပြန်ယူရကုန်၏၊သက်န်းသည်အနည်းငယ်မျှသာဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြားကုန်၏။ ရဟန်းတို့ ငါးပါးသော အင်္ဂါနှင့်ပြည့်စုံသော ရဟန်းကို သက်န်းအလှူခံအံ့သော ရဟန်းဟု သမုတ်ခြင်းငှါ ခွင့်ပြု၏၊ အကြင် ရဟန်းသည် ဆန္ဒာဂတိသို့မလိုက်ရာ၊ ဒေါသာဂတိသို့ မလိုက်ရာ၊ မောဟာဂတိသို့ မလိုက်ရာ၊ ဘယာဂတိသို့ မလိုက်ရာ၊ အလှူခံအပ်သည် မခံအပ်သည်ကိုလည်း သိရာ၏၊ ရဟန်းတို့ ဤသို့ သမုတ်အပ်၏၊ ရှေးဦးစွာ

http://www.dhammadownload.com



ရဟန်းကို တောင်းပန်အပ်၏၊ တောင်းပန်ပြီးလျှင် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သောရဟန်းကို သက်န်း ခံတတ်သော ရဟန်း ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤမည်သော ရဟန်းကို သင်္ကန်းခံတတ်သော ရဟန်း ဟု သမုတ်၏၊ ဤမည်သော ရဟန်းကို သင်္ကန်း ခံတတ်သော ရဟန်း ဟု သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကို သင်္ကန်းခံတတ်သော ရဟန်းဟု သမုတ်အပ်ပြီ၊ သံဃာအားသည် နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

တရံရောအခါ သင်္ကန်းကို ခံကုန်သော ရဟန်းတို့သည် သင်္ကန်းကို ခံပြီးလျှင် ထို နေရာ၌သာလျှင် စွန့်သွားခဲ့၍ ဖဲသွားကုန်၏၊ သင်္ကန်းသည်ပျောက်၏။ မြတ်စွာဘုရားအား ဤအကြောင်းကိုလျှောက်ကြားကုန်၏။ ရဟန်းတို့ ငါးပါးသော အင်္ဂါနှင့်ပြည့်စုံသော ရဟန်းအား သင်္ကန်းကို သိုမှီးသောရဟန်း ဟု သမုတ်ခြင်းငှာ ခွင့်ပြု၏၊ ထိုရဟန်းသည် ဆန္ဒာဂတိသို့ မလိုက်ရာ၊ ဒေါသာဂတိသို့ မလိုက်ရာ၊ မောဟာဂတိသို့ မလိုက်ရာ၊ ဘယာဂတိသို့မလိုက်ရာ၊ သိုမှီးအပ်သည် မသိုမှီးအပ်သည်ကိုလည်း သိရာ၏။ ရဟန်းတို့ ဤသို့ သမုတ်အပ်၏၊ ရှေးဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးလျှင် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းကိုသင်္ကန်း သိုမှီးသော ရဟန်း ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤမည်သော ရဟန်းကို သင်္ကန်းသိုမှီးသောရဟန်း ဟု သမုတ်၏။ ဤမည်သောရဟန်းကို သင်္ကန်း သိုမှီးသောရဟန်း ဟု သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကို သင်္ကန်းသိုမှီးသောရဟန်း ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

## ၂၁၄-ဘဏ္ဍာအိမ်သမုတ်ခြင်းစသည်

၃၄၃။ တခါရောအခါ သင်္ကန်းကို သိုမှီးသော ရဟန်းသည် မဏ္ဍပ်၌၎င်း သစ်ပင်ရင်း၌၎င်း တံစက်မြိတ်၌၎င်း သင်္ကန်းကို သိုမှီးထား၏၊ ကြွက်တို့နှင့် ခြ တို့သည် ခဲစားကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြားကုန်၏။ ရဟန်းတို့ သံဃာအလိုရှိသော ကျောင်းကိုသော်၎င်း တဖက်စောင်းမိုးသော ကျောင်းကိုသော်၎င်း ပြာသာဒ်ရှည်ကိုသော်၎င်း ပြာသာဒ်ဦးပြည်းကိုသော်၎င်း

http://www.dhammadownload.com



ဂူကိုသော်ငင်း ဘဏ္ဍာတိုက် ဟု သမုတ်ခြင်းငှါ ခွင့်ပြု၏။ ရဟန်းတို့ဤသို့ သမုတ်အပ်၏၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ကျောင်းကို ဘဏ္ဍာတိုက် ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤမည်သော ကျောင်းကို ဘဏ္ဍာတိုက် ဟု သမုတ်၏၊ ဤမည်သော ကျောင်းကို ဘဏ္ဍာတိုက် ဟု သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ကျောင်းကို ဘဏ္ဍာတိုက် ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

တခုံရောအခါ သံဃာ၏ ဘဏ္ဍာတိုက်၌ သက်န်းသည် မလုံခြုံပဲ ဖြစ်နေ၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းကို ဘဏ္ဍာတိုက်စောင့် ရဟန်း ဟု သမုတ်ခြင်းငှါ ခွင့်ပြု၏၊ ထိုရဟန်းသည် ဆန္ဒာဂတိသို့ မလိုက်ရာ၊ ဒေါသာဂတိသို့ မလိုက်ရာ၊ မောဟာဂတိသို့ မလိုက်ရာ၊ ဘယာဂတိသို့ မလိုက်ရာ၊ လုံခြုံသည် မလုံခြုံသည်ကိုလည်း သိရာ၏၊ ရဟန်းတို့ ဤသို့ သမုတ်အပ်၏။ ရှေးဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးလျှင် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အကယ်၍ သံဃာအား လျောက်ပတ်သောအခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းကိုဘဏ္ဍာတိုက်စောင့် ရဟန်း ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤမည်သော ရဟန်းကို ဘဏ္ဍာတိုက်စောင့် ရဟန်း ဟု သမုတ်၏၊ ဤမည်သော ရဟန်းကို ဘဏ္ဍာတိုက်စောင့် ရဟန်း ဟု သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ် နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကို ဘဏ္ဍာတိုက်စောင့် ရဟန်း ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

တခုံသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘဏ္ဍာတိုက်စောင့်သော ရဟန်းကို ဖယ်ရှားကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘဏ္ဍာတိုက်စောင့်သော ရဟန်းကို မဖယ်ရှားစေရ၊ ဖယ်ရှားစေသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

တခုံသောအခါ သံဃာ၏ ဘဏ္ဍာတိုက်၌ သက်န်းများ၍ နေ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မျက်မှောက်၌ရှိသော သံဃာအား ဝေဘန်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



တရံရောအခါ သံဃာသည် သင်္ကန်းကို ဝေဘန်သည်ရှိသော် အုတ်အုတ်ကျက်ကျက် ပြု၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ငါးပါးသောအင်္ဂါနှင့်ပြည့်စုံသော ရဟန်းကို သင်္ကန်းကို ဝေဘန်တတ်သော ရဟန်း ဟု သမုတ်ခြင်းငှါ ခွင့်ပြု၏၊ ထိုရဟန်းသည် ဆန္ဒာဂတိသို့ မလိုက်ရာ၊ ဒေါသာဂတိသို့ မလိုက်ရာ၊ မောဟာဂတိသို့ မလိုက်ရာ၊ ဘယာဂတိသို့ မလိုက်ရာ၊ ဝေဘန်သင့်သည် မဝေဘန်သင့်သည်ကို သိရာ၏။ ရဟန်းတို့ ဤသို့ သမုတ်အပ်၏။ ရှေဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးလျှင် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းကို သင်္ကန်းကို ဝေဘန်တတ်သော ရဟန်း ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤမည်သော ရဟန်းကို သင်္ကန်းကို ဝေဘန်တတ်သော ရဟန်း ဟု သမုတ်၏။ ဤမည်သော ရဟန်းကို သင်္ကန်းကို ဝေဘန်တတ်သော ရဟန်း ဟု သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏။ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကို သင်္ကန်း ဝေဘန်တတ်သော ရဟန်း ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ထို့နောက် သင်္ကန်းကို ဝေဘန်သော ရဟန်းတို့အား "အဘယ်သို့လျှင် သင်္ကန်းကို ဝေဘန်ရမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရှေဦးစွာ (အသူအပါး အနံအလျား စသည်ကို) ရွေးချယ်၍ အဖိုးကို ချိန်၍ အဖိုးထပ်တူထပ်မျှ ရှိသည်ကိုပြု၍ ရဟန်းတို့ကို ရေတွက်ပြီးလျှင် အစုဖွဲ့၍ သင်္ကန်းအဖို့ကို ထားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထို့နောက် သင်္ကန်းကို ဝေဘန်သော ရဟန်းတို့အား "အဘယ်သို့လျှင် သာမဏေတို့အား သင်္ကန်းအဖို့ကို ပေးရပါအံ့နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သာမဏေတို့အား ထက်ဝက်သော သင်္ကန်းအဖို့ကို ပေးခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ တပါးသော ရဟန်းသည် မိမိသင်္ကန်းအဖို့ကိုယူ၍ ခရီးသွားလို၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခရီးသွားလိုသော ရဟန်းအား မိမိအဖို့ကို ပေးခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ တပါးသော ရဟန်းတို့သည် သူတပါးတို့၏ အဖို့ထက်သာလွန်သော သင်္ကန်းအဖို့ကို ယူ၍ ခရီးသွားလို၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပိုလွန်သော အစားကို ပေးစေပြီးသော် သူတပါးတို့၏ အဖို့ထက်သာလွန်သော အဖို့ကိုပေးခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထို့နောက် သင်္ကန်းကို ဝေဘန်သော ရဟန်းတို့အား "အဘယ်သို့လျှင် သင်္ကန်းအဖို့ကို ပေးရပါအံ့နည်း၊ ရောက်လာတိုင်းသော အစဉ်အားဖြင့် ပေးရအံ့လော၊ သို့မဟုတ် သတင်းကြီး အစဉ်အားဖြင့် ပေးရအံ့လော "ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သင်္ကန်းချုပ်တဲ့သော ရဟန်းတို့ကို နှစ်သက် 'ကျေနပ်'စေပြီးလျှင် စာရေးတံ မဲချခြင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ၂၁၅-သင်္ကန်းဆိုးခြင်း

၃၄၄။ တရံရောအခါ ရဟန်းတို့သည် နွားချေးဖြင့်ရင်း မြေနီဖြင့်ရင်း သင်္ကန်းကိုဆိုးကုန်၏၊ သင်္ကန်းသည် အဆင်းမလှ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အမြစ်ဆိုးရည် ပင်စည်ဆိုးရည် အခေါက်ဆိုးရည် အရွက်ဆိုးရည် အပွင့်ဆိုးရည် အသီးဆိုးရည် ဟု ဆိုအပ်ကုန်သော ဤခြောက်မျိုးသော ဆိုးရည်တို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတို့သည် (မကျက်သေးသော) ဆိုးရည်အေးဖြင့် သင်္ကန်းကို ဆိုးကုန်၏၊ သင်္ကန်းသည် အနံ့မကောင်းဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆိုးရည်ကျိုရန် အဝကျဉ်းသော ဆိုးရည်ကျိုစရာအိုးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဆိုးရည်သည် ဝေခဲ့၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခွောန်းကို [၁] ဖွဲ့ (ထည့်) စိမ့်သော၃ါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတို့သည် ဆိုးရည်ကျက်သည်ကိုရင်း မကျက်သည်ကိုရင်း မသိကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရေခွက်၌သော်ရင်း လက်သည်းခွံ၌သော်ရင်း ဆိုးရည်ပေါက်ကိုထည့်ရန် 'တင်ကြည့်ရန်' ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတို့သည် ဆိုးရည်ကိုချသောအခါ အိုးကိုစောင်းကုန်၏၊ ဆိုးရည်ကျိုသော အိုးသည် ကွဲလေ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆိုးရည်ခပ်ရာ၌ အရိုးတပ်သော ခွက်ယောက်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတို့အား ဆိုးရည်ထည့်စရာသည် မရှိ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆိုးရည်ထည့်စရာဖျဉ်း ဆိုးရည်ထည့်စရာအိုးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတို့သည် ခွက်၌ရင်း သပိတ်၌ရင်း သင်္ကန်းကို ဆုပ်နယ်ကုန်၏၊ သင်္ကန်းသည် စုတ်ပြတ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆိုးစရာကျင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတို့သည် မြေ၌ သင်္ကန်းကို ဖြန့်ကုန်၏၊ သင်္ကန်းသည် မြေမှုန့်အလိမ်းလိမ်း ကပ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မြက်အခင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

---

၁။ ဖိုးအလည်တွင်ထည့်သော နှီးပေခွဝါးခွေ။ ။နှီးခွေဝါးခွေကိုထည့်၍ ပတ်ဝန်းကျင်မှ ပိန္နဲခေါက် သစ်ခေါက်စသည်ကို ထည့်ရမည် ဟူလို။

http://www.dhammadownload.com



မြက်အခင်းကို ခြတို့သည် ခဲစား၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သင်္ကန်းတန်း သင်္ကန်းကြိုးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

သင်္ကန်းအလယ်ဖြင့် ဆွဲသောအခါ ဆိုးရည်သည် အနားနှစ်ဖက်မှ လျှောကျ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သင်္ကန်းနားတို့ကို ဖွဲ့စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

သင်္ကန်းနားသည် ဆွေးမြေ့၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နားသန်ကွင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဆိုးရည်သည် (အောက်အနား)တဖက်မှ လျှောကျ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အပြန်ပြန်အလှန်လှန် ဆိုးခြင်းငှါ ဆိုးရည်ပေါက် မပြတ်မစဲမီ အရပ်တပါးသို့ မသွားစိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ သင်္ကန်းသည် ခက်မာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရေ၌ နှစ်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ သင်္ကန်းသည် ကြမ်းတမ်း၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လက်ဖြင့် ပုတ်ခတ်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ရဟန်းတို့သည် အဆာမဖြတ်သော ဆင်စွယ်ရောင်နှင့် တူသော သင်္ကန်းတို့ကို ဆောင်ကုန်၏။ လူတို့သည် "ကာမဂုဏ်ကို ခံစားသော လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အဆာမဖြတ်သော သင်္ကန်းတို့ကို မဆောင်အပ်ကုန်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

## ၂၁၆-ဖြတ်သောသင်္ကန်းကို ခွင့်ပြုတော်မူခြင်း

၃၄၅။ ထိုနောက် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် ဒက္ခိဏာဂိရိဇနပုဒ်သို့ ဒေသစာရီ ကြွချီတော်မူ၏။ မြတ်စွာဘုရားသည် လေးထောင့်ကန်သင်းဖွဲ့သော အစဉ်ဖွဲ့သော အကြားအကြား၌ အကန့်ဖွဲ့သော ခရီးဆုံကဲ့သို့ဖွဲ့သော မဂဓတိုင်း သူတို့၏လယ်ကို မြင်တော်မူ၍ အသျှင်အာနန္ဒာကို "အာနန္ဒာ သင်သည် လေးထောင့်ကန်သင်းဖွဲ့သော အစဉ်ဖွဲ့သော အကြားအကြား၌ အကန့်ဖွဲ့သော ခရီးဆုံကဲ့သို့ဖွဲ့သော မဂဓတိုင်း သူတို့၏လယ်ကို မြင်၏လော" ဟု မိန့်တော်မူ၏။ "မြင်ပါသည် အသျှင်ဘုရား" ဟု (လျှောက်၏)။ အာနန္ဒာ သင်သည် ရဟန်းတို့အား ဤသို့ သဘောရှိသော သင်္ကန်းတို့ကို စီရင်ခြင်းငှါ စွမ်းနိုင်ပါမည်လော ဟု (မေးတော်မူ၏)။ စွမ်းနိုင်ပါသည် အသျှင်ဘုရား ဟု (လျှောက်၏)။

ထိုနောက် မြတ်စွာဘုရားသည် ဒက္ခိဏာဂိရိဇနပုဒ်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် တဖန် ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် များစွာသော ရဟန်းတို့၏ သင်္ကန်းတို့ကို စီရင်ပြီး၍ မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို "ဘုန်းတော်ကြီးသော အသျှင်ဘုရား တပည့်တော် စီမံပြီးသော သင်္ကန်းတို့ကို ကြည့်ရှုတော်မူပါ" ဟု လျှောက်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကိုဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ အာနန္ဒာသည် ပညာရှိပေစွ၊ ရဟန်းတို့ အာနန္ဒာသည် ကြီးသော ပညာရှိပေစွ၊ အာနန္ဒာသည် ငါဘုရား အကျဉ်းအားဖြင့် ဟောအပ်သောပါဠိတော်၏ အနက်ကို အကျယ်အားဖြင့် သိဘိ၏၊ အနားပတ် တလုပ်မြောင်းရှည် မည်သည်ကိုလည်း ပြုဘိ၏၊ တလုပ်မြောင်းငယ်ကိုလည်း ပြုဘိ၏၊ အိမ်ဝမ်းကြီးကိုလည်းပြုဘိ၏၊ အိမ်ခွဲကိုလည်း ပြုဘိ၏၊ အလယ်ခေါင်ကိုလည်း ပြုဘိ၏၊ ခေါင်ရံကိုလည်းပြုဘိ၏။ လည်ထိရာ၌ခံသော အနားပတ်ကိုလည်းပြုဘိ၏၊ မြင်းခေါင်းထိရာ၌ခံသော အနားပဘက်ကိုလည်း ပြုဘိ၏၊ လက်လိပ်ကိုလည်း ပြုဘိ၏၊ ဖြတ်လည်းဖြတ်ဘိ၏၊ ဖေးဖြတ်ခြင်းဖြင့် ကြမ်းတမ်း၍ ရဟန်းတို့အား လျောက်ပတ်၏၊ ရန်သူတို့သည်လည်း အလိုမရှိအပ်။ ရဟန်းတို့ ဖြစ်သော ဒုကုဋ်ဖြစ်သောကိုယ်ဝတ် ဖြစ်သောသင်းပိုင်ကို ခွင့်ပြု၏ ဟု" မိန့်တော်မူ၏။

## ၂၁၇-တိစီဝရိတ်ကို ခွင့်ပြုတော်မူခြင်း

၃၄၆။ ထို့နောက် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသမျှ သီတင်းသုံးနေတော်မူပြီးလျှင် ဝေသာလီပြည်သို့ ဒေသစာရီ ကြွချီတော်မူ၏။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်နှင့် ဝေသာလီပြည်အကြား ခရီးရှည်ကြွတော်မူစဉ် ဦးခေါင်း၌ရင်း ပခုံး၌ရင်း ခါး၌ရင်း ဘုံလျှိုကဲ့သို့ အဆပ်ဆပ်သော သင်္ကန်းကိုပြု၍ လာကုန်သော သင်္ကန်းတို့ဖြင့် ချီပိုးအပ်သော ဘဏ္ဍာရှိကုန်သော များစွာသော ရဟန်းတို့ကို မြင်တော်မူ၍ မြတ်စွာဘုရားအား "ဤ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် သင်္ကန်းများရန်အကျိုးငှါ အလွန်လျှင်မြန်စွာ လှည့်လည်ကုန်၏၊ ငါသည် ရဟန်းတို့အား သင်္ကန်း၌ အပိုင်းအခြားကို ဖွဲ့ချမူ အပိုင်းအခြားကိုထားရမူ ကောင်းလေစွ" ဟု အကြံဖြစ်တော်မူ၏။ ထို့နောက် မြတ်စွာဘုရားသည် အစဉ်အတိုင်းဒေသစာရီ လှည့်လည်သည်ရှိသော် ဝေသာလီပြည်သို့ ရောက်တော်မူ၏၊ မြတ်စွာဘုရားသည် ထိုဝေသာလီပြည် ဂေါတမကမည်သော စေတီ 'ပညောင်ပင်' ၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ချမ်းအေးသော ဆောင်းဥတု အခါဖြစ်သော တပို့တွဲ တပေါင်း နှစ်လတို့၏ အကြားဖြစ်သော ရှစ်ညဉ့်တို့၌ ဆီးနှင်းကျသော ညဉ့်အခါဝယ် လွင်တီးခေါင်၌ တထည်ထည်းသော သင်္ကန်းရှိသည်ဖြစ်၍ ထိုင်နေတော်မူ၏၊ မြတ်စွာဘုရားအား ချမ်းအေးခြင်းဖြစ်တော်မမူ။

ပဌမယာမ်လွန်သော် မြတ်စွာဘုရားအား ချမ်းအေးခြင်း ဖြစ်တော်မူ၏၊ မြတ်စွာဘုရားသည် နှစ်ထည်မြောက်သော သင်္ကန်းကို ခြုံရုံတော်မူ၏၊ မြတ်စွာဘုရားအား ချမ်းအေးခြင်း ဖြစ်တော်မမူ။

မဇ္ဈိမယာမ်လွန်သော် မြတ်စွာဘုရားအား ချမ်းအေးခြင်း ဖြစ်တော်မူ၏၊ မြတ်စွာဘုရားသည် သုံးထည်မြောက်သော သင်္ကန်းကို ခြုံရုံတော်မူ၏၊ မြတ်စွာဘုရားအား ချမ်းအေးခြင်း ဖြစ်တော်မမူ။

ပစ္ဆိမယာမ်လွန်သော် နှစ်သက်ဖွယ် မျက်နှာနှင့်တူသော ညဉ့်၏ အရုဏ်တက်လတ်သော် မြတ်စွာဘုရားအား ချမ်းအေးခြင်းဖြစ်တော်မူ၏၊ မြတ်စွာဘုရားသည် လေးထည်မြောက်သင်္ကန်းကို ခြုံရုံတော်မူ၏၊ မြတ်စွာဘုရားအား ချမ်းအေးခြင်းဖြစ်တော်မမူ။

ထိုအခါ မြတ်စွာဘုရားအား "ဤသာသနာတော်၌ ချမ်းတတ်သောသဘောရှိကုန်သော အချမ်းကို ကြောက်သော သဘောရှိကုန်သော အမျိုးကောင်းသားတို့သည် သုံးထည်သော သင်္ကန်းဖြင့်

http://www.dhammadownload.com



ရောင့်ရဲမှုတခြင်းငှါ စွမ်းနိုင်ကုန်၏၊ ငါသည် ရဟန်းတို့အား သင်္ကန်း၌ အပိုင်းအခြားကို ဖွဲ့ရမှု အပိုင်းအခြားကိုထားရမှု သုံးထည်သော သင်္ကန်းကို ခွင့်ပြုရမူ ကောင်းရာ၏” ဟု အကြံဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

“ရဟန်းတို့ ဤသာသနာတော်၌ ငါသည် ရာဇဂြိုဟ်ပြည်နှင့် ဝေသာလီပြည်အကြား ခရီးရှည်ကြွတော်မူစဉ် ဦးခေါင်း၌၎င်း ပခုံး၌၎င်း ခါး၌၎င်း ဘုံလျိုကဲ့သို့ အထပ်ထပ်သော သင်္ကန်းကို ပွေ့၍ လာကုန်သော သင်္ကန်းတို့ဖြင့် ချီပိုးအပ်သော ဘဏ္ဍာရှိကုန်သော များစွာသောရဟန်းတို့ကို မြင်တော်မူ၍ ငါအား ‘ဤ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် သင်္ကန်းများရန် အကျိုးငှါ အလွန်လျင်မြန်စွာ လှည့်လည်ကုန်၏၊ ငါသည် ရဟန်းတို့အား သင်္ကန်း၌ အပိုင်းအခြားကို ဖွဲ့ရမှု အပိုင်းအခြားကိုထားရမှု သုံးထည်သော သင်္ကန်းကို ခွင့်ပြုရမူ ကောင်းလေစွ’ ဟု အကြံဖြစ်၏။

ရဟန်းတို့ ငါသည် ဤသာသနာတော်၌ ချမ်းအေးသော ဆောင်းဥတုအခါဖြစ်သော တပို့တွဲ တပေါင်း နှစ်လတို့၏ အကြားဖြစ်သော ရှစ်ညဉ့်တို့၌ ဆီးနှင်းကျသော ညဉ့်အခါဝယ် လွင်တီးခေါင်၌ တသည်းသည်းသော သင်္ကန်းရှိသည် ဖြစ်၍ ထိုင်နေ၏၊ ငါအား ချမ်းအေးခြင်း မဖြစ်။

ပဌမယာမ်လွန်သော် ငါအား ချမ်းအေးခြင်း ဖြစ်ခဲ့၏၊ ငါသည် နှစ်ထည်မြောက်သော သင်္ကန်းကို ခြုံရုံ၏၊ ငါအား ချမ်းအေးခြင်း မဖြစ်။

မဇ္ဈိမယာမ်လွန်သော် ငါအား ချမ်းအေးခြင်း ဖြစ်ခဲ့ပြန်၏၊ ငါသည် သုံးထည်မြောက်သော သင်္ကန်းကို ခြုံရုံ၏၊ ငါအား ချမ်းအေးခြင်း မဖြစ်။

ပစ္ဆိမယာမ်လွန်သော် နှစ်သက်ဖွယ် မျက်နှာနှင့်တူသော ညဉ့်၏အရုဏ်တက်လတ်သော် ငါအား ချမ်းအေးခြင်း ဖြစ်ခဲ့ပြန်၏၊ ငါသည် လေးထည်မြောက်သော သင်္ကန်းကို ခြုံရုံပြန်၏၊ ငါအား ချမ်းအေးခြင်း မဖြစ်ခဲ့။

ရဟန်းတို့ ထိုငါအား ‘ဤသာသနာတော်၌ ချမ်းတတ်သောသဘောရှိကုန်သော အချမ်းကို ကြောက်တတ်သောသဘောရှိကုန်သော အမျိုးကောင်းသားတို့သည် သုံးထည်သော သင်္ကန်းဖြင့် ရောင့်ရဲမှုတခြင်းငှါ စွမ်းနိုင်ကုန်၏၊ ငါသည် ရဟန်းတို့အား သင်္ကန်း၌ အပိုင်းအခြားကို ဖွဲ့ရမှု အပိုင်းအခြားကိုထားရမှု သုံးထည်သောသင်္ကန်းကို ခွင့်ပြုရမူ ကောင်းလေစွ’ ဟု အကြံဖြစ်၏။ ရဟန်းတို့ နှစ်ထပ်သော ဒုကုဋ်သင်္ကန်း တထပ်သောကိုယ်ဝတ်သင်္ကန်း တထပ်သောသင်းပိုင် ဤသုံးထည်သော သင်္ကန်းကို ခွင့်ပြု၏” ဟု မိန့်တော်မူ၏။

## ၂၁၈-ပိုလွန်သောသင်္ကန်း

၃၄၇။ တရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် “မြတ်စွာဘုရားသည် သုံးထည်သောသင်္ကန်းကို ခွင့်ပြုတော်မူ၏” ဟု တပါးသော သုံးထည်သော သင်္ကန်းဖြင့် ရွာတွင်းသို့ ဝင်ကုန်၏၊ တပါးသော သုံးထည်သောသင်္ကန်းဖြင့် အရံကျောင်းတွင်း၌ နေကုန်၏၊ တပါးသော သုံးထည်သောသင်္ကန်းဖြင့် ရေချိုးဆိပ်သို့ သက်ဆင်းကုန်၏။ အလိုနည်းသော ရဟန်းတို့သည် “အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ

http://www.dhammadownload.com



ရဟန်းတို့သည် အခိဋ္ဌာန် ဝိကပ္ပနာမပြုပဲ ပိုလွန်သော သင်္ကန်းကို ဆောင်ကုန်ဘိသနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို “ရဟန်းတို့ အခိဋ္ဌာန် ဝိကပ္ပနာမပြုပဲ သင်္ကန်းသုံးထည်ထက် ပိုလွန်သော သင်္ကန်းကို မဆောင်အပ်၊ ဆောင်သောရဟန်းကို တရားအားလျော်စွာ ပြုရမည်” ဟု မိန့်တော်မူ၏။

တရံရောအခါ အသျှင်အာနန္ဒာအား သုံးထည်သော သင်္ကန်းထက် ပိုလွန်သော သင်္ကန်း ဖြစ်ပေါ်၏၊ အသျှင်အာနန္ဒာသည်လည်း ထိုသင်္ကန်းကို အသျှင်သာရိပုတြာအား ပေးလှူခြင်းငှါအလိုရှိ၏၊ အသျှင်သာရိပုတြာသည်လည်း သာကေတမြို့၌နေ၏။ ထိုအခါ အသျှင်အာနန္ဒာအား “မြတ်စွာဘုရားသည် ‘သုံးထည်သော သင်္ကန်းထက် ပိုလွန်သော သင်္ကန်းကို မဆောင်အပ်’ ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ ဤသင်္ကန်းသည်လည်း ငါ့အား သုံးထည်သော သင်္ကန်းထက် ပိုလွန်သော သင်္ကန်းတည်း၊ ငါသည်လည်း ဤသင်္ကန်းကို အသျှင်သာရိပုတြာအား ပေးလှူခြင်းငှါ အလိုရှိ၏၊ အသျှင်သာရိပုတြာသည်လည်း သာကေတမြို့၌နေ၏၊ ငါသည် အဘယ်သို့ ကျင့်ရပါမည်နည်း” ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။

အာနန္ဒာ အဘယ်မျှလောက် ကြာသည်ရှိသော် သာရိပုတြာ ရောက်လာလတ္တံ့နည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ကိုးရက်မြောက်သောနေ့၌ ဖြစ်စေ ဆယ်ရက်မြောက်သောနေ့၌ ဖြစ်စေ ရောက်လာပါလတ္တံ့ ဟု (လျှောက်၏)။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို “ရဟန်းတို့ သုံးထည်သော သင်္ကန်းထက် ပိုလွန်သော သင်္ကန်းကို ဆယ်ရက် အတိုင်းအရှည် ကာလပတ်လုံးဆောင်ရန် ခွင့်ပြု၏” ဟု မိန့်တော်မူ၏။

တရံရောအခါ ရဟန်းတို့အား သုံးထည်သော သင်္ကန်းထက် ပိုလွန်သော သင်္ကန်းဖြစ်ပေါ်၏။ ထိုအခါ ရဟန်းတို့အား “ငါတို့သည် သုံးထည်သော သင်္ကန်းထက် ပိုလွန်သော သင်္ကန်း၌ အဘယ်သို့ ပြုကျင့်ရပါမည်နည်း” ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သုံးထည်သော သင်္ကန်းထက် ပိုလွန်သော သင်္ကန်းကို ဝိကပ္ပနာပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၃၄၇။ ထို့နောက် မြတ်စွာဘုရားသည် ဝေသာလီပြည်၌ မွေ့လျော်တော်မူသမျှ သီတင်းသုံးနေတော်မူပြီးလျှင် ဗာရာဏသီပြည်သို့ ဒေသစာရီကြွချီတော်မူ၏။ အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်တော်မူ၏၊ မြတ်စွာဘုရားသည် ထိုဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ တပါးသော ရဟန်း၏ သင်းပိုင်သည် ပေါက်ပြဲ၏။ ထိုအခါ ထိုရဟန်းအား “မြတ်စွာဘုရားသည် နှစ်ထပ်သော ဒုကုဋ်သင်္ကန်း တထပ်သော ကိုယ်ဝတ်သင်္ကန်း တထပ်သော သင်းပိုင် (ဤ) သုံးထည်သော သင်္ကန်းကို ခွင့်ပြုတော်မူ၏၊ ငါ့အားလည်း ဤသင်းပိုင်သည် ပေါက်ပြဲခဲ့၏၊ အကယ်၍ ငါသည် ပုဆိုးစဖြင့် ဖာငြားအံ့၊ ထက်ဝန်းကျင်မှ နှစ်ထပ်ဖြစ်လတ္တံ့၊ အလယ်၌ တထပ် ဖြစ်လတ္တံ့” ဟု အကြံဖြစ်၏။ ထို့နောက် ထိုရဟန်းသည် ပုဆိုးစဖြင့် ဖာ၏။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ကျောင်းစဉ် ဒေသစာရီ လှည့်လည်သည်ရှိသော် ပုဆိုးစဖြင့် ဖာနေသော ထိုရဟန်းကို မြင်၍ ထိုရဟန်းထံသို့ ကြွတော်မူပြီးလျှင် ထိုရဟန်းကို "ရဟန်း သင်သည် အဘယ်ကို ပြုသနည်း" ဟု မေးတော်မူ၏။ အသျှင်ဘုရား ပုဆိုးစဖြင့် ဖာပါသည် ဟု လျှောက်သည်ရှိသော် ရဟန်း ကောင်းစွ၊ ကောင်းစွ၊ ရဟန်း သင်သည် ပုဆိုးစဖြင့် ဖာသည်မှာ ကောင်းပေ၏ ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ မဖွတ်သေးသော ပုဆိုး မဖွတ်သေးသော ပုဆိုးသစ်နှင့်တူသော တကြိမ်သာ ဖွတ်သေးသော ပုဆိုး နှစ်ထပ်သော ဒုကုဋ် တထပ်သော ကိုယ်ဝတ် တထပ်သော သင်းပိုင်ကို ခွင့်ပြု၏၊ ကာလကြာမြင့်စွာ ဟောင်းနွမ်းပြီးသော ပုဆိုးတို့ဖြင့် ပြုအပ်သော လေးထပ်သော ဒုကုဋ် နှစ်ထပ်သော ကိုယ်ဝတ် နှစ်ထပ်သော သင်းပိုင်ကိုလည်း ပံ့သုကူ၌ အလိုရှိသမျှ ထပ်စိမ့်သောငှါ လည်း ခွင့်ပြု၏၊ အိမ်စျေး စသည်၌ ကျသော ပုဆိုးနွမ်းကို ရှာမှီးခြင်း၌ အားထုတ်ခြင်းကို ပြုရမည်၊ ရဟန်းတို့ ဖာခြင်းကိုလည်း အပ်ဖြင့်ချုပ်ခြင်းကိုလည်း လုံး၍ ချုပ်ခြင်းကိုလည်း တလုပ်အုပ်ခြင်းကိုလည်း[၁] အရိ အဆွေးကို မခွါပဲ အပေါ်၌ ထပ်၍ ဖာခြင်းကိုလည်း ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

## ၂၁၉-ဝိသာခါဝတ္ထု

၃၄၉။ ထိုအခါမြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် သာဝတ္ထိပြည်သို့ အစဉ်အတိုင်းဒေသစာရီ လှည့်လည်သည်ရှိသော် သာဝတ္ထိပြည်သို့ ရောက်တော်မူ၏၊ မြတ်စွာဘုရားသည် ထိုသာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ မိဂါရမာတာမည်သော ဝိသာခါသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော မိဂါရ မာတာမည်သော ဝိသာခါကို မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏။

ထိုအခါ မိဂါရမာတာမည်သော ဝိသာခါသည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူပြီးသော် မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဖို့ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။ ထိုအခါ မိဂါရမာတာမည်သော ဝိသာခါသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကိုသိ၍ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွားလေ၏။

ထိုအခါ၌ ထိုညဉ့်လွန်သော် လေးကျွန်းလုံးနှံ့သော မိုးကြီးရွာ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ ဇေတဝန်ကျောင်း၌ ရွာသကဲ့သို့ ထိုအတူ လေးကျွန်းလုံးတို့၌ ရွာ၏၊ ရဟန်းတို့ ကိုယ်ကို မိုးရေခံကုန်လော့၊ ဤမိုးကြီးသည်ကား နောက်ဆုံးဖြစ်သော လေးကျွန်းလုံးကို နှံ့သော မိုးကြီးပေတည်း" ဟု မိန့်တော်မူ၏။

၁။ သေးငယ်သော အဝတ်ပိုင်းဖြင့် ထပ်အုပ်၍ချုပ်ခြင်း။

http://www.dhammadownload.com



"အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံ၍ သင်္ကန်းကို ချထားကုန်လျက် ကိုယ်ကို မိုးရေခံကုန်၏။ ထိုအခါ မိဂါရမာတာမည်သော ဝိသာခါသည် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီရင်စေပြီးလျှင် ကျွန်မကို "ဟယ်ကျွန်မ သွားချေ အရံကျောင်းတော်သို့ သွား၍ အသျှင်ဘုရား အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ ဟု(မြတ်စွာဘုရားအား)အချိန်တန်ကြောင်းကို လျှောက်လေလော့" ဟု စေလွှတ်လိုက်၏။

"အရှင်မ ကောင်းပါပြီ" ဟု ဆို၍ ထိုကျွန်မသည် မိဂါရမာတာမည်သော ဝိသာခါအားဝန်ခံ၍ အရံကျောင်းတော်သို့ သွားသည်ရှိသော် သင်္ကန်းကို ချထားကုန်လျက် ကိုယ်ကို မိုးရေခံနေကုန်သော ရဟန်းတို့ကိုမြင်၍ "အရံကျောင်းတော်၌ ရဟန်းတို့မရှိကုန်၊ အာဇီဝကတို့သည် ကိုယ်ကို မိုးရေခံကာ နေကုန်၏" ဟု (မှတ်ထင်ကာ) မိဂါရမာတာမည်သော ဝိသာခါထံသို့ သွားပြီးလျှင် မိဂါရမာတာမည်သော ဝိသာခါကို "အရှင်မ အရံကျောင်းတော်၌ ရဟန်းတို့မရှိကုန်၊ အာဇီဝကတို့သည် ကိုယ်ကို မိုးရေခံကာ နေပါကုန်၏" ဟု ပြောဆို၏။

ထိုအခါ ပညာရှိ၍ လိမ္မာသော လျင်သော ပညာနှင့် ပြည့်စုံသော မိဂါရမာတာမည်သော ဝိသာခါအား "စင်စစ် အသျှင်ကောင်းတို့သည် သင်္ကန်းကို ချထားကုန်လျက် ကိုယ်ကို မိုးရေခံကာ နေကုန်လတ္တံ့၊ ထိုမလိမ္မာသော ကျွန်မသည် အရံကျောင်းတော်၌ ရဟန်းတို့ မရှိကုန်၊ အာဇီဝကတို့သည် ကိုယ်ကို မိုးရေခံကာ နေကုန်၏ ဟု မှတ်ထင်ဟန်ရှိ၏" ဟု အကြံဖြစ်၏။

ထို့နောက် ကျွန်မကို "ဟယ်ကျွန်မ သွားချေဦး အရံကျောင်းတော်သို့ သွားပြီးလျှင် အသျှင်ဘုရား အချိန်တန်ပါပြီ ဆွမ်းပြင်ပြီးပါပြီ" ဟု (မြတ်စွာဘုရားအား) အချိန်တန်ကြောင်းကို လျှောက်လေလော့ ဟု စေလွှတ်လိုက်၏။ ထိုအခါ ထိုရဟန်းတို့သည် ကိုယ်ကို ချမ်းအေးအောင် ပြုပြင်ပြီးလျှင် ခံ့ကျန်းသော ကိုယ်ရှိကုန်သည် ဖြစ်၍ သင်္ကန်းတို့ကို ယူကုန်လျက် ကျောင်းသို့ ဝင်ကုန်၏။

ထိုအခါ၌ ကျွန်မသည် အရံကျောင်းတော်သို့သွား၍ ရဟန်းတို့ကို မမြင်သည်ရှိသော် "အရံကျောင်းတော်၌ ရဟန်းတို့ မရှိကုန်၊ အရံကျောင်းတော်သည် ဆိတ်ငြိမ်၏" ဟု (မှတ်ထင်ကာ) မိဂါရမာတာမည်သော ဝိသာခါထံသို့ သွားပြီးလျှင် မိဂါရမာတာမည်သော ဝိသာခါကို "အရှင်မ အရံကျောင်းတော်၌ ရဟန်းတို့ မရှိကုန် အရံကျောင်းတော်သည် ဆိတ်ငြိမ်၏" ဟု ပြောဆို၏။

ထိုအခါ ပညာရှိ၍ လိမ္မာသော လျင်သော ပညာနှင့် ပြည့်စုံသော မိဂါရမာတာမည်သော ဝိသာခါအား "စင်စစ် အသျှင်ကောင်းတို့သည် ကိုယ်ကို ချမ်းအေးအောင် ပြုကုန်လျက် ခံ့ကျန်းသော ကိုယ်ရှိကုန်သည် ဖြစ်၍ သင်္ကန်းတို့ကို ယူကာ ကျောင်းတွင်းသို့ ဝင်ကုန်သည် ဖြစ်လိမ့်မည်၊ ထိုမလိမ္မာသော ကျွန်မသည် အရံကျောင်းတော်၌ ရဟန်းတို့ မရှိကုန် အရံကျောင်းတော်သည် ဆိတ်ငြိမ်၏ ဟု မှတ်ထင်ဟန်ရှိ၏" ဟု အကြံဖြစ်၏။

ထို့နောက် ကျွန်မကို "ဟယ်ကျွန်မ သွားချေဦး အရံကျောင်းတော်သို့ သွားပြီးလျှင် အသျှင်ဘုရား အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ ဟု (မြတ်စွာဘုရားအား) အချိန်တန်ကြောင်းကို လျှောက်ထားလေလော့" ဟု စေလွှတ်လိုက်ပြန်၏။

၃၅၀။ ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ သပိတ်သင်္ကန်းကို ပြင်ဆင်ကုန်လော့၊ ဆွမ်းဘုဉ်းပေးရန် အချိန်တန်ပြီ" ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူကာ အားရှိသော ယောကျ်ားသည် ကွေးထားသောလက်မောင်းကို ဆန့်တန်းသကဲ့သို့ငှင်း၊ ဆန့်ထားသော လက်ကို ကွေးသကဲ့သို့ငှင်း၊ ထိုအတူသာလျှင် ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ မိဂါရမာတာ မည်သော ဝိသာခါ၏ တံခါးမုခ်၌ ထင်ရှားဖြစ်တော်မူ၏၊ မြတ်စွာဘုရားသည် ခင်းထားသောနေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။

ထိုအခါ မိဂါရမာတာမည်သော ဝိသာခါသည် "အချင်းတို့ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော် ကြီးသည်၏ အဖြစ်သည် အံ့ဘွယ် ရှိပေစွတကား အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်ပေစွတကား၊ မြတ်စွာ ဘုရားသည် ပုဆစ်ဒူးအတိုင်းအရှည်ရှိသော ရေအယဉ်တို့သည် စီးနေပါကုန်လျက် ခါးအတိုင်းအရှည် ရှိသော ရေအယဉ်တို့သည် စီးနေပါကုန်လျက် တပါးသောရဟန်း၏သော်လည်း ခြေတို့သည်ငှင်း သင်္ကန်းတို့သည်ငှင်း မစိုစွတ်ကုန်" ဟု ရွှင်လန်းဝမ်းမြောက်သည်ဖြစ်၍ ဘုရားအမှူးရှိသော ရဟန်း သံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေး၍ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီး၍ သပိတ်တော်မှ လက်ကို ဖယ်ပြီး သောအခါ တခုသောနေရာ၌ ထိုင်နေသော မိဂါရမာတာမည်သော ဝိသာခါသည် မြတ်စွာဘုရားကို "အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားအား ရှစ်ပါးသော ဆုတို့ကို တောင်းလိုပါ၏" ဟု လျှောက်၏။ ဝိသာခါ မြတ်စွာဘုရားတို့သည် ဆုပေးခြင်းမှ လွန်မြောက်ကုန်၏ ဟု (မိန့်တော်မူရာ) အသျှင်ဘုရား အပ်လည်းအပ်ပါ၏၊ အပြစ်လည်းမရှိပါ ဟု လျှောက်၏။ ဝိသာခါ ဆိုလော့ ဟု (မိန့် တော်မူ၏)။

## ဝိသာခါဆု (၈)ပါး

(၁) အသျှင်ဘုရား အကျွန်ုပ်သည် သံဃာတော်အား အသက်ထက်ဆုံး မိုးရေခံသင်္ကန်းကို လှူလိုပါ၏။

(၂) ဧည့်သည် အာဂန္တုတို့အား ဆွမ်းလှူလိုပါ၏။

(၃) ခရီးသွားရဟန်းတို့အား ဆွမ်းလှူလိုပါ၏။

(၄) သူနာ ရဟန်းတို့အား ဆွမ်းလှူလိုပါ၏။

(၅) သူနာပြု ရဟန်းတို့အား ဆွမ်းလှူလိုပါ၏။

(၆) သူနာ ရဟန်းတို့အား ဆေးလှူလိုပါ၏။

(၇) အမြဲယာဂုလှူလိုပါ၏။

(၈) ဘိက္ခုနီ သံဃာအား ရေသနုပ်ကို လှူလိုပါ၏ ဟု (လျှောက်၏)။

ဝိသာခါ သင်သည် အဘယ်သို့သော အကျိုးထူးကို ကောင်းစွာမြင်၍ ငါ့အား ရှစ်ပါး သော ဆုတို့ကိုတောင်းသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် ယခုအခါ ကျွန်မ ကို "ဟယ်ကျွန်မ သွားချေ အရံကျောင်းတော်သို့သွား၍ အသျှင်ဘုရား အချိန်တန်ပါပြီ ဆွမ်းပြင်ပြီး ပါပြီ ဟု (မြတ်စွာဘုရားအား) အချိန်တန်ကြောင်းကို လျှောက်လေလော့" ဟု စေလွှတ်လိုက်ပါ

http://www.dhammadownload.com



သည်။ အသျှင်ဘုရား ထိုအခါ ကျွန်ုပ်သည် အရံကျောင်းတော်သို့သွားသည်ရှိသော် သင်္ကန်းကို ချထား ကုန်လျက် ကိုယ်ကိုမိုးရေခံနေကုန်သော ရဟန်းတို့ကိုမြင်၍ "အရံကျောင်းတော်၌ ရဟန်းတို့မရှိကုန်၊ အာဇီဝကတို့သည် ကိုယ်ကိုမိုးရေခံကာ နေကုန်၏" ဟု (မှတ်ထင်ကာ) အကျွန်ုပ်ထံသို့ လာပြီးလျှင် အကျွန်ုပ်ကို "အရှင်မ အရံကျောင်းတော်၌ ရဟန်းတို့မရှိပါကုန်၊ အာဇီဝကတို့သည် ကိုယ်ကို မိုးရေခံ ကာ နေပါကုန်၏" ဟု ပြောကြားပါသည်။

အသျှင်ဘုရား အဝတ်မဆီး အချည်းနှီးနေခြင်းသည် မစင်ကြယ်ပါ၊ စက်ဆုပ်ဖွယ် ရွံရှာဖွယ် ဖြစ်ပါသည်။ အသျှင်ဘုရား အကျွန်ုပ်သည် ဤအကျိုးကို ကောင်းစွာမြင်သည် ဖြစ်၍ သံဃာတော် အား အသက်ထက်ဆုံး မိုးရေခံသင်္ကန်းကို လှူလိုပါ၏။

အသျှင်ဘုရား ထို့ပြင်လည်း ဧည့်သည် အာဂန္တုဖြစ်သော ရဟန်းသည် ခရီးကို မကျွမ်းကျင် သည်ဖြစ်၍ ဆွမ်းခံအပ် မခံအပ်သောအိမ်ကို မသိသဖြင့် ပင်ပန်းစွာ ဆွမ်းခံရပါ၏၊ ထိုဧည့်သည် အာဂန္တု ရဟန်းသည် အကျွန်ုပ်၏ အာဂန္တုတို့အား လှူသော ဆွမ်းကိုစားပြီးမှ ခရီးကိုသိသည်ဖြစ်၍ ဆွမ်း ခံအပ် မခံအပ်သော အိမ်ကိုသိသဖြင့် မပင်ပန်းပဲ ဆွမ်းခံရ ပါလိမ့်မည်၊ အသျှင်ဘုရား အကျွန်ုပ် သည် ဤအကျိုးကိုကောင်းစွာ မြင်သည်ဖြစ်၍ အသက်ထက်ဆုံး ဧည့်သည် အာဂန္တု ရဟန်းသံဃာ အား ဆွမ်းလှူရန် အလိုရှိပါသည်။

အသျှင်ဘုရား ထို့ပြင်လည်း ခရီးသွားရဟန်းသည် မိမိဆွမ်းကို ရှာရသည်ရှိသော် အဖော် ကုန်သည်မှလည်း ကျန်ရစ်ပါလိမ့်မည်၊ သွားလိုသောကျောင်းသို့ အချိန်အခါမဲ့၌ ရောက်ပါလိမ့်မည်၊ ပင်ပန်းစွာ ခရီးရှည် သွားရပါလိမ့်မည်။ ထိုရဟန်းသည် အကျွန်ုပ်၏ ခရီးသွား ရဟန်းတို့အား လှူသော ဆွမ်းကို စားပြီးမှ သွားရသော် အဖော်ကုန်သည်မှ မကျန်ပဲရှိပါလိမ့်မည်၊ သွားလိုသောကျောင်းသို့ အချိန်အခါ၌ ရောက်ပါလိမ့်မည်၊ မပင်ပန်းပဲ ခရီးရှည် သွားနိုင်ပါလိမ့်မည်၊ အသျှင်ဘုရား အကျွန်ုပ် သည် ဤအကျိုးကို ကောင်းစွာ မြင်သည်ဖြစ်၍ အသက်ထက်ဆုံး ခရီးသွား ရဟန်းသံဃာအား ဆွမ်းလှူရန် အလိုရှိပါသည်။

အသျှင်ဘုရား ထို့ပြင်လည်း နာဖျားသော ရဟန်းအား လျောက်ပတ်သော ဘောဇဉ်တို့ကို မရခြင်းကြောင့် အနာသော်လည်း တိုးပွားပါလိမ့်မည်၊ သေခြင်းသော်လည်း ဖြစ်ပါလိမ့်မည်။ အကျွန်ုပ် ၏ သူနာရဟန်းတို့အားလှူသော ဆွမ်းကို စားရသော ထိုရဟန်းအား အနာသည် မတိုးပွါးလတ္တံ့၊ သေခြင်းသည်လည်း မဖြစ်လတ္တံ့၊ အသျှင်ဘုရား အကျွန်ုပ်သည် ဤအကျိုးကို ကောင်းစွာမြင်သည်ဖြစ် ၍ အသက်ထက်ဆုံး သူနာရဟန်းသံဃာအား ဆွမ်းကို လှူရန် အလိုရှိပါသည်။

အသျှင်ဘုရား ထို့ပြင်လည်း သူနာပြုရဟန်းသည် မိမိဆွမ်းကို ရှာရသည်ရှိသော် နာဖျားသော ရဟန်း၏ဆွမ်းကို နေမြင့်မှ ဆောင်ရလတ္တံ့၊ ဆွမ်းတော်ပြတ်လတ္တံ့၊ ထိုသူနာပြုရဟန်းသည် အကျွန်ုပ်၏ သူနာပြုရဟန်းတို့အား လှူဒါန်းသောဆွမ်းကို စားရသော် နာဖျားသော ရဟန်း၏ ဆွမ်းကို စောစော ဆောင်နိုင်ပါလတ္တံ့၊ ဆွမ်းတော်ပြတ်ခြင်း မဖြစ်ပါလတ္တံ့၊ အသျှင်ဘုရား အကျွန်ုပ်သည် ဤအကျိုးကို ကောင်းစွာ မြင်သည်ဖြစ်၍ အသက်ထက်ဆုံး သူနာပြု ရဟန်းသံဃာအား ဆွမ်းကို လှူရန် အလို ရှိပါသည်။

အသျှင်ဘုရား ထို့ပြင်လည်း နာဖျားသော ရဟန်းအား လျောက်ပတ်သော ဆေးတို့ကို မရခြင်း ကြောင့် အနာသော်လည်း တိုးပွါးပါလတ္တံ့၊ သေခြင်းသော်လည်း ဖြစ်ပါလတ္တံ့၊ အကျွန်ုပ်၏ သူနာ တို့အား လှူသောဆေးကို စားရသော ထိုရဟန်းအား အနာသည်လည်း မတိုးပွါးလတ္တံ့၊ သေခြင်း

http://www.dhammadownload.com



သည်လည်း မဖြစ်ပါလဘ္တံ့၊ အသျှင်ဘုရား အကျွန်ုပ်သည် ဤအကျိုးကို ကောင်းစွာမြင်သည်ဖြစ်၍ အသက်ထက်ဆုံး သူနာရဟန်းသံဃာအား ဆေးလှူရန် အလိုရှိပါသည်။

အသျှင်ဘုရား ထို့ပြင်လည်း မြတ်စွာဘုရားသည် အန္ဓကဝိန္ဒမြို့၌ ဆယ်ပါးသောအကျိုးတို့ကို မြင်တော်မူသဖြင့် ယာဂုကို ခွင့်ပြုတော်မူ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ထိုဆယ်ပါးသော အကျိုးတို့ကို ကောင်းစွာမြင်သည်ဖြစ်၍ သံဃာတော်အား အသက်ထက်ဆုံး အမြဲယာဂုလှူရန် အလိုရှိပါ၏။

အသျှင်ဘုရား ဤသာသနာတော်၌ ရဟန်းမိန်းမတို့သည် အစိရဝတီမြစ်၌ ပြည့်တန်ဆာမတို့နှင့် အတူ အဝတ်မဆီးအချည်းနှီးဖြင့် တခုတည်းသော ရေဆိပ်၌ ရေချိုးကုန်၏၊ အသျှင်ဘုရား ထိုပြည့်တန်ဆာမတို့သည် ရဟန်းမိန်းမတို့ကို "အသျှင်မတို့ ငယ်ကုန်သော သင်တို့သည် အဘယ်ကြောင့် အကျင့်ကို ကျင့်ကုန်သနည်း၊ ကာမဂုဏ်တို့ကို ခံစားသင့်သေးသည် မဟုတ်ကုန်လော၊ အိုမင်းသောအခါ၌ ကျင့်ကုန်လော့၊ ဤသို့ ကျင့်သည်ရှိသော် သင်တို့အား နှစ်ပါးသော အကျိုးတို့ကို ယူအပ်သည် ဖြစ်ကုန်လတ္တံ့" ဟု ပြက်ရယ်ဆိုပါ၏။

အသျှင်ဘုရား ထိုရဟန်းမိန်းမတို့သည် ပြည့်တန်ဆာမတို့က ပြက်ရယ် ပြုအပ်ကုန်သည်ဖြစ်၍ မျက်နှာမသာယာဖြစ်ရပါကုန်သည်၊ အသျှင်ဘုရား မိန်းမအား အဝတ်မဆီး အချည်းနှီးနေခြင်းသည် မစင်ကြယ်ပါ၊ စက်ဆုပ်ရွံရှာဖွယ် ဖြစ်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ဤအကျိုးကို ကောင်းစွာ မြင်သည်ဖြစ်၍ ဘိက္ခုနီသံဃာအား အသက်ထက်ဆုံး ရေသနုပ်လှူရန် အလိုရှိပါသည် ဟု (လျှောက်၏)။

၃၅၁။ ဝိသာခါ သင်သည် အဘယ်အာနိသင်ကို ကောင်းစွာမြင်သည်ဖြစ်၍ ငါအား ရှစ်ပါးသော ဆုတို့ကို တောင်းသနည်း ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤသာသနာတော်၌ ဝါမှ ကျွတ်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိပြည်သို့ လာကုန်လတ္တံ့၊ ထိုရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရား ဤမည်သော ရဟန်းကား သေပါပြီ၊ ထိုရဟန်း၏ လားရာဂတိကား အဘယ်ပါနည်း၊ တမလွန်၌ ဖြစ်ခြင်းကား အဘယ်ပါနည်း (အကျွတ်တရားရခြင်းကား အဘယ်နည်း)" ဟု မေးကုန်လတ္တံ့။ မြတ်စွာဘုရားသည် ထိုကွယ်လွန်ခဲ့သော ရဟန်းကို သောတာပတ္တိဖိုလ်သို့ ရောက်၏ဟူ၍ သော်၎င်း သကဒါဂါမိဖိုလ်သို့ရောက်၏ဟူ၍ သော်၎င်း အနာဂါမိဖိုလ်သို့ရောက်၏ဟူ၍သော်၎င်း အရဟတ္တဖိုလ်သို့ ရောက်၏ဟူ၍ သော်၎င်း ဟောကြားတော်မူလတ္တံ့။

အကျွန်ုပ်သည် ထိုရဟန်းတို့ထံ ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရားတို့ ထိုအသျှင်သည် သာဝတ္ထိပြည်သို့ လာဘူးပါသလော" ဟု မေးအံ့။ ထိုရဟန်းသည် "သာဝတ္ထိပြည်သို့ လာဘူး၏" ဟု အကျွန်ုပ်အား အကယ်၍ ပြောဆိုကုန်ငြားအံ့၊ ဤသို့ဆိုသောအခါ၌ ကေန်မုချ ထိုအသျှင်သည် ငါ၏ မိုးရေခံ သင်္ကန်းကိုသော်လည်း သုံးဆောင်ဘူး၏၊ ဧည့်သည်တို့အားလှူသော ဆွမ်းကိုသော်၎င်း ခရီးသွား တို့အား လှူသော ဆွမ်းကိုသော်၎င်း သူနာတို့အား လှူသော ဆွမ်းကိုသော်၎င်း သူနာပြုရဟန်းတို့ အားလှူသော ဆွမ်းကိုသော်၎င်း နာဖျားသော ရဟန်းတို့အား လှူသော ဆေးကိုသော်၎င်း အမြဲ လှူသော ယာဂုကိုသော်၎င်း သုံးဆောင်ဘူး၏" ဟု ဆုံးဖြတ်ခြင်းသို့ ရောက်ပါအံ့။

ထိုသုံးဆောင်ဘူးသော ရဟန်းကို အောက်မေ့သော အကျွန်ုပ်အား ဝမ်းမြောက်ခြင်းဖြစ်လတ္တံ့၊ ဝမ်းမြောက်သော အကျွန်ုပ်အား နှစ်သက်ခြင်း ဖြစ်လတ္တံ့၊ နှစ်သက်သော စိတ်ရှိသော အကျွန်ုပ်၏

http://www.dhammadownload.com



ကိုယ်သည် ငြိမ်းအေးလတ္တံ့။ ငြိမ်းအေးသော ကိုယ်ရှိသော အကျွန်ုပ်သည် ချမ်းသာကို ခံစားရလတ္တံ့။ ချမ်းသာသော အကျွန်ုပ်၏စိတ်သည် တည်ကြည်လတ္တံ့။ ထိုတည်ကြည်ခြင်းသည် အကျွန်ုပ်အား ဣန္ဒြေကို ပွါးစေခြင်း ဗိုလ်ကိုပွါးစေခြင်း ဗောဇ္ဈင်ကို ပွါးစေခြင်း ဖြစ်လတ္တံ့။ အသျှင်ဘုရား အကျွန်ုပ်သည် ဤအကျိုးအာနိသင်ကို ကောင်းစွာမြင်သည်ဖြစ်၍ မြတ်စွာဘုရားအား ရှစ်ပါးသော ဆုတို့ကို တောင်းပါသည် ဟု (လျှောက်၏)။

ဝိသာခါ ကောင်းပေစွ၊ ကောင်းပေစွ၊ ဝိသာခါ သင်သည် ဤအကျိုးအာနိသင်ကို ကောင်းစွာ မြင်သည်ဖြစ်၍ ငါ့အား ရှစ်ပါးသော ဆုတို့ကို တောင်းသည်မှာ ကောင်းပေစွ၊ ဝိသာခါ သင့်အား ရှစ်ပါးသော ဆုတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် မိဂါရမာတာ မည်သော ဝိသာခါကို ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူ၏။

"(ဝိသာခါ) ငါ၏ အကြင်တပည့်မသည် ဆွမ်း အဖျော်အလှူကို လှူ၏၊ လွန်စွာ ဝမ်းမြောက်၏၊ အကျင့်သီလနှင့် ပြည့်စုံ၏၊ ဝန်တိုခြင်းကို နှိပ်စက်လျက် နတ်ပြည်၏ အကြောင်း ဖြစ်သော စိုးရိမ်ခြင်းကို ပယ်တတ်သော ချမ်းသာကို ဆောင်တတ်သော အလှူကို ပေးလှူ တတ်၏။

ထိုတပည့်မသည် ကိလေသာမှုကင်းသော အပါယ်သို့လားစေတတ်သော ကိလေသာလည်း မရှိသော အရိယာမဂ်သို့ရောက်၍ နတ်၌ ဖြစ်သော အသက်ရှည်ခြင်းကို ရ၏၊ ကောင်းမှုကို အလိုရှိသော ချမ်းသာခြင်းနှင့်ပြည့်စုံသော နာဖျားခြင်းမရှိသော ထိုတပည့်မသည် နတ်ပြည်၌ ကြာမြင့်စွာ မွေ့လျော်ရ၏" ဟု (အနုမောဒနာပြုတော်မူ၏)။

၃၅၂။ ထို့နောက် မြတ်စွာဘုရားသည် မိဂါရမာတာမည်သော ဝိသာခါကို ဤဂါထာတို့ဖြင့် အနုမောဒနာပြုပြီးလျှင် နေရာမှထကာ ဖဲကြွတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်း အရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ မိုးရေခံသင်္ကန်းကိုရင်း ဧည့်သည်တို့အား လှူသောဆွမ်းကိုရင်း ခရီးသွားတို့အား လှူသောဆွမ်းကိုရင်း သူနာရဟန်းအား လှူသော ဆွမ်းကိုရင်း သူနာပြုရဟန်းအား လှူသောဆွမ်းကိုရင်း သူနာအား လှူသောဆေးကို ရင်း အမြဲလှူသောယာဂုကိုရင်း ဘိက္ခုနီသံဃာအား ရေသနုပ်ကိုရင်း ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

ဝိသာခါအခန်း ပြီး၏။

---

## ၂၂၀-နိသီဒိုင်အခင်းစသည်ကို ခွင့်ပြုတော်မူခြင်း

၃၅၃။ တရံရောအခါ ရဟန်းတို့သည် မွန်မြတ်သော ဘောဇဉ်တို့ကိုစားပြီးလျှင် သတိလွတ်ကင်း ဆင်ခြင်ခြင်းမရှိပဲ အိပ်ပျော်ခြင်းသို့ ရောက်ကုန်၏၊ သတိလွတ်ကင်း ဆင်ခြင်ခြင်းမရှိပဲ အိပ်ပျော်ခြင်းသို့ ရောက်သော ထိုရဟန်းတို့အား အိပ်မက်မြင်မက်သဖြင့် သုက်လွတ်လေ၏၊ အိပ်ရာနေရာသည် သုက် အလိမ်းလိမ်းကပ်၏။ ထိုအခါ မြတ်စွာဘုရားသည် နောက်လိုက်ရဟန်းဖြစ်သော အသျှင်အာနန္ဒာနှင့် အတူ ကျောင်းစဉ်လှည့်လည်သည်ရှိသော် သုက်အလိမ်းလိမ်းကပ်သော အိပ်ရာနေရာကို မြင်တော်မူ၍

http://www.dhammadownload.com



အသျှင်အာနန္ဒာကို "အာနန္ဒာ ဤအိပ်ရာနေရာသည် အဘယ်ဖြင့် အလိမ်းလိမ်းကပ်သနည်း" ဟု မေးတော်မူ၏။

အသျှင်ဘုရား ယခုအခါ မွန်မြတ်သော ဘောဇဉ်တို့ကို စားပြီးလျှင် သတိလွတ်ကင်းဆင်ခြင်ခြင်း မရှိပဲ အိပ်ပျော်ခြင်းသို့ ရောက်သော ရဟန်းတို့အား အိပ်မက်ဖြင့် သုက်လွတ်ခြင်းကြောင့် ထိုအိပ်ရာနေရာသည် သုက်ဖြင့် အလိမ်းလိမ်းကပ်နေပါ၏ ဟု (လျှောက်၏)။

အာနန္ဒာ ဤစကားသည် ဤသို့ဆိုတိုင်းဟုတ်ပေ၏၊ အာနန္ဒာ ဤစကားသည် ဤသို့ဆိုတိုင်း မှန်ပေ၏၊ အာနန္ဒာ သတိလွတ်ကင်းဆင်ခြင်ခြင်းမရှိပဲ အိပ်ပျော်ခြင်းသို့ ရောက်သော ရဟန်းတို့အား အိပ်မက်ဖြင့် သုက်လွတ်၏။ အာနန္ဒာ သတိထင်ကာ ဆင်ခြင်လျက် အိပ်ပျော်ခြင်းသို့ ရောက်သော ရဟန်းတို့အား သုက်မလွတ်ပေ၊ အာနန္ဒာ ကာမဂုဏ်တို့၌ တပ်ခြင်းကင်းခိုက်ဖြစ်သော ပုထုဇဉ်တို့အားလည်း သုက်မလွတ်ပေ၊ အာနန္ဒာ ရဟန္တာအား သုက်လွတ်ရာသော အကြောင်းအခွင့်ကား အလျဉ်းမရှိပေ ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ယခုအခါ ငါသည် နောက်လိုက် ရဟန်းဖြစ်သော အာနန္ဒာနှင့်အတူ ကျောင်းစဉ်လှည့်လည်သည်ရှိသော် သုက်အလိမ်းလိမ်းကပ်သော အိပ်ရာနေရာကိုမြင်၍ အာနန္ဒာကို "အာနန္ဒာ ဤအိပ်ရာနေရာသည် အဘယ်ဖြင့် အလိမ်းလိမ်းကပ်သနည်း" ဟု မေးခဲ့ပြီ။

အသျှင်ဘုရား ယခုအခါ၌ မွန်မြတ်သော ဘောဇဉ်တို့ကို စားပြီးလျှင် သတိလွတ်ကင်း ဆင်ခြင်ခြင်း မရှိပဲ အိပ်ပျော်ခြင်းသို့ ရောက်သော ရဟန်းတို့အား အိပ်မက်ဖြင့် သုက်လွတ်ခြင်းကြောင့် ထို အိပ်ရာနေရာသည် သုက်အလိမ်းလိမ်း ကပ်နေပါ၏ ဟု (လျှောက်၏)။

အာနန္ဒာ ဤစကားသည် ဤသို့ ဆိုတိုင်း ဟုတ်ပေ၏၊ အာနန္ဒာ ဤစကားသည် ဤသို့ ဆိုတိုင်း မှန်ပေ၏၊ အာနန္ဒာ သတိလွတ်ကင်းဆင်ခြင်ခြင်းမရှိပဲ အိပ်ပျော်ခြင်းသို့ ရောက်သော ရဟန်းတို့အား အိပ်မက်ဖြင့် သုက်လွတ်၏။ အာနန္ဒာ သတိထင်ကာ ဆင်ခြင်လျက် အိပ်ပျော်ခြင်းသို့ ရောက်သော ရဟန်းတို့အား သုက်မလွတ်ပေ၊ အာနန္ဒာ ကာမဂုဏ်တို့၌ တပ်ခြင်းကင်းခိုက်ဖြစ်သော ပုထုဇဉ်တို့အားလည်း သုက်မလွတ်ပေ၊ အာနန္ဒာ ရဟန္တာအား သုက်လွတ်ရာသော အကြောင်းအခွင့်ကား အလျဉ်း မရှိပေ ဟု (မိန့်ခဲ့ပြီ)။

ရဟန်းတို့ သတိလွတ်ကင်းဆင်ခြင်ခြင်းမရှိပဲ အိပ်ပျော်ခြင်းသို့ ရောက်သော ရဟန်း၏ အပြစ်တို့သည် ဤငါးပါးတို့တည်း။ ဆင်းရဲစွာအိပ်ရ၏၊ ဆင်းရဲစွာနိုးရ၏၊ မကောင်းသောအိပ်မက်ကို မြင်မက်ရ၏၊ နတ်တို့က မစောင့်ကုန်၊ သုက်လွတ်တတ်၏။ ရဟန်းတို့ သတိလွတ်ကင်း ဆင်ခြင်ခြင်းမရှိပဲ အိပ်ပျော်ခြင်းသို့ ရောက်သော ရဟန်း၏ အပြစ်တို့သည် ဤငါးပါးတို့တည်း။

ရဟန်းတို့ သတိထင်ကာ ဆင်ခြင်လျက် အိပ်ပျော်ခြင်းသို့ ရောက်သော ရဟန်း၏ အကျိုးတို့သည် ဤငါးပါးတို့တည်း။ ချမ်းသာစွာအိပ်ရ၏၊ ချမ်းသာစွာနိုးရ၏၊ မကောင်းသော အိပ်မက်ကိုမမြင်မက်၊ နတ်တို့က စောင့်ကုန်၏၊ သုက်မလွတ်ပေ။ ရဟန်းတို့ သတိထင်ကာ ဆင်ခြင်လျက် အိပ်ပျော်ခြင်းသို့ ရောက်သော ရဟန်း၏ အကျိုးတို့သည် ဤငါးပါးတို့တည်း။

ရဟန်းတို့ ကိုယ်ကို လုံခြုံစေခြင်းငှါ သင်္ကန်းကို လုံခြုံစေခြင်းငှါ အိပ်ရာနေရာကို လုံခြုံစေခြင်းငှါ နိသီဒိုင်အခင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုအခါ အလွန်ငယ်သော နိသီဒိုင်အခင်းသည်

http://www.dhammadownload.com



အလုံးစုံသော အိပ်ရာနေရာကို မလုံခြုံစေနိုင်၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အလိုရှိသလောက်ကြီးသော အိပ်ရာလွှမ်းကို ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၃၅၄။ တရံရောအခါ အသျှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဖြစ်သော အသျှင်ဗေလဋ္ဌသီသအား ဝဲကြီးနာစွဲကပ်၏၊ သက်နှိုးတို့သည် အနာ၏ အစေးဖြင့် ကိုယ်၌ ကပ်ငြိကုန်၏၊ ရဟန်းတို့သည် ထိုသင်္ကန်းတို့ကို ရေဖြင့် ဆွတ်၍ ဆွတ်၍ ခွါကုန်၏။ မြတ်စွာဘုရားသည် ကျောင်းစဉ် လှည့်လည်သည်ရှိသော် ထိုသင်္ကန်းတို့ကို ရေဖြင့် ဆွတ်၍ ဆွတ်၍ ခွါနေကုန်သော ရဟန်းတို့ကို မြင်တော်မူ၍ ရဟန်းတို့ထံသို့ ကြွတော်မူပြီးလျှင် ထိုရဟန်းတို့ကို ရဟန်းတို့ ဤရဟန်း၏ အနာကား အဘယ်အနာနည်း” ဟု မေးတော်မူ၏။

အသျှင်ဘုရား ဤအသျှင်ဗေလဋ္ဌသီသ၏ အနာသည်ကား ဝဲကြီးနာပါတည်း၊ သင်္ကန်းတို့သည် အစေးဖြင့် ကိုယ်၌ ကပ်ငြိကုန်၏၊ အကျွန်ုပ်တို့သည် ထိုသင်္ကန်းတို့ကို ရေဖြင့် ဆွတ်၍ ဆွတ်၍ ခွါနေပါကုန်၏ ဟု (လျှောက်ကုန်၏)။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို “ရဟန်းတို့ အကြင်ရဟန်းအား ‘လည်ပင်းကြီးနာသော်၎င်း ထွက်မြင်းနာသော်၎င်း အရည်တရွှဲရွှဲယိုသော အနာသော်၎င်း ဝဲကြီးနာသော်၎င်း’ ရှိငြားအံ့၊ (ထိုရဟန်းအား) အမာလွှမ်းသင်္ကန်းကို ခွင့်ပြု၏” ဟု မိန့်တော်မူ၏။

၃၅၅။ ထိုအခါ မိဂါရမာတာမည်သော ဝိသာခါသည် မျက်နှာသုတ်ပုဝါကို ယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်ပြီးလျှင် မြတ်စွာဘုရားအား—

“အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ မျက်နှာသုတ်ပုဝါကို ခံယူတော်မူပါ၊ ယင်းသို့ ခံယူခြင်းသည် အကျွန်ုပ်အား ရှည်စွာသော ကာလပတ်လုံး စီးပွါးချမ်းသာခြင်း အလို့ငှါ ဖြစ်ရာ၏” ဟု လျှောက်၏။ မြတ်စွာဘုရားသည် မျက်နှာသုတ်ပုဝါကို ခံယူတော်မူ၏။

ထိုနောက် မြတ်စွာဘုရားသည် မိဂါရမာတာမည်သော ဝိသာခါကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏။ ထိုအခါ မိဂါရမာတာမည်သော ဝိသာခါသည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲသွားလေ၏။ ထိုနောက် မြတ်စွာဘုရားသည် ဤအကြောင်း အရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို “ရဟန်းတို့ မျက်နှာသုတ်ပုဝါကို ခွင့်ပြု၏” ဟု မိန့်တော်မူ၏။

၃၅၆။ ထိုအခါ ရောဇမည်သော မလ္လာမင်းသည် အသျှင်အာနန္ဒာ၏ အဆွေခင်ပွန်း ဖြစ်၏၊ ရောဇမည်သော မလ္လာမင်း၏ ခေါမတိုင်းဖြစ် ပုဆိုးဟောင်းကို အသျှင်အာနန္ဒာ၏ လက်၌ အပ်ထားခဲ့၏၊ အသျှင်အာနန္ဒာအားလည်း ခေါမတိုင်းဖြစ် ပုဆိုးဟောင်းကို အလိုရှိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား အကျွမ်းဝင်သောအားဖြင့် ယူစိမ့်သောငှါ ခွင့်ပြု၏။ မြင်ဘူးသော အဆွေခင်ပွန်းလည်းဖြစ်အံ့၊

http://www.dhammadownload.com



အတူသုံးဆောင်စားသောက်ဘူးသော အဆွေခင်ပွန်းလည်း ဖြစ်အံ့၊ (အလိုရှိလျှင်ယူဟူ၍) ဆိုဘူးသည်လည်း ဖြစ်အံ့၊ အသက်ရှင်ဆဲလည်း ဖြစ်အံ့၊ "ငါယူသည် ရှိသော် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်လတ္တံ့" ဟုလည်း သိအံ့။ရဟန်းတို့ ဤငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား အကျွမ်းဝင်သောအားဖြင့် ယူစိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၃၅၇။ တရံရောအခါ ရဟန်းတို့အား သုံးထည်သော သင်္ကန်းသည် ပြည့်စုံ၏၊ ရေစစ်အဝတ်တို့ကိုငှင်း အိတ်တို့ကိုငှင်း အလိုရှိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပရိက္ခာရ 'သုံးဆောင်စရာ'အဝတ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ၂၂၁-အယုတ်ဆုံး ဝိကပ္ပနာပြုလောက်သည့်ပမာဏရှိသော သင်္ကန်း

၃၅၈။ ထိုအခါ ရဟန်းတို့အား "သင်္ကန်းသုံးထည်ဟူ၍ငှင်း မိုးရေခံသင်္ကန်းဟူ၍ငှင်း နိသီဒိုင်အခင်းဟူ၍ငှင်း အိပ်ရာခင်းဟူ၍ငှင်း အမာလွှမ်းဟူ၍ငှင်း မျက်နှာသုတ်ပုဝါဟူ၍ငှင်း ပရိက္ခရာအဝတ်ဟူ၍ငှင်း မြတ်စွာဘုရား ခွင့်ပြုထားတော်မူအပ်သော အလုံးစုံသော သင်္ကန်းတို့ကို အဓိဋ္ဌာန်ပြုရမည်လော သို့မဟုတ် ဝိကပ္ပနာပြုရမည်လော" ဟု အကြံဖြစ်၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သင်္ကန်းသုံးထည်ကို အဓိဋ္ဌာန်တင်ခြင်းငှါ ဝိကပ္ပနာမပြုပဲ ထားခြင်းငှါ ခွင့်ပြု၏။ မိုးရေခံသင်္ကန်းကို မိုးလေးလပတ်လုံး အဓိဋ္ဌာန်တင်ခြင်းငှါ မိုးလလွန်ပြီးနောက် ဝိကပ္ပနာပြုခြင်းငှါ၊ နိသီဒိုင်ကို အဓိဋ္ဌာန်တင်ခြင်းငှါ ဝိကပ္ပနာမပြုပဲ ထားခြင်းငှါ၊ အိပ်ရာခင်းကို အဓိဋ္ဌာန်တင်ခြင်းငှါ ဝိကပ္ပနာမပြုပဲ ထားခြင်းငှါ၊ အမာလွှမ်းသင်္ကန်းကို အနာရှိသမျှကာလပတ်လုံး အဓိဋ္ဌာန်တင်ခြင်းငှါ အနာပျောက်ပြီးနောက် ဝိကပ္ပနာပြုခြင်းငှါ၊ မျက်နှာသုတ်ပုဝါကို အဓိဋ္ဌာန်တင်ခြင်းငှါ ဝိကပ္ပနာမပြုပဲထားခြင်းငှါ၊ ပရိက္ခာရစောဠကို အဓိဋ္ဌာန်တင်ခြင်းငှါ ဝိကပ္ပနာမပြုပဲ ထားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထို့နောက် "အဘယ်မျှလောက် အယုတ်ဆုံး (ပမာဏရှိ) သော သင်္ကန်းကို ဝိကပ္ပနာပြုသင့်သနည်း" ဟု ရဟန်းတို့အား အကြံဖြစ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အယုတ်ဆုံး မြတ်စွာဘုရား လက်သစ်တော်အားဖြင့် အလျားလက်ရှစ်သစ် အနံလက်လေးသစ် အတိုင်းအရှည်ရှိသော သင်္ကန်းကို ဝိကပ္ပနာပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၃၅၉။ တရံရောအခါ "အသျှင်မဟာကဿပ၏ ပံသုကူသင်္ကန်းသည် (သေးမြေ့သော နေရာကို ဖာထေးရသောကြောင့်) လေးသည်ဖြစ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ချည်ဖြင့် ဖာထေးရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထောင့်စွန်းသည် မညီဖြစ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ထောင့် စွန်းကို ဖြတ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ချည်မျှင်တို့သည် အစထွက်ကုန်သည် ဖြစ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အလျားအနားပတ်ကိုငှင်း အနံအနားပတ်ကိုငှင်း တင်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ ဒုကုဋ်အနားပတ်တို့သည် ပြုတ်ကုန်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အကွက်ပြု၍ ချုပ်ရန်အလို့ငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၃၆၀။ တရံရောအခါ တပါးသောရဟန်းအား သုံးထည်သော သင်္ကန်းကို ချုပ်လုပ်သည်ရှိသော် သုံးထည်သုံးကိုဖြတ်သဖြင့် မလောက် မငဖြစ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နှစ်ထည်သော သင်္ကန်းတို့ကို ဖြတ်၍ တထည်သော သင်္ကန်းကို မဖြတ်ဘို့ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

နှစ်ထည်သော သင်္ကန်းတို့ကို ဖြတ်၍ တထည်သော သင်္ကန်းကို မဖြတ်ပဲ ထားသော်လည်း မလောက် မငဖြစ်ပြန်သဖြင့် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နှစ်ထည်သော သင်္ကန်းတို့ကို မဖြတ်ပဲ တထည်သော သင်္ကန်းကို ဖြတ်ဘို့ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ နှစ်ထည်သော သင်္ကန်းတို့ကို မဖြတ်ပဲ တထည်သောသင်္ကန်းကို ဖြတ်သော်လည်း မလောက် မငဖြစ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သလင်းထောင်ကို လည်း တင်စိမ့်သောငှါ ခွင့်ပြု၏။

ရဟန်းတို့ အသုံးစုံ မဖြတ်သော သင်္ကန်းကို မဆောင်အပ် အကြင်ရဟန်းသည် ဆောင်ငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

၃၆၁။ တရံရောအခါ တပါးသောရဟန်းအား များစွာသော သင်္ကန်းသည် ဖြစ်ပေါ်၏၊ ထို ရဟန်းသည် သင်္ကန်းကို အမိအဖတို့အား ပေးလို၏။ မြတ်စွာဘုရားအား (အခြားရဟန်းတို့က) ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အမိအဖတို့အား ပေးသော ရဟန်းတို့ကို အဘယ်သို့ ဆိုရကုန်အံ့နည်း၊ ရဟန်းတို့ အမိအဖတို့အား ပေးခြင်းငှါ ခွင့်ပြု၏။

ရဟန်းတို့ သဒ္ဓါ၍ လှူသော ပစ္စည်းကို မဖျက်ဆီးအပ်၊ အကြင်ရဟန်းသည် ဖျက်ဆီးငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

၃၆၂။ တရံရောအခါ တပါးသော ရဟန်းသည် အန္ဓဝန်တော၌ သင်္ကန်း (ဒုကုဋ်) ကိုထားခဲ့ ပြီးလျှင် ကိုယ်ဝတ်သင်းပိုင်ဖြင့် ရွာသို့ ဆွမ်းခံဝင်၏၊ ခိုးသူတို့သည် ထိုသင်္ကန်း ဒုကုဋ်ကို ခိုးယူကုန်၏၊ ထိုရဟန်းသည် အဝတ်သင်္ကန်း နည်းပါး၏၊ ညစ်နွမ်းသော သင်္ကန်းရှိ၏၊ ရဟန်းတို့သည် "ငါ့သျှင် သင်သည် အဘယ့်ကြောင့် အဝတ်သင်္ကန်း နည်းပါးသနည်း၊ ညစ်နွမ်းသော သင်္ကန်းရှိသနည်း" ဟု မေးကုန်၏။

ငါ့သျှင်တို့ အကျွန်ုပ်သည် အန္ဓဝန်တော၌ သင်္ကန်း (ဒုကုဋ်) ကို ထားခဲ့ပြီးလျှင် ကိုယ်ဝတ် သင်းပိုင်မျှဖြင့် ရွာသို့ ဆွမ်းခံဝင်မိပါ၏၊ ခိုးသူတို့သည် ထိုသင်္ကန်းကို ခိုးယူသွားကုန်၏၊ ထို့ကြောင့် အကျွန်ုပ်သည် အဝတ်သင်္ကန်း နည်းပါးရပါ၏ ညစ်နွမ်းသော သင်္ကန်း ရှိပါ၏ ဟု (ပြောဆို၏)။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကိုယ်ဝတ်သင်းပိုင်မျှဖြင့် ရွာသို့မဝင်အပ်၊ ဝင်သောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်အာနန္ဒာသည် မေ့ခဲ့၍ ကိုယ်ဝတ်သင်းပိုင်မျှဖြင့် ရွာသို့ ဆွမ်းခံဝင်၏၊ ရဟန်းတို့ သည် အသျှင်အာနန္ဒာကို "ငါ့သျှင် အာနန္ဒာ မြတ်စွာဘုရားသည်ကိုယ်ဝတ်သင်းပိုင်မျှဖြင့် ရွာသို့ မဝင်အပ် ဟု ပညတ်တော်မူသည် မဟုတ်ပါလော၊ ငါ့သျှင်အာနန္ဒာ သင်သည် အဘယ့်ကြောင့် ကိုယ်ဝတ်သင်းပိုင်မျှဖြင့် ရွာသို့ဝင်ပါသနည်း" ဟု ပြောဆိုကုန်၏။ ငါ့သျှင်တို့ မြတ်စွာဘုရားသည် "ကိုယ်ဝတ်သင်းပိုင်မျှဖြင့် ရွာသို့မဝင်အပ်" ဟု ပညတ်တော်မူသည်ကား မှန်ပေ၏၊ သို့ရာတွင်

http://www.dhammadownload.com



အကျွန်ုပ်သည် မေ့သည်ဖြစ်၍ ဝင်မိပါသည် ဟု (ပြောဆို၏)။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဒုကုဋ်သင်္ကန်းကို ထားနိုင်ခြင်း၏ အကြောင်းတို့ကား ဤငါးပါးတို့တည်း။ နာဖျားသည်မှုလည်းဖြစ်စေ၊ မိုးလေးလမှုလည်းဖြစ်စေ၊ မြစ်တဖက်သို့သွားလိုသည်မှုလည်းဖြစ်စေ၊ လုံခြုံသော တံခါးရွက်ရှိသော ကျောင်းမှုလည်းဖြစ်စေ၊ ခင်းထားပြီးသော ကထိန်ရှိသည်မှုလည်းဖြစ်စေ။ ရဟန်းတို့ ဒုကုဋ်သင်္ကန်းကို ထားနိုင်ခြင်း၏ အကြောင်းတို့သည် ဤငါးပါးတို့တည်း။

ရဟန်းတို့ ကိုယ်ဝတ်ကို ထားနိုင်ခြင်း သင်းပိုင်ကို ထားနိုင်ခြင်း၏ အကြောင်းတို့ကား ဤငါးပါးတို့တည်း။ နာဖျားသည်မှုလည်းဖြစ်စေ၊ မိုးလေးလမှုလည်းဖြစ်စေ၊ မြစ်တဖက်သို့ သွားလိုသည်မှုလည်းဖြစ်စေ၊ လုံခြုံသော တံခါးရွက်ရှိသော ကျောင်းမှုလည်းဖြစ်စေ၊ ခင်းထားပြီးသော ကထိန်ရှိသည်မှုလည်းဖြစ်စေ။ ရဟန်းတို့ ကိုယ်ဝတ်ကို ထားနိုင်ခြင်း သင်းပိုင်ကို ထားနိုင်ခြင်း၏ အကြောင်းတို့သည် ဤငါးပါးတို့တည်း။

ရဟန်းတို့ မိုးရေခံ သင်္ကန်းကို ထားနိုင်ခြင်း၏ အကြောင်းတို့ကား ဤငါးပါးတို့တည်း။ နာဖျားသည်မှုလည်းဖြစ်စေ၊ သိမ်အပသို့ သွားလိုသည်မှုလည်းဖြစ်စေ၊ မြစ်တဖက်သို့ သွားလိုသည်မှုလည်းဖြစ်စေ၊ လုံခြုံသော တံခါးရွက်ရှိသော ကျောင်းမှုလည်းဖြစ်စေ၊ မိုးရေခံ သင်္ကန်း မချုပ်ရသေးသော်၎င်း ချုပ်၍ မပြီးသေးသော်၎င်း ဖြစ်စေ။ ရဟန်းတို့ မိုးရေခံသင်္ကန်း ထားနိုင်ခြင်းအကြောင်းတို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

## ၂၂၂-သံဃိကသင်္ကန်းဖြစ်ပေါ်ခြင်း

၃၆၃။ တခုသောအခါ တပါးသောရဟန်းသည် တပါးထည်းဝါဆို၏။ လူတို့သည် ထိုကျောင်း၌ "သံဃာအား လှူပါ၏" ဟု ဆို၍ သင်္ကန်းတို့ကို လှူကုန်၏။ ထိုအခါ ထိုရဟန်းအား—

"မြတ်စွာဘုရားသည် 'အနည်းဆုံးလေးပါးအစုရှိမှ သံဃာမည်၏' ဟု ပညတ်တော်မူ၏၊ ငါသည်ကား တပါးထည်းသာဖြစ်ခဲ့၏၊ ဤလူတို့သည်လည်း 'သံဃာအား လှူပါ၏' ဟု ဆို၍ သင်္ကန်းတို့ကို လှူကုန်၏၊ ငါသည် ဤသံဃာ့ ဥစ္စာဖြစ်သော သင်္ကန်းတို့ကို သာဝတ္ထိပြည်သို့ ဆောင်ရလျှင် ကောင်းလေစွ" ဟု အကြံဖြစ်၏။ ထို့နောက် ထိုရဟန်းသည် သင်္ကန်းတို့ကိုယူကာ သာဝတ္ထိပြည်သို့ သွားပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။

ရဟန်း သင်္ကန်းတို့သည် ကထိန်နုတ်သည်တိုင်အောင် သင်၏ သင်္ကန်းတို့သာတည်း ဟု(မိန့်တော်မူ၏)။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တပါးထည်းဝါဆို၏၊ လူတို့သည် ထိုကျောင်း၌ "သံဃာအားလှူပါ၏" ဟု သင်္ကန်းတို့ကို လှူကုန်အံ့၊ ရဟန်းတို့ ထိုသင်္ကန်းတို့ကို ကထိန်နုတ်သည်တိုင်အောင် ထိုရဟန်းအား သာလျှင် ခွင့်ပြု၏ဟု (မိန့်တော်မူ၏)။

တခုသောအခါ တပါးသော ရဟန်းသည် မိုးလေးလမှတပါးသော ကာလ၌ တပါးထည်းနေ၏။ လူတို့သည် ထိုကျောင်း၌ "သံဃာအား လှူပါ၏" ဟု ဆို၍ သင်္ကန်းတို့ကို လှူကုန်၏။ ထိုအခါ ထိုရဟန်းအား—

"မြတ်စွာဘုရားသည် 'အနည်းဆုံး လေးပါးအစုရှိမှ သံဃာမည်၏' ဟု ပညတ်တော်မူ၏၊ ငါသည်ကား တပါးထည်းသာ ဖြစ်ခဲ့၏၊ ဤလူတို့သည်လည်း 'သံဃာအား လှူပါ၏' ဟု ဆို၍ သင်္ကန်းတို့ကို

http://www.dhammadownload.com



လှူကုန်၏၊ ငါသည် ဤသံဃာ့ဥစ္စာဖြစ်သော သင်္ကန်းတို့ကို သာဝတ္ထိပြည်သို့ ဆောင်ရလျှင် ကောင်းလေစွ” ဟု အကြံဖြစ်၏။

ထို့နောက် ထိုရဟန်းသည် သင်္ကန်းတို့ကိုယူကာ သာဝတ္ထိပြည်သို့ သွားပြီးလျှင် ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မျက်မှောက်ဖြစ်သော သံဃာနှင့်အတူ ဝေဘန်ခြင်းငှါ ခွင့်ပြု၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိုးလေးလမှ တပါးသော ကာလ၌ တပါးထည်း နေ၏၊ လူတို့သည် ထိုကျောင်း၌ “သံဃာအား လှူပါ၏” ဟု ဆို၍ သင်္ကန်းတို့ကို လှူကုန်၏၊ ရဟန်းတို့ ထိုရဟန်းသည် သင်္ကန်းတို့ကို “ဤသင်္ကန်းတို့ကား ငါ၏သင်္ကန်းတို့တည်း” ဟု ဆောက်တည်ခြင်းငှါ ခွင့်ပြု၏။

ရဟန်းတို့ အကယ်၍ ထိုသင်္ကန်းကို ထိုရဟန်း မဆောက်တည်သေးမီပင် တပါးသော ရဟန်းသည် ရောက်လာငြားအံ့၊ အညီအမျှ အဖို့အစုကို ပေးအပ်၏။ ရဟန်းတို့ အကယ်၍ ထိုရဟန်းတို့သည် ထိုသင်္ကန်းကို ဝေဘန်သည်ရှိသော် ကမ္ပည်းတံချ၍ မပြီးသေးမီ တပါးသော ရဟန်းသည် ရောက်လာငြားအံ့၊ အဖို့အစုကို အညီအမျှပေးအပ်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် ထိုသင်္ကန်းကို ဝေဘန်၍ ကမ္ပည်းတံချပြီးမှ တပါးသော ရဟန်းသည် ရောက်လာငြားအံ့၊ မပေးလိုက အဖို့အစုကို မပေးရ ဟု (မိန့်တော်မူ၏)။

တရံရောအခါ အသျှင်ဣသိဒါသနှင့် အသျှင်ဣသိဘဋ္ဋ မထေရ်ညီနောင် နှစ်ပါးတို့သည် သာဝတ္ထိပြည်၌ ဝါကျွတ်ကုန်သည်ရှိသော် ရွာငယ်ကျောင်းတကျောင်းသို့ သွားကုန်၏။ မထေရ်မြတ်တို့သည် ကြာမြင့်မှ လာကြကုန်၏ ဟု နှလုံးသွင်း၍ လူတို့သည် သင်္ကန်းနှင့် တကွ ဆွမ်းတို့ကို လှူကုန်၏။ ကျောင်းနေရဟန်းတို့သည် မထေရ်တို့ကို “အသျှင်ဘုရားတို့ ဤသံဃာ့ဥစ္စာဖြစ်သော သင်္ကန်းတို့သည် မထေရ်တို့ကို စွဲ၍ ဖြစ်ပေါ်လာပါကုန်၏၊ မထေရ်တို့သည် အဖို့အစုကို သာယာကုန်အံ့လော” ဟု မေးကုန်၏။ မထေရ်တို့သည် “ငါ့သျှင်တို့ ငါတို့သည်ကား မြတ်စွာဘုရားဟောတော်မူတိုင်း တရားတော်ကို သိကုန်၏၊ ထိုသင်္ကန်းတို့သည် ကထိန်နုတ်သည်တိုင်အောင် သင်တို့၏ သင်္ကန်းတို့သာတည်း” ဟု ပြောဆိုကုန်၏။

တရံရောအခါ သုံးပါးသော ရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါဆိုကုန်၏။ လူတို့သည် ထိုကျောင်း၌ “သံဃာအား လှူပါ၏” ဟု ဆို၍ သင်္ကန်းတို့ကို လှူကုန်၏။ ထိုအခါ ထိုရဟန်းတို့အား—

“မြတ်စွာဘုရားသည် ‘အနည်းဆုံး လေးပါးအစုရှိမှသာ သံဃာမည်၏’ ဟု ပညတ်တော်မူ၏၊ ငါတို့သည်ကား သုံးပါးတို့သာတည်း၊ ဤလူတို့သည်လည်း ‘သံဃာအား လှူပါ၏’ ဟု ဆို၍ သင်္ကန်းတို့ကို လှူကုန်၏၊ ငါတို့သည် အဘယ်သို့ ပြုကျင့်ရပါအံ့နည်း” ဟု အကြံဖြစ်၏။

ထိုအခါ များစွာသော မထေရ်ကြီးဖြစ်ကုန်သော အသျှင်နိလဝါသီ၊ အသျှင်သာဏဝါသီ အသျှင်ဂေါတက အသျှင်ဘဂု အသျှင်ဖဠိက သန္တာန တို့သည် ပါဋလိပုတ်ပြည် ကုက္ကုဋာရုံကျောင်းတိုက်၌ နေကုန်၏။ ထိုအခါ၌ ထိုရဟန်းတို့သည် ပါဋလိပုတ်ပြည်သို့ သွားပြီးလျှင် မထေရ်တို့ကို မေးကုန်၏။ မထေရ်တို့က “ငါ့သျှင်တို့ ငါတို့သည်ကား မြတ်စွာဘုရားဟောတော်မူတိုင်း တရားတော်ကို သိကုန်၏၊ ထိုသင်္ကန်းတို့သည် ကထိန်နုတ်သည်တိုင်အောင် သင်တို့၏ သင်္ကန်းတို့သာတည်း” ဟု ပြောဆိုကုန်၏။

http://www.dhammadownload.com



## ၂၂၃-သာကီဝင်မင်းသား အသျှင်ဥပနန္ဒဝတ္ထု

၃၆၄။ တရံရောအခါ သာကီဝင်မင်းသားဖြစ်သော အသျှင်ဥပနန္ဒသည် သာဝတ္ထိပြည်၌ ဝါကျွတ်ပြီးသည်ဖြစ်၍ ရွာငယ်ကျောင်းတကျောင်းသို့ သွားလေ၏။ ထိုကျောင်း၌လည်း ရဟန်းတို့သည် သင်္ကန်းဝေခြမ်းလိုသည်ဖြစ်၍ စည်းဝေးကုန်၏၊ ထိုရဟန်းတို့က "ငါ့သျှင် ဤသံဃာ့ဥစ္စာဖြစ်သော သင်္ကန်းတို့ကို ဝေခြမ်းကုန်လတ္တံ့၊ အဖို့အစုကို သာယာမည်လော" ဟု မေးမြန်းကုန်၏။ (ထိုဥပနန္ဒက) ငါ့သျှင်တို့ သာယာပါအံ့ ဟု (ပြောဆိုပြီးလျှင်) ထိုကျောင်းမှ သင်္ကန်းအဖို့အစုကိုယူ၍ အခြားတပါးသော ကျောင်းသို့ သွား၏။

ထိုကျောင်း၌လည်း ရဟန်းတို့သည် သင်္ကန်းဝေခြမ်းလိုသည်ဖြစ်၍ စည်းဝေးကုန်၏၊ ထိုရဟန်းတို့ကလည်း "ငါ့သျှင် ဤသံဃာ့ဥစ္စာဖြစ်သော သင်္ကန်းတို့ကို ဝေခြမ်းကုန်လတ္တံ့၊ အဖို့အစုကိုသာယာမည်လော" ဟု မေးမြန်းကုန်၏၊ ငါ့သျှင်တို့ သာယာပါအံ့ ဟု (ပြောဆိုပြီးလျှင်) ထိုကျောင်းမှလည်း သင်္ကန်းအဖို့အစုကို ယူ၍ အခြားတပါးသော ကျောင်းသို့ သွားပြန်၏။

ထိုကျောင်း၌လည်း ရဟန်းတို့သည် သင်္ကန်းဝေခြမ်းလိုသည် ဖြစ်၍ စည်းဝေးကုန်၏၊ ထိုရဟန်းတို့ကလည်း "ငါ့သျှင် ဤသံဃာ့ဥစ္စာဖြစ်သော သင်္ကန်းတို့ကို ဝေခြမ်းကုန်လတ္တံ့၊ အဖို့အစုကို သာယာမည်လော" ဟု မေးမြန်းကုန်၏။ ငါ့သျှင်တို့ သာယာပါအံ့ ဟု (ပြောဆို၏)။ ထိုကျောင်းမှလည်း သင်္ကန်းအဖို့အစုကို ယူ၍ သင်္ကန်းထုပ်ကြီးကို ယူငင်ပြီးလျှင် တဖန်သာဝတ္ထိပြည်သို့ ပြန်လာလေ၏။

ရဟန်းတို့သည် "ငါ့သျှင်ဥပနန္ဒ သင်သည် ဘုန်းကံကြီးမား၏၊ သင့်အား များစွာသောသင်္ကန်းသည် ဖြစ်၏" ဟု ဆိုကုန်၏။ ငါ့သျှင်တို့ ငါ့အား အဘယ်မှာ ဘုန်းကံ ရှိအံ့နည်း၊ ငါသည် ဤသာဝတ္ထိပြည်၌ ဝါကျွတ်ပြီးသည် ဖြစ်၍ ရွာငယ်ကျောင်းတကျောင်းသို့ သွားခဲ့၏။ ထိုကျောင်း၌ ရဟန်းတို့သည် သင်္ကန်းဝေခြမ်းလိုသည်ဖြစ်၍ စည်းဝေးကုန်၏၊ ထိုရဟန်းတို့က "ငါ့သျှင် ဤသံဃာ့ဥစ္စာဖြစ်သော သင်္ကန်းတို့ကို ဝေခြမ်းကုန်လတ္တံ့၊ အဖို့အစုကို သာယာမည်လော" ဟု မေးမြန်းကုန်၏။ ငါ့သျှင်တို့ သာယာပါအံ့ ဟု (ပြောပြီးလျှင်) ထိုကျောင်းမှ သင်္ကန်းအဖို့အစုကို ယူခဲ့၍ ကျောင်းတကျောင်းသို့သွားခဲ့ပါ၏။

ထိုကျောင်း၌လည်း ရဟန်းတို့သည် သင်္ကန်းဝေခြမ်းလိုသည်ဖြစ်၍ စည်းဝေးကုန်၏၊ ထိုရဟန်းတို့ကလည်း "ငါ့သျှင် ဤသံဃာ့ဥစ္စာဖြစ်သော သင်္ကန်းတို့ကို ဝေခြမ်းကုန်လတ္တံ့၊ အဖို့အစုကို သာယာမည်လော"ဟု ငါ့ကို မေးမြန်းကုန်၏။ ငါ့သျှင်တို့ သာယာပါအံ့ ဟု (ပြောဆိုပြီးလျှင်) ထိုကျောင်းမှလည်း သင်္ကန်းအဖို့အစုကို ယူ၍ အခြား ကျောင်းသို့ သွားခဲ့ပြန်ပါ၏။

ထိုကျောင်း၌လည်း ရဟန်းတို့သည် သင်္ကန်းဝေခြမ်းလိုသည်ဖြစ်၍ စည်းဝေးကုန်၏၊ ထိုရဟန်းတို့ကလည်း "ငါ့သျှင် ဤသံဃာ့ဥစ္စာဖြစ်သော သင်္ကန်းတို့ကို ဝေခြမ်းကုန်လတ္တံ့၊ အဖို့အစုကို သာယာမည်လော" ဟု ငါ့ကို မေးမြန်းကုန်၏။ ငါ့သျှင်တို့ သာယာပါအံ့ ဟု (ပြောဆိုပြီးလျှင်) ထိုကျောင်းမှလည်း သင်္ကန်း အဖို့အစုကို ယူခဲ့ပါ၏၊ ဤသို့ ဆိုခဲ့သည့်အတိုင်း အကျွန်ုပ်အား များစွာသော သင်္ကန်းဖြစ်ပါသည် ဟု (ပြောဆို၏)။

ငါ့သျှင် ဥပနန္ဒ သင်သည် ကျောင်းတကျောင်း၌ ဝါကျွတ်ပြီးလျက် အခြားကျောင်းတကျောင်း၌ သင်္ကန်းအဖို့အစုကို သာယာသလော ဟု (မေးမြန်းကုန်၏)။ ငါ့သျှင်တို့ သာယာသည် မှန်ပါ၏ ဟု

http://www.dhammadownload.com



(ပြောဆို၏)။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသားဖြစ်သော အသျှင်ဥပနန္ဒသည် ကျောင်းတကျောင်း၌ ဝါကျွတ်ပြီးလျက် အခြားကျောင်းတကျောင်း၌ သင်္ကန်း အဖို့အစုကို သာယာဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာ ဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ပ။

ဥပနန္ဒ သင်သည် ကျောင်းတကျောင်း၌ ဝါကျွတ်ပြီးလျက် ကျောင်းတကျောင်း၌ သင်္ကန်း အဖို့အစုကို သာယာ၏ ဟူသည် မှန်သလော ဟု. စိစစ်မေးမြန်းတော်မူ၏၊

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် ကျောင်းတကျောင်း၌ ဝါကျွတ်ပြီးလျက် အခြားကျောင်း တကျောင်း၌ သင်္ကန်းအဖို့အစုကို သာယာဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ဤ(သင်ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါငှင်း။ပ။ ကဲ့ရဲ့ တော်မူပြီး၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့တပါးသောကျောင်း၌ ဝါကျွတ်ပြီးသော ရဟန်းသည် အခြားတပါးသော ကျောင်း၌ သင်္ကန်းအဖို့အစုကို မသာယာအပ်၊ သာယာသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု မိန့်တော်မူ၏။

တရံရောအခါ သာကီဝင်မင်းသားဖြစ်သော အသျှင်ဥပနန္ဒသည် "ဤသို့ ပြုသည်ရှိသော် ငါ့အား များစွာသော သင်္ကန်းသည် ဖြစ်လတ္တံ့" ဟု နှလုံးသွင်း၍ တပါးထည်းဖြစ်လျက် ကျောင်း နှစ်ကျောင်းတို့၌ ဝါဆို၏။ ထိုအခါ ထိုရဟန်းတို့အား "အဘယ်သို့လျှင် သာကီဝင်မင်းသား အသျှင် ဥပနန္ဒအား သင်္ကန်း အဖို့အစုကို ပေးရပါမည်နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤ အကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ားအား အဖို့အစုကိုပေးကုန်လော့။ ရဟန်း တို့ ဤသာသနာတော်၌ ရဟန်းသည် "ဤသို့ပြုသည်ရှိသော် ငါ့အား များစွာသောသင်္ကန်းသည် ဖြစ် လတ္တံ့" ဟု တပါးထည်းဖြစ်လျက် ကျောင်းနှစ်ကျောင်းတို့၌ ဝါဆို၏၊ အကယ်၍ ဤမည်သော ကျောင်း၌ ထက်ဝက် ဤမည်သောကျောင်း၌ထက်ဝက် နေငြားအံ့၊ ဤမည်သော ကျောင်း၌ ထက် ဝက် ဤမည်သော ကျောင်း၌ ထက်ဝက်သော သင်္ကန်းအဖို့အစုကို ပေးအပ်၏။ (သို့မဟုတ်) အကြင် ကျောင်း၌ကား များစွာနေ၏၊ ထိုကျောင်းမှ သင်္ကန်း အဖို့အစုကို ပေးအပ်၏ ဟု (မိန့်တော်မူ၏)။

## ၂၂၄-သူနာရဟန်းဝတ္ထု

၃၆၅။ တရံရောအခါ တပါးသောရဟန်းအား ဝမ်းသက်သောရောဂါ ဖြစ်၏၊ ထိုရဟန်းသည် မိမိကျင်ကြီးကျင်ငယ်၌ လူးလိမ့်လျက်အိပ်ရ၏။ ထိုအခါ မြတ်စွာဘုရားသည် နောက်လိုက် ရဟန်း ဖြစ်သော အသျှင်အာနန္ဒာနှင့်အတူ ကျောင်းစဉ် လှည့်လည်သည်ရှိသော် ထိုဝမ်းသက်သောရဟန်း၏ ကျောင်းသို့ ရောက်တော်မူ၏။ မြတ်စွာဘုရားသည် မိမိကျင်ကြီးကျင်ငယ်၌ လူးလိမ့်လျက်အိပ်နေသော ထိုရဟန်းကိုမြင်၍ ဝမ်းသက်သောရဟန်းထံသို့ ကြွတော်မူပြီးလျှင် ထိုရဟန်းအား "ရဟန်း သင်၏ ရောဂါကား အဘယ်ရောဂါနည်း" ဟု မေးတော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်၏ ရောဂါကား ဝမ်းသက်သော ရောဂါပါတည်း ဟု (လျှောက်၏)။

ရဟန်းသင့်အား အလုပ်အကျွေးရှိ၏လော ဟု (မေးတော်မူ၏)။ မရှိပါ အသျှင်ဘုရား ဟု

http://www.dhammadownload.com



(လျှောက်၏) ။ရဟန်းတို့သည် အဘယ့်ကြောင့် သင့်ကို မလုပ်ကျွေးကုန်သနည်း ဟု(မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် ရဟန်းတို့အား မလုပ်ကျွေးဘူးပါ၊ ထို့ကြောင့် ရဟန်းတို့ကလည်း အကျွန်ုပ်ကို မလုပ်ကျွေးပါကုန် ဟု (လျှောက်၏)။

ထို့နောက် မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ သွားချေ၊ ရေဆောင်ယူခဲ့လော့၊ ဤရဟန်းကို ရေချိုးကုန်အံ့" ဟု မိန့်တော်မူ၏။ "ကောင်းပါပြီ အသျှင်ဘုရား" ဟု ဆို၍ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၍ ရေကိုဆောင်ယူလာ၏၊ မြတ်စွာဘုရားသည် ရေကို သွန်းလောင်းတော်မူ၏၊ အသျှင်အာနန္ဒာသည် ဆေးကြောလေ၏၊ မြတ်စွာဘုရားသည် ဦးခေါင်းမှ ကိုင်ယူတော်မူ၏၊ အသျှင်အာနန္ဒာသည် ခြေထောက်မှ ချီမ၍ ညောင်စောင်း၌ အိပ်စေကုန်၏။

ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ဤမည်သော ကျောင်း၌ ရဟန်းရှိသလော" ဟု မေးတော်မူ၏။ ရှိပါသည်အသျှင်ဘုရား ဟု(လျှောက်ကုန်၏) ။ရဟန်းတို့ ထိုရဟန်း၏ ရောဂါကား အဘယ်ရောဂါနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိုရဟန်း၏ရောဂါကား ဝမ်းသက်သော ရောဂါပါတည်း ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ ထိုရဟန်းအား အလုပ်အကျွေး ရှိ၏လော ဟု (မေးတော်မူ၏)။ မြတ်စွာဘုရား မရှိပါ ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ အဘယ့်ကြောင့် ထိုရဟန်းကို မလုပ်ကျွေးကုန်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤရဟန်းသည် ရဟန်းတို့အား မလုပ်ကျွေးဘူးပါ၊ ထို့ကြောင့် ထိုရဟန်းကို ရဟန်းတို့သည် မလုပ်ကျွေးပါကုန် ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ သင်တို့အား လုပ်ကျွေးမည့် အမိအဖတို့ မရှိကုန်၊ ရဟန်းတို့ သင်တို့သည် အချင်းချင်း မလုပ်ကျွေးခဲ့လျှင် အဘယ်သူသည် လုပ်ကျွေးလတ္တံ့နည်း။ ရဟန်းတို့ ငါဘုရားကို လုပ်ကျွေးသော ရဟန်းသည် နာဖျားသော ရဟန်းကို လုပ်ကျွေးရာ၏။

အကယ်၍ ဥပဇ္ဈာယ်ဆရာရှိငြားအံ့၊ ဥပဇ္ဈာယ်ဆရာသည် အသက်ထက်ဆုံးလုပ်ကျွေးရမည်၊ ထိုနာဖျားသောရဟန်း ရောဂါပျောက်ငြိမ်းသည်တိုင်အောင် ဆိုင်းငံ့ရမည်။

အကယ်၍ ဆရာရှိငြားအံ့၊ ဆရာသည် အသက်ထက်ဆုံး လုပ်ကျွေးရမည်၊ ထိုနာဖျားသော ရဟန်း ရောဂါပျောက်ငြိမ်းသည်တိုင်အောင် ဆိုင်းငံ့ရမည်။

အကယ်၍ အတူနေတပည့်ရှိငြားအံ့၊ အတူနေတပည့်သည် အသက်ထက်ဆုံး လုပ်ကျွေးရမည်၊ ထိုနာဖျားသောရဟန်း ရောဂါပျောက်ငြိမ်းသည်တိုင်အောင် ဆိုင်းငံ့ရမည်။

အကယ်၍ အနီးနေတပည့်ရှိငြားအံ့၊ အနီးနေတပည့်သည် အသက်ထက်ဆုံး လုပ်ကျွေးရမည်၊ ထိုနာဖျားသောရဟန်း ရောဂါပျောက်ငြိမ်းသည်တိုင်အောင် ဆိုင်းငံ့ရမည်။

အကယ်၍ ဥပဇ္ဈာယ်တူ အပေါင်းအဖော်ရှိငြားအံ့၊ ဥပဇ္ဈာယ်တူ အပေါင်းအဖော်သည် အသက်ထက်ဆုံး လုပ်ကျွေးရမည်၊ ထိုနာဖျားသောရဟန်း ရောဂါပျောက်ငြိမ်းသည်တိုင်အောင် ဆိုင်းငံ့ရမည်။

အကယ်၍ ဆရာတူရဟန်းရှိငြားအံ့၊ ဆရာတူရဟန်းသည် အသက်ထက်ဆုံး လုပ်ကျွေးရမည်၊ ထိုနာဖျားသောရဟန်း ရောဂါပျောက်ငြိမ်းသည်တိုင်အောင် ဆိုင်းငံ့ရမည်။

အကယ်၍ ဥပဇ္ဈာယ်ဆရာ အတူနေတပည့် အနီးနေတပည့် ဥပဇ္ဈာယ်တူရဟန်း ဆရာတူရဟန်းတို့ မရှိငြားအံ့၊ သံဃာက လုပ်ကျွေးရမည်၊ အကယ်၍ မလုပ်ကျွေးငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



၃၆၆။ ရဟန်းတို့ ငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော သူနာရဟန်းသည် အလုပ်အကျွေး ခက်ခဲ၏။ မသင့်သည်ကို ပြုလေ့ရှိ၏၊ သင့်သည်၌ အတိုင်းအရှည်ကို မသိ၊ ဆေးကို မမှီဝဲ၊ မိမိ၏အကျိုးကို လိုလားသော သူနာပြုရဟန်းအား "အနာတိုးတက်သည်ကိုလည်း တိုးတက်၏ဟူ၍ငြင်း၊ အနာဆုတ်ယုတ်သည်ကိုလည်း ဆုတ်ယုတ်၏ဟူ၍ငြင်း အနာတန့်ရပ်နေသည်ကိုလည်း တန့်ရပ်နေ၏ဟူ၍ငြင်း" ဟုတ်မှန်တိုင်း အနာကိုထင်စွာမပြု၊ ကိုယ်၌ဖြစ်ဆဲဖြစ်သော ပြင်းထန်ကြမ်းကြုတ် ခါးစပ်ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်သော သဘောမရှိ။ ရဟန်းတို့ ဤငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော သူနာရဟန်းသည် အလုပ်အကျွေး ခက်၏။

ရဟန်းတို့ ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော သူနာရဟန်းသည် အလုပ်အကျွေးလွယ်ကူ၏၊ သင့်သည်ကို ပြုလေ့ရှိ၏၊ သင့်သည်၌ အတိုင်းအရှည်ကိုသိ၏၊ ဆေးကိုမှီဝဲ၏၊ မိမိအကျိုးကို လိုလားသော သူနာပြုရဟန်းအား "အနာတိုးတက်သည်ကိုလည်း တိုးတက်၏ဟူ၍ငြင်း အနာဆုတ်ယုတ်သည်ကိုလည်း ဆုတ်ယုတ်၏ဟူ၍ငြင်း အနာတန့်ရပ်နေသည်ကိုလည်း တန့်ရပ်နေ၏ဟူ၍ငြင်း ဟုတ်မှန်တိုင်း အနာကို ထင်စွာပြု၏၊ ကိုယ်၌ ဖြစ်ဆဲဖြစ်သော ပြင်းထန်ကြမ်းကြုတ် ခါးစပ်ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်သော သဘောရှိ၏။ ရဟန်းတို့ ဤငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော သူနာရဟန်းသည် အလုပ်အကျွေး လွယ်ကူ၏။

ရဟန်းတို့ ငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော သူနာပြုရဟန်းသည် သူနာကို လုပ်ကျွေးရန် မသင့်လျော်။ ဆေးကို စီရင်ခြင်းငှါ မစွမ်းနိုင်၊ သင့်သည် မသင့်သည်ကိုမသိ၊ မသင့်သောဆေးကို ဆက်ကပ်၏၊ သင့်သောဆေးကို ပယ်၏၊ (ဆွမ်း သင်္ကန်း အစရှိသော) အာမိသကို အလိုရှိသည်ဖြစ်၍ သူနာကို လုပ်ကျွေး၏၊ မေတ္တာစိတ်ရှိသည်ဖြစ်၍ လုပ်ကျွေးသည် မဟုတ်၊ ကျင်ကြီး ကျင်ငယ် တံထွေး အန်ဖတ်တို့ကို စွန့်ပစ်အံ့သောငှါ စက်ဆုတ်ရွံရှာ၏၊ သူနာကို အချိန်အခါအလျောက် တရားစကားဖြင့်(အကျိုးစီးပွါးကို) သိမြင်စေခြင်းငှါ (တရားကို) ဆောက်တည်စေခြင်းငှါ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေခြင်းငှါ မစွမ်းနိုင်။ ရဟန်းတို့ ဤငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော သူနာပြုရဟန်းသည် သူနာကို လုပ်ကျွေးရန် မသင့်လျော်။

ရဟန်းတို့ ငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော သူနာပြုရဟန်းသည် သူနာကို လုပ်ကျွေးရန် သင့်လျော်၏။ ဆေးကို စီရင်ခြင်းငှါ စွမ်းနိုင်၏၊ သင့်သည် မသင့်သည်ကို သိ၏၊ မသင့်သောဆေးကို ပယ်၏၊ သင့်သောဆေးကိုဆက်ကပ်၏၊ မေတ္တာစိတ်ရှိသည်ဖြစ်၍ သူနာကိုလုပ်ကျွေး၏၊ (ဆွမ်း သင်္ကန်း အစရှိသော) အာမိသကို အလိုရှိသည်ဖြစ်၍ လုပ်ကျွေးသည် မဟုတ်၊ ကျင်ကြီး ကျင်ငယ် တံထွေး အန်ဖတ်တို့ကို စွန့်ပစ်အံ့သောငှါ စက်ဆုတ်ရွံရှာခြင်းမရှိ၊ သူနာကို အချိန်အခါအလျောက် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေခြင်းငှါ (တရားကို) ဆောက်တည်စေခြင်းငှါ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေခြင်းငှါ စွမ်းနိုင်၏။ ရဟန်းတို့ ဤငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော သူနာပြုရဟန်းသည် သူနာကို လုပ်ကျွေးရန် သင့်လျော်၏ ဟု မိန့်တော်မူ၏။

## ၂၂၅-သေလွန်သော ရဟန်း၏ဥစ္စာ

၃၆၇။ တရံရောအခါ နှစ်ပါးသောရဟန်းတို့သည် ကောသလတိုင်း ဇနပုဒ်တို့၌ ခရီးရှည်သွားကုန်၏၊ ထိုရဟန်းတို့ ကပ်ရောက်သော ကျောင်းတခု၌ ရဟန်းတပါးသည် နာဖျား၏။ ထိုရဟန်းတို့

http://www.dhammadownload.com



သည် "ငါ့သျှင် သူနာ့အား လုပ်ကျွေးခြင်းကို မြတ်စွာဘုရား ချီးမွမ်းတော်မူ၏၊ ငါ့သျှင် ယခုအခါ ဤသူနာရဟန်းကို ငါတို့လုပ်ကျွေးကုန်အံ့" ဟု ကြံစည်ပြောဆိုကြကုန်၍ ထိုနာသောရဟန်းကို လုပ်ကျွေးကုန်၏။ ထိုသူနာရဟန်းသည် ထိုရဟန်းတို့ လုပ်ကျွေးစဉ် သေလေ၏။

ထိုအခါ လုပ်ကျွေးသော ရဟန်းတို့သည် သေသောရဟန်း၏ သပိတ် သင်္ကန်းကိုယူ၍ သာဝတ္ထိပြည်သို့ သွားပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သေသည်ရှိသော် ရဟန်း၏ သပိတ်သင်္ကန်းတို့ကို သံဃာသည် စိုးပိုင်၏၊ ထို့သို့ပင် စိုးပိုင်သော်လည်း သူနာပြုရဟန်းတို့သည် ကျေးဇူးများကုန်၏။ ရဟန်းတို့ သံဃာသည် သင်္ကန်းသုံးထည်ကိုငင်း သပိတ်ကိုငင်း သူနာပြုရဟန်းတို့အား ပေးရန် ခွင့်ပြု၏။ ရဟန်းတို့ ဤသို့ ပေးရမည်—

ထိုသူနာပြုရဟန်းသည် သံဃာသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရားတို့ ဤမည်သော ရဟန်းသည် သေ၏၊ ဤသည်ကား ထိုသေသောရဟန်း၏ သင်္ကန်းသုံးထည်နှင့် သပိတ်တည်း" ဟု လျှောက်ကြားအပ်၏။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် သေ၏၊ ဤသည်ကား ထိုသေသောရဟန်း၏ သင်္ကန်း သုံးထည်နှင့် သပိတ်တည်း၊ အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသောကသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤသင်္ကန်းသုံးထည်နှင့်သပိတ်ကို သူနာပြုရဟန်းတို့အား ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် သေ၏၊ ဤသည်ကား ထိုသေသောရဟန်း၏ သင်္ကန်းသုံးထည်နှင့် သပိတ်တည်း၊ သံဃာသည် ဤသင်္ကန်းသုံးထည်နှင့် သပိတ်ကို သူနာပြုရဟန်းတို့အား ပေး၏၊ ဤသင်္ကန်းသုံးထည်နှင့်သပိတ်ကို သူနာပြုရဟန်းတို့အား ပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤသင်္ကန်းသုံးထည်နှင့် သပိတ်ကို သူနာပြုရဟန်းတို့အား ပေးအပ်ပြီ၊ သံဃာအား အကြင်ကြောင့် နှစ်သက်ခြင်းရှိ၏၊ ထိုကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

၃၆၈။ တရံရောအခါ တပါးသော သာမဏေသည် သေ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သေသည်ရှိသော် သာမဏေ၏ သပိတ်သင်္ကန်းတို့ကို သံဃာသည် စိုးပိုင်၏၊ ထို့သို့ပင် စိုးပိုင်သော်လည်း သူနာပြု ရဟန်းတို့သည် ကျေးဇူးများကုန်၏။ ရဟန်းတို့ သံဃာသည် သင်္ကန်းနှင့် သပိတ်ကို သူနာပြု ရဟန်းတို့အား ပေးရန် ခွင့်ပြု၏။

ရဟန်းတို့ ဤသို့ ပေးရမည်၊ ထိုသူနာပြု ရဟန်းသည် သံဃာသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရားတို့ ဤမည်သော သာမဏေသည် သေ၏၊ ဤသည်ကား ထိုသေသောသာမဏေ၏ သင်္ကန်းနှင့် သပိတ်တည်း" ဟု လျှောက်ကြားအပ်၏။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော သာမဏေသည် သေ၏၊ ဤသည်ကား ထိုသေသော သာမဏေ၏ သင်္ကန်းနှင့် သပိတ်တည်း၊

http://www.dhammadownload.com



အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤသင်္ကန်းနှင့် သပိတ်ကို သူနာပြုရဟန်းတို့အား ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော သာမဏေသည် သေ၏၊ ဤသည်ကား ထိုသေသောသာမဏေ၏ သင်္ကန်းနှင့် သပိတ်တည်း၊ သံဃာသည် ဤသင်္ကန်းနှင့် သပိတ်ကို သူနာပြုရဟန်းတို့အား ပေး၏၊ ထိုသင်္ကန်းနှင့် သပိတ်ကို သူနာပြု ရဟန်းတို့အား ပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤသင်္ကန်းနှင့် သပိတ်ကို သူနာပြုရဟန်းတို့အား ပေးအပ်ပြီ၊ သံဃာသည် နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

၃၆၉။ တရံရောအခါ တပါးသော ရဟန်းသည်၎င်း သာမဏေသည်၎င်း နာဖျားသော ရဟန်းကို လုပ်ကျွေးကုန်၏၊ ထိုနာဖျားသော ရဟန်းသည် ထိုရဟန်းသာမဏေတို့ လုပ်ကျွေးစဉ်သေ၏၊ ထိုအခါ ထိုသူနာပြု ရဟန်းအား "သင်္ကန်းအဖို့ အစုကို သူနာပြု သာမဏေအား အဘယ်သို့ ပေးရပါအံ့နည်း"ဟု အကြံဖြစ်၏။ မြတ်စွာဘုရား အား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သူနာပြု သာမဏေအား အညီအမျှ သင်္ကန်းအဖို့ အစုပေးရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တရံရောအခါ များသောဘဏ္ဍာ များသောပရိက္ခရာ ရှိသော ရဟန်းတပါးသည် သေ၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းသေသည်ရှိသော် (ရဟန်း၏) သပိတ်သင်္ကန်းတို့ကို သံဃာစိုးပိုင်၏၊ ထိုသို့ပင် စိုးပိုင်သော်လည်း သူနာပြု ရဟန်းတို့သည် ကျေးဇူးများကုန်၏၊ရဟန်းတို့ သံဃာသည် သင်္ကန်းသုံးထည်နှင့် သပိတ်ကို သူနာပြု ရဟန်းတို့အား ပေးရန် ခွင့်ပြု၏၊ ထိုပရိက္ခရာတို့တွင် လဟုဘဏ် လဟုပရိက္ခရာကို မျက်မှောက်ဖြစ်သော သံဃာသည် ဝေခြမ်းရန် ခွင့်ပြု၏၊ ဂရုဘဏ် ဂရုပရိက္ခရာသည် ရောက်လာပြီး မရောက်လာသေးသော စတုဒိသာ သံဃာ၏ (ဥစ္စာဖြစ်၍) စွန့်လည်း မစွန့်အပ်၊ ဝေလည်း မဝေခြမ်းအပ် ဟု (မိန့်တော်မူ၏)။

## ၂၂၆-အဝတ်မဝတ်သောအကျင့်ကို ပယ်ခြင်း

၃၇၀။ တရံရောအခါ တပါးသောရဟန်းသည် အဝတ်မဝတ်ပဲလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် အသိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း ခေါင်းပါးခြင်း ကိလေသာကို ခါထုတ်ခြင်း ကြည်ညိုဖွယ်ကို ဆောင်ခြင်း ကိလေသာကို ဖျက်ဆီးခြင်း လုံ့လကို အားထုတ်ခြင်း၏ ဂုဏ်ကို ချီးမွမ်းတော်မူလေ့ရှိ၏။

အသျှင်ဘုရား ဤအဝတ်မဝတ်ပဲနေသော အကျင့်သည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်းငှါ ရောင့်ရဲလွယ်ခြင်းငှါ ခေါင်းပါးခြင်းငှါ ကိလေသာကို ခါထုတ်ခြင်းငှါ ကြည်ညိုဖွယ်ကို ဆောင်ခြင်းငှါ ကိလေသာကို ဖျက်ဆီးခြင်းငှါ လုံ့လကို အားထုတ်ခြင်းငှါ ဖြစ်ပါ၏။

အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် ရဟန်းတို့အား အဝတ်မဝတ်သော အကျင့်ကို ခွင့်ပြုတော်မူပါလော့" ဟု လျှောက်၏။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား (ဤအမှုသည် ရဟန်းတို့အား) မလျော်ကပတ် မလျော်ကန် မသင့်တင့်၊ ရဟန်းတို့၏ အပြုအမူမဟုတ် မအပ် မပြုသင့်၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား သင်သည် အဘယ့် ကြောင့် တိတ္ထိတို့ ဆောက်တည်အပ်သော အဝတ်မဝတ်သော အကျင့်ကို ဆောက်တည်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်း တို့ကို "ရဟန်းတို့ တိတ္ထိတို့ ဆောက်တည်အပ်သော အဝတ်မဝတ်သော အကျင့်ကို မဆောက်တည်အပ်၊ အကြင်ရဟန်းသည် ဆောက်တည်ငြားအံ့၊ ထိုရဟန်းအား ထုလ္လစ္စဉ်း အာပတ် သင့်၏" ဟု မိန့်တော် မူ၏။

## ၂၂၇-သမန်းမြက်သက်န်းစသည်ကို ပယ်ခြင်း

၃၇၁။ တရံရောအခါ တပါးသော ရဟန်းသည် သမန်းမြက်သက်န်းကို ဝတ်၍။ပ။ လျှော် သက်န်းကို ဝတ်၍။ပ။ ပျဉ်ချပ်သက်န်းကို ဝတ်၍ပ။ ဆံခြည်ကမ္ဗလာကို ဝတ်၍။ပ။ သားမြီးကမ္ဗလာ ကိုဝတ်၍။ပ။ ခင်ပုပ်တောင်သက်န်းကိုဝတ်၍။ပ။ သစ်နက်ရေကိုဝတ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ် ပြီးလျှင် မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် အလို နည်းခြင်း ရောင့်ရဲလွယ်ခြင်း ခေါင်းပါးခြင်း ကိလေသာကို ခါထုတ်ခြင်း ကြည်ညိုဖွယ်ကို ဆောင်ခြင်း ကိလေသာကို ဖျက်ဆီးခြင်း လုံ့လကိုအားထုတ်ခြင်း၏ဂုဏ်ကို ချီးမွမ်းတော်မူလေ့ရှိ၏။

အသျှင်ဘုရား ဤသစ်နက်ရေကို ဝတ်ခြင်းသည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်း ငှါ ရောင့်ရဲလွယ်ခြင်းငှါ ခေါင်းပါးခြင်းငှါ ကိလေသာကို ခါထုတ်ခြင်းငှါ ကြည်ညိုဖွယ်ကို ဆောင် ခြင်းငှါ ကိလေသာကို ဖျက်ဆီးခြင်းငှါ လုံ့လကိုအားထုတ်ခြင်းငှါ ဖြစ်ပါ၏၊ အသျှင်ဘုရား တောင်း ပန်ပါ၏၊ မြတ်စွာဘုရားသည် ရဟန်းတို့အား သစ်နက်ရေကို (ဝတ်ခြင်းကို) ခွင့်ပြုတော်မူပါလော့" ဟု လျှောက်၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား (ဤအမှုသည် ရဟန်းတို့အား) မလျော်ကပတ် မလျော်ကန် မသင့်တင့်၊ ရဟန်းတို့၏ အပြုအမူမဟုတ် မအပ် မပြုသင့်၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့် ကြောင့် တိတ္ထိတို့၏ တံခွန်ဖြစ်သော သစ်နက်ရေကို ဆောင်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညို စေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ တိတ္ထိတို့၏ တံခွန်ဖြစ်သော သစ်နက်ရေကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ထုလ္လစ္စဉ်း အာပတ် သင့်၏" ဟု မိန့်တော်မူ၏။

တရံရောအခါ တပါးသောရဟန်းသည် မုရိုးမျှင်ဖြင့် ပြုသော သက်န်းကို ဝတ်၍။ပ။ သင်ပန်း မျှင်ဖြင့် ပြုသော သက်န်းကို ဝတ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို "အသျှင် ဘုရား မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း ခေါင်းပါးခြင်း ကိလေသာကို ခါထုတ်ခြင်း ကြည်ညိုဖွယ်ကိုဆောင်ခြင်း ကိလေသာကို ဖျက်ဆီးခြင်း လုံ့လကို အားထုတ်ခြင်း၏ ဂုဏ်ကို ချီးမွမ်းတော်မူလေ့ရှိ၏။

http://www.dhammadownload.com



အသျှင်ဘုရား ဤသင်ပန်းမျှင်ဖြင့် ပြုသော သင်္ကန်းသည် အလိုနည်းခြင်းငှါ ရောင့်ရဲလွယ်ခြင်းငှါ ခေါင်းပါးခြင်းငှါ ကိလေသာကို ခါထုတ်ခြင်းငှါ ကြည်ညိုဖွယ်ကိုဆောင်ခြင်းငှါ ကိလေသာကို ဖျက်ဆီးခြင်းငှါ လုံ့လကိုအားထုတ်ခြင်းငှါ ဖြစ်ပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် ရဟန်းတို့အား သင်ပန်းမျှင်ဖြင့်ပြုသော သင်္ကန်းကို ခွင့်ပြုတော်မူပါလော့" ဟု လျှောက်၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား (ဤအမှုသည် ရဟန်းတို့အား) မလျော်ကပတ် မလျော်ကန် မသင့်တင့်၊ ရဟန်းတို့၏ အပြုအမူမဟုတ် မအပ် မပြုသင့်၊ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား သင်သည် အဘယ့် ကြောင့် သင်ပန်းမျှင်ဖြင့် ပြုသော သင်္ကန်းကို ဝတ်ဘိသနည်း။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ၄င်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ သင်ပန်းမျှင် ဖြင့် ပြုသောသင်္ကန်းကို မဝတ်အပ်၊ ဝတ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု မိန့်တော်မူ၏။

## ၂၂၈-အလုံးစုံညိုသော သင်္ကန်းစသည်ကို ပယ်ခြင်း

၃၇၂။ တရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အလုံးစုံညိုသော အဆင်းရှိသော သင်္ကန်းတို့ကို ဆောင်ကုန်၏။ပ။ အလုံးစုံ ဝါသော အဆင်းရှိသော သင်္ကန်းတို့ကို ဆောင်ကုန်၏။ပ။ အလုံးစုံ နီသော အဆင်းရှိသော သင်္ကန်းတို့ကို ဆောင်ကုန်၏။ပ။ အလုံးစုံပြာသော အဆင်းရှိသော သင်္ကန်းတို့ကို ဆောင်ကုန်၏။ပ။ အလုံးစုံမည်းသော အဆင်းရှိသော သင်္ကန်းတို့ကို ဆောင်ကုန်၏။ပ။ အလုံးစုံ မဟာရင်္ဂမည်သော (ကင်းခြေမျှား ကျောက်ကုန်း အဆင်းနှင့်တူသော) ဆိုးရည်ဖြင့် ဆိုးသော သင်္ကန်းတို့ကို ဆောင်ကုန်၏။ပ။ အလုံးစုံ မဟာနာမ မည်သော(ဖက်ရွက်လျော်အဆင်းနှင့် တူသော) ဆိုးရည်ဖြင့် ဆိုးသော သင်္ကန်းတို့ကို ဆောင်ကုန်၏။ပ။ အဆာမဖြတ်သော သင်္ကန်းတို့ကို ဆောင်ကုန်၏။ပ။ ရှည်သော အဆာရှိသော သင်္ကန်းတို့ကို ဆောင်ကုန်၏။ပ။ ပန်းပွင့် အဆာ ကျစ်သော သင်္ကန်းတို့ကို ဆောင်ကုန်၏။ပ။ မြွေပါးပျဉ်းနှင့်တူသော အဆာကျစ်သော သင်္ကန်းတို့ကို ဆောင်ကုန်၏။ပ။ သင်တိုင်းကို ဆောင်ကုန်၏။ပ။ လျှော်တေသင်္ကန်းကို ဆောင်ကုန်၏။ပ။ ဦးရစ်ကို ဆောင်ကုန်၏။ လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ကာမဂုဏ်ကို ခံစားသော လူတို့ကဲ့သို့ ဦးရစ်ကို ဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အလုံးစုံညိုသော အဆင်းရှိသော သင်္ကန်းတို့ကို မဆောင်အပ်ကုန်။ အလုံးစုံဝါသော အဆင်းရှိသော သင်္ကန်းတို့ကို မဆောင်အပ်ကုန်။ အလုံးစုံ နီသော အဆင်းရှိသော သင်္ကန်းတို့ကို မဆောင်အပ်ကုန်။ အလုံးစုံ ပြာသော အဆင်းရှိသော သင်္ကန်းတို့ကို မဆောင်အပ်ကုန်။ အလုံးစုံ မည်းသော အဆင်းရှိသော သင်္ကန်းတို့ကို မဆောင်အပ်ကုန်။ အလုံးစုံ မဟာရင်္ဂမည်သော (ကင်းခြေမျှား ကျောက်ကုန်းအဆင်း နှင့်တူသော) ဆိုးရည်ဖြင့် ဆိုးသော သင်္ကန်းတို့ကို မဆောင်အပ်ကုန်။ အလုံးစုံ မဟာနာမမည်သော (ဖက်ရွက်လျော်အဆင်းနှင့်တူသော) ဆိုးရည်ဖြင့် ဆိုးသော သင်္ကန်းတို့ကို မဆောင်အပ်ကုန်။ အဆာမဖြတ်သော သင်္ကန်းတို့ကို မဆောင်အပ်ကုန်။ ရှည်သောအဆာရှိသော သင်္ကန်းတို့ကို မဆောင်

http://www.dhammadownload.com



အဝ်ကုန်။ ပန်းပွင့် အဆာကျစ်သော သင်္ကန်းတို့ကို မဆောင်အပ်ကုန်။ မြေပါးပျဉ်းနှင့်တူသော အဆာကျစ်သော သင်္ကန်းတို့ကို မဆောင်အပ်ကုန်။ သင်တိုင်းကို မဆောင်အပ်ကုန်၊ လျှော်တေသင်္ကန်းကို မဆောင်အပ်ကုန်၊ ဦးရစ်ကို မဆောင်အပ်ကုန်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

## ၂၂၉-ဝိကျွတ်သောရဟန်းတို့အား သင်္ကန်းမရနိုင်ခြင်းအကြောင်း

၃၇၃။ တရံရောအခါ ဝိကျွတ်သောရဟန်းတို့သည် သင်္ကန်းမရမီ အရပ်တပါးသို့လည်း သွားကုန်၏၊ လူလည်းထွက်ကုန်၏၊ သေလည်း သေကုန်၏၊ သာမဏေဟူ၍လည်း ဝန်ခံကုန်၏၊ သိက္ခာကို စွန့်သော သူတို့ဟူ၍လည်း ဝန်ခံကုန်၏၊ အဆုံးစွန်ဖြစ်သော ပါရာဇိက အာပတ်သို့ ရောက်သူတို့ဟူ၍လည်း ဝန်ခံကုန်၏၊ သူရူးဟူ၍လည်း ဝန်ခံကုန်၏၊ စိတ်ပျံ့လွင့်သူဟူ၍လည်း ဝန်ခံကုန်၏၊ ဝေဒနာ နှိပ်စက်သူဟူ၍လည်း ဝန်ခံကုန်၏၊ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သူတို့ဟူ၍လည်း ဝန်ခံကုန်၏၊ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်အပ်သူတို့ဟူ၍လည်း ဝန်ခံကုန်၏၊ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်အပ်သူတို့ ဟူ၍လည်း ဝန်ခံကုန်၏။

ပဏ္ဍုက်တို့ ဟူ၍လည်း ဝန်ခံကုန်၏၊ ပေါင်းသင်းမှုကို ခိုးသူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ တိတ္ထိတို့ ဘောင်သို့ ပြောင်းသွားသူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ တိရစ္ဆာန်တို့ ဟူ၍လည်း ဝန်ခံကုန်၏၊ အမိကို သတ်သူ ဟူ၍လည်း ဝန်ခံကုန်၏၊ အဖကိုသတ်သူ ဟူ၍လည်း ဝန်ခံကုန်၏၊ ရဟန္တာကို သတ်သူ ဟူ၍လည်း ဝန်ခံကုန်၏၊ ရဟန်းမိန်းမကို ဖျက်ဆီးသူ ဟူ၍လည်း ဝန်ခံကုန်၏၊ သံဃာကို သင်းခွဲသူ ဟူ၍လည်း ဝန်ခံကုန်၏၊ ဘုရားကို သွေးစိမ်းတည်အောင်ပြုသူ ဟူ၍လည်း ဝန်ခံကုန်၏၊ ဥဘတောဗျည်း ဟူ၍လည်း ဝန်ခံကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

၃၇၄။ ရဟန်းတို့ ဤသာသနာတော်၌ ဝိကျွတ်သော ရဟန်းသည် သင်္ကန်းမရမီ အရပ်တပါးသို့ သွားငြားအံ့၊ လျောက်ပတ်သော ခံယူမည့်သူရှိခဲ့သော် ပေးရမည်။ ရဟန်းတို့ ဤသာသနာတော်၌ ဝိကျွတ်သော ရဟန်းတို့သည် သင်္ကန်းမရမီ လူထွက်အံ့။ သေအံ့။ သာမဏေ ဟု ဝန်ခံအံ့။ သိက္ခာကို စွန့်သူ ဟု ဝန်ခံအံ့။ အဆုံးစွန်သော ပါရာဇိကအာပတ်သို့ ရောက်သူ ဟု ဝန်ခံအံ့။ သံဃာသည် စိုးပိုင်၏။

ရဟန်းတို့ ဤသာသနာတော်၌ ဝိကျွတ်သော ရဟန်းသည် သင်္ကန်းမရမီ သူရူး ဟု ဝန်ခံအံ့။ စိတ်ပျံ့လွင့်သူ ဟု ဝန်ခံအံ့။ ဝေဒနာ နှိပ်စက်သူ ဟု ဝန်ခံအံ့။ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သူ ဟု ဝန်ခံအံ့။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်အပ်သူ ဟု ဝန်ခံအံ့။ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်အပ်သူ ဟု ဝန်ခံအံ့။လျောက်ပတ်သော ခံယူမည့်သူရှိခဲ့သော် ပေးရမည်။

ရဟန်းတို့ ဤသာသနာတော်၌ ဝိကျွတ်သော ရဟန်းသည် သင်္ကန်းမရမီ ပဏ္ဍုက် ဟု ဝန်ခံအံ့။ ပေါင်းသင်းမှုကို ခိုးသူ ဟု ဝန်ခံအံ့။ တိတ္ထိတို့ဘောင်သို့ ပြောင်းသွားသူ ဟု ဝန်ခံအံ့။ တိရစ္ဆာန် ဟု ဝန်ခံအံ့။ အမိကိုသတ်သူ ဟု ဝန်ခံအံ့။ အဖကိုသတ်သူ ဟု ဝန်ခံအံ့။ ရဟန္တာကိုသတ်သူ ဟု ဝန်ခံအံ့။ ရဟန်းမိန်းမကို ဖျက်ဆီးသူ ဟု ဝန်ခံအံ့။ သံဃာကို သင်းခွဲသူ ဟု ဝန်ခံအံ့။ ဘုရားကို သွေးစိမ်းတည်အောင်ပြုသူ ဟု ဝန်ခံအံ့။ ဥဘတောဗျည်း ဟုဝန်ခံအံ့။ သံဃာသည် စိုးပိုင်၏။

http://www.dhammadownload.com



၃၇၅။ ရဟန်းတို့ ဤသာသနာတော်၌ ဝါကျွတ်သော ရဟန်းသည် ရသောသင်္ကန်းကို မဝေ ခြမ်းမီ အရပ်တပါးသို့ ဖဲသွားအံ့၊ လျောက်ပတ်သော ခံယူမည့်သူ ရှိခဲ့သော် ပေးရမည်။

ရဟန်းတို့ ဤသာသနာတော်၌ ဝါကျွတ်သော ရဟန်းသည် ရသောသင်္ကန်းကို မဝေခြမ်းမီ လူထွက်အံ့။ သေအံ့။ သာမဏေ ဟု ဝန်ခံအံ့။ သိက္ခာကိုစွန့်သူ ဟုဝန်ခံအံ့။ အဆုံးစွန်သော ပါရာဇိက အာပတ်သို့ ရောက်သူ ဟု ဝန်ခံအံ့၊ သံဃာသည် စိုးပိုင်၏။

ရဟန်းတို့ ဤသာသနာတော်၌ ဝါကျွတ်သော ရဟန်းသည် ရသောသင်္ကန်းကို မဝေခြမ်းမီ သူရူး ဟု ဝန်ခံအံ့။ စိတ်ပျံ့လွင့်သူ ဟု ဝန်ခံအံ့။ ဝေဒနာနှိပ်စက်သူ ဟု ဝန်ခံအံ့။ အာပတ်ကို မရှုခြင်း ကြောင့် နှင်ထုတ်အပ်သူ ဟု ဝန်ခံအံ့။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်အပ်သူ ဟု ဝန်ခံအံ့။ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်အပ်သူ ဟု ဝန်ခံအံ့၊ လျောက်ပတ်သော ခံယူမည့်သူ ရှိခဲ့သော် ပေးရမည်။

ရဟန်းတို့ ဤသာသနာတော်၌ ဝါကျွတ်သော ရဟန်းသည် ရသောသင်္ကန်းကို မဝေခြမ်းမီ ပဏ္ဍုက် ဟု ဝန်ခံအံ့။ ပေါင်းသင်းမှုကို ခိုးသူ ဟု ဝန်ခံအံ့။ တိတ္ထိတို့ဘောင်သို့ ပြောင်းသွားသူ ဟု ဝန်ခံအံ့။ တိရစ္ဆာန် ဟု ဝန်ခံအံ့။ အမိကိုသတ်သူ ဟု ဝန်ခံအံ့။ အဖကိုသတ်သူ ဟု ဝန်ခံအံ့။ ရဟန္တာကို သတ်သူ ဟု ဝန်ခံအံ့။ ရဟန်းမိန်းမကို ဖျက်ဆီးသူ ဟု ဝန်ခံအံ့။ သံဃာကို သင်းခွဲသူ ဟု ဝန်ခံအံ့။ ဘုရားကို သွေးစိမ်းတည်အောင်ပြုသူ ဟု ဝန်ခံအံ့။ ဥဘတောဗျည်း ဟု ဝန်ခံအံ့၊ သံဃာသည် စိုးပိုင်၏။

## ၂၃၀-ကွဲပြားသောသံဃာအား သင်္ကန်းရနိုင်ခြင်းအကြောင်း

၃၇၆။ ရဟန်းတို့ ဤသာသနာတော်၌ ဝါကျွတ်သော ရဟန်းတို့အား သင်္ကန်းမရမီ သံဃာသင်းကွဲအံ့၊ ထိုသင်းကွဲသော သံဃာ၌ လူတို့သည် တဖက်၌ ရေကို လှူကုန်၏၊ တဖက်၌ "သံဃာအား လှူပါ၏" ဟု သင်္ကန်းကို လှူကုန်၏၊ ဤသင်္ကန်းသည် (နှစ်ဖက်သော) သံဃာအားသာလျှင် ဖြစ်၏။

ရဟန်းတို့ ဤသာသနာတော်၌ ဝါကျွတ်သော ရဟန်းတို့အား သင်္ကန်းမရမီ သံဃာသင်းကွဲအံ့၊ ထိုသင်းကွဲသော သံဃာ၌ လူတို့သည် တဖက်၌ ရေကိုလှူကုန်၏၊ ထိုတဖက်၌ ပင်လျှင်"သံဃာအား လှူပါ၏" ဟု သင်္ကန်းကို လှူကုန်၏၊ ဤသင်္ကန်းသည် (နှစ်ဖက်သော) သံဃာအားသာလျှင် ဖြစ်၏။

ရဟန်းတို့ ဤသာသနာတော်၌ ဝါကျွတ်သော ရဟန်းတို့အား သင်္ကန်းမရမီ သံဃာသင်းကွဲအံ့၊ ထိုသင်းကွဲသော သံဃာ၌ လူတို့သည် တဖက်၌ ရေကိုလှူကုန်၏၊ တဖက်၌ "တဖက်အား လှူပါ၏" ဟု သင်္ကန်းကို လှူကုန်၏၊ ဤသင်္ကန်းသည် တဖက်၏ သင်္ကန်းသာလျှင်ဖြစ်၏။

ရဟန်းတို့ ဤသာသနာတော်၌ ဝါကျွတ်သော ရဟန်းတို့အား သင်္ကန်းမရမီ သံဃာသင်းကွဲအံ့၊ ထိုသင်းကွဲသော သံဃာ၌ လူတို့သည် တဖက်၌ ရေကိုလှူကုန်၏၊ ထိုတဖက်၌ပင်လျှင် "တဖက်အား လှူပါ၏" ဟု သင်္ကန်းကို လှူကုန်၏၊ ဤသင်္ကန်းသည် တဖက်၏ သင်္ကန်းသာလျှင် ဖြစ်၏။

ရဟန်းတို့ ဤသာသနာတော်၌ ဝါကျွတ်သော ရဟန်းတို့အား ရသောသင်္ကန်းကို မဝေခြမ်းမီ သံဃာသင်းကွဲအံ့၊ အလုံးစုံသော သံဃာတို့အား အညီအမျှ ဝေခြမ်းရမည် ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၂၃၁-ကောင်းမကောင်းသောယူခြင်းစသည်ကို ပြခြင်း

၃၇၇။ တခါရောအခါ အသျှင်ရေဝတသည် ရဟန်းတပါး၏ လက်၌ (အပ်၍) "ဤသက်န်းကို မထေရ်အား ပေးပါလော့" ဟု ဆို၍ အသျှင်သာရိပုတြာ၏ (အထံသို့) သက်န်းကို ပို့စေ၏။ ထိုအခါ ထိုရဟန်းသည် အသျှင်ရေဝတနှင့် အကျွမ်းဝင်သဖြင့် ခရီးအကြား၌ ထိုသက်န်းကို ယူလေ၏။

ထို့နောက် အသျှင်ရေဝတသည် အသျှင်သာရိပုတြာနှင့် ဆုံမိ၍ "အသျှင်ဘုရား အကျွန်ုပ်သည် အသျှင်၏ (အထံသို့) သက်န်းကို ပို့စေခဲ့ပါပြီ၊ ထိုသက်န်းသည် ကောင်းစွာ ရောက်ပါ၏လော" ဟု မေးလေ၏။ ငါ့သျှင် ငါသည် ထိုသက်န်းကို မမြင်ရပါ ဟု (ပြောဆို၏)။ ထိုအခါ အသျှင်ရေဝတသည် ထိုရဟန်းကို "ငါ့သျှင် ငါသည် သင်၏ လက်၌ (အပ်၍) မထေရ်၏ (အထံသို့) သက်န်းကို ပို့စေခဲ့ပါပြီ၊ ထိုသက်န်းသည် အဘယ်မှာနည်း" ဟု မေး၏။ အသျှင်ဘုရား အကျွန်ုပ်သည် အသျှင်နှင့် အကျွမ်းဝင်သဖြင့် ထိုသက်န်းကို ယူလိုက်ပါသည် ဟု (ပြောဆို၏)။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

၃၇၈။ ရဟန်းတို့ ရဟန်းသည် ရဟန်း၏ လက်၌ (အပ်၍) "ဤသက်န်းကို ဤမည်သော ရဟန်းအား ပေးပါလော့" ဟု ဆို၍ သက်န်းကို ပို့စေ၏။ ထိုရဟန်းသည် စေလွှတ်သော ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ခရီးအကြား၌ ယူ၏၊ ကောင်းသောယူခြင်းတည်း။ ပေးရမည့်ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ မကောင်းသော ယူခြင်းတည်း။

ရဟန်းတို့ ရဟန်းသည် ရဟန်း၏ လက်၌ "ဤသက်န်းကို ဤမည်သော ရဟန်းအား ပေးလော့" ဟု ဆို၍ သက်န်းကို ပို့စေ၏။ ထိုရဟန်းသည် အကြင်အသျှင်အား ပေးအပ်၏၊ ထိုပေးရမည့် ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ခရီးအကြား၌ ယူအံ့၊ မကောင်းသဖြင့် ယူခြင်းတည်း။ စေလွှတ်သော ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ ကောင်းသော ယူခြင်းတည်း။

ရဟန်းတို့ ရဟန်းသည် ရဟန်း၏ လက်၌ "ဤသက်န်းကို ဤမည်သော ရဟန်းအား ပေးပါလော့" ဟု ဆို၍ သက်န်းကို ပို့စေ၏။ ထိုရဟန်းသည် "ခရီးအကြား၌ ပို့စေသော ရဟန်းသည် သေ၏" ဟု ကြား၏၊ ထိုရဟန်းအား သေသူ၏ ဥစ္စာဖြစ်သော သက်န်းတည်း ဟု အဓိဋ္ဌာန်ပြုအံ့၊ ကောင်းသော အဓိဋ္ဌာန်ပြုခြင်းတည်း။ပေးရမည့် ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ မကောင်းသော ယူခြင်းတည်း။

ရဟန်းတို့ ရဟန်းသည် ရဟန်း၏ လက်၌ (အပ်၍) "ဤသက်န်းကို ဤမည်သော ရဟန်းအား ပေးပါလော့" ဟု ဆို၍ သက်န်းကို ပို့စေ၏။ ထိုရဟန်းသည် "ခရီးအကြား၌ ပေးရမည့် ရဟန်း သေ၏" ဟု ကြား၏၊ ထိုရဟန်းအား သေသူ၏ ဥစ္စာဖြစ်သော သက်န်းတည်းဟု အဓိဋ္ဌာန်ပြုအံ့၊ မကောင်းသော အဓိဋ္ဌာန်ပြုခြင်းတည်း။ ပေးလိုက်သော ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ ကောင်းသော ယူခြင်းတည်း။

ရဟန်းတို့ ရဟန်းသည် ရဟန်း၏ လက်၌ (အပ်၍) "ဤသက်န်းကို ဤမည်သော ရဟန်းအား ပေးပါလော့" ဟု ဆို၍ သက်န်းကို ပို့စေ၏။ ထိုရဟန်းသည် ခရီးအကြား၌ "နှစ်ပါးလုံး သေကုန်၏" ဟု ကြားလေ၏၊ ပေးလိုက်သော ရဟန်း၏ မတကသက်န်းတည်း ဟု အဓိဋ္ဌာန်ပြုအံ့၊ ကောင်းသော အဓိဋ္ဌာန် ပြုခြင်းတည်း။ ပေးရမည့်ရဟန်း၏ မတကသက်န်းတည်း ဟု အဓိဋ္ဌာန်ပြုအံ့၊ မကောင်းသော အဓိဋ္ဌာန် ပြုခြင်းတည်း။

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းသည် ရဟန်း၏ လက်၌ (အပ်၍) "ဤသင်္ကန်းကို ဤမည်သော ရဟန်းအား ပေးပါ၏" ဟု ဆို၍ သင်္ကန်းကို ပို့စေ၏။ ထိုရဟန်းသည် ခရီးအကြား၌ ပေးလိုက်သော ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ မကောင်းသော ယူခြင်းတည်း၊ ပေးရမည့်ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ ကောင်းသော ယူခြင်းတည်း။

ရဟန်းတို့ ရဟန်းသည် ရဟန်း၏ လက်၌ (အပ်၍) "ဤသင်္ကန်းကို ဤမည်သော ရဟန်းအား ပေးပါ၏" ဟု ဆို၍ သင်္ကန်းကို ပို့စေ၏။ ထိုရဟန်းသည် ခရီးအကြား၌ ပေးရမည့် ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ ကောင်းသော ယူခြင်းတည်း။ ပေးလိုက်သော ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ မကောင်းသော ယူခြင်းတည်း။

ရဟန်းတို့ ရဟန်းသည် ရဟန်း၏ လက်၌ (အပ်၍) "ဤသင်္ကန်းကို ဤမည်သော ရဟန်းအား ပေးပါ၏" ဟု ဆို၍ သင်္ကန်းကို ပို့စေ၏။ ထိုရဟန်းသည် ခရီးအကြား၌ "ပေးလိုက်သော ရဟန်းသည် သေ၏" ဟု ကြားလေ၏။ ထိုရဟန်းအား သေသူ၏ ဥစ္စာဖြစ်သော သင်္ကန်းတည်းဟု အဓိဋ္ဌာန် ပြုအံ့၊ မကောင်းသော အဓိဋ္ဌာန် ပြုခြင်းတည်း။ ပေးရမည့် ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ ကောင်းသောယူခြင်းတည်း။

ရဟန်းတို့ ရဟန်းသည် ရဟန်း၏ လက်၌ (အပ်၍) "ဤသင်္ကန်းကို ဤမည်သော ရဟန်းအား ပေးပါ၏" ဟု ဆို၍ သင်္ကန်းကို ပို့စေ၏။ ထိုရဟန်းသည် ခရီးအကြား၌ "ပေးရမည့်ရဟန်းသည် သေ၏" ဟု ကြားလေ၏။ ထိုရဟန်းအား သေသူ၏ ဥစ္စာဖြစ်သော သင်္ကန်းတည်း ဟု အဓိဋ္ဌာန် ပြုအံ့၊ ကောင်းသော အဓိဋ္ဌာန် ပြုခြင်းတည်း။ ပေးလိုက်သော ရဟန်းနှင့် အကျွမ်းဝင်သဖြင့် ယူအံ့၊ မကောင်းသော ယူခြင်းတည်း။

ရဟန်းတို့ ရဟန်းသည် ရဟန်း၏ လက်၌ (အပ်၍) "ဤသင်္ကန်းကို ဤမည်သော ရဟန်းအား ပေးပါ၏" ဟု ဆို၍ သင်္ကန်းကို ပို့စေ၏။ ထိုရဟန်းသည် ခရီးအကြား၌ "နှစ်ပါးလုံး သေကုန်၏" ဟု ကြားလေ၏။ ပေးလိုက်သော ရဟန်း၏ မတကသင်္ကန်းတည်း ဟု အဓိဋ္ဌာန်ပြုအံ့၊ မကောင်းသော အဓိဋ္ဌာန်ပြုခြင်းတည်း။ ပေးရမည့် ရဟန်း၏ မတကသင်္ကန်းတည်း ဟု အဓိဋ္ဌာန်ပြုအံ့၊ ကောင်းသော အဓိဋ္ဌာန် ပြုခြင်းတည်း။

## ၂၃၂-သင်္ကန်းဖြစ်ပေါ်ကြောင်း မာတိကာရှစ်ပါး

၃၇၉။ ရဟန်းတို့ သင်္ကန်းဖြစ်ခြင်း၏ မာတိကာတို့သည် ဤရှစ်ပါးတို့တည်း၊ အပိုင်းအခြားဖြင့် လှူ၏၊ ကတိကဝတ်ဖြင့် လှူ၏၊ ဆွမ်းဝတ်တည်သဖြင့် လှူ၏၊ သံဃာအား လှူ၏၊ ဥဘတောသံဃာအား လှူ၏။ဝါကျွတ်သော သံဃာအား လှူ၏၊ ရည်၍ လှူ၏၊ ပုဂ္ဂိုလ်အား လှူ၏။

အပိုင်းအခြားဖြင့် လှူအံ့၊ အကြင်မျှလောက်သော ရဟန်းတို့သည် သိမ်အတွင်းသို့ ရောက်ကုန်၏၊ ထိုမျှလောက်သော ရဟန်းတို့သည် ဝေခြမ်းရမည်။

ကတိကဝတ်ဖြင့် လှူအံ့၊ များစွာသော ကျောင်းတို့သည် တူသော လာဘ် ရှိကုန်၏၊ တခုသော ကျောင်း၌ ပေးလှူသည်ရှိသော် အလုံးစုံသော ကျောင်း၌ လှူသည် မည်၏။

ဆွမ်းဝတ်တည်သဖြင့် လှူအံ့၊ အကြင်ကျောင်း၌ သံဃာအား အမြဲလုပ်ကျွေးခြင်းတို့ကို ပြုကုန်၏၊ ထိုကျောင်း၌ ပေးလှူ၏။

သံဃာအား လှူအံ့၊ မျက်မှောက်ဖြစ်သော သံဃာသည် ဝေခြမ်းရမည်။

http://www.dhammadownload.com



ဥဘတောသံဃာအား လှူအံ့၊ ရဟန်းယောကျ်ား များစွာရှိ၍ ရဟန်းမိန်းမ တယောက်သာ ရှိအံ့၊ ထက်ဝက် ပေးရမည်၊ ရဟန်းမိန်းမများစွာရှိ၍ ရဟန်းယောကျ်ားတပါးသာ ရှိအံ့၊ ထက်ဝက် ပေးရမည်။

ဝါကျွတ်သော သံဃာအား လှူအံ့၊ အကြင်မျှလောက်သော ရဟန်းတို့သည် ထိုကျောင်း၌ ဝါကျွတ်ကုန်၏၊ ထိုရဟန်းတို့သည် ဝေခြမ်းရမည်။

ရည်၍ လှူအံ့၊ ယာဂုဘုဉ်းပေးသော ရဟန်းတို့ကိုသော်၎င်း ဆွမ်းဘုဉ်းပေးသော ရဟန်းတို့ကို သော်၎င်း ခဲဖွယ်ဘုဉ်းပေးသော ရဟန်းတို့ကိုသော်၎င်း သင်္ကန်းလှူသော ရဟန်းတို့ကိုသော်၎င်း မိမိကျောင်း၌ နေသော ရဟန်းတို့ကိုသော်၎င်း ဆေးလှူသော ရဟန်းတို့ကိုသော်၎င်း(ရည်၍လှူ၏)။

ပုဂ္ဂိုလ်အား လှူအံ့၊ "ဤသင်္ကန်းကို ဤမည်သောအသျှင်အား လှူပါ၏" ဟု (ပုဂ္ဂိုလ်အား လှူ၏)။

အဋ္ဌမစိဝရက္ခန္ဓက ပြီး၏။

---

## ၂၃၃-ထိုစိဝရက္ခန္ဓက၏အကျဉ်းချုပ်

ရာဇဂြိုဟ်ပြည်၌ နေသော နိဂုံးသူကြွယ်သည် ဝေသာလီပြည်၌ ပြည့်တန်ဆာမကို မြင်၍ တဖန် ရာဇဂြိုဟ်ပြည်သို့ သွားပြီးလျှင် ဗိမ္ဗိသာရမင်းကြီးအား ထိုအကြောင်းကို ပြောကြား လေ၏။

သာလဝတီ၌ အဘယမင်းသား၏ သားရင်းဖြစ်သော အသက်ရှင်၏လော ဟု မင်းသား မေးသောကြောင့် ဇီဝက ဟု ဆိုအပ်သော အမည်ရှိသော သားဖြစ်၏။

ထိုဇီဝကသည် တက္ကသိုလ်ပြည်သို့သွား၍ ဆေးအတတ်ကို သင်ပြီးလျှင် ဆေးဆရာကြီး ဖြစ်လေ၏၊ ခုနစ်နှစ်ရှိပြီးသော သာကေတသူဌေးကတော်၏ ဦးယဉ်းနာ 'ခေါင်းကိုက်နာ' သည် တကြိမ် နှာနှတ်သဖြင့် ပျောက်၏။

ဗိမ္ဗိသာရမင်းကြီး၏ မြင်းသရိုက်နာကို ဆေးလိမ်းကျံသဖြင့် ကုသ၏၊ ငါ့ကိုရင်း မောင်းမ အပေါင်းကိုရင်း ဘုရားအမှူးရှိသော သံဃာတော်ကိုရင်း ကုသလော့ ဟု ဆို၏။

ရာဇဂြိုဟ်ပြည်သူဌေး၏ ခေါင်းကိုက်နာကိုရင်း ဗာရာဏသီသူဌေးသား၏ အူထုံးသော အနာ ကိုရင်း ကုသ၏၊ ပဇ္ဇောတမင်း၏ ကြီးစွာ ဖြော့တော့သော ကိုယ်ရှိသော အနာကို ထောပတ် ကို သောက်စေသဖြင့် ပျောက်စေ၏ 'ပယ်ဖျောက်၏'။

ပုံသောကျေးဇူးကို အောက်မေ့၍ သိဝိတိုင်းဖြစ် ပုဆိုးကို ပို့စေ၏၊ ဒေါသပြောသော ကိုယ်တော်ကို ဆီဖြင့် နှူး၏၊ ကြာသုံးလက်တို့ဖြင့် အကြိမ်သုံးဆယ် ဝမ်းလျှောသော ဆေးကို ဆက်ကပ်၏။

ကိုယ်တော် ပြကတေ့ရှိပြီးသော မြတ်စွာဘုရားကို ဆုတောင်း၏၊ မြတ်စွာဘုရားသည် သိဝိ တိုင်းဖြစ် ပုဆိုးကိုလည်း ခံတော်မူ၏၊ လူတို့ လှူသောသင်္ကန်းကိုလည်း ခွင့်ပြုတော်မူ၏။

ရာဇဂြိုဟ်ပြည်၌ရင်း ဇနပုဒ်၌ရင်း များသော သင်္ကန်းဖြစ်၏၊ စုလျားအခင်းအရုံသည်ရင်း ပိုးချည်သည်ရင်း ကော်ဇောသည်ရင်း ဖြစ်၏၊ ငါးရာထိုက်သော ကမ္ဗလာကို ခံတော်မူ၏။

http://www.dhammadownload.com



အကောင်း အညံ့ဖြစ်သော သင်္ကန်းတို့ကို ခွင့်ပြုတော်မူ၏။ ရောင့်ရဲသည်ကို ချီးမွမ်းတော်မူ၏၊ မဆိုင်းငံ့ကုန်၊ ဆိုင်းငံ့ကုန်၏။ ရှေးဦးစွာ ဝင်ကုန်၏၊ နောက်မှ ဝင်ကုန်၏၊ အတူ ဝင်ကုန်၏၊ ကတိကဝတ်ပြု၍ ဝင်ကုန်၏၊ တဖန် အိမ်သို့ ဆောင်ကုန်၏။

ဘဏ္ဍာတိုက်ကို ခွင့်ပြုတော်မူ၏၊ သင်္ကန်းထားရာ မလုံခြုံ၊ ဘဏ္ဍာစိုးကို ထစေကုန်၏၊ ထိုပြင် များစွာဖြစ်သော သင်္ကန်း၊ အုတ်အုတ်ကျက်ကျက်ဖြစ်၏၊ အသို့ ဝေဖန်ရအံ့နည်း၊ အသို့ ပေးရာသနည်း။

မိမိအဖို့ လွန်သောအဖို့ဖြင့် ခရီးသွားလို၏၊ အဖို့အစုကို အသို့ပေးရာသနည်း၊ နွားချေးဖြင့်ရင်း ရေအေးဖြင့်ရင်း သင်္ကန်းဆိုးကုန်၏၊ ဆိုးရည်ဝေခဲ့၏၊ ဆိုးရည်ကျက်သည် မကျက်သည်ကို မသိကုန်။

ဆိုးရည်ချသော ရဟန်းတို့သည် စောင်း၍ ခံကုန်၏၊ ဆိုးရည်ထည့်စရာ ဖျဉ်းကို ခွင့်ပြု၏၊ ခွက်သပိတ်၌လည်း ဆုပ်နယ်ကုန်၏၊ မြေ၌လည်း ဖြန့်ကုန်၏၊ ခြတို့သည် ခဲကုန်၏၊ အလယ်၌ ဆွဲကုန်၏၊ အနားဆွေးကုန်၏၊ သင်္ကန်းနားတဖက်မှ လျှောကျကုန်၏၊ ခက်မာနေသဖြင့် ရေ၌ ဖွပ်အပ်၏။

ကြမ်းသောသင်္ကန်း အဆာမဖြတ်သော သင်္ကန်းတို့ကိုဝတ်ကုန်၏၊ လေးထောင့်ကန်သင်း ဖွဲ့သော လယ်တို့ကို မြင်တော်မူ၏၊သင်္ကန်းကိုထုပ်၍ ဆောင်သော ရဟန်းတို့ကိုလည်း မြင်တော်မူ၏၊ သာကီဝင်မင်းသားဖြစ်တော်မူသော မြတ်စွာဘုရားသည် စုံစမ်းတော်မူ၍ သုံးထည်သော သင်္ကန်းကို ခွင့်ပြုတော်မူ၏။

တပါးသော တိစီဝရိက်သင်္ကန်းကို လဲသဖြင့် ရွာတွင်းသို့ ဝင်ကုန်၏၊ သင်္ကန်းဖြစ်၏၊ သင်္ကန်း ပေါက်ခဲ့၏၊ လေးကျွန်းလုံးရှိသောမိုး မိုးရေခံသင်္ကန်းကိုရင်း အာဂန္တုကဘတ် ဂမိကဘတ် ဂိလာနဘတ်ကိုရင်း ဂိလာနုပဋ္ဌာကဘတ်ကိုရင်း သူနာဆေးကိုရင်း အမြဲလှူသော ယာဂုဘတ်ကိုရင်း ဘိက္ခုနီမတို့အား ရေသနုပ်သင်္ကန်းကိုရင်း လှူခြင်းငှါ ရှစ်ပါးသောဆုကို တောင်းပန်၏၊ မြတ်သောဘောဇဉ် ငယ်လွန်းသောနိသီဒိုင်။

ဝဲကြီးနာ မျက်နှာသုတ်ပုဝါ၊ ခါမမည်သောပုဆိုး ပြည့်စုံ၏၊ အဓိဋ္ဌာန်ပြုခြင်း၊ ငယ်စွာ့အဆုံး အသျှားတတောင် အနံတထွာရှိသောသင်္ကန်းကို ဝိကပ္ပနာပြုရမည်၊ ပံ့သုကူပုဆိုးဖြင့် ချုပ်သော သင်္ကန်းသည် လေး၏၊ အထောင့်မညီ၊ ချည်သည် လျှောခဲ့၏။

ပြုတ်ကျကုန်၏၊ မလောက်ငကုန်၊ သလင်းထောင်၍ စပ်သည်ကို ပြုရမည်၊ များစွာသော သင်္ကန်းတို့သည် ဖြစ်ကုန်၏၊ အန္ဓဝန်တော၌ ထားခဲ့၏၊ မေ့ခဲ့၍ ဝင်မိ၏၊ တယောက်အထီး တည်း ဝါဆို၍ နေ၏၊ ဝါပဉတွင်၌လည်း နေ၏။

ရာဇဂြိုဟ်ပြည်၌ ရဟန်းညီနောင်နှစ်ပါးတို့ လာရောက်ကုန်၏၊ အသျှင်ဥပနန္ဒသည် သွားလေ၏၊ တဖန်နေကုန်၏၊ ဝမ်းဖောက်ပြန်သောသူနာ၊ နှစ်ယောက်သော ရဟန်းတို့သည် သူနာကို လုပ်ကျွေးကုန်၏။

အချည်းနှီး သမန်းမြက်သင်္ကန်း လျှော်သင်္ကန်း ပျဉ်ချပ်သင်္ကန်း လူ့ဆံပင်ဖြင့်ရက်သော ကမ္ဗလာ၊ သားမြီးဖြင့် ရက်သောကမ္ဗလာ၊ ခင်ပုပ်ငှက်တောင်သင်္ကန်း သစ်နက်ရေ မုရိုးမျှင်ဖြင့်

http://www.dhammadownload.com



ရက်သောသင်္ကန်း သင်ပန်းမျှင်ဖြင့် ရက်သောသင်္ကန်း အလုံးစုံညိုသော ဆိုးရည်ဖြင့် ဆိုးသော သင်္ကန်း အလုံးစုံဝါသောဆိုးရည်ဖြင့်ဆိုးသောသင်္ကန်း အလုံးစုံ နီသောဆိုးရည်ဖြင့် ဆိုးသော သင်္ကန်း အလုံးစုံမောင်းသော ဆိုးရည်ဖြင့် ဆိုးသောသင်္ကန်း အလုံးစုံ မည်းသောဆိုးရည်ဖြင့် ဆိုးသောသင်္ကန်း ကင်းသန်းကျောက်ကန်းနှင့်တူသော မဟာရင်္ဂမည်သော ဆိုးရည်ဖြင့် ဆိုးသောသင်္ကန်း ဖြော့တော့သော အဆင်းရှိသော မဟာနာမမည်သော ဆိုးရည်ဖြင့် ဆိုးသော သင်္ကန်း ထိုပြင် အဆာမဖြတ်သောသင်္ကန်း။

အဆာရှိသော သင်္ကန်း၊ အဆာပန်းကုံးကျစ်သောသင်္ကန်း၊ အဆာ၌ ဆောက်ပြားကျစ်သော သင်္ကန်း၊ သင်တိုင်း၊ လျှော်တေ၊ ဦးရစ်၊ သင်္ကန်းမရမီ ဖဲသွား၏၊ ထိုသင်္ကန်းမရမီ သံဃာသင်းကွဲအံ့။

တပါးသောအစု၌ သံဃာအား လှူကုန်၏၊ အသျှင်ရေဝတသည် ပို့သ၏ 'ပေးလိုက်၏'၊ အကျွမ်းဝင်သဖြင့် ယူခြင်း၊ အဓိဋ္ဌာန်ပြု၏၊ သင်္ကန်းရခြင်းဖြစ်ခြင်း၏ မာတိကာတို့ကား ရှစ်ပါးတို့တည်း၊ ဤသည်လျှင် အပြီးသတ်တည်း။

ဤခန္ဒက၌ ဝတ္ထုတို့သည် ကိုးဆယ့်ခြောက်ဝတ္ထုတို့တည်း။

**စီဝရက္ခန္ဒက ပြီး၏။**

http://www.dhammadownload.com

http://www.dhammadownload.com

# ၉-စမ္မေယျဝဂ္ဂ

## ၂၃၄-ကဿပမန္ဒိယဇာတ်

၁၇၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် စမ္မာမြို့ ဂဂ္ဂရာ မည်သော ရေကန်၏ ကမ်းနား၌ သီတင်းသုံးနေတော်မူသောအခါ ကာသိတိုင်း ဇနပုဒ်တို့၌ ဝါသဘမည်သော ရွာသည်ရှိ၏။

ထိုရွာ၌ ကဿပဂေါတ္တအမည်ရှိသော ရဟန်းသည် ကျောင်းထိုင်ရဟန်းဖြစ်၏၊ "သီလကို ချစ်သော မလာသေးသောရဟန်းတို့သည် အဘယ်သို့လျှင် လာရောက်ပါကုန်အံ့နည်း၊ သီလကို ချစ်သော လာရောက်ပြီးသောရဟန်းတို့သည်လည်း အဘယ်သို့လျှင် ချမ်းသာစွာ နေရပါကုန်အံ့နည်း၊ ဤကျောင်းတိုက်သည်လည်း ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ အဘယ်သို့လျှင် ရောက်ပါအံ့နည်း" ဟု ကြောင့်ကြသမှု အမြဲပြု၍ အားထုတ်ခြင်းသို့ ရောက်လေ၏။

ထိုအခါ များစွာသောရဟန်းတို့သည် ကာသိတိုင်းတို့၌ လှည့်လည်ကုန်သော် ဝါသဘရွာသို့ ရောက်ကုန်၏၊ ကဿပဂေါတ္တအမည်ရှိသော ရဟန်းသည် အဝေးမှလာသောထိုရဟန်းတို့ကို မြင်၍ နေရာကိုခင်း၏၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို ချထား၏၊ ခရီးဦးကြိုဆို၍ သပိတ်သင်္ကန်းကို လှမ်းယူ၏၊ (သောက်ရေအလိုရှိပါသေးသလော ဟု) သောက်ရေဖြင့်မေး၏၊ ရေချိုးခြင်း၌ အားထုတ်မှုပြု၏၊ ယာဂု၌၎င်း ခဲဖွယ်၌၎င်း ဆွမ်း၌၎င်း အားထုတ်မှုပြုလေ၏။ ထိုအခါ ထိုအာဂန္တုရဟန်းတို့သည် "ငါ့သျှင်တို့ ဤကျောင်းထိုင် ရဟန်းသည် ကောင်းပေစွ (ငါတို့အတွက်) ရေချိုးခြင်း၌ အားထုတ်မှုပြု၏၊ ယာဂု၌၎င်း ခဲဖွယ်၌၎င်း ဆွမ်း၌၎င်း အားထုတ်မှုကိုလည်းပြု၏၊ ငါ့သျှင်တို့ ငါတို့သည် ယခုအခါ ဤဝါသဘရွာ၌ပင်လျှင် နေကုန်အံ့" ဟု ကြံစည်ပြောဆိုပြီးနောက် ထိုဝါသဘရွာ၌ပင်လျှင် နေကုန်၏။

ထိုအခါ ကဿပဂေါတ္တရဟန်းသည် "ဤအာဂန္တုရဟန်းတို့အား အာဂန္တုရဟန်းတို့နှင့် စပ်သော ပင်ပန်းမှုသည် ငြိမ်းလေပြီ၊ ထိုအာဂန္တု ရဟန်းတို့သည် ယခုအခါ ငါ၏ဆွမ်းခံရွာ၌ လမ်းသိကုန်ပြီ၊ စင်စစ်သော်ကား သူတပါးတို့၏ အိမ်တို့၌ အသက်ထက်ဆုံးကြောင့်ကြမှု ပြုရန်ခဲယဉ်း၏၊ လူတို့သည် တောင်းခြင်းကိုလည်း မနှစ်သက် ငါသည် ယာဂု၌၎င်း ခဲဖွယ်၌၎င်း ဆွမ်း၌၎င်း ကြောင့်ကြမှုကို မပြုပဲနေရမူ ကောင်းရာ၏" ဟု ကြံစည်ပြီးနောက် ယာဂု ခဲဖွယ် ဆွမ်းတို့၌ ကြောင့်ကြမှုမပြုပဲ နေလေ၏။

ထိုနောက် ထိုအာဂန္တုတို့အား "ငါ့သျှင်တို့ ဤကျောင်းထိုင်ရဟန်းသည် ရှေးအခါ၌ (ငါတို့အတွက်) ရေချိုးခြင်း၌ အားထုတ်မှုပြု၏၊ ယာဂု၌၎င်း ခဲဖွယ်၌၎င်း ဆွမ်း၌၎င်း အားထုတ်မှုကို ပြု၏၊ ထိုကျောင်းနေရဟန်းသည် ယခုအခါ၌ ယာဂု၌၎င်း ခဲဖွယ်၌၎င်း ဆွမ်း၌၎င်း ကြောင့်ကြမှုကို မပြု၊ ငါ့သျှင်တို့ ဤကျောင်းထိုင် ရဟန်းသည် ယခုအခါ မကောင်းတော့ပြီ၊ ငါ့သျှင်တို့ ငါတို့သည် ယခုအခါ၌ ကျောင်းနေရဟန်းကို နှင်ထုတ်ကုန်အံ့" ဟု အကြံဖြစ်လေ၏။

ထိုအခါ ထိုအာဂန္တုရဟန်းတို့သည် စည်းဝေးပြီးလျှင် "ငါ့သျှင် သင်သည် ရှေးကရေချိုးခြင်း၌ အားထုတ်မှုပြု၏၊ ယာဂု၌၎င်း ခဲဖွယ်၌၎င်း ဆွမ်း၌၎င်း အားထုတ်မှုကိုလည်း ပြု၏၊ သင်သည် ယခုအခါ၌ ယာဂု ခဲဖွယ် ဆွမ်းတို့၌ အားထုတ်မှုကို မပြုတော့ပေ၊ ငါ့သျှင် သင်သည် အာပတ်သင့်၏၊ ထိုအာပတ်

http://www.dhammadownload.com



ကို ရှုလော့” ဟု ကဿပဂေါတ္တ ရဟန်းကို ပြောဆိုကြသဖြင့် (ထိုကဿပဂေါတ္တ ရဟန်းက) ငါသျှင်တို့ အကျွန်ုပ်ရှုရသော အာပတ်သည် အကျွန်ုပ်အား မရှိပါ ဟု ပြောဆို၏။ ထိုအခါ ထိုအာဂန္တု ရဟန်းတို့သည် ကဿပဂေါတ္တရဟန်းကို အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ကုန်၏။

ထိုအခါ ကဿပဂေါတ္တရဟန်းအား “ဤသည်ကား အာပတ်ဟူ၍သော်၎င်း အာပတ် မဟုတ်ဟူ၍သော်၎င်း၊ အာပတ် သင့်၏ ဟူ၍သော်၎င်း အာပတ်မသင့် ဟူ၍သော်၎င်း၊ နှင်ထုတ် သင့်သည်ဟူ၍သော်၎င်း မနှင်ထုတ်သင့်ဟူ၍သော်၎င်း၊ တရားနှင့်လျော်၏ဟူ၍သော်၎င်း တရားနှင့် မလျော်ဟူ၍သော်၎င်း၊ ဖျက်အပ်သော ကံဟူ၍သော်၎င်း မဖျက်အပ်သော ကံဟူ၍သော်၎င်း၊ အကြောင်းအားလျော်သော ကံဟူ၍ သော်၎င်း အကြောင်းအား မလျော်သော်သောကံဟူ၍ သော်၎င်း၊ ငါသည် ဤအကြောင်းကို မသိ၊ ငါသည် စမ္ပာမြို့သို့ သွားပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို မေးလျှောက်ရမူ ကောင်းလေစွ” ဟု အကြံဖြစ်၏။

ထို့နောက် ကဿပဂေါတ္တရဟန်းသည် အိပ်ရာနေရာကို သိမ်းဆည်းပြီးလျှင် သပိတ်သင်္ကန်းကို ယူ၍ စမ္ပာမြို့သို့ သွားလေ၏။ အစဉ်အတိုင်းသွားသော် စမ္ပာမြို့ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေ၏။

အာဂန္တုရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်စွာ နှုတ်ဆက်စကား ပြောကြားတော်မူခြင်းသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရားတို့၏ အလေ့ အထပင် ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် “ရဟန်း ကျန်းမာ၏လော၊ မျှတ၏လော၊ မပင်ပန်းပဲ ခရီးရှည်လာခဲ့ရ၏လော၊ ရဟန်း သင်သည် အဘယ်အရပ်မှ လာခဲ့သနည်း” ဟု ကဿပဂေါတ္တရဟန်းကို မေးတော်မူ၏။

ကျန်းမာပါသည် မြတ်စွာဘုရား၊ မျှတပါသည် မြတ်စွာဘုရား၊ အကျွန်ုပ်သည် မပင်ပန်းပဲ ခရီးရှည် လာခဲ့ရပါ၏၊ အသျှင်ဘုရား ကာသိတိုင်း ဇနပုဒ်တို့၌ ဝါသဘအမည်ရှိသော ရွာသည် ရှိပါ၏၊ မြတ်စွာဘုရား အကျွန်ုပ်သည် ထိုရွာ၌ ကျောင်းထိုင် ရဟန်းပါတည်း၊ “သီလကို ချစ်သော မလာသေး သော ရဟန်းတို့သည် အဘယ်သို့လျှင် လာရောက်ပါကုန်အံ့နည်း၊ သီလကို ချစ်သော လာရောက်ပြီး သော ရဟန်းတို့သည်လည်း အဘယ်သို့လျှင် ချမ်းသာစွာ နေရပါကုန်အံ့နည်း၊ ဤကျောင်းတိုက် သည်လည်း ကြီးပွါးစည်ပင်ပြန့်ပြောခြင်းသို့ အဘယ်သို့လျှင် ရောက်ပါအံ့နည်း” ဟု ကြောင့်ကြ သမှုအမြဲပြု၍ အားထုတ်ခြင်းသို့ ရောက်ပါ၏။

အသျှင်ဘုရား ထိုအခါ များစွာသော ရဟန်းတို့သည် ကာသိတိုင်းတို့၌ လှည့်လည်ကုန်သော် ဝါသဘရွာသို့ရောက်လာပါကုန်၏။ အသျှင်ဘုရား အကျွန်ုပ်သည် အဝေးမှလာသောထိုရဟန်းတို့ကို မြင်၍ နေရာကိုခင်းပါ၏၊ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကိုချထားပါ၏၊ခရီးဦးကြိုဆို၍ သပိတ်သင်္ကန်းကို လှမ်းယူပါ၏၊ (သောက်ရေအလိုရှိပါသေးသလောဟု) သောက်ရေဖြင့် မေးပါ၏၊ ရေချိုးခြင်း၌ အားထုတ်မှုပြုပါ၏၊ ယာဂု၌၎င်း ခဲဖွယ်၌၎င်း ဆွမ်း၌၎င်း အားထုတ်မှုကိုလည်း ပြုပါ၏။ အသျှင်ဘုရား ထိုအခါ ထိုအာဂန္တုရဟန်းတို့သည် “ငါ့သျှင်တို့ ဤကျောင်းနေ ရဟန်းသည် ကောင်း ပေစွ၊ ငါတို့အတွက် ရေချိုးခြင်း၌ အားထုတ်မှုပြု၏၊ ယာဂု၌၎င်း ခဲဖွယ်၌၎င်း ဆွမ်း၌၎င်း အားထုတ် မှုကိုလည်း ပြု၏၊ ငါ့သျှင်တို့ ငါတို့သည် ယခုအခါ ဤဝါသဘရွာ၌ပင်လျှင် နေကုန်အံ့”ဟု ကြံစည် ပြောဆိုပြီးနောက် ထိုဝါသဘရွာ၌ပင်လျှင် နေကုန်၏။ အသျှင်ဘုရား ထိုအကျွန်ုပ်သည် “ဤအာဂန္တု ရဟန်းတို့အား အာဂန္တုရဟန်းတို့နှင့် စပ်သော ပင်ပန်းမှုသည် ငြိမ်းလေပြီ ထိုအာဂန္တုရဟန်းတို့သည် ယခုအခါငါ၏ ဆွမ်းခံရွာ၌ လမ်းသိကုန်ပြီ၊ စင်စစ်သော်ကား တပါးသော အမျိုးတို့၌ အသက်ထက်ဆုံး

http://www.dhammadownload.com



အားထုတ်မှုပြုရန် ခဲယဉ်း၏၊ လူတို့သည် တောင်းခြင်းကိုလည်း မနှစ်သက်၊ ငါသည် ယာဂု၌၎င်း ခဲဖွယ်၌၎င်း ဆွမ်း၌၎င်း အားထုတ်မှုမပြုပဲနေရမှု ကောင်းရာ၏" ဟု ကြံစည်ပြီးနောက် ယာဂု ခဲဖွယ် ဆွမ်းတို့၌ အားထုတ်မှုမပြုပဲ နေပါ၏။

အသျှင်ဘုရား ထို့နောက် ထိုအာဂန္တုရဟန်းတို့အား "ငါ့သျှင်တို့ ဤကျောင်းထိုင်ရဟန်းသည် ရှေးအခါ၌ (ငါတို့အတွက်) ရေချိုးခြင်း၌ အားထုတ်မှုပြု၏၊ ယာဂု၌၎င်း ခဲဖွယ်၌၎င်း ဆွမ်း၌၎င်း အားထုတ်မှုကိုလည်းပြု၏၊ ထိုကျောင်းထိုင်ရဟန်းသည် ယခုအခါ ယာဂု၌၎င်း ခဲဖွယ်၌၎င်း ဆွမ်း၌၎င်း အားထုတ်မှုကိုမပြု၊ ငါ့သျှင်တို့ ဤကျောင်းထိုင်ရဟန်းသည် ယခုအခါ မကောင်းတော့ပြီ၊ ငါ့သျှင်တို့ ငါတို့သည် ယခုအခါ ကျောင်းနေရဟန်းကို နှင်ထုတ်ကုန်အံ့" ဟု အကြံဖြစ်ခဲ့ကြပါသည်။

အသျှင်ဘုရား ထိုအခါ ထိုအာဂန္တုရဟန်းတို့သည် စည်းဝေးပြီးလျှင် ငါ့သျှင် သင်သည် ရှေးကရေချိုးခြင်း၌ အားထုတ်မှုပြု၏၊ ယာဂု၌၎င်း ခဲဖွယ်၌၎င်း ဆွမ်း၌၎င်း အားထုတ်မှုကိုလည်းပြု၏၊ သင်သည် ယခုအခါ ယာဂု ခဲဖွယ် ဆွမ်းတို့၌ အားထုတ်မှုကိုမပြု၊ ငါ့သျှင် သင်သည် အာပတ် သင့်၏၊ ထိုအာပတ်ကို ရှုလော့" ဟု အကျွန်ုပ်ကို ပြောဆိုကြသဖြင့် (အကျွန်ုပ်က) ငါ့သျှင်တို့ အကျွန်ုပ် ရှုရာသော အာပတ်သည် အကျွန်ုပ်အား မရှိပါဟု ပြောဆို၏။ အသျှင်ဘုရား ထိုအခါ ထိုအာဂန္တုရဟန်းတို့သည် အကျွန်ုပ်ကို အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ကုန်၏။

အသျှင်ဘုရား ထိုအကျွန်ုပ်အား "ဤသည်ကား 'အာပတ်ဟူ၍ သော်၎င်း အာပတ်မဟုတ်ဟူ၍ သော်၎င်း၊ အာပတ်သင့်၏ဟူ၍ သော်၎င်း အာပတ်မသင့်ဟူ၍ သော်၎င်း၊ နှင်ထုတ်သင့်သည်ဟူ၍ သော်၎င်း မနှင်ထုတ်သင့်ဟူ၍ သော်၎င်း၊ တရားနှင့်လျော်၏ဟူ၍ သော်၎င်း တရားနှင့် မလျော်ဟူ၍ သော်၎င်း၊ ဖျက်အပ်သော ကံဟူ၍ သော်၎င်း မဖျက်အပ်သော ကံဟူ၍ သော်၎င်း၊ အကြောင်းအား လျော်သော ကံဟူ၍ သော်၎င်း အကြောင်းအား မလျော်သော ကံဟူ၍ သော်၎င်း' ငါသည် ဤအကြောင်းကို မသိ၊ ငါသည် စမ္ပာမြို့သို့ သွားပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို မေးလျှောက်ရမှု ကောင်းလေစွ" ဟု အကြံဖြစ်ပါ၏။ မြတ်စွာဘုရား အကျွန်ုပ်သည် ထိုဝါသဘရွာမှ လာပါ၏ ဟု (လျှောက်၏)။

ရဟန်း ဤသည်ကား အာပတ်မမည်၊ ဤသည်ကား အာပတ်မဟုတ်၊ အာပတ်မသင့်သည်ဖြစ်၏၊ အာပတ်သင့်သည်မဟုတ်၊ မနှင်ထုတ်သင့်သည်ဖြစ်၏၊ နှင်ထုတ်သင့်သည်မဟုတ်၊ တရားနှင့်မလျော်သော ဖျက်အပ်သော အကြောင်းအားမလျော်သောကံဖြင့် သင့်ကို နှင်ထုတ်၏။ ရဟန်းသွားချေ သင်သည် ထိုဝါသဘရွာ၌ပင်လျှင် နေချေလော့ ဟု (မိန့်တော်မူ၏)။

"ကောင်းပါပြီ အသျှင်ဘုရား" ဟု ကဿပဂေါတ္တရဟန်းသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရှိအသေပြုကာ ဝါသဘရွာသို့ ဖဲသွားလေ၏။

၃၈၁။ ထို့နောက် "ငါတို့အား (ဈာန် အစရှိသောကျေးဇူးတို့ကို) မရလေကုန်စွတကား၊ ငါတို့အား (ရှင်ရဟန်းအဖြစ်ကို) အရမတော်လေကုန်စွ တကား၊ ငါတို့သည် (သာသနာတော်ကို) မကောင်းသဖြင့် ရအပ်ပေစွတကား၊ ငါတို့သည်(သာသနာတော်ကို)ကောင်းသော ရခြင်းမဟုတ်လေစွတကား၊ အကြောင်းမှာမူ အကြင်ငါတို့သည် စင်ကြယ်သော အာပတ်မသင့်သော ရဟန်းကို ဝတ္ထုမရှိပဲ အကြောင်းမရှိပဲ နှင်ထုတ်မိကုန်၏၊ ငါ့သျှင်တို့ ငါတို့သည် ယခုအခါ၌ စမ္ပာမြို့သို့သွားပြီးလျှင်

http://www.dhammadownload.com



မြတ်စွာဘုရားထံ၌ အပြစ်ကိုအပြစ်အလျောက် ဝန်ချကုန်အံ့" ဟု ထိုအာဂန္တုရဟန်းတို့အား နောင်တတဖန် ပူပန်ခြင်း နှလုံးမသာယာခြင်းသည် ဖြစ်လေ၏။

ထို့နောက် ထိုအာဂန္တုရဟန်းတို့သည် အိပ်ရာနေရာကို သိမ်းဆည်းပြီးလျှင် သပိတ်သင်္ကန်းကို ယူ၍ စမ္ပာမြို့သို့ ဖဲသွားကုန်၏။ အစဉ်အတိုင်း သွားသော် စမ္ပာမြို့ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ထိုင်နေကုန်၏။

အာဂန္တုရဟန်းတို့နှင့်အတူတကွ ဝမ်းမြောက်စွာ နှုတ်ဆက်စကားပြောကြားတော်မူခြင်းသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရားတို့၏ အလေ့ အထပင်ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့ ကျန်းမာကြကုန်၏လော၊ မျှတကြကုန်၏လော၊ မပင်ပန်းပဲ ခရီးရှည်လာကြရကုန်၏လော၊ ရဟန်းတို့ သင်တို့သည် အဘယ်အရပ်မှ လာကြကုန်သနည်း" ဟု ထိုရဟန်းတို့ကို မေးတော်မူ၏။

ကျန်းမာကြပါကုန်သည် မြတ်စွာဘုရား၊ မျှတကြပါကုန်သည် မြတ်စွာဘုရား၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် မပင်ပန်းပဲ ခရီးရှည်လာကြရပါကုန်၏၊ အသျှင်ဘုရား ကာသိတိုင်း ဇနပုဒ်၌ ဝါသဘမည်သောရွာသည် ရှိပါ၏၊ မြတ်စွာဘုရား အကျွန်ုပ်တို့သည် ထိုရွာမှ လာခဲ့ပါကုန်၏ ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ သင်တို့သည် ကျောင်းထိုင်ရဟန်းကို နှင်ထုတ်ကုန်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား နှင်ထုတ်မိသည်မှန်ပါ၏ ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ အဘယ်ဝတ္ထု အဘယ်အကြောင်းကြောင့် (နှင်ထုတ်ကုန်သနည်း) ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဝတ္ထုမရှိပဲ အကြောင်းမရှိပဲ နှင်ထုတ်မိပါကုန်၏ ဟု (လျှောက်ကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ ရဟန်းတို့ ဤအမှုသည် ရဟန်းတို့အား မလျောက်ပတ် မလျော်ကန် မသင့်တင့် ရဟန်းတို့၏ အပြုအမူမဟုတ် မအပ် မပြုသင့်။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျာ်းတို့ သင်တို့သည် အဘယ်ကြောင့် အာပတ်မရှိသော စင်ကြယ်သော ရဟန်းကို ဝတ္ထုမရှိပဲ အကြောင်းမရှိပဲ နှင်ထုတ်ကုန်ဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျာ်းတို့ ဤ(သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်း ငှါ၎င်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ အာပတ်မရှိသော စင်ကြယ်သော ရဟန်းကို ဝတ္ထုမရှိပဲ အကြောင်းမရှိပဲ မနှင်ထုတ်အပ်၊ နှင်ထုတ်သောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု မိန့်တော်မူ၏။

ထို့နောက် ထိုရဟန်းတို့သည် နေရာမှထပြီးသော် လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမ္ပာယ် တင်သည်ကို ပြု၍ မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခိုက်ကာ မြတ်စွာဘုရားကို "အသျှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် အကျွန်ုပ်တို့ကို လွှမ်းမိုးကျရောက်ခဲ့ပါပြီ၊ အသျှင်ဘုရား အာပတ်မရှိသော စင်ကြယ်သော ရဟန်းကို ဝတ္ထုမရှိပဲ အကြောင်းမရှိပဲ နှင်ထုတ်မိသော အကျွန်ုပ်တို့၏ အပြစ်ကို မြတ်စွာဘုရားသည် အပြစ်အားဖြင့် နောင်အခါ စောင့်စည်းခြင်းငှါ သည်းခံတော်မူပါ" ဟု လျှောက်ကုန်၏။

ရဟန်းတို့ ကောင်းပြီ၊ မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် သင်တို့ကို လွှမ်းမိုးနှိပ်စက်ခဲ့၏၊ သင်တို့သည် အာပတ်မရှိသော စင်ကြယ်သော ရဟန်းကို ဝတ္ထုမရှိပဲ အကြောင်းမရှိပဲ နှင်ထုတ်ကုန်၏၊ ရဟန်းတို့ အပြစ်ကို အပြစ်အားဖြင့် မြင်၍ တရားနှင့် လျော်စွာ ကုစားသောကြောင့် သင်တို့၏ ထို (အပြစ်)ကို (အပြစ်ဟု) ငါတို့ သည်းခံကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ငါ၏ သာသနာတော်၌ အကြင်ရဟန်းသည် အပြစ်ကို အပြစ်အားဖြင့် မြင်၍ တရားနှင့်လျော်စွာ ကုစား၏၊ နောင်အခါ၌လည်း စောင့်စည်း၏၊ (ထိုသူ၏) ဤ (ကုစားစောင့်စည်းခြင်း) သည် ဘုရား၏ အဆုံးအမ၌ ကြီးပွါးကြောင်းသာလျှင် ဖြစ်၏ ဟု (မိန့်တော်မူ၏)။

## ၂၃၅-မတရားသဖြင့် ဝင်ဖြစ်ခြင်းစသော ကံအကြောင်း

၃၈၂။ တရံရောအခါ စမ္ပာမြို့၌ ရဟန်းတို့သည် ဤသို့သဘောရှိသော ကံတို့ကိုပြုကုန်၏။ မတရားသဖြင့် ဝင်ဖြစ်သော ကံကိုပြုကုန်၏၊ မတရားသဖြင့် ညီညွတ်သောကံကို ပြုကုန်၏၊ တရားသဖြင့် ဝင်ဖြစ်သောကံကို ပြုကုန်၏၊ တရားတုဖြင့် ဝင်ဖြစ်သောကံကို ပြုကုန်၏၊ တရားတုဖြင့် ညီညွတ်သောကံကို ပြုကုန်၏။

တပါးသော ရဟန်းသည်လည်း တပါးသော ရဟန်းကို နှင်ထုတ်၏၊ တပါးသော ရဟန်းသည်လည်း နှစ်ပါးသော ရဟန်းတို့ကို နှင်ထုတ်၏၊ တပါးသော ရဟန်းသည်လည်း များစွာသော ရဟန်းတို့ကို နှင်ထုတ်၏၊ တပါးသော ရဟန်းသည်လည်း သံဃာကို နှင်ထုတ်၏။

နှစ်ပါးသော ရဟန်းတို့သည်လည်း တပါးသော ရဟန်းကို နှင်ထုတ်ကုန်၏၊ နှစ်ပါးသော ရဟန်းတို့သည်လည်း နှစ်ပါးသော ရဟန်းတို့ကို နှင်ထုတ်ကုန်၏၊ နှစ်ပါးသော ရဟန်းတို့သည်လည်း များစွာသော ရဟန်းတို့ကို နှင်ထုတ်ကုန်၏၊ နှစ်ပါးသော ရဟန်းတို့သည်လည်း သံဃာကို နှင်ထုတ်ကုန်၏။

များစွာသော ရဟန်းတို့သည်လည်း တပါးသော ရဟန်းကို နှင်ထုတ်ကုန်၏၊ များစွာသော ရဟန်းတို့သည်လည်း နှစ်ပါးသော ရဟန်းတို့ကို နှင်ထုတ်ကုန်၏၊ များစွာသော ရဟန်းတို့သည်လည်း များစွာသော ရဟန်းတို့ကို နှင်ထုတ်ကုန်၏၊ များစွာသော ရဟန်းတို့သည်လည်း သံဃာကို နှင်ထုတ်ကုန်၏၊ သံဃာသည်လည်း သံဃာကို နှင်ထုတ်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် စမ္ပာမြို့၌ ရဟန်းတို့သည် ဤသို့ သဘောရှိသော ကံတို့ကို ပြုကြကုန်ဘိသနည်း။ မတရားသဖြင့် ဝင်ဖြစ်သော ကံကို ပြုကုန်ဘိသနည်း၊ မတရားသဖြင့် ညီညွတ်သောကံကို ပြုကုန်ဘိသနည်း၊ တရားသဖြင့် ဝင်ဖြစ်သောကံကို ပြုကုန်ဘိသနည်း၊ တရားတုဖြင့် ဝင်ဖြစ်သော ကံကို ပြုကုန်ဘိသနည်း၊ တရားတုဖြင့် ညီညွတ်သောကံကို ပြုကုန်ဘိသနည်း။

တပါးသော ရဟန်းသည်လည်း တပါးသော ရဟန်းကို နှင်ထုတ်ဘိသနည်း၊ တပါးသော ရဟန်းသည်လည်း နှစ်ပါးသော ရဟန်းတို့ကို နှင်ထုတ်ဘိသနည်း၊ တပါးသော ရဟန်းသည်လည်း များစွာသော ရဟန်းတို့ကို နှင်ထုတ်ဘိသနည်း၊ တပါးသော ရဟန်းသည်လည်း သံဃာကို နှင်ထုတ်ဘိသနည်း။

နှစ်ပါးသော ရဟန်းတို့သည်လည်း တပါးသော ရဟန်းကို နှင်ထုတ်ကုန်ဘိသနည်း၊ နှစ်ပါးသော ရဟန်းတို့သည်လည်း နှစ်ပါးသော ရဟန်းတို့ကို နှင်ထုတ်ကုန်ဘိသနည်း၊ နှစ်ပါးသော ရဟန်းတို့သည်လည်း များစွာသော ရဟန်းတို့ကို နှင်ထုတ်ကုန်ဘိသနည်း၊ နှစ်ပါးသော ရဟန်းတို့သည်လည်း သံဃာကို နှင်ထုတ်ကုန်ဘိသနည်း။

များစွာသော ရဟန်းတို့သည်လည်း တပါးသော ရဟန်းကို နှင်ထုတ်ကုန်ဘိသနည်း၊ များစွာသော ရဟန်းတို့သည်လည်း နှစ်ပါးသော ရဟန်းတို့ကို နှင်ထုတ်ကုန်ဘိသနည်း၊ များစွာသော ရဟန်း

http://www.dhammadownload.com



တို့သည်လည်း များစွာသော ရဟန်းတို့ကို နှင်ထုတ်ကုန်ဘိသနည်း၊ များစွာသော ရဟန်းတို့သည်လည်း သံဃာကို နှင်ထုတ်ကုန်ဘိသနည်း၊ သံဃာသည်လည်း သံဃာကို နှင်ထုတ်ကုန်ဘိသနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ “ရဟန်းတို့ စမ္ပာမြို့၌ ရဟန်းတို့သည် ဤသို့သဘောရှိသော ကံတို့ကို ပြုကုန်၏၊ မတရားသဖြင့် ဝဂ်ဖြစ်သော ကံကိုပြုကုန်၏။ပ။ သံဃာသည်လည်း သံဃာကို နှင်ထုတ်၏ ဟူသော စကားသည် မှန်သလော” ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ ရဟန်းတို့ ထို (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ရဟန်းတို့၏ အမှုသည် ရဟန်းတို့အား မလျော်ကပတ် မလျော်ကန် မသင့်တင့် ရဟန်းတို့၏ အပြုအမူမဟုတ် မအပ် မပြုသင့်၊ ရဟန်းတို့ ထို (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် အဘယ့်ကြောင့် ဤသို့သဘောရှိသော ကံတို့ကို ပြုကုန်ဘိသနည်း၊ မတရားသဖြင့် ဝဂ်ဖြစ်သော ကံကို ပြုကုန်ဘိသနည်း။ပ။ သံဃာသည်လည်း သံဃာကို နှင်ထုတ်ဘိသနည်း။

ရဟန်းတို့ ဤ (ရဟန်းတို့ ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

၃၈၃။ ရဟန်းတို့ မတရားသဖြင့် ဝဂ်ဖြစ်သော ကံကို ပြုခဲ့လျှင် ကံမမည်၊ ပြုလည်း မပြုထိုက်၊ မတရားသဖြင့် ညီညွတ်သောကံကို ပြုခဲ့လျှင်လည်း ကံမမည်၊ ပြုလည်း မပြုထိုက်၊ တရားသဖြင့် ဝဂ်ဖြစ်သောကံကို ပြုခဲ့လျှင်လည်း ကံမမည်၊ ပြုလည်း မပြုထိုက်၊ တရားတုဖြင့် ဝဂ်ဖြစ်သော ကံကို ပြုခဲ့လျှင်လည်း ကံမမည်၊ ပြုလည်း မပြုထိုက်၊ တရားတုဖြင့် ညီညွတ်သော ကံကို ပြုခဲ့လျှင်လည်း ကံမမည်၊ ပြုလည်း မပြုထိုက်။

တပါးသောရဟန်းသည်လည်း တပါးသောရဟန်းကို နှင်ထုတ်ခဲ့လျှင် ကံမမည်၊ ပြုလည်း မပြုထိုက်၊ တပါးသောရဟန်းသည်လည်း နှစ်ပါးသောရဟန်းတို့ကို နှင်ထုတ်ခဲ့လျှင် ကံမမည်၊ ပြုလည်း မပြုထိုက်၊ တပါးသောရဟန်းသည်လည်း များစွာသောရဟန်းတို့ကို နှင်ထုတ်ခဲ့လျှင် ကံမမည်၊ ပြုလည်း မပြုထိုက်၊ တပါးသောရဟန်းသည်လည်း သံဃာကိုနှင်ထုတ်ခဲ့လျှင် ကံမမည်၊ ပြုလည်းမပြုထိုက်။

နှစ်ပါးသောရဟန်းတို့သည်လည်း တပါးသောရဟန်းကို နှင်ထုတ်ခဲ့လျှင် ကံမမည်၊ ပြုလည်းမပြုထိုက်၊ နှစ်ပါးသောရဟန်းတို့သည်လည်း နှစ်ပါးသောရဟန်းတို့ကို နှင်ထုတ်ခဲ့လျှင် ကံမမည်၊ ပြုလည်း မပြုထိုက်၊ နှစ်ပါးသော ရဟန်းတို့သည်လည်း များစွာသော ရဟန်းတို့ကိုနှင်ထုတ်ခဲ့လျှင် ကံမမည်၊ ပြုလည်းမပြုထိုက်၊ နှစ်ပါးသော ရဟန်းတို့သည်လည်း သံဃာကို နှင်ထုတ်ခဲ့လျှင် ကံမမည်၊ ပြုလည်း မပြုထိုက်။

များစွာသောရဟန်းတို့သည်လည်း တပါးသောရဟန်းကို နှင်ထုတ်ခဲ့လျှင် ကံမမည်၊ ပြုလည်း မပြုထိုက်၊ များစွာသောရဟန်းတို့သည်လည်း နှစ်ပါးသောရဟန်းတို့ကို နှင်ထုတ်ခဲ့လျှင် ကံမမည်၊ ပြုလည်းမပြုထိုက်၊ များစွာသော ရဟန်းတို့သည်လည်း များစွာသော ရဟန်းတို့ကို နှင်ထုတ်ခဲ့လျှင် ကံမမည်၊ ပြုလည်းမပြုထိုက်၊ များစွာသောရဟန်းတို့သည်လည်း သံဃာကို နှင်ထုတ်ခဲ့လျှင် ကံမမည်၊ ပြုလည်းမပြုထိုက်၊ သံဃာသည်လည်း သံဃာကို နှင်ထုတ်ခဲ့လျှင် ကံမမည်၊ ပြုလည်း မပြုထိုက်။

http://www.dhammadownload.com



၃၀၄။ ရဟန်းတို့ ကံတို့သည် မတရားသဖြင့် ဝဂ်ဖြစ်သော ကံငင်း၊ မတရားသဖြင့် ညီညွတ်သော ကံငင်း၊ တရားသဖြင့် ဝဂ်ဖြစ်သောကံငင်း၊ တရားသဖြင့် ညီညွတ်သောကံငင်း၊ ဤလေးပါးတို့တည်း။

ရဟန်းတို့ ထိုလေးပါးသော ကံတို့တွင် မတရားသဖြင့် ဝဂ်ဖြစ်သော ကံသည် မတရားသည်၏ အဖြစ်ကြောင့်ငင်း ဝဂ်ဖြစ်သောကြောင့်ငင်း ပျက်၏၊ ထိုက်သော အကြောင်းမရှိပေ၊ ရဟန်းတို့ ဤသို့သဘောရှိသောကံကို မပြုထိုက်၊ ငါသည်လည်း ဤသို့သဘောရှိသော ကံကို ခွင့်ပြုတော်မမူ။

ရဟန်းတို့ ထိုလေးပါးသော ကံတို့တွင် မတရားသဖြင့် ညီညွတ်သော ကံသည် မတရားသည်၏ အဖြစ်ကြောင့် ပျက်၏၊ ထိုက်သော အကြောင်းမရှိ၊ ရဟန်းတို့ ဤသို့သဘောရှိသော ကံကို မပြုထိုက်၊ ငါသည်လည်း ဤသို့ သဘောရှိသော ကံကို ခွင့်ပြုတော်မမူ။

ရဟန်းတို့ ထိုလေးပါးသော ကံတို့တွင် တရားသဖြင့် ဝဂ်ဖြစ်သော ကံသည် ဝဂ်ဖြစ်သော ကြောင့် ပျက်၏၊ ထိုက်သော အကြောင်းမရှိ၊ ရဟန်းတို့ ဤသို့သဘောရှိသော ကံကိုမပြုထိုက်၊ ငါသည်လည်း ဤသို့သဘောရှိသော ကံကို ခွင့်ပြုတော်မမူ။

ရဟန်းတို့ ထိုလေးပါးသောကံတို့တွင် တရားသဖြင့် ညီညွတ်သောကံသည် တရားသောကြောင့် ငင်း ညီညွတ်သောကြောင့်ငင်း မပျက်၊ ထိုက်သော အကြောင်းရှိ၏၊ ရဟန်းတို့ ဤသို့သဘောရှိသော ကံကိုပြုထိုက်၏၊ ငါသည်လည်း ဤသို့သဘောရှိသောကံကို ခွင့်ပြုတော်မူ၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ တရားသဖြင့် ညီညွတ်သောသဘောရှိသောကံကို ပြုကြကုန်အံ့ဟူ၍ သာလျှင် သင်တို့ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

## ၂၃၆-ဥတ်ပျက်စီးသောကံ စသည်အကြောင်း

၃၀၅။ တရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဤသို့သဘောရှိသော ကံတို့ကိုပြုကုန်၏၊ မတရားသဖြင့် ဝဂ်ဖြစ်သောကံကို ပြုကုန်၏၊ မတရားသဖြင့် ညီညွတ်သောကံကို ပြုကုန်၏၊ တရားသဖြင့်ဝဂ်ဖြစ်သောကံကို ပြုကုန်၏၊ တရားတုဖြင့် ဝဂ်ဖြစ်သော ကံကို ပြုကုန်၏၊ တရားတုဖြင့် ညီညွတ်သောကံကို ပြုကုန်၏၊ ကမ္မဝါနှင့်သာ ပြည့်စုံ၍ ဥတ်မထားသောကံကိုလည်း ပြုကုန်၏၊ ဥတ်နှင့်သာပြည့်စုံ၍ ကမ္မဝါမရွတ်ဖတ်သော ကံကိုလည်းပြုကုန်၏၊ ဥတ်လည်းမထား ကမ္မဝါလည်းမရွတ်ဖတ်သောကံကို လည်း ပြုကုန်၏၊ တရားကို ကြဉ်၍လည်း ကံကိုပြုကုန်၏၊ ဝိနည်းကိုကြဉ်၍လည်း ကံကိုပြုကုန်၏၊ မြတ်စွာဘုရား အဆုံးအမတော် 'ဥတ်ကမ္မဝါ' ကို ကြဉ်၍လည်း ကံကိုပြုကုန်၏၊ တရားနှင့် မလျော်သော ပျက်သော ထိုက်သော အကြောင်းမရှိသော သူတော်ကောင်းတို့ စက်ဆုပ်အပ် တားမြစ်အပ်သော ကံကိုလည်း ပြုကုန်၏။

အလိုနည်းသောရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဤသို့သဘောရှိသော ကံကို ပြုကုန်ဘိသနည်း၊ မတရားသဖြင့် ဝဂ်ဖြစ်သောကံကို ပြုကုန်ဘိသနည်း၊ မတရားသဖြင့် ညီညွတ်သော ကံကို ပြုကုန်ဘိသနည်း၊ တရားသဖြင့် ဝဂ်ဖြစ်သော ကံကို ပြုကုန်ဘိသနည်း၊ တရားတုဖြင့် ဝဂ်ဖြစ်သော ကံကို ပြုကုန်ဘိသနည်း၊ တရားတုဖြင့် ညီညွတ်သော ကံကို ပြုကုန်ဘိသနည်း၊ ကမ္မဝါနှင့်သာ ပြည့်စုံ၍ ဥတ်မထားသော ကံကို ပြုကုန်ဘိသနည်း၊ ဥတ်နှင့်သာ ပြည့်စုံ၍ ကမ္မဝါမရွတ်ဖတ်သော ကံကို ပြုကုန်ဘိသနည်း၊ ဥတ်လည်းမထား ကမ္မဝါလည်းမရွတ်ဖတ်သော ကံကို ပြုကုန်ဘိ

http://www.dhammadownload.com



သနည်း၊ တရားကိုကြဉ်၍ ကံကိုပြုကုန်ဘိသနည်း၊ ဝိနည်းကိုကြဉ်၍ ကံကိုပြုကုန်ဘိသနည်း၊ မြတ်စွာဘုရားအဆုံးအမတော်ကို ကြဉ်၍ ကံကိုပြုကုန်ဘိသနည်း၊ တရားနှင့် မညီသော ပျက်သော ထိုက်သော အကြောင်းမရှိသော သူတော်ကောင်းတို့ စက်ဆုပ်အပ် တားမြစ်အပ်သော ကံကို ပြုကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ၌ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ရဟန်းတို့ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဤသို့သဘောရှိသော ကံတို့ကိုပြုကုန်၏၊ မတရားသဖြင့် ဝဂ်ဖြစ်သော ကံကိုပြုကုန်၏။ပ။ တရားနှင့်မညီသော ပျက်သော ထိုက်သော အကြောင်းမရှိသော သူတော်ကောင်းတို့စက်ဆုပ်အပ်သော တားမြစ်အပ်သော ကံကို ပြုကုန်၏ဟူသည် မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

၃၈၆။ ရဟန်းတို့ မတရားသဖြင့် ဝဂ်ဖြစ်သော ကံကို ပြုခဲ့လျှင် ကံမမည်၊ ပြုလည်းမပြုထိုက်၊ မတရားသဖြင့် ညီညွတ်သော ကံကို ပြုခဲ့လျှင်လည်း ကံမမည်၊ ပြုလည်းမပြုထိုက်၊ တရားသဖြင့် ဝဂ်ဖြစ်သော ကံကို ပြုခဲ့လျှင်လည်း ကံမမည်၊ ပြုလည်းမပြုထိုက်၊ တရားတုဖြင့် ဝဂ်ဖြစ်သော ကံကို ပြုခဲ့လျှင်လည်း ကံမမည်၊ ပြုလည်းမပြုထိုက်၊ တရားတုဖြင့် ညီညွတ်သောကံကို ပြုခဲ့လျှင်လည်း ကံမမည် ပြုလည်းမပြုထိုက်။

ရဟန်းတို့ ကမ္မဝါစာပြည့်စုံ၍ ဉတ်မထားသောကံကို ပြုခဲ့လျှင် ကံမမည်၊ ပြုလည်း မပြုထိုက်၊ ရဟန်းတို့ ဉတ်နှင့်သာပြည့်စုံ၍ ကမ္မဝါ မရွတ်ဖတ်သော ကံကို ပြုခဲ့လျှင်လည်း ကံမမည်၊ ပြုလည်း မပြုထိုက်၊ ရဟန်းတို့ ဉတ်လည်းမထား ကမ္မဝါ လည်း မရွတ်ဖတ်သော ကံကိုပြုခဲ့လျှင်လည်း ကံမမည်၊ ပြုလည်းမပြုထိုက်၊ တရားကိုကြဉ်၍ ကံပြုခဲ့လျှင်လည်း ကံမမည်၊ ပြုလည်း မပြုထိုက်၊ ဝိနည်းကိုကြဉ်၍ ကံပြုခဲ့လျှင်လည်း ကံမမည်၊ ပြုလည်းမပြုထိုက်၊ မြတ်စွာဘုရား အဆုံးအမတော်ကို ကြဉ်၍ ကံပြုခဲ့လျှင်လည်း ကံမမည်၊ ပြုလည်း မပြုထိုက်၊ ရဟန်းတို့ တရားနှင့် မညီသော ပျက်သော ထိုက်သော အကြောင်းမရှိသော သူတော်ကောင်းတို့ စက်ဆုပ်အပ်သော တားမြစ်အပ်သော ကံကို ပြုခဲ့လျှင်လည်း ကံမမည်၊ ပြုလည်း မပြုထိုက်။

၃၈၇။ ရဟန်းတို့ ကံတို့သည် မတရားသောကံငါး ဝဂ်ဖြစ်သောကံငါး ညီညွတ်သောကံငါး တရားတုဖြင့် ဝဂ်ဖြစ်သောကံငါး တရားတုဖြင့် ညီညွတ်သောကံငါး တရားသဖြင့် ညီညွတ်သော ကံငါး ဤခြောက်ပါးတို့တည်း။

ရဟန်းတို့ မတရားသော ကံဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဉတ်လျှင် နှစ်ကြိမ်မြောက်ဖြစ်သော ကံ၌ ဉတ်တကြိမ်ဖြင့်သာ ကံပြု၍ ကမ္မဝါစာကို မရွတ်ဖတ် (မကြား)လျှင် မတရားသော ကံမည်၏။ ရဟန်းတို့ ဉတ်လျှင် နှစ်ကြိမ်မြောက်ဖြစ်သော ကံ၌ ဉတ်နှင့်ကြိမ်ဖြင့်သာ ကံပြု၍ ကမ္မဝါစာကို မရွတ်ဖတ်လျှင်လည်း မတရားသော ကံမည်၏။ ရဟန်းတို့ ဉတ်လျှင် နှစ်ကြိမ်မြောက်ဖြစ်သော ကံ၌ ကမ္မဝါစာ တကြိမ်ဖြင့်သာ ကံပြု၍ ဉတ်မထားလျှင်လည်း မတရားသော

http://www.dhammadownload.com



ကံမည်၏။ ရဟန်းတို့ ဥတ်လျှင် နှစ်ကြိမ်မြောက်ဖြစ်သော ကံ၌ ကမ္မဝါစာ နှစ်ကြိမ်ဖြင့်သော ကံပြု၍ ဥတ်မထားလျှင်လည်း မတရားသော ကံမည်၏။

ရဟန်းတို့ ဥတ်လျှင် လေးကြိမ်မြောက် ဖြစ်သော ကံ၌ ဥတ်တကြိမ်ဖြင့်သော ကံပြု၍ ကမ္မဝါစာ မရွတ်ဖတ်လျှင်လည်း မတရားသော ကံမည်၏။ ရဟန်းတို့ ဥတ်လျှင် လေးကြိမ်မြောက်ဖြစ်သော ကံ၌ ဥတ်နှစ်ကြိမ်ဖြင့်သော ကံပြု၍ ကမ္မဝါစာကို မရွတ်ဖတ်လျှင်လည်း မတရားသော ကံမည်၏။ ရဟန်းတို့ အကယ်၍ ဥတ်လျှင် လေးကြိမ်မြောက် ဖြစ်သော ကံ၌ ဥတ်သုံးကြိမ်ဖြင့်သော ကံပြု၍ ကမ္မဝါစာကို မရွတ်ဖတ်လျှင်လည်း မတရားသော ကံမည်၏။ ရဟန်းတို့ ဥတ်လျှင် လေးကြိမ်မြောက် ဖြစ်သော ကံ၌ ဥတ်လေးကြိမ်ဖြင့်သော ကံပြု၍ ကမ္မဝါစာ မရွတ်ဖတ်လျှင်လည်း မတရားသော ကံမည်၏။ ရဟန်းတို့ ဥတ်လျှင် လေးကြိမ်မြောက်ဖြစ်သော ကံ၌ ကမ္မဝါစာ တကြိမ်ဖြင့်သော ကံပြု၍ ဥတ်မထားလျှင်လည်း မတရားသော ကံမည်၏။

ရဟန်းတို့ ဥတ်လျှင် လေးကြိမ်မြောက်ဖြစ်သော ကံ၌ ကမ္မဝါစာ နှင်ကြိမ်ဖြင့်သော ကံပြု၍ ဥတ်မထားလျှင်လည်း မတရားသော ကံမည်၏။ ရဟန်းတို့ ဥတ်လျှင် လေးကြိမ်မြောက်ဖြစ်သော ကံ၌ ကမ္မဝါစာ သုံးကြိမ်ဖြင့်သော ကံပြု၍ ဥတ်မထားလျှင်လည်း မတရားသော ကံမည်၏။ ရဟန်းတို့ ဥတ်လျှင် လေးကြိမ်မြောက်ဖြစ်သော ကံ၌ ကမ္မဝါစာ လေးကြိမ်ဖြင့်သော ကံပြု၍ ဥတ်မထားလျှင် လည်း မတရားသော ကံမည်၏။ ရဟန်းတို့ ဤ (ဆိုခဲ့ပြီးသော) ကံကို မတရားသောကံ ဟု ဆိုအပ်၏။ (၁)

ရဟန်းတို့ ဝဂ်ဖြစ်သော ကံဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဥတ်လျှင် နှစ်ကြိမ်မြောက်ဖြစ်သော ကံ၌ ကံအားလျော်ကပ်သော ရဟန်းတို့ မလာကုန်သော်ငြား ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်သော်ငြား မျက်မှောက်ဖြစ်သော ရဟန်းတို့က တားမြစ်ကုန်သော်ငြား ဝဂ်ဖြစ်သော ကံမည်၏။

ရဟန်းတို့ ဥတ်လျှင် နှစ်ကြိမ်မြောက်ဖြစ်သော ကံ၌ ကံအားလျော်ကပ်သော ရဟန်းတို့ လာကုန်သော်လည်း ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်သော်ငြား မျက်မှောက် ဖြစ်သော ရဟန်းတို့က တားမြစ်ကုန်သော်ငြား ဝဂ်ဖြစ်သော ကံမည်၏။

ရဟန်းတို့ ဥတ်လျှင် နှစ်ကြိမ်မြောက်ဖြစ်သော ကံ၌ ကံအားလျော်ကပ်သော ရဟန်းတို့ လာကုန်သော်လည်း ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်သော်လည်း မျက်မှောက်ဖြစ်သော ရဟန်းတို့က တားမြစ်ခဲ့ကြလျှင်ကား ဝဂ်ဖြစ်သော ကံမည်၏။

ရဟန်းတို့ ဥတ်လျှင် လေးကြိမ်မြောက်ဖြစ်သော ကံ၌ ကံအားလျော်ကပ်သော ရဟန်းတို့ မလာကုန်သော်ငြား ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်သော်ငြား မျက်မှောက် ဖြစ်သော ရဟန်းတို့က တားမြစ်ကုန်သော်ငြား ဝဂ်ဖြစ်သော ကံမည်၏။

ရဟန်းတို့ ဥတ်လျှင် လေးကြိမ်မြောက်ဖြစ်သောကံ၌ ကံအားလျော်ကပ်သော ရဟန်းတို့ လာကုန်သော်လည်း ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်သော်ငြား မျက်မှောက် ဖြစ်သော ရဟန်းတို့က တားမြစ်ကုန်သော်ငြား ဝဂ်ဖြစ်သော ကံမည်၏။

ရဟန်းတို့ ဥတ်လျှင် လေးကြိမ်မြောက်ဖြစ်သော ကံ၌ ကံအားလျော်ကပ်သော ရဟန်းတို့ လာကုန်သော်လည်း ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်သော်လည်း မျက်မှောက်

http://www.dhammadownload.com



ဖြစ်သော ရဟန်းတို့က တားမြစ်ခဲ့ကြလျှင်ကား ဝဂ်ဖြစ်သော ကံမည်၏၊ ရဟန်းတို့ ဤ(ဆိုခဲ့ပြီးသော) ကံကို ဝဂ်ဖြစ်သော ကံ ဟု ဆိုအပ်၏။ (၂)

ရဟန်းတို့ ညီညွတ်သော ကံဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဉတ်လျှင် နှစ်ကြိမ်မြောက်ဖြစ်သော ကံ၌ ကံအားလျော်ကပ်သော ရဟန်းတို့ လာကုန်ငြားအံ့၊ ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ကုန်ငြားအံ့၊ မျက်မှောက်ဖြစ်သော ရဟန်းတို့ မတားမြစ်ကုန်ငြားအံ့၊ ညီညွတ်သော ကံမည်၏။ ရဟန်းတို့ ဉတ်လျှင် လေးကြိမ်မြောက်ဖြစ်သော ကံ၌လည်း ကံအားလျော်ကပ်သော ရဟန်းတို့ လာကုန်ငြားအံ့၊ ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကိုဆောင်ကုန်ငြားအံ့၊ မျက်မှောက်ဖြစ်သော ရဟန်းတို့က မတားမြစ်ကုန်ငြားအံ့၊ ညီညွတ်သော ကံမည်၏။ ရဟန်းတို့ ဤ(ဆိုခဲ့ပြီးသော) ကံကို ညီညွတ်သောကံ ဟု ဆိုအပ်၏။ (၃)

ရဟန်းတို့ တရားတုဖြင့် ဝဂ်ဖြစ်သော ကံဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဉတ်လျှင် နှစ်ကြိမ်မြောက်ဖြစ်သော ကံ၌ ရှေးဦးစွာ ကမ္မဝါစာကို ရွတ်ဖတ်၍ နောက်မှ ဉတ်ကို ထားသော်ငြားလည်း ကံအားလျော်ကပ်သော ရဟန်းတို့ မလာကုန်သော်ငြား ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်သော်ငြား မျက်မှောက်ဖြစ်သော ရဟန်းတို့က တားမြစ်ကုန်သော်ငြား တရားတုဖြင့် ဝဂ်ဖြစ်သော ကံမည်၏။

ရဟန်းတို့ ဉတ်လျှင် နှစ်ကြိမ်မြောက်ဖြစ်သောကံ၌ ရှေးဦးစွာ ကမ္မဝါစာကို ရွတ်ဖတ်၍ နောက်မှ ဉတ်ကိုထားသော်ငြား ကံအား လျော်ကပ်သော ရဟန်းတို့ လာကုန်သော်လည်း ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်သော်ငြား မျက်မှောက်ဖြစ်သော ရဟန်းတို့က တားမြစ်ကုန်သော်ငြား တရားတုဖြင့် ဝဂ်ဖြစ်သော ကံမည်၏။

ရဟန်းတို့ ဉတ်လျှင် နှစ်ကြိမ်မြောက်ဖြစ်သော ကံ၌ ရှေးဦးစွာ ကမ္မဝါစာကို ရွတ်ဖတ်၍ နောက်မှ ဉတ်ကိုထားသော်ငြား ကံအားလျော်ကပ်သော ရဟန်းတို့ လာကုန်သည့်ပြင် ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်သော်လည်း မျက်မှောက်ဖြစ်သော ရဟန်းတို့က တားမြစ်ကုန်သော်ငြား တရားတုဖြင့် ဝဂ်ဖြစ်သော ကံမည်၏။

ရဟန်းတို့ ဉတ်လျှင် လေးကြိမ်မြောက်ဖြစ်သော ကံ၌ ရှေးဦးစွာ ကမ္မဝါစာကို ရွတ်ဖတ်၍ နောက်မှ ဉတ်ကိုထားသော်ငြား ကံအား လျော်ကပ်သော ရဟန်းတို့ မလာကုန်သော်ငြား ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်သော်ငြား မျက်မှောက်ဖြစ်သော ရဟန်းတို့က တားမြစ်ကုန်သော်ငြား တရားတုဖြင့် ဝဂ်ဖြစ်သော ကံမည်၏။

ရဟန်းတို့ ဉတ်လျှင် လေးကြိမ်မြောက်ဖြစ်သော ကံ၌ ရှေးဦးစွာ ကမ္မဝါစာကို ရွတ်ဖတ်၍ နောက်မှ ဉတ်ကို ထားသော်ငြား ကံအားလျော်ကပ်သော ရဟန်းတို့ လာကုန်သော်လည်း ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်သော်ငြား မျက်မှောက်ဖြစ်သော ရဟန်းတို့က တားမြစ်ကုန်သော်ငြား တရားတုဖြင့် ဝဂ်ဖြစ်သော ကံမည်၏။

ရဟန်းတို့ ဉတ်လျှင် လေးကြိမ်မြောက်ဖြစ်သော ကံ၌ ရှေးဦးစွာ ကမ္မဝါစာကို ရွတ်ဖတ်၍ နောက်မှ ဉတ်ကိုထားသော်ငြား ကံအားလျော်ကပ်သော ရဟန်းတို့ လာကြကုန်သည့်ပြင် ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ဆန္ဒကို ဆောင်သော်လည်း မျက်မှောက်ဖြစ်သော ရဟန်းတို့က

http://www.dhammadownload.com



တားမြစ်ကုန်သော်ငြား တရားတုဖြင့် ဝဂ်ဖြစ်သော ကံမည်၏။ ရဟန်းတို့ ဤ (ဆိုခဲ့ပြီးသော) ကံကို တရားတုဖြင့် ဝဂ်ဖြစ်သော ကံ ဟု ဆိုအပ်၏။ (၄)

ရဟန်းတို့ တရားတုဖြင့် ညီညွတ်သော ကံဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဉတ်လျှင် နှစ်ကြိမ်မြောက်ဖြစ်သော ကံ၌ ရှေးဦးစွာ ကမ္မဝါစာကို ရွတ်ဖတ်၍ နောက်မှ ဉတ်ကိုထားခဲ့လျှင် ကံအား လျောက်ပတ်သော ရဟန်းတို့ လာကုန်၍ ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်၍ မျက်မှောက်ဖြစ်သောရဟန်းတို့က မတားမြစ်ကုန်သော်လည်း တရားတုဖြင့် ညီညွတ်သော ကံမည်၏။

ရဟန်းတို့ ဉတ်လျှင် လေးကြိမ်မြောက်ဖြစ်သော ကံ၌ ရှေးဦးစွာ ကမ္မဝါစာကို ရွတ်ဖတ်၍ နောက်မှ ဉတ်ကိုထားခဲ့လျှင် ကံအား လျောက်ပတ်သော ရဟန်းတို့ လာကုန်၍ ဆန္ဒဆောင်ထိုက်သောရဟန်းတို့၏ ဆန္ဒကို ဆောင်၍ မျက်မှောက်ဖြစ်သော ရဟန်းတို့က မတားမြစ်ကုန်သော်လည်း တရားတုဖြင့် ညီညွတ်သော ကံမည်၏။ ရဟန်းတို့ ဤ (ဆိုခဲ့ပြီးသော) ကံကို တရားတုဖြင့် ညီညွတ်သော ကံ ဟု ဆိုအပ်၏။ (၅)

ရဟန်းတို့ တရားသဖြင့် ညီညွတ်သော ကံဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဉတ်လျှင် နှစ်ကြိမ်မြောက်ဖြစ်သော ကံ၌ ရှေးဦးစွာ ဉတ်ကိုထား၍ နောက်မှ ကမ္မဝါစာ တကြိမ်ဖြင့် ကံပြုငြားအံ့၊ ကံအားလျောက်ပတ်သော ရဟန်းတို့ လာကုန်ငြားအံ့၊ ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ကုန်ငြားအံ့၊ မျက်မှောက်ဖြစ်သော ရဟန်းတို့က မတားမြစ်ကုန်ငြားအံ့၊ တရားသဖြင့် ညီညွတ်သော ကံမည်၏။

ရဟန်းတို့ ဉတ်လျှင် လေးကြိမ်မြောက်ဖြစ်သော ကံ၌ ရှေးဦးစွာ ဉတ်ကိုထား၍ နောက်မှ ကမ္မဝါစာ သုံးကြိမ်တို့ဖြင့် ကံပြုငြားအံ့၊ ကံအားလျောက်ပတ်သော ရဟန်းတို့ လာကုန်ငြားအံ့၊ ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ကုန်ငြားအံ့၊ မျက်မှောက်ဖြစ်သော ရဟန်းတို့က မတားမြစ်ကုန်ငြားအံ့၊ တရားသဖြင့် ညီညွတ်သော ကံမည်၏။ ရဟန်းတို့ ဤ (ဆိုခဲ့ပြီးသော) ကံကို တရားသဖြင့် ညီညွတ်သော ကံ ဟု ဆိုအပ်၏။ (၆)

## ၂၃၇-လေးပါးအစုရှိသောသံဃာ စသည်တို့ ပြုအပ်သောကံများ

၃၈၈။ သံဃာတို့သည် လေးပါးအစုရှိသော သံဃာ 'ရဟန်းတို့၏အပေါင်း' ၎င်း၊ ငါးပါးအစုရှိသော သံဃာ၎င်း၊ ဆယ်ပါး အစုရှိသော သံဃာ၎င်း၊ နှစ်ဆယ် အစုရှိသော သံဃာ၎င်း၊ နှစ်ဆယ်ထက်လွန်သော အစုရှိသော သံဃာ၎င်း။ (ဤသို့အားဖြင့်) ငါးပါးတို့တည်း။

ရဟန်းတို့ ထိုငါးပါးသော သံဃာတို့တွင် လေးပါးအစုရှိသော သံဃာသည် ဥပသမ္ပဒကံ ပဝါရဏာကံ အဗ္ဘာနကံ ဤသုံးပါးသော ကံတို့ကိုထား၍ တရားသဖြင့် ညီညွတ်မူ အလုံးစုံသော ကံတို့၌ ကံအားလျောက်ပတ်၏။

ရဟန်းတို့ ထိုငါးပါးသော သံဃာတို့တွင် ငါးပါးအစုရှိသော သံဃာသည် မဇ္ဈိမ ဇနပုဒ်တို့၌ ဥပသမ္ပဒကံ အဗ္ဘာနကံ ဤနှစ်ပါးသော ကံတို့ကိုထား၍ တရားသဖြင့် ညီညွတ်မူ အလုံးစုံသော ကံတို့၌ ကံအား လျောက်ပတ်၏။

ရဟန်းတို့ ထိုငါးပါးသော သံဃာတို့တွင် ဆယ်ပါးအစုရှိသော သံဃာသည် အဗ္ဘာနကံတပါးကို ထား၍ တရားသဖြင့် ညီညွတ်မူ အလုံးစုံသော ကံတို့၌ ကံအား လျောက်ပတ်၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုင်းပါးသော သံဃာတို့တွင် နှစ်ဆယ်အစုရှိသော သံဃာသည် တရားသဖြင့် ညီညွတ်မှု အလုံးစုံသောကံတို့၌ ကံအား လျောက်ပတ်၏။

ရဟန်းတို့ ထိုင်းပါးသော သံဃာတို့တွင် နှစ်ဆယ်ဆက်လွန်သော အစုရှိသော ရဟန်းသံဃာသည် တရားသဖြင့် ညီညွတ်မှု အလုံးစုံသော ကံတို့၌ ကံအား လျောက်ပတ်၏။

၃၈၉။ ရဟန်းတို့ လေးပါးအစုရှိသော သံဃာပြုသင့်သောကံကို ရဟန်းမိန်းမလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ ရဟန်းတို့ လေးပါးအစုရှိသော သံဃာပြုသင့်သော ကံကို သိက္ခမာန်လျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ပ။ သာမဏေလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ သာမဏေမလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ သိက္ခာကို စွန့်ပြီးသောသူလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ အဆုံးစွန်သော ပါရာဇိကအာပတ်သို့ ရောက်သောသူလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်းလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်းလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်းလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။

ပဏ္ဍုက်လျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ ပေါင်းသင်းမှုကို ခိုးသောသူလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ တိတ္ထိတို့ဘောင်သို့ ပြောင်းရွှေ့သွားသောသူလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ တိရစ္ဆာန်လျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။

အမိကို သတ်သောသူလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ အဖကိုသတ်သော သူလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ ရဟန္တာကို သတ်သောသူလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ ရဟန်းမိန်းမကို ဖျက်ဆီးသောသူလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ သံဃာကို သင်းခွဲသောသူလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ ဘုရားကို သွေးစိမ်းတည်အောင် ပြုသောသူလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။

http://www.dhammadownload.com



ဥဘတောဗျည်းလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ အထူးထူးသော ပေါင်းသင်းမှုရှိသောသူလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်၊ အသီးသီးသော သိမ်၌ တည်ရှိသောသူလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ တန်ခိုးဖြင့် အထက်ကောင်းကင်၌ တည်သောသူလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်၊ ကံပြုဆဲဖြစ်သော ပုဂ္ဂိုလ်လျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။

လေးပါးအစုရှိသောသံဃာတို့ ပြုအပ်သောကံများ ပြီး၏။

၃၉၀။ ရဟန်းတို့ ငါးပါးအစုရှိသော သံဃာသည် ပြုသင့်သောကံကို ရဟန်းမိန်းမလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ ရဟန်းတို့ ငါးပါးအစုရှိသော သံဃာသည် ပြုသင့်သောကံကို သိက္ခမာန်လျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ပ။

သာမဏေလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ သာမဏေမလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ သိက္ခာကို စွန့်သောသူလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ အဆုံးစွန်သော ပါရာဇိကအာပတ်သို့ ရောက်သောသူလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။

အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်းလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်းလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်းလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ပဏ္ဍုက်လျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ပေါင်းသင်းမှုကို ခိုးသောသူလျှင် ငါးယောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ တိတ္ထိဘိုဘောင်သို့ ပြောင်းရွှေ့သွားသောသူလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။

တိရစ္ဆာန်လျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ အမိကို သတ်သောသူလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ အဖကို သတ်သောသူလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ရဟန္တာကို သတ်သောသူလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ရဟန်းမိန်းမကို ဖျက်ဆီးသောသူလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ သံဃာကို သင်းခွဲသောသူလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ဘုရား

http://www.dhammadownload.com



ကို သွေးစိမ်းတည်အောင် ပြုသောသူလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြု ငြားအံ့။

ဥဘတောဗျည်းလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ အသူးထူးသော ပေါင်းသင်းမှုရှိသောသူလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ အသီးသီးသော သိမ်၌ တည်သောသူလျှင် ငါးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ တန်ခိုးဖြင့် အထက်ကောင်းကင်၌ တည်သောသူလျှင် ငါးယောက်မြောက် ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ကံပြုအပ်ဆဲသောသူလျှင် ငါးယောက်မြောက်ဖြစ် သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။

ငါးပါးအစုရှိသောသံဃာတို့ ပြုအပ်သောကံများ ပြီး၏။

၃၉၁။ ရဟန်းတို့ ဆယ်ပါးအစုရှိသော သံဃာသည် ပြုသင့်သောကံကို ရဟန်းမိန်းမလျှင် ဆယ်ယောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ ရဟန်းတို့ ဆယ်ပါးအစုရှိသော သံဃာသည် ပြုသင့်သော ကံကို သိက္ခမာန်လျှင် ဆယ်ယောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ကံမမည်၊ ပြုလည်း မပြုထိုက်။ပ။ ကံပြုအပ်ဆဲဖြစ်သော သူလျှင် ဆယ်ယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။

ဆယ်ပါးအစုရှိသောသံဃာတို့ ပြုအပ်သောကံများ ပြီး၏။

၃၉၂။ ရဟန်းတို့ နှစ်ဆယ်အစုရှိသော သံဃာသည် ပြုသင့်သောကံကို ရဟန်းမိန်းမလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။ ရဟန်းတို့ နှစ်ဆယ်အစုရှိသော သံဃာသည် ပြုသင့်သောကံကို သိက္ခမာန်လျှင် နှစ်ဆယ်မြောက် ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ပ။ သာမဏေလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ သာမဏေမလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ သိက္ခာကို စွန့်သောသူလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။

အဆုံးစွန်သော ပါရာဇိကအာပတ်သို့ ရောက်သောသူလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာ သည် အကယ်၍ ကံပြုငြားအံ့။ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထားသောရဟန်းလျှင် နှစ်ဆယ် မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ် ထားသော ရဟန်းလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ယုတ်မာ သော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်းလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ပဏ္ဍုက်လျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ပေါင်းသင်းမှုကို ခိုးသောသူလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။

http://www.dhammadownload.com



တိတ္ထိတို့ဘောင်သို့ ပြောင်းရွှေ့သွားသောသူလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ တိရစ္ဆာန်လျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ အမိကို သတ်သောသူလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ အဖကို သတ်သောသူလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ရဟန္တာကို သတ်သောသူလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ရဟန်းမိန်းမကို ဖျက်ဆီးသောသူလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။

သံဃာကို သင်းခွဲသောသူလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ဘုရားကို သွေးစိမ်းတည်အောင် ပြုသောသူလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ ဥဘတောဗျည်းလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ အထူးထူးသော ပေါင်းသင်းမှုရှိသောသူလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ အသီးသီးသောသိမ်၌ တည်သောသူလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့။ တန်ခိုးဖြင့် အထက်ကောင်းကင်၌ တည်သောသူလျှင် နှစ်ဆယ်မြောက်ဖြစ်သောသံဃာသည် အကယ်၍ ကံပြုငြားအံ့။ ကံပြုဆဲဖြစ်သောသူလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ကံပြုငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။

နှစ်ဆယ်အစုရှိသောသံဃာတို့ ပြုအပ်သောကံများ ပြီး၏။

---

## ၂၃၈-ကံမမြောက်သော ပရိဝါသ်ပေးခြင်းစသည်ကို ပြခြင်း

၃၉၃။ ရဟန်းတို့ ပရိဝါသ်နေသော ရဟန်းလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ပရိဝါသ်ပေးငြားအံ့၊ အရင်းသို့ ငင်ငြားအံ့၊ မာနတ်ပေးငြားအံ့၊ ထိုရဟန်းလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အဗ္ဘာန် သွင်းငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။

ရဟန်းတို့ အရင်းသို့ တဖန်ပြန်၍ ငင်ခြင်းငှါထိုက်သော ရဟန်းလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ပရိဝါသ် ပေးငြားအံ့၊ အရင်းသို့ ငင်ငြားအံ့၊ မာနတ်ပေးငြားအံ့၊ ထိုရဟန်းလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အဗ္ဘာန်သွင်းငြားအံ့၊ ကံမမည်၊ ပြုလည်းမပြုထိုက်။

ရဟန်းတို့ မာနတ်ကျင့်ခြင်းငှါထိုက်သော ရဟန်းလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ပရိဝါသ် ပေးငြားအံ့၊ အရင်းသို့ ငင်ငြားအံ့၊ မာနတ်ပေးငြားအံ့၊ ထိုရဟန်းလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အဗ္ဘာန်သွင်းငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။

ရဟန်းတို့ မာနတ်ကျင့်သော ရဟန်းလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ပရိဝါသ်ပေးငြားအံ့၊ အရင်းသို့ ငင်ငြားအံ့၊ မာနတ်ပေးငြားအံ့၊ ထိုရဟန်းလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အဗ္ဘာန်သွင်းငြားအံ့၊ ကံမမည်၊ ပြုလည်းမပြုထိုက်။

ရဟန်းတို့ အဗ္ဘာန်သွင်းခြင်းငှါ ထိုက်သော ရဟန်းလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် အကယ်၍ ပရိဝါသ်ပေးငြားအံ့၊ အရင်းသို့ ငင်ငြားအံ့၊ မာနတ် ပေးငြားအံ့၊ ထိုရဟန်းလျှင် နှစ်ဆယ်မြောက်ဖြစ်သော သံဃာသည် အဗ္ဘာန် သွင်းငြားအံ့၊ ကံမမည်၊ ပြုလည်း မပြုထိုက်။

http://www.dhammadownload.com



၃၉၄။ ရဟန်းတို့ သံဃာ့အလယ်၌ အချို့သောသူ၏ တားမြစ်ခြင်းသည် ရောက်၏၊ အချို့သောသူ၏ တားမြစ်ခြင်းသည် မရောက်။ ရဟန်းတို့ သံဃာ့အလယ်၌ အဘယ်ပုဂ္ဂိုလ်၏ တားမြစ်ခြင်းသည် မရောက်သနည်း။

ရဟန်းတို့ သံဃာ့အလယ်၌ ရဟန်းမိန်းမ၏ တားမြစ်ခြင်းသည် မရောက်။ ရဟန်းတို့ သိက္ခမာန်၏။ပ။ ရဟန်းတို့ သာမဏေ၏။ ရဟန်းတို့ သာမဏေမ၏။ ရဟန်းတို့ သိက္ခာကို စွန့်သောသူ၏။ ရဟန်းတို့ အဆုံးစွန်သော ပါရာဇိက အာပတ်သို့ ရောက်သောသူ၏။ ရဟန်းတို့ ရူးသောသူ၏။ ရဟန်းတို့ စိတ်ပျံ့လွင့်သောသူ၏။ ရဟန်းတို့ ဝေဒနာနှိပ်စက်သောသူ၏။ ရဟန်းတို့ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်း၏။ ရဟန်းတို့ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်း၏။ ရဟန်းတို့ ယုတ်မာသော (မိစ္ဆာ)အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်း၏။ ရဟန်းတို့ ပဏ္ဍုက်၏။ ရဟန်းတို့ ပေါင်းသင်းမှုကို ခိုးသောသူ၏။ ရဟန်းတို့ တိတ္ထိတို့ဘောင်သို့ ပြောင်းရွှေ့သွားသောသူ၏။ ရဟန်းတို့ တိရစ္ဆာန်ဇာတ်ရှိသော သူ၏။ ရဟန်းတို့ အမိကို သတ်သောသူ၏။ ရဟန်းတို့ အဖကို သတ်သောသူ၏။ ရဟန်းတို့ ရဟန္တာကို သတ်သော သူ၏။ ရဟန်းတို့ ရဟန်းမိန်းမကို ဖျက်ဆီးသောသူ၏။ ရဟန်းတို့ သံဃာကို သင်းခွဲသောသူ၏။ ရဟန်းတို့ ဘုရားကို သွေးစိမ်းတည်အောင် ပြုသောသူ၏။ ရဟန်းတို့ ဥဘတောဗျည်း၏။ ရဟန်းတို့ အထူးထူးသော ပေါင်းသင်းမှုရှိသောသူ၏။ ရဟန်းတို့ အသီးသီးသော သိမ်၌ တည်သောသူ၏။ ရဟန်းတို့ တန်ခိုးဖြင့် အာကာကောင်းကင်၌ တည်သောသူ၏။ ရဟန်းတို့ သံဃာ့အလယ်၌ ကံပြုဆဲဖြစ်သောသူ၏ တားမြစ်ခြင်းသည် မရောက်။ ရဟန်းတို့ သံဃာ့အလယ်၌ ဤပုဂ္ဂိုလ်တို့၏ တားမြစ်ခြင်းသည် မရောက်။

ရဟန်းတို့ သံဃာ့အလယ်၌ အဘယ်ပုဂ္ဂိုလ်၏ တားမြစ်ခြင်းသည် ရောက်သနည်း။

ရဟန်းတို့ သံဃာ့အလယ်၌ ပကတတ်ဖြစ်သော သီလမပျက်သော ကံကြီး ကံငယ်တူသော တသိမ်တည်း၌ တည်သော ရဟန်း၏ တားမြစ်ခြင်းသည် ရောက်၏။ အယုတ်အားဖြင့် မိမိ၏ အခြားမဲ့ဖြစ်သော ရဟန်းကို သိစေသော ရဟန်း၏သော်လည်း တားမြစ်ခြင်းသည် ရောက်၏။ ရဟန်းတို့ သံဃာ့အလယ်၌ ဤပုဂ္ဂိုလ်၏ တားမြစ်ခြင်းသည် ရောက်၏။

## ၂၃၉-နှင်ထုတ်ခြင်းနှစ်မျိုး စသည်ကို ပြခြင်း

၃၉၅။ ရဟန်းတို့ နှင်ထုတ်ခြင်းတို့သည် ဤနှစ်ပါးတို့တည်း၊ ရဟန်းတို့ နှင်ထုတ်ခြင်းသို့ မရောက်သော ပုဂ္ဂိုလ်သည် ရှိ၏၊ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက နှင်ထုတ်အံ့၊ အချို့သော နှင်ထုတ်ခြင်းသည် ကောင်းသော နှင်ထုတ်ခြင်းတည်း၊ အချို့သော နှင်ထုတ်ခြင်းသည် မကောင်းသော နှင်ထုတ်ခြင်းတည်း။

ရဟန်းတို့ အဘယ်ပုဂ္ဂိုလ်သည် နှင်ထုတ်ခြင်းသို့ မရောက်သနည်း၊ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက နှင်ထုတ်အံ့ မကောင်းသော နှင်ထုတ်ခြင်း ဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စင်ကြယ်၏ အာပတ်မရှိ၊ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက နှင်ထုတ်အံ့၊ မကောင်းသော နှင်ထုတ်ခြင်းတည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို နှင်ထုတ်ခြင်းသို့ မရောက်သော ပုဂ္ဂိုလ် ဟု ဆိုအပ်၏။ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက နှင်ထုတ်အံ့၊ မကောင်းသော နှင်ထုတ်ခြင်းတည်း။

ရဟန်းတို့ အဘယ်ပုဂ္ဂိုလ်သည် နှင်ထုတ်ခြင်းသို့ မရောက်သနည်း၊ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက နှင်ထုတ်အံ့၊ ကောင်းသော နှင်ထုတ်ခြင်းဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌

http://www.dhammadownload.com



ရဟန်းသည် (ဝိနည်းသိက္ခာပုဒ်ကို) မသိ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာ များသော အာပတ်ရှိ၏၊ အာပတ်၏ အပိုင်းအခြားမရှိ၊ (ရဟန်းတို့အား) မလျော်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်နှောင်ဖွဲ့ မနေ၏။ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက နှင်ထုတ်အံ့၊ ကောင်းသော နှင်ထုတ်ခြင်း တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို နှင်ထုတ်ခြင်းသို့ မရောက်သော ပုဂ္ဂိုလ် ဟု ဆိုအပ်၏။ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက နှင်ထုတ်အံ့၊ ကောင်းသော နှင်ထုတ်ခြင်းတည်း။

၃၉၆။ ရဟန်းတို့ သွင်းခြင်းတို့သည် ဤနှစ်ပါးတို့တည်း၊ ရဟန်းတို့ သွင်းခြင်းသို့ မရောက်သော ပုဂ္ဂိုလ်သည်ရှိ၏၊ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက သွင်းအံ့၊ အချို့သော သွင်းခြင်းသည် ကောင်းသော သွင်းခြင်းတည်း၊ အချို့သော သွင်းခြင်းသည် မကောင်းသော သွင်းခြင်းတည်း။

ရဟန်းတို့ အဘယ်ပုဂ္ဂိုလ်သည် သွင်းခြင်းသို့ မရောက်သနည်း၊ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက သွင်းအံ့၊ မကောင်းသော သွင်းခြင်း ဖြစ်သနည်း။ ရဟန်းတို့ ပဏ္ဍုက်သည် သွင်းခြင်းသို့မရောက်၊ ထို ပဏ္ဍုက်ကို အကယ်၍ သံဃာကသွင်းအံ့၊ မကောင်းသော သွင်းခြင်းတည်း။ ရဟန်းတို့ ပေါင်းသင်းမှုကို ခိုးသောသူသည် သွင်းခြင်းသို့ မရောက်၊ ထိုပေါင်းသင်းမှုကို ခိုးသောသူကို အကယ်၍ သံဃာက သွင်းအံ့၊ မကောင်းသော သွင်းခြင်းတည်း။

ရဟန်းတို့ တိတ္ထိဘိုဏ်သို့ ပြောင်းရွှေ့သွားသောသူသည်။ပ။ ရဟန်းတို့ တိရစ္ဆာန်ဇာတ် ရှိသောသူသည်။ ရဟန်းတို့ အမိကို သတ်သော သူသည်။ ရဟန်းတို့ အဖကို သတ်သော သူသည်။ ရဟန်းတို့ ရဟန္တာကို သတ်သောသူသည်။ ရဟန်းတို့ ရဟန်းမိန်းမကို ဖျက်ဆီးသောသူသည်။ ရဟန်း တို့ သံဃာကို သင်းခွဲသော သူသည်။ ရဟန်းတို့ ဘုရားကို သွေးစိမ်းတည်အောင် ပြုသောသူသည်။ ရဟန်းတို့ ဥဘတောဗျည်းသည် သွင်းခြင်းသို့မရောက်၊ ထိုဥဘတောဗျည်းကို အကယ်၍ သံဃာက သွင်းအံ့၊ မကောင်းသော သွင်းခြင်းတည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို သွင်းခြင်းသို့ မရောက်သော ပုဂ္ဂိုလ် ဟု ဆိုအပ်၏။ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက သွင်းအံ့၊ မကောင်းသော သွင်းခြင်းတည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်တို့ကို သွင်းခြင်းသို့ မရောက်သော ပုဂ္ဂိုလ်တို့ ဟု ဆိုအပ်ကုန်၏။ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက သွင်းအံ့၊ မကောင်းသော သွင်းခြင်းတည်း။

ရဟန်းတို့ အဘယ်ပုဂ္ဂိုလ်သည် သွင်းခြင်းသို့ မရောက်သနည်း၊ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက သွင်းအံ့၊ ကောင်းသော သွင်းခြင်း ဖြစ်သနည်း။ ရဟန်းတို့ လက်ပြတ်သောသူသည် သွင်းခြင်းသို့ မရောက်။ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက သွင်းအံ့၊ ကောင်းသော သွင်းခြင်းတည်း။

ရဟန်းတို့ ခြေပြတ်သော သူသည်။ပ။ ရဟန်းတို့ လက်ခြေပြတ်သော သူသည်။ ရဟန်းတို့ နားပြတ်သောသူသည်။ ရဟန်းတို့ နှာခေါင်းပြတ်သောသူသည်။ ရဟန်းတို့ နားနှာခေါင်းပြတ်သော သူသည်။ ရဟန်းတို့ လက်ချောင်းပြတ်သောသူသည်။ ရဟန်းတို့ လက်မ ခြေမ ပြတ်သောသူသည်။ ရဟန်းတို့ အကြောမ ပြတ်သောသူသည်။ ရဟန်းတို့ လက်ပူးသော သူသည်။ ရဟန်းတို့ ကုန်းသော သူသည်။ ရဟန်းတို့ ကွသော သူသည်။ ရဟန်းတို့ လည်ပင်းကြီးနာရှိသော သူသည်။ ရဟန်းတို့ သံပူကပ်၍ ဒဏ်ခတ်ခံရသောသူသည်။ ရဟန်းတို့ ကြိမ်လုံးဖြင့် ဒဏ်ခတ်ခံရသောသူသည်။ ရဟန်းတို့ (တွေ့ရာသင်းခါင်း ဓားမဆိုင်းရ ဟု မင်းအိမ်တွင်း၌) ကမ္ပည်းထိုးခံရသော သူသည်။ ရဟန်းတို့ ခြေဘဝါ့ကျိုက်သော သူသည်။ ရဟန်းတို့ အနာပင်းစွဲသော 'အနာဆိုးရှိသော' သူသည်။ ရဟန်းတို့ ပရိသတ်ကို ဖျက်ဆီးတတ်သော သူသည်။ ရဟန်းတို့ တဖက်ကန်းသော သူသည်။ ရဟန်းတို့

http://www.dhammadownload.com



ကောက်သော သူသည်။ ရဟန်းတို့ ရှင်သော သူသည်။ ရဟန်းတို့ ဖက်သကတ်နာစွဲသောသူသည်။ ရဟန်းတို့ ဆွံ့သောသူသည်။ ရဟန်းတို့ အိုရ၍ ခွန်အားနည်းသော သူသည်။ ရဟန်းတို့ နှစ်ဖက်ကန်းသော သူသည်။ ရဟန်းတို့ အသော သူသည်။ ရဟန်းတို့ နားပင်းသောသူသည်။ ရဟန်းတို့ ကန်းလည်းကန်း အလည်း အသော သူသည်။ ရဟန်းတို့ ကန်းလည်းကန်း နားလည်းပင်းသော သူသည်။ ရဟန်းတို့ အလည်းအ နားလည်းပင်းသောသူသည်။ ရဟန်းတို့ ကန်းလည်းကန်း အလည်း အ နားလည်းပင်းသော သူသည် သွင်းခြင်းသို့ မရောက်၊ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက သွင်းအံ့၊ ကောင်းသော သွင်းခြင်းတည်း။

ရဟန်းတို့ ဤပုဂ္ဂိုလ်ကို သွင်းခြင်းသို့ မရောက်သော ပုဂ္ဂိုလ် ဟု ဆိုအပ်၏၊ ထိုပုဂ္ဂိုလ်ကို အကယ်၍ သံဃာက သွင်းအံ့၊ ကောင်းသော သွင်းခြင်းတည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်တို့ကို သွင်းခြင်းသို့ မရောက်သော ပုဂ္ဂိုလ်တို့ ဟု ဆိုအပ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့ကို အကယ်၍ သံဃာက သွင်းအံ့၊ ကောင်းသော သွင်းခြင်းတည်း။

ပဉ္စမ ဝါသဘဂ္ဂာမအခန်း ပြီး၏။

## ၂၄၀-အဓမ္မကံစသည်ကို ပြခြင်း

၃၉၇။ ရဟန်းတို့ ဤသာသနာတော်၌ ရှုမြင်ထိုက်သည့် အာပတ်မရှိသော ရဟန်းကို သံဃာသည်သော်၎င်း များစွာသော ရဟန်းတို့သည်သော်၎င်း တယောက်သော ပုဂ္ဂိုလ်သည်သော်၎င်း "ငါ့ချင် သင်သည် အာပတ် သင့်၏၊ ထိုအာပတ်ကို ရှုမြင်လော့" ဟု စောဒနာ၏၊ ထိုရဟန်းက "ငါ့ချင်တို့ ငါ့အား ရှုမြင်ရန် အာပတ် မရှိပါ"ဟု ပြောဆို၏၊ သံဃာသည် အာပတ်ကို မရှုမြင်ခြင်းကြောင့် ထိုရဟန်းကို နှင်ထုတ်လျှင် မတရားသော ကံမည်၏။

ရဟန်းတို့ ဤသာသနာတော်၌ ကုစားထိုက်သည့် အာပတ် မရှိသော ရဟန်းကို သံဃာသည်သော်၎င်း များစွာသော ရဟန်းတို့သည်သော်၎င်း တယောက်သော ပုဂ္ဂိုလ်သည်သော်၎င်း "ငါ့ချင် သင်သည် အာပတ် သင့်၏၊ ထိုအာပတ်ကို ကုစားလော့" ဟု စောဒနာ၏၊ ထိုရဟန်းက "ငါ့ချင်တို့ ငါ့အား ကုစားရန် အာပတ်မရှိပါ" ဟု ပြောဆို၏၊ သံဃာသည် အာပတ်ကို မကုစားခြင်းကြောင့် ထိုရဟန်းကို နှင်ထုတ်လျှင် မတရားသော ကံမည်၏။

ရဟန်းတို့ ဤသာသနာတော်၌ စွန့်ထိုက်သော ယုတ်မာသော (မိစ္ဆာ) အယူမရှိသော ရဟန်းကို သံဃာသည်သော်၎င်း များစွာသော ရဟန်းတို့သည်သော်၎င်း တယောက်သော ပုဂ္ဂိုလ်သည်သော်၎င်း "ငါ့ချင် သင့်အား ယုတ်မာသော (မိစ္ဆာ) အယူသည် ရှိ၏၊ ထိုယုတ်မာသော (မိစ္ဆာ) အယူကို စွန့်လော့" ဟု စောဒနာ၏၊ ထိုရဟန်းက "ငါ့ချင်တို့ ငါ့အား စွန့်ရန် ယုတ်မာသော (မိစ္ဆာ) အယူ မရှိပါ" ဟု ပြောဆို၏၊ သံဃာသည် ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် ထိုရဟန်းကို နှင်ထုတ်လျှင် မတရားသော ကံမည်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရှုမြင်ထိုက်သည့် အာပတ်လည်း မရှိ ကုစားထိုက်သည့် အာပတ်လည်း မရှိသော ရဟန်းကို သံဃာသည် သော်၎င်း များစွာသော ရဟန်းတို့သည်သော်၎င်း တယောက်သော ပုဂ္ဂိုလ်သည်သော်၎င်း "ငါ့ချင် သင်သည် အာပတ် သင့်၏၊ ထိုအာပတ်ကို ရှုမြင်လော့ ထိုအာပတ်ကို ကုစားလော့" ဟု စောဒနာ၏၊ ထိုရဟန်းက "ငါ့ချင်တို့ ငါ့အား ရှုမြင်ရန်

http://www.dhammadownload.com



အာပတ်လည်း မရှိပါ၊ ငါ့သျှင်တို့ ငါ့အား ကုစားရန် အာပတ်လည်း မရှိပါ” ဟု ပြောဆို၏၊ သံဃာသည် အာပတ်ကို မရှုမြင်ခြင်းကြောင့်သော်၎င်း အာပတ်ကို မကုစားခြင်းကြောင့်သော်၎င်း ထိုရဟန်းကို နှင်ထုတ်လျှင် မတရားသော ကံမည်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရှုမြင်ထိုက်သည့် အာပတ်လည်း မရှိ စွန့်ထိုက်သော ယုတ်မာသော (မိစ္ဆာ) အယူလည်း မရှိသော ရဟန်းကို သံဃာသည်သော်၎င်း များစွာသော ရဟန်းတို့သည်သော်၎င်း တယောက်သော ပုဂ္ဂိုလ်သည်သော်၎င်း “ငါ့သျှင် သင်သည် အာပတ် သင့်၏၊ ထိုအာပတ်ကို ရှုမြင်လော့၊ သင့်အား ယုတ်မာသော (မိစ္ဆာ) အယူသည် ရှိ၏၊ ထိုယုတ်မာသော (မိစ္ဆာ) အယူကို စွန့်လော့” ဟု စောဒနာ၏၊ ထိုရဟန်းက “ငါ့သျှင်တို့ ငါ့အား ရှုမြင်ရန် အာပတ်လည်း မရှိပါ၊ ငါ့သျှင်တို့ ငါ့အား စွန့်ရန် ယုတ်မာသော (မိစ္ဆာ) အယူလည်း မရှိပါ” ဟု ပြောဆို၏၊ သံဃာသည် အာပတ်ကို မရှုမြင်ခြင်းကြောင့်သော်၎င်း ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့်သော်၎င်း ထိုရဟန်းကို နှင်ထုတ်လျှင် မတရားသော ကံမည်၏။

ရဟန်းတို့ ဤသာသနာတော်၌ ကုစားထိုက်သည့် အာပတ်လည်း မရှိ၊ စွန့်ထိုက်သည့် ယုတ်မာသော (မိစ္ဆာ) အယူလည်း မရှိသော ရဟန်းကို သံဃာသည်သော်၎င်း များစွာသော ရဟန်းတို့သည်သော်၎င်း တယောက်သော ပုဂ္ဂိုလ်သည်သော်၎င်း “ငါ့သျှင် သင်သည် အာပတ် သင့်၏၊ ထိုအာပတ်ကို ကုစားလော့၊ သင့်အား ယုတ်မာသော (မိစ္ဆာ) အယူသည် ရှိ၏၊ ထိုယုတ်မာသော (မိစ္ဆာ) အယူကိုစွန့်လော့” ဟု စောဒနာ၏၊ ထိုရဟန်းက “ငါ့သျှင်တို့ ငါ့အား ကုစားရန် အာပတ်လည်း မရှိပါ၊ ငါ့သျှင်တို့ ငါ့အား စွန့်ရန် ယုတ်မာသော (မိစ္ဆာ) အယူလည်း မရှိပါ” ဟု ပြောဆို၏၊ သံဃာသည် အာပတ်ကို မကုစားခြင်းကြောင့်သော်၎င်း ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့်သော်၎င်း ထိုရဟန်းကို နှင်ထုတ်လျှင် မတရားသော ကံမည်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရှုမြင်ထိုက်သည့် အာပတ်လည်း မရှိ၊ ကုစားထိုက်သည့် အာပတ်လည်း မရှိ၊ စွန့်ထိုက်သည့် ယုတ်မာသော (မိစ္ဆာ) အယူလည်း မရှိသော ရဟန်းကို သံဃာသည်သော်၎င်း များစွာသော ရဟန်းတို့သည်သော်၎င်း တယောက်သော ပုဂ္ဂိုလ်သည်သော်၎င်း “ငါ့သျှင် သင်သည် အာပတ် သင့်၏၊ ထိုအာပတ်ကို ရှုမြင်လော့၊ ထိုအာပတ်ကို ကုစားလော့၊ သင့်အား ယုတ်မာသော (မိစ္ဆာ)အယူသည် ရှိ၏၊ ထိုယုတ်မာသော (မိစ္ဆာ)အယူကို စွန့်လော့” ဟု စောဒနာ၏၊ ထိုရဟန်းက “ငါ့သျှင်တို့ ငါ့အား ရှုမြင်ရန် အာပတ်လည်း မရှိပါ၊ ငါ့သျှင်တို့ ငါ့အား ကုစားရန် အာပတ်လည်း မရှိပါ၊ ငါ့သျှင်တို့ ငါ့အား စွန့်ရန် ယုတ်မာသော (မိစ္ဆာ) အယူလည်း မရှိပါ” ဟု ပြောဆို၏၊ သံဃာသည် အာပတ်ကို မရှုမြင်ခြင်းကြောင့်သော်၎င်း အာပတ်ကို မကုစားခြင်းကြောင့်သော်၎င်း ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့်သော်၎င်း ထိုရဟန်းကို နှင်ထုတ်လျှင် မတရားသော ကံမည်၏။

၃၉၈။ ရဟန်းတို့ ဤသာသနာတော်၌ ရှုမြင်ထိုက်သည့် အာပတ်ရှိသော ရဟန်းကို သံဃာသည်သော်၎င်း များစွာသော ရဟန်းတို့သည်သော်၎င်း တယောက်သော ပုဂ္ဂိုလ်သည်သော်၎င်း “ငါ့သျှင် သင်သည် အာပတ် သင့်၏၊ ထိုအာပတ်ကို ရှုမြင်လော့” ဟု စောဒနာ၏၊ ထိုရဟန်းက “ငါ့သျှင်တို့ ကောင်း ရှုမြင်ပါအံ့” ဟု ပြောဆို၏၊ သံဃာသည် အာပတ်ကို မရှုမြင်ခြင်းကြောင့် ထိုရဟန်းကို နှင်ထုတ်လျှင် မတရားသော ကံမည်၏။

ရဟန်းတို့ ဤသာသနာတော်၌ ကုစားထိုက်သည့် အာပတ်ရှိသော ရဟန်းကို သံဃာသည်သော်၎င်း များစွာသော ရဟန်းတို့သည်သော်၎င်း တယောက်သော ပုဂ္ဂိုလ်သည်သော်၎င်း “ငါ့သျှင် သင်

http://www.dhammadownload.com



သည် အာပတ် သင့်၏၊ ထိုအာပတ်ကို ကုစားလော့" ဟု စောဒနာ၏၊ ထိုရဟန်းက "ငါ့သျှင်တို့ သြော် ကုစားပါအံ့" ဟု ပြောဆို၏၊ သံဃာသည် အာပတ်ကို မကုစားခြင်းကြောင့် ထိုရဟန်းကို နှင်ထုတ်လျှင် မတရားသော ကံမည်၏။

ရဟန်းတို့ ဤသာသနာတော်၌ စွန့်ထိုက်သည့် ယုတ်မာသော (မိစ္ဆာ) အယူရှိသော ရဟန်းကို သံဃာသည်သော်၎င်း များစွာသော ရဟန်းတို့သည်သော်၎င်း တယောက်သော ပုဂ္ဂိုလ်သည်သော်၎င်း "ငါ့သျှင် သင့်အား ယုတ်မာသော (မိစ္ဆာ) အယူသည် ရှိ၏၊ ထိုယုတ်မာသော (မိစ္ဆာ) အယူကို စွန့်လော့" ဟု စောဒနာ၏၊ ထိုရဟန်းက "ငါ့သျှင်တို့ သြော် စွန့်ပါအံ့" ဟု ပြောဆို၏၊ သံဃာသည် ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် ထိုရဟန်းကို နှင်ထုတ်လျှင် မတရားသော ကံမည်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရှုမြင်ထိုက်သည့် အာပတ်လည်းရှိ ကုစားထိုက်သည့် အာပတ်လည်းရှိသော။ပ။ ရှုမြင်ထိုက်သည့် အာပတ်လည်းရှိ စွန့်ထိုက်သည့် ယုတ်မာသော (မိစ္ဆာ) အယူလည်းရှိသော။ပ။ ကုစားထိုက်သည့် အာပတ်လည်းရှိ စွန့်ထိုက်သည့် ယုတ်မာသော (မိစ္ဆာ) အယူလည်းရှိသော။ပ။ ရှုမြင်ထိုက်သည့် အာပတ်လည်းရှိ ကုစားထိုက်သည့် အာပတ်လည်းရှိ စွန့်ထိုက်သည့် ယုတ်မာသော (မိစ္ဆာ) အယူလည်းရှိသော ရဟန်းကို သံဃာသည်သော်၎င်း များစွာသော ရဟန်းတို့သည်သော်၎င်း တယောက်သော ပုဂ္ဂိုလ်သည်သော်၎င်း "ငါ့သျှင် သင်သည် အာပတ် သင့်၏၊ ထိုအာပတ်ကို ရှုမြင်လော့၊ ထိုအာပတ်ကို ကုစားလော့၊ ယုတ်မာသော (မိစ္ဆာ) အယူသည် သင့်အား ရှိ၏၊ ထိုယုတ်မာသော (မိစ္ဆာ) အယူကို စွန့်လော့" ဟု စောဒနာ၏၊ ထိုရဟန်းက "ငါ့သျှင်တို့ သြော် ရှုပါ၏၊ သြော် ကုစားပါ၏၊ သြော် စွန့်ပါ၏" ဟု ပြောဆို၏၊ သံဃာသည် အာပတ်ကို မရှုခြင်းကြောင့်သော်၎င်း အာပတ်ကို မကုစားခြင်းကြောင့်သော်၎င်း ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့်သော်၎င်း ထိုရဟန်းကို နှင်ထုတ်လျှင် မတရားသော ကံမည်၏။

၃၉၉။ ရဟန်းတို့ ဤသာသနာတော်၌ ရှုမြင်ထိုက်သည့် အာပတ်ရှိသော ရဟန်းကို သံဃာသည်သော်၎င်း များစွာသော ရဟန်းတို့သည်သော်၎င်း တယောက်သော ပုဂ္ဂိုလ်သည်သော်၎င်း "ငါ့သျှင် သင်သည် အာပတ် သင့်၏၊ ထိုအာပတ်ကို ရှုမြင်လော့" ဟု စောဒနာ၏၊ ထိုရဟန်းက "ငါ့သျှင်တို့ ငါ့အား ရှုရန် အာပတ်မရှိပါ" ဟု ပြောဆို၏၊ သံဃာသည် အာပတ်ကို မရှုခြင်းကြောင့် ထိုရဟန်းကို နှင်ထုတ်လျှင် တရားသော ကံမည်၏။

ရဟန်းတို့ ဤသာသနာတော်၌ ကုစားထိုက်သည့် အာပတ်ရှိသော ရဟန်းကို သံဃာသည်သော်၎င်း များစွာသော ရဟန်းတို့သည် သော်၎င်း တယောက်သော ပုဂ္ဂိုလ်သည်သော်၎င်း "ငါ့သျှင် သင်သည် အာပတ်သင့်၏၊ ထိုအာပတ်ကို ကုစားလော့"ဟု စောဒနာ၏၊ ထိုရဟန်းက "ငါ့သျှင်တို့ ငါ့အား ကုစားရန် အာပတ် မရှိပါ"ဟု ပြောဆို၏၊ သံဃာသည် အာပတ်ကို မကုစားခြင်းကြောင့် ထိုရဟန်းကို နှင်ထုတ်လျှင် တရားသော ကံမည်၏။

ရဟန်းတို့ ဤသာသနာတော်၌ စွန့်ထိုက်သည့် ယုတ်မာသော (မိစ္ဆာ) အယူရှိသော ရဟန်းကို သံဃာသည်သော်၎င်း များစွာသော ရဟန်းတို့သည်သော်၎င်း တယောက်သော ပုဂ္ဂိုလ်သည်သော်၎င်း "ငါ့သျှင် သင့်အား ယုတ်မာသော (မိစ္ဆာ) အယူသည် ရှိ၏၊ ထိုယုတ်မာသော (မိစ္ဆာ) အယူကို စွန့်လော့" ဟု စောဒနာ၏၊ ထိုရဟန်းက "ငါ့သျှင်တို့ ငါ့အား စွန့်ရန်ယုတ်မာသော (မိစ္ဆာ) အယူ မရှိပါ" ဟု ပြောဆို၏၊ သံဃာသည် ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် ထိုရဟန်းကို နှင်ထုတ်လျှင် တရားသော ကံမည်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသာသနာတော်၌ ရှုမြင်ထိုက်သည့် အာပတ်လည်းရှိ ကုစားထိုက်သည့် အာပတ်လည်းရှိသော။ပ။ ရှုမြင်ထိုက်သည့် အာပတ်လည်းရှိ စွန့်ထိုက်သည့် ယုတ်မာသော (မိစ္ဆာ) အယူလည်း ရှိသော။ပ။ ကုစားထိုက်သည့် အာပတ်လည်းရှိ စွန့်ထိုက်သည့် ယုတ်မာသော (မိစ္ဆာ) အယူလည်း ရှိသော။ပ။ ရှုမြင်ထိုက်သည့် အာပတ်လည်းရှိ ကုစားထိုက်သည့် အာပတ်လည်းရှိ စွန့်ထိုက်သည့် ယုတ်မာသော (မိစ္ဆာ) အယူလည်းရှိသော ရဟန်းကို သံဃာသည်၎င်း များစွာသော ရဟန်းတို့သည်၎င်း တယောက်သော ပုဂ္ဂိုလ်သည်၎င်း "ငါ့သျှင် သင်သည် အာပတ် သင့်၏၊ ထိုအာပတ်ကို ရှုလော့၊ ထိုအာပတ်ကို ကုစားလော့၊ သင့်အား ယုတ်မာသော (မိစ္ဆာ) အယူသည် ရှိ၏၊ ထိုယုတ်မာသော (မိစ္ဆာ) အယူကို စွန့်လော့" ဟု စောဒနာ၏၊ ထိုရဟန်းက "ငါ့သျှင်တို့ ငါ့အား ရှုရန် အာပတ်လည်း မရှိပါ၊ ငါ့သျှင်တို့ ငါ့အား ကုစားရန် အာပတ်လည်း မရှိပါ၊ ငါ့သျှင်တို့ ငါ့အား စွန့်ရန် ယုတ်မာသော (မိစ္ဆာ) အယူလည်း မရှိပါ" ဟု ပြောဆို၏၊ သံဃာသည် အာပတ်ကို မရှုခြင်းကြောင့်သော်၎င်း အာပတ်ကို မကုစားခြင်းကြောင့်သော်၎င်း ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် သော်၎င်း ထိုရဟန်းကို နှင်ထုတ်လျှင် တရားသော ကံမည်၏ ဟု (မိန့်တော်မူ၏)။

## ၂၄၁-ဥပါလိ၏ အမေးပြဿနာကို ပြခြင်း

၄၀၀။ ထိုအခါ အသျှင် ဥပါလိသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်ပြီးလျှင် "အသျှင်ဘုရား ညီညွတ်သော သံဃာသည် မျက်မှောက်၌ ပြုသင့်သော ကံကို မျက်ကွယ်၌ ပြုငြားအံ့၊ ထိုကံသည် ဓမ္မကံ ဖြစ်ပါ၏လော ဝိနည်းကံ ဖြစ်ပါ၏လော"ဟု မြတ်စွာဘုရားကို လျှောက်၏။

ဥပါလိ ထိုကံသည် ဓမ္မကံ မဟုတ် ဝိနည်းကံ မဟုတ် ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ညီညွတ်သော သံဃာသည် မေး၍ ပြုသင့်သော ကံကို မမေးပဲပြုအံ့။ပ။ ဝန်ခံမှ ပြုသင့်သော ကံကို ဝန်မခံပဲပြုအံ့။ သတိဝိနည်း ထိုက်သော ရဟန်းအား အမူဠ္ဌဝိနည်းကို ပေးအံ့။ အမူဠ္ဌဝိနည်းထိုက်သော ရဟန်းအား တဿပါပိယသိကကံကို ပြုအံ့။ တဿပါပိယသိက ကံထိုက်သော ရဟန်းအား တဇ္ဇနီယကံကို ပြုအံ့။ တဇ္ဇနီယကံထိုက်သော ရဟန်းအား နိယဿကံကို ပြုအံ့။ နိယဿကံ ထိုက်သော ရဟန်းအား ပဗ္ဗာဇနီယကံကို ပြုအံ့။ ပဗ္ဗာဇနီယ ကံထိုက်သော ရဟန်းအား ပဋိသာရဏီယကံကို ပြုအံ့။ ပဋိသာရဏီယကံထိုက်သော ရဟန်းအား ဥက္ခေပနီယ ကံကို ပြုအံ့။ ဥက္ခေပနီယ ကံ ထိုက်သော ရဟန်းအား ပရိဝါသ်ကို ပေးအံ့။ ပရိဝါသ်ထိုက်သော ရဟန်းကို အရင်းသို့ငင်အံ့။ အရင်းသို့ ငင်ခြင်းငှါ ထိုက်သော ရဟန်းအား မာနတ်ကို ပေးအံ့။ မာနတ်ထိုက်သော ရဟန်းကို အဗ္ဘာန်သွင်းအံ့။ အဗ္ဘာန်ထိုက်သော ရဟန်းကို ပဉ္စင်းခံပေးအံ့။ ထိုကံသည် ဓမ္မကံ ဖြစ်ပါ၏လော ဝိနည်းကံ ဖြစ်ပါ၏လော"ဟု မြတ်စွာဘုရားကို (လျှောက်၏)။

ဥပါလိ ထိုကံသည် ဓမ္မကံ မဟုတ် ဝိနည်းကံ မဟုတ်။

ဥပါလိ ညီညွတ်သော သံဃာသည် မျက်မှောက်၌ ပြုသင့်သောကံကို မျက်ကွယ်၌ ပြုသည် ရှိသော် ဓမ္မကံ မဟုတ် ဝိနည်းကံ မဟုတ်၊ ဤသို့ ပြုလျှင် သံဃာမှာ အပြစ်ရှိ၏။

ဥပါလိ ညီညွတ်သော သံဃာသည် မေး၍ ပြုသင့်သော ကံကို မမေးပဲ ပြုအံ့။ပ။ ဝန်ခံမှ ပြုသင့်သော ကံကို ဝန်မခံပဲ ပြုအံ့။ သတိဝိနည်းထိုက်သော ရဟန်းအား အမူဠ္ဌဝိနည်းကို ပေးအံ့။ အမူဠ္ဌဝိနည်းထိုက်သော ရဟန်းအား တဿပါပိယသိကကံကို ပြုအံ့။ တဿပါပိယသိကကံထိုက်သော

http://www.dhammadownload.com



ရဟန်းအား တဇ္ဇနီယ ကံကို ပြုအံ့။ တဇ္ဇနီယကံ ထိုက်သော ရဟန်းအား နိယသ ကံကို ပြုအံ့။ နိယသ ကံထိုက်သော ရဟန်းအား ပဗ္ဗာဇနီယ ကံကို ပြုအံ့။ ပဗ္ဗာဇနီယ ကံထိုက်သော ရဟန်းအား ပဋိသာရဏီယကံကို ပြုအံ့။ ပဋိသာရဏီယကံ ထိုက်သော ရဟန်းအား ဥက္ခေပနီယကံကို ပြုအံ့၊ ဥက္ခေပနီယကံ ထိုက်သောရဟန်းအား ပရိဝါသ်ကို ပေးအံ့။ ပရိဝါသ်ထိုက်သော ရဟန်းကို အရင်းသို့ ငင်အံ့။ အရင်းသို့ ငင်ခြင်းငှါ ထိုက်သော ရဟန်းအား မာနတ်ကို ပေးအံ့။ မာနတ်ထိုက်သော ရဟန်းကို အဗ္ဘာန် သွင်းအံ့။ အဗ္ဘာန်ထိုက်သောရဟန်းကို ပဥ္စင်းခံပေးအံ့။ ဥပါလိ ဤသို့ ပြုသည်ရှိသော် ဓမ္မကံ မဟုတ် ဝိနည်းကံ မဟုတ်၊ ဤသို့ပြုလျှင် သံဃာမှာ အပြစ်ရှိ၏ ဟု (မိန့်တော်မူ၏)။

၄၀၁။ အသျှင်ဘုရား ညီညွတ်သော သံဃာသည် မျက်မှောက်၌ ပြုသင့်သော ကံကို မျက်မှောက်၌ ပြုအံ့၊ ထိုကံသည် ဓမ္မကံ ဖြစ်ပါ၏လော၊ ဝိနည်းကံ ဖြစ်ပါ၏လော ဟု (လျှောက်၏)။

ဥပါလိ ထိုကံသည် ဓမ္မကံ မည်၏ ဝိနည်းကံ မည်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ညီညွတ်သော သံဃာသည် မေး၍ ပြုသင့်သော ကံကို မေး၍ ပြုအံ့။ပ။ ဝန်ခံမှ ပြုသင့်သော ကံကို ဝန်ခံသဖြင့် ပြုအံ့။ သတိဝိနည်းထိုက်သော ရဟန်းအား သတိဝိနည်းကို ပေးအံ့။ အမူဠှဝိနည်း ထိုက်သော ရဟန်းအား အမူဠှဝိနည်းကို ပေးအံ့။ တဿပါပိယသိက ကံထိုက်သော ရဟန်းအား တဿပါပိယသိက ကံကို ပြုအံ့။ တဇ္ဇနီယ ကံထိုက်သော ရဟန်းအား တဇ္ဇနီယကံကို ပြုအံ့။ နိယသ ကံထိုက်သော ရဟန်းအား နိယသ ကံကို ပြုအံ့။ ပဗ္ဗာဇနီယ ကံထိုက်သော ရဟန်းအား ပဗ္ဗာဇနီယ ကံကို ပြုအံ့။ ပဋိသာရဏီယ ကံထိုက်သော ရဟန်းအား ပဋိသာရဏီယ ကံကို ပြုအံ့။ ဥက္ခေပနီယ ကံထိုက်သော ရဟန်းအား ဥက္ခေပနီယကံကို ပြုအံ့။ ပရိဝါသ်ထိုက်သော ရဟန်းအား ပရိဝါသ်ကို ပေးအံ့။ အရင်းသို့ ငင်ထိုက်သော ရဟန်းကို အရင်းသို့ ငင်အံ့။ မာနတ်ထိုက်သော ရဟန်းအား မာနတ်ကို ပေးအံ့။ အဗ္ဘာန်ထိုက်သော ရဟန်းကို အဗ္ဘာန်သွင်းအံ့။ (ဥပဇ္ဈာယ်ပြု၍) ပဥ္စင်းခံထိုက်သောသူကို (ဥပဇ္ဈာယ်ပြု၍) ပဥ္စင်းခံပေးအံ့၊ ထိုကံသည် ဓမ္မကံ ဖြစ်ပါ၏လော ဝိနည်းကံ ဖြစ်ပါ၏လော ဟု (လျှောက်၏)။

ဥပါလိ ထိုကံသည် ဓမ္မကံ မည်၏ ဝိနည်းကံ မည်၏။

ဥပါလိ ညီညွတ်သောသံဃာသည် မျက်မှောက် ပြုသင့်သောကံကို မျက်မှောက်၌ပင် ပြုသည်ရှိသော် ဓမ္မကံ မည်၏၊ ဝိနည်းကံ မည်၏၊ ဤသို့ ပြုလျှင် သံဃာမှာ အပြစ်မရှိ။

ဥပါလိ ညီညွတ်သော သံဃာသည် မေး၍ ပြုသင့်သော ကံကို မေး၍ ပြုအံ့။ ဝန်ခံမှ ပြုသင့်သောကံကို ဝန်ခံသဖြင့် ပြုအံ့။ သတိဝိနည်းထိုက်သော ရဟန်းအား သတိဝိနည်းကို ပေးအံ့။ အမူဠှဝိနည်းထိုက်သော ရဟန်းအား အမူဠှဝိနည်းကို ပေးအံ့။ တဿပါပိယသိက ကံထိုက်သော ရဟန်းအား တဿပါပိယသိကကံကို ပြုအံ့။ တဇ္ဇနီယ ကံထိုက်သော ရဟန်းအား တဇ္ဇနီယကံကို ပြုအံ့။ နိယသကံ ထိုက်သော ရဟန်းအား နိယသကံကို ပြုအံ့။ ပဗ္ဗာဇနီယ ကံထိုက်သော ရဟန်းအား ပဗ္ဗာဇနီယကံကို ပြုအံ့။ ပဋိသာရဏီယကံထိုက်သော ရဟန်းအား ပဋိသာရဏီယကံကို ပြုအံ့။ ဥက္ခေပနီယ ကံထိုက်သော ရဟန်းအား ဥက္ခေပနီယကံကို ပြုအံ့။ ပရိဝါသ်ထိုက်သော ရဟန်းအား ပရိဝါသ်ကို ပေးအံ့။ အရင်းသို့ ငင်ထိုက်သော ရဟန်းကို အရင်းသို့ငင်အံ့။ မာနတ်ထိုက်သော ရဟန်းအား မာနတ်ကို ပေးအံ့။ အဗ္ဘာန်ထိုက်သော ရဟန်းကို အဗ္ဘာန်သွင်းအံ့။ (ဥပဇ္ဈာယ်ပြု၍) ပဥ္စင်းခံပေးထိုက်သောသူကို (ဥပဇ္ဈာယ်ပြု၍) ပဥ္စင်းခံပေးအံ့။

http://www.dhammadownload.com



ဥပါလိ ဤသို့ပြုသည်ရှိသော် ဓမ္မကံ မည်၏ ဝိနည်းကံမည်၏၊ ဤသို့ပြုလျှင် သံဃာမှာ အပြစ်မရှိ ဟု (မိန့်တော်မူ၏)။

၄၀၂။ အသျှင်ဘုရား ညီညွတ်သော သံဃာသည် သတိဝိနည်းထိုက်သော ရဟန်းအား အမူဠ္ဍဝိနည်းကို ပေးအံ့၊ အမူဠ္ဍဝိနည်းထိုက်သော ရဟန်းအား သတိဝိနည်းကို ပေးအံ့၊ ထိုကံသည် ဓမ္မကံ ဖြစ်ပါ၏လော ဝိနည်းကံ ဖြစ်ပါ၏လော ဟု (လျှောက်၏)။

ဥပါလိ ထိုကံသည် ဓမ္မကံ မမည် ဝိနည်းကံ မမည် ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ညီညွတ်သော သံဃာသည် အမူဠ္ဍဝိနည်း ထိုက်သော ရဟန်းအား တဿပါပိယသိက ကံကို ပြုအံ့၊ တဿ ပါပိယသိက ကံထိုက်သော ရဟန်းအား အမူဠ္ဍဝိနည်းကို ပေးအံ့။ပ။ တဿပါပိယသိက ကံထိုက်သော ရဟန်းအား တဇ္ဇနီယကံကို ပြုအံ့၊ တဇ္ဇနီယ ကံထိုက်သော ရဟန်းအား တဿပါပိယသိက ကံကို ပြုအံ့။ တဇ္ဇနီယ ကံထိုက်သော ရဟန်းအား နိယဿ ကံကို ပြုအံ့၊ နိယဿ ကံထိုက်သော ရဟန်းအား တဇ္ဇနီယ ကံကို ပြုအံ့။ နိယဿကံထိုက်သော ရဟန်းအား ပဗ္ဗာဇနီယ ကံကို ပြုအံ့၊ ပဗ္ဗာဇနီယ ကံထိုက်သော ရဟန်းအား နိယဿကံကို ပြုအံ့။ ပဗ္ဗာဇနီယ ကံထိုက်သော ရဟန်းအား ပဋိသာရဏီယ ကံကို ပြုအံ့၊ ပဋိသာရဏီယ ကံထိုက်သော ရဟန်းအား ပဗ္ဗာဇနီယကံကို ပြုအံ့။ ပဋိသာရဏီယ ကံထိုက်သော ရဟန်းအား ဥက္ခေပနီယကံကို ပြုအံ့၊ ဥက္ခေပနီယ ကံထိုက်သော ရဟန်းအား ပဋိသာရဏီယကံကို ပြုအံ့။ ဥက္ခေပနီယ ကံထိုက်သော ရဟန်းအား ပရိဝါသ်ကို ပေးအံ့၊ ပရိဝါသ်ထိုက်သော ရဟန်းအား ဥက္ခေပနီယ ကံကို ပြုအံ့။ ပရိဝါသ် ထိုက်သော ရဟန်းကို အရင်းသို့ ငင်အံ့၊ အရင်းသို့ ငင်ထိုက်သော ရဟန်းအား ပရိဝါသ်ကို ပေးအံ့။ အရင်းသို့ ငင်ထိုက်သော ရဟန်းအား မာနတ်ကိုပေးအံ့၊ မာနတ်ထိုက်သော ရဟန်းကို အရင်းသို့ ငင်အံ့။ မာနတ် ထိုက်သော ရဟန်းကို အဗ္ဘာန်သွင်းအံ့၊ အဗ္ဘာန်ထိုက်သော ရဟန်းအား မာနတ်ကို ပေးအံ့။ အဗ္ဘာန်ထိုက်သော ရဟန်းကို (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးအံ့၊ (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးထိုက်သော ရဟန်းကို အဗ္ဘာန်သွင်းအံ့၊ ထိုကံသည် ဓမ္မကံ ဖြစ်ပါ၏လော ဝိနည်းကံ ဖြစ်ပါ၏လော ဟု (လျှောက်၏)။

ဥပါလိ ထိုကံသည် ဓမ္မကံ မဟုတ် ဝိနည်းကံ မဟုတ်။

ဥပါလိ ညီညွတ်သော သံဃာသည် သတိဝိနည်းထိုက်သော ရဟန်းအား အမူဠ္ဍဝိနည်းကို ပေးအံ့၊ အမူဠ္ဍ ဝိနည်း ထိုက်သော ရဟန်းအား သတိဝိနည်းကို ပေးအံ့၊ ဥပါလိ ဤသို့ ပြုသည်ရှိသော် ဓမ္မကံ မဟုတ် ဝိနည်းကံ မဟုတ်၊ ဤသို့ပြုလျှင် သံဃာမှာ အပြစ်ရှိ၏။

ဥပါလိ ညီညွတ်သော သံဃာသည် အမူဠ္ဍ ဝိနည်းထိုက်သော ရဟန်းအား တဿပါပိယသိက ကံကို ပြုအံ့၊ တဿပါပိယသိက ကံထိုက်သော ရဟန်းအား အမူဠ္ဍဝိနည်းကို ပေးအံ့။ပ။ တဿပါပိယသိက ကံထိုက်သော ရဟန်းအား တဇ္ဇနီယ ကံကို ပြုအံ့၊ တဇ္ဇနီယ ကံထိုက်သော ရဟန်းအား တဿပါပိယသိက ကံကို ပြုအံ့။ တဇ္ဇနီယ ကံထိုက်သော ရဟန်းအား နိယဿ ကံကို ပြုအံ့၊ နိယဿ ကံထိုက်သော ရဟန်းအား တဇ္ဇနီယကံကို ပြုအံ့။ နိယဿ ကံထိုက်သော ရဟန်းအား ပဗ္ဗာဇနီယကံကို ပြုအံ့၊ ပဗ္ဗာဇနီယ ကံထိုက်သော ရဟန်းအား နိယဿကံကို ပြုအံ့။ ပဗ္ဗာဇနီယကံထိုက်သော ရဟန်းအား ပဋိသာရဏီယ ကံကို ပြုအံ့၊ ပဋိသာရဏီယ ကံထိုက်သော ရဟန်းအား ပဗ္ဗာဇနီယ ကံကို ပြုအံ့။ ပဋိသာရဏီယ ကံထိုက်သော ရဟန်းအား ဥက္ခေပနီယကံကို ပြုအံ့၊ ဥက္ခေပနီယကံထိုက်သော ရဟန်းအား ပဋိသာရဏီယကံကို ပြုအံ့။ ဥက္ခေပနီယကံထိုက်သော ရဟန်းအား ပရိဝါသ်ကို ပေးအံ့၊ ပရိဝါသ် ထိုက်သော ရဟန်းအား ဥက္ခေပနီယကံကို ပြုအံ့။ ပရိဝါသ်ထိုက်သော ရဟန်းကို အရင်းသို့ ငင်အံ့၊

http://www.dhammadownload.com



အရင်းသို့ ငင်ခြင်းငှါ ထိုက်သော ရဟန်းအား ပရိဝါသ်ကို ပေးအံ့။ အရင်းသို့ ငင်ခြင်းငှါ ထိုက်သော ရဟန်းအား မာနတ်ကို ပေးအံ့၊ မာနတ်ထိုက်သော ရဟန်းကို အရင်းသို့ ငင်အံ့။ မာနတ်ထိုက်သော ရဟန်းကို အဗ္ဘာန်သွင်းအံ့၊ အဗ္ဘာန်ထိုက်သော ရဟန်းအား မာနတ်ကို ပေးအံ့။ အဗ္ဘာန်ထိုက်သော ရဟန်းကို (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးအံ့၊ (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးထိုက်သော ရဟန်းကို အဗ္ဘာန်သွင်းအံ့၊ ဥပါလိ ဤသို့ ပြုသည်ရှိသော် ဓမ္မကံ မဟုတ်၊ ဝိနည်းကံ မဟုတ်၊ ဤသို့ပြုလျှင် သံဃာမှာ အပြစ်ရှိ၏ ဟု (မိန့်တော်မူ၏)။

၄၀၃။ အသျှင်ဘုရား ညီညွတ်သော သံဃာသည် သတိဝိနည်းထိုက်သော ရဟန်းအား သတိဝိနည်းကို ပေးအံ့၊ အမူဠှဝိနည်းထိုက်သော ရဟန်းအား အမူဠှဝိနည်းကို ပေးအံ့၊ ထိုကံသည် ဓမ္မကံ ဟုတ်ပါ၏လော ဝိနည်းကံ ဟုတ်ပါ၏လော ဟု (လျှောက်၏)။

ဥပါလိ ထိုကံသည် ဓမ္မကံ ဟုတ်၏ ဝိနည်းကံ ဟုတ်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ညီညွတ်သော သံဃာသည် အမူဠှဝိနည်းထိုက်သော ရဟန်းအား အမူဠှဝိနည်းကို ပေးအံ့။ပ။ တဿပါပိယသိကကံ ထိုက်သော ရဟန်းအား တဿပါပိယသိက ကံကို ပြုအံ့။ပ။ တဇ္ဇနီယ ကံထိုက်သော ရဟန်းအား တဇ္ဇနီယ ကံကို ပြုအံ့။ပ။ နိယဿကံထိုက်သော ရဟန်းအား နိယဿကံကို ပြုအံ့။ပ။ ပဗ္ဗာဇနီယကံထိုက်သော ရဟန်းအား ပဗ္ဗာဇနီယကံကိုပြုအံ့။ပ။ ပဋိသာရဏီယ ကံထိုက်သော ရဟန်းအား ပဋိသာရဏီယကံကို ပြုအံ့။ပ။ ဥက္ခေပနီယ ကံထိုက်သော ရဟန်းအား ဥက္ခေပနီယ ကံကို ပြုအံ့။ပ။ ပရိဝါသ်ထိုက်သော ရဟန်းအား ပရိဝါသ်ကို ပေးအံ့။ပ။ အရင်းသို့ ငင်ထိုက်သော ရဟန်းကို အရင်းသို့ ငင်အံ့။ပ။ မာနတ်ထိုက်သော ရဟန်းအား မာနတ်ကို ပေးအံ့။ပ။ အဗ္ဘာန်ထိုက်သော ရဟန်းကို အဗ္ဘာန်သွင်းအံ့၊ (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးထိုက်သော ရဟန်းကို (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးအံ့၊ ထိုကံသည် ဓမ္မကံဟုတ်ပါ၏လော ဝိနည်းကံ ဟုတ်ပါ၏လော ဟု (လျှောက်၏)။

ဥပါလိ ထိုကံသည် ဓမ္မကံ ဟုတ်၏ ဝိနည်းကံ ဟုတ်၏။

ဥပါလိ ညီညွတ်သော သံဃာသည် သတိဝိနည်းထိုက်သော ရဟန်းအား သတိဝိနည်းကို ပေးအံ့၊ အမူဠှဝိနည်းထိုက်သော ရဟန်းအား အမူဠှဝိနည်းကို ပေးအံ့၊ ဥပါလိ ဤသို့ ပြုသည်ရှိသော် ဓမ္မကံ ဟုတ်၏ ဝိနည်းကံ ဟုတ်၏၊ ဤသို့ ပြုလျှင် သံဃာမှာ အပြစ်မရှိ။

ဥပါလိ ညီညွတ်သော သံဃာသည် အမူဠှဝိနည်းထိုက်သော ရဟန်းအား အမူဠှဝိနည်းကို ပေးအံ့၊ တဿပါပိယသိကကံထိုက်သော ရဟန်းအား တဿပါပိယသိကကံကို ပြုအံ့။ပ။ တဇ္ဇနီယကံထိုက်သော ရဟန်းအား တဇ္ဇနီယကံကို ပြုအံ့။ပ။ နိယဿကံထိုက်သော ရဟန်းအား နိယဿကံကို ပြုအံ့။ပ။ ပဗ္ဗာဇနီယကံထိုက်သော ရဟန်းအား ပဗ္ဗာဇနီယကံကို ပြုအံ့။ပ။ ပဋိသာရဏီယ ကံထိုက်သော ရဟန်းအား ပဋိသာရဏီယကံကို ပြုအံ့။ပ။ ဥက္ခေပနီယကံထိုက်သော ရဟန်းအား ဥက္ခေပနီယကံကို ပြုအံ့။ပ။ ပရိဝါသ်ထိုက်သော ရဟန်းအား ပရိဝါသ်ကို ပေးအံ့။ပ။ အရင်းသို့ ငင်ထိုက်သော ရဟန်းကို အရင်းသို့ ငင်အံ့။ပ။ မာနတ်ထိုက်သော ရဟန်းအား မာနတ်ကိုပေးအံ့။ပ။ အဗ္ဘာန်ထိုက်သော ရဟန်းကို အဗ္ဘာန်သွင်းအံ့၊ (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးထိုက်သော ရဟန်းကို (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးအံ့၊ ဥပါလိ ဤသို့ ပြုသည်ရှိသော် ဓမ္မကံ ဟုတ်၏ ဝိနည်းကံ ဟုတ်၏၊ ဤသို့ ပြုလျှင် သံဃာမှာ အပြစ်မရှိ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၄၀၄။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို—

"ရဟန်းတို့ ညီညွတ်သော သံဃာသည် သတိဝိနည်းထိုက်သော ရဟန်းအား အမူဠှ ဝိနည်းကို ပေးသည်ရှိသော် ဓမ္မကံ မဟုတ် ဝိနည်းကံ မဟုတ်၊ ဤသို့ ပြုလျှင် သံဃာမှာ အပြစ်ရှိ၏။

ရဟန်းတို့ ညီညွတ်သော သံဃာသည် သတိဝိနည်းထိုက်သော ရဟန်းအား တဿပါပိယသိက ကံကို ပြုအံ့။ပ။ သတိဝိနည်းထိုက်သော ရဟန်းအား တဇ္ဇနီယကံကို ပြုအံ့။ သတိဝိနည်းထိုက်သော ရဟန်းအား နိယဿ ကံကို ပြုအံ့။ သတိဝိနည်း ထိုက်သော ရဟန်းအား ပဗ္ဗာဇနီယကံကို ပြုအံ့။ သတိဝိနည်းထိုက်သော ရဟန်းအား ပဋိသာရဏီယ ကံကို ပြုအံ့။ သတိဝိနည်း ထိုက်သော ရဟန်းအား ဥက္ခေပနီယကံကို ပြုအံ့။ သတိဝိနည်းထိုက်သော ရဟန်းအား ပရိဝါသ်ကို ပေးအံ့။ သတိဝိနည်းထိုက်သော ရဟန်းကို အရင်းသို့ ငင်အံ့။ သတိဝိနည်းထိုက်သော ရဟန်းအား မာနတ်ကို ပေးအံ့။ သတိဝိနည်းထိုက်သော ရဟန်းကို အဗ္ဘာန်သွင်းအံ့။ သတိဝိနည်းထိုက်သော ရဟန်းကို (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးအံ့။ ရဟန်းတို့ ဤသို့ပြုသည်ရှိသော် ဓမ္မကံ မဟုတ် ဝိနည်းကံ မဟုတ်၊ ဤသို့ပြုလျှင် သံဃာမှာ အပြစ်ရှိ၏။

၄၀၅။ ရဟန်းတို့ ညီညွတ်သော သံဃာသည် အမူဠှဝိနည်းထိုက်သော ရဟန်းအား တဿပါပိယသိက ကံကို ပြုသည်ရှိသော် ဓမ္မကံ မဟုတ် ဝိနည်းကံ မဟုတ်၊ ရဟန်းတို့ ဤသို့ ပြုလျှင် သံဃာမှာ အပြစ်ရှိ၏။

ရဟန်းတို့ ညီညွတ်သော သံဃာသည် အမူဠှ ဝိနည်းထိုက်သော ရဟန်းအား တဇ္ဇနီယ ကံကို ပြုအံ့။ပ။ အမူဠှ ဝိနည်းထိုက်သော ရဟန်းအား နိယဿကံကို ပြုအံ့။ အမူဠှ ဝိနည်းထိုက်သော ရဟန်းအား ပဗ္ဗာဇနီယ ကံကို ပြုအံ့။ အမူဠှ ဝိနည်းထိုက်သော ရဟန်းအား ပဋိသာရဏီယ ကံကို ပြုအံ့။ အမူဠှ ဝိနည်းထိုက်သော ရဟန်းအား ဥက္ခေပနီယကံကို ပြုအံ့။ အမူဠှဝိနည်းထိုက်သော ရဟန်းအား ပရိဝါသ်ကို ပေးအံ့။ အမူဠှဝိနည်းထိုက်သော ရဟန်းအား အရင်းသို့ ငင်အံ့။ အမူဠှ ဝိနည်းထိုက်သော ရဟန်းအား မာနတ်ကို ပေးအံ့။ အမူဠှ ဝိနည်းထိုက်သော ရဟန်းကို အဗ္ဘာန်သွင်းအံ့။ အမူဠှဝိနည်းထိုက်သော ရဟန်းကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးအံ့။ အမူဠှဝိနည်းထိုက်သော ရဟန်းအား သတိဝိနည်းကို ပေးအံ့။ ရဟန်းတို့ ဤသို့ ပြုသည် ရှိသော် ဓမ္မကံ မဟုတ် ဝိနည်းကံ မဟုတ်၊ ဤသို့ ပြုလျှင် သံဃာမှာ အပြစ်ရှိ၏။

၄၀၆။ ရဟန်းတို့ ညီညွတ်သော သံဃာသည် တဿပါပိယသိက ကံထိုက်သော ရဟန်းအား တဇ္ဇနီယ ကံကို ပြုအံ့။ပ။ တဇ္ဇနီယ ကံထိုက်သော ရဟန်းအား။ နိယဿ ကံထိုက်သော ရဟန်းအား။ ပဗ္ဗာဇနီယ ကံထိုက်သော ရဟန်းအား။ ပဋိသာရဏီယ ကံထိုက်သော ရဟန်းအား။ ဥက္ခေပနီယကံ ထိုက်သော ရဟန်းအား။ ပရိဝါသ် ထိုက်သော ရဟန်းအား။ အရင်းသို့ ငင်ထိုက်သော ရဟန်းအား။ မာနတ် ထိုက်သော ရဟန်းအား။ အဗ္ဘာန် ထိုက်သော ရဟန်းအား။ (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေး ထိုက်သော ရဟန်းအား။ သတိ ဝိနည်းကို ပေးအံ့၊ ရဟန်းတို့ ဤသို့ပြုသည်ရှိသော် ဓမ္မကံ မဟုတ် ဝိနည်းကံ မဟုတ်၊ ဤသို့ ပြုလျှင် သံဃာမှာ အပြစ်ရှိ၏။

ရဟန်းတို့ ညီညွတ်သော သံဃာသည် (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးထိုက်သော ရဟန်းအား အမူဠှဝိနည်းကို ပေးအံ့။ပ။ (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံ ပေးထိုက်သော ရဟန်းအား တဿပါပိယ သိကကံကို ပြုအံ့။ (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးထိုက်သော ရဟန်းအား တဇ္ဇနီယ ကံကို ပြုအံ့။

http://www.dhammadownload.com



(ဥပဇ္ဈာယ်ပြု၍) ပဋိစ္ဆာယ်သော ရဟန်းအား နိယသ ကံကို ပြုအံ့။ (ဥပဇ္ဈာယ်ပြု၍) ပဋ္ဌင်းခံ ပေးထိုက်သော ရဟန်းအား ပဗ္ဗာဇနီယ ကံကို ပြုအံ့။ (ဥပဇ္ဈာယ်ပြု၍) ပဋ္ဌင်းခံ ပေးထိုက်သော ရဟန်းအား ပဋိသာရဏီယ ကံကို ပြုအံ့။ (ဥပဇ္ဈာယ်ပြု၍) ပဋ္ဌင်းခံ ပေးထိုက်သော ရဟန်းအား ဥက္ခေပနီယ ကံကို ပြုအံ့။ (ဥပဇ္ဈာယ်ပြု၍) ပဋ္ဌင်းခံ ပေးထိုက်သော ရဟန်းအား ပရိဝါသ်ကို ပေးအံ့။ (ဥပဇ္ဈာယ်ပြု၍) ပဋ္ဌင်းခံ ပေးထိုက်သော ရဟန်းကို အရင်းသို့ ငင်အံ့။ (ဥပဇ္ဈာယ်ပြု၍) ပဋ္ဌင်းခံ ပေးထိုက်သော ရဟန်းအား မာနတ်ကိုပေးအံ့၊ (ဥပဇ္ဈာယ်ပြု၍) ပဋ္ဌင်းခံ ပေးထိုက်သော ရဟန်းကို အဗ္ဘာန်သွင်းအံ့၊ ရဟန်းတို့ ဤသို့ ပြုသည်ရှိသော် ဓမ္မကံ မဟုတ် ဝိနည်းကံ မဟုတ်၊ ဤသို့ ပြုလျှင် သံဃာမှာ အပြစ်ရှိ၏" ဟု မိန့်တော်မူ၏။

ဒုတိယ ဥပါလိပုစ္ဆာအခန်း ပြီး၏။

---

## ၂၄၂-တဇ္ဇနီယကံကို ပြုခြင်း

၄၀၇။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများတတ်သည့်အပြင် သံဃာ၌ အဓိကရုဏ်း 'မငြိမ်သက်မှု'ကိုလည်း ပြုတတ်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများတတ်သည့်အပြင် သံဃာ၌ အဓိကရုဏ်း 'မငြိမ်သက်မှု' ကိုလည်း ပြုတတ်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထို့နောက် ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသောကျောင်းသို့ သွား၏။ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက မတရားသဖြင့် အစုကွဲလျက် တဇ္ဇနီယကံပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုပြုကုန်အံ့" ဟု အကြံဖြစ်၏။ ထိုရဟန်းတို့သည် မတရားသဖြင့် ညီညွတ်ကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက မတရားသဖြင့် အညီအညွတ် တဇ္ဇနီယကံပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယ ကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားနှင့် အညီ အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယ ကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤ ရဟန်းသည် သံဃာက တရားနှင့် အညီ အစုကွဲလျက် တဇ္ဇနီယ ကံပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံဖြစ်၏။

ထိုရဟန်းတို့သည် တရားတုဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယ ကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသော ကျောင်း သို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤ ရဟန်းသည် သံဃာက တရားတုဖြင့် အစုကွဲလျက် တဇ္ဇနီယ ကံပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုပြုကုန်အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယ ကံကို ပြုကုန်၏။

http://www.dhammadownload.com



၄၀၈။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်ကွယ် မျက်မှောက်ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများတတ်သည့်အပြင် သံဃာ၌ အဓိကရုဏ်းကိုလည်း ပြုတတ်၏။ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤ ရဟန်းသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများတတ်သည့်အပြင် သံဃာ၌ အဓိကရုဏ်းကိုလည်း ပြုတတ်၏၊ ထိုရဟန်းအား တဇ္ဇနီယ ကံကို ငါတို့ ယခုပြုကုန်အံ့" ဟု အကြံဖြစ်၏၊ (ထို့နောက်) ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယ ကံကို ပြုကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက မတရားသဖြင့် အညီအညွတ်တဇ္ဇနီယကံ ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည်တရားနှင့်အညီ အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တရားနှင့်အညီ အစုကွဲလျက် တဇ္ဇနီယကံပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုပြုကုန်အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤ ရဟန်းသည် သံဃာက တရားတုဖြင့် အစုကွဲလျက် တဇ္ဇနီယကံ ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယ ကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယ ကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ထိုရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တရားတုဖြင့် အညီအညွတ် တဇ္ဇနီယကံ ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုပြုကုန်အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယ ကံကို ပြုကုန်၏။

၄၀၉။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများတတ်သည့်အပြင် သံဃာ၌ အဓိကရုဏ်းကို ပြုတတ်၏။ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤ ရဟန်းသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများတတ်သည့်အပြင် သံဃာ၌ အဓိကရုဏ်းကို ပြုတတ်၏၊ ထိုရဟန်းအား တဇ္ဇနီယ ကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံဖြစ်၏။ (ထို့နောက်) ထိုရဟန်းတို့သည် တရားနှင့်အညီ အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤ ရဟန်းသည် သံဃာက တရားနှင့်အညီ အစုကွဲလျက် တဇ္ဇနီယကံပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယ ကံကို ငါတို့ ယခုပြုကုန်အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယ ကံကို ပြုကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤ ရဟန်းသည် သံဃာက တရားတုဖြင့် အစုကွဲလျက် တဇ္ဇနီယကံပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်း

http://www.dhammadownload.com



တိသည် တရားတုဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တရားတုဖြင့် အညီအညွတ် တဇ္ဇနီယကံပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက မတရားသဖြင့် အစုကွဲလျက် တဇ္ဇနီယကံ ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့" ဟု အကြံ ဖြစ်၏။ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။

၄၁၁။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများတတ်သည့်အပြင် သံဃာ၌အဓိကရုဏ်းကို ပြုတတ်၏။ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများတတ်သည့်ပြင် သံဃာ၌ အဓိကရုဏ်းကို ပြုတတ်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တရားတုဖြင့် အစုကွဲလျက် တဇ္ဇနီယကံကို ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤ ရဟန်းသည် သံဃာက တရားတုဖြင့် အညီအညွတ် တဇ္ဇနီယကံ ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက မတရားသဖြင့် အစုကွဲလျက် တဇ္ဇနီယကံ ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ်ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက မတရားသဖြင့် အညီအညွတ် တဇ္ဇနီယကံ ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားနှင့်အညီ အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။

၄၁၁။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများတတ်သည့်အပြင် သံဃာ၌ အဓိကရုဏ်းကို ပြုတတ်၏။ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများတတ်သည့်အပြင် သံဃာ၌ အဓိကရုဏ်းကို ပြုတတ်၏။ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယ ကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသော

http://www.dhammadownload.com



ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တရားတုဖြင့် အညီအညွတ် တဇ္ဇနီယကံ ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကိုပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက မတရားသဖြင့် အစုကွဲကုန်လျက် တဇ္ဇနီယကံ ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက မတရားသဖြင့် အညီအညွတ် တဇ္ဇနီယကံ ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားနှင့်အညီ အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တရားနှင့်အညီ အစုကွဲလျက် တဇ္ဇနီယကံ ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။

## ၂၄၃-နိယသကံကို ပြုခြင်း

၄၁၂။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (ဝိနည်းသိက္ခာပုဒ်ကို) မသိ၊ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာ၊ များသော အာပတ် ရှိ၏၊ အာပတ် အပိုင်းအခြား မရှိ၊ ရဟန်းတို့အား မလျောက်ပတ်သော လူ့သူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောနှောလျက် နေ၏။ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤ ရဟန်းသည် (ဝိနည်းသိက္ခာပုဒ်ကို) မသိ၊ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာ၊ များသော အာပတ် ရှိ၏၊ အာပတ် အပိုင်းအခြား မရှိ၊ ရဟန်းတို့အား မလျောက်ပတ်သော လူ့သူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောနှောလျက် နေ၏၊ ထိုရဟန်းအား နိယသကံကို ငါတို့ ယခုပြုကုန်အံ့"ဟု အကြံဖြစ်၏၊ (ထို့နောက်) ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား နိယသကံကို ပြုကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤ ရဟန်းသည် သံဃာက မတရားသဖြင့် အစုကွဲလျက် နိယသကံပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား နိယသကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား နိယသကံကို ပြုကုန်၏။ပ။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ်။ပ။

[အောက်၌ စက်လှည့်မှုကို ပြုသကဲ့သို့ ထို့အတူ စက်လှည့်မှုကို ပြုရမည်]။

## ၂၄၄-ပဗ္ဗာဇနီယကံကို ပြုခြင်း

၄၁၃။ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် လူဒါယကာတို့ကို ဖျက်ဆီးတတ်၏၊ မကောင်းသောအကျင့်ရှိ၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် လူဒါယကာ

http://www.dhammadownload.com



တို့ကို ဖျက်ဆီးတတ်၏၊ မကောင်းသော အကျင့်ရှိ၏၊ ထိုရဟန်းအား ပဗ္ဗာဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့" ဟု အကြံဖြစ်၏၊ (ထို့နောက်) ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား ပဗ္ဗာဇနီယကံကို ပြုကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤ ရဟန်းသည် သံဃာက မတရားသဖြင့် အစုကွဲလျက် ပဗ္ဗာဇနီယကံ ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား ပဗ္ဗာဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့" ဟု အကြံဖြစ်၏။ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား ပဗ္ဗာဇနီယကံကို ပြုကုန်၏။ပ။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ်။ပ။

[စက်လှည့်မှုကို ပြုအပ်၏]။

## ၂၄၅-ပဋိသာရဏီယကံကို ပြုခြင်း

၄၁၄။ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် လူဒါယကာကို ဆဲရေးရေရွတ်၏။ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤ ရဟန်းသည် လူဒါယကာကို ဆဲရေးရေရွတ်၏၊ ထိုရဟန်းအား ပဋိသာရဏီယကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား ပဋိသာရဏီယကံကို ပြုကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက မတရားသဖြင့် အစုကွဲလျက် ပဋိသာရဏီယကံ ပြုထားသော ရဟန်းတည်း၊ထိုရဟန်းအား ပဋိသာရဏီယကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံ ဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား ပဋိသာရဏီယကံကို ပြုကုန်၏။ပ။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ်။ပ။

[စက်လှည့်မှုကို ပြုအပ်၏]။

## ၂၄၆-အဒဿနဥက္ခေပနီယကံကို ပြုခြင်း

၄၁၅။ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် အာပတ်သင့်လျက် အာပတ်ကို မရှုလို။ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် အာပတ်သင့်လျက် အာပတ်ကို မရှုလို၊ အာပတ်ကို မရှုခြင်းကြောင့် ထိုရဟန်းအား ဥက္ခေပနီယကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံ ဖြစ်၏၊ ထိုရဟန်းတို့သည် အာပတ်ကို မရှုခြင်းကြောင့် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား ဥက္ခေပနီယကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက အာပတ်ကို မရှုခြင်းကြောင့် မတရားသဖြင့် အစုကွဲလျက် ဥက္ခေပနီယကံ ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် အာပတ်ကို မရှုခြင်းကြောင့် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား ဥက္ခေပနီယကံကို ပြုကုန်၏။ပ။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ်။ပ။

[စက်လှည့်မှုကို ပြုအပ်၏]။

http://www.dhammadownload.com



## ၂၄၇-အပ္ပဋိကမ္မဥက္ခေပနီယကံကို ပြခြင်း

၄၁၆။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာပတ်သို့ ရောက်လျက် အာပတ်ကို မကုစားလို၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် အာပတ်သို့ ရောက်လျက် အာပတ်ကို မကုစားလို၊ ထိုရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် ဥက္ခေပနီယကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် အာပတ်ကို မကုစားခြင်းကြောင့် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား ဥက္ခေပနီယကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသော ကျောင်းသို့ သွား၏။

ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက အာပတ်ကို မကုစားခြင်းကြောင့် မတရားသဖြင့် အစုကွဲလျက် ဥက္ခေပနီယကံကို ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် ဥက္ခေပနီယကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် အာပတ်ကို မကုစားခြင်းကြောင့် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား ဥက္ခေပနီယကံကို ပြုကုန်၏။ပ။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ်။ပ။

[စက်လှည့်မှုကို ပြုအပ်၏]။

## ၂၄၈-အပ္ပဋိနိဿဂ္ဂဥက္ခေပနီယကံကို ပြခြင်း

၄၁၇။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်လို။ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်လို၊ ထိုရဟန်းအား ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ငါတို့ ယခုပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား ဥက္ခေပနီယကံကို ပြုကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသော ကျောင်းသို့ သွား၏။

ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် မတရားသဖြင့် အစုကွဲလျက် ဥက္ခေပနီယကံ ပြုထားသော ရဟန်းတည်း၊ ထိုရဟန်းအား ယုတ်မာသော (မိစ္ဆာ)အယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ငါတို့ ယခု ပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား ဥက္ခေပနီယကံကို ပြုကုန်၏။ပ။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ်။ပ။

[စက်လှည့်မှုကို ပြုအပ်၏]။

## ၂၄၉-တဇ္ဇနီယကံ ငြိမ်းမှုကို ပြခြင်း

၄၁၈။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက တဇ္ဇနီယကံကို ပြုထားသော ကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏ 'မာန်ကျ၏'၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏။ ထိုကျောင်း၌

http://www.dhammadownload.com



ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် မတရားသဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် မတရားသဖြင့် အညီအညွတ် ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် တရားသဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် တရားတုဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

၄၁၉။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက တဇ္ဇနီယကံကို ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏။ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် မတရားသဖြင့် အညီအညွတ် ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် တရားသဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား

http://www.dhammadownload.com



တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် တရားတုဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် တရားတုဖြင့် အညီအညွတ် ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

၄၂၀။ ရဟန်းတို့သည် ဤသာသနာတော်၌ ရဟန်းသည် သံဃာက တဇ္ဇနီယကံကို ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (တဇ္ဇယနီကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား တဇ္ဇနီယ ကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသောကျောင်းသို့သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် တရားသဖြင့် အစုကွဲလျက်ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ယခုငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် တရားတုဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် တရားတုဖြင့် အညီအညွတ်ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် မတရားသဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

http://www.dhammadownload.com



၄၂၁။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက တဇ္ဇနီယကံ ပြုထားသော ကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက် အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တဇ္ဇနီယကံပြုထားသောကြောင့် ကောင်းစွာကျင့်၏၊ (မာန် တည်းဟူသော) အမွေးကိုချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကိုကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေ ကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့ အား "ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် တရားတုဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတု ဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် တရားတုဖြင့် အညီအညွတ် ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့ သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင် တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် မတရားသဖြင့် အစုကွဲလျက်ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီ အညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် မတရားသဖြင့် အညီအညွတ် ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့ သည် တရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

၄၂၂။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက တဇ္ဇနီယကံကို ပြုထားသော ကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက် အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာကျင့်၏၊ (မာန် တည်းဟူသော) အမွေးကိုချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေ ကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်း တို့အား "ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် တရားတုဖြင့် အညီအညွတ် ငြိမ်းစေ၏၊

http://www.dhammadownload.com



ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ယခု ငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် မတရားသဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့” ဟုအကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။ ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် မတရားသဖြင့် အညီအညွတ်ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏။ ထိုရဟန်းတို့သည် တရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှလည်း တပါးသောကျောင်းသို့သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်း၏ တဇ္ဇနီယကံကို သံဃာသည် တရားသဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

## ၂၅၀-နိယသကံ ငြိမ်းမှုကို ပြခြင်း

၄၂၃။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက နိယသကံပြုထားသောကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (နိယသကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ နိယသကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက နိယသကံပြုထားသောကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (နိယသကံမှ) ထွက်မြောက်အံ့သောအကြောင်းကို ကျင့်၏၊ နိယသကံ ငြိမ်းခြင်းကိုတောင်းပန်၏၊ ထိုရဟန်းအား နိယသကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား နိယသကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်း၏ နိယသကံကို သံဃာသည် မတရားသဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား နိယသကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား နိယသကံကို ငြိမ်းစေကုန်၏။ပ။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ်။ပ။

[စက်လှည့်မှုကိုပြုအပ်၏]။

## ၂၅၁-ပဗ္ဗာဇနီယကံ ငြိမ်းမှုကို ပြခြင်း

၄၂၄။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက ပဗ္ဗာဇနီယကံ ပြုထားသောကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (ပဗ္ဗာဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ ပဗ္ဗာဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက ပဗ္ဗာဇနီယကံ ပြုထားသောကြောင့် ကောင်းစွာကျင့်

http://www.dhammadownload.com



၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (ပဗ္ဗာဇနိယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ ပဗ္ဗာဇနိယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား ပဗ္ဗာဇနိယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား ပဗ္ဗာဇနိယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်း၏ ပဗ္ဗာဇနိယကံကို သံဃာသည် မတရားသဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား ပဗ္ဗာဇနိယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား ပဗ္ဗာဇနိယကံကို ငြိမ်းစေကုန်၏။ပ။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ်။ပ။

[စက်လှည့်မှုကိုပြုအပ်၏]။

## ၂၅၂-ပဋိသာရဏီယကံ ငြိမ်းမှုကို ပြခြင်း

၄၂၅။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက ပဋိသာရဏီယကံပြုထားသော ကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (ပဋိသာရဏီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ ပဋိသာရဏီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက ပဋိသာရဏီယကံကို ပြုထားသော ကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (ပဋိသာရဏီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ ပဋိသာရဏီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား ပဋိသာရဏီယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား မတရားသဖြင့် ပဋိသာရဏီယကံကို ငြိမ်းစေကုန်၏၊ ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်း၏ ပဋိသာရဏီယကံကို သံဃာသည် မတရားသဖြင့် အစုကွဲလျက် ငြိမ်းစေ၏။ ထိုရဟန်းအား ပဋိသာရဏီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား ပဋိသာရဏီယကံကို ငြိမ်းစေကုန်၏။ပ။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ်။ပ။

[စက်လှည့်မှုကိုပြုအပ်၏]။

## ၂၅၃-အဒဿနဥက္ခေပနီယကံ ငြိမ်းမှုကို ပြခြင်း

၄၂၆။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာပတ်ကို မရှုသဖြင့် သံဃာက ဥက္ခေပနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (ဥက္ခေပနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ အာပတ်ကို မရှုခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် အာပတ်ကို မရှုသဖြင့် သံဃာက ဥက္ခေပနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (ဥက္ခေပနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ အာပတ်ကို မရှုခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊

http://www.dhammadownload.com



ထိုရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို ငါတို့ ယခု ငြိမ်းစေကုန် အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသောကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်း၏ အာပတ်ကို မရှုခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို သံဃာသည် မတရားသဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို ငြိမ်းစေကုန်၏။ပ။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ်။ပ။

[စက်လှည့်မှုကိုပြုအပ်၏]။

## ၂၅၄-အပ္ပဋိကမ္မဥက္ခေပနီယကံ ငြိမ်းမှုကို ပြခြင်း

၄၂၇။ ရဟန်းကို ဤသာသနာတော်၌ ရဟန်းသည် အာပတ်ကို မကုစားသဖြင့် သံဃာက ဥက္ခေပနီယကံ ပြုထားသောကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (ဥက္ခေပနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ အာပတ်ကို မကုစားခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် အာပတ်ကို မကုစားသဖြင့် သံဃာက ဥက္ခေပနီယကံ ပြုထားသောကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (ဥက္ခေပနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကိုကျင့်၏၊ အာပတ်ကို မကုစားခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်း၏ အာပတ်ကို မကုစားခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို သံဃာသည် မတရားသဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို ငြိမ်းစေကုန်၏။ပ။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ်။ပ။

[စက်လှည့်မှုကို ပြုအပ်၏]။

## ၂၅၅-အပ္ပဋိနိဿဂ္ဂ ဥက္ခေပနီယကံ ငြိမ်းမှုကို ပြခြင်း

၄၂၈။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်သဖြင့် သံဃာက ဥက္ခေပနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော)

http://www.dhammadownload.com



အမွေးကို ချ၍၊ (ဥက္ခေပနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၍၊ ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် ယုတ်မာသော (မိစ္ဆာ)အယူကို မစွန့်သဖြင့် သံဃာက ဥက္ခေပနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၍၊ (ဥက္ခေပနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို ငါတို့ ယနေ့ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို ငြိမ်းစေကုန်၏။

ထိုရဟန်းသည် ယင်းကျောင်းမှ တပါးသော ကျောင်းသို့ သွား၏၊ ထိုကျောင်း၌လည်း ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်း၏ ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို သံဃာသည် မတရားသဖြင့် အစုကွဲလျက် ငြိမ်းစေ၏၊ ထိုရဟန်းအား ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် (ဖြစ်သော) ဥက္ခေပနီယကံကို ငြိမ်းစေကုန်၏၊ ပ။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ်။ပ။

[စက်လှည့်မှုကို ပြုအပ်၏]။

## ၂၅၆-တဇ္ဇနီယကံနှင့်စပ်သော ငြင်းခုံမှုကို ပြခြင်း

၄၂၉။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများတတ်သည့် အပြင် သံဃာ၌ အဓိကရုဏ်းကိုလည်း ပြုတတ်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကိုလည်း ပြုတတ်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့"ဟု အကြံဖြစ်၏၊ (ထို့နောက်) ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် "(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း၊ မတရားသဖြင့် ညီညွတ်သောကံတည်း၊ တရားသဖြင့် အစုကွဲသောကံတည်း၊ တရားတုဖြင့် အစုကွဲသောကံတည်း၊ တရားတုဖြင့် ညီညွတ်သော ကံတည်း၊ မပြုသင့်သောကံတည်း၊ မကောင်းသဖြင့် ပြုထားသောကံတည်း၊ တဖန် ပြုသင့်သော ကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထို (ငြင်းခုံသော ရဟန်း)တို့တွင် "မတရားသဖြင့် အစုကွဲသော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း "မပြုသင့်သောကံတည်း၊ မကောင်းသဖြင့် ပြုထားသောကံတည်း၊ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

၄၃၀။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကိုလည်း ပြုတတ်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် မျက်ကွယ်။ပ။ သံဃာ၌

http://www.dhammadownload.com



အဓိကရုဏ်းကိုလည်း ပြုတတ်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုပြုကုန်အံ့" ဟု အကြံဖြစ်၏၊ (ထို့နောက်) ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏၊

ထိုကျောင်း၌ တည်သော သံဃာသည် "(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း။ မတရားသဖြင့် ညီညွတ်သောကံတည်း။ တရားသဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သောကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "မတရားသဖြင့် ညီညွတ်သောကံတည်း" ဟု ပြောသော ရဟန်းတို့ သည်ငှင်း "မပြုသင့်သောကံတည်း။ မကောင်းသဖြင့်ပြုထားသော ကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်ငှင်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

၄၃၁။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်း ကိုလည်း ပြုတတ်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကိုလည်း ပြုတတ်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။ ထိုကျောင်း၌တည်သော သံဃာသည် "(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း။ မတရားသဖြင့် ညီညွတ်သောကံတည်း။ တရားသဖြင့် အစုကွဲသောကံတည်း။ တရား တုဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသော ကံတည်း။ တဖန် ပြုသင့်သောကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားသဖြင့် အစုကွဲသောကံတည်း" ဟု ပြောဆိုသော ရဟန်းတို့ သည်ငှင်း "မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်ငှင်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

၄၃၂။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်း ကိုလည်း ပြုတတ်၏။ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကိုလည်း ပြုတတ်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့" ဟု အကြံဖြစ်၏၊ (ထို့နောက်) ထိုရဟန်းတို့သည် တရားတုဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယ ကံကို ပြုကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် "(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း။ မတရားသဖြင့် ညီညွတ်သော ကံတည်း။ တရားသဖြင့် အစုကွဲသော ကံတည်း။ တရားတု ဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်း သဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သောကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားတုဖြင့် ညီညွတ်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့ သည်ငှင်း "မပြုသင့်သော ကံတည်း။ မကောင်းသဖြင့်ပြုထားသော ကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်ငှင်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

http://www.dhammadownload.com



၄၃၃။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်ကွယ်။ပ။ သံဃာ၌ အဓိကရဏ်းကိုလည်း ပြုတတ်၏။ ထိုကြောင့်၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် မျက်ကွယ်။ပ။ သံဃာ၌ အဓိကရဏ်းကိုလည်း ပြုတတ်၏၊ တဇ္ဇနီယကံကို ငါတို့ ယခုပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထို ရဟန်းတို့သည် တရားတုဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ပြုကုန်၏။

ထိုကြောင့်၌ တည်သော သံဃာသည် " (ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း။ မတရားသဖြင့် ညီညွတ်သော ကံတည်း။ တရားသဖြင့် အစုကွဲသော ကံတည်း။ တရားတုဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသော ကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားတုဖြင့် ညီညွတ်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်ငှင်း "မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်ငှင်း တရားနှင့် အညီ ပြောဆိုသော ရဟန်းတို့တည်း။

## ၂၅၇-နိယသကံနှင့်စပ်သော ငြင်းခုံမှုကို ပြခြင်း

၄၃၄။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (ဝိနည်းသိက္ခာပုဒ်ကို) မသိ၊ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာ၊ များသော အာပတ်ရှိ၏၊ အာပတ်၏ အပိုင်းအခြားမရှိ၊ ရဟန်းတို့နှင့် မလျောက်ပတ်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောနှောလျက် နေ၏၊ ထိုကြောင့်၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် (ဝိနည်းသိက္ခာပုဒ်ကို) မသိ၊ (ဝိနည်းသိက္ခာပုဒ်၌) မလိမ္မာ၊ များသော အာပတ်ရှိ၏၊ အာပတ် အပိုင်းအခြားမရှိ၊ ရဟန်းတို့နှင့် မလျော်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောနှောလျက် နေ၏၊ ထိုရဟန်းအား နိယသကံကို ငါတို့ ယခု ပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား နိယသကံကို ပြုကုန်၏။ပ။ မတရားသဖြင့် အညီအညွတ်။ တရားနှင့် အညီ အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ် နိယသကံကို ပြုကုန်၏။

ထိုကြောင့်၌ တည်သောသံဃာသည် " (ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း။ မတရားသဖြင့် ညီညွတ်သောကံတည်း။ တရားသဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သောကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားတုဖြင့် ညီညွတ်သောကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်ငှင်း "မပြုသင့်သောကံတည်း၊ တဖန် ပြုသင့်သောကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်ငှင်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

[ဤငါးဝါရတို့ကို အကျဉ်းချုံးအပ်ကုန်၏]။

## ၂၅၈-ပဗ္ဗာဇနီယကံနှင့်စပ်သော ငြင်းခုံမှုကို ပြခြင်း

၄၃၅။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် လူဒါယကာတို့ကို ဖျက်ဆီးတတ်၏၊ မကောင်းသော အကျင့်ရှိ၏၊ ထိုကြောင့်၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် လူဒါယကာ

http://www.dhammadownload.com



တို့ကို ဖျက်ဆီးတတ်၏၊ မကောင်းသော အကျင့်ရှိ၏၊ ထိုရဟန်းအား ပဗ္ဗာဇနီယကံကို ငါတို့ ယခု ပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား ပဗ္ဗာဇနီယကံကို ပြုကုန်၏။ပ။ မတရားသဖြင့် အညီအညွတ်။ တရားနှင့် အညီ အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် ညီညွတ်ကုန်လျက် ပဗ္ဗာဇနီယကံကို ပြုကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် " (ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း။ မတရားသဖြင့် ညီညွတ်သောကံတည်း။ တရားသဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်းသဖြင့်ပြုထားသောကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားတုဖြင့် ညီညွတ်သောကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း "မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသော ကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

[ဤငါးဝါရတို့ကို အကျဉ်းချုံးအပ်ကုန်၏]။

## ၂၅၉-ပဋိသာရဏီယကံနှင့်စပ်သော ငြင်းခုံမှုကို ပြခြင်း

၄၃၆။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် လူဒါယကာကို ဆဲရေးရေရွတ်၏။ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် လူဒါယကာကို ဆဲရေးရေရွတ်၏၊ ထိုရဟန်းအား ပဋိသာရဏီယကံကို ငါတို့ ယခုပြုကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား ပဋိသာရဏီယကံကို ပြုကုန်၏။ပ။ မတရားသဖြင့် အညီအညွတ်။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ် ပဋိသာရဏီယကံကို ပြုကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် " (ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း။ မတရားသဖြင့် ညီညွတ်သောကံတည်း။ တရားသဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သောကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားတုဖြင့် ညီညွတ်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း "မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

[ဤငါးဝါရတို့ကို အကျဉ်းချုံးအပ်ကုန်၏]။

## ၂၆၀-အဒဿနဥက္ခေပနီယကံနှင့်စပ်သော ငြင်းခုံမှုကို ပြခြင်း

၄၃၇။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာပတ်သင့်လျက် အာပတ်ကိုမရှုလို၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် အာပတ်သင့်လျက် အာပတ်ကို မရှုလို၊ အာပတ်ကိုမရှုခြင်းကြောင့် ထိုရဟန်းအား ဥက္ခေပနီယကံကို ငါတို့ ယခုပြုကုန်အံ့" ဟု အကြံဖြစ်၏၊

http://www.dhammadownload.com



ထိုရဟန်းတို့သည် အာပတ်ကိုမရှုခြင်းကြောင့် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား ဥက္ခေပနီယကံကို ပြုကုန်၏။ပ။ မတရားသဖြင့် အညီအညွတ်။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ် ဥက္ခေပနီယကံကိုပြုကုန်၏။

ထိုကြောင်း၌ တည်သော သံဃာသည် "(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း။ မတရားသဖြင့် ညီညွတ်သော ကံတည်း။ တရားသဖြင့် အစုကွဲသောကံတည်း။ တရား သဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန်ပြုသင့်သော ကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားတုဖြင့် ညီညွတ်သော ကံတည်း" ဟု ပြောဆိုသော ရဟန်း တို့သည်၎င်း "မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

[ဤငါးဝါရတို့ကို အကျဉ်းချုံးအပ်ကုန်၏]။

## ၂၆၁-အပ္ပဋိကမ္မဥက္ခေပနီယကံနှင့်စပ်သော ငြင်းခုံမှုကို ပြခြင်း

၄၃၇။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာပတ်သင့်လျက် အာပတ်ကိုမကုစားလို၊ ထိုကြောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် အာပတ်သင့်လျက် အာပတ်ကို မကုစားလို၊ အာပတ်ကို မကုစားခြင်းကြောင့် ထိုရဟန်းအား ဥက္ခေပနီယကံကို ငါတို့ ယခုပြုကုန်အံ့" ဟု အကြံ ဖြစ်၏၊ ထိုရဟန်းတို့သည် အာပတ်ကို မကုစားခြင်းကြောင့် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်း အား ဥက္ခေပနီယကံကို ပြုကုန်၏။ပ။ မတရားသဖြင့် အညီအညွတ်။ တရားနှင့်အညီ အစုကွဲကုန် လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ် ဥက္ခေပနီယကံကို ပြုကုန်၏။

ထိုကြောင်း၌ တည်သော သံဃာသည် "(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း။ မတရားသဖြင့် ညီညွတ်သော ကံတည်း။ တရားသဖြင့် အစုကွဲသော ကံတည်း။ တရားတု ဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်း သဖြင့် ပြုထားသော ကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားတုဖြင့် ညီညွတ်သောကံတည်း" ဟု ပြောဆိုသော ရဟန်းတို့ သည်၎င်း "မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

[ဤငါးဝါရတို့ကို အကျဉ်းချုံးအပ်ကုန်၏]။

## ၂၆၂-အပ္ပဋိနိဿဂ္ဂဥက္ခေပနီယကံနှင့်စပ်သော ငြင်းခုံမှုကို ပြခြင်း

၄၃၈။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်လို ထိုကြောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်လို၊ ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် ထိုရဟန်းအား ဥက္ခေပနီယကံကို ငါတို့ ယခုပြုကုန် အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် မတရား

http://www.dhammadownload.com



သဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား ဥက္ခေပနီယကံကို ပြုကုန်၏။ပ။ မတရားသဖြင့် အညီအညွတ်။ တရားနှင့်အညီ အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ် ဥက္ခေပနီယကံကို ပြုကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် "(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း။ မတရားသဖြင့် ညီညွတ်သောကံတည်း။ တရားသဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် အစုကွဲသောကံတည်း၊ တရားတုဖြင့် ညီညွတ်သောကံတည်း၊ မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သောကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားတုဖြင့် ညီညွတ်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း "မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

[ဤငါးဝါရတို့ကို အကျဉ်းချုံးအပ်ကုန်၏]။

## ၂၆၃-တဇ္ဇနီယကံ ငြိမ်းမှုကို ပြခြင်း

၄၄၀။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက တဇ္ဇနီယကံပြုထားသောကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကိုကျင့်၏၊ တဇ္ဇနီယကံငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် "(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း။ မတရားသဖြင့် ညီညွတ်သောကံတည်း။ တရားသဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသော ကံတည်း။ တဖန် ပြုသင့်သောကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "မတရားသဖြင့် အစုကွဲသော ကံတည်း" ဟု ပြောဆိုသောရဟန်းတို့သည်၎င်း "မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

၄၄၁။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သောအကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တဇ္ဇနီယကံပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခုငြိမ်းစေ

http://www.dhammadownload.com



ကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ပြီးစေကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် “(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသောကံတည်း။ မတရားသဖြင့် ညီညွတ်သောကံတည်း။ တရားသဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သောကံတည်း” ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် “မတရားသဖြင့် ညီညွတ်သောကံတည်း” ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း “မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သောကံတည်း” ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

၄၄၂။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် “(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသောကံတည်း။ မတရားသဖြင့် ညီညွတ်သောကံတည်း။ တရားသဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သောကံတည်း” ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် “တရားသဖြင့် အစုကွဲသောကံတည်း” ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း “မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သောကံတည်း” ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

၄၄၃။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် “(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသောကံတည်း။ မတရားသဖြင့် ညီညွတ်သောကံတည်း။ တရားသဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့်

http://www.dhammadownload.com



အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သော ကံတည်း။ မကောင်းသဖြင့် ပြုထားသော ကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားတုဖြင့် အစုကွဲသော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်ရင်း "မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်ရင်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

၄၄၄။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (တဇ္ဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ တဇ္ဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် တရားတုဖြင့် အညီအညွတ် ထိုရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် "(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း။ မတရားသဖြင့် ညီညွတ်သော ကံတည်း။ တရားသဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားတုဖြင့် ညီညွတ်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်ရင်း "မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်ရင်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

## ၂၆၄-နိယသကံ ငြိမ်းမှုကို ပြခြင်း

၄၄၅။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက နိယသကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (နိယသကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ နိယသကံငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက နိယသကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (နိယသကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ နိယသကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား နိယသကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံ ဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား နိယသကံကို ငြိမ်းစေကုန်၏။ပ။ မတရားသဖြင့် အညီအညွတ်။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားသဖြင့် အညီအညွတ် နိယသကံကို ငြိမ်းစေကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် "(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း။ မတရားသဖြင့် ညီညွတ်သောကံတည်း။ တရားသဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့်

http://www.dhammadownload.com



အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သောကံတည်း” ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် “တရားတုဖြင့် ညီညွတ်သော ကံတည်း” ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း “မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သော ကံတည်း” ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

[ဤငါးဝါရတို့ကိုလည်း အကျဉ်းချုံးအပ်ကုန်၏]။

## ၂၆၅-ပဗ္ဗာဇနီယကံ ငြိမ်းမှုကို ပြခြင်း

၄၄၆။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက ပဗ္ဗာဇနီယကံ ပြုထားသော ကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (ပဗ္ဗာဇနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ ပဗ္ဗာဇနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက ပဗ္ဗာဇနီယကံပြုထားသောကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (ပဗ္ဗာဇနီယကံမှ) ထွက်မြောက် အံ့သော အကြောင်းကို ကျင့်၏၊ ပဗ္ဗာဇနီယ ကံငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား ပဗ္ဗာဇနီယကံကို ငါတို့ ယခုငြိမ်းစေကုန်အံ့” ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား ပဗ္ဗာဇနီယကံကို ငြိမ်းစေကုန်၏။ပ။ မတရားသဖြင့် အညီအညွတ်။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ် ပဗ္ဗာဇနီယကံကို ငြိမ်းစေကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် “(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း၊ မတရားသဖြင့် ညီညွတ်သောကံတည်း။ တရားသဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း။ မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသော ကံတည်း။ တဖန်ပြုသင့်သော ကံတည်း” ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် “တရားတုဖြင့် ညီညွတ်သော ကံတည်း”ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း “မပြုသင့်သောကံတည်း။ မကောင်းသဖြင့် ပြုထားသောကံတည်း။ တဖန် ပြုသင့်သော ကံတည်း” ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

[ဤငါးဝါရတို့ကိုလည်း အကျဉ်းချုံးအပ်ကုန်၏]။

## ၂၆၆-ပဋိသာရဏီယကံ ငြိမ်းမှုကို ပြခြင်း

၄၄၇။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံဃာက ပဋိသာရဏီယကံပြုထားသော ကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (ပဋိသာရဏီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ ပဋိသာရဏီယကံငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား “ငါ့သျှင်တို့ ဤရဟန်းသည် သံဃာက ပဋိသာရဏီယကံ ပြုထားသောကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (ပဋိသာရဏီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ ပဋိသာရဏီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား

http://www.dhammadownload.com



ပဋိသာရဏီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား ပဋိသာရဏီယကံကို ငြိမ်းစေကုန်၏။ပ။ မတရားသဖြင့် အညီအညွတ်။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ် ပဋိသာရဏီယကံကို ငြိမ်းစေကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် "(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း၊ မတရားသဖြင့် ညီညွတ်သော ကံတည်း၊ တရားသဖြင့် အစုကွဲသော ကံတည်း၊ တရားတုဖြင့် အစုကွဲသော ကံတည်း၊ တရားတုဖြင့် ညီညွတ်သော ကံတည်း၊ မပြုသင့်သော ကံတည်း၊ မကောင်းသဖြင့် ပြုထားသော ကံတည်း၊ တဖန်ပြုသင့်သော ကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားတုဖြင့် ညီညွတ်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း "မပြုသင့်သောကံတည်း၊ မကောင်းသဖြင့် ပြုထားသောကံတည်း၊ တဖန် ပြုသင့်သောကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

[ဤငါးဝါရတို့ကိုလည်း အကျဉ်းချုံးအပ်ကုန်၏]။

## ၂၆၇-အဒဿနဉက္ခေပနီယကံ ငြိမ်းမှုကို ပြခြင်း

၄၄၇။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာပတ်ကိုမရှုသဖြင့် သံဃာက ဉက္ခေပနီယကံ ပြုထားသောကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (ဉက္ခေပနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ အာပတ်ကို မရှုခြင်းကြောင့် (ပြုအပ်သော) ဉက္ခေပနီယကံ ငြိမ်းခြင်းကို တောင်းပန်၏။ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် အာပတ်ကို မရှုသဖြင့် သံဃာက ဉက္ခေပနီယကံပြုထားသောကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ (ဉက္ခေပနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ အာပတ်ကို မရှုခြင်းကြောင့် (ပြုအပ်သော) ဉက္ခေပနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် (ပြုအပ်သော) ဉက္ခေပနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် (ပြုအပ်သော) ဉက္ခေပနီယကံကို ငြိမ်းစေကုန်၏။ပ။ မတရားသဖြင့် အညီအညွတ်။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ် ဉက္ခေပနီယကံကို ငြိမ်းစေကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် "(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း၊ မတရားသဖြင့် ညီညွတ်သော ကံတည်း၊ တရားသဖြင့် အစုကွဲသော ကံတည်း၊ တရားတုဖြင့် အစုကွဲသော ကံတည်း၊ တရားတုဖြင့် ညီညွတ်သော ကံတည်း၊ မပြုသင့်သော ကံတည်း၊ မကောင်းသဖြင့် ပြုထားသောကံတည်း၊ တဖန်ပြုသင့်သောကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားတုဖြင့် ညီညွတ်သောကံတည်း"ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း "မပြုသင့်သော ကံတည်း၊ မကောင်းသဖြင့် ပြုထားသော ကံတည်း၊ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

[ဤငါးဝါရတို့ကိုလည်း အကျဉ်းချုံးအပ်ကုန်၏]။

http://www.dhammadownload.com



## ၂၆၈-အပ္ပဋိကမ္မဥက္ခေပနီယကံ ငြိမ်းမှုကို ပြခြင်း

၄၄၉။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာပတ်ကို မကုစားသဖြင့် သံဃာက ဥက္ခေပနီယကံ ပြုထားသောကြောင့် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (ဥက္ခေပနီယကံမှ)ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် အာပတ်ကို မကုစားသဖြင့် သံဃာက ဥက္ခေပနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (ဥက္ခေပနီယကံမှ)ထွက်မြောက်အံ့သော အကြောင်း ကို ကျင့်၏၊ အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံ ငြိမ်းခြင်းကို တောင်းပန် ၏၊ ထိုရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ငြိမ်းစေကုန်၏။ပ။ မတရားသဖြင့် အညီအညွတ်။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက် တရားတုဖြင့် အညီအညွတ်။ ဥက္ခေပနီယကံကို ငြိမ်းစေကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် (ဤကံသည်ကား) "မတရားသဖြင့် အစုကွဲသော ကံတည်း၊ မတရားသဖြင့် ညီညွတ်သော ကံတည်း၊ တရားသဖြင့် အစုကွဲသောကံတည်း၊ တရားတုဖြင့် အစုကွဲသောကံတည်း။ တရားတုဖြင့် ညီညွတ်သောကံတည်း၊ မပြုသင့်သော ကံတည်း၊ မကောင်း သဖြင့် ပြုထားသော ကံတည်း၊ တဖန်ပြုသင့်သော ကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားတုဖြင့် ညီညွတ်သော ကံတည်း" ဟု ပြောဆိုသော ရဟန်း တို့သည်၎င်း "မပြုသင့်သောကံတည်း၊ မကောင်းသဖြင့် ပြုထားသောကံတည်း၊ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

[ဤငါးဝါရတို့ကိုလည်း အကျဉ်းချုံးအပ်ကုန်၏]။

## ၂၆၉-အပ္ပဋိနိဿဂ္ဂဥက္ခေပနီယကံ ငြိမ်းမှုကို ပြခြင်း

၄၅၀။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့် သဖြင့် သံဃာက ဥက္ခေပနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (ဥက္ခေပနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုကျောင်း၌ ရဟန်းတို့အား "ငါ့သျှင်တို့ ဤရဟန်းသည် ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့် သဖြင့် သံဃာက ဥက္ခေပနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ (ဥက္ခေပနီယကံမှ) ထွက်မြောက်အံ့သော အကြောင်းကို ကျင့်၏၊ ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံ ငြိမ်းခြင်းကို တောင်းပန်၏၊ ထိုရဟန်းအား ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယ ကံကို ငါတို့ ယခု ငြိမ်းစေကုန်အံ့" ဟု အကြံဖြစ်၏။

ထိုရဟန်းတို့သည် မတရားသဖြင့် အစုကွဲကုန်လျက် ထိုရဟန်းအား ယုတ်မာသော (မိစ္ဆာ) အယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ငြိမ်းစေကုန်၏။ပ။ မတရားသဖြင့်

http://www.dhammadownload.com



အညီအညွတ်။ တရားသဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အစုကွဲကုန်လျက်။ တရားတုဖြင့် အညီအညွတ် ဥက္ခေပနီယ ကံကို ငြိမ်းစေကုန်၏။

ထိုကျောင်း၌ တည်သော သံဃာသည် "(ဤကံသည်ကား) မတရားသဖြင့် အစုကွဲသော ကံတည်း၊ မတရားသဖြင့် ညီညွတ်သောကံတည်း၊ တရားသဖြင့် အစုကွဲသောကံတည်း၊ တရားတုဖြင့် အစုကွဲသောကံတည်း၊ တရားတုဖြင့် ညီညွတ်သောကံတည်း၊ မပြုသင့်သောကံတည်း၊ မကောင်းသဖြင့် ပြုထားသောကံတည်း၊ တဖန် ပြုသင့်သော ကံတည်း" ဟု ငြင်းခုံ၏။

ရဟန်းတို့ ထိုရဟန်းတို့တွင် "တရားတုဖြင့် ညီညွတ်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း "မပြုသင့်သော ကံတည်း၊ မကောင်းသဖြင့် ပြုထားသော ကံတည်း၊ တဖန် ပြုသင့်သော ကံတည်း" ဟု ပြောဆိုသော ရဟန်းတို့သည်၎င်း တရားနှင့်အညီ ပြောဆိုသော ရဟန်းတို့တည်း။

[ဤငါးဝါရတို့ကိုလည်း အကျဉ်းချုံးအပ်ကုန်၏]။

နဝမစမ္မေယျကန္ဒက ပြီး၏။

---

## ၂၇၀-ထိုစမ္မေယျကန္ဒကၡ၏ အကျဉ်းချုပ်

မြတ်စွာဘုရားသည် စမ္ပာမြို့၌ နေတော်မူ၏၊ ဝတ္ထုသည်ကား ဝါသဘဂ္ဂါ၌ ကျောင်းထိုင်ရဟန်းသည် ဧည့်သည်ရဟန်းတို့၏ ချမ်းသာခြင်းကို အလိုရှိသည်ဖြစ်၍ လုံ့လပြု၏။

ဆွမ်းခံသမ်းကို သိကုန်ပြီ ဟု သိ၍ လုံ့လကို မပြုလေ၊ ထိုအခါ၌ မပြုလေတကား ဟု နှင်ထုတ်၏၊ ထိုရဟန်းသည် မြတ်စွာဘုရားထံသို့ သွား၏။

မတရားသဖြင့် အစုကွဲသော ကံကို၎င်း၊ မတရားသဖြင့် ညီညွတ်သော ကံကို၎င်း၊ တရားသဖြင့် အစုကွဲသော ကံကို၎င်း၊ တရားတုဖြင့် အစုကွဲသော ကံကို၎င်း။

တရားတုဖြင့် ညီညွတ်သောကံကို၎င်း ပြုကုန်၏၊ တပါးက တပါးကို နှင်ထုတ်၏၊ တပါးကလည်း နှစ်ပါးတို့ကို၎င်း များစွာသော ရဟန်းတို့ကို၎င်း သံဃာကို၎င်း တပြိုင်နက် နှင်ထုတ်၏။

နှစ်ပါးတို့သည်၎င်း များစွာသော ရဟန်းတို့သည်၎င်း သံဃာသည်၎င်း သံဃာကိုလည်း နှင်ထုတ်၏၊ မြတ်စွာဘုရားကြားတော်မူ၍ "အဓမ္မကံ" ဟု ပယ်တော်မူ၏။

အကြင်ကံသည် ဥတ်မထား ကမ္မဝါစာသော ပြည့်စုံ၏၊ အကြင်ကံသည် ကမ္မဝါစာ မရှုတ်ဖတ်၊ ဥတ်နှင့်သာ ပြည့်စုံ၏။

အကြင် ကံသည် ဥတ်ကမ္မဝါစာ နှစ်ပါးမှ ချို၏၊ ဟုတ်မှန်တိုင်းသော သဘောကို ကြည်၍ ပြုအပ်၏၊ အကြင်ကံကို မြတ်စွာဘုရား သာသနာတော်ဖြစ်သော ဥတ်၏ ပြည့်စုံခြင်း ကမ္မဝါစာ၏ ပြည့်စုံခြင်းကို ကြည့်၍ ပြုအပ်၏၊ ထိုကံကို မြတ်စွာဘုရား စက်ဆုပ်တော်မူ၏၊ ထိုကံသည် ပျက်၏၊ အကြောင်းအားမထိုက်။

မတရားသဖြင့် အစုကွဲသော ကံကို၎င်း မတရားသဖြင့် ညီညွတ်သော ကံကို၎င်း၊ တရားတုဖြစ်သော နှစ်ပါးကုန်သော အစုကွဲသောကံ၊ ညီညွတ်သော ကံတို့ကို၎င်း ပယ်တော်မူ၏၊ တရားသဘော အားဖြင့် ညီညွတ်သောကံကို မြတ်စွာဘုရားသည် ခွင့်ပြုတော်မူ၏။

http://www.dhammadownload.com



စတုဝဂ် သံဃာရင်း ပဥ္စဝဂ် သံဃာရင်း ဒသဝဂ် သံဃာရင်း ဝီသတိဝဂ် သံဃာရင်း ထို့ပြင် ဝီသတိဝဂ်ထက်လွန်သော သံဃာရင်း ဤသို့ သံဃာသည် ငါးပါး အပြားရှိ၏။

အဗ္ဘာနကံနှင့် အတူတကွ ဥပသမ္ပဒကံ ပဝါရဏာကံကိုထား၍ စတုဝဂ် သံဃာတို့သည် အလုံးစုံသော ကံအား လျောက်ပတ်၏။

မဇ္ဈိမတိုက်၌ ဥပသမ္ပဒကံ အဗ္ဘာနကံ နှစ်ပါးတို့ကို ထား၍ ပဥ္စဝဂ်သံဃာသည် အလုံးစုံသော ကံတို့၌ ကံအား လျောက်ပတ်၏။

တကျိပ်အစုရှိသော ရဟန်းတို့သည် အဗ္ဘာနကံ တခုကို ထား၍ ခပ်သိမ်းသော ကံတို့ကို ပြုအပ်၏၊ ဝီသတိဝဂ် သံဃာသည် အလုံးစုံသော ကံတို့၌ လျောက်ပတ်၏။

ရဟန်းမိန်းမရင်း သိက္ခမာန်ရင်း သာမဏေယောကျ်ားရင်း သာမဏေမိန်းမရင်း သိက္ခာချသောသူရင်း ပါရာဇိကသို့ ရောက်သော ရဟန်းရင်း အာပတ်ကို မရှုခြင်းကြောင့်ရင်း အာပတ်ကို မကုစားခြင်းကြောင့်ရင်း အယူကို မစွန့်ခြင်းကြောင့်ရင်း နှင်ထုတ်အပ်သော ရဟန်းသုံးပါးတို့ရင်း ပဏ္ဍုက်ရင်း ပေါင်းသင်းမှုကို ခိုးသောရဟန်း တိတ္ထိ တိရစ္ဆာန် အမိကို သတ်သောသူ အဖကို သတ်သောသူ ရဟန္တာကို သတ်သောသူ ဘိက္ခုနီမကို ဖျက်ဆီးသောသူ သံဃာကို သင်းခွဲသောသူ ဘုရားကို သွေးစိမ်းတည်အောင် ပြုသောသူ ဥဘတောဗျည်း အထူးထူးသော ပေါင်းသင်းမှု ရှိသောသူ အထူးထူးသော သိမ်၌တည်သောသူ တန်ခိုးဖြင့် ကောင်းကင်၌ နေသောသူ။

အကြင်ရဟန်းအား သံဃာသည် တဇ္ဇနီယ အစရှိသောကံကို ပြု၏၊ ထိုနှစ်ကျိပ်လေးယောက်သော ပုဂ္ဂိုလ်တို့ကို မြတ်စွာဘုရားသည် ပယ်တော်မူအပ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ဂိုဏ်းပြည့်ရုံမျှ မဖြစ်နိုင်ကုန်။

ပရိဝါသ်နေသော ရဟန်းလျှင် လေးယောက်မြောက်ဖြစ်သော သံဃာသည် ပရိဝါသ်ပေးငြားအံ့၊ အရင်းသို့ငင်ငြားအံ့၊ မာနတ်ပေးငြားအံ့၊ အဗ္ဘာန်သွင်းငြားအံ့၊ ကံ မမည်၊ ပြုလည်း မပြုထိုက်။

အရင်းသို့ ငင်ထိုက်သောသူ အရင်းသို့ ပြန်၍ကျင့်သောသူ မာနတ်ထိုက်သောသူ မာနတ်ကျင့်သောသူ အဗ္ဘာန်ထိုက်သောသူ ဤငါးယောက်တို့ကို ကံ မပြုထိုက်ကုန် ဟု မြတ်စွာဘုရားသည် ထင်ရှားပြအပ်ကုန်၏။

ရဟန်းမိန်းမ သိက္ခမာန် သာမဏေယောကျ်ား သာမဏေမိန်းမ သိက္ခာချသောသူ ပါရာဇိကသို့ ရောက်သော ရဟန်း ရူးသောသူ စိတ်ပျံ့လွင့်သောသူ ဝေဒနာနှိပ်စက်သောသူ အာပတ်ကို မရှုခြင်းကြောင့်ရင်း အာပတ်ကို မကုစားခြင်းကြောင့်ရင်း အယူကို မစွန့်ခြင်းကြောင့်ရင်း နှင်ထုတ်အပ်သော ရဟန်းသုံးပါး ပဏ္ဍုက် ဥဘတောဗျည်း အထူးထူးသော ပေါင်းသင်းမှု ရှိသောသူ သိမ်အပ၌ နေသောသူ တန်ခိုးဖြင့် ကောင်းကင်၌ နေသောသူ အကြင်ရဟန်းအား ပဗ္ဗာဇနီယ အစရှိသောကံကို ပြု၏၊ ထိုကံပြုခံရသော ဒဏ်ခံရဟန်း ဤတကျိပ်ရှစ်ယောက်သောသူတို့၏ မြစ်ခြင်းသည် မရောက်၊ ပကတတ် ရဟန်း၏ ကံကိုမြစ်ခြင်းသည် ရောက်၏။

အာပတ်မှ စင်ကြယ်သောသူကို နှင်ထုတ်ခြင်းသည် မကောင်းသော နှင်ထုတ်ခြင်းတည်း၊ မိုက်သောသူကို နှင်ထုတ်ခြင်းသည်သာလျှင် ကောင်းသော နှင်ထုတ်ခြင်းတည်း၊ ပဏ္ဍုက် ပေါင်းသင်းမှုကို ခိုးသောရဟန်း တိတ္ထိဘောင်သို့ဝင်သောသူ တိရစ္ဆာန် အမိကို သတ်သောသူ အဖကို သတ်သောသူ ရဟန္တာကို သတ်သောသူ ရဟန်းမိန်းမကို ဖျက်ဆီးသောသူ သံဃာကို

http://www.dhammadownload.com



သင်းခွဲသောသူ ဘုရားကို သွေးစိမ်းတည်အောင်ပြုသောသူ 'တည်မှု ပြုသောသူ' ဥဘတောဗျည်း ဤတကျိပ်တယောက်သော သူတို့ကို ပဥ္စင်းခံ၍ သံဃာ့ဘောင်သို့ သွင်းခြင်းသည် မသင့်။

လက်ပြတ်သောသူ ခြေပြတ်သောသူ ထိုနှစ်ပါးစုံ ပြတ်သောသူ နားပြတ်သောသူ နှာခေါင်း ပြတ်သောသူ ထိုနှစ်ပါးစုံပြတ်သောသူ လက်ချောင်း ခြေချောင်း ပြတ်သောသူ လက်မ ခြေမ ပြတ်သောသူ ကြောမပြတ်သောသူ လက်ပူးသောသူ ကုန်းသောသူ ကွသောသူ လည်ဥထွတ် မြင်းနာရှိသောသူ သံပုကပ်အပ်သောသူ ကြိမ်ဒဏ်ခတ်အပ်သောသူ တွေ့ရာ၌ သတ် ဟု ကျေညာ ကမ္ပည်းထားသောသူ ခြေထိုင်းသောသူ။

အနာပင်းစွဲသောသူ ပရိသတ်ကို ဖျက်ဆီးသောသူ တဖက်ကန်းသောသူ လက်ကောက်သော သူ ခြေခွင်သောသူ ဖက်သကတ်စွဲသောသူ ဆွံ့သောသူ အိုမင်းမစွမ်းသောသူ နှစ်ဖက်ကန်း သောသူ အသောသူ နားပင်းသောသူ ကန်းလည်းကန်း အလည်းအသောသူ ကန်းလည်းကန်း နားလည်းပင်းသောသူ အလည်းအ နားလည်းပင်းသောသူ ကန်းလည်းကန်း နားလည်းပင်း အလည်းအသောသူ ထိုသူတို့ကား သုံးကျိပ်နှစ်ယောက်တို့တည်း၊ အယုတ်အလွန် မရှိကုန်။ ထိုသုံးကျိပ် နှစ်ယောက်သောသူတို့ကို ပဥ္စင်းခံ၍ သံဃာ့ဘောင်သို့ ကောင်းသော သွင်းခြင်း သည် ဖြစ်၏[၁]၊ ဤသို့ မြတ်စွာဘုရားသည် ထင်ရှား ပြတော်မူ၏၊ အကြင် ရဟန်းအား ရှုအပ် သော အာပတ် ကုစားအပ်သော အာပတ် စွန့်အပ်သော ဒိဋ္ဌိအယူသည် မရှိ၊ ထိုရဟန်းအား ခုနစ်ပါးသော ဥက္ခေပနီယကံတို့သည် မတရားသော ကံတို့တည်း၊ မငြင်းမဆန် အလိုသို့လိုက်၍ ဝန်ခံပါလျက် အာပတ်သင့်သော ရဟန်းကို ပြုအပ်သော ထိုခုနစ်ပါးသော ဥက္ခေပနီယ ကံတို့ သည်လည်း မတရားသော ကံတို့တည်း။

ငြင်းဆန်လျက် အလိုသို့ မလိုက်သော အာပတ်သင့်သော ရဟန်းကို ပြုအပ်သော ခုနစ်ပါး သော ကံတို့သည် ကောင်းသော တရားသော ကံတို့တည်း။ မျက်မှောက်၌ မေးမြန်းမှု ဝန်ခံမှု ပြုခြင်း သတိဝိနည်း အမူဠ္ဌဝိနည်း တဿပါပိယသိကကံ တဇ္ဇနီယကံ အားဖြင့်ရှင်း ပဗ္ဗာဇနီယကံ ပဋိသာရဏီယကံ ဥက္ခေပနီယကံ ပရိဝါသ် အရင်းသို့ ငင်ခြင်း မာနတ် အဗ္ဘာန် ထူပြင် ပဥ္စင်းခံ ခြင်း တပါးသော ကံထိုက်သော ရဟန်းအား တပါးသော ကံကို ပြုငြားအံ့၊ ထိုတဆယ့်ခြောက် ပါးသော ကံတို့သည် မတရားသော ကံတို့တည်း။ ထိုထိုသို့သော ကံထိုက်သော ရဟန်းကို ထိုဆိုသို့သော ကံကို ပြုငြားအံ့၊ ထိုတဆယ့်ခြောက်ပါးသော ကံတို့သည် ကောင်းသော တရား သော ကံတို့တည်း။ တပါးသော ကံထိုက်သော ရဟန်းကို တပါးသော ကံသို့ တင်၍ ပြုငြားအံ့၊ ထိုတဆယ့်ခြောက်ပါးသော ကံတို့သည် မတရားသော ကံတို့တည်း။ ထိုထို ကံတပါးထိုက်သော သူအား ထိုထိုသို့သော ကံ၏ မူလကားနှစ်ပုဒ်စီ နှစ်ပုဒ်စီတို့တည်း၊ (ထို့နောက်) ထိုတဆယ့် ခြောက်ပါးသော ကံတို့သည်လည်း တရားနှင့်ညီသော ကံတို့တည်း။ တပုဒ်စီ တပုဒ်စီ မူလရှိသော စက်လှည့်သော ဝါရကို မတရားသော ကံ ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

အကြင် ရဟန်းသည် မျက်ကွယ် ငြင်းခုံခြင်းကို ပြု၏၊ ထိုရဟန်းအား သံဃာသည် မတရား သဖြင့် အစုကွဲလျက် ပြုသော တဇ္ဇနီယကံကို ပြု၏၊ ထိုရဟန်းသည် တပါးသော ကျောင်းသို့ သွား၏။

---

၁။ သံဃာနှင့် ဥပဇ္ဈာယ်တို့၌သာ အာပတ်သင့်၍ ပဥ္စင်းဖြစ်ရကား ကောင်းသောသွင်းခြင်းဖြစ်၏။

http://www.dhammadownload.com



ထိုကျောင်း၌ ထိုရဟန်းအား ညီညွတ်သော သံဃာသည် မတရားသဖြင့် တဇ္ဇနီယကံကို ပြု၏၊ တပါးသော ကျောင်း၌ ထိုရဟန်းအား အစုကွဲလျက် တရားသဖြင့် တဇ္ဇနီယကံကို ပြု၏၊ တရားတုဖြင့် အစုကွဲသော ရဟန်းတို့သည်လည်း ပြုကုန်၏၊ ထိုအတူ တရားတုဖြင့် ညီညွတ်သော ရဟန်းတို့သည်လည်း တဇ္ဇနီယကံကို ပြုကုန်၏၊ မတရားသဖြင့် ညီညွတ်သော ရဟန်းတို့သည်လည်း တရားသဖြင့် အစုကွဲသော ကံကိုရင်း တရားတုဖြင့် အစုကွဲသော ရဟန်းတို့သည်ရင်း တရားတုဖြင့် တဇ္ဇနီယကံကို ပြုကုန်၏၊ ဤငါးပါးသော ပုဒ်တို့ကို တပုဒ်စီ တပုဒ်စီ အရင်းတည်သည်ကို ပြု၍ ပညာရှိသည် စက်ဖွဲ့ရာ၏။

ဗာလရဟန်း အဗျတ္တရဟန်းအား နိယသကံကို ပြုရာ၏။ ကုလဒူသက ရဟန်းကို နေရာ ကျောင်းမှ နှင်ထုတ်ရာ၏။ လူဒါယကာတို့ကို ဆဲရေးသော ရဟန်းအား ပဋိသာရဏီယ ကံကို ပြုရာ၏။

အကြင် ရဟန်းသည်လည်း အာပတ်ကိုမရှု အာပတ်ကိုမကုစား မှားသောအယူကိုမစွန့် ထိုရဟန်းတို့အား ဥက္ခေပနီယကံကို မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။

ဥက္ခေပနီယကံ အစရှိသည်တို့၏ နည်းကို [၁] ပညာရှိသည် တဇ္ဇနီယကံ၌ လာသောနည်းဖြင့် သိရာ၏၊ ထိုကံတို့အားလျော်စွာ ကောင်းစွာကျင့်ခြင်း ကံငြိမ်းစိမ့်သောငှါ တောင်းပန်လတ်သော် အောက်၌ ကံပြုသောနည်းဖြင့် ထိုကံတို့ကို ငြိမ်းစေခြင်း ထိုထိုကံတို့၌ ထိုထိုကျောင်း၌ တည်သော သံဃာသည်လည်း ငြင်းခုံ၏။

ကံကိုငြိမ်းစေခြင်း၌လည်း မပြုသင့်သောကံတည်း မကောင်းသဖြင့် ပြုသောကံတည်း တဖန်ပြုသင့်သော ကံတည်း ဟု အကြင်ရဟန်းတို့သည် ပြောဆိုကုန်၏၊ထိုရဟန်းတို့သည် တရားနှင့် အညီ ပြောဆိုကုန်၏။

သီလပျက်ခြင်းတည်းဟူသော အနာဖြင့် နှိပ်စက်သော ကံသို့ရောက်သောရဟန်းတို့ကို မြင်၍ အနာကို ကုသတတ်သော ဆေးသမားသည် ဆေးကို ပြောကြားသကဲ့သို့ မြတ်စွာဘုရားသည် ကံကို ငြိမ်းစေတတ်သော တရားကို ဟောကြားတော်မူ၏။

ဤသည်လျှင် အပြီးသတ်တည်း။

ဤစမ္ပေယျက္ခန္ဓက၌ ဝတ္ထုတို့သည် သုံးဆယ့်ခြောက် ဝတ္ထုတို့တည်း။

**စမ္ပေယျက္ခန္ဓက ပြီး၏။**

---

၁။ ဤဝယ် နိသျစသည်၌ ဥပရိကမ္မာနံဟု ပါရှိ၏၊ ပါဠိတော်အတိုင်းမြန်မာပြန်လိုက်ပါသည်၊ အဋ္ဌကထာကား မဖွင့်။

http://www.dhammadownload.com

# ၁၀–ကောသမ္ဗကက္ခန္ဓက

## ၂၇၁–ကောသမ္ဗီပြည်သား ရဟန်းတို့၏ ငြင်းခုံမှုကို ပြခြင်း

၄၅၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ရဟန်းတပါးသည် အာပတ် သင့်သဖြင့် ထိုအာပတ်၌ အာပတ် သင့်၏ ဟု အယူရှိ၏၊ အခြားသော ရဟန်းတို့ကမူကား ထိုအာပတ်၌ အာပတ်မသင့် ဟု အယူရှိကုန်၏၊ ထိုရဟန်းသည် နောက်အခါ၌ ထိုအာပတ်၌ အာပတ်မသင့် ဟု အယူရှိပြန်၏၊ အခြားသော ရဟန်းတို့ကမူကား ထိုအာပတ်၌ အာပတ်သင့်၏ ဟု အယူရှိကြပြန်၏။

ထို့နောက် ထိုရဟန်းတို့သည် ထိုရဟန်းကို "ငါ့သျှင် သင်သင့်သော အာပတ်ကို သင်ရှု၏လော" ဟု ပြောဆိုကြသဖြင့် (ထိုရဟန်းက) ငါ့သျှင်တို့ ငါ့အား ရှုထိုက်သော အာပတ် မရှိပါ ဟု ပြောဆို၏။

ထိုအခါ ထိုရဟန်းတို့သည် ညီညွတ်မှုကိုရ၍ ထိုရဟန်းကို အာပတ်ကိုမရှုခြင်းကြောင့် နှင်ထုတ်ကုန်၏။ ထိုနှင်ထုတ်ခံရသော ရဟန်းသည်လည်း အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် ပါတိမောက်ကိုလည်း ဆောင်၏၊ ပညာရှိ၍ ကျွမ်းကျင်လိမ္မာ၏၊ ရှက်တတ်၏၊ တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိ၏၊ အကျင့် သိက္ခာကို လိုလား၏။

ထိုအခါ ထိုရဟန်းသည် သန္ဒိဋ္ဌသမ္ဘတ္တဖြစ်သော ရဟန်းတို့ ထံသို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင်တို့ ဤအရာသည် အာပတ်မသင့် ဤအရာသည် အာပတ်မဟုတ်၊ ငါအာပတ် မသင့်၊ ငါအာပတ် သင့်သူမဟုတ်၊ ငါ့ကို မနှင်ထုတ်အပ်၊ ငါသည် နှင်ထုတ်အပ်သောသူမဟုတ်၊ ဖျက်ဆီးအပ်သော သာသနာတော်အား မသိုက်သော မတရားသော ကံဖြင့် ငါ့ကို နှင်ထုတ်၏၊ အသျှင်တို့သည် တရားနှင့်အညီ ဝိနည်းနှင့်အညီ အကျွန်ုပ်၏ အသင်းအပင်းဖြစ်ပါကုန်လော့" ဟု ပြောဆိုသဖြင့် သန္ဒိဋ္ဌသမ္ဘတ္တဖြစ်သော ရဟန်းအသင်းအပင်းကို ရ၏။

ဇနပုဒ်နေ သန္ဒိဋ္ဌသမ္ဘတ္တ ရဟန်းတို့၏ အထံသို့လည်း "ငါ့သျှင်တို့ ဤအရာသည် အာပတ်မသင့်၊ ဤအရာသည် အာပတ်မဟုတ်၊ ငါအာပတ် မသင့်၊ ငါအာပတ် သင့်သူမဟုတ်၊ ငါ့ကို မနှင်ထုတ်အပ်၊ ငါသည် နှင်ထုတ်အပ်သူမဟုတ်၊ ဖျက်ဆီးအပ်သော သာသနာတော်အား မထိုက်သော မတရားသော ကံဖြင့် ငါ့ကို နှင်ထုတ်၏၊ အသျှင်တို့သည် တရားနှင့်အညီ ဝိနည်းနှင့်အညီ အကျွန်ုပ်၏ အသင်းအပင်း ဖြစ်ပါကုန်လော့" ဟု တမန်စေလွှတ်လိုက်သဖြင့် ဇနပုဒ်နေ သန္ဒိဋ္ဌသမ္ဘတ္တ ရဟန်းအသင်းအပင်းကို လည်း ရပြန်လေ၏။

ထိုအခါ ထိုနှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက်ရဟန်းတို့သည် နှင်ထုတ်သော ရဟန်းတို့ ထံသို့ သွားပြီးလျှင် နှင်ထုတ်သောရဟန်းတို့ကို "ငါ့သျှင်တို့ ဤအရာသည် အာပတ်မသင့်၊ ဤအရာ သည် အာပတ်မဟုတ်၊ ဤရဟန်းသည် အာပတ် မသင့်၊ ဤရဟန်းသည် အာပတ်သင့်သူ မဟုတ်၊ ဤရဟန်းကို မနှင်ထုတ်အပ်၊ ဤရဟန်းသည် နှင်ထုတ်အပ်သူမဟုတ်၊ ဖျက်ဆီးအပ်သော သာသနာ တော်အား မသိုက်သော မတရားသော ကံဖြင့် နှင်ထုတ်၏" ဟု ပြောဆိုကုန်၏။

ဤသို့ပြောဆိုသောအခါ နှင်ထုတ်သော ရဟန်းတို့သည် နှင်ထုတ်ခံရသော ရဟန်း၏ နောက် လိုက် ရဟန်းတို့ကို "ငါ့သျှင်တို့ ဤအရာသည် အာပတ် သင့်၏၊ ဤအရာသည် အာပတ်မသင့်သည်

http://www.dhammadownload.com



မဟုတ်၊ ဤရဟန်းသည် အာပတ် သင့်၏၊ ဤရဟန်းသည် အာပတ်မသင့်သူ မဟုတ်၊ ဤရဟန်းကို နှင်ထုတ်အပ်၏၊ ဤရဟန်းသည် မနှင်ထုတ်အပ်သူမဟုတ်၊ မဖျက်ဆီးအပ်သော သာသနာတော်အား ထိုက်သော တရားနှင့်ညီသော ကံဖြင့် နှင်ထုတ်၏။

အသျှင်တို့ "သင်တို့သည် ဤနှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် အခြံအရံ မဖြစ်ပါကုန်လင့်" ဟု ပြောဆိုကုန်၏။ ထိုနှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် ရဟန်းတို့သည် နှင်ထုတ်သော ရဟန်းတို့က ဤသို့ ပြောဆိုသော်လည်း ထိုနှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် အခြံအရံ ဖြစ်မြဲ ဖြစ်ကုန်၏။

၄၅၂။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်ပြီးလျှင် မြတ်စွာဘုရားအား—

အသျှင်ဘုရား ရဟန်းတပါးသည် အာပတ်သင့်သဖြင့် ထိုအာပတ်၌ အာပတ်သင့်၏ ဟု အယူရှိ၏၊ အခြားသော ရဟန်းတို့ကမူကား ထိုအာပတ်၌ အာပတ် မသင့် ဟု အယူရှိကုန်၏၊ ထိုရဟန်းသည် နောက်အခါဝယ် ထိုအာပတ်၌ အာပတ် မသင့် ဟု အယူရှိပြန်၏၊ အခြားသော ရဟန်းတို့က မူကား ထိုအာပတ်၌ အာပတ်သင့်၏ ဟု အယူရှိကြပြန်၏။ အသျှင်ဘုရား ထိုအခါ ရဟန်းတို့သည် ထိုရဟန်းကို "ငါ့သျှင် သင်သင့်သော အာပတ်ကို သင်ရှု၏လော" ဟု ပြောဆိုကြသဖြင့် (ထိုရဟန်းက) ငါ့သျှင်တို့ ငါ့အား ရှုသင့်သော အာပတ်မရှိ ဟု ပြောဆို၏။ အသျှင်ဘုရား ထိုအခါ ရဟန်းတို့သည် ညီညွတ်မှုကို ရ၍ ထိုရဟန်းကို အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ပါကုန်၏။

အသျှင်ဘုရား ထိုနှင်ထုတ်ခံရသော ရဟန်းသည်လည်း အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် ပါတိမောက်ကိုလည်း ဆောင်ပါ၏၊ ပညာရှိ၍ ကျွမ်းကျင်လိမ္မာပါ၏၊ ရှက်တတ်ပါ၏၊ တွေးတောမှု 'သံသယ ကုက္ကုစ္စ' ရှိပါ၏၊ အကျင့်သိက္ခာကို လိုလားပါ၏။

အသျှင်ဘုရား ထိုအခါ ထိုရဟန်းသည် သန္ဒိဋ္ဌသမ္ဘတ္တဖြစ်သော ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင်တို့ ဤအရာသည် အာပတ် မသင့်၊ ဤအရာသည် အာပတ်မဟုတ်၊ ငါအာပတ် မသင့်၊ ငါအာပတ်သင့်သူ မဟုတ်၊ ငါ့ကို မနှင်ထုတ်အပ်၊ ငါသည် နှင်ထုတ်အပ်သူ မဟုတ်၊ ဖျက်ဆီးအပ်သော သာသနာတော်အား မထိုက်သော မတရားသော ကံဖြင့် ငါ့ကို နှင်ထုတ်၏၊ အသျှင်တို့သည် တရားနှင့် အညီ ဝိနည်းနှင့်အညီ အကျွန်ုပ်၏ အသင်းအပင်းဖြစ်ကုန်လော့" ဟု ပြောဆိုပါ၏။

အသျှင်ဘုရား ထိုရဟန်းသည် သန္ဒိဋ္ဌသမ္ဘတ္တဖြစ်သော ရဟန်းအသင်းအပင်းကို ရပါ၏။ ဇနပုဒ်နေ သန္ဒိဋ္ဌသမ္ဘတ္တ ရဟန်းတို့၏ အထံသို့လည်း "ငါ့သျှင်တို့ ဤအရာသည် အာပတ် မသင့်၊ ဤအရာသည် အာပတ် မဟုတ်၊ ငါအာပတ် မသင့်၊ ငါအာပတ် သင့်သူမဟုတ်၊ ငါ့ကို မနှင်ထုတ်အပ်၊ ငါသည် နှင်ထုတ်အပ်သူမဟုတ်၊ ဖျက်ဆီးအပ်သော သာသနာတော်အား မထိုက်သော မတရားသော ကံဖြင့် ငါ့ကို နှင်ထုတ်၏၊ အသျှင်တို့သည် တရားနှင့်အညီ ဝိနည်းနှင့်အညီ အကျွန်ုပ်၏ အသင်းအပင်းဖြစ်ပါကုန်လော့" ဟု တမန်စေလွှတ်သဖြင့် ဇနပုဒ်၌လည်း သန္ဒိဋ္ဌသမ္ဘတ္တရဟန်း အသင်းအပင်းကို ရပြန်ပါ၏။

အသျှင်ဘုရား ထိုအခါ ထိုနှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် ရဟန်းတို့သည် နှင်ထုတ်သော ရဟန်းတို့ထံသို့သွားပြီးလျှင် နှင်ထုတ်သော ရဟန်းတို့ကို "ငါ့သျှင်တို့ ဤအရာသည် အာပတ် မသင့်၊ ဤအရာသည် အာပတ်မဟုတ်၊ ဤရဟန်းသည် အာပတ် မသင့်၊ ဤရဟန်းသည် အာပတ်

http://www.dhammadownload.com



သင့်သူမဟုတ်၊ ဤရဟန်းကို မနှင်ထုတ်အပ်၊ ဤရဟန်းသည် နှင်ထုတ်အပ်သူမဟုတ် ဖျက်ဆီးအပ်သော သာသနာတော်အား မထိုက်သော မတရားသော ကံဖြင့် နှင်ထုတ်၏" ဟု ပြောဆိုပါကုန်၏။

အသျှင်ဘုရား ဤသို့ ပြောဆိုသောအခါ နှင်ထုတ်သော ရဟန်းတို့သည် နှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် ရဟန်းတို့ကို "ငါ့သျှင်တို့ ဤအရာသည် အာပတ် သင့်၏၊ ဤအရာသည် အာပတ် မသင့်သည် မဟုတ်၊ ဤရဟန်းသည် အာပတ် သင့်၏၊ ဤရဟန်းသည် အာပတ် မသင့်သူ မဟုတ်၊ ဤရဟန်းကို နှင်ထုတ်အပ်၏၊ ဤရဟန်းသည် မနှင်ထုတ်အပ်သူ မဟုတ်၊ မဖျက်ဆီးအပ်သော သာသနာတော်အား ထိုက်သော တရားနှင့်ညီသော ကံဖြင့် နှင်ထုတ်၏။ အသျှင်တို့ သင်တို့သည် ဤနှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် အခြံအရံ မဖြစ်ပါကုန်လင့်" ဟု ပြောဆိုပါကုန်၏။ အသျှင်ဘုရား ထိုနှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက်ရဟန်းတို့သည် နှင်ထုတ်သော ရဟန်းတို့က ဤသို့ပြောဆိုသော်လည်း ထိုနှင်ထုတ်ခံရသောရဟန်း၏ နောက်လိုက် အခြံအရံ ဖြစ်မြဲဖြစ်ပါကုန်၏ ဟု လျှောက်၏။

၄၅၃။ ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းအပေါင်းသည် ကွဲလေပြီ ရဟန်းအပေါင်းသည် ကွဲလေပြီ" ဟု နေရာမှ ထတော်မူ၍ နှင်ထုတ်သော ရဟန်းတို့ အထံသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်နေတော်မူကာ နှင်ထုတ်သော ရဟန်းတို့ကို ရဟန်းတို့ သင်တို့သည် "ငါသိသည် ငါတတ်သည်" ဟု အထင်ကြီးကာ သာမန် အကြောင်းဝတ္ထုကြောင့် ရဟန်းကို နှင်ထုတ်ထိုက်သည် ဟု မမှတ်ကုန်လင့်။

ရဟန်းတို့ ရဟန်းသည် အာပတ်သင့်သဖြင့် ထိုအာပတ်၌ အာပတ် မသင့် ဟု အယူရှိ၏၊ အခြားသော ရဟန်းတို့ကမူကား ထိုအာပတ်၌ အာပတ် သင့်၏ ဟု အယူရှိကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် ထိုအာပတ် သင့်သော ရဟန်းကို "ဤအသျှင်သည် အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် ပါတိမောက်ကိုလည်း ဆောင်၏၊ ပညာရှိ၍ ကျွမ်းကျင်လိမ္မာ၏၊ ရှက်တတ်၏၊ တွေးတောမှု 'သံသယ ကုက္ကုစ္စ' ရှိ၏၊ အကျင့်သိက္ခာကို လိုလား၏၊ ငါတို့သည် ဤရဟန်းကို အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်၍ ဤရဟန်းနှင့်အတူ ဥပုသ်မပြုပဲ ဤရဟန်းနှင့်ကင်း၍သာ ဥပုသ်ပြုခဲ့လျှင် သံဃာ၏မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ထိပါးနှောက်ရှက် ဆန့်ကျင်ဖက် ပြောကြားခြင်းသည်ငှင်း သံဃာကွဲခြင်းသည်ငှင်း သံဃာကွဲအံ့သော အရေးသည်ငှင်း သံဃာခြားနားခြင်းသည်ငှင်း သံဃာသီးခြားပြုခြင်းသည်ငှင်း ဖြစ်ပေါ်လတ္တံ့" ဟု အကယ်၍ သိကုန်ငြားအံ့၊ ရဟန်းတို့ ကွဲပြားအံ့သည်ကို အလေးပြုသော ရဟန်းတို့သည် ထိုရဟန်းကို အာပတ်ကိုမရှုခြင်းကြောင့် မနှင်ထုတ်သင့်။

ရဟန်းတို့ ရဟန်းသည် အာပတ် သင့်သဖြင့် ထိုအာပတ်၌ အာပတ် မသင့် ဟု အယူရှိ၏၊ အခြားသော ရဟန်းတို့ကမူကား ထိုအာပတ်၌ အာပတ်သင့်၏ ဟု အယူရှိကုန်၏၊ ရဟန်းတို့ ရဟန်းတိုသည် ထိုအာပတ် သင့်သော ရဟန်းကို "ဤအသျှင်သည် အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် ပါတိမောက်ကိုလည်း ဆောင်၏၊ ပညာရှိ၍ ကျွမ်းကျင်လိမ္မာ၏၊ ရှက်တတ်၏၊ တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိ၏၊ အကျင့်သိက္ခာကို လိုလား၏၊ ငါတို့သည် ဤရဟန်းကို အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်၍ ဤရဟန်းနှင့်အတူ ပဝါရဏာ မပြုကြပဲ ဤရဟန်းနှင့် ကင်း၍သာ ပဝါရဏာပြုကြလျှင် ငါတို့သည် ဤရဟန်းနှင့်အတူ သံဃာ့ကံကိုမပြုပဲ ဤရဟန်းနှင့် ကင်း၍သာ သံဃာ့ကံကို ပြုကြလျှင် ငါတို့သည် ဤရဟန်းနှင့်အတူ နေရာ၌ မထိုင်ပဲ ဤရဟန်းနှင့်

http://www.dhammadownload.com



ကင်း၍သာ နေရာ၌ ထိုင်ကြလျှင် ငါတို့သည် ဤရဟန်းနှင့်အတူ ယာဂုသောက်ရာ၌ မထိုင်ပဲ ဤရဟန်းနှင့် ကင်း၍သာ ယာဂုသောက်ရာ၌ ထိုင်ကြလျှင် ငါတို့သည် ဤရဟန်းနှင့်အတူ ဆွမ်းစားစရပ်၌ မထိုင်ပဲ ဤရဟန်းနှင့် ကင်း၍သာ ဆွမ်းစားစရပ်၌ ထိုင်ကြလျှင် ငါတို့သည် ဤရဟန်းနှင့်အတူ တခုတည်းသော အမိုးရှိသော ကျောင်း၌ မနေပဲ ဤရဟန်းနှင့် ကင်း၍သာ တခုတည်းသော အမိုးရှိသော ကျောင်း၌နေကြလျှင် ငါတို့သည် ဤရဟန်းနှင့်အတူ သီတင်းကြီးကို ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်းကိုမပြုပဲ ဤရဟန်းနှင့် ကင်း၍သာ သီတင်းကြီးကို ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်းကို ပြုကြလျှင် သံဃာ၏ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ထိပါးနှောက်ယှက် ဆန့်ကျင်ဖက်စကားကို ပြောကြားခြင်းသည်၎င်း သံဃာကွဲခြင်းသည်၎င်း သံဃာကွဲအံ့သော အရေးသည်၎င်း သံဃာခြားနားခြင်းသည်၎င်း သံဃာသီးခြားပြုခြင်းသည်၎င်း ဖြစ်လတ္တံ့ ဟု အကယ်၍ သိကုန်ငြားအံ့၊ ရဟန်းတို့ ကွဲပြားအံ့သည်ကို အလေးပြုသော ရဟန်းတို့သည် ထိုရဟန်းကို အာပတ်ကို မရှုခြင်းကြောင့် မနှင်ထုတ်သင့်။

၄၅၄။ ထို့နောက် မြတ်စွာဘုရားသည် နှင်ထုတ်သော ရဟန်းတို့အား ဤအကြောင်းကို ဟောတော်မူပြီးလျှင် နေရာမှထကာ နှင်ထုတ်ခံရသော ရဟန်း၏နောက်လိုက် ရဟန်းတို့သို့ ချဉ်းကပ်လျက် ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၍ နှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် ရဟန်းတို့အား —

ရဟန်းတို့ သင်တို့သည် အာပတ် သင့်လျက် "ငါတို့ အာပတ်မသင့် ငါတို့ အာပတ် မသင့်" ဟု (နှလုံးသွင်းကာ) အာပတ်ကို မကုစားရ ဟု မမှတ်ကုန်လင့်။ ရဟန်းတို့ ရဟန်းသည် အာပတ် သင့်သဖြင့် ထိုအာပတ်၌ အာပတ်မသင့် ဟု အယူရှိ၏၊ အခြားသော ရဟန်းတို့ကမူကား ထိုအာပတ်၌ အာပတ် သင့်၏ ဟု အယူရှိကုန်၏။

ရဟန်းတို့ ထိုရဟန်းသည် ထိုရဟန်းတို့ကို "ဤအသျှင်တို့သည် အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် ပါတိမောက်ကိုလည်း ဆောင်ကုန်၏၊ ပညာရှိ၍ ကျွမ်းကျင်လိမ္မာကုန်၏၊ ရှက်တတ်ကုန်၏၊ တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်၏၊ အကျင့်သိက္ခာကို လိုလားကုန်၏၊ ငါ့အတွက်ကြောင့်ဖြစ်စေ သူတပါးတို့အတွက်ကြောင့်ဖြစ်စေ ချစ်ခြင်း မုန်းခြင်း မသိခြင်း ကြောက်ခြင်းတို့ဖြင့် မလားအပ်သည်သို့ လားခြင်းငှါ မထိုက်။

ငါ့ကို ဤရဟန်းတို့သည် အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်၍ ငါနှင့်အတူ ဥပုသ်မပြုပဲ ငါနှင့် ကင်း၍သာ ဥပုသ်ပြုကြလျှင်၊ ငါနှင့်အတူ သံဃာ့ကံကို မပြုပဲ ငါနှင့်ကင်း၍သာ သံဃာ့ကံကို ပြုကြလျှင် သံဃာ၏ မျက်ကွယ် မျက်မှောက် ငြင်းခုံခြင်းသည်၎င်း ထိပါးနှောက်ယှက် ဆန့်ကျင်ဖက်စကားကို ပြောကြားခြင်းသည်၎င်း သံဃာကွဲပြားခြင်းသည်၎င်း သံဃာကွဲအံ့သောအရေးသည်၎င်း သံဃာခြားနားခြင်းသည်၎င်း သံဃာသီးခြားပြုခြင်းသည်၎င်း ဖြစ်လတ္တံ့" ဟု အကယ်၍ သိငြားအံ့၊ ရဟန်းတို့ ကွဲပြားအံ့သည်ကို အလေးပြုသော ရဟန်းသည် တပါးသော ရဟန်းတို့ကိုလည်း ယုံကြည်သောအားဖြင့် အာပတ်ကို ဒေသနာကြားရမည်။

ရဟန်းတို့ ရဟန်းသည် အာပတ် သင့်သဖြင့် ထိုအာပတ်၌ အာပတ် မသင့် ဟု အယူရှိ၏၊ အခြားသော ရဟန်းတို့ကမူကား ထိုအာပတ်၌ အာပတ်သင့်၏ ဟု အယူရှိကုန်၏၊ ရဟန်းတို့ ထိုရဟန်းသည် ထိုရဟန်းတို့ကို "ဤအသျှင်တို့သည် အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် ပါတိမောက်ကိုလည်း ဆောင်ကုန်၏၊ ပညာရှိ၍ ကျွမ်းကျင်လိမ္မာကုန်၏၊ ရှက်တတ်ကုန်၏၊

http://www.dhammadownload.com



တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်၏၊ အကျင့်သိက္ခာကို လိုလားကုန်၏၊ ငါ့အတွက်ကြောင့် ဖြစ်စေ သူတပါးအတွက်ကြောင့်ဖြစ်စေ ချစ်ခြင်း မုန်းခြင်း မသိခြင်း ကြောက်ခြင်းတို့ဖြင့် မလားအပ် သည့်သို့လားခြင်းငှါ မထိုက်။

ငါ့ကို ဤရဟန်းတို့သည် အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်၍ ငါနှင့်အတူ ပဝါရဏာမပြုပဲ ငါနှင့် ကင်း၍သာ ပဝါရဏာပြုကြလျှင်၊ ငါနှင့်အတူ သံဃာ့ကံကိုမပြုပဲ ငါနှင့်ကင်း၍သာ သံဃာ့ကံ ကို ပြုကြလျှင်၊ ငါနှင့်အတူ နေရာ၌ မထိုင်ပဲ ငါနှင့် ကင်း၍သာ နေရာ၌ ထိုင်ကြလျှင်၊ ငါနှင့်အတူ ယာဂုသောက်ရာ၌ မထိုင်ပဲ ငါနှင့်ကင်း၍သာ ယာဂုသောက်ရာ၌ ထိုင်ကြလျှင်၊ ငါနှင့်အတူ ဆွမ်းစား စရပ်၌ မထိုင်ပဲ ငါနှင့်ကင်း၍သာ ဆွမ်းစားစရပ်၌ထိုင်ကြလျှင်၊ ငါနှင့်အတူ တခုတည်းသော အမိုး ရှိသော ကျောင်း၌ မနေပဲ ငါနှင့်ကင်း၍သာ တခုတည်းသော အမိုးရှိသော ကျောင်း၌ နေကြလျှင်၊ ငါနှင့် အတူ သီတင်းကြီးကို ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်းကို မပြု ကြပဲ ငါနှင့်ကင်း၍သာ သီတင်းကြီးကို ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း ကို ပြုကြလျှင် သံဃာ၏ မျက်ကွယ် မျက်မှောက် ငြင်းခုံခြင်းသည်၎င်း ထိပါးနှောက်ယှက် ဆန့်ကျင်ဖက် စကားကို ပြောကြားခြင်းသည်၎င်း သံဃာကွဲခြင်းသည်၎င်း သံဃာကွဲအံ့သောအရေးသည်၎င်း သံဃာ ခြားနားခြင်းသည်၎င်း သံဃာသီးခြားပြုခြင်းသည်၎င်း ဖြစ်ပေါ်လတ္တံ့" ဟု အကယ်၍ သိငြားအံ့၊ ရဟန်းတို့ ကွဲပြားအံ့သည်ကို အလေးပြုသော ရဟန်းသည် တပါးသော ရဟန်းတို့ကိုလည်း ယုံကြည် သောအားဖြင့် အာပတ်ကို ဒေသနာ ကြားရမည် ဟု မိန့်တော်မူ၏။

ထိုနောက် မြတ်စွာဘုရားသည် နှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် ရဟန်းတို့အား ဤအကြောင်းကို ဟောတော်မူပြီးလျှင် နေရာမှထတော်မူကာ ဖဲသွားတော်မူလေ၏။

၄၅၅။ တရံရောအခါ နှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် ရဟန်းတို့သည် ထိုကျောင်း၌ ပင် သိမ်အတွင်း၌ ဥပုသ်ပြုကုန်၏၊ သံဃာ့ကံကို ပြုကုန်၏၊ နှင်ထုတ်သော ရဟန်းတို့သည်ကား သိမ်အပသို့ သွား၍ ဥပုသ်ပြုကုန်၏၊ သံဃာ့ကံကို ပြုကုန်၏။

ထိုအခါ နှင်ထုတ်သော ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရား ကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်ပြီးလျှင် "အသျှင်ဘုရား ထို နှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် ရဟန်းတို့သည် ထိုကျောင်း၌ပင် သိမ်အတွင်း၌ ဥပုသ်ပြုပါကုန်၏၊ သံဃာ့ကံကို ပြုပါ ကုန်၏၊ နှင်ထုတ်သော ရဟန်းဖြစ်ကြသူ အကျွန်ုပ်တို့သည်ကား သိမ်အပသို့ သွား၍ ဥပုသ်ပြုပါ ကုန်၏၊ သံဃာ့ကံကို ပြုပါကုန်၏" ဟု လျှောက်၏။

ရဟန်း ထိုနှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် ရဟန်းတို့သည် ထိုကျောင်း၌ပင် သိမ်အ တွင်း၌ ငါသည် ပညတ်တော်မူသည့် ဉတ်ကမ္မဝါစာအတိုင်း အကယ်၍ ဥပုသ်ပြုကုန်အံ့၊ သံဃာ့ကံကို ပြုကုန်အံ့၊ ထိုရဟန်းတို့၏ ကံတို့သည် မဖျက်ဆီးအပ်သော သာသနာတော်အား ထိုက်သော တရားနှင့် ညီသော ကံတို့သာ ဖြစ်ကုန်လတ္တံ့။

ရဟန်း နှင်ထုတ်သော ရဟန်းဖြစ်ကြသူ သင်တို့သည် ထိုကျောင်း၌ပင် သိမ်အတွင်း၌ ငါသည် ပညတ်တော်မူသည့် ဉတ်ကမ္မဝါစာအတိုင်း အကယ်၍ ဥပုသ်ပြုကုန်အံ့၊ သံဃာ့ကံကို ပြုကုန်အံ့၊ သင်တို့၏ ကံတို့သည် မဖျက်ဆီးအပ်သော သာသနာတော်အား ထိုက်သော တရားနှင့်ညီသော ကံတို့ သာ ဖြစ်ကုန်လတ္တံ့၊ အဘယ့်ကြောင့်နည်းဟူမူ နှင်ထုတ်ခံရသော ရဟန်း၏ အသင်းအပင်း ဖြစ်ကြ

http://www.dhammadownload.com



သော ထိုရဟန်းတို့သည် သင်တို့နှင့် ပေါင်းသင်းမှု မတူကြပဲ သင်တို့သည်လည်း ထိုရဟန်းတို့နှင့် ပေါင်းသင်းမှု မတူကြသောကြောင့်တည်း။

ရဟန်း နာနာသံဝါသက 'ပေါင်းသင်းမှု မတူကြသူများ' ဖြစ်အံ့သော အရာတို့ကား ဤနှစ်ပါး တို့တည်း၊ မိမိသည်လည်း မိမိကိုယ်ကို ပေါင်းသင်းမှု မတူသည်ကို ပြု၏၊ ညီညွတ်သော သံဃာက လည်း ထိုရဟန်းကို အာပတ်ကို မရှုခြင်းကြောင့်ငှင်း မကုစားခြင်းကြောင့်ငှင်း အယူကို မစွန့်ခြင်း ကြောင့်ငှင်း နှင်ထုတ်၏၊ ရဟန်း နာနာသံဝါသက ဖြစ်အံ့သော အရာတို့သည်ကား ဤနှစ်ပါးတို့ ပေတည်း။

ရဟန်း သမာနသံဝါသက 'တူသော ပေါင်းသင်းမှုရှိသူများ' ဖြစ်အံ့သော အရာတို့ကား ဤ နှစ်ပါးတို့တည်း၊ မိမိသည်လည်း မိမိကိုယ်ကို တူသော ပေါင်းသင်းမှု ရှိသည်ကို ပြု၏၊ ညီညွတ်သော သံဃာကလည်း အာပတ်ကို မရှုခြင်းကြောင့်ငှင်း မကုစားခြင်းကြောင့်ငှင်း အယူကို မစွန့်ခြင်းကြောင့် ငှင်း နှင်ထုတ်ခံရသော ရဟန်းကို (သံဃာ့ဘောင်သို့) သွင်း၏၊ ရဟန်း သမာနသံဝါသက ဖြစ်အံ့ သော အရာတို့သည်ကား ဤနှစ်ပါးတို့ပေတည်း ဟု (မိန့်တော်မူ၏)။

၄၅၆။ တရံရောအခါ ရဟန်းတို့သည် ရွာတွင်း ဆွမ်းစားစရပ်၌ ငြင်းခုံကုန်၏၊ခိုက်ရန်ဖြစ်ကုန်၏၊ ဆန့်ကျင်ဖက်စကားကို ပြောဆိုကုန်၏၊ အချင်းချင်း မလျော်သော ကာယကံကိုငှင်း ဝစီကံကိုငှင်း ပြကုန်၏၊ လက်ရောက်ကျူးလွန်မှုကိုလည်း ပြုကုန်၏။

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်ကုန်သော ရဟန်းတို့ သည် ရွာတွင်း ဆွမ်းစားစရပ်၌ ငြင်းခုံကုန်ဘိသနည်း၊ ခိုက်ရန်ဖြစ်ကုန်ဘိသနည်း၊ ဆန့်ကျင်ဖက် စကားကို ပြောဆိုကုန်ဘိသနည်း၊ အချင်းချင်း မလျော်သော ကာယကံကိုငှင်း ဝစီကံကိုငှင်း ပြကုန်ဘိသနည်း၊ လက်ရောက်ကျူးလွန်မှုကိုလည်း ပြုကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆိုကြကုန်သော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းတို့သည် ရွာတွင်း ဆွမ်းစားစရပ်၌ ငြင်းခုံကုန်ဘိသနည်း၊ ခိုက်ရန်ဖြစ်ကုန်ဘိသနည်း၊ ဆန့်ကျင်ဖက်စကားကို ပြောဆိုကုန်ဘိသနည်း၊ အချင်းချင်း မလျော်သော ကာယကံကိုငှင်း ဝစီကံကိုငှင်း ပြကုန်ဘိသနည်း၊ လက်ရောက်ကျူးလွန်မှု ကို ပြုကုန်ဘိသနည်း"ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြပြောဆိုကြကုန်၏။

ထို့နောက် ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤ အကြောင်းကို လျှောက်ကြကုန်၏။ပ။

ရဟန်းတို့ ရဟန်းတို့သည် ရွာတွင်း ဆွမ်းစားစရပ်၌ ငြင်းခုံကုန်၏။ပ။ လက်ရောက်ကျူးလွန်မှုကို ပြုကုန်၏ ဟူသည် မှန်သလော ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ သံဃာကွဲသော် မတရားသော အမှုကို ပြုသော် ဝမ်းမြောက် ဝမ်းသာ မဖြစ်သော် 'ဤမျှဖြင့် အချင်းချင်း မလျော်သော ကာယကံကိုငှင်း ဝစီကံ ကိုငှင်း မပြကုန်အံ့၊ လက်ရောက်ကျူးလွန်မှုကိုလည်း မပြုကုန်အံ့'ဟု နေရာ၌ ထိုင်နေရမည်၊ ရဟန်းတို့

http://www.dhammadownload.com



သံဃာကွဲသော် တရားသော အမှုကို ပြုသော် ဝမ်းမြောက် ဝမ်းသာ ဖြစ်သော် တနေရာခြား ထိုင်နေရမည်" ဟု မိန့်တော်မူ၏။

၄၅၇။ တရံရောအခါ ရဟန်းတို့သည် သံဃာ့အလယ်၌ ငြင်းခုံကုန်၏၊ ခိုက်ရန် ဖြစ်ကုန်၏၊ ဆန့်ကျင်ဖက်စကားကို ပြောဆိုကုန်၏၊ အချင်းချင်း နှုတ်လှံ ထိုးလျက် နေကုန်၏၊ ရဟန်းတို့သည် ထိုအဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မတတ်နိုင်ကုန်။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ရဟန်းတို့သည် သံဃာ့အလယ်၌ ငြင်းခုံကုန်၏၊ ခိုက်ရန် ဖြစ်ကုန်၏၊ ဆန့်ကျင်ဖက်စကားကို ပြောဆိုကုန်၏၊ အချင်းချင်း နှုတ်လှံ ထိုးကုန်လျက် နေပါကုန်၏၊ ထိုရဟန်းတို့သည် အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ မတတ်နိုင်ပါကုန်၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် သနားသော အားဖြင့် ထိုရဟန်းတို့ထံသို့ ချဉ်းကပ်တော်မူပါလော့"ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ ထံသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်နေတော်မူလျက် ရဟန်းတို့ကို "ရဟန်းတို့ မသင့်လျော်၊ ငြင်းခုံခြင်း မပြုကုန်လင့်၊ ခိုက်ရန် မဖြစ်ကုန်လင့်၊ ထိပါး နှောင့်ယှက် ဆန့်ကျင်ဖက် မပြုကြကုန်လင့်"ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် မတရား ပြောဆိုတတ်သော 'အဓမ္မဝါဒီ' ရဟန်းတပါးသည် မြတ်စွာဘုရားကို "အသျှင်ဘုရား တရားအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆိုင်းငံ့တော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် မျက်မှောက် ချမ်းသာရေးကို အားထုတ်လျက် ကြောင့်ကြမဲ့ နေတော်မူပါလော့၊ အကျွန်ုပ်တို့သည် ထိုငြင်းခုံခြင်း ခိုက်ရန် ဖြစ်ခြင်း ထိပါးနှောင့်ယှက် ဆန့်ကျင်ဖက်ပြုခြင်းဖြင့် ထင်ရှားပါကုန်လတ္တံ့"ဟု လျှောက်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို "ရဟန်းတို့ မသင့်လျော် ငြင်းခုံခြင်း မပြုကုန်လင့်၊ ခိုက်ရန် မဖြစ်ကုန်လင့်၊ ထိပါး နှောင့်ယှက် ဆန့်ကျင်ဖက် မပြုကုန်လင့်" ဟု နှစ်ကြိမ်မြောက် မိန့်တော်မူ၏။ ထိုအဓမ္မဝါဒီ ရဟန်းကလည်း မြတ်စွာဘုရားကို "အသျှင်ဘုရား တရားအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆိုင်းငံ့တော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် မျက်မှောက် ချမ်းသာရေးကို အားထုတ်လျက် ကြောင့်ကြမဲ့ နေတော်မူပါလော့၊ အကျွန်ုပ်တို့သည် ထိုငြင်းခုံခြင်း ခိုက်ရန်ပြုခြင်း ထိပါးနှောင့်ယှက် ဆန့်ကျင်ဖက် ပြုခြင်းဖြင့် ထင်ရှားပါကုန်လတ္တံ့" ဟု နှစ်ကြိမ်မြောက် လျှောက်၏။

## ၂၇၂-ဒီဃာဝု ဝတ္ထု

၄၅၈။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော ကာသိမင်းသည် ကြွယ်ဝ၍ များသော ဥစ္စာ စည်းစိမ်ရှိ၏၊ များသော ရဲမက် ဗိုလ်ပါ ဆင်မြင်းရထားလည်း ရှိ၏၊ ကြီးသော တိုင်းနိုင်ငံနှင့် ပြည့်သော ဘဏ္ဍာအိမ်ကျီကြလည်း ရှိ၏။ ဒီဃိတိ မည်သော ကောသလမင်းသည်ကား ဆင်းရဲ၍ နည်းသော ဥစ္စာစည်းစိမ်ရှိ၏၊ နည်းသော ရဲမက်ဗိုလ်ပါ ဆင်မြင်း ရထားရှိ၏၊ ငယ်သော တိုင်းနိုင်ငံနှင့် မပြည့်သော ဘဏ္ဍာအိမ်ကျီကြ ရှိ၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ် မည်သော ကာသိမင်းသည် အင်္ဂါလေးပါး ရှိသော စစ်သည်ကို ပြင်ဆင်စေ၍ ဒီဃီတိ မည်သော ကောသလမင်း၏ နိုင်ငံသို့ ရှေးရှုချီတက်၏။ ရဟန်းတို့ "ဗြဟ္မဒတ် မည်သော ကာသိမင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်ကို ပြင်ဆင်စေ၍ ငါ၏(နိုင်ငံသို့)ရှေးရှု ချီတက်လာသတတ်"ဟု ဒီဃီတိ မည်သော ကောသလမင်းသည် ကြားလေ၏။

ရဟန်းတို့ ထိုအခါ ဒီဃီတိ မည်သော ကောသလမင်းအား—

"ဗြဟ္မဒတ် မည်သော ကာသိမင်းသည်ကား ကြွယ်ဝ၍ များသော ဥစ္စာ စည်းစိမ်ရှိ၏၊ များသော ရဲမက်ဗိုလ်ပါ ဆင်မြင်းရထားရှိ၏၊ ကြီးသော တိုင်းနိုင်ငံနှင့် ပြည့်သော ဘဏ္ဍာအိမ်ကျီကြ ရှိ၏၊ ငါသည်ကား ဆင်းရဲ၍ နည်းသော ဥစ္စာ စည်းစိမ် ရှိ၏၊ နည်းသော ရဲမက် ဗိုလ်ပါ ဆင်မြင်း ရထား ရှိ၏၊ ငယ်သော တိုင်းနိုင်ငံနှင့် မပြည့်သော ဘဏ္ဍာအိမ်ကျီကြရှိ၏၊ ငါသည် ဗြဟ္မဒတ် မည်သော ကာသိမင်းနှင့် တကြိမ်စစ်ဆိုးခြင်းကိုပင် ခံခြင်းငှါ မစွမ်းနိုင်ချေ၊ ငါသည် စောစောကပင် လျှင် မြို့မှ ထွက်ပြေးရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။

ရဟန်းတို့ ထိုအခါ ဒီဃီတိ မည်သော ကောသလမင်းသည် မိဖုရားကြီးကို ခေါ်၍ စောစောက ပင်လျှင် မြို့မှထွက်ပြေးလေ၏။ ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ်မည်သော ကာသိမင်းသည် ဒီဃီတိမည် သော ကောသလမင်း၏ ရဲမက်ဗိုလ်ပါ ဆင်မြင်း ရထားနှင့် ဇနပုဒ်ကိုင်ငင်း ဘဏ္ဍာတိုက်နှင့် ကျီကြကို ဌင်း အောင်မြင်၍ စိုးမိုးအုပ်ချုပ် နေလေ၏။

ရဟန်းတို့ ထိုအခါ ဒီဃီတိ မည်သော ကောသလမင်းသည် မိဖုရားနှင့် တကွ ဖဲသွားလေသော် ဗာရာဏသီပြည်သို့ ရောက်လေ၏။ ရဟန်းတို့ ထိုအခါ ဒီဃီတိ မည်သော ကောသလမင်းသည် မိဖုရား နှင့်တကွ ဗာရာဏသီပြည် အစွန်အဖျားဖြစ်သော အရပ်ရှိ အိုးထိန်းသည်အိမ်၌ မထင်ရှားသော အသွင်ဖြင့် ပရိဗိုဇ်ရဟန်း၏ အဝတ်ကို ဝတ်လျက် နေလေ၏။ ရဟန်းတို့ ထိုအခါ ဒီဃီတိမည်သော ကောသလမင်း၏ မိဖုရားကြီးသည် မကြာမီပင်လျှင် ကိုယ်ဝန်ရှိလေ၏။

ထိုမိဖုရားကြီးအား ဤသို့ သဘောရှိသော ချင်ခြင်း 'တောင့်တမှု' သည် ဖြစ်ပေါ်လာ၏၊ "နေ ထွက်သော အခါ ညီညွတ်သော မြေအပြင်၌ တည်လျက် ချပ်မိန်ညိုကို ဝတ်ဆင်ထားသည့် အင်္ဂါလေး ပါးရှိသော စစ်သည်ကို ရှုကြည့်ခြင်းငှါလည်း သန်လျက်ဆေးရေကို သောက်ခြင်းငှါလည်း အလိုရှိ၏"။ ရဟန်းတို့ ထိုအခါ ဒီဃီတိ မည်သော ကောသလမင်း၏ မိဖုရားကြီးသည် ဒီဃီတိ မည်သော ကောသလ မင်းကို—

အရှင်မင်းကြီး အကျွန်ုပ်သည် ကိုယ်ဝန်ရှိပါ၏၊ ထို အကျွန်ုပ်အား ဤသို့ သဘောရှိသော ချင်ခြင်း 'တောင့်တမှု'သည် ဖြစ်ပေါ် လာပါ၏၊ "နေထွက်သော အခါ ညီညွတ်သော မြေအပြင်၌ တည်လျက် ချပ်မိန်ညိုကို ဝတ်ဆင်ထားသည့် အင်္ဂါလေးပါးရှိသော စစ်သည်ကို ကြည့်ရှုခြင်းငှါလည်း သန်လျက် ဆေးရေကို သောက်ခြင်းငှါလည်း အလိုရှိပါ၏" ဟု ပြောဆို၏။

မိဖုရား ဆင်းရဲခြင်းသို့ ရောက်နေသော ငါတို့အား ညီညွတ်သော မြေအပြင်၌ တည်လျက် ချပ်မိန်ညိုကို ဝတ်ဆင်ထားသည့် အင်္ဂါလေးပါးရှိသော စစ်သည်ကို အဘယ်မှာ ရအံ့နည်း သန်လျက် ဆေးရေကို သောက်ခြင်းငှါ အဘယ်မှာ ရအံ့နည်း ဟု (မင်းကြီးက ဆို၏)။

အရှင်မင်းကြီး အကယ်၍ မရငြားအံ့ အကျွန်ုပ်သည် သေရတော့အံ့ ဟု (ဆို၏)။

http://www.dhammadownload.com



၄၅၉။ ထိုစဉ်အခါ၌ ဗြဟ္မဒတ်မည်သော ကာသိမင်း၏ ပုရောဟိတ်ပုဏ္ဏားသည် ဒီဃီတိ မည်သော ကောသလမင်း၏ အဆွေခင်ပွန်း ဖြစ်လေ၏။ ရဟန်းတို့ ထိုအခါ ဒီဃီတိ မည်သော ကောသလမင်းသည် ဗြဟ္မဒတ် မည်သော ကာသိမင်း၏ ပုရောဟိတ်ပုဏ္ဏားထံသို့ ချဉ်းကပ်ပြီးလျှင် အဆွေ သင်၏ အဆွေတော် မိဖုရားကြီးသည် ကိုယ်ဝန်ရှိပါ၏၊ ထိုမိဖုရားကြီးအား ဤသို့ သဘောရှိသော ချင်ခြင်းသည် ဖြစ်ပေါ် လာပါ၏၊ "နေထွက်သော အခါ ညီညွတ်သော မြေအပြင်၌ တည်လျက် ချပ်မိန်ညိုကို ဝတ်ဆင်ထားသည့် အင်္ဂါလေးပါးရှိသော စစ်သည်ကို ရှုမြင်ခြင်းငှါရင်း သန်လျက် ဆေးရေကို သောက်ခြင်းငှါရင်း အလိုရှိပါသည်" ဟု ပြောဆို၏။

အချင်မင်းကြီး သို့ဖြစ်လျှင် အကျွန်ုပ်တို့သည် မိဖုရားကြီးကို ကြည့်ရှုကြပါကုန်အံ့ ဟု (ပြောဆို၏)။ ရဟန်းတို့ ထိုအခါ ဒီဃီတိ မည်သော ကောသလမင်းကြီး၏ မိဖုရားကြီးသည် ဗြဟ္မဒတ်မည်သော ကာသိမင်း၏ ပုရောဟိတ်ပုဏ္ဏားထံသို့ ချဉ်းကပ်လေ၏။ ရဟန်းတို့ ဗြဟ္မဒတ်မည်သော ကာသိမင်း၏ ပုရောဟိတ်ပုဏ္ဏားသည် ဒီဃီတိ မည်သော ကောသလမင်း၏ မိဖုရားကြီး လာနေသည်ကို အဝေးက မြင်၍ နေရာမှ ထပြီးလျှင် လက်ဝဲတဖက် ပခုံးထက်၌ အပေါ်ရုံကို စမွယ်တင်၍ ဒီဃီတိ မည်သော ကောသလမင်းကြီး၏ မိဖုရားကြီးရှိရာသို့ လက်အုပ်ချီလျက် "အချင်းတို့ ဝမ်း၌ တည်သော သူငယ်သည် ကောသလမင်း ဖြစ်ပေသည်တကား၊ အချင်းတို့ ဝမ်း၌ တည်သော သူငယ်သည် ကောသလမင်း ဖြစ်ပေသည်တကား" ဟု သုံးကြိမ် ဥဒါန်း ကျူးရင့်လေ၏။

မိဖုရားကြီး ဝမ်းမြောက်လော့၊ နေထွက်သော အခါ ညီညွတ်သော မြေအပြင်၌ တည်လျက် ချပ်မိန်ညို ဝတ်ဆင်ထားသည့် အင်္ဂါလေးပါးရှိသော စစ်သည်ကို ကြည့်ရှုရပါလတ္တံ့၊ သန်လျက် ဆေးရေကိုလည်း သောက်ရပါလတ္တံ့ ဟု (ဝန်ခံလေ၏)။

ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ် မည်သော ကာသိမင်း၏ ပုရောဟိတ်ပုဏ္ဏားသည် ဗြဟ္မဒတ် မည်သော ကာသိမင်းထံသို့ ချဉ်းကပ်ပြီးလျှင် "အရှင်မင်းကြီး ထိုသို့ လျှောက်တင်သည့်အတိုင်း နိမိတ်တို့သည် ထင်လာပါကုန်၏၊ နက်ဖြန်နေထွက်သောအခါ ချပ်မိန်ညိုကို ဝတ်ဆင်ထားသည့် အင်္ဂါလေးပါးရှိသော စစ်သည်ကို ညီညွတ်သော မြေအပြင်၌ တည်ပါစေလော့၊ သန်လျက်တို့ကိုလည်း ဆေးပါကုန်လော့" ဟု လျှောက်၏။

ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ်မည်သော ကာသိမင်းသည် "အချင်းတို့ ပုရောဟိတ်ပုဏ္ဏား ပြောဆိုသည့်အတိုင်း ပြုကြကုန်လော့" ဟု လူတို့ကိုစေခိုင်း၏။ ရဟန်းတို့ ဒီဃီတိမည်သော ကောသလမင်းကြီး၏ မိဖုရားကြီးသည် နေထွက်သောအခါ ညီညွတ်သော မြေအပြင်၌ တည်လျက် ချပ်မိန်ညိုကို ဝတ်ဆင်ထားသည့် အင်္ဂါလေးပါးရှိသော စစ်သည်ကိုလည်း ကြည့်ရှုရလေ၏၊ သန်လျက်ဆေးရေကိုလည်း သောက်ရလေ၏။

ရဟန်းတို့ ထိုအခါ ဒီဃီတိမည်သော ကောသလမင်းကြီး၏ မိဖုရားကြီးသည် ကိုယ်ဝန်ရင့်ခြင်းကို စွဲ၍ သားဖွားမြင်လေ၏၊ ထိုသားအား ဒီဃာဝု ဟူသော အမည်ကို မှည့်ကုန်၏၊ ရဟန်းတို့ ထိုအခါ ဒီဃာဝုမင်းသားသည် မကြာမီပင်လျှင် သိကြားလိမ္မာသည်၏ အဖြစ်သို့ ရောက်လေ၏။

ရဟန်းတို့ ထိုအခါ ဒီဃီတိမည်သော ကောသလမင်းအား "ဗြဟ္မဒတ်မည်သော ဤကာသိမင်းသည် များစွာ ငါတို့၏ အကျိုးမဲ့ကို ပြုသူတည်း ဤမင်းသည် ငါတို့၏ ရဲမက်ဗိုလ်ပါ ဆင်မြင်း ရထားနှင့် ဇနပုဒ်ကိုရင်း ဘဏ္ဍာတိုက်နှင့် ကျီကြကိုရင်း လုယူခဲ့၏၊ အကယ်၍ ဤမင်းသည် ငါတို့ကို သိငြားအံ့၊ ငါတို့သုံးယောက်လုံးကို သတ်စေလတ္တံ့၊ ငါသည် ဒီဃာဝုမင်းသားကို မြို့ပြင်၌ နေစေရလျှင်

http://www.dhammadownload.com



ကောင်းလေစွ” ဟု အကြံဖြစ်၏။ ရဟန်းတို့ ထိုအခါ ဒီဃီတိမည်သော ကောသလမင်းသည် ဒီဃာဝုမင်းသားကို မြို့ပြင်၌ နေစေ၏။ ရဟန်းတို့ ထိုအခါ ဒီဃာဝုမင်းသားသည် မြို့ပြင်၌ နေလျက် မကြာမီပင် အလုံးစုံသော အတတ်တို့ကို သင်ယူလေ၏။

၄၆၀။ ထိုအခါ ဒီဃီတိမည်သော ကောသလမင်း၏ ဆတ္တာသည်သည် ဗြဟ္မဒတ်မည်သော ကာသိမင်း၏ အထံ၌ နေ၏၊ ရဟန်းတို့ ဒီဃီတိမည်သော ကောသလမင်း၏ ဆတ္တာသည်သည် ဒီဃီတိမည်သော ကောသလမင်းကို မယားနှင့်အတူ ဗာရာဏသီပြည် အစွန်အဖျားအရပ်ရှိ အိုးထိန်းသည်အိမ်၌ မထင်ရှားသော အသွင်ဖြင့် ပရိဗိုဇ်ရဟန်းတို့၏ အဝတ်ကို ဝတ်လျက် နေသည်ကို မြင်သဖြင့် ဗြဟ္မဒတ်မည်သော ကာသိမင်းထံသို့ ချဉ်းကပ်ပြီးလျှင် “အရှင်မင်းကြီး ဒီဃီတိကောသလမင်းသည် မယားနှင့်အတူ ဗာရာဏသပြည် အစွန်အဖျားအရပ်ရှိ အိုးထိန်းသည် အိမ်၌ မထင်ရှားသော အသွင်ဖြင့် ပရိဗိုဇ်ရဟန်းတို့၏ အဝတ်ကို ဝတ်လျက် နေပါသည်” ဟု လျှောက်လေ၏။

ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးသည် “အချင်းတို့ သို့ဖြစ်လျှင် ဒီဃီတိမည်သော ကောသလမင်းကို မယားနှင့်အတူ ဆောင်ယူခဲ့ကုန်လော့” ဟု လူတို့ကိုစေခိုင်းလေ၏။ ရဟန်းတို့ “အရှင်မင်းကြီး ကောင်းပါပြီ” ဟု ထိုလူတို့သည် ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးအား ဝန်ခံပြီးလျှင် ဒီဃီတိမည်သော ကောသလမင်းကို မယားနှင့်အတူ ဆောင်ယူခဲ့ကုန်၏။

ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးသည် လူတို့ကို “အချင်းတို့ သို့ဖြစ်လျှင် ဒီဃီတိမည်သော ကောသလမင်းကို မယားနှင့်အတူ မြဲမြံခိုင်ခံ့သော ကြိုးဖြင့် လက်ပြန်တုတ်နှောင်လျက် သင်တုန်းဖြင့် ခေါင်းတုံးရိပ်ပြီးလျှင် အသံပြင်းသော ထက်စည်ကို တီးကာ လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ လှည့်လည်ဆောင်ယူလျက် တောင်တံခါးဖြင့် ထွက်စေ၍ မြို့၏တောင်အရပ်၌ လေးပိုင်းဖြတ်ပြီးလျှင် လေးဖို့ လေးစုတို့ကို (ပူပြီး၍) အရပ်လေးမျက်နှာတို့၌ ပစ်ကုန်လော့” ဟု စေခိုင်း၏။

ရဟန်းတို့ ထိုလူတို့သည် “ကောင်းပါပြီ အရှင်မင်းကြီး” ဟု ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးအား ဝန်ခံပြီးလျှင် ဒီဃီတိမည်သော ကောသလမင်းကို မယားနှင့်အတူ မြဲမြံခိုင်ခံ့သော ကြိုးဖြင့် လက်ပြန်တုတ်နှောင်လျက် သင်တုန်းဖြင့် ခေါင်းတုံးရိပ်ပြီးလျှင် အသံပြင်းသော ထက်စည်ကို တီးကာ လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ လှည့်လည်ကာ ဆောင်ယူကြလေကုန်၏။

ရဟန်းတို့ ထိုအခါ ဒီဃာဝုမင်းသားအား “ငါသည် အမိအဖတို့ကို မတွေ့မမြင်ရသည်ကား ကြာမြင့်လှလေပြီ၊ ငါသည် အမိအဖတို့ကိုတွေ့မြင်ရမူ ကောင်းလေစွ” ဟု အကြံဖြစ်၏။ ရဟန်းတို့ ထိုအခါ ဒီဃာဝုမင်းသားသည် ဗာရာဏသီပြည်သို့ ဝင်သည်ရှိသော် မြဲမြံခိုင်ခံ့သော ကြိုးဖြင့် လက်ပြန်တုတ်နှောင်လျက် သင်တုန်းဖြင့် ခေါင်းတုံးရိပ်ပြီးလျှင် အသံပြင်းသော ထက်စည်ကို တီးကာ လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ လှည့်လည်ဆောင်ယူအပ်သော အမိအဖတို့ကို မြင်၍ အမိအဖတို့ထံသို့ ချဉ်းကပ်၏။

ရဟန်းတို့ ဒီဃီတိမည်သော ကောသလမင်းသည် အဝေးမှလာသော ဒီဃာဝုမင်းသားကို မြင်၍ “ချစ်သား ဒီဃာဝု သင်သည် အရှည်ကိုမကြည့်လင့်၊ အတိုကိုလည်းမကြည့်လင့်၊ ချစ်သားဒီဃာဝု ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းကုန်၊ ချစ်သား ဒီဃာဝု ရန်တုံ့မမူမှသာလျှင် ရန်တို့သည် ငြိမ်းကုန်၏” ဟု ဒီဃာဝုမင်းသားကို ပြောဆို၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ပြောဆိုင်သော် လူတို့သည် ဒီဃီတိမည်သော ကောသလမင်းကို "ဤဒီဃီတိမည်သော ကောသလမင်းသည် ရှူး၍ ယောင်ယမ်းပြောဆို၏။ ဤကောသလမင်း၏ ဒီဃာဝုကား အဘယ်နည်း၊ ဤကောသလမင်းသည် အဘယ်သူကို ချစ်သားဒီဃာဝု သင်သည် အရှည်ကိုမကြည့်လင့်၊ အတိုကိုလည်းမကြည့်လင့် ချစ်သားဒီဃာဝု ရန်တုန့်မှုသဖြင့် ရန်တို့သည် မငြိမ်းကုန်၊ ချစ်သား ဒီဃာဝု ရန်တုန့်မမူမှုသာလျှင် ရန်တို့သည် ငြိမ်းကုန်၏" ဟု ဆိုပါလိမ့်မည်နည်း ဟု ပြောဆိုကုန်၏။

အချင်းတို့ ငါသည် ရှူး၍ ယောင်ယမ်းပြောဆိုသည်မဟုတ်၊ စင်စစ်သော်ကား ပညာရှိသူသည် သိလတ္တံ့ ဟု ပြောဆို၏။ ရဟန်းတို့ နှစ်ကြိမ်မြောက်။ပ။ ရဟန်းတို့ ဒီဃီတိမည်သော ကောသလ မင်းသည် "ချစ်သားဒီဃာဝု သင်သည် အရှည်ကို မကြည့်လင့်၊ အတိုကိုလည်း မကြည့်လင့်၊ ချစ်သား ဒီဃာဝု ရန်တုန့်မှုသဖြင့် ရန်တို့သည် မငြိမ်းကုန်၊ ချစ်သားဒီဃာဝု ရန်တုန့်မမူမှုသာလျှင် ရန်တို့သည် ငြိမ်းကုန်၏" ဟု ဒီဃာဝုမင်းသားကို သုံးကြိမ်မြောက် ပြောဆို၏။

ရဟန်းတို့ လူတို့သည် ဒီဃီတိမည်သော ကောသလမင်းကို "ဤဒီဃီတိမည်သော ကောသလ မင်းသည် ရှူး၍ ယောင်ယမ်းပြောဆို၏၊ ဤကောသလမင်း၏ ဒီဃာဝုကား အဘယ်နည်း၊ ဤကော သလမင်းသည် အဘယ်သူကို ချစ်သားဒီဃာဝု သင်သည် အရှည်ကိုမကြည့်လင့်၊ အတိုကိုလည်းမကြည့် လင့်၊ ချစ်သားဒီဃာဝု ရန်တုံ့မှုသဖြင့် ရန်တို့သည် မငြိမ်းကုန်၊ ချစ်သားဒီဃာဝု ရန်တုန့်မမူမှုသာလျှင် ရန်တို့သည် ငြိမ်းကုန်၏" ဟု ဆိုပါလိမ့်မည်နည်း ဟု သုံးကြိမ်မြောက် ပြောဆိုကုန်၏။

အချင်းတို့ ငါသည် ရှူး၍ ယောင်ယမ်းပြောဆိုသည်မဟုတ်၊ စင်စစ်သော်ကား ပညာရှိသူသည် သိလတ္တံ့ ဟု ပြောဆို၏။

ရဟန်းတို့ ထိုအခါ ထိုလူတို့သည် ဒီဃီတိမည်သော ကောသလမင်းကို မယားနှင့်အတူ လမ်းမ တခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ လှည့်လည်ဆောင်ယူလျက် တောင်တံခါးဖြင့် ထွက်စေ၍ မြို့၏တောင်အရပ်၌ လေးပိုင်းဖြတ်ပြီးလျှင် လေးဖို့လေးစုတို့ကို (ပြုပြီး၍) အရပ်လေး မျက်နှာတို့၌ ချထားပြီးလျှင် အစောင့် အရှောက်ထား၍ ဖဲသွားကုန်၏။ ရဟန်းတို့ ထိုအခါ ဒီဃာဝု မင်းသားသည် ဗာရာဏသီပြည်သို့ ဝင်ပြီးလျှင် သေကိုဆောင်ယူခဲ့၍ အစောင့်တို့ကို သောက်စေ၏။ ထိုအစောင့်တို့သည် မူးရစ်၍ လဲသောအခါ ထင်းတို့ကို စုရုံး၍ အပုံပြုလျက် အမိအဖတို့၏ အလောင်း ကို ထင်းပုံထက်သို့တင်ကာ မီးတိုက်ပြီးလျှင် လက်အုပ်ချီ၍ ထင်းပုံကို သုံးကြိမ်လက်ျာရစ် လှည့်လည် ၏။

၄၆၁။ ထိုစဉ်အခါ၌ ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးသည် မြတ်သော ပြာသာဒ်အထက်၌ တည်နေခိုက်ဖြစ်၏။ ရဟန်းတို့ လက်အုပ်ချီ၍ ထင်းပုံကို သုံးကြိမ်လက်ျာရစ် လှည့်လည်နေသည့် ဒီဃာဝုမင်းသားကို မြင်သော ထိုဗြဟ္မဒတ်မင်းအား "ထိုသူသည် ဒီဃီတိမည်သော ကောသလမင်း၏ မိမျိုး ဖမျိုးသော်၎င်း သားချင်းသော်၎င်း မချွတ်ဖြစ်လတ္တံ့၊ ငါ့အား မည်သူကမျှ မပြောကြားပဲ နေတုံဘိ၏၊ သြော်ငါ့အား အကျိုးမဲ့ချေပြီတကား" ဟု အကြံဖြစ်၏။

ရဟန်းတို့ ထိုအခါ ဒီဃာဝုမင်းသားသည် တောသို့သွားပြီးလျှင် အလိုရှိတိုင်း ငိုကြွေးမြည်တမ်း ပြီးနောက် မျက်ရည်ကို သုတ်လျက် ဗာရာဏသီပြည်သို့ ဝင်ကာ နန်းတော်၏အနီး ဆင်တင်းကုပ်သို့ သွား၍ ဆင်ဆရာကို "ဆရာ အကျွန်ုပ်သည် အတတ်သင်လိုပါသည်" ဟု ပြောဆို၏။ အချင်း လုလင် သို့ဖြစ်လျှင် သင်လော့ ဟု (ပြောဆို၏)။

http://www.dhammadownload.com



ရဟန်းတို့ ထိုအခါ ဒီဃာဝုမင်းသားသည် ညဉ့်၏မိုးသောက်ယံအခါ၌ စောစောထ၍ ဆင်တင်းကုပ်၌ သာယာသောအသံဖြင့် သီဆို၏၊ စောင်းကိုလည်းတီး၏။ ရဟန်းတို့ ဗြဟ္မဒတ်အမည်ရှိသော ကာသိမင်းသည် ညဉ့်၏ မိုးသောက်ယံအခါ၌ စောစောထ၍ ဆင်တင်းကုပ်၌ သာယာသော အသံဖြင့် သီချင်းဆိုသံ စောင်းတီးသံကို ကြား၍ လူတို့ကို "အချင်းတို့ အဘယ်သူသည် ညဉ့်၏မိုးသောက်ယံအခါ၌ စောစောထ၍ ဆင်တင်းကုပ်၌ သာယာသော အသံဖြင့် သီချင်းဆိုဘိသနည်း စောင်းကိုလည်း တီးဘိသနည်း" ဟု မေး၏။

အရှင်မင်းကြီး ဤမည်သော ဆင်ဆရာ၏ အနီးနေတပည့် လုလင်သည် ညဉ့်၏ မိုးသောက်ယံအခါ၌ စောစောထ၍ ဆင်တင်းကုပ်၌ သာယာသောအသံဖြင့် သီချင်းဆိုပါသည်၊ စောင်းကိုလည်း တီးပါသည် ဟု (လျှောက်ကုန်၏)။ အချင်းတို့ သို့ဖြစ်လျှင် ထိုလုလင်ကို ခေါ်ခဲ့ကုန်လော့ ဟု (မိန့်ဆို၏)။

ရဟန်းတို့ ထိုလူတို့သည် "ကောင်းပါပြီ အရှင်မင်းကြီး" ဟု ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးအား ဝန်ခံပြီးလျှင် ဒီဃာဝုမင်းသားကို ခေါ်ခဲ့ကုန်၏။ အချင်းလုလင် သင်သည် ညဉ့်၏ မိုးသောက်ယံအခါ၌ စောစောထ၍ ဆင်တင်းကုပ်၌ သာယာသောအသံဖြင့် သီဆိုသလော၊ စောင်းကိုလည်း တီးသလော ဟု (မေး၏)။ မှန်ပါသည် အရှင်မင်းကြီး ဟု (လျှောက်၏)။ အချင်းလုလင် သို့ဖြစ်လျှင် သီဆိုလော့၊ စောင်းကိုလည်း တီးလော့ ဟု (မိန့်၏)။ ရဟန်းတို့ "ကောင်းပါပြီ အရှင်မင်းကြီး" ဟု ဒီဃာဝုမင်းသားသည် ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးအား နှစ်သက်စေလိုသည်ဖြစ်၍ သာယာသော အသံဖြင့် သီဆို၏၊ စောင်းကိုလည်း တီး၏။ "အချင်းလုလင် သင်သည် ငါ့ကို လုပ်ကျွေးခစားလော့" ဟု (ဆို၏)။

ရဟန်းတို့ ဒီဃာဝုမင်းသားသည် "ကောင်းပါပြီ အရှင်မင်းကြီး" ဟု ဗြဟ္မဒတ်မည်သော ကာသိမင်းအား ဝန်ခံ၏။ ရဟန်းတို့ ထိုအခါ ဒီဃာဝုမင်းသားသည် ဗြဟ္မဒတ်မည်သော ကာသိမင်းကြီး၏ ရှေးဦးစွာထ၍ နောက်မှ အိပ်လေ့ရှိ၏၊ အဘယ်အမှုကို ပြုရပါအံ့နည်း ဟု နာခံလျက် နေလေ့ရှိ၏၊ နှစ်လိုဖွယ်ကို ပြုကျင့်လေ့ရှိ၏၊ ချစ်ခင်ဖွယ်ကို ပြောလေ့ရှိ၏၊ ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးသည် မကြာမီပင်လျှင် ဒီဃာဝုမင်းသားကို အတွင်းကျသော အကျွမ်းဝင်သော အရာဌာန၌ ထား၏။

၄၆၂။ ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ်မည်သော ကာသိမင်းသည် ဒီဃာဝုမင်းသားကို "အချင်းလုလင် ရထားကပလော့၊ သမင်တောသို့ သွားကုန်အံ့" ဟု ဆို၏။ ရဟန်းတို့ ဒီဃာဝုမင်းသားသည် "ကောင်းပါပြီ အရှင်မင်းကြီး" ဟု ဗြဟ္မဒတ်မည်သော ကာသိမင်းအား ဝန်ခံ၍ ရထားကပြီးလျှင် ဗြဟ္မဒတ်မည်သော ကာသိမင်းကို "အရှင်မင်းကြီး သင်မင်းကြီး၏ ရထားကပြီးပါပြီ၊ ယခုအခါ သွားရန် အချိန်ကို အရှင်မင်းကြီးသိတော်မူပါ၏။ (သွားရန်မှာ အရှင်မင်းကြီး၏ အလိုအတိုင်းပင် ဖြစ်ပါသည်)" ဟု ဆို၏။

ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးသည် ရထားကို တက်စီး၏၊ ဒီဃာဝုမင်းသားသည် ရထားကို မောင်းနှင်၏၊ စစ်သည်က တလမ်းသွား၍ ရထားကတလမ်းသွားအောင် မောင်းနှင်၏။ ရဟန်းတို့ ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးသည် အဝေးသို့ ရောက်သောအခါ ဒီဃာဝုမင်းသားကို "အချင်းလုလင် ရထားကို ချွတ်လော့၊ ပင်ပန်း၏၊ အိပ်အံ့" ဟု မိန့်ဆို၏။

ရဟန်းတို့ ဒီဃာဝုမင်းသားသည် "ကောင်းပါပြီ အရှင်မင်းကြီး" ဟု ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးအား ဝန်ခံ၍ ရထားကို ချွတ်ပြီးလျှင် မြေ၌ ထက်ဝယ်ပလ္လင်ဖြင့် ထိုင်နေ၏။ ရဟန်းတို့

http://www.dhammadownload.com



ထိုအခါ ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးသည် ဒီဃာဝုမင်းသား၏ ရင်ခွင်၌ ဦးခေါင်းချ၍ အိပ်လေ၏၊ ပင်ပန်းသော ထိုမင်းကြီးသည် တမဟုတ်ခြင်းဖြင့်ပင် အိပ်ပျော်ခြင်းသို့ ရောက်၏။ ရဟန်းတို့ ထိုအခါ ဒီဃာဝုမင်းသားအား ဤသို့ အကြံဖြစ်၏၊ "ဤဗြဟ္မဒတ်မည်သော ကာသိမင်းကြီးသည် ငါတို့၏ အကျိုးမဲ့ကို များစွာပြုခဲ့၏၊ ဤမင်းကြီးသည် ငါတို့၏ ရဲမက်ဗိုလ်ပါ ဆင်မြင်း ရထားနှင့် ဇနပုဒ်ကိုင်း ဘဏ္ဍာတိုက်နှင့် ကျီကြကိုင်း လုယက်ဖျက်ဆီး၏၊ ဤမင်းကြီးသည် ငါ၏ အမိအဖတို့ကို လည်းသတ်၏၊ ဤအခါသည်ကား ငါရန်တုံ့ မူရမည့် အခါတည်း" ဟု သန်လျက် အိမ်မှ သန်လျက်ကို ဆွဲထုတ်၏။

ရဟန်းတို့ ထိုအခါ ဒီဃာဝုမင်းသားအား ဤသို့ အကြံဖြစ်ပြန်၏၊ "ခမည်းတော်သည် သေခါနီး အခါ၌ 'ချစ်သားဒီဃာဝု သင်သည် အရှည်ကို မကြည့်လင့်၊ အတိုကိုလည်း မကြည့်လင့်၊ ချစ်သား ဒီဃာဝု ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းကုန်။ ချစ်သားဒီဃာဝု ရန်တုံ့ မမူမှုသာလျှင် ရန်တို့သည် ငြိမ်းကုန်၏' ဟု ငါ့ကို ပြောဆိုမှာထားခဲ့၏၊ ငါသည် ခမည်းတော်၏ စကားကို လွန်ဆန်ခြင်းငှါ မသင့်" ဟု သန်လျက် အိမ်သို့ သန်လျက်ကို ပြန်သွင်း၏။

ရဟန်းတို့ ဒီဃာဝုမင်းသားအား နှစ်ကြိမ်မြောက်လည်း ဤသို့အကြံဖြစ်၏၊ "ဤဗြဟ္မဒတ် မည်သော ကာသိ မင်းကြီးသည် ငါတို့၏ အကျိုးမဲ့ကိုများစွာပြုခဲ့၏၊ ဤမင်းကြီးသည် ငါတို့၏ ရဲမက် ဗိုလ်ပါ ဆင်မြင်း ရထားနှင့် ဇနပုဒ်ကိုင်း ဘဏ္ဍာတိုက်နှင့် ကျီကြကိုင်း လုယက်ဖျက်ဆီး၏၊ ဤမင်းကြီးသည် ငါ၏ အမိအဖတို့ကိုလည်း သတ်၏၊ ဤအခါသည်ကား ငါ ရန်တုံ့မူရမည့်အခါ တည်း" ဟု သန်လျက်အိမ်မှ သန်လျက်ကို ဆွဲထုတ်၏။

ရဟန်းတို့ ဒီဃာဝုမင်းသားအား နှစ်ကြိမ်မြောက်လည်း ဤသို့ အကြံဖြစ်ပြန်၏၊ "ခမည်းတော် သည် သေခါနီးအခါ၌ 'ချစ်သားဒီဃာဝု သင်သည် အရှည်ကို မကြည့်လင့်၊ အတိုကိုလည်း မကြည့် လင့်၊ ချစ်သားဒီဃာဝု ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းကုန်၊ ချစ်သားဒီဃာဝု ရန်တုံ့မမူမှု သာလျှင် ရန်တို့သည် ငြိမ်းကုန်၏' ဟု ငါ့ကိုပြောဆိုမှာထားခဲ့၏။ ငါသည် ခမည်းတော်၏ စကားကို လွန်ဆန်ခြင်းငှါ မသင့်" ဟု တဖန် သန်လျက်အိမ်၌ သန်လျက်ကို ပြန်သွင်း၏။

ရဟန်းတို့ ဒီဃာဝု မင်းသားအား သုံးကြိမ်မြောက်လည်း ဤသို့ အကြံဖြစ်၏၊ "ဤဗြဟ္မဒတ် မည်သော ကာသိမင်းကြီးသည် ငါတို့၏ အကျိုးမဲ့ကို များစွာပြုခဲ့၏၊ ဤမင်းကြီးသည် ငါတို့၏ ရဲမက် ဗိုလ်ပါ ဆင်မြင်းရထားနှင့် ဇနပုဒ်ကိုင်း ဘဏ္ဍာတိုက်နှင့် ကျီကြကိုင်း လုယက်ဖျက်ဆီး၏၊ ဤ မင်းကြီးသည် ငါ၏ အမိအဖတို့ကိုလည်း သတ်၏၊ ဤအခါသည်ကား ငါ ရန်တုံ့မူရမည့် အခါတည်း" ဟု သန်လျက်အိမ်မှ သန်လျက်ကို ဆွဲထုတ်၏။

ရဟန်းတို့ ဒီဃာဝု မင်းသားအား သုံးကြိမ်မြောက်လည်း ဤသို့ အကြံဖြစ်ပြန်၏၊ "ခမည်း တော်သည် သေခါနီးအခါ၌ 'ချစ်သားဒီဃာဝု သင်သည် အရှည်ကိုမကြည့်လင့်၊ အတိုကိုလည်း မကြည့်လင့် ချစ်သားဒီဃာဝု ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းကုန်၊ ချစ်သားဒီဃာဝု ရန်တုံ့မမူမှု သာလျှင် ရန်တို့သည် ငြိမ်းကုန်၏' ဟု ငါ့ကို ပြောဆိုမှာထားခဲ့၏၊ ငါသည် ခမည်းတော်၏ စကားကို လွန်ဆန်ခြင်းငှါ မသင့်" ဟု သန်လျက်အိမ်၌ သန်လျက်ကို ပြန်သွင်း၏။

ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးသည် ကြောက်ရွံ့ ထိတ်လန့် စိတ်မသန့်ပဲ တဖျတ်ဖျတ်လန့်သည်ဖြစ်၍ အဆောတလျင်ထလေ၏။ ရဟန်းတို့ ထိုအခါ ဒီဃာဝုမင်းသားသည် ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးကို "အရှင်မင်းကြီး အဘယ့်ကြောင့် သင်သည် ကြောက်ရွံ့

http://www.dhammadownload.com



ထိတ်လန့် စိတ်မသန့်ပဲ တဖျတ်ဖျတ်လန့်သည်ဖြစ်၍ အဆောတလျင် ထဘိသနည်း" ဟု ပြောဆို မေးမြန်း၏။

အချင်းလုလင် ယခုအခါ အိပ်မက်ထည်း၌ ငါ့ကို ဒီဃီတိမည်သော ကောသလမင်းကြီး၏ သားဖြစ်သော ဒီဃာဝုမင်းသားက သန်လျက်ဖြင့် လိုက်သောကြောင့် ငါသည် ကြောက်၍ ထိတ်လန့် စိတ်မသန့်ပဲ တဖျတ်ဖျတ်လန့်သည်ဖြစ်၍ အဆောတလျင် ထ၏ဟု ပြောဆို၏။ ရဟန်းတို့ ထိုအခါ ဒီဃာဝုမင်းသားသည် လက်ဝဲလက်ဖြင့် ဗြဟ္မဒတ် မည်သော ကာသိမင်းကြီး၏ ဦးခေါင်းကို ကိုင်၍ လက်ျာလက်ဖြင့် သန်လျက်ကို ထုတ်ကာ ဗြဟ္မဒတ် မည်သော ကာသိမင်းကြီးကို "အရှင်မင်းကြီး ဒီဃီတိ မည်သော ကောသလမင်း၏ သားဖြစ်သော ထိုဒီဃာဝုမင်းသားသည်ကား ငါပင်တည်း၊ သင်သည် ငါတို့၏ အကျိုးမဲ့ကို များစွာပြု၏၊ သင်သည် ငါတို့၏ ရဲမက်ဗိုလ်ပါ ဆင်မြင်း ရထားနှင့် ဇနပုဒ်ကိုရင်း ဘဏ္ဍာတိုက်နှင့် ကျီကြကိုရင်း လုယက်ဖျက်ဆီး၏၊ သင်သည်ပင် ငါ၏ အမိအဖတို့ကို သတ်၏၊ ဤအခါသည်ကား ငါရန်တုံ့မူရမည့် အခါတည်း" ဟု ပြောဆို၏။

ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ် မည်သော ကာသိမင်းကြီးသည် ဒီဃာဝုမင်းသား၏ ခြေတို့၌ ဦးခိုက်၍ "ချစ်သား ဒီဃာဝု ငါ၏ အသက်ကို ပေးပါလော့၊ ချစ်သား ဒီဃာဝု ငါ၏ အသက်ကို ပေးပါလော့" ဟု ဒီဃာဝုမင်းသားကို ပြောဆို၏၊ အကျွန်ုပ်သည် အရှင်မင်းကြီး၏ အသက်ကို ပေးခြင်းငှါ အဘယ်မှာ တတ်နိုင်ပါအံ့နည်း၊ အရှင်မင်းကြီးသည်သာလျှင် အကျွန်ုပ်၏ အသက်ကို ပေးနိုင်ရာ၏ ဟု (ဒီဃာဝုက ပြောဆို၏)။

ချစ်သားဒီဃာဝု သို့ဖြစ်လျှင် သင်သည်လည်း ငါ၏ အသက်ကို ပေးလော့၊ ငါသည်လည်း သင်၏ အသက်ကို ပေးအံ့ ဟု (ပြောဆို၏)။ ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ် မည်သော ကာသိမင်းကြီးနှင့် ဒီဃာဝုမင်းသားတို့သည် အချင်းချင်း အသက်ကို ပေးကုန်၏၊ လက်ကိုလည်း ဆွဲကိုင်ကုန်၏၊ (အချင်းချင်း) မပြစ်မှားရန် ကတိသစ္စာကျိန်ဆိုခြင်းကိုလည်း ပြုကုန်၏၊ ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ်မည်သော ကာသိမင်းသည် ဒီဃာဝုမင်းသားကို "ချစ်သားဒီဃာဝု သို့ဖြစ်လျှင် ရထားကလော့ သွားကုန်အံ့" ဟု ပြောဆို၏။

ရဟန်းတို့ ဒီဃာဝုမင်းသားသည် "ကောင်းပါပြီ အရှင်မင်းကြီး" ဟု ဗြဟ္မဒတ်မည်သော ကာသိမင်းအား ဝန်ခံ၍ ရထားကို ကပြီးလျှင် ဗြဟ္မဒတ် မည်သော ကာသိမင်းကို "အရှင်မင်းကြီး သင်မင်းကြီး၏ ရထားကပြီးပါပြီ၊ ယခုသွားရန်အချိန်ကို သင်မင်းကြီး သိတော်မူပါ၏ (သွားရန်မှာ အရှင်မင်းကြီး၏ အလိုအတိုင်းပင် ဖြစ်ပါသည်)" ဟု လျှောက်၏။

ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ် မည်သော ကာသိမင်းသည် ရထားကို တက်စီးလေ၏၊ ဒီဃာဝု မင်းသားသည် ရထားကို မောင်းနှင်လေ၏၊ မကြာမီပင် စစ်သည်နှင့် ပေါင်းဆုံမိမည့် လမ်းအတိုင်း ရထားကိုမောင်းနှင်လေ၏။ ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ်မည်သော ကာသိမင်းသည် ဗာရာဏသီပြည်သို့ ဝင်ပြီးလျှင် အမတ်ပရိသတ်တို့ကို စည်းဝေးစေ၍ "အချင်းတို့ ဒီဃီတိ မည်သော ကောသလမင်း၏ သားဖြစ်သော ဒီဃာဝုမင်းသားကို တွေ့မြင်လျှင် အသို့ပြုကုန်အံ့နည်း" ဟု မေးမြန်း၏။

အချို့သော အမတ်တို့က "အရှင်မင်းကြီး အကျွန်ုပ်တို့သည် လက်တို့ကို ဖြတ်ပါကုန်အံ့။ အရှင်မင်းကြီး အကျွန်ုပ်တို့သည် ခြေတို့ကို ဖြတ်ပါကုန်အံ့။ အရှင်မင်းကြီး အကျွန်ုပ်တို့သည် လက်ခြေတို့ကို ဖြတ်ပါကုန်အံ့။ အရှင်မင်းကြီး အကျွန်ုပ်တို့သည် နားတို့ကို ဖြတ်ပါကုန်အံ့။ အရှင်မင်းကြီး အကျွန်ုပ်

http://www.dhammadownload.com



တို့သည် နှာခေါင်းကို ဖြတ်ပါကုန်အံ့။ အရှင်မင်းကြီး အကျွန်ုပ်တို့သည် နားနှာခေါင်းကို ဖြတ်ပါကုန်အံ့။ အရှင်မင်းကြီး အကျွန်ုပ်တို့သည် ဦးခေါင်းကို ဖြတ်ပါကုန်အံ့" ဟု ပြောဆိုကုန်၏။

အချင်းတို့ ဤသူသည်ကား ဒီဃီတိမည်သော ကောသလမင်း၏သားဖြစ်သော ဒီဃာဝုမင်းသားတည်း၊ ဤမင်းသားကို တစုံတခုသော အမှုကိုမျှပြုရန် မရတော့ပြီ၊ ဤမင်းသားသည်လည်း ငါ့အား အသက်ကိုပေးခဲ့ပြီ၊ ငါသည်လည်း ဤမင်းသားအား အသက်ကိုပေးခဲ့ပြီ ဟု ပြောဆို၏။

၄၆၃။ ရဟန်းတို့ ထို့နောက် ဗြဟ္မဒတ်မည်သော ကာသိမင်းကြီးသည် ဒီဃာဝုမင်းသားကို "ချစ်သားဒီဃာဝု သင်၏ အဖသည် သေခါနီးအခါ၌ 'ချစ်သားဒီဃာဝု သင်သည် အရှည်ကို မကြည့်လင့်၊ အတိုကိုလည်းမကြည့်လင့်၊ ချစ်သားဒီဃာဝု ရန်တို့မှုသဖြင့် ရန်တို့သည် မငြိမ်းကုန်၊ ချစ်သား ဒီဃာဝု ရန်တုံ့မမှုမှသာလျှင် ရန်တို့သည် ငြိမ်းကုန်၏' ဟု မှာထားခဲ့၏၊ သင်၏ အဖသည် အဘယ်ကို ရည်၍ မှာထားခဲ့ပါသနည်း" ဟု မေးမြန်း၏။

အရှင်မင်းကြီး အကျွန်ုပ်၏အဖသည် သေခါနီးအခါ၌ "အရှည်ကိုမကြည့်လင့်" ဟု ပြောဆိုမှာထားခဲ့သော စကားသည် "ရှည်မြင့်စွာရန်ကိုမပြုလင့်" ဟု ပြောဆိုမှာထားခဲ့ခြင်းဖြစ်ပါသည်။ အရှင်မင်းကြီး ဤအဓိပ္ပါယ်ကိုရည်၍ အကျွန်ုပ်၏အဖသည် သေခါနီးအခါ၌ "အရှည်ကို မကြည့်လင့်" ဟု ပြောဆိုမှာထားခဲ့ပါ၏။

အရှင်မင်းကြီး အကျွန်ုပ်၏အဖသည် သေခါနီးအခါ၌ "အတိုကိုလည်းမကြည့်လင့်" ဟု ပြောဆို မှာထားခဲ့သောစကားသည်ကား "အဆွေခင်ပွန်းတို့နှင့် လျင်မြန်စွာမိတ်မပျက်စေလင့်" ဟု ပြောဆို မှာထားခဲ့ခြင်းဖြစ်ပါ၏။ အရှင်မင်းကြီး ဤအဓိပ္ပါယ်ကိုရည်၍ အကျွန်ုပ်၏အဖသည် သေခါနီး အခါ၌ "အတိုကိုလည်း မကြည့်လင့်" ဟု ပြောဆိုမှာထားခဲ့ပါ၏။

အရှင်မင်းကြီး အကျွန်ုပ်၏အဖသည် သေခါနီးအခါ၌ "ချစ်သားဒီဃာဝု ရန်တုံ့မှုသဖြင့် ရန်တို့သည်မငြိမ်းကုန်၊ ရန်တုံ့မမှုမှသာလျှင် ရန်တို့သည်ငြိမ်းကုန်၏" ဟု ပြောဆိုမှာထားခဲ့သော စကားသည်ကား "အရှင်မင်းကြီးသည် အကျွန်ုပ်၏ အမိအဖတို့ကို သတ်သည်" ဟု အကယ်၍ အကျွန်ုပ်က မင်းကြီးကို သတ်ငြားအံ့၊ မင်းကြီး၏အကျိုးကို အလိုရှိသော သူတို့သည် အကျွန်ုပ်ကို သတ်ကုန်ရာ၏၊ အကျွန်ုပ်အကျိုးကို အလိုရှိသော သူတို့သည် ထိုသူတို့ကိုသတ်ကုန်ရာ၏၊ ဤသို့ သတ်သည်ရှိသော် ထိုရန်သည် ရန်တုံ့မှုသဖြင့် မငြိမ်းနိုင်ရာ။

ယခုအခါ၌မူ အရှင်မင်းကြီးသည် အကျွန်ုပ်အား အသက်ကို ပေး၏၊ အကျွန်ုပ်ကလည်း အရှင်မင်းကြီးအား အသက်ကိုပေး၏၊ ဤသို့ပေးသဖြင့် ထိုရန်သည် ရန်တုံ့မမှုသဖြင့် ငြိမ်း၏၊ အရှင်မင်းကြီး ဤအဓိပ္ပါယ်ကို ရည်၍ အကျွန်ုပ်၏အဖသည်သေခါနီးအခါ၌ "ချစ်သားဒီဃာဝု ရန်တုံ့မှုသဖြင့် ရန်တို့သည် မငြိမ်းကုန်၊ ချစ်သားဒီဃာဝု ရန်တုံ့မမှုမှသာလျှင် ရန်တို့သည် ငြိမ်းကုန်၏" ဟု ပြောဆိုမှာထားခဲ့ပါသည် ဟု (လျှောက်၏)။

ရဟန်းတို့ ထိုအခါ ဗြဟ္မဒတ်မည်သော ကာသိမင်းသည် "အချင်းတို့ အံ့ဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ ဤဒီဃာဝုမင်းသားသည် အလွန်ပညာရှိ၏၊ အကျဉ်းချုပ် အဖမှာထားခဲ့သော စကား၏ အဓိပ္ပါယ်ကို အကျယ်အားဖြင့် သိပေ၏" ဟု (ဆို၍) အဖ၏ဥစ္စာဖြစ်သော ခြေသည် သူရဲ ရဲမက်ဗိုလ်ပါ ဆင်မြင်းရထားနှင့် ဇနပုဒ်ကိုရင်း ဘဏ္ဍာတိုက်နှင့် ကျီကြကိုရင်း ပြန်၍ပေးသည့်ပြင် သမီးကိုလည်းပေးလေ၏။

http://www.dhammadownload.com



ရဟန်းတို့ တုတ်ကို ဆောင်ကုန်သော ခွားလက်နက်ကို ဆောင်ကုန်သော ထိုမင်းတို့အားသော်မှလည်း ဤသို့ သဘောရှိသော သည်းခံခြင်း နှစ်သက်ခြင်းသည် ဖြစ်တုံဘိသေး၏၊ ရဟန်းတို့ သင်တို့သည် ဤသို့ ကောင်းစွာ ဟောကြားအပ်သော ဤသာသနာတော်၌ ရဟန်းပြုလျက် သည်းခံသူ နှစ်သက်သူ ဖြစ်ထိုက်သည်အားလျော်စွာ သည်းခံခြင်း နှစ်သက်ခြင်းတို့ဖြင့် တင့်တယ်ကုန်လော့ ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် "ရဟန်းတို့ မသင့်တော် ငြင်းခုံခြင်း မပြုကုန်လင့်၊ ခိုက်ရန်မပြုကုန်လင့်၊ ထိပါးနှောင့်ယှက် ဆန့်ကျင်ဖက် မပြုကြကုန်လင့်" ဟု သုံးကြိမ်မြောက်လည်း ထိုရဟန်းတို့ကို မိန့်တော်မူ၏။

ထိုအဓမ္မဝါဒီ ရဟန်းသည် မြတ်စွာဘုရားကို "အသျှင်ဘုရား တရားအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆိုင်းငံ့တော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် မျက်မှောက် ချမ်းသာရေးကို အားထုတ်လျက် ကြောင့်ကြမဲ့ နေတော်မူပါလော့၊ အကျွန်ုပ်တို့သည် ထိုငြင်းခုံခြင်း ခိုက်ရန်ပြုခြင်း ထိပါးနှောင့်ယှက် ဆန့်ကျင်ဖက် ပြုခြင်းဖြင့် ထင်ရှားပါကုန်အံ့" ဟု သုံးကြိမ်တိုင်အောင်ပင် မြတ်စွာဘုရားကို လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် "ဤ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် (ဆုံးမခြင်းမှ) ကုန်ဆုံးခြင်း သဘောရှိကုန်၏ 'ဆုံးမ၍ မရတော့ကုန်'။ ဤရဟန်းတို့ကို သိစေရန် မလွယ်ကုန်" ဟု (နှလုံးပိုက်လျက်) နေရာမှ ထကာ ဖဲခွါကြွသွားတော်မူလေသတည်း။

ပဌမ ဒီဃာဝုအခန်း ပြီး၏။

၄၆၄။ ထိုအခါ မြတ်စွာဘုရားသည် နံနက် အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူကာ ကောသမ္ဗီပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ကောသမ္ဗီပြည်၌ ဆွမ်းခံ လှည့်လည်ပြီး၍ ဆွမ်းစားပြီးနောက် ဆွမ်းစားရာမှ ဖဲလျက် အိပ်ရာ နေရာကို သိမ်းဆည်းတော်မူပြီးလျှင် သပိတ် သင်္ကန်းကို ယူ၍ သံဃာ့အလယ်၌ ရပ်တော်မူလျက်သာလျှင် ဤဂါထာတို့ကို ရွတ်ဆိုတော်မူ၏။

(ဤခိုက်ရန်ဖြစ်ပွါးသော ရဟန်းအားလုံးသည်) ကျယ်လောင် ဆူညံသော အသံရှိ၏၊ အားလုံးထပ်တူပင်ဖြစ်၏၊ တစုံတယောက်မျှ ငါမိုက်မည်းစွ ဟု မအောက်မေ့၊ ထို့ပြင်လည်း ငါ့ကြောင့် သံဃာကွဲပြား၏ ဟူသော အကြောင်းကိုလည်း မအောက်မေ့။

သတိကင်းလွတ်၍ ပညာရှိယောင်ဆောင်သော ရဟန်းတို့သည် ခံတွင်းကျယ်ပြန့်လိုသလောက် ကျယ်ကာစကားဆို၍ သာနေကြကုန်၏၊ ယင်းသို့ ခိုက်ရန်ဖြစ်ပွါးနေသဖြင့် ဤအရှက်မဲ့သည်၏ အဖြစ်သို့ ရောက်သွားသည်ကိုကား မသိကြကုန်။

ဤသူသည် ငါ့ကိုဆဲရေး၏၊ ဤသူသည် ငါ့ကို နှိပ်စက်၏၊ ဤသူသည် ငါ့ကို အောင်နိုင်၏၊ ဤသူသည် ငါ၏ဥစ္စာကိုဆောင်၏ ဟု ရန်ငြိုးဖွဲ့သတိအား ရန်မငြိမ်းနိုင်။

ဤသူသည် ငါ့ကိုဆဲရေး၏၊ ဤသူသည် ငါ့ကိုနှိပ်စက်၏၊ ဤသူသည် ငါ့ကိုအောင်နိုင်၏၊ ဤသူသည် ငါ၏ဥစ္စာကို ဆောင်၏ ဟု ရန်ငြိုးမဖွဲ့သူတို့အား ရန်ငြိမ်း၏။

http://www.dhammadownload.com



ဤလောက၌ ရန်တို့မည်သည် ရန်ဘုံမှုသဖြင့် တရံတဆစ်မျှ မငြိမ်းနိုင်ကုန်၊ ရန်တုံ့မမူမှ သာလျှင် ငြိမ်းကုန်၏၊ ဤသဘောတရားသည် ရှေးသူဟောင်းတို့၏ သဘောတရားပေတည်း။

ဤ(သံဃာ့အလယ်၌) ပညာမရှိသော ရဟန်းတို့သည် သေမင်းအထံသို့ ငါတို့လားရကုန်အံ့ ဟု မသိကုန်၊ ထို (သံဃာ့အလယ်) ၌ သိသော ရဟန်းတို့အား ထိုသို့သိခြင်းကြောင့် ငြင်းခုံခြင်းတို့သည် ငြိမ်းကုန်၏။

(အမိအဖတို့၏) အရိုးကိုဖြတ်၍ အသက်ကို သတ်ပြီးလျှင် နွားကျွဲ ဆင် မြင်း ဥစ္စာကို ဆောင်လျက် တိုင်းနိုင်ငံကို လုယက် ဖျက်ဆီးသော ရန်သူတို့အား သော်လည်း စေ့စပ် ညီညွတ်ခြင်းသည် ဖြစ်နိုင်တုံသေး၏၊ အဘယ့်ကြောင့် သင်တို့အား မဖြစ်နိုင်ရာသနည်း။

သတိရှိသူသည် အဘူကျင့်ဖော်ဖြစ်သော ကောင်းစွာနေလေ့ရှိသော တည်တံ့သော သမာဓိ ရှိသော ရင့်ကျက်သော ပညာရှိသော အပေါင်းအဖော်ကိုအကယ်၍ ရငြားအံ့၊ အလုံးစုံသော ဘေးရန်တို့ကို လွှမ်းမိုး နှိပ်စက်၍ ထိုအပေါင်းအဖော်နှင့် အတူတကွ နှစ်လိုဝမ်းသာ ကျင့်ရာ၏။

အဘူကျင့်ဖော်ဖြစ်သော ကောင်းစွာနေလေ့ရှိသော တည်တံ့သော သမာဓိရှိသော ရင့်ကျက် သော ပညာရှိသော အပေါင်းအဖော်ကို အကယ်၍ မရငြားအံ့၊ တိုင်းပြည် နိုင်ငံကို စွန့်၍ ရသေ့ရဟန်းပြုသော မဟာဇနကမင်း အရိန္ဒမမင်းကဲ့သို့၎င်း မာတင်္ဂအမျိုး၌ဖြစ်သော ဆင်ပြောင်ကြီးကဲ့သို့၎င်း တောမြိုင်ကြီး၌ တယောက်ထီးထည်း ကျင့်ရာ၏။

တယောက်ထီးထည်း ကျင့်ရခြင်းသည် မြတ်၏၊ သူမိုက်၌ အပေါင်းအဖော်ဖွဲ့ရခြင်းကား မြတ်သည်မရှိ၊ မာတင်္ဂအမျိုး၌ဖြစ်သော ဆင်ပြောင်ကြီးသည် တောမြိုင်ကြီး၌ ကြောင့်ကြမဲ့နေ သကဲ့သို့ တယောက်ထီးထည်း နေရာ၏၊ မကောင်းမှုတို့ကို မပြုရာ ဟု (ရွတ်ဆိုတော်မူ၏)။

## ၂၇၃-ဗာလကလောဏကရွာသို့ ကြွတော်မူခြင်း

၄၆၅။ ထိုအခါ မြတ်စွာဘုရားသည် သံဃာ့အလယ်၌ ရပ်တော်မူလျက်သာလျှင် ဤဂါထာတို့ ကို ရွတ်ဆိုတော်မူပြီးနောက် ဗာလကလောဏကရွာသို့ ချဉ်းကပ်တော်မူ၏။ ထိုအခါ ဗာလကလော ဏကရွာ၌ နေသော အသျှင်ဘဂုသည် မြတ်စွာဘုရား အဝေးမှ ကြွလာတော်မူသည်ကိုမြင်၍ နေရာ ကိုခင်း၏၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထား၏၊ ခရီးဦးကြိုဆို၍ သပိတ်သင်္ကန်းကို လှမ်းယူ၏။ မြတ်စွာဘုရားသည် ခင်းထားသောနေရာ၌ ထိုင်နေတော်မူလျက် ခြေဆေးတော်မူ၏။ မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေသော အသျှင်ဘဂုကို မြတ်စွာဘုရားက "ရဟန်း ကျန်းမာ၏လော၊ မျှတ၏လော၊ ဆွမ်းဖြင့် မပင်ပန်းပဲ ရှိ၏လော" ဟု မေးတော်မူ၏။

ကျန်းမာပါသည် မြတ်စွာဘုရား၊ မျှတပါသည် မြတ်စွာဘုရား၊ အသျှင်ဘုရား အကျွန်ုပ်သည် ဆွမ်းဖြင့်လည်းမပင်ပန်းပါ ဟု (လျှောက်၏)။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်ဘဂုကို တရား စကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံး ရန်) ထက်သန်ရွှင်လန်းစေပြီးသော် နေရာမှထတော် အနုရုဒ္ဓါ ... 

http://www.dhammadownload.com



## ၂၇၄-အရွှေဝါးတောသို့ ကြွတော်မူခြင်း

၄၆၆။ ထိုစဉ်အခါ၌ အသျှင်အနုရုဒ္ဓါ အသျှင်နန္ဒိယ အသျှင်ကိမိလတို့သည် အရွှေဝါးတော၌ နေကုန်၏။ တောစောင့်သည် ကြွလာတော်မူသော မြတ်စွာဘုရားကို အဝေးကမြင်၍ "အသျှင်ရဟန်း ဤတောသို့ မဝင်ပါလင့်၊ ဤတော၌ သူတော်ကောင်းဖြစ်သော သုံးယောက်သော အမျိုးကောင်းသားတို့သည် မိမိ၏ အကျိုးစီးပွါးကို လိုလားသော သဘောရှိသည်ဖြစ်၍ နေပါကုန်၏၊ ထိုသုံးယောက်သော အမျိုးကောင်းသားတို့၏ မချမ်းသာမှုကို မပြုပါလင့်" ဟု မြတ်စွာဘုရားကို လျှောက်၏။

အသျှင်အနုရုဒ္ဓါသည် မြတ်စွာဘုရားနှင့်အတူ စကားပြောဆိုသော တောစောင့်၏ စကားကို ကြား၍ "ငါ့သျှင် တောစောင့် မြတ်စွာဘုရားကို မတားမြစ်ပါလင့်၊ ငါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆိုက်ရောက်လာတော်မူ၏" ဟု တောစောင့်ကို ပြောဆို၏။ ထိုအခါ အသျှင်အနုရုဒ္ဓါသည် အသျှင်နန္ဒိယ အသျှင်ကိမိလတို့ထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်နန္ဒိယနှင့် အသျှင်ကိမိလတို့ကို "အသျှင်တို့ လာကုန်လော့၊ အသျှင်တို့ လာကုန်လော့၊ ငါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆိုက်ရောက်လာတော်မူ၏" ဟု ပြောဆို၏။

ထိုအခါ အသျှင်အနုရုဒ္ဓါ အသျှင်နန္ဒိယ အသျှင်ကိမိလတို့သည် မြတ်စွာဘုရားကို ခရီးဦးကြိုဆို၍ တပါးက မြတ်စွာဘုရား၏ သပိတ် သင်္ကန်းကို လှမ်းယူ၏၊ တပါးက နေရာကို ခင်း၏၊ တပါးက ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ချထား၏၊ မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၍ ခြေတို့ကို ဆေးတော်မူ၏။ ထိုအသျှင်တို့သည်လည်း မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေကုန်၏။ တခုသော နေရာ၌ ထိုင်နေသော အသျှင်အနုရုဒ္ဓါကို မြတ်စွာဘုရားသည် "အနုရုဒ္ဓါတို့ သင်တို့သည် ကျန်းမာကုန်၏လော၊ မျှတကုန်၏လော၊ ဆွမ်းဖြင့် မပင်ပန်းပဲ ရှိကုန်၏လော" ဟု မေးတော်မူ၏။ ကျန်းမာပါသည် မြတ်စွာဘုရား၊ မျှတပါသည် မြတ်စွာဘုရား၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် ဆွမ်းဖြင့် မပင်ပန်းပါကုန် ဟု (လျှောက်ကုန်၏)။

အနုရုဒ္ဓါတို့ သင်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိကြပဲ နို့နှင့်ရေကဲ့သို့ ဖြစ်၍ အချင်းချင်း ချစ်ဖွယ်သော မျက်စိတို့ဖြင့် ကောင်းစွာ ကြည့်ကုန်လျက် နေကုန်၏လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား စင်စစ်အားဖြင့် အကျွန်ုပ်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိကြပဲ နို့နှင့်ရေကဲ့သို့ဖြစ်၍ အချင်းချင်း ချစ်ဖွယ်သော မျက်စိတို့ဖြင့် ကောင်းစွာ ကြည့်လျက် နေပါကုန်၏ ဟု (လျှောက်ကုန်၏)။

အနုရုဒ္ဓါတို့ သင်တို့သည် အဘယ်သို့လျှင် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိကြပဲ နို့နှင့်ရေကဲ့သို့ဖြစ်၍ အချင်းချင်း ချစ်ဖွယ်သော မျက်စိတို့ဖြင့် ကောင်းစွာ ကြည့်ကုန်လျက် နေကုန်သနည်း ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤတော၌ နေသော အကျွန်ုပ်အား "ငါသည် အရတော်စွတကား၊ ငါသည် ကောင်းစွာ ရအပ်ပေသည်တကား၊ ငါသည် ဤသို့ သဘောရှိသော သီတင်းသုံးဖော်တို့နှင့်အတူ နေရပေသည်တကား" ဟု အကြံဖြစ်ပါ၏။

အသျှင်ဘုရား အကျွန်ုပ်အား ဤအသျှင်တို့၌ မေတ္တာကာယကံကို မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း ဆောက်တည်ပါ၏၊ မေတ္တာဝစီကံ။ မေတ္တာမနောကံကို မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း ဆောက်တည်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်အား "ငါ မိမိ၏ စိတ်ကို ထား၍ ဤအသျှင်တို့၏

http://www.dhammadownload.com



စိတ်အလိုဖြင့်သာလျှင် ကျင့်ရမူ ကောင်းရာ၏” ဟု အကြံဖြစ်ပါသည်၊ အသျှင်ဘုရား အကျွန်ုပ်သည် မိမိ၏ စိတ်ကိုထား၍ ဤအသျှင်တို့၏ စိတ်ဖြင့်သာလျှင် ကျင့်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်တို့အား ကိုယ်တို့သာ ကွဲပြားပါကုန်၏၊ စိတ်သည်ကား တခုတည်းကဲ့သို့ ဖြစ်ပါသည်” ဟု (လျှောက်၏)။

အသျှင်နန္ဒိယသည်လည်း။ပ။ အသျှင်ကိမိလသည်လည်း မြတ်စွာဘုရားကို အကျွန်ုပ်အား လည်း ‘ငါသည် အရတော်စွတကား၊ ငါသည် ကောင်းစွာ ရအပ်ပေသည်တကား၊ ငါသည် ဤသို့ သဘောရှိသော သီတင်းသုံးဖော်တို့နှင့်အတူ နေရပေသည်တကား’ ဟု အကြံဖြစ်ပါ၏။

အသျှင်ဘုရား အကျွန်ုပ်အား ဤအသျှင်တို့၌ မေတ္တာကာယကံကို မျက်မှောက်၌ရှင်း မျက်ကွယ် ၌ရှင်း ဆောက်တည်ပါ၏၊ မေတ္တာဝစီကံ။ မေတ္တာမနောကံကို မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း ဆောက်တည်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်အား “ငါသည် မိမိ၏ စိတ်ကို ထား၍ ဤအသျှင်တို့၏ စိတ်ဖြင့်သာလျှင် ကျင့်ရမူ ကောင်းရာ၏” ဟု အကြံဖြစ်ပါသည်၊ အသျှင်ဘုရား အကျွန်ုပ်သည် မိမိ၏စိတ်ကိုထား၍ ဤအသျှင်တို့၏ စိတ်အလိုဖြင့်သာလျှင် ကျင့်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်တို့ အား ကိုယ်တို့သာ ကွဲပြားပါကုန်၏၊ စိတ်သည်ကား တခုတည်းကဲ့သို့ ဖြစ်ပါသည်” ဟု (လျှောက်၏)။

အသျှင်ဘုရား ဤသို့လျှင် “အကျွန်ုပ်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိကြပဲ နို့နှင့်ရေကဲ့သို့ဖြစ်၍ အချင်းချင်း ချစ်ဖွယ်သော မျက်စိတို့ဖြင့် ကောင်းစွာ ကြည့်ကုန် လျက် နေပါကုန်သည်” ဟု လျှောက်၏။

အနုရုဒ္ဓါတို့ သင်တို့သည် မမေ့မလျော့ပဲ ပြင်းထန်သော လုံ့လဝီရိယရှိလျက် နိဗ္ဗာန်သို့ စေလွှတ် သော စိတ်ရှိသည်ဖြစ်၍ နေကုန်၏လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်တို့သည် စင်စစ်အားဖြင့် မမေ့မလျော့ပဲ ပြင်းထန်သော လုံ့လဝီရိယရှိလျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိ သည်ဖြစ်၍ နေပါကုန်သည် ဟု (လျှောက်ကုန်၏)။

အနုရုဒ္ဓါတို့ အဘယ်သို့လျှင် သင်တို့သည် မမေ့မလျော့ပဲ ပြင်းထန်သော လုံ့လဝီရိယရှိလျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေကုန်သနည်း ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤတော၌ အကျွန်ုပ်တို့တွင် ရှေးဦးစွာ ရွာမှ ဆွမ်းခံပြန်လာသော ရဟန်းသည် နေရာကိုခင်းပါ၏၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို ချထားပါ၏၊ ဆွမ်းဦးထည့်ရန် ခွက်ကို ဆေးပြီးလျှင် တည်ထားပါ၏၊ သောက်ရေ သုံးဆောင်ရေကို တည်ထားပါ၏။

နောက်မှ ရွာက ဆွမ်းခံ ပြန်လာသော ရဟန်းသည် စားပြီးသော ဆွမ်းကြွင်းရှိ၍ စားလိုခဲ့လျှင် စားပါ၏၊ မစားလိုလျှင်ကား စိမ်းသော မျက်သစ်ပင်မရှိသော အရပ်၌ သော်လည်း စွန့်ပစ်ပါ၏၊ ပိုးမရှိသော ရေ၌သော်လည်း သွန်ပစ်ပါ၏၊ ထိုရဟန်းသည်ပင် နေရာကို ခေါက်၏၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို သိုမှီးသိမ်းဆည်း၏၊ ဆွမ်းဦးထည့်သော ခွက်ကိုဆေး၍ သိမ်းဆည်း၏၊ သောက်ရေသုံးဆောင်ရေကို သိုမှီးသိမ်းဆည်း၏၊ ဆွမ်းစားစရပ်ကို တံမြက်လှည်း၏။

ရေမရှိသဖြင့် အချည်းနှီးသော သောက်ရေအိုးကိုရှင်း သုံးရေအိုးကိုရှင်း သန့်သက်ရေအိုးကိုရှင်း မြင်သောရဟန်းက တည်ထားပါ၏၊ အကယ်၍ ထိုရဟန်းမချီနိုင်သောဝန် ဖြစ်အံ့၊ လက်ယပ်သော အားဖြင့် အဖော်ကိုခေါ်ကာ လက်ရှက်၍ တည်ထားပါကုန်၏။ အသျှင်ဘုရား အကျွန်ုပ်တို့သည် ထိုအကြောင်းကြောင့် စကားမမြွက်ဆိုရပါကုန်။ အသျှင်ဘုရား အကျွန်ုပ်တို့သည် ငါးရက်တကြိမ် အသုံးစုံသော ညဉ့်ပတ်လုံး ‘တညဉ့်လုံး’ တရားစကားဖြင့် ကောင်းစွာ နေထိုင်ပါကုန်၏။ အသျှင်ဘုရား

http://www.dhammadownload.com



အကျွန်ုပ်တို့သည် ဤသို့လျှင် မမေ့မလျော့ပဲ ပြင်းထန်သော လုံ့လဝီရိယရှိလျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေပါကုန်သည် ဟု (လျှောက်ကုန်၏)။

## ၂၇၅-ပါလိလေယျကတောသို့ ကြွတော်မူခြင်း

၄၆၇။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အနုရုဒ္ဓါ အသျှင်နန္ဒိယ အသျှင်ကိမိလတို့ကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် နေရာမှ ထတော်မူပြီးလျှင် ပါလိလေယျက တောသို့ အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည်ရှိသော် ပါလိလေယျကရွာသို့ ရောက်တော်မူ၍ ထိုပါလိလေယျကရွာ ရက္ခိတမည်သောတောအုပ်ရှိ အင်ကြင်းပင်ပျိုအနီး၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ ဆိတ်ငြိမ်ရာ၌ တပါးတည်း ကိန်းအောင်းနေသော မြတ်စွာဘုရားအား "ငါသည် ရှေးက မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်သော ထိုကောသမ္ဗီပြည်သား ရဟန်းတို့နှင့် ရောပြွမ်းသည်ဖြစ်၍ ချမ်းသာစွာမနေခဲ့ရ၊ ငါသည် ယခုအခါ၌ မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကိုပြုတတ်သော ထိုကောသမ္ဗီပြည်သား ရဟန်းတို့နှင့် ကင်းကွာ၍ အဖော်မပါ တပါးတည်း ချမ်းသာစွာနေရပေ၏" ဟု အကြံဖြစ်တော်မူ၏။

တကောင်သော ဆင်ပြောင်ကြီးသည်လည်း ဆင်ပေါက် ဆင်မ ဆင်ငယ် နို့စို့ဆင်ငယ်တို့နှင့် ရောပြွမ်းသည်ဖြစ်၍ အညွန့်ပြတ်သော မြက်တို့ကိုလည်းစားရ၏၊ ထိုဆင်ပြောင်ကြီးသည် ချိုး၍ ချိုး၍ ချသော သစ်ခက်သစ်ကိုင်းကိုလည်း (အခြားဆင်တို့) စားကုန်၏၊ (ထိုဆင်ပြောင်ကြီးသည်) နောက်သောရေတို့ကိုလည်း သောက်ရ၏၊ ရေဆိပ်သို့ သက်ဆင်းသော်ငှင်း ရေဆိပ်မှ တက်သော်ငှင်း ဆင်မတို့သည် ထိုဆင်ပြောင်ကြီး၏ ကိုယ်ကို တိုးဝှေ့လျက်သွားကုန်၏။

ထိုအခါ ထိုဆင်ပြောင်ကြီးအား "ငါသည် ဆင်ပေါက် ဆင်မ ဆင်ငယ် နို့စို့ ဆင်ငယ်တို့နှင့် ရောပြွမ်းသည်ဖြစ်၍ အညွန့်ပြတ်သော မြက်တို့ကိုလည်း စားရ၏၊ ငါချိုး၍ ချိုး၍ ချသော သစ်ခက် သစ်ကိုင်းကိုလည်း (အခြားဆင်တို့) စားကုန်၏၊ ငါသည် နောက်သောရေတို့ကိုလည်း သောက်ရ၏၊ ရေဆိပ်သို့ သက်ဆင်းသော်ငှင်း ရေဆိပ်မှ တက်သော်ငှင်း ဆင်မတို့သည် ငါ၏ ကိုယ်ကို တိုးဝှေ့လျက် သွားကုန်၏၊ ငါသည် တကောင်တည်းသာလျှင် ဆင်အပေါင်းမှ ကင်းကွာလျက် နေရမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။

ထိုအခါ ထိုဆင်ပြောင်ကြီးသည် ဆင်အပေါင်းမှ ဖဲခွါလျက် ပါလိလေယျကရွာ ရက္ခိတမည်သော တောအုပ်ရှိ အင်ကြင်းပင်ပျိုအနီး မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအလို့ငှါ နှာမောင်းဖြင့် သောက်ရေသုံးဆောင်ရန်ရေကို တည်ထား၏၊ စိမ်းစိုသော မြက်သစ်ပင်တို့ကိုလည်း သုတ်သင်ရှင်းလင်း၏။

ထိုအခါ ထိုဆင်ပြောင်ကြီးအား "ငါသည် ရှေးက ဆင်ပေါက် ဆင်မ ဆင်ငယ် နို့စို့ဆင်ငယ်တို့နှင့် ရောပြွမ်းသည်ဖြစ်၍ ချမ်းသာစွာမနေရ၊ အညွန့်ပြတ်သော မြက်တို့ကိုစားရ၏၊ ငါ ချိုး၍ ချိုး၍ ချသော သစ်ခက် သစ်ကိုင်းကိုလည်း (အခြားဆင်တို့) စားကုန်၏၊ (ငါသည်)နောက်သော ရေတို့ကိုလည်း သောက်ရ၏၊ ရေဆိပ်သို့ သက်ဆင်းသော်ငှင်း ရေဆိပ်မှတက်သော်ငှင်း ဆင်မတို့သည် ငါ၏

http://www.dhammadownload.com



ကိုယ်ကို တိုးဝှေ့ ကုန်လျက် သွားကုန်၏၊ ထိုငါသည် ယခုအခါ၌ ဆင်ပေါက် ဆင်မ ဆင်ရွှေ နို့စို့ဆင်ငယ်တို့ကို ကြဉ်ဖယ်ခဲ့၍ အဖော်မပါ တကောင်တည်းသာလျှင် ချမ်းသာစွာ နေရပေ၏" ဟု စိတ်အကြံ ဖြစ်ပေ၏။

ထိုနောက် မြတ်စွာဘုရားသည် မိမိ၏ အပေါင်းအဖော်မှ ကင်း၍ ဆိတ်ငြိမ်စွာ နေခြင်းကိုရင်း ထိုဆင်ပြောင်ကြီး၏ စိတ်အကြံကိုရင်း ကိုယ်တော်၏ စိတ်ဖြင့် သိတော်မူ၍ ထိုအခိုက်ဝယ်—

"ငါသည် တပါးတည်း တော၌ မွေ့လျော်သကဲ့သို့ ဆင်ပြောင်ကြီးသည်လည်း တစီးတည်း တော၌ မွေ့လျော်ပေရာ လှည်းစွယ်ရန်းနှင့်တူသော အစွယ်ရှိသော ဆင်ပြောင်ကြီး၏ စိတ်သည် ငါ၏ စိတ်နှင့်တူ၏" ဟု ဥဒါန်းကျူးရင့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ပါလိလေယျကရွာ၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည်ရှိသော် သာဝတ္ထိပြည်သို့ ရောက်တော်မူ၍ ထိုသာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ၌ ကောသမ္ဗီပြည်သား ဥပါသကာတို့သည် "ကောသမ္ဗီပြည်၌နေသော ဤအသျှင်ရဟန်းတို့သည် ငါတို့၏ အကျိုးမဲ့ကို များစွာပြုကုန်၏၊ ဤရဟန်းတို့ နှိပ်စက်သောကြောင့် မြတ်စွာဘုရားသည် ဖဲသွားတော်မူ၏၊ ယခုငါတို့သည် ကောသမ္ဗီပြည်၌ နေသော အသျှင်ရဟန်းတို့ကို ရှိမခိုးခဲ့လျှင်၊ ခရီးဦးမကြိုခဲ့လျှင်၊ လက်အုပ်ချီမှု ရိုသေမှုကို မပြုခဲ့လျှင်၊ ပူဇော်သကာမပြုခဲ့လျှင်၊ အလေးအမြတ်မပြုခဲ့လျှင်၊ မမြတ်နိုးခဲ့လျှင်၊ မဆည်းကပ်ခဲ့လျှင်၊ မပူဇော်ခဲ့လျှင်၊ ဆွမ်းခံ ကပ်ရောက်လာသော်လည်း ဆွမ်းမလောင်းခဲ့လျှင်၊ ဤအသျှင်တို့သည် အရပ်တပါးသို့သော်လည်း ဖဲသွားကုန်လတ္တံ့၊ လူသော်လည်းထွက်ကုန်လတ္တံ့၊ မြတ်စွာဘုရားကိုသော်လည်း ကြေနပ်စေကုန်လတ္တံ့" ဟု တိုင်ပင်ပြောဆိုပြီးနောက် ထိုရဟန်းတို့ကို ရှိမခိုးကုန်၊ ခရီးဦးမကြိုဆိုကုန်၊ လက်အုပ်ချီမှု ရိုသေမှုကို မပြုကုန်၊ ပူဇော်သကာ မပြုကုန်၊ အလေးအမြတ် မပြုကုန်၊ မမြတ်နိုးကုန်၊ မဆည်းကပ်ကုန်၊ မပူဇော်ကုန်၊ ဆွမ်းခံ ကပ်ရောက်လာသော်လည်း ဆွမ်းမလောင်းကုန်။

ထိုအခါ ကောသမ္ဗီပြည်၌ နေသော ရဟန်းတို့သည် ကောသမ္ဗီပြည်သား ဥပါသကာတို့က ပူဇော်မှုစသည်ကို မပြုပဲထားအပ်ကုန်သည်ရှိသော် "ဒါယကာတို့ ငါတို့သည် ယခုပင် သာဝတ္ထိပြည်သို့ သွားပြီးလျှင် မြတ်စွာဘုရား၏ အထံတော်၌ ဤအဓိကရုဏ်းကို ငြိမ်းစေကုန်အံ့" ဟု ပြောဆိုကုန်၏။

## ၂၇၆-အကြောင်းတဆယ့်ရှစ်မျိုးကို ပြခြင်း

၄၆၈။ ထို့နောက် ကောသမ္ဗီပြည်၌နေသော ရဟန်းတို့သည် အိပ်ရာနေရာကို သိမ်းဆည်းပြီးလျှင် သပိတ်သင်္ကန်းကိုယူ၍ သာဝတ္ထိပြည်သို့ သွားကုန်၏။ အသျှင်သာရိပုတြာသည် "မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်သော ထိုကောသမ္ဗီပြည်နေ ရဟန်းတို့သည် သာဝတ္ထိပြည်သို့ လာကုန်သတတ်" ဟု ကြားလေ၏။

ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေကာ "အသျှင်ဘုရား မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများတတ်၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်သော ထိုကောသမ္ဗီပြည်နေ ရဟန်းတို့သည်

http://www.dhammadownload.com



သာဝတ္ထိပြည်သို့ လာကြပါကုန်သတတ်၊ အသျှင်ဘုရား အကျွန်ုပ်သည် ထိုရဟန်းတို့ အပေါ်ဝယ် အဘယ်သို့ ကျင့်ရပါအံ့နည်း” ဟု လျှောက်၏။

ချစ်သား သာရိပုတြာ သို့ဖြစ်လျှင် သင်သည် တရားလမ်းအတိုင်း တည်လေလော့ ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် တရားသည် မတရားသည်ကို အသို့သိရပါအံ့နည်း ဟု (လျှောက်၏)။ ချစ်သားသာရိပုတြာ တဆယ့်ရှစ်ပါးသော အကြောင်းတို့ဖြင့် အဓမ္မဝါဒီပုဂ္ဂိုလ်ကို သိရမည်။

ချစ်သား သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရား ဟု ပြ၏၊ တရားကို တရားမဟုတ် ဟု ပြ၏၊ ဝိနည်း မဟုတ်သည်ကို ဝိနည်း ဟု ပြ၏၊ ဝိနည်းကို ဝိနည်း မဟုတ် ဟု ပြ၏၊ မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ် ပြောအပ်၏ ဟု ပြ၏၊ မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ် မပြောအပ် ဟု ပြ၏၊ မြတ်စွာဘုရား၏ အလေ့အကျင့် မဟုတ်သည်ကို မြတ်စွာဘုရား၏ အလေ့အကျင့် ဟု ပြ၏၊ မြတ်စွာဘုရား၏ အလေ့အကျင့်ကို မြတ်စွာဘုရား၏ အလေ့အကျင့် မဟုတ် ဟု ပြ၏၊ မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်၏ ဟု ပြ၏၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ် ဟု ပြ၏၊ အာပတ် မသင့်သည်ကို အာပတ်သင့်၏ ဟု ပြ၏၊ အာပတ်သင့်သည်ကို အာပတ်မသင့် ဟု ပြ၏၊ ပေါ့သော အာပတ်ကို လေးသော အာပတ် ဟု ပြ၏၊ လေးသော အာပတ်ကို ပေါ့သော အာပတ် ဟု ပြ၏၊ အကြွင်းရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ် ဟု ပြ၏၊ အကြွင်းမရှိသော အာပတ်ကို အကြွင်းရှိသော အာပတ် ဟု ပြ၏၊ ရုန့်ရင်း 'ကြမ်းတမ်း' သော အာပတ်ကို မရုန့်ရင်း 'မကြမ်းတမ်း' သော အာပတ် ဟု ပြ၏၊ မရုန့်ရင်း 'မကြမ်းတမ်း' သော အာပတ်ကို ရုန့်ရင်း 'ကြမ်းတမ်း' သော အာပတ် ဟု ပြ၏၊ ချစ်သား သာရိပုတြာ ဤတဆယ့်ရှစ်ပါးသော အကြောင်း (ဝတ္ထု) တို့ဖြင့် အဓမ္မဝါဒီ ပုဂ္ဂိုလ်ကို သိရမည်။

ချစ်သား သာရိပုတြာ တဆယ့်ရှစ်ပါးသော အကြောင်း (ဝတ္ထု) တို့ဖြင့် ဓမ္မဝါဒီ ပုဂ္ဂိုလ်ကို သိရမည်။

ချစ်သား သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားမဟုတ် ဟု ပြ၏၊ တရားဟုတ်သည်ကို တရား ဟုတ်၏ ဟု ပြ၏၊ ဝိနည်း မဟုတ်သည်ကို ဝိနည်း မဟုတ် ဟု ပြ၏၊ ဝိနည်း ဟုတ်သည်ကို ဝိနည်း ဟုတ်၏ ဟု ပြ၏၊ မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ် မပြောအစ် ဟု ပြ၏၊ မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ်ပြောအပ်၏ ဟု ပြ၏၊ မြတ်စွာဘုရား၏ အလေ့အကျင့် မဟုတ်သည်ကို မြတ်စွာဘုရား၏ အလေ့အကျင့်မဟုတ် ဟု ပြ၏၊ မြတ်စွာဘုရား၏ အလေ့အကျင့်ကို မြတ်စွာဘုရား၏ အလေ့အကျင့် ဟု ပြ၏၊ မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ် ဟု ပြ၏၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ ဟု ပြ၏၊ အာပတ်သင့်သည်ကို အာပတ် သင့်၏ ဟု ပြ၏၊ အာပတ် မသင့်သည်ကို အာပတ် မသင့် ဟု ပြ၏၊ ပေါ့သော အာပတ်ကို ပေါ့သော အာပတ် ဟု ပြ၏၊ လေးသော အာပတ်ကို လေးသော အာပတ် ဟု ပြ၏၊ အကြွင်းရှိသော အာပတ်ကို အကြွင်းရှိသော အာပတ် ဟု ပြ၏၊ အကြွင်းမရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ် ဟု ပြ၏၊ ရုန့်ရင်း 'ကြမ်းတမ်း' သော အာပတ်ကို ရုန့်ရင်း 'ကြမ်းတမ်း' သော အာပတ် ဟု ပြ၏၊ မရုန့်ရင်း 'မကြမ်းတမ်း' သော အာပတ်ကို မရုန့်ရင်း 'မကြမ်းတမ်း' သော အာပတ် ဟု ပြ၏၊ ချစ်သား သာရိပုတြာ ဤတဆယ့်ရှစ်ပါးသော အကြောင်း (ဝတ္ထု) တို့ဖြင့် ဓမ္မဝါဒီပုဂ္ဂိုလ်ကို သိရမည်။

http://www.dhammadownload.com



၄၆၉။ အသျှင်မဟာမောဂ္ဂလ္လာန်သည် ကြား၏။ ပ။ အသျှင်မဟာကဿပသည် ကြား၏။ အသျှင်မဟာကစ္စည်းသည် ကြား၏။ အသျှင်မဟာကောဋ္ဌိကသည် ကြား၏။ အသျှင်မဟာကပ္ပိန သည် ကြား၏။ အသျှင်မဟာစုန္ဒသည် ကြား၏။ အသျှင်အနုရုဒ္ဓါသည် ကြား၏။ အသျှင်ရေဝတသည် ကြား၏။ အသျှင်ဥပါလိသည် ကြား၏။ အသျှင်အာနန္ဒာသည် ကြား၏။ အသျှင်ရာဟုလာသည် "မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်း ကို ပြုတတ်သော ထိုကောသမ္ဗီပြည်နေ ရဟန်းတို့သည် ဤသာဝတ္ထိပြည်သို့ လာကုန်သတတ်" ဟု ကြား၏။ ထိုအခါ အသျှင်ရာဟုလာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေကာ "အသျှင်ဘုရား မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်သော ထိုကောသမ္ဗီပြည်နေ ရဟန်းတို့သည် ဤ သာဝတ္ထိပြည်သို့ လာကြပါကုန်သတတ်၊ အသျှင်ဘုရား အကျွန်ုပ်သည် ထိုရဟန်းတို့အပေါ် ဝယ် အဘယ်သို့ ကျင့်ရပါအံ့နည်း" ဟု လျှောက်၏။

ချစ်သားရာဟုလာ သို့ဖြစ်လျှင် သင်သည် တရားလမ်းအတိုင်း တည်လေလော့ ဟု (မိန့်တော် မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် တရားသည် မတရားသည်ကို အသို့ သိရပါအံ့နည်း ဟု (လျှောက် ၏)။ ချစ်သားရာဟုလာ တဆယ့်ရှစ်ပါးသော အကြောင်း (ဝတ္ထု) တို့ဖြင့် အဓမ္မဝါဒီပုဂ္ဂိုလ်ကို သိရမည်။

ချစ်သားရာဟုလာ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရား ဟု ပြ၏။ တရားကို တရားမဟုတ် ဟု ပြ၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်း ဟု ပြ၏၊ ဝိနည်းကို ဝိနည်းမဟုတ် ဟု ပြ၏၊ မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ် ပြောအပ်၏ ဟု ပြ၏၊ မြတ်စွာဘုရား ဟောအပ်ပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ် မပြောအပ် ဟု ပြ၏၊ မြတ်စွာ ဘုရား၏ အလေ့အကျင့်မဟုတ်သည်ကို မြတ်စွာဘုရား၏ အလေ့အကျင့် ဟု ပြ၏၊ မြတ်စွာဘုရား၏ အလေ့အကျင့်ကို မြတ်စွာဘုရား၏ အလေ့အကျင့် မဟုတ် ဟု ပြ၏၊ မြတ်စွာဘုရား မပညတ်အပ် သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ ဟု ပြ၏၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ် ဟု ပြ၏၊ အာပတ် မသင့်သည်ကို အာပတ် သင့်၏ ဟု ပြ၏၊ အာပတ် သင့်သည်ကို အာပတ် မသင့် ဟု ပြ၏၊ ပေါ့သောအာပတ်ကို လေးသောအာပတ် ဟု ပြ၏၊ လေးသောအာပတ် ကို ပေါ့သောအာပတ် ဟု ပြ၏၊ အကြွင်းရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ် ဟု ပြ၏၊ အကြွင်းမရှိသော အာပတ်ကို အကြွင်းရှိသော အာပတ် ဟု ပြ၏၊ ရုန့်ရင်း 'ကြမ်းတမ်း' သော အာပတ်ကို မရုန့်ရင်း 'မကြမ်းတမ်း' သော အာပတ် ဟု ပြ၏၊ မရုန့်ရင်း 'မကြမ်းတမ်း' သော အာပတ် ကို ရုန့်ရင်း 'ကြမ်းတမ်း' သော အာပတ် ဟု ပြ၏၊ ချစ်သားရာဟုလာ ဤတဆယ့်ရှစ်ပါးသော အကြောင်း (ဝတ္ထု) တို့ဖြင့် အဓမ္မဝါဒီပုဂ္ဂိုလ်ကို သိရမည်။

ချစ်သားရာဟုလာ တဆယ့်ရှစ်ပါးသော အကြောင်း (ဝတ္ထု) တို့ဖြင့် ဓမ္မဝါဒီပုဂ္ဂိုလ်ကို သိရမည်။

ချစ်သားရာဟုလာ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားမဟုတ် ဟု ပြ၏၊ တရားဟုတ်သည်ကို တရားဟုတ်၏ ဟု ပြ၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ် ဟု ပြ၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်းဟုတ်၏ ဟု ပြ၏၊ မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို မြတ်စွာ ဘုရားမဟောအပ် မပြောအပ် ဟု ပြ၏၊ မြတ်စွာဘုရား ဟောအပ်ပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ်ပြောအပ်၏ ဟု ပြ၏၊ မြတ်စွာဘုရား၏ အလေ့အကျင့်မဟုတ်သည်ကို မြတ်စွာဘုရား၏

http://www.dhammadownload.com



အလေ့အကျင့်မဟုတ် ဟု ပြ၏၊ မြတ်စွာဘုရား၏ အလေ့အကျင့်ကို မြတ်စွာဘုရား၏ အလေ့အကျင့် ဟု ပြ၏၊ မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ် ဟု ပြ၏၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ ဟု ပြ၏၊ အာပတ် မသင့်သည်ကို အာပတ် မသင့် ဟု ပြ၏၊ အာပတ်သင့်သည်ကို အာပတ် သင့်၏ ဟု ပြ၏၊ ပေါ့သောအာပတ်ကို ပေါ့သောအာပတ် ဟု ပြ၏၊ လေးသောအာပတ်ကို လေးသောအာပတ် ဟု ပြ၏၊ အကြွင်းရှိသော အာပတ်ကို အကြွင်းရှိသော အာပတ် ဟု ပြ၏၊ အကြွင်းမရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ် ဟု ပြ၏၊ ရှုန့်ရင်း 'ကြမ်းတမ်း'သော အာပတ်ကို ရှုန့်ရင်း 'ကြမ်းတမ်း'သော အာပတ် ဟု ပြ၏၊ မရှုန့်ရင်း 'မကြမ်းတမ်း' သော အာပတ်ကို မရှုန့်ရင်း 'မကြမ်းတမ်း' သော အာပတ် ဟု ပြ၏၊ ချစ်သားရာဟုလာ ဤတဆယ့် ရှစ်ပါးသော အကြောင်း(ဝတ္ထု)တို့ဖြင့် ဓမ္မဝါဒီပုဂ္ဂိုလ်ကို သိရမည်။

၄၇၀။ မဟာပဇာပတိဂေါတမီသည် "မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်သော ထိုကောသမ္ဗီပြည်နေ ရဟန်းတို့သည် သာဝတ္ထိပြည်သို့ လာကုန်သတတ်" ဟု ကြား၏။

ထိုအခါ မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသောနေရာ၌ တည်နေကာ "အသျှင်ဘုရား မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်သော ထိုကောသမ္ဗီပြည်နေ ရဟန်းတို့သည် သာဝတ္ထိပြည်သို့ လာကြပါကုန်သတတ်၊ အသျှင်ဘုရား အကျွန်ုပ်သည် ထိုရဟန်းတို့အပေါ်ဝယ် အဘယ်သို့ ကျင့်ရပါအံ့နည်း" ဟု လျှောက်၏။

ဂေါတမီ သို့ဖြစ်လျှင် သင်သည် နှစ်ဖက်သောသံဃာ၌ တရားကို နာလော့၊ နှစ်ဖက်သော သံဃာ၌ တရားနာပြီးလျှင် ထိုနှစ်ဖက်သောသံဃာတွင် တရားကို ဆိုလေ့ရှိသော ရဟန်းတို့၏ အမြင်ကိုင်း အလိုကိုင်း နှစ်သက်ခြင်းကိုင်း အယူကိုင်း နှစ်သက်လေလော့၊ ဘိက္ခုနီသံဃာက ဘိက္ခုသံဃာအထံမှ မြော်လင့်တောင့်တထိုက်သော အမှုခပ်သိမ်းကို ဓမ္မဝါဒီပုဂ္ဂိုလ်တို့ အထံမှသာလျှင် မြော်လင့်တောင့်တရမည် ဟု (မိန့်တော်မူ၏)။

၄၇၁။ အနာထပိဏ်သူဌေးသည် "မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်သော ထိုကောသမ္ဗီပြည်နေ ရဟန်းတို့သည် သာဝတ္ထိ ပြည်သို့ လာကုန်သတတ်" ဟု ကြား၏။ ထိုအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေကာ "အသျှင်ဘုရား မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်သော ထိုကောသမ္ဗီပြည်နေ ရဟန်းတို့သည် သာဝတ္ထိပြည်သို့ လာကြပါကုန်သတတ်၊ အသျှင်ဘုရား အကျွန်ုပ်ကိုသည် ထိုရဟန်းတို့အပေါ်ဝယ် အဘယ်သို့ ကျင့်ရပါအံ့နည်း" ဟု လျှောက်၏။

သူဌေးကြီး သို့ဖြစ်လျှင် သင်သည် နှစ်ဖက်သော သံဃာ၌ အလှူကို လှူလော့၊ နှစ်ဖက်သော သံဃာ၌ အလှူကို လှူပြီးလျှင် နှစ်ဖက်သော သံဃာ၌ တရားကို နာလော့၊ နှစ်ဖက်သောသံဃာ၌ တရားနာပြီးလျှင် ထိုနှစ်ဖက်သော သံဃာတွင် တရားကို ဆိုလေ့ရှိသော ရဟန်းတို့၏ အမြင်ကိုင်း အလိုကိုင်း နှစ်သက်ခြင်းကိုင်း အယူကိုင်း နှစ်သက်လေလော့ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၄၇၂။ မိဂါရမာတာမည်သော ဝိသာခါသည် "မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်သော ထိုကောသမ္ဗီပြည်နေ ရဟန်းတို့သည် သာဝတ္ထိပြည်သို့ လာကုန်သတဲ့" ဟု ကြား၏။ ထိုအခါ မိဂါရမာတာ မည်သော ဝိသာခါသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေကာ "အသျှင်ဘုရား မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်သော ထိုကောသမ္ဗီပြည်နေ ရဟန်းတို့သည် သာဝတ္ထိပြည်သို့ လာကြပါကုန်သတတ်၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် ထိုရဟန်းတို့ အပေါ်ဝယ် အဘယ်သို့ ကျင့်ရပါအံ့နည်း" ဟု လျှောက်၏။

ဝိသာခါ သို့ဖြစ်လျှင် သင်သည် နှစ်ဖက်သော သံဃာ၌ အလှူကို လှူလော့၊ နှစ်ဖက်သော သံဃာ၌ အလှူကို လှူပြီးလျှင် နှစ်ဖက်သောသံဃာ၌ တရားကိုနာလော့၊ နှစ်ဖက်သော သံဃာ၌ တရားနာပြီးလျှင် ထိုနှစ်ဖက်သော သံဃာတွင် တရားကို ဆိုလေ့ရှိသော ရဟန်းတို့၏ အမြင်ကိုရင်း အလိုကိုရင်း နှစ်သက်ခြင်းကိုရင်း အယူကိုရင်း နှစ်သက်လေလော့ ဟု (မိန့်တော်မူ၏)။

၄၇၃။ ထိုအခါ ကောသမ္ဗီပြည်နေ ရဟန်းတို့သည် အစဉ်အတိုင်း သွားကုန်သည်ရှိသော် သာဝတ္ထိပြည်သို့ရောက်ကုန်၏။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်ကာ "အသျှင်ဘုရား မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်သော ထိုကောသမ္ဗီပြည်နေ ရဟန်းတို့သည် သာဝတ္ထိပြည်သို့ အစဉ်အားဖြင့် ရောက်လာကြပါကုန်သတတ်။

အသျှင်ဘုရား ထိုရဟန်းတို့အပေါ်ဝယ် ကျောင်း, အိပ်ရာ, နေရာနှင့် စပ်လျဉ်း၍ အဘယ်သို့ ပြုကျင့်ရပါအံ့နည်း" ဟု လျှောက်၏။

ချစ်သား သာရိပုတြာ သို့ဖြစ်လျှင် ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာကို ပေးရမည် ဟု မိန့်တော်မူ၏။

အသျှင်ဘုရား ဆိတ်ငြိမ်သော ကျောင်း, အိပ်ရာ, နေရာ မရှိခဲ့ပါလျှင် အဘယ်သို့ ပြုကျင့်ရပါအံ့နည်း ဟု (လျှောက်၏)။

ချစ်သား သာရိပုတြာ သို့ဖြစ်လျှင် ဆိတ်ငြိမ်အောင် ပြု၍သော်လည်း ပေးရမည်၊ ချစ်သား သာရိပုတြာ တစုံတခုသော အကြောင်းဖြင့် သီတင်းကြီး ရဟန်း၏ နေရာကို တားမြစ်ရမည် ဟု ငါဟောတော်မမူ၊ တားမြစ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ဆွမ်းစသော အာမိသနှင့် စပ်လျဉ်း၍ အဘယ်သို့ ပြုကျင့်ရပါအံ့နည်း ဟု (လျှောက်၏)။

ချစ်သားသာရိပုတြာ ဆွမ်းစသော အာမိသကို အလုံးစုံသော ရဟန်းတို့နှင့် အညီအမျှ ဝေခြမ်းရမည် ဟု (မိန့်တော်မူ၏)။

## ၂၇၇-သံဃာ့ဘောင်သို့ သွင်းမှုကို ခွင့်ပြုတော်မူခြင်း

၄၇၄။ ထိုအခါ၌ ထိုနှင်ထုတ်ခံရသော ရဟန်းအား မေ့ဝိနယကို ဆင်ခြင်သည်ရှိသော် "ဤအရာသည် အာပတ် သင့်၏၊ ဤအရာသည် အာပတ် မသင့် သည်မဟုတ်၊ ငါ အာပတ် သင့်၏၊ ငါ အာပတ် မသင့်သူ မဟုတ်၊ ငါ့ကို နှင်ထုတ်အပ်၏၊ ငါသည် မနှင်ထုတ်အပ်သူ မဟုတ်၊ မဖျက်ဆီးအပ်သော သာသနာတော်အား ထိုက်သော တရားနှင့်လျော်သော ကံဖြင့် နှင်ထုတ်အပ်၏" ဟု အကြံဖြစ်၏။

http://www.dhammadownload.com



ထိုအခါ ထိုနှင်ထုတ်ခံရသော ရဟန်းသည် နှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက်ရဟန်းတို့ ထံသို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင်တို့ ဤအရာသည် အာပတ် သင့်၏၊ ဤအရာသည် အာပတ် မသင့်သည် မဟုတ်၊ ငါ အာပတ် သင့်၏၊ ငါ အာပတ် မသင့်သူ မဟုတ်၊ ငါ့ကို နှင်ထုတ်အပ်၏၊ ငါသည် မနှင်ထုတ်အပ်သူ မဟုတ်၊ မဖျက်ဆီးအပ်သော သာသနာတော်အား ထိုက်သော တရားနှင့်လျော်သော ကံဖြင့် နှင်ထုတ်အပ်၏၊ အသျှင်ဘုရားတို့ လာကုန်လော့၊ အကျွန်ုပ်ကို (သံဃာ့ဘောင်သို့) သွင်းကုန်လော့" ဟု နှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် ရဟန်းတို့ကို ပြောဆို၏။

ထိုအခါ ထိုနှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက်ရဟန်းတို့သည် ထိုနှင်ထုတ်ခံရသော ရဟန်းကို ခေါ်ဆောင်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေကာ "အသျှင်ဘုရား ဤနှင်ထုတ်ခံရသော ရဟန်းသည် 'ငါ့သျှင်တို့ ဤအရာသည် အာပတ် သင့်၏၊ ဤအရာသည် အာပတ် မသင့်သည် မဟုတ်၊ ငါအာပတ် သင့်၏၊ ငါအာပတ် မသင့်သူမဟုတ်၊ ငါ့ကို နှင်ထုတ်အပ်၏၊ ငါသည် မနှင်ထုတ်အပ်သူ မဟုတ်၊ မဖျက်ဆီးအပ်သော သာသနာတော်အား ထိုက်သော တရားနှင့်လျော်သော ကံဖြင့် နှင်ထုတ်အပ်၏၊ အသျှင်ဘုရားတို့ လာကုန်လော့၊ အကျွန်ုပ်ကို (သံဃာ့ဘောင်သို့) သွင်းကုန်လော့' ဟု ပြောဆိုပါသည်၊ အသျှင်ဘုရား (အကျွန်ုပ်တို့သည်) အဘယ်သို့ ကျင့်ရပါအံ့နည်း" ဟု လျှောက်ကုန်၏။

ရဟန်းတို့ ဤအရာသည် အာပတ် သင့်၏၊ ဤအရာသည် အာပတ် မသင့်သည် မဟုတ်၊ ဤရဟန်းသည် အာပတ် သင့်၏၊ ဤရဟန်းသည် အာပတ်မသင့်သူ မဟုတ်၊ ဤရဟန်းကို နှင်ထုတ်အပ်၏၊ ဤရဟန်းသည် မနှင်ထုတ်အပ်သူ မဟုတ်၊ မဖျက်ဆီးအပ်သော သာသနာတော်အား ထိုက်သော တရားနှင့်လျော်သော ကံဖြင့် နှင်ထုတ်အပ်၏၊ ရဟန်းတို့ ထိုရဟန်းသည် အာပတ်လည်း သင့်၏၊ နှင်ထုတ်အပ်သူလည်း ဖြစ်၏၊ အာပတ်ကိုလည်း ရှု၏၊ သို့ဖြစ်သောကြောင့် ထိုရဟန်းကို (သံဃာ့ဘောင်သို့) သွင်းကုန်လော့ ဟု (မိန့်တော်မူ၏)။

## ၂၇၈-သံဃာညီညွတ်မှုကို ပြုခြင်း

၄၇၅။ ထိုအခါ ထိုနှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် ရဟန်းတို့သည် ထိုနှင်ထုတ်ခံရသော ရဟန်းကို (သံဃာ့ဘောင်သို့) သွင်းခဲ့၍ နှင်ထုတ်ကုန်သော ရဟန်းတို့သို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင်တို့ အကြင် အာပတ်ကို မရှုခြင်းဟူသော အကြောင်းကြောင့် သံဃာ၏ မျက်ကွယ် မျက်မှောက် ငြင်းခုံခြင်း ထိပါးနှောင့်ယှက် ဆန့်ကျင်ဖက် ပြုခြင်းသည်၎င်း သံဃာကွဲခြင်းသည်၎င်း သံဃာကွဲအံ့သော အရေးသည်၎င်း သံဃာခြားနားခြင်းသည်၎င်း သံဃာသီးခြားပြုခြင်းသည်၎င်း ဖြစ်ခဲ့ပါ၏၊ ထိုရဟန်းသည် အာပတ်လည်း သင့်ပါ၏၊ နှင်ထုတ်အပ်သူလည်း ဖြစ်ပါ၏၊ အာပတ်ကိုလည်း ရှုပါ၏၊ သွင်းအပ်ပြီးသူလည်း ဖြစ်ခဲ့ပါ၏၊ ငါ့သျှင်တို့ ယခုအခါ ငါတို့သည် ထို(အာပတ်ကို မရှုခြင်းဟူသော) အကြောင်း၏ ငြိမ်းအေးရန် အလို့ငှါ သံဃာ၏ ညီညွတ်မှုကို ပြုကြပါကုန်စို့" ဟု ပြောဆိုကုန်၏။

ထိုအခါ နှင်ထုတ်သော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေကာ "အသျှင်ဘုရား ထိုနှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက် ရဟန်းတို့သည် 'ငါ့သျှင်တို့ အကြင် အာပတ်ကို မရှုခြင်းဟူသော အကြောင်းကြောင့် သံဃာ၏ မျက်ကွယ် မျက်မှောက် ငြင်းခုံခြင်း ထိပါး နှောင့်ယှက် ဆန့်ကျင်ဖက် ပြုခြင်းသည်၎င်း သံဃာကွဲခြင်းသည်၎င်း သံဃာကွဲအံ့သော အရေးသည်၎င်း သံဃာ၏ ခြားနားခြင်းသည်၎င်း သံဃာသီးခြားပြုခြင်း

http://www.dhammadownload.com



သည်ငှင်း ဖြစ်ခဲ့ပါ၏၊ ထိုရဟန်းသည် အာပတ်လည်း သင့်ပါ၏၊ နှင်ထုတ်အပ်သူလည်း ဖြစ်ပါ၏၊ အာပတ်ကိုလည်း ရှုပါ၏၊ သွင်းအပ်ပြီးသူလည်း ဖြစ်ပါ၏၊ ငါသျှင်တို့ ယခုအခါ ငါတို့သည် (ထိုအာပတ်ကို မရှုခြင်းဟူသော)အကြောင်း၏ ငြိမ်းအေးရန် အလို့ငှါ သံဃာ၏ညီညွတ်မှုကို ပြုကြပါကုန်စို့' ဟု ပြောဆိုပါသည် အသျှင်ဘုရား၊ (အကျွန်ုပ်တို့သည်) အသို့ကျင့်ရပါအံ့နည်း" ဟု လျှောက်ကုန်၏။

ရဟန်းတို့ ထိုရဟန်းသည် အာပတ်လည်း သင့်၏၊ နှင်ထုတ်အပ်သူလည်း ဖြစ်၏၊ အာပတ်ကိုလည်း ရှု၏၊ သွင်းအပ်ပြီးသူလည်း ဖြစ်ခဲ့၏၊ ထိုသို့ဖြစ်သောကြောင့် သံဃာသည် ထို(အာပတ်ကို မရှုခြင်းဟူသော)အကြောင်း၏ ငြိမ်းအေးရန်အလို့ငှါ သံဃာ၏ညီညွတ်မှုကို ပြုလော့။

ရဟန်းတို့ ဤသို့ပြုရမည်၊ ကျန်းမာသူ မကျန်းမာသူ ရဟန်းအားလုံးတို့သည် တပေါင်းတည်း စည်းဝေးရမည်၊ တစုံတယောက်သော ရဟန်းမျှ ဆန္ဒမပေးရ၊ စည်းဝေးပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ အကြင်အာပတ်ကို မရှုခြင်း ဟူသော အကြောင်းကြောင့် သံဃာ၏ မျက်ကွယ်မျက်မှောက် ငြင်းခုံခြင်း ထိပါးနှောင့်ယှက် ဆန့်ကျင်ဖက် ပြုခြင်းသည်ငှင်း သံဃာကွဲပြားခြင်းသည်ငှင်း သံဃာကွဲအံ့သော အရေးသည်ငှင်း သံဃာခြားနားခြင်းသည်ငှင်း သံဃာသီးခြားပြုခြင်းသည်ငှင်း ဖြစ်၏၊ ထိုရဟန်းသည် အာပတ်လည်း သင့်၏၊ နှင်ထုတ်အပ်သူလည်း ဖြစ်၏၊ အာပတ်ကိုလည်း ရှု၏၊ သွင်းအပ်ပြီးသူလည်း ဖြစ်၏၊ အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ထို (အာပတ်ကို မရှုခြင်း ဟူသော) အကြောင်း၏ ငြိမ်းအေးရန် အလို့ငှါ သံဃာ၏ ညီညွတ်ခြင်းကို ပြုရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို) နာတော်မူလော့၊ အကြင် အာပတ်ကို မရှုခြင်းဟူသော အကြောင်းကြောင့် သံဃာ၏ မျက်ကွယ် မျက်မှောက် ငြင်းခုံခြင်း ထိပါးနှောင့်ယှက် ဆန့်ကျင်ဖက် ပြုခြင်းသည်ငှင်း သံဃာကွဲခြင်းသည်ငှင်း သံဃာကွဲအံ့သော အရေးသည်ငှင်း သံဃာခြားနားခြင်းသည်ငှင်း သံဃာသီးခြားပြုခြင်းသည်ငှင်း ဖြစ်၏၊ ထိုရဟန်းသည် အာပတ်လည်း သင့်၏၊ နှင်ထုတ်အပ်သူလည်း ဖြစ်၏၊ အာပတ်ကိုလည်း ရှု၏၊ သွင်းအပ်ပြီးသူလည်း ဖြစ်၏၊ သံဃာသည် ထို (အာပတ်ကို မရှုခြင်းဟူသော) အကြောင်း၏ ငြိမ်းအေးရန် အလို့ငှါ သံဃာညီညွတ်မှုကို ပြု၏၊ (အာပတ်ကို မရှုခြင်းဟူသော) အကြောင်း၏ ငြိမ်းအေးရန် အလို့ငှါ သံဃာညီညွတ်မှု ပြုခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ထို (အာပတ်ကို မရှုခြင်းဟူသော) အကြောင်း၏ ငြိမ်းအေးရန် အလို့ငှါ သံဃာညီညွတ်မှုကို ပြုအပ်ပြီ၊ သံဃာကွဲခြင်းကို ပယ်အပ်ပြီ၊ သံဃာကွဲအံ့သော အရေးကို ပယ်အပ်ပြီ၊ သံဃာခြားနားခြင်းကို ပယ်အပ်ပြီ၊ သံဃာသီးခြားပြုခြင်းကို ပယ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ထိုခဏ၌ပင်လျှင် ဥပုသ်ကို ပြုရမည်၊ ပါတိမောက်ကို ပြရမည် ဟု (မိန့်တော်မူ၏)။

ဝိ-မြန် ၃-၃၃

http://www.dhammadownload.com



## ၂၇၉-ဥပါလိ၏ သံဃာညီညွတ်ရေး ပြဿနာ

၄၇၆။ ထိုအခါ၌ အသျှင်ဥပါလိသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေကာ "အသျှင်ဘုရား အကြင် အကြောင်းဝတ္ထုကြောင့် သံဃာ၏ မျက်ကွယ် မျက်မှောက် ငြင်းခုံခြင်း ထိပါးနှောင့်ယှက် ဆန့်ကျင်ဖက်ပြုခြင်းသည်ငှင်း သံဃာကွဲပြားခြင်းသည်ငှင်း သံဃာကွဲအံ့သော အရေးသည်ငှင်း သံဃာခြားနားခြင်းသည်ငှင်း သံဃာသီးခြားပြုခြင်းသည်ငှင်း ဖြစ်ပါ၏၊ သံဃာသည် ထိုအကြောင်းကို မဆုံးဖြတ်သေးပဲ အရင်းမှ အရင်းသို့ မသွားမူ၍ သံဃာ၏ ညီညွတ်မှုကို ပြုပါသည်၊ အသျှင်ဘုရား ထိုသံဃာ၏ ညီညွတ်မှုသည် တရားနှင့်လျော်ပါ၏လော" ဟု လျှောက်၏။

"ချစ်သားဥပါလိ အကြင်အကြောင်းဝတ္ထုကြောင့် သံဃာ၏ မျက်ကွယ် မျက်မှောက် ငြင်းခုံခြင်း ထိပါးနှောင့်ယှက် ဆန့်ကျင်ဖက်ပြုခြင်းသည်ငှင်း သံဃာကွဲခြင်းသည်ငှင်း သံဃာကွဲအံ့သောအရေးသည်ငှင်း သံဃာခြားနားခြင်းသည်ငှင်း သံဃာသီးခြားပြုခြင်းသည်ငှင်း ဖြစ်အံ့၊ သံဃာသည် ထိုအကြောင်းကို မဆုံးဖြတ်သေးပဲ အရင်းမှ အရင်းသို့ မသွားမူ၍ သံဃာညီညွတ်မှုကို ပြုအံ့၊ ချစ်သားဥပါလိ ထိုသံဃာ၏ ညီညွတ်ခြင်းသည် တရားနှင့် မလျော်" ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား အကြင်အကြောင်းဝတ္ထုကြောင့် သံဃာ၏ မျက်ကွယ် မျက်မှောက် ငြင်းခုံခြင်း ထိပါးနှောင့်ယှက် ဆန့်ကျင်ဖက်ပြုခြင်းသည်ငှင်း သံဃာကွဲခြင်းသည်ငှင်း သံဃာကွဲအံ့သော အရေးသည်ငှင်း သံဃာခြားနားခြင်းသည်ငှင်း သံဃာ၏ သီးခြားပြုခြင်းသည်ငှင်း ဖြစ်ပါသည်၊ သံဃာသည် ထိုအကြောင်းကို ဆုံးဖြတ်လျက် အရင်းမှ အရင်းသို့သွား၍ သံဃာ၏ ညီညွတ်မှုကို ပြုပါသည်၊ အသျှင်ဘုရား ထိုသံဃာ၏ ညီညွတ်ခြင်းသည် တရားနှင့် လျော်ပါ၏လော" ဟု လျှောက်၏။

"ချစ်သား ဥပါလိ အကြင်အကြောင်းဝတ္ထုကြောင့် သံဃာ၏ မျက်ကွယ်မျက်မှောက် ငြင်းခုံခြင်း ထိပါးနှောင့်ယှက် ဆန့်ကျင်ဖက်ပြုခြင်းသည်ငှင်း သံဃာကွဲခြင်းသည်ငှင်း သံဃာကွဲအံ့သော အရေးသည်ငှင်း သံဃာခြားနားခြင်းသည်ငှင်း သံဃာသီးခြားပြုခြင်းသည်ငှင်း ဖြစ်အံ့၊ သံဃာသည် ထိုအကြောင်းကို ဆုံးဖြတ်လျက် အရင်းမှ အရင်းသို့ သွား၍ သံဃာ ညီညွတ်မှုကို ပြုအံ့၊ ချစ်သား ဥပါလိ ထိုသံဃာ၏ ညီညွတ်မှုသည် တရားနှင့် လျော်၏" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား သံဃာ၏ ညီညွတ်ခြင်းတို့သည် အဘယ်မျှ ရှိပါကုန်သနည်း ဟု (လျှောက်၏)။
ချစ်သားဥပါလိ သံဃာ၏ ညီညွတ်ခြင်းတို့သည် ဤနှစ်ပါးတို့တည်း။

ဥပါလိ အဓိပ္ပါယ်မှ ကင်းသော သဒ္ဒါနှင့်သာပြည့်စုံသော သံဃာညီညွတ်မှုသည် ရှိ၏။

ဥပါလိ အဓိပ္ပါယ်နှင့်လည်း ပြည့်စုံသော သဒ္ဒါနှင့်လည်း ပြည့်စုံသော သံဃာညီညွတ်မှုသည် ရှိ၏။
ဥပါလိ အဓိပ္ပါယ်မှကင်းသော သဒ္ဒါနှင့်သာ ပြည့်စုံသော သံဃာညီညွတ်မှုကား အဘယ်နည်း။

ဥပါလိ အကြင်အကြောင်းဝတ္ထုကြောင့် သံဃာ၏ မျက်ကွယ် မျက်မှောက် ငြင်းခုံခြင်း ထိပါးနှောင့်ယှက် ဆန့်ကျင်ဖက်ပြုခြင်းသည်ငှင်း သံဃာကွဲခြင်းသည်ငှင်း သံဃာကွဲအံ့သော အရေးသည်ငှင်း သံဃာခြားနားခြင်းသည်ငှင်း သံဃာသီးခြားပြုခြင်းသည်ငှင်း ဖြစ်အံ့၊ သံဃာသည် ထိုအကြောင်းကို မဆုံးဖြတ်သေးပဲ အရင်းမှ အရင်းသို့ မသွားမူ၍ သံဃာညီညွတ်မှုကို ပြုအံ့၊ ချစ်သား ဥပါလိ ဤသံဃာ ညီညွတ်မှုကို အဓိပ္ပါယ်မှ ကင်းသော သဒ္ဒါနှင့်သာ ပြည့်စုံသော သံဃာ၏ ညီညွတ်ခြင်း ဟု ဆိုအပ်၏၊

http://www.dhammadownload.com



ဥပါလိ အဓိပ္ပါယ်နှင့်လည်း ပြည့်စုံသော သဒ္ဒါနှင့်လည်း ပြည့်စုံသော သံဃာ၏ ညီညွတ်မှုကား အဘယ်နည်း။

ဥပါလိ အကြင်အကြောင်းတစ္ဆုကြောင့် သံဃာ၏ မျက်ကွယ် မျက်မှောက် ငြင်းခုံခြင်း ထိပါး နှောင့်ယှက် ဆန့်ကျင်ဖက်ပြုခြင်းသည်၎င်း သံဃာကွဲခြင်းသည်၎င်း သံဃာကွဲအံ့သော အရေးသည်၎င်း သံဃာခြားနားခြင်းသည်၎င်း သံဃာသီးခြားပြုခြင်းသည်၎င်း ဖြစ်အံ့၊ သံဃာသည် ထိုအကြောင်းကို ဆုံးဖြတ်လျက် အရင်းမှ အရင်းသို့ သွား၍ သံဃာ၏ ညီညွတ်မှုကို ပြုအံ့၊ ဥပါလိ ဤသံဃာညီညွတ်မှုကို အဓိပ္ပါယ်နှင့်လည်း ပြည့်စုံသော သဒ္ဒါနှင့်လည်း ပြည့်စုံသော သံဃာညီညွတ်မှု ဟု ဆိုအပ်၏။ ဥပါလိ သံဃာညီညွတ်မှုတို့သည် ဤနှစ်ပါးတို့တည်း ဟု (မိန့်တော်မူ၏)။

၅၇၇။ ထိုအခါ၌ အသျှင်ဥပါလိသည် နေရာမှ ထ၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ် တင်ပြီးလျှင် မြတ်စွာဘုရား ရှိတော်မူရာ အရပ်သို့ လက်အုပ်ကို ညွတ်စေလျက်—

သံဃာ၏ ကိစ္စတို့၌၎င်း (ဝိနည်းကို) တိုင်ပင်ရာတို့၌၎င်း ဖြစ်ပေါ်လာသော အကြောင်းကိစ္စ အရ ဆုံးဖြတ်ရာတို့၌၎င်း အဘယ်သို့ သဘောရှိသောသူသည် ဤသာသနာတော်၌ များသော ကျေးဇူးရှိပါသနည်း၊ အဘယ်သို့ သဘောရှိသော ရဟန်းကို ဤသာသနာတော်၌ ချီးမြှောက်ခြင်းငှါ ထိုက်ပါသနည်း ဟု ဤဂါထာဖြင့် မြတ်စွာဘုရားကို ရွတ်ဆိုလျှောက်၏။

(ဥပါလိ) အကြင်ရဟန်းသည် အစ၌ မစွန်းထိုက်သော သီလရှိ၏၊ ရှုဆင်ခြင်သော အကျင့် လည်း ရှိ၏၊ ဣန္ဒြေကိုလည်း ကောင်းစွာ စောင့်ရှောက်၏၊ ရန်သူတို့သည် တရားနှင့် အညီ မစွပ်စွဲ ကုန်၊ ထိုရဟန်းကို စွပ်စွဲထားသော အပြစ်သဘောသည်လည်း ထိုရဟန်းအား စွပ်စွဲသည့်အတိုင်း မဖြစ်။

သီလစင်ကြယ်ခြင်း၌တည်သော ထိုသို့ သဘောရှိသော ရဟန်းသည် ပရိသတ် အလယ်သို့ ရောက်သည်ရှိသော် ရဲရင့်၏၊ (ရန်သူကို) နှိပ်စက်၍ ပြောဆို၏၊ ကိုယ်ခက်တရော်ခြင်း မရှိ၊ မကုန်မလှုပ် အကြောင်းနှင့် မကင်းသောစကားကို ဆိုသောသူသည် အကျိုးကို မယုတ်စေ သကဲ့သို့ ထိုအတူ ပရိသတ်တို့၌ ပြဿနာကို မေးသောအခါ မကြံမှိုင် မျက်နှာမသာသည် မရှိ၊ ထိုပညာရှိ ရဟန်းသည် ဆိုခွင့်ဆိုက်၍ ဖြေဆိုထိုက်သော စကားကိုသာလျှင် ပြောဆိုလျက် ပညာရှိ ပရိသတ်ကို နှစ်သက်စေ၏။

သီတင်းကြီးဖြစ်သော ရဟန်းတို့၌ ရိုသေခြင်းရှိ၏၊ မိမိဆရာ့ အယူ၌လည်း ရဲရင့်၏၊ စုံစမ်း နှိုင်းရှည်ခြင်းငှါ စွမ်းနိုင်၏၊ ရန်သူတို့ ဆိုအပ်သော စကား၏ ချွတ်ယွင်းချက်၌ လိမ္မာ၏။

အကြင်မျှလောက်သော စကားကို ဆိုသဖြင့် ရန်သူတို့သည် နှိပ်နင်းခံရခြင်းသို့ ရောက်ကုန်၏၊ လူအများသည်လည်း သိခြင်းသို့ ရောက်၏၊ ဤရဟန်းသည် မိမိဆရာ့အယူကိုလည်း မယုတ်စေ၊ ညှဉ်းဆဲခြင်း မပြုပဲ ပြဿနာကို ဖြေတတ်သော ရဟန်းသည် လေ့လာသည် မည်၏။

တမန်သည်၏ အမှုတို့၌ စွမ်းနိုင်၏၊ ရဟန်းတို့ လှူသော ဆွမ်းကို ခံကုန်သကဲ့သို့ သံဃာ၏ကိစ္စ တို့၌ ကောင်းစွာ ခံယူပေ၏၊ ရဟန်းအပေါင်းက စေအပ်သည်ရှိသော် စကားကို လိုက်နာ၏၊ ထိုသို့ လိုက်နာသဖြင့် "ငါ ပြု၏" ဟူ၍ မထေမဲ့မြင် မပြုရ။

http://www.dhammadownload.com



အကြင်မျှလောက်သော ဝတ္ထုတို့၌ အာပတ်သို့ ရောက်၏၊ အကြင်သို့သော အခြင်းအရာအားဖြင့်လည်း အာပတ်မှ ထ၏၊ ဤနှစ်ပါးသော ဝိဘင်းတို့ကို ထိုရဟန်းသည် နှုတ်တက်ရ၏၊ အာပတ်မှ ထခြင်း၏ အကြောင်း၌ လိမ္မာ၏။

အကြင် ငြင်းခုံခြင်း စသော အကြောင်းတို့ကို ကျင့်သော သူသည် နှင်ထုတ်အပ်၏၊ နှင်ထုတ်ခြင်းသို့ ရောက်၏၊ အကြင် ကောင်းစွာ ကျင့်သဖြင့် ကျင့်ပြီးသော ရဟန်းအား (သံဃာ့ဘောင်သို့) သွင်းခြင်းကိုလည်း ဝိဘင်း၌ လိမ္မာသော သူသည် သိ၏။

သီတင်းကြီး ရဟန်းတို့၌ရင်း သီတင်းငယ် ရဟန်းတို့၌ရင်း သီတင်းလတ် ရဟန်းတို့၌ရင်း ရိုသေခြင်းရှိ၏၊ ဤလောက၌ လူအပေါင်း၏ အကျိုးစီးပွါးကို ကျင့်၏၊ ပညာရှိ၏၊ ထိုသို့ သဘောရှိသော ရဟန်းကို ဤသာသနာတော်၌ ချီးမြှောက်ခြင်းငှါ ထိုက်၏ ဟု (မိန့်တော်မူ၏)။

ဒသမ ကောသမ္ဗကက္ခန္ဓက ပြီး၏။

---

## ၂၇၀-ထိုကောသမ္ဗကက္ခန္ဓက၏ အကျဉ်းချုပ်

ကောသမ္ဗီပြည်၌ မြတ်စွာဘုရားသည် သီတင်းသုံးနေတော်မူ၏။ အငြင်းအခုံ ပြုကုန်၏၊ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ရာ၏၊ဟုတ်ဟုတ်ငြားငြားသောဝတ္ထု၌ ထိုအာပတ်ကြောင့် နှင်ထုတ်အပ်သည် ဟု မမှတ်ကုန်လင့်၊ အာပတ်ကို ဒေသနာ ကြားရာ၏။

ထိုကျောင်း၌ပင် သိမ်အတွင်းဝယ် ဥပုသ်ပြုကုန်၏၊ ပညာရှိသော ရဟန်းတို့သည် သိကုန်၏၊ တပါးတည်း ကြွသွားတော်မူ၏၊ ပလလည်းရွာ၌ သီတင်းသုံးတော်မူ၏၊ သာဝတ္ထိပြည်သို့ ပြန်ရောက်တော်မူ၏၊ သာရိပုတြာ ကောလိတ မဟာကဿပ ကစ္စည်း ကောဋ္ဌိက ကပ္ပိန မဟာစုန္ဒ အနုရုဒ္ဓါ ရေဝတ ဥပါလိ နှစ်ပါးကုန်သော အာနန္ဒာ ရာဟုလာ ဂေါတမီ အနာထပိဏ်သူဌေး (ဤတဆယ့်လေးယောက်တို့သည် လျှောက်ကုန်၏)။ ဆိတ်ငြိမ်သောကျောင်းကိုလည်း ပေးအပ်၏၊ ဆွမ်းစသော အာမိသကို ညီတူညီမျှ ပေးအပ်၏။

ကောသမ္ဗကက္ခန္ဓက ပြီး၏။

# မဟာဝဂ်ပါဠိတော် မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

## မဟာဝဂ်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အကျင့် အာစာရ ပျက်ခြင်းကြောင့် ထား၏ | ၂၅၂ |
| အကြင် ရဟန်းအား အာပတ်ရှိသည် ဖြစ်ငြားအံ့ | ၁၄၆ |
| အကြင် ရဟန်းသည် | ၄ |
| အကြောင်းသမုဒယသစ္စာကြောင့် | ၅၇ |
| အချင်းချင်း ပဝါရဏာ ပြုကုန်အံ့ | ၂၂၇ |
| အစဉ်အတိုင်းသော တရားစကားကို | ၂၄ |
| အစွန်းသုံးပါးမှ စင်ကြယ်သော ငါးအမဲကို | ၃၃၈ |
| အငှာကဝင်၌ပါသော သုတ်အားလုံးတို့ကို | ၂၈၆ |
| အတိရိက် ဝိနည်းကံ မပြုပဲ | ၃၀၈ |
| အတူ ဥပုသ် ပြုရာဖြစ်သော | ၁၅၃ |
| အတူဥပုသ်ပြုရာဖြစ်သောသိမ် | ၁၄၉ |
| အထီးကသော ယာဉ်ကိုရင်း | ၂၈၀ |
| အဓိဋ္ဌာန် ပြုရမည် | ၁၇၁ |
| အဓမ္မကံကို မပြုအပ် | ၁၅၉ |
| အန္တရာယ်မရှိပဲလည်း | ၁၅၆ |
| အန္တရာယ်ကို ပြုတတ်သော တရား ဟူ၍ | ၁၄၆ |
| အိပ်ပျော်ခြင်းသို့ရောက်သောရဟန်း | ၄၁၃ |
| အဖကို သတ်သူ ဝတ္ထု | ၁၂၃ |
| အမိကိုသတ်သူ ဝတ္ထု | ၁၂၃ |
| အမှီမရှိပဲ မနေရ | ၁၁၃ |
| အယူပျက်ခြင်းကြောင့် ထား၏ | ၂၅၂ |
| အရှုးတို့ကား ဤနှစ်မျိုးတို့တည်း | ၁၆၈ |
| အရံစောင့်ကို ခွင့်ပြုတော်မူ၏ | ၃၀၀ |
| အရပ်တပါးသွားသူ | ၁၆၃ |
| အလယ်အလတ်ဖြစ်သော အကျင့် | ၁၅ |
| အလွန်ကြီးသော သိမ်တို့ကို | ၁၄၉ |
| **[ အ ]** | |
| အလုံးစုံသာလျှင် သူတော်ကောင်း ဖြစ်ကုန်သော | ၁၄၅ |
| အသီးအသီး အမေးခံရသူ၏ | ၁၄၆ |
| အသျှင်ဘုရားတို့ ဟူသော | ၁၄၅ |
| အသျှင်ပိလိန္ဒဝစ္ဆသည် | ၃၀၁ |
| **[ အာ ]** | |
| အာဒိတ္တပရိယာယသုတ် | ၄၇ |
| အာပတ်နှင့်တကွ ပဝါရဏာ မပြုအပ် | ၂၃၀ |
| အာပတ်ကို သတိရ၏ | ၁၇၃ |
| အာပတ်မှ စင်ကြယ်ကုန်၏ ဟူ၍ သိရ၏. | ၁၄၆ |
| အာပတ်ကို မရှုခြင်းကြောင့် | ၁၃၆ |
| အာသဝေါတရားတို့မှ | ၂၂ |
| **[ ဤ ]** | |
| ဤငါးပါးသော အာနိသင်ကို ရကုန်၏ | ၃၅၂ |
| ဤမည်သော အာပတ်၌ ယုံမှားရှိ၏ | ၁၇၁ |
| ဤလေးပါးသော ကပ္ပိယကုဋိတို့ကို | ၃၄၀ |
| ဤသို့ သဘောရှိသော ပရိသတ် | ၁၄၆ |
| **[ ဥ ]** | |
| ဥပဇ္ဈာယ်ဆရာကို ခွင့်ပြု၏ | ၆၂ |
| ဥပုသ်အိမ် ဟု သမုတ်ခြင်း | ၁၅၀ |
| ဥပုသ်ကိုရင်း ဥပုသ်ကံကိုရင်း | ၁၆၀ |
| **[ က ]** | |
| ကပ္ပိယဘူမိဟု သမုတ်ရာ၏ | ၃၃၉ |
| ကထိန်နုတ်ခြင်း ဖြစ်သနည်း | ၃၅၈ |
| ကထိန်နုတ်ခြင်း၏ မာတိကာ | ၃၅၈ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ က ]

ကံတို့သည် ခလေးပါးတို့တည်း ၄၄၁
ကွဲပြားခြင်းကို ရွေးရှုခြင်း ၁၈၁
ကွဲပြားခြင်းကို ရွေးရှုခြင်း တဆယ့်ငါးမျိုး ၂၃၈
ကျီးတို့ကို ချောက်လှန့်ခြင်းငှါ ၁၁၂
ကျောင်းနှစ်ကျောင်းတို့၌ ဝါဆို၏ ၂၁၃
ကြော်ငြာထားအပ်သော ခိုးသူ ၁၀၇
ကြွေးမြီတင်သူ ၁၀၈
ကြဉ်အပ်သော ဝဇ္ဇနီယပုဂ္ဂိုလ် ၂၄၇
ကြိမ်ဒဏ်ခံရသူ ၁၀၇
ကောင်းသောပညာဖြင့် ရှုအပ်၏ ၂၂
ကောင်းစွာနာကုန်အံ့ ဟူသည် ၁၄၅
ကိုယ်တော်တိုင် ထုတ်ဆောင် ဟောကြားတော်မူသော ၂၆

[ ခ ]

ခုနစ်ရက်သာ ဖြစ်လတ္တံ့ ၅၉
ချုပ်ငြိမ်းကြောင်း မဂ္ဂသစ္စာ ၅၇
ချုပ်ငြိမ်းရာနိရောဓသစ္စာ ၅၇
ခြောက်ကျိပ်တဦး ဖြစ်ကုန်၏ ၃၁

[ င ]

ငါးပါးသော ရဟန်းတို့အား သံဃာ့ ပဝါရဏာ ပြုခြင်းငှါ ၂၂၉
ငြင်းခုံခြင်းကို ပြုခြင်း ၂၅၆

[ စ ]

စကားမဆိုသော အကျင့်ကို ၂၂၁
စာရေးတံ မဲချခြင်းကို ၄၀၃
စင်ကြယ်ခြင်းကို အလိုရှိလျှင် ၁၄၇
စိတ်တို့သည် တစုံတခုကိုမျှ ၂၂
စွပ်စွဲခြင်းကိုမပြုအပ်ဟု ဆိုခြင်းငှါသင့်၏ ၂၅၄
စောင်းတီးခြင်း၌ လိမ္မာသည် မဟုတ်လော ၂၆၇

အက္ခရာစဉ် — စာမျက်နှာ

[ ဆ ]

ဆေးကြီးလေးပါးတို့ကို ခွင့်ပြု၏ ၂၉၉
ဆေးငါးမျိုး ၂၉၁
ဆံရိတ်ခြင်းငှါ ၁၀၂
ဆိတ်ဆိတ်နေရာ၏ ၁၄၅-၁၄၆
ဆန္ဒပေးခြင်း ၁၆၆
ဆုံးမသော ဆရာနှင့် ၁၃၂

[ ည ]

ညီညွတ်ခြင်းသာမဂ္ဂီ ၁၄၈

[ တ ]

တရားနာခြင်းငှါ ချဉ်းကပ်ကုန်၏ ၁၄၃
တေဝါစိက သရဏဂုံတည်သူ ဥပါသကာ ၂၆
တံခွန်စိုက် ထင်ရှားသော သူခိုး ၁၀၆
တိတ္ထိဖြစ်ဘူးသူသည် ၁၀၀
တန်ခိုးဖန်ဆင်းခြင်းကို ၃၆

[ ထ ]

ထင်စွာပြုရမည် ၁၄၇
ထင်စွာပြုခြင်းကြောင့် ထိုရဟန်းအား ချမ်းသာ၏ ၁၄၅
ထုလ္လစ္စဉ်းဝတ္ထု စသည် ၂၅၄
ထိုအာပတ်ကို ကြားပါ၏ ၁၃၁
ထို့ကြောင့် ဟူသည် ၁၄၇
ထိုနဂါးသည် လုလင်၏ အသွင်ဖြင့် ၁၂၂
ထိုရဟန်းသည် ထင်စွာပြုရာ၏ ၁၄၆

[ ဒ ]

ဒွေဝါစိက သရဏဂုံတည်သော ဥပါသကာ ၆
ဒုက္ခသစ္စာတရားတို့သည် ၅၇
ဒဏ်ပေးခြင်း ဝတ္ထု ၁၁၈

[ န ]

နေ့အထူး ၁၈၅-၂၄၂
နှလုံးသွင်းကုန်အံ့ ၁၄၆
နွားကျောင်းသားတို့၏ နေရာ ၂၁၀

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ န ]** | |
| နယ်ခြား 'သီမန္တရိက်'ကို | ၁၅၅ |
| နှင်ထုတ်ခံရ၍ လူ့ဘက်၏ | ၁၃၆ |
| နှစ်ကြိမ် စသည် ပဝါရဏာ ပြုခြင်း | ၂၄၀ |
| နှစ်လွှာဘိနပ် စသည်ကို ပယ်ခြင်း | ၂၇၁ |
| နှစ်သက်စေသည် မည်၏ | ၁၀၀ |
| နိဿရည်းဆရာ ယူရမည် | ၈၀ |
| နိဿရည်းယူဖွယ်ကိစ္စ ရှိသေးလျက် | ၁၂၉ |
| နိဿရည်း ယူရပြန်လတ္တံ့ | ၁၁၃ |
| နှောင်အိမ်ဖျက် ခိုးသူ | ၁၀၆ |
| **[ ပ ]** | |
| ပက္ခရေတွက်ခြင်း စသည်ကို | ၁၆၀ |
| ပစ္စန္တရာဇ် ဇနပုဒ်တို့ ဟူသည် | ၂၈၈ |
| ပဉ္စင်းခံ မပေးအပ် | ၁၂၅ |
| ပဉ္စင်းအဖြစ် ပြီးလေပြီ | ၁၉ |
| ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ | ၁ |
| ပဋိသန္ဓေရက်နှင့်တကွ အသက်<br>နှစ်ဆယ် ရှိသည် | ၁၃၀ |
| ပလိဗောဓတို့သည် | ၃၇၆ |
| ပဝါရဏာ ထားခြင်း | ၂၅၀ |
| ပဝါရဏာ၏ အနက်ရာယ် | ၂၂၆ |
| ပဝါရဏာကံ၌ ဆန္ဒပေးခြင်း | ၂၂၆ |
| ပဝါရဏာကံတို့သည် | ၂၂၃ |
| ပဝါရဏာကို ဆောင်သော ရဟန်း | ၂၂၅ |
| ပဝါရဏာကို ထားပါ၏ | ၂၅၃ |
| ပဝါရဏာဖြင့် သင်္ဂြိုဟ်ထောက်ပံ့ခြင်း | ၂၅၉ |
| ပါဘိမောက်ကို ပြခြင်းတို့သည် | ၁၅၆ |
| ပါဘိမောက် ပြစေခြင်း၄ါ | ၁၄၄ |
| ပါရိသုဒ္ဓိပေးခြင်း | ၁၆၅ |
| ပြပေအံ့ ဟူသည် | ၁၄၅ |
| ပေါင်းသင်းဆက်ဆံမှု တူမျှသော | ၂၄၅ |
| **[ ဖ ]** | |
| ဖြေကြားခြင်းကဲ့သို့ | ၁၄ |
| **[ ဗ ]** | |
| ဗုဒ္ဓစက္ခုဖြင့် | ၁၀ |
| ဗြဟ္မာ့ဏ အဖြစ်ကို ပြုတတ်သော | ၄ |
| **[ ဘ ]** | |
| ဘိက္ခုနီမကို ဖျက်ဆီးသူ ဝတ္ထု | ၁၂၄ |
| ဘေးမဲ့ ဖြစ်နေကြကုန်၏ | ၁၀၇ |
| **[ မ ]** | |
| မစောဒနာအပ် | ၁၅၈ |
| မပြုကျင့်အပ်သောတရားလေးပါး | ၁၃၅ |
| မရှိသေခြင်းကြောင့် ပါစိတ် အာပတ်<br>သင့်၏ | ၂၅၉ |
| မှီငြမ်းပြုရာ လေးပါးတို့ကို | ၇၆ |
| မျက်စဉ်းကို ခွင့်ပြု၏ | ၂၈၅ |
| မြင်နိုင်ခဲ၏ | ၆ |
| မြစ်တဘက်ကမ်းသိမ်ကို | ၁၄၉ |
| **[ ယ ]** | |
| ယာဂု၏ အကျိုးတို့သည် | ၃၁၆ |
| ယုံမှားခြင်း တဆယ့်ငါးမျိုး | ၂၃၆ |
| ယုံမှားရှိသော်လည်း စုံစမ်းရှာဖွေသဖြင့် | ၂၄၃ |
| **[ ရ ]** | |
| ရဟန်းခံခြင်းအစ်အစဉ် | ၁၃၄ |
| ရဟန်းလာလော့ | ၁၉ |
| ရဟန္တာကို သတ်သူ ဝတ္ထု | ၁၂၄ |
| ရဟန္တာတကျိပ်တယောက်ဖြစ်ကုန်၏ | ၂၉ |
| ရဟန်းတို့ နိဿရည်း ငြိမ်းပုံ | ၉၁ |
| ရဟန်းရှူး ဟု သမုတ်ခြင်း | ၁၆၈ |
| ရှေးဦးပြုဖွယ်ကို ခွင့်ပြုတော်မူခြင်း | ၁၆၂ |
| ရွှေ ငွေကို သာယာအပ်၏ ဟု ငါမဟော<br>သည်သာတည်း | ၃၃၆ |
| ရည်ညွှန်း၍ သတ်အပ်သော အသားကို | ၃၃၈ |
| ရှင်ရဟန်း အဖြစ်ကို ခွင့်ပြုတော်မူ၏ | ၃၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ရ ]** | |
| ရှစ်ပါးသော အဖျော်တို့ကို | ၃၄၈ |
| ရုပ်သည် အတ္တမဟုတ် | ၂၀ |
| **[ လ ]** | |
| လေးလတို့ ပတ်လုံး ပရိဝါသ်နေခြင်းကို | ၁၀၀ |
| လေးပါးသော ရဟန်းတို့သည် သံဃာ့ပဝါရဏာကို မပြုအပ် | ၂၂၉ |
| လောကကို ကြည့်တော်မူ၏ | ၁၀ |
| လောက၌ ရဟန္တာ ခုနစ်ဦး ဖြစ်ပေါ်ကုန်၏ | ၂၇ |
| လောက၌ ရဟန္တာ ခြောက်ယောက် ဖြစ်ကုန်၏ | ၂၂ |
| လက်ဆွဲယာဉ်ကိုရှင်း ခွင့်ပြု၏ | ၂၈၀ |
| လက်ချောင်းဖြင့် မျက်စဉ်းခတ်ကုန်၏ | ၂၉၆ |
| လွတ်မြောက်လေကုန်သတည်း | ၂၂ |
| **[ ဝ ]** | |
| ဝါကပ်သော ရဟန်းတို့ကို | ၂၀၆ |
| ဝါတွင်း၌ ရှင်ရဟန်း မပြုအပ် | ၂၁၂ |
| ဝေဠုဝန် ဥယျာဉ်ကို | ၅၄ |
| ဝဂ်ဖြစ်လျက် ညီညွတ်၏ဟု မှတ်ထင်ကုန်၏ | ၁၇၈ |
| ဝန်ခံပြီးမှ ချွတ်ယွင်းစေဘိသနည်း | ၂၁၂ |
| **[ သ ]** | |
| သတိထင်ကာ ဆင်ခြင်လျက် | ၄၁၃ |
| သတိလွတ်ကင်း ဆင်ခြင်ခြင်း မရှိပဲ | ၄၁၃ |
| သဘောတူ အာပတ် ကုစားနည်း | ၁၇၂ |
| **[ သ ]** | |
| သရဏဂုံ သုံးပါးတို့ဖြင့် | ၃၃ |
| သာမဏေတို့အား သက်နှင်းအဘို့ကို | ၄၀၁ |
| သာမဏေတို့ ကျင့်ခ်ိမ်သော၄ါ | ၁၁၈ |
| သိလျက် ချို့ယွင်းသော စကားကို | ၁၄၆ |
| သိလျက် ဟူသည် | ၁၄၆ |
| သီလမရှိသောသူ၏ သီလပျက်ခြင်း အပြစ်တို့သည် | ၃၂၃ |
| သီလပျက်ခြင်းကြောင့် ထား၏ | ၂၅၂ |
| သီလနှင့် ပြည့်စုံခြင်း၏ အကျိုးတို့သည် | ၃၂၄ |
| သံဃာ့ပဝါရဏာ စသည် အပြား | ၂၂၇ |
| သံဃာ ကွဲပြားသော် | ၂၀၈ |
| သံဃာတို့သည် ငါးပါးတို့တည်း | ၄၄၅ |
| သံပူကင်၍ အမှတ်ပြုခံရသော ခိုးသူ | ၁၀၈ |
| သံသယကုက္ကုစ္စ နှိပ်စက်ခြင်း | ၁၈၀ |
| သံသယကုက္ကုစ္စ နှိပ်စက်ခြင်း တဆယ့်ငါးမျိုး | ၂၃၇ |
| သက်နှင်းဖြစ်ခြင်း၏ မာတိကာတို့သည် | ၄၃၀ |
| သက်နှင်းကို ဝေဘန်တတ်သော ရဟန်း | ၄၀၁ |
| သက်နှင်းကို သိမ်းသော ရဟန်း | ၃၉၉ |
| သက်နှင်းသုံးထည်နှင့် ကင်း၍နေနိုင်သော | ၁၅၂ |
| သိမ်အချင်းချင်း စပ်၍ မဖွဲ့အပ် | ၁၅၅ |
| သိမ်ကို သမုတ်၏ | ၁၄၉ |
| သုံးပါးသော ရဟန်းတို့သည် အချင်းချင်း ပဝါရဏာကို မပြုအပ် | ၂၂၉ |
| သုံးကြိမ်တိုင်အောင် အဖန်ဖန် မေးစိစစ်အပ်၏ | ၁၄၆ |
| **[ ဟ ]** | |
| ဟုဘ်မှန်သည့် အတိုင်း | ၂၂ |